# ရတနာသုံးပါးကျေးဇူး

## ကိုယ်တွေ့ဝတ္ထုများ

ဒုတိယအကြိမ်



ဓမ္မာစရိယဦးထွေးလှိုင်

သူတော်ကောင်းစေတတ်၊ တရားမြတ်
လွှမ်းပတ်ကမ္ဘာ တည်ရမည်။

ဒေါ်ဈွေရင် မိသားစု

ကောင်းမှု

နှင့် ဒေါ်ခိန် ရွှေ ကောင်းမှု

**ပုံနှိပ်ခြင်း**

ပထမ အကြိမ်။ ။၁၉၇၇ ခု၊ ဇန်နဝါရီလ၊ အုပ်ရေ=၂၀၀၀

ဒုတိယအကြိမ်။ ။၁၉၇၈ ခု၊ အောက်တိုဘာလ၊ အုပ်ရေ=၃၅၀၀

**မျက်နှာဖုံး**

ပန်းချီ စံတိုး

၂၄၉၆၇

**ဘလောက်**

ဘသစ်နှင့် သားများ

**အဖုံးရိုက်**

ချင်းတွင်း ပုံနှိပ်တိုက်

ဦးအုန်းစိန် (၀၃၀၇-မြဲ) ရွှေပြည်စိုးပုံနှိပ်တိုက်၊ ၅၄၊ ဇောတိကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်က ရိုက်နှိပ်၍၊ ဒေါ်ကြင်မြင့် (၀၂၀၀၉-မြဲ) ဗုဒ္ဓအသံစာပေ ၁၉/၁ ကမ္ဘာအေး ကုန်းမြေ ရန်ကုန်က ထုတ်ဝေသည်။

# ရတနာသုံးပါးကျေးဇူး

## ( ကိုယ်တွေ့ဝတ္ထုများ )

## ဓမ္မာစရိယ ဦးဌေးလှိုင်

[ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ်(၁၁၁၂၅)အရ ထုတ်ဝေသည်။]

နှလုံးလှစာပေဖြန့်ချိရေး၊ အမှတ် ၅၊ လမ်း ၁၀၀၊
ကန်တော်ကလေးစာတိုက်၊ ရန်ကုန်မြို့။
ဖုန်း–၁၂၉၇၁

# မာတိကာ


လူ့ဘဝအဓိပ္ပာယ်နှင့် လူသားတို့၏ သွားရာလမ်း
နိဒါန်းစကား ၁၁
ပြောမယုံ ကြုံဘူးအောင်လုပ် ၁၁
တိုင်းပြည်အတွက် ရတနာသုံးပါး ခံတပ်ကြီး ၁၅
ဆောင့်ကြီးအောင့်ကြီး 'ဣတိပိသော' ၂၀
မုဆိုးဘိုရွာကလေးက ကိုရင်အောင်ဇေယျ ၂၁
ကိုယ်ပိုင်အင်အား မြင့်မားရေး ၂၅

အခန်း [၁] ကိုယ်တွေ့ဝတ္ထုများ

သရဏဂုံမယ် လုံမငယ် ၃၃
(နှုတ်တက်ဆောင်ရန် သရဏဂုံအနက်) ၄၄
ကိုးကွယ်ရာထားရခြင်း(ရုပ်လွန်, နာမ်လွန် အစွန်းနှစ်ဘက်) ၄၅
မင်းကိုမသတ်ဘဲ မင်းဖြစ်သူ 'ကွမ်းဆော်မင်း' ၅၂
(နှုတ်တက်ဆောင်ရန် နမောတဿနှင့်ငါးပါးသီလအနက်) ၆၅
မိဖုရား စောလုံ ၆၇
ဗုဒ္ဓေါ မောင်နီ ၇၄
အဖော်များနှင့် တကိုယ်တည်း ဒေါ်အေး ၇၀
ထူးဆန်းသောမိန်းမတဦးနှင့်စာရေးဆရာကြီး'သခ်ါ'အမြင် ၈၂
ဓမ္မိက ဦးတိုးအောင် ၈၈
ဆရာကြီး ဦးဘစိုး ၉၇
အာဝေဏိက ဂုဏ်နှင့် ကားကြုံစီး ၁၀၄
ရဲဘော်အိုက်စံ ၁၁၂
မစိုးရိမ်ကျောင်းဒကာကြီး ဦးသက်ရှည်နှင့်
လူပုံျတော်ပတ္တမြား ဦးမောင်မောင် ၁၃၀
ဗုဒ္ဓါနုဿတိ ဒေါ်မင်းဒွေး ၁၅၃

အခန်း [၂] ဒါန သီလ ဘာဝနာအခြေခံအင်အားများ

ဘာကြောင့် ရတနာသုံးပါး ပေါ်လာရသလဲ ၁၆၅
သံသရာအောက် ဆွဲအားကြီးဆယ်မျိုး ၁၆၆

ဆွဲအား စက်ကွင်းမှ ရုန်းထွက်နည်း ၁၇၀
**အဆန်နိယာမ အသက်လမ်း (၁၀ မျိုး)** ၁၇၃
**(က) ဒါန တိုက်ပွဲ** ၁၇၅
သာသနာတွင်း သာသနာပ ဒါနချင်းမတူ ၁၇၆
ထင်းခွေ ရေခပ်သော ဘုန်းတော်ကြီး ၁၇၈
**(ခ) သီလ စွမ်းအင်** ၁၈၂
အထက်နေပါအုံး အောက်ကို လုံအောင်ဖုံး ၁၈၂
မရိုးနိုင်သော အရိုးခံတရား ၁၈၇
အခြေခံ ဥပဒေဖြစ်သောခေတ် ၁၈၈
နိယာမနှစ်မျိုးကို ပဲ့ကိုင်နိုင်သော သီလ ၁၈၉
**(ဂ) သမာဓိ စခန်း** ၁၉၂
တသက်လုံးစိပ်မှ ပုတီးလေးလုံးသာရသော ဆရာတော် ၁၉၄
စိပ်ပုတီးနှင့် စိတ်အလုပ် ၁၉၆
တန်ခိုးကို လက်တွဲမစမ်းနှင့် ၁၉၉
မစင်ကြယ်သော အဆောင်အယောင်နှင့်
ပရိတ်ဂါထာများ ၂၀၀
အစောင့်အရှောက်တရား ၄-ပါး(စတုရာရက္ခ) ၂၀၄
ကမ္မဋ္ဌာန်းလေးမျိုးနှင့် မျက်နှာသစ် ၂၀၅

## အခန်း [၃] ဗုဒ္ဓါနုဿတိ ဘာဝနာ ၂၀၈

ဂုဏ်တော်ထိအောင် အသိလိုက်ပါ ၂၀၉
မဟာဂန္ဓာရုံနှင့် လယ်တီဆရာတော် ၂၁၁
ငိုတရား ရယ်တရား ၂၁၂
**ဂုဏ်တော် စွမ်းအင်** ၂၁၃
ဂုဏ်တော် ပီတိနှင့် မင်းအဖြစ် မလဲနိုင် ၂၁၆
အကျိုး ၉-ချက် လက်ငင်းရ ၂၁၇
**ဗုဒ္ဓါနုဿတိမှ ဝိပဿနာတက်နည်း** ၂၂၁
အိမ်ထောင်သားမွေးတို့ ထွက်ရပ်လမ်း ၂၂၂
အတုမရှိသော ဗုဒ္ဓခေတ်အားကြီး ၂၂၄
ဘုရားဂုဏ်တော်နှင့် ကိုယ်ရောင်ကိုယ်ဝါ ၂၂၅

## မာတိကာ


လက်တွေ့ ဂုဏ်တော်ပွားပုံ ၂၂၉
ဘုရားဂုဏ်တော်ဇူပါ(ပါဠိမြန်မာပြန်နှင့်မှတ်သားဘွယ်) ၂၃၂
လိုရင်းဂုဏ်တော်ကြီး၏ လိုရင်း ၂၃၂
ဘက်စုံ ပုဂ္ဂိုလ်မြတ်ကြီး ၂၃၈
ဘုန်းတော်ခြောက်ဖြာသည် ပဓာနလော ၂၃၉
စကြဝဠာနှင့် တိုင်းတာရသော မြတ်စွာဘုရား ၂၄၃
သိပ္ပံဆရာတို့၏ စကြဝဠာ ၂၄၅
စကြဝဠာတရား၏ ကျေးဇူး ၂၄၉
တရားဂုဏ်တော်ဖူပါ(ပါဠိမြန်မာပြန်နှင့်မှတ်သားဘွယ်) ၂၅၁
တရား မှန်မမှန် တရားရှိ၊ မရှိ ၂၅၃
အသင်္ခတနိဗ္ဗာန ဓာတ်အားကြီး ၂၅၄
နိဗ္ဗာန်၏ သဘောလက္ခဏာ ၂၆၂
တရားအလှူ–တရားပူဇော်နည်း ၂၆၇
ချမ်းသာချင်ရင် ငြိမ်ငြိမ်နေ ၂၇၂
သံဃာတော်ဂုဏ်ဇူ ပါ.(ပါဠိမြန်မာပြန်နှင့်မှတ်သားဘွယ်) ၂၇၂
ဘုန်းကြီး အပြစ်ပြောသူများ ၂၇၇
သွေးအန်သော ရဟန်းဆိုးများ ၂၇၉
ဆင်းရဲသား ဆွမ်းတလုပ်နှင့် မဟာမိတ္တထေရ် ၂၈၁
လူနှင့် ရောလွန်းသော ရဟန်း ၂၈၈
ဘုရားရှိခိုး လက်ငင်းကျိုး ၂၉၀
ရှိခိုးတဘ်ကြရဲ့လား ၂၉၅
တလောကလုံး၏ စံပြခေါင်းဆောင် ၂၉၈
ရတနဂုဏ်ရည် (ကျက်မှတ်ရန် ဘုရားရှိခိုးများ) ၂၉၉
ရတနာသုံးပါး သစ္စာပြုပုံများ ၃၀၀
အသင်္ချေယျ ဗုဒ္ဓဂုဏ်တော် ဘုရားရှိခိုး ၃၀၆
အန္တရာယ်မပြု ဂုဏ်လေးခု ၃၁၃
အတုမရှိ ဂုဏ်တော်ဖွင့် ၃၁၈
ဗုဒ္ဓ၏ တနေ့တာ လုပ်ငန်းစဉ် ၃၄၀
နိဗ္ဗာန်ကို အလကား လိုချင်သူ ၃၄၆
အကြိမ်ပေါင်းတသောင်းကျော် သတိပေးခြင်း
(ဒုလ္လဘ ၅ ပါး) ၃၄၈

အနုမြူထက် စွမ်းသော သမာဓိလက်နက် ၃၅၀
၂၅၀၀-ခေတ်စောသော ဗုဒ္ဓသိပ္ပံ ၃၅၄
ရုပ်နာမ် တရားတို့၏ အမြန်နှုန်း ၃၅၆
ဘုရားကို အသေးစိတ် လေ့လာသူ(ဖြဟ္မာယုနှင့်ဥတ္တရ) ၃၆၃
၃၂-ပါးသော လက္ခဏာတော်ကြီး ၃၆၇

## အခန်း [၄] ဆုတောင်းခန်း မြင်ကွင်းကျယ်

ဆုတောင်း ဆုပန် စဉ်းစားရန် ၃၇၃
ကိုယ်ရောစိတ်ပါ ဆုတောင်းပုံ(အဘိနီဟာရ) ၃၇၆
လုပ်တာကနဲ့ လိုချင်တာတွေက မဆုံး ၃၇၇
ဆုတောင်းနည်း ဘုရားသင်ပေးပုံ ၃၉၀
တောင်းသာ တောင်းစမ်းပါ ရပါစေ့မည် ၃၉၂
ဆန္ဒအင်အားကို တိုင်းတာခြင်း ၃၉၃
ဆုတောင်းတိုင်း ရအောင်လုပ်နည်း ၃၉၇
ဆုတောင်းရကောင်းမှန်း မသိသူ ၄၀၀
ဘုရားမကြိုက်သော လျှို့ဝှက်ဆုတောင်း ၄၀၂
ဘုရားပေးသော သားကို လိုချင်သူ ၄၀၅
သာသနာအတွက် တာဝန်ပိုမတက်စေရ ၄၀၆
အနောက်တိုင်း ပညာရှင်တို့ အမြင် ၄၁၂
ယုံစရာမရှိသော လက်တွေ့ ၄၁၄
စိတ်ကူးယဉ် အဖြစ်မှန်များ ၄၁၆
သူဌေးဖြစ်စေနိုင်သော ‘သဗ္ဗသင်္ခါရ’ ၄၁၉

## အခန်း [၅] မေတ္တာနှင့် သစ္စာ ဖြဟ္မဝိဟာရ

ကိုယ်ချင်းစာ အရိုးခံ စိတ်ထားနည်း ၄၂၄
ကိုယ်ရောနှုတ်ပါ မေတ္တာသက်ဝင် ၄၂၅
ကလေးများအတွက် မေတ္တာပို့ (အရကျက်ရန်) ၄၂၇
ကိုယ်တွေ့မေတ္တာ ၄၂၀
သစ္စာ စွမ်းအား ၄၃၀
ရှင်နာဂသိန် ကိုယ်တွေ့ဝတ္ထု ၄၃၀

အရေးတကြီး သိလယူနည်း ၄၃၂
ဆေးဖော်မကျွမ်း ဆေးမစွမ်း (သစ္စာပြုထုံး) ၄၃၃
တရုတ်ဘုရင်၏ သစ္စာအစွမ်း ၄၃၆
ပြည့်တန်ဆာမ၏ သစ္စာ ၄၃၆
မြင်းပျောက်သူ ဦးလူမောင်၏ သစ္စာ ၄၃၇
သစ္စာဖြင့် ဆေးကုသော မန္တလေး သမားတော်ကြီး ၄၃၉
ဂျပန်ကို တော်လှန်သော အမှန်တရား ၄၄၂
သူပုန်ဗိုလ်၏ သစ္စာ ၄၄၆
ကမ္ဘာဘဝှန်း၌ လိုအပ်နေသောတရား ၄၄၉
ဖြဟ္မစိုရ်တရားတော် (မဟာစည်ဆရာတော်) ၄၅၀


## အခန်း [၆] တမလွန်ဘဝခရီးနှင့် ဘဝလွှတ်မြောက်ရေး


တမလွန်ဘဝ မယုံလျှင် ၄၀၃
တမလွန်ဘဝမှ ဖြောင့်ချက်များ ၄၀၆
သေတဲ့နောက်ပင် လိုက်၍ကယ်မည် ၄၀၇
ဆရာတော်နှစ်ပါးနှင့် ဘုန်းကြီး ပြိတ္တာများ ၄၉၀
အမတ်ကြီး ဦးပေါ်ဦးနှင့် သုံးဘဝကူး ဆရာတော် ၄၉၂
မိန်းမဖြစ်ရသော 'ရာဇဂုရု' ဆရာတော် ၄၉၅
ပြိတ္တာဘဝကလာသော'အဂ္ဂမဟာပဏ္ဍိတ'ဆရာတော် ၄၉၇
ဇာတိဿရဉာဏ်၏ အကျိုးအပြစ် ၄၉၉
အမေရိကန် ဗိုလ်ချုပ်ကြီး ပက်တန် ၅၀၂
ဣန္ဒိယ, သီဟိုဠ်, မြန်မာ သံသရာလည်သောအမျိုးသမီး ၅၀၉
မယားချစ်လို့ နွားဖြစ်ရ ၅၁၆
ဓမ္မာထိက ဆရာတော်ကြီး ၅၁၉
ငွေလေးဆယ်အတွက် ကျွဲဖြစ်သလား ၅၂၀
ညို့ဆန် တစလယ် ၅၂၀
တောက်တဲ့တောင် ဖြစ်ရသေးသတဲ့ ၅၂၆
'ဘယ်သွားကြမလဲ'တရားတော် (ဝေဘူဆရာတော်) ၅၂၇
'ကြွေးပြေ'တရားတော် ( " ) ၅၃၅
၇–မနေ့ ဘုရားရှိခိုးနှင့် ဗုဒ္ဓဝင်ကဗျာများ ။ ) ၅၄၀

# လူ့ဘဝ အဓိပ္ပာယ်နှင့်
# လူသားတို့၏ သွားရာလမ်း

ဤလောက၌ လူသားတိုင်းသည် ကောင်းကျိုးချမ်းသာကို တောင့်တမျှော်လင့်ကြမြဲဖြစ်၏။ မိမိတို့၏ လက်ရှိအခြေအနေ အဆင့်အတန်းထက် ပိုမိုအထက်တန်းကျရေးကို လိုလားကြမြဲဖြစ်၏။ စည်းစိမ် ဥစ္စာ အာဏာ ရာထူး သားသမီး ခြွေရံသင်းပင်း ပြည့်စုံကြွယ်ဝရေးအတွက် လူသားတိုင်းသည် ပြေးလွှားလှုပ်ရှား ရုန်းကန်နေကြလေသည်။

ဤသည်ကား နေ့စဉ်နေ့တိုင်း အချိန်တိုင်း တွေ့မြင်သိရှိ ခံစားနေရသော လူ့သဘော လူ့သဘာဝ ပေတည်း။

လူ့သဘော လူ့သဘာဝအလျောက် မနားမနေ ကြိုးပမ်းနေကြရာ၌ နည်းညွှန် လမ်းပြသည် အမျိုးမျိုး အဖုံဖုံရှိ၏။ မိမိတို့ အလှမ်းမှီရာ ဉာဏ်မှီရာ နည်းလမ်းဖြင့် လျှောက်လှမ်း ပြေးလွှား ကြိုးစားနေကြ၏။ သို့ကြောင့်ပင် ဤလူ့ဘောင်ကြီး၌ လူသားအသီးသီးတို့ မတူကွဲပြား ခြားနားလျက် ရှိနေကြခြင်း ဖြစ်လေသည်။ အဆင့်အတန်း မတူ အခြေအနေ မတူဘဲ ဘဝ ရပ်တည်မှု ရှိနေကြခြင်းဖြစ်လေသည်။

စင်စစ်သော်ကား ရနိုင်ခဲလှသောလူ့အဖြစ်ကို ရရှိထားသူတိုင်းသည် လောကီဆိုင်ရာ ချမ်းသာကြွယ်ဝမှု အမျိုးမျိုးကို ရနိုင်သည်သာ ဖြစ်၏။ ယှဉ်ပုံယှဉ်နည်း ကြိုးပမ်းမှု ပုံစံကိုမူ သိရမြင်ရပေပည်။

ယင်းသည့် 'လမ်းညွှန်'သည် အဘယ်နည်း။

ကျွန်ုပ်တို့ လူသားများသည် ယင်းသည့် လမ်းညွှန်ကို အလေးအနက် မထားဘဲ ရှိတတ်ကြ၏။ အရေးကြီးသော ပဓာနအချက်ဖြစ်ကြောင်း မသိမမြင်မိဘဲ ရှိနေတတ်ကြ၏။ အမှန် အားဖြင့် ကျွန်ုပ်တို့ လူသားတိုင်းကို အကျိုးစီးပွား တိုးတက်မြင့်မားအောင် မြှင့်တင်ပေးနိုင်သည်မှာ ယင်းသည့် 'လမ်းညွှန်'ပင် ဖြစ်လေသည်။

'ရတနာသုံးပါးကျေးဇူး'အမည်ရှိသော ဤကျမ်းကြီးသည် အထက်တွင် ဖော်ပြခဲ့သည့် 'လမ်းညွှန်' ဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည် လေသည်။ လူတိုင်း လူတိုင်းအဖို့ တိုးတက်ကြီးပွားရေး၊ ချမ်းသာ ကြွယ်ဝရေးနှင့် ဘေးအန္တရာယ် အနှောက်အယှက်ဟူသမျှကို တားဆီး နှိမ်နင်းရေးအတွက် မီးမောင်းထိုးပြထားသည့် 'လမ်းညွှန်' ကျမ်းကြီး ဖြစ်သည်ဟူ၍ ကျွန်ုပ်တို့ ယုံကြည်လေသည်။

## လူ့ဘဝ အဓိပ္ပာယ်နှင့် လူသားတို့၏ သွားရာလမ်း

တိုးတက်ကြီးပွား၍ ချမ်းသာ ကြွယ်ဝလိုသူသည် 'လမ်းညွှန်' ကို မြင်အောင်ကြည့်၍ ရအောင်ယူရမည် ဖြစ်၏။ 'ကျမ်းကြီး' ဟုဆိုရသော်လည်း ကျမ်းပြု ပုဂ္ဂိုလ်သည် သိသာမြင်သာအောင် လွယ်လွယ် ရှင်းရှင်းရှိအောင် ကြိုးပမ်းစီစဉ်ထားသည်ကို အကဲခတ်နိုင်ပေသည်။

လူ့ဘောင်လောက၏ လောကီ အကျိုး စီးပွား ရရှိ ပြည့်စုံရေးကို ဤ 'ရတနာသုံးပါးကျေးဇူး' ကျမ်းကြီးက မီးမောင်းထိုး၍ ညွှန်ပြသည်ဟု ကျွန်ုပ်တို့ဆိုခဲ့၏။ သို့ရာတွင် ဤကျမ်းကြီး၏ အဓိက ရည်ရွယ်ချက်သည် လောကီ အကျိုးစီးပွားမျှသာ မဟုတ်ပေ။ ထို့ထက် ဆပေါင်းများစွာ သာလွန်သော အကျိုးစီးပွားသာလျှင် ဖြစ်လေသည်။ လူသားတို့ အတွက် အမြတ်တရတနာဟု ဆိုအပ်သော အမြတ်ဆုံး ချမ်းသာသုခ ရရှိရေးသည် သာလျှင် ဤကျမ်းကြီး၏ အဓိက ရည်ရွယ်ချက်ဖြစ်လေသည်။

အကြောင်းအမျိုးမျိုးဖြင့် စိတ်ဓာတ်ကျဆင်းနေသူများ၊ သားရေး သမီးရေး အိမ်တွင်းရေးပြဿနာတို့ဖြင့် ပူဆွေးကြောင့်ကြ ရှိနေသူများ၊ ရပ်ရေးရွာရေး လူမှုကိစ္စ၊ ရောင်းရေးဝယ်ရေး စီးပွားရေးကိစ္စ၊ အပြိုင်အဆိုင် အနိုင်အရှုံးကိစ္စ စသည်တို့ဖြင့် မအေးမချမ်း စမ်းတဝါးဝါး ပြေးလွှား နေရသူများသည် ဤသည့် 'ရတနာသုံးပါးကျေးဇူး' လမ်းညွှန် ကျမ်းကြီးကို ဖတ်ဖြစ်အောင်ဖတ်ကြပါရန် ကျွန်ုပ်တို့အလေးအနက် တိုက်တွန်းရပါသည်။ 'ပြောမယုံကြုံဘူးမှသိ' ဟူသော ဆိုရိုးစကားသံသည် ဤကျမ်းကြီးကိုဖတ်ရှု သူတို့၏ နှုတ်ဖျားတွင်ကျူးရင့်ပေါ်ထွက်လာလိမ့်မည်ဟုမြော်လင့်ရပေသည်။

လူ့ဘဝ၏ အဓိပ္ပာယ်သည် တင့်တင့်တယ်တယ် သာသာ ယာယာ ချမ်းချမ်းမြေ့မြေ့ အထက်တန်းကျကျ ရပ်တည် နိုင်ရေး ဟူ၍ လည်းကောင်း၊

လူသားတိုင်း၏ သွားရာလမ်းသည် (ဘဝခရီးလမ်းသည်) ဖြောင့်ဖြူးသာယာရေး ဟူ၍လည်းကောင်း၊

ထိုအတွက် မှန်ကန်သော 'လမ်းညွှန်' သည် အထူးလိုအပ် သော လူ့ကိစ္စရပ်ကြီး ဖြစ်သည် ဟူ၍လည်းကောင်း၊

စာရှုသူတို့ဆင်ခြင် သုံးသပ်မိကြရေးသည် ကျွန်ုပ်တို့၏ ရည်ရွယ်ချက် ဖြစ်ပါသတည်း။

ဗုဒ္ဓအသံ စာပေ



# နိဒါန်းစကား

## (၁)

### ပြောမယုံ ကြုံဘူးအောင် လုပ်

"ရတနာသုံးပါး ကျေးဇူးတွေကတော့ ပြောလို့ မကုန်နိုင်ပါဘူး။ ပြောလို့ မကုန်တဲ့ ကျေးဇူးတွေထဲက တခုလောက် ကိုယ်တိုင် သိဘို့က အရေးကြီး သဗျာ့"

"ကျွန်တော်ကတော့ ဝတ်တခု လုပ်ထားတယ်။ မနက် အိပ်ရာက ထတာနဲ့ ဆန်အိုးထဲက ဆန်လက်တဆုပ်ယူပြီး အစာရှာထွက်လာစ ကျီးတွေ ငှက်တွေကို ကျွေးတာ အနှစ် နှစ်ဆယ်ရှိပြီ။ မျက်နှာသစ်ရင်း၊ အရပ်ဆယ် မျက်နှာ မေတ္တာပို့ရင်းနဲ့ သူတို့ကလေးတွေ ဝမ်းသာအားရစားနေကြတာ ကြည့်ပြီး ဖြစ်ရတဲ့ပီတိဟာ အလွန်မြိန်တာကလား။ သစ္စာဆိုလို့ရအောင် နေ့စဉ်ဝတ်ထားပြီး လုပ်တာဘဲ"

"သိသာ ထင်ရှားလာတာကတော့ ဒီတသက်မှာ ဘယ်နည်းနှင့်မှ ကျွန်တော့်အတွက် ငတ်တယ်ဆိုတာ မဖြစ်နိုင်ဘူး။ ဒုဗ္ဘိက္ခန္တရကပ် မဆိုက် ရောက်နိုင်ဘူးဆိုတဲ့ သာဓကကို အကြိမ်ကြိမ် ကိုယ်တိုင် တွေ့ကြုံရတဲ့အပြင် စီးပွားရေးမှာလဲ အဆင်မပြေတာရယ်လို့ မရှိခဲ့ဘူးဘူး။ တနည်းနည်းနဲ့ လွယ်လွယ်ကူကူ ပြေလည်သွားတာချည်းဘဲ။ စိတ်လဲအများကြီးချမ်းသာ ရတယ်။

"အဲ-သီလ သမာဓိရှိတဲ့ သူတော်ကောင်းတွေကို ကျွေးမွေး လှူဒါန်း ရရင် ဘယ်လောက်အထိ အကျိုးကြီးတယ်ဆိုတာ ကျီးတွေငှက်တွေက ဟော တာနဲ့ ကျွန်တော် အများကြီး သဘောပေါက်သွားပြီ"

ဦးကျော်ဝင်း
(ယဉ်ကျေးမှု အရာရှိ)ရန်ကုန်။

## ၂၄-ပစ္စည်းနှင့် ကျည်ဆံမိုး

"ဂျပန်ခေတ်ကပေါ့ကွာ။ ကျည်ကုန်းကနေ ၁၈-မိုင်ဝေးတဲ့ ပြည်မြို့ကို လှည်းသုံးစီးနဲ့ လသာသာ ညခရီးထွက်ခဲ့ကြတာ။ လမ်းတဝက်လောက်လဲ ရောက်ရော ဗုံးကြဲလေယာဉ်ပျံကြီး နှစ်စင်းက ဒို့လှည်းသုံးစီးကိုဘဲ သုံးလေး ပတ် ဝဲဝဲပြီး စက်သေနတ်နဲ့ ပစ်လိုက်တာ ပစ်လို့အားရမှ ထွက်သွားကြတယ်။ နွားနဖားကြိုးကို တအားဆွဲပြီး ငြိမ်ခံနေကြရတယ်။ ကျည်ဆံသံတွေဟာ တဖုတ်ဖုတ် တဖြောင်းဖြောင်း မြည်နေတာဘဲ။

"အဲသလို ကျည်ဆံမိုးရွာသလို အားရအောင်ပစ်ပေမယ့် လူရော နွားပါ ဘာမှ မဖြစ်ဘူး။ ဒါပေမယ့် လှည်းအိမ်နံရံ၊ လှည်းပေါင်း၊ လှည်း ကပ်တွေဟာ ဆန်ကာကျနေတာဘဲ။ ၂၄ ပစ္စည်းကို စည်းချပြီး ဂုဏ်တော် ကိုးပါးကို ရွတ်လိုက်၊ ဆင်ခြင်လိုက် လုပ်တာဘဲကွ။ သည့်ပြင်လဲ အား ကိုးစရာ မရှိဘဲကိုး"

ဦးဥာဏဝံသ
ကျည်ကုန်းဘုန်းတော်ကြီး၊ ပြည်မြို့။

## တိုက်ပွဲကြားက ရလဒ်

"အစိုးရတပ်နဲ့သူပုန်နဲ့ ပစ်ကြခတ်ကြတော့ဒေးဒရဲက ကျွန်တော်တို့ကျောင်း ဟာ တိုက်ပွဲကြားမှာ ရှိနေတယ်။ ကလေးတွေကို စာပြနေတုန်း ဆိုတော့ ပြေးချိန်ပုန်းချိန် မရတော့ဘူး။ ကလေးတွေကို မြေကြီးမှာ ဝပ်ခိုင်းထားပြီး ကျွန်တော်ကတော့ 'ကဲ မထူးဘူးဟ'ဆိုပြီး မိုက်ရူးရဲတော့ ကျသပေါ့ဗျာ၊ စာပြရက်မက်တတ်ရပ်ရင်းဘဲ မေတ္တာပို့ပြီး ဂုဏ်တော်ကို နှလုံးသွင်းနေလိုက် တယ်။

"တိုက်ပွဲက နာရီဝက်ကျော်ကျော်ကြာတယ်။ပစ်သံခတ်သံစဲလို့ကြည့်လိုက်တော့ ပြောရင်တောင် ယုံစရာ မရှိဘူး။ စာပြတွဲဘော (ဘလက်ဘုတ်) မှာရော၊ ကျောင်းနံရံမှာရော ကျည်ဆံပေါက်တွေကို ကြည့်လိုက်ရင် အလယ်မှာ လူတယောက်ရပ်နေပုံ ဝိုင်းပြီး ပြထားသလို ပေါ်နေတယ်။ ခါးဝိဇ္ဇာပြပွဲမှာ ဘောရှေ့ ရပ်နေတဲ့လူကို ခါးနဲ့ အချက်ပေါင်းများစွာ ပစ်ပြီး လူဖယ်လိုက်ရင် ဘောမှာစိုက်နေတဲ့ ခါးချက်တွေဟာ လူသဏ္ဍာန် ပေါ်နေသလိုပါဘဲ။

"အဲသလို မိုက်ရူးရဲလုပ်မိလို့လဲ ရတနာသုံးပါးကျေးဇူးကို တသက်တာ မေ့မရအောင် သာဓကတရပ် ရလိုက်နိုင်တာပါ"

အယ်ဒီတာ ဦးမျိုးမြင့်
ကင်းဘဲလမ်း၊ ရန်ကုန်။

## သူဌေးမဟုတ်ဘဲ သိန်းနှစ်ဆယ် လှူနိုင်သူ

"ကျမတို့မှာ သိန်းနဲ့ချီပြီးတော့လဲ မချမ်းသာပါဘူး။ ခုလိုဘဲ ဆန်ရောင်းရင်းနဲ့ ငွေပိုငွေလျှံကလဲ များများရှိတာ မဟုတ်တော့ ရှိတဲ့ လက်ဝတ်လက်စားကလေးတွေ ထုခွဲပြီး ၆-ခန်း တိုက်ကြီးတလုံးက စ,တည်ရတာ။ နောက် တိုက်ကျောင်းက ခုနစ်လုံး၊ သစ်သားကျောင်းက လေးကျောင်း၊ ပေ ၁၅၃၊ ၅၉၊ တံခါး ၁၅ဂ-ပေါက်ရှိတဲ့ လေးထပ်ကျောင်းမကြီး ပြီးတဲ့ အထိ တဆယ့်နှစ်နှစ် တည်ရပါတယ်။

"ရောင်းရင်းဝယ်ရင်း၊ စားရင်းသောက်ရင်းနဲ့ တာဝန်ကြီးလှတယ် မရှိဘူး၊ပြီးသွားတာပါဘဲ။ သိန်းပေါင်းနှစ်ဆယ်ကျော်လို့ ခန့်မှန်းကြတယ်။ ကျမတို့မှာ ပိုလဲ ဆင်းရဲမသွားဘူး။ တသိန်း နှစ်သိန်းရယ်လို့ ငွေပိုငွေလျှံလဲ မရှိခဲ့ဘူးပါဘူး။

"ထူးခြားတာကတော့ ဒီမန္တလေးတိုက်ကြီး စတည်တဲ့နှစ်မှာဆန်တွေဟာ မရောင်းရဘဲ တပုံ့ပုံ့ လှောင်ထားရာကနေ အဆမတန် ဈေးတက်လာပြီး လက်မလည်အောင်ရောင်းရတာ ခုအထိဘဲ။ ငွေမရှိလို့ လုပ်ချင်တဲ့ကုသိုလ် ရပ်ထားရတယ်လဲ မရှိပါဘူး"

ဒေါ်လှကြွယ်
ကျောင်းအမကြီး၊ ပခုက္ကူမြို့။

## ဘုရားကိုကြောက်သော လယ်ကြွက်များ

"လယ်တွေကို ရစရာမရှိအောင် တောကြွက်အုပ်ကြီးတွေဖျက်လို့ ပိုးသတ်ဆေးတွေ သုံးတဲ့လူက သုံးကြတယ်။ လယ်လဲပျက်၊ ကြွက်သေတွေဟာလဲမြင်မကောင်းပါဘူး။

"ကျုပ်ကတော့ ပိုက်ဆံလဲမကုန်၊ ငရဲလဲ မကြီးရဘဲနဲ့ ရလဲရ၊မရလဲနေဆိုပြီး လယ်ကန်သင်းရိုးမှာထိုင်ပြီး စိတ်ပျက်ပျက်နဲ့ ဘုရားတ၊ ပစ်ပ်က ရသမျှတွေ ရွတ်နေမိတယ်။ ပါလာတဲ့ ထမင်းထုပ်ကလေးဖြည်ပြီး ဘုရားလဲလှူ၊ လယ်စောင့်နတ်၊ တောစောင့်နတ်တွေကိုလဲ ပသ၊ အမျှဝေ၊ ကြွက်တွေကအစ မေတ္တာပို့ပြီး ဘုရားကု ကုလိုက်တာ ဘာပြောကောင်းမလဲ၊ သူများတွေကတော့ လယ်ကြွက်ဖျက်လို့ ရှုံးနေပြီထင်ကြမှာ။ ကျမတို့ ဒီနှစ်ဝမ်းစာ ဘုရားပေးတာပါဘဲ"

လယ်သူမကြီး ဒေါ်အေးရှင်
မုံရွာ၊ ဘုတလင်။

## တောပိုဘဝနှင့် ရသော အသိ

"ကောခိုဘဝနဲ့ အန္တရာယ်များတဲ့ တောထဲမှာ နှစ်ပေါင်းများစွာ နေခဲ့ရ၊ တိုက်ပွဲအမျိုးမျိုးနဲ့ ရင်ဆိုင်ခဲ့ရပြီး အကြိမ်ကြိမ်သေတွင်းဝကဆွဲတင်ပေးတာ ကျွန်တော့်အဘိုးကော့ ရတနသုတ်ပါဘဲ။

"ရတနသုတ်ကို အပြန်ပြန်အလှန်လှန်ရွတ်ပြီး သေနတ်ကိုင်ရင်း အမြဲနှလုံးသွင်းကယ်။ ကျည်ဆံမကုန်၊ ပိုက်ဆံမကုန်ဘဲ၊ မသတ်ရဘဲနဲ့ အောင်ပွဲရတဲ့နည်းလဲ ရှိပါသေးကလားလို့ အခြေအနေအရ ဘဝပေးအသိနဲ့ အချိန်ရှိသမျှ ရွတ်ဆိုနှလုံးသွင်းပါတယ်။ အန္တရာယ်အမျိုးမျိုးက လွတ်မြောက်ရရုံသာမက နေ့ရေးထိုင်ရေး၊ စီးပွားရေးကအစ အရာရာမှာ လွယ်လင့်တကူနဲ့ အောင်မြင်တဲ့ နည်းကို ကိုယ်တွေ့မကြုံရင် ယုံဘို့ခက်ပါတယ်။

"အတုမဲ့ချပ်းသာ နိဗ္ဗာန်အထိပို့နိုင်တဲ့ ရတနာသုံးပါး ကျေးဇူးဟာ သာပန်လူမှုရေးအတွက် ဘာမှ သံသယဖြစ်စရာ၊ အံ့ဩစရာမရှိပါဘူး"

သွေးတိုး-ဦးသန်းမောင်
ရန်ကုန်။

## (၂)
## တိုင်းပြည်အတွက် ရတနာသုံးပါး ခံထပ်ကြီး

ယခုအခါ ရတနာသုံးပါး၏ ကျေးဇူးနှင့် စပ်၍ တနည်းမဟုတ် တနည်း ကိုယ်တွေ့ကြုံသူများ၏ ဖွင့်ဟချက်များကို ကြားနာ မှတ်သားရသည်မှာ အားကျဘွယ် ကောင်းလှပါ၏။

'ရတနာသုံးပါး ကျေးဇူး' ဆိုသော စကားကို အကျဉ်းဆုံးအဓိပ္ပာယ် ဖော်ရလျှင်-

(၁) ရောဂါဘေးရန် အန္တရာယ်အမျိုးမျိုး (အပါယ်လေးပါးမှ အစ မကောင်းတာ မှန်သမျှ)တို့မှ တနည်းနည်းဖြင့် ကြံဖန်၍ လွဲချော် ပပျောက် လွတ်မြောက်စေနိုင်ခြင်း။

(၂) ရာထူးဂုဏ်သိရ် စည်းစိမ်ဥစ္စာစသော တိုးတက်ကြီးပွားမှု အမျိုး မျိုး(နိဗ္ဗာန်အထိ ကောင်းတာ မှန်သမျှ)တို့ကို တနည်းနည်းဖြင့် ရရှိဖြစ်ပေါ်လာစေခြင်းများပင် ဖြစ်သည်။

သူ့နည်းနှင့်သူ ကိုယ်တွေ့ကြုံသူများလည်း ရေးမကုန်အောင်များပြား လှ၏။ ရတနာသုံးပါး၏ ကျေးဇူးကို နှလုံးသား၏ ထောက်ခံချက်အရ ဖျက် မရအောင် ကိုယ်တိုင်ထိတွေ့ထားသူတိုင်း နေ့စဉ်ဝတ်ထား၍ လုပ်ဆောင်နေ ကြ၏။ ထိုသူများတွင် လူငယ်တော် တော်များများပင် ပါဝင်နေကြသည်မှာ အားရဘွယ် ကောင်းလှပါပေသည်။

ရှေးအခါကမူ တကိုယ်ရေ ဘေးကင်း ချမ်းသာမှု အတွက်သာမက တိုင်းပြည်အတွက်ပါ ရတနာသုံးပါးကျေးဇူးကို အလေးအမြတ် ခံယူခဲ့ကြ ကြောင်း အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာတော် သမိုင်းတွင် ခိုင်မာသော အထောက်အထားများကို တွေ့မြင်နိုင်ပေသည်။

### ဂျပန်ပြည်

ဂျပန်မြည် ဗုဒ္ဓသာသနာ သမိုင်းတွင် တရုတ်ဘုရင် ကူဗလေခန်၏ ရေတပ် ကြီး ဂျပန်ပြည်ကို တိုက်ခိုက်သိမ်းယူရန် ချီတက်လာချိန်-

ဂျပန်ဘုရင် 'ကမေယမ' က တောင်းပန်၍ ဝိနယဂိုဏ်းချုပ် ဘုန်းတော် ကြီး 'အေးစံ' က ဘုရားရှင်၏ ရုပ်ပွားဆင်းတုတော်ရှေ့သို့ သွားကာ ဘေးရန် ကင်းကြောင်း ဆုတောင်းရွတ်ဖတ်ခဲ့သည်။

ထိုအချိန်—

ပင်လယ်ရေ ဒီလှိုင်းကြီးများထအောင် မုန်တိုင်းကျလာသဖြင့် တရုတ်တသိန်း တပ်ကြီး သေကြေပျက်စီးသွားခဲ့ရဘူးသည်ဟု ဖော်ပြထားလေသည်။

## ယိုးဒယားပြည်

ယိုးဒယားပြည်သို့ တရုတ်စစ်တပ်ကြီး ကျူးကျော်တိုက်ခိုက်လာစဉ်—

ယိုးဒယား ရဟန်းရှင်လူ ပြည်သူပြည်သားတို့သည် 'ဉပ္ပါတ သန္တိကျမ်း'ကို ရွတ်ဖတ်ကြရာ ရန်သူတပ်ကြီး ပျက်ပြားသွားရဘူးသည်ဟု 'မဟာဓမ္မသင်္ကြံ' အမတ်ကြီး ရေးသားပြုစုသော 'သာသနာလင်္ကာရကျမ်း'တွင် ဖော်ပြထား၏။

ထို'ဉပ္ပါတ သန္တိကျမ်း'ကား ယခုတိုင် တည်ရှိ၍ ဆရာတော်ဦးဗုဓ်အနက်မြန်မာ ပြန်ဆိုထားသည်။ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာအရှင်မြတ်ကြီး အသီးသီးတို့၏ သီးခြားဂုဏ်ရည်များကို တပါးစီ တပါးစီ ဂါထာသီကုံးဖွဲ့ဆိုထားသော ကျမ်းကောင်းကြီးတဆူ ဖြစ်၏။

## သီရိလင်္ကာ-သီဟိုဠ်နိုင်ငံ

သီဟိုဠ်သာသနာ သမိုင်း (မဟာဝံသ-၂၅ အခန်း) တွင်လည်း 'ဒုဋ္ဌဂါမဏိမင်းကြီး' မိမိနိုင်ငံအား ကျူးကျော်စော်ကားလာသော ကျည်းကုလားများကို ခုခံတိုက်ခိုက်ရာ၌ ရတနာသုံးပါးကိုပင် ဦးတိုက်၍ 'တာကယ် တရားသော စစ်ပွဲ'အဖြစ် ခံယူခဲ့သည်။

"ယခု ငါစစ်တိုက်ရခြင်းသည် မင်းစည်းစိမ်ဟူသော ငါ့ကျိုးငါ့စီးပွားအတွက်မဟုတ်ပါ။ အနည်းငယ်မျှပင် ကိုယ်ကျိုးမပါ ရှိပါ။ အတုမရှိသော မြတ်စွာဘုရားရှင့်သာသနာ ရတနာတော်မြတ်သုံးပါး တည်တံ့ပြန့်ပွားရန်အတွက်သာ ဖြစ်ပါသည်"ဟု သစ္စာ အဓိဋ္ဌာန်စကား ကျူးရင့်မြွက်ကြားခဲ့၏။

ရတနာသုံးပါးအား အသက်နှင်း၍ စစ်မြေပြင်သို့ ဆင်းသက်ထွက်ချီတော်မူရာ အောင်ပွဲရခဲ့လေသည်။

## သရေခေတ္တရာ မြို့ပြကာကွယ်ရေး

မြန်မာလူမျိုး ဟူ၍ပင် မထင်ရှားသေးမီ သရေခေတ္တရာပြည်၌ ပျူဘုရင်၊ ပျူလူမျိုးတို့သည် ရတနာသုံးပါးအပေါ် မည်မျှအားထားယုံကြည်ကြောင်း သရေခေတ္တရာမြို့ဟောင်းကို ကူးဖော်ရာမှ အထောက်အထားများ ထွက်ပေါ်လာခဲ့သည်။

ပျူလူမျိုးတို့သည် သူပုန်သကန် ရန်သူဘေး၊ မီးဘေးစသည်တို့ ကင်းဝေး၍ တိုင်းပြည် ငြိမ်းအေးသာယာဝပြောစေရန် မြို့ရိုး မြို့ဝင် တံခါးများ၌ ရတနာသုံးပါး တရားစာပေများကို ရွှေပြားငွေပြားတွင် ရေးသား၍ အန္တံအတား ပြုလုပ်ခဲ့ကြ၏။

အန္တံအတားပြုလုပ်မြှုပ်နှံခဲ့သော ဘုရားမှဒပါဠိ ပါဠိတော်များမှာ–

'ယေ ဓမ္မာ ဟေတုပ္ပဘဝါ....'

'ဟေတု ပစ္စယော....'

'အဝိဇ္ဇာပစ္စယာ သင်္ခါရာ....'

'ဣတိပိ သော ဘဂဝါ....'

'မင်္ဂလသုတ်၊ ဝဋ္ဋသုတ်၊ မောရသုတ်'

စသော ပါဠိတော်များ ဖြစ်၏။ (ယနေ့ ကျွန်ုပ်တို့ ထိုအတိုင်းလိုက်နာလျှင်ပင် လုံလောက်ပါပြီ။ နည်းလမ်းရှာဘွယ် မလိုပါ။)

အေ-ဒီ သုံးရာစု၊ လေးရာစုခေတ်က အိန္ဒိယတောင်ပိုင်းဒေသ အရေးအသား (ကဒမ္ဗ)အက္ခရာများဖြင့် ရေးထိုးထွင်းထုထားကြသည်။ ဤအချက်များကို ထောက်ထား၍ ရတနာသုံးပါး (တရားစာပေများ၊ ဂုဏ်တော်၊ ပရိတ်တော်များ)ကို အဘယ်မျှ အားကိုးဟကြီး ရှတ်ဆို နှလုံးသွင်းကြမည်ကို ခန့်မှန်းနိုင်ပေသည်။

ထိုယုံကြည်မှုသည် သာမည အစဉ်အလာ ယုံကြည်ခြင်းမျိုး မဟုတ်တန်ရာ။ လက်တွေ့မပါသော အယူသည်းယုံကြည်ခြင်းမျိုးမျှသာ ဆိုပါလျှင်လည်း ရွှေငွေပေလွှာရေး၍ ထိုမျှလောက် အလေးတမူ ပြုလုပ်ခဲ့ကြမည် မဟုတ်။

## မစင်ကြယ်သော မြို့ပြကာကွယ်ရေး

မြို့ပြ ကာကွယ်ရေးနှင့်စပ်၍ သရေခေတ္တရာ ပြည်၌'စင်ကြယ်သောနည်းနာ' များကို အသုံးပြုခဲ့သော်လည်း အခြားမြို့ပြ တည်ရာ၌ 'မစင်ကြယ်သော နည်းနာ'များကို အသုံးပြုခဲ့ကြောင်း မြန်မာရာဇဝင်တို့၌တွေ့မြင်နိုင်ပြန်သည်။

ဥပမာသထုံပြည်၌ဗျတ်ဝိ၏ပေါင်၊လက်များမြှုပ်နှံထားခြင်း၊အင်းဝခေတ် မင်းကြီးစွာစော်ကဲလက်ထက်'ဓာတ်ကျ'၍ ရွှေစည်းခုံစေတီ တည်ခြင်း၊ မြို့ပြုမငြိမ်မသက်ရှိ၍ တပေပတ်လည်ရှိ အင်းချပ်တထောင် မြှုပ်နှံခြင်း၊ သစ်ပင်များစိုက်၍ 'ဓာတ်ရိုက်ယတြာ'ပြုလုပ်ခြင်း၊ အမရပူရ မြို့တည်ရာ၌ အင်းသေတ္တာ မြှုပ်နှံခြင်း၊ နောက်ဆုံး မန္တလေး (ရတနာပုံနေပြည်တော်) တည်ရာ၌ပင် တံခါးနီ အနီး'သမ္ဗုဒ္ဓေအင်း'မြှုပ်နှံထားသည်ကို (အင်ဒီယင်း အင်တီကေရီ'မဂ္ဂဇင်း၌ 'ဆာ၊ ရစ်ချတ်၊ တင်ပယ်' ဆိုသူ ကိုယ်တိုင် တူးဖော်တွေ့ရှိကြောင်း ရေးသားထားသည်ဆို၏။

'ထေရဝါဒ ဘာသာရေးကို့စွ 'အရပ်ရပ်တွင် တန္တရ,မန္တရ,ဝဇိရယာဉ်,မဟာယာန အယူအဆများ မည်မျှရောထွေးရှုပ်ပွေလျက် ရှိသည်ကို သတိပြုကြရန် ဖြစ်ပါ၏။

မဟာယာနဂိုဏ်းသမားတို့သည် စင်ကြယ်သော ထေရဝါဒသာသနာ ရတနာသုံးပါးလမ်းမတော်မှ 'လွတ်လွတ်လည်းမဖဲ့ခွာ၊ ဖြောင့်မတ်စွာလည်း မလိုက်' 'ဣတိပိသော'ရွတ်ပြီး အင်းတိုက်, ဓာတ်လုံးထိုးနေကြသဖြင့် မသိမလိမ်မာသူတို့ နားယောင်ကြရရှာသည်။ ယင်းသို့ ရောထွေးရှုပ်ပွေနေသဖြင့် ဝေဖန်ရေးသမားအချို့သည် ပရိတ်ကြီးများကိုပင် 'မန္တရစာပေ'ဟုမှတ်ထင်မှားကြရှာလေ၏။

## ရာဇဝင်ဆရာတို့ မသိလိုက်သော ပခုက္ကူခံတပ်

တိုင်းပြည် ကာကွယ်ရေး စစ်မက်ရေးရာနှင့်စပ်၍ ဤ၌ မြန်မာ့ထီးနန်းကို သိမ်းယူ ခံရစဉ်က ပခုက္ကူခံတပ်မှ ဖြစ်ရပ်ဆန်းကလေး တခုကို သတိရပါ ပေသည်။

ထိုဖြစ်ရပ်မှာ ပခုက္ကူမြို့ အရှေ့တိုက်ဆရာတော် ဦးစန္ဒအရှင်မြတ်၏ အမိန့်ရှိချက်ဖြစ်သည်။ ရာဇဝင်၌ စာမတင်ခဲ့သော်လည်း ဤ၌ ထုတ်ဖော် မှတ်တမ်းတင်ရန် အခွင့်ဆိုက် ၁ ၁ပေသည်။

မန္တလေးနေပြည်တော်ကို သိမ်းယူရန် အင်္ဂလိပ် စစ်လှေ စစ်သင်္ဘောများ ဧရာဝတီမြစ်ကို ဆန်၍ ချီတက်လာကြရာ ပခုက္ကူမြို့ရှိ 'ဗုဒ္ဓကုန်းခံတပ်' ကြောင့် သုံးလေးကြိမ် တပ်လန်ပြီး ပြန်ကြရပါသတဲ့။ ထိုခံတပ်မှာ မြန်မာ စစ်သား အစိတ်နှစ်ဆယ်မျှသာရှိ၍ လက်နက်ကြီးဆို၍ အမြောက်ကြီးတလက် သာရှိသည်ဆို၏။

တနေ့တွင်မြန်မာစစ်သားများ အောင်ပွဲရပြီး အေးဆေးစွာ လည်ပတ်နေကြသဖြင့် လူစုကွဲနေ၏။ဗိုလ်လုပ်သူကလည်းခမောက်(ဦးထုပ်)ကို ချွတ်ပြီး ရေဆင်းချိုးနေခိုက် အငိုက်မိကာ ရန်သူသင်္ဘောများချီတက်လာနေသည်ကို တွေ့ကြရသည်။ ဗိုလ်လုပ်သူလည်း ရေချိုးရာမှ ကမန်းကတမ်း ကုန်းပေါ်တက်ကာ အမြောက်ဖြင့် ပစ်ခတ်ခုခံသော်လည်း ခါတိုင်းကဲ့သို့ ဆုတ်မသွား၊ အားနှင့်ဖိ၍ ချီတက်လာရာ နောက်ဆုံး ထိုအမြောက်ကြီးပြောင်းဝထိပ်ကပင် ရန်သူတို့၏ စိန်ပြောင်းကျည်ဝင်ကာ မြန်မာတို့ အရေးနိမ့်သွားခဲ့ရသည်ဟု ဆိုလေသည်။

ပခုက္ကူဗုဒ္ဓကုန်း ခံတပ်ကို ရန်သူတို့သုံးလေးကြိမ်တပ်လန်ပြေးရသည်မှာ အခြားကြောင့်မဟုတ် ဗိုလ်လုပ်သူ၏(နာမည်မေ့နေပြီ)ဦးထုပ်တွင်'အောင်ခြင်းရှစ်ပါး ပါဠိများ' အစအဆုံးလှည့်ပတ်ရေးထိုးထား၏။ ရန်သူလာချိန်မဟုတ်ဟု ယူဆကာ အေးအေးဆေးဆေး ဦးထုပ်ချွတ်ပြီး ဧရာဝတီ မြစ်တွင်း၌ ရေဆင်းချိုးမိခြင်းသည် ပခုက္ကူခံတပ်ကြီး ကျဆုံးရန်အကြောင်းဖြစ်ခဲ့ရ၏။

## ကျွန်ုပ်တို့နိုင်ခဲ့သည် အဘယ့်ကြောင့်

ရတနာသုံးပါးကို ကာကွယ်ရေးနှင့် စစ်ရေးအတွက် လက်နက်တခုအဖြစ် အသုံးပြုရန် တင်ပြနေခြင်း မဟုတ်ပါ။

သို့ရာတွင် စစ်ရေးကိစ္စ၌လည်း ရတနာသုံးပါးကို မမေ့ခြင်းသည် ကြီးမားခိုင်ခံ့သော ခံတပ်ကြီးတခု ဖြစ်မလာနိုင်ဟူ၍ငြင်း၊ ရတနာသုံးပါး ဦးထိပ်ထားခြင်းအားဖြင့် ကျည်မကုန်၊သွေးမြေမကျသော အောင်ပွဲကြီးများ ဖြစ်မလာနိုင်ဟူ၍ငြင်း မည်သူမျှ မပြောဆိုနိုင်ချေ။

အင်အားချင်းမယှဉ်သာအောင်ကွာခြားခဲ့သောပဂံခေတ် စစ်ပွဲကြီးများမှအစ ကုန်းဘောင်ခေတ် အလောင်းဘုရား, ဆင်ဖြူရှင်တို့လက်ထက် စစ်ပွဲကြီးများအလယ်၊ အင်းစိန်တိုက်ပွဲမှသည် မျက်မှောက်ခေတ် စစ်ပွဲများ အဆုံး အားလုံးသောမြန်မာ့စစ်ရေးရာဇဝင်တွင် စစ်ဘုရင်တို့ကိုယ်တိုင်ထူးထူး ခြားခြားကြီး အနိုင်ရလိုက်သော်လည်း'အဘယ့်ကြောင့်'ဟု ရှပ်တွက်တွက်၍ တိတိကျကျ အဖြေမပေးနိုင်ခဲ့ကြပေ။

ကြွက်နှင့်ဆင် မယှဉ်သာသော်လည်း 'အခြေအနေအရ' နိုင်ခဲ့သည်ဟုသာ နားမရှင်းဘဲ လက်ခံထားခဲ့ကြရသည် မဟုတ်ပါလော။

## ဆောင့်ကြီးအောင့်ကြီး'ဣတိပိသော'

'တိုင်းပြည်၏ ရန်သူကို သတ်ဖြတ်၍ တိုင်းပြည်အား အကာအကွယ် ပေးသူကို စစ်သားဟု ခေါ်သည်'ဟု ဆိုလျှင်'စစ်သား'၏ အဓိပ္ပာယ်သည် ပြည့်စုံပြီဟု ထင်ရ၏။ သို့သော် မဟုတ်ချေ။

မြန်မာ့စစ်သားတို့သည် မိရိုးဖလာ ဗုဒ္ဓဘာသာမိဘမှ မွေးဖွားလာသူများပီပီ အခြေအနေအရ လူကိုသတ်တန်လျှင် သတ်နေရစေကာမူ ရတနာသုံးပါးကို ဦးထိပ်ထားသူက များလေသည်။ ဤနေရာ၌ အမည်မဖော်သင့်သော ဗိုလ်မှူးတယောက်အကြောင်းကို အနည်းငယ် တင်ပြလိုပါသည်။

သူ့အား သူ့ဇနီးက ရွှေတန်းသို့ စစ်ချီခါနီး တခုပူဆာ၏။ သတိပေး၏။ မရသည့်အဆုံး အတင်းအကြပ် တောင်းဆိုသည်။

"မောင် ရွှေတန်းမသွားခင် ဘုရားရှေ့မှာ'ဣတိပိသော'သုံးခေါက်ဆိုပြီး ဦးချသွားပါ၊ အရေးကြီးပေမယ့် ထူးပြီး အချိန်ပိုမကုန်ပါဘူး"

နောက်ဆုံး ဗိုလ်မှူးခမျာ ကျန်ရစ်သူ ဇနီး စိတ်ချမ်းသာစေရန် 'ဣတိပိသော'ကို ဆောင့်ကြီးအောင့်ကြီးနှင့် ဘုရားရှေ့မှာသွားပြီး ရွတ်ဆိုထွက်သွား၏။ ရွှေတန်းမှ ပြန်လာသောအခါ စစ်ဆေးရုံ၌ အတွင်းလူနာအဖြစ် တက်ရောက်ရရှာသည်။ ဒဏ်ရာဒဏ်ချက်များလည်း ရစရာမရှိ။

ကျန်းမာရေးအခြေအနေ ကောင်းလာသောအခါ ဆေးရုံသို့ လာသောဇနီးအား ရယ်ကာမောကာဖြင့်–

"မင်း သတိပေးတာနဲ့ ဆောင့်ကြီးအောင့်ကြီး ရွတ်သွားရလို့သာ ပေါ့ကွာ၊ အနို့မို့ ငါတို့တပ်တယောက်မှ ကျမှာမဟုတ်ဘူး"ဟု ပြောပြလိုက်၏။ ထိုစဉ်က ရွှေတန်း စစ်မျက်နှာ တခုတွင် ကျန် စစ်သားများအားလုံး(တတပ်လုံး)ကျဆုံး၍ ဗိုလ်မှူးတယောက်သာ အသက်ရှင် ကျန်ခဲ့လေသည်။

ထိုဗိုလ်မှူးကား 'ဆောင့်ကြီး အောင့်ကြီး ဣတိပိသော' ကြောင့်ပင် 'သူရ'ဘွဲ့ကို ရရှိခဲ့၏။ ယခုတိုင် တိုင်းပြည်တာဝန်ကိုထမ်းဆောင်ဆဲရှိပါသည်။ ထိုနည်းအတူ ကိုယ့်နည်းကိုယ့်ဟန်နှင့်ကိုယ် ရတနာသုံးပါး ဦးထိပ်ထားသော ပြည့်ချစ်သားတို့လည်း များစွာရှိနေကြ၏။

( ၃ )

## မုဆိုးဘိုရွာကလေးက ကိုရင်အောင်ဇေယျ

မထင်ရှားလှသော အထက်အညာတကျေး မုဆိုးဘို ရွာကလေးမှ ကိုရင်အောင်ဇေယျ။ သင်ပုန်းကြီး၊ ဇာတ်ကြီးဆယ်ဘွဲ့၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ နမက္ကာရ(ဘုရားရှိခိုး)၊ လောကနီတိနှင့် ပရိတ်ကြီးမျှလောက်ကိုသာ သင်ကြားတတ်မြောက်ခဲ့သည်ဟု ယူဆရသော ကိုရင်အောင်ဇေယျ။

ဤ၌ သူ့အကြောင်းကို အနည်းငယ် ဖော်ပြပါအံ့။ သူ့အကြောင်းသည် မြန်မာတို့အကြောင်းဖြစ်၏။ သူ့ခံယူချက်၊ သူ့အတွေး အခေါ်သည် ‘မြန်မာ့ဖိလိုဆိုဖီ’ပင်တည်း။ မြန်မာ့ဖိလိုဆိုဖီဟူသည် အဘယ်နည်း။

ကိုရင် အောင်ဇေယျဟူသည် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျပင်တည်း၊နာမည်ကိုပင် နှုတ်မထွက်ရဲကြသဖြင့် ‘အလောင်းမင်းတရားကြီး’ဟုသာ ခေါ်ဆိုကြရ၏။ ဂီတပညာရှင်တို့က ‘ကြောက်ဘွယ့်ဘုန်းတန်း’ ဟု ချီးမွမ်းအံ့သြခဲ့ကြရသည်။သူ၏ အောင်မြင်မှုများကို ‘ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး’ဖြင့် စာမျက်နှာနှစ်ထောင်နီးပါး မှတ်တမ်းတင်ထားခဲ့ကြရ၏။

သို့ရာတွင် တချိန်က အနောက်ဆန်သော ခေါင်းဆောင် အချို့က “ဦးအောင်ဇေယျဆိုတာ ဆရာစံတို့လို သူပုန်ခေါင်းဆောင်သာသာပါဘဲ” ဟုဆိုကြ၍ ရာဇဝင် ပရိဖက်ဆာ ဆရာလွန်း (သခင် ကိုယ်တော်မှိုင်း) ကြီး အကြီးအကျယ် နာကြည်းခဲ့ရဘူး၏။

တကယ်တော့ ဦးအောင်ဇေယျတို့ လူစုအပေါ် အနောက်ဆန်သူတို့ အမြင်ဖြင့် အထင်ကြီးစရာမရှိ။ စစ်ရေးကျွမ်းကျင်မှု လက်ရုံးရည်လည်း စာဖွဲ့လောက်သည် မထင်ကြ။ ဦးအောင်ဇေယျ၏ နှလုံးရည်လည်း ဇာတ်ကြီးဆယ်ဘွဲ့နှင့် ပရိတ်ကြီးမျှလောက်သာရှိ၍ ပြောပလောက်သည် မဟုတ်။

သူ၏ အောင်မြင်ချက်များကိုလည်း အခိုင်အမာရေးသားထား၍သာ မှတ်သားနေရ၏။ ဟုတ်လို့သာယုံရသည်။ ယုံစရာ မရှိ။

“ဟံသာဝတီမှအင်းဝ၊အင်းဝမှသည်ရွှေဘိုအထိ မြစ်စဉ်တလျှောက်မြို့ရွာတဲလျှောက် မလှုပ်ချောက်နိုင်အောင် အခိုင်အမာ နင်းဖိလှာသောငါးသောင်းကျော် ခြောက်သောင်းရှိ ရန်သူများအား ရဲဘော်သုံးကျိပ်၊ မြင်းရည်တက် ခြောက်ကျိပ်ရှစ်ယောက် မဆိုစလောက်သော စစ်သည် လက်

နက်အင်အားဖြင့် ဦးအောင်ဇေယျတို့၏ ထန်းလုံးတပ်မြို့က ဝါးရင်းတုတ်ဖြင့် အနိုင်ရလိုက်ခြင်း''

ဤဖြစ်ရပ်များကို မည်သည့်သင်္ချာဗေဒ ဘုံသုံးကိန်းနှင့် တွက်၍မျှ အဖြေမှန်မထွက်။ မည်မျှတိကျသော ကွန်ပျူတာစက်ကမှလည်း အဖြေမှန် ပေးနိုင်မည်မဟုတ်ချေ။ ယင်းသို့ ရုပ်တွက်တွက်၍မရသဖြင့် အနောက်ဆန်သူ မြန်မာအချို့က မြန်မာကို အထင်သေးသည်မှာ အဆန်းမဟုတ်တော့ပြီ။

ဦးအောင်ဇေယျဟူသည် ကြောက်ဘွယ့်ဘုန်းတန်း အံ့မခန်းထူးချွန်သည့် ကုန်းဘောင်ဆက် မြန်မာ့အင်ပါယာကြီးကို တည်ထောင်ခဲ့သူ ဖြစ်ကြောင်း မည်သို့မျှ မည်သူကမျှ မငြင်းဆိုနိုင်ချေ။

## ငုပ်ကွယ်နေသော အင်အားများ

'ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး' ရှေ့ပိုင်းလာ စာတမျက်နှာသည် ထိုပြဿနာအတွက် အဖြေပင်ဖြစ်၏။ ခက်ခဲကျပ်ကည်းသော ပြဿနာကြီးများအတွက် အဖြေသည် အလွယ်ကူဆုံး ဖြစ်နေတတ်သည်။ မြေကြီးပေါ် လျှောက်နေသော်လည်း မြေကြီး၏ စွမ်းအင်၊ ရေ့လေ၌ ဖြတ်သွားနေသော်လည်း ရေ့လေ၏ စွမ်းအားကို လူတိုင်း သိကြသည်မဟုတ်။

ဦးအောင်ဇေယျသည် ရွာဦးကျောင်းနေစဉ် ကိုရင်အောင်ဇေယျ ဘဝကတည်းက နှလုံးရည် ပြည့်ဝနေသူ ဖြစ်၏။ သို့ရာတွင် ထိုနှလုံးရည်ကို သင်ကြားတတ်မြောက်လာသည့် ဘာသာရပ်၊ စာအုပ်၊ စာမျက်နှာမျှဖြင့် ဆုံးဖြတ်၍ မရစကောင်း။

မိမိသင်ကြား မှတ်သားရသမျှသော ပညာဖြင့် တိတိကျကျ လိုက်နာဆောင်ရွက်နိုင်စွမ်းသော သူ၏စိတ်ဓါတ်ကသာ သူ၏ နှလုံးရည်ကို အဆုံးအဖြတ်ပေးနိုင်၏။ သူ၏ 'လုပ်နည်းလုပ်ဟန်နှလုံးရည် အင်အား' ကိုအကြမ်းစား ခန့်မှန်းနိုင်ရန်မှူ 'ရာဇဝင်တော်ကြီး'၌ အတိအလင်း ဖော်ပြ ထားရှိလေပြီ။

(၁) သူသည် အာဇာနည် ယောကျ်ားပီပီ အလောင်းတော်ကြီး များ၏ စိတ်ထားကိုမြတ်နိုး၏။ ဇာတ်ကြီးဆယ်ဘွဲ့ သင်ရစဉ်ကပင် ထိုအခြေခံ အင်အားကို ရရှိခဲ့သည်။

"စစ်သည်တို့၏ သဘောသည် ဗိုလ်ခြေ အင်အား များသည် နည်းသည်မှာ အကြောင်းမဟုတ်။ လက်ရုံးရည်၊ နှလုံးရည်၊ ကြံရည်မှာသာ အကြောင်းဖြစ်သည်"

စူဠနီ ဗြဟ္မဒတ်မင်းသည် မင်းပေါင်းတရာ၊ စစ်သည်ပေါင်း ကဆယ့်ရှစ်ခေါဘိဏီဖြင့် ချီတက်လာသည်ကို နှလုံးရည်ဖြင့် အနိုင်ရသော မဟောသဓာ။ ဇမ္ဗူဒိပ်တကျွန်းလုံးကို အနိုင်ရသော ပစ္စေက ဗုဒ္ဓာအလောင်းတော်တို့၏ ထုံးကို သူ၏နှလုံးသား၌ ကြိုဟောင် စဉ်းစား နားလည်ထားပြီးဖြစ်သည်။(စာမျက်နှာ ၂၃၊၃၅။)

(၂) မြန်မာ တနိုင်ငံလုံး ရန်သူ့ထံ သစ္စာခံသူခံ၍ ကျောင်းကန် ဘုရား တရားပေစာများ မီးသင့်ကာ ထင်းခွေ ရေခပ်မျှ မထွက်ရဲသော ကာလ-

"ငါသို့သောမင်းမြေး မင်းမြစ် ရှိသည်ဖြစ်လျက်ဘေးလောင်းဘော်တို့၏ အရိုက်အရာ၊ သာသနာတော်၏ အခြေအမြစ်ဖြစ်သော တိုင်းကား ရှင်လူ ပြည်သူ သတ္တဝါ အပေါင်းတို့ ဆင်းရဲဖြင့် မနစ်မွန်းကောင်းပလေ။.... ငါသည်သာလျှင် သတ္တဝါ အပေါင်းတို့၏ ကိုးကွယ်ရာ ဖြစ်စေအံ့"

(ကိုယ်ကျိုးစွန့်လွှတ်ကာ အရာရာတွင် တိကျစွာ၊ မျှတစွာ၊ရဲရင့်စွာ၊ မေတ္တာ ကရုဏာဖြင့် လုပ်ဆောင်သည့် အလောင်းတော်တို့၏ စိတ်ထား။)

(၃) ကျေးဇူး သိသော သားကောင်းပီပီ မိဘတို့အား အမြင့်မြတ်ဆုံး လုပ်ကျွေးလိုခြင်းနှင့် တိုင်းပြည်နှင့် သာသနာအတွက်-

"မယ်တော် ခမည်းတော်တို့ကို ရှိခိုးပြီးလျှင် လက်ယာ လက်ရုံး ဆန့်ကြိုးတော်မူ၍.... ရဟန်းရှင်လူ ပြည်သူတကာ သာသနာတော် မြတ်စီးပွား၊ ဆွေတော် မျိုးတော်တို့၏ စီးပွားကို ရွက်ဆောင်၍ မင်းကေရာဇ်၏အဖြစ်ဖြင့် မယ်တော်ခမည်းတော်တို့၏ ကျေးဇူးတော်ကိုဆပ်ပါမည်"

(၄) စစ်တိုက် ရရာ၌ ပင် မိမိကသာ အနိုင်ရရမည်ဟု သဘောမထား။သူနိုင်မှ၊ ကိုယ်နိုင်မှဟု မခံယူ။ "သာသနာပြုမည့် သူသာနိုင်ပါစေ" ဟု အဓိဋ္ဌာန်၏။ သာသနာ စည်ပင်မှသာ သတ္တဝါအများ ချမ်းသာမည်ကို အကြွင်းမဲ့ ယုံကြည်ထားသောကြောင့် ဖြစ်သည်။

"ကျောက်မြောင်းမြို့ ညောင်ပင်ရိပ်ရွာတွင်.... ရွှေမြို့တော ရေပြည့်

ပန်းစိုက် (ညောင်ရေအိုး)ကို ကိုင်တော်မူ၍ 'ငါတည်း သာသနာတော်ကို ပြုထိုက်ပါမူကား ငါက အောင်စေသတည်း။ သူတည်း သာသနာတော်ကို ပြုထိုက်ပါမူကား သူက အောင်စေသတည်း' ဟု အဓိဋ္ဌာန်ပြုတော်မူကာ ရေချမ်းသွန်းချတော်မူ၏"

(၅) သမ္မာ ဒေဝ သာသနာစောင့် နတ်တို့ကိုလည်း အောက်ပါအတိုင်း သစ္စာဆိုတိုင်တည်လျက် စစ်ထွက်တော်မူသည်။

"ငါလည်း မင်းမျိုး မင်းမြစ် မှန်သည်ဖြစ်၍ ရဟန်း ရှင်လူ ပြည်သူလူတကာ သာသနာတော်မြတ်၏ စီးပွား၊ မယ်တော် ခမည်းတော် ဆွေတော်မျိုးတော်တို့ စီးပွား၊ သားတော်အစဉ့်, မြေးတော် အဆက်, မြစ်တော်အညွန့်တိုင်အောင် ဆောင်တော်မူထိုက်သည် မှန်လျှင် သိကြား စတုလောကပါလာ၊ သာသနာတော်မြတ်ကို စောင့်ကုန်သော သမ္မာဒေဝနတ်မြတ်အပေါင်း ကောင်းသောကြည့်ရှုခြင်းဖြင့် ညီညာရွက်ဆောင်သည်ဖြစ်၍ အလွယ်တကူ ရန်သူတို့ကိုလှံထင် ဆောက်ကာ ပြီးမြောက်အောင်မြင်တော်မူစေသောဟု ရွှေကရားဖြင့် ရေစက် သွန်းတော်မူ၏"

ထိုအခါ သက်ရှိကျေးငှက်များသာမက သက်မဲ့ မြေ ရေ ကောင်းကင်တို့ကပင် အထင်အရှား နိမိတ်ပြ အားပေးကြကုန်၏။

ဤကား ဦးအောင်ဇေယျ၏ နှလုံးရည်၊ တနည်းအားဖြင့် 'ငုပ်ကွယ်နေသော အင်အားများ'တွင် အမြွက်မျှ ဖြစ်ပါ၏။ ထို 'မမြင်ရသောအင်အားများ' ကို သိမထားပါလျှင်သူ၏ 'ကြောက်ဘွယ် ့ဘုန်းတန်း'ကိုဒဏ္ဍာရီမျှသာ ထင်မှတ်ရာ၏။

## ပြစ်မှုပရှိလျှင် ရယ်စရာ

ကိုရင်အောင်ဇေယျ တည်ထောင်ခဲ့သော မြန်မာနိုင်ငံတွင် ဘုရင် အဆက်ဆက်၊ မင်းအဆက်ဆက်၊ မြို့ရွာ အကြီး အကဲ၊ စစ်ဘက်၊ နယ်ဘက် တာဝန်ရှိသူတိုင်းလိုလိုပင် သူ့စိတ်ထား၊ သူ့ခံယူချက်၊ သူ့လုပ်နည်း လုပ်ဟန်များကို ယနေ့တိုင်အောင်ပင်လျှင် အနည်းနှင့်အများ ကျင့်သုံး လာခဲ့ကြ၏။

သို့ရာတွင် ထိုငုပ်ကွယ်နေသည့် အင်အားများကို ယုံကြည်၍ ကွက်ကွက်ကွင်းကွင်းသိမြင်၍၊ တိတိကျကျလိုက်နာ၍ ပြုလုပ်နေကြသည်ကား ပဟုတ်တတ်။ရိုးရာအသိဖြင့် ရေ့ရဲရဲကျင့်သုံးနေကြခြင်းသာ များလေသည်။

ဆက်လက်၍ လွန်ခဲ့သော ၁၆–နှစ်လောက်က ဒုစရိုက်မှုခင်းကျဆင်းရေး' အစည်းအဝေးတခုအကြောင်း ဖော်ပြလိုပေသည်။

ထိုအစည်းအဝေးသို့ မြို့ရွာခရိုင် တနိုင်ငံလုံးရှိ ရဲအရာရှိများ၊ မြို့ပြအုပ်ချုပ်ရေးအကြီးအကဲများ အားလုံးတက်ရောက် ကြ၍၏။ မိမိတို့၏ ခရိုင်မြို့ရွာ၌ မည်သည့်မှုခင်းများကို မည်သို့ ကာကွယ်တားဆီးကြကြောင်း ဆွေးနွေးကြရာ မြို့နယ်တခုမှ (မှတ်တမ်းပျောက်နေ၏) မြို့အုပ်တဦးမှာ သူ၏မြို့နယ်တွင် ဘာမှုခင်းမှ မရှိကြောင်း (အာဘောင်အာရင်း သန်သန်နှင့်ပြောဆိုသူများကြားတွင်) ခပ်ယို့ယို့ကလေး တင်ပြဆွေးနွေးရရှာ၏။

မိမိမြို့နယ်တွင် မည်သည့်မှုခင်းမှ မရှိကြောင်း ပြောဆိုခြင်းဖြင့် ဝတ္တရားပျက်ကွက်သူဟု အထင်ခံရမည်ကိုလည်း ထိုအရာရှိခမျာ စိုးရိမ်စိတ်ဝင်လာသဖြင့် မှန်သည့်အတိုင်း ခပ်တိုးတိုးကလေးဝန်ခံပြောဆိုရာ ပရိသတ်ကြီးအတွက် အလွန် ရယ်ရွှင်ဘွယ်ကောင်းသော ပြက်လုံးတခု ဖြစ်ခဲ့ရရှာလေသည်။

"ကျွန်တော်ကတော့ ကျွန်တော်အုပ်ချုပ်ရတဲ့ မြို့နယ်ကျေးရွာများမှာ သတ်မှု ခိုးမှု ဒုစရိုက်မှုများ မဖြစ်ပေါ်ပါစေနဲ့၊ အပြစ်ပေး အရေးမယူပါရစေနဲ့၊ အားလုံးညီညီညွတ်ညွတ်နဲ့ ချမ်းချမ်းသာသာ ရှိကြပါစေလို့ အိပ်ရာဝင် အိပ်ရာထတိုင်း မေတ္တာပို့နေတာပါဘဲ"....ဟူ၏။

'မြန်မာ့ဖီလိုဆိုဖီ'ဟူသည် အဘယ်နည်း။

## (၄)

## ကိုယ်ပိုင်အင်အား မြင့်မားရေး

ဗုဒ္ဓဘာသာ အခြေခံဖြစ်သော ဤကျမ်းစာကို ရေးရာ၌ 'ကိုယ်ပိုင်အင်အားမြင့်မားရေး'ကို ပဓာန ဦးတည်ထားပါသည်။

မြတ်စွာဘုရားရှင်၏ တရားတော်သည် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဖြစ်၍ အတိုင်းမသိ ကျယ်ပြော၏။ နက်ရှိုင်း၏။ 'အခြေခံ ငယ်နိုင်'ကို မဆုပ်ကိုင်မိက မြစ်ကို အလျားလိုက်ကူးသကဲ့သို့ အကျိုးထူးမရ။ ဟောကာ, ပြောကာ, ချီးမွမ်းကာမျှဖြင့် တဘဝ ကုန်ကြရလေသည်။

'ဝနပ္ပဂုမ္ဗေ'ဟု ဟောတော်မူသည့်အတိုင်း မြတ်စွာဘုရား တရားတော်တို့သည် တောရဂုံကြီးအတွင်းရှိ ပန်းအမျိုးမျိုးနှင့်တူ၏။ သူ့အရည်

3.ဒုတိယအကြိမ်

သူ့အသွေးနှင့်သူ မွေးကြိုင်လှပကြသည်ချည်းသာ ဖြစ်သည်။ အဘယ်ပန်းသည် ပို၍ မွှေးကြိုင်လှပသည်ကို ရွေးချယ်ပန်ဆင်တတ်ရန်မှာ မလွယ်ကူ။ ပန်းတိုင်းပွင့်၍ ပွင့်သောပန်းတိုင်း မွှေးကြ, လှကြသည်ချည်း။

## အကောင်းထဲက အကောင်းဆုံးလိုရင်း

မင်္ဂလသုတ်ကို ဖတ်ကြည့်လျှင် ကောင်း၏။ သိင်္ဂါလောဝါဒ (လူ့ကျင့်ဝတ်ပြ)သုတ်ကို ဖတ်ကြည့်လျှင်လည်း ကောင်း၏။ ငါးရာ့ငါးဆယ်၊ ဓမ္မပဒ.... နောက်ဆုံး အဘိဓမ္မာကျမ်းကြီးများအထိ အကောင်းချည်းပင်။

ထိုအကောင်းများကို မြိုးစမ်းလှမ်းမြှော်ရင်း တဘဝကုန်ကာ လမ်းစပျောက်ပြီး လိုရင်းမရောက် ဖြစ်နေတတ်ကြ၏။ တင်းတင်းရင်းရင်း လိုက်နာရမည့် သရဏဂုံ ငါးပါးသီလလောက်ကိုပင် ရောချရဲရဲ၊ သာသနာတော်နှင့်ကြုံခဲကြုံရခိုက် လူတိုင်းပင် အချိန်ရှိသလောက် လေ့ကျင့်ထားရမည့် ဗုဒ္ဓါနုဿတိ၊ အာနာပါနတို့ကိုလည်း အသက်ကြီးမှ လုပ်ရသယောင် ကိုယ်နှင့်မတန်သေးလေဟန် လျှော့၍ တွက်နေကြပြန်၏။ ကိုယ့်ဘဝကိုယ် လျှော့ဈေးချနေကြသည်။

သရဏဂုံမှ စိတ်ထိန်း ကမ္မဋ္ဌာန်းကျင့်စဉ်များအထိ အတုအယောင်တို့သည်လည်း ရောနှောရှုပ်ထွေးလျက်ရှိရာ စီးပွားဥစ္စာ အာဏာရာထူး တန်ခိုးသိဒ္ဓိများဖြင့် မြူဆွယ်လေ့ရှိသော ထိုအတုအယောင် လမ်းစဉ်များနောက်သို့သာ ကောက်ကောက်ပါအောင် လိုက်သူလိုက်၍ သာသနာတော်နှင့်ကြုံကြိုက်ကျိုးမနပ် ဖြစ်ကြရသည်။ ပြောကာ ဟောကာ မြှော်လင့်ကာဖြင့် ခြေရာမပျောက်သင့်တော့ပြီ။ ဘဝတသက်တာသည် တိုတောင်းလှပေ၏။ ကျဉ်းမြောင်းလှချေ၏။

## ညှော်သည်လာလျှင် ပေးစရာရှိအောင်

ရတနာသုံးပါးကျေးဇူးသည်-

၁။ မကောင်းတာမှန်သမျှ ဖယ်ရှား၍-

၂။ ပစ္စုပ္ပန်ရော သံသရာအတွက်ပါ လောကီလောကုတ္တရာ စီးပွားချမ်းသာမှန်သမျှ ရရှိစေနိုင်သဖြင့် "ဘာကလေးဖြင့် ကျန်နေပါသေးတယ်၊ ဖြည့်စွက်ပေးပါဦး" ဟု ဈေးဆစ်စရာ မလို။ လူသားတို့ အလိုရှိတာမှန်သမျှ မပေးနိုင်တာဟူ၍ မရှိ။

ထို့ကြောင့် 'အမြတ်ဆုံးသော အားထားစရာ၊အားကိုးစရာကြီး' ဟု ဆိုရလေသည်။ လက်တွေ့ကျင့်သုံးနေကြသူတိုင်း ကိုယ်တွေ့ဖြစ်နေကြပြီ။

ပဒေသာပင်ကြီးအလား ထိုရတနာသုံးပါး အခွင့်ကောင်းကြီးကို အဘယ်တိုင်းပြည်၊ အဘယ်လူမျိုးတို့သည် ကျွန်ုပ်တို့ထက်ပိုလွန်၍ ရရှိနိုင်ပါ ချေမည်နည်း။ ကျွန်ုပ်တို့သည် "ပါးစပ်ထဲမှာတော့ ရွှေသွား တဝင်းဝင်းနဲ့ ထမင်းတော့ စားစရာမရှိ" ဆိုသကဲ့သို့ငှင်း၊ "အိုးသည် အိုးကောင်းမကိုင်ရ" ဆိုသကဲ့သို့ငှင်း မဖြစ်သင့်ကောင်းတည်း။

ဗုဒ္ဓသာသနာတော်သည် သိပ္ပံပညာ တိုးတက်နေသော အချိန်အဟုန် ထက် မလျော့သော အချိန်အဟုန်ဖြင့် တကမ္ဘာလုံးတွင် တိုးတက်နေသည်ကို ကျွန်ုပ်တို့ မျက်ခြည်မပြတ်သင့်။ ဥရောပ, အမေရိကစသော နိုင်ငံကြီးများ တွင် အရက်ကို ရေလိုသောက်ရမှ နေလို့ရသူများကိုယ်တိုင် ငါးပါးသီလ အဆင့်ကိုပင် ကျော်လွှားကာ ရှစ်ပါးသီလ ဆောက်တည်၍ ဗုဒ္ဓကမ္မဋ္ဌာန်း များကို ကြိုးပမ်းနေကြ၏။ သိပ္ပံ ပါရဂူကြီးများ ကိုယ်တိုင် မြန်မာ နိုင်ငံ၌ နည်းခံကာ ကမ္မဋ္ဌာန်းဆရာကြီးများ လုပ်၍နေကြလေပြီ။ နောက်ထပ်လည်း ဥဒဟိုလာကြပေတော့မည်။ 'ဧည့်သည်လာလို့ ပေးစရာမရှိ' မဖြစ်သင့်။

ဗုဒ္ဓဘာသာဝင်များ အဖြစ် တိတိကျကျ မခံယူ ကြသေး စေကာမူ နိုင်ငံရေး, စီးပွားရေးစသည်ဖြင့် အလုပ်များများ လုပ်နေရသူတိုင်း တနေ့ လျှင် အနည်းဆုံးတနာရီခန့် 'ကမ္မဋ္ဌာန်းထိုင်ခြင်းဖြင့် အနားယူ' ကြလေသည်။ ထိုအနားယူနည်းသည် လူမှုရေးကိစ္စအရပ်ရပ်တွင် အသိမှန်အမြင်မှန် အတွက် များစွာ အထောက်အကူပြုကြောင်း နိုင်ငံကြီးသားတို့ပင် ကိုယ်တွေ့သဘော ပေါက်နေကြ၏။

## လူသားတိုင်းအတွက် ဗုဒ္ဓ

မြတ်စွာဘုရားရှင်၏ တရားတော်ကား လောကီ လောကုတ္တရာလိုရာဆန္ဒပြည့်ဝ စေနိုင်ရုံမျှမက လူမျိုးမရွေး, ဘာသာဝါဒမရွေး လူတိုင်းလူတိုင်း (ဗုဒ္ဓဘာ သာဝင်မဟုတ်စေကာမူ)နားမလည်စရာမရှိပွင့်လင်းလှပေ၏။မလုပ်တတ်စရာ မရှိ လွယ်ကူလှပေ၏။ လူမျိုးတိုင်းနှင့် သင့်တော်သော ကြီးပွားရေး နည်း ပညာကြီးပါပေ။

လူသားတို့ ကြီးပွားချမ်းသာရေးအတွက် သည့်ထက် လွယ်ကူသော၊ အကြွင်းမဲ့ ပြည့်စုံသော၊ မည်သည့် အကြောင်းကြောင့်မျှလည်း မပျက်စီး မယုတ်လျော့နိုင်တော့ဘဲ ခိုင်မြဲသော 'ကြီးပွား ချမ်းသာရေး နည်းပညာ' သည် ဗုဒ္ဓဝါဒ ဘုရားရှင့် သာသနာတော်ကလွဲ၍ အဘယ်တိုင်းပြည်၊ အဘယ် လူမျိုး၊ အဘယ်ပညာရှိတို့ ထံတွင်မျှ မရရှိနိုင်ပါချေ။

ထိုအတုမဲ့ နည်းပညာ အမွေကောင်းကြီးကို ဘိုးစဉ် ဘောင်ဆက်က စ၍ တပိုက်ပွေ့ပွေ့ ထိန်းသိမ်း သည်ဆောင် လာကြရသော ကျွန်ုပ်တို့သည် သာလျှင် အခြေခံခိုင်ခိုင်မာမာ နည်းစနစ်ကျနစွာဖြင့် အဟုတ်တကယ် ကျင့်သုံးနိုင်ကြပါမူ (ထိုဟာလည်း 'ပြင်ထိုင်ရုံ'မျှသာ လိုတော့သည်။) မြန်မာ သည် တကမ္ဘာလုံးက မော့ကြည့်ရသော နေရာ၌ မလွဲမသွေ ရောက်ရှိသွား ပေလိမ့်မည်။

ရိုးမကြီး သုံးသွယ်၌ တန်ဘိုး မသိသူတို့အတွက် ငုပ်ကွယ် နေသော သယံဇာတများကဲ့သို့ ကမ္ဘာ၌မရှိသော အတုမဲ့ ရတနာ၊ ငုပ်ကွယ်နေသော အင်အားများစွာတို့သည် ကျွန်ုပ်တို့လက်ဝယ်အပြည့်အစုံရှိနေခဲ့ကြပြီ မဟုတ် လော။ 'အင်အားပြဘို့အချိန်' တော်လေပြီ။ 'လမ်းခင်းသော ကျောက်ခဲ' ပင်ဖြစ်စေကာမူ တန်ဘိုးသိသူတို့အတွက် ရတနာဖြစ်၏။

## အလျဉ်ရှိက တိုးပွားလွယ်သော ရတနာ

အဆောက်အဦတခု တည်ဆောက်သောအခါ အဆောက် အဦ ကြီးကျယ် မြင့်မားသလောက် အခြေခံ ထုထည် (ဖောင်ဒေးရှင်း)တောင့်တင်း ခိုင်မာ ရန် လိုအပ်၏။ အပြောက်အမွမ်း ချူးပန်း ချူးနွယ် ခြယ်လှယ်သမှု (အလှ အပ)သည် ပဓာနမဟုတ်။ ထို့အတူ အတုမဲ့ ကြီးကျယ် မြင့်မြတ်သော ရတနာသုံးပါး အင်အားများကို ကျင့်ပွားထူထောင်ရာ၌ အခြေခံသရဏဂုံ၊ ငါးပါးသီလနှင့် ဘုရားရှိခိုး၊မေတ္တာပို့၊ အမျှဝေမှုများ စနစ်တကျ ရှိရန် အလွန် အရေးကြီးလှသည်။

ထိုအခြေခံများကို သရဏဂုံ၊ ငါးပါးသီလကအစ အတွန့် အတက် မပါ၊ အကျအပြောက်မရှိ 'အရိုးခံကြီးအတိုင်း' တိတိကျကျ ခိုင်ခိုင်မာမာနှင့် စနစ်တကျ စွဲစွဲမြဲမြဲ ကျင့်သုံးနိုင်ပါမူ ခက်ခဲသောကျင့်ဝတ်ဟူ၍ မရှိတော့ပြီ။ ကျင့်ဝတ်တခုကို တိတိ ကျကျ နိုင်နင်းလာပါလျှင် ကျန်ရှိသမျှ ကျင့်ဆောင်

ဘွယ်များအားလုံးကိုလည်း'တန္ခွယ်ငင် တစင်ပါ' အလွယ် တကူပင် ကျင့်ပွား လာ နိုင်တော့သည်။

ထိုအခါ မည်သည့် ခေတ်မှီ စက်ကိရိယာနှင့်မျှ တိုင်းတာ၍ မရစေ ကာမူ အမှန်တကယ် တိုးတက်နေပြီဖြစ်ကြောင်း ကိုယ်တိုင်ကိုယ်ပိုင် အကြွင်း မဲ့ ယုံကြည်နိုင်သော သာဓကများ တခုပြီး တခု တွေ့မြင်လာရတတ်ပေသည်။

၁။ ဖြူစင်မြင့်မြတ်မှု၊
၂။ ကိုယ်ကျိုး စွန့်လွှတ်နိုင်မှု၊
၃။ တိကျပြတ်သားမှု၊
၄။ အခြေခံနှင့် ပန်းတိုင် မှန်ကန်မှုရှိလျှင် ရှိသလောက် 'ကိုယ်ပိုင် အင်အား'များ တနေ့တခြား တိုးတက်လာပေတော့သည်။

ကိုယ်ပိုင်အင်အား (ကိုယ်ပိုင်အရင်းအနှီးများ)အထိုက် အလျောက် စုမိဆောင်းမိ ရှိလာပါလျှင်လည်း လောကီဥစ္စာ ရတနာတို့ထက်ပင် အတိုင်း မသိ တိုးပွားလွယ်တတ်ပြန်လေသည်။

'ကိုယ်ပိုင်အင်အား'များ တနေ့တခြား တိုးပွားလာသည်နှင့် အမျှ လောကီဥစ္စာ ရတနာတို့နှင့် မနှိုင်းယှဉ်သာအောင်ပင် အနန္တလောကခေတ်ရှိ မြင့်မြတ်သော အတုမဲ့အင်အားကြီးများနှင့် ဆက်သွယ် ထိတွေ့နိုင်ကာ 'ဗောဓိခေတ်၊ သန္တိခေတ်'များကို သုံးစွဲလာနိုင်ပေသည်။

## ပန်းတိုင်မပျောက် ရှယ်တိုင်းပေါက်

ဤနေရာ၌ အထူးသတိပြုရန်မှာ လက်ထဲတွင် ရွှေငွေကလေး အတော်အတန် စုမိ ဆောင်းမိ ရှိလာလောအခါ'ဈေးရောင်းချင်သလိုလို၊ ကား ထောင်ချင် သလိုလို' ဂြိုဟ်မွှေလာတတ်သကဲ့သို့'ဆရာကြီးတဆူ'လုပ်ကာ အင်အားများ ကို ဖြုန်းတီးမပစ်ရန် အထူး သတိပြုသင့်လေသည်။

ရတနာသုံးပါး အင်အားတို့သည် အလွန်လျှင် အဆင့် အတန်း မြင့် မြတ်သော အင်အားများ ဖြစ်ကြကုန်၏။ ပညာရေး,စီးပွားရေး, ကျန်းမာ ရေး, လူမှုရေး, နိုင်ငံရေးစသည့် မည်သည့် အရေးကိစ္စ၌မဆို (ရှိရိုးယာဉ်, လက်နက် စက်ကိရိယာများတွင် ဖနံမြူထိပ်ဖူးတပ်လျှင် အဆပေါင်းသိန်း သန်း လျှင်မြန် ထက်မြက်သွားသကဲ့သို့) အရေးကိစ္စ မှန်သမျှတွင် ရတနာ

သုံးပါးအင်အားများကို အညွှာသိ၍ အသုံးပြုတတ်ပါလျှင် အလွန်ဟာရာ တိုးတက်အောင်မြင်ကြောင်း (အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၊ မစိုးရိမ်ကျောင်းဒါယကာကြီးစသူတို့ကဲ့သို့)ကိုယ်တိုင် သိမြင်နိုင်ကြပေသည်။

သို့ရာတွင် အထူးဆုတောင်းရန် မလို၊ ရှောင်မရ တိမ်းမရအောင် ဝင်လာတတ်သော ထိုလောကီရေးတိုးတက်မှုမျှလောက်ကိုသာ နှစ်သိမ့်မနေကြမူ၍၊ ထိုမျှလောက်ကိုပင်လည်း ပန်းတိုင်မထားကြဘဲ နိဗ္ဗာန်လမ်းဆုံးအထိ ဦးတိုက်ထားရန်ကိုမူ သတိမလစ်သင့်ကြပေ။

အဘယ့်ကြောင့်ဆိုသော် နိဗ္ဗာန်၏အငြိမ်းဓာတ်၊ အငြိမ်ဓာတ်'သန္တိ အင်အားကြီး'သည် အဆိုပါလောကီ လောကုတ္တရာ တိုးတက် အောင်မြင်မှုများအားလုံးကို အကြွင်းမဲ့အတုမရှိ သိဒ္ဓိပေးနိုင်သောကြောင့်ဖြစ်သည်။

## ကလေးများအတွက် ကူညီပါ

ကျွန်ုပ်တို့သည် ဤစာအုပ်ကို မူလ ရေးသားစဉ်က စာဖတ်တတ်ခါစကလေးသူငယ်များဖတ်ရန် ရတနာသုံးပါးကျေးဇူး' ဝတ္ထု ဇာတ်လမ်း' တအုပ်၊ 'သဘောတရားပိုင်း' တအုပ်ဟု လျာထားခဲ့သော်လည်း အကြောင်းအားလျော်စွာ တပေါင်းတည်း ထုတ်ဝေရပါသဖြင့် ကလေးများနှင့် အလှမ်းကွာသွားမည်ကိုလည်း စိုးရိမ်မိပါသည်။

ထို့ကြောင့် သားငယ် သမီးငယ်များ လက်သို့ ရောက်အောင်လည်း စာဖတ်သူ မိဘများအား တဆင့်တိုက်တွန်းရပါတော့သည်။

ထိုမှတပါး မလိုလားအပ်သော ကူးစက်မှုများ အရှင်း၊ ဖော်ပြထားသောဝတ္ထုဇာတ်လမ်းများကို သာမန်ကြည့်ရှု၍ရင်း "မည်သည့်ဂါထာက မည်သည့်အတွက် ကောင်းသည်။ အခေါက်ရေ မည်မျှရလျှင် မည်သို့ထူးခြားသည်" စသည်ဖြင့် အတုမရှိသော 'ရတနာသုံးပါး ကျေးဇူး ကို' 'ဘောင်ခတ်'သည့် အတွေးအခေါ် အယူအဆများမှလည်း ကင်းဝေးကြပါစေရန် ကလေးသူငယ်များအား သဘော တရားပိုင်းကို (ညဏ်မှီလျှင်)ဖတ်စေ၍ (ညဏ်မမှီလျှင်) ဆင့်ပွားသွန်သင်၍ ပေးကြပါရန် ကိုလည်း တောင်းပန်လိုပါသည်။

ဤစာအုပ်ဖြစ်မြောက်စေရန် အကြံဉာဏ်ပေးခြင်း, စသည်ဖြင့် ကူညီကြသော အယ်ဒီတာ ဦးမျိုးမြင့်၊ အယ်ဒီတာ ဦးလေးပိုင်၊ ဦးမြင့်အုန်း၊ ဦးစိန်လှအောင်နှင့် ဦးဉာဏ်ဝင်း ပါဠိပါရဂူ (လုပ်သား ပြည်သူ့ နေ့စဉ်) တို့အား အထူးကျေးဇူးတင်ပါသည်။

အသိမှန်ရ၍ ချမ်းသာကြပါစေ။

- သူတော်ကောင်းခေတ်၊
  တရားပြတ်
  လွှမ်းပတ်ကမ္ဘာတည်ရမည်။

ဌေးလှိုင်

၁၃၃၈–ခုနှစ်၊ဝါဆိုလဆန်း၈–ရက်

(၃၀-၆-၁၉၇၆)

## လူငတ်လူမွဲတို့အား ချီးမြှောက်ခြင်း

အို--အသိဗန္ဓက ရှာသူကြီး....

ဆင်းရဲ ငတ်မွတ်သော ဤနာလန္ဒာရွာသို့ တပည့်သားသံဃာများနှင့်တကွ ငါဘုရားကြွရောက်အလှူခံခြင်းသည် သင်ပြောသကဲ့သို့ ဒကာ, ဒကာမတို့အား သနားမညှာ ညှဉ်းပန်း နှိပ်စက်ရာမကျ။

၉၁- ကမ္ဘာ ကာလမှ ဤယနေ့ ကျအောင်ပင် အလှူခံ၍ နှိပ်စက်ရာ ရောက်သည်ကို မတွေ့ရစဘူးချေ။

အို--အသိဗန္ဓက ရှာသူကြီး....

လောက၌ စည်းစိမ်ဥစ္စာ များစွာ ကြွယ်ဝ ချမ်းသာကြကုန်သော အမျိုးသားမှန်သမျှတို့သည်—

ဒါနကြောင့် ကြီးပွားလာကြရကုန်၏။

မှသားရှောင်ကြဉ်၍ ဖြူစင်ဖြောင့်မှန်ခြင်း (သစ္စာ) ကြောင့် ကြီးပွားလာကြရကုန်၏။

ထိုမှတပါးသော ကိုယ်ကျင့်သီလကြောင့် ကြီးပွား လာကြရကုန်၏

(ဒုဗ္ဘိက္ခန္တရာယ် ဆိုက်ကာ ငတ်မွတ် သေကြေ၍ ခွဲတမ်းချ စားနေရသောရွာသို့ ဘုရားကြွလာ၍ စကားစစ်ထိုးသော ရှာသူကြီးအား ဟောကြားသည်။)

(သဠာယတနသံယုတ်-ကုလသုတ်)



နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

အခန်း( ၁ )

# ကိုယ်တွေ့ဝတ္ထုများ

သရဏဂုံမယ် လုံမငယ်

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ....။
တတိယမ္ပိ....။"

၁၂၉၆–ခုနှစ်၊ တော်သလင်း လပြည့်နေ့။ ည ၉–နာရီခန့်။

ရမ်းဗြဲကျွန်း ကျောက်ချောင်းကုန်းဘောင်ရွာ ဖစိန်ညွန့်ကလေးတို့အိမ်မှ ဘုရားဝတ်တက်သံများ ကြားကြရ၏။ ၁၀–နှစ်၁၁–နှစ်ရှိ ကလေးမလေး–လေးငါးယောက်နှင့် အသက်၆၀–ကျော် သီလရှင်ကြီးတို့ ဘုရားဝတ်တက် နေခြင်းဖြစ်သည်။

"ကဲ–'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'ဆိုတာ 'ငါဗုဒ္ဓဘာသာဝင် ဖြစ်ပြီ' လို့ဆိုတာဘဲမဟုတ်လား"

"ဟုတ်ပါတယ် ဖွားဖွား"

သီလရှင်ဆရာကြီး ဒေါ်မာလာသည် ရွာသို့ရောက်လာတိုင်း မြေးမ ငယ်များအား ဗုဒ္ဓဘာသာအခြေခံ စာများကို သင်ပြပေးလေ့ရှိ၏။ မြေးများ နှင့်အတူ ညစဉ် ဘုရားဝတ်တက်ပြီးတိုင်း ဝတ်တက်ဝတ်ကပ်စာများကို နှုတ် တိုက်ချပေးသည်။ ဘာသာရေးပုံဝတ္ထုများကိုလည်း တညတမျိုး မရိုးအောင် ပြောပြနိုင်၏။

ရေနံဆီမီးခွက်ကြီး၏ လှုပ်ရှားနေသော အလင်းရောင် အောက်တွင် မစိန်ညွန့်ကလေးတို့တတွေ မေးလာဖြေကာဖြင့် ဝမ်းသာအားရ ရှိနေကြ သည်။

"မနေ့ညက ဖွားဖွားပြောခဲ့တဲ့ဝတ္ထုကို ညည်းတို့ ဘယ်သူ ပြန်ပြော နိုင်မလဲ"

"ဖွားဖွား ကျမပြန်ပြောနိုင်ပါတယ်"ဟု မစိန်ညွန့်ကလေးက သွက် သွက်လက်လက် ချက်ခြင်းပြန်ဖြေ၏။ ဆရာကြီးက အားလုံး စိတ်ပါဝင်စား ပြီး နားထောင်ကြရန် တိုက်တွန်းသည်။ ဆံရစ်ဝိုင်းကလေးနှင့် မစိန်ညွန့် ကလေးမှာ ရောင်ပေစူးကလေးကို ပြန်ထုံးပြီးနောက် အောက်ပါအတိုင်း ဟန်နှင့်ပန်နှင့် ပြောပြနေ၏။

## သားကလေး မောင်သရဏဂုံ

"ဘုရားရှိတုန်းက သာဝတ္ထိမြို့မှာ မောင်နှမနှစ်ယောက်ရှိကြသတဲ့။ မိဘတွေ သေသွားတော့ အကိုကဘဲ နှမလေးကို စောင့်ရှောက်နေရတယ်။ မောင်နှမ နှစ်ယောက်လဲ အသက်အရွယ် ကြီးပြင်းလာလို့ အိမ်ထောင်ရက်သားကျ တော့ တမြို့တရွာစီ ကွဲသွားကြသတဲ့။

"တနေ့တော့ နှမမှာ ကိုယ်ဝန်ရလာသတဲ့။ အဲဒီအခါမှာ အကိုကိုတွေ့ ချင်ရှာလွန်းလို့ သူ့ယောကျ်ားကို ပူဆာတယ်။ အကို့ရွာကိုလိုက်ပို့ပေးပါ လို့။ သူ့ယောကျ်ားကလဲ မယားအလိုကိုလိုက်ပြီး အကို့ရွာသွားဘို့ လက် ဆောင်ပစ္စည်းများနဲ့ အိမ်က ထွက်လာခဲ့ကြတယ်။

"အဲဒီအချိန်မှာမြတ်စွာဘုရားရှင်ဟာ နောက်ပါသံဃာများနှင့်မြို့ထဲ ကိုဆွမ်းခံကြွလာသတဲ့။ လင်မယားနှစ်ယောက်စလုံး အလွန်သပ္ပာယ်လှတဲ့ မြတ်စွာဘုရားကို လမ်းမှာဖူးတွေ့ရတော့ ထိုင်ပြီး ရှိခိုးဖူးမျှော်နေကြသတဲ့။ မြတ်စွာဘုရားက သရဏဂုံသုံးပါးနဲ့ ငါးသီလကိုလဲ ဆောက်တည်ခိုင်းတယ်။

"နောက်ပြီး မြတ်စွာဘုရားက မှာကြားလိုက်တယ်။ချစ်သား ချစ်သမီးတို့၊မီးဘေး ရေဘေး၊သားရဲတိရစ္ဆာန်ဘေးကမှအစ ဘယ်လိုဘေးရန်၊ဘယ်လိုရောဂါအန္တရာယ်ဘဲ ကြုံတွေ့ ကြုံတွေ့ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ဆိုပြီး ငါဘုရားကိုသာ အောက်မေ့လိုက်လို့လဲ သတိပေး ဟောပြလိုက်သတဲ့။

"ဒါနဲ့လင်မယားနှစ်ယောက်ဟာ ချမ်းချမ်းသာသာနဲ့ အကို့ရွာကို ရောက်ကြပါရောတဲ့"

မစိန်ညွန့်ကလေးက မထစ်မငေါ့စီကာပတ်ကုံးပြောနေသည်ကိုသီလရှင်ဆရာကြီးနှင့် သူငယ်ချင်းမများအားလုံးက စိတ်ပါဝင်စားပြီး နားထောင်နေကြသည်။ သီလရှင်ဆရာကြီး၏ မျက်နှာ၌ ပီတိရောင်များ လွှမ်းနေ၏။ မစိန်ညွန့်ကလေးကား ချုံ့ခြင်းချဲ့ခြင်းမရှိ၊ သူသိသည့်အတိုင်းသာ ဆက်၍ ပြောပြန်သည်။

"အကို့အိမ်ရောက်ပြီး နှစ်ရက်သုံးရက်ကြာတော့ ယောကျ်ားက ကိစ္စရှိတာနဲ့ ပြန်သွားရတယ်။ အကိုလင်မယားကလဲ ခွဲခွာနေခဲ့ရတဲ့နှမကို လိုလေသေးမရှိ ပြုစုကြသတဲ့။ ဒါနဲ့ ကံဆိုးချင်တော့ မကြာခင်ဘဲ အကို့မယားက သူ့ယောက်မရဲ့ လက်ဝတ် လက်စားကို လိုချင်လို့ အကောက်ကြံတယ်။ ယောကျ်ားကိုလဲ ဖွင့်ပြီး အပြောခက်တာနဲ့ နေမကောင်းချင်ဟန်ဆောင်ပြီး အိပ်ရာထဲမှာဘဲ ပေအိပ်နေတော့သတဲ့။

"နောက်ဆုံးတော့ ယောကျ်ားက မရမကမေးတာနဲ့ တိုက်ရိုက်ပြောရမှာ ခက်နေတော့ ပရိယာယ်နဲ့ ယောက်မရဲ့အသားကို စားလိုတဲ့ ချင်ခြင်းဖြစ်တယ်လို့ ပြောသတဲ့။ဒါနဲ့ ယောကျ်ားက မသင့်တော်တဲ့ အကြောင်းအတန်တန် ပြောဆို ဖျောင်းဖျပေမယ့် မရဘူး။ ယောက်မရဲ့ အသားကိုမှ မစားရရင်ဖြင့် သေရပါလိမ့်မယ်လို့ ပြောသတဲ့။

"ဒါနဲ့ မိန်းမစကား မလွန်ဆန်နိုင်တော့ဘဲ 'နှမလေးရေ၊ ဒို့မိဘများထားခဲ့တဲ့ ကြွေးတွေ ရစရာရှိတယ်။ ဟိုဘက်ရွာကို ဒို့မောင်နှမနှစ်ယောက်သွားတောင်းချေရအောင်' လို့ လိမ်ပြောပြီး လှည်းနှင့်ခေါ်သွားသတဲ့။

"တောအုပ်ထဲလဲရောက်ရော လှည်းကိုလူမမြင်သာအောင် လမ်းဖဲ့ရပ်ထားပြီးတော့ သူ့နှမကို ဆံပင်ဆွဲပြီး လှည်းပေါ်က ဆောင့်ဆွဲချလိုက်သတဲ့။ အဲဒီတော့မှ သတ်ဖို့ခေါ်လာမှန်းသိပြီး အမျိုးမျိုး ရှိခိုးတောင်းပန်ရှာပေမယ့် မရဘူး။ ဆံပင်ကိုဆွဲပြီး မြေကြီးပေါ်မှာ ပစ်လှဲလိုက်သတဲ့။

"အဲဒီအချိန်မှာမှ ဗိုက်ထဲကကိုယ်ဝန်ကလဲဖွားချင်လာသတဲ့။မနေနိုင်မထိုင်နိုင်အောင် မီးဖွားချင်လို့ဗိုက်နာလာတော့ ရှက်တာနဲ့ 'အကိုရယ် ချုံ

ကွယ်မှာခဏဖယ်ပေးပါအုံး’လို့ တောင်းပန်ရှာတယ်။ မရတဲ့အဆုံး အကို့ရှေ့မှာဘဲ သားဦးကလေးကို ဖွားရရှာသတဲ့။အကိုကလဲ ရက်စက်လိုက်တာ။ မီးဖွားလဲပြီးရော တခါထဲဆံပင်ကိုကိုင်ပြီး အနားမှာရှိတဲ့ ညောင်ပင်ရင်းဆီကို ဒရွတ်ဆွဲသွားပြန်တယ်၊ အသေသတ်ဖို့လုပ်တာပေါ့။

“အကိုရယ် အကို့တူကလေးမျက်နှာကို ထောက်ပါအုံး။ လူ့ဘဝရောက်ခါရှိပါသေးတယ်ဆိုပြီး ဖြူဖြူထွားထွားသားကလေးမျက်နှာကိုကြည့်လိုက်၊ သရဲသဘက် စီးနေသလို ရက်စက်ကြမ်းတမ်းတဲ့ အကို့ မျက်နှာကိုကြည့်လိုက်နဲ့ မျက်ရည်တွေ ပေါက်ပေါက်ကျလာပြီး အားကိုးစရာ မရှိရှာဘူးတဲ့။

“အကိုရယ် အကိုတခု နှမတခု၊ဘယ်သူ့ကို အားကိုးရမှာတုံး၊ အမေသေခါနီးက‘ငါ့သားကြီးက မင်းနှမလေးကို မိဘသဖွယ် စောင့်ရှောက်ရစ်နော်’လို့ မှာခဲ့တာတွေအကိုမေ့ပြီလားလို့ ပြောပြောပြီး ငိုနေရှာသတဲ့။ငိုတာတောင်မှ လူ့ကြားအောင်တိုးတိုးဘဲ ငိုရရှာတယ်။ ဘာလို့လဲဆိုတော့ သူငိုတာပြောတာ သူများတွေကြားသွားရင် သူ့အကိုကို ဒုက္ခပေးချေရဲ့ဆိုပြီး ဒီလောက်ဆိုးတဲ့ အကို့အပေါ်ကိုတောင် မေတ္တာမပျက်ရှာဘူး။

“နေကလဲဝင်လုပြီ။ အကိုကလဲ ဘယ်လိုတောင်းပန်လို့မှ ချမ်းသာမပေးမယ့်အတူတူ ဘာမှမပြောတော့၊မငိုတော့ဘဲနဲ့....‘ချစ်သမီး၊ ဘေးရန်အန္တရာယ်တစုံတခုတွေ့ရင်‘ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ’ဆိုပြီး ငါဘုရားကိုအောက်မေ့လိုက်’လို့ မှာကြားတာ သတိရ အောက်မေ့ပြီး သားကလေးကိုနို့တိုက်ရင်း ညောင်ပင်ခြေရင်းမှာ ခေါင်းဆိုက်မှေးပြီး ငြိမ်ငြိမ်ကလေးဘဲနေလိုက်ရရှာသတဲ့။ အကိုလုပ်သူကတော့ တခါထဲ သေသွားအောင် ဘယ်လိုရိုက်သတ်ရမတုံးလို့ စဉ်းစားနေတုန်း ဗြုန်းဆို ကံကောင်းချင်တော့ သူ့ယောက်ဖက ဓားကြီးနဲ့ ပြေးလာတာလဲတွေ့ရော အကိုလဲ တခါထဲ ထွက်ပြေးရတော့တာဘဲတဲ့”

မစိန်ညွန့်ကလေး ဤမျှလောက် စီကာပတ်ကုံး ပြန်ပြောပြနိုင်သည်ကို ကြားရသောအခါ အဖွားလုပ်သူ ဒေါ်မာလာမှာ ဝမ်းသာမဆုံး တပြုံးပြုံး ဖြစ်နေ၏။ “ကဲ....၊ ဆက်ပြောပါအုံး ငါ့မြေးရယ်” ဟုလည်း အားပေးရှာ၏။

စောစောက မျက်နှာငယ်ကလေးများဖြင့် နားထောင် နေကြရှာသော သူငယ်ချင်းပကလေးများမှာလည်း ယခုမှပင် ပြုံးရွှင်တက်ကြွလာကြ၏။မီးခိုးတအူအူဖြင့် မိုန်ချေတခါ သာချေတလှည့် ပျင်းပျင်းရိရိ တောက်

နေသော ရေနံဆီ မီးခွက်ကြီးမှာလည်း ယခုမှပင် အားတက်လာဟန်ရှိသည်။ မျက်တောင်မျှ မခတ်။ တဖျစ်ဖျစ် ညည်းတွားသော အသံလည်း ရပ်တန့်သွားတော့၏။

မစိန်ညွန့်ကလေးကား ပုံဝတ္ထုကို ဆက်ပြန်သည်။

"ဒါနဲ့ သူ့ယောကျ်ားကလဲ မယားနဲ့သားကို လှည်းပေါ်တင်ပြီး သာဝတ္ထိမြို့ဆီ တဖြည်းဖြည်းမောင်းလာခဲ့သတဲ့။ သာဝတ္ထိမြို့စွန်ရောက်တော့ လမ်းဘေးဇရပ်တခုမှာ လှည်းဖြုတ်ပြီး စတဲချ နားနေကြတယ်။ သားအမိလဲ ဇရပ်ကိုရောက်လို့ စားသောက်လဲပြီးရော ကိုယ်ပန်း စိတ်ပန်းနဲ့ တမှေ့တမြော အိပ်ပျော်သွားပါရောတဲ့။

"မိုးလင်းခါနီး အိပ်ရာကနိုးလို့ ကြည့်လိုက်တော့ ဇရပ်ပေါ်မှာ သူ့ယောကျ်ားရော၊ လှည်းရော ပျောက်နေလို့ ရင်ထဲမှာဟာသွားရှာတယ်။ ဘယ်ဆီ လှမ်းကြည့်လို့မှ အစအန မတွေ့ရဘူးတဲ့။ ဒါနဲ့စိတ်အားတင်းပြီး မိုးစင်စင်လင်းအောင် ဇရပ်ပေါ်မှာဘဲ သားအမိနှစ်ယောက်သဲ မျက်စိသူငယ် နေရရှာတယ်။

"မိုးလင်းပြီး မကြာခင်ဘဲ ဇရပ်ဆီကို လူတယောက်လာတာ တွေ့ရတယ်။ အဲဒီလူကလဲ ခရီးသွားရင်း ဇရပ်ပေါ်လှမ်းကြည့်ပြီး ငါ့မိန်းမနှင့်တူလိုက်တာဆိုပြီး ဇရပ်ပေါ် တက်လာတယ်။ မိန်းမကသဲ ခပ်လှမ်းလှမ်းကတဲက ငါ့ယောကျ်ားနဲ့ တူပါတယ်။ ဘယ်လိုပါလိမ့်မလဲလို့ စဉ်းစားနေတုန်း–

"ကြည့်စမ်း၊ မင်း ဘယ်တုန်းက လာတာတုံး။ ဘယ်သူနဲ့ လာဘာတုံး"လို့ အံ့အားကြီးသင့်ပြီး မေးလိုက်တော့ မိန်းမက ပိုပြီးအံ့သြသွားတယ်။ ဒါနဲ့–

"မောင်ဘဲ မနေ့က လှည်းနဲ့လာခေါ်တာဘဲ။ ညက ခဏအိပ်ပျော်သွားတုန်း လှည်းနဲ့မောင် ဘယ်ထွက်သွားတာလဲ"လို့ ဆိုတော့–

"အို....၊မင်းဘာတွေပြောနေတာလဲ။ မင်းအကို့ရွာကို ငါလိုက်ပို့တာ လေးလရှိပြီ။ အဲဒီအတွင်း ဘယ်မှာတွေ့ကြရလို့လဲ။ လှည်းနဲ့ ငါလာခေါ်တယ်ဆိုတာ မဖြစ်နိုင်တာကွယ်။ မင်းဘယ်လိုများ ဖြစ်နေတာလဲ လို့ ယောကျ်ားက ပြန်ပြောသတဲ့။

"ဒီတော့။ဒီအကြောင်းကို ဘယ်သူ့မှပြန်မပြောပါနဲ့ဆိုပြီး အကိုရဲ့ အကြံပက်စက်ပုံကအစ ဇရပ်ကို ရောက်လာရတဲ့အထိ ပြန်ပြောပြသတဲ့။

ယောကျ်ားလုပ်သူလဲ အလွန်အံ့အားသင့်ပြီး ဇရပ်သို့ ရောက်လာရပုံကို မစဉ်းစားတတ်အောင် ဖြစ်နေတယ်။

"အမှန်ကတော့ညောင်ပင်ခြေရင်းမှာ သေရမယ့်အတူတူ'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'ဆိုပြီး ဘုရားကိုအောက်မေ့ရင်း ရန်သူ အကို့အပေါ်မှာ မေတ္တာ မပျက်ထားလို့ ညောင်ပင်စောင့်နတ်က ကယ်လိုက်တာဘဲ။ ဒါကို သူတို့ မသိတော့ စဉ်းစားလို့မရဘူးပေါ့။ ဒီလို သူတော်ကောင်း ဒုက္ခရောက်တာ ကို ကိုယ့်ပိုင်နက်အတွင်း မြင်တွေ့နေရ ရက်သားနဲ့ မကယ်ဆယ်ဘူး ဆိုရင် ညောင်ပင်စောင့် နတ်မင်းလဲ နတ်စစ်သူကြီးများရဲ့ ဒဏ်တပ်ခံရပြီး နတ် သဘင် အစည်းအဝေးမှာ ဝင်ခွင့်မရနိုင်ဘူးတဲ့။ဒါကြောင့် သူ့ယောကျ်ား ယောင်ဆောင်ပြီး ကယ်လိုက်ရသတဲ့။

"ဒီလိုနဲ့ လင်မယားနှစ်ယောက်လဲ ဘုမသိ ဘမသိနဲ့ အိမ်ကို ပြန် သွားကြရတယ်။ အိမ်ရောက်လို့ နှစ်ရက် သုံးရက်ရှိတော့ '**ရတနာသုံးပါး ကျေးဇူး**'ကြောင့်ဘဲ ယခုလို ချမ်းသာရ ရပေတယ်လို့ မြတ်စွာဘုရားကို အိမ်မှာပင့်ပြီး အလှူအတန်း ပေးကြသတဲ့။

"မြတ်စွာဘုရားရှေ့မှာ သားကလေးကိုလဲ အမေက လက်အုပ်ချီ ရှိခိုးပေးပြီး နာမည်ကိုလဲ 'သရဏ'လို့ မှည့်ကြသတဲ့။ မြတ်စွာဘုရား တရား တော်ကို နာကြရလို့ လင်ရော မယားရော သောတာပန် ဖြစ်သွားကြ တယ်။သားကလေးမောင်သရဏလဲ အသက်နှစ်ဆယ်ပြည့်တဲ့အခါ သာသနာ့ ဘောင်မှာ ဘုန်းကြီးဝတ်သွားတယ်။'သရဏမထေရ်'လို့ဘဲတွင်ပြီး မကြာခင် တရားအားထုတ်လိုက်တာ ရဟန္တာ ဖြစ်သွားပါရောတဲ့။

"ဪ....နောက်ပြီး ကျန်သေးတယ်။ ဒီပုံဝတ္ထု ဇာတ်လမ်းကိုလဲ အဲဒီသရဏ မထေရ်က ရဟန္တာဖြစ်တော်မူပြီးတော့ သူ့ဘဝ အကြောင်းကို ယခုလိုပြန်ပြီး ဟောထားခဲ့ပါသတဲ့"

မစိန်ညွန့်ကလေး ပြောပြီးသည်နှင့် သီလရှင်ဆရာ ဖွားဖွားကြီးက လည်း "သာဓုအေ—သာဓု၊ ငါ့မြေးက မှတ်မိသားဘဲ"ဟု ကောင်းချီး ပေးလေ၏။

"ကဲ...ကဲ၊ငါ့မြေးတွေ လိမ်မာလိုက်ကြဘာ။ ဒီကနေ့ တော်ကြစို့။ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'ဆိုပြီး အိပ်ကြစို့ရဲ့"

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ….။
တတိယမ္ပိ….။”

## ပင်လယ်တွင်းမှ သရဏဂုံရှင်

သီလရှင်ဆရာကြီး ဒေါ်မာလာ၊ သမီးများ၊ မြေးများ ရွာမှ ပြန်သွားပြီး နောက်တရက်အကြာ တော်သလင်း လပြည့်ကျော် ၂-ရက်နေ့ ဖြစ်၏။

မစိန်ညွန့်ကလေးသည် အသက် ၁၁-နှစ်မျှသာ ရှိသေးသော်လည်း အကြီးဆုံး သမီးဖြစ်၍ မိခင်၏ အဖော်ရသူ ဖြစ်သည်။ အိမ်မှုကိစ္စ ဝိုင်းဝန်း လုပ်ဖော်ရ၏။ အိမ်မှာ လူကြီးတယောက်လောက် အားကိုးရသော သမီး ဖြစ်သည်။ ယခုအခါ ပင်လယ်ပြင်ကို ဖြတ်ကာ မာန်အောင်ကျွန်းသို့ အဖော် များနှင့်အတူ လိုက်ပါလျက် လူကြီးတယောက်ပမာ ဈေးဝယ်ရန်ပင် ထွက် လာခဲ့၏။

အောင်လှပြင် ကူးတို့ဆိပ်မှ မာန်အောင်အထိ မိုင် ၃၀-ဝေးကွာ၍ ကူးတို့ဆိပ်နှင့် ကျောက်ချောင်းကုန်းဘောင် ရွာလေးသည် ၃-မိုင်မျှဝေး သေး၏။ အောင်လှပြင် ကူးတို့ဆိပ်သည် ရမ်းဗြဲကျွန်း၌ ရှိသည်။

“ကဲ-ကလေးမတို့၊ လေမိုးသာတုန်း သွားကြရအောင်”

အလာတုန်းက ကူးတို့သမားကြီး ဦးချက်စူက နှိုးဆော်နေ၏။ မာန်အောင်တွင် တညအိပ်နေ၍ ဈေးဝယ်ပြီးနောက် လှေဆိပ်သို့ ဆင်းလာ သော မစိန်ညွန့်ကလေးနှင့် သူနှင့်ရွယ်တူ အကြည်မေတို့ နှစ်ယောက်ကို မြင်၍ ဦးချက်စူက ပြောလိုက်ခြင်းဖြစ်၏။

မစိန်ညွန့်ကလေးတို့နှစ်ဦးမှာ ချိန်းထားသည့်အတိုင်း အတူလာသူ ဒေါ်ခိုင်ဖြူအား ကူးတို့ဆိပ်ဆင်းပြီး စောင့်ဆိုင်းနေကြခြင်းဖြစ်၏။ ခဏ အကြာ ဒေါ်ခိုင်ဖြူ ပေါက်လာသည်။

“ကဲ - ကိုချက်စူနဲ့ ကိုအေးမှိုင်းရေ၊ ကျုပ်မ ဈေးဝယ်စရာ မပြတ်သေး ဘူး၊ စောင့်မနေတော့နဲ့၊ နက်ဖြန်မှဘဲ ပြန်တော့မယ်” ကူးတို့သမားနှစ်ဦး ကို တောင်းပန် ပြောဆိုရင်း….

“ကဲ….သမီးတို့ကော ပြန်ချင်ပြီလား၊ နေခဲ့အုံးမလား” ဟု မေးရာ-

“အိမ်က မျှော်နေမယ် အဒေါ်ရေ့၊ ကျုပ်မတို့ ပြန်နှင့်မယ်” ဟု မစိန်ညွန့်ကလေးတို့ နှစ်ဦးက အဖြေပေးကြသည်။ သွားလာနေကျ ခရီးဖြစ် ၍လည်း မဆန်းကြတော့ပေ။

မိုးသားတိမ်လိပ် ကင်းစင်၍ ရာသီဥတုကောင်းမွန်နေ၏။ လှိုင်းလေတို့လည်း ငြိမ်သက်လှသည်။ ဘိန်းစားကူးတို့သမားကြီးများ ဖြစ်ကြသော ဦးအေးမှိုင်းနှင့် ဦးချက်စုတို့လည်း မိန်းကလေးနှစ်ယောက်နှင့်အတူ ဈေးတောင်းများ၊ ဒေါ်ခိုင်ဖြူ၏ ကုန်အချို့ကိုပါ တင်ဆောင်၍ ခရီးစတင်ထွက်လာခဲ့ကြသည်။

တဖြေးဖြေး လှော်ခတ်လာကြရာ သုံးမိုင်ခန့် အရောက်တွင် မမြော်လင့်ဘဲ ရာသီဥတုဖောက်ပြန်လာတော့၏။ နာရီဝက်ခန့်အတွင်း လေသည်ပြင်းသည်ထက် ပြင်းထန်လာ၏။ ကောင်းကင် တပြင်လုံး မိုးသား တိမ်လိပ်များ လွှမ်းဖုံးလာတော့သည်။ ပင်လယ်တပြင်လုံး လှိုင်းလုံးကြီးများ အိမ်ငယ်ဘမျှ လိမ့်၍လိမ့်၍ ကြွတက်လာကြ၏။ ကူးတို့သမားကြီးနှစ်ဦးမှာ ရေကြောနှင့် လေသဘောကို အကဲခတ်ရင်း နစ်မြုပ်မသွားအောင် မနည်းသတိထားနေကြရသည်။

“ဖိုးဖိုးတို့ရေ၊ ကျမတို့ကို မကယ်နိုင် ကြတော့ဘူးလား၊ ကျမတို့သေရပါတော့မယ်”

ကလေးမနှစ်ယောက်လုံး ငယ်သံပါအောင် အော်ပြောရင်း ငိုကြွေးကြကုန်၏။ လေပြင်းမုန်တိုင်းနှင့်အတူ မိုးသီးမိုးပေါက်များ သွန်ကျလာသည်။ ပင်လယ်တပြင်လုံး ပိန်းပိတ်မှောင်သွား၏။ ရေမကူးတတ်သော ကလေးမ နှစ်ယောက်လုံး လှေနံကို အားကုန် ကုန်း၍ ဖက်ရင်း ငိုနေကြသည်။

“မကြောက်ပါနဲ့ ကလေးတို့ရယ်၊ ဖိုးဖိုးတို့ ရှိပါတယ်။ တော်ကြာလှိုင်းတွေ ငြိမ်သွားမှာပါ”

ဘိန်းစားကြီးနှစ်ဦး၏ အားပေးသော အသံ၌ပင် စိုးရိမ်ကြောက်လန့်သံများ ဝင်နေ၏။ ဘိန်းကြုတ်ကလေးကို ဖွင့်ပြီး တယောက် ဘိန်းတလုံးစီမျိုချလိုက်ကြသည်။ သူတို့ မျက်နှာပျက်နေကြ၏။ ဇောချွေးပျံ၍ပင် နေကြသည်။

လှေမှာ မှောက်လု မှောက်လု ဖြစ်သွား၏။ ကလေးမများကိုပင် ဆက်ပြီး နှစ်သိမ့်စကား မပြောနိုင်ကြတော့ပြီ။ ကူးတို့သမားကြီးနှစ်ဦးလုံး ကြောက်ဒူးများ တဆတ်ဆတ် တုန်နေကြ၏။ ချွေးများပျံကာ အရှေ့အနောက် မခွဲနိုင်တော့ဘဲ လှေမြုပ်မသွားအောင် ကတုန်ကယင် ပဲ့ထိန်းနေကြရတော့သည်။ လေသည် ပို၍ပို၍ တိုးလာသည်။ မိုးသည် သာ၍သာ၍ ရွာသွန်းနေ၏။ လှေလည်း ပိုမို လူး၍ လူး၍ နေတော့၏။

ဘိန်းစားကြီး နှစ်ယောက်မှာ ဇလေး္ခမဆည်နိုင်တော့ဘဲ အဖေတ့၊ အမေတ့ကာ ကယောင်ကတမ်း ငိုကြွေးနေကြသည်ကို ကြားရသောအခါ မစိန်ညွန့်ကလေးသည် အံ့အားသင့်သွား၏။ လူကြီးနှစ်ယောက်အား အားကိုးရာဟု ထင်စား အားကိုး၍ မရနိုင်တော့ကြောင်း သဘောပေါက်သွားတော့သည်။

အဖွားသီလရှင်ကြီးထံ ၆–နှစ်သမီးရွယ်ကပင် သင်ယူခဲ့သော 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'နှင့် မကြာမီက သင်ကြားခဲ့ရသော ရတနာသုံးပါးကျေးဇူး ဂုဏ်ကိုသာ နောက်ဆုံး အားကိုးရာအဖြစ် သတိရလာ၏။

"ဘုရားကယ်တော်မူပါ။ တရားကယ်တော်မူပါ။ သံဃာ ကယ်တော်မူပါ။

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။<br>ဓမ္မံ သရဏံ ဂစ္ဆာမိ။<br>သံဃံ သရဏံ ဂစ္ဆာမိ။<br>ဒုတိယမ္ပိ........။<br>တတိယမ္ပိ........။"

## သရဏဂုံကျေးဇူး

မစိန်ညွန့်ကလေး သရဏဂုံသုံးပါးကို သတိရ၍ရွတ်ဆိုပြီး မကြာမီပင် တောင်လောက်ကြီးသော လှိုင်းလုံးကြီးအောက်တွင် လှေသည် နစ်မြုပ်သွားတော့၏။ မျက်စိကို စုံမှိတ်ပြီး ဘုရားအာရုံပြုကာ ရွတ်မြဲ ရွတ်နေသည်။ လှေနစ်သွားသည် မသွားသည်ကိုပင် သတိမထားမိတော့ချေ။ သူ့မျက်စိထဲတွင် ဘုရားရှင်ကိုသာ မြင်နေ၏။ ပါးစပ်ကလည်း တွင်တွင် ရွတ်နေတော့သည်။ မိုးမှောင်ကြီးကျနေ၍ တဦးနှင့်တဦးလည်း မမြင်ရတော့ချေ။

ရေလှိုင်းဒဏ်ကြောင့် ကိုင်ထားသော လှေနံရံ လွတ်ထွက်သွားပြီး ရေထဲတွင် အလိုက်သင့် ပေါလောမျောနေကြောင်း သတိပြုမိသောအခါ "ငါ့မှာ ရတနာသုံးပါးမှတပါး အားကိုးစရာ မရှိတော့ဘူး။ ငါမသေနိုင်ဘူး" ဟု ယုံကြည်စိတ်ဝင်လာ၏။ ကြောက်စိတ်လည်း ပြေ၍ သွားတော့သည်။

5. ဒုတိယအကြိမ်

ပင်လယ်ပြင်၌ လုံးလုံးလျားလျား မျောနေပြီဟု သိသည်နှင့်တပြိုင်နက် မျက်စိထဲတွင် ဘုရားကိုသာ စိုက်ကြည့်နေသည်။ မျက်စိကိုမူ မဖွင့်။ ပါးစပ်က ရွတ်နိုင်သည့်အခါ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ဟု ရွတ်သည်။

၆–နာရီ လုံးလုံး ပင်လယ်ပြင်၌ မျောနေခဲ့ရ၏။

ကျန်အဖော်သုံးဦးမှာ အော်ရင်းဟစ်ရင်းနှင့် အသက်ပျောက်ကာ ငါးစာဖြစ်ခဲ့ကြရသည်။

မစိန်ညွန့်ကလေးသည် ၆–နာရီကြာမျှ မျောပါလျက်က ခြေထောက်ကို တစုံတယောက်က ဆွဲလိုက်သကဲ့သို့ ထိတွေ့ ခံစားလိုက်ရ၏။ ပက်လက်မျောနေသော အရှိန်လည်း ရပ်သွားသည်။ သတိပြုလိုက်သော အခါ သဲနှံ့များကို ခြေထောက်နှင့်ထိနေကြောင်း သတိပြုလိုက်မိ၏။ မျက်စိကို ဖွင့်၍ ကြည့်လိုက်သောအခါ ရေဂယက်များ ဆင်းလိုက် တက်လိုက် ဖြစ်နေသော သဲသောင်ပြင်ကြီးဖြစ်ကြောင်း သိရလေတော့သည်။

အတိုင်းမသိ ဝမ်းသာသွား၏။ ရုတ်တရက် စမ်းထိုင်ရင်း သဲသောင်ပြင်ပေါ်သို့ တဖြည်းဖြည်းချင်း တက်လာနိုင်ခဲ့၏။

"ရေမကူးတတ်ဘဲလျက် ရေထဲမြုပ်မသွားဘဲ အချိန်အကြာကြီးနေနိုင်သည်မှာ ရတနာသုံးပါး ကျေးဇူးပါကလား" ဟု သဘော ပေါက်၍ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'ဆိုကာ ဘုရားကိုထိုင်၍ ရှိခိုးလိုက်သေးသည်။

"ရေနစ်သူ သောင်ပြင်တွေ့ရသကဲ့သို့ ရတနာသုံးပါးသည် ထောက်တည် မှီခိုရာ အားကိုးစရာကြီးပါတကား" ဟုလည်း ပို၍ ဝမ်းမြောက်ယုံကြည်မိလေ၏။

မှောင်နှင့်မဲမဲ သဲသောင်ပြင်၌ လေတဟူးဟူးတိုက်နေ၏။ ခြုံထွေးစရာ အဝတ်အစားလည်းမရှိ။ အရှေ့အနောက်လည်းမသိ။ ကြောက်ရမှန်းလည်း မသိတော့ဘဲ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' နှင့် မိုးလင်းခဲ့ရသည်။

မကြာမီ မိုးစင်စင်လင်းလာကာ အောင်လှပြင်ရွာမှတံငါယောကျ်ားကြီးတဦးနှင့်တွေ့၍ အိမ်အရောက် ပို့ပေးခဲ့၏။

## တရားရှင်ကို တရားကပြန်စောင့်

"ဟုတ်ကဲ့ပါဖိုးဖိုး၊ ကျမ ဖိုးဖိုးကို ကန်တော့လိုက်ပါတယ်"

တအိမ်သားလုံး အိပ်မောကျနေခိုက် စကားပြောသံလိုလို ကြားရသဖြင့် မစိန်ညွန့်ကလေး၏ မိဘများ အိပ်ရာမှပျာပျာသလဲ ထလိုက်ကြ၏။

မစိန်ညွန့်ကလေးမှာ အိပ်ချင်မှုးတူး ဒယီးဒယိုင်နှင့် ထိုင်လျက် ရှိခိုးရင်း စကားပြောနေသည်ကို တွေ့ကြရသည်။

"ဟဲ့ သမီး။ ဘာဖြစ်လို့လဲ"ဟု မေးခါမှ မျက်စိဖွင့်ပြီး 'ဟင် အမေ' ဟု ဆိုကာ ပြုံးပြလိုက်သည်။

"သမီးလေ၊ အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်နှင့် အဖိုးကြီးတယောက်က သမီးအိပ်ရာခေါင်းရင်းမှာ ထိုင်ပြီး သမီးကိုပြောတယ်–

"ဟဲ့ ကလေးမ၊ ထထ၊ ဖိုးဖိုးပြန်တော့မယ် တဲ့။ ငါ့မြေးက သရဏဂုံသုံးပါးကို အမြဲရွတ်နေလို့ ငါ့မြေး အသက်ကို ဖိုးဖိုး ကယ်ခဲ့ရတာတဲ့။ နောက်လဲ မမေ့နဲ့။ အမြဲရွတ်။ ကဲကဲ ဖိုးဖိုးပြန်ကာနီး ကန်တော့လိုက်ပါအုံး ပြောလို့ သမီးစိတ်ထဲမှာ တကယ်မှတ်ပြီး ပြောတာ"

မိဘများမှာလည်း ပို၍ ဝမ်းမြောက်ဝမ်းသာ ပြုံးကာ "သူတော်ကောင်း၊ နတ်ကောင်းမ့တယ်လို့ ဖွားဖွားကြီးကသားမိတို့ကို သင်ပြပေးဘူးသားဘဲ။ ကဲ ကဲ သမီး အစောကြီးရှိသေးတယ်။ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'ဆိုပြီး အိပ်လိုက်အုံး။ အားရှိသွားအောင်"ဟု နှစ်သိမ့်ပေးကြသည်။ (ဤ၌ ကယ်တင်ခဲ့သည့် ပုဂ္ဂိုလ်မှာ သမုဒ္ဒရာစောင့်နတ် ဖြစ်သည်။ လောကီပျောက်စေ ဖိုးဖိုးမျိုး မဟုတ်။)

နှစ်ရက်၊ သုံးရက်ခန့်ရှိသောအခါ အောင်လှပြင်ဆိပ်၌ ငါးစားထားသော မပြီမသ လူအလောင်း သုံးလောင်းကို တွေ့ကြရလေ၏။ ရတနာသုံးပါး၏ ကျေးဇူးကြီးမားမြင့်မြတ်ပုံနှင့် မစိန်ညွန့်ကလေး၏ သေရွာပြန်သတင်းကို ကျောက်ချောင်း ကုန်းဘောင်ရွာနှင့် အောင်လှပြင်ရွာ တခို၌ ပြော၍ မပြီးခဲ့ကြပေ။

('သရဏဂုံမယ်လုံမငယ်' အကြောင်း'ရမ်းဗြဲ ရွှေမောင်း'က ၁၉၆၁ခု၊ ဇွန်လထုတ် 'သင့်ဘဝ'မဂ္ဂဇင်းတွင် ရေးသားခဲ့သည်ကို မူရင်းအတိုင်း မွမ်းမံဖော်ပြလိုက်ပါသည်။

သရဏမထေရ်အကြောင်း သီဟိုဠ်ခေတ်က ရဟန္တာပုဂ္ဂိုလ်ကြီးများ ပြန်လည်ဟောပြသည်ကို ရှင်မဟာရဋ္ဌပါလ မထေရ် မှတ်တမ်းတင် ထားသော 'ရသဝါဟိနီ'နှင့် 'သဟဿဝတ္ထု'ကျမ်းတို့၌ ပါရှိသည်။ မကြာမီ ထိုသီဟိုဠ်ဝတ္ထုများ အပြည့်အစုံ ဖတ်ရှုကြရပါရလတ္တံ့။)

### ဘုရားကိုချစ်ပါ

ငါဘုရားအပေါ်၌ ယုံကြည်ရုံမျှ၊ ချစ်မြတ်နိုးရုံမျှဖြင့်ပင် နတ်ရွာသုဂတိသို့ လားရောက်နိုင်၏။ (မူလပဏ္ဏာသ၊ အလဂဒ္ဒူပမသုတ်)

# နှုတ်တက်ဆောင်ရန်

## (အနက်)

ဗုဒ္ဓံ=မြတ်စွာဘုရားကို၊ သရဏံ=ကိုးကွယ် လဲလျောင်း ပုန်းအောင်းမှီခိုရာဟူ၍၊ ဂစ္ဆာမိ=ဆည်းကပ်ပါ၏ အရှင်ဘုရား။

ဓမ္မံ=တရားတော်မြတ်ကို၊ သရဏံ=ကိုးကွယ် လဲလျောင်း ပုန်းအောင်းမှီခိုရာဟူ၍၊ ဂစ္ဆာမိ=ဆည်းကပ်ပါ၏ အရှင်ဘုရား။

သံဃံ=သံဃာတော်မြတ်ကို၊ သရဏံ=ကိုးကွယ် လဲလျောင်း ပုန်းအောင်းမှီခိုရာဟူ၍၊ ဂစ္ဆာမိ=ဆည်းကပ်ပါ၏ အရှင်ဘုရား။

## အနက်အကျယ်

ဗုဒ္ဓံ=သိစရာ မှန်သမျှကို တစမကျန် အမှန်ကုန်စင် သိမြင်တော်မူလတ်၍ သိအောင် ဟောကြားတော်မူတတ်သောမြတ်စွာဘုရားကို၊သရဏံ=ဘေးရန်ပယ်ဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တော်မူတတ်သဖြင့် အမြတ်ဆုံးသော ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ=ယုံကြည်သိမှတ် ဆည်းကပ် ကိုးကွယ်ပါ၏ အရှင်ဘုရား။

ဓမ္မံ=မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ်ဆယ်ပါးသော တရားလမ်းစဉ်မြတ်ကို၊ (သရဏံ ဂစ္ဆာမိ ရှေ့ကအတိုင်းဆို)

သံဃံ=မြတ်စွာဘုရား ဟောညွှန်ကြားတိုင်း တရားလမ်းမှန်မသွေလှန်ဘဲ ကျင့်ကြံပွားလတ်ရှစ်ပါးသောအရိယာ သံဃာတော်မြတ်ကို၊ (သရဏံ ဂစ္ဆာမိ)

(သရဏ=ကိုးကွယ်ရာဟု+ဂမနု= ဂုံ=ယုံကြည် သိမှတ် ဆည်းကပ်ကိုးကွယ်ခြင်း = ကိုးကွယ်စရာ=သရဏဂုံ သုံးပါး။)

# ကိုးကွယ်ရာ ထားရခြင်း

လောက၌ မြင်ရ မမြင်ရသော အခက်အခဲ ဆင်းရဲဒုက္ခ ဘေးရန်အန္တရာယ်တို့သည် များပြားကုန်၏။လူသာမန်တို့ သိမြင်နိုင်မသိမြင်နိုင်သော ချမ်းသာသုခတို့သည်လည်း များပြားကုန်၏။

ဆင်းရဲအမျိုးမျိုးမှ လွတ်မြောက်၍ ချမ်းသာအဆင့်ဆင့် ရရန်မှာ လူသာမန်တို့အတွက် လွယ်ကူသောကိစ္စမဟုတ်။ ဒုက္ခရောက်သူသာ များ၍ ချမ်းသာရသူကား နည်းပါးလှသည်။

ဒုက္ခအမျိုးမျိုးမှ ကယ်တင်ကာ ချမ်းသာသုခကို ပေးနိုင်သည်ဟု ထင်ရသော ကိုးကွယ်စရာတို့လည်း အမျိုးမျိုးရှိကုန်၏။ အဘယ်အရာသည် စစ်မှန်သော ကိုးကွယ်ရာဟု မခွဲခြားနိုင်ကြပေ။

ကိုးကွယ်ရာဆိုသည်မှာ အားကိုးစရာ အကာအကွယ်ပြုစရာကို ခေါ်သည်။

လောက၌ သားသမီးလူမမယ်တို့သည် မိဘကို အားကိုးနေကြရ၏။ ဆေးဆရာနှင့်ရင်းနှီးလျှင် မကျန်းမာသောအခါ ပို၍အားကိုးရ၏။ ဆွေမျိုးထဲမှာ ချမ်းသာကြွယ်ဝသူတဦးဦးရှိလျှင် ငွေရေးကြေးရေး အားကိုးရ၏။ ဆွေမျိုးတစုတွင် ယောကျာ်းသားများရှိမှ အားကိုးရ၏။ ရဲသားနှင့်စစ်သားတို့သည် လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် အားကိုးရကုန်၏။

အချုပ်အားဖြင့် ခွန်အား, ဉာဏ်အား, စီးပွားရေး, ကျန်းမာရေးစသည် အားနည်းသူများက ဆိုင်ရာဆိုင်ရာ အားကြီးသူများအပေါ်အားကိုးနေကြရမြဲဖြစ်သည်။ သို့မှသာ လူမှုဒုက္ခအဝေါင်းမှ လွတ်ကင်း၍ ချမ်းသာခြင်းကို ရနိုင်ကြမည် ဖြစ်၏။

လောက၌ကိုးကွယ်မှုထုံးစံသည် ဘေးရန်ကြောင့်ဖြစ်ပေါ်လာရသည်။

သို့သော် ထိုကိုးကွယ်ရာတို့သည် တစုံတခုသော ဘေးဒုက္ခအန္တရာယ်နှင့် ကြုံလာပါလျှင် သာမန်လူသားတယောက် ကယ်မနိုင်သည်ထက် ပို၍ စွမ်းဆောင်နိုင်သော ကိုးကွယ်ရာများ မဟုတ်ကုန်။

ဥပမာ–သိန်းတရာချမ်းသာသော သူဌေးကြီးအား အသက်သေရမည့် ရောဂါတစုံတခု စွဲကပ်လာသောအခါ–

"ထိုရောဂါမှ သက်သာအောင် လုပ်ပေးနိုင်ပါလျှင် စည်းစိမ်တဝက်(သိန်းငါးဆယ်)ပေးပါမည်"ဆိုသော်လည်း သေရမည့်ရောဂါဖြစ်၍

မည်သည့်ဆေးဆရာမျှ ကယ်မနိုင်မည်မဟုတ်။ သတိမရတချက် ရတချက် သေငယ်ဇောဖြင့် မြောမနေသောအခါ–

"ရှိသမျှစည်းစိမ်အကုန်ပေးပါမည်။ မသေရအောင် လုပ်ပေးကြပါ" ဟုဆိုစေကာမူ အားကိုးရာဟု ထင်ခဲ့သော ဆေးဆရာနှင့် စည်းစိမ်ဥစ္စာစသည်တို့သည် ကိုးကွယ်ရာ မပေးနိုင်တော့ပြီ။

တစုံတခုသော ဘေးရန်ရောဂါများ မဖြစ်သေးလျှင် ဖြစ်မလာအောင် ဖြစ်နေပါလျှင်လည်းသက်သာရာရအောင်ကယ်မနိုင်သည်မှာ ရတနာသုံးပါးသာလျှင် ရှိ၏။

သားကို အသက်တမျှ ချစ်ပါသည်ဆိုသော မိခင်သည် ရင်ခွင်မှာပွေ့ထားသော်လည်း သား၏ရောဂါကို ခွဲဝေကူမျှ၍ မကယ်နိုင်။ မိမိလက်ပေါ်၌ပင် သေရမည့်ရောဂါဖြစ်က သေသွားမည်သာဖြစ်၏။ မသေအောင် ဘေးလုံးဝမကယ်နိုင်။

"ကံဘု"ဟုခေါ်သောပြိတ္တာဘဝရောက်ရသူတို့အတွက်အားထားရာ ကိုးကွယ်ရာမှာ ရတနာသုံးပါးမှတပါး အခြားမရှိပြီ။

ရတနာသုံးပါးသည် (ခန္ဓာကိုယ်ကြီးရှိနေပြီဖြစ်၍) သေခြင်းတရားမှ ယခု မကယ်မနိုင်စေကာမူ နောင်အခါတွင် လုံးဝ မအိုမနာ မသေရ၊ ယခုဘဝတွင်လည်း အငြိမ်းစား ထာဝရ ချမ်းသာမှုပြည့်ဝသော နိဗ္ဗာန်ချမ်းသာကြီးကို ပေးစွမ်းနိုင်လေသည်။

## နာမ်လွန် တဖက်စွန်း

ကိုးကွယ်မှုသမိုင်းအရ ရှေးကလူများသည် လျှင်တော်လည်းခြင်း၊ ရေကြီးခြင်း၊ မီးတောင်ပေါက်ကွဲခြင်းစသော ဘေးရန်များကြောင့် တောတောင်သစ်ပင်၊ မီးရေစသည်တို့ကို တန်ခိုးကြီးသည်ဟု ထင်ကာ ကိုးကွယ်လာကြကုန်၏။ ထို့နောက် မမြင်ရသော နတ်၊ ဗြဟ္မာ၊ ထာဝရစသော ကောင်းကင်ဘုံမှ နတ်ဘုရားများကို ယခုထိ ကိုးကွယ်လာကြ၏။ ယခုအခါ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာဟု ခေါ်သည်။

လူသားဘုရားသည် ဗုဒ္ဓဘာသာတခုတည်း၌သာ ရှိ၏။

အချို့သော ဗုဒ္ဓဘာသာဝင်များသည် ဟိန္ဒူဝါဒနှင့် ဗုဒ္ဓဝါဒကို ပေါင်းစပ်၍ရှင်း၊ တိုင်းပြည်ဒေသအလိုက် အယူဝါဒများ ကမ္ဘာပေါ်တွင် အသစ်အသစ်ထွန်းပေါ်သော ရှေးဟောင်းဂန္ဓာရီမှ သိပ္ပံပညာအထိ ပညာ

ရပ်များအားလုံးကို ယှဉ်ပေါင်းစပ်၍ငင်း၊ ဘာသာဝါဒသစ်တခု တီထွင်ကျင့်သုံးခဲ့ကြပြန်၏။ သူ့ ကို'**မဟာယာနဗုဒ္ဓဘာသာ**'ဟု ခေါ်သည်။

ထိုပုဂ္ဂိုလ်တို့၏ အမူအကျင့်မှာ ပထမတွင် မသိမသာ ဆင်တူယိုးမှားရောနှောလာ၏။ သဘောတူ အရေအတွက် များပြားလာသော အခါမှသာ ဖုံးကွယ်ထားသော ဇာတိရုပ်များ ဘွင်းဘွင်းပေါ်လာသည်။ သူတို့သည် တန်ခိုးကြီးမှု၊ စီးပွားတက်မှု။ အာဏာရမှု၊ အသက်ရှည်မှုစသော လောကီကြီးပွားရေးကိုသာ လုပ်ဆောင်ကြသည်။

"သာသနာပြုသည်" ဟုဆိုကာ ထိုလောကီကိစ္စများကိုသာ လုပ်ဆောင်ကြရာ၊ ထိုသို့ လုပ်ရာတွင် ဗုဒ္ဓဝါဒ တရားအချို့ကို အသုံးပြုကြသည်။

ထိုသို့ အသုံးပြုခြင်း၏ ရည်ရွယ်ချက်မှာ ဗုဒ္ဓရှင်တော်မြတ်၏ တရားတော်များသည် နိဗ္ဗာန် ရစေရုံသာမက လောကီ ကြီးပွားရေးတွင်လည်း အလွန်အကျိုးရှိသည်ကို မြင်ကြ၏။ အထိုက်အလျောက် လက်တွေ့လည်း သိနေကြ၏။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် ဗုဒ္ဓဝါဒရေးရာ၌ အရိုးခံမျှသာ ရှိ၍ စာပေ ပရိယတ္တိ ဗဟုသုတ မရှိသူများကို ဆွဲဆောင်နိုင်မည်ဖြစ်သည်။

မေတ္တာပွားခြင်း၊ သစ္စာပြုခြင်း၊ ဂုဏ်တော်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်း၊ ပရိတ်မန္တန်ရွတ်ခြင်းအတွက် ဘုရားဟော မူရင်းများအတိုင်း ယူ၍ သုံးသည့်အခါ သုံးသည်။ အနည်းငယ် ဆင်တူယိုးမှား ပြုပြင်ကွန့်၍ သုံးသည့်အခါ သုံးသည်။

ဥပမာ—သရဏဂုံကိုပင် ဘုရားဟော မူရင်းကိုဖျက်၍—

'ဂစ္ဆာမိ သရဏံ ဗုဒ္ဓံ'ဟူ၍ငင်း၊

'သရဏံ ဂစ္ဆာမိ ဗုဒ္ဓံ' ဟူ၍ငင်း။

ဟိန္ဒူမန္တန်များကဲ့သို့ အင်းသွားစက်လှည့်နည်းများဖြင့် ရွတ်ဆိုကြသည်၊ ပုတီးစိပ်ကြသည်။

'နမောတဿ' ကိုလည်း မူရင်းကို ဖျက်ဆီး၍ စက်လှည့်နည်းဖြင့် အင်းသွားပုံ ဖင်ပြန်ခေါင်းပြန် ရွတ်ဆိုကြသည်၊ ပုတီးစိပ်ကြသည်။

အချို့ကလည်း အလွန် သိလစင်ကြယ်သော ဘုန်းတော်ကြီးကို အမည်မသိ အမျိုးသမီးတဦးက မည်သို့မည်ပုံ အိပ်မက်ပေး၍ သတ္တဝါတို့ ကပ်ကြီးသုံးပါးမှ လွတ်စေရန် '**ရှင်အရဟံ ပုတီးစိပ်နည်း**' ကို လျှောက်ထားသွားသည် စသည်ဖြင့် ဒေါးနှင့်ချောက် လာဘ်နှင့်မြှောက်ကာအထူးအဆန်းထွင်ကြပြန်သည်။

သာသနာ၌ ထင်ရှား ကျော်ကြားသော ရဟန္တာ ပုဂ္ဂိုလ်ကြီးများ၏ နာမည်ကိုပင် အသုံးချ၍ လှည့်စားကြကုန်၏။

တစုံတခု မြှော်လင့်ချက်ကြီးဖြင့် ဆည်းကပ်သော လူမိုက်တို့အတွက် 'ဒါကပိုစွမ်းတယ်။ ဘယ်ဂါထာကို ဘယ်လိုရွတ်' စသည်ဖြင့် ဘာသာရေး အောက်ခြေ၌လည်း ရှင်းမရအောင် ရှုပ်ပွေနေကြ၏။ **မဆုံးနိုင်သော ပုတီး စိပ်နည်းများဖြင့် ချာချာလည်နေကြရှာ၏။**

ဘုရား တရားများကို တစွန်းတစ ငှားယူထားသဖြင့် အထိုက် အလျောက် တန်ခိုးပြခြင်း၊ အစွမ်းထက်မြက်ခြင်းကား ရှိကြသည်ပင် ဖြစ် သည်။ အလွန် အစွမ်းထက်လှသော ဝရဇိန် လက်နက်ကို သားငှက်ပစ်ရန် သုံးစွဲနေသကဲ့သို့သာ ဖြစ်၏။

မပြောပလောက်သော လက်တွေ့ကလေးကလည်းရှိ။ ရောမ မြှော် လင့်ချက်ကြီးကလည်း ဖိနေသဖြင့် နက္ခတ်ဗေဒင် တန်ပြန်နည်း၊ မန္တန်ဗေဒ အသံရိုက်ခတ်နည်း စသည်တို့ဖြင့် လျှို့ဝှက် စီစဉ်ထားကြရာ သာသနာတော် အား အဘယ်သို့သော အတိုင်းအတာအထိ ဖြိုဖျက်နိုင်သည်ကို သုံးစွဲနေသူ များ ကိုယ်တိုင်ပင် သိရန် မလွယ်ကူချေ။ အလွန် အသိခက်လှပေသည်။ ထို့ကြောင့်–

**ရိုးရာ ဒေသနာ နည်းကျ မဟုတ်လျှင် စဉ်းစားမနေနှင့်၊ ဝေးစွာရှောင် ကြလေ။**

ဤနေရာ၌ ကျေးဇူးရှင် "ဝေဘူဆရာတော် ဘုရားကြီး"က ဤသို့ ဟောဘူး၏။

"မြတ်စွာဘုရားဟောတဲ့တရားကို သူ့အတိုင်းမဟုတ်
ဘဲ နဲနဲလောက် နုတ်ထားလိုက်မယ်ဗျာ။ ဒါမှမဟုတ် နဲနဲ
ကလေး အပိုထည့်ထားလိုက်မယ် ဆိုပါတော့ အဲဒါဟာ
သာသနာပြုတာလား၊ ဖျက်တာလား"

"ဖျက်တာပါဘုရား"

"အနို့ အဲသလိုဖျက်တော့ သာသနာက ပျက်သွားမှာလား၊
အဲသလိုဖျက်တဲ့လူမှာ ပျက်မှာလား"

"ဖျက်တဲ့လူဘဲ ပျက်မှာပါဘုရား"

"အေးဗျာ့၊ ဘုရားကဒီလိုပါဆိုရင်ဒီအတိုင်းလုပ်ဗျာ့၊
ကိုယ့်ကိုယ်ကို မဖျက်ကြနဲ့"

အပြစ်ပြောသည်၊ ရှုတ်ချသည်ဟု မထင်မှတ်ကြပါလင့်။ သာသနာတော်၌ အလွန်အရေးကြီးလှသောကြောင့် သတိပေးရခြင်းဖြစ်သည်။ ဆရာလုပ်သူတို့သည် တစတစ ဘုရားနေရာ ယူလာကြကာ ဘုရားနာမည်ကိုပင် အလွဲသုံးစားလုပ်၍ ပါဠိတော်များကိုပင် ဟောထုတ်ခဲ့ကြဘူး၏။ ကိုးကွယ်သူများကိုလည်း မဆိုစလောက်သော တန်ခိုးကြောင့် ကံကံ၏ အကျိုးကိုပင် ပစ်ပယ်စေ၍ ကမ္မဿကတာဉာဏ် အခြေခံ ပထဝီကြောကြီးကိုပင် နုတ်ပစ်တတ်ကြသည်။

"နတ် ဝိဇ္ဇာစသည်တို့အား ဘုရားထက် အားကိုးရာဖြစ်သည်"ဟု စွဲယူမိလျှင် သရဏဂုံပင်ပျက်၍ ဗုဒ္ဓဘာသာဝင်ဟု ထင်ရစေကာမူ မိစ္ဆာဒိဋ္ဌိဖြစ်မှန်းမသိ ဖြစ်သွားတတ်သည်။ အလွန်သိမ်မွေ့သော အရာဖြစ်၏။ ကြပ်ကြပ် သတိမူကြပါကုန်။ ဝါဝါမြင်တိုင်း ရွှေမဟုတ်။

ရတနာသုံးပါး တရားတော်၏ ကျေးဇူးဂုဏ်များကို သိထားကြသဖြင့် ဘုရားတရားကိုပင် မန္တန်အဖြစ် ယူငင်၍ ဆင်တူယိုးမှား သုံးစွဲကြရာ တရားတော်ကြောင့် တစုံတခုသော တန်ခိုးအာနိသင်များ ဖြစ်ပေါ်လာသောအခါ–

"သင့်ကို ငါစောင့်ရှောက်နေသည်။သင့်ဘေးရန်ကို ယခုလို ငါကာကွယ်ပေးနေသည်။ သင့်ရာထူး၊ သင့်စီးပွားများကို ယခုလို ကြီးပွားတိုးတက်အောင် ငါလုပ်ပေးနေသည်"ဟု စွဲမြဲယုံကြည်သွားအောင် တနည်းနည်းဖြင့် မသိသိအောင် အသားယူ ဝင့်ကြွားတတ်ကြသည်။

ထိုအခါ မူရင်း ရတနာသုံးပါး၏ ကျေးဇူးကိုပင် မေ့ပျောက်ကာ ပလ္လင်ပေါ်သို့တင်၍ ကိုးကွယ်မိကြ၏။ မိမိကိုယ်ကိုလည်း "ငါ ပါရမီရှိလို့သာ ယခုလို ဖြစ်ရသည်။ ရှေ့ဆက်လုပ်လျှင် သူတို့လိုဘဲ သတ္တဝါတွေကို ကယ်တင်ကာ အလားတူ သာသနာပြုရတော့မည်"ဟူသော စိတ်များ ဝင်လာကာ မိမိကိုယ်တိုင်လည်း ဆရာ့ဆရာကြီးများနည်းတူ ဘုရားနေရာကိုပင် တက်၍ ယူမိကြရှာ၏။

ဒေဝဒတ် ရဟန်းလည်း မပြောပလောက်သော ထိုတန်ခိုးကြောင့်ပင် ဘုရားနှင့် ပခုံးချင်းယှဉ်၍ အဝီစိသို့ နစ်ဝင်ခဲ့ရပြီ။ ကြောက်ဘွယ် ကောင်းလေစွ။

အကျဉ်းချုပ်ဆိုရသော် မိစ္ဆာတန်ခိုးရှင်တို့သည် ပါဠိပညာရှင်ကြီးများ လက်ဖျားခါလောက်အောင် ပါဠိတော်ကြီးများကိုပင် တစ်တစ်ခွခွ ရွတ်ဆိုဟောပြ၍ ဖြစ်စေ၊ သမိုင်းကြောင်း, သိပ္ပံပညာ, ဖိလော်ဆော်ဖီ

အတတ်ပညာစသည်ဖြင့် ဆိုင်ရာပါမောက္ခ ပါရဂူများပင် အံ့အားသင့်လောက်အောင် ဟောပြ၍ဖြစ်စေ လူ့အဆင့်အတန်း အခြေအနေ အလိုက် သည်းခြေကြိုက်အောင် ရွတ်ဆို ဟောပြနိုင်သည်လည်း ရှိကောင်းရှိနိုင်ရာ၏။

မည်မျှလောက် တတ်ကျွမ်း၍ စွမ်းပကားတန်ခိုး မိုးသို့ပင်ပျံ၍ ပြစေကာမူ ထိုအထူးအဆန်းများ အားလုံးသည် နိဗ္ဗာန်ရောက်ကြောင်း ကျင့်ကြံနေသော ပုဂ္ဂိုလ်ထူးများမဟုတ်။ သူတို့၏ တရားများသည်လည်း သံသရာဝဲစုတ်မည့် တရားများသာဖြစ်ကြောင်း ခြွင်းချက်မရှိ မှတ်ကြကုန်။ ဆေးကြောင့်ဖြစ်ရသော ရောဂါအတွက် ဆေးမရှိ။

ဤကား လမ်းစဉ် လမ်းမှန် တရားမှန်နှင့် တွေ့ကြုံခဲ တွေ့ကြုံရသော်လည်း လောကကြီးပွားရေး တစုံတရာ၌ တွယ်တာကပ်ငြိမှု ရှိနေသဖြင့် မဇ္ဈိမပဋိပဒါ လမ်းမတော်မှ ဘေးချော်ကျကာ စိတ်ဝိညာဉ် ဦးစားပေးသော အစွန်းတဖက်သို့ ထိုးဆင်းသွားခြင်းပင်တည်း။

## ရုပ်လွန် တဖက်စွန်း

သတ္တဝါတို့သည် ယင်းသို့လျှင် စိတ်ဝိညာဉ်ဘက် လဲကျသည့်အခါ ကျ၍ သဿတဝါဒ မဆုံးနိုင်သော လမ်းရှည်ကြီးကို အလိုက်မှားမိကြရှာ၏။ စိတ်တန်ခိုးကိုသာ ကိုးကွယ်ရာဟု စွဲယူမှားကြရသည်။

ရံခါ ရုပ်ကို ဦးစားပေးလွန်းကာ 'လက်တွေ့ မျက်မြင်မှ ယုံမည်' ဟု ကြွေးကြော်၍ ဘဝတသက်စာ ဥစ္ဆေဒ ဖြတ်လမ်းကပင် လျှောက်သွားနေကြပြန်၏။ ရုပ်တန်ခိုးကိုသာ ကိုးကွယ်ရာဟု စွဲယူမှားကြရသည်။

ဘေးမရှန်မနှောင့် ဖြောင့်ဖြူးသာယာသော မဇ္ဈိမပဋိပဒါက သွားကြရသည် မရှိချေ။ လေ့နံတဖက်နင်းလျက်သာ နစ်မြုပ်ကြရလေ၏။

"အကြောက်စိတ် ရှိ၍သာ ဘာသာဝါဒများ ဖြစ်ပေါ်လာကြသည်။ သိပ္ပံပညာ ထွန်းကားလာလျှင် တောင်ကြီး ဖဝါးအောက်၊ လှိုင်းကြီးလေ့အောက် ဖြစ်ကာ အကြောက်ပေါ၍ သွားလိမ့်မည်။ ထိုအခါ ဘာသာရေးများလည်း မလိုတော့"ဟု ထင်မှတ်ခဲ့ကြသည်။

ရှေးအခါက လျှပ်စီးမိုးကြိုးပစ်သည်ကို ထိတ်လန့်ကြောက်ရွံ့ ခဲ့ကြရ၏။ သိပ္ပံဆရာတို့က လျှပ်စီးမိုးကြိုးများကို သိုလှောင်ထိန်းချုပ်၍ လျှပ်စစ်မီးများအဖြစ် ခိုင်းစေနိုင်ခဲ့ကြသည်။ ယခင်က ကိုးကွယ်ခဲ့ကြသော နေ့၊လ သမုဒ္ဒရာ တို့ကိုလည်း အထိုက်အလျောက် အသုံးချ၍ ပြနိုင်လာကြသည်။

တမလွန်ကို လက်ညှိုးထိုးကာ ကောင်းကင်ဘုံကို မြှော်လင့်ချက်ပေး၍ တန်ခိုးရှင် ကြီးကိုင်သော ဘာသာဝါဒများကိုပင်ပြက်ရယ် ပြောင်လှောင်လာကြ၏။ နောက်ဆုံး ဘာသာမဲ့ခေါ်သော ဘာသာဝါဒသစ်တခု ကိုပင် အစားထိုး ကိုးကွယ်လာကြသည်။

နှစ်များ မကြာမီအတွင်း သိပ္ပံဆေးစွမ်းများ အရှိန်ပြင်းစွာ ထွန်းကားနေသည့်ကြားက တနေ့တခြား ရောဂါများ ထူးကဲ ဆန်းပြားစွာ တိုးတက်လာသည်ကို တွေ့နေကြရ၏။

မိုးခေါင်၊ မိုးများခြင်း၊ ပုန်တိုင်းကျခြင်း၊ လျှော်လှုပ်ခြင်း၊ အပူအအေး အယုတ်အလွန်များခြင်းစသော အန္တရာယ်များကို သိပ္ပံ ပညာဖြင့် အကာအကွယ် ပေးနေသည့်ကြားကပင် ပို၍ ဆိုးရွားကြမ်းတမ်းလာသည်ကို တွေ့ကြရပြန်၏။ 'ဒါ သဘာဝအန္တရာယ်—ဝါ-သူ့အလိုအလျောက် ဖြစ်လာသောအန္တရာယ်ဘဲ'ဟုပင် နှစ်သိမ့်စကား ဆိုကြစေကာမူ လူတို့၌ သို့လော သို့လောဖြစ်လာကြသည်။

"အန္တရာယ်ကြီးမားလှသော ရုပ်စွမ်းအင်များကို စမ်းသပ် ကြသဖြင့် သဘာဝ အန္တရာယ်ခေါ်သော သက်မဲ့ဘေးရန်များ ဖြစ်ပေါ်နေရသလော။ လူသားတို့၏ လောဘ, ဒေါသစသော အကုသိုလ်ကြောင့် ဖြစ်လာရသလော။"

ကောက်ပဲ သီးနှံများကို နှောက်ယှက် ဖျက်ဆီးကြသော ပိုးမွှားအန္တရာယ်ကို အမျိုးမျိုးသော ပိုးသတ်ဆေးများဖြင့် စမ်းသပ်အသုံးပြုလာကြရာ ပထမတွင် အလွန်ကျေနပ်နေခဲ့ကြ၏။

များမကြာမီ "ဒီတီတီပိုးသတ်ဆေးကို တကမ္ဘာလုံး မသုံးကြပါနှင့်။ ရပ်ကြပါတော့" ဟု အမိန့်ကို ပြင်ထုတ်နေကြရ၏။ သို့သော် လွန်ကုန်ပြီ။ မြေ, ရေ, လေ, သီးနှံ, သားငါး, သတ္တဝါတို့၌ အဆင့်ဆင့်ပြန့်ပွား၍ လူတို့၌ ကင်ဆာစသော အမည်မဖော်နိုင်သော ရောဂါဆန်းများအဖြစ် ထွက်ပေါ်လာလေပြီ။

တိုးတက်သော သိပ္ပံပညာအပေါ်၌ စိုးရိမ်စိတ်နှင့်အတူ သံသယဝင်လာကြ၏။ ကိုးကွယ်ရာမှ ဘေးဖြစ်လာခြင်းမှာ ကြောက်စရာအကောင်းဆုံးဖြစ်သည်။

6.ဒုတိယအကြိမ်

# မင်းကိုမသတ်ဘဲ မင်းဖြစ်သူ

## ကွမ်းဆော်မင်း

သက္ကရာဇ် ၂၆၀–ခုနှစ်။

ပုဂံပြည်၌ စလေငခွေးဆိုသူက တန်နက်မင်းကို လုပ်ကြံ၍နန်းတက်၏။ တန်နက်မင်း၏ မိဘုရားငယ်တဦးသည် ကိုယ်ဝန်အရင့်အမာနှင့် ထွက်ပြေးတိမ်းရှောင်၍ ကြောင်းဖြူအရပ်၌ ပုန်းအောင်းနေရသည်။

မကြာမီ သားဟော်ကလေးတပါး မွေးဖွားသည်။ မယ်တော်သည် တောလိုက်ဘာဝ ချို့ငဲ့စွာ စားသောက်နေထိုင်ရင်း သားတော်ကလေးအား စကားပီနားလည်လာသော အရွယ်မှစ၍'ပုဂံပုံပြင်'များကို မကြာခဏ ပြောပြလေ့ရှိသည်။ သားကို ပုံပြောရင်း ရံခါ မျက်ရည်များပင် မဆည်နိုင်ရှာပေ။

"မပူပါနဲ့ မယ်မယ်ဘုရားရယ်။ သားလဲ ကြီးရင် မင်းလုပ်မှာပေါ့"

သားငယ်လည်း ပုဂံပြည်ကြီးအကြောင်းကြားရတိုင်းကလေးဘာဝ ကြီးလျှင် မင်းလုပ်မည်ဟု စိတ်အားထက်သန်လျက်ရှိ၏။

"ငါ့သား၊ မင်းလုပ်တယ်ဆိုတာ ကိုယ်ချင်းစာတရားနဲ့ တရားသဖြင့် မင်းလုပ်နိုင်မှ ကောင်းတာပါ သားရယ်"

မယ်တော်က သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို သင်ပြပေး၏။ နောက် ဘုန်းကြီးကျောင်းသို့ ပို့အပ်၍ ပညာသင်ယူစေခဲ့သည်။

ထိုအချိန်ကား ဂိုဏ်းဘုန်းကြီးတို့၏ အမူအကျင့်ဆိုးများ ပုဂံပြည်တပြည်လုံးလွှမ်းဖုံး၍ လောကီ ဂိုဏ်းဘုန်းကြီးများသာ နေရာ အနှံ့အပြားအုပ်စိုးလျက်ရှိ၏။ 'အရည်းကြီးများ' ဟုခေါ်ကြသည်။မဟာယာန ဘုန်းကြီးများဖြစ်၏။

သူတို့သည် ဓာတ်ရိုက် ဓာတ်ဆင် ဗေဒင်ဟော၏။အင်္ဂရတ် ဓာတ်လုံးထိုး၏။ ဆေးကု၊အင်းချ၊ရေမန်းတိုက်၊ အရက်သောက်၊ ညစာစားကြ၏။ဘုန်းကြီးကောင်းများလည်း တဖြည်းဖြည်း ရောနှောသွားကြသည်။ ထေရဝါဒခေါ်သော ဘုန်းကြီးကောင်းများကား တောစွန်အုံပြား၌ မထင်မရှားနေကြရ၏။

မင်းနှင့်မှူးမတ်တို့ကအစ လောကီဘုန်းကြီးများကို ကိုးကွယ်ကြသည်၊ နဂါးရုပ်ကြီးများ၊ နတ်မဟုတ် ဘုရားမဟုတ် ရုပ်တုများ၊ဟိန္ဒူ ရုပ်တုများ၊ အချွန်အတက်နှင့်ဘုရားရုပ်ပွားပုံများ စသည်ဖြင့်(ယခုအခါ တိဗက်၊တရုတ်၊ ဂျပန်ပြည်ရှိ) မဟာယာနများ ထုလုပ်ကိုးကွယ်သော ရုပ်လုံး ရုပ်တု မျိုးကို ကိုးကွယ်ကြသည်။

ထိုလောကီ ဂိုဏ်းဘုန်းကြီးများ၏ အင်းအိုင်ခလှဲ့ လက်ဖွဲ့ မန္တန် အတတ်များကို မင်းများက တိုင်းပြည် ငြိမ်ဝပ်ပိပြားရေး၊ ရာထူး တိုးတက် ရေး၊အန္တရာယ်ကင်းရေး စသည်တို့အတွက် အားကိုး အားထား ပြုခဲ့ကြ၏။ အစစ်အမှန်များမဟုတ်ကြ၍ တန်ခိုးပြရုံသာ တတ်နိုင်ကြသည်။ဆင်းရဲအောင် လည်း မလုပ်နိုင်။ ချမ်းသာအောင်လည်းမ,မနိုင်။

ဆင်စီး မြင်းတက် လက်ဖွဲ့သတ် ဓားရေး လှံရေး အတတ်များကို လည်း ထိုဘုန်းကြီးများထံ သင်ယူကြရသည်။ လောကီ လူမှုအတတ်ပညာ များကိုပါပေး၍ အကိုးကွယ်ခံ နေရာယူခဲ့ကြ၏။ ဝိနည်း သိက္ခာပုဒ်လည်း မရှိ။ဘုရားဟော အစစ်အမှန် အမူအကျင့်မှာ အနံ့အသက်မျှသာ ရှိ၍ ဗုဒ္ဓ ဘာသာ ဘုရားတပည့်ဟုသာ မှတ်ထင်၍ကိုးကွယ်ခဲ့ကြရသည်။

တစုံတခုသော အကုသိုလ်အပြစ်ကို လုပ်မိစေကာမူ၊နောက်ဆုံး မိဘ ကိုပင် သတ်မိစေကာမူ အဆိုပါ ဂိုဏ်းဘုန်းကြီးတို့က ပရိတ်မန္တန်ရွတ်ဖတ် ပေးလျှင် အပြစ်က လွတ်သည်ဟုလည်း အယူရှိကြသည်။

ဂါထာ မန္တန်နှင့် အင်းများ၊ သိဒ္ဓိတန်ခိုးများကို အားကိုးလွန်း သဖြင့် ကိုယ်ကျင့်တရား၊ ကိုယ်ချင်းစာတရား မလိုတော့ပြီ။ထို့ကြောင့်လည်း အဖေကို သတ်သော မင်းများပင် ပုဂံရာဇဝင်၌ တိုင်းပြည် အုပ်ချုပ် မင်း လုပ်ခဲ့ကြဘူး၏။ ကံ,ကံ၏အကျိုး မရှိတော့ပြီ။ အိန္ဒိယ၌ သာသနာ အမြစ် ပြတ်ကွယ်ခဲ့ရသည်မှာ ထိုဘုန်းကြီးများကြောင့်ပင် ဖြစ်၏။

သူတို့၏ဂါထာ မန္တန်နှင့် အင်းကွက်များမှာ–

၁။ ဘုရားဟော အစစ်အမှန်များကို ပြင်ဆင်ထားခြင်း။

၂။ ဘုရားဟောခဲ့သယောင် ပါဠိဘာသာဖြင့် ဆင်တူယိုးမှား ရေး သားထားခြင်းကို ယခုခေတ်အထိ တွေ့မြင်နိုင်ကြ၏။

အသိဉာဏ်ပညာ နည်းပါးကြသဖြင့်'အဘယ်အရာသည် အစစ်အမှန်' ဟု ယခုအထိ ခွဲခြား သိမြင်သူ ရှားနေပေသေးသည်။ အစစ်အတု ခွဲခြား၍ မလွယ်အောင်လည်း ရောမွှေထားကြ၏။ ဆင်ယင် ဝတ်စား မှုမှာလည်း အစစ်နှင့် ခွဲခြား၍ မရအောင် ဟန်ဆောင်နေကြသည်။

မိဖုရားသားအမိသည် ပုဂံပြည်တွင် မင်းမိဖုရား မှူးကြီး မတ်ကြီး စစ်သူကြီးများမှ အစ လူကုံထံ ဂုဏ်သရေရှိသူများနှင့် ပြည်သူ အများ ကိုးကွယ်သော မဟာယာနဂိုဏ်း ဘုန်းကြီးများ၏ မိစ္ဆာဒိဋ္ဌိဘေးကြီးမှ ကင်း လွတ်ရသည်မှာ ကံကောင်းလှပေ၏။

တောစွန်အုံပြား၌ ဘုရားသားတော်အစစ်အမှန်နှင့် တွေ့ကြုံရသဖြင့် တရားစစ် တရားမှန်များ ရရှိကြသည်။ သရဏဂုံ၊ ငါးသီလမှအစ စစ်စစ် မှန်မှန် သိသလောက်ကလေးကို ကျင့်ကြံနိုင်ကြ၏။ သားတော် ကိုလည်း ကျောင်းပြု ဘုန်းကြီးထံအပ်နှံ၍ ပညာသင်ယူစေခဲ့သည်။

"မယ်မယ်ဘုရား၊ သားတော်ရဲ့ဘုန်းမြတ်ကြီးဘုရား သင်ပေးတဲ့စာ တွေနဲ့ သည့်ပြင်ဘုန်းကြီးတွေ နေတာ ထိုင်တာနဲ့ တခြားစီပါလား။ ဘုန်း မြတ်ကြီးဘုရားနဲ့ သူတို့ဝတ်ပုံ စားပုံလဲ မတူဘူးနော်"

သင်ပုန်းကြီးကုန်၍ ဘုရားရှိခိုးစာ၊ မင်္ဂလသုတ်လောက် ရောက်လျှင် ပင် ဘုန်းကြီးအစစ်နှင့် ဘုန်းကြီးအတုကို ကွဲပြားစွာမြင်နေရပြီဖြစ်၏။

ငါးပါးသီလ မျှမလုံ။ ကံ၊ ကံ၏ အကျိုးမျှပင် မယုံသော 'မဟာယာန ဂိုဏ်း ဘုန်းကြီးများ'၏ ဩဇာလွှမ်းနေပုံမှာ စဉ်းစား၍ မတတ်အောင် ရှိလေ၏။

မကြာမီ ထေရဝါဒ ဗုဒ္ဓဘာသာအရ အခြေခံတတ်သိရမည့် ဝတ် တက်၊ ဝတ်ကပ်၊ သီလယူ၊ ဂုဏ်တော်ပွားပုံ၊ မေတ္တာပွားပုံ၊ အမျှဝေပုံစသည်ကို နှုတ်တက်ရလာ၏။ ပရိတ်ကြီး ၁၁-စောင်ပင် ကုန်ခါနီးလာသည်။

"မယ်မယ်ဘုရား၊ သားငယ်ငယ်က ပုဂံပြည် အကြောင်းများကို မယ်မယ်ဘုရား ပုံပြောတာ ကြားရတော့ သားစိတ်ထဲ မင်း သိပ်ဖြစ်ချင်လာ တယ်။ ခုဘာခါ ဘုန်းမြတ်ကြီးဘုရားက ညတိုင်းဘဲ ဘုရားဝတ်တက်ပြီးတိုင်း မြတ်စွာဘုရား ထီးနန်းစွန့်လွှတ်ပြီး တောထွက်တဲ့အကြောင်း၊ မဇ္ဈိမ ဒေသ ရဲ့ဟန်းတော်တွေ၊ မင်းတွေအကြောင်း မိန့်ဆိုတာ ကြားရတော့ သားတော် စိတ်ထဲမှာ ပိုပြီး မင်းဖြစ်ချင်လာတယ် မယ်မယ်ဘုရား။

"အခု ရှိနေတာနဲ့ ဘာမှ မဆိုင်ဘဲဟာ။ ဒီတရားအလွဲတွေ လိုက်နေ လို့ကတော့ မဂ်ဖိုလ်နိဗ္ဗာန်မပြောနဲ့ လူပြန်ဖြစ်ဘို့တောင်မလွယ် ပါလား။ ဒီတရားစစ် တရားမှန်တွေ ပုဂံတပြည်လုံး သိကြရအောင် သားသိပ်ပြီး မင်းလုပ်ချင်တာဘဲ"

သားတော် စိတ်လိုက်မာန်ပါ ပြောနေသည်ကို မယ်တော်မှာ ဝမ်း ထဲက ကျိတ်ပြီး ဝမ်းသာနေမိ၏။

"တိုးတိုးပြောပါ သားရယ်။ မင်းဖြစ်တယ်ဆိုတာ လွယ်ကာမဟုတ်ဘူးသားရဲ့။ မင်းကိုသတ်ရဲမှ မင်းဖြစ်တာ။ သားက သတ်ရဲလို့လား"

မယ်တော်လုပ်သူက လက်ရှိ အခဥ်အလာကိုအခိုင်အမာ လုပ်၍ပြောရင်း သားအကဲကို စမ်းလိုက်ခြင်းဖြစ်သည်။

"လူမပြောနဲ့ ပရွက်ဆိတ်ကိုတောင် သားမသတ်ရဲပါဘူး။ လူသတ်စံ့မှသဲ မင်းဖြစ်ရတာဆိုဟုတ်ပါဘူး မယ်မယ်ဘုရားရယ်။ ဘုန်းမြတ်ကြီးဘုရားက ပြောတယ်။

၁။ ပြဟ္မစရိယခေါ်တဲ့ အကျင့်သီလကို နဲနဲကျင့်နိုင်ရင် လူမင်းဖြစ်သတဲ့။

၂။ အလယ်အလတ်ကျင့်ရင် ပြဟ္မာမင်း ဖြစ်သတဲ့။

၃။ အကောင်းဆုံးကျင့်ရင် မင်းတကာ့မင်း ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ရသတဲ့။

"သားဘော်လဲ ငါးပါးသီလကို အမြဲ စောင့်နေတာဘဲဟာ။ အခု မင်းလုပ်နေတဲ့ လူတွေသာက်ဘော့ သာတာဘဲ။ သူတို့ ကိုးကွယ်နေတဲ့ ဂိုဏ်းဘုန်းကြီးတွေထက်လဲ သာတာဘဲ။အဲဒီဘုန်းကြီးတွေဟာ အရက်လဲ သောက်တယ်၊ သူ့ဘပါးသမီးပျိုကိုလဲ 'ပန်းဦးလွှတ်'တယ်ဆိုပြီး ကျူးလွန်ကြသတဲ့။ သတ်နိုင်တိုင်းလဲ မင်းဖြစ်တာ မဟုတ်ပါဘူး"

"တော်ပါတော့သားရယ်။တော်ကြာ ရာဇဝတ် သင့်နေပါအုံးမယ်။ သီလရှိတဲ့လူဟာ ဘာမဆို လိုချင်တာရနိုင်သတဲ့။ မောင့်ဘုန်းမြတ်ကြီးဘုရားဟောတဲ့အတိုင်းသာ လိမ္မာအောင်နေပါ"

နေ့ရှိသမျှ သားအမိနှစ်ယောက်သား ရတနာ သုံးပါးဝတ်ကို ဖြည့်လျက် နေလာခဲ့ကြရာ သားတော် အရွယ်ရောက်၍ လာသဖြင့် ပုဂံနေပြည်တော်ဘက်၍ အလုပ်လုပ်ရန်စီစဉ်နေ၏။ပုဂံနေပြည်တော်၌ တောင်သူကြီးမင်း နန်းတက်ချိန်ဖြစ်သည်။

ဆရာဘုန်းတော်ကြီးလည်း အသင့်မတူသော မိစ္ဆာဒိဋ္ဌိရဟန်းဆိုးတို့အကြားတွင် မနေလို၍ သထုံဘက်သို့ ထွက်ခွာသွားလေ၏။သားတော်လည်း မယ်တော်ကို ကန်တော့၍ ပုဂံနေပြည်တော်သို့ ထွက်ခွာလာခဲ့သည်။ မြန်မာစာအရေးအသားနှင့် အတွက်အချက်လည်း ကျွမ်းကျင်၍ ရုပ်ဥပဓိလည်း ခန့်ညား၊ ရိုးသားသော အမူအရာလည်း ပေါ်လွင်လှသဖြင့် နန်းတော်တွင် ကွမ်းဆော်ရာထူး၌ ခန့်အပ်ခံရ၏။

'ကွမ်းဆော်' ဆိုသည်မှာ အခွန်အကောက် နှီးဆော်စီမံရသူဖြစ်သည်။ တောင်သူကြီးမင်းထံတွင် ကွမ်းဆော်ရာထူးဖြင့် အမှုတော်ကို ထမ်းရွက်ရင်း သင်ယူခဲ့ရသမျှ သရဏဂုံ ငါးပါးသီလကိုလည်း ကြိုးစား၍ စောင့်ထိန်း၏။ ဗုဒ္ဓါနုဿတိ (ဘုရားဂုဏ်တော်ကို အထပ်ထပ် အောက်မေ့ခြင်း) စသော အနုဿတိဆယ်ပါးအခြေခံ 'အိမ်တွင်းဝိပဿနာ' တရားကိုလည်း နေ့ရှိသမျှ ပွားများ၏။

အလုပ်ကိုလည်း ကြိုးစားလုပ်သည်။ ဘာသာတရားကိုလည်း တမင် ထမ်းထားရသည် မဟုတ်သဖြင့် အလုပ် လုပ်ရင်းပင် နှလုံးသွင်းနေ၏။ ထို့ကြောင့် တရွာဝင်ထွက် ကွမ်းဆော်လုပ်ရာ၌ ခင်မင်သူ ကူညီသူပေါ၍ အလုပ်လည်း ပို၍ အောင်မြင်နေတော့သည်။

ကွမ်းဆော်လုလင်သည် ကွမ်းဆော်ရန် ခရီးထွက်ရင်း မောမောရှိ သည်နှင့် အရိပ်ကောင်းလှသော စောင်ချမ်းပင်ကြီးတပင်အောက်၌ အပန်း ဖြေ နားနေလေ့ရှိ၏။ထိုနေရာကား အပန်းဖြေ နားနေကျ ဖြစ်သည်။အမောပြေလျှင် ပါလာသော ထမင်းထုပ်ကိုဖြည်၍ စောင်ချမ်းပင်နတ်ကို ရည်မှန်းပြီး စားဦးစားဖျားဖြင့် ပသလေ့ရှိ၏။ (နတ်ကိုးကွယ်ခြင်း မဟုတ်။မြို့စောင့်နတ်၊ တောစောင့်နတ်များကို ပ,သကောင်း၏။ အမျှဝေကောင်း၏။ ဗုဒ္ဓရှင်တော်မြတ် ခွင့်ပြုပြီးဖြစ်သည်။ ယခုအခါ အရက်၊ ကြက်တို့ဖြင့် ပသခြင်း မျိုးမဟုတ်သည်ကို ခွဲခြားသတိပြု။ ကြက်၊ အရက် တို့ဖြင့် ပ,သခြင်းကိုမူ မလုပ်ကောင်း။)

တနေ့သောအခါ စောင်ချမ်းပင်စောင့်နတ်သည် ကိုယ်ထင်ရှားပြကာ–

''မင်းသား၊ သင်သည် တနေ့သောအခါ ဤပုဂံပြည်၌ မင်းဖြစ်လိမ့်မည်။သရဏဂုံ သုံးပါးနှင့် ငါးပါးသီလကို လုံခြုံအောင်စောင့်ထိန်းပါ။ အနုဿတိဆယ်ပါးကို မပြတ်ပွားများပါလေ'' ဟု သတိပေး ပြောဆိုကာ ပျောက်ကွယ်သွား၏။

ပျဉ်ပြားမင်း၏မြေး၊ တန်နက်မင်း၏ သားဖြစ်သော ကွမ်းဆော် လုလင်သည် ငယ်စဉ်ကပင် ဇာတိမာန်မင်းသွေးမင်းစိတ်နှင့် သာသနာအစစ် အမှန်ပြန့်ပွားစေလိုသော စိတ်ရှိသူပီပီ ပို၍ စိတ်အားတက်လာ၏။ စောင့်ထိန်းနေကျ ငါးပါးသီလကိုလည်း ပို၍လုံခြုံအောင် အထူးစောင့်ထိန်းသည်။ ရတနာသုံးပါး ကျေးဇူးတော် ဂုဏ်တော်များကိုလည်း ပို၍ စူးစူးစိုက်စိုက် ပွားများလေတော့သည်။

ရှေးကံလည်းပါ၊ မှန်ရာကိုလုပ်နေသူအတွက် နတ်တို့လည်းမနေသာ။ ကူညီနိုးဆော် မစကြရမြဲဖြစ်၏။

"နတ်မ၍ လူတော်လာရခြင်း မဟုတ်။ လူတော်၍ နတ်မလာရခြင်းဖြစ်သည်"ကို ကောင်းစွာ ရှုမြင်သင့်သည်။

ကွမ်းဆော်လုလင်သည် တနေ့ထက်တနေ့ အကောက်ခွန် အလုပ်ကိုလည်း ပို၍ ကြိုးစားပြီး လုပ်၏။ တရားကိုလည်း တိုး၍ စောင့်သည်။ မင်းဖြစ်လိုလဲဖြစ်၊ မဖြစ်လဲ ကုသိုလ်တိုးသည်ဟုသာ အမှတ်တမဲ့ နေခဲ့၏။

ပုဂံတမြို့လုံး လေးပြင် လေးရပ် ကောလာဟလများ ဖြစ်နေ၏။ "မင်းလောင်းပေါ်နေပြီတဲ့။ မည်သည့်နေ့ရက် မည်သည့်နေရာမှာ လာလိမ့်မတဲ့။"

ကွမ်းဆော်လုလင်သည် ထိုသတင်း ထို ကောလာဟလကို အသိချင်ဆုံးဖြစ်၏။ ပုဂံတပြည်လုံးလည်း အုတ်အုတ်သဲသဲဖြစ်နေ၏။ တနေ့တွင် ပုဂံပြည်သူပြည်သားတို့သည် အုပ်စုဖွဲ့၍ပင် သူ့ထက်ငါ တူရွင်းတောင်ဘက်သို့ သွားနေကြသည်။ မင်းလောင်းကို သူ့ထက်ငါ အလျင် ဖူးတွေ့ရန်၊ ပူဇော်ကန်တော့ရန်။

ကွမ်းဆော်လုလင်လည်း ရွာတရွာသို့ ကွမ်းဆော် အလုပ်သွားရင်း လူအများ ပွဲလမ်းတမျှ စည်ကားစွာ သွားလာနေကြသည်ကို တွေ့ရသည်။ ထိုနေ့ပြုလုပ်ရန် အလုပ်ကိစ္စလည်း ပြီးပြီဖြစ်၍ မင်းလောင်းကြည့်ရန် တူရွင်းတောင်ဘက်သို့ အပြေးထွက်လာခဲ့သည်။ 'မင်းလောင်းကြည့်ပြီးမှပင်နေပြည်တော်သို့ သွားတော့မည်'ဟုလည်း စိတ်ကူးထား၏။

ရေးကြီးသုတ်ပျာလာရင်း လမ်းတွင် မြင်းစီးလာသော အဖိုးအိုတဦးကို တွေ့ရ၏။ ရှောင်သွားမည်အပြု—

"အမောင်၊ ငါ့မြင်းကို ပုဂံသို့ ယူဆောင်သွားစမ်းပါ။ အဖိုးမှာ ကိစ္စတခုရှိနေသေးလို့"

အဖိုးအိုက မြင်းကို ရပ်၍ ပြော၏။ မင်းလောင်း ကြည့်လိုဇောဖြင့် အမောတကော သွားနေရစဉ် အရေးထဲအရာပေါ်၍ စိတ်မရှည်တော့ဘဲ—

"ဟာ မဖြစ်ပါဘူး ဖိုးဖိုး၊ အားတော့နာပါရဲ့။ ကျွန်တော် တူရွင်းတောင်ဘက်ကို မင်းလောင်းသွားကြည့်ချင်သေးတယ်။ နေလဲ အတော်နည်းနေပြီ"

အဖိုးအိုကို မတတ်သာ၍သာ စကားဖက်ပြောနေရ၏။ စိတ်ကမူ တူရွင်းတောင်ဘက် လူအုပ်ကြီးဆီသို့ ရောက်နေတော့သည်။

အဖိုးအိုက ဆိုပြန်၏–

"အမောင်၊ ဘယ်လိုပြောလိုက်တာလဲ၊ အမောင်သွားမယ့် ခရီးမှာ မြင်းပါတော့ ပိုပြီး မြန်မြန်မရောက်နိုင်ပါလား"

ကွမ်းဆော်လုလင်လည်း ထိုအခါမှ "ဟုတ်ပါရဲ့ ဖိုးဖိုး၊ ကျွန်တော် စိတ်စောနေလို့" ဟုဆိုကာ မြင်းကို တက်၍ စီးလေ၏။ အပြေးစိုင်း နှင်တော့ မည်အပြုတွင် အဖိုးအိုသည် ပါလာသော အထုပ်ကို ဖြည်ကာ–

"ခဏကလေး ဆိုင်းပါအုံး ငါ့မြေးရယ်။ ဟောဒီ ပတ္တမြားလက်စွပ် ကလေးဝတ်ကြည့်စမ်းပါအုံး။ ငါ့မြေးနဲ့ တော်ရဲ့လား။ နောက်ပြီး ဟောဒီ ဥသျှောင် (မင်းဆောင်းဦးထုပ်) ကလေးရော၊ ဟောဒီ ပတ္တမြားကျောက်စီ လှံကလေးရော လက်စနဲ့ ယူသွားစမ်းပါ။ ဖိုးဖိုးမြို့အဝင်က စောင့်နေမယ်။ ဖိုးဖိုး နောက်ကျလို့ မမှီလဲ စောင့်မနေနဲ့၊ မင်းနန်းရင်ပြင်ပေါ် ရောက်တော့ တွေ့ကြတာပေါ့။ နန်းရင်ပြင်ကိုသာ မောင်းလာခဲ့ပေတော့"

အဖိုးအို ပြောသည်ကို စိတ်မရှည်တော့ဘဲ "ဟုတ်ကဲ့ပါ ဖိုးဖိုး" ဟု ဆိုကာ ဘာမျှ စဉ်းစားမနေအားတော့ဘဲ မြင်းကိုသာ ဒုန်းစိုင်း၍ထွက်သွား၏။ ဥသျှောင်ကိုလည်း အကိုင်ရခက်သဖြင့် ခေါင်းမှာပင် ဆောင်းထားပြီး ပတ္တမြားကျောက်စီလှံကိုလည်း လက်တဖက်ဖြင့် ထောင်၍ကိုင်ကာ တူရွှင်းတောင်ခြေရှိ လူအုပ်ကြီးထဲသို့ မြင်းကို ဒုန်းစိုင်း၍ ဝင်လာခဲ့သည်။

## မင်းလောင်း မည်သူလဲ

တူရွှင်းတောင်ခြေ၌ စုရုံးနေကြသော လူအုပ်ကြီးမှာ ပန်းသပြေညောင်ရေ လောင်းကာ ကွမ်းဆော်လုလင်အား ဝိုင်း၍ ပူဇော် ကန်တော့ကြကုန်၏။ မင်းလောင်းကြည့်ရန်သွားသော ကွမ်းဆော်မှာ လွန်စွာအံ့အားသင့်သွား သည်။

မင်းလောင်းကြည့်ချင်ဇောဖြင့် ကသောကမြော လမ်းကယူခဲ့သော ပစ္စည်းများကို ခုမှပင် သတိထား၍ ကြည့်မိရာ မင်းမြောက်တန်ဆာများ ဖြစ်နေပြီး မိမိကိုယ်တိုင်ပင် မင်းလောင်းဖြစ်နေကြောင်း သတိပြုမိလေ တော့၏။

ထိုအခါမှပင် တချိန်က စောင်ချမ်းပင်စောင့်နတ် ပြောစကားကို ပြန်လည် သတိရလေတော့သည်။

လူအုပ်ကြီးကား သူ့ကိုပင် ဝိုင်း၍ကန်တော့နေကြ၏။ ပုဂံမြို့ဘက်မှ ၎င်း၊ တောရွာများဘက်မှ၎င်း၊ လူစုလူဝေးကြီးများလည်း လာ၍ မဆုံးသေး။ လှာနေကြတုန်းပင် ဖြစ်သည်။

ကွမ်းဆော်လုလင်မှာလည်း မြင်းစီးလျက်က မင်သက်မိကာ ဘုမသိ ဘမသိ တွေပြီး စဉ်းစားနေစဉ် နေလည်းဝင်လုပြီဖြစ်၍ အကြံရခက်နေ၏။ မြင်းပေးလိုက်သော အဖိုးအိုက "နန်းရင်ပြင်ကိုသာ ဝင်လာခဲ့ပေတော့"ဟု မှာသည်ကို သတိရကာ မြင်းဇက်ကြိုးဆွဲလှည့်ပြီး ရတနာသုံးပါးဂုဏ် အာရုံ ပြုလျက် ပုဂံနေပြည်တော်သို့ ထွက်လာခဲ့လေတော့သည်။

တူရွင်းတောင်ခြေရှိ လူအုပ်ကြီးနှင့် ဟိုမှသည်မှ လာနေကြသော လူအုပ်များလည်း မြင်းနောက်ကပင် လိုက်ပါလာကြ၏။ နန်းရင်ပြင်အထိ လိုက်ပါလာသူများ၊ ထွက်၍ကြည့်သူများဖြင့် ပုဂံနေပြည်တော်တွင် အစည် ကားဆုံးနေ့ကြီးတနေ့ ဖြစ်သွားသည်။ တနန်းတော်လုံး အုန်းမောင်း စည်သံ များ ခြိမ့်ခြိမ့်ညံသွား၏။

တောင်သူကြီးမင်းသည်း အံ့အားသင့်ကာ နန်းဦးက ထွက်လာ၏။

" ငါကိုယ်ဘော်မြတ် ရှိနေပါလျက် အဘယ်သူက မင်းပြုလိုဘိ သနည်း"ဟု ကြိမ်းဝါးပြောဆို၏။

သူ၏ မင်းဖြစ်ရမည့်ကုသိုလ်ကံ အရှိန်အဝါလည်း ကုန်လေပြီ ဖြစ်၍ နန်းတော်၌ ထုလုပ်ထားသော တင်းပုတ်ထမ်းသည့် ကျောက်လူရုပ်ကပင် သူ့အား ရိုက်ပုတ်၍ တွန်းချလိုက်သည်။

တောင်သူကြီးမင်းသည် သေလွန်၍ ကွမ်းဆော်လုလင်သည် မင်းဖြစ် လာလေ၏။ သက္ကရာဇ် ၃၂၆–ခုနှစ်။

## ကွမ်းဆော် လာပြီ

တောင်သူကြီးမင်း၏ မိဖုရားညီအမ သုံးဦးကိုလည်း မိဖုရားအရာ ဆက်လက် ချီးမြှောက်တော်မူသည်။

အကြီး ညီအမ နှစ်ဦးတွင် 'ကြည်းစိုးနှင့် စုက္ကတေး' မင်းသားနှစ်ပါး တို့ ကိုယ်ဝန်သန္ဓေများ ပါလာခဲ့၏။ တောင်သူကြီးမင်း၏ သားများဖြစ်သည်။ အငယ်ဆုံးမိဖုရားတွင် ကွမ်းဆော်မင်းနှင့်မှ 'အနော်ရထာ' ကို ဖွား၏။

ရတနာသုံးပါးကျေးဇူးကြောင့် သိကြားနတ်များပင် မနေနိုင်ဘဲ ကူညီစောင့်မကြ၏။ 'ကွမ်းဆော်မင်း' ဟုရင်း၊ 'ကြောင်ဖြူမင်း' ဟုရင်း ခေါ်ဆိုကြသည်။ မင်းပြုလျက်ကပင် ရဟန်းဝတ်၍ ထေရဝါဒသာသနာအစစ်အမှန်များ ပြန့်ပွားထွန်းကားအောင် ဆောင်ရွက်လိုစိတ်များလည်း မကြာခဏ ဖြစ်ပေါ်နေ၏။

နန်းစံ ၂၂-နှစ်ရှိသောအခါ ကြည်းစိုနှင့်စုက္ကတေးမင်းသား နှစ်ဦးသည် ကျောင်းဆောက်လုပ်ကြ၏။ ကျောင်းပြီးလျှင်-

"ခမည်းတော်ဘုရား၊သားတော်များဆောက်လှူထားတဲ့ ကျောင်းတော်ကိုလိုက်၍ ကြည့်ညိုပါအုံး၊ သာခုခေါ်လှဲ့ပါအုံး" ဟု ပင့်ခေါ်ကာ ကျောင်းကို ပြသကြကုန်၏။

ကျောင်းသို့ရောက်လျှင် အသင့်စီစဉ်ထားသော သက်န်းများပေးအပ်၍ အတင်းအကြပ် ရဟန်းပြုခိုင်းကြလေ၏။ သူ့အလိုအလျောက် ရဟန်းပြုသွားပြီဟု နေပြည်တော်၌ ကောလာဟလလုပ်၍ သားအကြီး ကြည်းစိုက မင်းလုပ်သည်။

ထို့နောက် စုက္ကတေးမင်းပြုရာ စုက္ကတေးသည် အဒေါ်တော်သူ နော်ရထာ၏မိခင်ကိုပင် မိဖုရားတင်မြှောက်ရန် ကြံစည်သဖြင့် နော်ရထာနှင့် မသင့်မတင့်ဖြစ်ကြ၏။ ဆင်စီးချင်းထိုးကြရာ စုက္ကတေး ကျဆုံးသွားသည်။

"ခမည်းတော်ဘုရား၊ ယခုအခါ ဘေးရန်များလည်း ကင်းရှင်းနေပြီ ဖြစ်၍ ရဟန်းဝတ်ချွတ်လဲကာ မင်းပြုတော်မူပါဘုရား"

သားတော်ငယ် နော်ရထာသည် ရဟန်းပြုနေပြီဖြစ်သော ခမည်းတော်ထံသွား၍ လျှောက်၏။ ကွမ်းဆော်ဘုန်းတော်ကြီးကား ရှေးယခင်ကပင် ရဟန်းပြုရန် ဆန္ဒလည်းရှိ၊ တရားပီတိလည်း ရတော်မူနေပြီ ဖြစ်၍ သားတော်၏ လျှောက်ထားတောင်းပန်သည်ကို ငြင်းပယ်လိုက်လေသည်။

"သားတော်၊ ခမည်းတော်ဟာ ငယ်စဉ်ကာလကပင် တရားသဖြင့် မင်းပြုရသည်ကိုသာ လိုလားခဲ့တယ်။ပုဂံနေပြည်တော်တခွင်လုံးမစင်မကြယ် မဖွယ်မရာ ယုတ်မာညစ်ညမ်းသော ရဟန်းဆိုး၊ရဟန်းယုတ်များရဲ့တရားမှား အကျင့်မှားများကိုလဲ ရှေးယခင်ကထဲက သုတ်သင်လိုခဲ့တယ်။

"ခမည်းတော်လဲအသက်ကြီးပြီ။ မင်းလည်းမလုပ်လိုတော့။ ငါ့သားတော်သာ တရားသဖြင့်မင်းပြုပြီး မြတ်စွာဘုရားရဲ့ အတုမရှိတဲ့ သာသနာတော်ကြီး စည်ပင်ပွင့်လင်းအောင် ဆောင်ရွက်ပေတော့" ဟုဆိုကာ သားတော်ကိုပင် မင်းပြုစေ၏။

## ကွမ်းဆော်မင်း၏ သင်ခန်းစာ

သက္ကရာဇ်၄၀၆–ခုနှစ်မှစ၍ နော်ရထာမင်း မင်းပြုခဲ့၏။စားရေရိက္ခာအတွက် ချောင်းကန် ဆည်မြောင်းများကိုလည်း ဆည်ဖို့ခဲ့သည်။ မင်းဆက်ပေါင်း လေးဆယ်နီးပါး ဂိုဏ်းဘုန်းကြီးအရည်းကြီးများ၏ 'မဟာယာနဗုဒ္ဓဘာသာ' အမည်ခံ မိစ္ဆာဒိဋ္ဌိဝါဒဆိုးကြီး' လွှမ်းမိုးလာခဲ့သည်ကို သာသနာပြုရှင် အရဟံမထေရ်နှင့်တိုင်ပင်၍ ထေရဝါဒသာသနာစင်ကြယ်အောင် ဆောင် ရွက်တော်မူခဲ့၏။

ကွမ်းဆော်လုလင်သည် နတ်မ၍ သိကြားကူ၍သာ ဘုရင်ဖြစ်ရသည် ဟု မမှတ်သင့်။နတ်သိကြားကူမှုသည် အပရိကဖြစ်သည်။ ကွမ်းဆော်လုလင် ၏ ရှေးဘုန်းကံ မည်မျှကြီးမားသည်ကို ခန့်မြှော်နားလည်သင့်သည်။

ဂိုဏ်းဘုန်းကြီးများကိုချေမှုန်းကာ အရှေ့တောင်အာရှ တခွင်လုံး၌ 'ထေရဝါဒသာသနာမြန်မာပြည်'ဟု တကမ္ဘာလုံးက အားကိုး နိုင်လောက် အောင် ထေရဝါဒကို သူမတူမြှောက်စားခဲ့သော နော်ရထာမင်း၏ကျေးဇူး သည် အလွန်ကြီးမားလှ၏။ ယင်းသို့ဆိုသော် နော်ရထာ၏ ခမည်းတော် ကွမ်းဆော်လုလင်သည် အဘယ်မျှလျှင် ရှေးဘုန်းက သိမ်ငယ်သူ ဖြစ်ပါ လိမ့်မည်နည်း။

ကွမ်းဆော်သည် မမြင်ရသောရှေးကံကိုသာ အားကိုးနေသူမဟုတ်။ တတ်သိ နားလည်သော အရွယ်မှစ၍ သရဏဂုံငါးပါးသီလ စောင့်ထိန်းကာ အနုဿတိဆယ်ပါး ပွားများခြင်း စသည်ဖြင့် ရတနာသုံးပါး ကျေးဇူး ဂုဏ်ကိုအမြဲတမ်းအာရုံပြုသူဖြစ်သည်ကို တွေ့ခဲ့ရပြီ။ အရွယ်နှင့်မလိုက်သော လူသူတော်ကောင်းကလေး ပင်တည်း။

ထိုမျှသာလား၊ မဟုတ်ချေ။

မိဘကိုကောင်းမွန်စွာလုပ်ကျွေးသောသူလည်းဖြစ်သည်။ အရှင်သခင် ၏ အလုပ်ကို လေးစားကျိုးနွံစွာ သစ္စာရှိရှိ ကတိတည်တည်လုပ်၏။ ကိုယ် ပိုင်အလုပ်ကဲ့သို့ သဘောထား၏။ စည်းကမ်းကိုရိုသေ၏။ လူကြီးသူမတို့၏ စကားကိုနာယူ၏။ ရိုးသားဖြောင့်မတ်၏။ ထိုဟာသည်ပင် သီလဖြစ်သည်။

ထိုအရည်အချင်းများတွင် တခုနှစ်ခုထဲဖြင့်လည်း အရာရာ၌ အထွတ် အထိပ်သို့ရောက်နိုင်၏။ အထွတ်အထိပ်သို့ ရောက်နေသူများကို ချဉ်းကပ် လေ့လာလျှင် အနည်းဆုံး ထိုတခုကောင်းများကို တွေ့နိုင်သည်။

7.ဒုတိယအကြိမ်

ထိုမျှသာလား။ မဟုတ်သေး။ ဘာသာရေးကျင့်ဝတ်အရ မိမိပြုလုပ်သမျှ ကုသိုလ်အဖို့ကို မြို့စောင့်နတ်၊ တောစောင့်နတ်ကအစ နတ်များကို အမျှပေးဝေ၏။ တရားသဖြင့် ပသ၏။

## နတ်ချစ်ဆေး

မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ပါဠိလိပုတ်ပြည် တည်စဉ်က-

> "အကျင့်ရှိသော သူမြတ်တို့ထံ ဆည်းကပ် ကျွေးမွေးခြင်း၊ မြို့စောင့်နတ် စသည်တို့အား တရားသဖြင့် ပသခြင်း ပြုလုပ်သူအား နတ်တို့သည် ကျေးဇူးတုံ့ပြန်၍ စောင့်ရှောက်ကြ၏။သားသမီးကဲ့သို့ ချစ်မြတ်နိုးလာကြ၏။ (ဒေဝတာနု-ကမ္ပိတော ပေါသော၊ သဒါ ဘဒြာနိ ပဿတိ= နတ်ချစ်ခံရသူသည် ထာဝစဉ် အကောင်းချည်းသာ ဖြစ်ရတတ်သည်"ဟု ဟောတော်မူဘူး၏။

ကွမ်းဆော်လုလင်သည် အတိတ်ကံရော ပစ္စုပ္ပန်ကံပါ လုံလောက်သူ ဖြစ်သည်။ ရတနာသုံးပါး ကျေးဇူးဂုဏ်၏ အရည်အချင်းကောင်းတွေချည်း စုပုံနေသူ ဖြစ်၏။

ထိုသူမျိုးကို နတ်များ အဘယ့်ကြောင့် မမဘဲနေရဲကြပါမည်နည်း။

ထိုလူတော်လူကောင်းမျိုးသည် အဘယ်မှာ မကြီးပွား မတိုးတက်ဘဲ ရှိလေပါမည်နည်း။

ကွမ်းဆော်လုလင်က ထေရဝါဒသာသနာ၏ အားကိုးရာအစစ်ဖြစ်ပုံကို ကိုယ်နှင့်ရင်း၍ ပြခဲ့လေပြီ။

## လိုတိုင်းရ၊ တတိုင်းပြီးသော လူ့တန်ခိုး

စစ်စစ်မှန်မှန်ကျင့်သုံးသော ငါးပါးသီလတခုထဲဖြင့်ပင် လိုတိုင်းရ၊ တတိုင်းပြီးနိုင်၏။ သူဌေးဖြစ်လိုလျှင်ဖြစ်၏။ မင်းဖြစ်လိုလျှင်ဖြစ်၏။ နိဗ္ဗာန်ရလိုလျှင် ရ၏။

> "ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ"

"ရဟန်းတို့၊ သီလရှိသူသည်စင်ကြယ်နေသူဖြစ်သော ကြောင့် စိတ်တောင့်တတိုင်း ပြီးစီး၏။အလိုပြည့်သောတန်ခိုး ရှိ၏။"

"ဒကာတို့၊ သီလရှိသူသည် မမေ့လျော့မှု သတိ အကြောင်းခံသော စည်းစိမ်ဥစ္စာကို အစုလိုက် အပြုံလိုက် များစွာရနိုင်၏။"

"ရဟန်းတို့၊ ပစ္စည်းလေးပါး ပေါများလိုလျှင်၊ ချစ်ခင်လေးစား ကျော်ကြားလိုလျှင် သီလကိုသာ ကြိုးစား ဖြည့်ကြ။" စသည်ဖြင့် နေရာများစွာ၌ ဟောတော်မူသည်။

## လူကြီး လုပ်လိုသူများ

အရောင်းအဝယ်လုပ်သူ၊ လူကြီးလုပ်သူတို့သည် သီလကို ပို၍ကြိုးစားလိုက်နာ ထိုက်၏။

ဈေးရောင်းကြသောအခါ အလေးမှန် တောင်းမှန် ဈေးမှန် ပစ္စည်း မှန် ကတိခံရဲသော တခွန်းဆိုင်နှင့် ၎င်းထိုင်အပြောင်းကောင်း၊ ပကာသန ကောင်းရုံသာ ကောင်းသော ဆိုင်နှစ်ဆိုင်သည် ရေရှည်တွင် မိုးနှင့်မြေ ခြားနားသည်ကို တွေ့ကြရ၏။

"ဈေးရောင်းရင်တော့ မုသားမပါ၊ လက်ာမချော၊ သီလစောင့်ဘို့ မလွယ်ဘူး"ဟု ထင်တတ်ကြရာ လက်တွေ့ စမ်းကြည့်သင့်ကြ၏။ စမ်းပြီး သူတို့ ကြီးပွားနေကြပြီ။

သီလသည် ဤမျှ တန်ဘိုးရှိ၏။

လူတိုင်းလူတိုင်းအတွက် အလိုရှိသည်ကို ပေးနိုင်သည်မှာ သီလသာ ဖြစ်၏။ အခြားမရှိ။ သီလတန်ခိုးသည် ဣစ္ဆာသယ ရွှေအိုးကြီးပင်တည်း။

သီလသည် လိုချင်သည်ကို မည်သည့် အတိုင်းအတာအထိ ပေးစွမ်း နိုင်သနည်း။

ပဒေသာပင်၌ မိမိတို့လိုချင်တာကို သွား၍ဆွတ်ခူးနိုင်၏။ မရနိုင်တာ မရှိ။ ဣစ္ဆာသယပတ္တမြားရှိလျှင် စိတ်ထဲက တလိုက်တိုင်း မရသည်မရှိ၊ သီလရှိသူသည် 'ပဒေသာပင်'နှင့် 'ဣစ္ဆာသယပတ္တမြား' ရှိသူထက် အဆ ပေါင်းများစွာ သာလွန်သည်ဟု (စရိယာပိဋက အဋ္ဌကထာ၌) ပြဆိုထား၏။

ထိုမှတပါး သီလရှိသူသည် လူချစ်လူခင်ပေါများ၏။ လေးစားရိုသေခံရ၏။ စီးပွားဥစ္စာ အစုလိုက် အပြုံလိုက်ရ၏။ မည်သည့် ပရိသတ်၌မဆို (အပြစ်ကင်းမဲ့သူဖြစ်၍) ကျက်သရေနား၏။ တင့်တယ်၏။ ရဲတင်း၏။ သေသော်မှ မတွေမဝေ သေရ၏။ ကယောင်ကတမ်း မသေရ။ ချမ်းချမ်းသာသာ သေရ၏။ သေမင်းကိုပင် ရင်ဆိုင်ရဲ၏။

လောက၌ သိန်းပေါင်းများစွာ ချမ်းသာနေသူတဦး ကင်ဆာကဲ့သို့သော အနာရောဂါဖြစ်ရာ ခြေထောက် လက်တောက် ဖြတ်ပစ်ရမည့်အခြေအနေသို့ ရောက်လာ၏။ ရှိသမျှစည်းစိမ်ကို အကုန်ပေးလျှင် ခြေထောက် လက်ဘောက်မဖြတ်ဘဲ အနာပျောက်အောင် ကုသပေးနိုင်သည်ဆိုပါက ရှိသမျှစည်းစိမ် အကုန်ပေးနိုင်၏။ ဗဟိဒ္ဓရွှေငွေသည် တန်ဘိုးမရှိ။

သေလုမြောပါး ရောဂါဖြစ်နေသူတယောက် ခြေထောက် လက်ဘောက်ဖြတ်ပစ်နိုင်လျှင် အသက်ချမ်းသာရာရမည်ဆိုပါက အသက်ရှင်မှုကိုသာ အရယူမည်။ ခြေလက်အင်္ဂါ အရေးမကြီး။

## သီလနှင့် ရွှေငွေ

သီလ၏ တန်ဘိုးကိုသိမြင်၍ သီလကို မြတ်နိုးသူတယောက် သီလကို စောင့်ထိန်းသည့်အတွက် ရှိသမျှ ရွှေငွေ စည်းစိမ်ကို အကုန်ပေးရမည်ဟု ခြိမ်းခြောက်ခံရလျှင် ရှိသမျှရွှေငွေကိုသာပေးပစ်၏။ သီလမစောင့်ဘဲ မနေနိုင်။ ထို့ပြင်က ခြေလက်အင်္ဂါဖြတ်ပစ်မည်၊ အသက်ကိုပင် သတ်ပစ်မည်ဆိုသော်လည်း ဖြတ်လိုကဖြတ်၊ သတ်လိုကသတ်။ သီလကိုမူ မစောင့်ဘဲ မနေ။ သီလကို အသေမခံ။

သီလ၏တန်ဘိုးကို သိသူများက ဤသို့ပင် ခံယူကြ၏။ အသက်အိုးအိမ် စည်းစိမ်နှင့်ပင် လဲနိုင်ကြသည်။

လက်တွေ့စမ်းကြည့်သူတိုင်း သဘောပေါက်နေကြ၏။ 'သီလစောင့်မှ အူမတောင့်သည်' ကိုလည်း ကိုယ်တွေ့ မြင်နေကြပြီ။

# နှုတ်တက်ဆောင်ရန်

(ငါးပါးသီလခံယူပုံကို အထူးမရေးတော့ပြီ။ အောက်ပါအနက်အဓိပ္ပာယ်များကိုသာ အာဂုံနှုတ်တက်ရအောင် ကျက်မှတ်ကြပါလေ။)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အရဟတော=ကိလေသာ အပူခပ်သိမ်း၊ ကင်းငြိမ်းစင်ဖြူ၍ ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊

သမ္မာသမ္ဗုဒ္ဓဿ=သိစရာ မှန်သမျှကို တစမကျန်မခြွင်းချန်ဘဲ အမှန်အတိုင်းသာ ဆရာမလို ကိုယ်တော်တိုင်သိတော်မူသော၊

တဿ ဘဂဝတော=ကမ္ဘာ့မြေမိုး၊ ဖြန်းဖြန်းကြိုးမျှ ဘုန်းတန်ခိုးကျက်သရေ သပ္ပာယ်တော် မူပါပေသော ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးအား၊

(အဟံ=ကျွန်ုပ်သည်၊)

နမော=ဘေးရန်ကင်းဝေး၊လာဘ်ရရေးနှင့်၊ ရှေးရိုးလုပ်စဉ်၊ပယ်ရှောင်ကြဉ်၍၊ဂုဏ်အင်အနန္တ၊ ရည်မှန်းဆလျက်တုပ်ကွရိုကျိုး၊လက်စုံမိုး၍၊ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

ဘေးရန်ကင်းအောင်၊ စီးပွားအာဏာရာထူးတက်အောင် ရှိခိုးခြင်း၊ ကိုးကွယ်ခြင်းမဟုတ်ပါ။ မိဘ ဘိုးဘေး ရှေးရိုးထုံးစံရှိ၍ ရှိခိုးခြင်းလည်းမဟုတ်ပါ။ ဘုရားရှင် ကျင့်ကြံပွားများသော တရားဂုဏ်၊အသိဉာဏ်တော်၊ တန်ခိုးတော်၊ ကျေးဇူးတော်တို့ကို စိတ်ထဲက ရည်မှန်း၍ ရှိခိုးပါသည်ဟု ဆိုလိုသည်။ ထိုသို့ ရည်ရွယ်၍ ကိုးကွယ် ဆည်းကပ်မှသာလျှင် အကျိုးကျေးဇူး ပို၍များသည်။ (ဘုရားရှင်၏ ကျေးဇူးကြီးမားပုံကိုသိရန် ဗုဒ္ဓဝင်ကိုဖတ်။ တရားစာများများကျက်ပါ။ တရားရှုမှတ်ပါ။)

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
သူတပါး အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ် ပါမည် အရှင်ဘုရား။

---
7.ဒုတိယအကြိမ်

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
သူတပါး ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါမည် အရှင်ဘုရား။ (အဒိန္န—ဟုမဆိုနှင့်။ အဒိန္နာ—ဟု ပီအောင်ဆို။)

၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
သူတပါး သားမယားကို ပြစ်မှား ကျူးလွန်ခြင်းမှ ရှောင်ကြဉ် ပါမည် အရှင်ဘုရား။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
မဟုတ်မှန် လိမ်လည်ဝါကြွား ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါမည် အရှင်ဘုရား။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
မူးယစ်ထိုင်းမှိုင်း မေ့လျော့ စေတတ်သော သေရည်သေရက် ဘိန်းဘင်း ကစော် စသည်ကို သောက်စားခြင်းမှ ရှောင်ကြဉ်ပါမည် အရှင်ဘုရား။

## မိဖုရားစောလုံ

ပုဂံပြည်တွင် သက္ကရာဇ် ၆၁၇-ခုနှစ်က 'နရသီဟပတေ့' ခေါ်သော မင်း မင်းပြုသည်။ ပုဂံရာဇဝင်တွင် နောက်ဆုံးမင်းဖြစ်၏။ သူ့လက်ထက်၌ ပုဂံပြည်ကြီး အကြွင်းမဲ့ ပျက်စီးခဲ့ရသည်။ 'သူ့ကို မင်းခွေးချေးဟုရင်း၊ တရုတ်ပြေးမင်းဟုရင်း ခေါ်၏။

ထိုမင်းသည် လွန်စွာ ဒေါသကြီး၏။ လောဘလည်းကြီး၏။ ကျေးဇူးကန်း၏၊ ကြမ်းကြုတ်ရက်စက်၏။ အသိဥာဏ် အဆင်အခြင် ကင်းမဲ့၏။ 'မိဖုရားစော' ကသာ အရာရာတွင် ပြောဆို ဖျောင်းဖျ၍ ညွှန်ပြနေရသည်။

ထိုမင်းသည် စက်တော်ခေါ်ရာမှ နိုးတိုင်း အနီးအနားမှ တွေ့ကရာကို ကောက်ယူ၍ မောင်းမငယ်ကလေးများကို ပစ်ခတ်လေ့ရှိသည်။ ဤကဲ့သို့ လုပ်ရမှ စိတ်ပြေတတ်၏။

### ခရမ်းသီးအစ

ထို့ကြောင့် သူ့အနီးအနား၌ ဓားလှံ၊လက်နက်များမထားစံ့၊ လုမ္မနီသီးများကို ချထားပေးရန် မိဖုရားကြီး မိဖုရားစောက စီစဉ် ထားရသည်။ အိပ်ရာကနိုးလျှင် လုမ္မနီသီးများဖြင့် တွေ့ကရာလှမ်း၍ ပစ်ခတ်ရာ တနေ့တွင် မောင်းမငယ်တဦး ခါးထိမှန်၍ နာလှသဖြင့် ခါးကို ရမ်း၍ကော့၍ ထွက်ပြေးသွားရရှာ၏။ ထိုအခါမှစ၍'ခါးရမ်းသီး,ခရမ်းသီး'ဟု ခေါ်တွင်သတဲ့။

ထိုမင်းသည် ကျန်းမာရေး ကောင်းသူဖြစ်၍ ချေဆတ် သမ်းဝေခြင်းပင်မရှိ။ ထို့ကြောင့် သူ့ရှေ့တော်တွင် ချေဆတ် သမ်းဝေ သည်ကို မကြိုက်။ အမျက်ရှတော်မူ၏။ တနေ့တွင် မောင်းမငယ်တဦး ရှေ့တော်တွင် ချေဆတ်လိုသည်ကို မအောင့်နိုင်သဖြင့် မင်းကြီးမကြားအောင်အိုးတလုံး၌ ငုံ့၍ ချေဆတ်မိရာ ပို၍ အသံမြည်သွား၏။

ထိုအခါ မင်းကြီးက ပျာပျာသလဲဖြစ်ကာ "ဘာလဲ-ဘာလဲ" ဟု မေးတော်မူရာ အနီးတွင်ရှိသော မိဖုရားစောက-

''အရှင်မင်းကြီးသာ ကျန်းမာလို့ ချေတာသမ်းတာ မဖြစ်တာပါ။ အခြားသူများမှာ ဝမ်းထဲမှာ အပူအအေး မမျှတတဲ့အခါ ချေကြသမ်းကြရပါတယ်''ဟု သံတော်ဦးတင်လျှင်–

''ငါကိုယ်တော်မြတ် ရှေးအခါက မသိ၍ အမျက်ထွက်ခဲ့မိတယ်''ဟု ဆိုကာအပြစ်မယူခဲ့ပေ။

ထိုမင်းသည် မိမိကို နန်းတင်ပေးခဲ့သူ ရာဇသင်္ကြံ အမတ်ကြီးကိုပင် ရာထူးချကာ ဒလသို့နှင်၍ ကျေးဇူးရှင်ကိုပင် ကျေးစွပ်သူဖြစ်၏။

## သနားစရာ စောလုံ

ထိုသို့သော အသိဉာဏ်မဲ့သူ မင်းဆိုး မင်းညစ်ထံ၌ ကိုယ်လုပ်မောင်းမငယ်အဖြစ် ခစားရရှာသောစောလုံ၏ ဘဝကား သနားစရာ ကောင်းလှပေ၏။ စောလုံကား ရည်မွန်လှပ၏။ သိမ်မွေ့၏။ ပိရိသေဝပ်၍ ရတနာသုံးပါးကို ဆည်းကပ် ကြည်ညိုလေ့ ရှိသူကလေး ဖြစ်သည်။ အရှက် အကြောက်ကြီးသူပီပီ ရိုသေကျိုးနွံစွာ တုပ်ဝပ်ခစားလေ့ရှိ၏။ အခြား ကိုယ်လုပ်တော်များကဲ့သို့ ပြုံးရွှင်ပျူငှာ မာယာ ပရိယာယ် မကြွယ်လှ။

အကျီစား သန်လှသော မင်းကြီးကလည်း ထစ်ခနဲရှိ ဣန္ဒြေကြီးလှသော စောလုံကိုသာ စ,လေ့ရှိသည်။ စောလုံ၏ ဘဝတူ မောင်းမငယ်ကလေးများမှာ စောနန်း၊ရှင်ဖား၊ရှင်မောက် ရှင်ဇွန်တို့ဖြစ်ကြ၏။ မင်းကြီးကား စောလုံကို အချစ်ဆုံး။

နှစ်စဉ် သင်္ကြန်အခါသို့ရောက်တိုင်း စောလုံအကြောင်းသည် အသစ်အသစ်ဖြစ်၍လာ၏။ တနည်းအားဖြင့် သင်္ကြန်ကျတိုင်း စောလုံက သင်ခန်းစာပေးနေခဲ့သည်။ သို့ရာတွင် သူပေးသော သင်ခန်းစာကို ''အကျီစားသန်ကရန်ဖြစ်ရသည်''ဟုသာ အများအားဖြင့် နားလည်နေကြ၏။

စင်စစ် စောလုံ အသက်နှင့်လဲ၍ပေးခဲ့သော သင်ခန်းစာကား ဤမျှမက။ စောလုံကား သေမင်းကို အန်တုရဲသော ဘုရားသမီးတော် ကလေး။

နရသီဟပတေ့ မင်းကြီးသည် နွေရာသီသို့ရောက်တိုင်း နန်းတော်မှ ဧရာဝတီမြစ်ဆိပ် အထိ တဲတန်းလျားကြီး ဆောက်စေ၍ အလုံ ကာရံထား ရ၏။ မြစ်ဆိပ်၌ ယာယီတဲကြီးထိုးကာ နွေရာသီ စံနန်းတော်အဖြစ် ပြုလုပ်

နေလေ့ရှိသည်။ မိဖုရား မောင်းမငယ်တို့နှင့် အတူ ဧရာဝတီ မြစ်ကမ်းတွင် ရေပက်ဖျန်း ကစားလေ့ရှိ၏။

တနေ့သောအခါ မင်းကြီးက မောင်းမငယ်တဦးအား အတွင်းကျိတ်မှာထား၍ တပျော်တပါး ရေကစားကြရာ– "ဟဲ့....၊ စောလုံ ကလေးကို မပက်ကြပါနှင့်"ဟုဆိုကာ မင်းကြီးကစ၍ပက်၏။ မောင်းမငယ် များကလည်း တယောက်ပြီး တယောက် ဝိုင်း၍ပက်ကြသည်' စောလုံကလေးကား ဘယ်ဘက်မျက်နှာလှည့်ရမှန်းမသိ။တကိုယ်လုံးဆံပင်များပါ ရွှဲရွှဲစိုကာငယ်သံပါအောင် ဟောင်းပန်ရှာ၏။ မရချေ။ ရေများ တဒွိုးဒွိုး မှန်တော့သည်။

## ဘဝတူများ၏ အငြိုးအငြင်

"ဟဲ့....ဟဲ့....တော်ကြပါတော့" ဟု ပြောဆိုကာ မင်းကြီးကပင်ထပ်၍ ပက်ပြန်၏။ စောလုံခမျာ မျက်နှာကို လက်ဝါးနှင့်အုပ်ပြီးငိုရှာလေတော့သည်။ ဘဝတူ မောင်းမငယ်များအား မျက်စောင်း တချက်ထိုးပြီး ကမ်းပေါ်တက်သွားသည်။ မင်းကြီးကား ခနဲ့ပြုံး ပြုံး၍ ကြည့်နေ၏။ စောလုံကဲ ကမ်းပေါ် ရောက်လျှင် ဆံပင်မှ ရေများ ညှစ်လိုက်သည်။ အသားဆတ်ဆတ်တုန်ကာ ပါးစပ်က ပွစိပွစိ ရေရွတ်ရင်း သက်ပြင်းကြီးများချလျက် ဒေါသထွက်နေတော့၏။

မကြာမီ ရက်အတွင်း နရသီဟပတေ့မင်းကြီးသည် ပွဲတော်ဆောင်တွင် ပွဲတော်တည်ရန် (ထမင်းစားရန်)စားတော်ပွဲရှေ့၌ထိုင်လျက် ဟင်းခွက်များကို ကြည့်ရှုနေသည်။

အစားကြူးသော မင်းဖြစ်သည့်အတိုင်း ဟင်းခွက် ဟင်းရံပေါင်းများစွာ ပွဲတော်တည်လေ့ရှိ၏။ (တရုတ်ရန်ကြောင့် ပုသိမ်မြို့သို့ ထွက်ပြေးရစဉ် ဟင်းခွက်သုံးရာမျှသာ ပွဲတော်တည်ရ၍ ဝမ်းနည်းပက်လက် မျက်ရည်ကျရှာသတဲ့။)

မင်းကြီးသည် ပွဲတော်တည်ခါနီးတွင် ပွဲတော်ဆောင် အောက်မှ ခွေးချေဆတ်သံကို ကြားရသဖြင့် နိမိတ်မကောင်းဟု ယူဆကာ စားတော်မခေါ်သေးဘဲ စိတ်တထင့်ထင့် ရှိနေ၍ ဟင်းတတုံးကိုယူကာ ကြမ်းပေါက်မှ အောက်သို့ချလိုက်သည်။ ခဏမျှ စောင့်ကြည့်နေရာ အသားတုံးကိုဝမ်းသာ အားရ စားမိသော ထိုခွေးမှာ ရုတ်တရက် ပစ်လဲသေသွား၏။

မင်းကြီးသည် အမျက်ခြောင်းခြောင်းထွက်၍ ပွဲတော်စာ မတည်တော့ဘဲ သန်လျက်ကို ထဆွဲကာ ပွဲတော်ဆောင် အမှုထမ်းများအားလုံး ဆင့်ခေါ်ကြိမ်းမောင်း၏။ စစ်ဆေး မေးမြန်းသောအခါ စားတော်ပွဲ၌ အဆိပ်ခတ်သူမှာ အခြားသူမဟုတ်။ စောလုံ။

မင်းကြီးသည် စောလုံအား စိမ်းစိမ်းဝါးဝါး မျက်ထောင့်နီကြီးဖြင့် ကြည့်ကာ–

"သယ်-အယုတ်မ၊ အကြံပက်စက်သမျှ အကြောင်းစုံ သံတော်ဦးတင်စမ်း"ဟု ဝါးစားမတတ် ခက်ထန်ကြမ်းကြုတ်စွာ ကြိမ်းမောင်းစစ်မေးလေ၏။

စောလုံကား အနည်းငယ်မျှ ထိတ်လန့်ခြင်းမရှိ။

"ဟယ်-ပန်းပွတ်သည်မြေး၊ နင် ငါ့ကိုရောဝတီမြစ်ထဲ လူပုံအလယ်မှာ အရှက်ခွဲခဲ့တာ မေ့နေပြီလား"ဟု စောလုံက မျိုးရိုးဗီဇ ငယ်ကျိုးငယ်နာပါဖော်၍ မချေမငံပြောလိုက်ရာ ပို၍ အမျက်ထွက်သွား၏။ မင်းကြီးမယ်တော်ကား မြစ်သာရွာသူ ပန်းပွတ်သည်၏ သမီးဖြစ်သည်။

"သင်ပေးမယ့် အပြစ်ကို ငါမကြောက်လို့ကြံတာ။ ပေးချင်တဲ့အပြစ်ကိုပေး၊ ငါခံမယ်"ဟုပင် စောလုံက ပမာမခန့် ပြောလိုက်ရာ မင်းကြီးက–

"မိန်းမယုတ်စောလုံအား သံကျပ်စင်၌ ကျပ်တင်၍ ဖိုကျင်ထိုးသတ်စေ"ဟု အမိန့်တော်ချလိုက်သည်။

## အချစ်ကြီး၍ အမျက်ကြီး

အဆင်ခြင်ဉာဏ်ကင်းသော မင်းကြီးနှင့်အချစ်ကြီး၍အမျက်ကြီး၊ကျီစယ်သည်ကို သည်းမခံနိုင်ရှာသော စောလုံ။ တချိန်က ကြည်နူးရွှင်လန်း ရယ်သွမ်းသွေး၍ အသက်ပေးချစ်သူနှစ်ဦးတို့၏ စကားများသည် မေတ္တာအစေးခြောက်၍ ကြောက်လန့်ဘွယ် ဖြစ်တော့သည်။

အာဏာပါးကွက်သား မင်းချင်းယောကျ်ားတို့သည် စောလုံအတွက် ဖိုစင်ဆောက်ကြရ၏။ ထိုအခါ စောလုံသည် "သေရမဲ့ဘေးကား ပြေး၍ မလွတ်နိုင်"ဟု စဉ်းစားကာ ဘုရား၌ ပန်းရေချမ်းကပ်၍ သရဏဂုံ သီလယူခြင်း၊ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တို့ကို နှလုံးသွင်းခြင်းဖြင့်သာ သေမင်းကို ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်တော့သည်။

ဖိုစင်သောက်သူများအားလည်း ခုနစ်ရက်ခန့် အချိန်ယူပြီး သောက် လုပ်စေရန် ငွေများ လာဘ်ထိုးထား၏။ စိတ်ဟိုင်းကျ ဂုဏ်သော် ပွား များခွင့်ရရန် ဖြစ်သည်။

ခုနစ်ရက် ကြာသောအခါ စောလုံ၏ မျက်နှာကို ပုဝါစည်းကာ လက်ပြန်ကြိုးတုပ်၍ သင်းချိုင်းသို့ ထုတ်ခေါ်လာကြသည်။

သူသတ်သမား အာဏာသားပို့သည် သံကျပ်စင်ထက်၌ သံပြားကြီး ကို မီးရဲရဲညီအောင် အောက်ခြေ၌ မီးသွေးများတွင်တွင်ထည့်၍အားကြိုးသန် လေဖိုထိုးကြရ၏။ မတ်တတ်ဖားဖို နှစ်ခုမှ တရှူးရှူးတရှဲရှဲ မြည်သံနှင့် မီးတောက်မီးဖွားများ တဖျစ်ဖျစ် တဖျောက်ဖျောက် မြည်သံများမှာ ကြောက်လန့်ဘွယ်ကောင်းလှသည်။ စောလုံကား ဘုရားဂုဏ်ကိုသာ အာရုံ ပြုနေ၏။

သံကျပ်စင်အပေါ်ရှိ သံပြားကြီးတချပ်လုံး မီးရဲရဲညီ၍ မီးကျီးမီးပြား ကြီးဖြစ်သွားရာ သံတွေမီးခဲပြားကြီးမှာ ပိုန်လိုက်လင်းလိုက် ဖြစ်နေ၏။ အားကောင်းမောင်းသန်သော သူသတ်သမားကြီးနှစ်ဦးသည် ဆံပင်ဖား လျားချ၍ ကြိုးတုပ် ချည်နှောင်ထားသော စောလုံအား ဟာဖက်တယောက် မ,ကိုင်ကာ မီးရဲနေသော သံပြားကြီးပေါ်သို့ မ,တင်၍ တွန်းလှဲပစ်ချလိုက် ကြသည်။

## သံကျပ်စင်ပေါ်က စောလုံ

သူသတ်သမားကြီးများပင် လက်တကမ်းအတွင်း၌ မနေနိုင်အောင် မီးရှိန် များဟပ်၍နေတော့သည်။ သံကျပ်စင်ပေါ်သို့ စောလုံ ရောက်သွားသည် နှင့် မီးရဲရဲညီနေသော သံပြားကြီးမှာ ရုတ်တရက် အံ့သြလောက်အောင် မီးငြိမ်းသွား၏။ ဖားဖိုထိုးသူလည်း အားကုန်ထုတ်၍ ထိုးစေကာမူ ဖားဖို အောက်ခြေရှိ မီးသွေးများပင် မီးငြိမ်းသွားသည်။

'တောင်ထိပ်ကြာပေါက်၊ အနောက်နေထွက်' ဆိုသကဲ့သို့ မြင်ရသော ယုံရသည် မကြုံစဘူး အထူးအဆန်းဖြစ်ကာ အံ့အားသင့်ကုန်ကြသည်။ အကြိမ်ကြိမ်မီးမွှေး၍ ကြိုးစားကြသော်လည်း မရ။

စောလုံကမူ သံပြားပေါ်၌ ချထားသည့်အတိုင်း တုံးလုံးကလေး မှေးစက်နေရင်း—

"အရဟံ=ကိလေသာအပူခပ်သိမ်းကင်းငြိမ်းစင်ဖြူ၍ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

သမ္မာ သမ္ဗုဒ္ဓေါ= သိစရာမှန်သမျှကို တစ,မကျန် မခြွင်းချန်ဘဲ အမှန်အတိုင်းသာ ဆရာမလို ကိုယ်တော်တိုင် သိတော်မူသောမြတ်စွာဘုရား"

ရတနာသုံးပါးဂုဏ်တော်များကို တခုပြီးတခု အာရုံပြုပွားများနေ၏။

ဘုရားရှင်၏ ဘဝဖြစ်စဉ်(ဗုဒ္ဓဝင်)ဇာတ်ကြောင်းကိုလည်း နှလုံးသွင်းစဉ်းစားသည့်အခါ စဉ်းစားနေ၏။

သူသတ်သမားတို့သည် အကြိမ်ကြိမ်ကြိုးစား၍ မီးမွှေးကြသော်လည်း မရ၍ နောက်ဆုံးတွင် စောလုံကို သံကျပ်စင်ပေါ်မှ ဆွဲချကာ မီးမွှေးကြသည်။ မီးများ မူလကအတိုင်း ပြန်တောက်လာ၏။ သံပြားကြီးလည်း ချင်းချင်းနီရဲ၍ လာတော့သည်။

သူသတ်သမားများက စောလုံအား သံကျပ်စင်ပေါ်သို့ တခါထပ်၍ တင်ကြပြန်၏။ စောလုံမှာမူ ဂုဏ်တော်ပွားမြဲ။ စောလုံ အပေါ်ရောက်သွားသည်နှင့် သံကျပ်စင်မှာ မီးငြိမ်းသွားပြန်၏။

သူသတ်သမားများ မစဉ်းစားတတ်အောင် ရှိနေ၏။ စောလုံကိုပင် ကြောက်ရွံ့လာကြသည်။ ရှိခိုး၍ပင် တောင်းပန်ကြရှာ၏။

"အမိန့်တော်အရ ဆောင်ရွက်ရပါသည်ကို သခင်မခွင့်လွှတ်ပါဘို့"

"အမောင်တို့ ဝတ္တရားရှိသော အလျောက် ဆောင်ရွက်ပါလေ။ ငါအပြစ်မယူ"

## ကြမ္မာဝဋ်ကြွေး ပြေးမလွတ်

စောလုံအားအောက်သို့ပြန်ချ၍မီးမွှေးကြပြန်၏။မီးရဲလာသောအခါသုံးကြိမ်မြောက်သံကျပ်စင်ပေါ်သို့တင်ကြပြန်သည်။ဤတမျှမီးငြိမ်း သွားပြီးနောက်–

"ငါသည် ဤကြမ္မာဝဋ်က လွတ်မြောက်ရန်မရှိပါက ဤခန္ဓာ ကိုယ်သည် ချက်ခြင်း ပြာအတိကျပါစေသား"

စောလုံသည် စိတ်ကိုလျှော့၍ အဓိဋ္ဌာန်လိုက်သည်။ သံကျပ် စင်၌ မီးများရဲရဲညီလာကာ စောလုံလည်းတွန့်လိမ်ကျုံ့ခြစ်၍ ပြာအတိဖြစ်ရရှာလေ၏။

ထိုအကြောင်းမင်းကြီးကြားသိလေသောအခါ ယူကြုံးမရ နောင်တကြီးစွာ ဖြစ်လေ၏။ ကယောင်ကတမ်းမြည်တမ်းရေရွတ်ကာ "စောလုံငါ့ကို ကယ်လှဲ့ပါ။ စောလုံငါ့ကိုကယ်လှဲ့ပါ" ဟု တဖျစ်ဘောက်ဘောက် ဖြစ်ရလေ၏။

"နောင်အခါ ငါက သေစေဆိုသော်လည်း ၁၀-ရက်။ ၁၅-ရက် အချိန်ဆွဲ၍စစ်မေးစောကြောကြရမည်။ သေတန်မှသေပစေ" ဟု ဦးရီးတော်သိမ္မစည်းအား မှာကြားတော်မူသတဲ့။အချိန်နှောင်းလေပြီ။

ထိုမင်းသည် အဆင်ခြင် အသိညာဏ်ပညာ ခေါင်းပါးလှသဖြင့် တိုင်းပြည်လည်း ချောက်ချား၏။အစာရေစာလည်း ငတ်မွတ်ဆွံ့ရှား၏။ အကျီစားသန်လှသောကြောင့်လည်း သားတော်ငယ်'သိဟသူ'က အစာ၌အဆိပ်ခတ်သတ်၍ သေလွန်ရရှာသည်။

## တရားစွမ်းအင်

တေတု စိတ္တပ္ပသာဒေါပိ၊
ဒုက္ခတော ပရိမောစယေ။
ပဂေဝ ါ နုကိရိယာ တေသံ၊
ဓမ္မသာ အနုဓမ္မတော။

ရတနာသုံးပါးတို့အပေါ်၌ ကြည်ညိုစိတ်ဖြင့်ကာမျှဖြင့် ဒုက္ခအမျိုးမျိုးမှ လွတ်မြောက်စေနိုင်ပါပေ၏။

သူတော်ကောင်းတို့၏ တရားလမ်းစဉ်အတိုင်း အတုလိုက်၍ကျင့်ကြံနိုင်ပါမူကား ဆိုဘွယ်ရာမရှိတော့ပြီ။

(စရိယာပိဋက)

# ပုဒ္ဓေါ မောင်နီ

ဒုတိယကမ္ဘာစစ် မတိုင်မီက ဖြစ်၏။

မောင်နီကား အရက်သမား ဖြစ်သည်။ သူ၏ ဦးလေးကား မစိုးရိမ်ဆရာတော် ဘုရားကြီး ဖြစ်၏၊ဆုံးမရခက်သဖြင့်–

"မင်းငါ့တူလို့ မပြောနဲ့။ ငါ့ကျောင်းလဲ မလာနဲ့"ဟု အမိန့်ထုတ်ထား၏။

"အရက်သောက်တဲ့လူ မလုပ်ရဲတဲ့ အကုသိုလ်မရှိတော့ဘူးကွ။ သတ်ဘို့ကြုံရင် သတ်မှာဘဲ။ ခိုးဘို့ကြုံလဲခိုးမှာဘဲ။ကဲ–မင်းအရက်ကို ဖြတ်မလား၊ ငါ့ကိုဖြတ်မလား၊ ကြိုက်ရာတခုခု ဖြတ်ရုံဘဲ"

ထိုအချိန်မှစ၍ မောင်နီတယောက် မစိုးရိမ်ကျောင်းတိုက်သို့ ခြေဦးမလှည့်ရဲတော့ပေ။ မောင်နီနေသောရွာမှာ မန္တလေးမြို့အနောက် ဧရာဝတီမြစ်ဘွင်းမှ ဟင်းရွက်စုရွာကလေးဖြစ်သည်။

တနေ့၊ဆရာတော်၏ထံသို့ မောင်နီ၏ အမကြီးရောက်လာ၏။ မျက်ရည်စက်လက်နှင့် ဆရာတော်ကို လျှောက်သည်။

"မောင်နီတော့ ရွာကဘုရားပွဲမှာ လူသတ်မှုနဲ့ အချုပ်ခံနေရတယ်ဖရာ့။ သူ့မေးတော့ သူသတ်တာမဟုတ်ဘူးလို့ပြောပါတယ်"

"ဟဲ့....သူ့ဟာသူ လူသတ်လို့၊မိုက်လို့ အချုပ်ခံရတာ၊ ထောင်ကျတာ ငါဘာတတ်နိုင်မှာလဲ၊ ရိုးရိုးသားသား လုပ်ကိုင် စားသောက်လို့ မရှိရင်လဲ ငါကပေးတန် ပေးရလေသေးရဲ့။မသိလဲ သိအောင် ဆုံးမရလေရဲ့။ သူ့အကြောင်း ငါ့လာမပြောနဲ့။ငါ့တာဝန်ကုန်ပြီ။ ငါလဲမတတ်နိုင်ဘူး"

ဆရာတော်၏ တူမလည်း အားကိုးရာမရ။ငိုယို၍ပင်ပြန်သွားရ၏။

မကြာမီ မောင်နီအား လူသတ်မှုဖြင့် သေဒဏ်ကြိုးပေးရန် အမိန့်ချလိုက်သည်။:

ထိုအမိန့်ကို ကြားရသည်နှင့်တပြိုင်နက် မောင်နီသည် ဂုတ်ကျိုးကျကာ မေ့မြောသွားသည်။ တဆွေတမျိုးလုံး ယူကျုံးမရ၊ အားကိုးရာမဲ့ဖြစ်သွားကြ၏။

အမလုပ်သူသည် မိမိမောင်အတွက် ထောင်ကြီး ချုပ်သို့ သွားကာ ထမင်းပို့ပေးရသည်။ထမင်းပို့လာသူအမထံမောင်နီသည်တရွေ့ရွေ့ လှမ်း၍လာနေ၏။ သံတိုင်အပြင်မှ ထမင်းထုပ်ဖြင့်စောင့်နေသောအမမှာ မောင်နီကို မြင်ရသည်နှင့် ချုံးပွဲချ ငိုလိုက်၏။ဣန္ဒြေ မဆည်နိုင်ရှာတော့ပေ။

ကြိုးမိန့်ချ၍ နှစ်ရက်မျှသာ ရှိသေး၏။ မောင်နီမှာ သိသိသာသာကြီး ချုံးကျသွားကာ သေရုပ်ပေါက်နေတော့သည်။ ကြိုးပေးရန် တပတ်ခန့် လိုသေးရာ ကြိုးမပေးမီပင် သေမည်လားဟု ထင်ရ၏။ အစားအစာလည်း မဝင်၊ အားအင်လည်း မရှိ။

သံတိုင်ပေါက်သို့ ရောက်လာသောအခါ အမလှမ်းပေးသည့် ထမင်းထုပ်ကို မယူအား၊ အမလည်ပင်းကိုသာ လှမ်း၍ဖက်ကာ ရှိုက်ကြီးတငင် ငိုလေတော့၏။ သူတို့တွင် အခြားသားချင်းလည်း မရှိ။ မိဘလည်းမရှိ၊ အမတခု၊ မောင်တခု။

"အမ၊ ကျွန်တော် မိဘတွေဆုံးမခဲ့ဘာ၊ဦးလေးရော၊ အမရော ဆုံးမတာတွေ နားမထောင်ခဲ့မိလို့"

## နောင်မှတသည့်နောင်တ

မောင်နီတယောက် နောင်တကြီးစွာ ဖြစ်နေ၏။ အမလည်းကူ၍ ငိုရုံမှတပါး အခြားဘာမှ မတတ်နိုင်တော့ပြီ။

"အမ၊ ဒီထမင်းထုပ်လဲ ပြန်ယူသွားပါတော့။ ကျွန်တော် စားလို့လဲ မရတော့ပါဘူး"

"အမ ကျွန်တော့်ကို ဘုရားရှိခိုး ပုတီးစိပ် သင်ပေးပါ အမရယ်။ နက်ဖြန်ခါလဲ ထမင်း မယူခဲ့ပါနှင့်။ စိပ်ပုတီးတကုံးသာ ယူခဲ့ပါ"

မောင်နီသည် ငယ်စဉ်က စာသင်ကြားခဲ့သော်လည်း သရဏဂုံ ငါးပါးသီလမျှကိုပင် ရေရေလည်လည် နားလည်ကျင့်သုံးခြင်း မရှိခဲ့။ ဘုရားရှိခိုးခြင်း ပုတီးစိပ်ခြင်းမှာ အဖိုးအို အဖွားအိုများ အလုပ်ဟုသာ ထင်ခဲ့၏။ နေ့ရှိသမျှ ရွာရိုးလျှောက် သောက်စား ပေတေလာခဲ့သူ ဖြစ်သည်။

သူ့ကို သင်ပေးရန် အမလုပ်သူမှာလည်း စာက မတတ်။

အမသည်း ကြံရာမရ နောက်တရက်တွင် ပုတီးတကုံး ယူသွား၏။

"မောင်လေး၊ ရော့ ဒီပုတီးစိပ်၊ အမလဲ စာမတတ်တော့ ဘုရားရှိခိုး ဘယ်ရမလဲ မောင်လေး။ မောင်လေးကျောင်းနေတုန်းက ဘုရားစာတွေ ပြန်ပြီး ဆိုကြည့်ပေါ့"

အမ မပြောမီကပင် မောင်နီ နေ့ရောညပါ ဆိုကြည့်၏။ တခုမျှ အမြီး အမောက်တွဲ အောင်ဆို၍မရ။ ကျောင်းစာများ ကျောင်းသို့ ပြန်ကုန်ကြ၏။

---

၆.ဒုတိယအကြိမ်

"အမတို့ အမေနဲ့ ဥပုသ်စောင့်ရတုန်းက ဘုန်းကြီးက ဟောတယ်။ ဘုရားကို စိတ်ထဲကမှန်းပြီး 'ဗုဒ္ဓေါ'လို့ ပါးစပ်က တခွန်းဆိုပြီး ပုတီးတလုံးချ။ အဲဒါ ပုတီးစိပ်တာဘဲတဲ့"

## နောင်တ၏ နောက်ဝယ်

မောင်နီသည် ပုတီးကိုသာ ယူလိုက်ပြီး ထမင်းထုပ်ကို ပြန်ပေးလိုက်၏။ ထောင်ကြီးချုပ်တွင် အစာကိုပင် မစားတော့ဘဲ ဘုရားဦးချလိုက် 'ဗုဒ္ဓေါ ဗုဒ္ဓေါ' ပုတီးစိပ်လိုက်နှင့် အချိန်များ ကုန်လွန်ခဲ့လာ၏။

ဘုရားရှိခိုး စာများလည်း တခုမျှ ဟန်ရပန်ရ မရှိ။ ကဘောက်တိ ကဘောက်ချာဖြစ်နေသဖြင့် ပါးစပ်က အသံထွက်၍ ရှိမခိုးရဲ။ ဘုရားကို စိတ်ထဲက မှန်းပြီး ပုတီးစိပ်သော်လည်း ပထမတွင် ပါးစပ်နှင့်လက် အံမကိုက်။ ရင်ထဲတွင် တလှိုက်လှိုက်ဂယက်ထကာ လည်ပင်းကို စွပ်၍ သတ်မည့် ကြိုးစင်နှင့် ကြိုးကွင်းကြီးကသာ မျက်စိထဲ ဝဲနေတော့သည်။ မျက်ရည်ကျလိုက် သက်ပြင်းချလိုက်နှင့် ကြိုးစားပြီး စိပ်နေရ၏။

မကြာမီ မောင်နီအမှု တရားရုံး၌ အယူခံတက်၏။

ထိုစဉ်က တရားရုံးချုပ်၌ တာဝန်ယူရသည်မှာ (မကြာမီကကွယ်လွန်သွားသော) တရားသူကြီး ဦးသိမ်းမောင်ဖြစ်သည်။ ထိုစဉ်က ပါဠိပထမပြန်စာမေးပွဲ စုံစမ်းရေး ကော်မရှင် ခေါင်းဆောင်တဦးလည်း ဖြစ်၏။

ထိုကိစ္စဖြင့် မန္တလေးသို့ရောက်လာရာ ပစိုးရိမ်ဆရာတော်များနှင့်အတူ လုပ်ကိုင်ကြရသည်။

"အင်း ဒကာကြီးရောက်ခိုက်၊ ဘုန်းကြီး အပူကလေးတခု ပြောရအုံးမယ်။ တရားသဖြင့်လဲဖြစ်မယ်၊ တတ်လဲ တက်နိုင်ပယ်ဆိုရင်ပေါ့လေ...."

များမကြာမီ မောင်နီ အမှုမှကွင်းလုံးကျွတ် လွတ်လာ၏။ လူသတ်မှု မဟုတ်။ ပွဲကြည့်ရင်း ရန်းရင်းဆန်ခတ်ဖြစ်ကာ လူသေမှုဖြစ်သည်။ မောင်နီ ကား ထိုပွဲဝင်းအတွင်း၌ မူး၍ လဲနေသဖြင့် မိရာဆွဲခြင်းဖြစ်၏။ မိမိကိုယ်ကိုပင် မထိန်းနိုင်အောင် အစောကြီးကထဲက မူး၍ လဲနေကြောင်း သက်သေ အထောက်အထားများအရ ကွင်းလုံးကျွတ် လွတ်သွားခြင်းဖြစ်သည်။

ထောင်မှ ထွက်လာပြီးနောက် မောင်နီသည် ဆရာတော်အား လာရောက် ကန်တော့၏။ ဆရာတော်ကလည်း ချက်မိပြီဖြစ်သည့်အတိုင်း ဖိ၍ ဆုံးမသည်။ ကတိအမျိုးမျိုးခံကာ မောင်နီ ရွာသို့ ပြန်သွား၏။

## ထောင့်အဆုံးအမ

ဦးလေး၏ အဆုံးအမထက် ထောင်၏ အဆုံးအမသည် ပူပူနွေးနွေးမျှသာ ရှိသေးသဖြင့် 'မောင်နီ အကျွတ်တရားရသွားပြီ' ဟုဆိုကာ ဝိုင်း၍ ချီးကျူးကြ၏။ မရေရာဘဲ အဖမ်းအချုပ်ခံရ၍ ဝိုင်းပြီးသနားနေကြသည်။

အရက်သမားမောင်နီမှ 'ဗုဒ္ဓေါ မောင်နီ' ဟု ကင်ပွန်းတပ်ကြသည်။

မကြာပါလေ။

တလခန့်ရှိလျှင်ပင် 'ခွေးမြီးကောက် ကျည်တောက်စွပ်' ဆိုသကဲ့သို့ မောင်နီသည် ရွာရိုးကိုးခေါက် လျှောက်မြဲလျှောက်ကာ သောက်မြဲသောက်လေတော့သည်။

(သက်တော် ၉၆-နှစ်ရှိ မကြာမီက ပြန်လွန်တော်မူသော မစိုးရိမ်ဆရာတော်ဘုရားကြီး အမိန့်ရှိသည့်အတိုင်း ရေးသားပါသည်။)

## နဲနဲကလေး မမှတ်ရ

အကုသိုလ်ကိုရင်း၊ ကုသိုလ်ကိုရင်း ပြုလုပ်သောအခါ 'သေးငယ်သည်၊ အကျိုးပေးမည်မဟုတ်' ဟု အထင်မသေးကြရာ။ တံစက်မြိတ်အောက်၌ ချထားသော ရေအိုးသည် ရေတစက်စက် ကျရုံမျှဖြင့် မကြာမီ ပြည့်၍လာရသည်။

(ဓမ္မပဒ)

## အဖေါ်များနှင့် တကိုယ်တည်း ဒေါ်အေး

"အမကြီး၊ ကျွန်တော်လဲ အားနာပါတယ်။ ခုတလော လုပ်ငန်းတွေက အဆင်မပြေလွန်းလို့ပါ။ လဆန်း ၁၀–ရက်နေ့မှာ ဖြစ်တဲ့နည်းနဲ့ ကျွန်တော် ဆပ်ပါ့မယ်။ အတိုးရော အရင်းရော တချိုထဲယူပါ"

ငွေတထောင်ချေးယူထားသောပွဲစားက ဒေါ်အေးအားတောင်းပန်နေခြင်း ဖြစ်၏။

ဒေါ်အေးတို့ညီအမမှာ အသက်လဲကြီးပြီဖြစ်၍ အခြားအလုပ်အကိုင်မရှိ။ ငွေတိုးပေးစားကြသည်။ အဖော်အလော့်လည်းမရှိ။

မန္တလေးမြို့ရဟိုင်းဈေးအနီးရှိတိုက်ကြီးတလုံး၌ ညီအမနှစ်ယောက်ထဲ ချွေတာသုံးစား၍ ရတနာသုံးပါးဝတ်ဖြင့်သာ ခပ်ကုပ်ကုပ် နေထိုင်ကြသည်။

## အကောက်ကြံ ခံရသလော

သူတို့ညီအမထံမှ ပွဲစားတဦးက ငွေတထောင်ချေးယူခဲ့ရာ တနှစ်ခန့် လစဉ် အိမ်သို့လာ၍ အတိုးအကျ အတိုးများ မှန်မှန်ပေးခဲ့၏။ထိုမှနောက်ခြောက်လခန့် အတိုးရော အရင်းပါမပေး။ အဖွားအိုညီအမအား အကောက်ကြံနေသကဲ့သို့ ရှိ၏။

ဒေါ်အေးသည် အကြိမ်ကြိမ်သွား၍ တောင်းသော်လည်းမရဘဲရှိရာ ယခုမူ လဆန်း ၁၀– ရက်သို့ ချိန်းပြန်၏။

စစ်ပဖြစ်မီ ရှေးခေတ်က ငွေဒင်္ဂါးတထောင်၏တန်ဘိုးမှာ မနည်းလှချေ။ ထိုအတွက် အဖွားအိုညီအမနှစ်ယောက် စိတ်ဆင်းရဲနေ ကြရ၏။

၁၃၀၀–ပြည့်နှစ်။ ဝါဆိုလဆန်း ၁၀–ရက်နေ့ ညနေ ၆–နာရီ။

ချိန်းထားသောရက်စေ့သဖြင့် ဒေါ်အေးသည် ရဟိုင်းဈေးမှထွက်၍ ပွဲစားနေထိုင်ရာ နှစ်ပြခန့်ဝေးသော ရပ်ကွက်သို့ အဖော်မပါ ထုံးစံအတိုင်း လမ်းလျှောက်၍ပင် လာခဲ့သည်။

ပွဲစားကို အဆင်သင့်ပင် တွေ့ရ၏။ ညော့်ခန်းစာပွဲတွင် လူရွယ် လူစိမ်း သုံးယောက်နှင့်အတူ ငွေများရေတွက်ရင်း စကားပြောနေသည်။

"ကြွပါ၊ အမကြီးထိုင်ပါ။ အဘော်ဘဲ။ ခုဘဲ ရစရာရှိတဲ့ငွေ ဒီမိတ်ဆွေများက လာပေးကြတယ်"

"အင်း....ငါ့မောင်ချမ်းသာပါစေတော်" ဟု စိတ်ထဲကအောက်မေ့ကာ ဒေါ်အေးမျက်နှာမှာ ချက်ခြင်း လန်းဆန်းသွား၏။

"ကဲ–ပွဲစားကြီး၊ ကျုန်တော်တို့ကို ပြန်ခွင့်ပြုပါအုံး"ဟု ဆိုကာ လူစိမ်းသုံးယောက် ပွဲစားအိမ်မှ ထွက်သွားကြသည်။

ပွဲစားက ငွေဒင်္ဂါးပြားများရော ငွေစက္ကူများပါ ရေတွက်၍ ဒေါ်အေးရှေ့ ထိုးပေးနေ၏။ ဒေါ်အေးလည်း တပုံပြီးတပုံ ရေတွက်ကြည့်နေသည်။ ရေတွက်ပြီးစီးလျှင် ပွဲစားက အတိုးအရင်းများ တွက်ချက်ရှင်းပြကာ တောင်းပန်စကား ပြောကြား၏။

ဒေါ်အေးကား ဝမ်းသာလှသဖြင့် အတိုးတဝက်မျှကိုသာ ယူ၍ ပြန်လာခဲ့တော့သည်။

ဒေါ်အေ ပြန်လာသော လမ်းခုလပ်တွင် ဘုန်းကြီးကျောင်း ဝင်းကြီး တခုရှိ၏။ ဘုရားပျက် ကျောင်းပျက်များရှိ၍ လူဆိုးသူဆိုးများ ရံဖန်တွေ့ရတတ်သဖြင့် ထိုနေရာ မရောက်မီကထဲက အထူး သတိထားလာ၏။ လမ်းမီးများမှာ ကောင်းစွာ အလင်းရောင်မရ။ သို့သော် လကား မှုန်ဝါးဝါး သာနေ၍ ကြောက်စိတ်မရှိလှပေ။

## ပျောင်ထဲမှ လူရိပ်

သတိထားပြီးလာခိုက် ကျောင်းဝင်းထောင့်တနေရာတွင် မှောင်ရိပ်ကဲ၌ လူရိပ်သဏ္ဍာန် နှစ်ခုသုံးခုကို ရိပ်ကနဲ လှမ်း၍ မြင်လိုက်ရသည်။ ဒေါ်အေးရင်ထဲတွင် ဒိတ်ကနဲ ဖြစ်သွား၏။ ထိုနေရာကိုလည်း ရှောင်သွား၍ မရ။ လူနေအိမ်ခြေလည်း ခပ်ကျဲကျဲဖြစ်နေ၍ ဒေါ်အေးအတွက် ပိုပြီး သတိထားရန် နှိုးဆော်နေသကဲ့သို့ ရှိသည်။

ထိုနေရာသို့ ရောက်လျှင် လူနှစ်ယောက် သုံးယောက် နောက်သို့ ဆုတ်၍ ဆုတ်၍ သွားသယောင် ခြေနင်းသံများ ဝေး၍ဝေး၍ သွားသည်ကို တွေ့ရ၏။ မှောင်ရိပ်ခိုနေသူများ ရှိကြောင်းကိုမူ အတပ်သိနေရသည်။ ထိုအခိုက် ခပ်လှမ်းလှမ်းမှ မြင်းလှည်းတစီး မိမိဆီသို့ ပေါင်းလာနေသည်ကို မြင်ရ၏။ ပို၍ အားတက်ကာ ဒေါ်အေး၏ ခြေလှမ်းများမှာ သွက်၍ လာတော့သည်။

နှစ်ရက်ခန့် ရှိသောအခါ ဒေါ်အေးတို့ညီအမရှိရာ ရဟိုင်းဈေးအနီးရှိ တိုက်သို့ လူလေးယောက် ဝင်လာကြသည်။ ဧည့်ခန်းတွင်ဒေါ်အေးအမကြီးနှင့်အတူ ထိုင်၍ စကားပြောနေကြ၏။

ဒေါ်အေး တိုက်အပေါ်ထပ်မှဆင်းလာ၏။လက်တွင်ဘုရားပန်းလဲရန်ရေတံခေါင်းများကိုကိုင်၍ လှေကားမှဆင်းလာရင်း–

"အော် ပွဲစားကြီးတို့ပါလား"ဟုဒေါ်အေးက နှုတ်ဆက်လိုက်သည်။

"ဟုတ်ပါတယ် အမကြီး၊ ကျွန်တော်တို့ အမကြီးကို ကန်တော့ရအောင် လာကြတာပါ"

"အလို....၊ ဘယ်လို ပြောလိုက်တာလဲ ပွဲစားကြီးရယ်။ ဘာကိစ္စကန်တော့ရမှာတုံး"

မွန်မွန်ရည်ရည် သန့်သန့်ပြန့်ပြန့် ဝတ်စားလာသော ပွဲစားကြီးမှာ တိုက်ပုံအင်္ကျီ မိုးကာအိတ်ထဲမှ ငွေသားတချ ထုတ်ကာ စာပွဲပေါ် အသင့်ချထားသော ငှက်ပျောဖီးဘေး၌ တင်လိုက်၏။

"အပြစ်ရှိလို့ ကန်တော့ရတာပ အမရယ်။ ကဲ-ရေတံခေါင်းတွေ ချထားပြီး ကုလားထိုင်ပေါ် ထိုင်ပါအုံး"ဟုဆိုကာ ရေတခေါင်းများကိုထ၍ ကူညီ ယူလိုက်သည်။

"ကဲ–လာကြ"ဟုဆိုကာ သူ၏နောက်ပါ လူသုံးဦးကိုပါ ခေါ်၍ ဝိုင်းထိုင်ပြီး ကန်တော့ကြလေတော့သည်။ ဒေါ်အေးကား ဘုမသိ ဘမသိ အကြောင်းသား အကန်တော့ခံလိုက်ရ၏။

## ဖြစ်ကြောင်းကုန်စင်

ပွဲစားကြီးမှာ အရောင်းအဝယ်များ မကောင်းသဖြင့် ကြံမိကြံရာ ကျေးဇူးကန်းစိတ်များ ဝင်လာသဖြင့် ဒေါ်အေးအားငွေပေးချေပြီးနောက်လူသုံးယောက်အား လမ်းခုလပ်မှ ဆီး၍ လုယက်ရန် ခိုင်းမိကြောင်း။

ထိုလူသုံးဦးမှာ အဝေးကပင် ဒေါ်အေးလာနေသည်ကို ကျောင်းဝင်းထောင့် မှောင်ရိပ်ကပင် သဲသဲကွဲကွဲလှမ်း၍မြင်နေရရာ ဒေါ်အေးမှာ တယောက်ထဲ မဟုတ်ဘဲ သေနတ်ထမ်းလာသော စစ်ပုလိပ် သုံးယောက်ပါ ရှေ့နောက်ခြံရံ၍ လာနေသည်ကိုတွေ့ရသဖြင့် မလုရဲဘဲ ပြန်လာရကြောင်း။

နောက် အေးအေး ဆေးဆေး စဉ်းစားကြသောအခါ အလာက တယောက်ထဲလာပြီး ပြန်ခါမှ ဤခရီးတွင် စစ်ပုလိပ်များ ပါလာရန်

အကြောင်းမရှိ၊ 'အဆောင်ကောင်း' (လက်ဖွဲ့စသည်) တခုခု ရှိရမည်ဟု ယူဆ၍ ကန်တော့ပြီး အဆောင်ကောင်း တောင်းရန် လာကြောင်း အကြောင်းစုံကို ဖွင့်ဟပြောဆို ဝန်ခံကြလေ၏။

ထိုအခါမှ ဒေါ်အေးလည်း ဖြစ်ကြောင်းစုံသိကာ မိမိအဖြစ်ကို အံ့အားသင့်မိလေတော့သည်။ ထိုအချိန်က မိမိစိတ်ထဲ၌ သက်ာမကင်းရှိပုံများကိုပါ ပြန်၍ပြောပြ၏။

## အဆောင်ကောင်းဆိုတာ

စကား အတန်ကြာရပ်၍သွားပြီးနောက် ရုက်တရက် သတိရလာဟန်ဖြင့်–

"ပွဲစားကြီးတို့က ခုလို ရိုးရိုးသားသားနဲ့ အပြစ်ကို ဝန်ခံပြီး ကန်တော့နိုင်တာက ပိုပြီး အံ့ဩစရာ ကောင်းပါတယ်လေ။ အမကြီးဖြင့် ခုလို ကန်တော့နိုင်တာ ဝမ်းသာလို့မဆုံးပါဘူး။

"တခုတော့ရှိတယ်။ အမကြီးတို့ဟာ အဖော်အလှော်လဲမရှိ။ ရောင်းဝယ်နိုင်အားလဲ မရှိတော့ ခုလိုဘဲ အတိုးအပွားကလေးချပြီး ဒီ ညီအမနှစ်ယောက် စားလဲစား။ဘုရားပန်းရေချမ်းလှူ။နံနက် အိမ်ရှေ့မှာ ဆွမ်းလောင်း။ ဒီလိုဘဲအေးအေး ဆေးဆေး ရတနာသုံးပါးဝတ်နဲ့ နေလာခဲ့ကြတာဘဲ။

"အဆောင်ကောင်းဆိုလို့ သည့်ပြင်လဲ ဘာမှမရှိပါဘူး။ အဲ တခုတော့ရှိတယ်။ ခရီးသွားတော့မယ်ဆိုရင်တော့ အိမ်ကထွက်ကထဲက "အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ" အစရှိတဲ့ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တော်တွေကိုတော့ ဘယ်လောက်နီးတဲ့ခရီး သွားရ သွားရ မရွတ်ဘဲနဲ့ ဘယ်မှမသွားဘူး။ ဒါကြောင့်လဲ သွားလေရာရာမှာ ဘာအန္တရာယ်မှ မတွေ့ကြုံရဘူးဘူး။ အိမ်မှာ နေရင်လဲ တတ်အားသမျှ ရွတ်ဖတ်တယ်ပေါ့လေ။ ဒါကတော့ ဟိုခပ်ငယ်ငယ်ကထဲက အမြဲတမ်း ဝတ်လုပ်ထားကြတာ။

"ဒီက သူငယ်များ ထင်သလို အဲဒီညတုန်းက ပုလိပ်အဖော် ဆိုလို့ အဝေးကြီး။ လူစလူနတောင် ပိုပြီးပြတ်နေလို့ ခါတိုင်းထက် မဲတင်းပြီး တော့တောင် ရွက်လိုက်ရ၊ ဖတ်လိုက်ရတာ မပြောပါနဲ့တော့"

ပွဲစားကြီးနှင့် အဖော်များ အားလုံး ပြုံးရွှင် ရယ်မောနေကြ၏။ ရတနာသုံးပါး၏ ကျေးဇူးဂုဏ်ကိုလည်း ပို၍သက်ဝင်ယုံကြည်ကာအားကိုး

9. ဒုတိယအကြိမ်

လာကြဟန်ရှိသည်။ တသက်နှင့်တကိုယ် အလွန် အံ့ဩဘွယ် ကောင်းသော တရားတော်၏ တန်ခိုးသတ္တိကို လက်တွေ့ ဖြစ်သွားကြ၏။

## ကတိုပြု၍

ထပ်မံ၍ တောင်းပန်ကာ ရိုးရိုးသားသား လုပ်ကိုင်ပြီး နေ့စဥ်ဂုဏ်တော် ပွားများမည့်အကြောင်းများကိုပါ ပြောဆိုကတိပြု၍ ပြန်သွားကြသည်။

မကြာမီ ပွဲစားကြီးလည်း ရောင်းပန်း ဝယ်ပန်းပွင့်ကာ နေ့ချင်း ညချင်း ချမ်းသာကြွယ်ဝသူတဦး ဖြစ်လေတော့၏။

ယခုအခါ ဒေါ်အေးတို့ ညီအမလည်း ကွယ်လွန်ကုန်ကြပြီ။ ပွဲစားကြီး သားသမီးများမှတပါး ပွဲစားကြီးလည်း ကွယ်လွန်လေပြီ။ သို့သော် သူတို့၏ ရိုးဖြောင့်မှုနှင့် ရတနာ သုံးပါး ကျေးဇူးဂုဏ်တို့ကား သင်းထုံပျံ့လွင့်နေဆဲ။

## ထူးဆန်းသောမိန်းမတဦးနှင့် စာရေးဆရာကြီး အမြင်

ဤနေရာ၌ နိုင်ငံကျော် စာရေးဆရာကြီး 'သခ်ိၤ'၏ အတွေ့အကြုံများကိုယ်တိုင် သဘောပေါက်ထားသော ဖွင့်ဟ တိုက်တွန်းချက်များကို ဖော်ပြလိုပါသည်။

ဝါရင့်စာရေးဆရာကြီးလည်းဖြစ်၊ ဘာသာရေး လေးစား သူလည်း ဖြစ်၊ စိတ်ပညာ ဆရာကြီးလည်းဖြစ်၍ ထိုပုဂ္ဂိုလ်ကြီး၏ ရေးသား ချက်ကို အလေးအနက် မှတ်ယူသင့်ပေသည်။

ထိုပုဂ္ဂိုလ်ကြီး၏ ရေးသားချက်ကို ၁၉၅၄–ခုနှစ်၊ ဖေဖော်ဝါရီလ ထုတ်'သင့်ဘဝ မဂ္ဂဇင်း'၌ ဖတ်ရှုရသော ကောက်နုတ်ချက်မူရင်းမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

### သမ္ဗုဒ္ဓေ စွမ်းရည်

ထိုပုဂ္ဂိုလ်ကြီးအား သူ၏မိတ်ဆွေတဦးက တဆင့် ပြောပြပုံကို ရေးသား ထားခြင်းဖြစ်၏။

"ကျွန်တော် ဒီရန်ကုန်ကို မလာခင်ကလေးက ကျွန်တော်တို့မြို့မှာ မိန်းမတယောက်ကို ငွေငါးဆယ်နှင့်ငှားပြီးရိုက်ဘို့ လူတယောက်ကစကား ပြောလာတယ်။ ရိုက်ရမယ့်မိန်းမကတော့ ကျွန်တော်တို့နှင့်လဲ အသိပါဘဲ။ မိန်းမကလဲ မိန်းမလယ်ဇတ်ဇတ်ကြဲ နှုတ်ကြမ်း အာကြမ်းထဲကဘဲ။ဒါကြောင့် လဲမုန်းပြီး ရိုက်ခိုင်းဟန်တူပါရဲ့။

"ကျွန်တော်တို့ ရိုက်ရမယ့်လူကသုံးယောက်ခင်ဗျ။မိန်းမတယောက် ကို ယောကျ်ားသုံးယောက်က ရိုက်ရမယ်ဆိုတော့ ဘာမှ ခက်ခဲတဲ့ အလုပ် မဟုတ်တဲ့အတွက် ကျွန်တော်တို့လဲ သဘောတူ လက်ခံပြီး စရံငွေ ယူလိုက် တာပေါ့ ဆရာရယ်။

"ဒါထက်ပြောရအုံးမယ်၊ ဒီမိန်းမက ပစ္စည်း ကလေးကလဲ နဲနဲရှိပြီး ဈေးမှာလဲ ဆိုင်ထွက်တာဆိုတော့ ညနေတိုင်း သူဈေးကပြန်နေကျ။အဲသလို ညနေ နေဝင်ရီတရော ်လူကောင် မမှတ်မိတမိအချိန် ဈေးက အပြန်မှာ ကျွန်တော်တို့က လမ်းကနေအလစ် ချောင်းရိုက်ပြေးရမှာဆိုတော့ သိပ်လွယ် သပေါ့ဆရာ။

"ဒါနဲ့ ကျွန်တော်တို့လဲရိုက်ဘို့ချောင်းတာ သုံးရက်တိတိဘဲ။ ဒါပေ မယ့် လစ်ကို မလစ်ဘူးဆရာရေ့။ထူးဆန်းတာက–

"အခါတိုင်း တယောက်ထဲ ပြန်လာနေကျ မိန်းမ။ ကျွန်တော်တို့ စောင့်တဲ့ နေ့တွေမှာ အဖော် ယောကျ်ားကြီးနှစ်ယောက် ရှေ့ကတယောက် နောက်ကတယောက် စကားတပြောပြောနဲ့ချည်းပြန်လာတယ်။

"အင်း....၊ ဒို့အကြံရိပ်မိလေရော့သလားဆိုပြီး သုံးရက်တိတိ ဆက် စောင့်တယ်။ သုံးရက်လုံးဘဲ အဖော်နှင့်ချည်းတွေ့တွေ့နေရတော့ ကျွန်တော် တို့လဲ လန့်လာတာပေါ့ဆရာ။

"ကိုင်း....၊ကျုပ်တော့ ခင်ဗျားတို့ အလုပ်ထဲ မပါတော့ဘူး။ ကျုပ် ဝေစုလဲ မယူတော့ဘူးဆိုပြီး အေးအေးဘဲ နေလိုက်တယ်။တနေ့တော့ စိတ် မလုံတာနဲ့ ဒီမိန်းမဆီသွားပြီး စကားတောက်ကြည့်မိတယ်။

"ခင်ဗျား ညနေ အချိန်မတော်ကြီးမှာ တယောက်ထဲ ဈေးကပြန် ပြန်လာရတာ မကြောက်ဘူးလားဗျာ့" လို့မေးတော့ သူကလဲ နှုတ်က ကြမ်း ကြမ်းနဲ့–

"အောင်မယ်၊ ဘာလို့ ကြောက်ရမှာတုံးဟဲ့။ နင်ကများ ငါ့ကို ဘာဘာညာညာ လုပ်မယ်များ ကြံချင်သေးလို့လားဆိုပြီး ကက်ကက်လန် ထပွက်ပါလေရောဗျား–"

"အင်း မကြောက်တဲ့ မိန်းမကလေးဗျာ၊ ယောကျ်ားအဖော် နှစ်ယောက်ခေါ်ခေါ်ပြီး ပြန်လာရတယ်လို့ ကျွန်တော်က စကားအစ်ထုတ်လိုက်တာကိုး–

"ဘယ်က ယောကျ်ားအဖော်ခေါ်ရမှာတုံး သေခြင်းဆိုးရဲ့၊ မဟုတ်တယုတ်တွေ နင်လာပြောနေပြန်ပြီ"

"ဘယ်သိမတုံးဗျာ့၊ ခင်ဗျားပါးစပ်က တိုးတိုးတိုးတိုးနဲ့ စကားပြောပြီးလာတာ ကျုပ်မျက်စိနဲ့အမြင်သားဘဲဟာ"

"ဟဲ့–သေခြင်းဆိုး၊ အဲဒါ စကား ပြောတာ မဟုတ်ဘူးဟဲ့၊ ငါ 'သမ္ဗုဒ္ဓေ' ရွတ်ပြီးလာတာ။ သွားတိုင်း ငါရွတ်နေကျဘဲလို့ ပြန်ပြောတယ် ဆရာရဲ့"

"သမ္ဗုဒ္ဓေဂါထာများ ဘယ်လောက်စွမ်းသလဲဆိုတာ အဲဒါဘဲကြည့်ပေတော့"

"ယောကျ်ားကြီး ရှေ့ကတယောက်၊နောက်ကတယောက် အစောင့်အရှောက်လိုက်ပါနေတာ ကျွန်တော်တို့ကိုယ်တိုင် အထင်အရှား မျက်စိနဲ့ အမြင်သားဘဲဟာ"

သမ္ဗုဒ္ဓေဂါထာကို ရွတ်ဖတ်သွား၍ ရွတ်ဖတ်သူ ကာယကံရှင်ကမသိသော်လည်း ရန်သူများမျက်စိ၌ မိန်းမသားတယောက်ထဲ သွားနေပါလျက် အစောင့်အဖော် ယောကျ်ားကြီးများ ပါလာသည်ဟု ထင်ရပုံ ကိုယ်တွေ့ဖြစ်ရပ်မှာ ဤမျှသာဖြစ်၏။

ဆရာသခင်ါက ထိုဖြစ်ရပ်ကို ညွှန်းပြပြီးနောက် သမ္ဗုဒ္ဓေရွတ်ဖတ်ခြင်းအားဖြင့် အန္တရာယ်ကင်းရုံမျှမက စိတ်ချမ်းသာရရှု၊ လောကီကြီးပွားမှုများပါ ဖြစ်ပေါ်စေနိုင်ပုံကို အကြောင်းယုတ္တိနှင့်တကွ အောက်ပါ အတိုင်းဆက်လက် ဖော်ပြထားပါသည်။

## ဆရာသခင်ါ၏ ကိုယ်တွေ့မေတ္တာ

ကျွန်ုပ်လည်း ကိုမိတ်ဆွေနှင့် လူချင်းခွဲပြီး အိမ်ပြန်ခဲ့၏။ အိမ်ရောက်လျှင် သူ့စကားများ စိတ်ထဲစွဲကာ အပြန်ပြန်အလှန်လှန် စဉ်းစား နေမိသည်။ စိတ်ကလည်း အလွန်ညစ်လှ၏။ အိမ်သားများ မကြာခဏ ဖျားနာကြ၏။ အသုံအကိုင်အပေါက် အလမ်းမတွေ့၍ အိမ်လခပင်မှန်မှန်မပေးနိုင်။ 'အိမ်က

သရဲချောက်သည်၊ အိမ်ခိုက်သည်’ဟု ပြောသူက ပြောကြ၏။ မကြည်မလင် မရွှင်မလန်း နေ့ရှိသမျှ စိတ်ဆင်းရဲနေရသည်။ ထိုအခါက စိတ်ပညာ ဝါသနာထုံသော်လည်း ယခုကဲ့သို့ စွဲစွဲမြဲမြဲ လေ့လာလိုက်စားခဲ့ခြင်း မရှိသေး။ရန်ကုန်မြို့ တောင်ညွှန့်ရပ်ကွက်၌ နေစဉ်ကဖြစ်၏။

အကြံကုန် ဂဠုန်ဆားချက်ရ သကဲ့သို့ ထိုနေ့မှစ၍ စိတ်ပြေလက်ပျောက် သဘောမျိုးလည်း ဖြစ်စေရန် သမ္ဗုဒ္ဓေရွတ်ပြီး ဘုရားနာနာ ရှိခိုး၊ အာရုံပြု၊နှလုံးသွင်း၊ ပုတီးမှန်မှန်စိတ်ကာ စိတ်အလုပ်ကို လုပ်လာခဲ့၏။

ဘုရားမှတပါး ကိုးကွယ်ရာမရှိတော့ ဟူသော သဘောမျိုးပင်၊

အဲ့ဘွယ်ရာ ကောင်းစွ။

ကျွန်ုပ်မှတ်မိသမျှ ထိုနေ့ ထိုရက် ထိုအချိန်မှစ၍ပင် အခြေအနေများ သိသိသာသာကြီး ပြောင်းလဲ၍လာ၏။ အကြံအစည် အလုပ် အကိုင်များ (ယခင်က ကြံကြံဖန်ဖန်ကိုလွဲချော်လာခဲ့သည်များမှာ)ယခုမှ ကြံကြံ ဖန်ဖန်ကို အပေါက်အလမ်း သင့်တင့်လျောက်ပတ်လာသည်ကို တွေ့ရ၏။

သိသိသာသာကြီးကို ချောင်လည်လှာပေသည်။ ဘုရားတန်ခိုးတော်ပါပေ။

ဤနေရာ၌ စကားကြီးစကားကျယ် ပြောပရစေတော့။

ဤလောကကြီး၌ ဗေဒင်အလိုအားဖြင့်ရင်း၊ ပရမတ္ထတရားကိုယ်အားဖြင့်ရင်း၊ လောကဓာတ်ပညာ စိတ်ပညာအားဖြင့်ရင်း။

နေနှင့်လ=အပူနှင့်အအေး၊

ကုသိုလ်နှင့် အကုသိုလ်၊

မေတ္တာတရားနှင့် ဒေါသတရား၊

ထိုအပြိုင်အဆိုင်ဓာတ်နှစ်ပါးသည် အရာရာတွင် ဒွန်တွဲအုပ်စိုး၍နေ၏။ ထိုနှစ်ပါးမှလွဲ၍ အခြားမရှိ။ ဤကားအချုပ်။

အပူဓာတ်အားကောင်းလျှင် အအေးဓာတ်အားနည်းရမည်။ သို့မဟုတ် ပျောက်ကွယ်ရမည်။

ကုသိုလ်အားကောင်းလာလျှင် အကုသိုလ်အားနည်းရမည်။ ပပျောက်ရမည်။ မီးများမီးနိုင်၊ ရေများရေနိုင်။

9. ဒုတိယအကြိမ်

ထို့ကြောင့် သမထဝိပဿနာအလိုအားဖြင့် ဒေါသအားကြီးသူအား မေတ္တာစိတ် ပွားများရန် မေတ္တာကမ္မဋ္ဌာန်းကို ပေးရ၏။ စီးဖြန်းခိုင်းရ၏။

လောကီစိတ်ပညာကျမ်းများတွင်လည်း မိမိက၊ သို့မဟုတ် မိမိအား မုန်းတီးသူကို အမုန်းစိတ်ဖြင့် တန်ပြန်ခတ်၍မရနိုင်။ အမုန်းစိတ်သာ တိုးပွားလာချေမည်။ ထိုသူ့အပေါ်မေတ္တာစိတ်ကိုသာလျှင်၍ ပွားများရ၏။ထိုသူ၏ ကောင်းကျိုးကို များများတွေး၍ စိတ်ထဲတွင်ကောင်းကွက်တွေကို များများ ဖော်ပေးရ၏။

ထိုအခါ မုန်းသူ၏ မေတ္တာစိတ်သည် ထိုသူ့အပေါ် ပွားများလာ၍ မုန်းစိတ်အညိုးစိတ်တို့သည်လည်း လျော့ပါး မေ့ပျောက်၍ သွားရပေမည်။

ဤကား အပြန်အလှန်အတိုက်အခံ ဓာတ်သဘောပင်။

ထိုနည်းအတူ ကျွန်ုပ်တို့ ဘုရားရှိခိုး(ဘုရားစာရွတ်ဆို)သည့် အခါ၌ ကောင်းသောနှလုံး၊ ကောင်းသော စိတ်ထားအာရုံတွေ ဝင်စားကာ ဘုရား ကို ကြည်ညိုသဒ္ဓါစိတ်(အအေးစိတ်ဓာတ်)ဖြင့် ရှိခိုး၏။

'ထိုရှိခိုး ပူဇော်ခံသည့် မြတ်စွာဘုရားသည်လည်း သတ္တဝါများ အပေါ်၌ မေတ္တာကရုဏာတော် ကြီးမားတော်မူလှသောအတုမရှိ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးပါပေဘကား' ဟူသောစိတ်မျိုးတွေလည်း ဝင်စားလာရပေ တော့မည်။ အေးမြလှသော ဘုရားရှင်၏ ဂုဏ်တော်ရိပ်ကို ခိုလှုံရ သဖြင့် မေတ္တာအအေးဓာတ်များလည်း သက်ဝင်လာ၏။ မေတ္တာသက်ဝင်လာသည် နှင့်အမျှ ကိုယ်ကျင့်သီလတရားတို့လည်း အလိုလို တောက်လျှောက် စီးဝင် လာတော့၏။

ထို့ကြောင့် စိတ်အေးစိတ်ကောင်းများ ဝင်ကာ သူတပါးအပေါ် မေတ္တာစိတ်ထား ကူညီသူ၊ ကိုယ်ကျင့်တရားရှိသူအား—

မေတ္တာတုံ့ပြန် ဘေးရန်မရှိခြင်း၊
ကျန်းမာချမ်းသာ၍ စီးပွားလာဘ်လာဘ တိုးတက်ခြင်း။
ကူညီမည့် မိတ်ဆွေပေါ်ခြင်း။
အသက်ရှည် ကျန်းမာခြင်း။

စသော ကောင်းကျိုးဆုလာဘ်များ စုပြုံဝင်လာရမည်မှာယုံမှားစရာ မရှိပါပေ။

ဓာတ်သဘောတို့၏ အတုံ့အပြန် နိယာမပေတည်း။

## စိတ်ကောင်းတခု အရင်းပြု

မနသာ စေ ပသန္နေန၊
ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ သုခ’မန္ဝေတိ၊
ဆာယာဝ အနုပါယိနီ။

အေးမြကြည်လင် အမြင်ပြတ်သားသောစိတ်နှလုံးကောင်းဖြင့် ပြောဆိုလုပ်ကိုင်နေသူ၏နောက်သို့ချမ်းသာ အမျိုးမျိုးတို့သည် အရိပ်ပမာလိုက်ပါနေကြကုန်၏။

(ဓမ္မပဒ)

# ဓမ္မိက ဦးတိုးအောင်

## မီးရထားထဲမှ အသံများ

ည ၁၂–နာရီခန့်။

မီးရထားသည် ထင်းမီးခိုးတအူအူဖြင့် တောင်ငူဘူတာမှ စုန်ဆင်း၍ လာ၏။ တွဲဟောင်းများမှာ လိမ်ပိန် စုတ်ပြတ်လျက် ရှိသည်။ ဆလိုက် မီးလည်းမရှိ။ သံလမ်းပေါ် စမ်းတဝါးဝါးဖြင့် သွားနေရရာ မကြာမကြာ ရပ်၍ရပ်၍ သွား၏။

"ဝိပါက်ဝဋ်ကြွေး ရှေးကံရှိရင် ခံရုံပေါ့ ဒကာရယ်၊ ဘုရားတောင်မှ ကြွေးဟောင်းမဆပ်လို့ မရဘူး"

ကုန်တွဲထောင့် တနေရာမှ ဘုန်းတော်ကြီး၏ အသံ ဖြစ်သည်။ ကျွန်တော် ပြောဟောနေသော စကားများကို နားကြားပြင်းကပ်ဟန်ဖြင့် လှမ်း၍ တရားချ ပိတ်ပင်လိုက်ခြင်း ဖြစ်ဟန်တူ၏။

မီးရထား တတွဲလုံး အလုံပိတ်ထားသဖြင့် အနံ့အသက်များလည်း လှောင်၍နေ၏။ စက်သေနတ်နှင့် ဗုံးထိမှန် ထားသော အပေါက်ကြီး များ ရှိနေ၍သာ အသက်ရှူချောင်ကြရသည်။ တွဲထဲတွင်လည်း ကိုက်လိုက် သည့်ကြမ်းပိုး။ ဆိုးလိုက်သည့်အနံ့။

မီးရထားက လှည်းကြမ်းသာသာ တအိအိသွားနေ၏။ ကုန်တွဲကြီးထဲ လှောင်ပိတ်၍ပါလာသော ကျွန်တော်တို့ သုံ့ပန်းဆယ့်ငါးဦးမှာမီးရထား ကြီး လမ်းချော်ပြီး တိမ်းမှောက်သွားပါစေဟုသာ ဆုတောင်းနေကြသည်။

"ဒုက္ခရောက်တိုင်း ရှေးကံချည်းပုံချပြီး ငုံ့ခံနေကြရမှာလား။အဲဒါ 'ပုဗ္ဗေကတ ဟေတုဒိဋ္ဌိ' ဖြစ်တတ်တယ် ကိုယ်တော်၊ တပည့်တော်လဲ ကိုယ် တော်လို စာသင်ဘူး တာဘဲ။ ခုဘဲ သင်္ကန်း ချွတ်ပြီး တော်လှန်ရေးထဲ လိုက်လာတာ။ လူကမွေးနဲ့အင်္ကျီတောင် အဝါရောင်စွဲတုန်း ရှိသေးတယ်"

အရေးထဲတွင် ကျွန်တော်တို့သည် စာငြင်းနေကြမိ၏။ ကြက်ခြင်းထဲမှ ကြက်များလို ဖြစ်နေကြသည်။

"ဒကာက ဘယ်က လိုက်လာတာတုံး" စိတ်ဝင်စားဟန်ဖြင့် မေးသံ ကြားရာဘက်သို့လှည့်၍–

## ဗုဒ္ဓဘာသာ ပိပိ

"တပည့်တော်တို့ တပ်ကုန်းမြို့ အရှေ့ရွာသစ်ကျောင်းဘုန်းကြီးဦးဓမ္မိကပါ။ အခုတိုးအောင်။ဂျပန်ပေတွေ တွေ့ကရာလူ ပါးရိုက်၊ မသက်ာရင်ညိုသကျည်းဝါးလုံးနဲ့ လိမ့်နှင်း၊နေပူလှန်း၊လက်သဲခွာ၊ရေနွေးပူလောင်း။ ကိုယ့်မျက်စိအောက်မှာ မြင်ရတာ မကြည့်ရက်လို့ သက်နှင်းချွတ်ပြီး ချလာတာ တလဘဲရှိသေးတယ်။ ဒီတောင်ငူမှာ မိသွားလို့။

"တပည့်တော်က ခုမှဒုက္ခရောက်လို့ အရှုံးပေးတဲ့စိတ်နဲ့ ပြောနေတာ မဟုတ်ဘူး။ တပည့်တော်တို့ ၁၅–ယောက်တောင်ဘဲ။ လစ်ရင် သူတို့လက်နက်လုပြီး ဝိုင်းချဘို့ဘဲ။ ဒါပေမယ့် အခုလို ဘာမှ အလုပ် မဖြစ်ဘဲလှောင်ပိတ်ထားလို့ တွဲထဲမှာငိုင်ပြီး စိတ်ညစ်နေမယ့် အစား ရန်သူကိုမေတ္တာ မပွားနိုင်တောင်မှ ဗုဒ္ဓဘာသာပိပိ ရတနာသုံးပါးမမေ့ဘို့ ပြောနေတာပါ။ ဒါချက်ဘဲ။ ရှေးကဘဲဆိုပြီး ဘုတ်ထိုင် ထိုင်နေရင် ခံရုံဘဲရှိမယ်။ အမယ်လေး သေရတော့မှာပါဆိုပြီး ငိုနေတာနဲ့ ဘာထူးသေးလဲ"

ကျွန်တော် အာဘောင်အာရင်း သန်သန်နှင့် ပြောစကားကြောင့် ငိုက်၍ ငိုင်၍ နေသော သုံ့ပန်း ရဲဘော်များအားလုံး အသက်ဝင်လှုပ်ရှားလာပုံရ၏။

"အင်း....ဒကာပြောတာလဲ ဟုတ်ပါရဲ့" ဟု ဆိုကာ ဘုန်းကြီးက အေးရှောရှော ထောက်ခံပြောဆိုလာ၏။

မီးရထားမှာမူ မှောင်နှင့်မဲမဲဘယ်ရောက်လို့ရောက်မှန်း မသိ၊တအိအိ။ သွားလိုက် ရပ်လိုက်။ ကံကောင်း ထောက်မသည်မှာ ကုန်တွဲတွင် အကုန်လှောင်ပိတ်ထားသဖြင့် နောက်ဖေး နောက်ဖီ သွားလိုသူ မရှိ၍ တော်ပေသေးသည်။

## ကျွန်တော်'စ–မ'ခင်မောင်

အနားမှာ ထိုင်နေသော မိတ်ဆွေ တဦးက ကျွန်တော့်အား လက်တို့ပြီး ထောက်ခံနေ၏။

"ဒီကမိတ်ဆွေပြောတာ ကျွန်တော်သဘောကျတယ်ဗျာ။ကျွန်တော်လဲ အနန္တော အနန္တငါးပါး မမေ့ပါဘူး။ ကျွန်တော် ပျဉ်းမနားကပါ။ အရောင်းအဝယ်ထွက်လာတုန်း သူလျှိုထင်ပြီးဖမ်းတာဘဲ။ရှိပါစေတော့ဗျာ။ ဖေဖေကြီး တို့က ကျွန်တော်တို့ကို ကြည့်မနေပါဘူး။ ဆင်ဖြူတောင်မှာ

ကိုးတောင်ပြည့်နဝင်းခေတ်ဘုရား ကျွန်တော်ဘဲ ဦးစီးပြီး တည်ခဲ့တဲ့လူပါ။ ခင်ဗျားကြားဘူးမလား။ ကျွန်တော် စ–မ ခင်မောင်လေ”

လက်စသတ်တော့ ဖေဖေကြီးဂိုဏ်းသား ဘိုးတော်ဝိဇ္ဇာအဖွဲ့ဝင်တဦး ပါမွန်း ယခုမှပင် သိရပေတော့၏။

“မပူပါနဲ့ မိတ်ဆွေရဲ့။ ဒီမှာ ထွက်ရပ်ပေါက်(....) ဆရာတော်စိပ်သွားတဲ့ ပုတီး။ ဒီမှာ ဖေဖေကြီးပေးတဲ့ လက်ဖွဲ့”ဟုဆိုကာ မှောင်ထဲတွင် ကျွန်တော့်လက်ကို စမ်း၍ ထိတို့ပြီး ပြနေသေးသည်။ “မြတ်စွာဘုရား....”

ကျွန်တော်လဲ စိတ်ပေါက်ပေါက် ရှိသည်နှင့်–

“အင်း....ခင်ဗျားလဲ ဒီပုတီးတွေ၊ လက်ဖွဲ့တွေနဲ့ အဖမ်းခံခဲ့ရတာဘဲ မဟုတ်လား။ အင်း–စောင့်နေ လာလိမ့်မယ်။ခင်ဗျားဖေဖေကြီးတွေ ဘိုးဘိုးကြီးတွေ”

ကျွန်တော်တို့စကားပြောနေခိုက် ကျွန်တော်တို့တွဲထဲကလူတယောက်ကပင် တွဲကို တဝုန်းဝုန်း လက်သီးဖြင့်ထိုးရာ အားလုံး လန့်သွားကြသည်။

“တော်စမ်းပါ။ ထမင်းမစားရ၊အိပ်လို့မရတဲ့ကြားထဲ။ဘုရားလောင်းနဲ့ ဝိဇ္ဇာတွေ။ ခင်ဗျားတို့စွမ်း၊ ဒီလိုတောင် ပါမလာဘူး။ တကထဲ၊ ကျုပ်က ဘီအိုင်အေ စကထဲက ပါလာတဲ့ ကောင်ဗျ။ တော်လှန်ရေးအလုပ်ဟာ ပုတီး စိတ်ဘို့ မဟုတ်ဘူး၊ လူသတ်ရတာ။ ကိုယ်ကသတ်ရဲရင် ကိုယ့်အလှည့်ကျရင် လဲ ခံပေါ့၊ ဘာရတနာသုံးပါးလဲ။ အချစ်နဲ့ စစ်မှာ နိုင်တဲ့လူ တရားတာဘဲ။ ခင်ဗျားတို့ တော်ဗျာ၊ ရှာရှေ မနေကြနဲ့”

အင်း မြတ်စွာဘုရား။ ကျွန်တော်တို့ ဒုက္ခိတများမှာ လူစုံဖြစ်ကြ၏။ ထိုရဲဘော်က ထဟောက်သဖြင့် ကျွန်တော်လဲ ငြိမ်၍ နေလိုက်တော့သည်။

တော်လှန်ရေးညများတွင် သူ့စကားကို ကျွန်တော်တို့ မငြင်းနိုင်ပါချေ။

ထိုအခါမှ အားလုံး ငြိမ်သွားကြရာ “ကိုယ့်ဘာသာကိုယ် ဂုဏ်တော်နှလုံးသွင်း၍ လိုက်ခဲ့ရ အအေးသား”ဟု နောင်တဖြစ်မိ၏။

ယခုမှပင် ပို၍ ဘုရားအာရုံပြု ကောင်းတော့သည်။

## သေတော့ သိလိမ့်မယ်

တွဲပေါ်တွင် အိပ်ပျော်နေသူတို့ ပျော်နေကြဟန်ရှိ၏။ တချီတချီတွင်သက်ပြင်းချသံ ရှည်ရှည်ကြီးများကိုပင် အတိုင်းသားကြားနေရ၏။

"တွေ့ကြုံရတဲ့ဒုက္ခကို ကိုယ်သဘောပေါက်သလိုသာ ရင်ဆိုင်ကြပေါ့။ သေတော့ သိလိမ့်မယ်"ဟုသာ အများအတွက် စိတ်ဖြေကာ မိုးလင်းသည် အထိ တရေးမျှပင် မအိပ်ဘဲ ဂုဏ်တော်ပွား၍ လိုက်ခဲ့ပါသည်။

နောက်တရက် ဖြူးဘူတာသို့ ရောက်ကြ၏။ ရှေ့ဆက်မသွားတော့ဘဲ ဂျပန်များ ဖြူးမြို့၌ တထောက်နားကြသည်။ကျွန်တော်တို့၁၅– ယောက်ကလဲ့လျှင် ရထားတစီးလုံး ဂျပန်ငပုချည်း ဖြစ်သည်ကို တွေ့ရ၏။

ဖြူးရောက်လျှင် ချက်ပြုတ် စားသောက်ကြရာ ကျွန်တော်တို့ကိုလည်း ဖက်နှင့် ပုံပြီး ကျွေးပါသေးသည်။ သို့သော် ၁၅–ယောက်စလုံး ကြိုးရှည်ဖြင့် လက်တဖက်စီ တောက်လျှောက်တွဲချည်ထားရာ အလွန်ဆာလွန်းသူများသာ စားကြ၏။ သစ်ပင် တပင်အောက်တွင် စုချည်ထားကာ ဂျပန်စစ်သား ၅– ယောက် အစောင့်ချထားသည်။ ကျုန်ဂျပန်များ ဗုံးခိုကျင်း တူးသူ တူးနေကြ၏။ ကျွန်တော်တို့ အားလုံးကား မျက်နှာသေကလေးများနှင့်။

ဖြူးဘူတာရှေ့ကွင်းပြင်သို့ လှမ်း၍ကြည့်လိုက်ရာ စစ်ဗိုလ်ဟု ထင်ရသူနှင့်စစ်သား ၁၀– ယောက်ခန့်က အရပ်သားများအား ကွင်းပြင်ခေါင်ခေါင်၌ တွင်းများအတူးခိုင်းသည်ကို မြင်နေရ၏။ ဗိုလ်လုပ်သူက တုတ်တချောင်းဖြင့် ဝိုက်၍ ဝိုက်၍ ကျင်းတူးရန် သတ်မှတ်ပေးနေသည်ကိုပါ မြင်နေသည်။

ကျွန်တော့်မှာ အိပ်ရေးပျက်သည့်နှင့် တောင်တောင်မြောက်မြောက် လှည့်ကြည့်မနေတော့ဘဲ မျက်စိကို စုံမှိတ်ကာ အသာကလေးမှေးပြီး ဂုဏ်တော်ကို တခုပြီးတခု ဆင်ခြင်နေမိသည်။

## သေတွင်းမှ သရဏဂုံ

အတန်ကြာမှ ယခင်ဘူတာရှေ့ကွင်းပြင်သို့ ကြည့်လိုက်ရာ တွင်း ၁၅ –တွင်း နှင့် တွင်းရှေ့တွင် လူတရပ်ခန့် တိုင်လေး တတိုင်စီ စိုက်ထားသည်ကို အထင်းသား မြင်ရ၏။

ကျွန်တော်တို့ကို သတ်ပြီး မြှုပ်ရန် ကျင်းများ။

ကျွန်တော့်မျက်စိများ ပြာ၍ပင် သွားတော့သည်။ ရင်ထဲတွင် ဒိတ်ဒိတ် ဒိတ်ဒိတ် မြည်လာ၏။ အသက်ရှူ မမှန်တော့ပြီ။ အရပ်ဟ စသော နှလုံးသွင်းလက်စ ဂုဏ်တော်ကိုးပါးလည်း ဘယ်စလို့ ဘယ်ဆုံးမှန်းမသိ။

ဆယ်မိနစ်ခန့် တွေသွားပြီးနောက် "ကဲ မထူးပါဘူး၊ သေလဲဘုရားဖက်ပြီး သေမယ်"ဟု အားခဲကာ သရဏဂုံသုံးပါးနှင့် ငါးပါးသီလကိုတိုးတိုးကလေး ဆောက်တည်လိုက်၏။

"ဘေးရန် ကင်းပျောက်အောင် ကယ်မနိုင်သူမှာ
မြတ်စွာဘုရားရှင်သာ ဖြစ်ပါ၏။ ဘုရားမှတပါး ကိုးကွယ်ရာ
မရှိပါ"

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဗုဒ္ဓေါ မေ သရဏံ အညံ့ နတ္ထိ"

ဟု ပါဠိလိုရော မြန်မာလိုပါ ပါးစပ်ကဆိုပြီး ဂုဏ်တော်ကိုးပါးကိုတခုပြီးတခု နှလုံးသွင်းသည်၊ ပြီးနောက် အရှည်အချင်း ဂုဏ်သတ္တိများကိုသဘောပေါက်အောင် ဆင်ခြင်စဉ်းစားသည်။

ကြောက်စိတ်များ တဖြည်းဖြည်း ပြေသွား၏။ စူးစူးစိုက်စိုက်ဂုဏ်တော်၌ နှစ်မြုပ်လျက် လှိုက်လှိုက်လှဲလှဲဖြစ်ကာ ပီတိများ တသိမ့်သိမ့် ဖြစ်လာသည်ကိုပင် ခံစားရ၏။ ထိုအရသာကား မကြာ။ လျပ်တပြက်မျှသာ။ ကြောက်စိတ်(ဒေါသ)နှင့် ဂုဏ်တော်ပီတိသည် တလှည့်စီ ဖြစ်နေ၏။

''ခလုတ်ထိမှ အမိတ မဟုတ်ဘဲ ရှေးကထဲက ဂုဏ်တော်ပွားမှုလေ့ကျင့်ခဲ့မိရင် ဘယ်လောက် ကောင်းလေမလဲ"ဟု ဂုဏ်တော်ပွားရင်းနောင်တဖြစ်လိုက်၊ နှလုံးသွင်းလိုက် လုပ်နေစဉ် နောက်မှ လူတယောက်ကဂုတ်ပိုးကို ဆွဲလိုက်မှ လန့်သွား၏။

ထိုအခါမှ လက်ပြန်ကြိုးချည်ကာ အင်္ကျီများကို ဖြဲဆုတ်ပြီး မျက်နှာကို စည်းကြဲပါတော့သည်။

ကျွန်တော်တို့တဦးလျှင် ဂျပန်စစ်သား နှစ်ယောက်ကျ ချည်တုပ်စည်းနှောင်ပြီး စောစောက တူးသောကျင်းဆီသို့ ခေါ်သွားကြောင်းသိရပါတော့သည်၊ ဆွဲခေါ်ရာသို့သာ လိုက်ပါသွားကြရ၏။ ရုန်းကန်ဆဲဆိုသောသူများအား သေနတ်ဒင်ဖြင့် ဆောင့်သံကိုလည်း ကြားနေရသည်။

တွင်းအသီးသီးရှေ့၌ ရှိသော တိုင်၌ လက်ပြန်ကြိုးချည်၍ တန်းစီထားရာ ကျွန်တော်၏ စိတ်များမှာ ပို၍ လှုပ်ရှားလာပြန်သည်။ နေကလည်းအတော်ပူနေ၏။ကျွန်တော်တို့ရှေ့၌ အမိန့်ပေးသော စစ်ဗိုလ်နှင့် ဂျပန်စစ်သားများ၊ စကားပြန်များ လူးလာလှုပ်ရှားနေသည်ကို မြင်ယောင်နေရ၏။

မကြာမီ လူကို လှံစွပ်ဖြင့် ထိုးသံနှင့်အတူ "အမလေးဗျာ့"ဟူသောရင်ကွဲသံကြီးကို ကြားရ၏။ ''ပါးစပ်ထဲက ဘာကျသွားတာလဲ'' မေးသံနှော၊

"လက်ဖွဲ့"ဟူသော စကားပြန်တို့၏ အသံကိုပါ ကြားလိုက်ရရာ ညက ကျွန်တော့် အနားမှာထိုင်သော ပုတီးဆရာဟု အဘပ်သိလိုက်၏။ နောက်တချက် လှံစွပ်သံနှင့်အတူ စစ်ဘိနပ်ဖြင့် ကန်၍ ကွင်းထဲ လူကျသွားသံ ကြားရသည်မှာ ကျွန်တော့် စိတ်ထဲတွင် ဘယ်လိုဖြစ်သွားသည်ဟု မပြောတတ်တော့ပါ။

သို့ ပန်းရဲဘော်များ၏ ဆဲဆိုသံများ၊ အလန့်တကြား အော်လိုက်သော အသံနက်ကြီးများ၊ မသေမရှင် ညည်းနေသော အသံများ၊ ဂျပန်ပေ များ၏ လှံစွပ်သံ၊ သေနတ်ဒင်ဖြင့် ဆောင့်သံများ ပဲ့တင်ထပ်သွား၏။

## ဘုရားမှတပါး အားထားရာမရှိ

တကယ့် အနိဋ္ဌာရုံ အသံများကြားတွင် "မထူးတော့ဘူး၊ ဘုရားကိုဖက်မှ"ဟု ကိုယ့်ဟာကိုယ် အံကြိတ်အားပေးကာ ရင်ထဲတွင် ဂုဏ်တော်ပိဘိများ မခံစားရစေကာမူ ပါးစပ်က မပြတ်အောင် တတွတ်တွတ် ရွတ်နေရ၏။ စောစောက ကဲ့သို့ စူးစူးစိုက်စိုက် လှိုက်လှိုက်လှဲလှဲကား မရှိ။ မလွတ်ရုံသာ တတွတ်တွတ် ရွတ်နေရသည်။

ဘုရားမှတပါး အားထားရာမရှိတော့သည့် သဘော။

ကျွန်တော်၏ ဘယ်ဘက်မှစ၍ အစဉ်လိုက်ထိုးသတ်လာရာ ဟစ်အော် ထိုးသတ်သည့် အသံများပို၍ပို၍ နီးလာ၏။ အံကြိတ်ပြီး တရားမလွှတ်အောင်သာ မဲတင်းထားရသည်။

ကျွန်တော့် အလှည့်သို့ရောက်ရန် နှစ်ယောက်လောက်သာကျန်တော့ မည် ထင်၏။ ရပ်ထားသော ခြေထောက်များက တဆတ်ဆတ်တုန်ပြီး အားကုန်ကာ ပုံကျတော့မလို ဖြစ်နေ၏။

ကျွန်တော်နှင့် နှစ်ယောက်ခြားလောက် ထင်ရသော ရဲဘော်အလှည့်သို့ ရောက်လျှင် ဂျပန်များ ရုန်းရင်းဆန်ခတ် ဖြစ်နေပုံရ၏၊ ထိုသူမှာ ဂျပန်များကို အသံကုန် ဆဲဆိုနေသည်။ ညက စကားပြောသော ဘိအိုင် အေ ရဲဘော်ဖြစ်ကြောင်း သတိပြုမိ၏။

"ရဲဘော်မြဒင်ကွ" ဟူသော ဟိန်းသံနှင့်အတူ တအား ရုန်း၍ ကိုယ်လုံးပစ်တိုက်သံများ၊ သေနတ်ဒင်ဖြင့် ရိုက်သံများ၊ လှံစွပ်ထိုးသံများဖြင့်

ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။ ထို့နောက် 'ဗွန်' ဟူသော အသံနှင့်အတူ သွေးရူးသွေးတန်း မြေပြင်၌ လူးလိမ့်နေသံများ ကြားရ၏။ ဗွန် ဟူသော အသံမှာ ကျွန်တော့်မျက်နှာတခုလုံးပင်တွန့်ရှုံ့သွားစေ၏။ "ဘုရား....ဘုရား"

နောက် တယောက်။

ထိုသူမှာ လှံစွပ်ဟချက်ထိုးရုံဖြင့် "အမေရေ"ဟု အသံတချက်သာ ထွက်၍ ရင်ဘတ်ကိုစင်ဘိနပ်ဖြင့် ဆောင့်ကန်သံနှင့်အတူ နောက်ကတွင်းထဲသို့ ပိုင်းကနဲ လဲကျသွား၏။

ထိုသူပြီးလျှင် ကျွန်တော့်အလှည့်လော။ သို့မဟုတ် အခြားတယောက် ရှိသေးသလော။ ကျွန်တော့်မှာ ဝေခွဲမရ။ ဘိနပ်သံနှင့် အော်သံမှာ အနီး၌ ကပ်လျက် ရှိနေ၏။ စက်နှိုးပြီး ရပ်ထားသော သုံးတန်ကားကြီးကဲ့သို့ ကျွန်တော့်တကိုယ်လုံး သိမ့်သိမ့်ခါနေ၏။ ဘာကိုမှ မစဉ်းစားတော့ဘဲ ဂုဏ်တော်ကို မဆင်းရွတ်နေမိသည်။ ရင်ထဲကလည်း တလှပ်လှပ်။

"ငါ့ကို ဘယ်နားထိုးလိုက်မလဲ"ဟူသောကြောက်စိတ်နှင့် ဂုဏ်တော်သည် တလှည့်စီ ဖင်းလူနေ၏။

နောက်ဆုံး သေရမည့်အတူတူ ဘုရားအာရုံယူပြီး သေမည်ဟု အားခဲကာ ခြေတော်အစုံ၌ ဝပ်၍ ရှိခိုးပြီးနေဟန် စိတ်ထဲက အောက်မေ့လျက် ဂုဏ်တော်များကိုသာ ပလွတ်တမ်း ဆင်ခြင်လိုက်သည်။

ဂျပန်လို အမိန့်ပေးစကားပြောသံများ စက္ကန့်ပိုင်းအတွင်း ရပ်သွားကာ ဝေါ-ဝေါ ဟူသော အသံကြောင့် ဝရုန်းသုန်းကား ပြေးလွှားသံများ ကြားရ၏။

## ရတနာသုံးပါး ကျေးဇူး

"လေယာဉ်ပျံ၊ လေယာဉ်ပျံ" ဟု အော်သံကြောင့် ဆောင့်ရုန်းလိုက်ရာ လက်ပြန်တုပ်ချည်ထားသော တိုင်မှာ ကျွတ်ထွက်လာ၏။ မျက်နှာစည်းထားသော အဝတ်မှာလည်း ပြုတ်ထွက်သွားသည်။ ကြည့်လိုက်ရာ ဂျပန်များ အားလုံး ထွက်ပြေးနေကြသည်။ သို့ပန်းရဲတော်များမှာ ကျွန်တော်၏ ဘယ်ဘက်၌ တယောက်သာ ကျန်တော့၏။ ညာဘက်တွင် ဘုန်းကြီးတပါး နှင့် လူတယောက်။

"ရဲဘော်တို့ ဆောင့်ရှန်းပြီး ပြေး"ဟု အော်ရင်း ကျွန်တော်လည်း ခြေဦးတည့်ရာ ရှုပ်၍ အားကုန်ပြေးလိုက်၏။ တဝေါဝေါ မြည်နေသော ဗုံးကြဲလေယာဉ်ကိုပင် ပကြောက်အား။

ကျွန်တော်လည်း ပါးစပ်က 'ဣတိပိသော' ရွတ်ရင်း ပြေးမိပြေးရာ ပြေးနေ၏။ လက်ပြန်ကြိုး တုပ်ချည်ထားသော ဗိုက်မှာလည်း နောက်ကဲ တန်းလန်းပါနေ၍ ခရီးမတွင်။ ငါးမိနစ်လောက်ရှိလျှင် လေယာဉ်သံလည်း ပျောက်သွားသည်။ ဗုံးကြဲ စက်သေနတ်ပစ်သံလည်း မကြားရ။

ကျွန်တော်ကား ပြေးကောင်းတုန်း၊ နာရီဝက် နီးနီးရှိလျှင် မြို့နှင့် မနီးမဝေး တဲအိမ်စုများ တွေ့ရသည်။ တဲအိမ်မှလူအများ ထွက်ကြည့်ကြ၏။ လှမ်း၍ အော်ခေါ်သံလည်း ကြားရသည်။ ထိုသူများကိုပင် ကြောက်လန့်ကာ ဟချက်လှည့်ကြည့်ပြီး ပြေးမြဲ ပြေးပြန်၏။

လှည့်ကြည့်ပြီး အပြေးလိုက်၊ ရှေ့က ရင်ဆိုင်လာသူတယောက်၏ မနီးမဝေးတွင် ပိုင်းကနဲလဲကျသွားတော့သည်။ ထိုသူက ကြိုးများကို ဖြည် ရင်း တယုတယ မေးနေ၏၊ကျွန်တော့်မှာ အမောဆို့နေ၍ မဖြေနိုင်။ထိုသူက ကြောက်လန့်နေမှန်းသိ၍ အားပေးရှာ၏။ နောက် တဲအိမ်များ ရှိရာသို့ တွဲခေါ်ခဲ့သည်။

အကြောင်းစုံ သိကြသောအခါ ကျွန်တော့်အား ဝိုင်း၍ အားပေး ပြုစုကြ၏။

"လေယာဉ်ပျံ ကယ်ပေလို့ပေါ့"ဟု ကျွန်တော် ပြောသည်ကိုမူကား သူတို့သက်မခံကြ။ယခုချိန်အထိ ဗုံးကြဲလေယာဉ်(ထိုအချိန်ကကျွဲညိုနောင်ဟု ခေါ်ကြ၏။) ဒီနေ့ မလာသေးကြောင်း အခိုင်အမာ ပြောဆိုနေကြ၏။ တဝေါဝေါနှင့် မြေပြင်ကို ရှပ်၍ ပျံလာသံကို ကြားခဲ့ရသည်မှာလည်း အမှန် ပင်။ ကျွန်တော့်စိတ်ထဲတွင် မဝေခွဲနိုင်တော့။

ရေမရှိသော ချောင်းတွင် ကူးနေရသကဲ့သို့ လေယာဉ်ပျံ မလာဘဲ အခြောက်တိုက် ပြေးနေမိကြယလောဟု သံသယဝင်လာပြန်၏။

တရားတန်ခိုးတော်ကား ပြောမပြနိုင်ပေ။

အမောအပန်းပြေ၍ အေးအေး ဆေးဆေး ပြန်လည် စဉ်းစားသော အခါ ရတနာသုံးပါး ကျေးဇူးကြောင့် ယခုကဲ့သို့ ထူးထူးခြားခြား အသက်

10.ဒုတိယအကြိမ်

ဘေးမှ လွတ်ခဲ့ရသည်ကို ကျေနပ်၍ မဆုံးပါ။ ပို၍လည်း ယုံကြည်အားကိုး စိတ်များ ထက်သန်လာပါသည်။

သို့ရာတွင် 'ငိုအားထက် ရယ်အားသန်'ဆိုသကဲ့သို့ ကြောက်အား လန့်အားနှင့် ပြေးရင်းရွတ်လာသော 'ဣတိပိသော' မှာမူ ရှေ့မတက်တော့ဘဲ ထိုတလုံးထဲကိုသာ အမြင်မပြတ် ရွတ်လာ၏။ ထို 'ဣတိပိသော' မှာလည်း မမှန်။ ပြောင်းပြန်လန်ကာ 'အောတောပိတိ၊ အောတောပိတိ' ဖြစ်နေသည်ကို နောက်မှ သတိပြုမိတော့သည်။ ဖြစ်မှဖြစ်ရလေ။

ရှေးက လေ့လာ နှုတ်သုံးသွင်းခဲ့မိလျှင်ငှင်း၊ ယခုပြေးရင်းလည်း သတိရှိရှိနှင့် ရွတ်ခဲ့မိလျှင်ငှင်း ထိုမျှလောက် မောရမည် မဟုတ်ပါချေ။

သေဘေးကြုံက သက်လုံကောင်းရန် ကြိုတင် နှုတ်သုံးသွင်းနိုင်ကြပါစေ။

တိုးအောင်၊ ကုန်သည်။
ပဲခူးမြို့။

(ဦးတိုးအောင်၏ ကျောင်းနေဘက် သူငယ်ချင်း ဦးသန်းမြင့်။ ၂၄–၁၀၁ လမ်း၊ ကန်တော်ကလေး ရန်ကုန်မှတဆင့်။)

## ဆရာကြီး ဦးဘစိုး

၁၉၅၆–ခုနှစ်၊ ဆောင်းတွင်း။

"ဟာ–ခင်ဗျားပိုက်ဆံတွေပါ ယူလာတာကိုး။ အဝင်အထွက်အသုံး စာရင်းပြရင် ပြီးတာပါဘဲ"

စာရင်းစစ်မည်ဆို၍အသုံးစာရင်းစာရွက်နှင့် လက်ကျန်ငွေသုံးထောင် ကျော်ကိုပါ ဖြည့်၍အရေးပိုင်အား တင်ပြအစစ်ခံခြင်းဖြစ်သည်။

"ဟုတ်....ဟုတ်ပါတယ်ခင်ဗျား။ ကျွန်တော် အတွေ့အကြုံကလဲ မရှိ သေးတော့ မသိလို့ပါ အရေးပိုင်မင်း။ ကျွန်တော့်မှာလဲ တာဝန်အလေး သား"။

တောလမ်းခရီးတွင် ငွေထုပ်ကိုပိုက်ပြီး လာရသည်မှာ မလွယ်ကူလှ ပါ။ ယောနယ်စပ်လည်း သူပုန်များ ရှိနေ၍ ပို၍ပြီးတာဝန်ကြီးလှသည်။

ယခုလည်း အရေးပိုင်ကြီး ဦးထွန်းအုံ့အနီးတွင် ရဲသားများသာ ရှိ၍ တော်ပေသေးသည်။

### တောင်ပေါ်လမ်းမှအဆင်း

ကျွန်တော်၏ အလုပ်မှာ တောင်တန်းသာသနာပြု လုပ်ငန်းနှင့်တကွ ချင်း တောင်နှင့် ယောနယ် သာသနာရေး ကိစ္စအရပ်ရပ် ဆောင်ရွက်ရသော သာသနာရေး အရာရှိအလုပ်ဖြစ်သည်။ ယခု ရုံးစိုက်ရာ မင်းတပ်မြို့မှ ၉–မိုင် ဝေးသော ယောနယ်စပ် ရေရှင်ရွာသို့ဆင်းလာကာ ထိုမှတဆင့် ၂–မိုင်ခန့် ဝေးသော တောင့်တက်ရွာ အရာရှိ တည်းခိုစခန်းသို့ လာရောက်ရခြင်းဖြစ် သည်။

နတ်တော်လဖြစ်၍ အလွန်အေးချမ်းလှ၏။ ၁၂–နှစ်ရွယ်ရှိ ချင်း အမျိုးသား ကျောင်းသားကလေးတယောက်ကို အဖော်ခေါ်၍ တောင်ပေါ် မှ ဆင်းလာခြင်း ဖြစ်သည်။

စာရင်းများ တင်ပြအစစ်ခံပြီး နောက်တရက် တောင့်တက်ရွာမှ တမိုင်ခန့်ဝေးသော ကျောက်ထုသို့ ဆက်သွားလိုက်၏။ ကျောက်ထုမှာ လေ ယာဉ်ကွင်းရှိ၍ ဈေးဝယ်ရန်သွားခြင်းဖြစ်သည်။ တောင်ပေါ်ဒေသစားသောက်

ရန် ရိက္ခာများ ဝယ်ယူစုဆောင်းရင်း အနည်းငယ်အချိန်လင့်သွား၏။ အပြန်တွင် တောင့်ကက်ရွာကိုကွင်း၍ ကျောက်ထုမှ ရေရှင်ရွာသို့သွားကြ၏။

"ကဲ–မင်းဒီလွယ်အိတ်နှစ်လုံး နိုင်တယ် မဟုတ်လား။ ဘယ်တလုံး ညာဘက်လုံးသိုင်းပြီး လွယ်ခဲ့ကွာ၊ ပလေးပါဘူး"

"နိုင်ပါတယ် အဘ"

ကျွန်တော်ကမူ ပိုက်ဆံအိတ်ကို စလွယ်သိုင်းလွယ်၍ နေမဝင်မီကထဲက ချမ်းစပျိုးနေသဖြင့် အပေါ်က လောင်းကွတ်အင်္ကျီရှည်ကြီးကို ဝတ်ထား၏။ လက်တဘက်မှ အထုပ်တခုဆွဲလျက် တောင်ပေါ်သို့တက်ခဲ့ကြသည်။

တောင့်တက်ရွာအလွန်လောက်ထဲက နေဝင်သွားသဖြင့် ဆရာဘပည့် ခပ်သုတ်သုတ် လှမ်းနေကြရ၏။

"မင်းကြောက်ရင် အဘရှေ့ကသွား"

"မကြောက်ပါဘူးအဘရဲ့၊ လလဲသာနေသားဘဲဟာ"

ကျွန်တော်မှာ စိုးရိမ်စိတ်ကြောင့် နေလုံးပျောက်လေ ခြေလှမ်းများ သွက်လေ ဖြစ်လာ၏။ ချင်းကျောင်းသားကလေးမှာ ဆယ့်ငါးပေလောက် ပြတ်ပြတ်ကျန်ရစ်သဖြင့် စောင့်၍သွားနေရသည်။

## အရဟံဂုဏ် ထုံခဲ့သူ

ကျွန်တော်မှာ ပြည်နယ်၌ အမှုထမ်းရန် ရွှေ့ပြောင်းရမည်ဆိုသည့် အချိန်မှစ၍ 'အရဟံ' ဂုဏ်တော်ကို ရှေးကထက်ပိုပြီး ပွားများခဲ့သူဖြစ်၏။

ဘေးရန်အခက်အခဲကြုံသည်ဖြစ်စေ၊ မကြုံသည်ဖြစ်စေ၊ တနေ့လျှင် အရဟံဂုဏ်တော် လေးထောင်ရအောင် ပုတီးစိပ်လေ့ရှိသည်။

လေးထောင်ရသည်၊ တထောင်ရသည်မှာ လိုရင်းမဟုတ်ပါ။ ပုတီးစိပ်ခြင်းမှာလည်း 'အရေအတွက်မည်မျှရပြီ'ဟု သိရရုံအသုံးပြုပါသည်။

မြတ်စွာဘုရားရှင်၏ ကျေးဇူးတော်ဂုဏ်တော်များကို နှစ်နှစ်ကာကာ ကျေကျေနပ်နပ်ကြီး သတိရဆင်ခြင်နေသော အချိန်များများ ရရန်သာ အဓိကဖြစ်ပါ၏။ ထိုအချိန်များရင် များသလောက် တန်ခိုးသတ္တိ ကြီးမားမည်သာ ဖြစ်ပါသည်။

အရေအတွက်ကား အရည်အချင်း မဟုတ်။

မည်သည့်အရာမဆို အရည်အချင်းသို့ မရောက်သမျှ အစွမ်းသတ္တိ မရှိနိုင်။

"အဘရေ၊ နောက်မှာ အဖော်တွေ လိုက်လာတယ်။ သုံးယောက် တောင်ဘဲ"

လ, ကလေးက သာနေ၍ ကောင်းစွာမြင်နေရ၏။ တောင့်တက်ရှာနှင့် တခေါ်လောက်ကစ၍ လိုက်ပါလာကြောင်း ခပ်စောစောကပင်သတိပြုမိ၏။ ထို့ကြောင့် ကျွန်ုပ်သည် 'အရဟံ' ဂုဏ်တော်ကို ဖိ၍ ပွားလာခဲ့သည်။ ကလေးကမူ ခရီးသွားဖော်ဟု ထင်နေ၏။

"လှည့်ကြည့်မနေနဲ့၊ အဘကို မှီအောင်လိုက်နော်။ သူတို့အနားရောက် လာလဲ စကားမပြောနဲ့။ ကိုယ့်လမ်းကိုယ်သွား၊ သူပုန်တွေဖြစ်နေရင် ဒို့ကို သတ်သွားမှာ"

## ပိုက်ဆံတစ္ဆေ

ကလေးကို စကား ဟန့်ထားရ၏။ ကျွန်တော့် စိတ်ထဲတွင် ပိုက်ဆံတစ္ဆေ ချောက်လှန့်နေသဖြင့် စိတ်တွေချောက်ချား နေတော့သည်။ အစိုးရငွေဖြစ်၍ တာဝန် ပိုလေးနေ၏။

"နမော ဇိနဿ၊
ဇိနော မယှံ ဇယံ ဒေတု၊
ဇိနော ပေ သီသေ တိဋ္ဌတု။

ဇိနဿ=တွင်းပန္နစ်တန်၊ ဘေးရန်ကာဆီး၊ အောင်မြင်တော်မူ ပြီးသော မြတ်စွာ ဘုရားရှင် ကိုယ်တော် မြတ်ကြီးအား။ (အဟံ=အကျွန်ုပ်သည်)။ နမော=ရှိခိုးပါ၏။
ဇိနော=တွင်းပန္နစ်တန်၊ ဘေးရန်ကာဆီး၊ အောင်မြင်တော် မူပြီးသော မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်ကြီးသည်။ မယှံ=အကျွန်ုပ်အား။ဇယံ=အောင်ခြင်းမင်္ဂလာကို။ဒေတု= ပေးသနားတော် မူပါစေသတည်း။
ဇိနော=တွင်းပန္နစ်တန်၊ ဘေးရန်ကာဆီး၊ အောင်မြင်တော် မူပြီးသောမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။မေ=

အကျွန်ုပ်၏။ သိသေ=ဦးထိပ်အပြင်၊ မြတ်ပလ္လင်ထက်၌။
တိဌတု=ကြွရောက်ကိန်းကာ၊ စံပယ်တော်မူလှည့်ပါဘုရား။"
ကျွန်တော်၏ ဦးခေါင်းပေါ်၌ ဘေးရန်ကာကွယ်ရန် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ကြွရောက်စံနေတော်မူသည်ဟု စိတ်ထဲက ယုံကြည်ထားလိုက်သည်။

## ယုံကြည်ချက်ရှိမှ လုံခြုံ

"ငါ့မှာ ဘုရားရှိနေသည်။ ဘာမှ မဖြစ်နိုင်" ဟုလည်း စိတ်ကိုဒုန်းဒုန်းချနေလိုက်၏။ ထိုယုံကြည်ချက်သည် စစ်သည်တသိန်း အစောင့်ချထားတာထက်မက စိတ်ထဲတွင် လုံခြုံလှပါသည်။

အပြောလွယ်သလောက် စိတ်ထဲက အဟုတ်ယုံရန်ကား လွယ်သယောင်နှင့် ခက်ခဲလှ၏။

အမှန်တကယ်ယုံလျှင် ရန်အသွယ်သွယ် လုံခြုံလှပါသည်။

ရေရှင်ရွာနှင့် သုံးမိုင်လောက်အကွာတွင် ထိုသူသုံးဦးမှာ ကျွန်တော်တို့နှင့် ကိုက်တရာလောက်သာ ဝေးမည် ထင်ရ၏။ အရဟံ ဂုဏ်တော်ကို အာရုံမပြတ် ရှုမှတ်ပွားများနေရသည်။ အမှတ်တမဲ့ စောင်းငဲ့ကြည့်ရာနောက်မှ လိုက်ပါလာသူများက ကျွန်တော့်တပည့်လေးအား လက်ကိုဆွဲ၍ တိုးတိုးမေးနေသံများ ကြားနေရ၏။

"မင်း သာသနာပြုကျောင်းက မဟုတ်လား၊ မင်း ဆရာကြီးကော ဘယ်မှာလဲ"

"ရှေ့မှာ"

ဆယ်ကိုက် ဆယ့်ငါးကိုက်မျှသာ ဝေးသော်လည်း ကျွန်တော့်ကို သူတို့မြင်ပုံမရ။ ထိုပြောဆိုနေသံများကို ကြားလိုက်သည်နှင့် စိတ်ထဲတွင် ပူထူသွား၏။ တမင်လိုက်လာသော ရန်သူများဖြစ်ကြောင်း သေချာနေတော့သည်။ ကလေးကိုများ ပြန်ပေးဆွဲထားလိုက်မလား။

တော်ပေသေး၏။ ချက်ခြင်းပင် ကလေးမှာ ပြေး၍အမှီလိုက်လာ၏။ ကျွန်တော့်အနားရောက်လျှင် သူ့ကို လောင်းကွတ်အင်္ကျီကြီးအတွင်းသွင်း၍ ဘေးကတွဲပြီး လျှောက်နေရသည်။ တဘက်က ပိုက်ဆံအိတ်ကို လွယ်ထား၏။

အရဟံဂုဏ်တော်ကိုမူ စိတ်ထဲတွင် အလွတ်မပေး။ ဂုဏ်တော်တခါ ရွတ်ပြီးတိုင်း–

"အယံ မေ ဟောတု ဝဇိရပါကာရော။

အယံ=ဤ အရဟံဂုဏ်တော်ကြီးသည်။ မေ=အကျွန်ုပ်
အတွက်။ဝဇိရပါကာရော=ဘေးရန်ကာဆီး စိန်တံတိုင်းကြီး
သည်။ဟောတု=ဖြစ်ပါစေသတည်း"

ကျွန်တော်၏ ခေါင်းပေါ်၌ ဘုရားသခင် ကြွရောက်စံနေ၏။ အရဟံဂုဏ်များလည်း တကိုယ်လုံးထုံမွှမ်းထားသည်။ အရဟံဂုဏ်တော်ဖြင့် ပတ်ပတ်လည် တံတိုင်းကာထား၏။

အပြောမဟုတ်။ စိတ်ထဲတွင် သည်အတိုင်းမှတ်ယူထား၏။ ယုံကြည်အားကိုးနေ၏။ ငါ ဘာမှ မဖြစ်နိုင်။

## ဂုဏ်တော်ကြောင့် ကိုယ်ပျောက်သလော

ထိုသုံးဦးမှာ ကျွန်တော်တို့ကို ကျော်၍တက်သွား၏။ ကျွန်တော်တို့ကား သွားမြဲသွားနေသည်။သူတို့လက်ထဲမှ ငှက်ကြီးတောင်ဓားကြီးများ လရောင်တွင် တလက်လက်မြင်နေရ၏။ ကျွန်တော့်မှာ ဆောင်းတွင်းကြီး ဖြစ်လျက် ချွေးများ ပြန်နေတော့သည်။

သူတို့စိတ်ထဲတွင် ဇဝေဇဝါ ဖြစ်နေပုံရ၏။ ကျွန်တော်တို့ကို ကျော်သွားလိုက်၊ နောက်ကျန်ရစ်လိုက် ဖြစ်နေသည်။ ကျွန်တော်တို့နှင့် လူချင်းမထိရုံတမယ် ရှပ်၍ရှပ်၍ ရှောင်၍ရှောင်၍ သွားနေကြ၏။

"စကားမပြောနဲ့"ဟူသောအဓိပ္ပါယ်ဖြင့်ကလေးပါးစပ်ကိုလက်ကာ ပိတ်ပြီး သူ့ကိုမလွတ်အောင် ဖက်ထားလိုက်ရာ ကလေးကိုပါ ရှာမတွေ့ဘဲ ဖြစ်နေကြသည်။

"သူတို့ ငါတို့ကို မမြင်ဘူး"ဟု အခိုင်အမာ ယုံကြည်မှုရလာသဖြင့် ပထမကလောက် ကြောက်စိတ်မရှိတော့ပေ။

ဂုဏ်တော်ကိုသာ ကြိုတင်လေ့ကျင့်ထားမှု မရှိလျှင် ထိုနေရာ၌ပင် အသက်သော်လည်း သေနိုင်၏။အနည်းဆုံး ပစ္စည်းများ ပါသွားဘို့မူသေချာလှသည်။ အမှန်မှာမူ ယခုလိုက်လာသောသူများမှာ ဓာတ်သိအစင်းသိဖြစ်၍ လူကိုပင် ခြေရာပျောက်လုပ်နိုင်၏။ မပြောနိုင်။

လ-ရောင်ဝိုးတဝါးအောက်တွင် နှစ်မိုင်ကျော်ကျော်ခရီးတလျှောက်လုံး လိုက်တမ်း ပြေးတမ်း ကစားသကဲ့သို့ ဖြစ်နေ၏။ တဖြည်းဖြည်းနှင့် ရေရှင်ရွာအနီးသို့ပင် ရောက်လာရာ ပို၍ အားကက်လာသည်။ ရေရှင်ကင်းဂါတ်မှ ခွေးတအုပ်မှာ လရောင်ဖြင့် ကျွန်တော်တို့ကို မြင်သည်နှင့် အဝေးကပင် လှမ်း၍ ဟောင်နေကြ၏။

ရန်သူများ အကြံမအောင်ဘဲ နောက်ကြောင်းပြန်လှည့်သွားကြ၏။

ကျွန်တော်၏ တသက်နှင့်တကိုယ်တွင် မေ့မရနိုင်သောအဖြစ်အပျက်ကြီးတခု ဖြစ်နေ၏။ ရတနာသုံးပါး၏ ကျေးဇူးတော်ပါပေ။

ဆောင်းလကုန်၍ တန်ခူးလရာသီသို့ရောက်လာ၏။ ယောနယ်ဂန့်ဂေါဘုရားကြီးပွဲတော်ရက်ဖြစ်၍ အလွန်စည်ကားလှသည်။ တောင်ပေါ်ရှိ အမှုထမ်း အရာထမ်းများသည် တနှစ်တခါ ထိုဘုရားပွဲသို့ဆင်း၍ ရိက္ခာဝယ်ယူစုဆောင်းလေ့ရှိကြ၏။

ကျွန်တော်လည်း တယောက်တည်း ဂန့်ဂေါသို့ ဆင်းလာပြီး အိမ်တအိမ်၌ တည်းခိုနေ၏။ လူစိမ်းတအုပ် အိမ်သို့ ပေးမြန်းပြီးဝင်လာကြသည်။ ကျွန်တော့်သကိုပင် တမင်လာခြင်း ဖြစ်၏။

## အမှားဝန်ခံ အမှန်သိ

ထိုသူများက ကျွန်တော်မယုံနိုင်သော စကားများကို ပြောဆိုလာကြသည်။ ဦးချ၍လည်း ကန်တော့ကြ၏။

“ကျွန်တော်တို့ဖြစ်မှားမိတာ သည်းခံပါဆရာကြီး။ ကျွန်တော်တို့လဲ အထက်က လူကြီးသာ သိသွားရင် မသက်သာဘူး။

“ကိုယ့်အမှားကို ဝန်ခံပြီး ကန်တော့လဲ ကန်တော့ချင်လို့။ နောက်ပြီး တသက်နဲ့တကိုယ် အံ့သြလှန်းလို့ပါဆရာကြီး၊ ဘယ်သူ့မှတော့မပြောပါနဲ့”ဟု ဆိုကာ ဇာတ်ကြောင်းကိုပြန်ကြ၏။ အရှိအသေပင် တောင်းပန်ရှာကြသည်။

“ဆရာကြီးနည်းကိုတော့ ချီးမြှင့်ခဲ့ပါဆရာကြီး”ဟု လည်း တဖွဖွ တောင်းခံကြ၏။ ထိုအချိန်က ကျွန်တော့်ကို မည်သို့မျှ ရှာ၍ မတွေ့မြင်ကြောင်း တပ်ချည်းတလဲလဲ အံ့သြပြောဆိုကြသည်။

သိလကိုကြိုးစားပြီး လုံအောင်စောင့်ရန်နှင့် အရဟံဂုဏ်တော်ပွားနည်းကို ဝမ်းမြောက်ဝမ်းသာပင် ရေးသား၍ ပေးခဲ့ရသေး၏။

"ကဲ....အဘနည်းကတော့ ဒါဘဲကွ။ ဘာမှ အဆန်းမဟုတ်ဘူး။ အရိုးကြီးဘဲ။လူတိုင်းရပေမယ့် လူတရာတယောက် မယုံကြဘူးကွ။ မလုပ်ကြဘူး။ မယုံလို့မလုပ်တော့ ယုံစရာလဲမရှိတော့ဘူးပေါ့ကွာ။

"မင်းတို့လဲ အဘလို ဒီအတိုင်းသာ ပွားများသွားရင် မကြာပါဘူး။ တပတ်နှစ်ပတ်အတွင်းမှာဘဲ ထူးခြားလာပါလိမ့်မယ်။ အဘ အတပ်ပြောရဲပါတယ်။အခု အဘကြုံတဲ့ကိစ္စမျိုးပေါ်ပေါက်ရင်တော့ ပိုပြီးထင်ထင်ရှားရှား သိရတာပေါ့လေ။

"ကိုယ်က သိသာလောက်အောင် ကိစ္စမကြုံလို့၊ သတိမထားလို့ ထင်ထင်ရှားရှားကြီး မသိပေမယ့် ဂုဏ်တော်တန်ခိုးကတော့ အလွန့်ကို ထူးခြားပါတယ်။ နောက်ဆုံး ကုန်ကုန်ပြောမယ်ကွာ–

"အကြီးအကျယ် သေကောင်ပေါင်းလဲ နေမကောင်းတာဘဲ ဖြစ်ဖြစ်၊ စားဝတ်နေရေးတခုခု အဆင်မပြေတာဘဲဖြစ်ဖြစ်၊ ဘာဘဲဖြစ်ဖြစ် ,ပေါ့ကွာ၊ ဒုက္ခတစုံတရာတွေ့ရင် 'အင်း ဂုဏ်တော်ကြောင့်ပါလား' လို့ တမင်ကလာ သိသိသာသာကြီးကို ထူးထူးခြားခြား ကူညီမယ့် လူတွေ ပေါ်လာလိမ့်မယ်။ မယုံမရှိနဲ့။

"ဒါပေမယ့် ဒီနည်းကို အကုသိုလ် လုပ်ငန်းမှာ သုံးလို့တော့မစွမ်းဘူး။'နောက်ပြီး....ဘေးရန်လွတ်ဘို့၊ စီးပွားရဘို့၊ ရာထူးတက်ဘို့ ဆိုတာတွေကို မမြှော်လင့်ရဘူး။ ဒါမှ ပိုစွမ်းတယ်။ မလိုချင်မှ ပိုရတယ်ကွ။ အကုသိုလ် စိတ်အပူတွေ ကင်းအောင် ဘုရားရှင်ကို တရားနဲ့ ကျေးဇူးဆပ်တယ်လို့ဘဲ အောက်မေ့ကြပေါ့ကွာ"

ကိုယ်တွေ့ဖြစ်ရပ်များဖြင့်လည်း ရှင်းပြလိုက်ရာ အားလုံး ဝမ်းသာ တက်ကြွနေကြသည်။

ယခုထိ မျက်စိထဲတွင် မြင်ယောင်နေမိ၏။ စင်ဖြူရိုးဖြောင့်သော ယောသားတို့၏ စိတ်ရင်းကို အမြဲပင် ချီးကျူးနေမိ၏။

"အပြစ်ရှိပါသည်"ဟု ဝန်ခံသူအား အဘယ်သူသည် မချီးကျူးဘဲ နေနိုင်ပါအံ့နည်း။

ဆရာကြီး ဦးဘစိုး
(သာသနာရေး အရာရှိဟောင်း)
အိမ်နံပါတ် ၁၄၊ ဂျမားလမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

## အာဝေဏိကဂုဏ်နှင့် ကားကြိုစီး

ကျွန်တော်၏ဖခင်မှာ ယခုအသက် ၇၇-နှစ်ရှိပြီး၊ မိခင်မှာ ၇၆ နှစ်ရှိပြီ ဖြစ်လျက် အထက်အညာ တောရွာတခုမှာ ကျန်းမာစွာ ရှိနေကြပါသည်။

ကျွန်တော်၏ မိဘများမှာ မြေပိုင်ရှင် တောင်သူလယ်သမားများ ဖြစ်၍ မြေသာသီးနှံဖြင့်ပင် အေးချမ်းစွာ နေထိုင်နိုင်ကြပါသည်။

ကျွန်တော်၏ ဖခင်မှာ အသက် ၅၀-လောက် ရှိသောအခါ အညာ အခလ အထအတိုင်း "လူထဲတွင် စကားပြောရန်" သဂြိုဟ်ကျမ်းကို သင်ပါ တော့သည်။

ထိုအခါ တခုသော ဥပုသ်နေ့တွင် မုံရွာခရိုင်၊ ပုလဲမြို့ ဓမ္မဝတီဆရာ တော်ဘုရားကြီးက ကျွန်တော့်ဖခင်အား—

"ဒကာကြီး၊ ပရိသတ်ထဲမှာ စကားပြောဘို့၊ ငြင်းဘို့၊ ခုံဘို့ သဂြိုဟ်ကျမ်းကို သင်ကြားနေတာထက် ပရိတ်တော် ဂုဏ်တော် အားလုံးကို ပါဠိရော အနက်ပါ အရကျက်ပြီး အမြဲ ရွတ်ဖတ် သရဇ္ဈာယ်နေရင် တစတစ သဘောအဓိပ္ပာယ်တွေ သိမြင်လာတဲ့အခါ လောကီရော လောကုတ္တရာပါ အင်မတန် အကျိုးများမယ်"

ဟု အမိန့်ရှိတော်မူပါသည်။

### ဘုရားကပေးသော ကျန်းမာရေး

ထိုနေ့မှစ၍ ပရိတ်တော်ဂုဏ်တော်များကို တသုတ်ပြီးတသုတ် ကျက်မှတ်၍ နေ့ညမပြတ် ရွတ်ဖတ်ဆင်ခြင်လာရာ ယနေ့ ထိအောင် ဖြစ်ပါသည်။ ပရိတ် မရွတ်ရဘဲ မည်သည့်နေ့မှ အိပ်ခဲလေ့မရှိပါ။

ကျွန်တော်၏ ဖခင် အထူးအလေးပေး ရွတ်ဖတ်လေ့ရှိသည်မှာ....

'အဘိတံသေ ဗုဒ္ဓသ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ"

စသော'တဆယ့်ရှစ်ပါး ဗုဒ္ဓဂုဏ်တော်'ပင် ဖြစ်ပါသည်။ သွားရင်း လာရင်းလည်း ရွတ်ဖတ်လေ့ရှိပါသည်။

(တဆယ့်ရှစ်ပါး ဗုဒ္ဓဂုဏ်တော်ပါဠိ, အနက်များကို နောက်ပိုင်း၌ ကြည့်ပါ။)

ဆရာတော်ဘုရားကြီး အမိန့်ရှိသကဲ့သို့ပင် ၇၀-ကျော်ဂ၀-နီးပါး ရှိကြပြီဖြစ်သော်လည်း အိပ်ရာထဲလှဲနေရလောက်သည့် ရောဂါမျိုးတခါမျှ မဖြစ်။မိမိတို့၏ လယ်ယာများသို့ သွားရောက်ကြည့်ရှုလျက်ပင် ခလုတ်မထိ ဆူးမငြိခဲ့ကြပါ။

(မှတ်ချက်။ ။မမြင်ရသော ပရိတ်တော်တန်ခိုး သတ္တိများ အမြဲတမ်း ထိုမှမ်းကိန်းအောင်းနေ၍ ကျန်းမာသက်ရှည်ရပုံကိုသတိပြုခဲ့ပါ။)

ထိုမှတပါး ကိုယ်ခန္ဓာကျန်းမာ ကြံ့ခိုင်ခြင်း အကျိုးကျေးဇူးထက် စိတ်ဓာတ်ခိုင်ကြည် ရင့်ကျက်လာပုံများမှာ ပို၍ပင် အံ့ဘွယ် ကောင်းလှပါသည်။

ကျွန်တော်တို့တွင် မွေးချင်းတကျိပ်ကျော် တပျော်တပါးကြီးရှိခဲ့ရာမှ တဘိတတိနှင့် ယခု ၅-ယောက်မျှသာ ရှိပါတော့သည်။ မကြာမီကလေး ကပင် အိမ်ထောင်သည် သားတယောက်နှင့် သမီးတယောက် ရှေ့ဆင့် နောက်ဆင့်ပင် ကွယ်လွန်သွားကြပါသည်။

ကျွန်တော်၏စိတ်ထဲတွင်"အမေနဲ့ အဖေတို့မှာ အိုကြီးအိုမှစိတ်ဆင်းရဲစရာ တွေ့ကြရရှာခလခြင်း"ဟု စိတ်မကောင်းဖြစ်ခဲ့ရပါသေးသည်။ မိခင် ဖခင်တို့ကမူ-

"သားကြီး သမီးကြီးတွေ သေဆုံးသွားကြရတဲ့ အတွက် ထူးပြီး စိတ်သောက ရောက်စရာ မရှိပါဘူးကွာ။ မွေးကထဲက သေမျိုးစေ့က ပါလာပြီးသားဟာဘဲ။ မီးရထားအတူစီးခဲ့ကြတဲ့ လူတွေဟာ ကိုယ်ဆင်းရမယ့် ဘူတာရောက်လာရင် ဆင်းပြီးသွားကြရတာပါဘဲကွာ၊ မထူးပါဘူး၊ ဒီလို ပါဘဲ"ဟု ခပ်အေးအေးပင် ပြောပြကြပါသည်။

## ဝတ်စားဆင်ယင် မခွဲ့ထွင်

ကျွန်တော်၏ဖခင်မှာ ငယ်ရွယ်နုပျိုစဉ်အခါက စိတ်ကြမ်းကိုယ်ကြမ်း မဟုတ် မခံ ရိုက်ရဲ၊ ခုတ်ရဲ၊ သတ်ရဲသူ တယောက်ဖြစ်ခဲ့သော်လည်း ယခုမူ စကား မာမာ အသံကျယ်ကျယ်ပင် မပြောတော့ပေ။

များသော အားဖြင့် အသက်ကြီးလာလျှင် စကားများလေ့ ရှိရာ ကျွန်တော်၏ဖခင်မှာမူ အပိုအမို ဆို၍ တခွန်းမျှမပြော။ ဝတ္တရားကျေကုံ ရုံမျှသာတိတိကျကျအေးအေးဆေးဆေး ပြောပြသည်မှာလည်း စိတ်ဝင်စား စရာဖြစ်ပါသည်။

အစားအသောက်နှင့် စပ်၍လည်း အပျော်စား၊ ဟန်စားကို မဆို ထားဘိ ကောင်းကောင်းဆိုးဆိုး ခန္ဓာကိုယ်အတွက်မျှတရုံသာ စားသောက် လေ့ရှိပါသည်။

ရံဖန်ရံခါ ကျွန်တော်က ဝတ္ထုရေး အတိုင်း ပုဆိုးကောင်း အင်္ကျီ ကောင်းများ ဝယ်၍ ကန်တော့ပါသော်လည်း—

"မလိုပါဘူးကွာ၊ ဒီရုပ်ကြီး မွမ်းမံပြုပြင်နေတာထက် စိတ်ကောင်း နှလုံးကောင်း ရှိလာအောင် မွမ်းမံဖို့၊ ပြုပြင်ဖို့က အရေးကြီး ပါတယ်" ဟုပင် ပြောဆိုတားမြစ်ကာ ချည်ကြမ်းပုဆိုး လက်ဖြစ်ပင်နီဖျဉ်ကြမ်း အင်္ကျီ များဖြင့်သာ နေလေ့ရှိပါသည်။

(မှတ်ချက်၊ ။အရှယ်ကပြောသည်ဟု ဆိုနိုင်သော်လည်း စကား များသော၊ အပျော်အပြက်ပြောသော၊ သောကများသော၊ အစား ရွေးသော အဖိုးအိုအဖွားအိုများနှင့် နှိုင်းယှဉ်စဉ်းစားပါ။ တရား တန်ခိုးတော်ကြောင့် အငြိမ်းဓာတ်၊ အအေးဓာတ်များ ချာချဉ်ဝင် သကဲ့သို့ မသိမသာ တစိမ့်စိမ့် ကိန်းဝင်လာသည့်သဘောကို နားလည် နိုင်ပါသည်။)

ကျွန်တော်၏ဖခင်နှင့်မိခင်တို့မှာ ရံခါ ကျွန်တော့်ထံ (ရန်ကုန်)သို့ လာရောက် ဘုရားဖူးရင်း တလ၊ ၁၅–ရက် နေလေ့ရှိကြပါသည်။ ယခု တခေါက်တွင်မူ ဖခင်တယောက်ထည်းလာကာ–

"မင်းတို့ ရန်ကုန်မှာ မျက်စိပူ၊နားပူသကွာ" ဆိုကာတပတ်ခန့်သာ နေ၍ ပြန်ပါတော့သည်၊

## ဂုဏ်တော်ကြောင့် မိုက်နာရသလော

ဂုထားသို့ လိုက်ပို့ရာ အဖေ်မပါ၊ လိုက်လည်းမပို့နိုင်၍ စိတ်မချ၊ စိတ် မကောင်းဖြစ်နေသော ကျွန်တော့်မျက်နှာကိုကြည့်၍ ပြုံးပြုံးရွှင်ရွှင်နှင့်ပင်–

"စိတ်ချပါကွာ။အဖေသွားနေကျ လမ်းဘဲဟာ။ ငါအိမ်ရောက်တော့ စာထည့်လိုက်ပယ်။ လိင်လိမ်မာပာသာနေကြ။ အင်း....လောကမှာ လိမ်မာ တာ အကောင်းဆုံးဘဲကွာ"ဟုပြောဆိုနှုတ်ဆက်သွားပါသည်။

တပတ်ခန့် ကြာသောအခါ ဖခင်ထံမှ စာရှည်ကြီးကို အောက်ပါ အတိုင်း တအံ့တသြ ဖတ်ရှုရပါတော့သည်။

"ရန်ကုန်ရှိသားနှင့်သမီးများ၊ အဖေဟာ မင်းတို့နေထိုင်ကျက်စားတဲ့ ရန်ကုန်မြို့က ထွက်လာကထဲက ရထားပေါ်မှာ ပရိတ်ရွတ်လာတယ်။ ချော ချော မောမောဘဲ။

"မုံရွာရောက်တော့ အနောက်ဘက်ကမ်းကူးပြီး ပုလဲထွက်တဲ့ကားကို စီးလိုက်ခဲ့တယ်။ လမ်းတဝက် ယင်းမာပင်လဲ့ ရောက်ရော၊ ဈေးနားမှာ မော်တော်ကား ခဏရပ်တုန်း မနေနိုင် မထိုင်နိုင် ဗိုက်နာလို့ ဈေးကအိမ်သာ မှာတက်နေတုန်းပြန်လာတော့ မော်တော်ကားက ထွက်သွားပါလေရော။ ယင်းမာပင်မှာ ဆင်းမယ့်လူလို့ ထင်ပုံရပါတယ်။

"ကံကောင်းချင်တော့ လက်တောင်းကြီး မော်တော်ကား ဆိုက်လာ လို့ စီးလိုက်ခဲ့ရတယ်။ ပုလဲကားလို အိမ်အထိတော့ မရောက်တော့ဘူးပေါ့။ တတိုင်ခွဲ(သုံးမိုင်)လောက် ကုန်းကြောင်း လျှောက်ရအုံးမှာ ဖြစ်ပေမယ့် တော်သေးတာပေါ့။

"အဲဒီနေ့က မိုးကလဲ့ သဲသဲမဲမဲ ရွာချနေတယ်။ အဖေတော့ တလမ်း လုံး ကားပေါ်မှာလဲ ပရိတ်ဘဲရွတ်ပြီး လိုက်လာတာ သိပ်မကြာဘူး လမ်းမှာ စောစောက စီးခဲ့တဲ့ ပုလဲကားကိုမှီတာဘဲ။

"ဒါပေမယ့် ပုလဲကားဟာ လမ်းမှာဘဲ မိုးနဲ့လေနဲ့ ကားတီး ချော်ပြီး လမ်းဘေးက တမာပင်ကို ဝင်တိုက်ထားလိုက်တာ ရစရာမရှိဘူး။ သေတဲ့လူလဲ မနဲဘူး။ မထိခိုက်တဲ့လူရယ်လို့ တယောက်မှ မကျန်တော့ဘူး။

"အင်း-ယင်းမာပင်မှာ ငါဗိုက်နာတာ တော်သေးရဲ့လို့ အောက် မေ့ရတော့တယ်။ ဒါနဲ့ ကိုယ့်ဟာကိုယ် စဉ်းစားကြည့်မိတော့ ငါဟာ ညအိပ် ညဥ့်နေ ခရီးရှည်လဲ သွားဘူးလှပြီ။ လမ်းမှာ ဗိုက်နာတယ်၊ ဝမ်းသွား ချင်တယ်လို့ တခါမှ မဖြစ်ဘူးဘူး။ လေးငါးရက်တောင် ဝမ်းမသွားဘဲ နေလို့ အကျင့်ရတဲ့လူဘဲ။ စဉ်းစားစရာက ဒါနဲ့ မနက္ခလေးက လမ်းကစားတာ သောက်တာပြန်ပြီး စဉ်းစားတော့လဲ စဉ်းစားလို့ မရဘူး။

"အဲသလိုနဲ့ စဉ်းစားနေတုန်း စိတ်ထဲမှာ ပြုန်းကနဲ သတိရတာက တော့ အဖေတလမ်းလုံး ရွတ်လာတဲ့ 'ပရိတ်ကြောင့် ဗိုက်နာရတာဘဲ'လို့ အဖေတော့ ဒါဘဲစဉ်းစားလို့ရတယ်။ တွေးကြည့်လေ မှန်လေဘဲ။ မင်းတို့လဲ သွားလေရာရာမှာ ရတနာသုံးပါးစိတ်နဲ့ သွားကြ လာကြပေါ့။ မင်းတို့ ရန်ကုန်က ပိုပြီး အန္တရာယ်များတယ်"ဟူ၍ ဖြစ်ပါသတည်း။

(၁၃၂၅-ခုနှစ်၊ ဝါဆိုနှင့် ဝါခေါင်လထုတ် အတွဲ ၁၀၊ အမှတ် ၁၂ 'သင့်ဘဝ မဂ္ဂဇင်း' ပါ 'စာပေဗိမာန် စာရေးဆရာကြီး မောင်က'၏ 'ပရိတ် တန်ခိုး' ဆောင်းပါးကို ထုတ်နုတ်တင်ပြခြင်း ဖြစ်ပါသည်။)

## အဘိုးနဲဝန်ဖါ 'သန္ဒိဋ္ဌိကော'

'ပရိတ် ဂုဏ်ဒေါ်ကြောင့် ဗိုက်နာရသည်' ဆိုသော သဘောကို လူများစု လက်ခံနိုင်သော စကားမဟုတ်။ အဘယ့်ကြောင့်ဆိုသော် လူများစုသည် ရတနာသုံးပါး ကျင့်ဝတ်ပဋိပတ် တခုခုကိုပင်သော်မျှ စွဲမြဲ လေ့လာသူများ မဟုတ်ကြကုန်။

ဒါန, သီလ, ဘာဝနာ အရာရာ၌ ဝါစာကမာအပျော်ထမ်းဘာသာ ဝင်တို့သာ များကုန်၏။ ဘာကလေးတခုမျှ စောက်ကျအံ့ကျ မရှိ။ ထိုလူမျိုး မယုံသည်မှာ မဆန်း။

ကျင့်ဝတ် ပဋိပတ်တခုခုကို စွဲစွဲမြဲမြဲ အလေ့အထုံပြု၍ သတိထား စဉ်းစားတတ်သော ပုဂ္ဂိုလ်များအတွက်မူ ရတနာသုံးပါးနှင့် စပ်သော ထိုအဖြစ်ဆန်းမျိုးမှာ အံ့သြဘွယ်ရာမရှိ။ ရိုး၍ပင် နေပါလေပြီ။

ဤအဖြစ်အပျက်ကို ကြည့်ပါက ခရီးသွားရင်းဗိုက်နာမှု၊ ကားထွက် သွား၍ ခရီးအစီအစဉ်ပျက်ရမှုကို 'ဒုက္ခ'ဟု ထင်ရ၏။ 'သုခပါကလား'ဟု နောက်မှသိရသည်။

လူသာမန်တို့ သိနိုင်သော အရာမဟုတ်။

ထို့ကြောင့် တစုံတခု ဒုက္ခရောက်တိုင်း ဝမ်းမနည်းရ။ ငွေကြေး ရာထူးလာဘ်ဝင်တိုင်းလည်း သုခ မထင်ရ။

သီလဆောက်တည်ခြင်း၊ မေတ္တာပွားခြင်း၊ ကောင်းမကောင်းအပေါ် သည်းခံ၍ အောင့်အည်း၍နေခြင်း၊ ဘုရားဂုဏ်တော်စသည်ကို အာရုံပြုဆင် ခြင်၍ နေခြင်း၊ တရားဘာဝနာရှုမှတ်ခြင်း၊ ပရိတ်စသော ဒေသနာပါဠိ တော်များကို ရွတ်ဖတ်၍ နေခြင်း စသည်....။

ရတနာသုံးပါးဆိုင်ရာ ကျင့်ဝတ်တခုခုကို နေ့စဉ်ဝတ်ထား၍ စွဲစွဲမြဲမြဲ လေ့ကျင့်ထုံမှမ်းနေသူအတွက် 'ဘေးအန္တရာယ်ကင်းရန်' ဟူသော ရည်ရွယ် ချက်မျိုး မရှိတော့ပေ။

'အသက်ရှည်ရန်၊ စီးပွားလာဘ်လာဘ၊ ရာထူး၊ အာဏာတိုးရန်' ဟူသော ရည်ရွယ်ချက်များလည်း ဝင်မလာတော့ချေ။

ထိုလောကီကိစ္စများကား သုခဟု ထင်ရသော်လည်း သုခမဟုတ်၊ ဒုက္ခတွေသာ ဖြစ်၍ အထူးမြော်လင့်ရန် (ဆုတောင်းရန်)မလို။ မရချင်၍ပင် မနေရ။ ဆုတောင်းဘဲ ရနေရသော ကိစ္စများသာ ဖြစ်ကုန်၏။

## မှန်မြတ်မြင့်မားသော ရည်ရွယ်ချက်

ရည်မှန်းတောင့်တချက်အလိုက် အကျိုးအာနိသင်တို့သည်လည်း ခြားနားသွားကုန်၏။ အသိဉာဏ်အရေးကြီးလှသည်။

ဥပမာ–သီလစောင့်ရာ၌ ထောင်ကျမည်စိုး၍ စောင့်ထိန်း, ရှောင်ကြဉ်သော သီလ၊ ငရဲကျမည်စိုး၍၊ နောက်ဘဝ၌ ဒုက္ခရောက်မည်စိုး၍၊ ကျန်းမာသက်ရှည်စေလို၍၊ 'မိမိအတွက်နှင့် အခြားသူ (သတ္တဝါ)တွေစိုးရိမ်ကြောင့်ကြဆင်းရဲမှု မရှိကြပါစေနှင့်'ဟု ရည်ရွယ်၍၊ 'ဤသီလသည် နိဗ္ဗာန်ချမ်းသာအတွက် အထောက်အကူ ဖြစ်ပါစေ'ဟု ရည်ရွယ်၍ စောင့်ထိန်းရှောင်ကြဉ်ရသော သီလသည် သီလချင်းတူသော်လည်း ရည်ရွယ်ချက်၊ ရည်မှန်းချက်မတူသဖြင့် အင်အားပါပုံချင်းမတူချေ။ အင်အားချင်း မတူလျှင်လည်း အကျိုးပေးချင်း ကွာခြားသွားစေမည်မှာ သေချာလှ၏။

အခြား ဘာဝနာမှု၊ ပရိတ်မန္တန်ရွတ်မှုစသည်တို့၌လည်း ထိုနည်းငှင်း။

စကြဝဠာတေးမင်း၏ချမ်းသာကို ဒွန်းစဏ္ဍားသည် ကိုယ်ချင်းစာ၍မရ။

ဘာသာရေးကျင့်ဝတ်တခုခုကို ပြုလုပ်စွဲထုံထားသူ၌ လူသာမန်တို့ ကိုယ်ချင်းစာ၍ မရနိုင်သော လက်ငင်းချမ်းသာမှုများရှိနေပေသည်။ ကိုယ်ရော စိတ်ပါ ကြည်လင်အေးချမ်းနေ၏။ အသစ်အသစ် ဖြစ်ပွား၍ ဖြစ်ပွား၍ နေသော ရုပ်အစဉ် နာမ်အစဉ်ကြီးတခုလုံး အမြင့်မြတ် အငြိမ်းဓာတ် အအေးဓာတ်တို့သာ ကိန်းဝပ်လာကုန်၏။ အကုသိုလ် အပူဓာတ်များ မဝင်သာတော့ပြီ။

ကာယကံရှင်ကိုယ်တိုင် လက်တွေ့လက်ငင်း သိမြင်နေရ၏။ ထိုဟာကိုပင် 'သန္ဒိဋ္ဌိကော'ဟု ခေါ်သည်။ 'အကာလိကော'ဟု ဆိုသည်။ သေပြီးမှ ချမ်းသာမည်ထင်ရသော ချမ်းသာမျိုးကိုလည်း မလွမ်းတော့ပြီ။

အဘိုးနည်းဝန်ပါ ထိုချမ်းသာမျိုးကို အလွယ်တကူ ရယူနေနိုင်မှ စိတ်ပူ၊ နှုတ်ပူ၊ ကိုယ်ပူမှုရသော (တနည်းအားဖြင့်) လောဘ–ဒေါသ–မာန ဣဿာ–မစ္ဆရိယတို့နှင့် ရင်းနှီးမှုရသော ပျောက်ပျက်လည်း ပျောက်ပျက်လွယ်သည့် စီးပွား အာဏာ ရာထူး သုခမျိုးသည် ထိုလက်တွေ့ လက်ငင်း ချမ်းသာနေသူအား မဖြားယောင်းနိုင်တော့ပြီ။

## ငုပ်ကွယ်နေသော သတ္တိစွမ်းအင်

လောကဝ၌ စီးပွားရှာကြရာ ကိုယ့်မိသားစုအတွက်စားဝတ်နေ ပြည့်စုံအောင် ရှာဖွေလုပ်ကိုင်နိုင်သူများရှိကြ၏၊ တဆွေတမျိုးလုံး၊ တရွာလုံး၊ တနိုင်ငံလုံး၊ တကမ္ဘာလုံး အားကိုးလောက်အောင် ကြံစည်လုပ်ကိုင်နိုင်သူများလည်းရှိကြသည်။ ထိုတွင် မိမိတဝမ်းတခါးကိုမျှ မဝရေစာ စားသောက်နေရရှာသော လူညံ့များလည်း မနည်း။

ထို့အတူ ဘာသာရေးကျင့်ဝတ်အရာ၌လည်းတကိုယ်ရေဘေးကင်းရုံ၊ စားလောက် သောက်လောက်ရုံ လုပ်ဆောင်နိုင်သူများ ရှိသကဲ့သို့ တနိုင်ငံလုံး၊ တကမ္ဘာလုံး၊ ၃၁-ဘုံလုံး၊ စကြဝဠာအနန္တ ဘေးကင်းချမ်းသာအောင် ဆောင်ရွက်နိုင်သူများ ရှိနေကြပေသည်။

အများအားဖြင့် ဘာသာရေးကိစ္စတွင် တဝမ်းတခါးမျှမဝသူ၊မလုံသူက များပြားလျက်ရှိ၏။ ထိုသူမျိုး၏နား၌ သီလတန်ခိုး၊ ပရိတ်တန်ခိုး၊ ဘာဝနာတန်ခိုး ဟူသမျှ ဒဏ္ဍာရီချည်းသာ ဖြစ်ကြရသည်မှာ မထူးဆန်းပါချေ။

ရွှေငွေကျောက်သံပတ္တမြားတို့၌ လူသားတို့အား စားဝတ်နေချောင်လည်စေသော၊ ဘေးကင်းချမ်းသာစေနိုင်သော အစွမ်းသတ္တိတန်ခိုးများ ရတနာအလိုက် တည်ရှိ ကိန်းဝပ်နေကြ၏။ ရတနာ တန်ခိုး သတ္တိ အင်အားအလိုက် အားကိုးကြရသည်။

ဘုရား,တရား,သံဃာ၊ ဒါန,သီလ, ဘာဝနာ ဘာသာရေးကျင့်ဝတ်တို့သည် အတုမဲ့ရတနာများ ဖြစ်ကုန်၏။ ထိုရတနာများ လက်ဝယ်ထားရှိကြသလောက် ရတနာအင်အားအလိုက်၊ အစွမ်းသတ္တိ တန်ခိုး အင်အားအလိုက် ချမ်းသာကြီးပွားကြရ၏။

ထိုလောကီ,လောကုတ္တရာ ရတနာတို့၏ ငုပ်ကွယ်နေသော အင်အားသတ္တိကို မြင်ရှုမရ။

ပတ္တမြားဖြင့် အသက်မွေးနေသူမှသာ ကျောက်၏ အရည်အသွေးကို ရိပ်စားမိကြ၏။ သို့ရာတွင် အကြွင်းမဲ့ သိသူကား ရှားလှသည်။

"ကျောက်နှင့်မြင်းကို စိုးစဉ်းသိက၊ ချမ်းသာရသည်"ဟု ကျေနပ်နေကြရ၏။ ယင်းသို့ဆိုသော် အတုမဲ့ လောကုတ္တရာ ရတနာ၏ အင်အားသတ္တိကို အဘယ်သူပြည့်စုံစွာ သိနိုင်ပါချေအံ့နည်း။

သူပြောလူပြော ကျောက်ပွဲစားစကားကို ယုံစားလွန်းခြင်း၊ကျောက် ရည် ကျောက်ကဲကိုလည်း တစွန်းတစမျှ သိမြင်၍ လောဘ မသတ်နိုင်ခြင်း ကြောင့် ခွက်ခွက်လန်အောင် ကျောက်ရှုံး၍ လူလုံးပလု ဆင်းရဲရသူတွေ များစွာရှိကုန်၏။

လောကုတ္တရာ ရတနာ ရောင်းဝယ်မှုတွင်လည်း ကျောက်ပွဲစားတို့၏ စကားကို နားယောင်ကာ လောကီချမ်းသာ မြော်လင့်ချက်ကြီးကြောင့် ပျက်စီးကြရသူတွေကား မနည်းချေ။

"ပုတီးအပတ်ကထောင်ပြည့်လျှင် အကျိုးမည်မျှ၊ မည်သည့်အဆင့် ရောက်ပြီ။ အဘယ်ဂါထာ မန္တန်သည် မည်မျှစွမ်းကြောင်း" ရှုပ်ထွေးပွေလိမ် လှပေ၏။

'မည်သည့်အရာသာလျှင် အစစ်အမှန်' ဟု မည်သူမည်သို့ ခွဲခြား ရွေး ချယ်နိုင်ပါမည်နည်း။

လောကီချမ်းသာ ကို ဦးတိုက်နေကြသမျှ ကျောက်ပွဲစားတို့ဘေးမှ ကင်းဝေးရန် မလွယ်ကူပါချေ။ စစ်မှန် ရိုးဖြောင့်သော ဆရာကောင်း မိတ်ဆွေကောင်းကို မှီဝဲကြပါကုန်။

မငြင်းခုံပါနဲ့

ပရိသတ်ထဲမှာ စကားပြောဘို့၊ ငြင်းဘို့၊ ခုံဘို့ သင်္ဂြိုဟ်ကျမ်းကို သင်ကြားနေတာထက် ပရိတ်တော် ဂုဏ်တော်အားလုံးကို ပါဠိရော အနက်ပါ အရကျက်ပြီး အမြဲ ရွတ်ဖတ်သရဇ္ဈာယ်နေရင် တစတစ သဘောအဓိပ္ပာယ်တွေ သိမြင်လာတဲ့အခါ လောကီရော လောကုတ္တရာ ပါ အင်မတန် အကျိုးများမယ်။

(ဓမ္မဝတီ ဆရာတော်ဘုရားကြီး)

12. ဒုတိယအကြိမ်

# ရဲဘော် အိုက်စံ

## (၁)

### တောင်ကြီးမြို့၏ ဈေးတနေ့

၁၉၄၂-ခုနှစ်၊ ဧပြီလ ပထမပတ်။ တောင်ကြီးမြို့၌ ငါးရက်တဈေး ဈေးနေ့ဖြစ်၍ အလွန်စည်ကား၏။ သင်္ကြန်ပွဲတော် နီးကပ်လာပြီ ဖြစ်၍လည်း ပွဲတော်တမျှ စည်ကားလှသည်။

ဒေါ်ဌေးဌေးတို့ မိသားစုလည်း အများနည်းတူ ဆိုင်ခင်းရောင်းချလျက်ရှိသည်။ သားကြီးစောထွန်းမှတ်နှင့် သားငယ် မောင်မောင် (တင်မောင်ဝင်း)တို့ ညီအကိုလည်း မိခင်ကြီးအား ဝိုင်းကူရောင်းချပေးနေကြ၏။ အခါပွဲတော် ဈေးနေ့ဖြစ်၍ လက်မလည်အောင် ရောင်းချကြရသည်။ ဖခင်ကြီး ဦးဂေါ်ရာမှာမူ တောင်ကြီးမြို့ နဂါးပွက်ရေထွက်ရပ်ရှိ အိမ်တွင် အိမ်စောင့်ကျန်ခဲ့၏။

၁၉၄၁–ခုနှစ်၊ ဒီဇင်ဘာ ၂၃–ရက်နေ့တွင် ရန်ကုန်ဗုံးချပြီးနောက် ဗြိတိသျှတပ်များအထက်မြန်မာပြည်မှ အိန္ဒိယဘက်သို့ အောင်မြင်စွာ ဆုတ်ခွာနေချိန် ဖြစ်သည်။

တောင်ကြီးမြို့၌ ဒုတိယ စစ်သေနာပတိ ဂျင်နရယ် စင်ရွှေသိုက် (နောင်အခါ သမ္မတကြီး)နှင့် ဗြိတိသျှစစ်သားများ စစ်ရုံးစိုက်ထားလျက်ရှိသည်။ မဟာမိတ် တရုတ်စစ်သားများ မြို့ထဲတွင် လမ်းသလားနေကြ၏။ ကောလာဟလ သတင်းများကလည်း ခုတမျိုး ခုတမျိုး။ မြို့ပြ အခြေအနေကလည်း မငြိမ်သက်။ ဗုံးခိုကျင်းများပင် အိမ်ပေါက်စေ့ တူးထားကြရသည်။

ထိုစပ်ကူး မတ်ကူးကာလတွင် စောထွန်းမှတ်သည် ၁၆–နှစ်မျှသာရှိသေး၏။ အေဘီအမ် ဟိုက်စကူးမှ ဆယ်တန်းအောင်အပြီး မိခင်ကြီးအား ဈေးရောင်းအကူ လုပ်၍နေရ၏။ ခေတ်ကာလ အခြေအနေအရ တဖက်ကလည်း မြို့ပြလေကြောင်းကာကွယ်ရေး (အေ အာရ်ပီ ဝါဒင်) ရပ်ကွက် တာဝန်ခံအဖြစ် ထမ်းဆောင်လျက် ရှိသည်။ လေကြောင်းရန်၏ သဘောကို ထိုက်တန်သလောက် လေ့လာထားရ၏။

ဈေးရောင်း၍ကောင်းခိုက်လေယာဉ်ပျံသံများကြားနေရ၏။ အသံမှာ တဖြည်းဖြည်းကျယ်လောင်လာသည်။ ကောင်းကင်တခွင်၌မိုးပြိုမတတ်ထင်ရ၏။

"မေမေ၊ အဲဒါတွေထားခဲ့ပါတော့။ ဗုံးခိုကျင်းထဲပြေးကြရအောင်"

"အေးပါ သွားရယ်"

ပြောတုန်းဆိုတုန်းမှာပင် လေယာဉ်ပျံအုပ်ကြီးသည် တောင်ကြီးမြို့ပေါ်ရောက်လာ၏။ နှစ်စင်းတတွဲသုံးစင်းတတွဲ ဝဲ၍ဝဲ၍ ပျံသန်းနေကြသည်။ လူများစုမှာ အတွေ့အကြုံမရှိလှသေးသဖြင့် အထူးအဆန်းဖြစ်ကာ ဝိုင်းအုံကြည့်နေကြ၏။ ၁၇–စင်းခန့် ရှိပေမည်။

လေယာဉ်ပျံ နှစ်စင်းမှာ အောက်သို့ နိမ့်ပျံရင်းစောင်း၍ ကာ ပထမဆုံး စက်သေနတ်ဖြင့်ပစ်ခတ်ရာ လူတွေအားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။

"ဟော ကုန်းသာကျောင်းကြီးပေါ် ဗုံးကျသွားပြီ။ စစ်တပ်ပေါ်လဲဗုံးတွေ ဆက်တိုက်ချနေပြီဟေ့။ ဟာ....မီးတွေ....မီးတွေ"

အချို့လူများမှာ ကြောက်ရမှန်းမသိ။ ပတ်တပ်ရပ်ကြည့်ရင်း အံ့အားသင့်နေကြသည်။ စောထွန်းမှတ်သည် မိခင်နှင့် ညီငယ်ကို လက်ကဆွဲ၍ ဗုံးခိုကျင်း ရှိရာသို့ ကမန်းကတန်းပြေးလာ၏။

"သားရေ မြန်မြန်ပြေး၊ မြန်မြန်ပြေး။ ဘုရား ဘုရား....။ ဗုဒ္ဓေါမေ သရဏံ အညံ နတ္ထိ။ သားကြီးရေ။ ဟေတုပစ္စယော ရွတ်ပါဟဲ့"

စောထွန်းမှတ်သည် မိခင်ကြီးသတိပေးကာမှ ပြေးရင်းလွှားရင်း ရွတ်ဆိုရတော့၏။ ဟေတုပစ္စယော....။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ....။ မိခင်နှင့် ညီငယ်အား ဗုံးခိုကျင်းထဲသို့ အလျင် တွန်းပို့လိုက်သည်။ မိမိမှာမူ နောက်ဆုံးမှ ခုန်ချပြီး ဝင်လိုက်ရ၏။

တဈေးလုံး ပြေးလွှားငိုယိုနေကြစဉ် နောက်ထပ် လေယာဉ်နှစ်စင်းမှာ ထိုးဆင်းကာ ဈေးပေါ်တဲ့တဲ့ကြီး ဗုံးများသွန်ချ လိုက်သည်ကို မြင်နေကြရသည်။ စက်သေနက်သံ၊ ဗုံးကွဲသံများ တမြို့လုံးအနှံ့ သိမ့်သိမ့်ခါသွားတော့၏။

စောထွန်းမှတ်သည် ဗုံးကျင်းထဲအဆင်းလိုက် ပအိုဝ့်ကောင်သူကြီးတယောက်လည် နောက်မှထက်ကြပ်မကွာ ခုန်ဆင်း ဆင်း၍ လိုက်ပါလာရာ စောထွန်းမှတ်အပေါ် သူ့ကိုယ်ကြီး ပိကျနေ၏၊ ဗုံးခိုကျင်းဝသို့ ဆင်းလာနေသော အမယ်အိုတယောက်မှာလည်း ရိုပ်ကနဲမြင်လိုက်ရကာ ရွတ်တရက် လွင့်စင်ပျောက်ကွယ်သွား၏။

"ဘုဉ်း....ဘုရား"

ဗုံးခိုကျင်းပေါ် လှမ်း၍ပင် မကြည့်ရဲတော့ဘဲ မျက်စိကို စုံမှိတ်၍ ဘုရားအာရုံပြုကာ ရွတ်နေကျ ၂၄–ပစ္စည်းနှင့် သရဏဂုံကိုသာ ရွတ်နေရ၏။

မြေပြင်တခုလုံး သိမ့်သိမ့်တုန်နေတော့သည်။ အပြင်ဘက်၌ မည်သို့ ဖြစ်ကုန်ကြပြီ မသိ။

ဤ ကား တောင်ကြီးမြို့ ပထမဆုံး ဗုံးချခံရခြင်း ဖြစ်၏။

စောထွန်းမှတ်သည် မျက်စိကို စုံမှိတ်၍ ဘုရားအာရုံယူနေခိုက် ဗုံးခိုကျင်း အနီး၌ ကျလာသော ဗုံးသံကြောင့် မျက်စိများပင် လန့်၍ ပွင့်လာကြ၏။ နားများ ပထူ၍ သွား၏။ နားအုံကွဲသွားပြီလား ထင်ရသည်။ ကျင်းထဲသို့မြေခဲမှုန်များ၊ သစ်ရွက်သစ်ကိုင်းများ လိမ့်၍ဝင်လာသည်ကို တွေ့လိုက်ရ၏၊ ဗုံးခိုကျင်း ပြိုကျသွားပြီဟု ထင်လိုက်သည်။

ထိုအခါမှပင် ရှေ့ဆင့်နောက်ဆင့်ဝင်လာပြီး သူ့အပေါ်ပိ၍ မှီထိုင်နေသော တောင်သူအဖိုးကြီးကို တွန်းဖယ်၍ အနည်းငယ်နေရာရွှေ့ပေးရန် သတိပြုမိတော့သည်။ ညှီစို့စို့အနံ့နှင့်အတူ စောထွန်းမှတ်၏ လက်မောင်းဒိုးနှင့် နံဘေးတွင် စေးကပ်ကပ်ဖြစ်နေ၍ စမ်းကြည့်ရာ မျက်လုံးများပင် ပြာသွားတော့၏။

"ဘယ်အချိန်က ငါ့ကိုဗုံးဆံထိမှန်သွားပါလိမ့်"ဟု ထင်ကာကြောက်စိတ်ဝင်လာ၏၊ဒဏ်ရာကိုစမ်းကြည့်သည်။မတွေ့။မည်သည့်နေရာ၌နာနေသည်ကိုစဉ်းစားကြည့်ပြန်၏။စဉ်းစား၍မရ။အနီးရှိအဖိုးအိုကို စမ်း၍လှုပ်ကြည့်၏။ ညည်းသံပင် မကြားရ။ သေ၍နေလေပြီ။ သေချာအောင် ထပ်၍ လှုပ်ခေါ်ကြည့်၏။ မရ။ ထိုအခါတွင်မှ သွေးစိမ်းနံ့များနှင့်အတူ မိမိကိုယ်တိုင် ဗုံးမှန်ခံရသလောက် ကြောက်ရွံ့လာ၏။ အသက်ရှူပင် မမှန်တော့။

တောင်သူ အဖိုးကြီးမှာ ဗုံးခိုကျင်း အဝင်ကပင် ထိမှန်ပြီး ကျလာခြင်းဖြစ်ကြောင်း သတိပြုမိတော့သည်။ ထိုအဖိုးအိုနှင့် အသားခြင်း မထိအောင် တိမ်းဖယ်လိုက်၏။ မှောင်နှင့်မဲမဲတွင် ဟိုစမ်းဒီစမ်း စမ်းရင်း ကတုန်ကရင် အော်၍ခေါ်နေမိ၏။

"အမေရေ၊ ညီလေး"

ခပ်သဲ့သဲ့ပြန်ထူးသံနှင့်အတူ လှုပ်လှုပ်ရှားရှား တွေ့ရခါမှ မိခင်နှင့် ညီငယ် ဘာမျှမဖြစ်ကြောင်းသိကာ တအားတက်လာ၏။

"မေမေ—ညီလေး၊ ဘုရားစာရွတ်ကြနော်။ ဘုရား....ဘုရား"

လေယာဉ်ပျံ အသံများ လုံးဝမကြားရတော့မှ ဗုံးခိုကျင်း အပြင်ဘက်သို့ သားအမိသုံးဦး မယုံမရဲ ပြန်၍တက်လာကြရာ ဗုံးခိုကျင်းအဝ၌ လူသုံးဖက်ခန့်ရှိ ညောင်ပင်ကြီး အပိုင်းပိုင်းပြတ်ကာ လဲကျနေသည်ကို တွေ့

ကြရ၏။ဗုံးခိုကျင်းအပေါ်၌ အဖွားအိုတဦး၏ ခေါင်းတလုံး။ ပလ္လင်းမကန်း တွင်လည်း လက်ပြတ်ခြေပြတ်နှင့်အလောင်းကောင်များ။

တစျေးလုံး ဖွာရာကြဲကာ ရစရာမရှိ။တမြို့လုံး ဟိုမှသည်မှ မီးခိုး များတလိပ်လိပ် တက်နေတုန်း။လူပေါင်း ခုနစ်ရာကျော် သေဆုံး၍ ထိခိုက် ဒဏ်ရာရသူကား မရေမတွက်နိုင်။စစ်ကားများက အလောင်းများကိုကောက် ယူကာ မြို့အနောက်ဘက် ရှိထဲရှိသုသာန်သို့ အခေါက်ခေါက် ပစ်ချနေရ၏။

# (၂)

## သေမင်းကို အန်တုသူ •

ရာနာသုံးပါးကျေးဇူးနှင့်စပ်၍ ဓမ္မမိတ်ဆွေများနှင့် စပ်မိစပ်ရာ ပြောဆိုကြ ရင်းက မိတ်ဆွေတဦးက ဦးစောထွန်းမှတ်ဝင်း၏အကြောင်း တစွန်း တစ ပြောပြသည်ကို မှတ်သားရ၏။ သို့နှင့် ကျွန်ုပ်သည် ဦးစောထွန်းမှတ်ဝင်း အိမ်သို့ ထွက်လာခဲ့သည်။

ပထမသော် ဦးစောထွန်းမှတ်ဝင်းသည် သူ့အကြောင်းကို ပြောပြ ရန်နှုတ်လေးနေ၏။ ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော် အထင်ခံရမည်ကိုလည်း စိုးရွံ့ဟန်ရှိသည်။ ကျွန်ုပ်ကပင် စကားခင်း၍ အတန်တန်တိုက်တွန်းတောင်း ပန်ရတော့၏။

"ဒီအကြောင်းတွေ သူတို့ကိုတောင်ပြောမပြဘူးသေးဘူး"ဟုဆိုကာ အနီးရှိ ဇနီး(ဆရာမကြီး နန်းဌေးဌေး)နှင့် သား(စိုင်းဌေးဝင်း) တို့အား တချက်လှမ်းကြည့်ရင်း ပြောပြနေ၏။

"ဒီအကြောင်းအရာတွေက ကိုယ့်မိသားစု၊ ကိုယ့်မိတ်ဆွေလောက် သာမက လူများများ ကြားရလေ ကောင်းလေပါ ဆရာရယ်။ သတိရသမျှ မှတ်သား ကြည်ညိုပရစေအုံး"

ဦးစောထွန်းမှတ်ဝင်းသည် အတန်ငယ် စဉ်းစားကာ အတိတ်က အတွေ့အကြုံများကို အောက်ပါအတိုင်း ဇာတ်ကြောင်းလှန်၍ ပြောပြ နေ၏။

- "၁၉၄၃– ခုနှစ်၊ ဂျပန်ခေတ်အတွင်းကဘဲပေါ့ဗျာ။ အဲဒီတုန်းက ကျွန်တော် တောင်ကြီး ဂျပန်စာသင်ကျောင်းမှာ ဂျပန်စာပြဆရာ လုပ်နေ

တယ်။တနေ့တော့ ဂျပန်အစိုးရရဲ့ စီမံကိန်းအရ ကျိုင်းတုံ တာချီလိပ် ကနေ ယိုးဒယားဘက်ကို ကား၊ရထားလမ်းဖေါက်ဘို့ တောင်ကြီးကနေ တာချီလိပ်ကို ကားကြီးခြောက်စီးနဲ့ ခရီးထွက်ကြရသဗျာ့။

"ကျွန်တော်လဲ'နိဂ္ဂိမှုရာချုပ်ကန်း' ဂျပန်မင်းကြီးရဲ့ အမိန့်နဲ့ လမ်းဖောက်လုပ်ငန်း စီမံအုပ်ချုပ်ရေးမှာ ကူညီဘို့လိုက်သွားရတာ။ဂျပန်ဗိုလ်မှူးကြီး'ချိဘာထိုက်အိ'ရဲ့တပ်မဟာနဲ့သွားကြရတယ်။ ထိုက်အိဆိုတာ ဗမာလိုဗိုလ်မှူးကြီးလို့ ဆိုတာပေါ့ဗျာ။

"သွားကြတဲ့ကားခြောက်စီးမှာ ကျွန်တော်စီးတဲ့ကားကနံပါတ်လေး၊ စတုတ္ထကား။လမ်းခရီးကလဲ မသာယာတော့ တလမ်းလုံး သရဏဂုံနဲ့ ၂၄ – ပစ္စည်းရွတ်ပြီး လိုက်သွားရတာပေါ့။ မနက်လေးနာရီခွဲလောက်ဘဲ ရှိသေးတယ်။ လွိုင်လင်ကနေ ကွန်ဟိန်းအသွား။ တောင်စောင်းတနေရာလဲ ရောက်ရောဗျို့လား–လား....၊ ကျွဲညီနောင်က စောစောစီးစီး ပေါက်လာပါလေရော။

"ဘယ်လိုမှမလှုပ်သာဘူးဗျာ။ကားပေါ်ကကို ခုန်ဆင်းချိန်မရတော့ဘူး။ တောင်စောင်းအကွေ့ တကယ့်ချက်ထဲမှာ ကျွန်တော်တို့ ကားတန်းကြီးကို စက်သေနတ်နဲ့ ကြိုးပြီးကြဲတော့တာဘဲ။တိုတိုပြောရရင်ရှေ့ကကားသုံးစီးနဲ့ နောက်က နှစ်စီးလုံးဟာ စိစိညက်ညက် ထိမှန်ပြီးတောင်အောက်ချောက်ထဲကျတဲ့ ကားက ကျ၊ အားလုံး သေသူသေ၊ နာသူနာ၊ တစီးမှ၊ တယောက်မှ မလွတ်ဘူး။

"အဲ၊စတုတ္ထမြောက် ကျွန်တော်ပါလာတဲ့ကားကတော့အံ့သြစရာဘဲ။ ကားလဲ ဘာမှ မဖြစ်ဘူး။လူလဲတယောက်မှ အထိအခိုက်မရှိဘူး။ ယုံနိုင်စရာကိုမရှိဘူးဗျာ။ ရတနာသုံးပါး ကျေးဇူးဟာ အလွန် အံ့သြ လောက်အောင်ဆန်းကြယ်ပါတယ်။ဒီတော့ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'နဲ့ 'ဟေတုပစ္စယော'ကို ဘယ့်နှယ် ကျွန်တော် မယုံဘဲနေနိုင်ပါတော့မလဲ။

လက်တွေ့ မရှိတဲ့လူတွေ၊ ယုံကြည်မှု အားနည်းတဲ့ လူတွေကတော့ ပါးစပ်က ကွတ်ဘွတ်တွတ်တွတ် ရွတ်တာမြင်ရင်ဘဲ လက်တို့ပြီး လှောင်ကြရယ်ကြမှာဘဲ။ ရတနာသုံးပါးရဲ့ တန်ခိုးသတ္တိကို သူတို့ သိမှမသိရှာကြဘဲဟာကိုး။ထားလိုက်ပါတော့။ ဒါနဲ့ မသေမပျောက်ဘဲကျန်နေတဲ့ ကျွန်တော်တို့ကားတစီးထဲဘဲ ကွန်ဟိန်းမြို့ 'ခွန်ဆံရတနာ'ရဲ့အိမ်ကို အရောက်မောင်းထွက်လာခဲ့ကြရကယ်။ အဲဒီကမှတဆင့်(သံလွင်မြစ်ကမ်းရှိ တာကော် မြို့စား 'ဖရာ့စိန်ရွက်'ရဲ့သား) ခွန်နော်ပို့အိမ်ကို ဒလကြမ်းမောင်းခဲ့ကြရတာ။

ဦးစောထွန်းမှတ်ဝင်းကားအတွေ့အကြုံများ၍ စကားလည်းကြွယ်သူ ပီပီ ယခုနေ့ည ဖြစ်ပျက်လာသလား ထင်ရလောက်အောင် အားပါးတရ ပြောပြနေ၏။

"ဒါထက် ဆရာ၊ ဘေးရန်ကြုံမှ လူတယောက်ရဲ့ ဥာဏ်စွမ်းအားကို သိရတယ် (အာပဒါသု ထာမော ဝေဒိတဗ္ဗော=သတ္တဇဋိလသုတ်) မြတ်စွာ ဘုရားရှင် ဟောတော်မူတာ ရှိပါတယ်။ ဥာဏ်စွမ်းအားသာမဟုတ်၊ ရှေးကံ အစွမ်း, ယခု လုပ်ဆဲကံအစွမ်းများကိုလဲ သိရပါတယ်။ တချို့ လူတွေမှာလဲ ဒီလိုဘဲ အံ့ဩဘွယ် ဘေးရန်က လွတ်မြောက်လာကြတာတွေ ရှိပါတယ်။ 'သေကံမရောက်၊သက်မပျောက်'ဆိုပြီး ဘာသာလဝါနေလိုက်ကြတာပါဘဲ။

"လောကမှာ အင်မတန်မှ စိတ်ဝင်စားစရာကောင်းတဲ့ အင်အားတွေ ရှိပါတယ်။ စမ်းလဲမစမ်းသပ်၊ စမ်းသပ်ရကောင်းမှန်းလဲ မသိတော့ သေကံမရောက်သေးလို့ သက်မပျောက်ကြရတာဘဲ ရှိတယ်။ သေမင်းကို အန်တုနိုင်တဲ့ ကိုယ်ပိုင်အင်အား ရတနာသုံးပါးကျေးဇူးတွေ ရှိနေတယ်ဆိုတာ မသိကြဘူး။ ဆရာကတော့ ကြိုတင်ပြင်ဆင်ထားလို့ တနည်းအားဖြင့် ပေတံကလေးပါသွားလို့ 'အင်း....ဒါကြောင့်ကိုး'လို့ သိခွင့်ရဘာပ"။

"အင်း....ဝမ်းသာစရာပါဆရာ၊ နောက်တခု ရှိပါသေးတယ်။ ကျွန်တော်လဲ နားစွန် နားဖျား ကြားရဘာ။ ဟဲဟိုး လေယာဉ်ကွင်းမှာလား၊ ဗုံးကျင်းတကျင်းထဲ လူသုံးယောက်အကြောင်း....။

ကျွန်ုပ်က တဆင့်ကြားနှင့် စကားခေါ်လိုက်သည်။

"ဪ....ဟုတ်တယ်။ ဂျပန်ခေတ်ထဲမှာဘဲ။ အဲဒီတုန်းက ရှမ်းပြည်နယ် မဟာမင်းကြီး ဦးခင်မောင်ဖြူရဲ့ အမိန့်အရ ဟဲဟိုးလေယာဉ်ပျံကွင်းမှာ တာဝန်ထမ်းဆောင်နေရတဲ့ ကွင်းမှူးကလေး စောထွန်းမှတ်ဝင်းပေါ့ဗျာ။ ခုမှ သတိရတယ်။

"အဲဒီနေ့က ဂျပန်အစိုးရထံက လွတ်လပ်ရေး အတုရပြီး ခရစ္စမတ် ပွဲတော်နေ့ဗျ။ ပွဲလုပ်နေတုန်း ကျွဲညီနောင်လာတာပါဘဲ။ လေယာဉ်ပျံ နှစ်စင်းက စောင်းငဲ့ပြီး အနိမ့်ပျံနေရာကနေ စက်သေနတ်နဲ့အပစ်၊ ဂျပန်တွေရော ကျွန်တော်တို့ တိုင်းရင်းသား သုံးယောက်ရော လုံးထွေးပြီး ပြေးကြရတာဗျာ့။ ဗုံးခိုကျင်းနခမ်းလဲရောက်ရော ကျွန်တော်တို့ သုံးယောက်သား ရှေ့ဆင့်နောက်ဆင့် ထပ်ရက်သား လဲကျပြီး ကျင်းထဲလိမ့်ကျသွားကြတာ။ ကျွန်တော့်အောက်က ပင်းဒယပွေးလှရွာက ခနဲ့အမျိုးသား၊ ကျွန်တော့် အထက်က အင်းလေးသား၊ နံမည်တွေတောင် မေ့ကုန်ပါပြီ။

"ကျွန်တော်တို့တကိုယ်လုံးလဲ သွေးတွေရဲလို့ဘဲ။ ရွတ်ရတဲ့ 'ဟေတုပစ္စယော'နဲ့ 'ဣတိပိသော'ကလဲ အပြေးအလွှားပေါ့ဗျာ။ ဒါနဲ့ လေကြောင်းရန် မရှိတော့ဘူးဆိုတဲ့ အချက်ပေး ဥသြမှုတ်လို့ ကျွန်တော့်အပေါ်က ဖိနေတဲ့လူကို 'ဟေ့လူ၊ ထတော့ကွာ'လို့ ပြောပြောဆိုဆို ကုန်းပြီး ထလိုက်တာ အဲဒီလူ ဘယ်အချိန်က သေနေမှန်း မသိဘူး။

"ဒါနဲ့....သူ့ကိုယ်ကြီးကို တွန်းချပြီး အောက်ကလူ ဆွဲထူလိုက်တော့ ဟင်–သူလဲ အသက်မရှိတော့ဘူး။ 'အလယ်လူ ထင်လင်းစွာ မင်းဖြစ်တော့သည်'ဆိုတာလို ကျွန်တော်တယောက်ဘဲ ဘာထိခိုက် ဒဏ်ရာမှ မရဘဲ ကျန်ခဲ့သဗျာ့"ဟု ဦးစောထွန်းမှတ်ဝင်းက ရှင်းပြနေ၏။

"ဘုရားဟောကျမ်းဂန်တွေမှာ ဒေါသစိတ်၊ ကြောက်ရွံ့စိတ်နဲ့ သေရင် ငရဲကျတယ်လို့ ဆိုမဟုတ်လားဆရာ။ 'ရဲသော်မသေ၊ သေသော်ငရဲမလား' ဆိုတာ လူတွေက တလွဲကောက်နေကြတယ်။ အခု ဆရာ့လို ရတနာသုံးပါးနဲ့ သေမင်းကို သတ္တိရှိရှိ ရင်ဆိုင်တာကို ဆိုလိုတာပါ" ဟု ဝမ်းသာအားရ ထောက်ခံစကား ပြောလိုက်ရပါတော့သည်။

## (၃)

## ဦးဝဏ္ဏဓနှင့် ပိဋကမှော်

ကျွန်ုပ်သည် ဦးစောထွန်းမှတ်ဝင်းအိမ်မှ ပြန်လာပြီးနောက် မကြာမီပင် သူနှင့်ထပ်၍ တွေ့ခွင့်ရပြန်သည်။ ကိစ္စတခုဖြင့် ကမ္ဘာအေးလိုဏ်ဂူအနီးရှိ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ပိဋကတိုက်သို့ ရောက်သွား၏။ ဦးစောထွန်းမှတ်ဝင်းကား ထို၌ သုတေသနညွှန်ကြားရေးမှူး။

"ဟိုတလောက ဒီက မေးမြန်းသွားတာလေးတွေ ရေးဖြစ်ပြီလား။ ရေးပြီးရင်လဲ ပြစမ်းပါအုံး"

"အလုပ်များနေလို့ဆရာရေ့၊ မရေးဖြစ်သေးဘူး။ အလွန် စိတ်ဝင်စားစရာကောင်းပါတယ်။ ရေးဖြစ်အောင် ရေးမှာပါ။ ရေးပြီးလဲ ထပ်တည်းသေးတာပေါ့"

ပြောရင်းဆိုရင်းနှင့် 'ရတနာသုံးပါး ကျေးဇူးဂုဏ်'များ အကြောင်း ဆက်၍ ပြောဆိုနေမိကြသည်။

အသက်အရွယ် အချိန်အခါ အသိဉာဏ်ပညာအလိုက် အဆင့်ဆင့် တိုးတက် ဆင်ခြင်နိုင်ပုံများကိုလည်း ဆက်၍ ပြောပြ၏။

ဘုရား တရား သံဃာ ရတနာသုံးပါး ဆိုသည်ကို စေတီရုပ်ပွား၊ ပိဋကတ် ကျမ်းစာနှင့် ဘုန်းတော်ကြီးများမှအစ သင်္ကေတဝင်ရှား ရှိသော အလွန်သပ္ပါယ်လှပသော မြတ်စွာဘုရားပရိတ်ကြီး၊ ၂၄–ပစ္စည်းနှင့် အရှင် သာရိပုတြာစသော ရဟန္တာ အရှင်မြတ်ကြီးများအလယ်၊ ကိလေသာ အပူ ဟူသမျှ ဘာမျှ မရှိသဖြင့် တလောကလုံး၏ အပူဇော်ခံထိုက်သော မြတ်စွာ ဘုရား၊ တရားတော်ကို လူတိုင်း လက်တွေ့ စမ်းကြည့်နိုင်၍ လက်ငင်းချမ်း သာရ ရပုံနှင့် ထိုတရားတော်အတိုင်း လက်တွေ့ကျင့်ကြံ ပြတော်မူသော အရိယာသံဃာတော်တို့၏ ငြိမ်းအေးတော်မူကြပုံ၊ ရိုးသား ဖြောင့်မတ်စွာ ကျင့်ကြံ၍ တလောကလုံးအား ယဉ်ကျေးအောင်၊ ငြိမ်းအေးအောင်၊ ချမ်း သာအောင် ညွှန်ပြတော်မူကြပုံအထိ ဂုဏ်တော် အနှစ်အသားများ ပေါ် အောင် အဆင့်ဆင့်နှလုံးသွင်းဆင်ခြင်ရပုံများကို အားပါးတရ ပြောပြနေ၏။

ထိုသို့ ရတနာသုံးပါး ကျေးဇူးဂုဏ်ကို ယုံယုံကြည်ကြည် နှလုံးသွင်း နိုင်၍လည်း သေဘေးအမျိုးမျိုးမှ လွတ်မြောက်ခဲ့ရသည်ကို ကျေနပ်၍ မဆုံးအောင် ရှိနေသည်။

ဆက်လက်၍လည်း ဂျပန်ခေတ်အတွေ့အကြုံများအရ သံဝေဂဝင်၍ ၁၉၄၆–ခုနှစ် ဝါခေါင်လတွင် မိုင်းသောက်မြို့ ကျောက်နီတောရ ဆရာ တော် ဦးဒေဝိန္ဒကို ဥပဇ္ဈာယ်ပြုလျက် ဦးဝဏ္ဏဇေ အမည်ဖြင့် ရဟန်းပြုခဲ့ပုံ၊ ၆–ဝါရသည်အထိ ပရိယတ်၊ ပဋိပတ်တရားများကို အားထုတ်၍ ပထမပြန် စာမေးပွဲများ အောင်မြင်ခဲ့ပုံ၊ နောက် ရန်ကုန်တက္ကသိုလ်၌ ပထမဆုံးသော ရန်ကုန်တက္ကသိုလ် ကျောင်းတော်သား ဦးဝဏ္ဏဇေ ဖြစ်လာ၍ ပါဠိဘာသာ၊ မဟာဝိဇ္ဇာဘွဲ့ ရရှိပုံများ အထိ ရှေးဖြစ်ဟောင်းများကို ဇာတ်ကြောင်း ပြန်ရင်း–

## ဝမ္ပစကြာရွတ်သူနဲ့ အသံရှင်

"အဲဒီတုန်းက ကျုပ်ဆရာတော်က အမိန့်ရှိတယ်။ ဘုရားဟော ကျမ်းဂန် များကို ရွတ်ဖတ်သရဇ္ဈာယ်တဲ့အခါမယ် တချက်ထဲနှင့် ရတနာသုံးပါးလုံး ပါအောင် နှလုံးသွင်းရမယ်တဲ့။ ဥပမာ– ကျွန်တော် မေ့ကြာကို ရွတ်တဲ့

အခါ ရွတ်နေတာ ငါမဟုတ်ဘူး။ ဘုရားရှင်ရဲ့ အသံ။ ပဥ္စဝဂ္ဂီ ၅–ဦးကို ဟောနေတာ။ ငါဟာ လာရောက် တရားနာနေတဲ့ ပရိသတ်ဒေတွထဲက တယောက်သာလျှင် ဖြစ်တယ်လို့ စိတ်ကိုရည်မှတ်ပြီး ရွတ်တာဘဲ။ ရတနာ သုံးပါးလုံး တပြိုင်နက် တချက်ထဲ မှန်းမြော်ပြီး အင်မတန် စိတ်ချမ်းမြေ့ တယ်ဗျာ။

"အဲဒီ အာရုံပြုနည်း အစွဲနဲ့ ဓမ္မစကြာပျို့ကိုရေးလို့ ၁၉၄၉–ခုနှစ်က တက္ကသိုလ် မြန်မာအနုပညာ့ စာပေဆုကိုတောင် ရခဲ့ ဘူးသေးတယ် ကိုဒွေးလှိုင်ရေ့။ စာဆိုတော် ရှင်ဝဏ္ဏဓဇပေါ့ဗျာ။ ပြောချင်တာက ရတနာ သုံးပါးဂုဏ်တော်တွေ ထုံမွမ်းထားရင် စာရေးသားရာမှာဖြစ်ဖြစ်၊ အလုပ် လုပ်တဲ့ နေရာမှာဖြစ်ဖြစ်၊ စာအံစာကျက်တဲ့နေရာမှာဖြစ်ဖြစ် ပိုပြီးလွယ်လွယ် ကူကူနဲ့ အောင်မြင်တတ်တဲ့ သဘောကို ပြောချင်လို့ပါ။

"ပြောရအုံးမယ်။ ကျွန်တော် ရဟန်းဝတ်တော့ ပါတိမောက်ကို စပြီး ကျက်ရတာကိုး။ အဲဒီအခါမှာလဲ ခုနက အာရုံပြုနည်းနဲ့။ ဒါဟာ ဘုရား ရှင်က ရဟန်းတော်တွေကို ချမ်းသာရအောင် သိက္ခာပုဒ်ကွေ ဟောပြနေ တယ်လို့ စိတ်ထဲက မှန်းပြီး ကျက်ထာဘဲဗျို့။ မကြာပါဘူး။ ဆယ်ရက် လောက်နဲ့ အာဂုံရသွားတယ်။အင်း....၊ ဒီအတိုင်းဆိုရင် ကျန်တဲ့ စာတွေလဲ ဘာမှ မခက်ဘူးဆိုပြီး အားတက်လာတယ်။ အချိန်တိုတိုနဲ့ စာမေးပွဲတွေပါ အောင်လာတော့ သူများတွေက ဦးဝဏ္ဏဓဇဟာ ပိဋကတ်မှော် အောင်ပြီး သူရဿတီ မယ်တော်ကြီး မ,နေတယ်လို့တောင် အပြောခံခဲ့ရတယ်။

## စာရလွယ်တာ သူရဲဿတီကြောင့်လား

"အင်း....၊ သူများတွေ ပြောမယ်ဆိုလဲ ပြောစရာဗျာ့။ ဦးပဥ္ဇင်းဝတ်စ စာကလဲ သိပ်တတ်ချင်နေတော့ ဦးပဥ္စင်းကြီးတွေက ဝိုင်းပြီး မ,တာ ပြောရ အုံးမယ်။ ဟာ....၊ မင်းစာတတ်ချင် အလွယ်ကလေး။ ပိဋကတ်သုံးပုံဆိုတာ သူရဿတီမယ်တော်ကြီးစောင့်တာကွ။ 'ဉ[ံ] =၊ပိဋကတ္တယ သံပုဏ္ဏံ ....သူရဿတီ စ မေ မာတာ....ဩြောင်းကပ်' ဒီဂါထာကို နေ့တိုင်း ရွတ် ဆိုပြီး လူကလဲ ငယ်သေးတယ်မှတ်လား။ မြှောက်ပေးကြတာ ကိုဒွေးလှိုင်ရေ့။နောက် ကျက် လိုက်တိုင်း စာတွေကလဲ လွယ်လွယ်နဲ့ ရရလာတော့ အင်း....၊သူတို့ပြောတဲ့ သူရဿတီမယ်တော်ကြီး မ,တယ်ဆိုတာ ဟုတ်များနေရော့လားလို့ သံသယ တောင် ဝင်လာတယ်။

"လက်စသတ်တော့ ဘယ်ဟုတ်မလဲ။ ကျောက်နီတောရ ဆရာတော် ပေးတဲ့ ရတနာသုံးပါး အာရုံပြုနည်းအတိုင်း နှလုံးသွင်းတော့ လောဘ, ဒေါသ, ဣဿာ, မစ္ဆရိယ, ဥဒ္ဓစ္စ, ထိန,, မိဒ္ဓ, မောဟ ဆိုတဲ့ အကုသိုလ် အပူတွေ ဘာမှ ဝင်မလာတော့ဘဲ စိတ်တွေအေးငြိမ်းပြီး သမာဓိကောင်းလာလို့ စာကျက်ရ လွယ်တာကလားဗျ၊" သူရဿတီနှင့် ဘာမှမဆိုင်ဘူး။

"အင်း....၊သူရဿတီ ကိုးကွယ်တဲ့ လူတွေကြားရင်တော့ ကြိုက်မှာ မဟုတ်ဘူး။ ရတနာသုံးပါး ကံ–က၏အကျိုးပေး ကောင်းနေလို့ စီးပွား လမ်း ဖြောင့်နေတဲ့ လူတွေလဲ ရတနာသုံးပါးမှတပါး အပိုအဆွယ် ကိုးကွယ်ရာ ကလေး ထားမိရင် ပင်ရင်း ရတနာသုံးပါးနှင့် ကံ–က၏အကျိုးကြောင့်လို့ ထင်မှာမဟုတ်ဘူး။ ကျွန်တော့်လိုဘဲ သူရဿတီမယ်တော်ကြီး မ,နေ တယ်လို့ဘဲ ထင်ကြရှာမှာဗျ"

အတွေ့အကြုံ များသလောက် အာဝဇ္ဇန်း ရွှင်ရွှင်ဖြင့် တဖက်သား စိတ်ဝင်စားအောင်ပြောတတ်သည်မှာ ဦးစောထွန်းမှတ်ဝင်း၏မြင်သာသော အရည်အချင်း တခုဖြစ်၏။ သူ့စကားများမှာ နားထောင်၍ မငြီး။ တဖန် 'စစ်မှန်သော ဗုဒ္ဓဝါဒ'ကို ရှာဖွေ နေသူများအတွက် လေးနက်သော ဆုံးဖြတ်ချက်ကြီးတခု ဖြစ်မှန်းမသိ ဖြစ်နေပေသည်။

## ဘုရားဟောနှင့် ဆင်တူယိုးမှား

ဗုဒ္ဓဝါဒတွင် မဟာယာန ကိုယ်တော်ကြီးများ၏ မဟာကရုဏာကြောင့် တန္တရ, မန္တရဝါဒများ ရောထွေးပူးကပ် ဝင်ရောက်လာကြရာ ကာလကြာသောအခါ ပရိတ်ကြီးများကိုပင် မဟာယာန,ဗြာဟ္မဏဝါဒဟု (ပါဠိပညာ တတ်အချို့ပင်) ထင်သူထင်၍ တန္တရ,မန္တရဝါဒဖြင့် စီစဉ်ထားသောဂါထာ ပါဠိများ, အချို့ပရိတ်ငယ်များကိုပင် ဘုရားဟောထင်ကာ တပင်တပန်း ကျက်မှတ်သူတို့ ကျက်မှတ်နေကြရှာ၏။ အဘယ်အရာသည် အစစ်အမှန်ဟု ခွဲခြားသိမြင်ရန် မလွယ်ကူတော့လောက်အောင် ပိရိစွာ ဆင်တူယိုးမှား ရောမွှေ ထားကြလေ၏။

ထိုတွင် သူရဿတီလည်း 'ယိုမှားကြော်' တခုပင်တည်း။

## နယ်ချဲ့လာသော သူရဿတီ

စင်စစ် 'သူရဿတီ'ဟူသည် အိန္ဒိယပြည်ရှိ သရသ္ဝတီ(ဆရဆွတီ)မြစ်၏ မူပိုင်အမည်ရင်း ဖြစ်၏။ မြစ်ရေကြီးသည်ကို ကြောက်၍ ကိုးကွယ်ပသခဲ့ကြရာမှ မြစ်အနေမှ သက်ရှိနတ်သမီးတပါးအဖြစ် လူသားတို့စိတ်က ဖန်ဆင်းယူထားခဲ့ကြသည်။ နောက် သူရဿတီကို ကမ္ဘာ့ကြိုးကိုင် မဟာဗြဟ္မာကြီးနှင့် ပေးစားခဲ့ကြ၏။

ကမ္ဘာလောက တခုလုံးကို ယင်းဗြဟ္မာကြီးကပင် ဖန်ဆင်း၍ဗြာဟ္မဏဝါဒ စာပေကျမ်းဂန် (ဝေဒလေးပုံ) ကိုလည်း သူ၏ နှာမှုတ်လေဖြင့်ပင် ဖန်ဆင်းခဲ့သည်။ သူရဿတီလည်း ဗြဟ္မာမင်းကြီးကတော် ဖြစ်သည့်အတိုင်း စာပေကျမ်းဂန်များ၊ အသံများ (စာပေဂီတ) အားလုံးကို ထိန်းသိမ်းစောင့်ရှောက်ရသူအဖြစ် တဆင့်တက်၍ ဖန်ဆင်းယူကြပြန်၏။

ကမ္ဘာ့အိမ်ရှင်မကြီး သူရဿတီသည် မူလက ဗေဒင်လေးပုံမျှလောက်ကိုသာ စောင့်ရှောက်ခဲ့ရသော်လည်း အတ္တဝါဒကြိုးရှည်စနစ်ကို လက်ခံမိသော မဟာယာန ကိုယ်တော်ကြီးများခေတ်သို့ ရောက်သောအခါ သူရဿတီ မယ်ဒေဝီမှာ ပိဋကသုံးပုံကိုပါ ပူးတွဲစောင့်ရှောက်ရသူ အဖြစ် နယ်ချဲ့လာခဲ့လေသည်။

လူသာမန်တို့ကို မဆိုထားဘိ ထေရဝါဒ ကျမ်းပြုဆရာ အချို့ပင် မဟာယာနလှောင်းရိပ်မိကာ ဗြာဟ္မဏဘာသာဝင်တို့၏ ဗြဟ္မာကတော် သူရဿတီကို ကျမ်းဦးပဏာမ၌ တင်စား၍ ရေးသားမိခဲ့ကြ၏။ ဥပမာ–ဇိနာလင်္ကာရဋီကာနှင့် သုဗောဓာလင်္ကာရကျမ်း။

ယခုအခါ၌ပင် ပိဋကသုံးပုံကို စောင့်ရှောက်သူမှာ စာကျက်စာသင်နေသော ဦးပဉ္စင်း ကိုရင်များမဟုတ်ဘဲ 'သူရဿတီ မယ်တော်ကြီးဖြစ်သည်' ဟု နားယောင်နေခဲ့ကြသော သူတို့၏အိမ်၌ သူရဿတီ မယ်တော်ကြီးသည် မြန်မာ့ ဆင်ယင်ထုံးဖွဲ့မှုအရ မြန်မာချော ချောသော အမျိုးသမီးတဦး ဖြစ်လာကာ ဟင်္သာယာဉ်စီးလျက် ဘုရားစင် အနီးသို့ပင် ဘက်ရောက်လာလေပြီ။

အိန္ဒိယပြည်၌ ယခုတိုင် စီးဆင်းနေသော 'သရဲသ္ဝတီ' မြစ်ခများဤဖြစ်ရပ်များကို ဘာမျှ သိရှာလေမည်မဟုတ်။

"ညောင်ရွှေမြို့နယ် 'ဖိုဒ်စတက်မင်း'ခေါ် မိုင်းနှသောက် စစ်တပ်မြို့ကလေးမှာ မွေးဖွားခဲ့ပြီး ယခုလို ကြီးမားတဲ့ အမျိုး,ဘာသာ တာဝန်ကြီး

ကို ထမ်းဆောင်ခွင့် ရတာလဲ ဒီရတနာသုံးပါးကျေးဇူးဘဲမဟုတ်လားဆရာ။ အချိန်လဲ တော်တော်ကြာသွားပြီ ပြန်ခွင့်ပြုပါအုံး”

ဦးစောထွန်းမှတ်ဝင်းက စာပွဲမှထရန် ဟန်ပြင် နှုတ်ဆက်နေသော ကျွန်ုပ်အား–

“နေပါအုံးလေ၊ ဟိုတလောကပြောတာ အရေးကြီးတဲ့ အပိုင်းတခု ကျန်သွားလို့” ဟု ထပြန်၍မရအောင် မြှော်လင့်ချက် ပေးနေပြန်သဖြင့် ဆက်၍မှတ်သား နားထောင်ခွင့်ရလိုက်သည်မှာ ကျွန်ုပ်အတွက် အထူးသဖြင့် စာဖတ်ရှုသူအတွက် ကံကောင်းခြင်းပင် ဖြစ်လေသည်။

ပို၍ သဲထိတ်ရင်ဖိုဘွယ်ကောင်းသော ဖြစ်ရပ်ဟောင်းတခုကို ဇာတ်ကြောင်းပြန်ရင်း ကျွန်ုပ်၏စိတ်ကို ပို့ဌကတိုက်အတွင်းမှ စစ်မြေပြင်တခုဆီသို့ ခေါ်ဆောင်သွားလေတော့သည်။

## (၄)

## တောင်ကြီးမြို့၏ည

၁၉၄၅–ခုနှစ်၊ တပေါင်းလပြည့်နေ့။

တောင်ကြီးမြို့ ‘ဘန်းယဉ်ဟော်’မှ ထွက်ခွာလာသော တာဝန်တံဆိပ်ပါသည့် ကားတစီး စစ်ဘက်ရိက္ခာ ထောက်ပံ့ရေးရုံးချုပ်ရှေ့သို့ ထိုးရပ်လိုက်၏။ ထိုရုံးကို ရေအေးကွင်း (ယခု စောစံထွန်းဆေးရုံအနီး) ၌ ဖွင့်လှစ်ထားသည်။

ကားပေါ်မှ ဆင်းလာသောရဲဘော်က ဒရိုင်ဘာအား–

“ဒို ဒီနေ့ အလုပ်သမားတွေကို လခထုတ်ပေးဘို့ ရှိတယ်နော်။ ၉–နာရီမှာ ဘဏ်ကိုသွားပြီး ငွေထုတ်ရအောင် အဆင်သင့် လုပ်ထား။ ကြားလား”

ပြောပြောဆိုဆို ဆပ္ပလိုင်းရုံးခန်းတခုသို့ ဝင်သွား၏။ တောင်ကြီးမြို့တွင်းရှိ အရေးပိုင်ရုံးနှင့် နိုခါမင်းကုမ္ပဏီကိုပါ အစီရင်ခံစာပေးရန် ရှိ၍ စာပွဲတခု၌ ကုန်းပြီးစာရေးနေ၏။ ငွေစာရင်းနှင့် ရဲဘော်များအရေးအတွက်ကို ပြန်လှန်စစ်ဆေးကြည့်နေသည်။ သူကား ရဲဘော်စောထွန်းမှတ်။

မကြာမီ ကားဒရိုင်ဘာသည် ရဲဘော် စောထွန်းမှတ် ရုံးခန်းသို့ ဒရေးကြီးသုတ်ပျာ ဝင်လာ၏။

"ဆရာ၊ ကားပျက်နေလို့ ကနေ့၉-နာရီဒီကားနဲ့တော့သွားနိုင်မယ် မထင်ဘူး။ တခြားကားလဲ သူ့ကိုစွန့်သူ။ အင်ဂျင်စက်အပြစ်ရှာတာလဲ ခုထိ မတွေ့သေးဘူးဆရာ။ ဒီလိုတခါမှ မပျက်ဘူးဘူး။ ၁၂-နာရီလောက်ဆိုရင် တော့ သွားနိုင်ဘို့ရှိပါတယ်။ ကားပြင်ပြီးရင် ကျွန်တော် လာသတင်းပို့အုံး မယ်လေ ဆရာ"

ဒရိုင်ဘာ၏စကားကြောင့် ရဲဘော်စောထွန်းမှတ်သည် ရုတ်တရက် မကြံတတ်အောင် ဖြစ်သွားသည်။ အတန်ကြာ စဉ်းစားပြီးမှ-

"အေး....အေး၊ ၁၂-နာရီရရင်တော့ ဖြစ်ပါတယ်ကွာ၊ ဘဏ်ကို စောစောရောက်နိုင်အောင် ကြိုးစားလုပ်ကြည့်အုံးပေါ့" ဟုသာ ပြောနိုင် တော့၍ လုပ်လက်စစာရင်းများကို နိချိမင်းကုမ္ပဏီမှ မစ္စတာ ခိတမူရနှင့် အတူ စစ်ဆေးနေကြသည်။

မိမိအလုပ်များ ပြီးစီးနေသော်လည်း ကားပြင် မပြီးသေးသဖြင့် ရုံးခန်းအတွင်း၌ အလုပ်မရှိသကဲ့သို့ ဖြစ်နေ၏။ မူလအစီအစဉ်အရ အချိန်ပို ရနေသဖြင့် ပွားများနေကျ 'ဂုဏ်တော်'ကို ပွားများနေမိ၏။ မိမိအုပ်ချုပ်ရ သော ဆပ္ပလိုင်းရုံးကိုလည်း ၂၄-ပစ္စည်းဖြင့် စည်းချ၍ အကာအကွယ် လုပ်နေသည်။

ဟေတုပစ္စယော၊ အာရမ္မဏ ပစ္စယော၊ အဓိပတိပစ္စယော....။

အရပ်ရှစ်မျက်နှာ၊ တမျက်နှာလျှင် ၃-ပစ္စည်းကျ (၃×၈=၂၄) အရှေ့အရပ်က စ၍ အရှေ့တောင်၊ တောင်အရပ် စသည်ဖြင့် စိတ်ထဲက မှန်းထားပြီး ရွတ်ဖတ်နေခြင်း ဖြစ်သည်။ (စည်းချသည်ဟု ခေါ်၏။)

၁၀-နာရီကျော်ကျော်လောက်တွင် တဝီဝီအသံကြားသဖြင့်မိမိကား စက်နှိုးသံထင်၍ ထကြည့်လိုက်ရာ အင်္ဂလိပ်ဗုံးကြဲလေယာဉ်များ ဖြစ်နေတော့ သည်။ ဗုံးခိုကျင်းသို့ပင် ပြေးချိန်မရ၊ ဂေါ်ရခါးရဲဘော် ဆယ်ဦးလောက် နှင့်အတူ သကြားအိတ်၊ ဆားအိတ်၊ ဝါဂွမ်းအိတ်များအကြား တိုးဝှေ့ကာ ဂိုဒေါင်ထဲတွင် ပြားပြားဝပ်၍ ခိုနေကြရတော့သည်။

တောင်ကြီးတမြို့လုံး ဗုံးချသံများမှာ နားကွဲမတတ် ရှိ၏။

"အင်း....ဒီတခါတော့ မလွယ်ဘူး"ဟု အားကိုးရာမဲ့ကာ ဂုဏ်တော် ကိုသာ ဖိ၍ပွားနေရသည်။ စက်သေနတ်နှင့် ဗုံးမှာ ဆပ္ပလိုင်း ရုံးပေါ်သို့ပင် တည့်တည့်ကြီးကြဲချနေ၏။ ပို၍ ကြောက်စိတ်များ ဝင်လာသည်။ ထပြေး ၍လည်း မရ။ ဂိုဒေါင်ပတ်လည်မှ ဆပ္ပလိုင်းရုံးများပင် မီးဟုန်းဟုန်း တောက်နေသဖြင့် မီးအရှိန်များပင် ဟပ်၍ နေတော့သည်။

နာရီဝက်ခန့် ကြာသောအခါ အချက်ပေး ဥသြမှုတ်သံ ကြားရမှ "ငါမသေဘူးဟ"ဟု အသက်ရှူချောင်သွားကာ အပြင်သို့ ထွက်လာနိုင်၏။ ဇထာက်ပံ့ရေးရုံးချုပ် တခုလုံး ရစရာမရှိ။ ကွင်းပြင်၌ အငိုက်မိခံရသော ရဲဘော်အလောင်းများ။

မိမိတာဝန်ယူ အုပ်ချုပ်ရသော ဆပ္ပလိုင်းရုံး အဆောက်အဦသုံးလုံး အနက် မိမိပုန်းအောင်းနေသော ဂိုဒေါင်တလုံးသာ ကျန်ရှိတော့သဖြင့် အထူးအံ့သြနေမိ၏။ အတူပုန်းအောင်းကြသော ဂေါ်ရခါးရဲဘော်များနှင့် မစ္စတာ ခိတမူရတို့လည်း ကင်းလွတ်ခဲ့ကြသည်။

'မိုးရိဘူတိုက် နာကရှိမ' တပ်ခွဲအမှတ် ၀၀၁၆၈၂ –မှ ဂျပန်စစ်သား များလည်း အငိုက်မိကာ ဤတချီတွင် အထိအနာဆုံး ဖြစ်၏။ များစွာ စိတ်ဓာတ် ကျဆင်းနေကြသည်။ စစ်ဆေးရုံလည်း မီးဟုန်းဟုန်း တောက် နေ၏။လူနာများလည်း ပြေးပေါက်မရှိ။ ပိတ်မိနေကြသည်။

ရဲဘော် စောထွန်းမှတ်သည် အခြားဂေါ်ရခါးရဲဘော်များနှင့်အတူ လူနာများကို ပွေ့ချီ၍ ပြုစုခြင်း၊ ပစ္စည်းကောင်းများ စုပုံရွေးချယ်ခြင်း စသည်ဖြင့် အလုပ်များနေ၏။ တပ်ခွဲရုံးတခုလုံး ရောက်ယက်ခတ်လျက် ရှိသည်။ လုံခြုံရေးတာဝန်ကို ဂျမဒါရွှင်းခေါ် ဂေါ်ရခါးစစ်ဗိုလ်အား လွှဲအပ်ခဲ့ပြီးနောက် မိမိမှာမူ မသိမသာ အဝတ်အစားနှင့် ကျောပိုးအိတ် များ ပြင်ဆင်ကာ ရုံးချုပ်ဝင်းမှ မြို့ထဲသို့ ထွက်ခွာရန် စီစဉ်ရ၏။ ရုံးချုပ် အထွက် ဗုံးခိုကျင်းထဲ၌ မြေပြိုပိကျနေသော ဂျပန်ကင်ပေတိုင်တဦးကိုပင် ဆွဲထုတ်မ၍ ပေးခဲ့ရသေးသည်။

မြို့ထဲရောက်လျှင် တမြို့လုံးမီးတောက်နှင့် ပြာများကိုသာ တွေ့ရ၏။ ငိုယိုသံများနှင့် ခြေပြတ်လက်ပြတ်များ၊ အလောင်းများမှာ သွေးပျက်မတတ် ရှိသည်။ မိမိတာဝန်အရ ခါတိုင်းသွားနေကျ ၉–နာရီတွင် လာရောက်ရမည့် ရုံးများ အားလုံးလည်း ပြာအတိကျလေပြီ။ အရေးပိုင်ရုံး၊ ဘဏ်နှင့်နိချိမင်း ကုမ္ပဏီ....။

"အင်း....ဒီမနက် ကားပျက်လို့သာ တော်ပေတော့တယ်" ဟု အောက်မေ့ကာ ခြေလှမ်းများပင် ပို၍ သွက်လာတော့၏။

ဆေးရုံအနီး မင်းလမ်းမပေါ်တွင် မမြော်လင့်ဘဲ မိတ်ဆွေဖြစ်သူ နော်ဒေါရစ်ထူး (နောင်–နိုင်ငံတော် ပန်တျာကျောင်းအုပ်ဆရာမကြီး)နှင့် တွေ့၏။ ဘဝတူများဖြစ်၍ တဦးနှင့်တဦး ဝမ်းသာခြင်း၊ အံ့သြခြင်း များနှင့်အတူ အလုအယက် နှုတ်ဆက်နေမိကြသည်။

"ဟော့....၊ စောထွန်းမှတ်ပါလား။ မင်းမသေဘူးနော်။ တော်ပါသေးရဲ့။ ငါဝမ်းသာလိုက်တာ။ မင်းတို့ရုံးပေါ်ကို ဗုံးကျပြီး မီးလောင်နေတာ ငါတွေ့နေရတယ်။ ဘုရားသခင် ကျေးဇူးဘဲပေါ့နော်။ ဝမ်းသာလိုက်တာဟယ်"

နော်ဒေါရစ်ထူးက အူရားဖားရား နှုတ်ဆက်နေ၏။ စောထွန်းမှတ်ကလည်း ပြန်လည်ဝမ်းသာစကား ပြောကာ နှစ်ယောက်သားအတူ ကျောက်ရေအိုး တောင်ကလပ် ကရင်ရွာဘက်သို့ ခပ်သွက်သွက် လျှောက်လာခဲ့ကြသည်။

လူပေါင်း သုံးထောင်ကျော် သေဆုံးကာ တောင်ကြီးမြို့ကြီး အထိအနာဆုံး ဖြစ်ရလေတော့၏။

(၅)

## တော်လှန်သော မိုင်းသောက်မြေ

စောထွန်းမှတ်သည် ဗမာ့တပ်မတော်မှ ရရှိထားသော သတင်းများအရ ညတွင်းချင်းပင် ကိုယ်ရောင်ဖျောက်ကာ ၂၆–မိုင် ဝေးသော မိုင်းသောက်မြို့ကလေးသို့ ခြေလျင်ထွက်လာခဲ့၏။ ထို့နောက် အထက်ရွာရှိ မိဘများနှင့် အတူနေထိုင်၍ ထင်းရှူးတောင်ခြေရှိ ကြံခင်းများထဲတွင် မထင်မရှားပုန်းလျှိုးနေထိုင်ရလေသည်။

ရံခါ စိတ်ပြေလက်ပျောက် တောင်ရိုးတလျှောက်ရှိ ဘုရားလေးဆူ၊ ကျောက်ထီးတင် ဘုရားနှင့် ကျောက်နီတောရ ကျောင်းများဘက်သို့ တိတ်တဆိတ် ရောက်သွားမိ၏။ ဘုရားဆည်းလည်းသံများနှင့် ကျောက်နီတောရမှ တုံးအိုးမောင်း ခေါက်သံများ ကြားရသောအခါ ယခင်ကနှင့်မတူ နားထဲတွင် တမျိုး အရသာ ရှိနေမိ၏။ ဘုန်းတော်ကြီးများ တိတ်ဆိတ်စွာ ဆွမ်းဘုဉ်းပေးနေကြပုံ၊ စာတက် စာချနေပုံများကိုလည်း မယောင်မလည် ကြည့်ရှုကာ စိတ်ဝင်စားနေမိသည်။

"မင်း–မောင်ဂေါ်ရသားလား"

ကျောက်နီတောရ ဆရာတော်ထံ မရှိမရဲသွားဦးချရာမှ ဆရာတော်၏ နှုတ်ဆက်သံမှာ စောထွန်းမှတ်၏ ရင်တွင် အေး၍သွား၏။

ဆရာတော်သည် ဂုဏ်တော် နှလုံးသွင်းပုံ၊ မေတ္တာ ပွားပုံများကို တိုတိုတုတ်တုတ် ဆုံးမပြီးနောက် "အေး–အေး၊ မင်းပြန်တော့"ဟု ဆိုကာ တောင်နံရံရှိ ဂူထဲသို့ ဝင်သွားသည်။ အခြား ရဟန်းတော်များလည်း သစ်တပင်ရင်း ဝါးတပင်အောက်၌ တရားရှုပွားနေကြသည်ကို ဖူးတွေ့ရ၏။

ဘုရားဆည်းလည်းသံများနှင့် ကျောက်နီတောရမှ ရဟန်းသံဃာတော်တို့၏ မြင်ကွင်းမှာ စောထွန်းမှတ်အား တစုံတရာ ပြောပြနေကြ၏။ လှုပ်ရှားနေသော မိမိဘဝနှင့် ကျောက်နီတောရ၏ ငြိမ်းအေးမှုသည် လွန်ဆွဲနေတော့သည်။

ဘဝ၏ အနှစ်သာရ၊ သို့မဟုတ် တိုးတက်မှုဟူသည် စိတ်ပူ, နှုတ်ပူ, လက်ပူမှုဖြင့် ရုန်းကန်လှုပ်ရှားရခြင်းလော။

အရာရာတွင် တရားမျှတစွာကျင့်သုံး၍ ငြိမ်သက်စွာ နေရခြင်းလော၊ မခွဲခြားတတ်တော့ပေ။

အိမ်သို့ပြန်ရောက်လာသောအခါ စောထွန်းမှတ်အား အိမ်စိတ်များကပင် လွှမ်းမိုးလာပြန်၏။ သို့နှင့်လုပ်လက်စ အလုပ်များကို ဆက်လုပ်နေရသည်။ ဗိုလ်ခမ်းလှိုင်၊ ဗိုလ်လှတင်။ ဗိုလ်ညိုစိမ့်တို့ ဦးစီးသော ကျေးရွာကာကွယ်ရေး လုပ်ငန်းများတွင် ရောပါ လုပ်ဆောင်နေရ၏။ ဂျပန်တို့၏ ခြေလှမ်းများကိုလည်း အလစ်မပေးဘဲ အမြဲအကဲခပ်နေရသည်။

ဂျပန်များ တနေ့တခြား အခြေအနေ ယိုင်ကာ မိတ္ထီလာဘက်မှ လွိုင်ကော်ဘက်သို့ အလုံးအရင်းနှင့် ဆုတ်ခွာနေချိန် ဖြစ်သည်။ စောထွန်းမှတ်တို့၏ မိုင်းသောက်မြို့ကလေးမှာ စစ်လမ်းကျသဖြင့် ဂျပန်များ မွှေချင်တိုင်း ဝင်၍မွှေနေကြ၏။ ရွာစဉ်တလျှောက် ဂျပန်များ ဥဒဟို ဝင်ထွက်နေကြ၏။

နံနက် ၉ – နာရီလောက်ပင်ရှိသေးသည်။ စောထွန်းမှတ်နှင့် သိကျွမ်းဘူးသူ ဂျပန်ကင်ပေတိုင် (....)ဦးဆောင်သော စစ်သား လေးငါး ယောက်သည် မိုင်းဆောက် အထက် ရွာထဲသို့ ဝင်လာနေကြ၏။ ကုလားကပြားစကားပြန်တယောက်လည်း ပါလာသည်။

ဂျပန်စစ်သားများသည် အိမ်ဝင်းစည်းရိုး၌ ခြံတိုင် စိုက်နေသော ရှမ်းအမျိုးသား ညီအစ်ကို နှစ်ယောက်အနီးသို့ ဝိုင်းလာကြ၏။သတင်းများ စုံစမ်းနေကြသည်။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"ကျွန်တော် အိုက်စံ"

အကိုဖြစ်သူက ကင်ပေတိုင်၏အမေးကို ဖြေဆိုလိုက်ခြင်းဖြစ်သည်။

"စောထွန်းမှတ်အိမ် ဘယ်မှာလဲ။ စောထွန်းမှတ် မသိဘူးလား"

"ဟင့်အင်း၊ မသိဘူး"

"သခင် သာခင်ကော သိသလား"

"ဟင့်အင်း၊ မသိပါဘူး"

သခင် သာခင်မှာ ထိုစဉ်က ရှမ်းပြည်ရဲမှူးချုပ် ဖြစ်သည်။

"ဦးသောင်းဖေ(မြို့တော်ဝန်)ကော သိသလား"

"မကြားဘူးဘူး"

"ဗမာစစ်သားရှိသလား"

"ဒီရွာမှာ ဘာစစ်သားမှ မရှိဘူး"

ဂျပန်ကင်ပေတိုင်မှာ စကားထောက်လှမ်း၍ မရသဖြင့် အားမလို အားမရဖြစ်နေ၏။ နှုတ်ခမ်းမွေးတိုစကို လက်နှင့်ပွတ်သပ်ရင်း မျက်မှန်ထဲမှ စူးရှသော မျက်လုံးကြီးများကို ဖြဲ၍ ရှမ်းလူငယ်နှစ်ဦးကို စိမ်းစိမ်းဝါးဝါး ကြည့်နေတော့သည်။ သူ၏ မျက်လုံးများက တောင်းဆိုနေကြ၏။ စောထွန်းမှတ်တို့ကို အသေရရ၊အရှင်ရရ။

အိုက်စံသည် မျက်နှာသုတ်ပုဝါကြီးကို ခေါင်းတွင် ပြင်ပေါင်းကာ ကုလားစကားပြန်ဘက်သို့ မျက်နှာလွှဲလိုက်ပြီးနောက်–

"ကျွန်တော် သူကြီးအိမ်ကို ပို့ပေးပါမယ်။ သူကြီးက ဟိုဘက်က မြောင်ကြီး မြောင်ကောက်ရွာမှာနေပါတယ်။ အဲဒီရောက်တော့ ခုနကပြောတဲ့ဘယ်သူ၊ အဲ–စောထွန်းမှတ်အကြောင်းကို မေးရင်သိမှာပါ"ဟု အသံဝဲဝဲ နှင့်ပြောလိုက်၏။

စကားပြန်က ဂျပန် ကင်ပေတိုင်အား ဂျပန်လိုတဆင့် ပြောပြ၏။ ထိုအဆိုကို သဘောတူသဖြင့် အိုက်စံတို့ ညီအကို နှစ်ယောက်က မြောင် ကောက်ရွာအနီး ရေချောင်းသို့ရောက်အောင် လိုက်ပို့ပေးကြသည်။

ဂျပန်များက အိုက်စံတို့ ညီအကိုအား–

"ထိုင်ဟင်း အရိဂတိုဂိုဇိုင်အိမတ်စု" ဟု ကျေးဇူးတင် လွှတ်လိုက်ကြ သေးသည်။

အိုက်စံမှာ ဂျပန်စကား မပြောမိအောင် နှုတ်ကို မနည်း ပိတ်ထား ရ၏။

ဂျပန်များ မြောင်ကောက်ရွာသို့ ကူးအသွား အိုက်စံတို့ ညီအကို နှစ်ယောက် သပြေပင်ရွာဘက်တို့ သုတ်ခြေတင်ပြေးသွားကြ၏။ ကျေးရွာ

ကာကွယ်ရေးခေါင်းဆောင် ဗိုလ်ညိုစိမ့်တို့လူစုအား သတင်းပို့လိုက်သည်။ မကြာမီတိုက်ပွဲဖြစ်ကာ ဂျပန်ကင်ပေတိုင်အဖွဲ့ဝင်များအားလုံး ဗိုလ်ညိုစိမ့်တို့လက်ချက်ဖြင့် ကျဆုံးသွားကြရရှာသည်။

အိုက်စ်တို့ညီအကိုဟူသည် ရဲဘော်စောထွန်းမှတ်နှင့် ညီမောင်မောင် (ယခု ဒေါက်တာသစ်အောင်)တို့ပင်တည်း။

နောက်တရက်တွင် ဂျပန်တပ်များ တောင်ရိုးမှ အုပ်စုနှစ်စုခွဲ၍ ဆင်းလာကြကာ မိုင်းသောက်ဘုရားရှေ့တောင်ရွာတရွာလုံးကို စတင်မီးရှို့ကြ၏။ မိုင်းသောက်မြို့တကြောလုံး မီးလောင်တိုက်သွင်းရန် ဖြစ်သည်။ မြို့သူမြို့သား အားလုံး ( အင်းလေး ) အင်းထဲသို့ လှေများဖြင့် သူ့ထက်ငါ ထွက်ပြေး တိမ်းရှောင်ကြရ၏။

တမြို့လုံး ဝရုန်းသုန်းကား ပြေးလွှား ငိုယိုနေကြစဉ် မြို့လယ်ရှိ ရွှေမုဋ္ဌောဘုရားဆီမှ ကျယ်လောင် မြည်ဟည်းသော အသံကြီးတသံ ရုတ်တရက်ထွက်ပေါ်လာ၏။ တမြို့လုံး သိမ့်သိမ့်ခါပြီး ထိတ်လန့်ကုန်ကြသည်။ လေယာဉ်ပျံသံဟု ထင်ကာ ဂျပန်များအားလုံး ထွက်ပြေး တိမ်းရှောင်သွားကြ၏။

တော်လည်းသံကဲ့သို့ အလွန်ထူးဆန်းသော ထိုအသံကြီးသာ မဖြစ်ပေါ်ခဲ့သော် မိုင်းသောက်တမြို့လုံး ပြာအတိဖုံးပေတော့မည်။

ရတနာသုံးပါး ဦးထိပ်ထားသော အဝိညာဏက မိုင်းသောက်မြေ၏ တော်လှန်သံပင်တကား။

### အကွယ်သုံးပါး

ဘုရားကို စေတီကွယ်တတ်သည်။
တရားကို စာအုပ်ကွယ်တတ်သည်။
သံဃာကို ဘုန်းကြီးကွယ်တတ်သည်။

(ပေါရာဏစကားပုံ)

## မန္တလေးမြို့
## မစိုးရိမ်ကျောင်းဒကာကြီး ဦးသက်ရှည်
## နှင့်
## သာသနဒါယကာ
## လူပျိုတော်ပတ္တမြား ဦးမောင်မောင်

ဦးမောင်မောင်သည် ရဟန်းဘဝမှ လူထွက်ပြီးနောက် ရန်ကုန်မြို့ ကပ္ပလီကွက်သစ် (ယခု တော်လှန်ရေးပန်းခြံအနီး)၌ ဆင်းရဲ ချို့ငဲ့စွာ နေထိုင်ခဲ့ရ၏။

"ကျွန်တော် အဲဒီတုန်းက မွဲလိုက်တာ မပြောနဲ့တော့။ ခနိမိုးတန်းလျားမှာ ရိုက်စရာ သံမဝယ်နိုင်လို့ ကြမ်းခင်းကို ရဲရဲမနင်းရဲဘူး။ ထိုးလိုးထောင်လောင်နဲ့။ အောက်က ဆင့်ကဲလဲ စုံအောင်မရှိတော့ ခဲခုထားရတယ်။

"ဒီလောကမှဲ့တဲ့ကြားထဲ ကွဲနေတဲ့မိတ်ဆွေတွေ။ အထူးသဖြင့် ကိုယ့်ဆရာသမားတွေ တွေ့ရင် မကျေးဘဲ မနေနိုင်ဘူးဗျာ့။ တွေ့ရာကနေ ဇွတ်ဆွဲခေါ် ဇွတ်ပင့်တာဘဲ။ အိမ်ကသာ ကြယ်မြင်လမြင် ဆွမ်းကျွေးကမပြတ်ဘူး။ တချို့ကိုယ့်ဆရာတော်တွေက အိမ်ကစုတ်တော့ မလိုက်ချင်ကြဘူးပေါ့ဗျာ။ မွဲလို့အလှူမခံရက်တာ၊ သနားတာလဲပါမှာပေါ့ဗျာ။ ဒါပေမယ့် ကျုပ်က ဘယ်နေမလဲ ဇွတ်ပင့်တာဘဲ"

### လူရာမဝင်ခင် ရှက်စရာ

ဦးမောင်မောင်က တချိန်က သူဆင်းရဲခဲ့ပုံကို ကျွန်တော့်အား ပြောပြနေ၏။

"ကျွန်တော်က သာသနာ ချီးမြှောက်ချင်တဲ့ လူဆိုတော့ သူတို့ မကြွချင်လဲ ပင့်ကျွေးတာဘဲ။ ကိုယ်တော်တို့နောက်တော့ တိုက်ထဲ ကြွရမှာပါလို့ လျှောက်ခဲ့ရသေးတယ်။

"ကျွန်တော်လဲ သာသနာကို ဦးတိုက်ပြီး လုပ်နေတာ၊ မွဲပေမယ့် စိတ်ထဲကတော့ မလျှော့ဘူး။ နေ့တိုင်းပရိတ်ကြီး ၁၁—သုတ်ရွတ်၊ဂုဏ်တော်

ပွား။ တတ်သရွေ့မှတ်သရွေ့ ရတနာသုံးပါး ဦးထိပ်ထားပြီး လုပ်နေတာ ပေါ့ဗျာ။ လူရာမဝင်ခင်တော့ ရှက်စရာ ရယ်စရာပေါ့။

"ဘယ်လောက်ထိ လုပ်လဲဆိုတော့ ဆရာသမားများဆီက ရတဲ့ဆေး နည်းကလေးစမ်းဖော်။ ကိုယ်တိုင်ပေါင်းထုပြီး မြို့ထဲ လှည့်ရောင်းရပေါ့ဗျာ့။ တခါတလေ သိကြားလိုလို ဗြဟ္မာလိုလို ဝတ်တန်ဝတ်ပြီး အော်ရောင်းရ တာ၊ ဘာဘဲဖြစ်ဖြစ် သာသနာကို ဦးတိုက်လုပ်ရတော့ ရှက်စရာမရှိပါဘူး"

ကပ္ပလိကွက်သစ်၌ ဆင်းဆင်းရဲရဲနေရပုံကို ကျွန်ုပ်အားပြောပြဘူး၏။

## ဆိ–ဆန်မကုန်စေနဲ့ ဆိုတာ

ထို့ပြင် အတွင်းသိ မိတ်ဆွေတဦးကလည်း သူ့အကြောင်းနှင့်စပ်၍ –

"ဒီလူက လူထူးဗျာ့။ အဲသလို တကုပ်လေးနဲ့ သာနေတယ်။ ဆွမ်း ကျွေးပွဲမပြတ်သလို ဧည့်သယ်လဲ မပြတ်ဘူးဗျာ့။ သူ့ကို အားကိုးလာတဲ့ ဧည့်သယ်ဘယ်လောက်များများ သူ့အိမ်မှာမစားဘဲနဲ့မသွားရဘူး။နောက် ဆုံး ပိုက်ဆံမချောင်လယ်တဲ့ အလှည့်နဲ့ကြုံနေရင် ဧည့်သယ် မသိအောင် အပေါင်ဆိုင်သွားပြီး အသစ်မရှိတောင် ခပ်လတ်လတ် အဝတ် အစား ကလေးတွေသွားပေါင်ပြီး ဧည့်ဝတ်ပြုတာဘဲ။ နဲနဲလေးမှ မငြိုငြင်ဘူး။ နှမြောတွန့်တိုမှု မစ္ဆရိယနဲ့တာ ကျွန်တော်တို့ မျက်မြင်ဘဲ။ ဒါလဲ တကယ့် လက်တွေ့ကျရင် မလွယ်ဘူးဗျာ့။ ဒါ့ကြောင့် ရှေးလူကြီးတွေက ဧည့်သယ် လာရင် ဆိမကုန်စေနဲ့, ဆန်မကုန်စေနဲ့လို့ပြောတာ။ ကျွေးရပြီး စိတ် မထားတတ်ရင် ဆိကုန် ဆန်ကုန်ရုံဘဲပေါ့ဗျာ"ဟု ပြောဆိုသည်ကို မှတ်သား ရဘူး၏။

ထိုဧည့်ဝတ်ကိုမငြိုမငြင် ပြုစုနိုင်သည်မှာလည်းထူးခြားသူဖြစ်ပေ၏။ ကြီးပွားလိုသူတို့ လိုက်နာရမည့် ဗလိငါးမျိုးတွင် 'အတိထိဗလိ' ပင် ဖြစ် ကြောင်း ဘုရားဟောကြားတော်မူခဲ့သည်။

## ပုပ်စော်နံသော ကုသိုလ်

ထိုသို့ ဆင်းဆင်းရဲရဲဖြင့် ကိုယ်တိုင် မြန်မာ့ဆေးများ ဖော်စပ်ရောင်းချ ရာမှ လူငှားတယောက်အဖော်နှင့်၊ နောက်ဂျစ်ကားစုတ်ကလေးနှင့်တိုးတက်

လာကာ မြန်မာပြည်အနှံ့ လူပုံတော် ပတ္တမြားသွေးဆေး ဆိုင်းဘုတ်များ နှင့်အတူ 'လူပုံတော်ပတ္တမြားဆေးတိုက်ပိုင်ရှင် ဦးမောင်မောင် ဒေါ်ငြိမ်း ငြိမ်း မိသားစုကောင်းမှု' ဟူသော ဆိုင်းဘုတ်များကို ကျောင်းကန်ဘုရား အနှံ့ မြင်သူတိုင်း သာဓုခေါ်ရသော အခြေအနေသို့ရောက်ရှိလာပေတော့ သည်။

မန္တလေးရန်ကုန်ရှိ အထူးသဖြင့် စာသင်တိုက်များ၊ ဓမ္မရိပ်သာများ၌ သူ၏ ကောင်းမှုများကို တွေ့နိုင်၏။

ပခုက္ကူနှင့် မန္တလေးအနောက်ပြင်, တောင်ပြင်ရှိ စာသင်တိုက်ကြီး များ၌ ရေအခက်အခဲရှိသဖြင့် စက်ရေတွင်းလှူခြင်း၊ ဟောင်မြို့ (အမရပူရ) တူးမောင်းတိုက်၌ စက်ရေတွင်းနှင့်ကုဋီလှူခြင်း၊ မန္တလေး၄၅-တာအတွင်း ၂၅၀၀-ဓမ္မာရုံကြီးအနီး ၂-ထပ်တိုက် 'သဒ္ဓါမိက' ဓမ္မာရုံကြီး ဆောက် လှူ၍ အခမဲ့ ဘုရားဖူးညှော့ရိပ်သာ တည်ခြင်းစသည်ဖြင့် များစွာရှိ၏။

ထင်ရှားသော စာသင်တိုက် ဆရာတော်များအား ၅-ပါးစာခန့် နေ့စဉ် ဆွမ်းအုပ်များလည်း မနည်းပေ။

"ကျွန်တော်မန္တလေးမစိုးရိမ်တိုက်မရောက်ခင် တောင်မြို့တူးမောင်း တိုက်မှာနေတုန်းက ကုဋီဟာ သိပ်ညစ်ပတ်သဗျာ့။ သူဌေးတွေလဲ ရှိပါရဲ့။ သည့်ပြင် လူမြင်တဲ့ကုသိုလ်ဘဲ လုပ်ချင်ကြတာ။ ကုဋီတော့ 'ပုပ်စော်နံတဲ့ ကုသိုလ်မလိုချင်ပါဘူး'ဆိုပြီး သိတဲ့လူကလဲ ရှောင်သွားတာဘဲ။ ကျွန်တော် ဒီဘက်ခေတ်ရောက်လို့ သွားကြည့်တော့ ဟိုတုန်းကကျွန်တော်တို့တက်ခဲ့ရတဲ့ အတိုင်းဘဲ။ ကုဋီမြောင်းပေါ်ထိုင်လိုက်ရင် တင်ပါးကို ယားလာတာဘဲ"ဟု သူ၏ ပုပ်စော်နံသော ကုသိုလ်ကို ကျွန်ုပ်အား အမျဝေဘူးသေး၏။

## ဦးမောင်မောင် ငွေလုပ်တဲ့စက်

ကျွန်ုပ်နှင့် ရင်းနှီးစွာ သိရသောအချိန်မှာ သူဌေးဦးမောင်မောင်ဘဝမှ သာသန ဒါယကာ ဦးမောင်မောင်ဖြစ်နေပေပြီ။ 'အဘိဇဓမဟာရဋ္ဌ ဂုရု' မစိုးရိမ် ဆရာတော်ဘုရားကြီးအား သက်တော်၉၅-နှစ်အရ တာဝါလိမ်း ရှိ ခြံထဲ၌ နောက်ပါသံဃာ လေးငါးပါးနှင့်အတူ ပင့်၍ နေ့စဉ် ဆွမ်းကွမ်း ဝေယျာဝစ္စများ လုပ်နေချိန်ဖြစ်၏။

ဆရာတော်ဘုရားကြီး၏ ဆန္ဒ၊ ဦးမောင်မောင်၏ သဒ္ဓါတရားအရ 'နိကာယ်သာသနာတော်ထွန်းကားရေးအသင်းကြီးကိုပင် ဖွဲ့စည်း၍'နိကာယ် စာသင်တိုက်ကြီး'ဆောက်ရန်၊ သိန်းသုံးဆယ်ကျော်တန် 'ကျောက်စာဓမ္မ စေတီတော်' တည်ရန် စတင်အကောင်အထည်ဖော်လျက် ရှိနေ၏။

သာသနာပိုင် ဆရာတော်ဘုန်းကြီးကြွရောက် သိတင်းသုံးနေပြီ ဖြစ်၍ ရဟန်းရှင်လူ ဧည့်သည်များ၊ သာသနာရေး စည်းဝေးပွဲများကား မပြတ် မလပ်ဖြစ်၏။ "အစည်းအဝေးပွဲမှာယနေ့ဘာကျေးရကောင်းမလဲ"ဟုအမြဲကြံ နေသူမှာ ဦးမောင်မောင်ပင် ဖြစ်သည်။

ခြံထဲတွင် ဆရာတော်များ အမြဲသိတင်းသုံးရန် ဝိနည်းတော်အတွက် အပ်အပ်စပ်စပ်ရှိဘို့ သိမ်သန့်တိုက်ကြီးတလုံးကိုပင် အပူတပြင်း ဆောက်လုပ် လှူဒါန်းလေသည်။ ထိုတိုက် အုတ်မြစ်ချတူးဖော်နေခိုက် အစည်းအဝေးရှိ၍ ကျွန်ုပ်ရောက်သွားရာ လူသုံးယောက်က အုတ်မြစ်များကို တူးနေကြ၏။ ဦးမောင်မောင်ကား နေပူကျဲကျဲ ခြံစည်းရိုး ဝါးရုံ ချုံအောက်၌ ခမောက် ကြီးဆောင်းပြီး အလုပ်သမားများကို စီမံနေရင်း ပါးစပ်ကတတွတ်တွတ် နှင့် ပရိတ်ရွတ်နေသည်ကို တွေ့ရသည်။

"ကိုဌေးလှိုင် လာပါအုံးဗျာ့" ဟုခေါ်၍ ရှေ့ဆက် လုပ်ကိုင်ရမည့် သာသနာရေးကိစ္စများကို ဆွေးနွေးပြောဆိုကြ၏။ ဦးမောင်မောင်က—

"လူတွေကခက်တာဘဲဗျာ့။ ခုဆိုရင်သတင်းစာထဲမှာ ဦးမောင်မောင် က သိန်းသုံးဆယ်ကျော်တန် ကျောက်စာဓမ္မစေတီတော်ကြီး တည်မယ်ဆို တာ ဖတ်ကြရတော့ ကျွန်တော့်ကို သိန်းတရာနှစ်ရာ ချမ်းသာနေပြီလို့ ထင် ကြဘယ်။ သူတို့နဲ့ ကိုယ်ချင်းစာကြတာပေါ့ဗျာ။ လူတွေဟာ တဆယ်ရှိမှ အလွန်ဆုံး တကျပ်လှူကြတာကလား"

"ကျွန်တော့်ကိုလဲ သူတို့လိုဘဲထင်ပြီး တကယ့်မီလျံနာသူဌေးကြီး အောက်မေ့နေကြသလား မသိဘူး။ ကျွန်တော်က လူတမျိုးဗျ။ အခု ကျွန်တော်လုပ်တာ သာသနာအတွက် လုပ်နေတာ။ သူတို့လိုဇိမ်ခံဘို့ ဂုဏ် ဒြပ်ကြီးဘို့ မဟုတ်ပါဘူး။ တကယ်လဲ ကျွန်တော့်လက်ထဲမှာ ငါးသောင်း ပြည့်အောင် မရှိပါဘူး။ ပြောရင် ယုံမှာမဟုတ်ဘူးဗျာ့။ ခက်တာက။

"သိန်းသုံးဆယ်ကျော် ဆိုတာ လျော့ပြောတာ ကိုဌေးလှိုင်ရေ့၊ ကျွန်တော်လုပ်ချင်တာက သိန်းတရာ အနည်းဆုံး။ စိတ်ထဲရှိတာ ပြောရင် လူတွေက သူတို့လို ကိုယ်ချင်းစာပြီး ဒုက္ခပေးကြမှာစိုးလို့။ ရသေ့ကြီး ဦးခန္တီလို ငွေလုပ်တဲ့စက် ရှိသလားလို့ စုံစမ်းခံနေရဦးမယ်ဗျာ့။

"ကျွန်တော်က ကိုယ့်ကိုယ်ကို ယုံကြည်တယ်လေဗျာ–ငါလုပ်ရင် ဖြစ်တယ်ဆိုတာ။ ဒါ စိတ်ကူးယဉ်တာ မဟုတ်ဘူး။ အကြိမ်ကြိမ်ကျွန်တော့် လက်တွေ့ဘဲ။ ဗေဒင်ဟောထားလို့ ယုံစားနေရတာမျိုးလဲမဟုတ်ဘူး။ နေ့စဉ် ပရိတ်ရွတ်သဗျား၊ဂုဏ်တော်ပွား၊တရားထိုင်သဗျာ။ ဒါတွေကို ကျွန်တော် အားကိုးပြီးလုပ်နေတာဗျ့။ကျွန်တော့် ငွေလုပ်တဲ့စက်ကရတနာသုံးပါးဘဲ။

"ကျွန်တော် ဘောက်ထော်စွန်းလွန်းရိပ်သာမှာ 'သဒ္ဒါဓိကဓမ္မာရုံ' ဆောက်ဖို့ ဆရာတော်ကိုသွားပြီး တာဝန်ခံ လျှောက်ထားလိုက်တယ်။ အနဲဆုံး ငါးသိန်းတန်ဆောက်ဖို့ ဆုံးဖြတ်တယ်။ ဒါပေမယ့် အဲဒီအချိန်က လက်ထဲမှာ သောင်း ကိုးထောင်လောက်ဘဲ ရှိမယ်ထင်တယ်။ တကယ်ပါ။

"ဒါနဲ့ လက်ထဲရှိတာကလေးနဲ့စပြီး သဲဝယ်အုတ်ဝယ် တစတစလုပ် လာတာ၊ မကြာပါဘူး၊ကျွန်တော့် ငွေလုပ်တဲ့စက်က ငါးသိန်းတန် ဓမ္မာရုံ ကြီးပြီးသွားတာပါဘဲ။လူတွေက ရတနာသုံးပါးကျေးဇူးကိုမယုံကြဘူးဗျ့"

## သာသနာပြုချင်ရင် အပြင်သိပ်မကြည့်နဲ့

ဦးမောင်မောင်သည် ခြေသလုံးအိမ်တိုင်ဘဝမှ သိန်းပေါင်းများစွာ အကုန် အကျခံ၍ သာသနာ့ဒါယကာပြုလုပ်နိုင်သူဖြစ်၏၊ မည်မျှချမ်းသာကြွယ်ဝ သည်ဟု ကျွန်ုပ်တို့ မသိသော်လည်း 'ချမ်းသာသမျှ သာသနာအတွက်' ဟု စွန့်စားရဲသူဖြစ်သည်ကိုမူ ပြောဝံ့ပေ၏။

'စိတ္တသူကြွယ်'ကဲ့သို့ အနည်းဆုံး တကျပ်ရှိလျှင် ပြားငါးဆယ်သည် သာသနာအတွက်ဟု လျာထားကာ မိမိနှင့် သာသနာကို မခွဲမခြားဘဲကျင့် သုံးသူ 'အပ္ပဋိဝိဘတ္တ ဘောဂီ' ဟု ခေါ်ဆိုရလေသည်။

"ဦးလေးမောင်၊ ဦးလေးလို သဒ္ဓါများ၍ ကြွယ်ဝသူတွေကို ခုတ် လုံးဆရာ၊ ဝိဇ္ဇာဆရာတွေ မ, တတ်တယ်။သတိပြုပါ။ ကိုယ့်ဟာကိုယ် ပရိတ် ရွတ်၊ ဂုဏ်တော်ပွား တရားသဖြင့် ကျင့်ကြံနေထိုင်လို့ ကြီးပွားလာတာကို သူတို့တန်ခိုးနဲ့ မ,စလို့ ဖြစ်နေအုံးမယ်။

"သာသနာပြုတဲ့နေရာမှာလဲ ကျောင်းကန်ဘုရားကို မရှိမဖြစ်တဲ့နေရာ မျိုးမှာသာလုပ်ပါ။'ဗဟိဒ္ဓသာသနာ,ရုပ်ဝတ္ထုသာသနာ'ဟာအရေးမကြီးဘူး အင်အားလဲမပါဘူး။ 'ကိုယ်ပိုင်အဇ္ဈတ္တိကသာသနာ' အရေးကြီးပါတယ်။

"ပုဂံခေတ်က မုဆိုးမကတောင် ဘုရားထတည်တယ်။ ဒါဟာလူတွေကို အဇ္ဈတ္တိက(သီလ,သမာဓိ,ပညာ)သာသနာအားနည်းသွားအောင် 'ဗဟိဒ္ဓသာသနာ' ဝေယျာဝစ္စတွေဘက် လှဲ့ထုတ်မောင်းကြတာဖြစ်ပါတယ်။လမ်းလွှဲပေးနေကြတာပါ။ ဦးလေးမောင်အခုလုပ်နေတဲ့ နိကာယ်ဆောင်ပုဂ္ဂိုလ်မျိုး မွေးထုတ်တဲ့ သာသနာပြုတာမျိုး၊စာသင်တိုက်တည်တာ၊ အားပေးတာမျိုး ခု ဦးလေးမောင် ရဟန်းခံလိုက်တဲ့ 'ဦးသဇ္ဇန' ဟာဆိုရင် တိပိဋကဓရစာမေးပွဲမှာ ဝိနယဓရဖြစ်သွားပြီ၊ အဲဒီသာသနာပြုတာမျိုး ဦးစားပေးပါ။

"နောက်ပြီး ဘုရားရုပ်ပွားဆိုရင်လဲ 'ဇမ္ဗုပတိချွတ်ခန်း'လို အချွန်အတက်တွေနဲ့ ရုပ်ပွားမျိုးဟာလဲ ဟိုပုဂံခေတ်ထဲက ခေတ်စားလာတာ။ဒါလဲမရိုးသားဘူး။ ရှင်းရှင်းပြောရရင်ဗျာ ဝိဇ္ဇာတွေ မ,နေကြတာဘဲ"

စသည်ဖြင့်ဆွေးနွေးရှင်းပြခဲ့ဘူး၏။ထိုအချက်များကိုလည်းသာသနာပြုချင်သူတို့ သတိထားသင့်ကြပေသည်။

## မစိုးရိမ်ကျောင်းဒကာ ဦးသက်ရှည်

ဦးမောင်မောင် ထိုယုံကြည်ချက်နှင့် အသိညာဏ်ဝင်လာသည်မှာ ပင်ကိုယ်အခံရှိသကဲ့သို့ ဆရာကောင်း သမားကောင်း အမှီရခြင်းကြောင့်လည်း ဖြစ်ပေသည်။

ဆရာကောင်း သမားကောင်းအမှီဟူသည်အခြားမဟုတ်။သက်တော် ၉၆-နှစ်ရှိ 'အဘိဓဇမဟာရဋ္ဌဂုရု' ကျေးဇူးရှင် မစိုးရိမ် ဆရာတော်ကြီးပင်တည်း။

"ကိုဌေးလှိုင်၊ ကျွန်တော် ခုလိုအသိဉာဏ်ရတာ ခင်ဗျား ဆရာ၊ ကျွန်တော့်ဆရာ၊ ဒီဆရာတော်ဘုရားကြီး ကျေးဇူးဘဲဗျ။ ပထမကတော့ ဒီလောက်မယုံဘူးဆိုပါတော့။ ရတနာသုံးပါး ဦးထိပ်ထားပြီး သာသနာပြုလုပ်ငန်းကိုဒတော်တော်ကလေးလဲလုပ်မိရော၊ကောင်းကောင်းကြီးယုံစရာတွေ တွေ့လာတာဘဲဗျ"

ဦးမောင်မောင်သည် မစိုးရိမ်ဆရာတော်ဘုရားကြီး၏ ဆုံးမစကားများအရ ယခုကဲ့သို့အသိဉာဏ် သဒ္ဓါတရားတိုးပွား လာရပုံကိုဆက်၍ပြောပြ၏။ ဆရာတော်ဘုရားကြီးက ဦးမောင်မောင်အား သာသနာပြုစိတ်ထားနှင့်

14. ဒုတိယအကြိမ်

စပ်၍ အားကျဘွယ် စံနမူနာအဖြစ် မန္တလေးမြို့ နာမည်ကျော် မစိုးရိမ် ကျောင်းဒကာ ဦးသက်ရှည်၊ သား ဦးကျော်တို့ အကြောင်းကို မကြာခဏ ဆုံးမ ပြောဆိုခဲ့သည်ဟု ဆိုလေသည်။

ဦးမောင်မောင်ကိုယ်တိုင်လည်း ထိုကျောင်းတွင် စာပေသင်ကြားခဲ့ ဘူးသူဖြစ်၍ ထိုကျောင်းဒကာ၊ ဒကာမတို့၏ သဒ္ဓါတရားကိုလည်း အထိုက် အလျောက် တွေ့ထိသိမြင်ခဲ့ရဘူးသူဖြစ်၏။ ဆရာတော်ဟောသော ထိုတရား သည် သူ့စိတ်ထားနှင့် တသားတည်း အံကိုက်ဖြစ်သွားခဲ့သည်။

## မစိုးရိမ်ကျောင်းတိုက်၏ အနေအထား

မစိုးရိမ် ကျောင်းတိုက်ကြီးကား မန္တလေးမြို့ အနောက်ပြင်၌ တည်ရှိ၏။ သံဃာငါးရာခန့်သီတင်းသုံးရာ သံဃတက္ကသိုလ်ကြီးဖြစ်သည်။ ကျောင်းထိုင် စာချ နာယကဆရာတော် အပါးနှစ်ဆယ်ခန့်က အုပ်ချုပ်သင်ပြ၍ ထိုတွင် အကြီးဆုံး မဟာနာယကမထေရ်ကြီးတပါးက ပဲ့ကိုင်ထား၏။ စည်းကမ်း ကြီး၏။ စာသင်ပုံစံနစ်ခေတ်မှီသည်။အင်္ဂလန်ပါဠိအသင်းကြီးနှင့် ဆက်သွယ် ၍ နိုင်ငံခြားသာသနာပြုလုပ်ငန်း၊ ပါဠိအဘိဓာန်လုပ်ငန်းများကို စတင် လုပ်ဆောင်ခဲ့သော ကျောင်းတိုက်ကြီးပင်တည်း။

ကျောင်းတိုက်တည်ထားပုံ ပုံကြမ်းကား ၄–ဧကရှိ ဥယျာဉ်မြေကွက် ကို အမြင့် ၇–ပေခန့် တံတိုင်းကြီးခတ်ထား၏။ အရှေ့–တောင်–မြောက် ဝင်ပေါက် သုံးခုထားသည်။ အလယ်မြေကွက်၌ ၁၄၆၊ ၁၃၂ပေရှိနှစ်ထပ် အလယ်တိုက်ကျောင်းကြီးတဆောင်ကို တောင်မြောက် မျက်နှာနှစ်ဖက်တွင် လှေကားကြီးနှစ်စင်းစီဖြင့် ဆောက်လုပ်ထား၏။ အတွင်းမျက်နှာကြက်များ၊ တိုင်များ၊ ခန်းဆီးလိုက်ကာများအားလုံး မှန်စီရွှေဘိန်းချထားသည်။

အလယ်တိုက်ကြီး ကုန်ကျစရိတ်မှာ ထိုခေတ်တန်ဘိုး တသိန်းကျော် ၏။ (ဆန်တတင်း ၃–၄ ကျပ်ခေတ်)။ အလယ်တိုက်ကြီးကို ၁၂၆၉–ခုနှစ်၌ စတင်တည်၍ ၁၂၇၁–ခုနှစ်၌ ရေစက်ချသည်။

ထိုတိုက်ကြီးခေါင်းရင်း၌ တရပ်ကွက်လုံး ကြားနိုင်သော နာရီစင် မြင့်ကြီး။

အလယ်တိုက်ကြီးကိုဝန်းရံ၍ အစီစဉ်တကျ ဆောက်လုပ်ထားသော ပတ်ပတ်လည်နှစ်ထပ်တိုက်ကြီး၉–လုံး။တထပ်တိုက်၆လုံး၊ထိုတိုက်ရံ၁၅–လုံး

အတွင်း၌လည်း အားလုံးမှန်စီရွှေဘိန်းချ။ သစ်ပင်ပန်းမာလ်၊ရေတွင်း၊ ကုဋီ အပြည့်အစုံ။ ကျောင်းအသုံးအဆောင် ပိဋကကျမ်းစာ အလုံအလောက်။

ဤကား မစိုးရိမ်ကျောင်းတိုက်ကြီး၏ အဆောက်အဦ အနေအထား ပုံကြမ်းမျှ ဖြစ်၏။

ရှေးခေတ်တန်ဘိုး သိန်း ၂၀-ခန့်ရှိ၍ ကာလတန်ကြေး သိန်းနှစ်ရာ ခန့်မှန်းကြသည်။

နိုင်ငံရပ်ခြား ဗုဒ္ဓဘာသာဝင်များ လှည့်လည်ကြည့်ရှုကြသောအခါ "ဒီကျောင်းတိုက်ကြီးတခုလုံး ဒကာတဦးတည်းကဆောက်လှူထားတာပါ" ဟူသော စကားပြန်၏ အသံကိုကြားရသောအခါ အားလုံးအံ့အားသင့်ကုန်ကြ၏။ 'မြန်မာအနာထပိဏ်' ဖြစ်နေသောကြောင့်တည်း။

ထိုမျှသာလည်း မက။

## စားသောက်နေရေး လိုလေသေးမရှိ

ကျောင်းဒကာ ကျောင်းအမတို့ကား ထိုကျောင်းတိုက်ကြီး၏ ကျောင်းထိုင်စာချ နာယကဆရာတော်အပါ.ဝကျိပ်ကျော်အား(ပထမတွင်ဆွမ်းစရိတ်အလုံအလောက်လှူ၍ နောက်တွင်)အိမ်သို့ပင့်၍ နေ့စဉ် ဆွမ်းကပ်ကြသည်။ နေ့စဉ်ဆွမ်းကျွေးကိစ္စကား ပိုက်ဆံရှိတိုင်း ဖြစ်နိုင်သောကိစ္စ မဟုတ်ပါချေ။

ထိုမျှသာမကသေး။

သံဃာငါးရာကျော်အား နှစ်စဉ် ကထိန်သင်္ကန်းလှူသေး၏။ သံဃာများ မိုးရွာ၍. ဆွမ်းခံမကြွနိုင်သောအခါ နာယကဆရာတော်ထံမှ တဆင့် တုံးခေါက်၍ ဆွမ်းစားလက်မှတ်ကပ်လှူသည်။ ထိုလက်မှတ်ကိုယူ၍မန္တလေးမြို့တွင်း ကြိုက်ရာ စားသောက်ဆိုင်များသို့ ကြွရောက်ဆွမ်းဘုဉ်းပေး နိုင်၏။ ပြီးလျှင် လက်ဘက်ရည် ကာဖီတခွက် သောက်နိုင်သေးသည်။

ကျောင်းတကာသည် ထိုဆွမ်းလက်မှတ်များအလိုက် စားသောက်ဆိုင်ရှင်များအား အလှူငွေပေးချေလှူဒါန်း၏။ တနှစ်လျှင် အနည်းဆုံးရက်ပေါင်းသုံးဆယ်၊ တရက်လျှင် အနည်းဆုံး သံဃာငါးရာခန့် ဆွမ်းလှူရသည်။

ဤကား မစိုးရိမ်ကျောင်းဒကာကြီး ဦးသက်ရှည်မှ သားဦးကျော် အထိ စစ်မဖြစ်မီကာလတိုင်အောင် ဆောင်ရွက်ခဲ့ကြသော သာသနာပြုလုပ်ငန်း ပုံကြမ်းမျှသာဖြစ်သည်။

## သားအဖ နှစ်ယောက်မှ မုံ့ပြားကြီးတရက်

'မြန်မာအနာထပိဏ်'ဟုခေါ်ဆိုရမည့် မစိုးရိမ် ကျောင်းဒကာကြီး ဦးသက်ရှည်၏ဘဝကား သူဌေးကမွေးသော သူဌေးသား မဟုတ်။ ဆင်းရဲသော၊ အလွန်ဆင်းရဲသော ဘဝမှ ရုန်းကန် မြင့်တက်လာရသူဖြစ်သည်။

သူသည်မန္တလေးခရိုင် မြစ်ငယ်မြို့နယ် ဥယျာဉ်တော်ရွာ ဇာတိဖြစ်သည်။သို့သော်ငယ်ဆရာကားအဘိဓမ္မာနာမည်ကျော်'မြို့ပြင်ကြီးဆရာတော်' ဖြစ်၏။ဆရာကောင်းအမှီရ၍ ဆင်းရဲသော်လည်း ဘာသာရေး အသိဉာဏ် အခြေခံ လုံလောက်သူ ဖြစ်သည်။

မြစ်ငယ်မှ မန္တလေးသို့ နေ့စဉ်လာရောက်ကာ ဖက်ရွက်ဟင်းသီးဟင်းရွက်များကို ပခုံးထမ်းရောင်းရရှာ၏။ တနေ့လုံးရောင်းမှငါးပြားခြောက်ပြားသာ လုပ်အားခ ရသည်။

သားမောင်ကျော် အဖော်ရလာသောအခါ အားအဖနှစ်ယောက် ရောင်းချကြရ၏။ တနေကုန်ရောင်းချပြီး မုံ့ပြားကြီး (မုံ့ပျား သလက်) တခုဝယ်၍ တဝက်စီခွဲကာ သားအဖစားကြရ၏။မုံ့ပြားကြီး တရက်လျှင် တပြားမျှသာ ပေးရသော်လည်း တယောက်တရက်စီ မစား နိုင်ရှာကြ။ စားပြီးလျှင် လမ်းဘေးရေအိုးစင်က ရေးကိုအဝသောက်ကာ နံနက် ညစာ ပြီးကြရသည်။

နောက် ကုန်စိမ်းပွဲရုံတခု၌ သားအဖ အထမ်းအပိုးတောက်တိုမယ်ရ အလုပ်ရ၏။

မောင်သက်ရှည်တို့ သားအဖ၏ ထူးခြားသော အရည်အချင်းမှာ ကျေးဇူးသိခြင်း၊တာဝန်သိခြင်း၊ ဇွဲလုံ့လနှင့်စည်းကမ်းရှိခြင်းပင် ဖြစ်သည်။ ပွဲရုံ၌ လုပ်စရာကိစ္စ မှန်သမျှ ထင်းခွဲ ရေခပ်မှစ၍ အလုပ်ရှင်၏ အခိုင်းကို မစောင့်၊ ကိုယ့်တာဝန်သူ့တာဝန်ဟုလည်း မခွဲခြား။လုပ်စရာမှန်သမျှ မိမိ အိမ်ကဲ့သို့သဘောထားကာ အောက်ခြေသိမ်း လုပ်လေ့ရှိ၏။

ထိုအရည်အချင်း ကောင်းများကြောင့် ပွဲရုံပိုင်ရှင်ကပင် မောင်သက်ရှည်တို့ အားအဖ စုငွေကို ထပ်ဆောင်း၍ပွဲရုံခွဲတခု တည်ထောင်ပေးခဲ့လေသည်။

ငယ်ဆရာဆုံးမသည့် ဝတ်ဘက်, ဝတ်ကပ်များလည်း သားအဖ မမေ့ကြပေ။ငွေကိုလည်းငွေမှန်းသိသိ သုံးစွဲကြသဖြင့် များကာလ မကြာမီပင် အတော်အတန် စုမိ ဆောင်းမိရှိလာကြ၏။

## အလှူဒါနနဲ့လို့ ဆင်းရဲခဲ့ရ

"ငါ့သားဒို့မှာ ဘဝသံသရာက အလှူဒါနနဲ့လို့ ဆင်းရဲမွဲတေ ခဲ့ရတယ်။ မရှိလို့မလှူ၊မလှူလို့မရှိ။ဒို့ကျောင်းဆောက်လှူရအောင် ငွေကိုကြည့်သုံး၊ ဒီဘဝမှာ ဒို့လုပ်လို့ရတာ သာသနာအတွက်ဘဲ"ဟု ပြောဆို ဆုံးမကာ စိစိစစ်စစ် သုံးစွဲ၍ ကျောင်းဆောက် လှူနိုင်သော အခြေသို့ ရောက်လာကြသည်။

မြစ်ငယ်ရှိ ကျေးဇူးရှင် ငယ်ဆရာအား ကျောင်းဆောက် လှူရန်လျှောက်ထားကြရာ-

"ဒို့ကျေးရွာမှာ မင်းကျောင်းလှူလို့ သာသနာ အတွက် အကျိုးမများဘူး"ဟု မိန့်ကာ သံဃာတထောင်ကျော်ရှိ မန္တလေးဘုရားကြီးတိုက်၌ဆောက်လှူရန် ညွှန်ကြားလိုက်သည်။

အတုယူဘွယ်ကောင်းလေစွ။

သို့နှင့်ဘုရားကြီးတိုက်၌ အသားကျောင်း တဆောင် ဆောက်လှူရာ မကြာမီ မီးလောင်သွား၏။ သို့သော် အားမလျှော့ဘဲ ကြိုးစား၍ ရောင်းဝယ်စုဆောင်းရာ မူလကျောင်းထက် အဆပေါင်းများစွာ ကြီးကျယ်ခမ်းနားသော ထိုတိုက်မှာပင် အလယ်တိုက်ကျောင်းမကြီးတခု ဆောက်လှူကြပြန်သည်။

ထိုမျှနှင့်လည်း အားမရနိုင်ကြသဖြင့် ကိုယ်ပိုင်တဦးတည်း တည်ထောင်သော ကျောင်းတိုက်ကြီးတခု ဆောက်လှူရန် စိတ်ဆန္ဒများ ပြင်းပြထက်သန်နေခဲ့သည်။ သာသနာအတွက် ထက်သန်သော ဆန္ဒနှင့်အညီရောင်းရေးဝယ်တာများကလည်း သိသိသာသာကြီး တိုးတက်လာတော့၏။

သို့နှင့် မြို့ဘော်ဝန် ဦးပေစိပိုင်သော 'မစိုးရိမ်ဉယျာဉ်ခြံမြေ'ကို ဝယ်ယူကာ ယခု 'မစိုးရိမ်တိုက်ကြီး'ကို တစတစချင်း ရောင်းရင်းဝယ်ရင်းစားရင်းသောက်ရင်း တည်ထောင်လာခဲ့ကြသည်။

## အဖေပေးခဲ့သော ဘဏ္ဍာတိုက်ကြီး

ပထမ မစိုးရိမ်ကျောင်းဒကာကြီး ဦးသက်ရှည် ကွယ်လွန်ပြီးနောက် သားဖြစ်သူ ဦးကျော်-ဒေါ်မမလေးတို့က ကျောင်းတိုက်တာဝန်ကို ဆက်လက်ထမ်းဆောင်ကာ သာသနာပြုကြသည်။

သား ဦးကျော်မှာလည်း ခမည်းတော်၏ ခြေရာကို လိုက်နင်းနိုင်သူ ဖြစ်သည်။ မစိုးရိမ် ကျောင်းတိုက်ကြီး၏ နေ့စဉ်သံဃဝေယျာဝစ္စကို ပခုံးပြောင်း ခံယူရသည့်အတွက် သိန်းပေါင်းများစွာ အမွေရသလောက် ဝမ်းသာနေ၏။

ဦးကျော်နှင့်စပ်၍ ဆရာတော်ဘုရားကြီး အမိန့်ရှိဘူးသည့်အကြောင်းအရာ တခုကား ယခင်က သာမညဟုပင် ထင်မိခဲ့သော်လည်း ယခုမူ အလွန်မှတ်သားဘွယ်ကောင်းသည့် အကြောင်းအရာ သာဓကကြီးတခု ဖြစ်ကြောင်း သတိပြုမိလေသည်။

ဦးကျော်နှင့် ဒေါ်မမလေးတို့သည် မစိုးရိမ်ကျောင်းတိုက်ဘက်သို့ ကိစ္စရှိ၍ ကားဖြင့် ထွက်လာကြသောအခါ ထုံးစံအတိုင်း ကားကို ကျောင်းအပေါက်ဝ၌သာ ရပ်ထားခဲ့၏။ ကားဝင်နိုင်သော်လည်း ကျောင်းတွင်း၌ ကားမစီး။ ဗုဒ္ဓခေတ် မင်းသူဌေးများကဲ့သို့ပင်။

လင်မယားနှစ်ယောက် ကျောင်းအပေါ်ထပ်သို့ တက်ရာ၌လည်း မှတ်သားဘွယ်ရှိပါသေး၏။(အလယ်တိုက်မကြီးတွင်တောင်ဘက်နှင့် မြောက်ဘက်၌ လှေကားနှစ်စင်းစီ တပ်ထားကြောင်း ပြခဲ့ပြီ။) ကျောင်းဒကာ ကျောင်းအမတို့သည် ကျောင်းပေါ်တက်ရာတွင် အရှေ့ဘက် လှေကားမှ မည်သည့်အခါမျှမတက်။ မဆင်း။ အနောက်ဘက် လှေကားမှသာ တက်, ဆင်းလေ့ရှိ၏။ အရှေ့ဘက် လှေကားကိုမူ 'ရဟန်းသံဃာ ဆရာတော်များအတွက်'ဟု အလိုလို စိတ်ထဲက သတ်မှတ်ထားကြသောကြောင့် ဖြစ်၏။

မြတ်စွာဘုရားရှင်သည်၎င်း၊ ဘုရားအမည်ခံ တိတ္ထိဆရာကြီးများသည်၎င်း ကောသလမင်းကြီး၏ နန်းတော်သို့ ကြွရောက်လာကြသောအခါ မင်းကြီးက နေရာများကို နှစ်မျိုးနှစ်စား ခွဲခြားခင်းကျင်းထားရာ 'မည်သည့်နေရာ၌ထိုင်ပါ'ဟုမလျှောက်။ နေရာယူပုံကိုကြည့်၍ 'ဤသူကား သူမြတ်၊ ဤသူကား သူယုတ်'ဟု လူ့အတန်းအစားကို အလိုလိုစိတ်ထဲက သတ်မှတ်သိရှိထားခြင်းဖြစ်သည်။

မြတ်စွာဘုရား ကြွလာတော်မူသောအခါ မြင့်မြတ်သော နေရာတော်၌ ထိုင်သည်ကို တွေ့ရ၏။ ဘုရားအမည်ခံ တိတ္ထိဆရာကြီးတို့ လာကြသောအခါ ယုတ်နိမ့်သော နေရာများ၌သာ ထိုင်လေ့ရှိကြသည်ကို တွေ့ရသည်။

စာတမ်းလည်း ဆွဲမထား။ ပြောကြားသူလည်း မရှိစေကာမူ ကိုယ့်ပမာဏကို ကိုယ်သိကြရသည်မှာ လူ့ဓမ္မတာပင်တည်း။

မစိုးရိမ်ကျောင်းဒကာ ကျောင်းအမတို့၌ ထိုအသေးအဖွဲကလေးများမှအစ အတုယူဘွယ်တွေ များစွာရှိကြ၏။

ကျောင်းဒကာ, ကျောင်းအမများ ပုဂံပေါ်သို့ ရောက်သောအခါ ဘုရားကို အလျင်ဦးချပြီးမှ ဆရာတော်များထံ သွားရောက်ဝတ်ပြုလေ့ရှိကြ၏။ ရဟန်းသံဃာ ကိစ္စတွင် မည်သည့်အခါကမျှ ဝင်မစွက်။ ယုတ်စွအဆုံး ကိုရင်နှင့် ရဟန်းငယ်များ မဖွယ်မရာ (ခြင်းလုံးခတ်ခြင်း စသည်) ဆော့ကစားနေသည်ကို မြင်လျှင်လည်း ကျောင်းဒကာသည် မည်သို့မျှ မပြော။ မမြင်ယောင် ရှောင်ကွင်း၍သာသွား၏။ ဆရာတော်အားလည်း တိုင်တမ်းခြင်းမရှိ။ ကာလကြာသော် ပြောသည်ထက်ပင် ကြောက်ရွံ့ကာလေးစားလာကြရသည်။

ရိုးဖြောင့်တည်ငြိမ်သော အမူအရာသည် အာဏာစကားထက်ပင် ခရီးရောက်လေ၏။

## အလှူမခံ၍ စိတ်မကောင်းဖြစ်ရ

တနေ့သော နံနက်ခင်း။

ကျောင်းဒကာ ဦးကျော်သည် ရေးကြီးသုတ်ပျာ ဆရာတော် နှစ်ပါးထံ ရောက်လာ၏။ ဆရာတော်နှစ်ပါးဟူသည် ကျေးဇူးရှင် မစိုးရိမ် ဆရာတော် ဘုရားကြီးနှင့် ပထမကျော်ဦးဥာဏ ဆရာတော်ကို ဆိုလိုသည်။

မစိုးရိမ်တိုက်ကြီး ယခုကဲ့သို့ ဖြစ်လာရသည်မှာ ထိုဆရာတော်နှစ်ပါး၏။ သာသနာပြုမှုကြောင့်ဖြစ်၏။ ဒကာ တော်သကဲ့သို့ ဆရာများကလည်း ကျော်ပေသည်။ နိုင်ငံခြား သာသနာပြုရာတွင် လယ်တီ ဆရာတော်ဘုရားကြီးကပင် လက်ရုံးနှစ်ဆူပမာ အားကိုးခြင်း ခံယူခဲ့ကြရ၏။

ဒကာကလည်း ဆရာကို "တပည့်တော်က ဟိုလိုနေမှ၊ ဒီလိုလုပ်မှ သဘောကျတယ်" စသည်ဖြင့် စွန့်လှူနိုင်သော ဒါနမာန်ကို ကိုင်တွယ်၍ မည်သည့်အခါကမျှ၊ မည်သည့်ကိစ္စတွင်မျှ မချုတ်ချယ်။ မစွက်ဖက်။ ဒကာ့တာဝန်အရ ကျွတ်ကျွတ်လွတ်လွတ် စွန့်လှူထောက်ပံ့ရုံမျှသာတည်း။

ဆရာကလည်း ဒကာကို ပစ္စည်းကောင်းရရန် အလို့ငှာ "ဒကာကြီး၊ ဘယ်ဟာလိုနေသေးတယ်။ ဘာလှူပါအုံး" စသည်မရှိ။ တရားသဖြင့် သဒ္ဓါပေါက်၍ လာရောက်လှူသည်ကိုပင် သာသနာအတွက် ကုန်သလောက်

15.ဒုတိယအကြိမ်

အကျိုးမသက်မူ လက်မခံ။ ငြင်းဆန်ကြ၏။ ပရိယတ် ပဋိပတ် သာသန တာဝန် အားသွန်ထမ်းပိုး ကြိုးစားရှိမျှသာတည်း။

ဤလိုဒကာနှင့် ဤလိုဆရာကား ရှာမှရှားပေ၏။

ကျောင်းဒကာက–"အရှင်ဘုရားတို့၊ ရန်ကုန်ကြွမယ်လို့ဆို။ သဘော်ာနေရာ အယူခိုင်းလိုက်ပြီလားဘုရား" ဟု လျှောက်သည်။ ဆရာတော်နှစ်ပါးကမူ ကြွခါနီးမှ အကြောင်းကြားမည်ဟု ယူဆ၍ ကြိုတင်အသိပေးမထား။

"ဟုတ်တယ်–ဒကာကြီး၊ ဘုန်းကြီးတို့ တိုက်စာမေးပွဲတွေလဲ တနေ့ကဘဲ ပြီးသွားပြီ။ ရန်ကုန်မှာလဲ ပါဠိ အဘိဓာန်ကြီးအတွက် ပုံနှိပ်စက် မှာထားတာ နိုင်ငံခြားက ရောက်လာပြီလို့ စာရတာနဲ့ ခါတိုင်းနှစ်ကြွနေကျ ရက်ထက် နဲနဲစောပြီးသွားဘို့ စီစဉ်ကြတာဘဲ။ သဘော်ာနေရာတော့ အယူမခိုင်းရသေးပါဘူး။ ကပ္ပိယကိုတော့ အသိပေးထားပြီးပြီ"

ဆရာတော်များက စကားပြည့်စုံအောင် အမိန့်ရှိကြသည်။ အင်္ဂလန်ပါဠိစာပေဟော်မှု အသင်းကြီးက တောင်းပန်၍ လယ်တီဆရာတော်၏ တိုက်တွန်းချက်အရ ပြုစုရသော ပါဠိအဘိဓာန်ကြီးကို နိုင်ငံခြားမှ ပုံနှိပ်စက်မှာယူ၍ ရိုက်နှိပ်ခြင်းဖြစ်၏။

"ဒီလိုဆို တပည့်တော် သဘော်ာနေရာအတွက် သွားခွင့်ပြုပါဘုရား။ ကပ္ပိယကို မသွားနဲ့တော့လို့ ပိတ်လိုက်ပါ" ဟုဆိုကာ ကျောင်းဒကာက ဦးချ၍ ထပြန်မည်အပြု–

"နေပေ့စေ ဒကာကြီး၊ ဒကာကြီးတို့မှာ နေ့စဉ် သံဃာအတွက် ကုန်ကျတာတွေလဲ မနဲဘူး။ နောက်ပြီး လုပ်လက်စတွေ၊ လုပ်စရာတွေလဲအများကြီး ရှိနေတယ်။ ဘုန်းကြီးတို့အတွက် တာဝန်မပိုပါစေနှင့်။ ဘုန်းကြီးတို့ ပြည့်စုံပါတယ်"ဟု တားမြစ်တော်မူကြ၏။

ထိုသို့တားမြစ်သော်လည်း ကျောင်းဒကာသည် ဦးချပြီး မီးသဘော်ာနေရာ၊ လက်မှတ်များ ဝယ်ယူရန် ဇွတ်လျှောက်ထား၍ ကိုယ်တိုင်သွားဝယ်၏။ ဝယ်ပြီးလျှင် စိတ်ချလက်ချ စီစဉ်နိုင်ရန် ပြန်၍လျှောက်သည်။

## ရခဲသောအခွင့်အရေး သူဌေးက ကပ္ပိယလုပ်

ဆရာတော်များ၏ အလုပ်အကျွေးလုပ်ရာ၌ (ကပ္ပိယလုပ်ရာ၌) အခိုင်းအစေ တပည့်များစွာ ရှိသော်လည်း မခိုင်း။ ကိုယ်တိုင်လုပ်၏။ ထိုသို့ လုပ်ရသည်ကို 'ရခဲသော အခွင့်အရေးကြီးတခု'ဟု ယူဆသည်။

နောက်တရက်ည သင်္ဘောဆင်းရန် ကျောင်းဒကာကိုယ်တိုင် လာပင့်၏။ (ထိုစဉ်က သင်္ဘောများ ညထွက်လေ့ ရှိသည်။) သင်္ဘောပေါ်သို့ ရောက်ကြလျှင် ဆရာတော်များက–

"ဒကာကြီး၊ အိမ်မှာလဲ အရောင်းအဝယ် ကိစ္စတွေ၊ ညှိသည်တွေနဲ့ ပြန်တော့။ ဘုန်းကြီးတို့က ဒါ့ကြောင့် သင်္ဘောဆင်းမဲ့ရက်ကျမှ အသိပေးမယ်လို့။ နောက်ပြီး နဝကမ္မဝတ္ထု(ပိုက်ဆံ)လဲ ဘုန်းကြီးတို့မှာပြည့်စုံနေသားဘဲဟာ"

ဆရာတော်များက အားနာ၍ ထပ်ပြီး အမိန့်ရှိကြသည်။ ကျောင်းဒကာက–

"ဘယ်ဟုတ်မလဲဘုရား။ ဒီလို ဝေယျာဝစ္စ (အလုပ်) ဟာ ရခဲပါတိဘုရား။ အရှင်ဘုရားတို့ သင်္ဘောစရိတ်ကကော ဘယ်လောက်များလို့လဲ။ ဒကာကြီးမှာရှိနေတဲ့ ပစ္စည်းတွေဟာ အရှင်ဘုရားတို့ ကြိုက်သလို သာသနာအတွက် သုံးဘို့ ထပ်ခါထပ်ခါ လျှောက်ထားပြီးသားပါ။ ဒီလိုလှူရတာလဲ အင်မတန်ရခဲတဲ့ ကုသိုလ်ကြီးပါဘုရား။

## လှူလို့မကုန်၊ ပေးလို့မကုန်ဆိုတာ

"ဒီလိုလှူရလို့၊ အလှူခံလို့များ ဒကာကြီးမှာတာဝန်လေးသွားလိမ့်မယ်လို့နောက်လဲ ဘယ်တော့မှ မအောက်မေ့ကြပါနှင့်ဘုရား။ အားမနာကြပါနှင့်။ အားနာတာဟာ ဒကာကြီးကို ခြီးမြှောက်ရာ မရောက်ပါ။

"အခုဘဲ အိမ်က ကျောင်းအမကြီးက ပြောနေပါတယ်။ မနေ့ကမှ ဆရာတော်များအတွက် နဲနဲပါးပါး သုံးဘို့စွဲဘို့ ကိစ္စကလေး ပေါ်လာခါရှိသေး။ ငွေက ရောက်လာပြီလို့တောင် ပြောနေပါတယ်။ အရှင်ဘုရားတို့နဲ့တွေ့ပြီး မနေ့က ပြန်လာတဲ့နောက်တင်ဘဲ ဒကာကြီးမှာ ငွေခြောက်ထောင်အသားတင် ရပြီးပါပြီဘုရား။ ဒါဟာထုံးစံပါ။ ဒကာကြီးဆီက သာသနာအတွက် တကျပ်ယူပြီး သုံးစွဲပေးတာဟာ ဒကာကြီးကို ပိုက်ဆံတထောင်မကပေးတာနဲ့ အတူတူပါဘဲဘုရား"

ဆရာတော်နှစ်ပါးလည်း ထိုသို့ ကျောင်းဒကာက ပွင့်ပွင့်လင်းလင်းကြီးလျှောက်ထားခါမှ စေတနာ သဒ္ဓါတရားနှင့် ကံတရား၏ အကျိုးပေး

ဆန်းကြယ်ပုံကို လက်တွေ့သိမြင်ကာ သာသနာတော်အတွက် ပို၍အားတက်တော်မူကြရသော ဟူ၏။

မစိုးရိမ် ကျောင်းတိုက်ကြီးကား အသိဉာဏ် သဒ္ဒါတရားရှိသော ဦးကျော်အတွက် မကုန်ခန်းနိုင်သော ဘဏ္ဍာတိုက်ကြီးပင်တည်း။

ယင်းသို့ မကြာခဏ အစုလိုက် အပုံလိုက် အံ့သြလောက်အောင် ဝင်လာသော ငွေများနှင့်စပ်၍ ရုပ်လွန်သမားတို့က 'ယုံတမ်းစကား' ဟု သဘောမှတ်ကာ နာမ်လွန်သမားတို့ကမူ ဘယ်ပုဂ္ဂိုလ်ကြီးက မ,တာ စသည်ဖြင့် သန်းရာသန်းရာ စွဲယူမှားကြပေလိမ့်မည်။

ကံ-ကံ၏အကျိုး၊ ရတနာသုံးပါး၏ ကျေးဇူးသည် မိမိနှင့် ဆက်စပ်ရသူများကိုလည်း ကောင်းကျိုးချမ်းသာဖြစ်စေ၍ လူပေါင်းများစွာ စိတ်ကူးကြံဆကာ အချိန်ယူအကွက်ချ၍ စုပေါင်း လုပ်သည်ထက်ပင် အဆပေါင်းများစွာ သာလွန်တိကျ စေ့စပ်လှပေ၏။

## မစိုးရိမ်နားက မကြောင့်ကြတိုက်

ထိုကျောင်းဒကာကြီး ဦးသက်ရှည်ကို အားကျ၍ သူဌေးတဦးက မစိုးရိမ်ကျောင်းတိုက်အနီး 'မကြောင့်ကြတိုက်' အမည်တပ်ကာ ကျောင်းတိုက်ကြီးတတိုက် ဆောက်လှူခဲ့ဘူး၏။ ပိုက်ဆံများရှိပါလျက် အလယ်တိုက်ကြီးတလုံးမျှသာ ပြီးဆုံး၍ ကျောင်းရံများ၊ အခြားအသုံးအဆောင်များလည်း ပေါ်မလာတော့ပေ။

ဆောက်လှူလိုသော စေတနာ၊ အကုန်အကျခံနိုင်သော ငွေကြေးပြည့်စုံတိုင်းလည်း သာသနာပြုလုပ်ငန်းတခုသည် ပြီးဆုံးမှုသို့ မရောက်နိုင်ပါချေ။ ယခုအခါကဲ့သို့ တိုက်ပွဲ၊ ကားပြိုင်ခေတ်တွင်မူ အဘယ် ဆိုဘွယ်ရာရှိပါတော့မည်နည်း။

အကြောင်းကား ယုံကြည်မှုအင်အား၊ စိတ်ထားနှင့် စနစ်ကောင်းများ (တနည်းအားဖြင့်) ဖော်ပြ၍မရသော အဇ္ဈတ္တိက သာသနာခေါ် 'ကိုယ်ပိုင်အင်အား' ရတနာ သုံးပါး ကျေးဇူး ဂုဏ်သည် နောက်ပိုင်းက လျှို့ဝှက်စွာ ပံ့ပိုးထိန်းချုပ်ထားသောကြောင့် ဖြစ်၏။

ထိုငုပ်ကွယ်နေသော သော့ချက်ကို သိမထားပါက လုပ်ငန်းကြီးလေ၊ အားနည်းချက်ဝင်ကာ ခါးပြတ်ပြီး အပြီးမသတ်နိုင်လေ ဖြစ်ရ၏။

ထိုကိုယ်ပိုင်အင်အား ရတနာသုံးပါး ကျေးဇူးနှင့်စပ်၍ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ဦးမောင်မောင်အား–

"မောင်မောင်၊ မင်းလဲ မစိုးစိုမ်မှာနေခဲ့ဘူးလို့ အထိုက်အလျောက် သိသွားဘဲ။ ဒို့ကျောင်းဒကာကြီးဟာ သိန်းနှစ်ဆယ် သုံးဆယ် လှူနိုင်တာ သိန်းတရာနှစ်ရာရှိလို့ မဟုတ်ဘူးကွ။ သူ့မှာတသိန်းထက် ပိုမရှိနိုင်ဘူး။"

"တချိထဲနဲ့ ငွေကို သွန်ပြီး တနှစ်ထဲနှင့်လဲ အပြီးလုပ်နိုင်တာမဟုတ် ဘူးကွ။ အဲဒီငွေရင်း တသိန်းလောက်ကို ရောင်းရင်း ဝယ်ရင်း စားတဲ့ သောက်တဲ့ကြားကနေ ငါးနှစ် ဆယ်နှစ် နှစ်ရှည်စီမံလျာထားပြီး လုပ်သွား ရတာ။

"အဲ....တခုတော့ရှိတယ်။ ငါ အခု ရောင်းဝယ် လုပ်ကိုင်နေတာ သာသနာအတွက်။ငါ့အသက်ရှင်နေတာ သာသနာအတွက်။ဒီလိုစိတ်ထားပြီး လုပ်တာ။ ဘုရားရှင်ရဲ့ သာသနာဟာအလွန်တန်ခိုးကြီးတယ်ကွ။ သာသနာ ကို ဦးတိုက်ပြီး လုပ်တဲ့အလုပ်ဟာ ဘယ်မှာ မကြီးပွားဘဲ နေပါ့မလဲ ဒီလိုဘဲ လုပ်ရင်းနဲ့သိ၊ သိတော့တိုးလုပ်။

"ရောင်းတဲ့ဝယ်တဲ့နေရာမှာလဲ ကိုယ်ချင်းစာတရား၊ ငါးပါးသီလ၊ ဂုဏ်တော်ပွားလို့၊ ပရိတ်ရွတ်လို့။ ဒီဘော့ လက်ဘက်ချင်း တူတောင် ကျောင်းဒကာလက်ဘက်မှဆိုပြီး ရောင်းလို့လက်မလယ်ဘူးကွ။ သူ့ပစ္စည်း တွေဟာရန်သူမျိုးငါးပါးကြောင့် ဘယ်တုန်းကမှပျက်စီးရတယ်မရှိခဲ့ဘူးဘူး။

## ရတနာသုံးပါး ကျေးဇူး

"မင်း ရတယ်မဟုတ်လား–

"ဗုဒ္ဓါနံ ဥဒ္ဒိဿ အဘိဟဋ္ဌာနံ စတုန္နံ ပစ္စယာနံ နသက္ကာ ကေနစိ အန္တရာယောကာတုံ=ဘုရားရှင်ကို ဦးတိုက် ရည်ညွှန်းပြီး ယူဆောင် သိမ်းဆည်းထားတဲ့ ပစ္စည်းကို ဘယ်လို ရန်သူမျိုးကမှ မဖျက်ဆီးနိုင်ဘူး၊ အန္တရာယ်မပြုနိုင်ဘူး မဟုတ်လား"

"တသာသနာလုံးကို ရည်ညွှန်းရင် ပိုပြီး အန္တရာယ် ကင်းတယ်။ သာသနာကို ဦးတိုက်ပြီး လုပ်ရတာ သာသနာတော်ရဲ့ တန်ခိုးတွေ၊ အကျိုး တွေသိကြရင် အလွန်ပျော်စရာကောင်းတယ်။ အသက်ရှည်တယ်။ ကျန်းမာ တယ်ကွ။"

---

15.ဒုတိယအကြိမ်

လက်တွေ့မှန်ကန်သော ဖြစ်ရပ်ကို လေးစားအပ်သော ဆရာတော်ဘုရားကြီးထံမှ ကြားသိရပြီးလျှင် အခြေခံစိတ်ဓာတ်လည်း ခိုင်မာသော ဦးမောင်မောင်လို ပုဂ္ဂိုလ်အတွက် သာသနာပြု ကိစ္စ၌ အဘယ်မှာလျှင် မပြတ်သား မရဲရင့်ဘဲ ရှိပါလေ့မည်နည်း။

## ပေးပါ—ပြန်ရမည်

## သို့သော် ပြန်ရလိုသော စိတ်နှင့် မပေးရ

မစိုးရိမ် ကျောင်းတကာကြီးနှင့် စပ်၍ ဆရာတော်ဘုရားကြီး အမိန့်ရှိပုံကို ဦးမောင်မောင် နာကြားရသကဲ့သို့ တချိန်က ကျွန်ုပ်တို့အား အမိန့်ရှိခဲ့ဘူးသည်ကိုလည်း သတိရမိပေသည်။

မစိုးရိမ်ကျောင်းတိုက်ကြီး တည်ပြီးခါစ မန္တလေးမြို့၌ ချမ်းသာကြွယ်ဝသော အမျိုးသမီးကြီးတဦးက မစိုးရိမ်ကျောင်းတိုက်ကြီးကိုကြည်ညိုအားကျကာ အခြားကျောင်းတိုက်တခု၌ တသိန်းကျော်တန် အလယ်တိုက်မကြီးတလုံး တည်ရန် စေတနာဆန္ဒ ပြင်းပြလျက်ရှိ၏။

ထိုအမျိုးသမီးကြီးသည် ငွေရှိသော်လည်း လုပ်ငန်း မကျွမ်းကျင်မှုကြောင့် ရိုးသားမှုနှင့် အတွေ့အကြုံရှိသူ မစိုးရိမ် ကျောင်းဒကာကြီးအား ငွေတသိန်းအပ်နှ၍ အလယ်တိုက်မကြီးတလုံး စီမံပေးရန် ပြောဘူး၏။

ထိုအခါကျောင်းဒကာကြီးက—

"ကျွန်တော့်ဆီမှာ ဒီငွေတသိန်းလဲအပ်မထားပါနှင့်။ ဒီနေ့ကစပြီး ဒီငွေတသိန်းကိုဘဲ အရင်း အနှီး လုပ်ပြီး ရောင်းမဲ့ ရောင်းပါ–ဝယ်ပါ။ ဒီကြားထဲ ကျွန်တော် လိုသလောက်ဘဲ သဲဖိုး၊ အုတ်ဖိုး၊ နံနဲချင်းလာယူပါ့မယ်။ လာယူတဲ့အခါမှာ ငါးရာ၊ တထောင်လောက် ရှိနေ ပြီးတာပါဘဲ။ များများမလိုသေးပါဘူး" ဟု ပြောဆိုကာ ငွေတသိန်းကို ပြန်ပေးလိုက်၏။

ရောင်းဝယ် လုပ်ကိုင်သောအခါ ထိုနေ့မှစ၍ ကိုယ်ကျင့်သီလမှအစ ရတနာသုံးပါး ဦးထိပ်ထားပြီးလုပ်ရန် ကျောင်းဒကာကြီး၏ အတွေ့အကြုံများကို အထူးမှာကြားလိုက်၏။

ထို အမျိုးသမီးကြီးမှာလည်း ကျောင်းဒကာကြီးကဲ့သို့ 'ကိုယ်ပိုင်အင်အား'များကို အသုံးပြု၍ ရောင်းရင်း ဝယ်ရင်း၊စားရင်းသောက်ရင်းနှင့်

တနှစ်ကျော် နှစ်နှစ်အတွင်း 'ဟသိန်းကျော်တန် ကျောင်းအမကြီးတဦး' ဖြစ်၍လာပေတော့သည်။

ထိုတိုက်ကြီးကား မန္တလေးမြို့ အနောက်ပြင်ရှိ စကုတိုက် အလယ်တိုက်မကြီးပင်တည်း။

ဤတွင် ဆက်၍ပြောရန် စကားတခွန်း ကျန်ရှိပါ သေးသည်။ ယင်းကား အခြား မဟုတ်။

ထို စကုအလယ် တိုက်မကြီး ရေစက်ချပွဲ ပြီးဆုံးသွားသော အခါ ကျောင်းအမကြီး လက်ထဲ၌ မူလကရှိသော မဟည်ငွေတသိန်းမှာ တပြားမျှ လျော့မသွားဘဲ ငွေတသိန်း တသိန်းအတိုင်း ကျန်ရှိနေခြင်း ပေတည်း။ ရေနေ တတောင် ရှိသောတွင်းမှ ရေကို ခပ်သုံး သော်လည်း မကြာမီ တတောင် ပြည့်အောင် ရေထွက်မြဲဖြစ်၏၊ ကုန်မှာစိုး၍ မခပ်လျှင်လည်း တတောင်သာရှိ၏။

## လောကမာယာနှင့် ကိုယ်ပိုင်အင်အား

ရတနာသုံးပါး ကျေးဇူးသိ၍ အဇ္ဈတ္တိက သာသနာခေါ် 'ကိုယ်ပိုင်အင်အား' ရှိထားသူတို့သည် နတ်သိကြား မ, သည်ထက်ပင် ချမ်းသာ ကြွယ်ဝ လိုတိုင်း ရ၍ မကြောင့်မကြပင် သာသနာပြုနိုင်ကြလေသည်။

တိုက်ပြိုင် ကားပြိုင်မိဘတို့မှ မွေးဘွားသည့် တိုးတက်သည်ဆိုသော နှောင်း ခေတ်လူငယ်တို့ကား ထိုကျောင်းဒကာမျိုးကို မကြားဘူးရှာကြ။ ထိုကျောင်းတိုက်ကြီးမျိုးကို သွားရောက်လေ့လာ ကြည့်ရှုရကောင်းမှန်း လည်းမသိ။ ယင်းသို့ဆိုသော် ရတနာသုံးပါးနှင့်စပ်၍ ရှေ့သို့ ဆက်လက် သိမြင်ရန် အလှမ်းပို၍ ကွာခဲ့ကြရရှာ၏။

ထိုကျောင်းတိုက်ကြီးမျိုးကို ဦးစီးချုပ်ကိုင်သည့် ဆရာတော်များ အကြောင်း၊ ရဟန်းတော်များသည် လူသားတိုင်းအတွက် ကိုယ်စိတ်ငြိမ်းချမ်း မှုကို မည်မျှလောက် ဦးဆောင် ပေးစွမ်းနိုင်ကြကြောင်း၊ ရတနာသုံးပါး ကျေးဇူး။

နှောင်းလူတို့ကား ဘဝခြားကြရှာလေပြီ။

ယင်းသို့ သာသနာတော်ကို အခြေခံကျကျ တည်ဆောက်ထားသော ပင်မအင်အားများနှင့် အလှမ်းကွာနေခဲ့ရသူများအတွက် ဗေဒင်ဘုန်းကြီး,

ဆေးဘုန်းကြီး, ဝိဇ္ဇာဘုန်းကြီးမျိုးကိုသာ အလုအယက်ချဉ်းကပ် အားကိုးနေကြရသည်မှာ မဆန်းတော့ချေ။ ထိုလူမျိုးအတွက် အားကိုးရာသည် ထိုဟာမျိုးသာလျှင် ဖြစ်ပေ၏။

ထိုသို့သော ခေတ်လူများအတွက်—

"ပိုက်ဆံရှိရင် ဘာမဆို လုပ်နိုင်၊ လှူနိုင်သည်။ ရှိလို့ လှူနေကြတာဘဲ"

ဟူသော အတွေးအထင်များနှင့်၊

"ပေးလှူရင် ကုန်ဆုံး၍ ကျင့်ကြံရင် ပင်ပန်းရုံပါဘဲ"

ဟူသော ခံယူချက်များကို ရှင်းလင်း ပြောပြပေးရန်မှာ ကွင်းဆက်တွေ အများကြီး ကျော်လွန်နေလေပြီ။

ကိုယ်ပိုင်အင်အား၏ သတ္တိနှင့် ရတနာသုံးပါးကျေးဇူးကို 'သြကာသ' အစက ပြန်၍ ကောက်ကြရန် တိုက်တွန်းဘို့သာ ရှိတော့သည်။

## ကိုယ်ပိုင်ဉာဏ် ကိုယ်ခံအင်အား

ဆရာကောင်း သမားကောင်း၊ ရဟန်းကောင်းများကို ဆည်းကပ်ရ၍ ကြီးမားသော သာသနာ့ တာဝန်ကို ထမ်းဆောင်နေသူများ၌ ဘာသာရေး မှိုင်းမိကာ မသေချာသော အနာဂတ် စိတ်ကူးယဉ် ရည်မှန်းချက်ကြီးများကို ရင်ဝယ်ပိုက်၍ ယခုကဲ့သို့ အင်တိုက်အားတိုက် လုပ်နေကြခြင်းမဟုတ်။ ကိုယ်ပိုင်ဉာဏ် ကင်းမဲ့ကာ သဒ္ဓါလွန်၍ ယုံလွယ်သူများလည်း မဟုတ်။

သူတို့၌ တစတစ သိမြင်လာသော လက်တွေ့များ ရှိကြ၏။ လှူရင်း လှူရင်း၊ ကျင့်ရင်း ကျင့်ရင်းက သာသနာ၌ အသက်ကိုပင် စွန့်ကာ အလျော်အစား လုပ်ရဲလာကြသည်။

ကိုယ်ခံအင်အားကြောင့် တပ်ကူ အင်အားကောင်းများ ကိန်းဝင်လာကာ "သာသနာအတွက် ဘာဘဲ လုပ်ရလုပ်ရ၊ အသက်ပင် သေပစေ" ဟူသော စွန့်လွှတ်နိုင်စိတ်၊ စွန့်စားစိတ်များ အလိုလို ဝင်လာကြမြဲပင် ဖြစ်သည်။

ကိုယ်တိုင်ရပ်၍ စစ်ဆေးကြည့်တိုင်း အရှုံးမရှိ။ အမြတ်တွေကိုသာ နေ့စဉ် စာရင်း၌ ပြနေ၏။ အမြဲဘမ်း စိတ်ချမ်းသာနေခြင်း၊ အတက်အကျ အနိမ့်အမြင့် ခံနိုင်ရည် တိုးလာခြင်း၊ အသိဉာဏ်တိုးလာခြင်း၊ တဖက်က

လောကီ ငွေကြေး စီးပွားရေးများလည်း အံ့ဩလောက်အောင် တိုးပွား လာခြင်း။

ထိုအဖြေကိုချည်း နေ့စဉ် လက်တွေ့သိမြင်လာသူ၌ အဘယ်မှာလျှင် မစွန့်စားရဲဘဲ ရှိပါလေမည်နည်း။

ဤသို့ ထူးထူးခြားခြား ကြီးပွားတိုးတက်လာမှုနှင့် စပ်၍ လူများစု ကမူ "သူ့မှာ ရှေးက ဒါနမျိုးစေ့ အောင်ပေတာကိုး" ဟူ၍၎င်း၊ "ပါရမီ ရှိလို့" ဟူ၍၎င်း၊ အချို့ကလည်း ကိုယ်ပိုင်စွမ်းအားကို မသိ မမြင်နိုင်ကြသဖြင့် ဗုဒ္ဓဝါဒ၏ အခြေခံ ကံ-ကံ၏ အကျိုးကိုပင် ဖျက်ချိုးကာ "သူချမ်းသာတာ နတ်မလို့၊ ဝိဇ္ဇာမလို့" ဟူ၍၎င်း အမျိုးမျိုး ထင်မြင်ချက်ပေးကြကုန်၏။

အနောက်တိုင်း စိတ်ပညာဆရာတို့ကမူ 'အော်တိုဆပ်ဂျက်ရှင်း' (အလိုလို ကိုယ့်ဘာသာ အမိန့်ပေး အကြံထုတ်သည့်)အတိုင်း 'အန်ကွန်းရှပ်စ် မိုင်း' (အတွင်းစိတ်)က လက်ခံအတည်ပြုကာ အကောင်အထည် ဖော်ပေး ခြင်းဟုသာ နားလည်ကြကုန်၏။

မြန်မာစိတ်ပညာ ဆရာတို့ကလည်း 'ဆန္ဒာဓိပတိ တန်ခိုး'ဟု သာ သဘောပေါက်နေကြ၏။ ထို့ထက်မမြင်။ 'ကိုယ်ပိုင်အင်အား'ကို စုဆောင်း ထားခြင်း မရှိလျှင် ထို့ထက်မြင်ရန်လည်း အကြောင်းမရှိ။

## စိတ်ပညာနှင့် ဗုဒ္ဓလမ်းစဉ်

အထိုက်အလျောက် လက်တွေ့ပေါင်းများစွာ ရှိနေကြသော ထိုစိတ်ပညာ ဆရာတို့က –

"လူသားသည် တန်ခိုးရှင်ကြီးဖြစ်၏။ ဘာမဆို လုပ်တိုင်းဖြစ်သည်။ ဥစ္စာပစ္စည်းကိုလည်း အကန့်အသတ်မရှိ။ လိုသလောက်ရသည်" ဟု လက်ခံ ယုံကြည်ကြ၏။

"လုပ်နိုင်မှ စားရသည်"၌ ရပ်နေသော ရုပ်ဝါဒီတို့ထက်ကား များ စွာ သာလွန်ပါ၏။

သို့ရာတွင် ဗုဒ္ဓလမ်းစဉ်အရ–

"ကိုယ်ပိုင်အင်အားရှိသော လူမှန်သမျှ လုပ်တာထက်
ပို၍ ဖြစ်၏။ လိုတာထက် ပို၍ ရသည်"

ဆိုသော သဘောကိုမူ မရရှိကြသေး။

သီလ၏အင်အားသည် မည်မျှ ကြီးမား၍ ကိုယ်ချင်းစာ (မေတ္တာ, သမာဓိ) စိတ်ဓာတ်တန်ခိုးသည် အနန္တပတ်ဝန်းကျင်တခုလုံး ရိုက်ခတ်လွှမ်းဖုံးကာ မည်မျှလောက် ဆွဲဆောင်စည်းရုံးနိုင်အားရှိလျက်၊ ပညာ၏စွမ်းအင်ဖြင့် မည်သို့ပဲ့ကိုင် ထိန်းချုပ်ပေးနိုင်သည်ကို လေ့လာသင့်ကြ၏။ သီလ, သမာဓိ, ပညာ အစိန္တေယျတရားတော်ပါပေ။

ဇေတဝန်ကျောင်းဒကာ အနာထပိဏ် သူဌေးကြီးပင် အလှူရဲ၍ ဘဏ္ဍာကျိကြမ်များ တက်တက်ပြောင်အောင် မွဲသွားကာ ကုန်းကောက်စရာမရှိသော ဘဝသို့ရောက်အောင် နှောက်ယှက်တတ်သော အမွေဓာတ်၏ သဘောနှင့် ဖြူစင်မြတ်၍ မလျှော့သော စိတ်ဓာတ်ကြောင့် ယပ်ကူအင်အားကောင်းများ ဝင်လာကာ အတိုင်းမသိ ကြီးပွားချမ်းသာလာရပုံ (ကေနိပါတ်၊ ခဒိရင်္ဂါရဇာတ်) စသော ငုပ်ကွယ်နေသည့် 'လောကမာယာ' ကိုလည်း အတွင်းနှိုက်၍ သိနိုင်ရန် 'ကိုယ်ပိုင်အင်အား' မရှိ၍ မဖြစ်ပါချေ။

ထို့ကြောင့် သိန်းပေါင်းများစွာ ချမ်းသာကြွယ်ဝပါလျက် ကျောင်းတိုက် အပြီးမသတ်နိုင်ဘဲ ရပ်တန့်လိုက်ရခြင်း၊ ငွေတသိန်းမျှဖြင့် ရောင်းရင်းဝယ်ရင်း၊ စားရင်း သောက်ရင်းနှင့် သိန်းနှစ်ဆယ်သုံးဆယ်ကုန် ကျောင်းအလှူ သာသနာပြုလုပ်ငန်းများကို လုပ်နိုင်ခြင်းဟူသော 'မဖြစ်နိုင်ဟု ထင်ရသော ဖြစ်ရပ်များ' ဤလောက၌ ရှိခဲ့ကြကုန်၏။ ရှိနေကြကုန်၏။

ခလုတ်မဖွင့်ဘဲ လင်းစေနိုင်သော 'အညာ'ကို သိရန် လိုပေသည်။
နိဂုံးချုပ်ကြစို့။

ပြဆိုခဲ့သည့်အတိုင်း ကျေးဇူးရှင် မစိုးရိမ်ဆရာတော် ဘုရားကြီး၏ ညွှန်ကြား ဆုံးမချက်အရ မစိုးရိမ်ကျောင်းဒကာကြီး ဦးသက်ရှည်နှင့် သားဦးကျော်တို့၏ သာသနာပြုစိတ်ဓာတ်နှင့် လုပ်ထုံးကို ဦးမောင်မောင်သည် အနီးကပ် လက်ကျ ရရှိသူ ဖြစ်၏။

## လမ်းပေါ်က လူတယောက် ဘဝမှ

သူသည် သာမန်လမ်းပေါ်က လူတယောက် ဘဝမှ သိန်းတရာကုန်သာသနာပြုရန် အားသန်နေခဲ့သူဖြစ်၏။ လုပ်နိုင်မည်ဟု ယုံကြည်သူလည်း ဖြစ်သည်။ လုပ်သလောက်လည်း လုပ်ပြခဲ့လေပြီ။

သိန်းသုံးဆယ်ကျော်တန် ကျောက်စာဓမ္မစေတီ၊ နိကာယ်စာသင်တိုက်ကြီး၊ နိကာယ်သာသနာတော် ထွန်းကားရေးအသင်းတို့ကို ဆရာတော်ဘုရားကြီး၏ ဩဝါဒ၊ ဓမ္မမိတ်ဆွေတို့၏ အကူအညီဖြင့် စတင်အကောင်အထည်ဖော်ခဲ့၏။

ကာလတန်ကြေးအရ သူ၏ အရပ်ရပ် ပြုလုပ်ပြီး ကောင်းမှုများမှာလည်း ခန့်မှန်းခြေ သိန်းလေးဆယ်ခန့် ရှိပေမည်။ သို့ရာတွင် အမြဲတမ်း သူ့လက်ထဲ၌ သောင်းဂဏန်းထက်ပို၍ ငွေသားရှိသူ မဟုတ်ပါချေ။ ရှိသော မရှိသော မသိ၊ သူက ငွေလိုတိုင်းတောင်းရာ ကျောင်းအမကြီး ဒေါ်ငြိမ်းငြိမ်းမှာ ပထမတွင် စိတ်ညစ်ခဲ့ရသည်။

ဦးမောင်မောင်အလိုရှိသော ရက်ပိုင်းအတွင်း၌ပင် (အလွန် ထူးခြားလှသည်ဟုမဆိုသာသော)သူ့ဆေးများမှ ထောင်နှင့်သောင်းနှင့် ချီ၍ငွေများ ရလာတတ်၏။

ထိုသဘောမျိုးကို တစတစ သိမြင်လာကြသောအခါ သာသနာအတွက် ပေးလှူရမည့် ဟာကွက်ကိုသာ ငံ့လျက် နေမိခဲ့ကြ၏။ ပရိတ်ရွတ်ရင်း၊ တပျော်ထိုင်ရင်း၊ ဈေးရင်းဝယ်ရင်း၊ စားရင်း သောက်ရင်းနှင့် သာသနာပြု၍ မတင်းတိမ်ခဲ့ကြ။

ဦးမောင်မောင်သည် ထိုသာသနာပြုလုပ်ငန်း လုပ်လက်စများကို လက်လွှတ်ရကာ ၁၃၃၇–ခုနှစ်၊ သီတင်းကျွတ်လ၊ အသက် ၆၇–နှစ်အရတွင် ကွယ်လွန်ခဲ့ရရှာ၏။

"ကျွန်တော် ဒီနည်းကိုရတာ နဲနဲနောက်ကျသွားသဗျာ။ ခပ်ငယ်ငယ်ကသာ ရလိုက်ရင် သာသနာပြုရတာ ဘယ်လောက် ပျော်စရာကောင်းလိုက်မလဲ"ဟု ညည်းတွားခဲ့ရရှာသည်။

ကျေးဇူးရှင် 'အဘိဓဇ မဟာရဋ္ဌဂုရု' သာသနာ့ကျက်သရေ၊ နိုင်ငံ့ကျက်သရေဆောင် ဆရာတော်ဘုရားကြီးလည်း ထိုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂–ရက်နေ့၌ ဆရာဒကာ ရက်ပိုင်းမျှသာ ခြားကွာ၍ ပျံလွန်တော်မူခဲ့ရသည်။

ဤနေရာ၌ စကားချပ်၍ ဈာပနပွဲအကြောင်း အနည်းငယ် ပြောရန် ရှိပါသေး၏။

ဆရာတော်ဘုရားကြီးကား တတိုင်းပြည်လုံး၏ ဦးခိုက်ရာ ၊တသာသနာလုံး၏ အဓိပတိ ဖြစ်တော်မူသည့်အလျောက် မန္တလေးရန်ကုန် နှစ်ဌာနခွဲ၍

16. ဒုတိယအကြိမ်

ပို့ဇော်ကြရာ သုံးသိန်းခန့် ကုန်ကျ၏။ ခမ်းနား ကြီးကျယ်လှပါပေ၏ဟု ချီးပ ပြောဆိုကြသည်။

သို့ရာတွင် သာသနတန်ဘိုး၊ ဘုန်းကြီးတန်ဘိုးကိုသိ၍ စိတ်သွားတိုင်း ကိုယ်ပါသော ရှေးခေတ် မန္တလေးသားတို့၏ သဒ္ဓါစိတ်နှင့် နှိုင်းစာသော် ထိုစျာပနပွဲသည် ဘာမျှ ပြောပလောက်သည် မဟုတ်ပါချေ။

ဗြိတိသျှခေတ်က ဒီပဲရင်း ဆရာတော်ဘုရားကြီး ပျံလွန်တော်မူရာ မစိုးရိမ်ကျောင်းတိုက်အနီးရှိ ကျောင်းဒကာကြီး ဦးသိန်း တဦးတည်းကပင် အိမ်ရှိသမျှ လက်ဝတ်လက်စားရွှေများကို အရည်ကျို၍ ဘုန်းကြီးပျံခေါင်း ပတ်ပတ်လည်၌ ရွှေရုပ်လုံးထုပြီး ပူဇော်သည်မှာ ရွှေကျပ် သုံးထောင်၊ ရွှေ အချိန် ပိဿာသုံးဆယ်ကုန်၏။

ယခုခေတ် တန်ဘိုးအားဖြင့် ၄၅=သိန်းကျော် ကုန်ကျ လေသည်။ အခြား လှူဘွယ်တန်းရံများ မပါသေး။

ရတနာသုံးပါး၏ ကျေးဇူးသိပုံနှင့် သာသနာအတွက် စွန့်စား ရဲပုံကို သိသာရုံ ပြညွှန်းရလေသည်။

## သိသူနှင့် မသိသူ

သိသူတို့သည်သာ သိသည့်အတိုင်း လုပ်နိုင်၍ မသိသူတို့သည်ကား မသိသည့် အလျောက်အပြစ်ဆိုကာ ဆင်းရဲမွဲတေကြရရှာ၏။

ထိုဆရာဒကာ ပြုံးချခဲ့သော 'နိကာယ်သာသနာတော်ထွန်းကားရေး စာမေးပွဲကြီး' 'နိကာယ် စာသင်တိုက်ကြီး' နှင့် 'ကျောက်စာ ဓမ္မစေတီ' စသော သာသနာပြုလုပ်ငန်း အရပ်ရပ်တို့မှာ ဆက်လက်၍ပင် လည်ပတ် ရွေ့ရှားလျက်ရှိပေ၏။

ထိုဆရာဒကာတို့ညွှန်ပြပေးခဲ့သော 'ကိုယ်တွေ့သာသနာပြု စိတ်ဓာတ် နှင့်ကိုယ်ပိုင်အင်အား' နည်းလမ်းကောင်း သင်ခန်းစာများမှာမူကား အဘယ် နံရောကာလမှ ဆိတ်သုဉ်းပျောက်ကွယ်၍ သွားကြမည် မဟုတ်ပါချေ။

## လူသားတို့ ထွက်ရပ်လမ်း

အိမ်ရာတည်တောင် လှူ့ဘောင်၌ ကျဉ်းမြောင်းကျပ်တည်းစွာ
နေကြရရှာသော လူတို့အတွက် နိဗ္ဗာန်ရကြောင်း အခွင့်ကောင်းကြီး
ကိုလည်း မြတ်စွာဘုရားရှင် သိမြင်တော်မူပါသည်။
ယင်းကား အနုံဿတိ ခြောက်ပါးပင်တည်း။

(အင်္ဂုတ္တရ မဟာနာမသုတ်)

# ဗုဒ္ဓါနုဿတိ ဒေါ်မင်းဒွေး

## တနေ့တာလုပ်ငန်း

ယောဂီသခင် အရှင်မြတ်တို့ထံမှ တဆင့်စကား ကြားလိုက်ရဘူးသည်ကား အမရပူရမြို့ အရှေ့တောင်ထောင့် ကျုံးထိပ် တံခွန်တိုင် အရပ်၌ အမည် 'ဒေါ်မင်းဒွေး'ဟုခေါ်ဝေါ်ကြသော ဥပါသိကာ မိန်းမကြီးတယောက်ရှိ၏။

ထိုဥပါသိကာ မိန်းမကြီးသည် နံနက်အိပ်ရာထလျှင် ဒန်ပူမျက်နှာ သစ်တော်ရေ ကပ်လှူ၍ ဘုရားပုထိုး ရှိခိုးခြင်း၊သီလကို ခံယူဆောက်တည်ခြင်း၊မေတ္တာပို့ခြင်း၊ ရရသမျှသော ကမ္မဋ္ဌာန်းစာပေတို့ကိုရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ အရုဏ်လာရောက် မိုးလင်းသောက်လျှင်လည်း ဆွမ်းသင်ပုတ်သောက်တော်ရေ၊ ပန်းပေါက်ပေါက်နှင့် တကွ ဘောဇဉ် ခဲဘွယ်တို့ကို လှူဒါန်းပူဇော်ခြင်း၊ သံဃာတော်အရှင်မြတ်တို့အားလည်း ဆွမ်းဘောဇဉ် ချို့ချဉ်သစ်သီးနှင့်တကွ တတ်စွမ်းနိုင်သမျှ လှူဒါန်းပူဇော်ခြင်း။

နေ့အခါ၌လည်း နေ့အလျောက် ကုသိုလ်တရား ဖြစ်ပွားအောင်သာ ကြံဖန်လျက် လုံ့လ ကြိုးကုတ် အားထုတ်ခြင်း၊ ညချမ်း အခါ၌လည်း သောက်တော်ရေ၊ ချိုးတော်ရေ၊ ပန်း၊ နံ့သာ၊ဆီမီး၊ ထီး၊တံခွန်၊ကြက်လျှာ၊ ကုက္ကား၊ မလေးပွားတို့ဖြင့် လှူဒါန်းပူဇော်ခြင်း၊ ဘုရား၊ ပုထိုး ရှိခိုးခြင်း၊ သီလခံယူဆောက်တည်ခြင်း၊ မေတ္တာပို့ခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာ၊ စာပေ ကျမ်းဂန်တို့ကို ရရှိသမျှ ရွတ်အံသရဇ္ဈာယ်ခြင်း စသော ကုသိုလ် ကောင်းမှုတို့ကိုသာ လုံ့လဝီရိယ ဥဿာဟဖြင့် နေ့ညကို လွန်စေလျက် လပေါင်း နှစ်ပေါင်းများစွာ ကုန်စေ လွန်စေသဖြင့် ရတနာသုံးပါးကိစ္စနှင့်သာ နေ့ည ကိုကုန်စေသတည်း။

## တွန်းချ၊ မြှောက်ချ၊ ကံနှစ်ဝ

ဤသို့လျှင်လပေါင်းနှစ်ပေါင်းများစွာ ရတနာသုံးပါးကိစ္စနှင့်သာ နေ့ညကို ကုန်စေသည်ရှိသော် တနေ့သ၌ ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ် အရွယ်ရှိ ကုလားမငယ်အသွင်ကဲ့သို့ မိန်းမငယ်တယောက်သည် ၎င်း ဒေါ်မင်းဒွေး အိမ်သို့လာရောက်သဖြင့်—

"မိခင်ရှင့်၊ကျွန်မ မိခင်အိမ်၌ ခေတ္တခဏ အခိုက်အတံ့တည်းနေပါရစေ"ဟု အခွင့်ပန်လေလျှင်—

"တည်းနေပါတော့"ဟုအခွင့်ရသဖြင့် တည်းနေရလေ၏။ တရက်နှစ်ရက်လွန်လျှင်—

"မိခင်၊ အဘယ်အမှုကိုပြုပါသတုံး"ဟုမိန်းမငယ်ကမေးလေသော်—

"ချစ်သမီး၊ ရတနာသုံးပါးကိစ္စကို ကုသိုလ် ရအောင်ပြုရသည်" ဟု ဆိုလေလျှင်—

"မိခင်၊မိခင်မှာ ကုသိုလ်ကိုတယ်၍လိုချင်သကိုးရှင့်"ဟု ပြုံးချိုသော မျက်နှာနှင့် မိန်းမငယ်ကပြောလေသော် ဒေါ်မင်းဒွေး၏နား၌ မိန်းမငယ်၏စကားသည် လှံသွားဖြင့် ရှသကဲ့သို့ အလွန်ပင် အကြားခက်လေ၏။

"ချစ်သမီး၊ ဘယ့်နှယ်စကားကို ချစ်သမီးပြောပါသလဲ။ရဟန်း၊ရှင်၊လူ၊မိန်းမ၊ ယောကျ်ား လူအများတို့သည် ဤကုသိုလ်တရားကိုပင်ကိုးကွယ်ရာမှတ်ထင်၍ အားထုတ် ပြုလုပ်ကြပါသည်။အဘယ့်ကြောင့် ချစ်သမီးသည် ကုသိုလ်တရားကို ကဲ့ရဲ့ပြစ်တင် ပြောဆိုပါသနည်း"ဟု ဆိုလေသော်—

"မိခင်၊'နမက္ကာရ'ဘုရားရှိခိုးစာ၌'ကုသလံ.ကုသလံ ဇဟံ'ဟု ပါရှိပါသည်မဟုတ်လော။ ကုသိုလ်,အကုသိုလ်ကိုစွန့်၍ ကုသိုလ်,အကုသိုလ်ကန့်မှ နိဗ္ဗာန်ချမ်းသာကို ရပါမည်။ ထိုထိုဘုံဘဝဝယ် အကျိုးပေး တတ်သော ကုသိုလ်,အကုသိုလ်မကုန်ဘဲ ထိုကုသိုလ်,အကုသိုလ်၏ အကျိုးကိုသာ ခံစားနေကြပါလျှင် အဖန်ဖန် ပဋိသန္ဓေနေခြင်းမကင်း၊ အိုခြင်း မကင်း၊ နာခြင်းမကင်း၊ သေခြင်းမကင်း၍ သံသရာဝဋ်ဆင်းရဲကို လွန်မင်း တာရှည်စွာ ခံနေ ကြရပါသည် မိခင်။ ကျွန်မပြောသော စကား၌ သတိတရားကို ကောင်းကောင်းကြီးထား၍ ကြပ်ကြပ်ကြီး စဉ်းစားပါလေ။

"အကုသိုလ်မကောင်းမှုတရားသည် တွန်း၍ချသည်နှင့် တူပါသည်။ ထိုထိုဝဋ္ဋနိဿိတ ကောင်းမှု ကုသိုလ်တရားသည်ကား မြှောက်၍ချသည်နှင့် တူပါသည်။ တွန်း၍ချသည်ထက် မြှောက်၍ချသည်ကားသာ၍ပင် နာတတ်ပါသည်။ ကုသိုလ်အကျိုးပေး၍ အစိုးရမင်းဖြစ်သည်ကား မြှောက်သည်နှင့် တူပါသည်။အစိုးရမင်းဖြစ်၍ ဒေါသဖြစ်သည့်အခါ လောဘ, တဏှာ,ရာဂ ဖြစ်သည့်အခါ စိတ်ထင်ရာ,စိတ်ထင်တိုင်း ပြုလိုရာပြုကြသည်မှာ မြှောက်၍

ချလိုက်သည်နှင့် တူပါသည်။ သို့ဖြစ်၍ အကုသိုလ်လည်း မကောင်းပါ။ ထိုထိုဝဋ္ဋနိဿိတ ကုသိုလ်မျိုးလည်း ကောင်းသည်မဟုတ်ပါမိခင်''ဟု မိန်းမငယ်က ပြောဆိုမှ သတိရ၍–

''ဤမိန်းမကလေးသည် ရဟန်း၊ ရှင်၊ လူ၊ သူသူငါငါ လူတော်တကာတို့မပြောဆိုနိုင်သော တရားစကားကို ပြောဆိုပေသည်။ ငါသည်လည်း ရဟန်းတော်၊ ဆရာတော်၊ သံဃာတော် ပညာရှိ၊ လူပုဂ္ဂိုလ် ပညာရှိတို့နှင့် နှီးနှောဆွေးနွေး၊ မေးမြန်းပြောလျက်ပင် နေပါသော်လည်း ဤမိန်းမကလေးကဲ့သို့ ဆန်းကြယ်သော တရားစကားကို ကြားရဘူးသည် မရှိ''ဟု နှလုံးသွင်း၍ စိတ်ဖြင့်နှစ်သက်၊ စုံမက်ချစ်ခင်လျက်သာ နေလေ၏။

## သက်ရှိဘုရား ဖူးရအောင်

ဤသို့ နေပြီးသည်မှ နောက်လေးရက်၊ ငါးရက်ရောက်သည့်အခါ သူငယ်မက–

''မိခင်၊ မိခင်သည် သက်တော်ထင်ရှား ဘုရားသခင် ကိုယ်တော်မြတ်ကို ဖူးတွေ့ချင်ပါသလော''ဟု မေးသောအခါ ဒေါ်မင်းဒွေးသည် ''ရွှေအိုး ငွေအိုးကို ငါပေးမည်''ဟု ဆိုသောစကားကို ကြားရဘိသကဲ့သို့ အလွန်ဝမ်းမြောက်ဝမ်းသာသော စိတ်ဖြစ်သဖြင့်–

''ချစ်သမီးငယ်၊ သက်တော်ထင်ရှား ဘုရားသခင်ကိုယ်တော်မြတ်ကို ဖူးမြင်လိုလျှင် ဘယ်နှယ်ပြုမှ ဖူးရမည်နည်း''ဟုမေးလေသော်–

''မိခင်သည် ကျွန်မ၏စကားကို မသွေမလွန်ဘဲ ဧကန်နားထောင်၍ အားထုတ်ပါလျှင် မကြာခင် ဖူးရပါလိမ့်မည်မိခင်''ဟု ပြောဆိုလေလျှင်=

''ချစ်သမီး၊ မိခင်သည် ဖူးချင်လှချေ၏။ အမြန်နည်းကိုသာ ပြောပါ'' ဟု ဒေါ်မင်းဒွေးကဆိုလေသော်–

''ကျွန်မ၏ စကားကို မသွေ မလွန် နာခံပါမည်ဟု ဝန်ခံလျှင် ပြောပါမည်။ ကျွန်မစကားကိုသာ ဝန်ခံပါ''ဟု ပြောဆို၍သာနေလေ၏။

ထိုအခါ ဒေါ်မင်းဒွေးသည် ဘယ်နှယ်ဘယ်သို့ပြောမည်ကို မသိ၍ ''ဝန်ခံပါတော့မည်' ဟူသော စကားကို မဆိုဘဲ စဉ်းစား လျက်နှင့်သာ '' ဖူးချင်လှချေ၏။ ပြောပါ ပြောပါ'' ဟူ၍သာ အထပ်ထပ် ဆိုလေ၏။ သူငယ်မကလည်း ''နားထောင်ပါမည် ဟူ၍သာ ဝန်ခံပါ ပြောပါမည်''ဟု ဆိုလေ၏။

## ဘုရားမှာ ဆွမ်းမရှား

နှစ်ရက် သုံးရက် လွန်သည့်နောက် ဒေါ်မင်းဒွေး၏စိတ်အကြံ ဖြစ်သည်မှာ—

"ဤသူငယ်မသည် ငါ့အိမ်သို့ ရောက်လာစက ကုသိုလ် တရားကို ကဲ့ရဲ့ပြစ်တင်ဆိုသော စကားသည်လည်း ဘုရား အလိုတော်ကျဖြစ်ပေသည်။ ယခုလည်း ရှေပန်း, ရှင်, လူ, မည်သူ တယောက်မျှ မပြောကြားဘူးသော စကားကိုလည်း ပြောကြားလေလည်။ ထိုသူငယ်မသည် ငါ့ကို အကယ်၍ ရေနက်ရာသို့ ဆင်းပြီးလျှင် နှာခေါင်း၊ ပါးစပ်တို့ကို မြှုပ်လျက် အသက်ကို မရှူဘဲနေလျှင် သက်တော်ထင်ရှား ဘုရားသခင်ကိုယ်တော်မြတ်ကို ဖူးရပါလိမ့်မည်။ ဖူးရပါ၏ဟု ဆိုသည်ဖြစ်အံ့။ နှာခေါင်း၊ ပါးစပ်တို့ကို ရေ၌ မြှုပ်လျက် သက်တော်ထင်ရှား ကိုယ်တော်မြတ်ဘုရားကိုသာလျှင် ဖူးပါတော့မည်။ ငါ၏ အသက်ကိုမူကား စွန့်ပစ်တော့အံ့။ ထိုသူငယ်မသည် ငါ့အား ခြေဖဝါးကစ၍ ကြမ်းလှသော ကျောက်ပြင်၌ ဆံဖျားကျအောင် သွေးပွတ်ရမည်။ သွေးပွတ်လျှင် မကြာခင် ကိုယ်တော်မြတ်ဘုရားကို ဖူးရပါ၏ဟု အကယ်၍ ပြောဆိုငြားအံ့။ ကြမ်းလှသော ကျောက်ပြင်၌ ဖဝါးကစ၍ ဆံဖျားကျအောင် ပွတ်တိုက်လျက် ငါ၏ အသက်ကို စွန့်ပြီးလျှင် သက်တော်ထင်ရှား မြတ်စွာဘုရားကိုသာ ဖူးတော့အံ့"ဟု ကြံ၍ ဒေါ်မင်းဒွေးက—

"ချစ်သမီး၊ ချစ်သမီး၏ စကားကို နားထောင်လျှင် ဧကန်ပင် သက်တော်ထင်ရှား ကိုယ်တော်မြတ်ဘုရားကို ဖူးရပါမည်လော။ ဖူးရသည် မှန်လျှင် ချစ်သမီး ပြောသမျှ စကားကို မိခင် နားထောင် ပါတော့မည်။ နားထောင်ပါ၏"ဟု မိမိကြံသမျှသော အကြံကို သူငယ်မအား ပြောကြား လေသော်—"ဤအမေကြီးသည် အသက်ကိုပင်မငဲ့။ အသက်ကို အဆုံးထား၍ ဝန်ခံပေသည်"ဟု နှလုံးသွင်း၍—

"မိခင်၊ မိခင်သည် အကယ်၍ သက်တော်ထင်ရှား ကိုယ်တော်မြတ် ဘုရားကို ဖူးတွေ့လိုသည်ဖြစ်အံ့။ မိခင် ယခုပြုလုပ် အားထုတ်သော ဒန်ပူ မျက်နှာသစ်တော်ရေ, ချိုးတော်ရေ, သောက်တော်ရေ တင်လှူခြင်း၊ ပန်းနံ့သာ ပူဇော်ခြင်း၊ ဆီမီးသို့ထွန်းပူဇော်ခြင်း၊ ဆွမ်းတော်တင်ခြင်း အစရှိသော အမှုကိစ္စ 'ပလိဗောဓ'တို့ကို မပြုပါနှင့်။ မိခင် ဆွမ်းတော်မတင်ခြင်း ကြောင့် မြတ်စွာဘုရားအား ဆွမ်းမရှားပါ။ သံတော်တို့ကိုမူကား ဆွမ်းမလှူ ပါနှင့်။ ဆွမ်းမလောင်းပါနှင့်ဟု ဆိုလျှင် သံဃာတော်တို့ လာဘ်လာဘကို ပယ်ဖျက်ရာ ကြပါသည်။ သံဃာတော်တို့ကိုမူကား မိခင် တတ်စွမ်းနိုင်သမျှ

အားထုတ်တော်မူပါ။ ယင်းသို့ ဖြစ်သောကြောင့် ဘုရား၌ ပြုအပ်ပြုဘွယ်ကိစ္စ 'ပလိဗောဓ' တို့ကို အကုန်ပယ်ဖြတ်ပြီး စိတ်ကို ငြိမ်သက်အောင် ထိန်းသိမ်း၍သာ နေတော်မူပါ မိခင်"

## ဘုရားကြိုက်သော ပူဇော်ခြင်း

"မြတ်စွာဘုရားအား ယခု မိခင်သည် ဆွမ်း, ဘောဇဉ်, ပန်းနံ့သာ" စသည်ဖြင့် လှူဒါန်း ပူဇော်ခြင်းကို ပြုခြင်းသည် 'အာမိသ ပူဇော်ခြင်း' မျှသာဖြစ်ပါသည်။ တခုတည်းသော တရားဖြင့် စိတ်ကိုငြိမ်ဝပ်အောင် ထိန်းသိမ်း၍ စိတ်မပြန့်စေဘဲ တအောင့် တခဏမျှ စိတ်၏ တည်ကြည်ငြိမ်သက်သဖြင့် အခိုက်အတန့်မျှ 'နီဝရဏ' ကင်းခြင်းသည် တရားကို ပူဇော်ခြင်း တည်းဟူသော 'ဓမ္မပူဇာ' မည်၏။ ထို အာမိသပူဇာ, ဓမ္မပူဇာ နှစ်ပါးတို့တွင် အာမိသပူဇာထက် ဓမ္မပူဇာကို ဘုရားသခင် ကိုယ်တော်မြတ် နှစ်သက်တော်မူပါသည်။ သို့ဖြစ်သောကြောင့် မိခင်သည်လည်း အာမိသပူဇာကို မပြုဘဲ ပယ်ဖျက်ပြီးလျှင် ဓမ္မပူဇာ ဖြစ်အောင်သာ အားထုတ်စေချင်ပါသည် မိခင်" ဟု ပြောဆိုလေလျှင်–

"ကောင်းလှပါပြီ ချစ်သမီး၊ နေရာတကျ ဘုရားကိုယ်တော်မြတ်ကို ဖူးတွေ့ရအောင် ချစ်သမီးကသာ ပြောပါတော့။ အမေ အားထုတ်ပါတော့မည်" ဟု ဆို၍ "ဧကဓမ္မ=တခုတည်းသော တရားဆိုသည် ဤမိန်းကလေး ပြောလတံ့သော စကားပင် ဖြစ်ဟန်ရှိ၏" ဟု စိတ်နှလုံး၌ သွင်းထားမိလေ၏။

ထိုအခါ မိန်းမငယ်က–

"မိခင်သည် သက်တော်ထင်ရှား ကိုယ်တော်မြတ်ဘုရားကို ဖူးမြင်လိုလျှင် မိခင်ပြုသမျှ အမှုကိစ္စ ပလိဗောဓတို့ကို ပယ်ဖြတ်ပြီးလျှင် မြတ်စွာဘုရားရှင်ပြင်တော် ဆိတ်ငြိမ်ရာ အရပ်၌ဖြစ်စေ၊ အုဘ်ဂူ လိုဏ်ခေါင်း ဆိတ်ငြိမ်ရာ အရပ်၌ဖြစ်စေ၊ မိမိအိပ်ရာ တိုက်ခန်း ဆိတ်ငြိမ်ရာ၌ ဖြစ်စေ၊ အမှတ်မရှိ ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်၍ ကျုံ့ကျုံ့ ထိုင်ပြီးလျှင် ရှေးဦးအစ လက်အုပ်ချီလျက် သဗ္ဗညုမြတ်စွာဘုရားကို နှလုံး၌ ထိခိုက်အောင် အာရုံပြု၍ 'ဗုဒ္ဓေါ ဗုဒ္ဓေါ ဗုဒ္ဓေါ' ဟူ၍ငင်း၊ 'ဘုရား ဘုရား ဘုရား' ဟူ၍ငင်း စိတ်ကိုမပြန့်လွင့်စေရအောင် စိတ်ကို ထိန်းသိမ်းလျက် လျှာကို လှုပ်သဖြင့် 'ဘုရား ဘုရား

ဘုရား'ဟု တိုးတိုးမြည်၍ လျှာတွင်ပင် စိတ်ကိုထားလျှင် စိတ်ငြိမ်သက်၍ သမာဓိ ဖြစ်အောင်သာ ကြိုးစားအားထုတ် လုံ့လပြုပါ။သက်တော်ထင်ရှား ကိုယ်တော်မြတ်ဘုရားကို မကြာခင်ကေန် အမှန်ပင် ဖူးရပါလိမ့်မည်။

"ခရီးသွားယောကျ်ား၊ အနားအနေမရှိ။ တင့်တင့်ကြီး သွားလေ ဘိက လိုရာခရီးကို မြန်မြန်ကြီး ရောက်သကဲ့သို့ ထို့အတူ ဗုဒ္ဓါနုဿတိ သမထ ကမ္မဋ္ဌာန်းကို အပန်းတကြီး ဖိဖိစီးစီး မျှားမျှားကြီး အားထုတ်ပါ လျှင် မြန်မြန်ပင် သပာဓိကိုရ၍ လှုလှုကြီး ဖူးတွေ့ရပါလိမ့်မည်။ ကြိုးစား၍ သာ အားထုတ်တော်မူပါ မိခင်"ဟု ပြောဆိုလေ၏။

## ထူးဆန်းသော မိန်းကလေး

ဒေါ်မင်းဒွေးသည်လည်း ထိုမိန်းမငယ်က ဆုံးမဩဝါဒပေးသည်ကို ရိုသေ ကျိုးနွံ ကောင်းမွန်စွာ နာယူ၍ ပယ်သင့်ပယ်ထိုက်၊ ဖြတ်သင့် ဖြတ်ထိုက် သော အမှုကိစ္စ ပလိဗောဓတို့ကို ပယ်ဖြတ်ပြီးလျှင်-

"ဤမိန်းကလေးသည် ငါ့အား ခေမမ္ဗ=တခုတည်းသော တရားကို ပြောကြားသဖြင့် ကမ္မဋ္ဌာန်းနည်းကို ပေးပေသည်။ ငါသည်လည်း ရှေး အထက်ထက်ကပင် တခုတည်းသော တရားကို အားထုတ်လျှင် စိတ်တည် ကြည်ခြင်း သမာဓိ ရသဖြင့် ဟုတ်တိုင်းမှန်းတိုင်းကို သိမြင်နိုင်သော 'ယထာ ဘူတဉာဏ်'ကို အမှန်ရတတ်သည်ဟု ပညာရှိ ဆရာမျှားထံမှ သာမည ကြား နာရဘူးပေသည်။ ယခုမှာမူကား ခေမမ္ဗကို သာမညမဟုတ်။ မုချကေန် အမှန်နည်းကို ပြောကြား ဆုံးမပေသည်တကား"ဟု အလွန် ဝမ်းမြောက် ဝမ်းသာ နေ့ရောညဉ့်ပါ မနေမနား 'ဘုရား ဘုရား ဘုရား'ဟု မျှားစွာပင် အားထုတ်လေသတည်း။

ထိုမိန်းကလေးသည်ခေမမ္ဗ-တခုတည်းသော'ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း' တရားကိုပေး၍ ဒေါ်မင်းဒွေး အားထုတ်မှန်းသိလျှင် "မိခင်၊ ကျွန်မ ခရီး သွားရန် ရှိပါသေးသည် ဖြစ်သောကြောင့် သွားပါဦးမည်"ဟု ပန်ကြား၍ သွားလေ၏။ နောက်လည်း မပေါ်လာ မရောက်လာပြီ။

"ထိုမိန်းမငယ်သည် လူစင်စစ်မဟုတ်။ သာသနာတော်စောင့်နတ်၊ သမ္မာဒေဝနတ်တို့သည် မိန်းမငယ်အသွင် ဖန်ဆင်း၍ ဒေါ်မင်းဒွေး၏ သဒ္ဓါ

တရားကို သိသဖြင့် ကမ္မဋ္ဌာန်းနည်း ပေးလာသည်''ဟု အထင်အတွေးဖြစ်ကြလေသည်။ ကေန်မူကားမသိနိုင်ကြကုန်-

## ဘုရားရော တရားပါ မြင်ပါပြီ

ဒေါ်မင်းဒွေးသည်လည်း နေ့, လ, ရက်များစွာ ဘယ်ခါမပြတ် အားလပ်သည်မရှိ။ သတိမကင်းဘဲ ပြင်းစွာစီးဖြန်း အားထုတ်သည်ရှိသော် တဖြည်းဖြည်း စိတ်ယဉ်ကျေး၍ တည်ကြည်ငြိမ်သက်ခြင်း ဘာဝနာဓိရပြီးလျှင် သက်တော်ထင်ရှား ကိုယ်တော်မြတ် ဘုရားကဲ့သို့သော ကိုယ်တော်မြတ်ဘုရားကို အမှန်ပင်စိတ်ဖြင့် ဖူးတွေ့ရ၍ သွားလျှင်မိမိရှေ့ကဝါးတတာကွာ၊ နှစ်တာကွာခန့်က ကြွသွားတော်မူလျက် ထင်လာသည်။

ထိုင်ပြန်လျှင်လည်း ဦးခေါင်းပေါ်မှသည် တလံနှစ်လံခန့် အရပ်၌ ထက်ဝယ်ဖွဲ့ခွေ သီတင်းသုံး၍ နေတော်မူလျက် ထင်လာ မြင်လာပြန်၏။

လျောင်းပြန် အိပ်ပြန်လျှင်လည်း ဦးခေါင်းရင်း၌ သီတင်းသုံးတော်မူလျက် စကြံန်ကြွသွားတော်မူဟန် ကိုယ်တော်မြတ်ဘုရား သဏ္ဌာန်အားပကတိသော 'ပသာဒစက္ခု'ဖြင့် မြင်ရဘိသကဲ့သို့ မနောဒွါရိက'ဓမ္မအက္ခိ= ဉာဏ်မျက်စိ'၌ ထင်လာ မြင်လာလေ၏။

ထိုအခါ ဒေါ်မင်းဒွေးသည် သမ္မာသမ္ဗုဒ္ဓ အစစ် ဓမ္မရာဇ်ဖြစ်တော်မူသော မြတ်စွာဘုရားသခင်နှင့် အတူတကွ နေရဘိသကဲ့သို့ ဖြစ်၍ အကုသိုလ်တရားများကို စိတ်မျှမကြံစံ့ဘဲ ဖြစ်၍နေလေ၏။

ထို့နောင် ဒေါ်မင်းဒွေးသည် မိမိဖူးတွေ့ရသော မြတ်စွာဘုရား အာရုံနိမိတ်ကို အဖန်ဖန် အထပ်ထပ် အာရုံပြုသည်ရှိသော် သမာဓိတရား အားကြီး၍ 'သက္ကာယ ဒိဋ္ဌိ'စွဲလမ်းရင်းရှိသော ငါ,သူတပါး, ယောကျ်ား မိန်းမ ကေန်မုချ လားလားမျှမရှိ။ ရုပ်အစု, နာမ်အစုသာဖြစ်၍ ဘယ်ဟာ တခုမျှ လူ, နတ်, ဗြဟ္မာ, ငါ, သူတပါး, မိန်းမ, ယောကျ်ားဟု ရှာ၍မရ။ ရုပ်,နာမ် ဓမ္မ ပရမတ္ထ အစစ်သာရှိ၍ ''အနိစ္စ ဒုက္ခ အနတ္တ အစုမျှသာ ဖြစ်တော့သည်တကား''ဟု ပညတ်တရား ကွယ်ပလျက် သမ္မာဒိဋ္ဌိ ဝိပဿနာ

ဥာဏ်အားဖြင့် ရုပ်တရားနာမ်တရား၊ လက္ခဏာရေးသုံးပါးသာ ထင်လာမြင်လာလေ၏။

(အထက်ပါ 'ဗုဒ္ဓါနုဿတိ-ဒေါ်မင်းဒွေး' အကြောင်းကို 'ဘာဝနာနယ ဒိပနီမည်သော လက်စွဲကမ္မဋ္ဌာန်းကျမ်း'မှ မူအတိုင်း ကူးယူ ဖော်ပြလိုက်ပါသည်။ ယင်းကျမ်းကို ၁၉၁၆-ခုနှစ် ရန်ကုန်မြို့ စဉ့်အိုးတန်း၊ တိုက်နံပါတ် ၅၇။ 'သာသနာလင်္ကာရ ပိဋကတ် ပုံနှိပ်တိုက်'၌ ရိုက်နှိပ်သည်။

ကျမ်းပြုဆရာတော်မှာ သက်တော်၈၂၊ ဝါတော်၆၂-ဝါရ မကွေးမြို့အရှေ့ 'သပြေစမ်းတောရဂူကျောင်း ဆရာတော်ဘုရားကြီး' ရေးသားတော်မူခဲ့သည်။ ၁၂၇၇-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇-ရက်၊ သောကြာနေ့ ကျမ်းပြီး။ ဒိမိုင်းဆိုက်၊ စာမျက်နှာ ၁၀၉-ရှိ 'ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း' ကျမ်းပင် ဖြစ်၏။)



အခန်း (၂)

# ဒါန သီလ ဘာဝနာ

## အခြေခံ အင်အားများ

'ရတနာသုံးပါး၏ ကျေးဇူး' ကြီးမားပုံကို ပြဆိုပြီးကိုယ်တွေ့ ဝတ္ထုများဖြင့် သိသာလှပေ၏။

ထိုဝတ္ထုများကို သေသေချာချာ ကြည့်ပါလျှင်လည်း 'ခလုတ်ထိမှ အမိတ' ဆိုသကဲ့သို့ အရေးကြုံမှ သက်လုံကောင်းရသူများလည်း ပါ၏။ ထာဝစဉ် ဝတ်ထား၍ ရွတ်ဖတ်ဆင်ခြင်သူများလည်းပါ၏။ မည်သို့ဆိုစေ အများအားဖြင့် အေးအေးငြိမ်းငြိမ်း ရွတ်ဆိုဆင်ခြင်ကြရသည် မရှိလှ။ အတိတ်တလှန့် အပြေးအလွှား ဘုရားတနေကြပုံကို တွေ့နိုင်၏။

ထိုသို့ ဖုတ်ပူမီးတိုက် ဆောင့်ကြီးအောင့်ကြီး ပျာပျာသလဲ ရွတ်ဆိုဆင်ခြင်ရသော ရတနာသုံးပါး၏ ကျေးဇူးသည်ပင် ဤမျှ အံ့သြလောက်အောင် ထူးခြားအောင်မြင်ပါသေးလျှင် လောကီမြှော်လင့်ချက် မပါ။ သမာဓိရှိရှိ၊ အေးအေးဆေးဆေး၊ ရည်ရွယ်ချက်ကြီးကြီးဖြင့် ရွတ်ဆိုဆင်ခြင်ရပါမူ အဘယ်မျှ တိုးတက် အောင်မြင်ပါလေမည်နည်း။

ထိုရတနာသုံးပါး ကျေးဇူးတို့တွင်လည်း အခြေခံတရားမျှသာ ရှိကြပေသေးသည်။ ထို့ထက် အဆဉပါင်းများစွာ အင်အား ကြီးမားသော သီးခြားအစွမ်းထက်သည့် ကျင့်စဉ်များ မဟုတ်ပါသေးချေ။

## ရတနာသုံးပါး အခြေခံအုတ်မြစ်

သို့ရာတွင် ထိုအခြေခံဖြစ်သော သရဏဂုံ၊ သီလ နှင့် ဗုဒ္ဓါနုဿတိ (ဘုရားဝတ်တက်ခြင်း နှလုံးသွင်းခြင်း) သည် စနစ်တကျရှိရန် ပို၍ပင် လိုအပ်လှပေသည်။ ရည်ရွယ်ချက် မှန်မှန်နှင့် ဥာဏ်, ကရိုဏ်းကျတို့ အရေးကြီးလှ၏။ အဆောက်အဦကြီး မိုးပါးနီးမျှ လှပမြင့်မားစေကာမူ အခြေခံ အုတ်မြစ် (ဖောင်ဒေးရှင်း) မကောင်းလျှင် အမြင်ကောင်းသော်လည်း ခိုင်မာမှု အင်အားမရှိချေ။

သီလစောင့်ထိန်းခြင်း၊ ဂုဏ်တော်ပွားများခြင်း၊ ပရိတ်ရွတ်ခြင်း၊ ဘုရားဝတ်တက်ခြင်း အလုပ်သည် ဗုဒ္ဓဝါဒတွင် အဆောက်အဦကြီး တခု ဆောက်ရန် နယ်မြေ ကန့်သတ်တိုင်းတာ ကာရံ၍ မြေရှင်းမြေညှိရုံမျှသာ ရှိသေး၏။ အဆောက်အဦပင် မဆောက်ရသေး။ သို့ရာတွင် ထိုမျှလောက် နှင့်ပင် တန်သလောက် တန်ခိုးသတ္တိ အရှိန်အဝါများ ရရှိနေပြီဖြစ်သဖြင့် "ဟုတ်လှပြီ" ဟု မယူဆရာ။

အဆောက်အဦ နေစရာကိုယ်ပိုင်အိမ်မျှ မရှိသေးဘဲ မြေကွက်ပေါ် ထိုင်လျက် "ငါ့စည်းစိမ်ကြီးလေစွ" ဟု ထင်နေသူနှင့်တူလေသည်။

ယင်းသို့ဆိုသော် ငါးပါးသီလမျှ မလုံ၊ ဘုရားဝတ်တက်ခြင်းလည်း မပြုနိုင်ပါဘဲ ဗုဒ္ဓဘာသာ မိဘကမွေးဖွား၍ 'ငါဗုဒ္ဓဘာသာ' ဟု ပြောဆိုနေသူကား မြစ်ပင်လယ်ထဲ မျောပါမသွားဘဲ ဗွက်ထူမြက်ထူသော သောင်ကမ်းစပ်၌ ခြေချစရာ ထောက်တည်ရာ မြေတနေရာစာမျှ ရနေသူနှင့် တူတော့သည်။ စိတ်ချရပြီထင်၍ တနေရာရွှေ့လျှင်၊ သို့မဟုတ် ဒီရေတက်လာလျှင် ရေယဲမျောပါသွားရန် လှုပ်လှုပ်မျှသာရှိနေ၏။ ဘဝအာမခံချက် မရှိသေးပါချေ။

## အစိန္တေယျ၏ အစ

မြတ်စွာဘုရား သာသနာတော်သည် လက်ရှိဘဝမှစ၍ လိုရာသိဒ္ဓိပြီးပြည့်စုံစေနိုင်သော စွမ်းအင်သတ္တိထူးများ အပြည့်အနှက်ရှိနေ၏။ ရယူရန်လည်း လွယ်ကူလှပေသည်။

စွမ်းအင်သတ္တိအကျိုးကျေးဇူးများကို ဖော်ပြကြရာ၌ ဒါန,သီလ ဘာဝနာတခုစီတခုစီ၏ စွမ်းရည်သတ္တိများကို ဖော်ပြရန်မှာ အလွန်ကျယ်ဝန်းလှပေသည်။ ငါးပါးသီလ, ဗုဒ္ဓါနုဿတိ–စသော အခြေခံဘာသာရေးကျင့်ဝတ်များကို အထိုက်အလျောက် ကျင့်ကြံကြရုံမျှဖြင့် 'ဘေးရန်ကမည်သို့ လွတ်ခဲ့သည်။ စီးပွားအာဏာ မည်သို့ တိုးတက်သည်'ကို 'ကြီးကျယ်လှပြီ' ဟု မမှတ်ထင်ကြရာ။ 'ဒါ့အစဘဲရှိပါသေးကလား'ဟု အမြဲသတိပြုသင့်ပေသည်။

အဋ္ဌကထာဆရာကြီး 'အရှင်မဟာဗုဒ္ဓဃောသ' သည်ပင် ဝိသုဒ္ဓိမဂ်ကျမ်းကြီးကိုရေးရာ၌ သီလ,သမာဓိ, ပညာ အခန်းတိုင်းတွင် ပိဋကသုံးပုံမှ ဆူရာဆူရာ ရွေးနုတ်၍ အကျိုးကျေးဇူးများကို ဖော်ပြ ပေးတော်မူခဲ့၏။ သို့ရာတွင် အခန်းတိုင်းတွင်–

"အာနိသံသာ ကော ဝဒေ=သီလ,သမာဓိ,ပညာ ဤရတနာသုံးပါး၏ ကျေးဇူးဂုဏ် စွမ်းအင်သတ္တိကို အဘယ်သူ ကုန်စင်အောင် ပြောပြနိုင်ပါ့မလဲ" ဟူ၍သာ အဆုံးသတ်တော်မူရသည်။

မြတ်စွာဘုရားရှင် ကိုယ်တော်ပင်လည်း အကြောင်းအားလျော်စွာ ဟောပြတော်မူရာ၌ အကျိုးကျေးဇူးများကို သိသာရုံ ညွှန်ပြတော်မူ၍ နောက်ဆုံးတွင်(ဟောပြသော်လည်း ချက်ခြင်း နားလည်သွားနိုင်ကြသည် မဟုတ်၍) 'အကောင်းဆုံး အမြတ်ဆုံးဖြစ်၏'ဟူ၍၎င်း၊ 'အစိန္တေယျပင်တည်း' ဟူ၍၎င်း နိဂုံးချုပ်တော်မူရသည်။

"ဘုရား တရား သံဃာ ရတနာသုံးပါးကို ကိုးကွယ်သူတို့သည် အမြတ်ဆုံးကို ကိုးကွယ်သူတို့မည်ပေ၏။ အမြတ်ဆုံးကို ကိုးကွယ်သူတို့သည် အမြတ်ဆုံးသော အကျိုးကို ရကြပေ၏"

(ဣတိဝုတ်–အဂ္ဂပသာဒသုတ်)

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

(အပဒါန် ပါဠိတော်)

မြတ်စွာဘုရားရှင်တို့ဟူသည် ဤရွေ့ဤမျှ အသိဥာဏ်, တန်ခိုးသတ္တိရှိကြပေသည်ဟု စိတ်ကူးကြံဆ၍ ရနိုင်သောအရာ မဟုတ်ကြပါကုန်။ ဘုရားရှင် ဟောကြားသော တရားတော်တို့သည်လည်း ဤမျှသာ စွမ်းရည်ထက်သည် အကျိုးရှိသည်ဟု စိတ်ကူးကြံဆ၍ ရနိုင်သောအရာ မဟုတ်ကြပါကုန်။

ထိုဘုရား,တရားတော်၌ ကြည်ညိုသူ၊ ကျင့်ကြံလိုက်နာသူတို့၏ အကျိုးကျေးဇူး စွမ်းအင်သတ္တိသည်လည်း ဤရွေ့ ဤမျှသာဟု စိတ်ကူးကြံဆ၍ ကုန်စင်အောင် ပြောပြနိုင်စကောင်းသော အရာ မဟုတ်ပါချေ။အစိန္တေယျပင် ဖြစ်၏။”

ဤမျှ ကျေးဇူးကြီးမြတ်လှသော ရတနာသုံးပါး အခြေခံလိုက်နာဘွယ်များကို ရင်းမြစ်ကျကျ သေသေဝပ်ဝပ် ဆည်းကပ် လိုက်နာနိုင်ကြပါစေရန် စွမ်းအားရှိသမျှ ဝေဖန်ဖော်ပြပါဦးအံ့။

အခြေခံသည် အရေးကြီးဆုံးပင်တည်း။

## အောက်လမ်း အထက်လမ်း

ဒါန, သီလ, ဘာဝနာဟူသော ဗုဒ္ဓဝါဒ၏ လှေကားသုံးဆင့်တွင် ဘုရားဝတ်တက်ခြင်း,(သို့မဟုတ်)ဂုဏ်တော်ပွားများခြင်းစသော သမထ,ဝိပဿနာအလုပ်သည် အမြင့်ဆုံးအဆင့် ဖြစ်သည်။နောက်ထပ် တက်စရာ မရှိတော့ပြီ။ ပဌမ, ဒုတိယ နှစ်ဆင့်၏ သဘောအချုပ်ကို နားလည်ပြီးပါမှ ဘာဝနာ၏ မြင့်မြတ်ပုံ၊ ခက်ခဲပုံ၊ ရှေ့ရဲရဲလုပ်၍ မရပုံကို သဘောကျနိုင်သည်။

အစကို ပြန်လှန်၍ သုံးသပ်ကြပါဦးစို့။

“ဗုဒ္ဓေါ လောကေ သမုပ္ပန္နော အတ္တာယ, ဟိတာယ, သုခါယ ဒေဝမနုဿာနံ=လူနတ်ပြဟ္မာ သတ္တဝါ အပေါင်းတို့၏ အကျိုးစီးပွား ချမ်းသာများရန် အလို့ငှါ မြတ်စွာဘုရားရှင်သည် လောက၌ ပွင့်ထွန်းဖြစ်ပေါ်တော်မူလာရ၏”

(ဓမ္မော၊ သံဃော–နည်းတူ။)

## ဘာ့ကြောင့် ရတနာသုံးပါး ပေါ်လာရသလဲ

အကျဉ်းချုပ်အားဖြင့် ဆိုရသော် လောက၌ ရတနာသုံးပါးဟူ၍ ဖြစ်ပေါ်လာရခြင်းသည် သတ္တဝါအများ ဆင်းရဲဒုက္ခ အမျိုးမျိုးမှ လွတ်ကင်း၍ ချမ်းသာကြစေရန်သာ ဖြစ်သည်။ တခြားအကျိုးမရှိ။

မေး။ ။သတ္တဝါတွေ အဘယ့်ကြောင့် ဆင်းရဲနေကြရသနည်း။ ချမ်းသာချင်၍ လုပ်ပါသမျှ အဘယ့်ကြောင့် ဒုက္ခနှင့် တိုးကြရသနည်း။

ဖြေ။ ။လောဘ–(လိုချင်တပ်မက်မှု)၊ ဒေါသ=(စိတ်ဆိုး စိတ်ညစ် စိတ်ပျက်မှု)၊ မောဟ=(အမှန်ကို အမှား၊ အမှားကို အမှန်ထင်မှု) စသော ကိလေသာစိတ်ပူများရှိနေကြသောကြောင့် ချမ်းသာအောင် လုပ်သော်လည်း ဆင်းရဲကြရသည်။

## ကိုယ့်အပြစ် ကိုယ်မမြင်

'ကိလေသာ'ဟူသည် ပူလောင်စေတတ်သော သဘောဖြစ်၏။ ထိုသဘာဝထိုစိတ်မျိုးရှိသလောက် သတ္တဝါတွေ ပူလောင်နေကြရ၏။ ဆင်းရဲနေကြရ၏။

မိမိသန္တာန်၌ ရှိနေသော ထိုသဘောမှန်ကို မဆင်ခြင် မမြင်သိနိုင်ကြ၍ "မည်သူက ငါ့ကို ညှဉ်းဆဲ၍ ဆင်းရဲရသည်။ ရာသီဥတု ဖောက်ပြန်၍၊ ပတ်ဝန်းကျင် ဘေးရန် နှိပ်စက်၍ ဆင်းရဲရသည်"စသည်ဖြင့် ခံပစ်သူကို မမြင်၊ ထိမှန်သော ခဲကိုသာ ရန်သူဟု ထင်မှားတတ်ကြပြန်သည်။

ပတ်ဝန်းကျင်(ဗဟိဒ္ဓ)ဘေးရန်လည်း ယေဘုယျအားဖြင့် မိမိခန္ဓာကိုယ်အတွင်း၌ ရှိသော ကိလေသာ၏ ဆွဲအားကြောင့် ဖြစ်ပေါ်လာကြရသည်ကို ရှုမြင်တတ်ရန်ကား မလွယ်ကူပါချေ။ ဖားသည် တုတ်ရိုက်ခံရ၍ သေရ၏။ တုတ်သည် သူ၏ အသံကြောင့် ရောက်လာရခြင်းဖြစ်သည်။

ကိလေသာကို 'ညစ်ညူးစေတတ်သော သဘော'ဟုလည်း အဓိပ္ပါယ်တမျိုး ဖွင့်ဆိုကြပြန်၏။

သတ္တဝါတို့သည် ကိလေသာ အနည်းအများအလိုက် ညစ်နွမ်းကြရသည်။ မည်သည့် ကိစ္စတွင်မှ ပြတ်ပြတ်သားသား မမြင်။ ကြည်ကြည်လင်လင် မရှိ၊ ရွှံ့နှံ့၌ လူးသောကျွဲကဲ့သို့ အမြဲပေကျံ ညစ်ထေး၍သာ နေတော့သည်။ လူပေ လူညံ့များဖြစ်အောင် ကိလေသာက လုပ်ပေးနေတော့၏။

သတ္တဝါတို့သည် မွေးသည်မှ သေသည်အထိ အမျိုးမျိုးသော ဒုက္ခများနှင့်ချည်းသာ လုံးထွေးရစ်ပတ်ကာ အမြဲကြောင့်ကြပူပန်နေကြရသည်။ စိုးရိမ်ထိတ်လန့် နေကြရသည်။ ယောက်ယက်ခတ် နေကြရရှာ၏။ ဖြစ်ပေါ်လာသော ပြဿနာမှန်သမျှကိုလည်းအမှန်တကျမမြင်။ ထင်သလိုဖြေရှင်းရင်းဆင်းရဲသံသရာလည်ကာ တဘဝတာ ကုန်ကြရရှာ၏။

ကိလေသာ ဓာတ်မှန်သမျှ သတ္တဝါတို့ကို လူလုံးမလှ နိမ့်ကျညံ့ဖျင်း ဆင်းရဲအောင် ဆွဲချ တတ်သော 'သံသရာအောက်ဆွဲအားကြီး' ပင်တည်း။

## သံသရာအောက်ဆွဲအားကြီး ၁၀–မျိုး

ပူလောင် ညစ်ညူးစေတတ်သော သဘောတရား (ကိလေသာ=သံသရာအောက်ဆွဲအား) သည် အမျိုးအစားအားဖြင့် ဆယ်ခုရှိသည်။

၁။ **လောဘ**=လိုချင်တပ်မက်ခြင်း၊ လက်ရှိအဆင့်၊ လက်ရှိဘဝကို ပစ္စန့်လွှတ်နိုင်ခြင်း။ ထို့ထက်သာလွန်ရန် ခမြှော်လင့်ခြင်း၊ အမြဲတမ်းလိုနေခြင်း၊ တော်ခြင်း၊ ငမ်းခြင်း၊ ထင်စားခြင်း။

၂။ **ဒေါသ**=စိတ်ဆိုး စိတ်ပျက် စိတ်ညစ်ခြင်း၊ မိမိအလိုပကျသမျှကို ပျက်စီးသွားစေလိုခြင်း၊ အနိုင်ကျင့်လိုခြင်း၊ ရန်လိုခြင်း၊ အငြိုးထားခြင်း–တေးခြင်း၊ ကြောက်လန့်ခြင်း၊ စိုးရွံ့ပူပန်ခြင်း၊ ကျိုးလန့်စာစားနေရခြင်း။

၃။ **မောဟ**=မည်သည့်အရာကိုမျှ အမှန်အကန် မမြင်ခြင်း၊ အမှန်ကိုအမှား အမှားကို အမှန်ထင်ခြင်း၊ အမြင်ကန်းခြင်း၊ မှောက်မှားခြင်း၊ မိုက်မဲခြင်း၊ အသိဉာဏ် မှောင်ကျခြင်း။

၄။ **မာန**=ထောင်လွှားခြင်း၊ ပြိုင်ဆိုင်တုပခြင်း၊ အထင်ကြီးခြင်း၊ အထင်သေးခြင်း၊ အဖက်မလုပ်လိုခြင်း၊ မကျိုးနွံခြင်း၊အာခံခြင်း၊ခြေရာတိုင်းခြင်း၊ထောင့်မကျိုးခြင်း၊လူစွာလုပ်လိုခြင်း။

၅။ ဒိဋ္ဌိ=လွဲလွဲမှားမှား ယုံကြည်ယူဆခြင်း၊ တလွဲအယူသည်းခြင်း၊ အထင်မှားခြင်း၊ အမှားကိုအမှန်ဟု ဆုပ်ကိုင်ထားခြင်း၊ တယူသန် ဆုံးဖြတ်ထားခြင်း။

၆။ **ဝိစိကိစ္ဆာ**= သို့လော သို့လော ရှိခြင်း၊ မခဝခွဲနိုင်ခြင်း၊ချီတုံချတုံရှိခြင်း၊ ပြတ်ပြတ်သားသား ဆုံးဖြတ်ချက် မချနိုင်ခြင်း၊ မထွေးနိုင် မမျိုနိုင် မတင်မကျရှိနေခြင်း။

၇။ **ထိန**=စိတ်တွေထုံသိုင်းခြင်း၊ လေ လံဆုဘ်ဆိုင်းခြင်း၊ လေးနက် ထက်သန်မှု မရှိခြင်း၊ (သေလောက်အောင် ကိစ္စ ဖြစ်စေကာမူအရေးကြီးမှန်းမသိဘဲ) ထုန်ပေပေ ပျင်းတွဲတွဲ ဒရီးဒရွတ် နေခြင်း၊ ပေါ့ပျက်ရော့ရဲ့ တုဘ်ဆွဲခြင်း။

၈။ **ဥဒ္ဓစ္စ**=စိတ်ဓာတ်အင်အား ပြိုကွဲပျံ့လွင့်ခြင်း၊ ကစဥ့်ကရဲဖြစ်ခြင်း၊ဘာတခုမှ ထိထိမိမိမလုပ်နိုင်ခြင်း၊အသိဉာဏ်မဆည်နိုင်ခြင်း၊ လိုရင်းကို ဖမ်းမမိဘဲ အသိဉာဏ်တပ်ပျက်ခြင်း၊ မရေမရာ ရောင်ချာချာဖြစ်ခြင်း။ (ပြာပုံကို တုတ်နှင့် ရိုက်သကဲ့သို့ ရှိ၏။)

၉။ **အဟိရိက**=မဟုတ်တာမှန်သမျှ မတွန့်မဆုတ် လုပ်ရဲခြင်း၊ အရှက်မရှိ၊ အရှုံမရှိ၊မကောင်းမှုကို မြိန်ရေရှက်ရေလုပ်ရဲခြင်း။ (ဝက်မစင်စားသကဲ့သို့ ရှိ၏။)

၁၀။ **အနောတ္တပ္ပ**=မဟုတ်တာ မှန်သမျှ လုပ်ရန် မကြောက်လန့်ခြင်း၊ကြောက်ရကောင်းမှန်းမသိ၊မကောင်းမှုကိုလက်ရဲဇက်ရဲ ကျူးလွန်ခြင်း၊ဘာကိုမှမဇ ့မထောက်မကြောက်နိုင်တော့ဘဲ (မီးလျှံကို တိုးသော ပိုးကဲ့သို့) ဇွတ်တိုးခြင်း။

ငရဲ။ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးပါးသို့ တောက်လျှောက် စုန့်ဆွဲသွားနိုင်သော အင်အားကြီးများပင်တည်း။ ထိုဆယ်မျိုးတွင် လောဘ, ဒေါသ, မောဟ သုံးမျိုးသည် ရေသောက်မြစ်ကြီးများဖြစ်သည်။

ထိုတွင် 'ဒေါသ' သည် အသိသာ အပေါ်လွင်ဆုံးဖြစ်၏။ဖြစ်လွယ်၏။ ပြေပျောက်လွယ်၏။

'လောဘ'ကား ဒေါသလောက် မသိလွယ်။ ဖြစ်ခဲ၏။ ဖြစ်လျှင်ကား ပြေပျောက်ခဲ၏။ ရလိုသည်ကို မရလျှင် တအုံ့နွေးနွေး ညှိုးနွမ်းနေရ၏။ဆင်းရဲ

နေရ၏။ စိတ်ထောင်းကိုယ်ကျေ၍ အသက်ကိုပင် သေစေနိုင်၏။ အလိုရမ္မက်ကြီး၍လည်း အရှက်ဘကွဲ အကျိုးနည်းဖြစ်ရသည်။ ပြစ်တင်ရှုတ်ချခံရ၏။ ရလိုဇောအားကြီး၍ အမှားအမှန် မဝေခွဲနိုင်။ ထိုအောက်ဆဲ့အားကြောင့်ပင် အချိန်အခါများ ကင်းမဲ့ရ၏။ မရ၍လည်း ဒုက္ခ၊ ရပြန်တော့လည်း ကျေနပ်အားရပြီ မရှိ။ တင်းတိမ် ရောင့်ရဲသွားပြီလည်း မရှိ၊ ရလေလိုလေ။ လိုလေ့ ရှာလေ ဆင်းရဲလေ၊

'မောဟ' ကား အသိခက် အနက် အရှိုင်းဆုံးဖြစ်သည်။ (အဘိဓမ္မာသဘာဝများကို လေ့လာကြကုန်။ မောဟနှင့် ဝိစိကိစ္ဆာကိုပင် ယခုအခါ ပညာဟု ထင်နေတတ်ကြသည်။)

## သေလောက်အောင်ပူသော ကိလေသာ

ထိုအောက်ဆဲ့အားများရှိလျှင် ရှိသလောက် လူသည် အောက်တန်းကျ၏။ အသိဉာဏ် ခေါင်းပါး၏၊ ခက်ထန်ကြမ်းကြုတ်၏။ ရိုင်းစိုင်း၏။ ယောက်ယက်ခတ်၏။ လျှပ်ပေါ် လော်လည်၏။ စီးပွားဥစ္စာ ချမ်းသာ ကြွယ်ဝစေကာမူ ဆင်းရဲနေရသည်။ ရေပွက်လှိုင်းများကဲ့သို့ ကိလေသာတခုဖြစ်လျှင် ကျန်ကိုလေသာများပါ လှိုင်းပွက် ဂယက်ထကုန်၏။ကူးစက်ပြန့်ပွားကုန်၏။ ဆင်းရဲသံသရာစက်ဝန်းကြီးလည်း လည်ပတ်မဆုံးတော့ချေ။ အဘယ်နည်းဖြင့် ရုန်းကန်လွတ်ထွက်ကြရပါမည်နည်း။ ပင့်ကူအိမ်၌မိသော သတ္တဝါကဲ့သို့ အထိ အမိ အငြိ နာသလောက် ထိုစက်ဝန်းဆဲ့အားမှ မလွတ်မြောက်နိုင်ကြကုန်။

ကိလေသာဟူသမျှ အဘယ်မျှ ပူလောင်၍ လူကို အရုပ်ဆိုးညစ်နွမ်းစေကြောင်း လောဘဇောတိုက်နေသူ၊ ဒေါသထွက်နေသူများကိုကြည့်လျှင် မြင်သာလှပေ၏၊ ခန္ဓာကိုယ်ရုပ်ဝတ္ထုနူးညံ့သောနတ်များ ဒေါသထွက်ရုံမျှဖြင့် အသက်သေကြရ၏၊ ယုန်သတ္တဝါများ သတ်စားရန် ဖမ်းကြသောအခါ လက်ထဲရောက်ကာမျှဖြင့် နှံထွေးသောအသားများ ချက်ခြင်းမဲမှောင်သွားကာ မသတ်ရဘဲ အလိုလို အသက်ထွက်သွားကြရ၏။

ရှေးကလူများ 'ရင်ကွဲနာ' ကျခြင်း၊ယခုအခါဆိုးဆိုးကောင်းကောင်း အမြင် အကြားမခံနိုင်အောင် 'နှလုံးရောဂါ'ဖြစ်ခြင်း၊ ရုတ်တရက် သေရ

ခြင်းစသော ရောဂါကြီးများလည်း အတွင်း၌ ပိုက်၍လောင်နေသော ကိလေသာ၏ အင်အား သာဓကများပင်တည်း။

အပါယ်သို့ ကျလောက်အောင် ကိလေသာပူလောင်မှု မရှိတော့သော 'သောတာပန်' ပုဂ္ဂိုလ်သည်ပင် ဤ ၃၁–ဘုံစက်ယန္တရားအတွင်းမှ ချက်ခြင်း ထွက်သွား၍မရ။ ခုနစ်ဘဝပင် နေရဦးမည် ဖြစ်၏။ နှစ်အားဖြင့် ကမ္ဘာနှင့် ချီ၍လည်း ကြာရှည်နိုင်ပေသည်။ ကိလေသာ၏အောက်ဆွဲအားသည် အဘယ်မျှ ကြောက်ခမန်းလိလိ ရှိနေပါသနည်း။

## ဣဿာ, မစ္ဆေရ, မာယာ, သာဌေယျ

အင်အားကြီးမားလှသော ထိုကိလေသာဆယ်မျိုးကို ပဆိုထားဘိ၊ သူ၏ အခြံအရံ အကူအညီ အကုသိုလ် ဆွဲအားကလေးများပင် ကြောက်လန့်ဘွယ်ကောင်းလှ၏။ ဥပမာ–ကိုယ့်ထက်သာ၍ မနာလိုရခြင်း (ဣဿာ။)

အစက ကိုယ်နှင့်တန်းတူရည်တူရှိနေရာမှ သာလွန်သွားသူ၊ ညီအကို မောင်နှမရင်းပင် ဖြစ်စေကာမူ ကိုယ့်ထက်သာသွားသူကို မနာလိုရသည်မှာ မစားရ မသောက်ရဘဲ ငရဲကြီးခံနေရ၏။ သားချင်းဖြစ်၍ ဆင်းရဲနေသည်ကို မမြင်ရက်သော်လည်း ကိုယ့်ထက်သာသွားမှာကိုမူ စိုးရိမ်နေ၏။

ကရုဏာကိုသာ ပေးနိုင်၍ မုဒိတာ မပေးနိုင်ချေ။ ထိုစိတ်ဖြင့်ပင် ညီအကို မောင်နှမရင်းများ သေခန်းရှင်ခန်း ပြတ်ကြသည်။

နောက်တခုကား ဝန်တိုမှု (မစ္ဆေရ=မစ္ဆရိယ)

မိမိနှစ်သက်နေသောသက်ရှိသက်မဲ့ ပစ္စည်းများ တခြားလူနှင့် ဆက်ဆံရမည်ကို မလိုလားခြင်း ဖြစ်ရသည်။ မိဘကိုပင်လျှင် ပေးရန်းနိုးလည်းစိုးရိမ်နေရ၏။ ကြိုတင်၍လည်း ကာကွယ်ဖုံးဖိကြရသည်။ မကင်းနိုင်၍ဆက်ဆံခွင့်ပြုလိုက်ရသောအခါ ဒေါသစက်ဝန်းကြီးကိုပင် ကူးစက်လည်ပတ်သွားစေ၏။

ယုတ်စွအဆုံး မီးရထား ကားစီးရာ၌ပင် အလျင်ဦးထား၍ 'ငါ့ဟာ' ဟု ဆုံးဖြတ်ပြီးသည်နှင့် နောက်လူအား လွတ်နေသော တနေရာစာပေးရမည်ကိုပင် စိတ်ထဲမှာ ဆင်းရဲနေရ၏။

နောက် လှည့်ဖြားမှု=(မာယာ)နှင့် စဉ်းလဲမှု=(သာဌေယျ)။

မိမိမှာ ရှိနေသည့် အပြစ်ကို သူများမသိအောင် အမျိုးမျိုး ဖုံးဖိ ကာကွယ်ကာ ဟန်ဆောင် လှည့်ပတ် ခြင်းကို 'မာယာ'ဟု ခေါ်သည်။ အပြစ်ရှိနေ၍ အမြဲကမ်း ပလုံဖလဲ တအုံနွေးနွေးအောင့်နေရသော ဆင်းရဲသည် အဘယ်မျှ အခံခက်လှပါမည်နည်း။

မိမိမှာ အမှန်တကယ် မရှိပါဘဲ ရှိဟန်ဆောင်ခြင်း၊အိတ်ထဲ၌တဆယ် ပါသည်ကို တရာသင်အောင် ဟန်ဆောင်စည်းလဲခြင်း၊ သတ္တိကောင်းဟန်၊ ပညာရှိဟန်၊ တလူးထူးရှိဟန်ဆောင်ခြင်းများကိုမူ 'သာဌေယျ' ဟု ခေါ်သည်။

ထိုအလိမ်များ ပပြည်စေရန် ဟန်ဆောင်ရသည့်ဒုက္ခ၊ အတွင်းလှိုက်၍ တမြေ့မြေ့ မြိုက်နေသော အပူသည် အဘယ်မျှ ကြီးလေးလှပါသနည်း။

## ဆွဲအားစက်ကွင်းမှ ရုန်းထွက်နည်း

အေးအေးဆေးဆေး စဉ်းစားကြည့်ပါ။ ကြည့်တတ်လျှင် မြင်သာလှပေ၏။ ထိုသဘောတရားတို့သည် သင့်ပတ်ဝန်းကျင်၌ နေ့စဉ်နှင့်အမျှ ဖြစ်နေကြ၏။ ထိုအောက်ဆွဲအား အသံများကိုလည်း ကြားနေရ၏။ သင့်စိတ်ထဲတွင်လည်း တခုမဟုတ်တခု ဝင်နေတတ်သည်။ တခုစီတခုစီ ဆွဲထုတ်ခံစားကြည့်ပါ။ မဝင် အောင် ကာကွယ်ပါ။ နှင်ထုတ်ပါ။ အဘယ်မျှ စပ်ခါးပူလောင်သောအရ သာများ ဖြစ်ပါလေမည်နည်း။ မည်မျှကြောက်စရာကောင်းသော အတွင်း ရန်သူများ ဖြစ်သည်ကို စေ့စေ့နှလုံးသွင်းပါ။

လောက၌ လူကုံထံ ပညာရှိတို့သည် ထို အပြစ်အနာအဆာများကို အထိုက်အလျောက်မြင်ကြ၏။ လွှဲဖယ်ကုစားနည်းများကိုလည်း ပေးကြသည်၊ ဖုံးဖုံးဖိဖိနှင့် သာမန် 'လူကြီးလူကောင်း' တယောက်ဖြစ်ရုံ ဆွဲတင်နိုင်သည်မှ အပ ရန်သူနှင့်ထိပ်တိုက်ရင်ဆိုင်ကာ သူနိုင်ကိုယ်နိုင် ခုတ်ထစ်ရသော အမြစ် ပြတ် 'ဆွဲအားမှ ရုန်းထွက်နည်း'ကို မပေးနိုင်ကြချေ။

ရှေးခေတ်က ဘုရားအမည်ခံ ပုဂ္ဂိုလ်တို့သည်လည်း ထိုအောက်ဆွဲ အားများ၏ အပြစ်ကို အထိုက်အလျောက်မြင်ကြ၏။ ရုန်းထွက်ကျော်လွှန် ရန်လည်း ကြိုးစားကြသည်။ နည်းလမ်းများကိုလည်း ချမှတ်ပေးထားကြ ကုန်၏။

ထိုနည်းလမ်းအချို့မှာ–ကိလေသာ တဏှာလောဘကို လက်ကျန်မရှိ အောင် ကာမဂုဏ်ကို တချီထဲနှင့် အဝခံစားပစ်ခြင်း၊ ဆူးပေါ်အိပ်ခြင်း၊ အစာဖြတ် အငတ်ခံထားခြင်း၊ မီးလှူမီးပူတိုက်ခြင်း၊ ရေစိမ်ခြင်း စသည်တို့ ဖြစ်ကြသည်။

## ကိလေသာနို့မျက် ဖြေနည်း

ယခုအခါ လူအများသည်လည်း ကိုယ့်နည်းနှင့်ကိုယ် ကိလေသာကို ကုစား ကြ၏။ ရှောင်လွှဲကျော်လွန်ကြ၏။ သို့၍ လုပ်နေကြသည်ကား မဟုတ်ကုန်။ ဥပမာ–ပမြုပ်၍ လှောင်ထားသောမြွေကို ရံခါရံခါ အပြင်သို့ထုတ်၍ အစာ ကျွေးသည့်နည်းမျိုးပင် ဖြစ်သည်။

ငယ်စဉ်က ချစ်ခင်ယုယမှုကို သူများနည်းတူ မခံခဲ့ရသော ကလေး ငယ်များ ချစ်ခင်ယုယမှုငတ်၏။ မတတ်သာ၍ မသိမသာ သိမ်းဆည်း (အောင့်)ထားခဲ့ရသည်။ ကြီးလျှင် ထိုကလေးမျိုးသည် ချစ်ခင်ယုယမှုကို အကြမ်းဖက် ရယူ (အချစ်ထားပြတိုက်)တတ်၏။

ဥပမာ-ကလေးနီး၍ တမ်းစေ့အောင် နို့မစို့ရဘဲ နို့မျက် နို့ငတ် သော ကလေးသည် မည်သည့်အရာကိုမျှ မကျေနပ်ဘဲ ထိုနို့ငတ်မှုကြောင့် တောက်လျှောက် ကျည်တိုက်တော့သည်။ စိတ်နာ၍ ရုပ်လည်းနာကာ ကျန်း မာရေးပင် ချို့ငဲ့လာတတ်၏။ 'ကိလေသာ နို့မျက်ခြင်း' ကား ထို့ထက် ကြောက်ဘွယ်ကောင်းလှသည်။

တဖန်-ကလေးများ စုပေါင်း၍၊ကစားကြသောအခါ အငယ်ဆုံးက လေးမှာခိုင်းသမျှလုပ်ရ၏။ အနိုင်ကျင့်ခံရ၏။ ကစားဖက်မလုပ်မည်စိုး၍ ခိုင်း တာလုပ်ရသည်။လုပ်ချင်၍မဟုတ်။အောင့်၍လုပ်ရခြင်းဖြစ်၏။ စားသောမုန့်ကို ပင်မပေးချင်ဘဲ ဖဲ့၍ပေးရ၏။ ထိုကလေးသည် မိမိမျိုသိပ်သိုလှောင့်ခဲ့ရသော ထိုအနိုင်ကျင့်ခံရမှုကို မိမိထက်ငယ်သော ကလေးများအပေါ် လွှဲပြောင်း၍ အန်ထုတ်တတ်သည်။ ကြီးနိုင်ငယ်ညှဉ်း၊ ဒေါသကို ပခုံးပြောင်း ဖြေရှင်း ခြင်းပင်တည်း။

မိဘများ သားသမီးများကို ဆုံးမသည်ဟုဆိုကာ ရိုက်နှက်ကြသော အခါ ကလေးအပြစ်ရှိသည်ထက် မိမိ၌တစုံတခုကြောင့် မကျေမလည်အောင့်

အည်းထားရသော ဒေါသကိုအစာကျွေးသည့်ရိုက်ချက်ကပို၍များနေတတ်လေသည်။ လင်မယား ရန်ဖြစ်တိုင်း အိမ်ကခွေးကြီး ထွက်ပြေးလေ့ရှိ၏။

ထို့အတူ လောဘတွေသိုလှောင်ထားဖန်များလျှင် ဘိုင်စကုပ်ကြည့်ခြင်း စသည်ဖြင့် အပြင်ထုတ်၍ အစာကျွေးပေးနေကြရသည်။ ထိုမျှဖြင့် လောဘက မဝသေးလျှင် အိမ်တွင်းရေး ရှုပ်ထွေးကြရ၏။

အားကျမခံ ဂုဏ်တုဂုဏ်ပြိုင်စိတ်နှင့် ဒေါသအပူစိတ်များ အောင့်အည်းသိုလှောင်ထားရဖန်များသောအခါ လက်ဝှေ့ပွဲ ဘောလုံးပွဲစသည်ကိုကြည့်ခြင်းအားဖြင့် ဒေါသကို အပြင်ဆွဲထုတ်၍ အစားကျွေးပေး နေကြရသည်။ သို့မှသာ နေသာထိုင်သာ ရှိသွားကြ၏။ ထိုမျှဖြင့် ဒေါသက မဝသေးလျှင် ဆဲဆို ရန်ဖြစ်ပေးကြရသည်။ လောက၌ ကိလေသာကိုဖြည့်ခံဖြေဖျော်သော အတတ်တို့သည်လည်း များလှကုန်၏။

ယင်းသို့လျှင် လူလိမ္မာဖုံးဖိသောနည်း၊ အကြမ်းနည်း၊ အစာကျွေးနည်း၊ ပခုံးပြောင်းအစားထိုးနည်း စသည်တို့သည် တဒင်္ဂအားဖြင့်ဆွဲအားကိုရှန်းကန်ကာကွယ်နိုင်ပြီဟု ထင်ရစေကာမူ အဆမတန် အင်အား ကြီးမားသော ရေများကို အပူတပြင်း ကန်သင်းဖို့ဆည်ရ သကဲ့သို့ဖြစ်၍ တချိန်ချိန်တွင် တနေရာရာ၌ ထိုးလှုပ်မ့်စီးဆင်း၍ကျိုးပေါက်သွားတတ်ရာ ပို၍ပင်အထိနာတတ်ပေသည်။ မှန်ကန်သောနည်းလမ်းများ မဟုတ်ကုန်။

'သတ္တဝါအများ အဘယ့်ကြောင့် ဆင်းရဲ နေကြရသနည်း' ဟု အကြောင်းရင်း သဘာဝများကို ရှာဖွေသောအခါ ကိလေသာ ဆယ်ပါးမှတပါး အခြားမရှိချေ။ ပြဟ္မာပြည်သို့တက်၍ နေရသော်လည်း သေလျှင်ဝက်ခြံထဲသို့ ဆွဲချနိုင်သော ထိုဆွဲအား စက်ကွင်းကြီးသည် ၃၁–ဘုံလုံးကိုနယ်နိမိတ်ထား၍ လည်ပတ်နေလေသည်။ အကြောင်းအကျိုး အသေးစိတ်ရှုမြင်သုံးသပ်သောအခါ ယင်းဆွဲအားကြီးများကိုပင် 'ပဋိစ္စသမုပ္ပါဒ် စက်ယန္တရား' ဟု သုံးနှုန်းရလေသည်။

ဆိုလိုသည်မှာ တလောကလုံးတွင် ယင်းအခြေခံ အစုန် ဆွဲအားကြီးများကို တိတိကျကျ ကုန်ကုန်စင်စင် မြင်တွေ့သူမှာ မြတ်စွာဘုရားရှင်တပါးတည်းသာ ဖြစ်တော်မူ၏။ ထိုစက်ကွင်းမှ ရုန်းထွက်ရန် အဆန်နည်းလမ်းအမှန်ကိုထုတ်ဖော်ပေးနိုင်သူမှာလည်း ဘုရားရှင်ကိုယ်တော်မြတ်ကြီးမှ လွဲ၍အခြားမရှိပြီ။ ထို့ကြောင့် သတ္တဝါတို့အား ဆင်းရဲပယ်ဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက်ကယ်တင်နိုင်သည်မှာ 'ရတနာ သုံးပါး သာလျှင်ဖြစ်ချေ၏။

လောက၌'ရတနာသုံးပါး'ဟူ၍ ဖြစ်ထွန်း ပေါ်ပေါက်နေခြင်းသည် အဘယ်မျှ အားကိုးမှီခိုစရာ ကောင်းလိုက်ပါဘိသနည်း။

## အဆန်နိယာမ အထက်လမ်း

ပြဆိုပြီး ကိလေသာ ဆယ်ပါးကို အလွန်ကြောက်လန့်စရာ ကောင်းသော ဘေးဆိုး အန္တရာယ်ကြီးအဖြစ် မြင်နိုင်ပါမှ ယခုဖော်ပြမည့် အဆန် နိယာမ အထက်လမ်း နည်းနာများ၏ ကျေးဇူးကြီးမားပုံကို သဘောကျနိုင်ပေလိမ့်မည်။သို့မှလည်း ရတနာသုံးပါး၏ ကျေးဇူးကို အမှန်မြင်၍ သာသနာတော်နှင့်ကြုံကြိုက်ရခြင်း၏ တန်ဘိုးကို နားလည်နိုင်ပေသည်။

ဖတ်ကောင်းအောင် တန်ဆာဆင်၍ရေးသားနေခြင်းမဟုတ်၊ ဉာဏ်စွမ်းရှိသမျှ ပိဋကသုံးပုံကိုခြုံငုံသုံးသပ်၍ လိုရင်းပဓာနကျသည့် အချက်များကို ရွေးထုတ်ပြနေခြင်းဖြစ်၏။

အရေးကြီးမှန်းသိမှ၊ အင်အားကို မြင်မှသာလျှင် ဟော ကောင်း ပြောကောင်း **အခမ်းအနား ဘာသာရေး** ဝါစာကမာ လိုက်နာကျင့်သုံးခြင်းမှ ကျော်လွန်နိုင်ကြပေလိမ့်မည်။

နတ်ကိုးကွယ်သောအဆင့်၊ သာသနာပမှာပင်ရနိုင်သော တန်ခိုးရှင်ကိုးကွယ်သော အဆင့်မှ လွတ်မြောက်ကြရပေလိမ့်မည်။

မြတ်စွာဘုရားရှင် ပွင့်တော်မူခြင်းသည် '**ကိလေသာ တော်လှန်ရေးကြီး**' ဆင်နွဲရန် လက်နက် တပ်ဆင်ပေးခြင်း၊ နည်းလမ်း ပေး ခြင်းသာ ဖြစ်ကြောင်း မှတ်ယူသင့်၏။

နည်းလမ်းများမှာ ဆယ်မျိုးရှိသည်။ယင်းကို 'ပုညကိရိယာဝတ္ထု' ဟုခေါ်၏။(ပုည=ဖြူစင်သန့်ရှင်းရေး+ကိရိယာ=လုပ်ငန်း+ဝတ္ထု=ဖြစ်ထွန်းမှု)

၁။ **ဒါန**=ပေးလှူစွန့်ကြဲခြင်း၊
၂။ **သီလ**=ကိုယ်နှုတ်စောင့်သုံးခြင်း၊
၃။ **ဘာဝနာ**=သမထ ဝိပဿနာ ရှုပွားခြင်း၊
၄။ **အပစာယန**=အသက်သိက္ခာ၊ ဂုဏ်ဝါကြီးသူတို့အား (မြော်လင့်ချက်မထားဘဲ) ခရီးဦး ကြိုဆိုခြင်း စသည်ဖြင့် မြတ်နိုး တနာ ပူဇော်ခြင်း။

၅။ ဝေယျာဝစ္စ=ထိုပုဂ္ဂိုလ်ကြီးများနှင့် လူနာများအား ကိစ္စကြီးငယ်ပြုစု ဆောင်ရွက်ပေးခြင်း၊
၆။ ပတ္တိဒါန=မိမိ၏ ကုသိုလ်ကောင်းမှုကို အမျှပေးဝေခြင်း၊ ('တမလွန်'အခန်း၌ အကျယ်ရှုပါ။)
၇။ ပတ္တာနုမောဒနာ=တခြားသူတို့ ကုသိုလ်ကောင်းမှုပြုသည်ကို မြင်လျှင်၊ ကြားလျှင် အမျှပေးသည် ဖြစ်စေ, မပေးသည် ဖြစ်စေ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခြင်း၊

## နေ့စဉ် အမျှယူနည်း

မှတ်ချက်၊ ။ဘုရားဝတ်တက်ပြီး၍ အမျှအတမ်း ပေးဝေသော အခါတိုင်း "သူတော်ကောင်းကြီးများကလည်းမေတ္တာပွား ပို့ကြလိမ့်မည်၊ အမျှပေးဝေကြလိမ့်မည်"ဟု ရည်မှတ်၍သော်၎င်း၊ မိမိစိတ်တွင် သိမြင်ထင်လွယ်သော သူတော်ကောင်းကြီးများ၏ နေ့စဉ်ပြုလုပ်နေကျ သာသနာပြုလုပ်ငန်းကြီးများကို အာရုံပြု၍၎င်း အောက်ပါအတိုင်း ရွတ်ဆို အာရုံပြုပါ။

"သူတော်ကောင်းကြီးများ ပေးပို့သောမေတ္တာဓာတ်ကိုလည်း ခံယူပါကုန်၏။ မေတ္တာဓာတ် ချမ်းမြေ့တော်မူကြပါကုန်လော့။သူတော်ကောင်းကြီးများ နေ့စဉ်နှင့်အမျှကျင့်ကြံပွားအား အားထုတ်နေသောကုသိုလ်ကောင်းမှုအစုစု၏ အဖို့ဘာဂကိုလည်း အမျှယူကြပါကုန်၏။ စိတ်၌ ရည်မှန်း၍ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပါကုန်၏"

၈။ ဓမ္မဿဝန=အကျိုးရှိအောင် တရားနာယူခြင်း၊
၉။ ဓမ္မဒေသနာ=လာဘ်, ကျော်စောသကာ မငဲ့ဘဲ တရားဟောခြင်း၊
၁၀။ ဒိဋ္ဌိဇုကမ္မ=အယူကို ဖြောင့်မှန်အောင် ပြုခြင်း၊ ကံ,ကံ၏ အကျိုးကို ယုံကြည်ခြင်း။

ဤကား 'ပုညကိရိယာဝတ္ထု'ခေါ် ဆန်တက်ရန် နည်းလမ်းဆယ်မျိုး, တည်း။ ကံလေလသာ တော်လှန်ရေး လက်နက်ဆယ်မျိုးတည်း။

# ( က ) ဒါနတိုက်ပွဲ

## သန့်ရှင်းရေး လက်နက် ၁၀–မျိုး

ပုညကိရိယာ=ဖြူစင် သန့်ရှင်းရေး လုပ်ငန်း ဆယ်မျိုးကို အကျဉ်းချုပ်လျှင် ဒါန,သီလ,ဘာဝနာသုံးမျိုးသာလျှင် ဖြစ်၏။

ပတ္တိဒါန,ပတ္တာနုမောဒနာ နှစ်မျိုးသည် ဒါနအုပ်စု၊ (ဒါနနှင့် သဘောတူ၍ ဒါန၌ အကျုံးဝင်သောလုပ်ငန်း)၊

အပစာယန,ဝေယျာဝစ္စနှစ်မျိုးသည် (စရဏကုသိုလ်ဖြစ်၍) သီလအုပ်စု၊

နောက်ဆုံး 'ဓမ္မဿဝန,ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မသုံးမျိုးသည် ဘာဝနာ အုပ်စုဖြစ်ကြောင်း 'အာစရိယဓမ္မပါလ ဋီကာဆရာကြီး' အမိန့်ရှိသည် ။

ထိုတွင် ဗုဒ္ဓဘာသာဝင်တို့အတွက် ပထမဆုံး သန့်ရှင်းရေး အလုပ်ကား ဒါနဖြစ်သည်။ ဘုရားရှင်က ဒါနကို စစ်တိုက်ရခြင်း (ယုဒ္ဓ)ဟု ဟောတော်မူ၏။ မိမိချွေးနှီးစာနှင့် ရှာဖွေထားရသော ဥစ္စာပစ္စည်းကို စွန့်လွှတ်ရသည်မှာ လွယ်ကူသောအလုပ်မဟုတ်။ လောဘနှင့် ဣဿာ, မစ္ဆေရတို့က အမြဲတမ်း ကန့်ကွက်နေခဲ့ကြသည် မဟုတ်ပါလော။ (ဒါနဉ္စ ယုဒ္ဓဉ္စ သမံ ဟောတိ။ သဂါထာ–သံ၊ ၂၀။)

လောဘ, မစ္ဆေရစသော အောက်ဆွဲအားများကို တွန်းလှန်တိုက်ခိုက်ရခြင်း ဒါနအလုပ်သည် ဗုဒ္ဓဘာသာဝင်တို့အတွက် ပွဲဦးထွက်တိုက်ပွဲပင် ဖြစ်၏။ ဒါနဖြင့် လောဘ, မစ္ဆေရတို့ကို ဆွဲထုတ်၍ ပါးလျားအောင် လှီးဖြတ်ပေးနေခြင်း ဖြစ်သည်။ သူ့အတိုင်းအတာနှင့်သူ ကိလေသာကို ပယ်သတ်ခြင်းပင်တည်း။

ထို့ကြောင့် ဒါနတစ်ခုလုပ်တိုင်း ကိလေသာကို အကြွင်းမဲ့အောင် နိုင်သော နိဗ္ဗာန် ပန်းတိုင်ကို ဦးတိုက် ဆန္ဒပြုကြရသည်။

## နိဗ္ဗာန်လှေကား

ဒါနပြုခြင်းသည် 'ကိလေသာကို မည်သည့်အတိုင်းအတာအထိ စွန့်လွှတ်နိုင်ပါပြီ'ဟု ကျေညာဖော်ပြခြင်းမည်၏။ (ပုနာတိ ပညာယတိ တောနောတိ ပုညံ။ ဗုဒ္ဓဝံ–ဋ္ဌ၊ ၈၈။)

ထိုမှတပါး"ဒါနသည် ပီယဆေး၊စည်းရုံးမှုအောင်မြင်ရေးလက်နက်၊ နိဗ္ဗာန်သွားရာ လှေကားတစင်း၊ စိတ်ကြည်ဆေး" စသည်ဖြင့် ဟောတော်မူသည်။(ဒါနူပပတ္တိသုတ်။)

ဒါနနှင့်စပ်၍ လက်ငင်းကျိုး, တမလွန်ကျိုး, များစွာဟောတော်မူထားသည်။အချုပ်အားဖြင့် စေတနာသုံးတန် ညီညွတ်ရန်နှင့် ဒါနပြုတိုင်း ရိုရိုသေသေ လေးလေးစားစား သန့်သန့်ရှင်းရှင်းလုပ်၍ ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းနိုင်မှုသည် အရေးအကြီးဆုံးဖြစ်သည်။

သာသနာတော်အတွက်၊အလှူခံပုဂ္ဂိုလ်အတွက် အမှန်တကယ်လိုအပ်ချက်ဖြစ်၍ကိုယ်ကျိုးမပဖက် မြော်လင့်ချက်မပါသော အလှူသည် ပို၍အကျိုးပေးထက်သန်စေ၏။

မြတ်စွာဘုရားရှင်သည်လွန်ခဲ့သော ၉၁–ကမ္ဘာအတွင်းက ဖြစ်ရပ်များကိုဆင်ခြင်တော်မူရာ"အလှူရဲ၍ ပွဲသူတဦးတလေကိုမျှ မတွေ့ရ၊ ချမ်းသာကြွယ်ဝနေသူမှန်သမျှ ဒါနရှင်တွေသာဖြစ်ကြောင်း" အတိ အလင်း ဟောပြတော်မူခဲ့သည်။ (ဂါမဏိသံယုတ်ကုလသုတ်။)

လူအချို့ကား သောင်းကိုးထောင် ရက်ရက်ရောရော စွန့်လှူနိုင်သော်လည်း မိဘဆွေမျိုး သားချင်းနှင့် ချို့ငဲ့သူများကို ကူညီမစရန်ကိုမူ ဝန်လေးနေတတ်ကြ၏။ အလှူကြီး ပေးနိုင်သော်လည်း တကျပ် ငါးမူးနှင့် အကြီးအကျယ်ရန်ဖြစ် ငြင်းခုံတတ်ကြသေးသည်။'ဒါန'၏အဓိပ္ပာယ်ကို နားမလည်ရှာကြ။

## သာသနာတွင်းနှင့် သာသနာပ ဒါနချင်းမတူ

သာသနာတော်နှင့် ကြုံကြိုက်တုန်း လှူရသောဒါနသည် 'သာသနာပဒါန' နှင့်မတူ၊ အလွန်အကျိုးကြီးလှ၏။ သာသနာပ ဒါနကြောင့် သိကြားမင်း စည်းစိမ်ကိုရသော်လည်း ကိုယ်ရောင်ကိုယ်ဝါမတောက်မပ၊ ဗိမာန်ကလည်း ညှိုးမှိန်လျက်ရှိ၏။

သာသနာတွင်းဒါနကြောင့် နတ်ဖြစ်ကြသော နတ်သား နတ်သမီးများမှာ ကိုယ်ရောင်ကိုယ်ဝါ လွန်စွာတောက်ပစွာဖြင့် သိကြားမင်း ဗိမာန်အနီးသွားကြလာကြရာ သိကြားမင်းဇနီးမောင်နှံမှာ ရှက်လွန်း၍ ပုန်းနေကြ

ရ၏။နောက်မှအကြံရကာ သူဆင်းရဲအဖိုး အဖွားယောင်ဆောင်၍ လှူပြည့်ဆင်းပြီး ရှင်မဟာကဿပ ကိုယ်တော်ကြီးအား ဆွမ်းလှူကြရသည်။

## မွဲလျှင်လှူ၊ လှူစရာတွေက ပေါ

အလှူဒါန ပြုလုပ်လိုသူများအတွက် လှူစရာတွေကား ပေါလှ ဘိသည်။ ၁၂၆၇–ခုနှစ် ပြာသိုလတွင် ရဟန္တာဟုကျော်ကြားသော ဘုန်းတော်ကြီး ဦးသီလသည် ရွှေကျင်မြို့၌ သိမ်သမုတ်ကြွတော်မူရ၏။ထိုစဉ် တောင်ပေါ်မှ ကရင်ကြီး ငါးယောက် ကန်တော့ပွဲ ကိုယ်စီနှင့်လာရောက်ဖူးမျှော်ကြသည်။

ဘုန်းတော်ကြီး။ ။မင်းတို့တောင်ပေါ်မှာ ချမ်းသာတဲ့လူ ပေါကြရဲ့လား။

ဒကာများ။ ။မပေါပါ အရှင်ဘုရား။ ဆင်းရဲတဲ့ လူတွေဘဲ များပါတယ်။

ဘုန်းတော်ကြီး။ ။ရေမိုးကော ပြည့်စုံကြရဲ့လားကွဲ့။

ဒကာများ။ ။ပြည့်စုံပါတယ် ဘုရား။ ရေလဲ အင်မတန် ကောင်းပါတယ်။

ဘုန်းတော်ကြီး။ ။အိမ်း–ဒါဖြင့် နေရာကျသွားဘဲ။မင်းတို့ဆင်းရဲတဲ့ ကရင်ဒကာတွေ ပိုက်ဆံမကုန်ဘဲနဲ့ ကုသိုလ်ရအောင် ဘုရားကိုနေ့တိုင်း နေတခွက်နှစ်ခွက် လှူကြ။ကြားလား။

ဒကာများ။ ။မှန်ပါ့အရှင်ဘုရား။

တုန်းတော်ကြီး။ ။ဒါန ဘာခက်သလဲကွဲ့။ ပန်းပွင့်မရတဲ့အခါ မျိုး သစ်ခက်သစ်ညွန့်ကလေးတွေ ချိုးပြီးလှူ။ ဖယောင်းတိုင်မဝယ်နိုင်တဲ့အခါ ကော်ကျရိုးတွေ စည်းပြီး ဘုရားကိုမီးပူဇော်ကြ။ ကဲ–ကဲငါးပါး သီလ ယူပြီးပြန်ကြ။

မကြားစဘူး တရားထူးကို ကြားနာကြရသဖြင့် ဒကာများဝမ်းသာ မဆုံး ရှိကြရလေ၏။တန်ခိုးအဘိညာဉ်ဖြင့် လက်တွေ့သိမြင်တော်မူကြသော သူတော်ကောင်းကြီးများက လူတိုင်း ချမ်းသာစေလိုသော စေတနာဖြင့် မလုပ်တတ်စရာလည်း မရှိရအောင် ညွှန်ပြတော်မူခြင်းဖြစ်သည်။

မြတ်စွာဘုရားရှင်၏ သာသနာတော်သည် အလွန်ပွင့်လင်း၏။ လိုက်နာကျင့်သုံးရမည့်လမ်းစဉ်ကလည်း လွယ်ကူလွန်းလှသည်။ တနည်းအားဖြင့် ရိုးရိုးရှင်းရှင်းကလေးပင်တည်း။ အရိုးခံကြီးပင်တည်း။ တကယ် ယုံကြည်၍ အဟုတ်လုပ်နိုင်မှုသာ အရေးကြီး၏။

ခြံစည်းရိုးတွင် အလေ့ကျပေါက်နေသော ပန်းတပွင့်ဖြင့်လည်းနိဗ္ဗာန်ရောက်စေနိုင်၍ နတ်ပြည်လောက်ကိုမူ အသာကလေးပင်တည်း။ (လိပ်ဆူးရွှေပန်းနတ်သမီးစသည်ကို ထောက်ပါ။)

## ခန္ဓာကိုယ်ကို နွားလိုခိုင်း

မြေသြဇာ ကောင်းမွန်သော လယ်ယာတွင် အနည်းငယ် စိုက်ပျိုးရုံမျှဖြင့် သီးနှံများ လုံလောက်အောင် ရရှိတတ်၏။ သာသနာတော်ကြီးနှင့် ကြုံရခိုက် ရတနာသုံးပါး၏ ကျေးဇူးဂုဏ်ကို သိမြင်သော ပုဂ္ဂိုလ်တိုင်းအတွက် သက်တမ်းများ တိုတောင်းလှ၏။ အချိန်တွေ နည်းပါးလှသည်။ လုပ်စရာ အလုပ်ကောင်းကြီးတွေ များစွာရှိနေ၏။ ပဒေသာပင်ကို မတွေ့စဘူး ဆွတ်ခူးရသူကဲ့သို့ လက်မလည်နိုင်အောင် ရှိကြရသည်။

လောက၌သိသူတို့သည်ပို၍အလုပ်လုပ်လေ့ရှိကြ၏။ အရင်းနည်းနည်းနှင့် အမြတ်များများရသည်ကို မြင်ကြရသောကြောင့်ဖြစ်သည်။ လူညံ့များကား ပျင်းလောက်အောင် အချိန်ကုန်ခံနေကြ၏။

ဤနေရာ၌ စစ်ကိုင်းတောင်ရိုး 'လေ့သင်း မင်းကျောင်းဆရာတော်ဘုရားကြီး'နှင့် 'လယ်တီဆရာတော်ဘုရားကြီး' နှစ်ပါးအကြောင်း အနည်းငယ် ဖော်ပြဦးအံ့။

## ထင်းခွေ ရေခပ်သော ဘုန်းတော်ကြီး

လေ့သင်း မင်းကျောင်းဆရာတော်သည် ရောဝတီမြစ်တွင်းသို့ ရေချိုးဆင်းတော် မူလေ့ရှိရာ ရေမျောလာသော ထင်းများကို ကမ်းပေါ်၌ ဆယ်ယူစုပုံထား၏။နည်းနည်းချင်းကျောင်းသို့ ထမ်းသယ်၏။ ဆောင်းအခါ သံဃာများ မီးလှုံရန် ကျောင်းတွင်း၌သာမက ကျောင်းပေါက်မှ ဝတ်ချက်

ရွှာဝင်အထိ နှစ်မိုင်ခန့် လမ်းတလျှောက် မီးဖိုများ ဖိုပေး၏။ ဘုရားကိုလည်း မီးပုံလှူ၏။ ယုတ်စွအဆုံး ခွေးများအတွက်ပင် မီးဖိုပေးလေ့ရှိသည်။

ဧရာဝတီမြစ်ထဲမှ သဲများကို သယ်၍ ကျောင်းဝင်း၌ ခင်းထား၏။ တနေ့ နည်းနည်း နည်းနည်းဖြင့် လှည်းအစီးပေါင်း တထောင်တိုက်ခန့်ရှိသည်။ ကျောင်းဝင်းတပြင်လုံးနှင့် သံဃာများဆွမ်းခံကြွရာ နှစ်မိုင်ခန့် လမ်းတလျှောက်လုံး နံနက်တကြိမ် ညတကြိမ် တံမြက်လှည်း၏။ အလိုအလျောက် သန့်ရှင်းနေ၍ဖြစ်စေ၊ အခြားသူများက လှည်းထား၍ဖြစ်စေ ပြောင်နေသော်လည်း ထပ်၍ လှည်းမြဲလှည်း၏။ "ကာယ ဝေယျာဝစ္စ၊ သေနာသန၊ ကုသိုလ်စော ဖြစ်သဟဲ့"ဟု မိန့်တော်မူသည်။

ကျောင်းတိုက် သံဃာများအတွက် ချိုးရေ သုံးရေ သောက်ရေ အားလုံး မိုးမလင်းမီ ခပ်ထည့်နှင့်ပြီး ဖြစ်လေသည်။ သံဃာငယ်များက သိ၍ ဦးအောင် ခပ်ထည့်ထားလျှင်လည်း ထိုရေများကို ဘုရားလှူပြီး ဧရာဝတီမြစ်သို့ဆင်းကာ ခပ်မြဲခပ်ထည့်တော် မူ၏။ ရေတအိုးပြည့်ရန်ပင် မလွယ်ကူချေ။

## သေတဲ့အထိ စဉ်းစားပြီး

သံဃာများသုံးရန် ဒန်ပူတံ, ကနုတံများကိုလည်း သောင်းသိန်းချီ၍ ကိုယ်တိုင်သပ်တော်မူ၏။ ဘုရားရှင်ကိုလည်း ဆီမီး ပန်း ရေ လှူရိုးလှူစဉ်မှမက ရာသီဥတုအလိုက် ဆောင်းခါ မီးဖို၍လှူခြင်း၊ နွေခါ ယပ်လေခပ်၍ လှူခြင်းများကိုလည်း ပြုတော်မူသည်။ (သိန်းထီပေါက်မှ လှူမည့်သူများ အတုယူရန်။)

ထိုအလုပ်များကို ကျောင်းထိုင်အဓိပတိ သက်ရွယ်ကြီးဆရာတော်ကြီးတပါး အဖြစ်ဖြင့် လုပ်နေခြင်းဖြစ်၏။တဖက်က စာချခြင်း၊ တရားဟောခြင်း၊ စာရေးခြင်း (ကျမ်းပြုခြင်း)နှင့် တရားအားထုတ်ခြင်းများ လုပ်သည့်ကြားက လုပ်တော်မူခြင်း ဖြစ်သည်။ အခါရာသီအလိုက် ဤမျှစေ့စေ့စပ်စပ် နှစ်စဉ် လစဉ် နေ့စဉ်လုပ်တော်မူသော်လည်း လူသိမခံ။ ရဟန်းငယ်များ အိပ်ရာက နိုးမှသာ ရေခပ်ပြီး၊ တံမြက်လှည်းပြီး မီးဖိုပြီးဖြစ်နေသည်ကို အမြဲတွေ့နေကြရ၏။ မအိပ်မနေ အလုပ်လုပ်တော်မူကြသည်။

ရတနာသုံးပါးအတွက်၊ သံဃာများအတွက် ဤမျှ အနစ်နာ ခံတော်မူသော်လည်း မိမိအတွက် အခြားသူများ တာဝန်တက်မည်ကိုမူ နည်းနည်းကလေးမျှ လိုလားတော် မမူ။

တချိန်တွင် ဝမ်းသွန်ရောဂါဖြစ်၍ သေမည်ထင်သဖြင့် သုသာန်သို့ ဒရွတ်ဆွဲ အထောက်ထောက်နား၍ ည တိတ်တဆိတ် ထွက်သွား၏။ မိုးလင်း၍ ရှာကြသောအခါ မြေပုံတခု၌ ခေါင်းဆိုက် မြောနေရင်း "ငါသေရင်မင်းတို့ ဒုက္ခမများအောင်လို့"ဟု မိန့်တော်မူသည်။

## သာသနာ့ကျွန် ခံပါရစေ

လယ်တီဆရာတော်လည်း ထိုရတနာသုံးပါးဝတ်ကြီး အနှစ်နှစ်ဆယ်ကျော် လုပ်တော်မူသည်။ မုံရွာမြို့တွင်းသို့ ဆွမ်းခံကြွတိုင်း ရေအိုး၊ တံမြက်စည်းများကိုပါ သပိတ်အိတ်နှင့်အတူ ယူဆောင် ကြွသွားလေ့ရှိ၏။ ရွှေစည်းခုံဘုရားအနီးရှိ တရပ်တသူခန့် ချောက်ကြီးများကို မြေဖို့ခြင်း၊ လမ်းခင်းခြင်း၊ မိမိကျောင်းတိုက်တွင်မျှမက မြို့တွင်းကျောင်းများ၌ပင် ကုဋ္ဌီမှအစ ရေခပ်လောင်းထည့်ခြင်း၊ တံမြက်လှည်းခြင်းများ ပြုလုပ်ပြီးမှ ဆွမ်းခံတော်မူသည်။

"ခန္ဓာကိုယ်အငှား နွားကြီးကို တန်အောင်ခိုင်းပေးမှဟေ့"ဟုလည်း ကျုံးဝါးတော်မူလေ့ရှိသည်။

နေ့စဉ်နှင့်အမျှလာရောက်ရေခပ်၊တံမြက်လှည်းနေသော လယ်တီဆရာတော်အား မြို့တွင်းကျောင်းခံဘုန်းကြီးများက ကြာလျှင် အားနာလာကြသဖြင့်—

"လယ်တီဘုန်းကြီး၊ သည်လိုမလုပ်ပါနဲ့။ သည်းခံပါတော့၊ တော်လောက်ပါပြီ"ဟု တောင်းပန်ကြရာ—

"တပည့်တော်ကို သနားရင် ခွင့်ပြုပါ။ တသံသရာလုံး တပည့်တော်ရဲ့ လက်တွေခြေတွေဟာ သားကျွန်မယားကျွန်ဘဲဖြစ်ခဲ့ရပါတယ်၊ ကံကောင်းထောက်မလို့ သာသနာနှင့်ကြုံတုန်း သာသနာ့ကျွန် သံဃာ့ကျွန်အမှု ပြုခွင့်ပေးကြပါ ဘုရား"ဟု ပြန်လည် တောင်းပန်၍ လုပ်မြဲလုပ်တော်မူသည်။

သံဃာများကို ဆွမ်းခံကျွေးရုံမျှမက ဆွမ်းစားပြီးလျှင်လည်း သံဃာများ စားသောက်သည့် ခွက်ပန်းကန်များကိုပင် ကိုယ်တော်တိုင် ဆေးကြောလိုက်သေးသည်။

သံဃာများ နေထိုင်မကောင်းလျှင် မည်မျှလောက် ကြောက်စရာကောင်းသောကူးစက်ရောဂါကြီးပင်ဖြစ်စေ၊ ကိုယ်တိုင် သူနာပြုလုပ်၏။ လေ့သင်းမင်းကျောင်းဆရာတော်ကား သေလျှင် အလောင်းကို ကိုယ်တိုင်ထမ်း၍ သုသာန်ပို့ သင်္ဂြိုဟ်တော်မူသေးသည်။ (အပြည့်အစုံကို 'ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ' စာအုပ်၌ ရှုကြပါကုန်။)

## ဘာကြောင့် ဒီလောက်ဒုက္ခခံကြသလဲ

ယင်းသို့ ပြုလုပ်တော်မူကြခြင်းမှာ–

၁။ ရတနာသုံးပါး၏ ကျေးဇူးကိုသိ၍၊

၂။ ဒါန, ဝေယျာဝစ္စ (သီလ)ဖြင့် ကိလေသာကို တိုက်ပွဲဝင်တော် မူကြခြင်းပင်ဖြစ်၏။

ထိုသို့ ပြုလုပ်တော်မူကြရာ၌–

၁။ (မိမိတို့ကဲ့သို့ အသက်သိက္ခာ၊ အသိဉာဏ်ပညာ မကြီးကြသေးသော)ရှင်ငယ်၊ ရဟန်းငယ် (သံဃာ)တို့ကို အလေးအမြတ် တန်ဘိုးထားခြင်း။

၂။ ထိုသံဃာတော်များအတွက် အမှန်တကယ် လိုအပ်ချက်များကိုသာ ပေးလှူပြုလုပ်ခြင်း။

၃။ 'ကမ္မဋ္ဌာန်းထိုင်လျှင် ပြီးတာဘဲ'ဟု ယူဆတော် မမူကြဘဲ အချိန်အခါ အခြေအနေ ပေးသလောက် ဒါနမှ စ၍ 'ပါရမီလုပ်ငန်း'တို့ကို မလွှတ်တမ်း အရယူတော် မူခြင်းပင်တည်း။

ဤနေရာ၌ ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့ အထပ်ထပ် စစ်ကြောမေးမြန်းသင့်သည့် မေးခွန်းများလည်း များစွာ ထွက်ပေါ်လာနိုင်ပေ၏။ ကိုယ်တိုင်ကျေနပ်သော အဖြေများ ပေးနိုင်ရန် ကြိုးစားကြရာသည်။

## သချ်ာလွန် ချမ်းသာ

အတိုင်းအတာ သချ်ာအကန့်အသတ်ရှိသော ချမ်းသာ (မတ္တာသုခ) ကိုစွန့်လွှတ်ရမှ ကျယ်ပြန့်သော ချမ်းသာ (ဝိပုလသုခ) ကို ရမည်။

(ဓမ္မပဒ)

# ( ၁ ) သီလစွမ်းအင်

## ဘုန်းတော်ကြီး ဦးသီလ

သီလ၏ ကျေးဇူးဂုဏ် စွမ်းအင်များကို မပြမီ နာမည်ကျော် 'ဘုန်းတော်ကြီး ဦးသီလ'၏ တရားတပုဒ်ကို ဖော်ပြဦးအံ့။

၁၂၆၉–ခုနှစ် ကဆုန်လဆန်းက ဖြစ်သည်။ ဘုန်းတော်ကြီးသည် ဓနုဖြူမြို့သို့ သိမ်သမုတ် ကြွတော်မူ၏။ ဘုန်းတော်ကြီးအား ကြိုဆို ဖူးမျှော်ကြသော မြို့လူထုကြီးမှာ ပကြုံစဖူးစည်ကားလှသည်။တရားနာယူရန်လာကြသော ပရိသတ်ကြီးမှာလည်း မဏ္ဍပ်တခုလုံး ပြည့်လျှံသွား၏။

မြတ်စွာဘုရားရှင် ကြွတော်မူသကဲ့သို့ အရပ်လေးမျက်နှာမှသူ့ထက်ငါ လာရောက်ဖူးမျှော်၍ တရားနာယူနေကြသည့် လူည်းအုပ်ကြီးမှာလည်း ပဏ္ဍပ်ကြီးကို အထပ်ထပ် လှည့်ပတ်ဝိုင်းရံလျက်ရှိသည်။

### အထက်နေ့ပါအုံး၊ အောက်ကိုလုံအောင်ဖုံး

ဘုန်းတော်ကြီး တရားဟောပလ္လင်ပေါ် ရောက်လာသည်နှင့်တပြိုင်နက် သူ့ထက်ငါ နေရာလုနေသော ပရိသတ်ကြီးမှာ ငြိမ်ကျသွား၏။ ဩကာသကန်တော့ချီးဆိုးလျှင် "တောင်းသည့်ဆုအကိုင်းပြည့်စုံကြစေ'ဟု ဆုပေး၏။ ပြီးလျှင် သရဏဂုံဆောက်တည်၍ ငါးပါးသီလကို အနက်ပါ ချပေးသည်။

ထို့နောက် "အပ္ပမာဒေန သမ္ပာဒေထ=ကုသိုလ်ကို မမေ့သောသတိဖြင့် ပြည့်စုံကြစေ"ဟု နိဂုံးချုပ်တော်မူ၏။

ထို့နောက် နှစ်မိနစ်ခန့် ငြိမ်သက်နေ၏။ ပရိသတ်ကြီး မှာလည်း ဘုန်းတော်ကြီးဟောမည့်တရားကို အာရုံစိုက် နားစွင့်နေကြသည်။ အသက်ပင် ပြင်းပြင်းမရှူကြ။ နှစ်မိနစ်ခန့်ကြာလျှင်–

"အဝေးကြီးကလာကြတဲ့ပရိသတ်တွေ အိမ်ပြန်ရင်ပါသွားဘို့တရားကို ပေးလိုက်မယ်၊ မှတ်သွားကြ။ သူ့အသက်ကို မသတ်ကြနှင့်။ သူ့ပစ္စည်းလဲ မပေးဘဲ မခိုးယူကြနှင့်။ သူများအိမ်ယာကို မကျူးလွန်မပြစ်မှားကြနှင့်။ စကားပြောတိုင်း လိမ်မပြောကြနှင့်။သေရည်သေရက် ဘိန်းဘင်းမသောက်စားကြနှင့်။ လုံခြုံအောင်ထိန်းကြ။ ဒါကိုယ်ချင်းစာတရားလို့ ခေါ်တယ်။

"ကဲ တော်လောက်ပြီ၊တရားရှည်ရှည်နာရအောင် တရားဟောပုဂ္ဂိုလ်များက ဆက်ပြီး ဟောကြလိမ့်မယ်။ ရှိရှိသေသေနာယူကြ"

ဘုန်းတော်ကြီးသည် ထိုသို့ဟောအပြီး . တရားပလ္လင်မှ ဆင်းကြွတော်မူလေ၏၊ အချိန်ကြာမြင့်စွာ ကိုးတွေ့စောင့်စားနေကြရသော ပရိသတ်ကြီးမှာ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

ဘုန်းတော်ကြီးဟောခါမှ ငါးပါးသီလသည် ပြန်လည် အသက်ဝင်လာသကဲ့သို့ဖြစ်၍ တသက်လုံး ပြောမပြီးအောင် တခါထဲ စွဲ၍သွားကြတော့သည်။ "ဤမျှ အရေးကြီးပါကလား" ဟုငင်း၊ "အထက် နေပါအုံး၊ အောက်ကိုလုံအောင်ဖုံး"ရမည်ကိုငင်း သဘောကျသွားကြလေတော့သည်။

ဘုန်းတော်ကြီးအနေကလည်း ခက်ခက်ခဲခဲ လာရောက်ကြသူများအား ကြုံတောင့်ကြုံခဲဖြစ်၍ 'အရေးအကြီးဆုံးတရား''ကို ပေးသနားတော်မူခြင်းဖြစ်၏။

ထိုတရားသည် ဓနုဖြူသားတို့အတွက် ဘုန်းတော်ကြီး၏ နောက်ဆုံးတရားပင်တည်း။ အကြောင်းကား ဘုန်းတော်ကြီးသည် ဓနုဖြူမှ ဇလွန်မြို့သို့ သိမ်သမုတ်ရန် ဆက်၍ကြွတော်မူရ၏။ ထိုနှစ် ကဆုန်လပြည့်ကျော်လေးရက်နေ့တွင် ဇလွန်မြို့၌ ပရိနိဗ္ဗာန် စံတော်မူလေသည်။

ယင်းသို့လျှင်အရိယာသူတော်ကောင်းကြီးများကလည်းငါးပါးသီလကို အလွန်အရေးကြီးသော၊ မကျင့်ဘဲနေ၍ မရသော တရားကြီးအဖြစ် တဖွဖွ ထောက်ခံ ဟောပြတော်မူကြသည်။ စွမ်းအားကို ရိပ်စားမိရုံမျှပင် စမ်းသပ် ကျင့်ကြံမှု မရှိသူများက (အလိုလိုလုံလဲနေဟန်) အရေးမကြီးလှသကဲ့သို့ငင်း၊ အရေးကြီးသည်၊ကောင်းပါသည်ဟု ယောင်ရမ်းဝန်ခံ ကြသော်လည်း 'လက်တွေ့ မလွယ်ဘူး' ဟုငင်း ထင်မှားနေတတ်ကြ၏။

## ဝါစာကမာ ရိုးရာလုပ်ဟန် ဖယ်ရှား

ကိုယ်ဝတ်ပုဆိုးကဲ့သို့ အရေးကြီး၍ အသားကျသွားလျှင် ကိုယ်ဝတ်ပုဆိုးဝတ်ရသကဲ့သို့ပင် လွယ်ကူပေါ့ပါးလှပေသည်။

တဘဝတွင် နေ့ခင်းနေ့ဝက်လောက် အဟုတ်လုံဘူးသည် ရှိအောင်ယခုပင် စမ်းသပ်ကြည့်သင့်၏။ သို့သော် တိတိကျကျလုပ်ရန်ကား အရေးကြီးလှသည်။ ဥပမာ—

"ဤဃနေ့ငါးပါးသီလကို အဟုတ်လုံခြုံအောင် ထိန်းမည်"
"ဤဃနေ့သူ့အသက်သတ်ခြင်း၊ ယွှမဟုတ်-မုသားပြောခြင်း
ကို အထူး လုံခြုံအောင် စောင့်မည်"

ဟု ကြုံး၀ါးကာ ၀ါစာကမ္မာ ရိုးရာလုပ်နည်း လုပ်ဟန်များကို ဖယ်ရှား၍ လူသစ်စိတ်သစ် အသိသစ်ဖြင့် ပြင်ထိုင်ပါ။ လေ့ကျင့်ပါ။

မိမိကိုယ်ကို ကြိုတင်ခမေးမြန်းပြီးမှ 'ပါဏာတိ ပါတာ ဝေရမဏီ'ဟု ရဲရင့်စွာ ကျေညာလိုက်ပါ။

တရက်ပြည့်သွားလျှင်"မည်သည့် သီလသိက္ခာပုဒ်၌ အားနည်းပျော့ညံ့ နေသေးသနည်း"ဟု ပြန်လှန်စစ်ဆေးပါ။ ယင်းကိုပင် 'သီလာနုဿတိ'ဟု ခေါ်သည်။ ကုသိုလ်တမျိုး တိုးပွားခြင်းပင်တည်း။

ယင်းသို့ အထပ်ထပ် စစ်ဆေးကြည့်၍ 'လုံသဲနေပြီ' ဟု မိမိကိုယ်ကို အဖြေပေးနိုင်သော အဆင့်သည် အခြေခံ ကောင်းစပြုနေသည့် အမှတ် အသားပင်တည်း။ ထိုအဖြေနှင့် ပူးတွဲပါရှိသော ပီတိသည် တန်ခိုးရှိစ ပြုလာ သော သီလဖြစ်ကြောင်း မှတ်ယူနိုင်ပေသည်။

ထိုပီတိမှ ဆင့်ပွားရိုက်ခတ်လာသော ရွှင်လန်းမှု၊ ချမ်းသာမှုစသော "ကုသိုလ်အလျဉ် သီလ အင်အား"များသည် အသစ်အသစ် ဖြစ်ပွားနေသော ဤခန္ဓာကိုယ် ရုပ်ကလာပ်အစဉ်၊ စိတ်နာမ်အစဉ်၊ သူနှင့် ဆက်စပ်နေသော သက်ရှိသက်မဲ့ ပတ်ဝန်းကျင်တခုလုံးအား အဆင့်ဆင့် ရိုက်ခတ် လွှမ်းဖုံးသွား လေတော့၏။

'သီလသည် အာဏာဒေသနာတော်'ဖြစ်၍ မိမိကိုယ်ကို ကျေနပ်သည် အထိ(ကိုယ့်ကိုယ်ကိုယ်ကြည်ညိုလို့ရသည်အထိ)လေ့ကျင့်ခန်းဝင်ပြီးသူသည် သက်ရှိသက်မဲ့ ပတ်ဝန်းကျင်အပေါ် အာဏာတည်၍ ဩဇာညောင်းသူ၊ လက်ညှိုးညွှန်ရာ ရေဖြစ်သူ ဖြစ်လာတော့သည်။

## ဘုရားရှင်ကိုယ်တိုင် အာမခံချက်

မြတ်စွာဘုရား ပါဋလိဂ္ဂါသားများအား အောက်ပါအတိုင်း 'သီလအင်အား ငါးမျိုး' ကို ဟောတော်မူ၏။

၁။ သီလရှိသူသည် အရာရာ၌ စဉ်းစားဆုံးဖြတ်မှု မှန်ကန်ခြင်း၊ ကံဘိတည်ခြင်း စသော အရည်အချင်းကောင်းများ ရှိလာ

သဖြင့် စီးပွားဥစ္စာများ လွယ်လင့်တကူ အစုလိုက်အပုံလိုက် ရရှိခြင်း(သီလဝါ သီလသမ္ပန္နော အပ္ပမာဒါဓိကရဏံ မဟန္တံ ဘောဂက္ခန္ဓံ အဓိဂစ္ဆတိ။)

၂။ 'ဒီလူက မဟုတ်တာကို မပြောဘူး၊ မလုပ်ဘူး'' စသည်ဖြင့် ချစ်ခင်လေးစားခြင်း ခံယူရသည့်အပြင် မိမိအရှိန်အဝါများ ပတ်ဝန်းဝင်၌ ရိုက်ခတ်သွားခြင်း၊ အာကာသတည်၍ သြဇာ ညောင်းခြင်း (ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ၊)

၃။ အပြစ်ကင်းမဲ့၍ ရိုးသားဖြောင့်မတ်သူ၊ ကိုယ်ချင်းစာတရား ရှိသူ ဖြစ်လာသဖြင့် အပွဲပွဲတွင် ရဲရင့်ထင်ပေါ်ခြင်း (ပရိသ ဝိသာရဒေါ ဟောတိ။)

၄။ သေမင်းကိုပင် ရင်ဆိုင်ရဲခြင်း၊ (မိမိက မှန်မှန်ကန်ကန် ပြုလုပ် စေကာမူ အကြောင်းတစုံတရာ ချို့ငဲ့သဖြင့် မအောင်မြင်ရ ခြင်း။ လူမှုဒုက္ခအမျိုးမျိုးနှင့် အခိုက်အတုန့် တွေ့ကြုံရခြင်း များကိုမူ အလွယ်တကူပင် ရင်ဆိုင် နိုင်တော့သည်။) (အသမ္မူဠ္ဌော ကာလံ ကရောတိ၊)

၅။ သေရသည့်နောက်တွင်လည်း လူကောင်းနတ်ကောင်း ဖြစ်ရ ခြင်း (သုဂတိံ ဥပပဇ္ဇတိ—ဘေသဇ္ဇက္ခန္ဓက—၃၂၂။

နိဗ္ဗာန်အထိ ပို့တင်နိုင်သော သီလ၏ မမြင်နိုင်သောစွမ်းအားတို့ကား များစွာ ရှိခန၏။ မြေသြဇာကောင်းမွန်သော လယ်ယာခြံမြေတွင် စိုက်ပျိုး ပါက မည်သည့် အသီးအနှံသာ ဖြစ်ထွန်းသည်ဟု ကန့်သတ်၍ မရ။ ဉာဏ်ရှိသလို စိုက်ပျိုးသုံးစား၍ မကုန်နိုင်ချေ။

ထို့ကြောင့်'သီလကို ပဒေသာပင်ကြီး'ဟုပင် ခေါ်ဆိုကြရလေသည်။

## တုံ့ပြန်မှု နိယာမ

လူတိုင်းလူတိုင်းတွင် ကံငါးပါးနှင့်စပ်၍ လွန်ကျူးမိရန် ထိပ်တိုက် တွေ့ဆုံ နိုင်သော ပတ်ဝန်းကျင် အခြေအနေကလေးများ ရှိနေတတ်ကြသည်။ ကိုယ့်အကြောင်း ကိုယ်အသိဆုံးဖြစ်၏။ မတော်တဆ လွန်ကျူးရန် အခြေ အနေနှင့် ရင်ဆိုင်ရသော် မည်သည့် အတိုင်းအတာအထိ ပြတ်သားရပါ

19.ဒုတိယအကြိမ်

သနည်း။ စွန့်လွှတ်ရပါသနည်း - စည်းစိမ်ကို၊ ဂုဏ်သိမ်ကို။ ရာထူးကို၊ အသက်ကို။

လောက၌ မပေးဘဲ မည်သည့်အရာမျှ ရရိုးမရှိ။

မည်သို့ဖြစ်စေ။ သင်ပြုတ်သားသလောက် တုံ့ပြန်မှု အကျိုးလည်း ပြုတ်သားလာပေလိမ့်မည်။ စွန့်ဂုံ့သလောက် စားရပေလိမ့်မည်။

သေရေး ရှင်ရေးဖြစ်၍ သင့်စိတ်ထဲတွင် မချိမဆန့် 'စွန့်လွှတ်လိုက်ရပြီ၊ နစ်နာဆုံးရှုံးသွားပြီ'ဟု ထင်ရသော်လည်း တရားဘက်၌သာပြတ်ပြတ်သတ်သတ် ဖြစ်ချင်ရာဖြစ် ထိုင်ချလိုက်သည်နှင့်တပြိုင်နက်'စွန့်လွှတ်လိုက်ရပြီ၊ နစ်နာဆုံးရှုံးသွားပြီ'ဟု ထင်ရသောအရာများသည် တကယ်စွန့်လွှတ်ရခြင်း၊ ဆုံးရှုံးရခြင်း အလျဉ်းမရှိသည်ကို အံ့သြစွာ တွေ့မြင်ရပေလိမ့်မည်။ ထိုမျှသာမက မူလက ရှိနေသည်ထက်ပင် အဆပေါင်းများစွာ တိုးပွားလာသည်ကိုပါ တွေ့မြင်ရပေလိမ့်မည်။

'လောကမာယာ'သည် ဆန်းကြယ်စွာ့။ တရားအင်အားသည် အံ့ဘွယ်သရဲရှိစွာ့။ ကိုယ်တွေ့မကြုံက ယုံဘွယ်မရှိ။

## အသက်ကို သီလနှင့်လဲနိုင်မှ

မည်သို့ဖြစ်စေ မိမိစိတ်ထဲ၌ ကြိုတင်၍ အသက်ကိုပင်လျှင် သီလနှင့် လဲ၍ယူရဲသော သူဘော်ကောင်းသတ္တိ၊ မြှော်လင့်ချက် မပါသော စွန့်လွှတ်နိုင်စိတ်တို့ကို မွေးမြူ၍-

'ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ'

ဟု ရဲရင့်စွာ ကျေညာလိုက်ပါ။

တရားသည် တရားရှိသူကို ဘယ်ပုံ စောင့်ရှောက်ကြောင်း သင်ကိုယ်တိုင်ကျေနပ်လာစေရမည်။ "ဟေိပဿိကော=လက်တွေ့စမ်းကြည့်ပါ။ သန္ဒိဋ္ဌိကော,အကာလိကော=ကိုယ်တိုင်တွေ့ရပါစေမည်။ နောင်ဘဝ စသည် အချိန်မဆွဲ။ လက်ငင်း အကျိုးရှိပါစေမည်"ဟု ကျေညာ၍ အာမခံရဲသော တရားတော်ဖြစ်ပါပေ၏။ ငါးပါးသီလသည်မဂ္ဂဖိုလ်မပဋိပဒါလမ်းပေါ်သို့ပထမဆုံး တင်ပို့ပေးသော အင်အားဖြစ်၏။ ရှေ့သို့ဆက်၍ လျှောက်သွားပါမူ ဘဝသံသရာတလျှောက်လုံးနိဗ္ဗာန်အထိ မည်မျှလောက် ဖြောင့်ဖြူးသာယာ၍ ချမ်းသာရသည်ကို ယခုပြောလျှင် သင်ယုံမည်မဟုတ်သေး။

## မရိုးနိုင်သော အရိုးခံတရား

လောက၌ အရောင်တို့သည် အမျိုးမျိုး ရှိကုန်၏။ ဖြူ, နီ, ကြောင်, ကျား စသည်အားဖြင့် သာမန်မျက်စိဖြင့် မြင်ရသော အရောင် အဆင်းသည် ခုနစ်မျိုး ရှိသည်ဟုဆိုလျှင် သိပ္ပံပညာဖြင့် ကြည့်ပါက သုံး-လေးဆမျှ မက အရောင်အဆင်းများ များစွာ ထွက်ပေါ်လာနိုင်၏။

ထိုတွင် အနီကမှ လှသည်၊အပြာကမှ ယဉ်သည် စသည်ဖြင့် ကြိုက်ရာ ကြိုက်ရာ စရိုက်အထာအလိုက် သတ်မှတ်ကြ၊စွဲလမ်းကြကုန်၏။

မည်သည့်အရောင်သည် မည်မျှလောက် လှပသည်ဟုဆိုစေ။ အရောင် အဆင်းမှန်သမျှ အဖြူရောင်ကိုမမှီ။ အဖြူသည် ပည်သည့် အခါတွင်မှ ရိုးမသွား။ နိုင်းယှဉ်စရာ အရောင်အဆင်းတွေ များလာလေလေ (မြင်တတ် လျှင်) အဖြူသည် ပို၍ တောက်ပြောင်လေ၊ တန်ဘိုးတက်လေ ဖြစ်လာရ၏။

'အရိုးကို အရွက်မဖုံးနိုင်' ဟူသကဲ့သို့ အဖြူသည် အရိုးခံဖြစ်၏။ ထို့ကြောင့် ဘယ်တော့မှ မရိုးနိုင်သော အသစ်လွင်ဆုံးအဖြစ် အမြဲရပ်တည် နေသည်။

''အရောင်တို့တွင် အဖြူရောင်သည်သာ အစင်ကြယ်ဆုံး အကောင်းဆုံး ဖြစ်သည်''ဟု တစုံတဦးသော ဘုရားရှင်က ပညတ်၍ ကောင်းရသည် မဟုတ်။ ပင်ကိုယ် သဘာဝ နိယာမ အရပင် ကောင်းနေခြင်း ဖြစ်သည်။

'ငါးပါးသီလ'ဟူသည် မည်သည့်ဘုရားရှင်ကမှ သတ်မှတ်ပေးထား သော 'ပညတ်တော်'မဟုတ်။ ကမ္ဘာ့နိယာမ ပင်ကိုယ်သဘာဝ အဖြူရောင် ကြီးပင်တည်း။ အတိုးအဆုတ်, အလျှော့အတင်းလည်းမရ၊ မည်သည့်အခါမှ လည်းရိုး၍မသွား။

ကြီးပွား ချမ်းသာလိုသူတိုင်း အတွက် လက်ငင်းတန်ခိုးပြနိုင်သော ကမ္ဘာ့ ဥပဒေတော်ကြီးပင်။

'အလျှော့အတင်းမရ' ဆိုသော အချက်နှင့်စပ်၍ ငါးပါးသီလတွင် 'ပါဏာတိပါတ=သူတပါးအသက်ကိုမသတ်ရ' ဆိုသော ပထမ နိယာမတခု ကိုပင် ကမ္ဘာတွင် ခေတ်အဆက်ဆက် အလျှော့အတင်း လုပ်၍ ကျင့်သုံး ခဲ့ကြသည်။ ဥပမာ—

၁။ 'လူကို မသတ်ရ'ဟုလျှော့တွက်သူများ တွက်ခဲ့ကြ၏။

၂။ တဖန် ရေနှင့်မြက်, သစ်ပင်များကိုပင် အသက်ဝိညာဉ်ရှိသည်ဟုခံယူကာ မနှိပ်စက်မဖျက်ဆီးရဟု လွန်၍ ကျင့်ကြပြန်သည်။

၃။ နောက်တချက်ကား–' ဘာကိုသတ်သတ် ဘာမျှမထူး'ဟု လုံးဝ ပယ်ချသော အစွန်းတခုလည်း ထွက်လာပြန်၏။ သဗ္ဗညုတဉာဏ်ကို အထင်မကြီးကြ။

မည်သို့ဆိုစေ။ထို ကမ္ဘာ့ နိယာမကြီး ငါးချက်နှင့်စပ်၍ ဆင်ခြေဆင်လက်အထွန့်တက် ငြင်းဆန်သူတိုင်း နိယာမ၏ ဒဏ်ခတ်ခြင်းကို ခံရမည်မှာ သေချာလှပေသည်။

## ငါးပါးသီလ အခြေခံဥပဒေဖြစ်သော ခေတ်

လူတို့သည် ကိုယ်ပိုင်အင်အားအဖြစ်ကျင့်သုံး၍ ကိုယ်တိုင်ကိုယ်တွေ့ သဘောမသက်ဝင်သေးသမျှ နည်းအမျိုးမျိုးနှင့် လှည့်ပတ်ကွေ့ရှောင်၍ နေတတ်ကြမြဲပင်တည်း။

ကိုယ်တိုင်ကျင့်စမ်း၍ လူကိုမြှင့်တင်ပေးသော အင်အားများ ဖြစ်သည်ကို အကြွင်းမဲ့မြင်လာကြသောအခါ "ထိုဟာကိုပင် လိုက်နာကျင့်သုံးမှ လူဆုဝင်သည်။ ဂုဏ်ရှိသည်"ဟု အလိုလို သဘောပေါက်လာကြသည်။

လူ့အဆောက်အဦကြီး ဇခုလုံးပင် ပြောင်းလဲသွားရသော အချိန်အခါမျိုးသည် တချိန်တခါ ဖြစ်လာတတ်မြဲပင်တည်း။

၁။ ဓမ္မပါလအမျိုးသားတို့သည် လူမျိုးစု တရပ်လုံး ကျင့်သုံးလိုက်နာကြသဖြင့် လူသည် အိုမှသာသေရသည်ဟု နားလည်ကြ၏။ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် သူတို့အမျိုး၌ သေရိုးထုံးစံမရှိ။

ထို့ကြောင့်သည်း ဘုရားရှင်က "သီလံ ယာဝဇရာ သာဓု=အိုသည့်တိုင်အောင် ကောင်းသည်မှာ သီလသာတည်း" ဟု ဟောတော်မူ၏။

၂။ ကုရု တိုင်းသားတို့သည့် ပြည့်တန်ဆာမင်္ဂ စ၍ ငါးပါးသီလကို အခြေခံဥပဒေကဲ့သို့ လိုက်နာခဲ့ကြသည်။ထို့ကြောင့်

ကုရုတိုင်းသည် ထူးထူးခြားခြား မိုးလေဝသ မှန်ကန်၍ သီးနှံဖွံ့ဖြိုးခဲ့သည်။ ငြိမ်းချမ်း သာယာခဲ့သည်။

မြတ်စွာဘုရားပွင့်တော်မူသောအခါ အလွန်မြင့်မြတ်လေးနက်လှသော သတိပဋ္ဌာန် တရားတော်ကို ဟောကြားရန် နေရာဒေသ လူမျိုးရွေးချယ်သောအခါ ထိုကုရုတိုင်းကိုပင် ရွေးချယ်တော်မူခဲ့ရသည်။

ထိုတိုင်းဒေသ, ထိုလူမျိုးတို့သည်သာလျှင် ကျန်းမာသက်ရှည်ခြင်း၊ ကိုယ်ချင်းစာတရား ပြည့်ဝခြင်း၊ အတွေးအခေါ် အသိဉာဏ်ရင့်ကျက်ခြင်းများနှင့် ပြည့်စုံကြသောကြောင့် ဖြစ်လေသည်။

၃။ ငါးပါးသီလကို အတိုင်းတိုင်းအပြည်ပြည်က အလုအယက်သူ့ထက်ငါလိုက်နာကျင့်သုံး၍ 'တကမ္ဘာလုံးအတွက်အခြေခံဥပဒေ' ဖြစ်ခဲ့သော ခေတ်လည်း ရှိခဲ့ဘူး၏။ ထိုခေတ်ကား စကြဝတေးမင်း ခေတ်တည်း။

လူတို့၏အသိဉာဏ်သည် တသမတ်တည်း ရပ်တည်နေသည်မရှိ။

ဘုရားရှင် ပွင့်ထွန်းတော်မူလာသောအခါ ထိုကမ္ဘာ့နိယာမငါးပါးသီလကိုပင်'လူတိုင်းကျင့်ဝတ်'အဖြစ် ထပ်ဆင့်၍အတည်ပြုပေးတော်မူခဲ့ရ၏။

ထိုတွင် 'သရဏဂုံသုံးပါး'ကို အထွတ်တပ်ပေးလိုက်သောအခါမည်သည့် အလျှုဒါနမှ လိုက်၍ မမှီနိုင်အောင် တုံ့ပြန်ကျိုး ကြီးမားလှသည့်အခြေခံပဓာန နိယာမကြီးဖြစ်၍ သွားလေတော့သည်။

## နိယာမ ၂–မျိုးကို ပဲ့ကိုင်နိုင်သော သီလ

တဦးတယောက်ချင်း 'တနိုင်'လိုက်နာ ကျင့်သုံးနိုင်လျှင် တဦးတယောက်အတွက် လုံလောက်၏။ ဘေးရန်ကင်းပချမ်းသာရသည်။မိသားစုတစု၊လူမျိုးစုတစု၊ ရပ်ရွာမြို့နယ်တစုစသည်ဖြင့် ကျင့်သုံးလျှင်လည်း သူ့အတိုင်းအတာနှင့်သူ အကျိုးစီးပွား ဖြစ်ထွန်းရမြဲဖြစ်သည်။

ထိုအကြောင်းသည် စိတ်ကူးယဉ်ပဟုတ်။ သမိုင်းအဆက်ဆက် ရှိခဲ့သည်။ ရှိနေဆဲလည်းဖြစ်သည်။မယုံလျှင်လည်း လက်တွေ့ စမ်းသပ်ခံရဲသောတရားတော် ဖြစ်၏။

"ငါသည် (သို့မဟုတ် ငါတို့သည်) ဤအချိန်မှ စ၍ သူတပါးအသက်ကို သတ်ဖြတ် ညှင်းဆဲခြင်းမှ ရှောင်ကြဉ်ပါမည်"

ဤသို့ စသည်ဖြင့် နှုတ်ဖြင့် ဆောက်တည် ကျေညာလိုက်သည်နှင့် တပြိုင်နက် (မိမိသဘောနှင့်မိမိ ကိုယ့်နေရာတွင်ကိုယ် ဆောက်တည်နေ၍ မည်သူမျှမသိပါ ထင်ရသော်လည်း) သက်ရှိသက်မဲ့ ပတ်ဝန်းကျင်တခုလုံးအား သြဇာသက်ဝင်၍ ပဲ့တင်ထပ်သွားစေ၏။ ကြိုးမဲ့ကြေးနန်းထက် မြန်လေသည်။

သက်မဲ့ဖြစ်သော ရာသီဥတုသည် သီလ၏သြဇာကို မလွန်ဆန်နိုင်။ မုန်တိုင်းထန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ အပူအအေးမမျှခြင်း၊ ငလျင်တော်လှုပ်ခြင်း စသည်ဖြင့် ကမောက်ကမဖြစ်နေသော မြေ, ရေ, လေ, မီးဓာတ်ကြီးလေးဖြာ ရာသီဥတုတို့သည် မျှဟ ညီညွတ်၍ ပေးလာကြရသည်။ သီလကို မတော်လှန်ရဲကြ။

## သက်မဲ့နှင့် သီလစွမ်းအင်

ဓာတ်သတ္တု ရေနံ စသော သယံဇာတ အဝိညာဏက=သက်မဲ့ ရတနာတို့ သည်လည်း သီလ၏ သြဇာကြောင့် ပေါ်ထွက်လာကြရသည်။ ပုန်းကွယ်၍ မနေရဲကြကုန်။

သစ်ပင်သီးနှံတို့သည်လည်း ပုံမှန် သီးပွင့်လာကြရ၏။ အသီးအနှံ အဆန်အစေး သြဇာဓာတ်များ ပြည့်နှက်၍ ပေးလာကြရသည်။ သီးနှံဖျက်ပိုးများ မရှိ။ အာဟာရဓာတ်အပြည့်၊ ဆေးအာနိသင် ရှိ၍ လာကြကုန်၏။

သူ့အလိုလိုဖြစ်သည့် 'သဘာဝအန္တရာယ်'ဟု ထင်ရသော သက်မဲ့ ရာသီဥတု မိုးလေဝသ ခေါ် 'ဥတုနိယာမ'ကြီးနှင့် စားနပ်ရိက္ခာ သဘာဝ သက်မဲ့ အသီးအပင်ခေါ် 'ဗီဇနိယာမ' ကြီးများကိုပင် သြဇာညှောင်းစေနိုင်သော သီလအင်အား ('ဓမ္မနိယာမ စွမ်းအင်') သည် အဘယ်မှာလျှင် နှယ်နှယ်ရရ ဟုတ်ပါလေမည်နည်း။ (တိက–ဂါမဏိစန္ဒ၊ စတုက္က–ရာဇောဝါဒ၊ စတ္တာလီသ–တေသကုဏ ဇာတ်များ)။

လိုသလို ပုံသွင်း၍ရသော သက်ရှိသတ္တဝါတို့အပေါ်၌မူ ဆိုဘွယ်ရာ မရှိပြီ။

ယင်းသို့သော အကြောင်းများကြောင့် ဘုရားအလောင်းတော်ငုံးမင်း ကလေးက–

"အတ္ထိ လောကေ သီလဂုဏော = ဤလောက၌ သီလ၏ အင်အား ကျေးဇူးသတ္တိဂုဏ်တန်ခိုးသည် အမှန်ပင် ရှိပါသည်"ဟု ကျေညာခဲ့ဘူး၏။
အကြွင်းမဲ့ အသေးစိတ် သိမြင်တော်မူသော ဘုရားရှင်ကမူ–
" အကယ်၍ မိမိကိုယ်ကို ချစ်ပါသည်ဟု ဆိုလျှင် မကောင်းမှုကို မပြုလေနှင့်" ဟု တိုတိုတုတ်တုတ်ပင် သတိ ပေးတော်မူ၏။

မိုးရွာသောအခါ ကောင်းကင်မှ ကျလာသော မိုးရေပေါက်တစက် သည် လူသာမန်တို့အတွက် ဘာမျှ မဆန်းကြယ်လှ။ စွမ်းအင်ကို သိမြင်၍ ထုတ်ဖော်သုံးစွဲနိုင်သော သိပ္ပံ ဆရာကြီးတဦးအတွက်မူ အတိုင်းမသိ အသုံး ဝင်လှပေသည်။

ထိုမိုးရေတပေါက်မှ အဏုမြူအင်အားကို ထုတ်ယူ သုံးစွဲလိုက်ပါမူ မြန်မာပြည်တပြည်လောက်ကို ထိုမိုးရေတပေါက်ကပင် ပြာအတိကျစေနိုင် ၏။ မြေကြီးကသော်လည်း ရွှေသီးစေနိုင်၏။

အင်အားကို လူတိုင်းနားလည်ကြသည် မဟုတ်။

---

20.ဒုတိယအကြိမ်

# (ဂ) သမာဓိစခန်း

## အခြေခံ သိမှတ်ဖွယ်များ

ဒါန, သီလ, ဘာဝနာ ဘာသာရေး ကျင့်ဝတ်များအားလုံး ကိလေသာကို သတ်ခြင်းဖြစ်ကြောင်း ပြခဲ့ပြီ။

၁–ဒါနသည် ဟိဒ္ဓ(ပြင်ပ)ပစ္စည်းကို အရင်းအနှီးပြုရ၏။

ထို့ကြောင့် လူတိုင်းလောက်နီးနီး ဒါနကို လုပ်နိုင်ကြသည်။

၂–**သီလသည်** ကိုယ်, လက်, ခြေ အင်္ဂါနှင့် နှုတ်ကို အရင်းအနှီးပြုမှုဖြစ်၏။

ထို့ကြောင့် သီလအဆင့်တွင် လူတိုင်းမလိုက်ပါနိုင်ကြ။ တဝက်လောက် ပြုတ်ကျန်ခဲ့၏။ လိုက်ပါသူ တဝက်လောက်တွင်လည်း စင်းလုံးချောသူကား ရှားပေသည်။

၃–**ဘာဝနာ**ကား စိတ်ကို အရင်းအနှီးပြုရသဖြင့် ဤအဆင့်တွင် အရေအတွက် ပို၍နည်းလာ၏။ စိန့်စိတကျ ပြုလုပ်တတ်သူနှင့် စွန့်လွှတ်စိတ်, လွတ်မြောက်လိုစိတ်နှင့် လုပ်သူကား ပို၍ပို၍ ရှားလှသည်။

ထို့ကြောင့် လူနတ်ချမ်းသာ လောက်ကိုသာ ရကြ၍ တဖက်ကမ်းသို့ ကူးမြောက်နိုင်သူကား လက်တဆုပ်စာသဲလုံးနှင့် မဟာပထဝီမြေကြီးလောက် ခြားနားရလေ၏။

သို့ရာတွင် ဒါန, သီလ, ဘာဝနာ သုံးမျိုးတွင် ဒါနထက် သီလသည် အရင်းအနှီး နည်း၏။ ပို၍ လွယ်ကူ၏။ ပို၍လည်း အကျိုးကြီး၏။ ဘာဝနာကား ဒါန, သီလ နှစ်မျိုးထက် ပို၍ပင် အရင်းအနှီး နည်း၏။ ပို၍လည်း သက်သာ၏။ ပို၍လည်း အကျိုးကြီး၏။ အကျိုးအကြီးဆုံး ဖြစ်ကြောင်း (ဝေလာမသုတ်, သောဏဒဏ္ဍသုတ်တို့၌)အတိအလင်း ဟောတော်မူခဲ့သည်။

## လူတန်းစား ၃– ရပ်

(က) နေပူမိုးရွာမရှောင် လမ်းခင်း လမ်းပြင် နေကြသော ကာယလုပ်သားများ၊

(ခ) ၎င်းတို့ကို ပါးစပ်ဖြင့် စိမ့်နေသော သစ်ပင် အောက်က အလုပ်သမားခေါင်း၊
(ဂ) ၎င်းတို့ကို ခိုင်းစေလိုက်သော ရုံးခန်းထဲက အရာရှိ။

ထိုလူတန်းစားသုံးမျိုး၏အလုပ်သက်သာမှု၊ငွေကြေးရမှုခြင်း ခြားနားပုံကိုလည်း စဉ်းစားသင့်၏။ ကိုယ်၊ နှုတ်၊ စိတ်လုပ်ငန်း သုံးရပ်၏ အင်အား ခြားနားချက် ဥပမာတည်း။

အရင်းအနှီးသက်သာ၍၊ လုပ်ရလွယ်ကူ၍ အမြတ်များများရသော စိတ်အလုပ်ကို ခက်ခဲသည်ဟုထင်ကာ သာသနာနှင့်တွေ့ကြုံရကျိုးမနပ် ရှိကြရလေ၏။ အခွင့်ကောင်းကြီးများနှင့် မိမိကိုယ်ကို အကြောင်းအမျိုးမျိုးပြ၍ လွှဲချော်နေတတ်ကြသည်။

## ချည်ဝင်အူပေါက် အစရှာမရ

ကိလေသာသတ် အဆန်အလုပ်ကို လုပ်နေရင်းက အစုန်အောက်လမ်းကို လိုက်မှားနေမိတတ်သည်။ ဒါန၊ သီလလုပ်ငန်းတွင် တစုံတခုသော လောကီကျိုးမြော်လင့်ချက်ဖြင့် လုပ်မိသော် မခထောင်းတာလှ။ စိတ်အလုပ်ဖြစ်သော ဘာဝနာ၌ကား လောကီကျိုးကို မြော်ကိုး၍ လုပ်ပါလျှင် ချည်ဝင်အူပေါက်သကဲ့သို့ အစရှာမရအောင် ဒုက္ခရောက်စေတတ်သည်။

'လောကမာယာ'သည် ဆန်းကျယ်လှ၏။ ဒါန' သီလပြုလုပ်ရာ၌ပင် မမြင်ရသော အကြောင်းတရားတို့၏ လှည့်စားခြင်းများရှိပေ၏။ (အလှူရှင်သော အနာထပိဏ်သူဌေးအကြောင်း ပြခဲ့ပြီ။) မြော်လင့်ချက် မထားဘဲ ပြတ်ပြတ်သားသား စွန့်စား ကြည့်ပါလေ။

သီလ ဆောက်တည်ရာတွင်လည်း "ဒီကနေ့ မှသာဝါဒ ကိုတော့ နဲနဲကလေးမှ ပွန်းပြဲမသွားအောင် အထူးစောင့်ကြည့်မယ်"ဟု အားခဲထား၏။ ထိုနေ့တွင်မှ လိမ်စရာကိစ္စတွေ ပို၍များလာတတ်သည်။ (ချွင်းထွင်သိပါ။)

"ဘာဘဲဖြစ်ဖြစ် ငါ့ကတိကိုတော့ ငါမဖျက်ဘူး။ ကိုယ့်ဟာနှင့်ကိုယ် သစ္စာဖောက်တာလောက် ကြောက်စရာကောင်းတာပရှိဘူး။ ဆုံးဖြတ်ထားတဲ့အတိုင်းလုပ်ကိုလုပ်မယ်"ဟု အဓိဋ္ဌာန်သံပတ်၍ ပေးနိုင်ပါမှ တော်ကာကျသည်။ သိနိုင်ခဲလှ၏။

စိတ်လုပ်ငန်း ဖြစ်သော ဘာဝနာတွင်ကား 'လောကမာယာ' သည် အဘယ်မျှ ရှုပ်ထွေး မွှေနှောက်လာတတ်သည်ကို လုပ်စတွင် မည်သို့မျှမသိနိုင်၊ မယုံနိုင်ချေ။ ဘယ်တုန်းကမှ မကိုက်ဘူးသော ခြင်များ တဝီဝီနှောက်ယှက်လာတတ်၏။ထင်စားချက် တစုံတခုဖြင့် လုပ်သူကိုမဆိုထားဘိ၊ရိုးသားစွာလုပ်သူကိုပင် 'ဘယ်တော့ ဘာဖြစ်တော့မလိုလို' မြှော်လင့်ချက်တွေ တသီကြီး ကျဝင်လာတတ်သည်။

## နားမယောင်သင့်သော အရာ

"သူများအပေါ် ဆရာလုပ်ချင်ရင် 'သတ္တာဒေဝမနုဿာနံ' ဂုဏ်တော်ပုတီး စိပ်ပါ။ စီးပွားဥစ္စာ တိုးတက်ချင်ရင် 'အရဟံ' အကောင်းဆုံးဘဲ" စသော စကားများကိုဋ်း၊ "ဂုဏ်တော် တထောင်ရလျှင် ဘာဖြစ်သည်" စသော စကားများကိုဋ်း နားမယောင်သင့်ကြ။ အရေးအတွက်သည် အရည်ချင်း မဟုတ်ချေ။

ဂုဏ်တော်ကို အချိန်များနိုင်သမျှ များများ ပွားထုံအောက်မေ့ခြင်း၊ နှလုံးသွင်းခြင်း ပြုနိုင်လေ အင်အား တိုးတက်လေပင်တည်း။

## ပုတီးလေးလုံးသာ ရသေးသော ဆရာတော်

အင်းဝခေတ်က စစ်ကိုင်းတောင်ရိုးတွင် (စကားပြောလျှင် အပြစ်တွေသာ များလှသဖြင့်) စကားမပြောမိအောင် ရေငုံနေသောဆရာတော်ကြီးတပါး ရှိ၏။ 'ရေငုံဆရာတော်'ဟုခေါ်သည်။ တနေ့သောအခါ သံဃာ့ပရိသတ်တွင်"မည်သည့်ပုဂ္ဂိုလ်က တနေ့လျှင် ဂုဏ်တော်တထောင်ရသည်၊တသောင်းရသည်"စသည်ဖြင့် ပြောဆိုကြစဉ် ရေငုံဆရာတော်ကြီးက—

"ဒို့များ အသက်ရှစ်ဆယ်ကျော်ပါပြီ။ တသက်လုံးပုတီးစိတ်ခဲ့ရတာ ခုထိမှ ပုတီးလေးလုံးဘဲရသေးတယ်"ဟုမိန့်တော်မူ၏။

## ပုဂံခေတ်နှောင်း ပုတီးအကြောင်း

'ဇင်းမယ် သံညွှတ် အရည၀ါသီ အရှင်ဥတ္တမာရာမ' ရေးသား၍ 'ရာဇဂုရု ကျောင်းဆရာတော်' တည်းဖြတ်သော 'ဝိသုဒ္ဓိဒီပနီကျမ်း' (၁၂၅၁-ခုနှစ်၊

မြန်မာသံတော်ဆင့် မိးစက်ပုံနှိပ်တိုက်ရိုက်) ပုဂံခေတ်နှောင်း ကမ္ဗည္ဒာန်း စာအုပ် စာမျက်နှာ ၁၀၉-လာ အောက်ပါစကားရပ်များကိုလည်း အထူး မှတ်ယူသင့်သည်။

"ပုတီးကိုင်၍ စီးဖြန်းခြင်းသည်လည်း သတိသည် 'အရဟံ'အစရှိသောဗုဒ္ဓဂုဏ် အစရှိသည်ကိုသာ အာရုံပြုခြင်း ငှာ မဖြစ်မူ၍ပုတီး၏ ဝဏ္ဏသဏ္ဌာန် အစရှိသည် တို့ကိုသော် လည်းကောင်း၊ ဆယ်,ရာ,ထောင်အစရှိသော ပညပ်ကိုသော် လည်းကောင်း အာရုံပြုခဲ့ရာ၏။ ထိုသို့ ပြုကဲ့ရာသည် ဖြစ် သောကြောင့် 'ဗုဒ္ဓဂုဏ် အရဟ' ဟု အစရှိသော ပါဠိနှင့် အညီ ဘုရားသခင် ကျေးဇူးစသည်ကိုသာသက်သက် အာရုံ မတည်တံ့နိုင်ရာ။

"မတည်ဖြစ်သောကြောင့် တပါးသော အာရုံကိုသာ လျှင် အာရုံတည်စေသောအားဖြင့် 'ကေဂ္ဂတာ သမာဓိ' ဟု ဟောအပ်သော ဥပစာရစျာန် စသည် မဖြစ်သင့်။ 'ဝိက္ခေပ ပတိပါတတော' အစရှိသော အဋ္ဌကထာပါဠိတို့ နှင့်လည်း ဆန့်ကျင်၏။

"ပွဲလယ်၌ကိုင်၍စီးဖြန်းခြင်းသည်လည်း 'အပါကဋ္ဌ ဈာယီ'မလွှတ်။ထိုကြောင့် အာရုံအာရမ္မဏိကတို့ကိုပိုင်းခြား ၍သိသော၊ အာဇီဝ၏ စင်ခြင်း,ဈာန်မဂ်ဖြင့် ချမ်းသာခြင်း ကိုအလိုရှိသော၊ ပညာရှိသော ယောဂီရဟန်းမြတ်တို့သည် ကျန်းဂန်၌လာသော ကျင့်ထုံးကျင့်နည်းကိုသာလျှင် မှီဝဲရာ ၏။မလာသည်တို့ကို ကြဉ်ရာ၏။

"လူတို့သည် ပုတီးကိုင်၍ စီးဖြန်းသည်ရှိသော်ကား နိဗ္ဗာန်မဂ်ဖိုလ်အလို့ငှာစီးဖြန်းသဖြင့်'ကုသိုလ်မျှ'ဖြစ်ကောင်း ၏။ထိုပုတီးဖြင့် အန္တရာယ်ပျောက်ခြင်း အစရှိသောမင်္ဂလာ အလို့ငှာ စီးဖြန်းသည်ရှိသော်လည်း ဖြစ်သင့်၏။ **'သမာဓိ' အလို့ငှာသော်ကား'မဖြစ်'သင့်ကောင်းတည်း"**

20. ဒုတိယအကြိမ်

## စိပ်ပုတီးနှင့် စိတ်အလုပ်

ထိုအဆိုအမိန့်များမှာ အလွန်မှတ်သားထိုက်ပေ၏။ စင်စစ် စိပ်ပုတီးသည်လည်း မည်သည့်ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများတွင်မှ မလာရှိ။ သမာဓိ ထူထောင်ခါစပုဂ္ဂိုလ်များ သာမန်အရေအတွက်သိရုံ အသုံးပြုခြင်းဖြစ်၏။ 'သချ်ာနိုင်သူသည် ဂရို့မလိုချေ။'

စိတ်အလုပ်တွင် နှုတ်ကူခြင်း(ရွတ်ဆိုခြင်း)သည်ပင် အနှုတ်လက္ခဏာဖြစ်သည်။လက်ကူရန်ကား သာ၍ပင် မလိုအပ်။စင်စစ်ကား အရေအတွက်သိရန်မျှပင် မလိုလားအပ်ချေ။ သစ်ပင်ခုတ်လှဲသူသည် ပုဆိန်ပေါက်ချက်ကို ရေတွက်ရန် မလိုအပ်သကဲ့သို့တည်း။

စိတ်ထဲက နှလုံးသွင်းရမည့် ကိစ္စတွင် နှုတ်ကူ လက်ကူ ခြင်းဖြင့် 'အဘိဓမ္မာ စိတ္တနိယာမ'အရ နှလုံးသွင်းရမည့်စိတ်ကို နှုတ်တွင်၊ သို့မဟုတ် လက်တွင် ဝီထိအစဉ်ပေါင်းများစွာဖွဲ့၍ ပေးနေရခြင်းဖြစ်သည်။

ထို့ကြောင့် (ဆက္က=အင်္ဂုတ္တရ ဓမ္မဝိဟာရီသုတ်၌) "သဇ္ဈာယ ဗဟုလော နော ဓမ္မဝိဟာရီ=များစွာ ရွတ်အံနေသူသည် ဘာဝနာတရားနှင့်နေသူ မဖြစ်နိုင်ချေ" ဟု တိုက်ရိုက်ဟောတော်မူခဲ့၏။ ဘာဝနာသည် ကာယကံ၊ ဝစီကံအလုပ် မဟုတ်ချေ။

## လိမ်းဆေးနှင့် သောက်ဆေး မှားနေ

'မိုးကုတ် ဆရာတော် ဘုရားကြီး'ကလည်း အရဟံစသော ဂုဏ်တော်များကိုရွတ်ဆိုခြင်း၊ မေတ္တာပွားပို့ဖို့ရန် ကျက်မှတ်ထားရသော မေတ္တာပို့ ပါဠိများကို စိတ်ထဲက မပွားဘဲ နှုတ်က ရွတ်ဆို နေကြခြင်းကို အကြောင်းပြု၍ -

"ခင်ဗျားတို့ဟာက လိမ်းဆေးကို သောက်ဆေး၊ သောက်ဆေးကို လိမ်းဆေး လုပ်နေကြတာ ရောဂါက ဘယ်မှာ ပျောက်တော့မလဲ" ဟု မိန့်တော်မူလေ့ရှိသည်။

'မနောကံဖြင့်(စိတ်ဖြင့်)လုပ်ရမည်ကိုလည်း ဝစီကံဖြင့် (နှုတ်ဖြင့်) လုပ်၍ မရနိုင်'ဟု ထောက်ပြတော်မူခြင်းဖြစ်၏။ စက္ခုပသာဒ (မျက်စိအကြည်ဓာတ်)သည် ထက် ် က်၏။ သောတပသာဒ (နားအကြည်ဓာတ်)

သည် ထက်မြက်၏။ သို့ရာတွင် ရူပါရုံ=အဆင်းသဏ္ဌာန်ကို နားဖြင့်ထောင်ဖမ်း၍ မရ။ သဒ္ဒါရုံ=အသံကို မျက်စိဖြင့်ယူ၍မရ။ ကြည့်၍မဖြစ်။

ဤသို့ 'ရွတ်ဆိုမှုကို အကျိုးမရှိ'ဟု ပြောနေခြင်း မဟုတ်ချေ။ အသံ၏ အင်အားကို အသုံးပြုရသော ပရိတ်, ဂါထာစသည်ကို ရွတ်ဆိုပေးရခြင်းသည်လည်း ဘာသာရေးတွင်လုပ်ဆောင်ရမည့် အစိတ်အပိုင်းတခုပင်ဖြစ်သည်။ သို့သော် မဟာယာနတို့ကဲ့သို့ 'ရွတ်ဆိုခြင်း'ကို အရေးကြီးသော အခန်းတခုအဖြစ် ကျွန်ုပ်တို့'ထေရဝါဒ'က မယူအချေ။

ကမ္ဘဋ္ဌာန်းထိုင်ရင်း စိတ်မကြည်လင်သောအခါ၊ အိပ်ချင်ဆိုင်းမှိုင်းသောအခါ၊ မင်္ဂလာ ယူလိုသောအခါ စသည်တို့၌ ပရိတ်စသော ဂုဏ်တော်များကို ဌာန်ကရိုဏ်းကျကျ အသံနေ အသံထားဖြင့် ကြည်ကြည်လင်လင်ရှင်ရှင်ပျပျ ရွတ်ဆိုပါ။ ရွတ်ဆိုမှု(အသံ)၏ အင်အားသည်လည်း အလွန်ကြီးမားလှပေ၏။ သို့သော် စိတ်အလုပ် (ဘာဝနာ)ကို လုပ်နေချိန်တွင်မူ နှုတ်၏ တာဝန် မရှိတော့ပြီ။ လက်ကူရန်မှာ သာ၍ မလိုအပ်။

ထိုသို့ပြဆိုခဲ့သော အကျဉ်းချုပ် ကြိုတင်သိမှတ်ဖွယ်ကို ခြုံလိုက်ပါလျှင် ဘုရားရှိခိုး၊ ဘုရားဝတ်တက်ရုံမျှဖြင့် တိကျသော ဗုဒ္ဓါနုဿတိ ဘာဝနာဂုဏ်တော်ပွားများခြင်းကိစ္စ မမည်။ အရဟံ, အရဟံ၊ ဗုဒ္ဓေါ ဗုဒ္ဓေါ'ဟု ရွတ်ဆိုအောက်မေ့ခြင်းဖြင့်လည်း ပြည့်စုံမှု မရှိသေးသည်ကို ကြပ်ကြပ်သတိပြုရန် လို၏။

## 'သမထ' ပေါက်မှာ ကြောက်ရ

ဗုဒ္ဓါနုဿတိစသော ဘာဝနာစခန်းအတွက် ကြိုတင်၍ ရှောင်ကြဉ်ဘွယ်တို့သည် များစွာရှိကုန်၏။ ထိုအလုပ်များသည် အတိုင်းထက်အလွန် တန်ခိုးအာနိသင် စွမ်းအင်သတ္တိ ကြီးမားကုန်၏။

မိမိထက် သာလွန်သွားမည်ကို မလိုလားသော 'လောကီ တန်ခိုးရှင်'တို့ ရှိနေကြသည်။ အမျိုးမျိုး လှည့်စားတတ်ကုန်၏။ ယင်းကိုပင် ကျွန်ုပ်တို့သည် 'မာရ'ဟုရင်း၊ 'လောကမာယာ'ဟုရင်း သုံးနှုန်းသည်။

"ရှုပွားသူ ကိုယ်တိုင် ကိုယ်ပိုင်သိမြင်ခြင်း မဟုတ်ဘဲလျက်ကို အနိစ္စ, ဒုက္ခ, အနတ္တ ထင်လေဟန် ထင်မှားအောင်ပင် မြူဆွယ်၍ အာရုံပြတတ်

သဖြင့် 'အမြင်–အကြား' ပေါက်ကာ ဒုက္ခရောက်တတ်ကြောင်း' 'သေက္ခ၂ တောင် ဆရာတော်' မိန့်ဆိုထား၏။

ယင်းသို့ဖြစ်သည်ကို (ဝါ) 'ကမ္ဘဋ္ဌာန်း ကျိုးပေါက်' သွားသည်ကို ပင် အကောင်းမှတ်ထင်ကာ 'သမထပေါက်သည်'ဟု ထင်မှားကြလေ၏။ ထိုမတောက်တခေါက် အသိထူးကလေးချဖြင့် ဗေဒင်ဆရာလုပ်သူလုပ်၊ ဆေး ဆရာ ဖြစ်သူဖြစ်၊ ကိုယ်ကိုယ်တိုင် ဘာမှမဟုတ်ပါသေးဘဲလျက် 'သာသနာ ပြုသူပြု' အမျိုးမျိုး 'ခေါင်းပြောင်း'နေကြရရှာကုန်၏။

လုပ်ငန်း၏ ပင်ကိုယ်ဉာဏ်ကပင် ကောင်းကင်၌ ရေဒီယိုလှိုင်းကဲ့သို့ ရှုပ်ထွေးနေတတ်သည်ဖြစ်ရာ ထိုအလုပ် မလုပ်ခင်ကပင် ပြဆိုပြီး ကိလေသာ ပါးလျား ကုန်ခန်းမှုကို နှစ်သက်ရကောင်းမှန်း မသိဘဲ–

၁။ စည်းစိမ်ဥစ္စာ၊ အာဏာ၊ ရာထူး ကြီးပွားလိုမှု၊
၂။ တန်ခိုး ရလိုမှုများကို–

ရှေ့တန်းတင်၍ စိတ်အလုပ်ကို လုပ်ကြပါမူကား ဆိုဘွယ်ရာမရှိ၊ ရှင်းမရအောင် ရှုပ်ထွေးပွေလိမ်ကြရရှာသည်။ ရန်သူ၏ရှေ့တွင်မှောက်လျက် လဲကျရကုန်၏။

## အရိယာလောင်း ရှင်လောင်းလိုနေ

ပုထုဇဉ်တို့ အကြိုက် အကောင်းဟု ထင်ရသော အဆိုးများနှင့် အမျိုးမျိုး သော လှည့်ဖြားမှုတို့ကို ကိုယ်တွေ့မကြုံလျှင် သဘောပေါက်ရန်မလွယ်ကူချေ။

ဘယ်တော့ ဘာဖြစ်တော့မလိုလို ထင်စားမှု (တဏှာမညနာ)။
အထင်ရောက်မှု၊ အထင်ကြီးမှု၊ အထင်သေးမှု (မာနမညနာ)။
'ဒါမှ တရားထူး'စသည်ဖြင့် အထင်မှားမှု(ဒိဋ္ဌိမညနာ)။

'ထင်ကြီး သုံးလုံး'သည် ဝဋ်ဆင်းရဲ သံသရာကို ရှည်းလျားချဲ့ထွင် တတ်သဖြင့် 'ပပဉ္စတရားသုံးပါး'ဟု ခေါ်ဆိုရ၏။ ထိုအခုအခံများကို တတ်နိုင်သမျှ ဖယ်ရှား၍ ပွားများရန် အထူးလိုအပ်ပေသည်။

အကျဉ်းချုပ်အားဖြင့် ''ကောင်းမွန် မြင့်မြတ်သော ကိစ္စပင် ဖြစ် သော်လည်း အဖျက်အဆီးများ၊ ကြမ်းတမ်းသော အဖြစ်ဆိုးများ ဝင်လာ တတ်သည်''ကို အများလက်ခံနိုင်အောင် ပြောရပါမူ ရှင်လောင်းများ အကြောင်းကိုပင် ပြရပေလိမ့်မည်။

လွန်ခဲ့သော ၁၅–နှစ်ခန့်က မတ္တရာမြို့တွင် ရေကြီးရာ ရှင်လောင်းများ ရေထဲမျောပါ၍ သေကြရရှာ၏။ ယမန်နှစ်က အင်းစိန်မြို့နယ်၌ ရှင်လောင်းများကို တောထုံးစံအတိုင်း ဝှက်တမ်း ကစားကြရာ အိုးထဲ ထည့်ပြီး မြေဆီအိတ်ဖိ၍ ဝှက်မိသဖြင့် ရှင်လောင်း သုံးပါးလုံး သေသွားကြရသည်။ ထိုသဘောများကို အလိုလိုလက်တွေ့အရ သိမြင်လာကြသဖြင့် ရှင်လောင်းများကို အထူး စောင့်ရှောက်ကြရသည်။

ယင်းသို့ 'အမွေခံတတ်' ဝင်သည်လည်းရှိတတ်၏။ ပုဂ်ပြည်၌ နန်းစံရမည်ကို ရွှေလင်ဗန်းနှင့် ကျိန်းကျေစေတတ်သော သဘောများလည်း ရှိတတ်ပေသည်။

## တန်ခိုးကို လက်တဲ့မစမ်းနှင့်

ဂုဏ်တော်ကို ပွားများခြင်းစသော သမာဓိအလုပ်သည် တကမ္ဘာလုံး၊ စကြဝဠာတခုလုံးကိုပင် ဒိုးယိုပေါက် သိနိုင်မြင်နိုင်၊ လွှမ်းမိုးနိုင်သော အစိန္တေယျ အင်အားများ ရှိနေကြသည်ဖြစ်ရာ ထိုအင်အားများကို အလွဲသုံးစား မပြုမိရန် လိုအပ်ပေသည်။ အဖျက်အဆီးများကို ကျော်လွှန်နိုင်ရန် လိုအပ်၏။ မြူဆွယ် လမ်းလွဲမှုများကို ရိပ်စားမိရန် အရေးကြီးသည်။

သုံးနှစ်သားမျှသာ ရှိသေးသော ကျွန်ုပ်၏သားသည် အိမ်လာသူတိုင်းအား ပိုက်ဆံတောင်း၏ မုန့်ပေး၍မကြိုက်။အကြွေမှန်သမျှ ငါးပြားဟုသာ သူသိ၏။ ငွေစက္ကူမှန်သမျှ တကျပ်ဟုသာ သူနားလည်သည်။ 'ပိုက်ဆံ၏တန်ခိုးသတ္တိကို မုန့်ဝယ်စား၍ ရသည်'ဟု သိသောအရွယ်မှစ၍ သူ့အသိကို သူတန်ဘိုးထား၏။ မဆာသော်လည်း မုန့်သည်လာတိုင်း လက်တဲ့စမ်းသည်။ သူကိုယ်တိုင် ဝယ်စားတတ်သည်ကို ဂုဏ်ယူသည်၊ ကျွန်ုပ်တို့ကလည်း ခွင့်လွှတ်ထားမိ၏။

တနေ့သောအခါ ဘောလုံးကလေးတလုံးကိုပင် ဝယ်ယူမှုနယ်ချဲ့ပြလာ၏။ "ဘယ်သောက်ပေးရသလဲ"မေးလျှင် "တကျပ်" ဟုသာပြောတတ်သည်။ သူအလွန်ဝမ်းသာနေ၏။ သေသေချာချာစစ်မေးသောအခါ နှစ်ဆယ့်ငါးကျပ်တန် ဖြစ်နေသည်။မိခင်က ရိုက်မည်လုပ်၏။ "မရိုက်ပါနဲ့ကွာ၊ မင်းတို့ငယ်ငယ်တုန်းကလဲ ဒန်းအိုးအကောင်းကြီးတွေ ထုရိုက်ပြီး ပဲလှော်နဲ့ လဲစားသေးဘာဘဲ"ဟု တားလိုက်ရသည်။

ဤကား ငွေတန်ခိုးကို လက်တဲ့စမ်းသောကလေး။

## စိန်လက်စွပ်နှင့် မုန့်ဝယ်စားလိုသူ

လောက၌ အနည်းငယ်ထူးခြားလာသော မိမိအသိကို အလွန်ထင်စားကြ၏။ ဂုဏ်ယူကြ၏။ လက်တွဲစမ်းလိုကြ၏။ စိန်လက်စွပ်၏ တန်ခိုးသတ္တိသည်ရှိ၏။ ချမ်းသာမှုကို သူ့အတိုင်းအတာနှင့်သူ့ပေးနိုင်သည်ပင်။ သို့ရာတွင် စွမ်းအားတန်ဘိုးကို ဒ ကုန်အစင်မသိဘဲ မိမိ သိသလောက်ကလေးကို အထင်ကြီးကာ "စိန်လက်စွပ်နှင့် မုန့်ဝယ်စားလို့ရကာယ်"ဟုဆိုလျှင် ရယ်ဘွယ်ဖြစ်၏။

ရတနာသုံးပါး၏ တန်ခိုးသတ္တိကား အစိန္တေယျဖြစ်၏။ လောကီအကျိုးများကိုမူ ရှောင်၍မရအောင်၊ မလိုချင်အောင်ကို ရလာပါတ်ပေသည်။ လောကီချမ်းသာကား တသိန်းရလျှင် တသိန်းနှင့်တန်သော ဒုက္ခကြီးပူးတွဲပါလာတတ်သည်ကိုမူ မမြင်ကြချေ။

စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက—

"နိဗ္ဗာန်ချမ်းသာကြီးကိုမြင်နေမှတော့လောကီချမ်းသာကလေးတွေကို ပြတ်ပြတ်စွန့်။ အပါယ်ငရဲဆင်းရဲကြီးကိုမြင်နေမှတော့ ဘဝဆင်းရဲကလေးတွေကို မကြောက်နှင့်" ဟု ဆုံးမတော်မူခဲ့ဘူး၏။

မြတ်စွာဘုရားရှင်ကလည်း (ဓမ္မပဒပါဠိတော်၌)

'အတိုင်းအတာသချာအကန့်အသတ်ရှိသောချမ်းသာ (မတ္တာသုခ)ကို စွန့်လွှတ်ရမှ ကျယ်ပြန့်သောချမ်းသာ(ဝိပုလသုခ)ကို ရမည်"ဟု ဟောတော်မူသည်။

ဥပုသ်စောင့်၍ လူနတ်နိဗ္ဗာန် ချမ်းသာ ရမည်ကိုမြင်လျှင် ထမင်းတထပ် စားရသည့် ချမ်းသာလောက်ကို စွန့်လွှတ်ရမည်။ ထမင်းတထပ်အငတ်ခံရမည့် ဆင်းရဲကို ခံနိုင်ရမည်ဟု ဆိုလိုပေသည်။

## မစင်ကြယ်သော အဆောင်အယောင်နှင့် ပရိတ်, ဂါထာများ

သမာဓိစခန်းတွင် အနှောက်အယှက် အမွှေခံတတ်များရှိနေသည်ကား မှန်၏။ ရေဒီယိုလှိုင်းကဲ့သို့ ရုပ်ထွေးပွေလိမ်နေစေကာမူ မိမိက မဖမ်းယူလျှင်မှုစရာမလို။ သံလိုက်ဓာတ် ဆွဲအားရှိရာ၌သာ မိုးကြိုးပစ်တတ်သည်။ ဗဟိဒ္ဓသည် လိုရင်းမဟုတ်။ အဇ္ဈတ္တခေါ် မိမိ၏ ကိုယ်တွင်းမှ ကိလေသာ

အောက်ဆွဲအားများကို ငြိမ်နိုင်သမျှငြိမ်အောင် ဦးနှိမ်ထားလျှင် ကိစ္စပြီးတော့သည်။ အသံကြောင့် သေရသော ဖားကဲ့သို့ မဖြစ်စေရ။ တစုံတရာ ထူးထူးထွေထွေ ရရှိ၊ သိမြင်လာသည်ကိုလည်း မျှိုသိပ်နေရမည်။

ဗုဒ္ဓါနုဿတိစသော သမာဓိအလုပ်တွင်အလွန်ထူးခြားသောအံ့ဘွယ် တန်ခိုး စွမ်းအင်များ ရလာတတ်သဖြင့် 'ဟူတ်လှပြီ' ဟု အထင်မကြီးရ။ 'ဒါအစဘဲရှိသေးတယ်'ဟု စိတ်ကိုချိုးနှိမ်၍ တနေ့ထက်တနေ့ တိုးတက်လာအောင်၊ စိတ်ချမ်းသာလာအောင်၊ ကိုယ်နှုတ်အမူအရာများ တည်ငြိမ်ရင့်ကျက်လာအောင်သာ ထိန်းပဲ့သွားရမည်။

## သာမန်လူတို့ မခွဲခြားနိုင်သောအရာ

မိမိ၏ ဘုရားစင်တွင်လည်း စိတ်အာရုံ ရှုပ်ထွေးစေတတ်သော အဆောင်အယောင်များမရှိစေရ။ ကြည်ကြည်လင်လင် ရိုးရိုးရှင်းရှင်း ဘုရားဆင်းတုတော်တဆူ၊ တတ်နိုင်လျှင် ဓါတ်တော်များနှင့် ပန်းရေချမ်း ဆီမီးဆွမ်းများသာ ရှိလျှင် အကောင်းဆုံး ဖြစ်သည်။

မည်သည့် အဆောင်အယောင်၊ မည်သည့် ဆင်းတုရုပ်ပွား၊ ပုံကားပန်းချီမျိုးသည် မည်မျှလောက် 'မဟာယာန တန်ခိုးရှင်' တို့နှင့် အဆက်အသွယ် ရှိနေသည်ကို လူသာမန်တို့အဘယ်သို့ ခွဲခြားသိမြင် နိုင်ပါအံ့နည်း။

ရွတ်ဖတ် သရဇ္ဈာယ်သော ပရိတ်ဂါထာများ ကိုလည်း' မည်မျှစွမ်းသည်'ဆိုသော အသစ်အဆန်းများကို မလိုက်ဘဲ ဓမ္မစကြာ, အနတ္တလက္ခဏာ,မဟာသမယနှင့် ရိုးရာပရိတ်ကြီး ၁၁–သုတ်၊ ဂါထာများတွင်လည်း ဘုရားဟောဂါထာ၊ သို့မဟုတ် ထေရဝါဒနှင့် ကိုက်ညီသော ဂါထာများကို သာရွတ်ပါလေ။

'ဝတ်ရွတ်စဉ်' အမျိုးမျိုးနှင့် အန္တရာယ်ကင်း ကမ္မဝါနောက်ပိုင်းတို့ တွင် ပြထားသော ပရိတ်အချို့နှင့် ဂါထာအချို့သည် ဘုရားရှင်အလိုတော်နှင့် ကိုက်ညီသည်က ရှားလေသည်။ ပညာရှိတို့ပင် မစစ်မဆေး အမှုမဲ့ဖြစ်နေခဲ့ကြ၏။

"ဘုရားကို စေတီကွယ်တတ်သည်။
တရားကို စာအုပ်ကွယ်တတ်သည်။
သံဃာကို ဘုန်းကြီးကွယ်တတ်သည်။"ဟု

21. ဒုတိယအကြိမ်

ရှေးက ဆိုရိုးရှိသော်လည်း ယခုအခါ ဘုရားရှင်၏ အာဏာစက် ဒေသနာများကို အရိပ်ခိုလျက် ပေါင်မြှောင် ရောနှော၍ ရတနာသုံးပါးကို ဖုံးကွယ်နေသော အရာတို့သည် အမျိုးမဆုံးအောင် ရှိ၏။ ခရေစေ့တွင်းကျ လျှောက်၍ ရှေးရသော်အသိဉာဏ်အင်အားနည်းသူတို့ စိတ်မချမ်းမြေ့ရှိသာ ဖြစ်ပေသည်။

အချုပ်အားဖြင့်အရိုးခံအတိုင်းလိုက်နာကျင့်ကြံရန်မမေ့သင့်ကြကုန်။

## တံတိုင်းလေးထပ် နေ့စဉ်ခတ် နှင်းအပ် ကိုယ်ခန္ဓာ

မြတ်စွာဘုရားရှင်၏ စင်ကြယ် မြင့်မြတ်လှသော သာသနာတော်၌ အမျိုး ပေါင်း မရေတွက်နိုင်အောင် များပြားရှုပ်ထွေးလှသော အမွှေခာတ်များ၊ အန္တရာယ် အနှောက်အယှက်များ၊ ဆင်တူယိုးမှားများရှိသည်ဟု ဆိုစေကာမူ လမ်းရိုး လမ်းမှန်အတိုင်း ကျင့်ကြံနေသူများအဘို့ (စာပေ ကျမ်းဂန် မတတ်မြောက်စေကာမူ) လမ်းမှားရန် ကြောက်စရာမရှိပါပေ။

အခြေခံခိုင်ခိုင်မာမာနှင့် နိဗ္ဗာန်ကို ဦးတိုက်ကာ မြင့်မြတ်သော ရည် ရွယ်ချက်သာ ထားရှိပါမူ 'ကမ္ဘဋ္ဌာန်းထိုင်ရင် ရှူးတတ်တယ်' ဆိုသည်ကို လည်း စိုးရိမ်ဘွယ်မရှိနိုင်။ ထို့ကြောင့် ဤနေရာ၌ ရှေးသူတော်ကောင်း ပညာရှိတို့၏။ အမှာစကားကို ဦးထိပ်ရွက် ပန်ဆင်ကြရာ၏။

"ရိုးရိုးကျင့်၊ မြင့်မြင့်ကြံ၊
မှန်မှန်လုပ်၊ ကုပ်ကုပ်နေ"

## ဘုရားအား မိမိကိုယ်ကို ဦးစွာလှူပါ

သမာဓိ ဘာဝနာအလုပ်ကို လုပ်မည့်ပုဂ္ဂိုလ်သည် ဘုရားဝတ်တက်သည်နှင့် (အချိန်ကန့်သတ်၍ဖြစ်စေ)မိမိခန္ဓာကိုယ်ကို ဘုရားရှင်အား နှင်းအပ်လှူဒါန်း ထားရမည်။ လှူဒါန်းပုံမှာ—

"ဣမာဟံ ဘဂဝါ အတ္တဘာဝံ တုမှာကံ ပရိစ္စဇာမိ=
ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဘုရားတပည့်တော်သည်
ဤခန္ဓာကိုယ်ကို အရှင်ဘုရားအား စွန့်လှူ အပ်နှင်း ပါသည်
ဘုရား" (ဝိသုဒ္ဓိမဂ်-၁၊ ၁၁၁)

မိမိအား ကမ္မဋ္ဌာန်းပေးသော ဆရာရှိလျှင်လည်း 'ဣမာဟံ ဘန္တေ' စသည်ဖြင့် ရွတ်ဆိုကာ လှူရမည်။

ဤသို့ စွန့်လှူ နှင်းအပ်ထားခြင်း၏ အကျိုးအာနိသင် စွမ်းအင်သတ္တိကား အလွန်ကြီးမားလှ၏။ မိမိအမြတ်တနိုးထားသောပစ္စည်းကို အခြားသူအား အပြီးအပိုင် ပေးလှူလိုက်ပြီးမှ တစုံတရာပြောင်းလဲပျက်စီးသွားသော်လည်း 'ငါ၊ ငါ့ဟာ'ဆိုသောစိတ် မဝင်တော့သဖြင့် အထိုက်အလျောက် စိတ်သက်သာမှု ရ၏။ ဤကား အောက်ထစ်ဆုံး အမြတ်တည်း။

မိမိခန္ဓာကိုယ်ကြီးသည် ဘုရားပိုင် ဖြစ်သွားပြီဖြစ်၍ ဘုရားပစ္စည်း မှန်၍ မည်သည့်လူ,နတ်,ဗြဟ္မာတို့မျှ မဖျက်ဆီးနိုင်။ ('အန္တရာယ်မပြု ဂုဏ်လေးခု' ကြည့်ပါ။)

ယင်းသို့ဆိုသော်အဘယ့်ကြောင့် ကမ္မဋ္ဌာန်းထိုင်၍ ရူးသွပ်ခြင်း၊ လမ်းမှားခြင်း ဖြစ်နိုင်ပါအံ့နည်း။ မြတ်ဗုဒ္ဓဘုရားကြွသွားတော်မူလေရာရာတိုင်း၌ အမနုဿ (တစ္ဆေ၊ ဘီလူး၊ နတ်မိစ္ဆာ စသည်) တို့ ရန်မပြုနိုင်ကြောင်း ဗုဒ္ဓခေတ်က လူများအားလုံးလိုလို သိနေကြ၏။ (သောဏဒဏ္ဍသုတ်)

## မိမိစရိုက်နှင့် ကိုက်ညီတဲ့ ကမ္မဋ္ဌာန်းကို ရွေးချယ်ပါ

ကမ္မဋ္ဌာန်းထိုင်သူများသည် မိမိတို့စရိုက်နှင့် ကိုက်ညီသော ကမ္မဋ္ဌာန်းတခုခုကို အစွဲအမြဲထားကြရ၏။ မူလကမ္မဋ္ဌာန်း၊ ပင်တိုင်ကမ္မဋ္ဌာန်းဟု ခေါ်သည်။

ထိုမှတပါး မိမိလုပ်ငန်းများ အနှောက်အယှက်မရှိ လွယ်လွယ်ကူကူ ချောချောမောမော ဖြစ်စေရန်အတွက် ရှေ့ပြေး ကမ္မဋ္ဌာန်း၊ အခြံအရံ ကမ္မဋ္ဌာန်း၊ အကူကမ္မဋ္ဌာန်းသုံးခုကိုလည်း ကြိုးကြားကြိုးကြား နှလုံးသွင်းပေးရသည်။ ယင်းသုံးမျိုးကား မေတ္တာပွားခြင်း၊ အသုဘနှင့် သေခြင်းတရားကို ဆင်ခြင်ခြင်းတို့ပင် ဖြစ်၏။ (ဝိသုဒ္ဓိမဂ်-ကမ္မဋ္ဌာန်းယူခန်း)

အထက်ပါ သုံးမျိုးတွင် 'ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း'ကိုပါ ထည့်လျက် (ဗုဒ္ဓါနုဿတိ မေတ္တာ စ၊ အသုဘံ မရဏဿတိ'ဟု ခုဒ္ဒသိက္ခာ ကျမ်းဆရာက စူဠဝါအဋ္ဌကထာ—သေနာသနခန်းလာ အတိုင်း) 'စတုရာရက္ခ = အစောင့်အရှောက်လေးပါး'ဟု ပြဆိုထားသည်။

မြန်မာနိုင်ငံ ဆရာတော်ကြီး အစဉ်အဆက်လည်း ထိုကမ္မဋ္ဌာန်းလေးမျိုးကို အလျဉ်းသင့်သလို ပွားများတော်မူလေ့ရှိခဲ့ကြသည်။

သိဟိုဠ်ခေတ်ရဟန်းတော်များလည်း ကြွသွားလေရာတိုင်း နှလုံးသွင်းကြသော ကမ္မဋ္ဌာန်းများဖြစ်သည်။

ဗုဒ္ဓါနုဿတိကို ပင်တိုင်ထားသော စစ်ကိုင်း 'မဟာဂန္ဓာရုံဆရာတော်' ကလည်း အသုဘ စသည်ကိုပါ ပွားများရမည်ဟု မိန့်မှာတော်မူ၏။အဘယ့်ကြောင့်ဆိုသော် ဗုဒ္ဓါနုဿတိသည် သဒ္ဓါကို များစွာ ဖြစ်ပွားစေ၍ သဒ္ဓါသည် တဏှာနှင့် နီးကပ်နေသောကြောင့် ဖြစ်သည်။

## ကောင်းကျိုးစုံပုံ ဘေးရန်လုံ စွယ်စုံကမ္မဋ္ဌာန်း၊ အစောင့်အရှောက်တရား ၄-ပါး

၁။ ဗုဒ္ဓါနုဿတိ–ဘုရားဂုဏ်တော်ပွားခြင်း။သဒ္ဓါ, ပညာ,စသည်တိုးပွား၍ ရတနာသုံးပါး၊ ကံ ကံ၏ အကျိုးများကို သက်ဝင်ယုံကြည်ရာ၌ တနေ့ထက်တနေ့ ပိုမိုခိုင်မာလာမည်။ ဘုရားရှင်၏ ကျေးဇူးတော် ဂုဏ်တော် စွမ်းအင်သတ္တိထူးများ မိမိသန္တာန်၌ ကူးစက်ကိန်းအောင်းလာမည်။ ('ဓာတ်ကူးဆက်ပုံ'ကို ရှေ့မှာ ပြမည်။)

၂။ မေတ္တာ=အသက် ထင်ရှားရှိသော ဆရာသမား မိဘများ၊ နီးစပ်သူ တိုင်းပြည်မြို့ရွာ အကြီးအကဲများမှအစ နတ်ဗြဟ္မာ သတ္တဝါ အားလုံးအား ကိုယ်နှင့်ထပ်တူ 'ချမ်းသာလိုစိတ်မွေးရခြင်း၊ ကျန်းမာချမ်းသာကြပါစေ'ဟု မေတ္တာပွားခြင်း။ ဒေါသ, မာန်မာနများ ပါးလျား၍ ကိုယ်ချင်းစာစိတ်၊ စိတ်အေးမျှား တိုးပွားမည်။ လူနတ်တိရစ္ဆာန်များ ချစ်ခင်လာမည်။ ရန်မမူကြတော့။

၃။ အသုဘ = မိမိ, သူတပါးတို့၏ ခန္ဓာကိုယ်၌ စက်ဆုပ်ရွံရှာဘွယ် ရှိပုံကို ဆင်ခြင်ခြင်း။ အနည်းဆုံး မျက်နှာသစ်ချိန်၊ ကျင်ကြီးကျင်ငယ် စွန့်ချိန်မျိုး၌ ပွားဖြစ်အောင် ပွားသင့်၏။ ဒွါရကိုးပေါက်မှ အပုပ်ရေများ ဆင်းပုံမှအစ နှလုံးသွင်းရမည်။ မိမိချစ်သူ၏ ဆံပင်ကို နှစ်သက်သော်လည်း ထမင်းပန်းကန်၌ ဆံပင်တပင်တွေ့လျှင် ရွံရှာနေတတ်၏။ မွှားယွင်း

သော ထိုခံယူချက်များ ပျက်ပြယ်၍ ရာဂစိတ်။ တပ်မက်တွယ်တာစိတ်စသည် ကင်းလာမည်။

၄။ **မရဏာနုဿတိ**=အချိန်မရွေး သေသွားနိုင်သည်ကို ဆင်ခြင်ခြင်း။ ယခုပင်လျှင် မျက်စိမှုန်၊ ဆံဖြူ၊ သွားကျိုး၊ ခန္ဓာကိုယ်အအေးအပူ မမျှ၊ ထုန်ကျင်ကိုက်ခဲခြင်း စသည်ဖြင့် တခုစိ တခုစီ၏ အားနည်းသေကျေလာပြီကို ဆင်ခြင်ပါ။ လောဘ။ ဒေါသ၊ မာန်မာနစသော အပူစိတ်များကြောင့် အရာရာ၌ မမှန်မကန် ဖြစ်ရပုံများ လျော့ပါး၍ သူတော်ကောင်းတရား၌ သဒ္ဓါ, ဝီရိယ, ခန္တီ စသော အင်အားကောင်းများ ထက်သန်တိုးပွားလာမည်။

"ဒို့များ တသက်လုံး စိပ်တာမှ ပုတီး လေးလုံးဘဲ ရသေးတယ်" ဆိုသည်မှာ ဤ၌ အဖြေပေါ်လာလေတော့သည်။

(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ ဋီကာတို့၌) ၂၊ ၃၊ ၄- ကမ္မဋ္ဌာန်းတို့ကို "သဗ္ဗတ္ထက ကမ္မဋ္ဌာန်း = အရာခပ်သိမ်း၌ ပွားများသင့်သော၊ ကမ္မဋ္ဌာန်းအားထုတ်သူတိုင်း လိုက်နာသင့်သော ကမ္မဋ္ဌာန်း" ဟု ဖွင့်ဆိုကြသည်။

စင်စစ် ယင်း ကမ္မဋ္ဌာန်းတို့ကို အလျဉ်းသင့်သလို ပွားများခြင်းဖြင့် ရာဂ, ဒေါသ, မာန်မာန စသည်တို့ ကင်းရှင်းလာကုန်၏။သဒ္ဓါ, ပညာ, ဝီရိယ သည်းခံနိုင်မှုစသည်တို့ တိုးပွားလာကုန်၏။ ကောင်း-ဆိုးနှစ်တန်လောကဓံ တရားကို ရင်ဆိုင်လာနိုင်တော့သည်။

အချုပ်အားဖြင့် အန္တရာယ် ဘေးရန်များ ကင်းဝေး၍ အမျိုးမျိုးသော ချမ်းသာစီးပွားများလည်း တိုးပွားလာစေနိုင်၏။ ထို့ကြောင့် 'သဗ္ဗတ္ထက' ဆိုသည်ကို 'စွယ်စုံအကျိုးရှိသော ကမ္မဋ္ဌာန်း' ဟု ဆိုသင့်သည်။

အချိန်အခါ နေရာဒေသ ရွေးနေစရာမလို အချိန်တိုင်း တခုမဟုတ် တခု နှလုံးသွင်းမိလျက်သား ဖြစ်နေအောင် လေ့ကျင့်ပါ။

## ကမ္မဋ္ဌာန်း လေးမျိုးနှင့် မျက်နှာသစ်

တယောက်ထဲက လေးမျိုးစလုံးကို နေ့စဉ်ပွားရမည်ဆို၍ ခက်ခဲမည် မထင်သင့်။ သားသမီး တယောက်ကို ကောင်းစွာစောင့်ရှောက် မွေးမြူနိုင်သော မိဘသည် ဆယ်ယောက် ရှိလာသော်လည်း ပို၍ မခက်ခဲတော့ပြီ။

ဥပမာ–နံနက်အိပ်ရာမှထ၍ မျက်နှာသစ်တော့မည် ဆိုပါစို့။ မျက်နှာမသစ်မီ ရေတခွက်ခပ်ယူပြီးသည်နှင့်–

၁။ ဤမျက်နှာ သစ်တော်ရေကို ကိလေသာအပူခပ်သိမ်း အေးငြိမ်းတော်မူသော မြတ်စွာဘုရားရှင်အား ကပ်လှူပါသည် (ဒါန၊ ဗုဒ္ဓါနုဿတိ)။

၂။ ဤရေကဲ့သို့ သတ္တဝါအများ ကြည်လင်အေးမြ ချမ်းသာကြပါစေ (မေတ္တာ)။

၃။ မျက်ဝပ်ထွက်ခြင်း၊ ခံတွင်းမှ အပုပ်ရေ စီးကျခြင်း စသည့်ကြောင့် အမြဲတမ်း ဆေးကြောပေးရသော ဤခန္ဓာကိုယ်ကြီးသည် စပ်ဆုပ်ရွံရှာဘွယ်အတိပါတကား (အသုဘ)။

၄။ အင်း....၊ တရက်တညတော့ ငါ၏ အသက်မြဲခဲ့ရပြီ။ ထွက်လေမဝင်ခင်၊ ဝင်လေ မထွက်ခင် နံနက်နေ့ညမရွေး သေနိုင်ပေသည်တကား (မရဏာနုဿတိ)။

ဤသို့ ကျင့်ဝတ်လုပ်ထားပါမူကား မြတ်စွာဘုရားရှင်၏ တရားတော်သည် အလွန် လွယ်ကူလှပါပေ၏။ လက်တွေ့ စမ်းသပ်ကြည့်ပါက ပြောပြ၍ မကုန်နိုင်သော 'လောကီ-လောကုတ္တရာ အကျိုးစီးပွားတို့ကား များပြားလှပေတော့သည်။ ဟိုနှယ် ဒီနှယ် အတွေးနယ်ချဲ့ကာ စိတ်ကူးကောင်းသူများ (လက်တွေ့မလုပ်ဘဲ) နားလည်နိုင်သော အရာမဟုတ်ပေ။ စိတ်ကူးကောင်းသလောက် လွဲတတ်ပေ၏။

## အနာနှင့်ဆေး တဲ့အောင်ပေး

လူများရောဂါဖြစ်လာသောအခါ ဦးဆောင်သော ရောဂါကိုသာ အမည်တပ်၍ ခေါ်ရ၏။ ကံ, စိတ်, ဥတု, အာဟာရ, ဆီးဝမ်းသွေးလေ ရောဂါဖြစ်နိုင်သော အကြောင်းများ စုံ၍ နေ၏။ အကြောင်း တခုတည်းကြောင့်ဖြစ်လာသည်မဟုတ်။ ထို့ကြောင့် ဆေးပေးသော ဆရာသည် ဆေးတမျိုးတည်း ပေး၍မရ။ ဆီး ဝမ်း သွေး လေညှိ၍ ဆေးသုံးလေးမျိုးပေးပြီး ကုသရမြဲ ဖြစ်သည်။ 'ဆေးတွေက များလိုက်တာ' ဟု မအောက်မေ့ရ။

ဆေးစားစတွင် ရောဂါကြွတတ်သည်ကိုလည်း သတိပြု။

ဗုဒ္ဓါနုဿတိစသော ကမ္မဋ္ဌာန်း ရှုပွားခြင်းသည် 'ကိလေသာ ရောဂါကြီး' ဆေးကုခြင်းဖြစ်သည်။ လောဘအကြောင်း တခုတည်းကြောင့် ဖြစ်ရသည်မဟုတ်။ ဆယ်ပါးလုံး ရောထွေးဖြစ်နေ၏။ စိတ်ဆိုးသော ကိလေသာရောဂါကြီး ဖြစ်ရာ၌ ဒေါသကြောင့်ဟု ဦးဆောင်ရာ နာမည်တပ်ရသော်လည်း လောဘ, မာနစသည်တို့လည်း မြှောင်၍ ပါဝင်နေကြသည်။

'စတုရာရက္ခ တရား လေးပါးလုံး ပွားများပါ'ဟု ကျွမ်းကျင်သော ဆရာများက ပေးပါသည်ကို 'ဆေးတွေက များလိုက်တာ'ဟု မညည်းညူသင့်။ ဆင်ခြေလည်း မတက်သင့်တော့ပြီ။

'ဒါန သီလ ဘာဝနာ'

၁။ ရဟန်းတို့၊ အကြင်သူသည် ဒါနကို အနည်းငယ်သာ ပြု၏။ သီလကို အနည်းငယ်သာစောင့်၏။ဘာဝနာကိုမူ မရှုပွား။ ထိုသူသည် သေသည့်နောက် ဘုန်းကံနည်းပါး၍ ယုတ်ညံ့သော လူအမျိုး၌ ဖြစ်ရ၏။

၂။ ရဟန်းတို့၊ အကြင်သူသည် ဒါနကို သင့်ရုံသာလျှင် ပြု၏။ သီလကို သင့်ရုံသာလျှင် စောင့်၏။ ဘာဝနာကိုမူ မရှုပွား။ ထိုသူသည် သေသည့်နောက် ဘုန်းကံကြီးမား၍ မြင့်မြတ်သော လူအမျိုး၌ ဖြစ်ရ၏။

၃။ ရဟန်းတို့ အကြင်သူသည် ဒါနကိုအလွန်အကဲပြု၏။ သီလကို အလွန်အကဲစောင့်၏။ ဘာဝနာကိုမူ မရှုပွား။ ထိုသူသည် သေသည့်နောက် နတ်ပြည်၌ဖြစ်ရ၏ စာတုမဟာရာဇ်စသော နတ်ပြည်ခြောက်ထပ် နတ်မင်းကြီးတို့ ဖြစ်ကြရ၏။

(အင်္ဂုတ္တိုရ်၊ ပုညကိရိယာ ဝတ္ထုသုတ်-အဓိပ္ပာယ်ပြန်။)

အခန်း (၃)

# ဗုဒ္ဓါနုဿတိ ဘာဝနာ

## ဘာသာရေး ကျင့်ဝတ် ကျင့်ထုံး

ဗုဒ္ဓါနုဿတိ ဘာဝနာ–ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းတရား ရှုပွားရာ၌ အာရုံထားနည်း ယူနည်းသည် အလွန်အရေးကြီး၏။ ‘ဘုရားဖူးသည်၊ ဘုရားဝတ်တက်သည်’ ဆိုသည်မှာလည်း ‘ဗုဒ္ဓါနုဿတိ’ ကမ္မဋ္ဌာန်းပင်တည်း။ ‘ကမ္မဋ္ဌာန်း’ဆို၍ ဓမ္မရိပ်သာ၌နေသူတို့နှင့်သာ ဆိုင်သည်မဟုတ်။ ကလေးငယ်များအား “သားသားဦးတော်လုပ်” ဟုခိုင်းခြင်းသည် ကမ္မဋ္ဌာန်းရှေ့ပြေး အလေ့အကျင့် ပေးနေကြရခြင်းပင်ဖြစ်၏။

ထို့ကြောင့် ကမ္မဋ္ဌာန်းဆိုသည်မှာ လူကြီးလူငယ်မရွေး ဘုရား ဦးချသူတိုင်းနှင့် သက်ဆိုင်သည်ဟု သဘောကျရန်လိုသည်။မိမိတို့နှင့်မဆိုင်သကဲ့သို့ ‘မြင့်’၍တွက်မှထားရ။

ကမ္မဋ္ဌာန်းကို အနည်းနှင့်အများ လူတိုင်း လုပ်မှန်းမသိလုပ်နေမိကြ၏။ နိဗ္ဗာန်လည်း နီးနီးကလေးပင်တည်း။သို့ရာတွင် ဘာသာရေး ကျင့်ဝတ်ကျင့်ထုံးများ အားလုံးလိုလို လေးလေးပင်ပင် မရှိကြ။ ဘာသာလဝါဝါစာကမာမျှသာပြုလုပ်နေကြသဖြင့် လက်နက်ကောင်းသော်လည်း ထိမှန်အောင် မပစ်တတ်ဘဲ၊ မပစ်နိုင်ဘဲ ရှိနေကြရသည်။

'မထိတထိ' ဆက်သွယ်ထားသော ခေတ်ကြိုးဖြင့် အင်အားများ အပြည့်အဝ ဝင်မလာသည်မှာ မဆန်းချေ။

## ဂုဏ်တော်ထိအောင် အသိလိုက်ပါ

အချိန်ရှိခိုက် စိစိစစ်စစ်လေ့လေ့လာလာ ရှာဖွေဆည်းပူး၍ လက်တွေ့စမ်းသပ်လေ့ကျင့်ထားမှသာ အာရုံထားနည်း၊ ယူနည်းများ အသားကျနိုင်သည်။ ကိလေသာ ယန္တရားကြီး အကုန်လုံးလည်ပတ်၍ စီးပွားပျက်၊ ရာထူးကျ၊ ရောဂါရ၊ ဒုက္ခတွေ့ခါမှ ကမန်းကတန်း ထလုပ်၍ရသောအရာမဟုတ်။

သေခါနီးမှ အနားက ကြေးစည်ထုပေးသော်လည်း နားညည်းရုံသာ ရှိမည်။

'အာရုံ' ဆိုသည်မှာ 'သိစရာ' ကိုခေါ်၏။

သေနတ်ပစ်လေ့ကျင့်သူအတွက် ပစ်မှတ်ပင်ဖြစ်သည်။ သိစရာ ပစ်မှတ်ထားရှိမှ သိမှုမှန်ကန်၏။ စိတ်သည် ဒလစပ် သိသိနေ၏။ သူ့တာဝန်ပင်တည်း။ ရပ်နားရသည် မရှိ။ ထည့်သမျှ ကုန်ကြမ်းများကို ဝါးမျိုပစ်နိုင်သော၊ ရပ်ထား၍မရသည့် စက်ယန္တရားကြီးနှင့်တူ၏။ စစ်မှန်သော ကုန်ကြမ်းမျိုးမဟုတ်လျှင် စက်နာသည်။ ပျက်သည်။ စစ်မှန်သော ဝါးမျိုစရာ၊ သိစရာများကို ရှာထည့်၍ မပေးနိုင်လျှင် စိတ်ယန္တရားသည် ရပ်ထား၍ မရသဖြင့် တွေ့ကရာ ကုန်ကြမ်းများ (မသိကောင်းသည့် အရာများ) ကို ဝါးမျိုပစ်လေ့ရှိသည်။

လောက၌ သိစရာတွေ များစွာရှိ၏။ ရတနာသုံးပါးနှင့် စပ်သော သိစရာမှတပါး စိတ်ယန္တရားကို ဒုက္ခပေးမည့် မသိကောင်းသောသိစရာတွေကများကုန်၏။ ရတနာသုံးပါးအာရုံ သိစရာမှန်ပင် ဖြစ်စေကာမူ စနစ်တကျမကိုင်တွယ်တတ်ပါက အကျိုးမများချေ။ မှားယွင်းသော နာမ်အစာသည် မှားယွင်းသောရုပ်အစာထက် နာတတ်သည်။

## ဗုဒ္ဓါနုဿတိ၏ မူလအစီပွာယ်

ဘုရားဖူးခြင်း၊ ဝတ်တက်ခြင်း၊ ဂုဏ်တော်နှလုံးသွင်းခြင်းများသည် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ချည်းပင်ဖြစ်၏။ အနုအရင့် မျှသာ ခြားနားသည်။ (ဗုဒ္ဓါနုဿတိဟူသည် စိတ်အလုပ်ဖြစ်ကြောင်းရှေး၌ပြခဲ့ပြီ။)

ဘုရားဖူးသောအခါ၊ ဝတ်တက်သောအခါ၊ နှလုံးသွင်းသောအခါ စိတ်၏ အာရုံ၊ မလွတ်တမ်း စိတ်ထဲက စွဲစွဲမြဲမြဲဆုပ်ကိုင် ဖမ်းယူ ထားရမည့် (သိနေရမည့်အရာ)သိစရာကား အသက်အရွယ်နှင့် အသိဉာဏ်အလိုက်အနု အရင့် ကွာခြားသွားနိုင်၏။ မည်သို့ဖြစ်စေ နည်းလမ်း ကုန်ဆုံးအောင်ကား သတိပြုရမည်။

၁။ ပထမတွင် စေတီ,ရုပ်ပွား,ဘုရားပုံတော်များ၌သာ 'ဘုရား ဟု ထင်ကြရ၏။' (ကုသိုလ်ကား ရသင့်သလောက် ရပါ၏။)
၂။ ထို့နောက် ရောင်ခြည်တော်ခြောက်သွယ်၊ လက္ခဏာတော်ကြီးငယ်တို့ဖြင့် တင့်တယ်သပ္ပာယ်သော သက်တော်ထင်ရှား ရှိသည့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို စိတ်ထဲကဖန်ဆင်း၍ အာရုံပြုကြ=အသိအမှတ်ပြုကြ၏။ (အများအားဖြင့် ဤနေရာ၌သာ အသိ လမ်းဆုံးနေတတ်ကြသည်။ )
၃။ စင်စစ်အားဖြင့် ဘုရားရှင်၏'အရဟံ၊သမ္မာသမ္ဗုဒ္ဓေါ' စသော ဂုဏ်တော်အနှစ်အသားများအထိ ထိုးထွင်းသိမြင်နေအောင် နှလုံးသွင်းနိုင်မှသာ ဗုဒ္ဓါနုဿတိ အစစ်ဖြစ်၏။

ဗုဒ္ဓါနုဿတိ=ဗုဒ္ဓ=ဘုရားကို + အနုဿတိ=အဖန်ဖန် အထပ်ထပ် အောက်မေ့မှုကို ဗုဒ္ဓါနုဿတိ ခေါ်သည်မဟုတ်။

'ဗုဒ္ဓ'ကို'ဗုဒ္ဓဂုဏ'=ဘုရားရှင်၏ဂုဏ်တော်ဟုချည်း (စပ်ရာအဋ္ဌကထာဋီကာအားလုံး)ဖွင့်ဆိုကြသည်။ ဋီကာကျော် ဆရာကား 'အရဟံစသော ဘုရားရှင်၏ဂုဏ်တော်များကို အဖန်ဖန်သတိရနေမှု" ဟု ဖွင့်ပြ၏။ သို့မှလည်း အထည်ကိုယ် ဒြပ်မရှိသော 'ဓမ္မာနုဿတိ၊ ဥသမာနုဿတိ' တို့နှင့် ကိုက်ညီမည်ဖြစ်၏။

"ချစ်သားဝက္ကလိ၊ ငါ၏ခန္ဓာကိုယ် အကောင်ပုပ်ကြီးကို တစိမ့်စိမ့် ကြည့်ရှုကြည်ညိုနေ၍ အဘယ်အကျိုးရှိအံ့နည်း" ဟူသော စကားနှင့်လည်း ဆီလျော်မည်။ ဝိသုဒ္ဓိမဂ်တွင် ပထဝီကသိုဏ်းကိုပြရာ၌ အရောင်အဆင်းနှင့် ခက်မာမှုခေါတ်သားကျအောင် နှလုံးမသွင်းရ(အသိမလိုက်ရ)။ပညပ်မျှသာ ရပ်တန့်ရသည်။ သူ့နေရာနှင့်သူဖြစ်သည်။

ဤ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းတွင်ကား ဘုရားရှင်၏ အကောင်အထည် ပညပ်သဏ္ဌာန်နှင့် သပ္ပာယ်သော အရောင်အဆင်းမျှ၌သာ အသိလမ်းမဆုံး

စေရ။ ကျေးဇူးတော် ဂုဏ်တော်အထိ ထွင်းဖောက်၍ အသိလိုက်ရမည်ဟု ဆိုလိုပေသည်။

သို့ရာတွင် မကောင်းရာ မကောင်းကြောင်းအားဖြင့် ဂုဏ်တော်ကို နှလုံးသွင်းလျက်က ပုံတော်လည်း ဝိုးတိုးဝါးတား ထင်ဟပ်လာနိုင်၏။ ပဝာနပစ်မှတ် (သိစရာအာရုံ) မဟုတ်၍ အရေးမကြီး။

## မဟာဂန္ဓာရုံနှင့် လယ်တီဆရာတော်

ဤနေရာ၌ သီဟိုဠ်ကျွန်း'ဖုဿဒေဝ မထေရ်ကြီး'အကြောင်း ပြဆိုသင့်သေး၏။ ထိုမထေရ်အကြောင်း (ဝိသုဒ္ဓိမဂ် ၁၊ ၂၂၁-နှင့် ပရိဝါအဋ္ဌကထာ ၁၇၄-တို့၌)လာရှိသည့် သဘောအချုပ်ကား ထိုမထေရ်သည် မာရ်နတ်က ဘုရားပုံဖန်ဆင်းပြသည်ကို ဖူးမြင်ရ၍ ရဟန္တာဖြစ်သွားသော မထေရ်ဖြစ်၏။

ဤဖြစ်ရပ်ကို လိုရာကွက်ကြည့်၍ 'ဘုရားပုံကို နှလုံးသွင်းသည်'ဟု ပါဠိ, အဋ္ဌကထာ, ဋီကာများကို မကျော်လွန်သင့်။ ထိုမထေရ်သည်လည်း မာရ်နတ်က ဘုရားယာန် ဖန်ဆင်းပြသည်ကိုမြင်လျှင်—

"မာရ်နတ်သည် ရာဂ,ဒေါသ,မောဟ ရှိနေပါလျက် ဤမျှလောက် တင့်တယ်သေးလျှင် ရာဂ,ဒေါသ,မောဟများ အမြဲကင်းစင်တော်မူသော ဘုရားရှင်ကား အဘယ့်ကြောင့် သာလွန်မတင့်တယ်ဘဲရှိရအံ့နည်း"ဟုမြတ်စွာဘုရားရှင်၏ 'အရဟံ' ဂုဏ်တော်ကြီးကို ထိဆိုက်အောင် အာရုံပြုလိုက်နိုင်သည်ကိုပါ အထူးသတိချပ်သင့်ကြသည်။

နှုတ်ကူ,လက်ကူ၍ နှောင့်နှေးကြရသည့်အထဲ အပိုပည်ပ်တာလွှာမဖုံးကာစေသင့်။

ရှေးအခါက စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံဆရာတော်သည် ဗုဒ္ဓါနုဿတိကို ပဓာနပြု၍ ပွားများ၏။ တနေ့သောအခါ လယ်တီဆရာတော်ထံ လာရောက်၍ မိမိ၏ကမ္မဋ္ဌာန်းပွားပုံ၊ပေးပုံများကို လျှောက်ထားရာ လယ်တီဆရာတော်က အသေးစိတ် မေးစစ်တော်မူ၏။

မဟာဂန္ဓာရုံ ဆရာတော်၏ နည်းမှာ—

မိမိ၏ရှေ့နှစ်တောင်ထွာလောက်တွင်စမွခံ(အခင်း)ခင်း၍ ထိုအခင်းပေါ်၌ သက်တော်ထင်ရှား ဘုရားရှင် ကိုယ်တော်မြတ်ကြီး ကြွလာ သီတင်းသုံးနေတော်မူပုံ စိတ်၌စွဲမြဲ

အောင် ဖန်ဆင်းပေးပြီးနောက် 'အရဟံ၊ အရဟံ'' ဟုနှလုံး သွင်းနေရသော နည်းဖြစ်သည်။

ထိုနည်းအတိုင်းပွားများ၍ ရောင်ခြည်တော်ခြောက်သွယ်နှင့် ဘုရား နိမိတ်ထင်လွယ်ကြောင်း လျှောက်ထားရာလယ်တီဆရာတော်ဘုရားကြီးက–

"ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းသည် နိမိတ် မထင်ကောင်း၊ ပီတိသာဖြစ်ကောင်းသည်။သို့ရာတွင် ဆရာက ပရိကံလုပ်၍ ပေးသောကြောင့် ပေးသော ပရိကံနှင့် ထင်သောနိမိတ် တွဲပေသည်။အတုမရှိသော အတိဋ္ဌာရုံဘုရားနိမိတ်ထင်ခြင်း သည် ကောင်းပေသည်။ ရသောနိမိတ်ကို ဖျက်၍ မပစ် ကောင်း။ ဗုဒ္ဓါနုဿတိလို့ ခေါ်လျှင် စာနှင့်မညီမညွတ်ဖြစ် လိမ့်မည်။ အဆင်းရှိသော ကသိုဏ်း လေးပါးတွင် သွင်း၍ 'ဗုဒ္ဓကသိုဏ်း'လို့ခေါ်မှ ရသော နိမိတ်နှင့် တွဲလိမ့်မည်"ဟု မိန့်ဆို ဆုံးဖြတ်ပေးတော်မူဘူးသည်။

လယ်တီဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ်သည် အလွန် လေးနက်လှပေ၏။ရဲတင်းလှပါပေ၏။

## ငိုတရား ရယ်တရား

ဗုဒ္ဓါနုဿတိနှင့်စပ်၍ ကျမ်းဂန်တို့၌ "ဘုရားပုံမဟုတ်၊ ဘုရားဂုဏ်" ဟု တညီတညွတ်တည်း ပြဆိုကြပါလျက် စာတွေ့လက်တွေ့ မစိစစ်ကြသဖြင့် တစတစနှင့် ကွာဟမှန်းမသိ ကွာဟလာခဲ့သည်။ ပညာရှိတို့ပင် သတိဖြစ်ခဲ သော အရာဖြစ်လာ၏။ ('ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ'စာအုပ်၊ မဟာဂန္ဓာရုံ ဆရာတော်အခန်း၌ အပြည့်အစုံ ပြခဲ့ပြီ။)

ဂုဏ်တော်ကို ပဓာနထား၍ ပွားများဘဲ ပုံတော်ကို ဦးစားပေးခဲ့ ကြသည့်အပြင် ကမ္မဋ္ဌာန်းလမ်းစဉ်ကို 'ညို'၍ ပေးတတ်သော အခြား'စတုရာ ရက္ခ' တရားသုံးပါးကိုလည်း ပူးတွဲ၍ မပွားများမိဘဲ ရှိနေတတ်၏။

ထို့ကြောင့် ဗုဒ္ဓါနုဿတိချည်း ပွားများသူများ လက်တွေ့တွင် ဘက်စုံပြန့်၍ လမ်းချော်ကျသွားတတ်ကြသည်။ တဘက်သတ် သဒ္ဓါလွန် သွားကာ ရာဂ, ဒေါသ, မောဟကင်းဝေးမှုနှင့် အလှမ်းကွာသွားစေတတ်၏။

ယခုအခါ 'ဘုရားကြွလာပြီ'ဆိုကာ ငိုကြရ၊ ရယ်ကြရနေသော ယောဂီများပင် အများရှိနေကြသည်။ ရှေးကလည်း ရှိခဲ့ဘူးလေပြီ။ နောက်ဆုံး ယောဂီကိုယ်တိုင်ပင် ဘုရားစင်စစ် ဖြစ်သွားတတ်ကလသည်။

အစွန်းထွက် လမ်းဖဲ့လာသော သဒ္ဓါလွန်မှု (အာရုံလွန်ချက်) ကို ဖမ်းကိုင်၍ အမှေ့ခေတ်များဝင်ရောက်လာတတ်သည်မှာ ယောဂီတိုင်း သိရှိနိုင်သောအရာ မဟုတ်ချေ။

ထို့ကြောင့် လမ်းမချော်ကျစေရန် စနစ်တကျပွားများစေတ်ဘိုလို၏။ အခြုံအရုံဖြစ်သော အခြား 'စတုရာရက္ခ' ကမ္မဋ္ဌာန်းများကိုပါ ပူးတွဲ ရှုပွားရန် မမေ့သင့်ကြပေ။

(ဗုဒ္ဓါနုဿတိ အခြေခံမျှလောက်ကိုပင် ကောင်းစွာသဘောမပေါက်။ မိမိ၏ ပရိယတ် ပညာကိုလည်း အထင်ရောက်သဖြင့် 'မသိတကိ' လုပ်မိရာ ဤစာရေးသူကိုယ်တိုင်ပင် 'ဘုရားနှင့် တွေ့၍ ငိုခဲ့ရ'ဘူးပါ၏။)

လက်တွေ့လည်းပါ၊ ကျမ်းစာနှင့်လည်း ကိုက်ညီသော နည်းလမ်းကိုသာ လိုက်နာကျင့်ပွားနိုင်ကြပါစေ။ အခြေတည်စ စနစ်ကျရန် အရေးကြီးလှပါဘိသည်။

## ဂုဏ်တော်စွမ်းအင် ✓

ဘုရားရှင်၏ ကျေးဇူးတော် ဂုဏ်တော်တို့ကို အမြဲပဖြတ် သတိရအောက်မေ့နေသူများ ရရှိနိုင်သော အကျိုးနှင့် စပ်၍ ပညတ်အားဖြင့် လူပင်း၊ နတ်ပင်းစသည် ဖြစ်ရကြောင်း ဝတ္ထုသာဓကများ များစွာ ရှိပေ၏။

ဤ၌ တန်ခိုးသတ္တိစွမ်းအင် အချုပ်ကိုသာ ဖော်ပြပါအံ့။

"ရဟန်းတို့၊ တခုသော သဘောတရားကို ပွားများအပ်သည်ရှိသော်၊ ကြိမ်ဖန်ထပ်ထပ် ပြုအပ်သည်ရှိသော်....

၁။ ဝင်္ဆင်းရဲ၌ ငြီးငွေ့ခြင်းငှာ၊
၂။ တပ်မက်မှု ကင်းခြင်းငှာ၊
၃။ ကိလေသာတို့ချုပ်ငြိမ်းခြင်းငှာ၊
၄။ ကိလေသာအပူ ငြိမ်းအေးခြင်းငှာ၊

၅။ ဖြစ်ပျက်ကို သိမြင်ခြင်းငှာ
၆။ သစ္စာလေးပါးကို သိခြင်းငှာ၊
၇။ နိဗ္ဗာန်ကို ရရှိခြင်းငှာ ဖြစ်ပေသည်။

တခုသော သဘောတရားကား အဘယ်နည်းဟူမူ – ဗုဒ္ဓါနုဿတိ (စသော အနုဿတိ ဆယ်ပါးတို့တွင် တခုရ) ပင်တည်း။ (ကိလေသာ အပူကင်းရခြင်းကို ကြီးမြတ်သော ကျေးဇူးဟုသိပါ။)

(အင်္ဂုတ္တရ၊ ဧကဓမ္မ၊ ပ–၀၇)

## ဘထွေးတော်နှင့် ဘုရားဂုဏ်

ယိုမှဘပါး သောတာပန် ပုဂ္ဂိုလ်များ၏ အမြဲနှလုံးသွင်းနေထိုင်ပုံအကြောင်းကို ဘုရားရှင်၏ ဘထွေးတော် ‘မဟာနာမ်’ သာကီဝင်မင်းက လျှောက်ထား၍ အနုဿတိ ၆-ပါးကို အမြဲနှလုံးသွင်း၍ နေလေ့ရှိကြောင်း ဖြေဆိုတော်မူသည်။ (သာမန် ဥပါသကာတို့လည်း ထိုသို့ပင် နှလုံးသွင်းနေရမည်။)

ယင်းသို့ ဖြေဆိုတော်မူရာ၌ ဗုဒ္ဓါနုဿတိ၏ စွမ်းအင်သတ္တိ ကျေးဇူးဂုဏ်ကို အောက်ပါအတိုင်း ဟောတော်မူ၏။

အဋ္ဌကထာ, ဋီကာ ဆရာကြီးတိုင်း လက်သုံးသာဓက ပြုရသောဖြစ်ရပ်လည်း ဖြစ်သည်။

“မဟာနာမ်၊ အရိယာဖြစ်သော သာဝက (တပည့်တော်)သည် မြတ်စွာဘုရားရှင်၏ ကျေးဇူးဂုဏ်ကို အောက်မေ့ ဆင်ခြင်နေသော အခိုက် (ဆင်ခြင်နေသမျှ)–

၁။ ရာဂ ဖိစီးနှိပ်စက်သော စိတ်မဖြစ်ရတော့ပြီ။
၂။ ဒေါသ ဖိစီးနှိပ်စက်သော စိတ် မဖြစ်ရတော့ပြီ။
၃။ မောဟ ဖိစီး နှိပ်စက်သော စိတ် မဖြစ်ရတော့ပြီ။
(ရာဂ,ဒေါသ, မောဟ ဟူသော ပင်မကိလေသာ အပူဓာတ်များ မဝင်သာတော့ပြီ။)

၄။ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်တို့ကိုသာ နှလုံးသွင်းလျက် (တသမတ်တည်း) ဖြောင့်မှန်သော စိတ်အစဉ်ဖြစ်လျက်နေ၏။

(လမ်းခုလတ်က စေတတ်သော မာယာ, သာဌေယျ မရှိ။ တလွဲ တက်စေ, ကျစေနိုင်သော ရာဂ စသည်မရှိ။ ဆုတ်ဆိုင်းပေါ့လျော့စေတတ်သော လီန''ဝိရိယလျော့ခြင်း'နှင့် ဥဒ္ဓစ္စ 'ပျံ့လွင့်'မှု မရှိ၍ တဖြောင့်တည်း မဇ္ဈိမပဋိပဒါလမ်းစဉ် မှန်နေပြီဟု ဆိုလိုသည်။ မဟာဋီကာ။

အင်္ဂုတ္တရ-ဋ္ဌ၊ ၇၉-၌ 'ဝိထိ''အစား'ထိန် မိဒ္ဓ''ရှိနေ၏။)

၅။ ဖြောင့်မှန်သော စိတ်အစဉ်ရှိသော အရိယ သာဝက (ယောဂီ)သည် အကြောင်းအကျိုး၊အနက်အဓိပ္ပါယ်ကို ဆင်ခြင်၍ဖြစ်သော နှစ်သက် ဝမ်းမြောက်မှုကို ရ၏။

၆။ အကြောင်းခြင်းရာနှင့် ဒေသနာပါဠိကို ဆင်ခြင်၍ ဖြစ်သော နှစ်သက် ဝမ်းမြောက်မှုကိုရ၏။

၇။ ကြောင်းကျိုးနှစ်ဖြာ သဒ္ဒါအနက်ကို ဆင်ခြင်၍ တရားနှင့် စပ်သော နှစ်သက်ဝမ်းမြောက်မှုကို ရ၏။

(ဤနေရာ၌ ဝိသုဒ္ဓိမဂ်အဆိုသည် ဂုဏ်တော်ပါဠိ အနက်မျှလောက်ကိုသာ ဆိုရာရောက်သဖြင့် အကျိုးအာနိသင် ကျဉ်းမြောင်းနေ၏။ထို့ကြောင့် မဟာဋီကာနှင့် အင်္ဂုတ္တရ-ဋ္ဌ၊ ဋီ-တို့အရ ပြလိုက်၏။

စင်စစ် ဗုဒ္ဓါနုဿတိ စသော တစုံတခုသော ဘာဝနာကို ပွားများသူများသည် စာကြည့်ခြင်း၊ တရားနာယူခြင်း စသည်၌ အခြားသူများနှင့် မတူနိုင်။ ကြောင်းကျိုးနှစ်ဖြာ သဒ္ဒါအနက် အဓိပ္ပါယ်ကွင်းဆက်များ ပို၍ နက်ရှိုင်းစွာ သိမြင်ကျေနပ်မှု ရရှိကြရသည်။ လောကီ ကြီးပွားရေး စသည်ကို စဉ်းစားကြံဆရာ၌လည်း အချက်ကျကျပို၍ ရှင်းလင်းစွာ သိမြင်ကြီးပွားနိုင်သည်မှာ ယုံမှားဘွယ်မရှိထိုက်။)

၈။ နှစ်သက်ဝမ်းမြောက်မှုရှိသော ယောဂီအား အလွန် နှစ်သက်ဝမ်းမြောက်မှု (ပီတိ ၅ ါးမျိုး)သည် ဖြစ်၏။

၉။ နှစ်သက်ဝမ်းမြောက်သော စိတ်ရှိသောယောဂီအား ကိုယ်စိတ်နှစ်ဖြာ ငြိမ်းအေးရ၏။

22.ဒုတိယအကြိမ်

၁၀။ ကိုယ်စိတ်ငြိမ်းအေးသော ယောဂီသည် ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းကို ခံစားရ၏။
၁၁။ ကိုယ်စိတ်နှစ်ပြာ ချမ်းသာခြင်းရှိသောယောဂီ၏စိတ်သည် ကမ္မဋ္ဌာန်းအာရုံ၌ ကောင်းစွာ စူးစိုက် ရပ်တည်၍နေ၏။တည်ကြည်၏။ (သမာဓိဖြစ်လျှင် အသိဉာဏ်ပညာများ တိုးပွားတော့သည်သာ။)
(အင်္ဂုတ္တရ-၂၊ ဆက္က၊ မဟာနာမသုတ်-၂၅)

## ဂုဏ်တော်ပီတိနှင့် မင်းအဖြစ် မလဲနိုင်

၁။ ဂုဏ်တော်ပွားများသူသည် 'အရဟံ'ပုဒ်၏ အနက်အဓိပ္ပါယ်ကို စဉ်းစား ကြံဆ နေရသည်။ 'ဝိတက်'ခေါ်၏။
၂။ အထပ်ထပ် ဆင်ခြင်သုံးသပ် ကြည့်ရသည်။ 'ဝိစာရ'ခေါ်၏။
၃။ အဖန်တလဲလဲ ကြံစည်စဉ်းစားနေပါက ကျေနပ်မှု၊ စိတ်ထဲတွင်လှိုက်လှိုက်လှဲလှဲရှိလာသည်။ကြက်သီးတဖြန်းဖြန်းထလာသည်။'ပီတိ'ခေါ်၏။
၄။ နောက် ကိုယ်ရောစိတ်ပါ ငြိမ်းအေးပြီး ချမ်းသာလာသည်။ 'သုခ'ခေါ်၏။
၅။ ကိုယ်စိတ် ငြိမ်းအေးချမ်းသာ လာပြီးနောက် ဘုရားရှင်၏ ကျေးဇူးတော် ဂုဏ်တော်တို့၌သာ စိတ်သည်စုတ်စုတ်နစ်နစ် စူးဝင်ရပ်တည်နေတော့သည်။'သမာဓိ–ဧကဂ္ဂတာ'ခေါ်၏။

ယင်း ဝိတက်, ဝိစာရ, ပီတိ,သုခ,ဧကဂ္ဂတာ ငါးမျိုးဖြစ်နေသည်ကို 'ပထမစျာန်'ဟုခေါ်သည်။

သို့သော် အစစ်ကား မဟုတ်သေး။ တိုက်ရွှေ့ ဥပစာ မြေကွက်၌ ရောက်နေသူနှင့် တူ၏။တိုက်ဥပစာက ရပ်၍ တိုက်ကို အနီးကပ် ခန့်မှန်းနိုင်သကဲ့သို့ ပထမစျာန်ရသူ၏ ချမ်းသာကို အနီးကပ် ခန့်မှန်း နိုင်သူကားဖြစ်လေပြီ။

ထိထိမိမိ တိတိကျကျ စီးစီးပိုင်ပိုင် ပွားများကြပါကုန်။ သို့ရာတွင် ဂုဏ်တော်တို့သည် ကျယ်ပြောနက်ရှိုင်းလွန်းအားကြီးသဖြင့် ဥပစာရစျာန်မျှ လောက်လာ ရောက်နိုင်၍ အပ္ပနာစျာန်ကြီးသို့ကား မတက်နိုင်ချေ။

မည်သို့ဖြစ်စေ ထိုမျှလောက် ပေါက်မြောက် ရရှိသော ပီတိသည် ဇမ္ဗူဒိပ်တပြင်လုံးရှိ နိုင်ငံအားလုံးကို အစိုးရသော ပင်း ဖြစ်ရသည်ထက် တန်ဘိုးကြီးမြတ်ကြောင်း ဟောကြားဖွင့်ဆိုတော်မူကြကုန်၏။ (ဖြဟ္မဇာလ ဋ၊၅၄)။

## အကျိုး ၄-မျက် လက်ငင်းရ

ဗုဒ္ဓါနုဿတိ ဂုဏ်တော်ပွားများခြင်း၏ အကျိုးအာနိသင် စွမ်းအင် သတ္တိကို (ဝိသုဒ္ဓိမဂ်-၁၊၂၀၆-၅) အောက်ပါအတိုင်း ဖေါ်ပြထားပြန်သည်။ မှတ်သားဘွယ်ကောင်းလှ၏။

၁။ မြတ်စွာဘုရားအပေါ် ရိုသေလေးစားမှုတုပ်ခပ် ကျိုးနွံမှု ရှိလာခြင်း။

၂။ ရဘနာသုံးပါးနှင့်ကံ့ကံ၏အကျိုးကိုသက်ဝင်ယုံကြည်ခြင်း၊ အမှတ်သတိ ကောင်းခြင်း (မရှူးသွပ်နိုင်၊ အိုသော်လည်း သူငယ်မပြန်နိုင်သည်ကို သတိပြု။) အသိဉာဏ်နှင့် ကုသိုလ်များတိုးပွားလာခြင်း။(ယုံကြည်စိတ်ပြင်းပြ၍ သဒ္ဓါရင့်သန်လာလျှင် ကျန်ဝီရိယ,သတိ,သမာဓိ,ပညာ ဣန္ဒြေများလည်း ဆက်လက် ရင့်သန်မြဲ။)

၃။ နှစ်သက်ဝမ်းမြောက်မှု များပြားလာခြင်း။

၄။ ကြီးကြီးငယ်ငယ် အသွယ်သွယ်သော ဘေးရန်နှင့် ဆင်းရဲဒုက္ခမှန်သမျှကို ခံနိုင်ရည် ရှိလာခြင်း။

ဤနေရာ၌ ဘုရားရှင်က ရဟန်းတို့အား=

"တစုံတရာ ကြောက်မက်ဖွယ် ဘေးရန်ကြုံလာလျှင် ငါ့ကိုအောက်မေ့လိုက်။တလိုက်ကြ။ ငါ့ကိုသတိမရဖြစ်လျှင် တရားနှင့် သံဃာ့ဂုဏ်ကိုအောက်မေ့ကြ။ ထိတ်လန့်ကြောက်ရွံ့ဘွယ် ဘေးရန်များ ပျောက်ကွယ်သွားလိမ့်မည်"

ဟု ဟောတော်မူသော'ဓဇဂ္ဂသုတ်'ပရိတ်တော်ကိုသတိပြုပါ။

ဤစာအုပ်ရှေ့ပိုင်း၌ ပြခဲ့သည့်အတိုင်း'ဗုဒ္ဓ သရဏံ ဂစ္ဆာမိ'မှအစ ပရိတ်၊ပဋ္ဌာန်းစသော ပါဠိတော်များ၊ ဂါထာများကို မိမိတို့နှုတ်တက်သလို

ရွတ်ဆိုကြ၍ ဘေးအန္တရာယ် အမျိုးမျိုးမှ လွတ်မြောက် ကြရာတွင်လည်း သဘောအချုပ်အားဖြင့် ရတနာသုံးပါး၏ ကျေးဇူးဂုဏ်ကို သတိရခြင်းပင် ဖြစ်၍ "ဤဂါထာက ဓားပိးသည်၊ ဤဂါထာက တုတ်ပိးသည်"ဟု မကန့်သတ်ရ။

ကျမ်းစာအုပ်တိုင်းတွင် 'နမော တဿ'ကို ရှေ့ဆုံး၌သည့်၍ 'ပဏာမ' (ရှိခိုးခြင်း) ပြုကြရာ ကျမ်းပြုဆရာများက 'ဘေးရန်ကင်းရှင်း၍ ကျမ်းစာ ပြီးဆုံးအောင် ရေးသားနိုင်ခြင်း အကျိုးများရှိသည်'ဟုယုံကြည် ယူဆလေ့ ရှိကြသည်။

ထို့အတူ ဘုရားရှိခိုးခြင်း၊ ရတနာသုံးပါးကို သတိရခြင်း ရှိနေပါမူ တနည်းနည်းဖြင့် ဘေးရန်အမျိုးမျိုးမှ အံ့သြလောက်အောင် လွတ်ကင်း၍ ကောင်းကျိုး ချမ်းသာခြင်းအမျိုးမျိုးတို့လည်း ကြုံဖန်၍ဖြစ်ပေါ်တတ်သည် ချည်းပင်။

## ရှိခိုးခံနည်း ဂုဏ်တော်အငွေး

၅။ မြတ်စွာဘုရားနှင့်အတူတကွနေနေရသည်ဟုမှတ်ထင်ရခြင်း။ (မိဘနှင့် အတူနေသကဲ့သို့ အားရှိသည်။ စားချိန်ကျလျှင် စားရ၏။ နှိပ်စက်စော်ကားရဲသူမရှိ။ မပူပင် မကြောင့်ကြရ။ အားကိုးရမည့်သူ၊ အကာအကွယ် ပေးမည့်သူ ရှိနေ၏။ ကိုးကွယ်ရာ ရထားသည်။)

၆။ (မိမိတကိုယ်လုံး ဂုဏ်တော်များ မွမ်းထုံ စိမ့်ဝင်နေပြီ ဖြစ်၍) ဂန္ဓကုဋီ၊စေတီတော်ကဲ့သို့ အပူဇော်ခံထိုက်သူ ဖြစ်လာခြင်း၊

ရှေးအခါမှစ၍ ဘုန်းတော်ကြီးနှင့် လူကြီးမိဘ သက်ကြီးရွယ်အိုများသည် တပည့်သားမြေးနှင့် ငယ်ရွယ်သူများက ရှိခိုးကန်တော့ကြသောအခါ–

"အသက်ကြီးတဲ့ဝယာဝုဒ္ဓိဂုဏ်နဲ့ ဘဲရှိခိုးကန်တော့ခံထိုက်ပါရဲ့။ ဒါပေမယ့် နှစ်ဦးနှစ်ဝ ပိုပြီး အကျိုးများအောင် အခြေ့သူများ ရှိခိုးလျှင် ကိုယ်က 'အရဟ' ဂုဏ်တော်ကို ကြိုတင် နှလုံးသွင်းနေတာ အကောင်းဆုံးဘဲ" ဟု ယူဆကာ ထိုသို့ပင် ပြုလေ့ရှိသည်မှာ အစဉ်ပွာယ်ရှိလှပါပေ၏။ ကိုယ်ခံမရှိဘဲ ရှိခိုးခံရခြင်းသည် လှ နှင့်ထိုးသည်ထက် နာတတ်၏။

၇။ (ဂုဏ်တော် ပွားများဖန် များလျှင် ဘုရား ဖြစ်ရခြင်း၏ ကျေးဇူးဂုဏ် မြင့်မြတ်သည်ကို အားကျ၍) ဘုရားဖြစ်ရမှု၌ စိတ်ညွတ်လာခြင်း၊ ကိုယ်တိုင် ဘုရားစိတ်ပေါက်နေခြင်း။

မိမိကိုယ်နှင့်ဘုရား ခွဲခြား၍ မရအောင်ပင် ဘုရားဓာတ်အားများ ကူးစက်စိမ့်ဝင်၍ နေခြင်းဖြစ်သည်။ 'အရဟံ' စသော ဂုဏ်တော်များကို ပွားများခြင်းသည် သေချာပေါက် မြတ်စွန်းမည်သိ၍ သူဌေးကြီးထံမှ ချေးငှားရောင်းဝယ်ရသဖြင့် ကြွယ်ဝလာသော သူဌေးကဲ့သို့ ကိုယ်ပိုင်မရှိမိ ချေးငှားထားရသော ဂုဏ်များသာ ဖြစ်သေးသည်။ အပိုင်မဟုတ်။ သို့သော် မူလ သူဌေးကြီး၏ အရှိန်အဝါ ဓနအင်အားများ ကူးစက်ကာ မူလသူဌေး ကြီးလောက်နီးနီး လူမှုဒုက္ခကင်းဝေး၍ ချမ်းသာရ ရနိုင်၏။

ကိုယ်ပိုင်ဖြစ်စေရန် သာဝကတဦးအနေဖြင့် ဖြစ်နိုင်၊ ရနိုင်သော 'အရဟံ'=ကိလေသာ ကင်းဝေးသူ၊ သမ္မာ-သမ္ဗုဒ္ဓေါ=အမှန်ကို ကိုယ်တိုင် သိသူ'ဖြစ်အောင် ကိုယ့်အားကိုယ်ကိုး ကြိုးစားကြရမည်သာဖြစ်သည်။

သို့ရာတွင်'ဘုရားဆုပန်'ခြင်းကိုမူအလေးအနက်စဉ်းစားသင့်ကြသည်။

## အခြေခံ သူတော်ကောင်း အင်အား

၁။ မိမိရှေ့တွင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး အမြဲကြွရောက် သီတင်းသုံးနေသကဲ့သို့ရှိ၍ တစုံတခု မကောင်းမှုပြုလုပ်ရန် ရှက်ရွံ့ကြောက်လန့်နေခြင်း (ရှုမ်းခြင်း)။

မကောင်းမှု ပြုလုပ်ရန် ရှက်ကြောက်ရုံမျှသာမက ပရိသတ်ထဲ နေရ ရာ၌ မျက်နှာမထားတတ်၊ အိုးတိုးအမ်းတမ်း ရှက်ကြောက်နေလျှင်လည်း 'အရဟံ'စသော ဂုဏ်တော်တခုခုကို ပွားများနေရန် ရှေးက ဘုန်းတော်ကြီး နှင့် လူကြီးမိဘများက ဆုံးမလေ့ရှိကြသည်။မျက်နှာသိုးပုပ်ခြင်း၊ဂွမ်းခြင်း၊ ရှက်အမ်းခြင်း၊ လက်ခြေမငြိမ်မဆိမ်ခြင်းမရှိ၊ ပိရိသေဝပ်သွားသည်။

"အမှတ်-၁၊၅၊၈ တို့ဖြင့် ရ ခါ ပုံတော်သဏ္ဍာန်လည်း ထင်နိုင်သည်ကို ခြင်းချက်ပြုသည်"ဟု မှတ်။

၉။ အကြောင်းမပြည့်စုံသေး၍ အထက်အထက်ဖြစ်သော ဈာန် မဂ်ဖိုလ်ကို မရ မရောက်နိုင်သေး စေကာမူ သုဂတိဘဝ (လူကောင်းနတ်ကောင်းဖြစ်ရန်) သေချာခြင်း။

ဤကား ဗုဒ္ဓါနုဿတိပွားများရခြင်း၏ အကျိုးကျေးဇူး စွမ်းအင်သတ္တိဆုများ ဖြစ်ကြောင်း၊ ဤ လောကီ, လောကုတ္တရာ အဘယ်ဆုလိုနေသေးသည်ဟု မရှိအောင် ပြည့်စုံစေပြီကို ဝမ်းမြောက် အားကျသင့်ကုန်၏။

ဗုဒ္ဓါနုဿတိဘာဝနာ ကမ္မဋ္ဌာန်းတရားအားထုတ်သူများသည် 'အဘယ် ဥဿုံ [illegible] ဖြစ်မည်နည်း' [illegible] ဖြစ်ပြီးသည့် [illegible] 'ဥတ္တရိမနုဿဓမ္မ=လူ့ဘောင်လွန်တရားထူး'များကို [illegible]—

၁။ [illegible] ရတနာသုံးပါးအပေါ်၌ ယုံကြည်မှုနှင့်လေးစားမှု မြဲ ထုပ်ဝပ် ကျိုးနွံ့လာသနည်း။

၂။ လိမ်လည်ဝါကြွားခြင်းမှအစ အကုသိုလ်ကိစ္စ၌ မည်မျှ လက်ရှိ ရှက်ရွံ့လာသနည်း။ ကိုယ့်နှုတ်စိတ်အမူအရာ မည်မျှ ယဉ်ကျေးသိမ်မွေ့လာသနည်း။

၃။ ကောင်းဆိုးနှစ်ပါး လောကဓံတရားတို့ကို မည်မျှ ခံနိုင်ရည် ရှိလာသနည်း။ မည်မျှ ကိုယ်စိတ်ချမ်းမြေ့လာသနည်း။

ကမ္မဋ္ဌာန်းအားလုံးတို့၏အစ ဗုဒ္ဓါနုဿတိ ဘာဝနာကမ္မဋ္ဌာန်းပေါက် ကပင် ပြည့်စုံနိုင်ရမည့် 'အခြေခံ သူတော်ကောင်းအင်အားများ' ဖြစ်ပေသည်။

အမြတ်ဆုံးသော အကျိုး

ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ကိုးကွယ်ရသူတို့သည် အမြတ်ဆုံးကို ကိုးကွယ်ရသူတို့မည်ပေ၏။ အမြတ်ဆုံးကို ကိုးကွယ်သူတို့သည် အမြတ်ဆုံးသော အကျိုးကို ရကြပေ၏။

(ဇာတိဝုတ်-အဂ္ဂပသာဒသုတ်)

## ဗုဒ္ဓါနုဿတိမှ ဝိပဿနာတက်နည်း

'အရဟံ'စသော ဂုဏ်တော်များကို ထပ်ချည့်တလဲလဲ ပွားထုံနေခြင်းသည် သမထ (ကိလေသာ ငြိမ်ဝပ်နေစေရုံ) မျှသာ ရှိသေးသည်။ 'ဝိပဿနာ' မဖြစ်သေး။

'ဝိပဿနာ'ဟူသည် အနိစ္စအချက်,ဒုက္ခအချက်, အနတ္တအချက်များ ကို ထိုးတွင်းသိမြင်ရမှုဖြစ်၏။

### ကမ္မဋ္ဌာန်း အားဆေးကြီး

ဝိပဿနာတက်ပုံကို မပြမီ အခြေခံသဘောကိုရှင်းပြရန် လိုပေဦးမည်။

အနုဿတိဆယ်ပါးတွင် အာနာပါနဿတိ,မရဏာနုဿတိ,ကာယ ဂတာသတိသုံးပါးသည် ဝိပဿနာကူးပြောင်းတက်သွားရန် လွယ်ကူရုံမျှသာ အကျိုးရှိ၏။ ဗုဒ္ဓါနုဿတိစသော ကျန်အနုဿတိ ခုနစ်ပါးကား ဝိပဿနာ အတွက်လည်းကောင်း၏။ စိတ်ဓာတ်ထက်သန် ရှင်လန်းစေမှု အတွက်လည်း ကောင်း၏။ (အင်္ဂုတ္တရ၊ ၄–၁၊ ၃၆၆–၇)။

စိတ်ဓာတ် ရှင်လန်းထက်သန်စေမှုအတွက် အကောင်းဆုံးမှာ ဗုဒ္ဓါ နုဿတိ ကမ္မဋ္ဌာန်းဟု ဆိုသင့်၏။

အသုဘ, မရဏာနုဿတိစသော ကမ္မဋ္ဌာန်းတခုခုကို ပွားများရာ၌ စိတ်ညစ်ညူးမှုစသည်ဖြစ်လာလျှင် နွားရိုင်းက,သော လှည်းကဲ့သို့ လမ်းမှန် မသွားနိုင်၊ မရောက်နိုင်။ ထိုအခါ မူလကမ္မဋ္ဌာန်း (အသုဘ စသည်)ကို ရပ်ထား၍ ဗုဒ္ဓါနုဿာတိစသည်ကို အစားထိုး ပွားများပေးရသည်။ စိတ် ကြည်လင်လာမှ မူလကမ္မဋ္ဌာန်းကို ပြန်ကောက်ရ၏။

ဗုဒ္ဓါနုဿတိစသော ကမ္မဋ္ဌာန်းသည် ကမ္မဋ္ဌာန်း ထိုင်သူတိုင်းအတွက် စိတ်ဓာတ်အားဆေးကြီးဖြစ်၏။တနည်းအားဖြင့်အလွန်လှပသောအဆောက် အဦကြီးတခု ဆောက်လုပ်ရန် သစ်ပင်ကြီးကို ခုတ်လှဲရာ၌ အပွေးအခက် ခုတ်ဖြတ်ရုံမျှဖြင့် ပုဆိန်တုံးပဲ့လိပ်ခွေသွား၍ အားမလျော့ရ။ပန်းဘဲဖိုသို့သွား ၍ အသွား သ,ပြီးနောက် ပြန်၍ခုတ်လှဲရမည်။

ထို့ကြောင့် ဗုဒ္ဓါနုဿတိ စသည်တို့သည် စိတ်တည်းဟူသော ပုဆိန် အသွားကို ထက်အောင် သ,ပေးရသော ပန်းဘဲအလုပ်နှင့် တူလေသည်။ (ဋ္ဌင်းအဋ္ဌကထာ။)

---

23. ဒုတိယအကြိမ်

## အိမ်ထောင်သားမွေးတို့၏ ထွက်ရပ်လမ်း

ဝိပဿနာသို့ ကူးပြောင်းတက်သွားပုံ သဘောအချုပ်မှာ ဂုဏ်တော်များကို ပွားများသောအခါ၊ 'ဂုဏ်တော်ပွားများနေသူသည် အဘယ်သူနည်း၊ ယောကျ်ားလော၊ မိန်းမလော' စသည် ဆင်ခြင်သောအခါ–

မည်သည့်သတ္တဝါ အကောင်အထည်ကိုမျှမတွေ့ရ။ သတိဦးစီးသော စိတ်ကိုသာ တွေ့ရမည်။ ထိုစိတ်သည် ခန္ဓာအားဖြင့်ဝိညာဏက္ခန္ဓာ။(ဝေဒနာ, သညာ, သင်္ခါရ နာမ်ခန္ဓာသုံးပါးဆက်ဖွဲ့။)

'စိတ်နှင့်တကွသော ဤနာမ်ခန္ဓာလေးပါးသည် အဘယ်၌ မှီတွယ်နေကြပါသနည်း'ဟု ဆက်၍ ဆင်ခြင်စဉ်းစားသောအခါ ရင်ချိုင့်အလယ်၌ တည်နေသော ဟဒယဝတ္ထုရုပ်(နှလုံးအိမ်)ကို တွေ့ရမည်၊ ၎င်း၏မှီတွယ်ရာကို ဆက်၍ရှာလျှင် ဘူတရုပ်, ဥပါဒါရုပ်များကို တွေ့ရမည်။ ဟဒယဝတ္ထုနှင့်တကွ ထိုရုပ်များအားလုံးသည် ရူပက္ခန္ဓာ။

"ဤ တရားစုကား နာမ်၊ ဤတရားစုကား ရုပ်၊ ဤခန္ဓာငါးပါးလုံးသည် ဒုက္ခသစ္စာပင်တည်း" စသည်ဖြင့် သစ္စာလေးပါးဖွဲ့၍ ရှုပွား။

ဤကား အင်္ဂုတ္တရအဋ္ဌကထာ၌ ပြပုံဖြစ်၏။

ဂုဏ်တော်ပွား၍ဖြစ်ပေါ်လာသောပီတိ၏ခယ,ဝယ (ကုန်ခန်းမှု, ပျက်စီးမှု)ကို ရှု၍၎င်း၊ ထိုပီတိကိုခွာ၍ (နှလုံးမသွင်းဘဲထား၍) ရုပ်နာမ်အဖြစ်အပျက်ကိုသာ ရှုပွား၍၎င်း၊ ဝိပဿနာသို့တက်ရောက်ကာ အရဟတ္တမဂ်ဖိုလ်ရပုံ များကိုလည်း 'သင်္ဂီတိသုတ်အဖွင့်'စသောကျမ်းဂန်တို့၌ ပြဆိုကြကုန်သေး၏။

အထူးသတိပြုရန်ကား–မိမိတို့ သင်ယူဘူးသော အဘိဓမ္မာများကို အလုပ်ခွင်၌ထည့်သွင်း၍ ရှုပွားနေမိတတ်ကြ၏။ ယင်းသို့ ရှုပွားခြင်းသည် 'စိန္တာမယစိတ်ကူး'မျှသာဖြစ်၍ 'ဝိတက္ကဗဟုလော နော ဓမ္မဝိဟာရီ' ဖြစ်နေတတ်ခြင်းပင်တည်း။

အင်္ဂုတ္တိုရ် အဋ္ဌကထာ အဖွင့်မှာ အဘိမ္မာ=စာဆန်လွန်း၏။ ကဲ၍။ ဗုဒ္ဓါနုဿတိ–သမထမှ ဝိပဿနာသို့ ထိုအတိုင်းကူးရာ၌ အခက်အခဲ ရှိနိုင်၏။ ဗုဒ္ဓါနုဿတိ–သမာဓိလုံလောက်လျှင် (ဖောင်းမှု ပိန်မှုစသော) ခန္ဓာကိုယ်တနေရာရာ၌ သမာဓိကိုစု၍ လိုးစိုက် ရှုပွားသွားလျှင် ကိစ္စပြီးတော့သည်။ လက္ခဏာရေးသုံးပါး အလိုလို မြင်လာကာ ဝိပဿနာ ဖြစ်တော့သည်။

ထိုအခါ အင်္ဂုတ္တရကထာ၌ ဖွင့်ပြသည့်သဘောများလည်း တပါတည်း အကျုံး ဝင်လာနိုင်ပေသည်။

ဗုဒ္ဓါနုဿတိစသော အနုဿတိကမ္မဋ္ဌာန်းများဖြင့် အရဟတ္တဖိုလ် ပေါက်ရောက်နိုင်ကြောင်း၊အကောင်းဆုံး၊ အခိုင်လုံဆုံးသော သာဓကမှာ ဆဋ္ဌအင်္ဂုတ္တရပါဠိတော်လာ 'မဟာကစ္စာနသုတ်'ပင် ဖြစ်သည်။ ဝိသုဒ္ဓိမဂ် အင်္ဂုတ္တရကထာဆရာကြီး အထောက်အထားပြုရသော သုတ်ပင်တည်း။

ထိုသုတ်၏ အဓိပ္ပါယ်အချုပ်မှာ ရှင်မဟာကစ္စည်းမထေရ်က ရဟန်း များအား ဟောကြားခြင်းဖြစ်၏။

"အိမ်ရာတည်ထောင် လူ့ဘောင်၌ ကျဉ်းမြောင်း ကျပ်တည်းစွာနေ ကြရသော လူတို့အတွက် နိဗ္ဗာန်ရကြောင်း အခွင့်ကောင်းကြီးကိုလည်း မြတ်စွာဘုရားရှင် သိမြင်တော်မူသည်"ဟု မိန့်ဆိုကာ ဗုဒ္ဓါနုဿတိ စသော အနုဿတိခြောက်ပါးကို ညွှန်ပြတော်မူ၏။

ယင်းအနုဿတိခြောက်ပါးကို 'သမ္ဗာဓောကာသာဓိဂမ=ကျပ်တည်း ကျဉ်းမြောင်းလှသော အိမ်ထောင်သားမွေးတို့အတွက် နိဗ္ဗာန်ရကြောင်း အခွင့်ကောင်းကြီး' ဟု ဆိုလေသည်။ ရဟန်းတော်များပင် ဤအခွင့်ကောင်း ကြီးကို အသုံးပြုကြသဖြင့် 'သမ္ဗာဓောကာသာဓိဂမ နည်းလမ်း' ဟု ခေါ် တွင်သည်။

ဤကား ဗုဒ္ဓါနုဿတိမှ ဝိပဿနာတက်၍ နိဗ္ဗာန်ရောက်နိုင်ကြောင်း ပင်တည်း။

## ဗုဒ္ဓါနုဿတိမှ ဝိပဿနာ တက်နိုင်သော်လဲ

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဖြင့်ပင် ဝိပဿနာတက်၍ အရဟတ္တဖိုလ် ပေါက်ရောက် နိုင်သော နည်းလမ်းများကား ရှိကြသည်သာ။ သို့ရာတွင် ဗုဒ္ဓါနုဿတိ စသည်ကြောင့် ဖြစ်ပေါ်လာရသော သမာဓိအင်အားသည် မကြီးမား လှပေ။

ဂုဏ်တော်တို့၏ ကျယ်ပြောခြင်း။ တခုတည်းသော ဂုဏ်တော်သည် ပင် အတိုင်းအဆမမြင်အောင် နက်ရှိုင်းခြင်း၊ ဂုဏ်တော်တခုမျှနှင့်လည်း အားရ ရပ်တန့်မနေဘဲ (ပင်လယ်ကို လက်ပစ်ကူးရ သကဲ့သို့) တခုပြီးတခု

လွှဲပြောင်း ကြည်ညိုလိုခြင်းတို့ကြောင့် ဂုဏ်တော်သမာဓိသည် 'အပ္ပနာ' (ဈာန်ခန်း)သို့ မရောက်။ 'ဥပစာရ'(ဈာန်သမာဓိ၏ ရှေ့ပြေးအနီး ဥပစာ) မျှလောက်သာ ဖြစ်ရသည်။

စင်စစ် ထိုဥပစာရသမာဓိမျှသည်လည်း (ကသိုဏ်း,အသုဘ,ကာယ ဂတာသတိ, အာနာပါန, ဗြဟ္မဝိဟာရ, အာရုပ္ပတို့ကဲ့သို့) အစစ်ဖြစ်သော ဥပစာရ မမည်သေးချေ။ သမာဓိအနုစားမျှသာ ရှိပေသေးသည်။ 'အရဟတ္တ ဖိုလ်ပေါက် ကူးမြောက်သွားနိုင်သည်' ဆိုရစေကာမူ သမာဓိအင်အား မကောင်းသဖြင့် အာနာပါန, သတိပဋ္ဌာန်တို့ကဲ့သို့ ပေါက်မြောက်မှု မမြန် နိုင်ချေ။

ထို့ကြောင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းများကို 'ကောင်းကျိုးစုပုံ ဘေး ရန်လုံ' ဟူသကဲ့သို့ အခြေခံ 'အကူကမ္မဋ္ဌာန်း'အဖြစ် ရှုပွားခြင်းသည် အသင့် မြတ်ဆုံး ဖြစ်ပေရာ၏။ အိမ်သုံးကမ္မဋ္ဌာန်းကြီးတည်း။

အများစု ပွားများသည့် နည်းလမ်းအတိုင်း လိုက်၍ ပွားများရန် ('ငါလဲ စာတတ်သားဘဲ' စသည်ဖြင့်) အခုအခံများ ရှိနေတတ်ကြရာ ယောနိသောမနသိကာရဖြင့် တရားတို့၏ အင်အားခြင်း မတူညီပုံကို သုံးသပ် ကာ အကောင်းဆုံးကို အရယူနိုင်ကြပါစေကုန်။

ယခုအခါ မြန်မာနိုင်ငံတဝှန်းလုံးအာနာပါန,သတိပဋ္ဌာန် ရှုပွားနည်း များသည် စာမတတ်သော အမျိုးသမီးငယ်များ လက်သို့ပင် ရောက်နေကြ လေပြီ။

## အတုမရှိသော ဗုဒ္ဓခေတ်အားကြီး

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို 'ဝိပဿနာသို့ တိုက်ရိုက်တက်ရာ၌ သမာဓိအင်အား နည်းသည်' ဆို၍ မထေမဲ့မြင် မပြုရ။ ဝိပဿနာသို့ တိုက်ရိုက် တက်အား ကောင်းသော 'အာနာပါန, သတိပဋ္ဌာန်' ကမ္မဋ္ဌာန်းကြီးများအား 'တွန်း အားပေးမှု'၌ သူ့ထက်ကောင်းသော အင်အားမရှိ။ သူမပါ၍ မဖြစ်။

ဗုဒ္ဓါနုဿတိဟူသည် တလောကလုံးတွင် အကောင်းဆုံး, အင်အား အကြီးဆုံးသော ဗုဒ္ဓခေတ် ဗုဒ္ဓအင်အားကြီးနှင့် ဆက်သွယ်သော အလုပ်ဖြစ် သည်။ မိမိတို့၏ ဖြူစင်မြင့်မြတ်မှု (သီလစသော အရိယခေတ်အား)အခြေခံ ကောင်းသလောက်၊ စင်ကြယ်သန့်ရှင်းမှု အခံခေတ်ကောင်းသလောက် ဗုဒ္ဓ

ခေတ်များ ကူးစက် ကိန်းဝင်လာနိုင်၏။ ဗုဒ္ဓခေတ် ကိန်းဝင်လာသလောက် လည်း သီလ, သမာဓိ အခံအင်အားများပို၍ အားပြည့်လာလိမ့်မည်။

ဗုဒ္ဓခေတ်အားကြီးကို မှီတွယ်ခွင့်ရလာသော သီလ, သမာဓိ ကိုယ်ခံ အင်အားတို့သည် နောက်ဆုံး အတုမဲ့ အသင်္ခတ အငြိမ်းခေတ်အားကြီး ဆီသို့ပင် စီးဝင်ထိဆိုက်သွားပေတော့သည်။ အောက်ဆွဲအား ကိလေသာ ယန္တရားကြီးသည် (လိုချင်၍ စိတ်ဆိုးရ--စသည်) တခုလည်လျှင် ကျန်စက် ဝန်းများပါ ကူးစက်လည်ပတ်ကာ သတ္တဝါတို့အား ထွက်၍မရအောင် ဆွဲစုပ်သွားသကဲ့သို့ ဗုဒ္ဓါနုဿတိ=ဘုရားရှင်၏ ဂုဏ်တော်များကို နှလုံးသွင်း ဆင်ခြင်၍နေလျှင် ကျန်အနုဿတိယန္တရားများလည်း ကူးစက်လည်ပတ်သွား တော့၏။

ထိုအခါ 'ဥပသမာနုဿတိ'ခေါ် အသင်္ခတခေတ် မြတ်သောနိဗ္ဗာန် ချမ်းသာကြီးကို လှမ်း၍ မြီးစမ်းနိုင်လာတော့၏။

'အရဟံ'ဂုဏ်တော်လောက်ကို စတင်ဆင်ခြင်ရုံမျှဖြင့်ကိလေသာတို့၏ ပူလောင်ညစ်ညမ်းစေပုံ၊ အရိယာခေတ်အားတို့၏ ငြိမ်းအေးစင်ကြယ်စေပုံကို အသိဉာဏ်၌ တချက်ထဲ လင်းသွားလေ့တော့သည်။

## ဘုရားဂုဏ်တော်နှင့် ကိုယ်ရောင်ကိုယ်ဝါ

အနာထပိဏ်သူဌေးကြီး ရာဇဂြိုဟ်သူဌေးထံ ကုန်ရောင်း ကုန်ဝယ်သွားရင်း တည်းခိုနေထိုင်ခိုက် 'ဘုရား'ဟူသော အသံကို ကြားရရုံမျှဖြင့် ခြေဆုံးခေါင်း ဆုံး ရိုးတွင်း ခြင်ဆီထိမျှ ပီတိဖြစ်ခဲ့ရ၏။ ဖူးမျှော်လိုသောစိတ်ကြောင့် အိပ်၍ မရ။ တညလုံး ထယောင်ထိုင်ယောင်ဖြစ်နေ၏။ ဘုရားဂုဏ်ကို အာရုံပြု စိတ် စော၍နေသဖြင့် ခန္ဓာကိုယ်မှ အလင်းရောင်များပင် ထွက်ပေါ်လာသည်။

မိမိ၏ ကိုယ်ရောင်အလင်းကြောင့် မိုးလင်းပြီထင်၍ တကိုယ်တည်း မြို့ပြင်ထွက်လာခဲ့၏။ မြို့အထွက် သုသာန်သို့ ဖြတ်ကျော်ပြီးမှ ဘုရားရှင် သီတင်းသုံးရာ 'သီတဝန်'တောကျောင်းကို ရောက်နိုင်သည်။

မြို့အထွက်သုသာန်၌ ပုပ်ဆွေးနံဟောင်နေသော လူသေကောင်များ၊ လတ်တလော သေပြီးစ အလောင်းကောင်များ ခွေးတစီစီ ယင်တရှုန်းရှုန်း ဖြစ်နေရာ အနားသို့ ရောက်သွားလျှင် ဝေါကနဲ ယင်အုပ်ကြီး ပျံသန်းသံ များကပင် ကြက်သီးထ ကျောချမ်းစေတော့သည်။

23.ဒုတိယအကြိမ်

ထိုအခါ အနာထပိဏ်သူဌေးကြီး၌ ကြောက်စိတ်(အပူစိတ်၊ဒေါသ) များ ဝင်လာ၏။ ကြောက်စိတ်များ ဝင်လာသည်နှင့် 'ဗုဒ္ဓပီတိ' (အအေး စိတ်)များ ပါးလျား ရှဲပျောက်သွားသည်။ ကိုယ်ရောင် ကိုယ်ဝါများလည်း ငုပ်ကွယ်သွားကုန်၏။ မှောင်နှင့်မဲမဲ သုသာန်ထဲတွင် အလောင်းကောင် များကိုနင်းမိကာ ကစမ်းကဝါး ဖြစ်နေရှာ၏။ ပူလေကြောက်လေ၊ အလင်း ရောင်ပျောက်ကာ အမှောင်ထုကျလေ ဖြစ်သည်။ (အင်အားချင်း ပြိုင်နေပုံ ကိုသတိပြုပါ။)

ထိုအခါ တောစောင့် အရိယာနတ်များက "သူဌေးကြီး ရှေ့ကိုသာ ဆက်သွားပါ"ဟု တိုက်တွန်းကြ၏။ ဘုရားအာရုံဖြင့် သွားရသောခြေတလှမ်း ၏ တန်ဘိုးသည် လောကီစည်းစိမ်များနှင့် မနှိုင်းယှဉ်အပ်ကြောင်း (ခြေတ လှမ်းကုဋေတသန်းတန်ပုံ)ကိုလည်း ပြောဆိုအားပေးကြသည်။

သူဌေးကြီးသည် "နောက်မှာ အဖော်တွေပါသားဘဲ"ဟု အားတက် လာပြန်၏။ တဖန် ဘုရားဂုဏ်တော် အာရုံများဝင်လာကာ အရောင်အဝါ များထွက်လာပြန်သည်။ မိုးမလင်းမီ ဘုရားရှင်ထံ ရောက်သွား၏။

## အပူအအေး–အမှောင်အလင်း

'အရဟံ' ဂုဏ်တော်ကြီးကို ပွားလျှင် အပူဓာတ်နှင့် အအေးဓာတ် (ကိလေ သာနှင့် ရတနာသုံးပါးအင်အား၊ အမှောင်နှင့် အလင်းဓာတ်)တို့၏ခြားနား ပုံကို ကိုယ်တိုင်သဘောပေါက်နိုင်ပေသည်။

သုသာန်ထဲ၌ တဝဲလည်လည် ဖြစ်နေသော အနာထပိဏ် သူဌေးကြီး ခံစားနေရပုံကိုထောက်၍ သတ္တဝါတို့အတွက် မှောင်နှင့်မဲမဲ သံသရာခရီးထဲ၌ ကိလေသာ အပူဓာတ်တို့၏ လောင်မြိုက်ညစ်ညူးစေပုံ၊ အမှောင်ချထား ခံရပုံနှင့် ဗုဒ္ဓဓာတ်အား အရိယာဓာတ်အားကြီးများ၏ ငြိမ်းအေးကြည်လင် ၍ အားကိုးမှီခိုရာကြီး အစစ်ဖြစ်ပုံတို့ကို ကွဲကွဲပြားပြား ခြားခြားပိုင်းပိုင်း ကြီး မြင်လာရမည်ဖြစ်၏။

တန်ခိုးအဘိညာဉ်ရသော 'ရှင်သာဂတမထေရ်'(သိက္ခာပုဒ်မပညတ် မီ)အရက်သောက်မိ၍ တန်ခိုးများအားလုံး ကွယ်ပျောက်ခဲ့ရဘူး၏။ အမှောင် အလင်းဓာတ် ဆန့်ကျင်ဘက်အင်အားကိုလည်း နားလည်သင့်၏။

စာပေ ပရိယတ္တိရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကိုယ်ခံဓာတ်အားများကသာ သန့်စင်နေလျှင် သန့်စင်သလောက် ဗုဒ္ဓဓာတ်အားများ စိမ့်ဝင်လာကာ ဂုဏ်တော်ကျေးဇူးတော်နှင့် တရားသဘာဝများကို မကုန်ခန်းနိုင်သောအကြောင်းအကျိုး ဥပမာ, ဥပမေယျတို့ဖြင့် တသိုင်းတဝိုင်းကြီးနားလည်သွားစေနိုင်၏။ တကိုယ်လုံး ဂုဏ်တော်သမုဒ္ဒရာ၌ နစ်မြုပ်ကာ ငေးစိုက်၍ ကျသွားလေတော့သည်။

စင်စစ် ဗုဒ္ဓါနုဿတိသည် ပိဋကရတနာများကို ရွေးကောက်ယူနိုင်ရန် ထွန်းညှိပေးသော တန်ဆောင်တိုင် အလင်းအားကြီးဖြစ်၍ ဓမ္မဘဏ္ဍာတိုက်ကြီးရှိ အရိယာတံခါးများကိုလည်း တလှာပြီးတလှာ ဖွင့်ပေးနိုင်သောသော့ကြီးပင်တည်း။

## အရှင်အာနန္ဒာနှင့် ဗုဒ္ဓဓာတ်အား

ဂုဏ်တော်များကို ပွားများရာ၌ ပထမတွင် ပညပ်ဖြင့်စတင်ကြရ၏။ ထိုပညပ်သည်လည်း 'အရဟံ' စသော ပရမတ်အနှစ်အသားပါသည့် (တဇ္ဇာ)ပညပ်မျိုးဖြစ်သည်။ ခေါ်ဝေါ်ပြောဆို၍ ရကာမတ္တ အမည်ပညပ်မျိုး မဟုတ်။ ပွားများဖန်များသောအခါ ပညပ်အမြွှေးများ ကွာ၍ကွာ၍သွားပြီးနောက် မုချဆတ်ဆတ် ပရမတ်အနှစ်အသားသို့ ရောက်သွားတော့သည်။

ထို့ကြောင့်'အရဟံ'စသော ဂုဏ်တော်အမည်များသည် မည်ကာမတ္တမဟုတ်။ တကယ့်ပရမတ် သဘာဝ(မြေ ရေ လေ မီးတို့ကဲ့သို့ အဟုတ်ရှိ၊ တကယ်ရှိနေသော)ဓမ္မများဖြစ်ကုန်၏။သဘာဝအင်အားများ ဖြစ်ကုန်၏။

အဋ္ဌကထာဆရာက'ဂုဏ်တော်တို့၏ နက်နဲခြင်း'ဟုဆိုသည်နှင့် စပ်၍ မဟာဋီကာ ဆရာကြီးက–

> "သဘာဝဓမ္မော ဟိ ဂမ္ဘီရော၊ န ပညတ္တိ=သဘောတရားကြီးဖြစ်လို့သာ နက်နဲရသည်။ ပညပ်လို့များ မမှတ်ထင်လေနှင့်"ဟု ဖွင့်ပေးတော်မူခဲ့၏။

ဂုဏ်တော်တခုထဲကိုသာ စွဲထုံရှုပွားပါ အပ္ပနာဈာန်ကြီးကိုပင် ရနိုင်သော သဘောရှိပုံကိုပါ လှမ်း၍ညွှန်ပြတော်မူသေး၏။လေးနက်ပေစွ။

ဤအချက်များက ဘာကို ဆိုလိုချင်ပါသနည်း။

'အရဟ''စသော ဂုဏ်တော်များသည် မည်ကာမတ္တမဟုတ်။ ဤလောက၌ အဟုတ်ရှိ,တကယ်ရှိနေသော ပရမတ္ထသဘာဝအစစ်,အကောင်းဆုံး ဆွဲအားကြီးဖြစ်သော 'ဗုဒ္ဓခေတ်အားကြီး' ဟူ၍ အမှန်ပင် တည်ရှိနေကြောင်းပင်တည်း။ (ပုံတော်ကို ပခေနထား၍ ရှုပွားလျှင် တဇ္ဇာပညပ်မရောက်မီ အပိုပညပ်တလွှာခံနေသည်ကို သတိပြုပါ။)

ထိုအတူမဲ့ဗုဒ္ဓခေတ်အားကြီးသည် ဘေးရန်ဖယ်ရှင်း၍ ကောင်းခြင်းချမ်းသာ မင်္ဂလာကျက်သရေ အပျိုးမျိုးကိုဆွဲယူပေးစွမ်းနိုင်၏။

## ရဟန္တာ အဆက်ဆက် ပင်တိုင်အင်အား

ထို့ကြောင့် ဗုဒ္ဓလက်ထက်တော် (အထူးသဖြင့်) အဋ္ဌကထာခေတ်မတိုင်မီကပင်ရဟန္တာမထေရ်ကြီး အဆက်ဆက်တို့သည် ထိုဗုဒ္ဓ အင်အားကြီးကိုပင်ပင်တိုင် အင်အားကြီးအဖြစ်အသုံးပြုကာ 'ပရိတ်ကြီး၊ ငယ်'များကို စီစဉ်၍ပေးတော်မူခဲ့ကြသည်။ ထိုမျှသာလော။ မဟုတ်ပါသေးချေ။

၁။ အရှင် အာနန္ဒာသည် ဝေသာလီပြည်၌ ဘေးကြီးသုံးပါးဆိုက်ရောက်စဉ် ရတနသုတ် ပရိတ်တော်ကို ရွတ်ဖတ်ရာ၌မရွတ်ဖတ်မီ မိမိတကိုယ်လုံး ဗုဒ္ဓအင်အားများ၊ ဂုဏ်တော်များဖြင့် မွမ်းထုံပြီးမှ ရွတ်ဖတ်တော်မူ၏။

၂။ အလောင်းတော်ငုံးမင်းသည် မီးဘေးကြီးဝိုင်းလာ၍သစ္စာပြုသောအခါ သစ္စာမပြုမီ ဦးစွာတရားအင်အား(ဓမ္မဗလ)များကိုဆင်ခြင်၏။ နောက် တရားအင်အား အပြည့်ရှိသောရှေးဘုရားရှင်များကို နှလုံးသွင်းသည်။

၃။ ဥဒေါင်းမင်းကြီးလည်းဗောဓိခေတ်,ဓမ္မခေတ်,ဝိမုတ္တိခေတ်,ဗုဒ္ဓခေတ် အားများကို နှလုံးသွင်းပြီးမှ အစာရှာ၏။ အိပ်တန်းတက်၏။ ထို့ကြောင့် ဘေးရန် ကွာရှင်း ကောင်းခြင်းချမ်းသာ မင်္ဂလာကျက်သရေ တိုးပွားခဲ့ရလေ၏။

ဗုဒ္ဓဘာသာဝင်တို့သည် ထိုအတူမဲ့အင်အားသဘာဝများကို နှိုက်ချွတ်သိမြင်ကြလျက် အစာရှာတိုင်း၊ အိပ်တန်းတက်တိုင်း၊ မေတ္တာပွားတိုင်း၊ သစ္စာပြုတိုင်း၊ မည်သည့်အရေးကိစ္စ တစုံတရာကိုမဆို ပြုလုပ်ကြတိုင်း

မပြုလုပ်မီကပင် ထိုအတုမဲ့ ဗုဒ္ဓအင်အားကြီးကို ကြိုတင် မှန်းတုံ ပြီးမှသာ ရှက်ဆောင်ကြရာ၏။

## လက်တွေ့ ဂုဏ်တော်ပွားပုံ

၁။ ဂုဏ်တော် များကို မပွားများမီ ကိုယ်ခံ ဓာတ်များ စင်ကြယ် သန့်စင်အောင် သီလဖြင့် ဦးစွာဆေးကြောထားရမည်။ပြီးလျှင် ခန္ဓာကိုယ်ကို ဘုရားလှူပါ၊

၂။ ဂုဏ်တော်ပါဠိ အနက် မြန်မာပြန်များကို ကျေညက်နေအောင်အရကျက်ထားရမည်။ရွတ်ဖတ် သရဇ္ဈာယ်နေရပည်။ (ပွားများခြင်းမဟုတ်သေး။)

၃။ မိမိသဘောပေါက်သလို ကြောင်းကျိုး ဆက်နွယ်၍အလှယ်လှယ်အပြန်ပြန် အနုလုံ ပဋိလုံဂုဏ်တော်အားလုံးကိုဖြစ်စေ၊ ကြိုက်နှစ်သက်ရာ ဂုဏ်တော်တခုခုကို စွဲ၍ဖြစ်စေ ပွားများနိုင်သည်။(လောကီမြွေ်လင့်ချက် မထားနှင့်။)

၄။ ပွားများသောအခါ ကမ္မဋ္ဌာန်း ထိုင်သလို ထိုင်၍ (ဝါး အထက် ပိုင်းကို မတ်မတ်ထား၍)ဖြစ်စေ၊သွားလာလုပ်ကိုင်ရင်း၊စားသောက်အိပ်နေရင်းဖြစ်စေ ပွားများနိုင်သည်။

အထူးသဖြင့် နှုတ်က လုံးဝ မရွတ်ဆိုရ။ ကျက်မှတ်ထားသည့်အတိုင်း စိတ်ထဲကသာ ပြန်လှန်ရွတ်ဆို၍စဉ်းစားနေရမည်။(ဒါကိုပင် ရှုသည်၊မှတ်သည်၊ ပွားသည်၊ သမထလုပ်သည်၊ ဘာဝနာပွားသည်၊ကမ္မဋ္ဌာန်းထိုင်သည်ဟု ခေါ်၏။ ပုတီးမလို။ ထိုသတိရသောစိတ်တွေ များများကြီး လုပ်နိုင်မှုသာ ပဓာနဖြစ်၏။)

၅။ စိတ်ကို အပြင်အာရုံများနောက်သို့ လိုက်မသွားစေရ။ ပုံသဏ္ဌာန် အရိပ်နိမိတ်များဝင်လာသော်လည်း လက်ခံလိုက်ပါသွားခြင်း မရှိစေရ။လျစ်လျူရှုထားပြီးလျှင် ဂုဏ်တော်အပေါ်၌သာ စိတ်ကို စူးဝင်နေအောင် စိုက်ချထားရမည်။

၆။ ဂုဏ်တော်တခုထဲ၊ သိစရာ (အာရုံ) တခုထဲ ထားရသဖြင့် စိတ်မငြိမ်၊ ပျင်းရိပျံ့လွင့်မှု ရှိနေလျှင် အခြား ဂုဏ်တော်

တခုသို့ လှည့်၍ပွား။ အနေအထိုင် ဣရိယာပုထ် ကိုလည်း ပြောင်းလဲပေး။

၇။ အသက်မှန်မှန်ရှူ၊ လုံချည်လျော့လျော့ဝတ်။ လုပ်စတွင် မိမိလုပ်နိုင်သော အင်အားနှင့် အခြေအနေ၏ သုံးပုံတပုံ လောက်ကသာ စပါ။ လောဘမကြီးရ။ ဝတ်မှန်ဘို့အရေး ကြီးသည်။ (တပတ်၊ တနေ့၊ ၁၅-မိနစ်ခန့်။)

## ဖြစ်ချင်ရာဖြစ် နောက်မဆုတ်နှင့်

၈။ ရှုပွားသောအခါ အပူအအေး၊ ဗိုက်နာ၊ ခေါင်းနာစသော ရောဂါ၊ အသံဗလံနှင့် ခြင်, ပရွက်စသော အတွင်းအပြင် ရန်များကို (အတတ်နိုင်ဆုံး စံချိန်အထိ'ပေ'ပြီး)သည်းခံနိုင် မှသာ သမာဓိ ရလွယ်မည်။

အချိန်နှင့်ရက်ကို အနည်းဆုံးသတ်မှတ်။ ကိုယ် တတ်နိုင်တာထက် ပိုပြီးကတိမခံမိစေနှင့်။ ကိုယ့်ဟာနှင့်ကိုယ် ကတိခံပြီးလျှင်လည်း တကိုယ်လုံး မြွေဆိုးကြီး လာ၍ပတ်ပစေ အလျှော့မပေးတော့နှင့်။

'မိုးညှင်းဆရာတော်'သည် မိုးညှင်းတိုက်ရောက်စ ဘုရားအို၊ ဘုရား ပျက်များအနီး နေ့ဝင်ရီတရောတွင် ဆောင့်ကြောင့်ထိုင်၍ ဘုရားရှိခိုးနေ ခိုက် နောက်မှ မြွေပွေးကြီးတကောင် တရှူးရှူး မာန်ဖီနေသံ ကြားရ၏၊ လှည့်မကြည့်။ ထိုမြွေပွေးကြီးသည် မကြာမီ ဆရာတော်၏ ဆောင့်ကြောင့် ထိုင်ရာ တင်ပါးအောက်မှ ရှေ့သို့ထွက်လာ၏။ ဝတ်တက်မပျက်။

နောက် ဆရာတော် ဝတ်ပြုနေသော ရှေ့ရှိ ကျောက်ဆင်းတု ကိုယ် တော်ကြီး၏ ခေါင်းပေါ်မှနေ၍ လှမ်းပြီး ရန့်လုပ်နေ၏။ ဆရာတော်ကား သူ့အလုပ်မပျက်။ ထိုနည်းဖြင့် အသက်စွန့်ကြိုးစားခဲ့၍ မိုးညှင်းဆရာတော် ဖြစ်လာသည်။

အခက်အခဲများလေ၊ အနှောက်အယှက် များလေ၊ အောင်မြင်မှု ကြီးလေဖြစ်သည်။ လောက မာယာတွေကား အလွန်များ၏။ ကြောက်စရာ ကားမရှိ။ မူစနာမသို။ သင့်သန္တာန်၌ ဗုဒ္ဓအင်အားကြီး ရနေပြီ။ ဗုဒ္ဓသည် ၎င်း၊ ဗုဒ္ဓ၏အသိဉာဏ်၊ ဗုဒ္ဓ၏ပိုင်ဆိုင်သော အရာများသည်၎င်း မည်သည့်

အန္တရာယ်ကြောင့်မျှ မပျက်စီးနိုင်။ သို့ရာတွင် မသိနိုင်သော 'လောကမာယာ' တို့ကြောင့် လုပ်စတွင် နည်းနည်းကစ၍ သည်းခံပါ။

၉။ ရှုပွားစဉ် ဘုရားရှင် ကိုယ်တော်မြတ်ကြီး ပုံတော် ထင်မြင်လာလျှင်လည်းထင်ပစေ။ (သို့သော် ဆင်းတု ပန်းချီပုံများ ထင်လျှင် ပေါက်မြောက်နိုင်ခဲသည်။) ပုံတော်ထင်လာလျှင် ဦးစားမပေးဘဲ အာရုံအသိလွဲ၍ ဂုဏ်တော်ထိ ဆိုက်အောင် သမာဓိစိုက်ပြီး မလွတ်အောင်ဖမ်း။

၁၀။ ပီတိစသော အရသာပေါ်လာလျှင် (နှစ်ရက် သုံးရက်တွင် ပေါ်နိုင်၏။) အရသာခံမနေနှင့်။ ဂုဏ်တော် ကျေးဇူးတော်နှင့်စပ်သော အသိဉာဏ် ရင့်ကျက်အောင် ဝီရိယကိုမြှင့်တင်ပြီးသမာဓိစိုက်ထား။ တနေ့ထက်တနေ့ ယုံကြည်မှုနှင့်အတူ သိပုံလေးနက်လာမှ တိုးတက်သည်။

(စရိယဂုဏ်ခေါ် ဗုဒ္ဓဝင်ဇာတ် နိပါတ်ပါရမီကျင့်စဉ်များ ပေါ်လာလျှင် ဂုဏ်တော်ကိုးပါးတွင်သာ မြှုပ်နှံပေါင်းကပ်၍ ရှု။ လိုရင်းပင်မ ဂုဏ် မလွတ်စေနှင့်။)

၁၁။ ဂုဏ်တော်များသည် 'သဒ္ဓါအင်အား'များကို များစွာ နှိုးဆွဖွင့်ဖော်ပေးတတ်၏။ အသိဉာဏ်အထိန်းမပါသော ယုံလွယ်မှုသည် အလှည့်စားခံရတတ်သည်။

ထို့ကြောင့် မေတ္တာ, အသုဘ, မရဏာနုဿတိ တို့ကိုပါ ကြိုးကြား ကြိုးကြား ညှပ်၍ပွား။ သို့မှသာ ဘေးရန်များ၊ ပုံအောလှည့်စွားတတ်သည့် မိန်းမနှင့် စီးပွားလာဘ်လာဘ၊ မျက်လှည့်သာသာ တန်ခိုးများဘေးမှ လွန်မြောက်နိုင်မည်။ ဗုဒ္ဓခေတ်အားကြီးကား ကြိုးမားလှပေ၏။

---

24.ဒုတိယအကြိမ်

# ဘုရားဂုဏ်တော် ကိုးပါး

(ပါဠိ၊ မြန်မာပြန်နှင့် မှတ်သားဘွယ်)

ဣတိပိ သော ဘဂဝါ–

၁။ အရဟံ
၂။ သမ္မာသမ္ဗုဒ္ဓေါ
၃။ ဝိဇ္ဇာစရဏ သမ္ပန္နော
၄။ သုဂတော
၅။ လောက ဝိဒူ
၆။ အနုတ္တရော ပုရိသ ဒမ္မသာရထိ
၇။ သတ္ထာ ဒေဝ မနုဿာနံ
၈။ ဗုဒ္ဓေါ
၉။ ဘဂဝါ။

(ရ-ကောက်ကို လျှာလိပ်သံနှင့် မိအောင်ဆို။ဒမ္မ=ဒံမ’ဟုဖတ်)

## ၁–အရဟံ

(အရ=ကိလေသာရန်ကို+ဟံ=ပယ်သတ်အောင်မြင်ပြီးသူ=သူတော်စင်ကြီး။ အရဟံ=ပူဇော်ထိုက်သူ။)

၁။ အရဟံ=ကိလေသာ ဟူသော၊ အပူအညစ် ခပ်သိမ်းတို့မှ အေးငြိမ်းစင်ဖြူ၍ နတ်လူဗြဟ္မာသတ္တဝါအားလုံး၊ ရှိညွှတ်ရုံးလျက်၊ ရှင်ပြုံးဦးခိုက်၊အမြတ်ဆုံး ပူဇော်ထိုက်သူ၊ ဖြစ်တော် မူပါပေသော မြတ်စွာဘုရား။ (အရကျက်ပါ)

## လိုရင်းဂုဏ်တော်ကြီး၏ လိုရင်း

(ကိလေသာ၏ပူလောင်ပုံ၊ ညစ်နွမ်းစေပုံကိုသိမှ ‘အရဟံ’’ဂုဏ်တော်ကြီး မြင့်မြတ်ပုံကို နားလည်မည်။ ကိလေသာကို ဝါသနာအငွေ့အသက်

မျှ မကျန်ရအောင် အကြွင်းမဲ့ ပယ်သတ်နိုင်ခြင်းသည် လိုရင်းပဓာန ဂုဏ်ထူးကြီး ဖြစ်သည်။

ထို'အရဟံ''ဂုဏ်တော်တခုတည်းမျှဖြင့်ပင် တလောကလုံး ကိုးကွယ်ပူဇော်ထိုက်လေပြီ။ 'ဘုရား'ဟု သတ်မှတ်နိုင်တော့သည်။ အခြား 'ဘုရားဆိုသူများ'ကိုလည်း ဤဂုဏ်တခုနှင့် တိုင်းတာကြည့်ရုံမျှဖြင့် အဖြေထွက်နိုင်တော့၏။

ကိလေသာကိုသာ မပယ်သတ်ရသေးပါမူ 'သမ္မာသမ္ဗုဒ္ဓ' စသော အခြား ဂုဏ်တော်များလည်း မရှိနိုင်တော့ပြီ။ အရဟံ ဂုဏ်တော်ကြီးကား ပဓာန ဂုဏ်တော်ကြီးပင်တည်း။

ယင်းတွင် ကိလေသာမရှိမှုသည် ပထမ၊ မူရင်း။

အပူဇော်ခံရမှုသည် ဒုတိယ၊ ဆင့်ပွားအဓိပ္ပါယ်။

''ကိလေသာမြူ အပိတ်အပင်မရှိ၍ သိစရာအားလုံးကိုသိ၏။ သိ၍ကျင့်နိုင် လုပ်ဆောင်နိုင်၏။ လုပ်သမျှအကောင်းချည်း ဖြစ်တော်မူသည်''ဟု ကြောင်းကျိုး ဆက်နွယ်၍ရှုလေ အရဟံ ဂုဏ်တော်ကြီး၏ မြင့်မြတ်ပုံပေါ်လေ ဖြစ်၏။

အဋ္ဌကထာဋီကာတို့၌''ဆိတ်ကွယ်ရာ၌ မကောင်းမှုမပြုသူ၊ မကောင်းမှုပြုရန် ဆိတ်ကွယ်ရာမရှိသူ၊ သံသရာစက်ယန္တရားကြီးကို ချိုးဖြတ်နိုင်သူ၊ ဝါသနာနှင့်တကွ ကိလေသာမှဝေးသူ'' စသည်ဖြင့် များစွာ ဖွင့်ဆိုကြသေးသည်။

## တလောကလုံးက ပူဇော်ရ

မြတ်စွာဘုရား ဒေသစာရီ ကြွတော်မူသောအခါ ရောက်ရာဒေသ၌ ထိုးနန်း စည်းစိမ်စွန့်လွှတ်၍ တောထွက်ခဲ့ပုံမှအစ မိဘ မျိုးရိုးဂုဏ်၊ ပညာဂုဏ်များနှင့်အတူ ''ဂေါတမဟာ အရဟံတဲ့။ သမ္မာသမ္ဗုဒ္ဓဆိုပါကလား'' စသည်ဖြင့် တီးတိုးတီးတိုး ပြောဆိုချီးကျူးကြမြဲ ဖြစ်သည်။

ထိုအချိန်က လူစုသည် 'အရဟံ''ကို အဘယ်သို့ နားလည်ခဲ့ကြပါလိမ့်မည်နည်း။ 'သံသရာစက်၊ အကန့်အကွက်တို့ကို ချိုးဖျက်တော်မူသော' ဟု နားလည်နိုင်ကြဦးမည်မဟုတ်။ ဖြူစင်မြင့်မြတ်သော 'သူတော်စင်ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး' လောက်သာ နားလည်ခဲ့ကြပေလိမ့်မည်။

ဆိုလိုသည်မှာ ဤ၌ အဋ္ဌကထာ, ဋီကာအဖွင့်များသည် ကြီးကျယ်လေးနက်လွန်းအားကြီးသဖြင့် လူများစု နားလည် သိသာလွယ်မည့် ဖွင့်ဆိုချက်လောက်ကိုသာ ဖော်ပြထားပါသည်။

မိမိ အမြတ်တနိုး ရှာဖွေ သိမ်းဆည်းထားသော ပစ္စည်းဥစ္စာများကို ချစ်လှစွာသော မိဘသားမယားကိုပင် မပေးကျွေးရက်၊မစားရက်ဘဲ ဘုရားရှင်အား (အိမ်တွင် ရှိသမျှ အကောင်းဆုံးကိုမှရွေး၍) ပေးလှူနိုင်ကြသည်မှာ အဘယ်မျှ မြင့်မြတ်သော ဂုဏ်တော်ကြီး ဖြစ်သည်ကို သိသာလှပါ၏။

ယင်းမြန်မာပြန်ကို ရအောင်ကျက်၍ အထပ်ထပ် စိတ်ထဲက ရွတ်ဆိုပွားများပါ။)

## ၂-သမ္မာ သမ္ဗုဒ္ဓေါ

(သမ္မာ=ကောင်းမွန် မှန်ကန်စွာ+သံ=ကိုယ်တိုင်ကိုယ်ပိုင်+ဗုဒ္ဓ=သိမြင်သူ။)

၂။ သမ္မာသမ္ဗုဒ္ဓေါ=သိစရာ မှန်သမျှတို့ကို၊ တစမကျန်၊
အမှန်တိုင်းသာ၊ ဆရာမလို၊ ကိုယ်တော်တိုင် သိမြင်
တော်မူပါပေသော မြတ်စွာဘုရား (အရကျက်ပါ)

## ၃-ဝိဇ္ဇာ စရဏ သမ္ပန္နော

(ဝိဇ္ဇာ=အသိဉာဏ် စွမ်းအား အမျိုးမျိုး+စရဏ=ကျင့်ကြံ လုပ်ဆောင်မှု အမျိုးမျိုးနှင့်+သမ္ပန္န=ညီညွတ်ပြည့်စုံသူ။)

၃။ ဝိဇ္ဇာ စရဏ သမ္ပန္နော=အသိဉာဏ်နှင့်အကျင့်ထပ်တူ၊
ပြည့်စုံ ညီညွတ်တော် မူပါပေသော မြတ်စွာဘုရား။
(အရကျက်ပါ)

(သဗ္ဗညုတဉာဏ်=ဝိဇ္ဇာ+မဟာကရုဏာဉာဏ်=စရဏ။ လောက၌ အမှန်သိရန် ခက်ခဲ၏။ သိတိုင်း ရှောင်ရန် ဆောင်ရန်မှာ ပို၍ ခက်ခဲသည်။ ဘုရားရှင်ကား သိမြင်သလောက် လောကကျိုးကို သည်ပိုးလုပ်ဆောင်တော်မူနိုင်သည်။)

## ၄–သုဂတော

(သု=အကောင်းဆုံး၊ မှန်စွာ၊ လမ်းစဉ်မှန်၊ စကားကောင်း၊ နိဗ္ဗာန်+ဂတ= ဖြစ်သူ၊ ရှိသူ၊ လုပ်သူ၊ ကြွလာသူ၊ ကြွသွားသူ၊ပြုမူပြောဆိုသူ။

၄။ သုဂတော=စ, လယ်, ဆုံးပင်၊ နှလုံး ကိုယ်နှုတ်၊
လမ်းမှန်ဟုတ်၍၊ ပြုလုပ်တော်မူသမျှအလုံးစုံ၊ကောင်း
ခြင်းဂုဏ်နှင့်။ အကြွင်းမဲ့ ပြည့်စုံတော် မူပါပေသော
မြတ်စွာဘုရား။ (အရကျက်ပါ)

(ဒီပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်း၌ ဗျာဒိတ်ပန်ဆင်တော်မူခဲ့ သည်မှ စ၍ သတ္တဝါတို့အတွက် အကောင်းတွေချည်း ကြံစည်ပြောဆို ပြုလုပ် ခဲ့၏။ပြုလုပ်တော်မူသမျှ'မဇ္ဈိမပဋိပဒါ'လမ်းစဉ်မှန်ချည်း ဖြစ်၏။အကောင်း တွေချည်း ဖြစ်သည်။ သက်ရှိသတ္တဝါ အပေါင်းတို့တွင် 'ကောင်းခြင်းဂုဏ် အားလုံးနှင့် ပြည့်စုံတော်မူဆုံး'ဖြစ်၏။

လူတော်လူကောင်း နတ်ပြဟ္မာကောင်းတွေ ဖြစ်အောင်လည်း ပြော ဆိုပြုလုပ်တော်မူနိုင်စွမ်း၏။နောက်ဆုံး အကောင်းဆုံးနိဗ္ဗာန်သို့ ကြွတော်မူရ သည်။ထိုအကောင်းများသည် ပြန်၍ လျော့ကျသွားနိုင်သော အကောင်း များ မဟုတ်။ ကောင်းသည်ထက်ကောင်း။ တသမတ်တည်း ကောင်း၊ အကောင်းဆုံးတွေချည်း ဖြစ်သည်။)

## ၅–လောက ဝိဒူ

(လောက=သတ္တဝါအမျိုးမျိုး၊ ဖြစ်ပျက်မှုအမျိုးမျိုးနှင့် စကြဝဠာ ကမ္ဘာ လောကအားလုံးကို+ဝိဒူ=သိသူ။)

၅။ လောက ဝိဒူ = ဖြစ်ပျက် များစွာ၊ သတ္တဝါနှင့်၊
စကြဝဠာစဆုံး၊ တလောကလုံးကို သိမ်းကြုံးကုန်စင်၊
အကြွင်းမဲ့ သိမြင်တော်မူပါပေသော မြတ်စွာဘုရား။
(အရကျက်ပါ)

လောကဝိဒူ ဂုဏ်တော်ကြီး ကြီးကျယ်မြင့်မြတ်ပုံကို 'စကြဝဠာနှင့် တိုင်းတာရသော မြတ်စွာဘုရား' အခန်းနှင့် အတုမရှိ ဂုဏ်တော်ဖွင့် 'နတ္ထိ ပညာယဟာနိ'အဖွင့်၌ ကြည့်ပါ။)

## ၆–အနုတ္တရော ပုရိသ ဒမ္မသာရထိ

(အနုတ္တရ=သာလွန်သူမရှိ– အမြတ်ဆုံးသော၊ ပုရိသ=သတ္တဝါ၊ဒမ္မ=ဆုံးမထိုက်သော–ရိုင်းစိုင်းသော+သာရထိ=ယဉ်ကျေးအောင် ဆုံးမနိုင်သူ။)

၆။ အနုတ္တရော ပုရိသ ဒမ္မသာရထိ = သတ္တဝါတို့ကို၊
ကိလေသာ အဆိပ်အတောက်၊ငြိမ်းပျောက်ဖြေဆေး၊
နည်းလမ်းပေး၍၊ယဉ်ကျေးသိမ်မွေ့ အောင်၊အတုမရှိ
ဆုံးမတော်မူနိုင်ပါပေသော မြတ်စွာဘုရား။
(အရကျက်ပါ)

## အင်အားရှိတော့ နည်းပေးရုံ

(အနာထပိဏ်သူဌေးသည် သူ့သား 'ကာဠ'ကို ယဉ်ကျေးအောင် ပိုက်ဆံပေး၍ တရားနာခိုင်းရ၏။ လောက၌ လူမိုက်များကို ဒဏ်ခတ်, ထောင်သွင်း၍ ဆုံးမကြရသည်။ မြတ်စွာဘုရားရှင်ကား 'အနုတ္တရ'ဟူသော မေတ္တာ, ကရုဏာ အရှိန်အဝါ (ပကတိအင်အား)မျှကိုသာ အသုံးပြု၍ ယဉ်ကျေးနည်းပေးရုံမျှဖြင့် ယဉ်ကျေးအောင် လုပ်တော်မူ၏။

ထိုသို့ ပေးရာတွင်လည်း လာဘ်ဖြင့် မမြူဆွယ်။ မခြိမ်းခြောက်။ ဇွတ်မခိုင်း။ လောက၌ ထိုနည်းမျိုး မရှိသေး။

ထို့ကြောင့် ကောသလမင်းနှင့် အဇာတသတ်မင်းတို့ပင် ယဉ်ကျေးသိမ်မွေ့လှသော ဗုဒ္ဓသာဝကများကို မြင်ကြရသောအခါ ကြက်သီးမွေးညှင်း ထအောင် အံ့သြခဲ့ကြရဘူးသည်။ 'အရှင်ဂေါတမဟာ လူတွေကို(အာဝဋ္ဋနီမာယာဖြင့်) ညို့ထားသည်'ဟုပင် နိဂဏ္ဌာဂိုဏ်းက စွပ်စွဲခဲ့ကြသည်။

ယဉ်ကျေးအောင် ဥပဒေဖြင့် နှိပ်ကွပ်တိုင်းမရ၊ ပိုက်ဆံပေးတိုင်းမဖြစ်၊ အရိုးခံသဘာဝ မေတ္တာအင်အားကို သုံးမှ ရလေသည်။အောင်ခြင်းရှစ်ပါးကို ကြည့်ပါ။)

## ၇–သတ္ထာ ဒေဝ မနုဿာနံ

(သတ္ထာ=ရှေ့ဆောင်လမ်းပြသူ၊ ခေါင်းဆောင်=ဆရာ၊ + ဒေဝ+မနုဿ=နတ် ဗြဟ္မာ+လူ=တလောကလုံး။)

၇။ သတ္ထာ ဒေဝ မနုဿာနံ = လူ, နတ်, ဗြဟ္မာ၊ သတ္တဝါအားလုံး၊ တလောကလုံး၏၊ ညွတ်ရှိုးလိုတူ၊ ပြိုင်ဖက်မပြုသည့်၊ တဆူတည်းသောဆရာ၊ သံသရာ ခရီးကြမ်း၌၊ လမ်းပြရှေ့ဆောင်ကြီး ဖြစ်တော်မူပါ ပေသော မြတ်စွာဘုရား။ (အရကျက်ပါ)

('ပုရိသဒမ္မသာရထိ' ဆရာမျိုးမဟုတ်။ ကိုယ်တော်တိုင် ခရီးကြမ်းကို လမ်းထွင်သွားကြည့်ပြီးမှ သေချာပေါက် ဦးဆောင်လမ်းပြသူ ဖြစ်သည်။ 'တလောကလုံး၏ ခေါင်းဆောင်ကောင်းကြီး'ဟု ဆိုလို၏။ ယင်းကိုပင် 'သတ္ထာ=ဆရာ'ဟုဆို၏။ သာမည မမှတ်ရ)။

## ၈–ဗုဒ္ဓေါ

(ဗုဒ္ဓ=သိသူ၊ သိစေသူ၊ နိုးကြားသူ၊ နိုးသူ။)

၈။ ဗုဒ္ဓေါ = သစ္စာလေးဆူ၊ သိတော်မူတိုင်း၊ နာသူ အကြိုက်၊ သတ္တဝါတို့၏စရိုက်နှင့်။ အလိုက်သင့်ပင်၊ မမြင်မသိ၊ မရှိရအောင်၊ ဟောပြတော် မူနိုင်ပါပေ သော မြတ်စွာဘုရား။ (အရကျက်ပါ)

## ၉–ဘဂဝါ

(ဘဂ=ဘာဂ = ရှေးဘုန်းကံ ပါရမီ၊ မာရ်ငါးပါးကို ဖျက်ဆီးခြင်း၊ အမြတ်ဆုံး ပုဂ္ဂိုလ်ထူးကြီးဟု မြတ်နိုးထိုက်ခြင်း၊ ဆည်းကပ်ထိုက်ခြင်း၊ လောကီ၊ လောကုတ္တရာ စွမ်းအင်တန်ခိုး အမျိုးမျိုးနှင့် ဝေဘန် ဟောကြားခြင်း၊ လက္ခဏာကြီးငယ် သပ္ပါယ်ခြင်း။ ရှောင်ကြဉ်စရာကို အကြွင်းမဲ့ ရှောင်ရှားခြင်း၊ ဆောင်စရာကို အတုမရှိ ဆောင်ခြင်း၊ ဘက်စုံ+ဝါ=ရှိသူ။)

၉။ ဘဂဝါ = ဘဝများစွာ ဆည်းပူးတော် မူလာခဲ့ သော ပါရမီဘုန်းစက်၊ ကံလက်နက်ဖြင့်၊ ငါးချက် မာရ်ခွင်း၊ အောင်မြေနင်း၍။ အမင်းမင်းနတ်၊ မြတ် ထက်မြတ်ဟု၊ လေးမြတ်ကော်ရော်၊ဆည်းကပ်ပူဇော်

သိုက်သော ဘုန်းကံတော်၊ တန်ခိုးတော်၊ ကျက်သရေ
တော် အနန္တတို့နှင့် ပြည့်စုံတော်မူပေသော မြတ်စွာ
ဘုရား။ (အရကျက်ပါ)

(အကျဉ်းကား- ဘဂဝါ=စကြဝဠာ၊ကမ္ဘာမြေ
မိုး၊ဖြန်းဖြန်းကြိုးမျှ၊ ဘုန်းတန်ခိုး ကျက်သရေတော်
အနန္တတို့နှင့်ပြည့်စုံတော်မူပါပေသောမြတ်စွာဘုရား။)

## ဘက်စုံ ပုဂ္ဂိုလ်မြတ်ကြီး

ရှေးရှေးသော ဘဝအဆက်ဆက်က ဆည်းပူးတော် မူခဲ့သော (ဒါန၊ သီလ စသော) ပါရမီကံတို့ကို 'ရှေးဘုန်းကံ' ဟု ဆိုရ၏။ ပါရမီ အလုပ်တို့ကို သူမတူအောင် ဆည်းပူးတော်မူခဲ့သဖြင့် ဘဂဝါ = 'ရှေး ဘုန်းကံကြီးမားသူ'ဖြစ်သော မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူသော နောက်ဆုံးဘဝတွင် ထိုရှေးဘုန်းကံများ စုပြုံအကျိုးပေးလာကြသဖြင့် အဘက်ဘက်က ပြည့်စုံတော်မူလေသည်။ မည်သည့်အရာမျှ လိုလေသေးမရှိ။

သတ္တဝါတိုင်း၌ ထိုရှေးဘုန်းကံသည် အချက်အခြာ ပဓာနအကျဆုံးဖြစ်၏။ ရှိခဲ့သည်ကို မသိလျှင် ပစ္စုပ္ပန်ကံဖြင့် ဖော်ယူရသည်။

ထိုရှေးဘုန်းကံကြောင့်ပင် ဘေးရန် အမျိုးမျိုးတို့ကို အလွယ်တကူ အောင်မြင်တော်မူ၏။ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအားလုံးတို့က 'အမြတ်ဆုံး ပုဂ္ဂိုလ်ကြီးအဖြစ်' ဆည်းကပ်လာကြရသည်။

သတ္တဝါတိုင်းနှင့် သင့်လျော်စွာ ခွဲခြားဝေဖန်၍ ဟောပြနိုင်သော တရားအင်အား အမျိုးမျိုး၊ လောကီတန်ခိုး အမျိုးမျိုးနှင့်လည်း ပြည့်စုံတော်မူသည်။ ၃၂-ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်၊ ခြောက်သွယ်သော ရောင်ခြည်တော်တို့ဖြင့် အတုမဲ့ သပ္ပါယ်တော်မူသော ရူပနိကာယ် 'ကြန်အင်လက္ခဏာ'နှင့်လည်း ပြည့်စုံတော်မူ၏။

ထိုသို့ ရှေးဘုန်းရှေးကံတော် ကြီးမား၍ တရားအင်အား၊ တန်ခိုး၊ ကျက်သရေတော်နှင့် ပြည့်စုံခြင်းသည် 'ဘဂဝါ' ဂုဏ်တော်ကြီးပင်တည်း။ ('ဘုန်းတော်'ဟုဆိုလျှင် အားလုံးပါဝင်နိုင်၏။)

ပသာဒ (အမြင့်၊အဆင်း)နှင့် ဓမ္မ (အရည်အချင်း)နှစ်ပါးစုံပြည့်ဝသဖြင့် မြန်မာလို "အဆင်းရော အချင်းပါ အတုမရှိ ပြည့်စုံသူ=ဘာဂ+

ဝါ=ဘက်စုံပုဂ္ဂိုလ်ကြီး”ဟုဆိုရသည်။(ဤကား အဋ္ဌကထာ အဆိုအမိန့်များ ကိုသုံးသပ်ချက်။)

## ဘုန်းတော်ခြောက်ဖြာသည် ပဓာနလော

ဂုဏ်တော်ဖွင့်များကို ရေးသားကြရာ၌ ဘဂဝါ ဂုဏ်တော်အတွက် အများ အားဖြင့် ‘ဣဿရိယ=အစိုးရမှု’စသော ဘုန်းတော်ခြောက်ပါး၊ ကြီးစေ ငယ်စေ တန်ခိုးဖန်ဆင်းနိုင်သည့် ‘အဏိမာ’ စသော ဘုန်းတော်ရှစ်ပါး တို့ကိုသာ တခမ်းတနား ရေးသားလေ့ရှိကြသည်။အဋ္ဌကထာ၌လည်းဖွင့်ဆို ထားပေ၏။ သို့ရာတွင် အဋ္ဌကထာသည် ယင်းတို့ကို ဖော်ပြရာ၌ ပဓာန မှတ်သားဖွယ်အဖြစ် ပြဆိုခြင်းမဟုတ်။

လောကီဆရာ, လောကီကျမ်းများ အဆိုအရ စကားအလျဉ်းသင့်၍ ဗဟုသုတ အဖြစ်မျှသာ ပြဆိုခြင်း ဖြစ်သည်ကို မမေ့သင့်ကြ။ ဘဂဝါ ဂုဏ်တော်ကြီးအတွက် ထိုမျှဖြင့် ဂုဏ်မဘက်ပါလေသေး။

ရှေးဘုန်းရှေးကံ ကြီးမားတော်မူသော မြတ်စွာဘုရားရှင် အတွက် လောကီ,လောကုတ္တရာ အဘယ်အရာ လိုပါသေးချိမ့်နည်း။ နောက်ဆုံး ဘဝတွင် ရှေးဘုန်းကံများ သူ့ထက်ငါ စုပြုံအကျိုးပေးကာ လိုလေသေး မရှိ၊ အဘက်ဘက်က ပြည့်စုံတော်မူရလေသည်။

‘အာစရိယမ္မပါလ’စသော အဋ္ဌကထာ, ဋီကာဆရာကြီး များကမူ– “ဘဂ=ဣဿရိယစသော လောကီစည်းစိမ်များကို+ ဝါ=ဝမိ = ထွေးအန် စွန့်ပစ်သူ၊ ဘာဂ=ပါရမီနှင့် စျာန်မဂ်ဖိုလ် နိဗ္ဗာန်ဓမ္မတို့ကို+ဝါ=ဝနိ= မှီဝဲသုံးဆောင်သူ၊သတ္တဝါဝေနေယျတို့အားလည်း ထပ်တူရရှိစေရန် လိုလား တောင့်တသူ’ဟု ခေတ်ရင်းကျကျ မူလအဓိပ္ပါယ်ကိုပါ ဖြည့်စွက် ဖွင့်ဆိုကြ လေသည်။ (မဟာဋီကာနှင့် သာရတ္ထ၊ ဥဒါန်းအဋ္ဌကထာ)

မှတ်သားဘွယ် အဓိပ္ပါယ်များကိုလည်း ထပ်ဆင့်၍ ဖွင့်ပြတော်မူကြ ရာ ထိုအဓိပ္ပါယ်အားလုံးကို ခြုံငုံ၍ဆိုရသော် “စွန့်ပယ်ရန်၊ ရှောင်ရန်တို့ ကို အကြွင်းမဲ့ စွန့်ပယ်ရှောင်ရှား၍၊ မှီဝဲဆောင်ယူရန် တို့ကို အတုမရှိ ဆောင်နိုင်သူ”ဖြစ်ကြောင်း ‘ဘဂဝါ’ ဂုဏ်တော်ကြီးက ညွှန်းပြလေသည်။

မကျဉ်းမကျယ်မှတ်သားရန်မှာ မြတ်စွာဘုရားရှင်သည် အလောင်း တော်ဘဝများစွာကပင် ဣဿရိယ(အစိုးရမှု)၊သိရီ(ကျက်သရေမြင့်မားမှု)၊

ယသ(အခြံအရံ–ကျော်စောကိတ္တိရှိမှု)စသော အများစုက ဝိုင်း၍ ချီးကျူး နေကြသည့် လောကီစည်းစိမ်ဥစ္စာ ဂုဏ်သိက္ခာနှင့် အာဏာ ဘုန်းတန်းတို့ ကို ပြတ်ပြတ်တောက်တောက် စွန့်လွှတ်နိုင်တော်မူခဲ့၏။

## ရှောင်မှု့ဆောင်မှု အတုမရှိ

လောကီကြီးပွားမှုအားလုံးကို အများသတ္တဝါနှင့် နိဗ္ဗာန်ချမ်းသာအတွက် ငြမ်းအဖြစ်သာလျှင် အရင်းအနှီးပြုသုံးစွဲခဲ့လေသည်။ နောက်ဆုံး ဘုရားဖြစ် တော်မူသော ဘဝ၌ပင် ကြီးကျယ်ခမ်းနားလှသော မင်းစည်းစိမ်ကို ရေအိမ် (အိမ်သာ) ကဲ့သို့ သဘောထား၍ စွန့်လွှတ်နိုင်ခဲ့၏။ လေးကျွန်းသနင်း စကြာမင်းကြီး ဖြစ်ရန်ရှိသည်ကိုပင် လိုလားတော်မမူခဲ့။ စွန့်ပယ်ခဲ့လေပြီ။

ထို့ထက် တဆင့်တက်၍လည်း စွန့်ပယ်စရာမှန်လျှင် စွန့်ပယ်နိုင်ပေ သေးသည်။

အာဠာရ၊ ဥဒက ဆရာကြီးများထံ၌ ဈာန်အဘိညာဉ် တန်ခိုးများပင် ရရှိ၍ ဂိုဏ်းအုပ်ဆရာကြီးအဖြစ် လွှဲအပ် ခဲ့ကြသည်ကိုပင် လက်မခံခဲ့ပေ။ ထိုဈာန်အဘိညာဉ်လောကီတန်ခိုးများသည် စကြဝတေးမင်း စည်းစိမ်ထက် အဆ ရာထောင်မက သာလွန်သော ချမ်းသာသုခ၊ လောကတွင် အထွတ် အထိပ်အကျဆုံး စည်းစိမ်ကြီးပင် မဟုတ်ပါလော။

အလောင်းတော်သည် "ဤလောကီ တန်ခိုးများကား မျက်လှည့် သာသာမျှသာရှိသေး၍ ချမ်းသာစစ် ချမ်းသာမှန်ကို ရစေနိုင်သော နည်း လမ်းများမဟုတ်"ဟု ချက်ခြင်းဆုံးဖြတ်ကာ ထိုဆရာကြီးများထံမှ ဖဲခွာခဲ့ ၏။ မြေလျှိုးမိုးပျံနိုင်သော လောကီဈာန် အဘိညာဉ်များကိုပင် ထွေးအန် စွန့်ပစ်တော်မူခဲ့လေသည်။

ထိုးနန်းစည်းစိမ်လောက်ကို မစွန့်လွှတ်နိုင်ပါက ဈာန် အဘိညာဉ် တန်ခိုးများကို ရမည်မဟုတ်။ လောကီတန်ခိုးမျှလောက်ကိုပင် 'ဟုတ်လှပြီ' ဟုအထင်ရောက်နေပါကလည်း ဘုရားဖြစ်တော်မူမည် မဟုတ်ချေ။ စွန့်လွှတ် နိုင်သလောက် အင်အားများ ကြီးမား၍ ကြီးမား၍ လာသည်ကိုသဘော သက်ဝင်ကာ သင်ခန်းစာ ယူသင့်ကုန်၏။

မြတ်စွာဘုရားအလောင်းတော် စွန့်လွှတ်နိုင်သည်မှာ ထိုမျှသာလည်း မဟုတ်သေးပါချေ။

ဒီပင်္ကရာမြတ်စွာဘုရားထံ၊ ဗျာဒိတ်ခံယူစဉ်ကပင် နိဗ္ဗာန် ဆုကြီးကို ဆွတ်၍ ကိုယ်လွတ်ရုန်းသွားလျှင်လည်း သွားနိုင်လောက်သော ပါရမီများ ရင့်ကျက်စွာ အဆင်သင့် တည်ရှိနေပြီးပင်ဖြစ်သည်။ လက်တော် ရောက်ပြီး နိဗ္ဗာန်ချမ်းသာကြီးကိုပင် စွန့်လွှတ်နိုင်ခဲ့သူပါပေတည်း။

ဝိပဿနာပညာ ရှုထောင့်အရဆိုသော် ၃၁-ဘုံ၊ သင်္ခါရနယ်နိမိတ် အတွင်းရှိ အကောင်းဆုံးခေါ်ဆိုရသော ကုသိုလ်ပညာ အသိထူးများကိုပင် နိဗ္ဗာန်ကူးရန် ဖောင်ကူးတို့ပမာထား၍ အားလုံး စွန့်ပယ်တော်မူခဲ့လေပြီ။ (ကုသလံ ကုသလံ ဇဟံ။ မူလပဏ္ဏာသ—အလဂဒ္ဒူပမသုတ်ဖြင့် ချဲ့ထွင်သိရမည်။)

မြတ်စွာဘုရားရှင်သည် စွန့်ပယ်ရှောင်ကြဉ်ရမည့်အရာ၌ အကြွင်းမဲ့ ပယ်စွန့်တော်မူ၏။ သတ္တဝါတို့ကိုလည်း ပယ်စွန့် ရှောင်ခွာနိုင်ရန် အမြဲ တောင့်တတော်မူသည်။

ကိုယ်နှင့်စိတ်နှင့် အမြဲတမ်းကပ်ဆောင်ထားရမည့်(အလောင်းတော် ဘဝတွင်) ပါရမီ ကျင့်စဉ်များ(ဘုရားဖြစ်တော်မူသောအခါတွင်)အသင်္ခတ နိဗ္ဗာနချမ်းသာ အထွတ်တင်သော ဓမ္မအင်အား'များကိုမျက်တောင်တခတ်မျှ မလွတ်ရအောင် ကျင့်ကြံပွားများ ဆောင်ထားတော်မူ၏။ သတ္တဝါတို့ ကိုလည်း ကိုယ်တော်နှင့်ထပ်တူ(မိမိတို့ အဆင့်အတန်းအလျောက်) ငါးပါး သီလမှအစ နိဗ္ဗာန်ချမ်းသာအထိ ကျင့်ကြံပွားများ ဆောင်ထားကြစေရန် 'မည်သို့ လုပ်ရပါ့မလဲ' ဟု အမြဲကြောင့်ကြ စိုက်တော်မူလေ့ရှိသည်။ (အဗျာဝဋ္ဌမနော)။

သတ္တဝါဝေနေယျတို့ကို ကယ်မတော်မူရန်အတွက် နေ့စဉ် ကုဋေ နှစ်သန်းလေးသိန်းတိုင်တိုင် 'မဟာကရုဏာ သမာပတ်'ကို ဝင်စားတော်မူ သည်။ နိဗ္ဗာန်ချမ်းသာ သမာပတ္တိစည်းစိမ်ကြီးကိုလည်း ပရိသတ်အများ အား တရားဟောတော်မူစဉ်'သာဓု–သာဓု'မြွက်ဆိုကြသော အခိုက် မှာပင် ဝင်စားတော်မူလေ ရှိ၏။ ထိုသို့ ဝင်စားတော်မူနိုင်လောက်အောင်လည်း စိတ်အစဉ်လျှင်မြန်၏။ ထိုမျှလျှင်မြန်သော 'စိတ္တနိယာမ=စိတ်အစဉ် ရေစီး ကြောင်းကြီး'ကို လိုသလို လှည့်ပြောင်းလွှတ်ထုတ် ထိန်းချုပ်ပဲ့ကိုင် နိုင်နင်း တော်မူလေသည်။

25. ဒုတိယအကြိမ်

ဤကား 'အာစရိယ ဓမ္မပါလ'စသော အဋ္ဌကထာ,ဋီကာဆရာကြီးများဖြည့်စွက်ဖွင့်ပြချက်ကို မှူထား၍ ထပ်မံအလင်းပြလိုက်သော 'ဘဂဝါ' ဂုဏ်ရည်ကြီးပင်တည်း။

## ဘဂဝါဂုဏ်ရည်

စကြာရိပ်ငြိမ်၊ မင်းစည်းစိမ်ကို၊ ရေအိမ်သဘော၊ စွန့်ရက်လှော၍။ လောကီတန်ခိုး၊ အမျိုးမျိုးလည်း၊ မကိုးစားလောက်၊ တံထွေးပေါက်သို့၊ ဖြတ်တောက်စွန့်ပယ်၊ ဖောင့်သဖွယ်လျှင်၊ နယ်သံခါရ၊ ရှိသမျှကား၊ ခယ ဝယော၊ ကောင်းသောကုသိုလ်၊ ဆိုလင့်ကစား၊ ကျိုးမများ၍၊ ရှောင်ရှားစွန့်ဘွယ်၊ ပြတ်ပြတ်ပယ်၍။ ကိုယ့်နှုယ်များစွာ၊ဝေနေယျလည်း၊ သီလ သမာ၊ ဓိပညာဟု၊ သိက္ခာသုံးတန်၊ ကြိုးအားသန်လျက်၊ နိဗ္ဗာန်ချမ်းသာ၊ ဘယ်ပုံငါသို့၊ရပါစေရုံ့၊ စောင့်မြောင်ငံ့ကာ၊ ကုဋေနှစ်သန့်လေးသိန်း၊တွက်ကိန်းသင်္ချာ၊သမာပတ်ဖိုလ်၊ ဝင်စားခို၍၊ နိရှိမ်သုခ၊ တခုမျှဖြင့်၊ နေ့ညကုန်မြဲ၊ ဆောင်မှီခဲ့သည်၊ ထူးကဲ'ဘဂဝါ'ဂုဏ်ရည်တည်း။

# စကြဝဠာနှင့် ပိုင်းတာရသော မြတ်စွာဘုရား

မြတ်စွာဘုရားရှင်သည် လူသားစင်စစ်ဖြစ်တော်မူ၏။ သို့ရာတွင် ‘မ-တထောင် တခေါင်ဖွား’ ခေါ်ဆိုရသည့် ကမ္ဘာကျော် လူသား ပညာရှိမျိုးကား မဟုတ်။ နတ်, ဗြဟ္မာ တို့တွင်ပင် နှိုင်းယှဉ်ရမည့်သူ မရှိ။ အနန္တစကြဝဠာ တခွင်၌ပင် တဦးတည်းသာ တခါတရံဖြစ်ပေါ်လေ့ရှိသော ‘အတုမဲ့ လူသား’ ဖြစ်တော်မူ၏။

ဤနေရာ၌ မြတ်စွာဘုရားရှင်၏ ကျေးဇူးတော်, ဂုဏ်တော်, ဘုန်းတော်, ဉာဏ်တော်တို့နှင့်စပ်၍ အကြမ်းစား ခန့်မြှော်နိုင်ရန် စကြဝဠာ အကြောင်း အနည်းငယ်သိကောင်း၏။ ‘ဘုရားရှင်ကိုမှ ဘယ်လိုပုဂ္ဂိုလ်မျိုး’ ဟု မရိပ်စားမိသေးပါဘဲလျက် စာတွေကိုချည်း ဆက်၍ လေ့လာသော် ‘အသိဉာဏ်လည်းမပါ၊ သဒ္ဓါလည်း မပေါက်’ သဖြင့် ခရီး မရောက်နိုင်။ မဆုံးနိုင်သော မေးခွန်းများကိုသာ ကောက်၍ကောက်၍ ကိုင်မိနေပေလိမ့်မည်။

မြတ်စွာဘုရားရှင်၏ တရားစကားတော်များကိုလည်း ဘုရားအမည်ခံ၊ မခံသော ကမ္ဘာကျော် သုခမိန်တို့၏ အဆိုအမိန့်နှင့် ကွဲကွဲပြားပြား ခြားခြား ပိုင်းပိုင်း ဟုတ်တိုင်းမှန်စွာ မြင်နိုင်မည်မဟုတ်။ ထိုသို့ ဆိုသော် လက်တွေ့ လုပ်ကြည့်ရန်မှာ သာ၍ပင် ဆုတ်ဆိုင်းဆိုင်း ဖြစ်နေပေတော့မည်။

ယခုဖော်ပြမည့် စကြဝဠာအကြောင်းကို ဖတ်ရှုသဖြင့် သိပ္ပံဆရာတို့ပင် လွန်ခဲ့သော ၂၅၀၀–ကျော်က အဆိုအမိန့်များကို လျစ်လျူရှုထား၍ မဖြစ်တော့သည့် အခြေအနေကိုလည်း ခန့်မှန်းနိုင်ကြပေလိမ့်မည်။

‘သဗ္ဗညုတဉာဏ်’ နှင့် ‘လောကဝိဒူ’ စသော ဂုဏ်ကျေးဇူးတော်, ဉာဏ်တော်များကိုလည်း အထိုက်အလျောက် ခန့်မြှော်နိုင်ကြပေလိမ့်မည်။

‘ပရိတ်ရွတ်ခြင်း, ဂုဏ်တော်ပွားခြင်း, မေတ္တာပွားခြင်း’ စသော နေ့စဉ် ဝတ် ပဋိပတ်များအတွက် စကြဝဠာ အကြောင်းကို သိရသဖြင့် မည်မျှ ‘အင်အား’ တိုးတက်လာသည်ကိုပါ ကိုယ်တိုင်တွေ့မြင်လာကြ ပါလိမ့်မည်။ ကြိုးစားဖတ်ရှုကြပါကုန်။

## စကြဝဠာ ၃–မျိုး

စကြဝဠာသည် သုံးမျိုးရှိကြောင်း စူဠနိကာယ် (အင်္ဂုတ္တရ၊ ၁–၂၂၇)၌ ဟောတော်မူခဲ့သည်။ သုံးမျိုးကား–

၁။ သဟဿီ–စူဠနိကာ လောကဓာတ် (အသေးစား)၊
၂။ ဒွိသဟဿီ=မဇ္ဈိမိကာ လောကဓာတ် (အလတ်စား)၊
၃။ တိသဟဿီ=မဟာသဟဿီ=မဟာလောကဓာတ် (အကြီးစား)။

စကြဝဠာ၊ သို့မဟုတ် လောကဓာတ်တခု၏ ပမာဏမှာ ကျွန်းကြီး လေးကျွန်း၊ သမုဒ္ဒရာ,တာရာ ,နေ, လနှင့်အပါယ်လေးဘုံ, လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံများ ပါဝင်သော အုပ်စုတခု ဖြစ်သည်။ ထိုအုပ်စုမျိုးလည်း အလားတူ များစွာရှိ၏။ ထိုလောကဓာတ်မျိုး သုံးခု ဆုံရာ ဆုံရာကြားတွင် 'လောကန္တရိက်' ငရဲပြည်များ ရှိကြ၏။ (သိပ္ပံပညာလာ 'ဘလက်ခ်ဟိုး' ခေါ် ကောင်းကင်ထောင်ချောက်ကြီးများ အကြောင်းနှင့်စပ်၍ ကြည့်ရန်။)

၁။ ထိုစကြဝဠာပေါင်း(လောကဓာတ်ပေါင်း)တထောင်ပါဝင်သောအုပ်စုကို 'အသေးစားလောကဓာတ်'ဟု ခေါ်သည်။ ဤလောကဓာတ်တထောင်ကိုမူ ဘုရားရှင်၏တပည့်သာဝကများပင် သွားလာထိတွေ့ ကျက်စားနိုင်ကြ၏။

၂။ စကြဝဠာပေါင်း တသန်းပါဝင်သော အုပ်စုကို 'အလတ်စား လောကဓာတ်'ဟု ခေါ်၏။ (၁၀၀၀×၁၀၀၀= ၁၀၀၀၀၀၀။ 'လောကဓာတ်ပေါင်း တိုက်တသောင်း'ဟု ပြဆိုသော အဋ္ဌကထာ ဋီကာများလည်း ရှိသေး၏။)

ဇာတိ,အာဏာ, ဝိသယ ဟူသော ခေတ်သုံးမျိုးတွင် 'ဇာတိခေတ်'ဟု ခေါ်ဆိုရသည်။ ဘုရားအလောင်းတော်နှင့် ဘုရားရှင်တို့အတွက် နိမိတ်ကြီးများ ဖြစ်ပေါ်လာသောအခါ ဤစကြဝဠာတသန်း တပြိုင်နက်ဖြစ်ရ၏။

၃။ စကြဝဠာပေါင်း ကုဋေတသိန်း ပါဝင်သော အုပ်စုကို အကြီးစား လောကဓာတ်–မဟာလောကဓာတ်'ဟု ခေါ်သည်။

ခေတ်သုံးမျိုးတွင် 'အာဏာခေတ်'ခေါ်၏။မြတ်စွာဘုရားရှင် ပရိတ်ဒေသနာတော် အာဏာစက် တန်ခိုးသတ္တိ အရှိန်အဝါများ ဤမဟာလောကဓာတ်တခုလုံး ပျံ့နှံ့ဖုံးလွှမ်းသွားသည်။ အမိန့်အာဏာစက် သက်

ရောက်ရာ ဒေသရပ်ဝန်းဟု ဆိုလို၏။ ဤစကြဝဠာကုဋေတသိန်းကား ဆိုးတူ ကောင်းဘက်၊ ဖြစ်တူပျက်တူ။

(ပရိတ်ရွတ်တိုင်း စိတ်ယဲက မှန်း၍ကြည့်ပါ၊ စေလွှတ်ပါ။)

ထိုအကြီးစား လောကဓာတ်ကြီး မျိုးလည်း အပြောကျယ်သော အာကာသတွင် စကြဝဠာများ မရေမတွက်နိုင်အောင်ရှိ၏။ စကြဝဠာ အနန္တ၊ အနန္တ လောကဓာတ်ပင်တည်း။ ယင်းအနန္တလောကဓာတ်ကို 'ဝိသယခေတ်' (ဘုရားရှင်တို့ ဉာဏ်တော်ကျက်စား ထိတွေ့နိုင်သော ဒေသရပ်ဝန်း) ဟု ခေါ်သည်။

စကြဝဠာ အနန္တကို ဖြစ်စေ၊ တစိတ် တဒေသကိုဖြစ်စေ မြတ်စွာဘုရားရှင်သည် မှောင်လည်းချနိုင်၏။ အလင်းရောင်လည်း လွှမ်းနိုင်၏။ တရားလည်း (လှမ်း၍) ဟောနိုင်၏။ ကြွလည်း ကြွရောက်နိုင်၏။ (စူဠနိကာသုတ်နှင့် မဟာပရိနိဗ္ဗာနသုတ်တို့၌) ဘုရားရှင်ကိုယ်တိုင် ဝန်ခံဟောကြားတော် မူခဲ့ဘူးသည်။

(ဂုဏ်တော်ပွားများတိုင်း၊မေတ္တာပွားများတိုင်း အာရုံဖြန့်၍ပွားပါ)

ဤကား ဘုရားရှင် ဟောကြားတော်မူသော စကြဝဠာ အနန္တအကြောင်း အမြွက်မျှဖြစ်သည်။

သိပ္ပံဆရာတို့ ရှာဖွေတွေ့ရှိသော စကြဝဠာ အကြောင်းကိုလည်း အနည်းငယ် ဖော်ပြပါဦးအံ့။

## သိပ္ပံဆရာတို့ စကြဝဠာ

သိပ္ပံ ဆရာတို့က ဤစကြဝဠာကို 'နေ စကြဝဠာ' ဟု ခေါ်ဆိုကြ၏။ နေကို အလယ်ဗဟို ချက်မထား၍ ကမ္ဘာမြေ (ဂြိုဟ်တလုံး)နှင့်တကွ ဂြိုဟ်ကြီး ကိုးလုံးတို့သည် သူ့သွားနှုန်းနှင့်သူ လှည့်ပတ်သွားလာနေကြ၏။ နေကိုလှည့်ပတ် သွားလာနေကြသော ဂြိုဟ်ကြီးကိုးလုံးမှာ (နီးရာမှ ဝေးရာအလိုက် ဗုဒ္ဓဟူး၊ သောကြာ၊ ကမ္ဘာဂြိုဟ်၊ အင်္ဂါ၊ ကြာသပတေး၊ စနေ၊ ယူရာနတ်၊ နက်ပကျွန်းနှင့် ပလူတို ဂြိုဟ်များ ဖြစ်ကြသည်။

ထိုမှတပါး လ,အပါအဝင် အရံကြယ် ၃၁–လုံးနှင့်တကွ အခြားဂြိုဟ်မှုန် ဂြိုဟ်မွှား စသည်တို့ဖြင့် နေစကြဝဠာခေါ် ဤစကြဝဠာ၏ တည်ဆောက်ပုံကို တွေ့ရသည်။ ပုံကြမ်းအားဖြင့် သောက်ရေအိုးခန့် ကြီး

သော လေပူဖောင်းကြီးတလုံး ပတ်ပတ်လည်၌ လျှပ်စစ်မီးသီးခန့် လေပူဖောင်း၉–လုံးနှင့် ဇီးစေ့ခန့်ရှိသော လေပူဖောင်း ၄၁–လုံး၊ အခြားအမှုန်အမွှားများ ဖြန့်ကြဲတဲ့ပြွတ်၍ လဟာပြင်၌ လွှတ်တင်ထားသည်နှင့် တူလှပေသည်။

ဤကမ္ဘာမြေကြီးလည်း ကောင်းကင်၌ မျောနေသော လေပူဖောင်းတလုံးသာတည်း။ အခြားစကြာဝဠာကကြည့်လျှင် မှိတ်တုတ်မှိတ်တုတ်ကြယ်မှုန်ကြယ်မွှားကလေး တလုံးမျှသာဖြစ်၏။ အခိုင်အမာ ထောက်တည်ရာမရှိ။

နေ့, လ, နှင့် ဤကမ္ဘာမြေကြီးတို့၏ အကြီးအငယ် ပမာဏမှာ အချင်းမိုင်အားဖြင့် နေ–၈၆၄၃၉၃၊ လ,–၂၀၀၀၊ ကမ္ဘာမြေ–၇၉၁၈ ဖြစ်၏။

ဆွဲအား ကြီးရာအလိုက် ဗဟိုပြု၍ လှည့်ပတ်နေကြရသည်ဖြစ်ရာ လသည် ကမ္ဘာမြေကို တလလျှင် တပတ်ကျ လှည့်သွားနေရ၏။ ကမ္ဘာမြေကလည်း တနေ့တညလျှင် တပတ်တပတ်လည်လျက်က တနှစ်လျှင် အပတ်ကြီး တပတ်ရအောင် နေကိုလှည့်ပတ် သွားနေရ၏။

အခြားဂြိုဟ်များနှင့်လည်း သူ့နှုန်းနှင့်သူ ဆွဲအား အကြီးဆုံးသောနေကို ဗဟိုပြု၍ ဝန်းရံလှည့်သွားနေကြရ၏။ ရပ်နားကြရသည် မရှိ။ နေသည်သူ့စကြာဝဠာတွင် ဘုရင်ဖြစ်၏။

## နေစကြာဝဠာ၏ ဖခင်

နေမင်းကြီးသည်လည်း ကျွန်ုပ်တို့ အထင်အမြင်၌ ကြီးကျယ်လှ၍ ကျွန်ုပ်တို့အပေါ် ဩဇာညောင်းလှပြီ ထင်ရစေကာမူ သူလည်း အပြောကျယ်သောလဟာပြင်တွင် ကြယ်ကလေး တလုံးမျှသာ ဖြစ်၏။ သူ့ ထက် ကြီးသောကြယ်ကြီးများ၊ ကြယ်အုပ်စုကြီးများ၏ ဆွဲအားကို မလွန်ဆန်နိုင်ချေ။ သူ့အဖော် အခြွေအရံ သင်းပင်းများကိုပါ ခေါ်ဆောင်၍ သူ့ထက်ကြီးသော ကြယ်အုပ်ကြီးကိုနှစ်ပေါင်း ကုဋေ ၂၂–ဒသမ၅–အကြာတွင်တပတ်ရအောင် လှည့်ပတ်ရပြန်၏။

ယင်းသို့လျှင် တလောကလုံး စနစ်တကျ ရွေ့လျား သွားလာနေရသည်ကိုပင် 'ထာဝရ တန်ခိုးရှင်၏ လက်ရာ'ဟု အထင်မှားကြရှာလေ၏။ 'ဗုဒ္ဓနိယာမ'တရားကိုမမြင်ကြ။

သူ့ထက်ကြီးသော ကြယ်အုပ်စုကြီးဆိုသည်မှာ ပါဠိလို 'အာကာသဂင်္ဂါ' (ကောင်းကင်မြစ်ကြီး)၊ အင်္ဂလိပ်လို 'မစ်လ်ကီးဝေး' ဟုလည်းကောင်း၊ 'ဂလက်ဇီ' ဟုလည်းကောင်း ခေါ်သော နဂါးငွေ့တန်းကြီးပင်တည်း။ ထိုနဂါးငွေ့တန်းကြီးသည်မိုးကုပ်စက်ဝိုင်း နခမ်းကြီးဆီသို့ ဆုံးသွားပြီ ထင်ရသော်လည်း အားကောင်းသော မှန်ဘီလူးဖြင့် ကြည့်သောအခါ ဘဲဥပုံ ခရုခွေကြီးတခု ဖြစ်နေသည်ကို တွေ့ရသည် ဆို၏။

ဂလက်ဇီခေါ် ခရုခွေကြီးဟူသည် စကြဝဠာ အုပ်စုကြီး တခုပင် ဖြစ်ရာ ကျွန်ုပ်တို့၏ နေစကြဝဠာသည် ထိုခရုကြီး တကောင်၏ နောက်ဆုံးအခွေအစွန်အဖျား ဘေးသားပေါ်၌ ရှိနေသော မပြောပလောက်သည့် အကြေးခွံကလေးတခုမျှသာ ဖြစ်၏။ ထိုစကြဝဠာ အကြေးခွံကလေးက သူ၏ မှီရာ ခရုကြီး တကောင်လုံး (စကြဝဠာအုပ်စုကြီး) ကိုတပတ်ပတ်မိရန် နှစ်ပေါင်းကုဋေ ၂၂–ဒသမ၅– ကြာအောင်သွားနေရသည်ကိုပြခဲ့ပြီ။

ယင်းခရုကြီးတကောင်၌ကြယ်ကုဋေ(အကြေး)ပေါင်းတသောင်းခန့်ပါဝင်၏။ ခရုကြီးတကောင်၏ ဟိုဘက်ထိပ် သည်ဘက်ထိပ် အကွာအဝေးချင်းမှာ အလင်းနှစ်တသိန်းဝေးသည်။ အဘယ်မျှကြီးမားသော စကြဝဠာအုပ်စုကြီးတခု ဖြစ်သည်ကို ခန့်မှန်းနိုင်၏။

## နေစကြဝဠာ၏ ဘိုးဘေး ဘီ ဘင်

ခရုပမာ စကြဝဠာ လောကဓာတ်အုပ်စု အမျိုးပေါင်း ၂၅၀၀–ပါဝင်သော လောကဓာတ်ကို "မဟာလောကဓာတ်ကြီးတခု'ဟု ခေါ်ဆို၏။ နေစကြဝဠာ ပါဝင်သော စကြဝဠာအုပ်စု ခရုကြီးမှာလည်း အဆိုပါမဟာလောကဓာတ် ခရုကြီးကို မိုင် ၁, ၃၅၀,၀၀၀– နှုန်းဖြင့် လှည့်ပတ်၍နေရရှာပြန်၏။ ကျွန်ုပ်တို့၏ နေစကြဝဠာလည်း ထိုအထဲတွင် မထင်မရှားရောယောင် လိုက်ပါရပြန်သည်။

ထိုမဟာ လောကဓာတ်ခရုကြီးမျိုးလည်း အပြောကျယ်သောလဟာပြင်တွင် မရေမတွက်နိုင်အောင် ရှိလေ၏။ စကြဝဠာ အနန္တပင်တကား။

## ဘုရားစကား ရိပ်စားမိပြီ

ယင်းသို့အားဖြင့် သိပ္ပံဆရာတို့သည် မြတ်စွာဘုရား ဟောကြားတော်မူခဲ့

သော လွန်ခဲ့သည့် ၂၅၀၀–ကျော်က စကြဝဠာ သိပ္ပံကို ရိပ်စားမိလာကြ၏။ ဗုဒ္ဓဓမ္မများကိုလည်း မစူးစမ်းဘဲ နေ၍ မရကြတော့ပေ။

သို့ရာတွင် သိပ္ပံဆရာတို့သည် 'အပြောကျယ်သော အာကာသ၏ အကျယ်အဝန်းမှာ အလင်းနှစ် ကုဋေ ၂၀၀၀'ဟု သတ်မှတ်ကြပြန်သည်။ ဆိုလိုသည်မှာ တစက္ကန့်လျှင်မိုင်ပေါင်း ၁၈၆၀၀၀– အပြေးလျင်သော ယာဉ်ဖြင့်သွားလျှင်နှစ်ပေါင်းကုဋေ ၂၀၀၀–ကြာသောအခါ အာကာသ၏ အဆုံးသို့ ရောက်နိုင်သည်ဟု ဆိုရာရောက်၏။

ထိုခန့်မှန်းချက်သည် 'အာကာသ အနန္တ=အဆုံးမရှိသော လဟာ ပြင်'ဟု မိန့်တော်မူသည်ကို လက်ခံလိုဟန် မရှိချေ။

## ရုပ်ကို အားကိုး၍ မရနိုင်

ရှေးအခါက 'ရောဟိတဿ'ခေါ်သော တန်ခိုးရှင် ရသေ့တပါးသည် စကြဝဠာအဆုံးကို မြားလောက်မြန်သော အဟုန်ဖြင့် တသက်လုံးပြေးလွှားကာ ရှာဖွေခဲ့ဘူး၏။ အဆုံးသို့ မရောက်မီပင် သေခဲ့ရကြောင်း မြတ်စွာဘုရားက (သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၌) လောကဓာတ် စကြဝဠာ၏ အဆုံးသို့ ခြေလျှင်သွား၍ မရောက်နိုင်ကြောင်း၊ တနည်းအားဖြင့် 'ရုပ်ကိုအားကိုး၍ မရနိုင်ကြောင်း' ဟောတော်မူခဲ့ဘူး၏။

ယနေ့သိပ္ပံဆရာတို့သည် မြတ်စွာဘုရား ဟောကြားခဲ့သော 'စူဠနိကာ'ခေါ် အသေးစား လောကဓာတ်ကို မဆိုထားဘိ၊ မိမိတို့နေသော စကြဝဠာ ကမ္ဘာလောကဓာတ်ကလေး တခုကိုပင် ပြည့်စုံအောင် မသိနိုင်ကြသေးပေ။ ဂလက်ဇီခေါ် စကြဝဠာ အုပ်စုတွဲကိုလည်း ၂၀၀–မျှလောက်ကိုသာ တွေ့ကြရသေး၏။

ဆိုပါအံ့။ စကြဝဠာကို လေ့လာခဲ့ကြရာ အစောပိုင်းက ဂြိုဟ်၆–လုံးမျှဖြင့် 'စကြဝဠာ'ကို သတ်မှတ်ခဲ့ကြရ၏။ ဆိုလိုသည်မှာ စနေဂြိုဟ်ပတ်လမ်း အတွင်းလောက်ကိုသာ ကျွန်ုပ်တို့ စကြဝဠာကို နယ်သတ်မှတ် ခဲ့ကြရသည်။ နောက်မှ ယူရေနတ်၊ နက်ပကျွန်၊ ပလူတိုဂြိုဟ်များကို အဆင့်ဆင့် တွေ့လာခဲ့ကြရာမှ စကြဝဠာလည်း တချိန်ထက်တချိန် ကျယ်ဝန်းလာသည်ကို တွေ့ကြရ၏။

ဆိုလိုသည်မှာ ပလူတိုဂြိုဟ်သည် နေကိုလှည့်ပတ်နေသော ဂြိုဟ်တို့တွင် အဝေးဆုံးဂြိုဟ်ဖြစ်သည်။ ၎င်းသည် နေနှင့်အချင်းမိုင် ၇၃၅၀–ဝေး

ကွာ၏။ ထို့ကြောင့် ယနေ့ ကျွန်ုပ်တို့ စကြဝဠာ၏ ဇရိယာကို ပလူတိုဂြိုဟ် ပတ်လမ်းဖြင့် ချဲ့ထွင် ပြင်ဆင်၍ သတ်မှတ်ခဲ့ကြရပြန်၏။

ပလူတိုဂြိုဟ်ကို တွေ့ရှိ၍ စကြဝဠာကျယ်လာသည်မှာလည်း မကြာသေး။ ၁၉၃၀–ခုနှစ်က ဖြစ်ပေသည်။ နောက်ထပ် အလားတူဂြိုဟ်များ တွေ့ခဲ့သော် စကြဝဠာ၏ ဘောင်ဒရီ(နယ်နိမိတ်) ကျောက်တိုင်ကိုလည်း တဖန်ရွှေ့ပြောင်း၍ပင် စိုက်ထူရပေဦးမည်။

## စကြာဝဠာတရား၏ ကျေးဇူး

ဘုရားရှင်ကား လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀-ကျော်ကပင်စကြာဝဠာတရားကို (လူသားတို့ ခန့်မှန်းစာတ်ရှိ) တည်ဆောက်ပုံနှင့်တကွ ဟောပြတော်မူခဲ့ပြီ။

အဆုံးမထင်သော လဟာပြင်(အာကာသ အနန္တ)တွင်–

မရေမတွက်နိုင်အောင်များပြားသော စကြဝဠာ(အနန္တ) အတွင်း၌

ဘုံဗိမာန်အသီးသီးဖြင့် နေထိုင်ကြသော တွက်စရာသင်္ချာ မရှိအောင်များပြားလှသည့် သတ္တဝါ (အနန္တ)တို့၏–

စရိုက်အဓာဝါသနာ ဓလေ့နှင့်တကွခရာစေ့တွင်းကျ ဂဃဏနကြီး သိမြင်ဟောကြားနိုင်သော ဉာဏ်တော်၊ကြွနိုင်၊သွားနိုင်၊မှောက်နိုင်၊ လှန်နိုင်သော ဘုန်းတန်ခိုးတော်သည်ကား အဘယ်မျှ ကြီးမားလှပေမည်နည်း။ (အနန္တလေးပါးဟု ခေါ်သည်။ 'လောကဝိဒူ'ဂုဏ်တော်ကိုသတိပြုရန်။)

ဉာဏ်တော် အနန္တပင် တကား။

ထိုအနန္တဉာဏ်တော်ဖြင့် ဟောကြားတော်မူခဲ့သော "ငါးပါးသီလမျှဖြင့် နတ်ပြည်သို့ရောက်နိုင်သည်။ တရှုတရှိုက်မေတ္တာမျှဖြင့် ဗြဟ္မာ့ပြည်သို့ ရောက်နိုင်သည်။ လျှပ်တပြက်ခန့်အဖြစ်အပျက် (လက္ခဏာသုံးပါး)မြင်ကာမျှဖြင့် နိဗ္ဗာန်ရနိုင်သည်"ဆိုသော စကားတော်များကို အဘယ့်ကြောင့် ကျွန်ုပ်တို့ မယုံကြည်ဘဲ ရှိပါလေမည်နည်း။

စကြဝဠာ အနန္တတွင် ပြိုင်ဘက်မပြု တဆူတည်းသော အနန္တဉာဏ်တော်သခင် ဘုရားရှင်အား ကမ္ဘာ့ပညာရှင်ကြီးများနှင့် တတန်းတည်းထား၍ ရေးသား ပြောဆိုမှုများကို အလွယ်တကူဖြင့် လျစ်လျူရှုရန် ဗုဒ္ဓ

ဘာသာဝင်တိုင်း ဝန်မလေး ခဲ့ကြသည်မှာ ထိုအကြောင်း များကြောင့် ဖြစ်ပေသည်။

"မြတ်စွာဘုရားရှင်၏ ဘုန်းဟန်ခိုးတေဇော် အာနုဘော်နှင့် ဉာဏ်တော်တို့သည် အတိုင်းမသိ ကြီးမားလှပါပေ၏။ ကျွန်ုပ်တို့သည် မြတ်စွာဘုရားသာသနာတော်၌ လူဖြစ်ကြရသည်မှာ အရတော်လေစွ။"

ရှင်အာနန္ဒာသည်လည်း စကြဝဠာတရား နာကြားစဉ်က အထက်ပါအတိုင်းပင် ဥဒါန်းကျူးတော်မူခဲ့ဘူးပါ၏။ အတိုင်းမသိဝမ်းသာအားရတော်မူခဲ့သည်။

"အာနန္ဒာသည် ရဟန္တာအဖြစ်နှင့် ဤဘဝ၌ ပရိနိဗ္ဗာန်မစံရသေးပါမူ ဤစကြဝဠာတရားကို အကြောင်းခံသော ကြည်ညိုသည့်စိတ်ဖြင့်ပင် လူ့ပြည်၌ဖြစ်စေ၊ နတ်ပြည်၌ဖြစ်စေ ခုနစ်ဘဝ မင်းအဖြစ်ကို ရနိုင်လေရာ၏" ဟု ဟောတော်မူခဲ့သည်။ (သောတာပန် ဖြစ်နေ၍သာ ခုနစ်ဘဝဟု ဟောသည်။)

ဘုရားရတနာပြီး၏။

ပုတိုင်းရ၊ တတိုင်းပြီးသော သီလတန်ခိုး

"ဇာဇ္ဇုတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ"

"ရဟန်းတို့၊ သီလရှိသူသည် စင်ကြယ်နေသူဖြစ်သောကြောင့် စိတ်တောင့်တတိုင်း ပြီးစီး၏။ ဤသို့ပြည့်သောတန်ခိုးရှိ၏။"

"ရဟန်းတို့၊ ပစ္စည်းလေးပါး ပေါများလိုလျှင်၊ ချစ်ခင်လေးစားကျော်ကြားလိုလျှင် သီလကိုသာကြိုးစားဖြည့်ကြ"

"ဒကာတို့၊ သီလရှိသူသည် မမေ့လျော့မှု သတိအကြောင်းခံသော စည်းစိမ်ဥစ္စာကို အစုလိုက်အပြုံလိုက် များစွာရနိုင်၏"

# တရားတော်ဂုဏ် ၆-ပါး

(ပါဠိ မြန်မာပြန်နှင့် မှတ်သားဘွယ်)

၁။ သွာက္ခာတော ဘဂဝတာ ဓမ္မော
၂။ သန္ဒိဋ္ဌိကော
၃။ အကာလိကော
၄။ ဧဟိ ပဿိကော
၅။ ဩပနေယျိကော
၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

(သွက္ခာတော= သွက်ခါတောဟုဖတ်။ အ-ကာလိကောဟုဖတ်၊ ဧဟိ=အေဟိဟုဖတ်၊ 'အေးဟိ'ဟုမဖတ်ရ၊ ဩပနေယျိကို တဆက်ထဲဖတ်။ ဝိညူဟိ=ဝိန့်ညူဟိဟု ဖတ်။ ဝိ-ညူဟိဟု မဖတ်ရ။)

## ၁-သွာက္ခာတော ဘဂဝတာဓမ္မော

(သု=ကောင်းစွာ+အက္ခာတ=ဟောအပ်သောတရား။)

၁။ ဘဂဝတာ=ဘုန်းတန်ခိုး ကျက်သရေတော် အနန္တတို့နှင့် ပြည့်စုံတော်မူပါပေသော မြတ်စွာဘုရားသည်။ ဓမ္မော=မဂ်လေးတန်,ဖိုလ်လေးတန်,နိဗ္ဗာန်,ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကို။သွာက္ခာတော= ရာဂဒေါသ မောဟ ကင်းကြောင်း၊ ကောင်းစွာ ဟောကြားတော် မူအပ်ပါပေ၏။ (အရကျက်ပါ)

### ခေတ်မပိုတော့ပြီလော

မြတ်စွာဘုရား ဟောကြားတော်မူသော တရားဟူသည် ပိဋကသုံးပုံနှင့်တကွ မဂ်လေးပါး,ဖိုလ်လေးပါး,နိဗ္ဗာန်အားဖြင့် ၁၀ -ပါးဖြစ်၏။ ပိဋကသုံးပုံကို 'ပရိယတ္တိ=လေ့လာ သင်ယူရမည့်'တရားဖြစ်၍ 'ပရိယတ်တရား-တခု'ဟု ယူရသည်။ ထိုတရားများသည်-

(၁) နာကြားရရုံမျှဖြင့်ပင် အပူစိတ်ဓာတ်များ ကင်းစင်၍ ကျင့်ကြံလျှင် 'ရဟန္တာ' ဖြစ်သည်အထိ နိဗ္ဗာန်ချမ်းသာကြီးကို အမှန်တကယ် ရရှိစေနိုင်၏။
(၂) ကိုယ်တိုင် ကျင့်ကြံသိမြင်ပြီးမှ ဟောကြားထားတော်မူသည်ဖြစ်၍ အစ၊ အလယ်၊ အဆုံးသုံးပါးလုံးကောင်း၏။ မည်သည့်နတ်လူ ပညာရှိကမျှ ပိုသည်၊ လိုသည်၊ မှားသည်ဟု ဖြည့်စွက်ပယ်နုတ်ခြင်းမပြုနိုင်။တော်လှန်၍ မရအောင် ခိုင်မာ၏။
(၃) 'မလုပ်နဲ့၊အပြစ်ရှိသည်'ဟု ဆိုသည်ကိုလုပ်ကြည့်လျှင် အပြစ်ရ၍၊ 'လိုက်နာကျင့်ကြံပါ၊ အကျိုးကြီးသည်' ဟု ဆိုသည်ကို လုပ်ကြည့်လျှင် အကျိုးရှိသည်ကို တွေ့ရမည် ဖြစ်သည်။ ထိုအကျိုးအပြစ်ကို မဖြစ်အောင်၊ ပေါ့သွားအောင် မည်သည့် တန်ခိုးရှင်မှ ပိတ်ပင်တားဆီးခြင်း၊ ဖယ်ရှားကူခံခြင်း မပြုနိုင်။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ကျော်က ဟောခဲ့သောတရားဖြစ်၍ 'ယခုခေတ် အခြေအနေ၊ ယခုလူတွေနှင့် မဟပ်မိ၊ ရှေးကျနေပြီ'ဟု မမှတ်ထင်သင့်။ ခေတ်, နှစ် အဆက်ဆက် လူတွေ, ပညာ်တွေသာ တခုပြီးတခု ပြောင်းလဲခဲ့၏။ သဘာဝတရားကြီးကား သူ့အတိုင်းပင်တည်း။ သဘာဝတရားကြီးတွင် 'အချိန်အခါ, အခြေအနေနှင့် အကွာအဝေး' ဟူ၍ မရှိစကောင်းချေ။

ထိုပြဆိုပြီး အကြောင်းများကြောင့် မြတ်စွာဘုရားဟောကြားတော်မူသော တရားအားလုံးသည် 'တကယ့် သဘာဝဓမ္မကြီး ဖြစ်၍ ခေတ်ကာလ အချိန်အခါမရွေး၊ အမြဲတမ်းအမှန်ဆုံးအကောင်းဆုံး'ဖြစ်၍ နေတော့သည်။

## ၂-သန္ဒိဋ္ဌိကော

(သံ=ကိုယ်တိုင်+ဒိဋ္ဌ=ဒိဋ္ဌိက=တွေ့မြင်အပ်-တွေ့မြင်ရသောတရား)

၂။ ဘဂဝတာ =ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ သွာက္ခာတော=ကောင်းစွာဟောကြားတော်မူအပ်သော။ဓမ္မော=တရားတော်ကား။သန္ဒိဋ္ဌိကော=

သူပြောမဟုတ်၊ကျင့်အားထုတ်သော်၊ မုချကိုယ်တိုင်၊
သိမြင်နိုင်သော တရားတော်ပါပေတည်း။
(အရကျက်ပါ)

(ဂေါတမီထေရီ‘မိထွေးတော် ဂေါတမီ’နှင့်စပ်၍ ‘တရားကောင်း= သွာက္ခာတ–၏သဘောနှင့် ကိုယ်တိုင်သိရမှု သန္ဒိဋ္ဌိက’ကိုစပ်၍အနည်းငယ် ဖော်ပြဦးအံ့။

## တရားမှန်–မမှန် တရားရှိ–မရှိ

မြတ်စွာဘုရား မဟာဝုန်တော ပြာသာဒ်ကျောင်း၌ သီတင်းသုံးစဉ် မိထွေးတော် ဂေါတမီက မြတ်စွာဘုရားရှင်အား--

“ဆိတ်ငြိမ်ရာသို့ သွားရောက်၍ တကိုယ်တည်း ရှုပွားရန် တပည့်တော်မအား တရားတော်ကို အကျဉ်းချုပ် ဟောပြပေးတော်မူပါ အရှင်ဘုရား”ဟု လျှောက်သည်။

ထိုအခါ မြတ်စွာဘုရားရှင်က–

“ဂေါတမီ၊ သင်သည် အကြင်တရားတို့ကို ‘ဤတရားတို့ကား တပ်မက်မှု ရာဂကင်းရန်သာ ဖြစ်ကုန်၏။ ရာဂဖြစ်ရန် မဟုတ်။ ဝဋ်ကင်းရန်သာ ဖြစ်ကုန်၏။ ဝဋ် လည်ရန် မဟုတ်။ ဝဋ်ဆင်းရဲကို ဖျက်ဆီးရန်သာဖြစ်ကုန်၏။ ဝဋ်နွယ် ရှည်ရန်မဟုတ်။ လိုချင်မှု နည်းပါးရန်သာဖြစ်ကုန်၏။ အလိုကြီးရန်မဟုတ်။ ရောင့်ရဲလွယ်ရန်သာဖြစ်ကုန်၏။မရောင့်ရဲနိုင်ရန်မဟုတ်။ ကိုယ်ခွာစိတ်ခွာ ငြိမ်ဆိတ်ရန်သာ ဖြစ်ကုန်၏။ အာရုံသောင်းပြောင်း အပေါင်းအသင်းဖွဲ့ရန်မဟုတ်။ မဖြစ်မနေ ဝီရိယတိုးရန်သာ ဖြစ်ကုန်၏။ ပျင်းရိ ပေါ့လျော့ရန် မဟုတ်။ မိမိကိုယ်ကိုယ် မွေးမြူလွယ်ရန်သာဖြစ်ကုန်၏။(မိမိအတွက်သူတပါးအပေါ် တာဝန်တက်ခြင်းကို မွေးမြူရခက်သည်ဟု ဆိုသည်။) မွေးမြူနိုင် ခက်ရန် မဖြစ်ကုန်’ ဟု သိငြားအံ့။

“ဂေါတမီ၊ ထိုတရားတို့ကို ‘ဤသည်သာလျှင် တရား၊ ဤသည်သာလျှင် ဝိနည်း၊ ဤသည်သာလျှင် ဘုရားရှင်၏

အဆုံးအမတည်း’ဟု ကေန္တမှတ်ယူပါလေ”ဟု ဟောကြားတော်မူသည်။ (အင်္ဂုတ္တိုရ်–ဂ၊ သံခိတ္တသုတ်)။

ဆိုလိုသည်မှာ တရားကောင်းမှန်လျှင်၊ တရားကောင်းရှိသူမှန်လျှင် လိုချင်တပ်မက်မှုကင်းရမည်၊ နည်းလာရမည်၊ ရသမျှနှင့် ရောင့်ရဲလွယ်ခြင်း၊ အပေါင်းအဖော် မမက်၊ တကိုယ်တည်း ဆိတ်ငြိမ်စွာနေနိုင်ရခြင်း၊ တနေ့ထက်ဘနေ့ ဝီရိယတိုးလာရခြင်း စသော အင်အားကောင်းများဖြစ်ပေါ်လာစေရမည်။ ထိုအင်အားကောင်းများ ရရှိလာသူဖြစ်ရမည်။ ဒါမှ ‘တရားမှန်၊ တရားမှန်ရရှိနေသူ’ဟု ခေါ်ဆိုရမည်။

ဤကား ‘ကောင်းစွာ ဟောအပ်သောတရား=တရားကောင်းဟုတ်, မဟုတ်နှင့် တရားကောင်းတရားမှန်ဟုတ်သော်လည်း မိမိသန္တာန်၌ အဘယ်အတိုင်းအဘာထိ တရားအားများ စီးဝင်လာသည်ကို ကိုယ်တိုင်ကိုယ်ပိုင် သိနိုင်သော စမ်းသပ်နည်းဖြစ်၏။)

၁။ ရွှေရင့်မာရှင်၊ ဆရာပင်၊ မှာတွင်သိစရာ။
၂။ ဟောတိုင်းပြောတိုင်း၊ ချင့်စာနှိုင်း၊ ရေးတိုင်း မယုံရာ။
၃။ နိဗ္ဗာန်လိုက၊ ဝိရာဂ၊ မိန့်မှ ယုံသင့်ပါ။
(မလှသင်းမင်းကျောင်း ဆရာတော်)

## အသင်္ခတ နိဗ္ဗာန ဓာတ်အားကြီး

‘သန္ဒိဋ္ဌိကော’မှစ၍ လောကုတ္တရာတရား ကိုးပါးကိုသာ ယူရသည်။

တရားဂုဏ်တော်များကို ဆင်ခြင် နှလုံးသွင်း ပွားများ ခြင်း သည် အသင်္ခတ(အလိုလိုတည်ရှိနေသော)အငြိမ်းဓာတ်အားကြီးနှင့် ဆက်သွယ်နေခြင်းပင်ဖြစ်၏။ ထိုနိဗ္ဗာနဓာတ်အားကြီးကား အငြိမ်းစားဓာတ်ကြီးဖြစ်၏။ အဟုတ်တကယ်ရှိနေသော အတုမဲ့အင်အားကြီးပင်တည်း။ မည်သည့်အခါမျှ မည်သည့် အကြောင်းကြောင့်မျှ အတိုးအလျော့ အပြောင်းအလဲ မရှိ။ တလောကလုံးဝှင် ဆဲအားအကောင်းဆုံးလည်း ဖြစ်သည်။

‘အမတ=မသေဓာတ်ကြီး’ဟုငြင်း၊ ‘အနန္တဓာတ်ကြီး’ဟုငြင်း၊ ‘နိစ္စ, ဓုဝ, သဿတ=အခိုင်အမာ အမြဲအစွဲ တည်ရှိနေသော မပျက်စီးသည့် ဓာတ်ကြီး’ဟုငြင်း၊ ထိုနိဗ္ဗာန်ကိုပင် အမည်အမျိုးမျိုးဖြင့် ပြောဆိုရသည်။

မည်သို့ပင် အမည်စကားအမျိုးမျိုးဖြင့်၊လဲလှယ်ပြောဆိုသော်လည်း ၃၁–ဘုံသားတို့၌ အားကျစိတ်မပေါ်။ ‘ဘာမျှမရှိ’ဟုသာ ထင်ရ၏။ နိဗ္ဗာန

ဓာတ်ကြီးကနေ၍ကြည့်လျှင် ၃၁=ဘုံဆိုသည်မှာ အကာအတိဖြစ်၏။ ဒိုးယို ဟောင်းလောင်း အခေါင်းသက်သက်မျှသာတည်း။ ယင်းသို့ မရှိသည်ကို အရှိလုပ်နေကြရသဖြင့် တကယ်ရှိသော အရှိကို မရှိဟု ထင်နေကြရသည်။

ရေပြင်ရောမြေပြင်ပါ သွားလာနိုင်သော လိပ်က မြေပြင်အကြောင်းကို မည်မျှပင် အားကျစရာကောင်းအောင် ဥပမာအမျိုးမျိုးပေး၍ပြောသော်လည်း ရေ၌သာ သွားလာနိုင်သော ငါးတို့၌ ထိုဝေါဟာရမရှိ။ ဥပမာပေးလေ နားရှုပ်လေ ဖြစ်ရသကဲ့သို့တည်း။ (ဤ၌ အကျယ်မရေးနိုင်ပါ။)

မည်သို့ဖြစ်စေ၊ ထိုနိဗ္ဗာနဓာတ်အားကြီးကား ဘုရားပွင့်လာမှ ရှိနေသော အင်အားကြီးမဟုတ်။အမြဲရှိနေသော အင်အားကြီးပင် ဖြစ်၏။ အဏုမြူဓာတ်အားသည် 'အိုင်းစတိုင်း' မွေးမှ ရရှိလာရသော အင်အားမဟုတ်။ ရှေးရှေးက သိပ္ပံဆရာကြီးများ လက်ထက်ကလည်း ရှိနေခဲ့သည်ပင်။ အိုင်းစတိုင်းကဲ့သို့ အပင်ပန်းခံပြီး မရှာနိုင်ကြ၍သာ မတွေ့မြင်ခဲ့ကြရခြင်းဖြစ်သည်။

## ကလေးများပင် တွေ့နေပါပြီတဲ့

ထိုဥပမာကဲ့သို့ပင် နိဗ္ဗာနဓာတ်အားကြီးနှင့် စပ်၍လည်း ဂေါတမီထေရီမကြီးက ပရိနိဗ္ဗာန်စံခါနီး ၃၁–ဘုံလုံး၏ ကျေးဇူးရှင်ကြီး ဖြစ်တော်မူသော ဘုရားရှင်အား အောက်ပါအတိုင်း လျှောက်ထား ကျူးရင့်ခဲ့ဘူး၏။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အယူဝါဒကို တည်ထောင်ခဲ့ကြကုန်သော ရှေးရှေးက (ဘုရားအမည်ခံ) ဆရာကြီး အဆက်ဆက်တို့သည် နိဗ္ဗာန်ကို မတွေ့မြင်ခဲ့ကြဘူးပါ။ (ယခုအခါ၌မူ သားတော်ကြီး၏ ကျေးဇူးကြောင့်) ခုနစ်နှစ် အရွယ်မျှသာ ရှိသေးသော သူငယ်မကလေးများကပင် နိဗ္ဗာန်ကို သိမြင် ခံစားနေကြရပါပြီ။"

"သားတော်ကြီး ဟောကြား ညွှန်ပြသော တရားတော်ကို နာကြားကြရသူများသည်လည်း အလွန် ရှေးဘုန်းရှေးကံကြီးသူများ မည်ကြပါတော့သည် ဘုရား။

(ဂေါတမီထေရီဂါထာ၊ ၄၊ ၁၅၃။)

'သူငယ်မကလေးများပင် သိမြင် ခံစားနေကြရပါပြီ'ဆိုသောစကားမှာ စကားဖြစ်ရုံ တင်စားပြောဆိုခြင်း မဟုတ်။ အမှန်ပင် တရားထူး ရခဲ့သော

26.ဒုတိယအကြိမ်

ကလေးငယ်များ များပြားလှပေ၏။ ထိုဂေါတမီထေရီမကြီး၏ စကားများသည် အဘယ်မျှ အားကျဘွယ် ကောင်းလှပါသနည်း။

လက်တွေ့ မရှိသူများအတွက် 'နိဗ္ဗာနဓာတ်အားကြီး' အကြောင်းသည် အလှမ်းကွာနေသယောင် ရှိသော်လည်း ယုံယုံကြည်ကြည်, ရိုးရိုးသားသားဖြင့် ကြိုးစားကျင့်ကြံပါမူ ခုနစ်နှစ်သမီးကလေးများပင် နားလည်နိုင်သောကျင့်စဉ်ဖြစ်၍ အဘယ်မှာလျှင် နားမလည်နိုင်စရာ, မလုပ်နိုင်စရာ, မလုပ်တတ်စရာ ရှိပါသေးတော့အံ့နည်း။

ဘဝကို အလျော်အစားလုပ်ရဲသော သိပ္ပံဆရာတို့သည် ပိဋကကျမ်းစာကဲ့သို့သော သိုက်ညွှန်းကျမ်းစာ အားထားစရာ မရှိပါဘဲလျက် လျှပ်စစ်အဏုမြူဓာတ်အားများကို ရအောင် ရှာနိုင်ခဲ့ကြသည်။ ဓာတ်အားများကို စနစ်တကျ ထိန်းချုပ် သိုလှောင်ကာ အလိုရှိရာသို့ သယ်ဆောင်နိုင်ကြ၏။ (အဲယား ကွန်ဒီးရှင်း စသည်) အလိုရှိသလောက်ပူစေ, အေးစေ, လင်းစေနိုင်ကြသည်။ (ငါးဆယ်အား, တရာအား မိမိတို့ဘတ်သီးအား အရှိအတိုင်းသာ ဓာတ်ဆက် ကူးယူနိုင်၏။)

## ၃–အကာလိကော

(အ=မရှိ+ကာလ=ရှည်ရှည် ဝေးဝေး အကျိုးပေးရမည့် အချိန်အခါ + ဣက=ရှိသော တရား။)

၃။ ဘဂဝတာ = ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ သွာက္ခာတော=ကောင်းစွာဟောကြားတော်မူအပ်သော။ ဓမ္မော=တရားတော်ကား။ အကာလိကော =ချိန်ခါအခွင့်၊ မဆိုင်းလင့်ဘဲ၊ ကျင့်လျှင် ကျင့်ချင်း၊ ခုလက်ငင်းပင်၊ ချက်ခြင်း အကျိုးပေးသော တရားတော်ပါပေတည်း။ (အရကျက်ပါ)

## လက်ငင်းပေးပေမယ့် ဆိုင်းသေးချင်

(ဤဥ္စ မင်္ဂလေးပါးကို ပဓာနဆိုသော်လည်း ဘာဝနာတရားများကိုပါ ယူရမည်။ မှန်၏။ သတိပဋ္ဌာန် အာနာပါနတရားကို ရှုပွားလျှင် သောက ဒေါသပျောက်ငြိမ်းသည်ဟု ဟောတော်မူရာ လက်တွေ့စမ်းသပ်ကြည့်ပါက ကျနေသော မျက်ရည်များပင် ချက်ခြင်းရပ်စဲသွားသည်ကို တွေ့ရမည်ဖြစ်၏။

ဝမ်းနုတ်ဆေးစသည်စားလျှင် တနာရီ နှစ်နာရီစသည်ကြာမှ အကျိုးပေး၏။ တရားတော်ကား 'ယခုလုပ်ယခုမီးငြိမ်းသည်၊ ချမ်းသာမှုရသည်'ဟု ဆိုလိုသည်။အချို့ကာမာဝစရ ကုသိုလ်(ဒါနစသည်)တို့ကား အများအားဖြင့် အကျိုးပေးချိန် ကွာဝေးတတ်သေးသည်။အချို့က ကမ္မဋ္ဌာန်းဘာဝနာကုသိုလ်ကိုလည်း ထိုသို့ထင်မှတ်ကာ 'ပါရမီဖြစ်ဘဲ'ဟု ဆိုကာ နောက်ဘဝကောင်းစားရေးအဖြစ် အလျှော့ပေးတတ်ကြသည်။

## စပ်ပူ စပ်လောင် ချမ်းသာ

ဘုရားရှင် လက်ထက်တော်က အချို့နတ်များလည်း ရဟန်းတော်များအား "နတ်သမီးလိုချင်၍ ရဟန်းပြု၊ တရားအားထုတ် နေကြသည်"ဟု မှတ်ထင်ကြ၏။ ထို့ကြောင့် 'တပေါဒါ' ရေပူချောင်းမှ ရေချိုးပြီး တက်လာသော ရဟန်းပျို 'အရှင်သမိဒ္ဓိ'အား နတ်သမီးတယောက်က–

"နုနုနယ်နယ် ပျိုပျိုလွင်လွင်နဲ့ လက်ငင်းရရှိနေတဲ့ 'သန္ဒိဋ္ဌိက'ကာမဂုဏ်ချမ်းသာကိုစွန့်လွှတ်ပြီးဘာဖြစ်လို့ နောက်ဘဝမှခံစားရမယ့် 'ကာလိက' နတ်ချမ်းသာကို ကွက်ကျော်လိုက်(မြှော်လင့်)နေရသလဲ။ ကာမဂုဏ်ခံစားဘို့ အချိန်တော့ မကုန်ပါစေနဲ့"ဟုပြောဆိုလာ၏။

အရှင်သမိဒ္ဓိက–

"ဟုတ်တယ်၊ သေခြင်းတရားက အချိန်မသိနိုင်ဘူး၊ တရားအားထုတ်ဘို့ အချိန်တော့ လက်လွှတ်သွားမှာစိုးရတယ်။ ဒါကမှ တကယ့်သန္ဒိဋ္ဌိက, အကာလိက အစစ်ဘဲ"ဟုပြန်၍ ပြောပြလိုက်သည်။

နတ်အချို့ပင်'ကာမဂုဏ် လောကီချမ်းသာက ချက်ခြင်း ခံစားလို့ ရနိုင်၍ 'သန္ဒိဋ္ဌိက'၊နတ်ချမ်းသာက အချိန်စောင့်ရသေး၍ 'ကာလိက'ဟု ထင်မှတ်ကြသည်။ စင်စစ် လောကီချမ်းသာသည် ချက်ခြင်းလက်တွေ့ခံစား၍ ရသည်မဟုတ်။ ဥပမာ အဆင်းလှလှကလေးကို ခံစားချင်, ကြည့်ချင်လျှင် ထိုရုပ်ရှိရာသို့ သွားရ၊ ရှာရ၏။မရှိသေးလျှင် ဖန်တီး ပြုပြင်၍ ရယူနေရ၏။ ကော်ဇောတချပ် ထိုင်လိုလျှင် ရက်လုပ်ရ၊ရှာဖွေရသေးသည်။

လောကီအာရုံ (ခံစားစရာ)ရဘို့ ဇောစိတ်အလျဉ်ပေါင်း ရာကုဋေချီ၍အားထုတ်ရှာဖွေပြီးမှ ခံစားရ၏။ ခံစားပြီးနောက်တွင်လည်း ပင်ပန်းဆင်းရဲမှု စိတ်လှိုင်းများသာ ရိုက်ခတ်ဖိစီးပြီး ကျန်ခဲ့သည်။

ဥပမာ-ဝဲယားနာပေါက်နေသူသည် အနာ ကုပ်ဖဲ့ရသည်၊ အယားပြေဖျောက်ရသည်ကို ပထမတွင် အရသာရှိသည်၊ ချမ်းသာသည်ဟုထင်ရ၏။ မကြာမီ ထိုချမ်းသာသည် သွေးသံရဲရဲဖြင့် စပ်ပူစပ်လောင် ဒုက္ခကြီးကိုပါ ထက်ကြပ်ခေါ်လာတော့သည်။ ထို့ကြောင့် အရှင်သမိဒ္ဓိက -"ဒါကမှ တကယ့်သန္ဒိဋ္ဌိက,အကာလိကအစစ်"ဟုပြောခြင်းဖြစ်သည်။

(သဂါထာ-သမိဒ္ဓိသုတ်)

'ကာလိက'ဆိုသောစကားတွင် "ဘုန်းကြီးလုပ်နေတာ၊ တရားထိုင်နေတာ အလကားအချိန်တွေ အကုန်ခံနေရတာဘဲ"ဟူသော ယူဆချက်ပါ သက်ဝင်နေ၏။ တရားတော်၏ သန္ဒိဋ္ဌိက, အကာလိက အင်အားများကို မသိနိုင်သူများ မိမိတို့စိတ်ကူးပေါက်သလို ကိုယ်ချင်းစာ စိတ်ဖြင့် ပြောဆိုနေကြခြင်းပင်တည်း။

အချုပ်အားဖြင့် 'ကိုယ်ပိုင်ချက်ခြင်းသိရသော တရားတော်' ဖြစ်၍ ဗုဒ္ဓဝါဒ၌'မျက်နှာလွဲခဲပစ်' သကဲ့သို့ တမလွန်ဘဝကို လက်ညှိုး ညွှန်ခြင်း၊ ဦးစားပေးခြင်း မရှိကြောင်း ကြပ်ကြပ်သတိမူသင့်၏။)

## ၄-ဧဟိ ပဿိကော

(ဧဟိ=လာလှည့်၊ ပဿ=ရှုလှည့်ဟု+ဣက=ခေါ်ပြ တိုက်တွန်း ထိုက်သော တရား။)

၄။ ဘဂဝတာ၊ ဘုန်းတော်ကြီးသော မြတ်စွာ ဘုရားသည်။သွက္ခာတော=ကောင်းစွာ ဟောကြားတော်မူအပ်သော။ ဓမ္မော-တရားတော်ကား။ ဧဟိပဿိကော--ကောင်းစွာဟောတိုင်း၊ မဆိုင်း ကိုယ်တိုင်၊ သိမြင်နိုင်၍၊ ဆုပ်ကိုင် ပတ္တမြား၊ ပြသောလားသို့၊ ဖိတ်ကြား ခေါ်ကာ၊ လာကြည့်ပါဟု၊ သေချာ ပြထိုက်၊တိုက်တွန်းနှိုးဆော်ထိုက်သော တရားတော်ပါပေသတည်း။ (အရကျက်ပါ)

(တရားတော်၏ အရသာကား အမြိုန်မြတ်ဆုံးဖြစ်၏။ ထို့ကြောင့် 'မယုံလျှင် စမ်းကြည့်ပါ'ဟု ဖိတ်ခေါ်ပြရဲသော တရားဟု ဆိုခြင်းထက် 'ခေါ်ပြတိုက်တွန်းထိုက်သည်'ဆိုခြင်းက ပို၍လေးနက်စေ၏။

## နောင်တ မဖြစ်ပါစေနှင့်

မဂ်,ဖိုလ်,နိဗ္ဗာန်ချမ်းသာကို မဆိုထားဘိ ကာမာဝစရကုသိုလ် သပထ,ဝိပဿနာ ချမ်းသာသည်ပင် 'အမာနုသီရတိ=လူ့ပြည် နတ်ပြည်၌မရှိသော မရနိုင်သော ချမ်းသာ၊ အလုပ်ခွင်မဝင်ဘူးသူတို့ နာ မလည်နိုင်သော ချမ်းသာ ဖြစ်၏။ ထိုချမ်းသာမျှလောက်ဖြင့်ပင် အားထုတ်စ ယောဂီများ ရှင်မြူး တက်ကြွနေ၏။ မိမိ တွေ့သိရသမျှကလေးကိုပင် လူမြင်ကရာ ပြောချင်နေသည်။ 'ငါတရားနှင့် အတွေ့နောက်ကျလေခြင်း'ဟု နောင်တဖြစ်နေတတ်၏။

'အစားကောင်းစားရလျှင် ခင်ပင်သူကို သတိရ တောင့်တမြဲ' ဖြစ်သည့်အတိုင်း မိမိနှင့်ရင်းနှီးသူ(အမိအို, အဖအိုများမှအစ)ခင်ပင်သူတိုင်းကို တရားအားထုတ်စေချင်လာ၏။ ပြေး၍ပင် ပြောလိုက်ချင်သည်။ ငွေအား လူအား အနစ်နာခံရန်လည်း ဝန်မလေး။ သောချာပေါက်နိုင်မည့် အမှုသည် ဘက်မှ လိုက်သော ရှေ့နေကဲ့သို့ ပြောအားလည်းကောင်းနေ၏။

ဆုမပေး, ဒဏ်မပေးဘဲ (နည်းပေးလိုက်ရုံမျှဖြင့်) ကိုယ့်ဟာကိုယ် ယဉ်ကျေးအောင် ဆုံးမ ခိုင်းထားစေနိုင်သော မြတ်စွာဘုရားရှင်၏ တရားတော်ဆွဲအားသည် အဘယ်မျှ ကြီးမားလှပါဘိသနည်း။

'လာပါ၊ လိုက်ခဲ့ပါ၊ တပတ်လောက် စမ်းကြည့်ပါ'ဟု မတိုက်တွန်းဘဲ မနေနိုင်လောက်အောင် (တိုက်တွန်းသည့် အတိုင်းလည်း ချမ်းသာမှု ရသွားမည်ကို ကြေနိုသိနေ၍) နှိုးဆော်၍၊ လိုက်ခေါ်၍ တိုက်တွန်းပြဆိုထိုက်သော တရားဖြစ်သည်။)

## ၂-ဩပနေယျိကော

(ဥပ= ဩပ= ကပ်လျက် +နယ= နေယျ=ဆွဲယူဆောင်သွင်း၍+ ဣက= ထားထိုက်သောတရား။)

၅။ ဘဂဝတာ= ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ သွာက္ခာတော-ကောင်းစွာဟောကြားတော်မူအပ်သော။ ဓမ္မော=တရားတော်ကား။ ဩပနေယျိကော=လျှောင်းထိုင်သွားတည်၊ မည်သည့်ကိစ္စ၊ ဒုက္ခကြုံစေ၊ မသွေဖောက်လဲ၊ ကိုယ်စိတ်ထဲ၌၊ စွဲမြဲ

ရောက်အောင်၊ ကပ်ဆောင်ပွားများ၊ ခံစားထိုက်
သော တရားတော် ပါမေတည်း။ (အရကျက်ပါ)

(မည်သည့် ဣရိယာပုထ်ဖြင့်နေနေ၊ ရှုပွားခံစား၍ ရ၏။ ရှုပွားခံစား၍ လည်း နေလို၏။ နေထိုက်၏။ နေရမည်။ မည်သည့်ကိစ္စလုပ်လုပ်၊ အလုပ် လုပ်ရင်းလည်း ရှုပွားခံစား၍ ရ၏။ ရှုပွားခံစား၍လည်းနေလို၏။နေထိုက်၏။ နေရမည်။ အထူးသဖြင့် တစုံတခုသော ဆင်းရဲဒုက္ခကြုံလေ၊ ရှုပွားခံလိုလေ၊ ရှုပွားခံစားထိုက်လေ ဖြစ်သော တရားတော်ပေတည်း။

## မတင်းတိမ်နိုင်သော ချမ်းသာ

ဤခန္ဓာကိုယ်ကြီးသည် သင်္ခါရဒုက္ခ (ဖြစ်, ပျက်မှု,ဆင်းရဲ) ကြီး အမြဲ နှိပ်စက်နေသဖြင့် ဆင်းရဲအတိပြီး၏။ 'တင့်တယ်ချမ်းသာ မြဲသော ငါ' ဟု ထင်ရသော်လည်း အမြဲပုပ်နေ၏။ ဆင်းရဲနေရ၏။ အို၍, နာ၍, သေ၍သာ နေရ၏၊ 'ဦးခေါင်းကို မီးလောင်သော်လည်း တရားကိုမရပ်ရ' ဟူသကဲ့သို့ ကိုယ်ပင်နာသော်လည်း စိတ်မနာစေရ။ 'ကိုယ်ပင်နာသော်လည်း စိတ်မနာ' ရအောင် လုပ်နိုင်သည်မှာ ဤတရားတော်သာလျှင် ဖြစ်သည်။ အခြားမရှိ။

အရိယာပုဂ္ဂိုလ်များကား မည်သည့်အခါမျှ စိတ်နာရိုးမရှိ။ အမြဲ ချမ်းသာနေကြသည်၊ အမြဲချမ်းသာအောင်လည်း ဤတရားကို မိမိစိတ်၌ သို့မဟုတ် စိတ်ဖြင့်အမြဲ ကပ်ဆောင် ပွားများခံစားတော်မူနေကြ၏။ ယင်းသို့ အမြဲ ကပ်ဆောင်ထည့်သွင်း၍ ပွားများခံစားထိုက်သော တရား တော်ဖြစ်ပါ ပေ၏။

အမြဲခံစားနေသော်လည်း လောကီချမ်းသာ (အစားအစာ စသည်) တို့ကဲ့သို့ ဝ,အီငြီးငွေ့သွားသည် ဟူ၍ မရှိ။ ခံစားပြီးရင်း ခံစားချင်ရင်း တင်းတိမ်အားရသွားသည် ဟူ၍ မရှိနိုင်။ ယင်းသဘောကိုပင် 'ပဏီတ'ဟု ခေါ်သည်။ 'ဝ,အီငြီးငွေ့' သွားခြင်းသည်ပင်လျှင် သုခဟန် ဆောင်သော ဒုက္ခ၏ လက္ခဏာတည်း။

အလွန် ကြိုက်သော သီချင်းတပုဒ်ကို အသံချဲ့စက်မှ အထပ်ထပ် နားထောင်ကြည့်ပါ။)

## ဝေဘူဆရာတော် အမိန့်ရှိပုံ

ဤ 'သြပနေယျိက' ဂုဏ်တော်ကြီးနှင့်စပ်၍ 'ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး'က အောက်ပါအတိုင်း မကြာခဏ မိန့်တော်မူလေ့ ရှိ၏။

"ဒီတရားဟာ ဣရိယာပုထ်လေးဖြာရှိတဲ့အထဲ ဘယ်ဣရိယာပုထ်နှင့်မှ ရတာ၊ ဘယ် ဣရိယာပုထ်နှင့်တော့ မရဘူးလို့များ ရှိသေးရဲ့လားဗျာ။

"အလုပ်တွေက များလို့ဆိုတော့ ဒီအလုပ်တွေက ဘယ်တော့ ပြီးကြမှာတုံး။ အလုပ်က တခြား၊ ဒီဟာက တခြား၊ သတ်သတ် လုပ်ရမှာလား။ ထမင်းချက်ရင်းကောဗျာ ဆောင်ထားလို့ မရဘူးလား။

"အချိန်တခုထဲမှာ အလုပ်နှစ်မျိုးလုပ်လို့ရတာ ဒီဟာဘဲ ရှိတယ်။

"ခုလူတွေဟာ နတ်ပြဟ္မာတွေလောက် အခြံအရံ ပရိသတ်မများကြပါဘူး။ ရှေးကရှင်ဘုရင်တွေ သူဌေးတွေလောက်လဲ အလုပ်ကိစ္စမများကြသေးပါဘူး။ သူတို့တွေတောင် ဒီလောက်များတဲ့ ပရိတ်သတ်တွေကြားက ဒီလောက်များတဲ့ အလုပ်တွေကို လုပ်ရင်းနဲ့ ဘုရားရှင်ထံတော်က အဆုံးအမ ရလို့ 'သောတဝဓာနတာ(နာယူလွယ်သူ)ဂုဏ်နဲ့ပြည့်စုံပြီး၊ ယခုလိုဆောင်ကြတော့ အသီးသီးတွေဟာ ရည်ရွယ် မှန်းထားတာမျှမက ပြီးစီးခဲ့ကြပါသဗျာ။

"ဒီချမ်းသာကို သိပြီလားဆိုမှဖြင့် မချဘဲ ဣရိယာပုထ်လေးဖြာ တဆက်ထဲ ဆောင်ထားကြတော့တာပါဘဲ"

## ၆-ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ

၆။ ဘဂဝတာ=ဘုန်းတော်ကြီးသော မြတ်စွာ ဘုရားသည်။ သွာက္ခာတော=ကောင်းစွာဟောကြားတော်မူအပ်သော။ ဓမ္မော=တရားတော်ကား။ ဝိညူဟိ=သစ္စာမြင်သိ အရိယာပညာရှင်တို့ သည်သာလျှင်။ ပစ္စတ္တံ=ကိုယ်ပိုင် ရရှိ၊ စိတ်လို ပြည့်အောင်၊ မိမိ မဂ်ဖိုလ်, ကိုယ်စီကိုယ်ငှ, ရသမျှ အသီးသီး မိမိတို့၏ စိတ်၌။ ဝေဒိတဗ္ဗော=မပျက် အစဉ် ပိတ်ပင်မရှိ သိမြင်ခံစားအပ်သော တရားတော်ပါပေတည်း။

(အရကျက်ပါ)

---

27. ဒုတိယအကြိမ်

(အတ္တနော စိတ္တေဿယေဝ ဒဋ္ဌဗ္ဗော။ သာရတ္ထ– ၂။၇၆။ပတိ+အတ္တ= စိတ်။)

## နိဗ္ဗာန်၏ သဘောလက္ခဏာ

ဤတရားကား အရိယာ ပညာရှိတို့သာလျှင် သိမြင် ခံစား နိုင်သော တရားဖြစ်၏။ ကိုယ်ပိုင်ရရှိကြသည်၊ သိမြင်ကြသည်ဆိုသော်လည်း မိမိတို့ အင်အားရှိသလောက်သာ ခံစားနိုင်ကြသည်။ ထမင်းပွဲ တည်ခင်းကျွေးမွေး သောအခါ စားသောက်ဖွယ်များကို အတူအမျှ တည်ခင်း ကျွေးမွေးသော် လည်း ကလေးသည် ကလေးအလျောက်သာ ယူနိုင် စားနိုင်၏၊ ဆံ့၏။ လူကြီးလောက်စား၍မရ။ သို့သော် ကိုယ့်အားနှင့်ကိုယ် အပြည့်အဝစားနိုင် ကြသည်။ စိတ်တိုင်းကျ စားနိုင်ကြသည်။

ဤနေရာ၌'ပစ္စတ္တံ=အသီးသီး' ဟု သာမညအားဖြင့် အနက်ပြန်ခဲ့ ကြရာမှ'ကိုယ့်နိဗ္ဗာန်နှင့်ကိုယ်'ဟူသော'အဓိပ္ပာယ်အထိဆွဲယူကြသည်မှာကား မသင့်လှန်း။ အခြား မလိုလားအပ်သော အသိဉာဏ် လွဲချော်စရာများ ဆင့်ပွားဖြစ်ပေါ်လာစေနိုင်၏။ သမုဒ္ဒရာရေကို မိမိတို့မှီရာဆိပ်ကမ်းအသီးသီး မှ နေ၍ သောက်ကြရာ၌ 'ကိုယ့်သမုဒ္ဒရာနှင့်ကိုယ်'ဟုမဆိုစကောင်း။သမုဒ္ဒရာ ကား တခုတည်းသာ။

အရိယာပုဂ္ဂိုလ်များ နိဗ္ဗာန် ချမ်းသာကြီးကို ခံစားကြရာ၌လည်း ထို့ဥပမာကဲ့သို့ တခုတည်းသော နိဗ္ဗာန်ချမ်းသာကိုပင် မိမိတို့ အလှမ်းမှီ သလောက် အင်အားအလျောက်သာ ခံစားကြရလေသည်။

နိဗ္ဗာန် ချမ်းသာကြီးကား ခံစား နိုင်သူတွေ များလှန်း၍လည်း လျော့မသွား။ ကုန်ခန်းသည်ဟူ၍လည်း မရှိ။ ခံစားနိုင်မည့်သူ ရှားပါး၍ တိုးပွား များပြားနေသည်ဟူ၍လည်း မရှိစကောင်း။မည်သည့် အကြောင်း ကြောင့်မျှလည်း ပျက်စီးကုန်ချုပ် အတိုးအဆုတ် မရှိချေ။

'ဓမ္မသောတ=တရားအယဉ်လမ်းကြောင်း' ကြီးပေါ်သို့ ရောက်ရှိ လာသော အရိယာပုဂ္ဂိုလ်များအား နိဗ္ဗာန်ချမ်းသာကြီးကို မခံစားရအောင် မည်သည့်တန်ခိုးရှင်ကမျှ လုယူခံစား ဟန့်တားပိုင်ခြင်း မရှိချေ။ ပွားများ ကျင့်ကြံနေဆဲ ယောဂီများအားလည်း ပတိုးတက်အောင်၊ တရားထူးမရ အောင် မည်သူမျှ မပိတ်ပင် မဟန့်တားနိုင်သည့် ဆွဲအားကြီးမားလှသော တရားအယဉ်(ရေစီးကြောင်း) ကြီးပင်တည်း။ လောကီရတနာနှင့် ပကတိ

ရေစီးကြောင်းကဲ့သို့လည်း နောက်ကြောင်းပြန်၍ လျော့ကျ ပန့်ဆုတ်ခြင်း မရှိ။ ရှေ့သို့တရှိန်ထဲ တိုးတက်၍သာ သွားလေတော့သည်။

## အာမခံ ကျေညာချက်ကြီး

မြတ်စွာဘုရားရှင်သည် တရားဂုဏ်တော်များကို ဟောကြားရာ၌ အထူး သဖြင့် နိဗ္ဗာန်ချမ်းသာ (နိဗ္ဗာနခေတ်ကြီး) နှင့် စပ်၍ အမျိုးမျိုးသော လောကီအထင် အတွေးတွေကြား၌ အသိဉာဏ် မရှုပ်ထွေးကြစေရန်အာမခံ ချက် ပေးတော်မူခြင်းဖြစ်သည်။

တနည်းအားဖြင့် ဗုဒ္ဓဝါဒ၏ ပန်းတိုင်၊ နိဗ္ဗာနခေတ်ကြီး၏ သဘော အချုပ်ကို တိုတိုတုတ်တုတ်ဖြင့် တိကျပြတ်သားစွာ ကျေညာတော် မူလိုက် ခြင်းပင် ဖြစ်သည်။ မှန်လှပေ၏။

၁။ အို....၊ လောကသားတို့၊ နိဗ္ဗာန်ဟူသည် သင်တို့ ထင်မြင်သကဲ့သို့– ဘာမျှမရှိသော အသုဿဟုတ်၊ အဟုတ်တကယ်ရှိ၍ ကိုယ်တိုင် သိနိုင် သောအရာဖြစ်သည်။ (သန္ဒိဋ္ဌိကော)၊

၂။ သေပြီးသည့်နောက်မှသာလျှင် ခံစား–စံစားရမည့် သဘော လည်းမဟုတ်။ လက်ငင်းသိမြင် ခံစားနိုင်၏။ တနည်းအား ဖြင့် အခါကာလ မရွေး တွေ့ရှိသိမြင်နိုင်သော (ဝါ) ခေတ် ကာလနှင့် တိုင်းတာတွေးတောရန် မလိုသော အမြဲ တည်ရှိ နေသည့် အငြိမ်း ခေတ်ကြီးဖြစ်သည်။ (အကာလိကော)၊

၃။ အချိန်မရွေးလည်းအစမ်းသပ်ခံနိုင်သည်။ (ဧဟိပဿိကော)၊

၄။ လက်မလွှတ်ချင်အောင် ကောင်းမွန်မြိန်မြတ်သော အတုမရှိ ချမ်းသာကြီးဖြစ်သည်။ (ဩပနေယျိကော)၊

၅။ သို့သော် သစ္စာသိမြင်သော အရိယာ ပညာရှိတို့မှသာ သိမြင် ခံစား နိုင်သည်။ (ဝိညူဟိ)၊

၆။ ထိုသို့ သိမြင် ခံစားနိုင်သော်လည်း မကိုင်၊ ဆောင်းထား သကဲ့သို့ မျက်စိဖြင့် မြင်စကောင်းသော အရာမျိုး မဟုတ်။ စိတ်ဖြင့်သာ ခံစားရသည်။

၇။ ရုပ်ဝတ္ထု မဟုတ်၍ (မရှိ၍) 'မည်သည့်နေရာ၌ ရှိသည်' ဟု နေရာဌာန အားဖြင့်ရင်း၊ 'မည်သို့မည်ပုံ ရှိသည်' ဟု ပုံပန်း သဏ္ဌာန်အားဖြင့်ရင်း ကြံစည် စဉ်းစားဘွယ် မလို။

(မည်သည့်အချိန်အခါ၊ မည်သည့် နေရာဌာန၊ မည်သည့် ပုံပန်းသဏ္ဌာန်ဆိုသောစကားများသည် ၃၁-ဘုံ၏ ဝေါဟာရ (ပညတ်)မျှသာဖြစ်သည်။)

၈။ ချေးငှား၍။ ပေးကမ်း၍၊ လုယူခံစား၍၊ ပိတ်ပင်ဟန့်တား၍ ရသော အရာလည်း မဟုတ်။

၉။ ရုပ်ဝတ္ထုတစုံတရာကို ခွဲဝေခံစားကြရသကဲ့သို့ ခံစားနိုင်သူ (အရိယာ)တွေ များပြားသော်လည်း ယုတ်လျော့ ပိုလွန်မှုမရှိ။ တန်းတူရည်တူ အပြည့်အဝ သီးခြား လွတ်လပ်စွာ ခံစားနိုင်ခွင့်ရှိကြသည်ချည်းပင်တည်း။(ပစ္စတ္တံဝေဒိတဗ္ဗော)၊ ဤကား တရားဂုဏ်တော်များက တိုက်ရိုက် ဖော်ပြသော အာမခံချက်၊ ကျေညာချက်များ ဖြစ်သည်။

## နိဗ္ဗာန်အပျိုးမျိုးဘေး

ယင်းသို့ ဆိုသော် နိဗ္ဗာန်သည် ရုပ်ဒြပ် မဟုတ်။ နာမ်တရားမျိုး ဖြစ်၍ ‘ရှေးအခါကသာ ရနိုင်သည်၊ ယခုခေတ် မရနိုင် ဟုလည်း (အချိန်အခါကို လိုက်၍) ခြားနားချက် မရှိစကောင်း (ကာလ)။ ဗြဟ္မာ့ပြည်က ဗြဟ္မာကြီး ရသော နိဗ္ဗာန်နှင့် လူ့ပြည်က နိဗ္ဗာန်လည်း (ဒေသ ဌာန အကွာအဝေး လိုက်၍)ခြားနားခြင်း မရှိ(ဒေသ)။ ဘုရားရှင် ရရှိသော နိဗ္ဗာန်နှင့် ပဋ္ဌာစာ ရာရသော နိဗ္ဗာန်လည်း ပုဂ္ဂိုလ်လိုက်၍ မခြားနား(ပုဂ္ဂလ)။

‘အနိမိတ္တ ပစ္စုပဋ္ဌာန်’—မည်သည့်ပုံသဏ္ဌာန်ဖြင့် ရှိသည်ဟုလည်း မဆိုရချေ။ ဒိသာ, ဒေသ, ကာလ, သဏ္ဌာန ပညတ်များ ခုခံနေသမျှ နီးလျက်ဝေးနေမည်သာ ဖြစ်၏။

မြတ်စွာဘုရားရှင်သည် နိဗ္ဗာန်၏ သဘောကို တရားတော်ဂုဏ်ခြောက်ပါးဖြင့်ပင် မြင်တတ်လျှင် ပွင့်ပွင့်လင်းလင်းကြီး အာမခံကျေညာထားပါလျက် ‘ပစ္စတ္တံ-အသီးအသီး’ဟု သာမည ဘာသာပြန်ရာမှ သဿတ ဥစ္ဆေဒ(မြဲလို့,ပြတ်လိုသော) အခံများဖြင့် ‘နိဗ္ဗာန် တခုနှင့်တခု မတူသော အသီးအသီး’ ဖြစ်လာမှာ စိုးရိမ်ရ၏။

အချို့က“နိဗ္ဗာန်ဆိုတာ ဝင်းဝင်းကြီး”ဟု ဆို၍ “မေ့မြောသွားရုံပါဘဲ”ဟု ထင်သူက ထင်နေကြသည်။ အပင်ပန်းခံ၍ အရောက်မသွားလိုသူ အချို့ကသည်း—

"ဘာလို့ အညောင်းခံ လျှောက်နေရမှာလဲ၊ နိဗ္ဗာန်ဆိုတာ မထူးလှပါဘူး၊ ဒီအတိုင်းပါဘဲ"ဟု ခံယူနေကြပြန်သည်။

'နိဗ္ဗာန်တယောက်တပေါက်' ဖြစ်ရလေပြီ။ အတုမရှိသော နိဗ္ဗာန်၏ ဂုဏ်သိရ်သည် မှေးမှိန်ရလေ၏။ ဆရာသမားကောင်းမရှိ၊ အသိဉာဏ် နည်းသူတို့ ဇဝေဇဝါဖြစ်ကြရရှာ၏။ မစစ်မှန်သော အသိများဖြစ်၍ ယောဂီအချင်းချင်း တရားငြင်းကြရလေ၏။

## ဇဝေဇဝါ မဖြစ်သင့်

သမထပိုင်းနှင့် ဝိပဿနာအနုပိုင်းတွင် ယောဂီတဦးနှင့်တဦး အာရုံနိမိတ်နှင့် ပီတိစသော ထင်မြင်မှု, ခံစားရမှုများ ထပ်တူညီမျှ မရှိနိုင်သော်လည်း ရုပ်နာမ်ဆိတ်သုဉ်း၍ လမ်းဆုံးသော အခါတွင်မူ 'အတုမဲ့ ငြိမ်းအေးခြင်း သဘောလက္ခဏာ၊ ထာဝရ အငြိမ်းဓာတ် ဓာတ်စင်ဓာတ်မြတ်ကြီး' ကိုသာ ဦးတိုက်ကြရသည်ဖြစ်၍တယောက်တမျိုးစီမရှိစကောင်း၊မဖြစ်စကောင်းချေ။

'နိဗ္ဗာန်အသီးသီး'ကား ထိုမျှနှင့် မရပ်သေး။

အထက်ပါ တယောက်တပေါက် နိဗ္ဗာန်မျိုးမှ ပြန်လာသူ အချို့က- "နိဗ္ဗာန်မှာ ငါးပါးသီလ မလုံတဲ့ လူတွေတောင် ရှိသေးတယ်"ဟုကြက်သီးထခမန်း ရေးသား၍ပင် နေကြသေးတော့သည်။ 'မယုံမရှိနဲ့' ဆိုသကဲ့သို့ ကိုယ်တွေ့ နိဗ္ဗာန်ပင် ဖြစ်ပေလိမ့်မည်။

စာတွေ့လက်တွေ့ သိတော်, မြင်တော်မူကြသော ဆရာကောင်း သမားကောင်းများ ယခုအခါတွင် ပေါများလှပါ၏။ ရိုးသားဖြောင့်မှန်စွာ ချဉ်းကပ် နာယူ ကျင့်သုံးသင့်ကြသည်။ 'နိဗ္ဗာန် အမျိုးမျိုးဘေးကြီး'မှ ကင်းဝေးကာ ကိုယ်စိုးကိုယ်ပိုင် အသီးအခြား အစစ်အမှန် ခံစားရရှိနိုင်သူ ဖြစ်ရန် ခဲယဉ်းသော အခါကြီး မဟုတ်တော့ပြီ။

'ဥဒယဗ္ဗယဉာဏ်'လောက် ရောက်ရုံမျှပင် တရားမရှုမှတ်ဘူးလျှင် နိဗ္ဗာန်ကို နားမလည်သေး။ 'လိုချင်လှပါသည်' ဆိုသော်လည်း တကယ်မူ အိမ်ပြန်၍ တိုင်ပင်ရဦးမည့် လိုချင်ခြင်းမျိုးသာတည်း။

ဤကား တရားဂုဏ်တော်ခြောက်ပါး 'ဓမ္မအင်အားကြီး'ခြောက်မျိုး ဖြစ်၏။ နှလုံးသွင်း ပွားများရသော အကျိုးကား ဘုရားဂုဏ်တော်နှင့်မထူးလှတော့ပြီ။

---
27.ဒုတိယအကြိမ်

## တရားစွမ်းအင် မြင်အောင် ကြည့်နိုင်မှ

မြတ်စွာ ဘုရားရှင်သည် ကိုးကွယ်မှုနှင့် စပ်၍ 'ပုဂ္ဂိုလ်ရေး ကိုးကွယ်မှု'ကို လိုလားတော်မမူချေ။ အရာရာ၌ မိမိတို့အင်အား၊ အဆင့်အတန်း အလိုက် တရားစွမ်းအင်ကို မြင်အောင်ကြည့်နိုင်သူ၊ အနည်းဆုံး ငါးပါးသီလကစ၍ လုံခြုံအောင်ထိန်းနိုင်သူ၊ တရားဦးတိုက်သူကိုသာ လိုလားတော်မူသည်။

"ရဟန်းတို့၊ငါ၏သင်္ကန်းစွန်းကိုကိုင်ဆွဲ၍ ထက်ကြပ်မကွာ ခြေရာနင်းလျက် ငါ၏ နောက်မှ လိုက်ပါသော်လည်း အလိုရမ္မက်ကြီးသူ၊ ကာမအာရုံတို့၌ တပ်မက်မှုအားကြီးသူ၊ စိတ်ဆိုးစိတ်ပျက်သူ၊ ဖျက်လို ဖျက်ဆီးစိတ်ရှိသူ၊ သတိလွတ်သူ(အမှတ်လွတ်သူ)၊ အဆင်ခြင်ဉာဏ်မရှိသူ၊တည်ငြိမ်မှု မရှိ၊ (မျောက်ကဲ့သို့) စိတ်ယောက်ယက်ခတ်သူ (တုန်လှုပ်သူ)၊ ဣန္ဒြေမရှိသူ (ပြကတေ့သွင် ပေါ့လွင်သော အမူအရာရှိသူ)ဖြစ်ငြားအံ့။

"ထိုရဟန်းသည် ငါဘုရားနှင့် ဝေးသူ မည်၏။ ငါဘုရားသည်လည်း ထိုရဟန်းနှင့် ဝေးသူမည်၏။ ရဟန်းတို့ အဘယ့်ကြောင့်နည်း ဟူမူ၊

"ထိုရဟန်းသည် စင်စစ် တရား(၏အင်အား) ကို မမြင်ချေ။ တရား(၏အင်အား)ကို မမြင်သူသည် ငါဘုရားကို မမြင်နိုင်သောကြောင့်ပင်တည်း"

(ဣတိဝုတ်-သင်္ဃာဋိကဏ္ဏသုတ်)

အရှင်ဝက္ကလိကိုလည်း ထိုအတိုင်းပင် ဟောတော်မူရဘူးလေသည်။

## ဘုရားနှင့် နီးသူ

တဖန် အထက်ပါစကားနှင့် ဆက်၍လည်း—

"ယူဇနာတရာပင် ဝေးကွာ၍ နေရစေကာမူ တရားကို မြင်သူဖြစ်လျှင် ဘုရားနှင့် နီးကပ်စွာနေရသူ၊ ဘုရားကို မြင်တွေ့ရသူ မည်၏"ဟု ဟောတော်မူသည်။

မဂ်ဖိုလ်နိဗ္ဗာန်တရားကို ဆိုလိုရင်း ဖြစ်သော်လည်း ငါးပါးသီလကစ၍ အကျုံးဝင်လေသည်။ ငါးပါးသီလ၏ အင်အားကို မြင်သူဖြစ်လျှင်

မစောင့်ထိန်းဘဲ မနေနိုင်တော့ချေ။ စောင့်ထိန်းလျှင်လည်း အဆင့်ဆင့် အကျိုးစီးပွားများ များပြားလာသည်ကို မုချ တွေ့မြင်ရတော့မည်မှာ မလွဲချေ။ဘုရားနှင့် နီးသူမည်ပေ၏။

"မောင်ဖြူဟာ မသတ်တတ်ဘူး၊ မခိုးတတ် မဝှက်တတ်ဘူး။ မလိမ်လည်, မသောက်စား, သူ့သားမယားကိုလဲ မကျူးလွန်တတ်ဘူး" ဟု ပတ်ဝန်းကျင်အား ယုံကြည်မှု ပေးနိုင်ရုံမျှဖြင့် တရပ်ကွက်လုံး မောင်ဖြူ အတွက် အဘယ်မျှ စိတ်ချလက်ချ နေပိုင်ခွင့် ရသွားကြပါမည်နည်း။

ယင်းသို့ဆိုသော် တရပ်ကွက်လုံး၏ မေတ္တာ (နှုတ်၏ စောင်မခြင်း, ကိုယ်၏ စောင်မခြင်းမှ အစ) မောင်ဖြူ့အပေါ် မည်မျှ သက်ရောက်လာ ပါလေမည်နည်း။ မောင်ဖြူသည် သတ်ဖြတ်တိုက်ခိုက် ခိုးယူသည်ထက်ပင် ကြီးပွား ချမ်းသာနိုင်ပြီ မဟုတ်ပါလော။

တရားအင်အားကို မြင်အောင်ကြည့်နိုင်မှသာ အမှန်တကယ် ချမ်းသာသူ ဖြစ်နိုင်ကြောင်း မြင်တော်မူ၍ အထက်ပါအတိုင်း မိန့်မှာတော်မူခြင်း ဖြစ်သည်။

"ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ=တရားစောင့်
သူကို တရားက စောင့်ရှောက်မြဲ"

ဟု ဟောတော်မူသည့်အတိုင်း လူများစု ဖောက်ပြန် ပျက်စီးနေကြသည့် ကြားတွင်မှ တယောက်တည်း စွန့်စား၍ တရား၏အင်အားကို လက်တွေ့ ကျင့်သုံးကာ ရှာဖွေ စမ်းသပ်ရခြင်းသည် တရား၏အင်အား, တရား၏ ကာကွယ်စောင့်ရှောက်မှုပေးနေပုံကို အထင်းသား တွေ့ရတတ်ပေသည်။

နောက်ခံမဲလေအဖြူရောင်မြင်ကွင်း ပေါ်လေဖြစ်၏။ ဆူးပင်ကြီးတွေ ကြား၌ပေါက်ရသောစားသုံးပင်သည် ပို၍ပင်အကာအကွယ်ရတတ်ပေသည်။

## တရားအလှူ, ပူဇော်နည်း

ရတနာ သုံးပါးနှင့်စပ်၍ ဆည်းကပ် လှူဒါန်း ပူဇော်ကြရာ၌ ဘုရားနှင့် သံဃာမှာ မြင်သာလှ၏။ လူများစု နားလည်လွယ်၏။ ထို့ကြောင့် ဘုရားနှင့် သံဃာကို လှူဒါန်းပူဇော်တတ်ကြသော်လည်း တရားကိုမူ မည်သို့လှူဒါန်း ရ, ပူဇော်ရမှန်းမသိဘဲ ရှိနေတတ်ကြသည်။

အချို့ 'တရားပူဇော်'သည်ဟု ရည်မှတ်ကာ ပိဋကကျမ်းစာများကို လှူကြသည်။ သာမှုနာမှု ကိစ္စများတွင် တရားဟော ဘုန်းတော်ကြီးအတွက်

ကန်တော့ပွဲတပွဲ အပိုလုပ်ထားလေ့ရှိကြသည်။ "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ= ခပ်သိမ်းသောအလှူတို့တွင် တရားအလှူသည် အမြတ်ဆုံး"ဟု ဟောတော်မူသည့်အတိုင်း မိမိတို့ တတ်သမျှ မှတ်သမျှကိုလည်း တဆင့်ဟောပြော သင်ကြား ရေးသား ညွှန်ပြလေ့ရှိကြ၏။ အချို့ပရိယတ္တိစာမေးပွဲများကျင်းပ၍ လှူဒါန်းကြသည်။

စင်စစ် ထိုအရာအားလုံးသည်လည်း တရားအလှူ, တရားပူဇော်ခြင်း မည်သည်ချည်းပါပင်။ သို့ရာတွင် ဘုရားရှင်လက်ထက်တော်ကပင် တရားကို မပူဇော်တတ်သူများ ရှိခဲ့ဘူးလေသည်။

## တထောင်တန် သက်န်းနှင့် ပုဏ္ဏားကြီး

"မြတ်စွာဘုရား၊ ဘုရားရတနာနှင့် သံဃာရတနာကို ပူဇော်ရတာကတော့ ထင်ရှားပါတယ်။ တရားရတနာကို ဘယ်လို ပူဇော်ရပါမလဲ ဘုရား" ဟု ပုဏ္ဏားကြီးတဦး ကျောင်းတော်သို့ လာ၍လျှောက်၏။ လက်ထဲ၌ တထောင်တန် တိစီဝရိက် (သင်္ကန်းသုံးထည်)လည်း ပါလာသည်။

ထိုအခါ မြတ်စွာဘုရားရှင်က ဗဟုသုတရှိသော ရဟန်း (စာတတ်သော ရဟန်း၊ တရားရှိသော ရဟန်း)ကို ပူဇော်ရန်၊ မသိလျှင် သံဃာများကို မေးလျှောက်ရန် အမိန့်ရှိတော်မူ၏။ ပုဏ္ဏားကြီးလည်း ကျောင်းတိုက်အတွင်း လှည့်လည် မေးလျှောက်ရာ နောက်ဆုံး 'ဓမ္မဘဏ္ဍာဂါရိက=ပိဋကဘဏ္ဍာစိုးကြီး'ဖြစ်သူ အရှင်အာနန္ဒာအား သံဃာများက ညွှန်ကြားကြလေသည်။ (ပါထိက—ပါသာဒိကသုတ်နှင့် ပဏ္ဏာသ မဟာဂေါသိင် သုတ်များအဖွင့်စသည်။)

ဤဝတ္ထုဖြင့် ရဟန်းသံဃာများကို ရှိခိုးပူဇော်ရာ၌–

"ပရိယတ်, ပဋိပတ်တရားများကို မပျောက်မပျက်ရအောင် ဆောင်ရွက်ဟောကြားပြီး ကိုယ်တိုင်လဲ စံပြအဖြစ် ကျင့်ကြံပြတော် မူကြပါပေတယ်" ဟု တရားဂုဏ်တော်များကို အာရုံပြုပြီး ရှိခိုးပူဇော်သင့်၏။ တရားရော သံဃာပါ နှစ်ခုစလုံး ပါဝင်လေတော့သည်။

## ဘုရားကို ချစ်သော ကိုယ်တော်ကလေး

တရားကို ပူဇော်ရာ၌ အကောင်းဆုံး ပူဇော်နည်းတခု ရှိပေသေးသည်။ ထိုပူဇော်နည်းကိုမှ ဘုရားရှင် အကြိုက်ဆုံး ဖြစ်တော်မူ၏။

ဇေတဝန်ကျောင်းတော်၌ ဖြစ်ပျက်ခဲ့သော အကြောင်းအရာ ပြောပြပေအံ့။ တနေ့သောအခါ မြတ်စွာဘုရားရှင်က ရဟန်းများအား–

"ချစ်သားတို့၊ ဤယနေ့မှစ၍ လေးလလွန်မြောက်သောအခါ ငါဘုရား ပရိနိဗ္ဗာန်စံတော့မည်" ဟု အသိပေးတော်မူ၏။

အနယ်နယ် အရပ်ရပ်မှ ရဟန်းများ ဘုရားရှင်ထံ စုရုံး ရောက်လာကြသည်။ ခရီးဝေးမသွား အနားက မခွာကြတော့ပေ။ ပုထုဇဉ်ရဟန်းများမှာ ကိုးကွယ်ရာမဲ့ကာ ငိုကြွေးကြရရှာသည်။

"ငါ့ရှင်တို့ ဘယ်လိုလုပ်ကြမလဲ။ ဒီတခါတော့ ခက်ကြရချေရဲ့" ဟု နေမထိထိုင်မထိ ခေါင်းချင်းဆိုင် အုပ်စုဖွဲ့ကာ တီးတိုးတီးတိုးပြောဆိုနေကြ၏။ တိုင်ပင်နေကြ၏။ သို့ရာတွင် 'ဓမ္မာရာမ' ခေါ်သော ရဟန်းတော်ကလေး တပါးကမူ မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော့မည်ဟု အသိပေးသည့်အချိန်မှစ၍ ခဏမျှသာ ငိုကြွေးပြီး အများနည်းတူ ဆွေးနွေးတိုင်ပင်ခြင်းမရှိ။ တပါးတည်းခွဲကာ တိတ်ဆိတ်ရာ ပုန်းကွယ်နေတော့သည်။

ဓမ္မာရာမ ထိုသို့ နေနိုင်ရက်သည်ကို အခြား အပေါ် ရဟန်းများက မကျေနပ်ကြ။

မကျေနပ်ရုံတင် မပြီးသေးဘဲ ဓမ္မာရာမကို ဘုရားထံ ဆွဲခေါ်သွားကြ၏။ ရဟန်းများက–

"မြတ်စွာဘုရား၊ ဓမ္မာရာမဟာ မြတ်စွာဘုရားအပေါ် နဲနဲကလေးမျှ ချစ်ခင်မှုမရှိပါ။ တပည့်တော်တို့ တိုင်ပင်ဖော် တိုင်ပင်ဖက်လဲမရ၊ တပါးထဲခွဲပြီး နေဆိတ်လှပါပေတယ်ဘုရား" ဟုပင် ဘုရားရှင်အား လျှောက်ထား တိုင်တမ်းကြသည်။

ဘုရား။ ။သူတို့ပြောတဲ့အတိုင်း မှန်သလား ဓမ္မာရာမ။

ရဟန်း။ ။မှန်လှပါ အရှင်ဘုရား။

ဘုရား။ ။ဘာကြောင့် ဒီလိုနေရတာလဲ။

ရဟန်း။ ။မှန်လှပါအရှင်ဘုရား။ မြတ်စွာဘုရားရှင်ဟာ နောင်လေးလရှိရင် ပရိနိဗ္ဗာန် ပြုတော့မယ်။ တပည့်တော်မှာလဲ အာသဝေါကုန်ခန်းပြီး ရဟန္တာကမဖြစ်သေး။ ဒီအတိုင်းနေလို့တော့ မဖြစ်ဘူး။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူနေတုန်းမှာ သဒ္ဓါဝီရိယကြီးကြီးနှင့် လုပ်ပါလျှင် အရဟတ္တဖိုလ်ဆုကြီးကို မချရနိုင်မှာဘဲလို့ အောက်မေ့ပြီး မြတ်စွာဘုရား ဟောကြား

ဘုရားသမ္မာတရားများကို ဆိတ်ငြိမ်ရာသွားပြီး စဉ်းစားဆင်ခြင်ကာ အစဉ် နှလုံးသွင်းနေခြင်း ဖြစ်ပါတယ် အရှင်ဘုရား။

**ဘုရား။** ။သာဓု သာဓု ဓမ္မာရာမ၊ ချစ်သားတို့ ကြားကြရဲ့လား။

**ရဟန်းများ။** ။မှန်လှပါ အရှင်ဘုရား။

**ဘုရား။** ။ချစ်သားတို့အားလုံးလဲ ငါဘုရားကို ချစ်ခင်ကြပါတယ်ဆိုလျှင် ဒီဓမ္မာရာမလိုဘဲ နေကြရမယ်။ ပန်းနံ့သာစတဲ့ပစ္စည်းလေးပါးနဲ့ ပူဇော်ကြတာဟာ ငါဘုရားကိုချစ်မြတ်နိုးရာ၊ ပူဇော်ရာမရောက်ဘူး လောကုတ္တရာ တရားကိုးပါး ငါဘုရား အဆုံးအမ အတိုင်း နှလုံးသွင်းနေကြမှသာလျှင် ငါဘုရားကိုချစ်မြတ်နိုးရာ၊ ပူဇော်ရာမည်ပေတယ်။

ဤသို့စသည်ဖြင့် ဟောပြတော်မူရာ ဓမ္မာရာမ ကိုယ်တော်ကလေးသည် ရဟန္တာ ဖြစ်တော်မူသွား၏။

(ထို အဖြစ်အပျက်မျိုး ထိုအချိန်က သုံးပါးပင် ရှိခဲ့ဘူးလေသည်။ အားလုံးပင်(ဓမ္မပဒ အဋ္ဌကထာ ဒုတိယအုပ်၌) ပါရှိ၏။ အခြားနှစ်ပါးမှာ 'အတ္တဒတ္ထထေရ်' နှင့်'တိဿထေရ်' တို့ဖြစ်ကြသည်။)

"တရားကိုအကောင်းဆုံး ပူဇော်သည် ဆိုခြင်းမှာ တရားကိုကျင့်ကြံခြင်းပင်တည်း" ဟု နားလည် ရပေတော့သည်။ မှန်လှပေ၏။ တရားတော်ကြောင့်သာ ဘုရားဟူ၍ဖြစ်ပေါ်ရ၏။ သံဃာဟူ၍ဖြစ်ပေါ်ရ၏။ ပင်လယ်၌ မျောပါနေသူအတွက် တဖျာချာမျှသာ ရှိသော ကျွန်းကလေး သည်ပင် အဖိုးမဖြတ်နိုင်သော ကိုးကွယ်ရာ ထောက်တည်မှီခိုရာကြီး ဖြစ်ပေ၏။

ထို့ကြောင့်လည်း မြတ်စွာဘုရားရှင်က—

"ရဟန်းတို့၊ တရားကိုသာ ကိုင်းကျွန်းသဖွယ် မှီခိုရာပြု၍ နေကြကုန်။ တရားအမွေခံထိုက်သူသာ ဖြစ်ကြကုန်"ဟု မကြာခဏ ဆုံးမတော်မူခဲ့လေသည်။

လောက သံသရာ တခွင်၌ ကိုးကွယ်ရာ မှီခိုအားထားရာမရှိခြင်းသည် အလွန်ထိတ်လန့်ဘွယ် ကောင်းလှသည်။ သက်မဲ့အရာဝတ္ထုများပင် အကာအကွယ် အမှီအခို မရှိက ပျက်စီးကြရမြဲပင်တည်း။

## ဗုဒ္ဓကိုယ်တိုင် မှီခိုစရာ ဆရာထားပုံ

မြတ်စွာဘုရား ဘုရားဖြစ်တော်မူစ ငါးပတ်မျှသာရှိသေးသည်။ နေရဉ္ဇရာမြစ်ဆိပ် ဆိတ်ကျောင်းညောင်ပင်ရင်း၌ တပါးတည်း သီတင်းသုံးနေတော်

မူခိုက် စိတ်ကူးအကြံဖြစ်တော်မူပုံကို ရဟန်းများအား ပြန်၍ ဟောပြတော်မူခဲ့သည်။

"ရဟန်းတို့၊ လေးစားရိုသေရမည့်သူမရှိခြင်း၊ အကြီးအမှူးပြု၍ ဆုံးမတတ်သော အားထား မှီခိုရမည့်ဆရာ မရှိခြင်းသည် ဆင်းရဲအတိဖြစ်သည်"ဟု အကြံဖြစ်ပုံကို မိန့်တော်မူသည်။

ထိုအကြံဖြစ်တော်မူသည့်အတိုင်း မိမိမဖြည့်ဆည်းရသေးသော (မိမိသန္တာန်၌မရရှိသေးသော) သီလ,သမာဓိ, ပညာ,ဝိမုတ္တိများကို ရရှိစေရန် မိမိထက် သာလွန်သော သမဏ ဗြာဟ္မဏ (အကျင့်ပညာရှိသူ)ကို ဆင်ခြင်ကြည့်ရှုတော်မူသည်။ နတ်နှင့်တကွသောသုံးလောကတွင် ဆရာတင်လောက်သည့် ပညာရှိသူ အကျင့်ရှိသူကို တဦးတလေမျှပင် မတွေ့ရချေ။

တန်းတူရည်တူသူများကိုလည်း မတွေ့ရချေ။ ထိုအခါ "မိမိထိုးထွင်းသိမြင်ခဲ့သော တရားတော်ကိုသာလျှင် မှီခိုအားထားရာ ဆရာတဆူ ပြု၍ နေတော့မည်"ဟု ဆုံးဖြတ်တော်မူခဲ့သည်။ ရှေးရှေးဘုရားရှင်တို့လည်း ထိုသို့ပင် နေတော်မူခဲ့ကြသည်ကို မြင်တော်မူ၏။

## ကြီးပွား လိုပါက

"ထို့ကြောင့် ကြီးပွားမြင့်မြတ်လိုသူတို့သည် သူတော်ကောင်း တရားကိုသာလျှင် အလေးအမြတ် မှီခိုသူပြု၍နေရမည်" ဟုလည်း တိုက်တွန်းတော်မူခဲ့သည်။(အင်္ဂုတ္တရ–၄၊ပထမ–ဥရုဝေလသုတ်)။

တလောကလုံးတွင် အမြင့်မြတ်ဆုံး ဖြစ်တော်မူသည့် တဆူတည်းသောဆရာမြတ်စွာဘုရားရှင်သည်ပင် မှီခိုရာဆရာရှာရပုံ၊ တရားတော်ကိုသာလျှင် အမြဲဆရာအဖြစ် မှီခိုအားထားနေရပုံမှာ မှတ်သား လိုက်နာဘွယ်ကောင်းလှပေသည်။

မြတ်စွာဘုရားရှင်ကား နှစ်ဦကာလ အလောင်းတော်ဘဝကပင်လျှင် လေးစားရိုသေရမည့်သူ၊ မှီခိုအားထားရမည့်သူ မရှိသော အဖြစ်မျိုးကို လိုလားတော်မမူခဲ့ချေ။ ထို့ကြောင့်လည်း (ကေနိပါတ်၊ တိတ္တိရ ဇာတ်တော်၌) ဆင်၊ မျောက်နှင့် ခါ သုံးဦးသားတို့ စည်းဝေး တိုင်ပင်၍ ခါကို အကြီးအမှူးထား လေးစားခဲ့ကြဘူး၏။

28. ဒုတိယအကြိမ်

မြတ်စွာဘုရား သာသနာတော် အရှည်တည်တံ့ရေးအတွက် တရားတော်သည်သာ ပဓာနဖြစ်ပေ၏။ 'ပုဂ္ဂိုလ်ရေးကိုးကွယ်မှုအားဖြင့် ဘုရားရှင်ကိုယ်စား ရဟန်းတပါးပါးကိုပင် ထားခဲ့ခြင်း မရှိပုံကို (ဥပရိ-ဂဏက မောဂ္ဂလ္လာနသုတ်ဖြင့်)ငင်း၊ ပိဋကကျမ်းစာနှင့်တကွ လောကုတ္တရာတရားကိုးပါးကိုသာ ဘုရားကိုယ်တော်စား ဆရာအဖြစ် မှီခိုအားထား ရစ်ရမည်ဟု မိန့်မှာတော်မူခဲ့ပုံကို(မဟာပရိနိဗ္ဗာနသုတ်ဖြင့်)ငင်း အလေးအနက်မှတ်သားအပ်၏။ * ပုဂ္ဂိုလ်ရေးကိုးကွယ်ခြင်းဖြင့် အပြစ်ငါးမျိုးရှိကြောင်း(အင်္ဂုတ္တိုရ်ပုဂ္ဂလပ္ပသာဒသုတ်၌)ဟောတော်မူထားသည်။

## ချမ်းသာချင်ရင် ငြိမ်ငြိမ်နေ

မြတ်စွာဘုရားရှင်ပင် ဆရာအဖြစ်မှီခိုအားထား၍ တရားတော်ကို လေးစားပူဇော်ရခြင်းဟူသည် အခြားမဟုတ်။တရားကိုကျင့်ကြံခြင်းပင်တည်း။ ယင်းကိုပင်"ဓမ္မာနုဓမ္မပဋိပန္န–တရားနှင့်အညီကျင့်ကြံသူ"ဟုခေါ်ဆိုရလေသည်။

တရားနှင့်အညီ ကျင့်ကြံနေထိုင်ပုံကို အသေးစိတ် ကြည့်ပါလျှင်-

၁။ စကားပြောလျှင် တရားစကားကိုသာ တရားသဖြင့်သာပြော။

၂။ မပြောဘဲ စိတ်ကူးနေလျှင်လည်း တရားကိုသာ တရား သဖြင့်သာ ကြံစည်စိတ်ကူး။

၃။ မပြောဘဲ၊ စိတ်မကူးဘဲနေလျှင် တရားကို ပွားများ၍နေ။

ဤသုံးချက်ပင်ဖြစ်ပေသည်။ (ဣတိဝုတ်-ဓမ္မာနုဓမ္မပဋိပန္န သုတ်)။

နိဗ္ဗာန်ဟူသည် သန္တိဓာတ်–အငြိမ်ဓာတ်အားကြီးဖြစ်၍ ချမ်းသာချင်လျှင် ကိုယ်၊နှုတ်၊စိတ်'ငြိမ်ငြိမ်နေ'ဟုဆိုလို၏။

ထို့ကြောင့် ဘုရားဝတ်တက်ပြီးတိုင်း အောက်ပါအတိုင်း ရွတ်ဆို၍ တရားတော်ကို ဦးတိုက်ကျင့်သုံးခြင်းအားဖြင့် ရတနာသုံးပါးကိုပူဇော်ကြရလေသည်။

## ဘုရားရှိခိုးပြီးတိုင်း ရွတ်ရန်

"ဣမာယ ဓမ္မာနု ဓမ္မပ္ပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။
ဣမာယ ဓမ္မာနု ဓမ္မပ္ပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။
ဣမာယ ဓမ္မာနု ဓမ္မပ္ပဋိပတ္တိယာ သံဃံ ပူဇေမိ"

အဟံ=အကျွန်ုပ်သည်။ ဣမာယ ဓမ္မာနု-ဓမ္မပ္ပဋိပတ္တိယာ= လောကုတ္တရာတရား ကိုးပါးအားလျော်သော ဤသီလ သမာဓိ,ပညာ,သမထ,ဝိပဿနာ, အကျင့်မြတ်ဖြင့်။ ဗုဒ္ဓံ= မြတ်စွာဘုရားကို(ဓမ္မံ=တရားတော်မြတ်ကို။သံဃံ=သံဃာ တော်မြတ်ကို)ပူဇေမိ=ပူဇော်ပါ၏ အရှင်ဘုရား။

(အရကျက်ပါ)

တရားရတနာပြီး၏။

### နတ်ချစ်ဆေး

အကျင့်ရှိသော သူမြတ်တို့ထံ ဆည်းကပ် ကျွေးမွေးခြင်း၊ အိမ်စောင့်နတ်, မြို့စောင့်နတ် စသည်တို့အား တရားသဖြင့် ပ,သခြင်း ပြုလုပ်သူအား နတ်တို့သည် ကျေးဇူးတုံ့ပြန်၍ စောင့်ရှောက် ကြ၏။ သားသမီးကဲ့သို့ ချစ်မြတ်နိုးလာကြ၏။ နတ်ချစ်ခံရသူသည် ထာဝစဉ် အကောင်းချည်းသာ ဖြစ်ရတတ်သည်။

(မဟာပရိနိဗ္ဗာနသုတ်)

# သံဃာတော်ဂုဏ် ၉-ပါး

## (ပါဠိ၊ မြန်မာပြန်နှင့် မှတ်သားဘွယ်)

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
(သုပ်ပဋိ-ဟုဖတ်)
၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
(ဥဇုပ်-ဟုဖတ်)
၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
(ဉာယပ်-ဟုဖတ်)
၄။ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
(သာမီစိပ်-ဟုဖတ်)
ယဒိဒံ စတ္တာရိ ပုရိသ- ယုဂါနိ၊ အဋ္ဌ ပုရိသ-
ပုဂ္ဂလာ။ (အဋ္ဌ=အတ်ထ-ဟုဖတ်)
၅။ ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော၊
(အေးသ-ဟုမဖတ်ရ၊ 'အေသ'ဟုဖတ်)
၆။ ပါဟုနေယျော၊
၇။ ဒက္ခိဏေယျော၊
၈။ အဉ္ဇလိ-ကရဏီယော၊ (အင်ဇလိ-ဟုဖတ်။)
၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။
('ပုန်ညက်-ခစ်တံ' ဟုဖတ်)။

### ၁-သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော

(သု=ကောင်းစွာ+ပဋိပန္န=ကျင့်သူ။)

၁။ ဘဂဝတော=ဘုန်းတော်ကြီးသောမြတ်စွာဘုရား၏။ သာဝက သံဃော = တပည့်သား သံဃာတော် အပေါင်းသည်။ သုပ္ပဋိပန္နော = ရာဂဒေါသ၊ မောဟ ကင်းကြောင်း၊ သီလသမာဓိပညာ အကျင့်ကောင်း ကို ကောင်းစွာ ကျင့်ကြံတော်မူပါပေ၏။

(အရကျက်ပါ)

## နှစ်မျိုးရှစ်ပါး သံဃာများ

(မြတ်စွာဘုရား ဟောကြား ဆိုဆုံးမသည့်အတိုင်း မဆန်မလှန်ရှိသေစွာနာခံသော ပုဂ္ဂိုလ်ကို 'သာဝက = တပည့်သား'ဟု ခေါ်၏။ ထိုတပည့်သားဖြစ်သော အရိယာ ရဟန်းအပေါင်းကို 'သံဃ = အပေါင်း'အသင်း 'အစုအရုံး' ဟု ဆိုသည်။

အရိယာပုဂ္ဂိုလ် ရှစ်ယောက်ကိုသာ မုချသံဃာ ယူရသည် 'ပရမတ္ထ (= မြတ်သော)သံဃာ'ဟုလည်း ခေါ်သည်။ သာမန်အားဖြင့် ပုထုဇဉ် အရိယာ မခွဲမခြား အယူသီလ တူမျှသော ရဟန်းအပေါင်းကို 'သမ္မုတိ(=အမည်ပညပ်အားဖြင့် တူညီသော)သံဃာ'ဟု ဆိုသည်။ ပညပ်ကစမှ ပရမတ်ဖြစ်ရ၏။ အနှစ်လိုလျှင် အခေါက်အပင်ငယ်က-စရသည်။

'သံဃာဟု'ဆိုလျှင်နှစ်မျိုးစလုံး ပါဝင်၍ပထမဆုံး အရှင်ကောဏ္ဍည' က စလျက် တသာသနာလုံးရှိ ရဟန်းတော်များကို ယူရသည်။အလှူဒါန တစုံတရာပြုသောအခါ ပို၍ အကျိုးကြီးမြတ်စေရန် 'သံဃိက = (သံဃာအားလုံးနှင့်ဆိုင်သော) ဒါန' စိတ်ထားကြရသည်။ ပညပ်, ပရမတ် ဝေါဟာရအားဖြင့် နှစ်မျိုး၊ အရေအတွက်အားဖြင့် ရှစ်ပါး (ရှေ့၌ပြမည်) သော သံဃာတော်အားလုံးပင် ကောင်းစွာ ကျင့်ကြံတော်မူလျက် ရှိကြပေသည်။

အထူး သတိပြုရမည်မှာ ရဟန်းသံဃာတော်များကို တွေ့မြင်ကြုံဆုံရတိုင်း တွေ့မြင်ကြုံဆုံရသော ရဟန်းသံဃာတော်မျှလောက်ကိုသာ အသိဉာဏ်မရပ်ရ။ တသာသနာလုံးရှိ သံဃာတော် အရှင်မြတ်များကို စိတ်ထဲက ရည်မှတ်ရမည်။'သုပ္ပဋိပန္န'စသော ဂုဏ်များကို ဆင်ခြင်နေရမည်။ ဆင်ခြင်၍ မရသာလျှင် ပါးစပ်ကကို ရွတ်နေရမည်။

## တရားမှန်နှင့် အကျင့်မှန်သူ

မည်သို့သောတရားသာလျှင် တရားမှန်ကြောင်း ပြခဲ့ပြီ။သို့သော် ဤ၌စကားစပ်နေ၍ ထပ်မံပြဆိုရခြင်းဖြစ်၏။

တရံရေအခါ အရှင်အာနန္ဒာအား သူ၏ တပည့်ဖြစ်သူ'အာဇီဝက' သူကြွယ်က-

"အရှင်ဘုရား အာနန္ဒာ၊ လောက၌ အဘယ်သူတို့၏။ တရားသည် 'သွာက္ခာတ = ကောင်းစွာ ဟောကြားအပ်သောတရား (တရားကောင်း)

28. ဒုတိယအကြိမ်

မည်ပါနည်း။ လောက၌ အဘယ်သူ တို့သည် 'သုပ္ပဋိပန္န'=ကောင်းစွာ ကျင့်ကြံသူ (အကျင့်မှန်ရှိသူ)တို့ မည်ကြပါသနည်း။ လောက၌အဘယ်သူတို့ သည် အပြည့်အစုံကျင့်ကြံပြီးသူ(အောင်မြင်ပြီးသူ)တို့မည်ကြပါသနည်း"ဟု လျှောက်ရာ–

အရှင်အာနန္ဒာက "ရာဂ, ဒေါသ, မောဟ ကင်းရန် ဟောသော တရားသည် တရားတော်ကောင်း မည်-မမည်၊ထိုတရားအတိုင်း ကျင့်ကြံနေသူ သည် အကျင့်မှန်ရှိသူ မည်-မမည်၊ ထိုအတိုင်းကျင့်ကြံပြီးသူတို့သည် အောင် မြင်ပြီးသူမည်-မမည်"သူကြွယ်ကိုပင်ပြန်၍မေးတော်မူသည်။ သူကြွယ်လည်း ဝမ်းမြောက်စွာ ဝန်ခံလျှောက်ထားလေ၏။ (အင်္ဂုတ္တရ.၃၊အာဇီဝကသုတ်)။ ကိုန်းသေပေါက် မှန်ကန်သောအကျင့် ကျင့်သူကို'သုပ္ပဋိပန္န'ဟုလည်း ဆိုနိုင် ပေသည်]

## ၂-ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော

(ဥဇု=ဖြောင့်မှန်စွာ+ပဋိပန္န=ကျင့်သူ။)

၂။ ဘဂဝတော=ဘုန်းတော်ကြီးသော မြတ်စွာဘုရား ၏။ သာဝက သံဃော=တပည့်သား သံဃာတော် အပေါင်းသည်။ ဥဇုပ္ပဋိပန္နော=ကိုယ်နှုတ်စိတ်ဝယ်၊ မဖုံးကွယ်ဘဲ၊အရှယ်သုံးမျိုး၊မချိုးမထောင့်၊ရိုးဖြောင့် မှန်စွာ၊ကျင့်ကြံတော်မူပါပေ၏။ (အရကျက်ပါ)

(မဇ္ဈိမပဋိပဒါလမ်းသည် ဖြောင့်မှန်သော လမ်းဖြစ်သည်။ သံဃာ တော်အရှင်မြတ်တို့သည် ထိုလမ်းစဉ်အတိုင်း ကျင့်တော်မူကြ၍ 'ဖြောင့်မှန် စွာ ကျင့်သူ'ဟုခေါ်ရ၏။

ကိုယ်နှုတ်စိတ် သုံးပါးတွင်လည်း ဒုစရိုက် ဆယ်ဖြာ မဝင်သာဘဲ မာယာ, သာဌေယျစသော အကောက် တရားများလည်း မရှိ၍ ရိုးသား ဖြောင့်မတ်တော်မူ၏။ လောက၌ ရိုးသားဖြောင့်မတ်ခြင်းဂုဏ်သည် ကြီးမြတ် လှပေသည်။

ပထမ,ဒုတိယ,တတိယ ဟူ၍ အရွယ်အားဖြင့် သုံးမျိုးရှိရာတွင်လည်း မည်သည့်အရွယ်၌မျှ ကောက်ကျစ်စဉ်းလဲ ဖောက်လွှဲချိုးဖျက် သိုဝှက်ဖုံးကွယ် ကွေ့ဖယ်သွေဖည် လိမ်လည်လှည့်ဖြား မရိုးသားမှုမရှိ။ သီလ သမာဓိ ပညာ အကျင့်များကို တဖိုးတည်း၊ တသန်တည်း၊ တဖြောင့်တည်း မြင့်ထက်မြင့် ဖြောင့်ထက်ဖြောင့်အောင် ကျင့်တော်မူသည်ဟု ဆိုလိုပေသည်။)

## ၃–ဥာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော

(ဥာယ=မဂ်ဖိုလ်ဉာဏ်ဖြင့်သိအပ်သော နိဗ္ဗာန်ချမ်းသာ+ပဋိပန္န=ကျင့်သူ။)
၃။ ဘဂဝတော=ဘုန်းတော်ကြီးသော မြတ်စွာဘုရား
၏။ သာဝကသံဃော=တပည့်သား သံဃာတော်
အပေါင်းသည်။ ဥာယပ္ပဋိ ပန္နော = ခေါင်း မီး
လောင်လဲ၊ မရှောင်မဖျက်၊ ကိုယ်အသက်ကိုငဲ့ ကွက်
မညှာ၊ နိဗ္ဗာန် အကျိုးငှာ ကျင့်တော်မူပါပေ၏။
(အရကျက်ပါ)

### အလှူခံ မီး

(နိဗ္ဗာန်ရရန်အတွက် ကျင့်ကြံတော်မူကြသည် ဆိုသော်လည်း သီလ သမာဓိ အင်အား ထူထောင်ခါစ သံဃာတော် (အထူးသဖြင့် ရဟန်းငယ်များနှင့် ကြီးမှ ရဟန်းပြုသော ပုဂ္ဂိုလ်အချို့) ကား အင်အား နည်းကြသေးသည့် အလျောက် နေထိုင်ပြုမူမှုများ မသေမဝပ်ရှိနေတတ်၏။

မည်သို့ဖြစ်စေ၊ လူဒါယကာတို့သည် ထိုပုဂ္ဂိုလ်မျိုးကို မြင်တွေ့ကြရသောအခါ ကိုယ့်တာဝန်ကိုယ်သာပြု၍ လျစ်လျူရှုသင့်ကရှုရသည်။ စိတ်ထားနှလုံးကောင်းဖြင့် မိမိဆောင်ရွက်ရမည် ထင်လျှင်လည်း လူဒါယကာ အနေဖြင့်သာသနာပြုနိုင်ပေသည်။ မိမိတာဝန်ကို ကျေပွန်အောင်လုပ်ခြင်း အားဖြင့်လည်း တဖက်၌ ပြုပြင်ပြီးသားဖြစ်သွားတတ်၏။ အထူး သဖြင့် သူ့အပြစ်နှင့်သူသာရှိစေ၍ ကဲ့ရဲ့ပြစ်တင်ခြင်းမပြုလုပ်သင့်။ ရိုလေလေးမြတ် ရမည့်ပုဂ္ဂိုလ်၌ ပြစ်မှားကဲ့ရဲ့မိသော် 'ဒက္ခိဏေယျဂ္ဂိ=အလှူခံမီး' လောင်တတ် သည်။(အင်္ဂုတ္တရ-၇၊ပထမအဂ္ဂိသုတ်)

### ဘုန်းကြီးအပြစ်ပြောသူများ

ထိုသဘောကိုရည်ရွယ်၍'ဘုန်းတော်ကြီးဦးသီလ' (ရဟန္တာအရှင်မြတ်ကြီး) က ဘုန်းကြီးသံဃာများ၏အပြစ်အအနာအဆာကို ပြောလေ့ရှိသောဦးဘိုး ရင် ဆိုသူအား–

"ဟဲ့ ဘိုးရင်၊ နင့်စိတ်ပြုပြင်ပြီး ကြည်ညိုလျှင်လူ။ မကြည်ညိုလျှင်လဲ မလှူဘဲနေတာပေါ့။ ဘာဘာညာညာ မပြောနှင့်"ဟု ဆုံးမဘူး၏။

ညောင်လေးပင်မြို့မှ ရွှေနေ ဦးတိုးကြီးဆိုသူကလည်း ဦးဘိုးရင်ကဲ့သို့ပင် ဘုန်းကြီးများအပြစ်ကို ပြောလေ့ရှိသဖြင့် သူ့အား ဘုန်းတော်ကြီးက ဆုံးမသည်ကို ထုတ်ဖော်ပြောဆိုခဲ့ဘူး၏။

ဘုန်းတော်ကြီး။ ။ဟဲ့-ငတိုး၊ရှင်ဘုရင်တဦးမှာ သားတော်နှစ်ပါး ရှိတယ်။ အကြီးက တရားရှိ သူတော်ကောင်း၊ ချစ်ခင် ကြည်ညို သူလဲ ပေါတယ်။ အငယ်ကတော့ တရားမဲ့ သူယုတ်မာ။ မျက်မုန်းကျိုးသူတွေလဲ များတယ်။

အဲဒီ သူယုတ်မာ သားငယ်ကို လက်နဲ့ သွားပုတ်ရင် ဘယ်လိုလုပ်မယ် ထင်သလဲ။

ဦးတိုးကြီး။ ။လက်ဖြတ်ခံရမှာပါဘုရား။

ဘုန်းတော်ကြီး။ ။ခြေနဲ့ ကန်ရင်ကော။

ဦးတိုးကြီး။ ။ခြေဖြတ်ခံရမှာပါဘုရား။

ဘုန်းတော်ကြီး။ ။ဆဲရေးတိုင်းထွာရင်ကော။

ဦးတိုးကြီး။ ။အာဟက်ခံရမှာပါဘုရား။

ဘုန်းတော်ကြီး။ ။ဘာဖြစ်လို့လဲဟဲ့။

ဦးတိုးကြီး။ ။ဘုရင့်သားတော်မို့ပါဘုရား။

ဘုန်းတော်ကြီး။ ။အိမ်း....၊ သည်လို သိလျှင်တော်ပြီ။ ဘုရားရှင့် သားတွေအပေါ်လဲ နင်သတိထားတတ် ကရောပ။

ဤကား ရဟန်း သံဃာများဘက်မှ လိုက်ပါဖေးမ၍ မိန့်တော်မူခြင်း မဟုတ်။ သူတော်ကောင်း ပညာရှိတို့သည် သဘောအမှန်ကိုသာ မိန့်တော်မူလေ့ရှိကြသည်။ အကျယ် ဖြည့်ဖြန့်ပြောလျှင် များစွာ ကျယ်ဝန်းလှ၏။ တိုတိုနှင့် လိုရင်း နှလုံးသွင်းတတ်ရန် အရေးကြီးသည်။ ရဟန်းဆိုး ရဟန်းညံ့များကို တွေ့ဆုံကိုးကွယ်နေရသည်ဟုဆိုလျှင် မိမိ၏(ရှေးနှင့်ယခုတခုခုသော) ကံညံ့ဖျင်းနေ၍သာ ဖြစ်ပေသည်ဟု နှလုံးပိုက်။

ပုထုဇဉ်ဖြစ်သော သမ္မုတိသံဃာ (ရဟန်းသာမဏေ)များ ဟူသည်မှာလည်း လူမှပင် ဖြစ်လာကြရ၏။ လူတို့သည်လည်း စရိုက် အမျိုးမျိုး အကောင်း အဆိုး ရောနှောနေကြသည်ပင် ဖြစ်သည်။ ရဟန္တာ အရှင်မြတ်ကြီးများဟူသည် မထင်ရှားသော သာမဏေငယ် ကလေးများမှသာ ဖြစ်လာကြရသည်။ အနှစ်လိုလျှင် အပွေး, အကာကပင် စတင်ကြရ၏။ သည်းခံ၍သာ မိမိတို့တတ်နိုင်သည့်ဘက်က ကူညီ သာသနာပြုကြရန်သာ ရှိပေ၏။

(လူဒါယကာတို့ ဘက်မှ ဖိဖိစီးစီး သာသနာပြုကြသော အချို့မြို့ ရွာ တော်တော်များများတွင် ဆွမ်းခံချိန်မှအပ ရဟန်းငယ် ရှင်ငယ်များ နေ့ခင်းနေ့လယ် မြို့တွင်း ရွာတွင်း၌ မတွေ့မြင်ကြရပေ။)

## သွေးအန်သော ရဟန်းဆိုးများ

မြတ်စွာဘုရားရှင်က ရဟန်း၊ သာမဏေတို့အတွက် ဆုံးမ သွန်သင်ထားသည်မှာ လိုလေသေး မရှိအောင်ပင် ဖြစ်သည်။ သို့သော်လည်း လူဆိုးတို့သည် ရဟန်းသံဃာ ဖြစ်လာကြသောအခါတွင်လည်း ရုတ်တရက် ကောင်းမလာနိုင်သေးချေ။

မြတ်စွာဘုရားရှင်သည် ဝိနည်း အကျင့်သိက္ခာ မလေးစားသော ရဟန်းဆိုးများနှင့်စပ်၍—

"အကျင့် သီလမရှိဘဲရှိခိုးခံခြင်းသည် လှံနှင့်အထိုးခံရသည်နှင့်တူပုံ၊ လူတို့လှူသော သင်္ကန်းကို ဝတ်ရုံရခြင်းသည် အလျှံ ရဲရဲညီးသော သံချပ်ဝတ်ရုံကြီးကို ဝတ်ရသည်နှင့်တူပုံ၊ ပြည်သူ့ဆွမ်းကို စားနေခြင်းသည် သံတွေခဲရဲရဲကြီးကို မျိုနေရသည်နှင့် တူပုံ"

စသည်ဖြင့် ငရဲသို့လွယ်လွယ်နှင့် ရောက်တတ်ပုံကို ဟောတော်မူ၏။ (အင်္ဂုတ္တရ–၇၊ အဂ္ဂိက္ခန္ဓောပမသုတ်။ အတ္ထုပ္ပတ္တိမှာ အင်္ဂုတ္တရ–ဋ္ဌ–၁၊ ၅၁–၌ ပါ၏။)

ထိုအကြောင်းကို ဟောတော်မူစဉ်က ရဟန်းကောင်း ခြောက်ကျိပ်တို့ ရဟန္တာ ဖြစ်ကြ၏။ သိက္ခာပုဒ် အပြည့်အစုံ မထိန်းနိုင်သော ရဟန်းခြောက်ကျိပ်တို့ လူထွက်သွားကြသည်။ ယောက်သွား ခရုပုပ်ကဲ့သို့ အတွင်းပုပ် ယုတ်မာသော ပါရာဇိကကျပြီး ရဟန်းဆိုး ခြောက်ကျိပ်တို့မှာမူ ထိတ်လန့်ပူလောင်ကာ သွေးစိမ်းအန်ကြရရှာကြသည်။

မြတ်စွာဘုရား သာသနာတော်၌ အဆင့်မြင့် ကျင့်ဝတ်များကိုမူ မိမိလိုက်နာနိုင်မှသာ လိုက်နာကြရ၏။ လူဝတ်ကြောင် ဘဝဖြင့်လည်း အရဟတ္တဖိုလ်ကို ရနိုင်ကြသည်ပင်။

('ဘုန်းကြီးပြိတ္တာ၊ ဆရာတော် တစ္ဆေများ' အကြောင်း 'တမလွန်ဘဝ' အခန်းမှာ ကြည့်ပါ။)

## ဝေဘူဆရာတော် ဩဝါဒ

သာသနာတော်၌ ဆရာကောင်း သမားကောင်းများနှင့် နေခွင့်ရသော ရဟန်းတော်များမှာမူ ဆရာသမားများ၏ အဆုံးအမကို ရနေကြသဖြင့် ဆိုးခဲလှပေသည်။

ကျေးဇူးရှင် ဝေဘူဆရာတော် ဘုရားကြီးက မိမိ အနီးအပါးရှိ ကြီးမှ ရဟန်းပြုသော (တောထွက်)ရဟန်းများအတွက် 'ဝိနည်းသိက္ခာပုဒ် နှင့် ကံကြီးကံငယ်' ဆောင်ရွက်ပုံ အကျဉ်းချုပ်ကို သီးသန့် စာအုပ်ကလေး များ ရေးသားပေးထားတော်မူလေ့ရှိသည်။ ထိုအထဲ မသင့်မလျော် ရှိလျှင် လည်း–

"တရားဌာနမှာနေပြီး တရားသမားလိုမနေနိုင်ရင် မနေ တာက ကောင်းတယ်၊ မနေကြနှင့်။ တခြားသူတွေလဲ ဒီလိုဘဲ နေမှာပါဆိုပြီး မိမိတယောက်ထဲ မတဲ့တာကိုမြင်လို့ တပါး သူက ကဲ့ရဲ့မိသွားရင် ထိုသူမှာ အလွန်အပြစ်ကြီးတယ်။ မိမိ မှာလဲ အစီးအပွားမများတဲ့အပြင် မြင်တဲ့သူတွေကိုပါ အပြစ် ပေးနေတာနဲ့ အတူဟုဘဲ"

စသည်ဖြင့် မှတ်လောက် သားလောက်အောင် မညှာမတာ ဆုံးမ တော်မူ၏။

ရံခါ အလွန် မသင့်လျော်သော ရဟန်းများ ရှိနေသည်ဟု သိမြင် တော်မူလျှင် ရဟန်းများအားလုံးအား 'အင်္ဂုတ္တရနေ္တာပမသုတ်' မြန်မာပြန်ကို တလှည့်စီ တဝါတွင်းလုံး အဖတ်ခိုင်းတော် မူလေသည်။

မည်သို့ဖြစ်စေ 'သံဃာတော်ဂုဏ်များ'ကို နှလုံးသွင်းရာ၌ 'တကယ့် အရိယာ သံဃာတော်' အားလုံး၏ ဂုဏ်ကို နှလုံးသွင်း မလျော့သွားစေသင့်။)

## ၄–သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော

(သာမီစိ=ရိုသေသမှု ပြုစုခြင်း+ပဋိပန္န=ကျင့်သူ)

၄။ ဘဂဝတော–ဘုန်းတော်ကြီးသောမြတ်စွာဘုရား၏။ သာဝကသံဃော=တပည့်သားသံဃာတော်အပေါင်း သည်။ သာမီစိပ္ပဋိပန္နော=လူတို့ပြုစု ရိုသေသမှုနှင့် သင့်မြတ်လျော်ကန် ထိုက်တန်အောင် ကျင့်တော်မူ ပါပေ၏။ (အရကျက်ပါ)

[လှူဒါယကာတို့က အရိုအသေပေးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လှူဒါန်းပူဇော်ခြင်းများနှင့် ထိုက်တန်အောင် ကျင့်တော်မူသည်။ အရိုအသေပြုခြင်း စသည်မလုပ်ဘဲ မနေနိုင်၊ လုပ်ချင်လာရသည်၊ ထိုမျှလောက် အကျင့်ကောင်းတော်မူသည်ဟု ဆိုလို၏။ ဤနေရာ၌ 'မဟာမိတ္တ'ခေါ် 'အယျမိတ္တမထေရ်' အကြောင်းကို အနည်းငယ် ဖော်ပြသင့်၏။

ထိုမထေရ်အကြောင်း( 'ဒီ+ဋ္ဌ-၂၊ ၃၇၉၊ မ-ဋ္ဌ-၁၊ ၂၉၀၊ သံ-ဋ္ဌ-၃၊ ၁၉၆၊အင်္ဂုတ္တရ-ဋ္ဌ-၁၊၃၉၃' စသည်တို့၌) အဋ္ဌကထာဆရာကြီးက 'ပြည်သူ့ဆွမ်းတလုပ်နှင့် ရဟန်းဘဝ'ကို သာဓက တင်တော်မူထားသည်။

## ဆင်းရဲသားဆွမ်းတလုပ်နှင့် မဟာမိတ္တထေရ်

သီဟိုဠ်သာသနာ ထွန်းကားစဉ်က 'မဟာမိတ္တထေရ်' ဟူ၍ ရှိခဲ့ဘူး၏။ 'ကဿက'ခေါ်သော လိုဏ်ဂူ၌ သီတင်းသုံးသည်။ ထိုလိုဏ်ဂူတောကျောင်းနှင့် မလှမ်းမကမ်းရှိ ဆွမ်းခံရွာမှ သူဆင်းရဲသားအမိသည် မဟာမိတ္တအားသားတမျှ ကြည်ညိုကြသည်။

တနေ့သောအခါ မိခင်ကြီးသည် တောသို့သွား၍ အလုပ်လုပ်ရန် မထွက်မီ သမီးအား-

"သမီးရေ၊ သင့်မောင်တော်ကြီး ဆွမ်းခံကြွလာတော့ ဆန်ထမင်းကလေးချက်ပြီး နို့ရော၊ ထောပတ်တင်လဲရော လောင်းရစ်။ သမီးလဲ စားပေါ့"ဟုဆိုကာ တရိုတသေ ဖွပ်ရွေးထားသော ဆန်ဟောင်းနှင့် ထောပတ်တင်လဲများ သိမ်းထားသည့် နေမှုကိုပါ ပြောပြ မှာကြား၏။ ထိုအခါ သမီးက-

"မေမေကော စားပြီးပြီလား"

"အေး....၊ မေမေ မနေ့ကကျန်တဲ့ ထမင်းကြမ်းခဲကလေးကို ဆန်ပုန်းရည်နဲ့ စားလိုက်ပြီးပြီ"

"ဒါဖြင့် နေ့လယ်စာကော မေမေဘာနဲ့စားမှာလဲ၊ ဘာချက်ထားရမလဲ"

"သမီးရယ်၊ ဆန်ကွဲကလေးကို ဆန်ပြုတ်ကျိုထားပြီး ဟင်းရွက်ကလေး ခပ်ထည့်လိုက်ပေါ့၊ ဒို့သားအမိ ဒါဆို ပြီးတာဘဲ"ဟု သားအမိ အချီအချ ပြောဆိုနေကြသည်။

29.ဒုတိယအကြိမ်

မထေရ်လည်း ဆွမ်းခံကြွလာစဉ် သူဆင်းရဲသားအမိ ပြောဆိုနေသံကို(ဋီကာအလို အဘိညာဉ်တန်ခိုးဖြင့်) ကြားရ၏။ ရုတ်တရက်ခြေလှမ်းများ တန့်သွားကာ မိမိကိုယ်ကို ဆုံးမပြောဆိုနေမိသည်။

"မဟာမိတ္တ၊မင်းကြားရဲ့လား၊ သူ့ခမျာများ ထမင်းကြမ်း ထမင်းသိုးနဲ့ ဆန်ပုန်းရည်နဲ့ ထမင်းတထပ် ပြီးကြရတယ်။မင်းအတွက် ဆန်ထမင်းနို့ထောပတ် ဘင်လဲနဲ့ အကောင်းဆုံးလောင်းလှူဘို့စိတ်စောနေကြရှာတယ်။ ဒီလိုလှူတာဟာ မင်းဆီက လယ်ယာမိုးမြေ ရွှေငွေ ဥစ္စာ ဘာတွေကိုမှမြော်လင့်ပြီး လှူကြတာ မဟုတ်ဘူး။ ဆွေမျိုးတော်ကြလို့လဲ မဟုတ်။

"သူတို့ဟာလူနတ်နိဗ္ဗာန်ချမ်းသာသုံးပါးကိုသာ လိုချင်နေကြတယ်။ ကောင်းပြီ၊ သင်ကကော သူတို့လိုလားတဲ့ချမ်းသာကို ပေးနိုင်ပတဲ့လား။

"မဟာမိတ္တ၊မင်းဟာ ရာဂ ဒေါသ မောဟတွေ အပြည့်နဲ့ ဒီဆွမ်းကို မစားထိုက်တော့ဘူး၊ မင်း စဉ်းစား"

မဟာမိတ္တထေရ်လည်း ကြီးစွာသတိသံဝေဂဝင်ကာ ဆွမ်းခံရာမှပြန်ရောက်လျှင် ထိုဆွမ်းကိုလည်း မစားတော့ဘဲ သပိတ်ကိုအိပ်ရာအောက်၌ထိုးထားလိုက်တော့၏။ ကိုယ်ရုံသင်္ကန်းကိုလည်း သင်္ကန်းတန်းပေါ်တင်၍ လိုဏ်ဂူအတွင်းဝင်ကာ အပြတ်အသတ် တရားအားထုတ်တော်မူ၏။

"ရဟန္တာ မဖြစ်သမျှ ငါမထတော့ဘူး"ဟူ၍ပင် သန္နိဋ္ဌာန်ချလိုက်တော့သည်။

## စံတော်ပင် အရိယာ

နောက်တရက် နံနက်တွင် မထေရ်သည် လိုဏ်ဂူနန်းမှ ရွှင်လန်းကြည်အေးစွာ ထွက်တော် မူလာစဉ်–

"အို....အာဇာနည် ယောကျ်ားမြတ်၊ အသင်ယောကျ်ားမြတ်ကို ရှိခိုးပါ၏။ အာသဝေါ ကုန်ခန်း၍ ရဟန္တာဖြစ်တော်မူချေပြီ။ မြတ်သောအလှူကို ခံယူတော်မူထိုက်ပါပြီ။ အရှင်မြတ်တို့ကဲ့သို့သော အရိယာ သူတော်ကောင်းတို့ကို ပူဇော်လှူဒါန်းကြရသူများမှာ သံသရာ ဆင်းရဲကြီးမှ လွတ်ခွင့်ရကြပေတော့မည်ဘုရား။ အရှင်မြတ်အားရှိခိုးပါ၏"

လိုဏ်ဂူပေါက်အနီးရှိ သစ်ပင်မှ ရုက္ခစိုးကြီး၏။အသံကို ကြားရခါမှ သတိပြု ကြည့်တော်မူရာ 'ဆွမ်းခံကြွချိန် ရောက်နေပြီ' ဟု သိတော်မူလေသည်။

ဆွမ်းခံကြွတော်မူရာ ဆင်းရဲသား သမီးငယ်သည် ခါတိုင်းကဲ့သို့ပင် အမွန်အမြတ် ပြင်ဆင် စောင့်ကြို၍ လောင်းလှူ၏။

မဟာမိတ္တထေရ်၏ ထူးခြား ငြိမ်းအေးသော မျက်နှာတော်နှင့် ကိုယ်အမူအရာကို မျက်စိတဆုံးကြည့်၍ကျန်ခဲ့သည်။ မိခင်ကြီးတောမှ ရောက်လာ၍အကျိုးအကြောင်း မေးမြန်းသောအခါ သမီးက ခါတိုင်းနှင့်မတူ ထူးထူးခြားခြား သပ္ပါယ်ကြည်လင်နေပုံကို ပြောပြ၏။

"အင်း....ငါ့သားကြီး ရဟန္တာဖြစ်တော်မူလေမှကိုး" ဟုပြောဆိုကာ ဝမ်းမြောက်၍ မဆုံးကြတော့ချေ။

[အရှင်မဟာဗုဒ္ဓဃောသ စသော အဋ္ဌကထာ, ဋီကာဆရာကြီးများ စီထား၍ ကိုးကားပြဆိုခဲ့ကြသည်များကို စုပေါင်းလျက် အလားတူ'သီဟိုဠ်ခေတ်-စံတော်ဝင် အရိယာများ' အကြောင်း မကြာမီဖတ်ရှုကြည့်ညို ရပါလတ္တံ့။)]

## အရိယာပုဂ္ဂိုလ် ရှစ်ယောက်

ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ။

စတ္တာရိ=မင်္ဂဖိုအားဖြင့်၊ လေးပါးကုန်သော။ ယဒိဒံ ပုရိသယုဂါနိ=အကြင်ယောကျ်ားမြတ်အစုံတို့သည်။ အဋ္ဌ= အရေအတွက်အားဖြင့် ရှစ်ပါးကုန်သော။ ပုရိသ ပုဂ္ဂလာ= ယောကျ်ားမြတ်ခေါ်ဆို၊ အရိယာပုဂ္ဂိုလ်တို့ပါပေတည်း။

(အရကျက်ပါ)

[ဤစကားများကား ဂုဏ်တော်ပြ စကားများမဟုတ်။ အရိယာပုဂ္ဂိုလ်ခေါ်ဆိုရသော ယောကျ်ားမြတ် အာဇာနည်တို့ဟူသည် အစုံအစုံ ရေတွက်လျှင် လေးစုံဖြစ်၍ အရေအတွက်အားဖြင့် ရှစ်ယောက်ရှိသည်ဟု ဆိုလိုပေသည်။

လူအရိယာများကား အရိယာသာဝကဖြစ်သော်လည်း သံဃာတွင် မပါဝင်။ ပုထုဇဉ်ရဟန်းများမှာ အရိယာပင် မဟုတ်စေကာမူ သံဃာပင် ဖြစ်သည်။ အထူးမှတ်။

၁။ သောတာပတ္တိ မဂ်ပုဂ္ဂိုလ်။

၂။ သောတာပတ္တိ ဖိုလ်ပုဂ္ဂိုလ်။

၃။ သကဒါဂါမိ မဂ်ပုဂ္ဂိုလ်။
၄။ သကဒါဂါမိ ဖိုလ်ပုဂ္ဂိုလ်။
၅။ အနာဂါမိ မဂ်ပုဂ္ဂိုလ်။
၆။ အနာဂါမိ ဖိုလ်ပုဂ္ဂိုလ်။
၇။ အရဟတ္တ မဂ်ပုဂ္ဂိုလ်။
၈။ အရဟတ္တ ဖိုလ်ပုဂ္ဂိုလ်။

[(ဝေါဟာရမျှသာဖြစ်၍ သောတာပတ္တိမဂ်ရပြီးသည်နှင့် ချက်ခြင်းပင် သောတာပတ္တိဖိုလ် ပုဂ္ဂိုလ် ဖြစ်ရသည်။)]

## ၅—အာဟုနေယျော

၅။ ဘဂဝတော=ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏။ သော = သော သာဝက သံဃော = မဂ်ဖိုလ်လေးစုံ၊ ရေတုံရှစ်ဖော်၊ ထိုတပည့်သား အရိယာသံဃာတော်မြတ်အပေါင်းသည်။ အာဟုနေယျော= ယူဇနာများစွာ၊ ခရီးကွာလည်း၊ သွားလာဦးခိုက်၊ လှူဒါန်း ပူဇော်ထိုက်ပါပေ၏။ (အရကျက်ပါ)

(သဒ္ဒါနည်းအမြင်ဖြင့် အဓိပ္ပါယ်ရှင်းလင်းရလျှင် စကားများစွာရှည်လျား သွားပေလိမ့်မည်။ အဋ္ဌကထာ, ဋီကာအဖွင့်များကို ခြုံငုံသုံးသပ်၍ ပဓာနအကျဆုံးဟု ယူဆရသော အဓိပ္ပါယ်ကို ဖော်ပြခြင်းဖြစ်၏။

သိကြားမင်း ဇနီးမောင်နှံသည်ပင် တာဝတိံသာမှ လာရောက်၍ အရှင်မဟာကဿပအား ဆွမ်းလှူလာခဲ့ကြရဘူး၏။ ထိုကဲ့သို့သော အလှူခံ ပုဂ္ဂိုလ်မျိုးကို ရှေးက မရရှိခဲ့ကြဘူးသဖြင့် သာသနာပ ဒါနကြောင့် သိကြားမင်းဖြစ်ရသော်လည်း ကန်ခိုးအရှိန်အဝါ နည်းပါးနေကြသောကြောင့် ဖြစ်သည်။ (ဓမ္မပဒ-၄-၁၊ ရှင်မဟာကဿပ မထေရ် ဆွမ်းအလှူဝတ္ထု။)

## နံနံပေးလဲ များများရ

တဖန် မြတ်စွာဘုရားရှင်သည် ဝိသာခါ ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကျောင်းလွင်ပြင်၌ ဥပုသ်ပဝါရဏာပြုရန်, တညနေချမ်းတွင် ရဟန်းသံဃာများ ခြံရံ၍ နေတော်မူသည်။ တိတ်ဆိတ်ငြိမ်သက်၍ တရား အနှစ်

အသားပြည့်သော တပည့်သံဃာတော်ချည်း ဖြစ်သည်ကို တစိမ့်စိမ့်ကြည့်ရှုတော် မူကာ—

"အာဟုနေယျ စသော ဂုဏ်တို့နှင့် ပြည့်စုံသူများ ဖြစ်ပုံ၊ နည်းနည်းလှူလျှင်ပင် အကျိုးများများ ရစေနိုင်၍ များများလှူလျှင် အလွန်များစွာ အကျိုးရစေနိုင်ပုံ၊ ဖူးမြင်ရခဲသော ပရိသတ်မျိုးဖြစ်၍ ယူဇနာပေါင်းထောင်သောင်း ဝေးကွာသောအရပ်ကပင် ရိက္ခာထုပ်ထမ်းလျက် လာရောက်ဖူးမျှော်ပူဇော်ထိုက်ပုံ" စသည်ဖြင့် ချီးကျူးတော်မူခဲ့ဘူး၏။ (ဥပရိ–အာနာပါနသတိသုတ်)။

သောဏဒဏ္ဍ, ကူဋဒန္တ စသော ဗြာဟ္မဏပညာရှိကြီးများ အားလုံးကလည်း "အရှင်ဂေါတမဟာ ငါတို့က မသွားရဘဲ ငါတို့ဆီကို တမင်ရောက်လာတဲ့ အထူးဧည့်သည်တော်ကြီးဖြစ်လို့ ငါတို့က သွားရောက်ဖူးမျှော်ထိုက်တယ်။ နိုင်ငံရပ်ခြားတိုင်းတပါးကတောင်မှ သူ့ထံ လာရောက် ဆည်းကပ်နေကြရတယ်။ ယူဇနာတရာပင် ဝေးကွာပစေ၊ ရိက္ခာထုပ်(ထမင်းထုပ်) ထမ်းပြီး သွားရောက်ချဉ်းကပ်သင့်တဲ့ ပုဂ္ဂိုလ်မြတ်ကြီးဘဲ"ဟု ဝန်ခံချီးကျူးခဲ့ကြဘူး၏။ (သီလက္ခန္ဓဝဂ်)။

ယင်းသို့ ယူဇနာ မည်မျှပင် ကွာဝေးစေကာမူ သွားလာလှူဒါန်း ပူဇော်ရခြင်းဖြင့် အလှူဒါနအကျိုးကြီးအောင် ပြုလုပ်ပေးတော်မူနိုင်သော သီလ, သမာဓိ, ပညာဂုဏ်နှင့် ပြည့်စုံတော်မူသည့် သံဃာတော်ဟု ဆိုလိုပေသည်။

'အာဟုနေယျ' စသော ဂုဏ်ငါးမျိုးကား အကျိုးဂုဏ် ဖြစ်၍ 'သာမီစိပ္ပဋိပန္န'အထိ ဂုဏ်လေးမျိုးကား အကြောင်းဂုဏ်ဖြစ်သည်။)

## ၆–ပါဟုနေယျော

၆။ ဘဂဝတော=ဘုန်းတော်ကြီးသောမြတ်စွာဘုရား၏။ ဧသ=ဧသော သာဝကသံဃော = မဂ်ဖိုလ်လေးစုံ ရှေတုံရှစ်ဖော်၊ ထိုတပည့်သား အရိယာသံဃာတော် မြတ်အပေါင်းသည်။ ပါဟုနေယျော= အနီးရောက်လာ၊ ကြွသောခါလည်း၊ လွန်စွာကြိုတောင်း၊ ဧည့်သည်ကောင်းဟု၊ နှစ်ထောင်းကြည်နူး၊ ဦးဦးဖျား

29. ဒုတိယအကြိမ်

ဖျား၊ များစွာရှိသွတ်၊ အမြတ်ထွတ်ဆုံး၊ ညော့ဝတ်
အလှူကို၊ ခံယူတော်မူထိုက်၊ ပြုစု ပူဇော်ထိုက်ပါ
ပေ၏။ (အရကျက်ပါ)

## အထူး ညွှ့်သည်တော်ကြီး

(အာဟုနေယျ = ယူဇနာများစွာ ခရီးဝေးကွာ သော်လည်း သွားလာ ဦးခိုက် ပူဇော်ထိုက်ရုံမျှမက၊ ပါဟုနေယျ = မိမိတို့ထံမှောက်သို့ ကြွရောက်လာပြန်သောအခါတွင်လည်း အလွန်တရာ တွေ့ကြုံဆုံဆည်းရခဲသော အထူး ညော့်သည်တော်ကြီး' အဖြစ် အကောင်းဆုံး အမြတ်ဆုံး ညော့ဝတ်ပြုစုပူဇော် ထိုက်သည့် ပုဂ္ဂိုလ်မျိုး ဖြစ်သည်။

ဘဝပေါင်းများစွာ ကမ္ဘာပေါင်းအသင်္ချေ နေရသော်လည်း ထိုသို့ သော ညော့်သည်တော်မျိုးကို တွေ့ခဲလှ၏။ သံဃာရာ့အထူးညော့်သည်တော်ကြီး ပင်တည်း။ ထို့ကြောင့် ဦးဦးဖျားဖျားကို ကျေးမွေးပြုစု ပူဇော်ထိုက်၏။ မြတ်နိုးတနာ များစွာသော ရိုသေလေးစားခြင်းဖြင့် ပြုစုပူဇော်ထိုက်၏။ (ပ+အာ+ဟဝနိယ)။

သံဃာနှင့်ချိ၍ မဆိုထားဘိ၊ ယခုအခါ နိုင်ငံရပ်ခြားတိုင်းတပါး၌ သွားရောက် နေထိုင်ကြရသော ဗုဒ္ဓဘာသာဝင်တို့ အတွက် အထိုက် အလျောက် ထိုအဓိပ္ပါယ်ကို သဘောပေါက်နေကြသည်။ ထို့ကြောင့် မိမိ ထံမှောက်သို့ မကြွရောက်လာစေကာမူလည်း ဘုရားရှင်များ ပွင့်ထွန်းသော အခါမှသာ ကြုံကြိုက်ရသော သံဃာရာ့အထူးညော့်သည်တော်ကြီးဖြစ်၍ "မိမိ အတွက် အမြဲတမ်း အထူးညော့်သည်တော်ကြီးပါတကား" ဟု သဘောပိုက်၍ ထိုပုဂ္ဂိုလ်မျိုးနှင့် ထိုက်တန်အောင် ပြုစုပူဇော်သင့်သည်ပင်။

## ရဟန်းသံဃာ အိမ်ကြွလာ ငါးဖြာ လာဘ်ကောင်းမှန်

သီလ သမာဓိ ပညာနှင့် ပြည့်စုံသော သံဃာတော်များကို ဖူးမြင်ရခြင်း, ကြားနာရခြင်း, ပြုစုလှူဒါန်းရခြင်းသည် 'အကောင်းဆုံးသော မြင်ခြင်း၊ ကြားခြင်း၊ လာဘ်ဝင်ခြင်းပင် ဖြစ်သည်' ဟု ဟောတော်မူလေသည်။

(အင်္ဂုတ္တရ-၁၀၊ အနုတ္တရိယသုတ်)။

ထိုမျှသာမက–

(က) အရိယာသံဃာတော်အား ဖူးမြင်ရခြင်း။

(ခ) ‘အဘယ်အရပ်၌ သီတင်းသုံး လေသတဲ့’’ဟု တဆင့်စကား ကြားရခြင်း။

(ဂ) သွားရောက်ချဉ်းကပ်ခြင်း။

(ဃ) ‘ကျန်းမာတော် မူပါရဲ့လား အရှင်ဘုရား’ စသည်ဖြင့် မေးလျှောက် ဆည်းကပ်ပူဇော်ခြင်း။

(င) ထိုပုဂ္ဂိုလ်မြတ်၏ နေ့ညအလျောက် သီတင်းသုံး ပြုမူ၊ ဆုံးမပုံ စသည်တို့ကို အမြဲ သတိရ၍ နေရခြင်း။

စသည်တို့တွင် တခုခုသတိရရုံမျှဖြင့်ပင် ‘အလွန်ကျေးဇူးကြီးမားလှပေ၏’ဟု ဟောတော်မူလေသည်။ (မဟာဝဂ္ဂ–သီလသုတ်)။

ထိုမှတပါး-သီလရှိသော ရဟန်းသံဃာများ မိမိအိမ်သို့ကြွရောက်လာပါလျှင် လာဘ်ကြီးငါးမျိုး ရသည်မည်ပုံကို အောက်ပါအတိုင်း ဟောတော်မူခဲ့ဘူး။ (အင်္ဂုတ္တရ-၅၊ ကုလသုတ်)။

“ရဟန်းတို့၊ သီလရှိသော ရဟန်းတို့ ကြွရောက်လာသော အိမ်၌ အိမ်ရှင် ဒါယကာတို့သည် အကြောင်း ငါးမျိုးတို့ဖြင့် များစွာသော ကောင်းမှုကို တိုးပွားစေကုန်၏။ အဘယ် ငါးမျိုးတို့နည်း ဟူမူ—

၁။ သီလရှိသော ရဟန်းသည် အိမ်သို့ ကြွသည်ရှိသော် လူတို့မြင်၍ စိတ်ကြည်လင် (ရုံမျှဖြစ်) သောအခါ ထိုအိမ်သည် နတ်ပြည် ရောက်စေသော အကျင့်ကို ကျင့်သည် မည်ပေ၏။

၂။ ခရီးဦးကြိုဆိုကြ၊ ရှိခိုးကြ၊ နေရာထိုင်ခင်း ပေးကြသောအခါ ထိုအိမ်သည် မြင့်မြတ်သော အမျိုး၌ ဖြစ်စေသော အကျင့်ကို ကျင့်သည် မည်ပေ၏။

၃။ နေရာထိုင်ခင်း စသည်၌ နှမြောတွန့်တိုမှု (မစ္ဆရိယ) စိတ်အညစ်အကြေး ကင်းကွာသောအခါ ထိုအိမ်သည် တန်ခိုးကြီးစေသော အကျင့်ကို ကျင့်သည် မည်ပေ၏။

၄။ စွမ်းအားရှိသလောက် ခွဲဝေ လှူဒါန်းသော အခါ ထိုအိမ်သည် ဥစ္စာ ပေါများစေသော အကျင့်ကို ကျင့်သည် မည်ပေ၏။

၅။ မေးမြန်း လျှောက်ထား မှတ်သား နာယူကြသော အခါ ထိုအိမ်သည် အသိဉာဏ်ပညာ ကြီးပွား စေသော အကျင့်ကို ကျင့်သည် မည်ပေ၏။

"ရဟန်းတို့၊ သီလရှိသော ရဟန်းတို့ ကြွရောက်သော အိမ်၌ အိမ်ရှင် ဒါယကာတို့သည် ဤအကြောင်း ငါးမျိုးတို့ဖြင့် များစွာသောကောင်းမှုကို တိုးပွားစေကြပေကုန်၏"

၁။ ရဟန်းသံဃာ၊ အိမ်ကြွလာ၊ ငါးဖြာလာဘ်ကောင်းမှုန်။

၂။ မြင့်မြတ်အမျိုး၊ နတ်တန်ခိုး၊ ပွားတိုးဥစ္စာ၊ဉာဏ်။

## လူနှင့်ရောလွန်းသော ရဟန်း

သီလရှိသော ရဟန်းတော်များ အိမ်သို့ကြွလာတိုင်း ကုသိုလ်တိုးပွားရသော်လည်း ရဟန်းများ လူတို့နှင့် 'ချမ်းသာမကွဲ, ဆင်းရဲအတူ' (သဟသောကီ, သဟနန္ဒီ) အရောဝင်ခြင်းမျိုးကိုမူ မြတ်စွာဘုရား လိုလားတော် မမူချေ။ ထိုရဟန်းမျိုးကို 'ကုလူပက=အိမ်ကပ်ရဟန်း–လူစော်နံသောရဟန်း' ဟု ခေါ်သည်။

ထို အိမ်ကပ်ရဟန်းကား ငါးမျိုးရှိသည်။

၁။ အိမ်သူအိမ်သားဒကာဒကာမများနှင့်ချစ်ခင်ရင်းချာ ရင်းနှီးသူမဟုတ်ပါဘဲလျက် အရောတဝင် ခင်မင်ရင်းနှီးဟန် ဆက်ဆံသောရဟန်း။

၂။ မသက်မဆိုင် မပိုင်မစိုးဘဲလျက် ပိုင်စိုးပိုင်နင်း စီမံခန့်ခွဲသော ရဟန်း။

၃။ ကွဲပြားသူတို့ကို စေ့စပ်ရေးလုပ်ရန် သွားသော ရဟန်း။

၄။ (နားရင်းကပ်၍) တိုးတိုးပြောလေ့ရှိသောရဟန်း။

၅။ အတောင်းအရမ်းထူသော ရဟန်း။

ထိုရဟန်းမျိုးကို မြတ်စွာဘုရား ကြိုက်တော်မမူချေ။ အဘယ်ကြောင့်ဆိုသော် လူဒကာ,ဒကာမတို့၏ ချစ်ခင်မြတ်နိုးခြင်း၊လေးစားခြင်း၊ စိတ်နှလုံး

ကို ပွားစေခြင်းမရရှိနိုင်သောကြောင့်ပင်တည်း။အင်္ဂုတ္တရ-၅၊ကုလူပကသုတ်။)

လှူဒကာတို့ကလည်း ရဟန်းသံဃာတော်တို့ထံမှ သီလ သမာဓိပညာ ကုသိုလ် ရရေးမှတပါး အခြားမြော်လင့်ချက် တစုံတရာဖြင့် မချဉ်းကပ်ရ။ လှူပေါင်း မပေါင်းရ။ သာသနာဖျက်ရာရောက်၍ အလှူခံမီးအလောင် ခံရတတ်သည်။ အလွန်အပြစ်ကြီးလေးလှသော 'သံဃာကွဲပြားရေး' ကံကြီးကိုပင် လှူ ဆော် ကျူးလွန်မိတတ်သည်။)

## ၇-ဒက္ခိဏေယျာ

၇။ ဘဂဝတော ဘုန်းတော်ကြီးသောမြတ်စွာဘုရား၏။
သေ=ယေသော သာဝက သံဃော=မဂ်ဖိုလ်လေးစုံ၊
ရှစ်ဖော်၊ထိုတပည့်သား အရိယာ သံဃာတော်
မြတ် အပေါင်းသည်။ဒက္ခိဏေယျာ=တမလွန်ဘဝ၊
ကောင်းကျိုးရအံ့၊ရည်မြော်ငဲ့လျက်၊ ကံ့,ကံ့အကျိုး၊
ယုံကြည်ကိုးတိုင်း၊ တိုးပွားစေတတ်၊ အားကိုးအပ်
သဖြင့်။ မြတ်သော အလှူကို ခံယူတော် မူထိုက်ပါ
ပေ၏။ (အရကျက်ပါ)

('မြတ်သောအလှူကိုခံယူတော်မူထိုက်သူ'ဆိုသည်မှာအလှူဒါန အကျိုးကြီးအောင်၊ လှူသူမြော်မှန်းတိုင်း ချမ်းသာစီးပွား များပြားရရှိအောင် (သီလ, သမာဓိ,ပညာဖြင့်) ပြုလုပ်ပေးနိုင်သူဟု ယုံကြည်သူမှသာ မြတ်သောအလှူကို ခံယူထိုက်သူမည်၏။ ထို့ကြောင့် 'အရိယာသံဃာတော်တို့၌ ပေးလှူရသောအလှူသည် အလွန်အကျိုးများသည်'ဟု ရတနသုတ်စသည်၌ ဟောတော်မူ၏။

အထူးသဖြင့်'ဒက္ခိဏာ'ခေါ်သော အလှူသည် ကံ,ကံ၏ အကျိုးကို ယုံကြည်သော သူတို့ ပေးလှူသော ဒါနအားလုံးကိုပင် ခေါ်သည်။ ထိုသို့ လှူမှုလည်း 'ဥဒ္ဒဂ္ဂါ=အဆင့်ဆင့် တိုးပွား ကြီးမြတ်စေနိုင်သော အလှူ'ဟု ဆိုရ၏။ 'တမလွန်ဘဝကို ပဓာနဦးတိုက်သော အလှူဒါန'ဟု ဆိုသင့်သည်။

တမလွန်ကျိုးမြော်ကိုးရာတွင်လည်းမိမိအတွက်မြော်ကိုးခြင်းမျှကိုသာ ဆိုလိုသည် မဟုတ်။ မိမိနှင့်စပ်သော ကွယ်လွန် သူတို့အတွက် 'သက်ပျောက်၊ ရက်လည်၊ လွမ်းတရား၊ ဆွမ်းစင်၊ နှစ်ပတ်လည်'ခေါ်သော အလှူမျိုးလည်း အကျုံးဝင်လေသည်။ ထိုအလှူမျိုးသည် ယုံကြည်မှုကို အခြေခံ ထားရသော အလှူဖြစ်၍'သဒ္ဓ=သေသူအတွက် ရည်စူးသော အလှူ'ဟု ခေါ်ရသည်။

ထိုမျှလောက် အရေးကြီးသော အလှူဒါန(ဒက္ခိဏာ)အတွက် သေချာပေါက် အကျိုးရှိအောင် လုပ်ပေးနိုင်သော အလှူခံပုဂ္ဂိုလ်မှာ သာမညအလှူခံမျိုးမဖြစ်ထိုက်။ထို့ကြောင့်အရိယာ သံဃာတော်ကိုသာ 'ဒက္ခိဏေယျ' ဟုဆိုရသည်။ သို့မှသာလည်း ကြီးပွားတိုးတက်သော အလှူဖြစ်နိုင်၏။

အလှူ စင်ကြယ်အောင်ပြုပုံ=ဒက္ခိဏာဝိဘင်၊ ကွယ်လွန်သူအတွက် အလှူ=ပေတဗလိလုပ်ထုံးများကို 'တမလွန်–အခန်း' ကျမှအကျယ်ပြမည်။)

## ဂ–အဉ္စလိ ကရဏီယော

ဂ။ ဘဂဝတော=ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏။ သေ = သော သာဝက သံဃော= မဂ်ဖိုလ်လေးစုံ၊ ရေတွက်ရှစ်ဖော်၊ထိုတပည့်သားအရိယာသံဃာတော်မြတ် အပေါင်းသည်။ အဉ္စလိကရဏီယော = ဆယ်ဖြာလက်ချောင်း၊ ထိပ်ဝယ်ပေါင်း၍၊ ညွတ်ပျောင်းမာန်ချိုး၊တည်ငါးမျိုးဖြင့်၊ရှိခိုးခြင်းငှာထိုက်တန်တော်မူပါပေ၏။ (အရကျက်ပါ)

## ဘုရားရှိခိုး လက်ငင်းကျိုး

(လောကဦမိမိတို့သက်ငင်ယုံကြည်ရာအလိုက်ရှိခိုးနေကြသော်လည်း မြတ်စွာဘုရားရှင်က 'ဒါကမှတကယ့်ရှိခိုးထိုက်သူ'ဟုညွှန်ပြတော်မူခြင်းဖြစ်၏။

ရှိခိုးခြင်းသည် ကိုယ်ဖြင့်ရှိခိုးခြင်း, နှုတ်ဖြင့်ရှိခိုးခြင်း, စိတ်ဖြင့် (စိတ်ထဲက) ရှိခိုးခြင်းဟု သုံးမျိုးရှိသည်။ ဤ၌ **ကာယပဏာမ**= ကိုယ်ခန္ဓာဖြင့် (ကိုယ်ထိလက်ရောက်) ရှိခိုးခြင်းမျိုးဟု ဆိုလိုသည်။ နှုတ်, စိတ်တို့ဖြင့် ရှိခိုးခြင်းမှာ အဆင့်အတန်းမြင့်လာသူတို့၏အလုပ်ဖြစ်၏။တခုထက်တခု သိမ်မွေ့သွားသည်။ထို့ကြောင့်ကိုယ်ထိလက်ရောက်ရှိခိုးမှုကို ပထမဆုံး အချိုးကျကျ သင်ပြ လေ့ကျင့်ကြရသည်။

ရှိခိုးခြင်းဟူသည် လောဘ ဒေါသ မာန်မာနကို နှိမ်ချိုးပယ်သတ်ခြင်း ဖြစ်ရုံသာမက ရဟန်းသံဃာ(ရတနာသုံးပါး)ကိုရှိခိုးခြင်းသည်အတိုင်းမသိသော ကောင်းကျိုးချမ်းသာများကို ရရှိစေနိုင်၏။

လောက၌ ကုသိုလ်ကောင်းမှုပြုတိုင်း ယခုဘဝ ဒိဋ္ဌလက်ငင်း အကျိုးပေးနိုင်သော အလှူမျိုးသည် ရခဲလှပေ၏။ 'ဒိဋ္ဌဓမ္မ ဝေဒနိယကံ=လက်ငင်းယခုဘဝအကျိုးပေးသောကံ' ဟူ၍ခေါ်ကြသည်။ သို့ရာတွင်ထိုကံဖြစ်မြောက်ရန်မှာ အချက်လေးချက်နှင့် ပြည့်စုံရသည်။ပြည့်စုံမှ အကျိုးရသည်။

၁။ အလှူခံပုဂ္ဂိုလ်က အနာဂါမ်ဖြစ်စေ။ ရဟန္တာဖြစ်စေ တဦးဦး ဖြစ်ခြင်း၊

၂။ အနာဂါမ်'ရဟန္တာပင်ဖြစ်စေကာမူဖလသမာပတ်(တောက်လျှောက်တရားနှလုံးသွင်းနေရာ)မှ ယခုထွက်ကြလာခိုက်ဖြစ်ရခြင်း။

၃။ ပေးလှူရမည့်ပစ္စည်းက တရားသဖြင့် ရှာဖွေရရှိထားသော ပစ္စည်းမှန်ရခြင်း၊

၄။ မလှူမီ, လှူဆဲ, လှူပြီး တသန့်တည်း ကျေနပ်ဝမ်းမြောက်မှု (စေတနာသုံးတန်)ညီရခြင်း။

ဤအင်္ဂါ(အချက်) လေးချက်နှင့် ပြည့်စုံသော အလှူကောင်းမှုမှသာ ယခုဘဝ၌ လက်ငင်းအကျိုးရသည်။

(ဓမ္မပဒ-ဋ္ဌ၊၂၊၅၉-သုခ သာမဏေဝတ္ထု။)

သို့သော် ထိုအလှူမျိုးဖြစ်ရန်ကား ခဲယဉ်းလှပေ၏။

ထိုအင်္ဂါလေးချက်မပါဘဲ ယခုဘဝ၌ပင် ဒိဋ္ဌလက်ငင်း အကျိုးရသောကုသိုလ်ကား မရှိတော့ပြီလော။ရှိပေ၏။ဘုရားရှိခိုးခြင်းပင်တည်း။

ဘုရားရှိခိုးခြင်း ဟူသည် တရားတော်ကိုရော၊ ဘုရား အမှူးရှိသော သံဃာတော်ကိုပါ စိတ်ရောက်အောင် ရှိခိုးတတ်ဘို့ကား လိုပေသည်။

ထိုသို့ရှိခိုးနိုင်ပါမူ အလှူခံ (ရှိခိုးခံ) ပုဂ္ဂိုလ်အတွက် ဆိုဘွယ်ရာမရှိ။ လှူဘွယ်ပစ္စည်းလည်းမပါရှိ၍ စိစစ်ရန်မလို။

မိမိ၏ ထက်သန်သော စေတနာ, ယုံကြည်ခြင်းသဒ္ဓါ၏ လေးနက်မှု ရှိ-မရှိ တခုတည်းကသာ အဖြေပေးပေလိမ့်မည်။

စေတနာ သဒ္ဓါတရားများ လေးနက် ထက်သန်သလောက်အန္တရာယ်များ ချက်ခြင်းငြိမ်းပျောက်မည်။ ကောင်းကျိုးချမ်းသာများ လက်ငင်းဒိဋ္ဌ ခံစားကြရပေလိမ့်မည်။ ထို့ကြောင့် ဘုရားရှိခိုးရသောကုသိုလ်သည် အလွန်အားရ ကျေနပ်သင့်သော ကုသိုလ်ဖြစ်သည်။

(သီလက္ခန်ဋီကာသစ်နှင့်မဏိသာရမဉ္ဇူ၊ဋီကာကျော် ပဏ္ဏာမများ။)

## ဒီဃာဝု=သတို့သားကလေး မောင်သက်ရှည်

ဘုရားရှင် လက်ထက်တော်က နေ့ညချက်ခြင်း သေဘေးကြီး ဆိုက်ရန် ကံပါလာသော 'ဒီဃာဝု သတို့သား'သည် ဘုရားအမှူးရှိသောသံဃာတော်များကိုရှိခိုးရသဖြင့်သေဘေးမှ လွတ်ကာအသက်၁၂၀-ရှည်ခဲ့ဘူး၏။အသက် သိက္ခာဂုဏ်ဝါကြီးသူနှင့် ရဟန်းသံဃာ ရတနာသုံးပါးအား ရှိခိုးသူတိုင်း-

အာယု=(အသက်ရှည်ခြင်း၊)
ဝဏ္ဏ=(အဆင်းလှခြင်း၊)
သုခ=(ရောဂါကင်း၍ ကိုယ်ရောစိတ်ပါ ချမ်းသာခြင်း၊)
ဗလ=(ကိုယ်လက်ကြံ့ခိုင်၍ အားခွန်ဗလ ကြီးခြင်း၊)
ပဋိဘာဏ=(အသိဉာဏ်အား ကြီးမားခြင်း။)

ဤအကျိုးများ ရကြောင်းကိုလည်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့၏။ (ဓမ္မပဒ-ဌ၁၁ ။ဒီဃာဝု သတို့သားဝတ္ထု။)

ထိုကျမ်းဂန် စကားများကို အားကိုး အားထားပြု၍ ကမ္မဋ္ဌာန်းတရား ရှုပွားနေသော ဆရာတော်ကြီးတပါးက-

"ငါတို့တော့နေ့စဉ်မှန်မှန် ဘုရားရှိခိုးရသကွ။ဒါမှအသက်ရှည်ရှည်နဲ့ သာသနာပြုနိုင်မှာ"ဟူ၍ မိန့်တော်မူသည်ကို မှတ်သားရဘူး၏။

ဘုရားရှိခိုးခြင်း ကုသိုလ်သည် ဤမျှ တန်ဘိုးကြီးမြတ်လှပါပေသည်။ ဤစာအုပ်ရှေ့ပိုင်း၌ ဖေါ်ပြခဲ့သော ပုဂ္ဂိုလ်များ ဘေးရန်အမျိုးမျိုးမှ လွတ်ကင်း၍ ချမ်းသာကြရသည်ကိုလည်း အားကျထိုက်ကုန်၏။

## ရှိခိုးရမှာ ရှက်ကြောက်နေသူများ

ရှိခိုးရခြင်း၏ကောင်းကျိုးစီးပွားကိုပသိမြင်ကြသဖြင့် ရှိခိုးရမှာရှက်,ကြောက်နေသူများ ရှိတတ်ကြ၏။

ဘုရားဖြစ်တော်မူစ သာကီဝင် ဆွေတော်မျိုးတော်များပင် ကိုယ့်တူကိုယ့်သားကို ရှိမခိုးနိုင်ခဲ့ကြပေ။ ဘုရားရှင်ထံ လာကြသောအခါ ကလေးငယ်များကိုသာ ရှေ့တန်းတင် ရှိခိုးစေ၍ လူကြီးများကမူ နောက်ပိုင်းက ခို၍ နေခဲ့ကြဘူး၏။

နာမည်ကျော် သောဏဒဏ္ဍ ပုဏ္ဏားကြီးသည် ဗြာဟ္မဏ ဘာသာမှ ဗုဒ္ဓဝါဒသို့ ကူးပြောင်းပြီးစ ရှိခိုးရန် ဝန်လေး နေခဲ့ရရှာ၏။ "တကယ့်

ဗြဟ္မဏပဏ္ဍိတ် အဖိုးကြီးက ကိုယ့်မြေးလောက်ရှိတဲ့ အရှင်ဂေါတမကို ရှိခိုးသတဲ့”ဟု ပြောဆိုကြမည်ကို ကြောက်လန့်နေ၏။ ဗြာဟ္မဏဘာသာဝင်များနှင့် ကင်းကွာသွားကာ စီးပွားရေး စသည် ဆုတ်ယုတ်သွားမည်ကိုလည်း စိုးရိမ်နေရှာ၏။

ထို့ကြောင့်မြတ်စွာဘုရားရှင်အား အိမ်ပင့်၍ ဆွမ်းကျွေးပြီးနောက်–

“မြတ်စွာဘုရား၊ တပည့်တော် ․ ပရိသတ်ထဲ ရောက်နေတဲ့ အခါ နေရာမှ ထပြီး ခရီးဦး ကြိုဆိုရှိခိုးလျှင်ကဲ့ရဲ့ကြပါလိမ့်မယ်။ နေရာမှ လက်အုပ်ချီတာကိုမြင်လျှင် ထပြီး ခရီးဦးကြိုဆို ရှိခိုးတယ်လို့ မှတ်ယူတော်မူပါ။

“ပရိသတ်ထဲကနေပြီး ခေါင်းပေါင်းချွတ်ပြလိုက်လျှင်လဲ ဦးခေါင်းဖြင့် ရှိခိုးတယ်လို့ မှတ်ယူတော်မူပါ။ ယာဉ်ရထားနဲ့ ခရီး သွားခိုက်ဖြစ်နေပါလျှင်လဲ ဆင်းပြီး ရှိခိုးလျှင် ကဲ့ရဲ့စရာရှိပါတယ်။ ရထားပေါ်ကနေ ထီးရုပ်တာ၊နှင်တံ(တံပြာ) ကလေး မြှောက်ပြလိုက်တာမြင်လျှင်လဲ “ရှိခိုးတယ်လို့ဘဲ မှတ်ယူတော်မူပါ”ဟု စိုးရိမ်တကြီး လျှောက်ခဲ့ဘူးလေသည်။

(သီလက္ခန္ဓဝဂ်။)

## ပွဲဦးထွက် ယဉ်ကျေးမှု မင်္ဂလာကြီး

ရှိခိုးရခြင်း၏ ကောင်းကျိုးကို မသိသေးသူများမှာ ယခုအခါတွင်လည်း ရှုံးတိုးရှန့်တန့်ဖြစ်ကာ အကြောင်းအမျိုးမျိုးကြောင့် ရှိခိုးရန် ဝန်လေးနေရှာကြသည်။

ပထမဆုံး လိုက်နာရမည့် ကာယကံမြောက် ရှိခိုးခြင်းကို မယုံမရဲ လုပ်နေပါလျှင် အခွင့်ကောင်းကြီးများ လက်လွတ် သွားတတ်ပေသည်။ ရှိခိုးခြင်းသည် ဗုဒ္ဓဝါဒတွင် ပွဲဦးထွက်ခံယူရမည့် ယဉ်ကျေးမှုကြီးပင်တည်း။

မြတ်စွာဘုရား သာသနာတော်၌ မိမိထက် အသက်သိက္ခာ ဂုဏ်ဝါကြီးသူကို ရှိခိုးဦးချ၍ အရိုအသေ ပေးရသည်မှာ မင်္ဂလာကြီးပင်တည်း။

သာကီဝင်မင်းသားတို့သည် တသုတ်တည်းစုပေါင်း၍ရဟန်း ပြုလာကြစဉ် သူတို့၏ဆတ္တာသည်(ခေါင်းရိတ်သမား)ဉပါလိလည်း မင်းသားများနှင့်အတူ ရဟန်းပြု၏။ဉပါလိက အလျှင်သိမ်ဝင်ရသဖြင့် တရက်ထဲရဟန်းပြုသူများ ဖြစ်စေကာမူ မင်းသားရဟန်းများအားလုံးက ဉပါလိကို ရှိခိုးကြရသည်။

ယနေ့ပင် ရဟန်းပြုသော ပုထုဇဉ်ရဟန်းငယ်ကို ရဟန္တာ ဖြစ်သော ဧဟန်းမိန်းမများက ရှိခိုးကြရ၏။ လူအရိယာများ ဆိုဘွယ်မရှိ။ သံဃာ တော်၏ဂုဏ်သည်ကြီးမြတ်လှပေသည်။ သံဃာတွင် လူအရိယာများ မပါ ဝင်နိုင်ချေ။ လူအရိယာသည်အရိယာသာဝကဖြစ်သော်လည်းသံဃာမဟုတ်။ (အင်္ဂုတ္တရ–၁၊အဋ္ဌရာသသံဃာတဝဂ်အဖွင့်နှင့် ဝိနည်း)။

## ရှိခိုးထိုက်သူနှင့် ရှိခိုး၍ မဝသူ

လောကဥ္စ အယူဝါဒနှင့်စပ်၍ 'သူ့ဆရာ ကိုယ်ရှိမခိုးနိုင်၊ ကိုယ့်ဆရာ သူ ရှိမခိုးနိုင်'သော အယူဝါဒခြားသူများအချင်းချင်း အတူတကွ နေကြရသော ဒုက္ခလည်း မသေးလှပါချေ။

ထိုကိစ္စနှင့်စပ်၍ အနာထပိဏ်သူဌေးကြီး၏သမီး 'စူဠသုဘဒ္ဒါ' သည် မိစ္ဆာဒိဋ္ဌိဥဂ္ဂသူဌေးသားနှင့် အိမ်ထောင်ကျသွားရာ မိစ္ဆာဒိဋ္ဌိဘုန်းကြီးများ ကို ရှိမခိုးနိုင်၍ ယောက္ခမနှင့် စကားများကြရသည်။

"သင်ရှိခိုးသော ဘုန်းကြီးများဟာ ဘယ်လို အမျိုးအစားလဲ" ဟု ယောက္ခမကြီးက မေး၍–

"လောကဓံရှစ်ပါးကြောင့် ပြောင်းလဲခြင်းမရှိ၊ တည်ငြိမ်အေးချမ်းပုံ၊ အတွင်းရေ အပြင်ပါ ဖြူစင်မြင့်မြတ်ပုံ" စသည်များကို ပြန်လည် ပြောပြ သည်မှာ မှတ်သားဘွယ်ကောင်း လှပါပေ၏။

"ဒါမှ ရှိခိုးထိုက်သော ပုဂ္ဂိုလ်များဖြစ်ပါတယ်" ဟု ပြောဆိုလိုက် ခြင်းပင် ဖြစ်လေသည်။

(ဓမ္မပဒ–၄–၂၊ စူဠသုဘဒ္ဒါဝတ္ထုနှင့် အင်္ဂုတ္တရ–၄–၂၊ ကာဠကာရာမ သုတ်အဖွင့်၌ အကျယ်ရှုပါ။)

သိကြားမင်းကြီးသည် ရထားထိန်းမာတလိနှင့်၊အပျော်ခရီးထွက်ခါ နီး ဝေဇယန္တာပြာသာဒ်မှ အထွက် ရဟန်းသံဃာတော်များကို လှမ်း၍ ရှိခိုး သည်ကို မာတလိက–

"နတ်မင်းကြီး ဖြစ်ပါလျက် အမိဝမ်းပုပ်ခေါင်းမှာ အောင်းပြီး ယုတ်ညံ့သော လူသားများကို ဘာလို့ ရှိခိုးရသလဲ။ သင်မင်းကြီး ရှိခိုးတဲ့ သံဃာတော်ဆိုတာ ဘယ်သိုဟာလဲ" ဟု မေးမြန်းလေ၏။

ထိုအခါ သိကြားမင်းက မာတလိအား–

"မာတလိ သံဃာတော်ဆိုတာ အိမ်ရာမထောင်ဘဲ တောထဲမှာ နေ

တယ်။အိုး၊တောင်း၊ကျိ၊ကြမထား သွင်းခံစားကြတယ်။ အညီအညွတ်ပြောဆိုတိုင်ပင်ကာ ဆိတ်ငြိမ်အေးဆေးစွာ နေထိုင်ကြတယ်။

"သတ္တဝါတွေဟာ တဦးနှင့်တဦး ခိုက်ရန်ဆန့်ကျင်ကြတယ်။နတ်တွေတောင်မှ အသုရာတွေနဲ့ ရန်ဖြစ်ကြရသေးတယ်။ သံဃာတော်တွေဟာ (အချင်းချင်း ရန်ဖြစ်ထိပါးနေကြတဲ့ သတ္တဝါဘွေအကြားမှာ)ခိုက်ရန်ပမူ၊လက်နက်ကို စွန့်လွှတ်ထားပြီးကြသူတွေဘဲ။

"တွယ်တာစရာများလှတဲ့ဘဝ၊ တွယ်တာနေကြသူများ အကြားမှာဘာကိုမှ တွယ်တာခြင်းမရှိကြဘူး မာတလိ။ ဒါကြောင့် ငါရှိခိုးတယ်"ဟု ပြန်လည် ပြောပြဘူး၏။

ထိုမျှသာမက၊ အိမ်ယာတည်ထောင် လူ့ဘောင်၌ နေသူများပင် "ရတနာသုံးပါးကို ဆည်းကပ်၍ တရားသဖြင့် သားပယားကို ပြုစုလုပ်ကျွေးလျက် ဒါန သီလ ဘာဝနာရှိလျှင်"သိကြားပင်းသည် ရှိခိုးခဲ့ဘူးလေသည်။
(သဂါထာသံယုတ်)

ရဟန်းသံဃာ ရတနာသုံးပါး၏ကျေးဇူးကို သိသူတို့ကား ရှိခိုး၍ပင် အားမရ မရောင့်ရဲနိုင်ကြတော့ပေ။ ရှိခိုးရခြင်း၏ အကျိုးကျေးဇူးမှာလည်း အလွန်မြင့်မြတ်လှပါပေ၏။

## ရှိခိုးတတ်ကြရဲ့လား

ရှိခိုးခြင်းသည် ဗုဒ္ဓဝါဒ၌ ပထမဆုံး လိုက်နာရမည့် ပွဲဦးထွက် မင်္ဂလာယဉ်ကျေးမှုကြီးဖြစ်၍ ကျေးဇူးကြီးမြတ်ပုံကိုလည်း သိကြရပြီ။

"ရှိခိုးကော ရှိခိုးတတ်ကြပါရဲ့လား" ဟုဆိုလျှင် အံ့အားသင့်စရာဖြစ်နိုင်၏။ သို့သော် ဘုရားအနီး၌ ယုယုပ်ထားသော နတ်ပြဟ္မာရုပ်များရှိခိုးသကဲ့သို့ 'အနုပညာရှိခိုး၊ အလှရှိခိုး' မှု တွေ့ကသာ များ၍ ဌာန်ကရိုဏ်းကျကျ ရှိခိုးတတ်သူ၊ ရှိခိုးနိုင်သူကား ရှားပေလိမ့်မည်။

'ရှိခိုးခြင်း' ဟူသည် လက်နှစ်ဖက်ကို ကိုးယိုးကားယားမရှိ၊ ညီညီညွတ်ညွတ် သွဲ့သွဲ့ပျောင်းပျောင်းပြု၍ ဦးခေါင်းထိပ်အပြင်၌ တင်ထားခြင်းပင်ဖြစ်၏။ ကြာဖူးကြာငုံများ တင်ထားသကဲ့သို့ ရှိစေရမည်။

ထို့ကြောင့် 'စိန္တကျော်သူ ဦးသြ'က သူ၏ 'နမက္ကာရဘုရားရှိခိုး'တွင်
"ရှိကြာ လက်မုံ၊ ထိပ်ထိယ်ငုံ၍' ကြည်ယုံစေတနာ၊
ရှိခိုးပါ၏။ လက်ဆယ်ချောင်းဆိုင်၊ ရှိကြာခိုင်ဖြင့်၊ လှိုင်လှိုင်

30.ဒုတိယအကြိမ်

စေတနာ ရှိခိုးပါ၏။” စသည်ဖြင့် ကဗျာဆန်ဆန် အနက်ပြန်ခဲ့လေသည်။

မတ်တပ်ရပ်၍ ရှိခိုးခြင်းကို ရဟန်းသံဃာများနှင့် အကျဉ်းအကျပ် လမ်း၌ တွေ့သောအခါမျိုးတွင် ပြုလုပ်သင့်သည်။ ပြုလုပ်သောအခါလက်အုပ်ကို ‘အနုပညာရှိခိုး’ အလှရှိခိုး’ မျိုး ရင်ခေါင်းလောက်သာ ချီ၍ မထားဘဲ ကိုယ်ကို အနည်းငယ်ကိုင်းညွတ်လျက် လက်အုပ်ကို ငယ်ထိပ်အထိ တင်ချီ၍ ရှိခိုးရမည်။ ထိုင်၍ ရှိခိုးသာလျှင် ထိုင်၍ ရှိခိုးရမည်။ စိတ်ထဲက ကျေးဇူးတော် ဂုဏ်တော်ကို နှလုံးသွင်းနေရ၏။

## တည်ခြင်း(ထိခြင်း)ငါးပါး

ထိုင်၍ ရှိခိုးသောအခါ ‘ပုဆိန်ပေါက်’ ရှိခိုးခြင်း မဖြစ်စေရ။ ရိုသေစွာ ထိုင်၍ မြေကြီး၊ သို့မဟုတ် ကြမ်းပြင်၌ တည်ခြင်း (ထိခြင်း)ငါးပါးဖြင့် ထိစေရမည်။

‘ထိခြင်းငါးပါး’မှာ မြေကြီး, ကြမ်းပြင်ပေါ်၌–

(၁) ခြေ၊ (၄) တတောင်၊
(၂) လက်၊ (၅) ဒူး၊
(၃) နဖူး၊ ငါးမျိုးလုံး ထိစေရ၏။

ယင်းသို့ ထိခြင်းငါးပါးဖြင့် ရှိခိုးသည်ကို ‘ပဉ္စပတိဋ္ဌိတ ဝန္ဒနာ= ထိခြင်း ငါးပါးဖြင့် ရှိခိုးခြင်း’ဟု ဆိုရသည်။

(အင္ဂုနိပါတ်–အာဒိတ္တဇာတ်အဖွင့်၊ပဋိသမ္ဘိဒါမဂ် ဂဏ္ဌိပုဒ်၊သြဝါဒ သိက္ခာပုဒ်ဋီကာ၊ သာမညဖလ၊သိ၊ ဋီသစ်။)

ရဟန်းသံဃာတော်များ အပါးမှ ထပြန်မည် ရှိသောအခါတွင်လည်း လက်အုပ်ချီလျက် ကိုယ်ကိုရို့ရို့ထားကာ နောက်ဆုတ်နောက်ပြန် ငါးပေ သယ်ပေခန့် ဆုတ်ပြီးမှ မိမိလိုရာသို့ လှည့်၍ သွားရမည်။ နေရာမှ ထလျှင်ထချင်း ကျောပေးပြီးမပြန်ရ။(ယိုးဒယားလူမျိုးများမှာ ဒူးတုပ်လျက် လက်အုပ်ချီပြီး နောက်ပြန်ဆုတ်လေ့ ရှိကြသည်။)

အမျိုးသမီးများက ရဟန်းတော်များကို ရှိခိုးသောအခါ ရဟန်းတော်၏ ခြေဖမိုးကို ထိကိုင်၍ ရှိမခိုးကောင်း။ဆံပင်များကိုလည်း ဖြန့်ခင်း၍ ရှိမခိုးကောင်းချေ။

တရားပွဲ တရားနာယူကြသော အခါတွင်လည်း လက်အုပ်ချီ၍ နာယူရမည်။ အချို့ တင်ပြင်ခွေ၍ နာယူခြင်း၊ ပတ်တပ်ရပ်၍ နာယူခြင်း၊ ဦး ထုပ်ခေါင်းပေါင်းဆောင်းခြင်းများမှာ တရားတော်ကို လေးစားရာ မရောက်။ အထူး သတိပြုသင့်ကြပေသည်။

ရဟန်းတော်များပင်လျှင် တရားတောင်းပန်သောအခါ၊ နာယူသောအခါ ဟောပြောသော ရဟန်းက ကိုယ့်အောက်ငယ်စေကာမူ တရားနာသော ရဟန်းကြီးက ရှိခိုးရ၏။ သာသနာတော်၌ တရားကို ထိုမျှလောက် အလေးဂရုပြုကြရသည်။

ကျက်မှတ်ရန် လင်္ကာ

စေတနာသုံးတန်၊ ပစ္စည်းမှန်မျှ၊ နာဂါမ်ရဟန္တာ၊ ပုဂ္ဂိုလ်မှာလည်း၊ သမာပတ်မှ၊ ထွက်လာကြသိုက်၊ လှူရပြင်းသာ၊ လက်ငင်းကောင်းကျိုး၊ မောက်လျှံဖြိုး၏၊ ရှိခိုးရသူ၊ ထို့ဒဟုပင်၊ စင်ဖြူမနော၊ သဒ္ဓါဇော၏၊ သဘောလိုက်၊ ကောင်းကျိုးဆိုက်၍၊ ရန်ခိုက်ပြကင်း၊ မချွတ်ယွင်းဘဲ၊ လက်ငင်းဒိဋ္ဌ၊ ချမ်းသာရမည်၊ နေ့ညရှိုင်း သင့်ပြီကိုး။

## ၉–အနုတ္တရံ ပုညက္ခေတ္တံ လောကဿ

၉။ ဘဂဝတော=ဘုန်းတော်ကြီးသောမြတ်စွာဘုရား၏။ ဧသ= ဧသောသာဝက သံဃော = မဂ်ဖိုလ်လေးစုံ၊ ရေတုံရှစ်ဖော် ထိုတပည့်သား အရိယာ သံဃာတော်မြတ်အပေါင်းသည်။ လောကဿ = ရေပြင်,မြေပြင်၊ ဝေဟင်ပတ်ကုံး၊ တလောကလုံး၏။ အနုတ္တရံ = သီလ စသော ဂုဏ်တို့ကြောင့်၊ တစုံတယောက်သော သူနှင့်မျှ၊ မတူနိုင်းအပ်၊ အမြတ်ဆုံးဖြစ်တော်မူသော။ ပုညက္ခေတ္တံ =ဖူးမြင်ရုံမျှ၊ ချမ်းသာရ၍၊ ဒါနစေ့မျိုး၊ နည်းငယ်ပျိုးက။ ကောင်းကျိုးထွေထွေ၊ ဖြစ်ထွန်းစေသည့်၊ လယ်မြေယာ ကောင်းကြီးသဖွယ် ဖြစ်တော်မူပါပေ၏။ (အရကျက်ပါ)

## တလောကလုံး၏ စံပြခေါင်းဆောင်

(သံဃာတော်ဂုဏ်ကို အာရုံပြု နှလုံးသွင်းရသော 'သံဃာနုဿတိ' အကျိုးမှာလည်း ဘုရားဂုဏ်၊တရားဂုဏ်တို့နှင့် မထူးလှပြီ။

အထူးသဖြင့် သံဃာတော်ဟူသည် မြတ်စွာဘုရားရှင်၏ သာသနာတော်ကို တရားမှန်များဖြစ်ကြောင်း ကိုယ်ကျိုးစွန့်လွှတ်၍ ကျင့်ကြံပြကြကုန်သော ရှေ့ဆောင်လမ်းပြ ပုဂ္ဂိုလ်များဖြစ်ကုန်၏။ တရွာတမြို့ တခရိုင် တနိုင်ငံအတွက်မျှသာ မဟုတ်။ တလောကလုံးအတွက် 'စံပြခေါင်းဆောင်ကောင်းကြီးများ' ဖြစ်တော်မူကြသည်။

ထိုသံဃာတော်များ၏ မေတ္တာအာဏာစက် ကျရောက်ရာ ရပ်ရွာနိုင်ငံတိုင်း၌ ကိုယ်ချင်းစာတရား၊ လိမ္မာရေးခြားရှိခြင်း စသော လောကငြိမ်ဝပ်ပိပြားမှုအတွက်ပင် အစားထိုး၍ မရနိုင်သော 'ငြိမ်းချမ်းမှု ခေါင်းဆောင်ကြီးများ' ဖြစ်ကြကုန်၏။

တမလွန်ဘဝ ကောင်းစားရေးစသော လောကုတ္တရာကျေးဇူးဂုဏ်တို့ကိုမူ အဘယ် လူ၊နတ်၊ဗြဟ္မာတို့မှ မပေးစွမ်းနိုင်။ သံသရာနှင့်ချီ၍ အတုမဲ့ကောင်းကျိုးချမ်းသာတို့ကို ပေးနိုင်သူမှာ သံဃာတော် အရှင်မြတ်တို့သာလျှင် ဖြစ်ကုန်၏။

ထို့ကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ရဟန်းသံဃာတပါးပါး မမာမကျန်းရှိလျှင် ကိုယ်တော်တိုင်ပင် ပြုစုပေးတော်မူလေ့ရှိသည်။

"သူနာရဟန်းကိုပြုစုလျှင် ငါဘုရားကိုပြုစုတာနှင့် အတူတူဘဲ" ဟုပင် မိန့်တော်မူလေ့ရှိသည်။ (ဝိနည်းမဟာဝဂ္ဂ)

ထိုမှတပါး တစုံတရာ လှူဒါန်းဘွယ်များကိုလှူဒါန်းလာလျှင်လည်း–

"ဂေါတမီ၊ (ဤ သင်ကိုယ်တိုင်ယက်လုပ်သော သင်္ကန်းများကို) သံဃာတော်အား လှူချေ။သံဃာတော်ကိုလှူလျှင် ငါဘုရားကိုလဲ လှူရာရောက်ပေပြီ" ဟုမိန့်တော်မူသည်။

မြတ်စွာဘုရားရှင်သည်ပင် အရာရာ၌ မိမိထက် သံဃာတော်ကိုသာ ဦးစားပေးတော်မူလေ့ရှိ၏။

ထို့ကြောင့် ရတနာသုံးပါး၏ ကျေးဇူးဂုဏ်ကို အာရုံပြု ဆည်းကပ်ကြရာ၌ အခြေခံကျကျ၊ စနစ်ရှိရှိ၊ တန်ဘိုးသိသိဖြင့် ဆည်းကပ်နိုင်ကြရာ၏။

သံဃာရတနာပြီး၏

# ရတနဂုဏ်ရည်

ရတနာသုံးပါး၏ ကျေးဇူးတော် ဂုဏ်တော်ကို ပွားများခြင်း၊ ဘုရားရှိခိုးခြင်း၊ သစ္စာဆိုခြင်း၊ မေတ္တာပွားခြင်းကိစ္စတို့ကိုတပေါင်းတည်း တချိန်တည်း ပြီးစီးသဖြင့် အလွန်ခရီးရောက် အရေးပါသော ရတနဂုဏ်ရည် ဂါထာသုံးပုဒ်ကို အရကျက်၍နေ့စဉ် ရွတ်ဆို ပူဇော်ရန်ပြဆိုဦးအံ့။

မြတ်စွာဘုရား ရွှေနှုတ်တော်ထွက် ထိုဂါထာများ၏ တန်ခိုးအာဏာစက် အစွမ်းသတ္တိတို့ကား စကြဝဠာ ကုဋေတသိန်းတိုင်အောင် လွှမ်းမိုးရိုက်ခတ်၍ ကိန်းဝပ် သက်ရောက်ကုန်ကြ၏ ။

ပါဠိဂါထာနှင့်တကွ အဓိပ္ပါယ်ဖွင့်ဆိုသော စကားပြေများကိုပါ နှုတ်တက် အရကျက်၍ နေ့စဉ် ရွတ်ဆိုဝတ်တက်ပါလျှင် ရက်ပိုင်း အတွင်းမျှပင် မည်မျှအကျိုးကျေးဇူး ကြီးမားသည်ကို ကိုယ်တိုင် သိမြင်ကြပါလိမ့်မည်။

ကြိုးစားကျက်မှတ်၍ ရွတ်ဖတ် ပူဇော်ကြပါကုန်။

# ဗုဒ္ဓရတနာ

ယံ ကိဉ္စိ ဝိတ္တံ ဣဓဝါ ဟုရံဝါ၊
သဂ္ဂေသုဝါ ယံ ရတနံ ပဏီတံ။
နနော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဤလူ့ပြည် နဂါးပြည်, ဂဠုန်ပြည်, အသုရာပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်ဟု ဆိုအပ်သော ဤစကြဝဠာ ကမ္ဘာလောကဓာတ်၊အနန္တစကြဝဠာ အနန္တကမ္ဘာ လောကဓာတ်၌စိတ်နှလုံးအလိုကို ပွားစေတတ်သဖြင့် ကောင်းမြတ်သည်ဟုသတ်မှတ်၍ ထားအပ်ကုန်သော အမျိုးမျိုးသော သက်ရှိသက်မဲ့ အသုံးအဆောင် ရတနာတို့သည် ရှိကြပါပေကုန်၏။

ထိုအမျိုးမျိုးသော သက်ရှိသက်မဲ့ အသုံး အဆောင် ရတနာတို့တွင် တစုံတခုသော ရတနာသည်မျှ မြတ်စွာဘုရားနှင့်တူသော ရတနာမည်သည် မရှိ။

မြတ်စွာဘုရား တည်းဟူသော ရတနာ သည်သာလျှင် သတ္တဝါအပေါင်းတို့အား ဘေးရန်ကင်းပျောက် ချမ်းသာစစ် ချမ်းသာမှန်သို့ ရောက်အောင် ထုတ်ဆောင် ကယ်တင်တော်မူတတ်သဖြင့် ဤလောကဓာတ်တခုလုံး သက်ရှိသက်မဲ့ အသုံးအဆောင် ရတနာ အပေါင်းတို့တွင် အကောင်းဆုံး အသာလွန်ဆုံး အမွန်မြတ်ဆုံး အစစ်အမှန်ဆုံးသော အားထားရာဘုရားရတနာအစစ်ကြီးဖြစ်တော်မူပါပေသည်ဘုရား။

ဤသို့ ဟုတ်မှန်သော ဝစီသစ္စာ စကားကို ဆိုရခြင်းကြောင့် ကျွနုပ်တို့တအိမ်သားလုံး၊တရပ်ကွက်လုံး၊ တမြို့လုံး၊ တနိုင်ငံလုံး၊ တကမ္ဘာလုံးစကြဝဠာအနန္တ၌ရှိရှိသမျှ ကုန်းနေရေနေ ကောင်းကင်နေ သုခိတ, ဒုက္ခိတ သတ္တဝါအပေါင်းတို့သည် အချင်းချင်း ညီရင်းအကိုပမာ ချစ်ခင်ညီညွတ်မျှတစွာ ငြိမ်းချမ်းသာယာ ဝပြောကြပါစေ ကုန်သတည်း။

(ကျန်းမာကြပါစေ ကုန်သတည်း။ ချမ်းသာကြပါစေ ကုန်သတည်း။ ဘေးရန် ကင်းဝေးကြပါစေ ကုန်သတည်း။ ဆင်းရဲ ကင်းဝေးကြပါ စေကုန်သတည်း။ စိုးရိမ် သောက ကြောင့်ကြပူပန်ခြင်းကင်းဝေးကြပါစေကုန်သတည်း။ နှလုံး စိတ်ဝမ်း ချမ်းမြေ့ကြပါစေကုန်သတည်း။ သူတော်ကောင်း တရားတို့ကို ပွားများ အားထုတ် နိုင်ကြပါစေကုန်သတည်း ....ဟုလည်း ဆက်လက် ရွတ်ဆိုလျှင် ပို၍ကောင်း၏။)

# ဓမ္မရတနာ

ခယံ ဝိရာဂံ အမတံ ပဏီတံ
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်သည် အရဟတ္တဖိုလ် သမာဓိဖြင့် ရရှိခံစား ဟောကြား ထုတ်ဖော်တော်မူအပ် သော လောဘ၊ ဒေါသ၊မောဟ ချုပ်ပျက်၊တပ်မက်ကင်းရာ၊ မနာ အိုသေ၊ ခံစား လေတိုင်း၊ ကျေနပ်အားရ၊ တင်းတိမ် ရောင့်ရဲခြင်းမရှိအောင် ချမ်းသာအတိပြီးသော အသင်္ခတ ဓာတ် မြတ်သော နိဗ္ဗာန် ချမ်းသာ၊

ထိုနိဗ္ဗာန် ချမ်းသာနှင့် တူသော အခြားတပါး တရား မည်သည် မရှိ။

ထိုအသင်္ခတဓာတ် မြတ်သော နိဗ္ဗာန်ချမ်းသာ အငြိမ်း ဓာတ် အအေးဓာတ်ကြီးသည် သာလျှင် သတ္တဝါအပေါင်း တို့အား ဘေးရန်ကင်းပျောက် ချမ်းသာစစ် ချမ်းသာမှန် သို့ရောက်အောင် ထုတ်ဆောင် ကယ်တင်တော် မူတတ်သဖြင့်

31. ဒုတိယအကြိမ်

ဤလောကဓာတ်တခုလုံး ကောင်းမြတ်သည်ဟု သတ်မှတ်၍ ထားအပ်ကုန်သော တရားအားလုံးတို့တွင် အကောင်းဆုံး အသာလွန်ဆုံးအမွန်မြတ်ဆုံး အစစ်မှန်ဆုံးသောအားထားရာ တရား ရတနာ အစစ်ကြီး ဖြစ်တော်မူပါပေသည် ဘုရား။

ဤသို့ ဟုတ်မှန်သော ဝစီသစ္စာစကားကို ဆိုရခြင်းကြောင့် ကျွန်ုပ်တို့ တအိမ်သားလုံး၊တရပ်ကွက်လုံး၊ တမြို့လုံး၊ တနိုင်ငံလုံး၊ တကမ္ဘာလုံး၊ စကြဝဠာအနန္တ ရှိရှိသမျှကုန်းနေ ရေနေ ကောင်းကင်နေ သုခိတ,ဒုက္ခိတ သတ္တဝါအပေါင်းတို့သည် အချင်းချင်း ညီရင်းအကိုပမာ ချစ်ခင် ညီညွတ်မျှတစွာ ငြိမ်းချမ်းသာယာ ဝပြောကြပါစေကုန်သတည်း။

(ကျွန်ုပ်တို့၏ ကိုယ်၌ရှင်း၊ နှုတ်၌ရှင်း၊ စိတ်၌ရှင်း၊အတွင်းသန္တာန်၌ရှင်း၊ အပသန္တာန်၌ရှင်း၊ ကိုယ်နှုတ်စိတ် အတွင်း အပသန္တာန် ပတ်ဝန်းကျင်တို့၌ ကျရောက်ဆဲ ကျရောက်လတ္တံ့ဖြစ်ကုန်သော အန္တရာယ်ခပ်သိမ်း၊ ဘေးရန်ခပ်သိမ်း၊ ရောဂါခပ်သိမ်း၊ အနှောက် အယှက် ခပ်သိမ်း၊ အနိဋ္ဌရုပ် ဒုက္ခဝေဒနာ ခပ်သိမ်းတို့သည် ပိန်းကြာဖက်တွင် ရေမတင် လျှောကျသကဲ့သို့ အမြစ်အရင်းနှင့် တကွ ဤယခု အချိန်မှစ၍ လျှင်မြန်စွာ ချုပ်ငြိမ်းပပျောက်ကြပါစေကုန်သတည်း။)

## သံဃရတနာ

ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသဋ္ဌာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဘုရားအစရှိသော သူတော်ကောင်း တို့သည် ချီးမွမ်းတော်မူအပ်သော သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဟု ဆိုအပ်သော မဂ္ဂဋ္ဌာန်, ဖလဋ္ဌာန် ရှစ်တန် ထင်ပေါ်မြတ်စွာဘုရားရှင်၏ တပည့်သား သံဃာတော်အရိယာအရှင်ကောင်း အရှင်မြတ်တို့သည် သတ္တဝါအပေါင်းတို့၏ ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်း သဖွယ် ဖြစ်တော်မူ၍ မြတ်သောအလှူကို ခံယူချီးမြှောက်တော်မူကြပါပေကုန်၏။

မြတ်စွာဘုရား ဟောညွှန်ကြားတိုင်း ရိုးသားဖြောင့်မှန် မသွေလှန်ဘဲ ကျင့်ကြံ လိုက်နာတော်မူကြပါပေကုန်၏။

ထိုသောတာပန်, သကဒါဂါမ်'အနာဂါမ်, ရဟန္တာဟု ဆိုအပ်သော မဂ္ဂဋ္ဌာန်,ဖလဋ္ဌာန် ရှစ်တန်ထင်ပေါ် မြတ်စွာဘုရားရှင်၏ တပည့်သား သံဃာတော် အရိယာ အရှင်ကောင်း အရှင်မြတ်တို့အား ပေးလှူရသော အလှူဒါနသည် တဇွန်းတယောက်မ အနည်းငယ်မျှပင် ဖြစ်စေကာမူလည်း လူ, နတ်, နိဗ္ဗာန် သုံးတန်ချမ်းသာ များမြတ်သော အကျိုးကို ပေးခြင်း သဘော လက္ခဏာ ရှိပါပေ၏၊

ထို့ကြောင့် သောတာပန်,သကဒါဂါမ်,အနာဂါမ်, ရဟန္တာဟုဆိုအပ်သော မဂ္ဂဋ္ဌာန်,ဖလဋ္ဌာန် ရှစ်တန်ထင်ပေါ် မြတ်စွာဘုရားရှင်၏ တပည့်သား သံဃာတော် အရိယာ အရှင်ကောင်း အရှင်မြတ်တို့ သည်သာလျှင် သတ္တဝါအပေါင်းတို့အား ဘေးရန်ကင်းပျောက် ချမ်းသာစေ ချမ်းသာမှန်သို့ရောက်အောင် ထုတ်ဆောင်ကယ်တင်တော်မူတတ်ကြသဖြင့် ဤလောကဓာတ်တခုလုံး သာဝက အားလုံးတွင် အကောင်းဆုံး၊ အသာလွန်ဆုံး၊အမွန်မြတ်ဆုံး၊ အစစ်မှန်ဆုံးသော အားထားရာ သံဃရတနာအစစ်ကြီး ဖြစ်တော်မူကြပါပေသည်ဘုရား။

ဤသို့ ဟုတ်မှန်သော ဝစီသစ္စာ စကားကို ဆိုရခြင်းကြောင့် ကျွန်ုပ်တို့ တအိမ်သားလုံး၊ တရပ်ကွက်လုံး၊တမြို့လုံး၊ တနိုင်ငံလုံး၊ တကမ္ဘာလုံး၊ စကြဝဠာအနန္တ ရှိရှိသမျှကုန်းနေ၊ ရေနေ၊ ကောင်းကင်နေ၊ သုခိတ, ဒုက္ခိတ သတ္တဝါ

အပေါင်းတို့သည် အချင်းချင်း ညီရင်းအစ်ကိုပမာ ချစ်ခင် ညီညွတ် မျှတစွာ ငြိမ်းချမ်း သာယာ ဝပြောကြပါစေကုန် သတည်း။

(အကျွန်ုပ်တို့ ပြုလုပ်ဆဲ၊ ပြုလုပ်လတ္တံ့ ဖြစ်ကုန်သော ခန္ဓာ့ဝန် လူမှုကိစ္စ၊ သာသနာပြုကိစ္စ အဝဝတို့သည် တစုံ တခုသော အနှောက်အယှက် အပိတ်အပင် အဆီးအတား အမှားအယွင်း မရှိ၊ မြော်မှန်းသည်ထက်ပင် အဆပေါင်း များစွာ လွယ်လွယ်ကူကူ၊ လျင်လျင်မြန်မြန်၊ ပြည့်ပြည့်စုံစုံ ပြီးမြောက် အောင်မြင်ကုန်သည်ဖြစ်၍ ထိုလောကီ, လော ကုတ္တရာ လုပ်ငန်းကိစ္စ အဝဝတို့သည် မြတ်စွာဘုရားရှင့် သာသနာတော်၏ အကျိုးစီးပွား၊ သတ္တဝါ အပေါင်းတို့၏ အကျိုးစီးပွားအလို့ငှာ ဖြစ်ကြပါစေကုန်သတည်း။

ထိုလောကီ, လောကုတ္တရာ လုပ်ငန်းကိစ္စ အဝဝတို့နှင့် ဆက်စပ်၍ နေကြကုန်သော မိဘ၊ ဆရာသမား၊ ဆွေမျိုး သားချင်း၊ မိတ်ဆွေသင်္ဂဟ အပေါင်းတို့သည် ကောင်းကျိုး ချမ်းသာ ကျက်သရေ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံကြကုန် သည်သာဖြစ်၍ ကျွန်ုပ်တို့၏ ပါရမီဖြည့်ဘော်၊ ပါရမီဖြည့် ဘက် သာသနာပြုဘော်၊သာသနာပြုဘက်များဖြစ်ကြပါစေ ကုန်သတည်း။)

## အတိုချုပ် သစ္စာဆိုနည်း

အထက်ပါ ရတနာသုံးပါးကိုပင် အတိုချုပ်၍ မိမိပြုလုပ် ကြံကြိုက် သော ကိစ္စရပ်များ အောင်မြင်ထမြောက်စေရန်အတွက် သစ္စာ ပြုလိုလျှင် လည်း ပြုနိုင်၏။

ထိုသို့ သစ္စာပြုရာ၌ အလေးအနက် ယုံကြည်ရန်နှင့် သစ္စာပြုသော ကိစ္စအတွက် မည်သည့် သတ္တဝါ တစုံတဦးကိုမျှ ထိပါးနစ်နာစေခြင်း မရှိ

သည့်အပြင်(လိုအပ်ပါလျှင်)အကျိုးရရှိစေရန် 'ပြုသောသစ္စာမျိုး ဖြစ်ရမည်။ ကိုယ်ကျိုးကို မငဲ့ကွက်ရ။

"ဤလောက၌ ဘုရားရတနာ, တရားရတနာ, သံဃာ ရတနာ,ဤရတနာမြတ် သုံးပါးတို့သည်သာလျှင် သတ္တဝါ အပေါင်းတို့အား ဘေးရန်ကင်းခပျောက် ချမ်းသာ ရောက် အောင် စောင့်ရှောက်တော်မူတတ်သဖြင့် တလောကလုံး တွင် အမြတ်ဆုံးသော အားထားရာ ရတနာအစစ်ကြီး ဖြစ် တော်မူပါပေ၏။

"ဤစကားသည် မှန်သောစကား ဖြစ်ပါ၏။ ဤသို့ မှန် သော သစ္စာစကားကို ဆိုရခြင်းကြောင့် ကျွန်ုပ်၏(........) ရောဂါ လျှင်မြန်စွာ ပျောက်ကင်းပါစေ"

စသည်ဖြင့် လိုရာကို သစ္စာပြုပါလေ။

(သစ္စာမပြုမီ သီလယူ၊ ဂုဏ်တော်ပွား၊ မေတ္တာပွားပါလေ။)

31.ဒုတိယအကြိမ်

# အသင်္ချေယျ ဗုဒ္ဓဂုဏ်တော် ဘုရားရှိခိုး

## (နှုတ်တက် အရဆောင်)

“သုံးလောကထွတ်ထား ဂေါတမရှင်တော်ဘုရားအမျိုးထား၍ ခုနစ်ဆူကုန်သော ဘုရားရှင် ကိုယ်တော်မြတ်ကြီးများ၊ နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးများ၊ ကုဋေ ဘုပေါင်းများစွာကုန်သောဘုရားရှင်ကိုယ်တော်မြတ်ကြီးများ၊ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြ ကုန်ပြီးသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးများ၊ သမုဒ္ဒရာဝါဠု သဲစုမက ပွင့်တော်မူကြကုန်ပြီးသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးများ၊ ပွင့်တော်မူကုန်ကြပြီးသော အလုံးစုံသောဘုရားရှင်ကိုယ်တော်မြတ်ကြီးများ အားလုံးတို့ အား—

ရှိသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါသည် အရှင်မြတ်တို့ဘုရား။

ညှိမွှန်မြတ်သော ဆွမ်း, ခဲဘွယ်, ဘောဇဉ်, ချိုချဉ်ရသာ, ပန်းနံ့သာ, ဆီမီး, ရေချမ်းတို့ကိုလည်း အရိုအသေ အလေး အမြတ် ဆက်ကပ်လှူဒါန်းပူဇော်ပါသည်အရှင်မြတ်တို့ဘုရား။

ဤသို့ပူဇော်ရ မြတ်ပုညကြောင့် သုံးလောက ထွတ်ထား ဂေါတမ ရှင်တော်ဘုရား အမျိုးထား၍(...........)ပွင့်တော်မူကြကုန်ပြီးသော အလုံးစုံသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးများ အားလုံးတို့၏ ဘုန်းတော်အနန္တ, ဂုဏ်တော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တ၊ စကြဝဠာ ကမ္ဘာမြေမိုး၊ ပြန့်ပြန့်ကြီးမျှ တန်ခိုးတော်အနန္တ၊ သီလ, သမာဓိ, ပညာ၊ အာဏာစက်တော်, ဓမ္မစက်တော်,အနန္တမေတ္တာဓာတ်တော်တို့သည် အကျွန်ုပ်တို့၏ မြင့်မြတ်သော ကိုယ်အင်္ဂါအစိတ်အပိုင်းတို့၌ အထူးဘဲ အမြဲတမ်းသနားကရုဏာ မေတ္တာတော်မိုး ရွာသွန်းပြီး၍ လွှမ်းမိုးအုပ်စိုး တည်နေ ကိန်းဝပ်တော်မူကြ ပါစေသတည်း အရှင်မြတ်တို့ဘုရား။

ဤသို့လျှင် သနားကရုဏာ မေတ္တာတော်မိုး ရွာသွန်း
ဖြိုး၍ လွှမ်းမိုးအုပ်စိုး တည်နေ ကိန်းဝပ်တော်မူကြကုန်သော
သုံးလောကထွတ်ထား ဂေါတမရှင်တော်ဘုရား အမျိုးထား
၍ (............)အနန္တမေတ္တာခေတ်တော်တို့၏ တန်ခိုးတေဇော်
အာနုဘော်အစွမ်းသတ္တိတို့ကြောင့်ရှင်း၊

အကျွန်ုပ်တို့ နေ့စဉ်နှင့်အမျှ ဆည်းပူးပွားများအားထုတ်
ရသော ဒါန,သီလ,ဘာဝနာ ကုသိုလ်ကောင်းမှု တရားအစုစု
တို့၏ တန်ခိုးတေဇော်အာနုဘော်အစွမ်းသတ္တိတို့ကြောင့်ရှင်း
အကျွန်ုပ်တို့သည် ဤယခုဘဝ၌ပင်လျှင် နိဗ္ဗာန်ချမ်းသာကို
မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် လျင်မြန်ချမ်းသာ လွယ်ကူစွာ မျက်
မှောက်ပြုရလိုပါ၏။ အရှင်ဘုရား။”

(မှတ်ချက်)။ ။(............) ဤမြှုပ်ထားသော စကား များကို
ရှေ့ကအတိုင်း ဖော်၍ ရွတ်ဆိုပါ။

## မသိသူကျော်သွား သိသူဖော်စား

ပါဠိ, အဋ္ဌကထာ ဋီကာတို့နှင့် ကိုက်ညီ၍ အလွန်ကျေးဇူး များသော
ဘုရားရှိခိုးစာဖြစ်သည်။ ရွတ်သူ၊ နာသူ၊ စိတ်ကြည်နူးရုံ အလှအပ ဖွဲ့ဆိုထား
သော ဘုရားရှိခိုး မဟုတ်။

“သဘာဝဓမ္မော ဟိ ဂမ္ဘီရော၊ န ပညတ္တိ”

ဘုရားရှင်၏ ကျေးဇူးတော်ဂုဏ်တော်များဟူသည် ပြောဆိုခေါ်ဝေါ်
ကာမတ္တမျှသာရှိသော ပညတ်မဟုတ်၊ မြေ,ရေ,လေ မီးတို့ကဲ့သို့ အမှန်တကယ်
အထင်အရှား ရှိသော နက်ရှိုင်းကျယ်ပြန့်သည့် ပရမတ္ထအစစ် ခေတ်သား
ခေတ်နှစ်ကြီး ဖြစ်ကြောင်း ‘ဝိသုဒ္ဓိမဂ် မဟာဋီကာ’၌ တိုက်ရိုက် ဖော်ပြ
ထားသည်။

မရေမတွက်နိုင်အောင် များပြားလှသော ‘အသင်္ချေယျ’ ဘုရားရှင်
ကိုယ်တော်မြတ်ကြီးအဆူဆူတို့၏ ‘ဗောဓိခေတ်ဗုဒ္ဓခေတ်’ ခေါ် အနန္တကျေးဇူး
ဂုဏ်တော်များ၊ ‘အစိန္တေယျစွမ်းအင်သတ္တိ’ များ မိမိသန္တာန်၌ ကိန်းဝပ်စံနေ
အောင် ဆက်သွယ်ပင့်ဆောင်၍ ထုံမွှမ်းထားခြင်းဖြစ်၏။ တနည်း အားဖြင့်
စွမ်းအင်သတ္တိတန်ခိုးများကို ‘ငှားယူ’ သုံးစွဲခြင်းဖြစ်သည်။

ဗုဒ္ဓအင်အားများကို ယင်းကဲ့သို့ ငှားယူသုံးစွဲ၍ရကြောင်း၊ ထိုအခါ မိမိ၏ စွမ်းအင်တန်ခိုးများ တိုးပွားမြင့်မားလာ၍ လောကီရေး၊ လော ကုတ္တရာပါ အလွန်ကျေးဇူးများကြောင်း လက်တွေ့ သိမြင်လာရသူ အရေ အတွက် တနေ့ထက်တနေ့ များပြားလာသည်ကို တွေ့ကြရ၏။

ကိုယ်ပိုင် ပကတိစွမ်းအားကိုသာ သုံးစွဲရ၍ ခြေလျင်ကုန်းကြောင်း သွားရသော ခေတ်မှသည် မော်တော်ကား စသော ရုပ်ဝတ္ထုအင်အားများ ကို ငှားယူသုံးစွဲ၍ မိုင်ပေါင်းများစွာ ခရီးကိုပင် နာရီပိုင်းအတွင်း ရောက် နိုင်သောခေတ်သို့ အဆင့်ဆင့် ပြောင်းလဲလာခဲ့၏။

## မည်သူတွေ ရှေ့တန်း ရောက်နေလဲ

အင်အားကြီးများကို ဖော်ထုတ် သုံးစွဲနိုင်သူတိုင်း ကမ္ဘာပေါ်တွင် ရှေ့တန်း ရောက်နေကြသည်။

ဘာသာဝါဒဆိုင်ရာ နာမ်အင်အား၊ သဘာဝဓာတ်အင်အားများကို သုံးစွဲကြရာ၌လည်း ထို့အတူပင်ဖြစ်သည်။

ပြဆိုခဲ့သည့် ဗောဓိဓာတ်အား ဗုဒ္ဓဓာတ်အားတို့သည် လောကဓာတ် ကြီးများအတွင်းတွင်လည်း အစိန္တေယျအတုမဲ့ဓာတ်အားများဖြစ်၏။ လောက ဓာတ်ဘခုလုံး လွှမ်းခြုံပဲ့ကိုင်နိုင်သော 'လောကလွှမ်းဓာတ်အား' များလည်း ဖြစ်သည်။

ခုနစ်နှစ်၊ ခုနစ်လနှင့် ခုနစ်ရက်လာရ၊ သွားရသော ခရီးကို ဆဒ္ဒန် ဆင်မင်း၏ အစွယ်တန်ခိုး(ဗောဓိဓာတ်–ရုပ်ဝတ္ထုတန်ခိုး) ကြောင့် သော နုတ္တိုရ်မုဆိုးသည် ခုနစ်ရက်မျှဖြင့် ပြန်လာနိုင်ခဲ့သည်။ ဗုဒ္ဓ၏ ဓာတ်အားများ (ဓာတ်တော် မွေတော် စသော ရုပ်ဝတ္ထုနှင့် ဂုဏ်တော်များ)မှာ ဆို ဘွယ်ရာမရှိ။

တဆူတဆူမျှသော ဘုရားရှင်၏ အင်အားတို့သည်ပင်လျှင် အတိုင်း အဆမရှိ ကြီးမားလှပေရာ မရေမတွက်နိုင်သော ဘုရားရှင်အဆူဆူတို့၏ အင်အားတော်တို့ကား သာ၍ပင် အတိုင်းအဆမရှိ ကြီးမားကြပေကုန်၏။

ရှေးရှေး ရဟန္တာအရှင်မြတ်ကြီးတို့သည် ထို'အင်အားတို့၏ နိယာမ သဘော'ကို မြင်တော်မူကြသည့်အတိုင်း ရတနသုတ်(အမွန်း)၊ အာဋာနာ ဋိယသုတ်ပရိတ်တော်များ၊ ဥပ္ပါတသန္တိ စသော ဘုရားရှိခိုးစာများကို ရေး သား ချီးမြှင့်တော်မူခဲ့ကြကုန်၏။

ယခုအခါတွင်လည်း 'ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး' ထံ၌ ရဟန်းယောဂီ, လူယောဂီများ တရားအားထုတ်ကြရာ 'နိသဇ်ဇတင်ဆောင်' ၍ ၂၄-နာရီလုံးလုံး မအိပ်စက်ဘဲ (ကျောမျှပင်မဆန့်ရဘဲ) အားထုတ်ခိုင်းတော်မူလေ့ရှိသည်။ သဒ္ဓါ,ဝီရိယရှိရှိဖြင့် လုပ်သော်လည်း ပုဂ္ဂိုလ်တိုင်းပရ။ မအောင်မြင်။ 'အလေ့အကျင့်မရသေးလို့' ဟု ထင်ကြရသည်။

တရက်မျှမအိပ်ဘဲနေရသော အလုပ်ကား လူသာမန်တို့အဘို့ စိတ်ကူးမျှပင် မထည့်ရဲစေကာမူ ကိုးနှစ်ဆယ်နှစ် ရဟန်းဝတ်ကထဲက မအိပ်သော ဦးပဉ္ဇင်းကြီးများလည်း တော်တော်များများ ရှိသည်ကို ဖူးတွေ့ရ၏။

တခုသောညတွင် ဆရာတော်ဘုရားကြီးသည် ဦးပဉ္ဇင်းကြီးများ တရားအားထုတ်ရာသို့ ကြွလာ၍ (ဗိုလ်မှူးအုန်းခိုင်ဘဝမှ ရဟန်းပြုသော) ဦးပဉ္ဇင်း ဦးဥတ္တမအနီးသို့ ရောက်လျှင်-

"ဦးပဉ္ဇင်းကြီးများ၊အလုပ်လုပ်တဲ့အခါ ကိုယ့်အားချည်း အားကိုးလို့ မရဘူးဗျ၊ သူများအားတွေပါ ယူပြီး လုပ်ရတယ်" ဟု အမိန့်ရှိတော်မူဘူး၏။

**မှတ်ချက်။** ။သက်တော် ထင်ရှား ရှိသော အရိယာ သူတော်ကောင်းကြီးများ၏ အင်အားကို ငှားယူလိုပါလျှင် ထိုအရှင်မြတ်ကြီးတို့၏ သီလ, သမာဓိ, ပညာ, သာသနာနှင့် လောကအတွက် အကျိုးများစေပုံ ကျေးဇူးဂုဏ်တို့ကို အဖန်ဖန် စဉ်းစားဆင်ခြင်ရသည်။ ပြီးလျှင် မျက်နှာတော် ကိုယ်ဟန်တော်တို့ကို ကွက်ကွက်ကွင်းကွင်း နှလုံးအကြည်ဓာတ်၌ ထင်ဟပ်လာအောင် အာရုံပြု၍ မေတ္တာပွားပို့ပါ။

ကွက်ကွက် ကွင်းကွင်း လင်းလင်းထင်ထင် စိတ်ထဲက မြင်နိုင်ပါမူ မိမိမေတ္တာလည်း ရောက်၍၊ထိုပုဂ္ဂိုလ်ကြီးများ၏ မေတ္တာကိုလည်း ခံယူရရှိပြီဟု မှတ်ပါ။ မေတ္တာတော်နှင့် အတူ အခြား သီလ, သမာဓိ, ပညာ အင်အားများလည်း မိမိသန္တာန်၌ ငှားယူ ရရှိလာပြီ၊ ကိန်းဝင် တည်လာနေပြီဟု အကြွင်းမဲ့ ယုံကြည်ပါလေ။

## အငှားအရမ်းချင်း မတူ

ဗုဒ္ဓဓာတ်, အရိယာဓာတ်, သူတော်ကောင်းဓာတ်အားများကို ငှားယူသုံးစွဲရာ၌ တခုသတိပြုသင့်၏။ 'ငှားသည်' ဆို၍ သူဌေးကြီးထံမှ ငှားယူသော ငွေကြေးကဲ့သို့ အချိန်ကျလျှင် ပြန်ပေးရသည်ဟု မမှတ်ရ။ တစုံတခုသော

လောကီသိပ္ပကြောင့် တစ်ဦးတစ်ယောက်က ကူပံ့ဆောင်ရွက်ပေးသော အငှားများ ကဲ့သို့လည်း အရုပ်အသိမ်းခံရတတ်သည်ဟု မယူဆသင့်။

သီလဖြင့် ဆေးကြော၍၊ သမာဓိဖြင့် တိုက်ပွတ်၍။ ကိုယ်နှုတ်စိတ် အတွင်းအပြင် မိမိ၏ ရုပ်နာမ်အစဉ်များကြည်လင်သန့်ရှင်းနေသမျှ ပြန်လည် ပေးဆပ်ရခြင်း၊ အရုပ်အသိမ်းခံရခြင်းဟူ၍ အလျဉ်းပင်မရှိ။ တိုး၍တိုး၍သာ ရရှိနိုင်သည်။ မိမိသန္တာန်၌ ရောက်နေပြီ၊ ရရှိတည်နေပြီဟုကား အကြွင်းမဲ့ စိတ်ချယုံကြည်မှုရှိရန်သာ အရေးကြီးဆုံးဖြစ်သည်။

(သူတော်ကောင်းခေတ်၊ သူယုတ်မာခေတ်အား၊ လောကီရွှေငွေရတနာ၊ လောကုတ္တရာ ရတနာခေတ်တို့၏ အပေးအယူအဆက်အသွယ်ရှိပုံ၊ လုပ်ယူ၍ ရပုံ၊ ခေတ်ခိုက်ပုံများကို 'လောသကတိဿရဟန်း' ဝတ္ထု၊ 'နန္ဒကျွန်' ဝတ္ထု၊ ဇာတ်တော်တို့၌ များစွာလာသော လောကီရတနာတို့၏ အစွမ်း သတ္တိများ စသည်တို့နှင့် ဖြန့်ချိနိုင်းစံ၍ ပညာရှိအများ လက်ခံအသုံးပြုလျက် ရှိကြပါသည်။)

# ဓမ္မဒေသနာ ဘုရားရှိခိုး

## (နှုတ်တက်အရဆောင်)

(မူလ ပဏ္ဏာသ, သစ္စကသုတ်ပါဠိတော်လာ သစ္စက ပရိဗိုဇ်အား မြတ်စွာဘုရား ဟောတော်မူသော စကားတော် ငါးခွန်းကိုပင် "တံ ဘဂဝန္တံ အဟံဝန္ဒာမိ" ထည့်၍ဘုရားရှိခိုးစာပြုလုပ်ထားပါသည်။)

၁။ ဗုဒ္ဓေါ သော ဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ=ဘုန်းတော် ကြီးသော မြတ်စွာ ဘုရားသည်။ ဗုဒ္ဓေါ=ကိလေ တိမ်သလာ၊ ပယ်ခြစ် ခွာ၍၊ သစ္စာလေးတန်၊ တရားမှန်ကို၊ မတန်ဖက်ပြိုင်၊ ကိုယ်တော်တိုင် သိမြင်တော်မူပြီးသူ ဖြစ်ရကား။ ဗောဓာယ= အများသတ္တဝါတို့ကို သိမြင်ကြပါ စေခြင်းအကျိုးငှာ။ ဓမ္မံ = သစ္စာလေးတန်၊ တရား မှန်ကို။ ဒေသေတိ=ကရုဏာရှေ့ထား၍၊ ဟောကြား ညွှန်ပြတော်မူပါပေ၏။

တံ ဘဂဝန္တံ=သစ္စာလေးအင်၊ကိုယ်တိုင်မြင်၍၊ မြင်စေဟောဖော်၊ ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။ အဟံ=အကျွန်ုပ်သည်။ ဝန္ဒာမိ= ရှိသေမြတ်နိုး လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါသည် အရှင်ဘုရား။

၂။ ဒန္တော သောဘဂဝါ ဒမထာယ ဓမ္မံ ဒေသေတိ။

သောဘဂဝါ = ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ ဒန္တော= အာရုံထိခိုက်၊ သတိလိုက်၍၊ ရိုင်းမိုက်ဆယ်ဖြာ၊ ကိလေသာတို့၊ လာခွင့်မပေး၊ အစဉ်ဝေးလျက်၊ ကိုယ်တော်တိုင်ယဉ်ကျေးသိမ်မွေ့တော်မူပြီးသူ ဖြစ်ရကား။ ဒမထာယ = အများသတ္တဝါတို့ကို၊ လိမ်မာယဉ်ကျေး သိမ်မွေ့ကြပါစေခြင်းအကျိုးငှာ။ ဓမ္မံ=ကိုယ်နှုတ်နှလုံး၊ သုံးပါး အစဉ်၊ ယဉ်ကျေးစေကြောင်း၊ တရားကောင်းကို။ ဒေသေတိ = ကရုဏာရှေ့ထား၍၊ ဟောကြားညွှန်ပြတော်မူပါပေ၏။

တံ ဘဂဝန္တံ=သတိပဋ္ဌာန်၊ သမ္မာဉ်လှေ့၊ကိုယ့်နှယ်တွေ့လျက်၊ သိမ်မွေ့ယဉ်ကျေးအောင်၊ နည်းပေးညွှန်ပြ၍၊ ဆုံးမတော်မူနိုင်သော ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။ အဟံ = အကျွန်ုပ်သည်။ ဝန္ဒာမိ= ရှိသေမြတ်နိုး လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါသည် အရှင်ဘုရား။

၃။ သန္တော သောဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ=ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ သန္တော=လှုပ်ရှားလောင်ပူ၊ ကိလေဟူက၊ မြူခြမ်းတစေ့၊မသမ်းငွေ့ဘဲ၊ကိုယ်တော်တိုင် ချမ်းမြေ့ငြိမ်သက်တော်မူပြီးသူဖြစ်ရကား။ သမထာယ= အများသတ္တဝါတို့ကို၊ ချမ်းမြေ့ငြိမ်သက်ကြပါစေခြင်းအကျိုးငှာ။ ဓမ္မံ=ငြိမ်သက်စေကြောင်း၊တရားကောင်းကို။ ဒေသေတိ=ကရုဏာ ရှေ့ထား၍၊ ဟောကြားညွှန်ပြတော် မူပါပေ၏။

---

32. ဒုတိယအကြိမ်

တံ ဘဂဝန္တံ = ကိုယ်နှင့်ထပ်တူ။ ချမ်းမြေ့ငြိမ် သက်စေတော်မူနိုင်သော ထိုဘုရားရှင် ကိုယ်တော် မြတ်ကြီးကို။ အဟံ = အကျွန်ုပ်သည်။ ဝန္ဒာမိ= ရှိသေမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါသည် အရှင်ဘုရား။

၄။ တိဏ္ဏော သောဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ။

သောဘဂဝါ=ဘုန်းတော်ကြီးသော မြတ်စွာ ဘုရားသည်။ တိဏ္ဏော =ကောင်းဆိုးနှစ်တန်၊ ပြုစီမံ ၍၊ကံ့ကိလေသ၊ ဝိပါကဟူ၊ ဘဝဃဉ်ကြော၊စုန်ဆန် မျှောလျက်၊ တောသတ် မပြီး၊ ဝဲနက်ကြီး၌၊ စီး ဂယက်ယန်၊ ရေညာဆန်၍၊ တော်လှန်ကူးမြောက်၊ ကိုယ်တော်တိုင် ကမ်းတဖက်သို့ ရောက်တော်မူပြီးသူ ဖြစ်ရကား။ တရဏာယ = အများ သတ္တဝါတို့ကို လွယ်ကူစွာကူးမြောက်၊ နောက်တော် ပါကြပါစေ ခြင်းအကျိုးငှာ။ ဓမ္မံ=ဘဂ ဝဲဃဉ်။ ဝဋ္ဋစဉ် ပြတ် ကြောင်း၊ တရားကောင်းကို။ဒေသေတိ– ကရုဏာ ရှေ့ထား၍၊ဟောကြားညွှန်ပြတော်မူပါပေ၏။

တံ ဘဂဝန္တံ = ဝဲယက်ရေဆိုင်၊ ကိုယ်တိုင်ကူး မြောက်၊ နောက်ပါ ပိုလ်လူ၊ ထုတ်ဆောင်ကယ်တင် တော်မူနိုင်သောထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။ အဟံ= အကျွန်ုပ်သည်။ ဝန္ဒာမိ = ရိုသေ မြတ်နိုး၊ လက်စုံမိုး၍၊ရှိခိုးကန်တော့ပါသည် အရှင်ဘုရား။

၅၊ ပရိနိဗ္ဗုတော သော ဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ=ဘုန်းတော်ကြီးသော မြတ်စွာ ဘုရားသည်။ပရိနိဗ္ဗုတော=အသင်္ခတ၊ နိဗ္ဗာနဓါ၊ အေးမြခတ်ကြီး၊ လွမ်းဖိစီး၍၊ မီးဆယ့်တပုံ၊ မင် ဥာဏ်လှုံကာ၊ လုံးစုံမြေ့ကျွမ်း၊ ငွေ့မသန်းအောင်၊ ကိုယ်တော်တိုင် အစွမ်းကုန်အကြွင်းမဲ့ ငြိမ်းအေး တော်မူပြီးသူ ဖြစ်ရကား။ ပရိနိဗ္ဗာနာယ– အများ သတ္တဝါတို့ကို၊ကိလေသာဟူ၊အပူခပ်သိမ်း၊ အကြွင်း

မဲ့ ငြိမ်းအေးကြပါစေခြင်း အကျိုးငှာ။ ဓမ္မံ= ကိလေသာ ငြိမ်းကြောင်း၊ တရားကောင်းကို။ ဒေသေတိ=ကရုဏာရှေ့ထား၍၊ ဟောကြားညွှန်ပြတော်မူပါပေ၏။

တံ ဘဂဝန္တံ= အသခ်တ၊ ဓမ္မဓာတ်ပိုင်၊ မဂ်ဉာဏ်ကိုင်၍၊ ကိုယ်တိုင်အေးငြိမ်း၊ ခပ်သိမ်းဗိုလ်လူ၊ ငြိမ်းအေး စေတော်မူနိုင်သော ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးကို။ အဟံ=အကျွန်ုပ်သည်။ ဝန္ဒာမိ= ရိုသေမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုး ကန်တော့ပါသည် အရှင်ဘုရား။

# အန္တရာယ်မပြု ဂုဏ်လေးခု

[‘ဝိနည်း အဋ္ဌကထာ’-၁၊ ၁၄၇-နှင့် ဗုဒ္ဓဝံသအဋ္ဌကထာ’ ၃၅၂ အဆိုနှစ်ရပ်ကိုညှိ၍ ရွတ်ဖတ် လွယ်ကူစေရန် ပြည့်စုံစွာ ဖော်ပြထားပါသည်။

အသက်၊အသိဉာဏ်ပညာ၊ ဥစ္စာစီးပွား၊ ခြေလက်အင်္ဂါ၊ ဇွမ်းရည်သတ္တိတို့ အန္တရာယ်မရှိ၊ ထိခိုက်ဆုတ်ယုတ်ခြင်းမရှိ၊ တိုးပွားခိုင်မြဲ လိုသူတို့ အရေကျက်မှတ်ရန်။]

၁။ ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

“ဘုရားရှင်တို့၏အသက်အားနတ်နှင့်လူဝယ်အဘယ်သူ တစုံတယောက်ကမျှ အန္တရာယ်ကို မပြုနိုင်။ ထို့အတူငါ့အား ဖြစ်ပါစေ”

၂။ ဗုဒ္ဓါနံ သဗ္ဗညုတဉာဏဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

“ဘုရားရှင်တို့၏ (အလုံးစုံကို သိသော) သဗ္ဗညုတဉာဏ်တော်အား နတ်နှင့် လူဝယ် အဘယ်သူ တစုံတယောက်ကမျှ (မသိမမြင်စေရန်) အန္တရာယ်ကို မပြုနိုင်။ ထို့အတူငါ့အား ဖြစ်ပါစေ”

၃။ ဗုဒ္ဓါနံ ဥဒ္ဒိဿအဘိဟဋ္ဌာနံ စတုန္နံ ပစ္စယာနံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

"ဘုရားရှင်တို့အတွက် ရည်စူး၍ ယူဆောင် (သိမ်းဆည်း) အပ်သော ပစ္စည်းလေးပါးတို့အား နှတ်နှင့်လူဝယ် အဘယ်သူ တစုံတယောက်ကမျှ (ပျက်စီးဆုတ်ယုတ်စေရန်) အန္တရာယ်ကို မပြုနိုင်။ ထို့အတူ ငါ့အားဖြစ်ပါစေ"

၄။ ဗုဒ္ဓါနံ ဒွတ္တိံသ မဟာပုရိသ လက္ခဏာနံ့ အသီတိယာ
အနုဗျဉ္စနာနဥ္စ, ဗျာမပ္ပဘာဒိ ရံသီနဥ္စ န သက္ကာ
ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

"ဘုရားရှင်တို့၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်၊ ဗျာမပ္ပဘာ (အမြဲတလံမျှထွက်သော ကိုယ်တော်ရောင်)နှင့် ရောင်ခြည်တော်ခြောက်သွယ်တို့အား နှတ်နှင့်လူဝယ်=အဘယ်သူ တစုံတယောက်ကမျှ (ဖုံးကွယ် ပျက်ပြယ်စေရန်) အန္တရာယ်ကို မပြုနိုင်။ ထို့အတူ ငါ့အား ဖြစ်ပါစေ"

(အဓိပ္ပာယ် နားလည်စေရန် အတွက်သာ မြန်မာပြန်ကိုပူးတွဲ ဖော်ပြထားသည်။ ပါဠိကိုသာ အရကျက်ရန် ဖြစ်သည်။)

# ပဋိစ္စ သမုပ္ပါဒ် ပါဠိတော်

| | |
|---|---|
| အဝိဇ္ဇာပစ္စယာ | သင်္ခါရာ၊ |
| သင်္ခါရပစ္စယာ | ဝိညာဏံ၊ |
| ဝိညာဏပစ္စယာ | နာမရူပံ၊ |
| နာမရူပပစ္စယာ | သဠာယတနံ၊ |
| သဠာယတနပစ္စယာ | ဖဿော၊ |
| ဖဿပစ္စယာ | ဝေဒနာ |
| ဝေဒနာ ပစ္စယာ | တဏှာ၊ |
| တဏှာပစ္စယာ | ဥပါဒါနံ၊ |
| ဥပါဒါနပစ္စယာ | ဘဝေါ၊ |
| ဘဝပစ္စယာ | ဇာတိ၊ |
| ဇာတိပစ္စယာ | ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ |

ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

# ပဋ္ဌာန်း ၂၄ ပစ္စည်း

၁။ ဟေတု ပစ္စယော၊ အာရမ္မဏ ပစ္စယော၊ အဓိပတိ ပစ္စယော၊
(အရှေ့အရပ်)

၂။ အနန္တရ ပစ္စယော၊ သမနန္တရ ပစ္စယော၊ သဟဇာတ ပစ္စယော၊
(အရှေ့တောင်အရပ်)

၃။ အညမညပစ္စယော၊ နိဿယ ပစ္စယော၊ ဥပနိဿယ ပစ္စယော၊
(တောင်အရပ်)

၄။ ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝန ပစ္စယော၊
(အနောက်တောင်အရပ်)

၅။ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊
(အနောက်အရပ်)

၆။ ဣန္ဒြိယ ပစ္စယော၊ ဈာန ပစ္စယော၊ မဂ္ဂ ပစ္စယော၊
(အနောက်မြောက်အရပ်)

၇။ သမ္ပယုတ္တ ပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စယော၊ အတ္ထိ ပစ္စယော၊
(မြောက်အရပ်)

၈။ နတ္ထိ ပစ္စယော၊ ဝိဂတ ပစ္စယော၊ အဝိဂတ ပစ္စယော။
(အရှေ့မြောက်အရပ်)

[အကာအကွယ် အရံအတားအဖြစ် စည်းချလိုက အရှေ့အရပ်မှ စ၍ အရပ်ဂျပ်မျက်နှာ သုံးပစ္စည်းစီ စိတ်က မှန်း၍ စည်းချရှတ်။]

# အာဝေဏိက ဂုဏ်တော် ၁၈-ပါး

## (အဋ္ဌာရသ ဗုဒ္ဓဓမ္မ)

[ပစ္စေက ဗုဒ္ဓါ, အရိယာ သာဝကတို့၌မရှိ၊ ဘုရားရှင် တပါးတည်း၌ သာ ရှိသော သီးခြားဂုဏ်တော် ၁၈-ပါး။ နေတ္တိ, မဟာ,စူဠနိဒ္ဒေသ ပါဠိတော်များနှင့် ပါထိကဋီကာ,မူလဋီကာတို့၌ လာ၏။']

၁။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

၂။ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

၃။ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။
ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော

၄။ သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။
၅။ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။
၆။ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။
ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော

၇။ နတ္ထိ ဆန္ဒဿ ဟာနိ။
၈။ နတ္ထိ ဓမ္မဒေသနာယ ဟာနိ။
၉။ နတ္ထိ ဝီရိယဿ ဟာနိ။
၁၀။ နတ္ထိ သမာဓိဿ ဟာနိ။
၁၁။ နတ္ထိ ပညာယ ဟာနိ။
၁၂။ နတ္ထိ ဝိမုတ္တိယာ ယာနိ။

ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ
ဗုဒ္ဓဿ ဘဂဝတော

၁၃။ နတ္ထိ ဒဝါ။
၁၄။ နတ္ထိ ရဝါ။
၁၅။ နတ္ထိ အဖုဋံ။
၁၆။ နတ္ထိ ဝေဂါယိတတ္တံ။
၁၇။ နတ္ထိ အဗျာဝဋ မနော။
၁၈။ နတ္ထိ အပ္ပဋိ သင်္ခါနုပေက္ခာ။

ဥပေတေ ဗုဒ္ဓ ဓမ္မေဟိ၊ အဋ္ဌာရသဟိ နာယကော။
ဝန္ဒေ တေ တေနသစ္စေန၊ ဟောတုမေ ဇယမင်္ဂလံ။

[ဖျာပ်သည့် အမေးကိစ္စဥ်မတို မိမိတို့ကြံစည် ပြောဆို ပြုလုပ်သမျှ အပိတ် အပင် အဆီးအတားမရှိ၊ ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်စေလိုသူတို့ ကျက်မှတ်ရန် လွန်ကဲမြင့်မြတ်၍ အင်အားကြီးမားသော ဂုဏ်တော်များဖြစ်သည်။
ငါကြိုက်သော ထေရဝါဒ ပိဋကလာ 'တဆယ့်ရှစ်ဝ ဗုဒ္ဓဂုဏ်'မှာ ဤမျှသာ ဖြစ်၏။ လယ်တီဆရာတော်ဘုရားကြီးလည်း ဤမျှသာ လက်ခံတော်မူသည်။
မည်သို့သော ၆ ကျိုးထူးများရကြောင်း ဝိဇ္ဇာကုဋ္ဌတောင်၌ အရှင်အာနန္ဒာအား ဘုရားဟောကာဟန် ပါဠိမျာမှာ ကျမ်းဂန်မလာ။ ထေရဝါဒမဟုတ်။]

# ပတ္တိဒါန အမျှဝေ

ဤယနေ့ ယခု အကျွန်ုပ်တို့ ပြုရသော–

၁။ ဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား ဆွမ်း,ခဲဘွယ်, ဘောဇဉ်, ချိုချဉ်ရသာ, ပန်းနံ့သာ, ဆီမီး, ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်း ပူဇော်ရသော 'ဒါန' ကုသိုလ်၊

၂။ သရဏဂုံ သုံးပါးနှင့် တကွ ငါးပါးသီလ တို့ကို ဆောက်တည်ရသော 'သီလ' ကုသိုလ်၊

၃။ ဂုဏ်တော် ပွားခြင်း၊ မေတ္တာ ပွားခြင်း စသော 'ဘာဝနာ' ကုသိုလ်၊

ဤသို့ပြုရသော ကုသိုလ်ကောင်းမှု အစုစုတို့၏ အဘို့ဘာဂကို–

၄။ မိဘ, ဆရာသမား အမျိုးထား၍ အားလုံးသော ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ သာသနာတော်ကိုစောင့်သောနတ်၊ လောကကိုစောင့်သောနတ်၊ တိုင်းပြည်ကိုအုပ်ချုပ်သောမင်းများ၊ စတုလောကပါလ နတ်မင်းကြီးလေးပါးတို့နှင့်တကွနတ်တို့သနင်းသိကြားမင်း၊ ငရဲသနင်းယမမင်းနှင့်တကွ သုခိတ,ဒုက္ခိတ, သတ္တဝါ၊ နတ်ပြဟ္မာ အပေါင်းတို့အား အမျှ ပေးဝေပါကုန်၏။ အသီးအသီး အမျှရ၍ ချမ်းသာကြပါစေ။

ထိုမှတပါး တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံ ကြကုန်သော ပုဂ္ဂိုလ်များ၊ အရိယာ သူတော်ကောင်းတို့အားလည်း အမျှ ပေးဝေပါကုန်၏။ အသီးအသီး အမျှရ၍ ချမ်းသာကြပါစေ။

၅။ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံကြကုန်သော ပုဂ္ဂိုလ်များ၊ အရိယာသူတော်ကောင်းများ ပေးပို့သည့် မေတ္တာဓာတ်ကိုလည်း ခံယူပါကုန်၏။ မေတ္တာဓာတ် ချီးမြှင့်တော်မူကြပါကုန်လော့။

တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံကြကုန်သော ပုဂ္ဂိုလ်များ၊ အရိယာ သူတော်ကောင်းများ နေ့စဉ်နှင့်အမျှ ဆည်းပူး ပွားများကြသော ကုသိုလ်ကောင်းမှုအစုစုတို့၏ အသို့ဘာဂကိုလည်း အမျှယူပါကုန်၏။ ဝမ်းမြောက် နှမော် သာဓု ခေါ်ပါ ကုန်၏။

သာဓု-သာဓု-သာဓု။

၆။ အထူးအားဖြင့် ဘဝသံသရာ အဆက်ဆက်မှစ၍ ဤယနေ့ ကျအောင် မိဘ၊ဆရာသမားများ၊ ဆွေမျိုးသားချင်း၊ မိတ်ဆွေသင်္ဂဟ ကော်စပ်ကြ ဘူးသော ပြိတ္တာ အပေါင်းတို့ အားလည်း အမျှပေးဝေပါကုန်၏။ အသီးအသီး အမျှရ၍ ချမ်းသာကြပါစေ။

သာဓု-သာဓု-သာဓု။

(ကွယ်လွန်သူများအား နာမည် ခေါ်၍လည်း အမျှဝေပါ။)

## အတုမရှိ ဂုဏ်တော်ဖွင့်

### အာဝေဏိက ဂုဏ်တော် ၁၈-ပါးအညွှန်း

ဘုရားရှင်၏ တပည့်သား သာဝကတို့၌ ပရှိ၊ တဆူတည်းသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၌သာ ရရှိသဖြင့် သာဝကတို့နှင့် မဆက်ဆံ (အသာဓာရဏ)၊ ကိုယ်တော်မြတ်၏ သီးခြားဂုဏ်ရည် (အာဝေဏိက)များဖြစ်၏။

ယင်းဂုဏ်တို့ကား အရေအတွက်အားဖြင့် တဆယ့်ရှစ်မျိုး ရှိ၏။

ယခုအခါ ယင်းဂုဏ်တော်တို့ကို ရွတ်ဖတ်ပူဇော်သူတို့ များစွာရှိသော်လည်း စင်စင်ကြယ်ကြယ် စစ်စစ်မှန်မှန် သန့်သန့်ရှင်းရှင်းရှိသော ထေရဝါဒပါဠိမူရင်းအတိုင်း ရရှိသူကား ရှားပါးလျက်ရှိပေသည်။ အတိတ်သာသနာသမိုင်းတလျှောက် ရံခါယင်းဂုဏ်တော် ပါဠိများ၊ မူရင်းပျက်ပြား၍ အမှားမှား အယွင်းယွင်းရှိခဲ့ဘူး၏။ ထို့ကြောင့် "ပါထိကဝဂ္ဂဋီကာ" ဆရာကြီးသည် ရှုပ်ထွေးပျက်မှားနေသော ယင်းပါဠိများကို ကြိုးစားသုတ်သင်၍ အထူးမိန့်မှာ ပြင်ဆင်ပေးတော် မူခဲ့ဘူးသည်။

(ယင်းဋီကာ ၁၉၈။မူရင်းမှာ ပါထိကဝဂ္ဂ အဋ္ဌကထာ၊သင်္ဂီတိသုတ် အဖွင့်−၁၇၆ဒွိပါရှိ၏။ မိလိန္ဒပဥှာ၊ စူဠနိဒ္ဒေသ၊ မဟာနိဒ္ဒေသ ပါဠိတော်တို့၌လည်း အချို့အဝက်တွေ့ရှိနိုင်သည်။)

အဘယ်မည်သော ရောနှောရှုပ်ထွေးမှုကြောင့် မှားယွင်းခဲ့ရသည်ကို မူ ဖော်ပြ မထားပေ။

## ဆရာရှင်လယ်တီ ဉာဏ်ကိုမှီ၍

ဤ တဆယ့်ရှစ်ဝ ဗုဒ္ဓဂုဏ်(=အဋ္ဌာရသ ဗုဒ္ဓဓမ္မ)သည် အလွန် တန်ဘိုးကြီးမြတ်လှပေ၏။ မြတ်စွာဘုရားရှင်သည်−

"တဆယ့်ရှစ်ပါးသောဗုဒ္ဓဓမ္မတို့နှင့် ပြည့်စုံတော်မူသည် ဖြစ်၍ အဘိဓမ္မာ ဝိဘင်းကျမ်းကိုလည်း တဆယ့်ရှစ်ခန်း ထား၍ ဟောတော် မူခဲ့ပေသည်"

ဟု အဋ္ဌကထာဆရာ'အရှင်မဟာ ဗုဒ္ဓဃောသ'အရှင်မြတ်က 'သမ္မောဟဝိနောဒနီ အဋ္ဌကထာ' ပဏ္ဏာမ၌ပင် ပြဋ္ဌန်းတော်မူခဲ့၏။

ထိုအဓိပ္ပါယ်ကို မူလဋီကာ အနုဋီကာ ဆရာတို့ကလည်း ထပ်ဆင့်ဂုဏ်ပြုကာ ဖွင့်ဆိုတော် မူခဲ့ကြ၏။

ဤ 'အတုမရှိ ဂုဏ်တော်ဖွင့်'၌မူ လယ်တီဆရာတော် ဘုရားကြီးများ ရေးသားသုံးစွဲတော်မူ၍ ယခုအခါ၌လည်း တိပိဋကဓရ ဆရာတော်အရှင်ဝိစိတ္တ သာရာ ဘိဝံသ'အရှင်မြတ်များ ထပ်မံ အတည်ပြုပေးတော်မူသည့် မူအတိုင်း ဖော်ပြထားပါသည်။

ဆိုလိုသည်မှာ(နောက်ဆုံးကိုယ်တိုင်ရေး ရှိခိုးဂါထာတခုထည့်ထားသည်မှအပ) 'မူရင်းအစစ်အမှန် ထေရဝါဒကျမ်းဂန်လာအတိုင်း အပိုအလိုအညွှန်းအချဲ့မပါ'ဟု ဆိုလိုပါသည်။

လယ်တီဆရာတော် ဘုရားကြီးလည်း ထိုကဲ့သို့ နောက်ဆုံး၌ ဝန္ဒနာဂါထာတခု ရေးသီကုံးဖွဲ့၍ ထည့်သွင်းရုံမှတပါး အပိုအလိုမရှိ၊မူရင်းအတိုင်းသာအသုံးပြုစေဘော်မူလိုဟန်ရှိပါသည်။ (မဟာဗုဒ္ဓဝင်−ပဥ္စမတွဲ၇၅ဝ−ရှုပါ)

မလိုလားအပ်သော ရောနှောမှု၊ မစင်ကြယ်မှုများရှိ၍ သန့်စင်ပေးသောအားဖြင့် 'ပါထိကဝဂ္ဂဋီကာ' ဆရာကြီးကဲ့သို့ အမှန်ကို အတည်ပြုပေးသကဲ့သို့ရှိပါသည်။

ရွှတ်ဖတ်ပူဇော်ရာ၌ အလွန်အကျိုးကျေးဇူးကြီးမား၍ စွမ်းပကား ထက်မြက်လှသဖြင့် မပျက်မကွက် စစ်စစ်မှန်မှန် ရွှတ်အံပူဇော် စေလိုသော ဆန္ဒတော်များကိုလည်း ရိပ်စားရပါသည်။

၎င်း 'အတုမရှိ ဂုဏ်တော်ဖွင့်' သည်လည်း ကျေးဇူးရှင်လယ်တီဆရာ တော်ဘုရားကြီး၏ ဥဏ်တော်ကို မှီခိုခွင့်ရသဖြင့် ဤမျှလောက် အဓိပ္ပါယ် ထွက်အောင်(အရသာရှိအောင်)ရေးဆက်နိုင်ခြင်းဖြစ်ပါသည်။

ကြိုးစား ၍ရွှတ်ဖတ် ပူဇော်ကြပါကုန်။

## အာဝေဏိက ဂုဏ်တော် ၁၈ -ပါးအနက်

### ၁။ ။အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

၁။ ဘဂဝတော=စကြဝဠာ၊ ကမ္ဘာမြေမိုး၊ ဖြန်းဖြန်း ကြိုးမျှ၊ဘုန်းတန်ခိုးကျက်သရေတို့နှင့်၊ ပြည့်စုံတော် မူပါပေသော။ ဗုဒ္ဓဿ=ဘုရားရှင် ကိုယ်တော်မြတ် ကြီး၏။ ဉာဏံ=ကုန်စင်မကြွင်း၊ ထိုးထွင်း သိမြင်၊ သဗ္ဗညုတ ဉာဏ်တော်မြတ်သည်။ အတီတံသေ= အတိတ်သံသရာ၊ ကမ္ဘာဘဝ၌၊ ရှည်ကြာမြင့်တင်၊ စ,မထင်လည်း၊ယခင်ရှေးက၊ ဖြစ်ပျက်ခဲ့သမျှသော တရားအပေါင်း၌။ အပ္ပဋိဟတံ= လူ,နတ်, ဗြဟ္မာ၊ ဘယ်အရာကမျှ၊ ကွယ်ကာ ဖုံးဖိ၊ စိုးတစိမျှပင်၊ မသိမြင်အောင်၊ ပိတ်ပင် ဟန့်တား နိုင်သောအရာ မရှိပါချေ။ (အရံကျက်ပါ)

## အတိတ်ကာလ ဆီးတားမထင် အကုန်မြင်

သဗ္ဗညုတ ဉာဏ်တော်၏ အခက် အလက် တခုဖြစ်သော ပုဗ္ဗေနိဝါသဉာဏ် တော်ဖြင့် ရှေးရှေးကမ္ဘာ သံသရာ အဆက်ဆက်က အဖြစ်အပျက်မှန်သမျှ အကုန်အစင်ပြန်၍ သိမြင်တော်မူနိုင်သည်ချည်းသာ။

ထိုဉာဏ်တော်ဖြင့် ပွင့်တော်မူပြီးသော'ဘုရားရှင်များ မင်းများနှင့် တကွ ကမ္ဘာတည်ပုံ ပျက်ပုံတို့ကို(လိုအပ်သလောက်) ဟောထားတော်မူ၏။ ၅၅၀-ဇာတ်တော်များဖြင့်လည်း ထိုဉာဏ်တော်ကို ရိပ်စားမိနိုင်ပြီ။

## ၂။ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

၂။ ဘဂဝတော=စကြဝဠာ၊ ကမ္ဘာမြေမိုး၊ ဖြန်းဖြန်း ကြိုးမျှ၊ဘုန်းတန်ခိုးကျက်သရေတို့နှင့်၊ ပြည့်စုံတော်မူပါပေသော။ ဗုဒ္ဓဿ=ဘုရားရှင်ကိုယ်တော် မြတ်ကြီး၏။ ဉာဏံ=ကုန်စင်မကြွင်း၊ ထိုးထွင်း သိမြင်၊ သဗ္ဗညုတ ဉာဏ်တော်မြတ်သည်။ အနာဂတံသေ= နာဂတ်နောင်ခါ၊ ကမ္ဘာဘဝ၌၊ ရှည်ကြာမြင့်တင်၊ ဆုံးမထင်လည်း၊တွင်တွင် ဆက်လက် ၊ကြောင်းကျိုး ခက်၍၊ ဖြစ်ပျက်လာအံ့သော တရားအပေါင်း၌။ အပ္ပဋိဟတံ=လူ့,နတ်,ဗြဟ္မာ၊ဘယ်အရာကမျှ၊ ကွယ်ကာပုံးဖိ၊ စိုးတစိမျှပင်၊ မသိမြင်အောင်၊ ပိတ်ပင်ဟန့်တားနိုင်သောအရာ မရှိပါချေ။(အရကျက်ပါ)

### အနာဂတ်ကာလ သိုးတားမထင် အကုန်မြင်

သဗ္ဗညုတဉာဏ်တော်၏ အခက်အလက်တခုဖြစ်သော အနာဂတံသ ဉာဏ်တော်ဖြင့် လာလတ္တံ့သော ကမ္ဘာ အဆက်ဆက်၌လည်း ဖြစ်ပျက်လာမည့်အကြောင်းအရာတို့ကို အသေးစိတ် ကြိုတင်၍ သိမြင်တော်မူသည်ချည်းသာ။

ထိုဉာဏ်တော်ဖြင့်အနာဂတ်ကမ္ဘာအကြောင်း (လိုအပ်သလောက်) ဟောထားတော်မူခဲ့၏။ ယခုအခါ ဖြစ်ပျက်နေသော အခြေအနေများကိုလည်း သိမြင်တော်မူခဲ့ပြီးပင်ဖြစ်သည်။ပိဋကကျမ်းစာသာသနာ အမွေတို့ကို ကိုယ်တော်စား ပေးသနားတော်မူခဲ့ပြီ။

## ၃။ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

၃။ ဘဂဝတော=စကြဝဠာ၊ ကမ္ဘာမြေမိုး၊ ဖြန်းဖြန်း ကြိုးမျှ၊ဘုန်းတန်ခိုးကျက်သရေတို့နှင့်ပြည့်စုံတော်မူပါပေသော။ဗုဒ္ဓဿ=ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏။ ဉာဏံ=ကုန်စင်မကြွင်း၊ ထိုးထွင်းသိမြင်။ သဗ္ဗညုတ ဉာဏ်တော်မြတ်သည်။ ပစ္စုပ္ပန္နံသေ= ၄၅-ဝါ၊ ကာလတာတွင်၊ ဖြစ်လာတွေ့ကြုံ၊ လူနတ်

33-.ဒုတိယအကြိမ်

ဘုံနှင့်၊ လိုးစုံစကြဝဠာ၊ သတ္တဝါနာမ်ရုပ်၊ ဖြစ်ပျက်
ချုပ်ဆဲသော တရားအပေါင်း၌" အပ္ပဋိဟတံ =
လူ့နတ်, ဗြဟ္မာ ဘယ်အရာကမျှ၊ ကွယ်ကာဖုံးဖိ၊
စိုးတစိမျှပင်၊ မသိမြင်အောင်၊ ပိတ်ပင်ဟန့်တားနိုင်
သော အရာမရှိပါချေ။ (အရကျက်ပါ)

## ပစ္စုပ္ပန် ကာလ ဆီးတားမထင် အကုန်မြင်

ဘုရားသက်တော်ထင်ရှားရှိစဉ်က တွေ့ကြုံတော်မူရသော တောတောင် ရေမြေ, နေ,လ, တာရာ စကြဝဠာ အနန္တခေါ် ဩကာသလောက၊ (တိုက်တသောင်းယူသည်လည်းရှိ၏။) အမျိုးမျိုးသောသတ္တဝါ = သတ္တလောက၊ ရုပ်နာမ်တရား = သင်္ခါရလောက၊ ပစ္စက္ခလက်ရှိ ဖြစ်ပျက်နေသမျှ အရာအားလုံးကိုလည်း သဗ္ဗညုတဉာဏ်တော်, ဒိဗ္ဗစက္ခုဉာဏ်တော်စသည်တို့ဖြင့် အသေးစိတ် သိမြင်တော်မူသည်ချည်းသာ။

ယခုခေတ် ဝေါဟာရအားဖြင့် ဆိုရသော် ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ရက္ခဗေဒ၊ သတ္တဗေဒ၊ကမ္ဘာ့သမိုင်း စသည်တို့ကို သိမြင်တော်မူရာ၌ ရှေးဖြစ်နောက်ကြောင်းနှင့်တကွ အသေးစိတ်အကုန်အစင် သိမြင်တော်မူသည်။

ဥပမာ-သတ္တဝါတဦးသည်အဘယ့်ကြောင့်ယခုကဲ့သို့ဖြစ်နေရသည်။ အဘယ်ကို စိတ်ကူးနေသည်။ အတွင်းသဘော ဓာတ်ခံမည်သို့ရှိသည်။အမြိုးအမောက်အတောင် အရောင်အသွေးမှအစ အဘယ့်ကြောင့်ဤသို့ဖြစ်နေရသည် စသည်ဖြင့် လက်ရှိဖြစ်ဆဲကိစ္စကိုသာမက ရှေးဟု မည်သို့ဖြစ်ခဲ့သည်။ နောင် ဘဝပေါင်း ကမ္ဘာပေါင်းများစွာ၌ အဘယ်သို့ ဖြစ်လိမ့်မည်ဟု အကြောင်းအကျိုးနှင့်တကွ အပြည့်အစုံ သိတော်မြင်တော်မူလေသည်။

## ပညာရှိဟိုင်း အရှက်ကွဲရသောခေတ်

သက်မဲ့အရာဝတ္ထုများကို သိမြင်တော်မူရာ၌လည်း တောတောင် ရေမြေ နေလနက္ခတ်များကို ထားဘိဦး။ သစ်ပင်တပင်ကိုပင်လျှင် ဆင်ခြင်တော်မူက အသေးစိတ် သိမြင်တော်မူသည်သာဖြစ်၏။

ဥပမာ အဘယ်ဓာတ်သဘာဝ လွန်ကဲသောကြောင့်၊ ယုတ်လျော့သောကြောင့် ပင်စည်ဖြောင့်သည်၊ ကောက်သည်၊ အခေါက် ထူသည်၊

ပါးသည်၊ သီးပွင့်ခက်ရွက် အရောင်အဆင်း ပုံသဏ္ဍာန်အရသာတို့နှင့်စပ်၍ အဘယ့်ကြောင့်ဖြူသည်၊ မဲသည်၊ သေးသည်၊ ကြီးသည်၊ လုံးသည်၊ ပြားသည်၊ ခါးသည်၊ ချိုသည်၊ ဆူးရှိသည်၊ မရှိသည်၊ ဆူးအဖျား ထက်သည် တုံးသည်၊၊ ဖြောင့်သည်၊ ကောက်သည်မှအစ အကြောင်းအကျိုးနှင့်တကွ အသေးစိတ်သိတော် မြင်တော်မူလေသည်။ (အနေကဓာတု နာနာဓာတု ဉာဏ်ဟုခေါ်၏။)

သက်ရှိသက်မဲ့အရာအားလုံး၊အဖြစ်အပျက်အားလုံး(တလောကလုံး) ကို သိမ်းကြုံးကုန်စင် သိမြင်တော်မူသည်။

('စကြဝဠာနှင့် တိုင်းတာရသောမြတ်စွာဘုရား' အခန်းကိုလည်း ပြန်၍ကြည့်ရှုဆင်ခြင်ပါ။)

ထို့ကြောင့် မြတ်စွာဘုရား ဖြစ်ထွန်းပွင့်ပေါ်ရာ ခေတ်က အမျိုးမျိုးသော သိပ္ပံ ဝိဇ္ဇာ ပညာရပ်များ၌ အလံတန်ခွန်ထူ၍ ပါရဂူ ပါမောက်နှစ်ယောက်မရှိ၊ ပညာတွေများလွန်း၍ ဗိုက်ပေါက်မထွက်စေရန်သံပတ်ပတ်ထားရသည်ဆိုသော သစ္စက ပရိဗိုဇ်မှအစ ပညာရှင် အသီးသီးတို့သည် ဘုရားရှင်နှင့် တွေ့ရသောအခါမှစ၍–

"ငါတို့တွေ ပညာတတ်တယ်ဆိုတာ အရှင်ဂေါတမရှေ့မှာ ရှက်စရာဖြစ်နေပါပကောလား" ဟု ဖွင့်ဟဝန်ခံခဲ့ကြရသည်။

**၄၊ ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။**

၄။ ဣမေဟိ တီဟိ ဓမ္မေဟိ = ဇာတိ, အာဏာ, ဝိသယာ ဟု၊ စကြဝဠာခေတ္တ၊ သုံးလောက၌၊ ကာလသုံးဖြာ၊ စရာမထင်၊မမြင်အဆုံး၊ တရားအလုံးကို၊ သိမ်းကြုံးသိမြင်၊ကျွံသုံးပါးသောဂုဏ်အင်တို့နှင့်။သမန္နာဂတဿ= ပါရမီလောက်လုံ၊ ပြည့်စုံတော် မူပါပေထသော။ ဘဂဝတော=စကြဝဠာ၊ ကမ္ဘာ့မြေမိုး၊ ဖြန်းဖြန်းကြိုးမျှ၊ ဘုန်းတန်ခိုးကျက်သရေတို့နှင့် ပြည့်စုံတော် မူပါပေသော။ဗုဒ္ဓဿ=ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။ သဗ္ဗံ=အလုံးစုံသော။ကာယကမ္မံ– လျှောင်းထိုင်ရင်သွား၊လေးပါးဣရိယာပုထ်၊ ဆုတ်တက်မြန်နှေး၊

ကွေးဆန့်လှည့်မှု၊ ပြုပြုသမျှသော ကိုယ်အမူရာတော်သည်။ဉာဏပုဗ္ဗင်္ဂမံ=[ပညာရှင်တို့၊ မြင်သော်ရှုတ်ချ၊ ကဲ့ရဲ့ကြလိမ့်၊ကြောင့်ကြစိုးနှောင့်၊ တမင်အောင့်၍၊ စောင့်စည်းရခြင်း၊ဆိတ်ကွယ်ခင်းပင်၊ အလျဉ်းမရှိ၊] သမာဓိနှင့်၊ သတိသမ္ပဇဉ်၊အလိုလိုယှဉ်၍၊ဉာဏ်လျှင်ရှေ့သွား ရှိတော်မူပါပေ၏။ ဉာဏာနုပရိဝတ္တံ=တရံမလင့်၊ဉာဏ်ချွန်းဖွင့်၍၊ဉာဏ်နှင့် အလျော်၊ ဉာဏ်၏နောက်သို့၊ မဖောက်မသွေ၊ အစဉ်လိုက်ပါရမြဲဖြစ်ပါပေ၏။ (အရကျက်ပါ)

(ပှတ်ချက်။ ။ကျက်မှတ်ရာတွင်ရှည်လွန်းသည်ဟုထင်က ထောင့်ကွင်း စာသားများကို ချန်လှပ်၍လည်းကျက်မှတ်နိုင်သည်။)

၂။ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

၃။ သဗ္ဗံ=အလုံးစုံသော။ ဝစီကမ္မံ =[ရာဂဒေါသ၊ မောဟ ကင်းကြောင်း၊ စကားကောင်း ဆယ်မျိုး၊ မိန့်ဆို ရိုးနှင့်၊ ကျိုးရှိဟုတ်မှန်၊မနှောခံလည်း၊ ရန်သူနှင့် သား၊ မခွဲခြားခဲ့၊ စကားနှစ်ခွ၊ သံသယ လွတ်ကင်း၊ သန့်ရှင်းသာယာ၊လွန်သိသာလျက်၊ နာဘွယ်မပြန့်ထွက်၊ လုံးစည်းနက်၍၊ ဂယက်ပဲ့တင်၊ သံရှစ်အင်ဖြင့်၊ အသခ်ျေယျ]အနန္တစကြဝဠာ၊ကမ္ဘာထွင်းဖေါက်။ ထုတ်ချင်းပေါက်အောင်၊ရောက်စေပြန့်စေ၊ကြားသိစေတော်မူလိုကကြားသိစေတော်မူနိုင်သော ဝစီကံတော်ဟူသမျှသည်။ဉာဏပုဗ္ဗင်္ဂမံ= [ပညာရှင်တို့၊ မြင်သော်ရှုတ်ချ၊ ကဲ့ရဲ့ကြလိမ့်၊ ကြောင့်ကြစိုးနှောင့်၊ တမင်အောင့်၍ စောင့်စည်းရခြင်း၊ ဆိတ်ကွယ်ခင်းပင်၊အလျဉ်းမရှိ]သမာဓိနှင့်၊ သတိသမ္ပဇဉ်၊ အလိုလိုယှဉ်၍၊ ဉာဏ်လျှင်ရှေ့သွား ရှိတော်မူပါပေ၏။ ဉာဏာနု ပရိဝတ္တံ=တရံမလင့်၊ဉာဏ်ချွန်းဖွင့်၍၊ ဉာဏ်နှင့် အလျော်၊ ဉာဏ်၏နောက်သို့၊ မဖောက်မသွေ၊အစဉ်လိုက်ပါရမြဲဖြစ်ပါပေ၏။

(အရကျက်ပါ)

၆။ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

၆။ သဗ္ဗံ=အလုံးစုံသော။ မနောကမ္မံ= [နှစ်ပေါင်း ခုနစ်၊ မာရ်နတ်ညစ်သည်၊ပလဲ့မလပ်၊ နောက်တော် ကပ်၍၊ထပ်ကြပ်စုံစမ်း၊ အပြစ်ဖမ်းလည်း၊ မြူခြမ်း မတွေ့၊ ပြကတေ့ပင်၊နေ့ညဥ့်မခြား] ကုဋေနှစ်သန်း လေးသိန်းသော မဟာကရုဏာ ဖြင့်၊ သတ္တဝါ ကောင်းကျိုး၊ သည်ဆောင်ပိုးဘို့၊ပြော်ကိုး ရည်သန်၊ စိတ်ကူး ကြံသည့်၊ ပနောကံတော် ဟူသမျှသည်။ ဉာဏပုဗ္ဗင်္ဂမံ =[ ပညာရှင်တို့၊မြင်သော်ရှုတ်ချ၊ ကဲ့ရဲ့ ကြလိမ့်၊ ကြောင့်ကြ စိုးနှောင့်၊ တမင်အောင့်၍၊ စောင့်စည်းရခြင်း၊ဆိုတ်ကွယ်ခင်းပင်၊ အလျဉ်းမရှိ] သမာဓိနှင့်၊သတိသမ္ပဇဉ်၊ အလိုလိုယှဉ်၍၊ ဉာဏ်လျှင် ရှေ့သွားရှိတော်မူပါပေ၏။ဉာဏာနုပရိဝတ္တံ =တရံ မလင့်၊ ဉာဏ်ဘျွန်းဖွင့်၍၊ဉာဏ်နှင့် အလျောက်၊ဉာဏ် ၏နောက်သို့၊မဖောက်ပသွေ၊အစဉ်လိုက်ပါရမြဲ ဖြစ် ပါပေ၏။ (အရကျက်ပါ)

## ကိုယ်၊ နှုတ်၊ စိတ် စင်ကြယ်တော်မူပုံ

အလောင်းတော်သည် သက်တော် ၂၉–နှစ်တွင် ရွှေနန်း စည်းစိမ်တို့ကို စွန့်ပစ်၍ တောထွက်တော်မူခဲ့ရာ ၆–နှစ်တိုင်တိုင် ဒုက္ကရစရိယာကျင့်တော်မူ ပြီးနောက် သက်တော် ၃၅–နှစ် ပျိုမြစ်နုနယ် ကြည်ညိုစဖွယ် အရွယ်တော် ကောင်းတုန်း ဘုရားဖြစ်တော်မူခဲ့သည်။

၃၂–ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာ တော်ငယ်၊ ခြောက်သွယ်ရောင်လျှံ၊ တလံမျက်နှာမြူးသော "ဗျာမပ္ပဘာ' ရောင်ခြည်တော်တို့ဖြင့် ပြည့်စုံတော်မူသောဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ပြည့်ဖြိုးသော ကိုယ်လုံးကိုယ်ဟန်၊သွယ်ပြောင်းသော လက်ဆံ ခြေဆံတော်၊ မျက်လုံး မျက်ခုန်း၊ နှာတံ၊ နှုတ်ခမ်း၊ နားရွက်တော် စသည်တို့၏ ထူးခြား သပ္ပါယ်တော်မူပုံကို ခန့်မှန်း ကြည်ညိုစဖွယ် ကောင်းလှပေ၏။

(ယခုအခါအများအားဖြင့် ထုလုပ်ရေးဆွဲထားကြသော ဆံတော်၊ နဖူးတော်၊ နားရွက်တော်တို့သည် ပကတိရုပ်တော်နှင့် များစွာ ကွာခြား နေပေလိမ့်မည်။)

## ဘုရားကို ချစ်နေသူများ

အခါတပါး မြတ်စွာဘုရား ဆွမ်းခံကြွတော်မူစဉ် ဝက္ကလိခေါ်သော ပုဏ္ဏား လုလင်ငယ် တယောက်သည် ဆွမ်းခံကြွရာ မြို့တွင်းတလျှောက် တကောက်ကောက် လိုက်ပါလျက် မြတ်စွာဘုရားရှင်၏ အသရေတော်ကို ကြည့်ရှုမဝနိုင်အောင် ရှိခဲ့၏။ ဆွမ်းခံအပြီး ကျောင်းတော်သို့ပင် လိုက်ပါလာခဲ့သည်။ အမြဲတမ်း ဖူးမျှော်နေချင်လွန်းသဖြင့် ရဟန်းပြုကာ အပါးကမခွာနိုင်ခဲ့ပေ။

တချိန်ကလည်း မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ တရားဟောတော်မူစဉ် ဘိက္ခုနီမကလေး တဦးသည် ဘုရားရှင်၏ရွှေမျက်နှာတော်ကို တစိမ့်စိမ့် ဖူးကြည့်မဝနိုင်အောင် ရှိလေ၏။

ထိုဘိက္ခုနီမ ကလေးသည် ဇာတိဿရ (ရှေးဘဝများစွာကို သိမြင်နိုင်သော) ဉာဏ်ရှိသူဖြစ်သည့်အတိုင်း–

"ငါသည် ဘဝသံသရာ၌ ဤမျှ ချောမောလှပသော ယောကျ်ားမြတ်၏ဇနီးကြင်ယာ ဖြစ်ခဲ့ဘူးပါရဲ့လား"ဟု စိတ်ကူးယဉ်၍ ဆင်ခြင် စဉ်းစားလေရာ အပြစ်မဲ့သော အလောင်းတော် ဆင်မင်းအား စိတ်ကောက်နွဲ့ဆိုးကာ ရန်ငြိုးကြီးခဲ့သူ သုဘဒ္ဒါ မိဖုရား ဖြစ်ခဲ့ဘူးသည်ကို သိမြင်သည်နှင့် ယူကျုံးမရ ငိုကြွေး ခဲ့ရဘူး၏။

မြတ်စွာဘုရားရှင်၏ အလှကျက်သရေတော်သည် မြင်သူတိုင်းပင် ငေးမောလောက်ပါပေ၏။

ယင်းသို့ ပကတိကိုယ်တော်ကပင် ဖူးကြည့်မဝအောင် သပ္ပါယ်တော်မူရသည့်အထဲ အရာရာတွင် သတိဉာဏ်ယှဉ်သော (သမ္ပဇညလေးပါး) ကြောင့် လှုပ်ရှားသွားလာသော ကိုယ်အမူအရာတော် မှန်သမျှ မည်မျှ တည်ငြိမ်အေးချမ်း၍ ရွှင်လန်းသပ္ပါယ်တော်မူမည်ကို စိတ်ထဲကမှန်းကြည့်ပါ။

## အပြောကောင်း အဟောကောင်း

စကားတော်နှင့်စပ်၍လည်း မူလကိုယ်က ချိုမြိန်အေးမြ နာ၍မဝသော အသံတော် ရှစ်မျိုးရှိတော်မူသော မြတ်စွာဘုရားရှင်၏ အသံတော်ကို ကြားလျှင် တောတိရစ္ဆာန်များပင် ကြားရာအရပ်၌ ပြေးလွှားရာမှ ရပ်တန့်သွားကြသည်။ သမင်နှင့်ကျား မြွေနှင့်ဖားတို့သည် အချင်းချင်းသတ်စားရန်၊ ဘေးလွတ်ရန် ပြေးလွှားကြခိုက် ဘုရားရှင်၏ စကားတော်သံကြားရလျှင် ရပ်၍

နေကြကုန်၏။ သမင်သည် ကျားဂုဏ်မကြောက်။ ဖားသည် မြွေကိုကြောက်ရမှန်း မသိတော့။ သောက ဒေါသများ တဒင်္ဂ ငြိမ်းပျောက်ကြလေ၏။ ကျားနှင့်မြွေတို့လည်း သတ်စားလိုသော လောဘ, ဒေါသ အဆိပ်အတောက်များပြယ်၍ မှင်သက်မိနေကြလေတော့၏။

ယင်းသို့လျှင် ပင်ကိုယ်နှိုက်က ထူးခြားသော အသံတော်ရှိရာ ရပ်စကား၊ ရွာစကား၊ မင်းစကား စိုးစကားစသော တိရစ္ဆာန်စကား၃၂-မျိုးကို ရှောင်ကြဉ်၍ နိဗ္ဗာန်ရောက်ကြောင်း ‘စကားကောင်း ၁၀-မျိုးကိုသာ ပြောခွင့်ပြုခြင်း၊ ‘စကား၆-ခွန်း’တွင်လည်း ဟုတ်မှန်၍ အကျိုးရှိသည်ကိုသာ ပြောတော်မူလေ့ရှိခြင်း၊ပြောသလိုလုပ်၍ လုပ်သလောက်ကိုသာပြောတော်မူလေ့ရှိခြင်း စသော စကားအရာ လိုက်နာဘွယ် များစွာကို မိန့်မှာတော်မူလေ့ရှိ၏။ ကိုယ်တော်ပြောဟောသမျှလည်း သမ္ဗောဓိဉာဏ်ပါးအရ ဆင်ခြင်စဉ်းစား သတိထား၍သာ ပြောဟောမြဲဖြစ်၏။

စကားအရာတွင် ဟုတ်မှန်ကျိုးရှိ၍ တည်ငြိမ်ကောင်းမြတ်ရုံသာမက ဝါဒရေးရာ စကားအခြေတင်၌လည်း ယှဉ်ပြိုင်ဘက် ရှိတော်မမူပါပေ။ လူပညာရှိများစွာတို့ ခက်ခက်ခဲခဲ ပြဿနာများကို မည်မျှအချိန်ယူစဉ်းစားပြီး မေးမြန်းသော်လည်း တမုဟုတ်ချင်းပင် ဖြေရှင်းတော်မူနိုင်ပေ၏၊

စကားအရာတွင် မည်သည့်ပညာရှင်တို့မှ ပြစ်တင်ကဲ့ရဲ့ဘွယ်မရှိ။ စင်းလုံးချော အတုမဲ့ ဟောပြောနိုင်သူပါပေတည်း။

## မြင့်မြတ်သော မနော

မကောင်းသော ကာယကံ,ဝစီကံ,(အပြုအမူဆိုး၊ အပြောဆိုး)တို့ ဟူသည် မနောကံ(ပင်ကိုယ်စိတ်)မှ ပေါက်ဖွားကြရ၏။ ဘုရားရှင်ကိုယ်တော်မြတ်၌ အမူအရာကောင်း, အပြောကောင်းတော်မူသည်ကို ထောက်၍ အဘယ်မျှ နှလုံးကောင်းတော်မူမည်ကိုလည်းခန့်မှန်းကြည့်ပါလေ။သတ္တဝါတို့၏အကျိုးစီးပွားဖြစ်ထွန်းရေးကိုသာ အမြဲရှေးရှု စဉ်းစားတော်မူ၏။

“တိဏ္ဏော တာရေယျံ၊ မုတ္တော မောစေယျံ၊
ဗုဒ္ဓေါ ဗောဓေယျံ=သံသရာမှ ငါကူးမြောက်သလို သတ္တဝါတို့ကို ကူးမြောက်စေရမည်။ ငါလွတ်သလိုလွတ်စေရမည်။ ငါသိသလိုသိစေရမည်” ဟူသော စိတ်နှလုံးတော်သည် အလောင်းတော်ဘဝကပင် ပါရှိခဲ့ပြီးဖြစ်၏။ ဘဝပေါင်းများစွာ ကမ္ဘာပေါင်းအသင်္ချေ လှည့်ပြောင်းဖြစ်ခဲ့ရစေ

ကာမမှု လုပ်သမျှကိစ္စတို့၌ ဤတခုကည်းသောအရာကိုသာ တောင်းခဲ့၏။ ဤစိတ်ထားမှတပါး အခြားရှိတော်မမူခဲ့။

သဗ္ဗညုတဉာဏ်တော်ကြီးရ၍ ဘုရားဖြစ်တော်မူသောအခါ ဆိုဘွယ်ရာမရှိ။ နေ့စဉ်နေ့တိုင်း မိုးသောက်အခါ ညဉ့်အခါတို့၌ သံသရာနှောင်အိမ်တွင်း အကျဉ်းခံ၍ နေကြရရှာသော သတ္တဝါတို့အား ကယ်မ ချွေချွတ်ရန် အကြိမ်ပေါင်း ကုဋေနှစ်သန်းလေးသိန်းစင်စင် မဟာကရုဏာသမာပတ်ကို ဝင်စားဆင်ခြင်တော်မူမြဲဖြစ်၏။ နေ့စဉ် ကုဋေပေါင်း ၂၄၀၀၀၀၀-သနားကယ်မလိုသောစိတ် ဖြစ်ပွားတော်မူရသည်။ သတ္တဝါတို့အား သနားကယ်မရန် အသိဉာဏ်ပေးလိုသော စိတ်မှတပါး အခြားမရှိပေ။

မြတ်စွာဘုရားရှင်၏ စိတ်အကြံတော်သည် သို့စင် ကြီးမားမြင့်မြတ်တော် မူလှပါပေ၏။ ထို့ကြောင့်လည်း မြတ်စွာဘုရားရှင်အား ရှုတ်ချပြစ်တင်ရန် ၇-နှစ်တိုင်တိုင်နောက်တော်မှတကောက်ကောက်လိုက်၍ ကိုယ်,နှုတ်,စိတ် အမူအရာအပြစ်ရှာသော မာရ်နတ်ကပင်"အပြစ်ဟူ၍မူမျှမတွေ့ခဲ့ရကြောင်း" ခေါင်းစင်း ဝန်ခံ၍ အမှန်ကို လျှောက်ထားခဲ့ဘူးလေသည်။ (ဗြဟ္မာယုပုဏ္ဏားကြီးက ဥတ္တရလုလင်အား သုတေသနပြုခိုင်းပုံကို ရှု၍ပြမည်။)

## လူတိုင်း တန်ဖိုးကြီးနိုင်သော လေ့ကျင့်ခန်းများ

"န စ ခုဒ္ဒံ သမာစရေ ကိဉ္စိ၊ ယေန ဝိညူ ပရေ ဥပဝဒေယျုံ=
ပညာရှိတို့ သိသွားပါက ကဲ့ရဲ့ပြစ်တင်စရာဆိုလျှင် နဲနဲကလေး
မျှကိုပင် မပြုလုပ် မပြောဆို မကြံစည်နှင့်"
ဟုလည်း ဟောတော်မူလေသည်။
ဝိနည်း သိက္ခာပုဒ်များနှင့် စပ်၍လည်း အချုပ်အားဖြင့်-
"ဧဝံ ဇာနေ မံ သဗ္ဗာဝေယျတိ=
ဒီလိုနေလျှင်၊ ပြောလျှင် လူအများစုက ငါ့ကို ချီးကျူး
ဂုဏ်တင်ကြလိမ့်မည်"

ဟူသော အထင်နှင့် မည်သည့် အရာကိုမျှ မပြုလုပ် မပြောဆိုရ။ ဝိနည်းသိက္ခာပုဒ် ဟူသမျှသည် ကာယကံ, ဝစီကံကိုသာ စောင့်စည်းရန် ပညတ်ထားသော်လည်း မိမိတို့၏ "အတွင်းစိတ် သဘောကပင် ဖြောင့်မှန်ရိုးသားနေရမည်" ဟု ဆိုလိုပေသည်။

အတွင်းသဘော မရိုးဖြောင့်လျှင် ကိုယ်နှုတ်စောင့်စည်းရသမျှ ဒဏ်ခတ်ခံရသကဲ့သို့သာ ဖြစ်နေပေလိမ့်မည်။ ပညတ်တော်မူခြင်း၏ အကြောင်း

ရင်းနှင့် အကျိုးအပြစ်ကို ကျေနပ်အောင် စိစစ် ဆင်ခြင်ရမည်။ ကိုယ်နှင့် နှုတ်ကို ထိန်းချုပ်ရသည့်အတွက် မည်မျှ ချမ်းသာစီးပွား များလာသည်ကို ကိုယ်တိုင် သိမြင်လာမည်။

တကယ့်ပွဲလမ်းသဘင်သို့ဝင်ရန် အဝတ်တန်ဆာ ဒွါဒရာသည်မပါ၍ မဖြစ်။ ပထမတွင် အနေခက်ကာ တမင် သယ်ဆောင်နေရသကဲ့သို့ ရှိသော်လည်း အသားကျသွားသောအခါ ပန်မလေးတော့ချေ။

အလေးမ,သူသည် စလျှင်စချင်း ပေါင်အလေးချိန် များစွာ မ,နိုင်သည် မဟုတ်။ တစတစ လေ့ကျင့်ယူရ၏။

မြတ်စွာဘုရားရှင်၏ သုံးပါးသာသနာ သိက္ခာသုံးရပ်လည်း သည်အကိုင်းပင်။ သီလသိက္ခာ ပထမဆင့်၌ သီလကို ကျေနပ်အောင် စဉ်းစား၍ အကြိမ်ကြိမ် လေ့ကျင့်ခန်းဝင်ရသည်။ သီလ လေ့ကျင့်ခန်းကို ခုန်ကျော်၍၊ ကပြက်ကချော် လုပ်၍ သမာဓိသိက္ခာ သမထ,ဝိပဿနာ လေ့ကျင့်ခန်းသို့ ဝင်လျှင် မျက်မြင်တွင် အတန်းတက်သော်လည်း မှန်းချက်ကိုက်မည်မဟုတ်။

## အနုပုဗ္ဗသိက္ခာ=အဆင့်ဆင့် လေ့ကျင့်ခန်း

'ဘုရားရှင်' ဟူသည် ထိုလေ့ကျင့်ခန်းအားလုံးကို အကြွင်းမဲ့ အတုမဲ့ပြည့်စုံ လုံလောက်ပြီးသူ ဖြစ်၏။ ဘုရားရှင်၏ သဗ္ဗညုတ ဉာဏ်တော်ကြီးနှင့် ဘုန်းတန်ခိုးတော် အမျိုးမျိုးသည် အလိုလိုရလာသည် မဟုတ်ကုန်။ သီလ,သမာဓိ, ပညာ သိက္ခာ သုံးဆင့်ကို လေ့ကျင့်ခန်း ဆင်းတော်မူပြီးမှသာ ရလာတော်မူခြင်းဖြစ်၏။

မည်သူမဆို ထိုလမ်းစဉ်အတိုင်း လေ့ကျင့်ပါမှ ဘဝပါရမီအလိုက် မိမိတို့နှင့် ထိုက်တန်သလောက် တန်ခိုးလည်းကြီးမည်။ အသိဉာဏ်လည်း မြင့်မားမည်။ စရဏ(လေ့ကျင့်မှု) မပါဘဲ ဝိဇ္ဇာ (တန်ခိုး,အသိဉာဏ်)ကို ရရိုး မရှိချေ။ ဝိဇ္ဇာကိုမရက သုခလည်း မတွေ့နိုင်။

**'သီလသိက္ခာ'**သည် ကိုယ်နှင့်နှုတ်၌ လုပ်သမျှ ပြောသမျှ သြဇာတည် အာဏာညောင်း၍ မမြင်ရသောတန်ခိုးများ ကိန်းအောင်းလာကာ 'မဖြစ်စကောင်း'ဟု ထင်ရသော အရာများကို ဖြစ်ပေါ်လာစေရသည်။

(သီလသိက္ခာသည် အာဏာ ဒေသနာတော်ဖြစ်သည်။)

**'သမာဓိသိက္ခာ'**သည် မြစ်ရေအလျဉ်ပမာ စိတ်အစဉ် ကြေးချွတ်ပေးသဖြင့် စိတ်ညွှတ်ကြံဆ တောင့်တလိုရာ သက်ရှိ သက်မဲ့ တလောကလုံးက

လိုက်ပါရအောင် စွမ်းဆောင်နိုင်သော စိတ်ပိုင်းဆိုင်ရာတန်ခိုးသတ္တိ စွမ်းအင်များ ကိန်းဝင်လာစေရမြဲ ဖြစ်သည်။

'ပညာသိက္ခာ'သည် အရာအားလုံးကိုသိမ်းကြုံးပဲ့ကိုင်၍ နိဗ္ဗာန်တိုင် ချမ်းသာစေနိုင်သော အတုမဲ့စွမ်းအားများကို ဖြစ်ပွားစေ၏။

ယင်းသို့အစဉ်အတိုင်းအဆင့်ဆင့်လေ့ကျင့်ရသည်ကို'အနုပုဗ္ဗသိက္ခာ' ဟုခေါ်သည်။'တစ်တလီတစ်'မှစ၍ လေ့ကျင့်ရသော ကျောင်းသားကဲ့သို့ အဆင့်ဆင့် လေ့ကျင့်ခန်းဝင်ရပုံကို'ဂဏကမောဂ္ဂလ္လာန်'ခေါ် သချာပါရဂူ ပုဏ္ဏားကြီးအား ဟောပြ၁ူး၏။

ထို့ကြောင့် ပထမအဆင့်အဖြစ် ဒုစရိုက်ဆယ်ပါး သိလတရားကို လေးစားကျိုးနွံစွာ လိုက်နာ ရှောင်ကြဉ်ခြင်းဖြင့် 'ကိုယ်ပိုင်အင်အား' များရအောင် ကြိုးစားကြရာ၏။

## ပထမဆင့်ကို နိုင်လျှင်

"သီလရှိသူအား တောင့်တတိုင်းပြည့်စုံနိုင်သည်"ဟု မကြာခဏ ဟောတော်မူရာ၌ မည်မျှအရေးပါသည်ကို အသေးအနက် သဘောပေါက်သင့်ကြ၏။

သီလရှိသူက တစုံ တခု အလိုရှိလျှင် ထိုတစုံတခုသည် သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ မည်မျှဝေးကွာသော အရပ်ဒေသ၌ တည်ရှိ နေစေကာမူ တနည်းနည်းဖြင့် ရောက်လာရသည်။ရှောင်နေ၍မရ။ထိုဟာသည် သီလ၏ တန်ခိုးပင်တည်း။

လောကီ စီးပွားဥစ္စာ အကြောင်းအရာ ကိစ္စများကို မဆိုထားဘိ၊ အဘယ်အရပ်၌တည်ရှိ၍ အဘယ်သို့ရယူမည်ဟု ဘုရားအမည်ခံသူနှင့် လူသာမန်တို့ မသိနိုင်၊ မမြင်နိုင်၊ မကြံဆနိုင်သော အတုမဲ့ချမ်းသာ အသခ်တဓာတ် နိဗ္ဗာန်အငြိမ်းဓာတ်ကြီးကိုပင် သီလ၏ ဆွဲငင်အားနှင့်ယူသော်အလွယ် တကူပင် ရနိုင်၏။ (ဒသက-အင်္ဂုတ္တရ၊စေတနာကရဏီယ သုတ်စသည်။)

## ကိုယ်,နှုတ်,စိတ် ရိုင်းပြမှု(ဒုစရိုက်)များ

အင်အားကို သိမြင်သူ၊ စုဆောင်း ရရှိသူတို့အတွက် နီးသည်ဝေးသည်၊ နက်ဖြန်မှ၊ နောင်နှစ်မှ၊ အသက်ကြီးမှ၊ နောင်ဘဝကျမှ စသောအချိန်အခါနှင့် အကွာအဝေးဟူသည်၊ မရှိစကောင်းချေ။ သီလလေ့ကျင့်ခန်းကို ဦးစွာလက်တွေ့စမ်းကြည့်ပါမှ မြတ်စွာဘုရားထုတ်ဖော်တော်မူသောတန်ခိုး

သတ္တဝါစွမ်းအားများ မကုန်နိုင်အောင်၊ မယုံနိုင်အောင် ကျေးဇူး ကြီးမား ကြောင်း သဘောပေါက်ကြရသည်။

## ကာယဒုစရိုက်သုံးပါး

၁။ သူ့အသက် သတ်ခြင်း(ပါဏာတိပါတ)၊
၂။ သူ့ဥစ္စာ ခိုးယူခြင်း(အဒိန္နာဒါန)၊
၃။ သူ့အိမ်ယာ လွန်ကျူးခြင်း(ကာမေသုမိစ္ဆာစာရ)၊

## ဝစီဒုစရိုက်လေးပါး

၁။ မဟုတ်မမှန် လိမ်လည်ပြောဆိုခြင်း(မုသာဝါဒ)၊
၂။ ကုန်းချောခြင်း(ပိသုဏဝါစာ)၊
၃။ ဆဲရေးတိုင်းထွာ၍ ကြမ်းတမ်းစွာ ပြောဆိုခြင်း (ဖရုသဝါစာ)။
၄။ အကျိုးမဲ့စကားဖျင်းများကို ပြောခြင်း(သမ္ဖပ္ပလာပ)၊

## မနောဒုစရိုက်သုံးပါး

၁။ သူတပါးဥစ္စာကိုမတရားလိုချင်တပ်မက်ခြင်း(အဘိဇ္ဈာ=လောဘ)။
၂။ သူတပါးတို့ကို သေကျေ၊ပျက်စီး၊ဆုတ်ယုတ်စေလိုခြင်း၊ အရာရာ၌ စိတ်ဆိုး၊ စိတ်တို၊ စိတ်ကောက်ခြင်း၊ စိတ်ညစ်၊ စိတ်ပျက်ခြင်း (ဗျာပါဒ=ဒေါသ=ဒေါမနဿ)၊
၃။ အယူမှားယွင်းခြင်း(မိစ္ဆာဒိဋ္ဌိ)၊

## အရက်သောက်ပုံချင်း မတူ

အဘိဇ္ဈာ=လောဘ စိတ်ဖြစ်နေခြင်းမှာ သူတပါးပစ္စည်း (သက်ရှိသက်မဲ့) ကို မစားရ မသောက်ရ မသုံးစွဲရဘဲလျက် အလိုလို အပြစ် ဖြစ်နေသော၊ ငရဲကြီးနေသော စိတ်ယုတ်မာဖြစ်၏။ စိတ်သည်သာ လိုရင်းပဓာန ဖြစ်၍ မနောဒုစရိုက်သုံးပါး (လောဘ၊ ဒေါသ၊ ဒိဋ္ဌိ) စိတ်ရိုင်းများကို ချိုးနှိမ် ပေးလျှင် ကာယ၊ဝစီဒုစရိုက်များကို အလွယ်တကူဖြင့်သာ ရှောင်ကြဉ်နိုင် တော့သည်။

---
34. ဒုတိယအကြိမ်

ဤ၌ မိစ္ဆာဒိဋ္ဌိ၏ သဘောကား အတန်ငယ်သိမ်မွေ့၏။ အမဲသား စားချင်၍သွားသတ်ခြင်းသည်'လောဘ'၊သွားသတ်ဘာ အပြစ်မရှိဟု ခံယူခြင်း သည်-'ဒိဋ္ဌိ'။

အပြစ်ရှိမှန်း သိသော်လည်း အရက်မသောက်ရ ပနေနိုင်၍ သောက် ခြင်းသည်–'လောဘ'၊ရေသောက်သကဲ့သို့ အပြစ်မရှိဟူသောစိတ်ဖြင့်သောက် လျှင်'ဒိဋ္ဌိ'။

မိစ္ဆာဒိဋ္ဌိကား သေလျှင် ငရဲသို့ တောက်လျှောက် ဆွဲချမြဲဖြစ်သည်။

## ဖြစ်ကင်းစင်၍ ကြည်လင်ငြိမ်းအေးသော ပရိသတ်

မြတ်စွာဘုရားရှင်ကား ပညာရှိတို့ ကဲ့ရဲ့မည် စိုးသဖြင့် ရှေ့တွင်ဖြစ်စေ၊ ကွယ်ရာတွင်ဖြစ်စေ တမင်အောင့်အည်းပြီး စောင့်စည်းနေရသည် မဟုတ်။ အလိုလို စောင့်စည်းလျက်သားချည်း ဖြစ်တော်မူသည်။

ယင်းဒုစရိုက်သုံးမျိုးနှင့်အသက်မွေးမှုမစင်ကြယ်ခြင်း (မိစ္ဆာအာဇီဝ) ၄–မျိုးကို ဘုရားရှင်အတွက် တမင်စောင့်စည်းရန် မလိုတော့သော (စောင့် စည်းပြီးသားဖြစ်သော) တရား ၄–မျိုးဟုခေါ်သည်။

(သတ္တက–အင်္ဂုတ္တရ၊အရက္ခိယသုတ်)

'သီလသိက္ခာ'ခေါ်သော ထိုအခြေခံစင်ကြယ်မှုများပြည့်စုံလုံလောက် တော်မူသဖြင့် ဘုရားရှင်၌ သဗ္ဗညုတဉာဏ်တော်ကြီးနှင့် တကွ သက်ရှိ သက်မဲ့ အခြံအရံ အသုံးအဆောင် ကောင်းများ အကြွင်းမဲ့ ပြည့်စုံတော် မူလာရသည်။

ဘုရားရှင်၌ ကာယ,ဝစီ,မနော ဒုစရိုက်တို့မှ ခွင်လုံးပိုင် စင်းလုံး ချော စင်ကြယ်တော်မူကြောင်း နိဂုံးချုပ်အားဖြင့် အောက်ပါ ဝတ္ထုကို မှတ်သားကြည်ညိုသင့်သည်။

## နေဝင်းဖြိုးဖြ ကျက်သရေရှိလှသော အစည်းအဝေး

အခါတပါး မြတ်စွာဘုရားရှင်နှင့် ရဟန္တာ တပည့် ငါးရာတို့ ဝိသာခါ ကျောင်းအမကြီး၏ ပုဗ္ဗာရုံကျောင်းအတွင်း လွင်ပြင်၌ စည်းဝေးတော်မူကြ ၏။ သီတင်းကျွတ်လပြည့်နေ့ ညနေချမ်း အချိန်ဖြစ်သည်။ နေလည်းဝင်စ သီတင်းကျွတ်ည၏ လရောင်လည်း ပြက်သန်းခိုက် ဖြစ်၏။

မြတ်စွာ ဘုရားရှင်သည် သက်နီးတော်ကြီးကို လက်ဝဲ ပခုံးပေါ် တင်လျက် အရှေ့ဘက်သို့ မျက်နှာမူ၍ ထိုင်တော်မူသည်။ သံဃာများက ဘုရားရှင်ဘက် ဦးညွှတ်အရိုအသေပြုကာ ထိုင်နေကြ၏၊ ချောင်းဟန့်သံ စသည်လည်းမကြား၊ တစုံတရာ လှုပ်ရှားခြင်းလည်း မရှိ။ ပကတိ တည်ငြိမ် အေးချမ်းလှသော ပရိသတ်ဖြစ်တော်မူ၏။ လပြည့်ဝန်းနှင့် အပြိုင်ထွန်းသော ပြည့်ရွှန်း ပေါ်လွင်သည့် မြတ်စွာဘုရားရှင်၏ ရွှေမျက်နှာတော်သည် ကျက်သရေအတိ ပြီးတော်မူလှသည်။

မြတ်စွာဘုရားရှင်သည် (အပ်ကျသံမျှ မကြားရအောင်) တည်ငြိမ် အေးချမ်းလှသော သံဃာ့ပရိသတ်ကြီးကို တဖက်သောအစွန်မှ တဖက်သော အစွန်သို့ကျအောင် အားရ နှစ်သိမ့်တော်မူလှသော မျက်နှာတော် အသွင် ကြည်လင်ရွှန်းလဲ့သော မျက်လုံးတော်အစုံတို့ဖြင့် သိမ်းခြုံ စောင်းလှည့်၍ တစိမ့်စိမ့် ကြည့်ရှုတော်မူနေ၏။

## ပဝါရဏာ=အပြစ်ရှိက ဖွင့်ပြောကြေး

စည်းဝေးသည့် ကိစ္စမှာ သံဃာများ ထုံးစံအရ သီတင်းဝါလ ကျွတ်သဖြင့် ပဝါရဏာပြုရန် ဖြစ်သည်။

'ပဝါရဏာ' ဟူသည် ဖိတ်ကြားခြင်း ဖြစ်၏။ ရဟန်းတော်များ အချင်းချင်း "မြင်၍ဖြစ်စေ၊ကြား၍ဖြစ်စေ၊ သံသယရှိ၍ဖြစ်စေ ရဟန်းနှင့် မလျော်သော ကိုယ်နှုတ် အမူအရာဆိုးများရှိပါက ဖွင့်ထုတ်ဆုံးမကြပါ"ဟု သံဃာ့ပရိသတ်အလယ်၌ အတိအလင်းဖိတ်ခေါ်၍ ထုတ်ဖော်ဆုံးမခြင်း ခံယူရသောပွဲ ဖြစ်၏။

မိမိကိုယ်ကို ကောင်းသည်ဟု ထင်နေသော်လည်း တပါးသူအမြင်၌ ကောင်းချင်မှ ကောင်းတတ်သည်။ မြတ်စွာဘုရားရှင်၏ တပည့်သား အဖွဲ့ အစည်း သံဃာ့တောင်၌ ပဝါရဏာပွဲ ထုံးစံသည် စံယူလောက်ပါပေ၏။

အရှင်သာရိပုတ္တရာ အမှူးရှိသော သံဃာတော် ငါးရာသည်မြတ်စွာ ဘုရား မိန့်ကြားတော်မူမည့် စကားကို ဆိတ်ငြိမ်စွာ စောင့်စားနေကြခိုက် မြတ်စွာဘုရားရှင်က—

"ရဟန်းတို့၊ သင်တို့အား ယခုပင်ငါဖိတ်ကြားတော် မူသည်။ ငါဘုရားရှင်အား မသင့်တော်သော ကိုယ်အမူ

အသျှ(ကာယကံ)၊ နှုတ်အမှုအရာ(ဝစီကံ)များရှိလျှင်ထုတ်ဖော်ရှုတ်ချ ပြောဆိုကြလော့”ဟု ဖိတ်ခေါ်တော်မူ၏။

ထိုအခါ အရှင်သာရိပုတ္တရာသည် သက်န်းကိုလက်ကန်တော့တင်ကာ နေရာမှထ၍ ရှိခိုးပြီးလျှင် ‘မြတ်စွာဘုရားရှင်အပေါ်၌ တစုံတရာ အပြစ်မမြင်ပါကြောင်း’သံဃာများကိုယ်စား လျှောက်ထား၏။ မိမိနှင့်တကွသံဃာများကိုလည်း ကိုယ်နှုတ်အမှုအရာ မသင့်တာရှိက ဆုံးမပါရန် ဘုရားရှင်အား ထပ်မံဖိတ်ကြားရာ ‘အားလုံး ရဟန္တာချည်းဖြစ်၍ ကိုယ်နှုတ်အပြစ်မတွေ့မြင်ကြောင်း’ ပြန်လည်မိန့်ကြားကာ ကောင်းချီး ပေးသနားတော်မူသည်။

ထိုအခါ သံဃာ့ပရိသတ်ကြား တပါးအပါအဝင်ဖြစ်သော ‘အဖွဲ့အနွဲ့’ ကောင်းသူအရှင်ဝင်္ဂီသမထေရ်သည်နေရာမှထကာသက်န်းကိုလက်ကန်တော့ တင်လျက် ဘုရားရှင်အား လက်အုပ်ချီ၍ ဘုရားအမှူးရှိသော သံဃာ့ပရိသတ်ကြီး၏ တည်ငြိမ်အေးချမ်းပုံကို ဝမ်းပန်းတသာ ပါဠိဂါထာ ကဗျာဖွဲ့ဆို၍ ဥဒါန်းကျူးခဲ့လေသည်။ (သဂါထာ-ပဝါရဏာသုတ်)။

(မနောဂ်တော်ကား အလောင်းတော်ဘဝ များစွာကပင် စင်ကြယ်ခဲ့သည် ဖြစ်၍ အထူးမပြ။)

ဤသို့ဖြင့် မြတ်စွာဘုရားရှင်၌ ကံသုံးပါး စင်ကြယ်၍ အသိဉာဏ်ကြီးတော်မူပုံ၊ ငြိမ်းချမ်းတော်မူပုံ၊ အာဏာတည်တော်မူပုံ၊ အရာရာပြည့်စုံတော်မူပုံတို့ကို အာရုံယူ စံထား၍ ကိုယ်ပိုင်အင်အား ဖြစ်အောင် သတိပြု ကျင့်ကြံကြရာသည်။

## ၇။ ဣမေဟိဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဆန္ဒဿ ဟာနိ၊

၇။ ဣမေဟိ ဆဟိ ဓမ္မေဟိ =သုံးဖြာခေတ္တ၊သုံးလောက၌၊ကာလသုံးတန်၊ ကံလည်းသုံးပါး ဤခြောက်ပါးသော အသာဓာရဏ ဂုဏ်တို့နှင့်။ သမန္နာဂတဿ= ပါရမီလောက်လုံ ပြည့်စုံဘော် မူပါပေထသော။ ဘဂဝတော=စကြဝဠာ၊ကမ္ဘာမြေမိုး၊ဖြန်းဖြန်းကြိုးမျှ၊ ဘုန်းတန်ခိုးကျက်သရေတို့နှင့်ပြည့်စုံတော်မူပါပေထသော။ဗုဒ္ဓဿ= ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား။ ဆန္ဒဿ=စကြဝဠာခွင်လုံး မီးကျီးဖုံးလျက်၊ကူးဆုံး

နိုင်မှု၊ ဘုရားဟူစေ။ သံမှုမတွန့်၊ စွန့်စွန့်စားစား၊
ကူးသွားဝံ့ရဲသော၊စွဲမြဲထုံပါသည့်၊ လောင်းလျာ၏
ဆန္ဒတော်....၊ ဘုရားဖြစ်ခါ၊ ဘုန်းခြောက်ဖြာတွင်၊
ကာမာမည်သီး၊ လိုတိုင်းပြီးရသည့်၊ ကြီးမားသော
ဆန္ဒတော်နှစ်ပါး၏။ ဟာနိ=လိုတိုင်းမရ၊ တ,တိုင်း
မအောင်၊ဆောင်တိုင်းမပြီး၊ အချည်းနှီး ဖြစ်ကာ၊
ပျက်စီးချို့ငဲ့ရခြင်း မည်သည်။ နတ္ထိ=တဂုံဘဆစ်၊
စကားအဖြစ်မျှ၊လှစ်ဟပြောဆိုရန်ရှိတော်မမူပါပေ။
(အရကျက်ပါ)

## ကိုယ့်ကတိ ကိုယ်ဖျက် မတိုးတက်

"လူသာမန်တို့ကား မည်သည့်အရွယ်၌ မည်မျှလောက်ကြွယ်ဝချမ်းသာလျှင် မည်သို့လှူမည်" စသည်ဖြင့် ရည်ရွယ်ချက်ကြီးကြီး 'ဆန္ဒာဓိပတိ' ဦးစီးကာ လုပ်ဆောင်ကြပါသော်လည်းရည်မှန်းသည့်အချိန်ရောက်လျှင်မှန်းသလောက် ကြွယ်ဝချမ်းသာသူကား ရှားပေ၏။

အကြောင်းအပေါင်းသင့်၍ ပြည့်စုံ ကြွယ်ဝ လာပြန်ပါသော်လည်း ကိုယ့်ကတိကိုယ်ဖျက်၍ မူလရည်ရွယ်ချက် ဆန္ဒနှင့်အညီ ပေးလှူပြုလုပ်နိုင်သူကား ပို၍ရှားလှပေ၏။

ဘုရားအလောင်းတော်ကား ထိုသို့မဟုတ်။

မျောက်ကဲ့သို့သော တိရစ္ဆာန်ပင် ဖြစ်ရစေကာမူ ချောက်ကမ်းပါးမှ ခဲယဉ်းစွာ ကယ်တင်ထမ်းပိုးလာသော ကျေးဇူးရှင် မိမိကိုပင် သတ်စားမည့် ပုဏ္ဏားမိုက်ကိုအလိုက်သင့်ရှောင်သွား၍ ရသော်လည်း မူလက ကတိ,ထားရှိသော ဆန္ဒအတိုင်း လမ်းဆုံးရောက်အောင် ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဘုရားဖြစ်တော်မူသောအခါကား ဆိုဘွယ်ရာမရှိ။ ပန်းတိုင်အသီးသီး ကိစ္စကြီးငယ် ရွယ်တိုင်း ပြီးစီးတော်မူရသည်။

## အလောင်းတော်၏ သင်ခန်းစာ

ထိုမျောက်မင်းဇာတ်ကို အနည်းငယ်ချဲ့၍ ကြည့်ကြဦးစို့။

ရှေးအခါက လယ်လုပ် ပုဏ္ဏားတယောက် နွားပျောက် ရှာရင်း တောနက်ကြီးထဲသို့ ရောက်သွား၏။ ခုနစ်ရက်လုံးလုံး အစာရေစာပြတ်သွား

34.ဒုတိယအကြိမ်

သည်။ တခုသောချောက်ကမ်းပါးရှိ တည်ပင်၌ အသီးများကို မြင်ရသဖြင့် တက်၍ခူးစားရာ အတောင် ၆၀-ရှိ ချောက်ကြီးထဲသို့ လိမ့်ကျသွား၏။ မတက်နိုင်ဘဲ ဆယ်ရက်လုံးလုံး အော်ဟစ်ငိုကြွေးနေရသည်။

ထိုအခါ ဘုရားလောင်း မျောက်မင်းကြီးကမြင်၍ ချောက်ထဲမှ ထမ်းပိုးပြီးကယ်တင်ခြင်းဖြစ်၏။ ပုဏ္ဏားကိုမထမ်းပိုးမီ ဦးစွာ လူနှင့် အလေးချိန်ညီမျှသော ကျောက်ခဲကြီးတလုံးကိုထမ်းပြီး အစမ်းခုန်တက်ကြည့်သည်။ မတော်တဆ မနိုင်မနင်းဖြစ်၍လိမ့်ကျသော် ပုဏ္ဏားမနာစေရအောင်ကြိုတင် လေ့ကျင့်ခြင်းဖြစ်၏။ (မည်မျှသနားကြင်နာ၍ အသိဉာဏ်ပါသည်ကို သတိပြုပါ။) သေချာလောက်မှ ပုဏ္ဏားကို ထမ်းပိုး၍ ကုန်းပေါ် အရောက် ခုန်တက်၏။

မျောက်မင်းကြီးသည် ကုန်းပေါ်သို့ ရောက်လျှင် ပင်ပန်းလှ၍ "အိုပုဏ္ဏား၊ငါမောလှသည်။ တမှေးလောက် အိပ်ပရစေ။ သားရဲတိရစ္ဆာန်ဘေးက ခဏစောင့်ပါ"ဟု မှာကြားပြီးအိပ်လိုက်သည်။ ပုဏ္ဏားယုတ်ကားကျေးဇူးကို မထောက်ထားဘဲ မျောက်သားစားရန် အိပ်ပျော်ခိုက် မျောက်မင်း၏ခေါင်းကို ကျောက်ခဲဖြင့်ထုရိုက်၏။မျောက်မင်းကြီးမှာ သွေးတောက်တောက်ကျကာ ကပျာကရာထ၍ သစ်ပင်ပေါ်သို့တက်ပြေးရရှာ၏။

ထိုအခါပုဏ္ဏားလည်းဆက်၍သွားရန် လမ်းမသိသဖြင့်လမ်းပြပေးရန် ငိုယိုတောင်းပန်၍ သစ်ပင်ထက်ဖျားမှ တပင်ပြီးတပင် ကူးသွားကာ ခေါင်းမှကျသော သွေးစက်ကို ခြေရာခံ၍ လိုက်ခဲ့ရန် ပြောဆိုပြီး လူသွားလမ်းအရောက် ပို့ပေးခဲ့လေသည်။

ကျေးဇူးရှင်ကို ပြစ်မှားသော ဒေဝဒတ်လောင်း ပုဏ္ဏားလည်း ခုနစ်နှစ်လုံးလုံးနူနာစွဲကာ နောက် မြေမျို၍ အဝီစိငရဲ၌ ခံရရှာလေ၏။

(တိံသ-မဟာကပိဇာတ်။)

## ကြံတိုင်းအောင် လက်နက်များ

ဤ၀တ္ထု၌ မျောက်မင်းကြီးသည်မိမိ၏ဆန္ဒကို ဆုံးခန်းတိုင်ရောက် ပြီးမြောက်ပြည့်စုံအောင်လုပ်ရာ၌ အောက်ပါအကူအင်အားကောင်းများကိုပါ အသုံးချသွားသည်ကို အတုယူသင့်၏။

၁။ ပြင်းထန်သော လုံ့လဝီရိယရှိခြင်း၊

၂။ သနားကြင်နာ ကိုယ်ချင်းစာမှု (မေတ္တာ၊ ကရုဏာ =သီလ)၊

၃။ ကြီးမားသော သည်းခံခြင်း(ခန္တီ)၊
၄။ နှိုင်းနှိုင်းဆဆ လုပ်ကိုင်နိုင်ခြင်း(ပညာ)၊

ဆန္ဒကို အကောင် အထည်ဖော်ရန် ထိုအင်အားများမပါ၍ မဖြစ်ချေ။

ဤ၌ ကျေးဇူးရှိမှ ကျေးစွပ်တတ်ကြသည့်အပြင် နှိပ်စက်သူ ပေါ်မှ 'ခန္တီပါရမီ'လုပ်ခွင့်ရသည်မှာ ပဓာနသင်ခန်းစာပင် ဖြစ်ပေသည်။ ပုဏ္ဏား မိုက်သည် နွဲ၍ မြေမျိုကာ အဝီစိသို့ ကျရသည်ကို သောက်၍လည်း အလောင်းတော်၏ မေတ္တာကရုဏာနှင့် ခန္တီအင်အားများ မည်မျှလောက် မြင့်မား စင်ကြယ်သည်ကိုပါ နားလည်သင့်ပေသည်။

(ဆုတောင်းဆုပန် ဆန္ဒဓာတ်ကြီး၏ အရေးကြီးပုံကို 'အခန်း–၄– ဆုတောင်းခန်း မြင်ကွင်းကျယ်'၌ အကျယ်ကြည့်ပါ။)

## ၈။ နတ္ထိ ဓမ္မဒေသနာယ ဟာနိ။

၈။ ဓမ္မဒေသနာယ=အားကုန် မာန်တင်း၊ ခြင်္သေ့မင်းသို့၊ တွင်းပြင်မထား၊ ဝါဒခြားလည်း၊ ဆရာစားမချန်၊ ကောင်းသုံးတန်ဖြင့်၊ နိဗ္ဗာန် ရရေး၊ ချိန် မရွေးဘဲ၊ တိုက်ကျွေး ဆုံးမတော်မူအပ်သော တရား ဒေသနာတော်မြတ်၏။ဟာနိ–ပညာကမ်းခတ်၊ ဘယ်လူနတ်မှ၊ လှည်းပတ်ငြင်းဆန်၊တရားမှန်ကို၊ တော်လှန်မရ၊ဟောသမျှလည်း၊ သုခသုံးမျိုး မဖွံ့ဖြိုးဘဲ၊ အကျိုးမပြီး၊ အချည်းနှီးဖြင့်၊ ပျက်စီးချို့ငဲ့ရခြင်းမည်သည်။နတ္ထိ= တရံတဆစ်၊ စကား အဖြစ်မျှ၊ လှစ်ဟ ပြောဆိုရန် ရှိတော်မမူပါပေ။ (အရကျက်ပါ)

## ဆရာစားမထား ဟောကြားတိုင်းအောင်

မြတ်စွာဘုရား တရားဟောတော်မူရာတွင် နတ်နှင့်လူ၊လူနှင့်ရဟန်း၊ အတွင်းလူနှင့်အပြင်လူ၊ အရင်းအဖျားမရှိ၊ အယူဝါဒခြားသူကိုပင် လိုအပ်သည့် အတိုင်း အတာအထိ ပြီးပြည့်စုံအောင် ဟောပြမြဲ ဖြစ်သည်။ လောက၌ ပညာသင်ပေးသူများကဲ့သို့ ဆရာစား ချန်ထားခြင်းလည်းမရှိ။အချို့မှာမူ ပညာရပ်(မန္တန်)ကို သေခါနီးကျမှသာ ရင်းနှီးသူအားဖွင့်၍ ပြောဆိုလေ့ ရှိသည်။

(မဟာဝဂ္ဂ-သံ၊ဂိလာနသုတ်။)

မြတ်စွာဘုရားရှင်ကား အစ, အလယ်, အဆုံး ကောင်းခြင်းသုံးတန်၊ သဒ္ဒါအနက်မှန်၍ ဖြည့်စွက်ပယ်နုတ်ရန်မရှိ၊ အကြွင်းမဲ့ ပြည့်စုံစင်ကြယ်သော တရားကိုချည်းဟောတော်မူသည်။

"ငါးပါးသီလတွင် အဘယ်သိက္ခာပုဒ်ပိုနေသည်။သစ္စာလေးပါးတွင် အဘယ်မည်သော အပိုဘရားတခု ထည့်နိုင်သေးသည်၊ သို့မဟုတ် ဤတရား တခုအစား ထိုတခုကို လဲလှယ်ထားသင့်သည်"စသည်ဖြင့် အဘယ် လူ,နတ် ဗြဟ္မာ၊အဘယ်ပညာရှိကမှ ပြောင်းလဲနုတ်စွက် ပယ်ဖျက်ငြင်းဆိုနိုင်ခြင်းမရှိ။

## သစ္စကပရိဗိုဇ် ရဟန္တာဖြစ်

အချိန်ရှိသမျှ နေ့ညမဟူ ဟောတော်မူလျက်၊ ဟောတိုင်းလည်း အကျိုးမပြီး သည်မရှိ၊ သူ့အတိုင်းအတာနှင့်သူ ချမ်းသာသုခရရှိသွားကြသည်ချည်းသာ။ အလောင်းတော်ဘဝ၌ပင် နာယူလေ့စားသူတိုင်း ရန်ဘေးကင်းကွာ ချမ်း သာခဲ့ကြရသော ဝတ္ထုအမျာ်းပင်။

မဟာသမယ,မင်္ဂလာတရား,စူဠဗျူဟုလောဝါဒ,သမစိတ္တ သုတ်များ ကို ဟောတော်မူသောအခါ 'ဓမ္မာဘိသမယ– တရားထူး ရကြသော နတ်, လူတို့၏ အရေအတွက်မှာ မည်မျှလောက် များပြား လှသည်'ဟု ဖော်ပြရန် ဂဏန်းမရှိ၊ အတိုင်းမသိ၊ အသင်္ချေ ပရေမတွက်နိုင်အောင် ရှိခဲ့ပေသည်။

( အင်္ဂုတ္တရ၊၄–၁။ ၇၈။)

ပရိနိဗ္ဗာန်ပြုခါနီးတွင် "တရားကိုသာ အားထားပြု၍ နေကြကုန်။ ငါဘုရားမရှိသည့်နောက် သုတ်,ဝိနည်း,အဘိဓမ္မာဒေသနာဓမ္မတို့သည် သင် တို့၏ဆရာ ငါကိုယ်တော်မြတ်၏ ကိုယ်စားပင်တည်း"ဟု မိန့်မှာတော်မူသည် မှာလည်း ပိဋကဒေသနာတို့သည် ဘုရားရှင်ရှိနေတော်မူသကဲ့သို့ အကြွင်းမဲ့ လောက်လုံ၍ တထစ်ချ ယုံကြည်ကိုးစားထိုက်ကြောင်း ထင်ရှားလှပေ၏။

မြတ်စွာဘုရားရှင်သည် တပည့်သာဝကမဟုတ်သော သာသနာပြင်ပ မှ ပရိဗိုဇ်စသူများကိုလည်း "နွားစာမှုရရဟု ကြွတ်တီးကုန်းဆားမြေတွင် စားသုံးပင် စိုက်ပျိုးရသကဲ့သို့ငှင်း၊ ဆေးရေ ကြောရေမှ ရရဟု အိုးပဲ့ အိုးပေါက်တွင် ရေကို ငင်နိုင်သမျှငင်၊ ဝင်သလောက် ဝင်အောင် ထည့် လှောင်ထားရသကဲ့သို့ငှင်း၊ တလုံးတပါဒမျှသိလျှင်ပင် မနည်း အကျိုးများ ရာ၏ဟု သဘောထား၍"ဟောကြားတော်မူခဲ့သည်ပင်ဖြစ်၏။

(မဟာဝဂ္ဂ–သံ၊ခေတ္တူပမသုတ်။)

ထို့ကြောင့်လည်း မိမိအား ကပ်ကိုးကပ်ဖဲ့စကားစစ်ထိုး၍ ဝါဒပြိုင်ဆိုင်သူ သစ္စကပရိဗိုဇ်သည် သီဟိုဠ်သာသနာတခေတ်တွင်'ကာဠပုဒ္ဓရက္ခိတ' ဟူသောအမည်ဖြင့်ရဟန္တာဖြစ်တော်မူသွားသည်။(မဟာသစ္စကသုတ်အဖွင့်)

## ၉။ နတ္ထိ ဝီရိယဿ ဟာနိ။

၉။ ဝီရိယဿ=[သွေးသားခြောက်စေ၊ အရိုးကျေ၍၊
အရေ့ကြောပုတ်၊နောက်မဆုတ်သော၊ဗုဒ္ဓဘူမိ၊
လောင်းဗောဓိ၏၊ ဝီရိယ သမ္မပ္ပဓာန်၊ မနှုန်းတန်
သား၊ဉာဏ်သဗ္ဗညူ၊ရတော်မူကာ၊] နေ့ လူ့ညနတ်၊
ပရိသတ်ကို၊ပြဿနာမေးဖြေ၊ ဟောမိန့်ချွေလျက်၊
မနေရပ်နား၊တိုင်းတပါးနှင့်၊မိုးဖျားဘဝဂ်၊ ဉာဏ်
ကွန့် ကျက်၍၊ စကြဝဠာတပါးသို့ပင်၊ ကြွသွား
တော်မူနိုင်သောပယတ္တဘုန်းခေါ်၊ဝီရိယတော်၏။
ဟာနိ=လေးဆယ့် ငါးဝါ၊ ကာလကြာလဲ၊လိုရာ
မပြီး၊အချည်းနှီးဖြစ်ကာ၊ ပျက်စီးချို့ငဲ့ရခြင်း
မည်သည်နတ္ထိ=တရံတဆစ်၊စကားအဖြစ်မျှ၊လှစ်ဟ
ပြောဆိုရန် ရှိတော်မမူပါပေ။ (အရကျက်ပါ)

## မနေမနား အားလပ်ချိန်မပါ ၄၅-ဝါ

"ယောကျ်ားမြတ်တို၏လုံ့လ သေခါမှချရသည်"ဆိုသည့်အတိုင်း ဘုရားရှင်ကိုမဆိုထားဘိ၊အလောင်းတော်ဘဝက ဝီရိယသည်ပင်လျှင် မနှိုင်းယှဉ်သာအောင်ကြီးမားလှပေသည်။ဇနကမင်းသားဖြစ်စဉ်က သင်္ဘောပျက်၍ ကမ်းမမြင်သော ပင်လယ်ပြင်ကို လက်ပစ်ကူးရာ၌"သေရမှာအတူတူ မောပြီးအသေမခံနိုင်ဘူး'ဟု ပင် လူသာမန်တို့က ယူဆကြ၏။ အားသွန်ကူးသော်လည်း အကျိုးထူးလာရန် လူသာမန်တို့အမြင်၌ စဉ်းစား၍ မရသည်မှာ အမှန်ပင်။

လူသာမန်တို့ ဉာဏ်မရှိသောအရာတို့သည် များစွာရှိကုန်၏။အကျိုးတရားကို လက်ငင်းရချင်မှလည်းရမည်။ လှမ်း၍ကြည့်သော်လည်း မြင်ချင်မှ မြင်ရမည်။ မည်သို့ဖြစ်စေ မိမိအလုပ်ကို ပြီးစီးအောင် ဉာဏ်ကုန် အားကုန် လုပ်ရမည်မှာ မိမိ၏ တာဝန်သာ ဖြစ်၏။

အကျိုးကို လက်ငင်းလည်းမရ၊ ဥာဏ်မှီသမျှ လှမ်းကြည့်သော်လည်း မြင်ချင်မှ မြင်ရမည်။ သို့သော် ဝီရိယရှိသူအတွက် အကျိုးတရားသည် တနေရာရာ၌ ကေန်ရှိနေတတ်၏။ မိမိလာပြည့်၌ ဇနကမင်း နန်းစံရလေပြီ။

ဆန္ဒခေတ်နှင့် ဝီရိယခေတ်တို့၌ လူသာမာန်တို့ မသိမမြင်နိုင်သော တန်ခိုးသတ္တိများ ပါဝင်လျက် ရှိကြ၏။ "ဣဒ္ဓိပါဒ=လိုတိုင်းပြီးစီးမှု တန်ခိုး ရရှိမှု၏ အခြေခံတရားများ" ဟု ဟောတော်မူသည် မဟုတ်ပါလော။

"ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ= ဝီရိယ ရှိသူ အား မပြီးစီးနိုင်သော အမှုကိစ္စဟူ၍ မရှိစကောင်း"

အလောင်းတော်သည် ဤသို့ ပြင်းပြလက်သန် သမ္မပ္ပဓာန် ကိစ္စ တပ်သော ဝီရိယဖြင့် သဗ္ဗညုတ ဉာဏ်ကြီးရ၍ ဘုရားဖြစ်တော်မူခဲ့၏။

ဘုရား ဖြစ်တော်မူသည်မှ စ၍ ပရိနိဗ္ဗာန် စံဝင်တော်မူသည်အထိ ၄၅-နှစ်တိုင်တိုင် တရက်တလေမျှ၊ တနာရီမျှ 'အနားယူသည်၊ အပန်းဖြေသည်' ဟူ၍ မရှိ။ နေ့လူ၊ ညနတ် ပရိသတ် မစဲအောင် အမြဲတမ်း ဟောပြတော် မူနေရ၏။

ဤနေရာ၌ 'ဘုရားရှင်သည် အလွန်ဝီရိယ ကြီးမားလှသည်' ဆိုရုံနှင့် မပြီး။ တရက်တည(၂၄-နာရီ) 'ဗုဒ္ဓ၏ တနေ့တာ 'သီတင်းသုံး နေထိုင် တော်မူပုံကို ကြည့်သင့်၏။ 'ဗုဒ္ဓကိစ္စ ငါးပါး' ဟု အဋ္ဌကထာ ဆရာတို့ ကိုယ် တိုင်ပင် 'အချိန်ဇယား' ဆွဲ၍ ပြတော်မူကြသည်။

## ဗုဒ္ဓ၏ တနေ့တာ လုပ်ငန်းစဉ်

မြတ်စွာဘုရားရှင်၏ တနေ့တာ သီတင်းသုံး နေထိုင်တော်မူပုံ၊ သို့မဟုတ် နေ့စဉ်လုပ်ငန်းဇယားမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ နံနက်ပိုင်း၌ ဆွမ်းခံ ဆွမ်းစားခြင်း၊ ဆွမ်းအနုမောဒနာ(ဆွမ်း တရားဟောမှု)ပြုသည်။

၂။ (က) ဆွမ်းခံပြန် ဆွမ်းစားပြီးနောက် ဂန္ဓကုဋိ စံကျောင်း တော်မဝင်မီ ခြေဆေး အင်းပျဉ်၌ ခြေဆေးရင်း နေ့စဉ် ရဟန်းတို့အား ဒုလ္လဘတရား ငါးမျိုးကို ဟောပြောတော်မူ၏။ ထို့နောက် ရဟန်းတို့အား ကမ္မဋ္ဌာန်း ပေးတော်မူသည်။

(ခ) ထို့နောက် နေ့လယ်ပိုင်း၌ ဂန္ဓကုဋိသို့ ဝင်တော်မူ၍ ပူအိုက်သော နွေရာသီမျိုးတွင် ခန္ဓာကိုယ် နှပ်းနယ်တော်မူသဖြင့် တခါတရံ တမုဟုတ် (ခဏ) မျှ လဲလျောင်းတော်မူပြီးတကိုယ်တည်းကိန်းအောင်းတော်မူသည်။ ပြီးလျှင်စကြဝဠာဇာတိခေတ်တိုက်တသန်းအတွင်း၌ကျွတ်ထိုက်သောသတ္တဝါ ရှိမရှိ သဗ္ဗညုတဉာဏ်ကွန်ယက်ကို ဖြန့်ကျက်၍ ရှုကြည့်တော်မူသည်။

(ဂ) ညနေချမ်းတွင် ကျောင်းတော်သို့လာရောက်ဖူးမျှော်သူ ဒကာ၊ဒကာမတို့အားတရားဟောတော်မူရသည်။

၃။ ညဦးယံတွင် (လိုအပ်လျှင် ရေသုံးသပ်=ရေချိုးတော်မူပြီးနောက်)ဂန္ဓကုဋိ ပရိဝုဏ်အတွင်း၌ပင် သီတင်းသုံးခိုက် ထိုမှ ဤမှ လာရောက် လျှောက်ထား မေးမြန်း တောင်းပန်သော ရဟန်းတို့အား ညဦးယံအချိန်လုံး(၁၁–နာရီလောက်အထိ) ဖြေဆို ဟောကြားတော် မူရသည်။

၄။ ညလယ်ယံတွင် ရဟန်း ပရိသတ်များ တရားနာပြီး အပြန် စကြဝဠာတိုက်အသီးအသီးမှ လာရောက် မေးလျှောက်ကြသော နတ်,ဗြဟ္မာ အမျိုးမျိုးတို့အား သန်းကောင်ယံတချိန်လုံး ဖြေဆို ဟောကြားတော် မူရသည်။

၅။ မိုးသောက်ယံ (နံနက်ပိုင်း)တွင် အချိန် သုံးပိုင်း ပိုင်း၍–

(က) ပထမ တချိန် စင်္ကြံလျှောက်တော်မူသည်။

(ခ) ဒုတိယ တချိန် ဂန္ဓကုဋိသို့ ဝင်၍ လျောင်းစက်တော်မူသည်။

(ဂ) တတိယ တချိန် လျောင်းစက်ရာမှ ထိုင်တော်မူ၍ (နေ့လယ်က ကဲ့သို့ပင်) စကြဝဠာ ဇာတိတခေတ်လုံး ဉာဏ်ကွန်ယက် ဖြန့်ကျက် ရှုကြည့်တော်မူသည်။

## ကမ္ဘာပေါ်တွင် အလုပ် အလုပ်ဆုံး

တရက်တည ၂၄–နာရီတွင် ကိုယ်၏ ပင်ပန်း နွမ်းနယ်မှုကြောင့် ကျိန်းစက်သော အချိန်သည် ၁၅–မိနစ်ခန့်၊ အလွန်ဆုံး နာရီဝက်ထက် ပိုဟန်မရှိ။ ထို ၁၅–မိနစ်လည်း နေ့စဉ်မဟုတ်ပေ။ လူသာမန်တို့ အသိဉာဏ်နှင့် ကိုယ်ချင်း

စာ၍ကား မရနိုင်ပေ။ ဘုရားရှင်ကို မဆိုထားဘိ။ တပည့်သား ရဟန်းတော်တို့ပင်လျှင် နှစ်ပေါင်း ၆၀–၇၀ မအိပ်စက်ရုံမျှသာ မက ကျောခင်း၍ပင် မနေ (နိသဇ္ဇိတင်ဆောင်) သော ရဟန်းတို့ပင် အများ အပြား ရှိကုန်၏။ ပို၍လည်း သက်ရှည် ကျန်းမာတော်မူကြသည်။

ယင်းသို့လျှင် ဝီရိယ ကြီးမားတော်မူခြင်း တခုတည်းဖြင့်ပင် 'ဘုရား' ဟူသော ဘွဲ့ထူးနှင့် ထိုက်တန်တော် မူပါပေ၏။

ကမ္ဘာပေါ်တွင် ဘုရားမှလွဲ၍ မည်သည့် ပညာရှင်၊ မည်သည့် ခေါင်းဆောင်တို့မှ ထိုမျှလောက် ဝီရိယကြီးမားသူ ရှိမည်မဟုတ်။ ကမ္ဘာပေါ်တွင် နေ့ညမအား မနားမနေ အလုပ် အလုပ်ဆုံးကား မြတ်စွာဘုရားနှင့် မြတ်စွာဘုရားရှင်၏ တပည့်သာဝကကြီးများသာ ဖြစ်ကြသည်။ (မအိပ်မနေ အလုပ် လုပ်နိုင်ပုံ၊ လုပ်သော်လည်း ကျန်းမာ သက်ရှည်နိုင်ပုံကို ယခုအခါ တရားအားထုတ်နေသူများမှ လွဲ၍ သဘောပေါက်နိုင်သူကား ရှားပေလိမ့်မည်။)

ပြဆိုခဲ့သည့်အတိုင်း မြတ်စွာဘုရားရှင်၏ နေ့စဉ်လုပ်ငန်း ၅–မျိုးတွင် နေ့ခင်းတကြိမ်၊ နံနက်မိုးသောက်တကြိမ် စကြဝဠာ တခွင်လုံး ကျွတ်ထိုက်သော သတ္တဝါကို ရှုကြည့် ဆင်ခြင်တော်မူကြောင်း သိခဲ့ရပြီ။

ယင်းသို့ ရှုကြည့်တော်မူ၍ ကျွတ်ထိုက်သော၊ ဟောထိုက်သော သတ္တဝါကို မြင်တော်မူက မည်သည့်ခရိုင် နိုင်ငံမရွေး၊ အဝေးအနီး၊ ခရီးတိုရှည်၊ မည်သည့် နတ်ပြည်၊ ဗြဟ္မာ့ပြည် မဆို၊ ထိုထိုလောကဓာတ် ဇာတိခေတ်ဖြင့် သတ်မှတ်ထားသည့် အခြားသော စကြဝဠာရှိ နတ်၊ဗြဟ္မာတို့ကိုပင် ကိုယ်တော်တိုင် သွားရောက် ဟောပြတော်မူရ၏။ ဤအကြောင်း ဘုရားရှင် ကိုယ်တော်တိုင်ပင် ဟောပြတော် မူခဲ့သည်။

## ပရိနိဗ္ဗာန် ပြုခါနီးတောင်မှ

မြတ်စွာဘုရားရှင်သည် တန်ခိုးတော်ကို အသုံးပြု၍ချည်း ကြွတော်မူသည် မဟုတ်။ ပကတိ အားတော်လည်း ကြီးမား ကြွခိုင်တော် မူသည့်အတိုင်း အများအားဖြင့် ကိုယ်တော်တိုင် ခြေလျင်ကြွသည်က များလေသည်။ ပုံစံအားဖြင့် အာဠာဝကကို ချွတ်ရန်အတွက် ယူဇနာ သုံးဆယ်ခရီး၊ အင်္ဂုလိမာလ, ပက္ကုသာတိ (ကပ္ပိလ) ဘုရင်တို့အတွက် ၄၅–ယူဇနာ၊ မဟာကပ္ပိန

မင်း ယူဇနာ နှစ်ရာ၊ ခနိယထေရ် ဟောချတ်ရန် ယူဇနာ ခုနစ်ရာတိုင်တိုင် ကြွတော်မူရလေသည်။

ဝါတွင်းသုံးလမှတပါး ဒေသစာရီ ကြွတော်မူသည်က များ၏။ သက်တော်ရှစ်ဆယ်၊ ပရိနိဗ္ဗာန်စံလွန်တော်မူခါနီး ပကျန်းမာတော် မူပါဘဲလျက်(သာမန်လူများ ဖြစ်သော် အိပ်ရာထဲတွင်လဲကာ ဆရာဝန်နှင့် အနီးကပ် ပြုစုနေရမည့် အချိန်မျိုး) သာဝတ္ထိမှ ကုသိနာရုံသို့ ပိုင် တရာ့ခြောက်ဆယ် ကျော် ခရီးကိုပင် ခြေလျင်ကြွတော်မူခဲ့သေးသည်ကိုကြည့်ပါလျှင် အဘယ်မျှ အားကျ ကြည်ညိုဘွယ် ကောင်းပါသနည်း။

## တရားကိုအလေးမူ၊ နာသူကို မျက်နှာမလိုက်

၄၅-ဝါ ကာလပတ်လုံး ဒေသစာရီ ကြွချီ၍ ဟောတော်မူလေတိုင်းလည်း တရားနာသူ 'နည်းသည်၊ များသည်၊ ဂုဏ်ရှိသည်၊ ငယ်သည်' အဆင့်အတန်း အခြေအနေမရွေး။ ဝီရိယကို ချန်မထား။ အားကုန် ဉာဏ်ကုန် အသုံးပြုတော် မူမြဲ ဖြစ်၏။ ခန္ဓာကိုယ်'ညောင်းညာသည်၊ လေထိုးသည်၊ ခေါင်းကိုက်သည်' ဟူ၍လည်း မည်သည့်အခါမျှ ခန္ဓာကိုယ်ကို ညှာတာငဲ့ကွက်ခြင်း မရှိ။

ခြင်္သေ့မင်းသည် သားကောင်တို့ကို ဖမ်းယူရာ၌ ဆင်ပြောင်ကြီးကိုပင် ဖြစ်စေ၊ ကြွက်ငယ်ယုန်ငယ်ကိုပင် ဖြစ်စေ ဝီရိယအနည်းအများမရှိ။ ကြီးငယ် မဟူ အားကုန်ထုတ်၍ ဖမ်းယူမြဲ ဖြစ်၏။ ဘုရားရှင်လည်း သတ္တဝါတို့ကို ကယ်ပရာ့တရားဟောရာ၌ ထို့အတူပင် ပြုတော်မူလေ့ရှိသည်။

(အမ္ဗဋ္ဌသုတ်-'စာရိက'ပုဒ်အဖွင့်၊ဂါမဏိသံယုတ်-ခေတ္တူပမသုတ်၊ သတိပဋ္ဌာနသံယုတ်-စုန္ဒသုတ်၊ မဟာပရိနိဗ္ဗာနသုတ်အဖွင့် စသည်တို့အရ ပြဆိုလိုက်သည်။)

## တန်ခိုးမရှိသော ဝီရိယ

လူတိုင်း၌ပင် ဝီရိယသည် ရှိ၏။ ဝီရိယသည် တန်ခိုးကြီးကြောင်း (ဣဒ္ဓိပါဒ်) တရားဟုလည်း အထိုက်အလျောက် ကြားဘူးကြ၏။ သို့သော် အသုံးမချတတ် ကြချေ။မျက်နှာကြီးငယ်ရွေးချယ်ပြုမူခြင်း(ဝါ)ကိုယ့်ဟာကိုယ် ကတိလိုက်၍ လုပ်ခြင်းကြောင့်လည်း ဝီရိယ၏တန်ခိုးသည် ပေါ်မလာချေ။

လက်ငင်းအကျိုးကို မြင်မှသာလည်း လုပ်လိုကြ၏။ လုပ်ပြန်ပါသော်လည်း ကောက်ရိုးမီးကဲ့သို့ တရှိန်တည်း တခါတည်းသာ စိုက်ထုတ်လိုကြသည်။ ထပင်းကို တရက်ထဲ တချီထဲ အဝစားထားရုံဖြင့် ဤခန္ဓာကိုယ်ကြီး မရပ်တည်နိုင်ချေ။ နေ့စဉ်ပုံမှန်ရွေးချယ်၍ စားပေးရန် လိုအပ်၏။ ထို့အတူ ပုံမှန်စိုက်ထုတ်၍ စွဲစွဲမြဲမြဲ တိတိကျကျလုပ်ရမည်ကို ကြောက်ရွံ့နေတတ်ကြ၏။

သစ်ပင်ဘပင်ကို ရဲဒင်းဖြင့်ခုတ်လှဲရာ၌ အချက်တရာတိတိခုတ်မှ လဲကျမည့် သစ်ပင်သည် တရာတိတိပင် ခုတ်ရသည်။ လျော့၍မရ။ ပိုလည်းအကျိုးမရှိ။ သို့သော် အကြိမ်တရာမြောက် နောက်ဆုံး ခုတ်ချက် တချက်ကြောင့်သာ သစ်ပင်ကြီး လဲကျသွားခြင်း ဖြစ်သည်။ ထိုခုတ်ချက်မျိုးကိုမူ အားကုန်ထုတ်၏။ မောပန်းသည်မထင်။ ကျေလည်းကျေနပ်၏။ သို့ရာတွင် ထိုနောက်ဆုံးခုတ်ချက်နှင့် ပထမဆုံးခုတ်ချက်သည် တန်ဘိုးအတူတူပင်တည်း။ ထိုသဘောကို မသိချက်ဆိုးဝါးသဖြင့် ပထမခုတ်စတွင် ပျင်းရိနေ၏။ အချက်ငါးဆယ်လောက်ခုတ်ပြီးလျှင်ပင် ပူသည့်အေးသည်ရမယ်ရှာ၍ ရပ်ဆိုင်းပစ်လိုက်လို၏။

အပြီးအဆုံးသို့ မရောက်ဘဲ လက်စတန်းလန်းနှင့် ထားသော မည်သည့်လုပ်ငန်းမှ အကျိုးမပေး။

## အားမစိုက်ဘဲ တလွဲချော်တွေး

ရှေးအခါက သဲကန္တာရကြီးကိုဖြတ်ကျော်၍ ကုန် ကူးသန်းသွားလာကြသော 'လှည်းကုန်သည်ငါးရာ' ရှိခဲ့ဘူး၏။ ပူလွန်း၍ နေ့အခါ မသွားနိုင်။ ညကျမှသာ ကောင်းကင်မြောက် နက္ခတ်ကြည့်၍ သွားကြရသည်။ ယူဇနာ ၆၀-ခရီးတွင် တယူဇနာမျှသာ လိုဘော့သောအခါ ရှေ့ဆုံးလှည်းမှ နက္ခတ်ကြည့်လမ်းညွှန်သူသည် ခရီးပန်းကာ အိပ်ပျော်သွား၏။ လှည်းများမှာ ရှေ့မရောက်ဘဲ နောက်ကြောင်းပြန်သွားကြသဖြင့် မိုးလင်းမှ မနေ့က စတဲချသော နေရာသို့ ပြန်ရောက်နေကြောင်းသိကြရသည်။

အစာရေစာလည်း ပြတ်ကြလေပြီ။ လူရောနွားပါ အခက်ကြုံကြရ၏။ ထိုအခါဘုရားအလောင်းဘော် လှည်းခေါင်းဆောင်က မြက်ပင်ကလေးများ ပေါက်သော နေရာ၌ ရေတွင်းတူးရန်ဆော်ဩ၏။ အတောင် ၆၀-မျှတူးပြီးနောက် ကျောက်ဖျာကြီးခံနေ၍ အားလုံး စိတ်ပန်းကိုယ်ပန်း လဲကျကုန်၏။ ဆက်၍ မဘူးလိုကြတော့ပြီ။

ခေါင်းဆောင်က တွင်းထဲသို့ ဆင်းပြီး ကျောက်ဖျာကို နားကပ်၍ ထောင်စမ်းရာ ရေသံများကြားရ၏။ သို့နှင့် လက်ထောက် လူယုံတဦးအား တွင်းထဲဆင်း၍ ကျောက်ဖျာကို အားကုန်ရိုက်ခွဲရန် ခိုင်းရသည်။ ထန်းလုံးခန့် ရေများ ပန်း၍ ထွက်လာသဖြင့် လူရောနွားပါ ချမ်းသာ၍ သဲကန္တာရမှ လွတ်မြောက်ကာ ရောင်းဝယ် မြတ်စွန်းခဲ့ကြရဘူး၏။

## ၃၊ တွင်းတူး-၃၊ ရေကြည်သောက်

ဘုရားလက်ထက်တော်က ရဟန်းတပါးသည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းယူပြီး တောထဲ၌ တဝါတွင်းလုံး အားထုတ်၏။ ဟိုသွားစကားပြောလိုက်၊ ဒီလာ စကားပြောလိုက် ထိထိခိုက်ခိုက်မလုပ်။ "ငါဟာ ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်မျိုး ဟုတ်ဟန် မတူပါဘူး"ဟု ဝီရိယမစိုက်ဘဲ တလွဲချော်တွေးကာ လျှော့ချေး တွက်နေ၏။

"ချစ်သား၊ အဲသလို ရှေးအခါက ရောကလေးတပေါက် သောက်ရဘို့ အရေးအတွက် လုံ့လဝီရိယရှိ၍ အများချမ်းသာခဲ့ရဘူးပြီ။ မြင့်မြတ်လှသော ငါဘုရား၏ သာသနာတော်၌ အရဟတ္တဖိုလ် နိဗ္ဗာန် ချမ်းသာကြီး ရရန် အဘယ့်ကြောင့် ဝီရိယ မစိုက်ထုတ်လိုသနည်း။

"ရှေးအခါကအားလုံးလက်လျှော့ကြခိုက် အတောင်၆ဝ-တွင်းတဲ၌ ဆင်း၍ အားလိုက်မာန်ပါ ကျောက်ဖျာကို ရိုက်ခွဲသူမှာ အခြားမဟုတ်။ သင်ပင်တည်း"ဟု မြတ်စွာဘုရားမိန့်တော်မူမှ ဝီရိယကိုမူ မစိုက်လိုဘဲ တလွဲ ချော်တွေးကာမိမိကိုယ်ကို လျှော့ချေးတွက်၍ လက်မှိုင်ချနေသောရဟန်းငယ် ရဟန္တာဖြစ်သွား၏။ (ဝဏ္ဏုပထဇာတ်။)

## ဖြစ်သည်ထင်လျှင် ဖြစ်၏

လူတို့သည် အလုပ်တစုံတခုကို လုပ်ရာ၌ ထိုအလုပ် လုပ်နိုင်ရန် မိမိမှာ အင်အားမရှိဟု လျှော့၍ တွက်တတ်ကြသည်။ လုပ်မကြည့်ခင်က လက်လျှော့ ထားကြ၏။

တခါက မန္တလေးမြို့ မီးအကြီးအကျယ် လောင်လာရာ အိမ်တအိမ်၌ သွက်ချာပါဒ ရောဂါစွဲ၍ နာတာရှည်အိပ်ရာ၌ လဲနေသောအဒေါ်ကြီးတဦး အိမ်လည်း မီးကူးစက်လုဖြစ်နေ၏။ အိမ်သားများအားလုံး သူ့ထက်ငါ အမော တကော ပစ္စည်းများကို ရမိရာ ဆွဲထုတ် ယမ်းသယ်နေကြသည်။

35. ဒုတိယအကြိမ်

လူနာအဒေါ်ကြီးကိုမူ မည်သူမျှ သတိမရနိုင်ကြ။ ပစ္စည်းများလည်း စုံတန်သလောက် စုံ၍ အမောပြေကာမှ အဒေါ်ကြီးကို သတိရပြီး အိမ်ထဲသို့ပြေး၍ရှာကြသည်။ အိမ်လည်းမီးစွဲနေ၏။ လူနာကိုလည်း ရှာမတွေ့ကြ။

စိတ်ပူပန်နေကြခိုက် လပေါင်းများစွာ အိပ်ရာထဲလဲနေသော အဒေါ်ကြီးသည် ခပ်ခစာခစာကပင် အလျင်ထွက်ပြေးနှင့်ကာ လမ်းဘေးတနေရာ၌ထွက်ပြီး ထိုင်နေရာမှ ဘယ်တဖက် ညာတဖက် အထုပ်အပိုးများကိုပင် ဆွဲသာသည်ကို တွေ့ကြရမှ ငိုအားထက် ရယ်အားသန် ဖြစ်ကြရလေသည်။

ဘုရားအစရှိသော အရိယာ သူတော်ကောင်းတို့ ဝီရိယကောင်းသည်မှာ သံသရာဘေးကြီးကိုလည်း မျက်မြင်တွေ့ရှိကြကုန်၏။ ထိုဘေးမှ မိမိလည်း လွတ်မြောက်၍ သတ္တဝါတို့ကိုလည်း ထုတ်ဆောင်ရန် ဝီရိယ စွမ်းအားသည် ငါ၌ အမှန်ရှိပေ၏ ဟုလည်း ယုံကြည်တော်မူသောကြောင့် ဖြစ်ပေ၏။

အသိဉာဏ်ရှိသူတိုင်း အလုပ်ကို ပို၍ လုပ်ကြရသည်မှာ ဓမ္မတာပင်တည်း။ မိမိတဝမ်းတခါး စားလောက် သောက်လောက်၊ တကိုယ်ရေ ဘေးကင်းလောက်ရုံ ဝီရိယမျိုးကား တန်ဘိုးမရှိချေ။

## နိဗ္ဗာန်ကို အလကား လိုချင်သူ

အများအားဖြင့် လူတို့သည် အကျိုးကျေးဇူးကိုသာ လိုချင်ကြ၏။ တန်ရာတန်ကြေးကိုမူ ပေးနိုင်သော်လည်း မပေးလိုကြ။ အရင်းနည်းနည်းနှင့်အမြတ်ကြီးကြီး လိုချင် ကြသည်။ တတ်နိုင်လျှင် အလကားရနိုင်သည်အထိလက်ကုန်နှိုက်ကာ အခချောင်လိုက်လိုကြ၏၊

ရှုကုန်သည်(အလှကုန်ရောင်းသူ)အကြောင်း အားလုံး ကြားသိဘူးကြ၏။ အဘိုးတသိန်းတန်သော ရွှေခွက်သည် ထိုရှုကုန်သည် လက်ထဲပင်ရောက်နေပြီ။ တန်ရာတန်ကြေးပင် မဟုတ်။ တော်ရုံလျော်ရုံ ပေးလျှင်ပင် ရနိုင်၏၊ ပေးရန် ပစ္စည်းလည်းရှိ၏။ မိမိကပေးရမည့် အရင်းအနှီး သက်သာနိုင်သမျှ သက်သာစေလိုသဖြင့် အဘိုးတသိန်းတန်သော ခွက်ကြီး လက်လွှတ်ကာ ရှုံးခဲ့ရ၏။

ကို'အလကား ရချင်'သည့် စိတ်ကြောင့်ပင် ဘုရားရှင်နှင့် တသံသရာလုံး ရန်သူဖြစ်ရ၍ ငရဲကျခဲ့ရသည်မှာ အနစ်နာဆုံးဖြစ်၏။

"ချစ်သားရဟန်း၊ အဘိုးတသိန်းတန်သော ရွှေခွက်နှင့် မနိုင်းယှဉ်အပ်သော သူတော်ကောင်းတရား လမ်းစဉ်မြတ်ကြီးနှင့် ယခု တချီသာ လွဲချော်သွားပါမူ ထိုရှိကုန်သည် မိုက်ထက်ပင် ယူကျုံးမရ နောင်တကြီးစွာ သံသရာခရီးခဲ၌ ဆင်းရဲရရှာတော့မည်"ဟု ဟောတော်မူခဲ့ဘူး၏။

('အရိမေတ္တေယျ' ဘုရားရှင်ကိုပင် ဖူးတွေ့ခွင့် ရချင်မှရတော့မည်။)

ထို'သေရိဝဏ္ဏဇာတ်တော်'လည်းနိဗ္ဗာန်ချမ်းသာကြီးကိုဝိရိယအဘိုးအခ နည်းနည်းပေးပြီးလိုချင်သောရဟန်းတပါးအားဟောတော်မူခြင်းဖြစ်သည်။

တန်ရာတန်ကြေးအဘိုးအခမပေးဘဲမည်သည့်အရာကိုမျှရရိုးတုံးစံမရှိ။

## ချိန်ဆုန်းခါသင့် ပန်းနှယ်ပွင့်

ဇီဇ နိယာမအရ သစ်ပင်တို့၏ သဘောသည်ရွက်ဟောင်းရွက်သစ် တနှစ်တခါလဲ၍ တနှစ်လဲတိုင်း တရစ်တရစ် ကြီးထွားလာစမြဲ ဖြစ်၏။ အနှစ်အသားဟူသည် ထိုအကာအပွေးတရစ်တရစ်ဘက်လာမှသာဖြစ်ပေါ်ရသည်။

ပုလဲရတနာသည် မုတ်ကောင်၏ အသားတွင်း၌ဝင်နေသောကျောက်ခဲလုံးကလေးများမှ တစတစ ပွတ်ကြိတ်ဖန်များသဖြင့် ချောမွေ့ တောက်ပြောင်လာရသည်။

စိန် ရတနာသည် နှစ်ပေါင်းသန်းနှင့် ချီ၍ ရင့်ကျက် လာရသော ရတနာ ဖြစ်၏။

လောက၌ မည်သည့်အရာမဆို 'ချိန်ဆုန်းခါသင့် ပန်းနှယ်ပွင့်' ဟူသကဲ့သို့ အလျင် စလိုလုပ်တိုင်း ရသည်၊ ဖြစ်သည်ဟုမယူဆရ။ သူ့အချိန်ကျမှသာ ဖြစ်ပေါ်ရ၏။

## လုပ်သမျှ အကျိုးရှိအောင်

မြတ်စွာဘုရားရှင်လည်း ကိလေသာတို့ကို သတ်ရာ၌ သီလ, သမာဓိ, ပညာ အဆင့်သုံးဆင့် ပေးထားသည်။ သူ့အဆင့်နှင့်သူ စွဲစွဲမြဲမြဲ တိတိကျကျ လုပ်ရလေသည်။ နားနေ ခုန်ကျော်၍ မရ။

သစ်သားနှစ်ခုကို မီးထွက်အောင် ပွတ်ရသူကဲ့သို့ ပူလာပြီးမီးထွက်ခါနီးမှ 'မောသေးသည်'ဟု နားနေလျှင် မည်သည့်အခါမျှ မီးလည်းရမည် မဟုတ်။အစကချည်း ပြန်ကောက်နေရသဖြင့် ဒုက္ခမှလည်း မလွတ်။

ဝီရိယကို စနစ်တကျ အသုံးမပြုတတ်ပါလျှင် အလကားထိုင်နေသူကမှ သက်သာတတ်သေးသည်။

ထို့ကြောင့် မြတ်စွာဘုရားက–

"သဏ္ဍစ္စကာရီ = လေးလေးစားစား လုပ်ရန် လိုသကဲ့သို့၊
သာတစ္စကာရီ=စွဲစွဲမြဲမြဲ လုပ်ရန်လည်း လို၏"

ဟု မိန့်တော်မူလေ့ရှိသည်။

တဖန် လမ်းစဉ်လည်း မှန်ကန်မှု ရှိ,မရှိကြိုတင်စဉ်းစားရ၏။လမ်းစဉ်မှန်သော အလုပ်၌ ဝီရိယနည်းသူ ဆင်းရဲရသကဲ့သို့ လမ်းစဉ် အလွဲအမှားတွင် ဝီရိယ ကောင်းသူသည် ပို၍ ဆင်းရဲတတ်ကြောင်း (အင်္ဂုတ္တရ ကေဝမ္မ–တတိယဝဂ်၌) ဟောတော်မူ၏။ ထို့ကြောင့် လမ်းစဉ်မှန်၍ အချိန်အခါ အခြေအနေအရ ဝီရိယ အသုံးချပုံ မှန်ကန်ရပေမည်။

အာနာပါန အလုပ်နှင့်စပ်၍ အဋ္ဌကထာ ဆရာက–

"န စေဝ ဠုတ္တရံ၊ န စ ဠုတ္တရ ဇနသေဝိတံ= အာနာပါန အလုပ်သည် (ဘောက်ရိုးမီးကဲ့သို့) ခဏ တဖြုတ် ထလုပ်၍ ရသော အရာမဟုတ်၊ လူညံ့တို့၏ အရာလည်း မဟုတ်"ဟု မိန့်ဆိုခဲ့လေသည်။

လောက၌ မိမိကိုယ်တိုင် သတ်မှတ်ထားသော စံချိန်ပြည့်အောင် တကယ် လုပ်နိုင်သူကား ရှား၏။

စံချိန်ပြည့်အောင် လုပ်သော်လည်း ကိစ္စ ပြီးလျှင် အကျိုးတရား ရရှိချင်မှလည်း ရရှိတတ်သည်။ ငွေကုန်ကြေးကျခံ၍၊ အပင်ပန်းခံ၍ရေတွင်း တူးတိုင်း ရေရသည် မဟုတ်။

မြတ်စွာဘုရား ပြုလုပ်တော်မူသမျှကား ဝီရိယကို အခြေခံ ပါရမီများ ထောက်ကူပေးထားသဖြင့် စံချိန်လည်းမကျ၊ အကျိုးမရသည် ဟူ၍လည်း ရှိတော်မမူပေ။

မှန်ကန်သော လမ်းပေါ်သို့ ရောက်နေပါလျက် ရပ်တန့်ငေးမောနေ၍ အကျိုးမရခြင်းသည် လမ်းစဉ်၏ တာဝန်မဟုတ်ပြီ။

## အကြိမ်ပေါင်း တသောင်းကျော် သတိပေးခြင်း

ဤနေရာ၌ ဗုဒ္ဓ၏ တနေ့တာ လုပ်ငန်းရပ်နှင့်စပ်၍ မြတ်စွာဘုရား နေ့စဉ် ဟောကြား သတိပေးမြဲ ဖြစ်သော တရားတပုဒ်ကို တွေ့ရ၏။ ၄၅-ဝါ

နေ့စဉ်ဆိုသဖြင့် ကြိမ်ရေပေါင်း (၁၆၄၂၅) တသောင်းခြောက်ထောင် လေးရာ့နှစ်ဆယ့်ငါးကြိမ်တိတိ သတိပေးတော်မူခဲ့သော တရားဟုဆိုသင့်သည်။

မည်မျှ အရေးကြီးကြောင်း သတိပြုရန် ကောင်းလှပေ၏။ ယင်းတရားကား အခြားမဟုတ်။ အောက်ပါတရား ၅-မျိုးပင်တည်း။

"အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ=
ဘိက္ခဝေ=ရဟန်းတို့။ (တုမှေ=သင်တို့သည်) အပ္ပမာဒေန= အာရုံခြောက်ခု၊ တွေ့ဆုံမှုတိုင်း၊ ရှုမှတ်မြဲ ဖြစ်သော သတိတရားဖြင့်။ သမ္ပာဒေထ=ပြည့်စုံကြပစေ။

၁။ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ။
လောကသ္မိံ=လောက၌။ ဗုဒ္ဓုပ္ပါဒေါ=ဘုရားပွင့်ပေါ်ခြင်းကို။ ဒုလ္လဘော=ရခဲ၏။

၂။ မနုဿတ္တဘာဝေါ ဒုလ္လဘော။
မနုဿတ္တဘာဝေါ=လူအဖြစ် ဖြစ်ရခြင်းကို။ ဒုလ္လဘော= ရခဲ၏။

၃။ ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိ။
သဒ္ဓါသမ္ပတ္တိ=ရဘနာသုံးတန် ကံ,ကံ၏အကျိုး ယုံကြည်မှုနှင့် ပြည့်စုံရခြင်းကိုလည်း။ ဒုလ္လဘာ=ရခဲ၏။

၄။ ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော။
ပဗ္ဗဇိတဘာဝေါ=ရှင်ရဟန်းအဖြစ်ကို။ ဒုလ္လဘော= ရခဲ၏။

၅။ သဒ္ဓမ္မဿဝနံ ဒုလ္လဘံ။
သဒ္ဓမ္မဿဝနံ=သူတော်ကောင်းတရား ကြားနာရခြင်းကို။ ဒုလ္လဘံ =ရခဲ၏။
ဧဝံ ဒိဝသေ ဒိဝသေ ဩဝဒတိ။
ဧဝံ=ဤသို့။ (ဘဂဝါ = မြတ်စွာဘုရားရှင်သည်။) ဒိဝသေ ဒိဝသေ= နေ့စဉ် နေ့တိုင်း။ ဩဝဒတိ=ကရုဏာ ရှေ့ထား၍ ဟောကြား သတိပေးတော်မူပါပေ၏။

## ၁၀။ နတ္ထိ သမာဓိဿ ဟာနိ။

၁၀။ သမာဓိဿ = အဋ္ဌဒိသာ၊ ရှစ်မျက်နှာမှ၊ လာလာ သရွေ့၊ မုန်တိုင်းဝှေ့လည်း၊ မရွေ့မယိုင်၊ မြင်းမိုရ်ခိုင်သို့ တပြိုင်နက်သား၊ ရှစ်ပါးလောကဓံ၊ ဝန်းရံပတ်ဆုံ၊ တွေ့ခိုက်ကြုံလည်း၊ မတုန်လှုပ်ဘဲ၊ အမြဲတည်တံ့သော 'ပကတိ သမာဓိ' တော်....၊ ဝသီဘော်ငါးချပ်၊ ကမ်းဆုံးခတ်မျှ၊ အပ္ပနာမျိုး၊ ဈာန်တန်ခိုးဟု၊ မြေလျှိုးမိုးပျံ၊စိတ်တော်ကြံက၊ မီးလျှံရေယဉ်၊ မြင်းမိုရ်ပင်လျက်၊ ရွှေစင်အစစ်၊ ညွှတ်တိုင်းဖြစ်ရ၊ သောင်းခေတ္တလုံး၊ အမှောင်ဖုံးက၊ သိမ်းကြုံးမှောင်စေ၊ လင်းပါစေလို၊ နေ့လ ထောင်ရာ၊ မကသာအောင်၊ လင်းပါ စေနိုင်၊ ပြုတိုင်း ပိုင်၍၊ အခြေခံ ခိုင်မာသော 'အပ္ပနာ သမာဓိ' တော်နှစ်ပါး၏။ ဟာနိ = အလိုတော် ရှိသမျှ၊ မရမပြီး၊ အချည်းနှီးဖြင့်၊ ပျက်စီးချို့ငဲ့ရခြင်း မည်သည်။ နတ္ထိ =တရံတဆစ်၊ စကားအဖြစ်မျှ၊ လှစ်ဟပြောဆိုရန် ရှိတော်မမူပါပေ။ (အရကျက်ပါ)

### အဏုမြူထက် စွမ်းသော သမာဓိလက်နက်

မြတ်စွာဘုရားရှင်၏ အလိုအလျောက်နိုင်နင်းတော်မူနေသော (ဝသီဘော်) သမာဓိအား အစွမ်းတော်ကား မနှိုင်းယှဉ်သာအောင် ခိုင်မာတည်တံ့တော်မူ၏။ ထိုသမာဓိတော်ဖြင့်ပင် အမျိုးမျိုးသော တန်ခိုးတော် များကို ဖန်ဆင်းတော်မူနိုင်၏။

တန်ခိုးပြာဋိဟာနှင့် စပ်၍ အံ့ဘွယ်တို့ကား အထူးဆိုဘွယ်မရှိ၊ များပြားလှသည်။

ထိုသမာဓိတော်ဖြင့်ပင် ရောဂါဝေဒနာ အမျိုးမျိုး၊ ဘေးဆိုးလောကဓံ၊ အဏုမြူထက် အဆပေါင်းများစွာ သာလွန်သော အာဋ္ဋာဝကဘီလူး၏ ဘွဲ့ဖြူလက်နက်၊ နေပူ, မိုးရွာမရှောင် လွင်တီးခေါင်၌ နေတော်

ပူရခြင်း၊ သားရဲတိရစ္ဆာန် ထူပြောသော တောကြီးမြက်မဲ၌ သီတင်းသုံး နေရခြင်းစသော ကြမ်းတမ်းလှသည့် ဗျာသိဥတုဒဏ် စသည်တို့ကို ခံတော် မူနိုင်ခဲ့ပါ၏။

ထိုတွင် ဘုရားရှင်ကို ပစ်ခတ်သော အာဠဝကဏ ၏ 'ဘွဲမြူလက်နက်' မှာ မြင်းမိုရ်ကျေပျောက်, သမုဒ္ဒရာပင် ခန်းခြောက်စေနိုင်၏။ ကောင်းကင် ကို ပစ်က မိုးသယ် နှစ်နှစ် မရွာနိုင်။ မြေပြင်ကိုပစ်လျှင်လည်း သစ်ပင်များ သေပျောက်၍ ဆယ့်နှစ်နှစ်လုံးလုံး ပည်သည့် အပင်မျှ မပေါက်နိုင်။ ထိုမျှ လောက် အစွမ်းထက်လှ၏။ (ယက္ခသံယုတ်၊အာဠဝကသုတ် အဖွင့်။)

မြတ်စွာဘုရား ဟောညွှန်ကြားသည့် ကျေးတော်အတိုင်း လိုက်နာ ကျင့်ကြံကြသော အရိယာသာဝကတို့တွင် အငယ်ဆုံးဖြစ်သောသောတာပန် ပုဂ္ဂိုလ်၏ သမာဓိပင်လျှင် ကောင်းဆိုးနှစ်တန် လောကဓံ ရှစ်ပါးကြောင့် ချောက်ချားတုန်လှုပ်မှု မရှိတော့ပြီ။ (ရတနသုတ်။)

## ဘာကိုမှ မကြောက်သော ဘုရားသား

တခါက သဟမ္ပတိဗြဟ္မာကြီးကိုယ်တိုင် ဘုရားသားတော်တို့၏ လောကဓံ အောင်ပွဲရပြီး တည်ငြိမ်အေးချမ်းတော်မူကြပုံကို ဘုရားရှင်အား ဝမ်းသာ ကြည်ညို လျှောက်ဆိုခဲ့ဘူး၏။

မြတ်စွာဘုရားမဂဓတိုင်း 'အန္ဓကဝိန္ဒ' ရွာကလေး၌ သီတင်းသုံးစဉ်က ဖြစ်၏။အချိန်ကား ကွင်းပြင်ပြောင်ပြောင် လင်းတီးခေါင်၌ အလွန်မိုးမှောင် ကျသော ညဉ့်ကာလ၊ မိုးပေါက်များပင် ကျနေသည့်ကြား တပါးတည်း သီတင်းသုံးတော်မူခိုက် ဖြစ်၏။

"မြတ်စွာဘုရား....၊ ခြင်္သေ့, သစ်, ကျား, သစ်ငုတ် များနှင့် မြွေဆိုးများပေါသည့် တောကြီးမြက်မဲ အတွင်း မိုးမှောင်ကျကာ လျှပ်စစ် မိုးကြိုးများ ထစ်ချုန်းနေ သည့်ကြား အရှင့်သားတော် ရဟန်းတော် များသည် ကြောက်ရွံ့ခြင်း ကင်းစွာ ရှိနေကြပါသည်။

"ဤစကားကို တဆင့်ကြားစိတ်ကူးဖြင့် ပြောသည် မဟုတ်ပါ။ သေခြင်းသဘောကို စွန့်ပြီးသော ရဟန္တာအရှင် ထောင့်ငါးရာကျော်, အပါယ်သို့ လားတော့မည် မဟုတ်

သော သေက္ခပုဂ္ဂိုလ် တရာ့တဆယ်တို့သည် တခုတည်းသော အရှင်ဘုရား သာသနာတော်၌ ရှိ နေသည်ကို အမှန်ပင် ကျွန်ုပ်ကိုယ်တိုင် မြင်ရပါသည်။

"ဤမှတပါးနိဗ္ဗာန်ရောက်ကြောင်းကောင်းမှုအထူးရှိသည့် ပုဂ္ဂိုလ်တို့ကား ဤဒွေ့ ဤမျှရှိသည်ဟု ရေတွက်၍ မလျှောက်ဝံ့ပါ။ မုသားပြောမိမည်စိုးသောကြောင့် ဖြစ်ပါသည်" (ပြဟ္မာယုတ်၊အန္တကဝိန္ဒသုတ်။)

## မိုးကြိုးဒဏ်ခံသော ကောက်ရိုးတဲကျောင်း

တချိန်ကလည်း မြတ်စွာဘုရားရှင်သည် အာတုမ မြို့အနီး ကောက်ရိုးပုံ တဲကျောင်း၌ သီတင်းသုံးတော်မူ၏။

မိုးလည်း တချုန်းချုန်း၊ လျှပ်စီးလည်း တလက်လက်၊ မိုးကြိုးလည်း တခြိမ်းခြိမ်း ပစ်နေ၏။ ကောက်ရိုးပုံ တဲကျောင်းအနီးရှိ လယ်တလင်းထဲ၌ လယ်သမားညီအကိုနှစ်ယောက်နှင့် နွားလေးကောင် သေကြေပျက်စီးသွားသည်။ မိုးကြိုးပစ်ရာသို့ အာတုမမြို့သားများ အုူရားဖားရား ပြေးလာကြ၏။ စုရုံးပိုင်းအုံ၍ ကြည့်နေကြသည်။

ထိုအခိုက်မြတ်စွာဘုရားရှင်သည်ကောက်ရိုးတဲကျောင်းမှ ကောက်ရိုးတံခါးကိုဖွင့်ပြီး စင်္ကြံလျှောက်နေ၏။ မိမိထံမှောက်သို့ ရောက်လာသော ဒကာတဦးအား အဘယ့်ကြောင့် လူအများ ဝိုင်းအုံ စုရုံးနေကြောင်းမေးတော်မူရာ ဒကာက အကြောင်းစုံ လျှောက်ထား၏။

ထိုဒကာကပင် မြတ်စွာဘုရားအား "အရှင်ဘုရား ပမြင်လိုက်၊မကြားလိုက်ဘူးလား" ဟု မေးမြန်းသဖြင့် မမြင်မိ၊ မကြားလိုက်မိကြောင်း ဖြေတော်မူသည်။ အိပ်လည်း အိပ်မပျော်၊ စိတ်သညာလည်း ရှိပါလျက် ဤမျှ တမြို့လုံး အထိတ်တလန့် ဘူရာသံညံ ဖြစ်နေသည်ကို "မြင်လည်း မမြင်၊ ကြားလည်း မကြား" ဟု မိန့်တော်မူသဖြင့် မြတ်စွာဘုရားရှင်၏သမာဓိတော်ကို အတိုင်းမသိ အံ့သြကြည်ညိုသွားလေ၏။ (မဟာပရိနိဗ္ဗာနသုတ်)

မြတ်စွာဘုရားရှင်၏ သမာဓိတော်ကား ပရိသတ်အများ တရားဟောရာ၌ 'သာဓု' ခေါ်သည့် ကြားမှာပင် သမာပတ် ဝင်စားလေ့ရှိရာ အချိန်မရွေး ဝင်စားလို့ရအောင် နိုင်နင်းသော သမာဓိနှင့် ပြည့်စုံတော် မူလေသည်။ သွားလိုဝါမှ ဂေါ်ဂိုးရသော သဘောမျိုးမဟုတ်။

ထိုသမာဓိအပေါ်၌ ရပ်တည်သောပညာ၊ ထိုသမာဓိပေါ်၌ မှီတွယ်သော မေတ္တာစသော တန်ခိုးတော်တို့ကား အဘယ်မှာ ဆိုဘွယ်ရာ ရှိပါတော့မည်နည်း။

သို့စင် အတုမရှိ မြင့်မြတ်သော တရားလမ်းစဉ် နည်းပညာများကို သိမြင် ရရှိနေသော 'ဗုဒ္ဓဘာသာဝင် သူတော်ကောင်း'တို့သည် မည်မျှကြီးမားပြင်းထန်သော လောကဓံ၊ မည်မျှ အစွမ်းထက်သော လက်နက်မျိုးကိုပင်ဖြစ်စေ ရင်ဆိုင်ရဲသော သူတော်ကောင်းသတ္တိ အသင့်ရှိစကောင်းပေ၏။

## ၁၁။ နတ္ထိ ပညာယ ဟာနိ။

၁၁။ ပညာယ=ဖြစ်ပျက်များစွာ၊ သတ္တဝါနှင့်၊ စကြဝဠာ အပေါင်း၊ တိုက်တသောင်း၌၊ ကြောင်းကျိုးနွယ်ညှို၊ ကုန်စင်သိ၍၊ အဘိဓမ္မာ၊ ဓာတ်ပညာတွင်၊ မဟာပဋ္ဌာန်း၊ ဓာတ်ခွဲခန်း၌၊ ဖြန်းဖြန်းထွင်းဖောက်၊ ဖက်ကမ်းမြောက်သား၊ နှစ်ယောက်မတန်၊ 'မဟာဝဇီရ ဉာဏ်'တော်မြတ်၏။ ဟာနိ=မမြင်မသိ၊ သတိချွတ်ယွင်း၊ ယုတ်လျော့ခြင်းမည်သည်။ နတ္ထိ=တရံတဆစ်၊ စကားအဖြစ်မျှ၊ လုံ၍ဟာပြောဆိုရန် ရှိတော်မမူပါပေ။ (အရကျက်ပါ)

## ၁၂။ နတ္ထိ ဝိမုတ္တိယာ ဟာနိ။

၁၂။ ဝိမုတ္တိယာ=ကုဋ္ဌေဘသိန်း၊ပျက်ကိန်းတူစွာ၊စက္ကဝါ၌၊ အာဏာသက်ရောက်၊ထုတ်ချင်းပေါက်အောင်၊ ထက်အောက်ဗီလာ၊ ဗြဟ္မာနှစ်ဆယ်၊ အပါယ်လေးရပ်၊ လူနတ်မှကြွင်း၊ ခပင်းဥဿုံ၊ လွှမ်းမှမ်းခြုံသည့်၊ ပွားထုံမေတ္တာ၊ မနိုင်းရာသား၊ လေးဖြာ ဗြဟ္မ၊ ဝိဟာရ စေတောမုတ္တိ'....၊ပရိသတ်အများ၊ ဟောသည့်ကြားပင်၊ဝင်စားမလပ်၊ မြဲထုံအပ်သော၊ 'အရဟတ္တဖလ၊ စတုတ္ထဈာန်'ချမ်းသာ၊ကျိုင်ါးဖြာသောဝိမုတ္တိတရား၏ ဟာနိ=လိုတိုင်းမရ၊ တ-တိုင်း မအောင်၊ဆောင်တိုင်း

မပြီး၊ အချည်းနှီးဖြစ်က၁၊ ပျက်စီးချို့ငဲ့ရခြင်းမည်
သည်။ နတ္ထိ= တရံတဆစ်၊ စကားအဖြစ်မျှ၊ လှစ်ဟ
ပြောဆိုရန် ရှိတော်မမူပါပေ။ (အရကျက်ပါ)

## အဘိဓမ္မာသဘာဝနှင့် မဟာဝဇိရဉာဏ်

ဘုရားရှင်၏ ဉာဏ်တော်ကား....

'ယာဝတကံ ဉေယျံ၊ တာဝတကံ ဉာဏံ''ဟု ဟောတော်မူသည့် အတိုင်း တလောကလုံး သက်ရှိသက်မဲ့ မည်သည့် အရာကို မဆို အကြောင်း အကျိုးနှင့်တကွ နှိုက်နှဲထိုးထွင်း လင်းလင်းထင်ထင် သိမြင်တော်မူသည်သာ ဖြစ်၏။

စကြဝဠာတိုက်တသောင်းရှိ အကြောင်းအရာ မှန်သမျှကို နေ့စဉ်နှင့် အမျှ ကုဋေနှစ်သန်း လေးသိန်း အရေအတွက်ရှိသော 'မဟာဝဇိရဉာဏ်' တော်ဖြင့် ဆင်ခြင်သုံးသပ်တော်မူ၏။

ဘုရားဖြစ်တော်မူစ အလွန်ခက်ခဲနက်နဲသော အဘိဓမ္မာ သဘာဝ ပဋ္ဌာန်းကျမ်းကြီးကို သုံးသပ် ဆင်ခြင်တော်မူရာ ကိုယ်တော်အစိတ်အစိတ်မှ တဖိတ်ဖိတ် တလက်လက် ရောင်ခြည်တော်များပင် ထွက်ပေါ်တော်မူခဲ့၏။ လေးလေးနက်နက် ထိုးထွင်းသိမြင်သော 'မဟာဝဇိရဉာဏ်' တော်ကြီး၏ အားစွမ်းတော်ကို သိလိုက ဗုဒ္ဓ အဘိဓမ္မာများကို လေ့လာမှုရ၏။

## ၂၅၀၀-ခေတ်စောသော ဗုဒ္ဓသိပ္ပံ

ယခုအခါ အချိန်အခါနှင့် အာကာသအဝေးကို တန်ဘိုးထားပြီး လက်နက် ကိရိယာ ယာဉ်ရထားများ တီထွင်နေကြသော သိပ္ပံဆရာတို့ လောက၌ 'အချိန်အခါနှင့် အာကာသအဝေးမရှိ'ဆိုသော အိုင်းစတိုင်း၏ စကားကြောင့် သိပ္ပံဟလောကလုံး ချောက်ချားသွားခဲ့ဘူး၏။ သို့သော် ဘုရားရှင်ကား ဒိသာ(အရပ်မျက်နှာ)၊ ဒေသ(နေရာ)နှင့်ကာလ(အချိန်အခါ)တို့သည်ပညတ် ဖြစ်ကြောင်း (ဝါ-တကယ်ရှိသော 'ပရမတ်'တရားမဟုတ်ကြောင်း) ဟော တော်မူခဲ့သည်ကို ကိုရင်ငယ်ကလေးများကပင် သိနေကြပြီး ဖြစ်သည်။

ယနေ့ ဆက်လက်ပြီး ဝတ်ခဲ့၍ မရနိုင်တော့သော နောက်ဆုံး စွမ်း အင်၌ပင် 'အဋ္ဌကလာပ်ရုပ်' ရှစ်ခု ရှိနေသေးကြောင်း ညွှန်ပြ နိုင်ပေရာ သဗ္ဗညုတဉာဏ်တော်၏ အတိုင်းအတာကို သိသာလှပေ၏။

နာမ်ပိုင်းဆိုင်ရာတွင်လည်း အတုမရှိ အသေးစိတ်ဝေဖန်ခွဲ၍ ပြတော်မူခဲ့သည်။

## သိပ္ပံပညာရှင်တို့အတွက် ဗုဒ္ဓအဘိဓမ္မာ

ယခုအခါ သိပ္ပံပညာရှင်တို့သည် ရုပ်နှင့် စိတ်တို့၏ သဘောကို အတူးအောင်မြင်စွာ လေ့လာခွဲခြမ်းလျက် ရှိကြ၏။ ရုပ်ဒြပ်များကို အဆင့်ဆင့် ခွဲထုတ်သောအခါ နောက်ဆုံး ရောင်ခြည်လှိုင်း စွမ်းအင်များအဖြစ် တွေ့ရှိလာကြရာ ရုပ်လောက၌ အစိုင်အခဲဟူ၍ မရှိတော့ကြောင်း တွေ့မြင်ကြသည်။ သို့ရာတွင် ရောင်ခြည်လှိုင်းများကို ရုပ်ဟု မခံယူကြပေ။ သို့မဟုတ် မသိမှတ်ကြပေ။

ယင်းရောင်ခြည် အလင်းလှိုင်းတို့၏ ပြေးသွားသောစွမ်းအားကိုလည်း တစက္ကန့်လျှင် ၁၈၆၀၀၀-မိုင် ပြေးသွားကြောင်း စသည်ဖြင့် ပြဆိုထားရာ သိပ္ပံပညာလေ့လာသူများအတွက် နှိုင်းယှဉ်စဉ်းစားလိုက စဉ်းစားနိုင်ရန် ဗုဒ္ဓအဘိဓမ္မာလာ 'ရုပ်နှင့် စိတ်တို့၏ အမြန်နှုန်း' စသည်ကို ဗဟုသုတအဖြစ် အနည်းငယ် ဖော်ပြဦးအံ့။

ယခု ဖော်ပြလတ္တံ့သောစကားများမှာ ပါဠိပထမပြန်သုံး မာတိကာ ဓာတုကထာအရကောက်(ပထမသုံး အဘိဓမ္မာကျမ်း)တွင် ၁၉၆၄-ခုနှစ်က ကျွန်ုပ်တို့ ရေးသားခဲ့သော နိဒါန်းမှ ကောက်နုတ်ချက်များသာဖြစ်ပါသည်။

[ လောက၌ ဂဏန်းသင်္ချာဖြင့်တိုင်းတာတွက်ဆ၍ မရနိုင်သော အရာလေးခုရှိသည်။ ယင်းကားစကြဝဠာအနန္တ၊အာကာသအနန္တ၊သတ္တဝါအနန္တနှင့် ဗုဒ္ဓဉာဏ်တော် အနန္တတို့ပင် ဖြစ်၏။ အသင်္ချေယျ လေးပါးဟုလည်း ဆိုအပ်ကုန်သည်။ ] (ဗုဒ္ဓဝံသပါဠိ-၃၀၅)

ယင်း ကောင်းကင်စကြဝဠာ အနန္တရှိ သတ္တဝါအနန္တ၏ ရုပ်နာမ်ဓမ္မ သဘာဝအားလုံးကို ခြုံမိငုံမိအောင် ညွှန်ပြနိုင်စွမ်းသောဉာဏ်သည် ဗုဒ္ဓရှင်တော်မြတ်၏ သဗ္ဗညုတ ဉာဏ်သာလျှင် ဖြစ်ပေတော့သည်။

ရုပ်နာမ်ဓမ္မ သဘာဝသည် စင်စစ် နက်နဲ သိမ်မွေ့လွန်းလှပေသည်။ လူသာမန်တို့၏ အမြင်၌ အစဉ်အမြဲ အခဲအစိုင် တည်ရှိနေသယောင် ထင်ရသော်လည်း မီးလျှံနှင့်ရေအယဉ်ကဲ့သို့ ကြောင်းကျိုး အဆက်ဆက် ဖြစ်ပျက်မှုသဘောကို ဆောင်ကာ အစဉ်ပြောင်းလဲလျက်သာ နေကြပေသည်။

---
36.ဒုတိယအကြိမ်

## ရုပ်တရားတို့၏ အပြန်နှုန်း

ကျမ်းဂန်တို့၌ ရုပ်နာမ်တို့၏ အမြန်နှုန်းကို ဥပမာ အမျိုးမျိုးတို့ဖြင့် ဖွဲ့ဆိုလျက်ရှိကြပေသည်။ ထိုတွင် ရုပ်သဘောများ၏ဖြစ်ပျက်မှုအမြန်နှုန်းကို ဤသို့တွေ့ရှိရပေသည်။

အလောင်းတော် ဇဝနဟံသာမင်းသည် အလွန်မြန်သော အဟုန်ရှိ၏။ လက်ဖြောင့်တော်တည့်သော လေးသည်ကျော် လေးဦးတို့သည် ကျောချင်းအပ်၍အရပ်လေးမျက်နှာသို့အသီးသီးရှေးရှုရပ်တည်ကာ ပစ်လိုက်သော မြှားလေးစင်းတို့ကိုမြေဝယ်မကျမီ ဖမ်းယူနိုင်စွမ်းရှိပေသည်။ ထိုထက် လ,နှင့်နေတို့သည် ပို၍မြန်၏။ ထိုထက် နတ်,ဗြဟ္မာတို့သည် ပို၍မြန်၏။ ထိုထက် ရုပ်တရားတို့၏အသက်(အသွားနှုန်း=ဖြစ်ပျက်မှုအလျဉ်)သည်ပို၍ မြန်၏" ဟု ဟောတော်မူခဲ့၏။ (သဂါထာသံယုတ်၊ဓနုဂ္ဂဟသုတ်။)

တဖန်–ယင်း လ,နေတို့ထက် လျင်မြန်သောနတ်သားနှစ်ယောက်တို့ အနောက်မှအရှေ့၊ အရှေ့မှအနောက် အထက်အောက် ရင်ဆိုင်ပြေးလာကြရာတွင် အထက်မျဉ်းကြောင်းမှ ပြေးသောနတ်သား၏ခြေဦးရင်း၊အောက်မှပြေးသော နတ်သား၏ခေါင်း၌ရင်း အသီးသီး တပ်ထားသော သင်ဓုန်းသွားနှစ်ခုတို့၏ ပေါင်းဆုံမိသော အခိုက်သည် ရုပ်ကနဲဖြစ်ကာ လွန်စွာတိုတောင်းလှ၏။

ထိုထက် ရုပ်တရားတို့၏ ဖြစ်ပျက်မှု အမြန်နှုန်းသည် ပို၍ တိုတောင်းလှသည်ဟု ဆိုလေသည်။ (မူလဋီကာ–၆၂။ မဟာနိဒ္ဒေသ ပါဠိ–၃၂။)

## နာမ်တရားတို့၏ အပြန်နှုန်း

ဖြစ်ပျက်မှုအရှိန် နှုန်းနှေးသည်ဟု ဆိုအပ်သော ရုပ်တရားများပင် ယင်းသို့လျင်မြန်နေသေးလျှင် အထည်ကိုယ် ပုံသဏ္ဌာန်မရှိသော နာမ်တရား၏လျင်မြန်ပုံမှာ ပြောဘွယ်ရာပင် မရှိတော့ပြီ။ ထို့ကြောင့်လည်း–

"ရဟန်းတို့၊ စိတ်ကဲ့သို့ လျင်မြန်သော အခြားတရား
တပါးကို ငါဘုရား မမြင်တော်မူ။ ဥပမာပြ၍လည်း မလွယ်
ကူချေ" ဟု မိန့်တော်မူခဲ့လေသည်။ (အင်္ဂုတ္တရ–၁၊၉)

မလွယ်ကူဟု ဆိုခြင်းအားဖြင့် ဥပမာရှာလျှင် ရနိုင်သည်ဟူသော အဓိပ္ပါယ်ရှိသည့်အတိုင်း မိလိန္ဒမင်းကြီးသည် ရှင်နာဂသိန်အား-

"အရှင်ဘုရားနာဂသိန်၊ လက်တဖျစ်တတွက် အတွင်း၌
ဖြစ်ပျက်သောနာမ်တရားသည် ရုပ်ကဲ့သို့အစိုင်အခဲ အစုအပုံ
ဖြစ်ခဲ့သော် မည်မျှလောက် များပြားရာပါသနည်း"

ဟု မေးလျှောက်ရာ "ရှစ်ထောင့်ငါးဆယ့် ကိုးတင်းတစိတ်နှစ်ပြည် ရှိသော စပါးအစုအပုံထက်ပင် များစွာပိုမိုနိုင်ကြောင်း"မိန့်တော်မူခဲ့ဘူးလေသည်။ (မိလိန္ဒ၊ ၁၀၉။)

အဋ္ဌကထာဆရာကမူ "စိတ်သည် လက်ဖျစ်တတွက် အတွင်း၌ပင် ကုဋေတသိန်းမက ဖြစ်သည်"ဟု ဖွင့်ဆို ရေးသားခဲ့ပေသည်။

(သံယုတ် အဋ္ဌကထာ-၂။၉၂။ အဿုတဝါသုတ်အဖွင့်။)

စင်စစ် အဘိဓမ္မာကို လေ့လာဘူးသူတိုင်းပင် နာမ်တရား၏ အဟုန်သည် ရုပ်တရားထက် တဆယ့်ခြောက်ဆပို၍မြန်သည်ကိုငင်း၊ လူ့၊နွား၊ခွေး စသော စကားတလုံးတလုံးကို ကြားရာ၌ ဝီထိအားဖြင့် လေးဝီထိ၊ စိတ် အခိုက်အတန့်အားဖြင့် နှစ်ရာ့လေးဆယ်ကြာမြင့်ရသော်လည်း ဆက်တိုက် ပြောနေသောစကားလုံးများ၌ တဆက်ဘည်းကဲ့သို့အသိစိတ်များကျရောက် ဖြစ်ပေါ်နေသည်ကိုငင်း၊ ထိုစိတ်သည် မိုင်းပေါင်းများစွာ ဝေးကွာရာအရပ် သို့ သွားနိုင်ပြန်နိုင်သည်ကိုငင်း ထောက်ဆ၍ စိတ်၏အဟုန်မှာ မည်မျှ လျှင်မြန်ကြောင်း သိသာလှပေသည်။

ယင်းသို့လျှင် စကြဝဠာအနန္တရှိ သတ္တဝါအနန္တ၏ သို့စင် လျှင်မြန် စွာ ပြောင်းလဲနေသော စိတ်အယဉ်များ အားလုံးကို အမျိုးအစားခွဲခြား ကာ"အကုသိုလ်စိတ်ကား အပိုအလိုမရှိ၊ တဆယ့်နှစ်"ဟု တထစ်ချဆုံးဖြတ် တော်မူနိုင်ခဲ့သည်မှာ 'သဗ္ဗညုတဉာဏ်တော်၏ စွမ်းအား'သာလျှင် မဟုတ် တုံလော။

ပို၍အံ့ဘွယ်ကောင်းသည်မှာ စိတ်တခု (သိမှုတခု)ဖြစ်ပေါ်လာတိုင်း ဖြစ်ပေါ်လာတိုင်း ထိုဖြစ်ပေါ်လာသော စိတ်တခုတည်း၌ ခွဲခွာမရအောင် စုပေါင်းပါဝင်နေသော သဘောများ (စေတသိက်များ)ကိုပါ "ဤကား တွေ့ထိမှု(ဖဿ)၏သဘော၊ ဤကား ခံစားမှု(ဝေဒနာ)၏ သဘော ဖြစ် သည်"စသည်ဖြင့် အသေးစိတ်ခွဲခြား ဝေဘန်၍ ပြတော်မူခဲ့ပေသည်။

ဤကား သမုဒ္ဒရာရေကို လက်ခုပ်ဖြင့်ယူ၍ သောက်ကြည့်သောအခါ "ဤကား ဂင်္ဂါမြစ်မှလာသော ရေ၏အရသာ၊ ဤကား ယမုနာမြစ်မှ

လာသောရေ၏အရသာ” ဟု ခွဲခြားပြောဆိုရန် ခက်ခဲသည်ထက်ငင်း၊အမည် ဝဏ္ဏမျိုးစုံပါဝင်သော ဟင်းလျာ(၁၂-မျိုးဟင်းချို)ကိုသောက်စားသော အခါ“ဤကား ကြက်သွန်၏အရသာ၊ ဤကား ကရဝေး၊ ချင်း၊ ဇီယာ၏ အရသာ”ဟု တမယ်စီ၏အရသာကို ခွဲခြားပြောဆိုရန် ခက်ခဲသည်ထက်ငင်း အဆပေါင်းများစွာ ခက်ခဲလှပေတော့သည်။ (မိလိန္ဒ-၉၄။)

ဤကားမြတ်စွာဘုရားရှင်‘မဟာဝဇီရဉာဏ်တော်, သဗ္ဗညုတဉာဏ် တော်ကြီး’ဖြင့် ရုပ်နာမ်ဓမ္မသဘာဝတို့ကို အသေးစိတ်ခွတ်ခွဲ၍ သိတော်မြင် တော်မူပုံအကြောင်း အမြွက်မျှ ရေးသားချက် နိဒါန်းပါဠိကားများဖြစ်၏။

## ဘုရားရှိခိုး စိတ်မျိုးဟူသည်

လူတို့သည် ဘုရားဝတ်တက်ခြင်းစသော ကုသိုလ်ကောင်းမှု တစုံတရာ ပြုရာ၌ ‘အရဟံ’ဟု အာရုံပြုသော အခိုက်အတန့်ကလေး တခုအတွင်း၌ အာရုံပြု စိတ်(ဘုရားဂုဏ်တော်ကို သိနေသောစိတ်)ကား တခုထဲပင်ဖြစ်၏။ မဟာ ကုသိုလ်(ရောမ ဖြူစင်မှုကြီး)စိတ်ခေါ်သည်။

ထိုကုသိုလ် စိတ်တလုံးတည်း၌ပင် ခွဲခြားဖယ်ထုတ်၍ မရအောင် သဟဇာတ(ဖြစ်တူဖြစ်ဘက်) အညမည (အဖော်အလျော်) အဖြစ် ပူးတွဲ ပါဝင်နေသော သဘောတရား၊ အသိစိတ်ထောက်ကူတရား (စေတသိက်) များကား သုံးဆယ့်ရှစ်မျိုးထိ ပါဝင်နိုင်ကြောင်း သင်္ဂြိုဟ်သင်ဘူးသူတိုင်း သိမြင်ကြလေသည်။

ပါဝင်သော သဘော တရားများကား ယုံကြည်ခြင်း (သဒ္ဓါ)၊ အောက်မေ့ခြင်း (သတိ) စသော သဘောများပင်တည်း။

ကိန်းသေနည်းအရ ရုပ်တခုဖြစ်နေတိုင်း ခွဲခြားဖယ်ထုတ်၍မရ၊ အမြဲ ပူးတွဲနေသောရုပ်အနည်းဆုံး(အဝိနိဗ္ဘောဂရုပ်)ရှစ်မျိုးရှိနေရသကဲ့သို့၊နာမ်= သိမှု တခုဖြစ်တိုင်း အမြဲပါဝင်ရသော အသိကူတရား ခုနစ်မျိုး (သဗ္ဗစိတ္တ . သာဓာရဏ စေတသိက်)လည်း ပူးတွဲပါဝင်နေကြသည်သာ ဖြစ်၏။ ထိတွေ့မှု (ဖဿ)၊ ခံစားမှု(ဝေဒနာ)၊ မှတ်သားမှု(သညာ)စသည်။

ယင်းသို့ဆိုသော် ဘုရားရှိခိုးသော စိတ်တလုံးတည်း၌ပင် ပူးတွဲပါဝင် သော စေတသိက်များမှာ သုံးဆယ့်ရှစ်မျိုး၊ စိတ်နှင့်တကွ သဘောတရား ၃၉-မျိုး ပါဝင်နေလေသည်၊

ယုံကြည်မှု(သဒ္ဓါ)၊အောက်မေ့မှု(သတိ)၊ ထိတွေ့မှု (ဖဿ)၊ ခံစားမှု (ဝေဒနာ)၊မှတ်သားမှု(သညာ)စသော သဘောတရား ၃၉-မျိုးပါရှိမှသာ လျှင်လည်း 'ဘုရားရှိခိုးစိတ်' ဟူ၍ ဖြစ်ပေါ်လာရ၏။

## ရှင်သာရိပုတ္တရာပင် အကုန်မမိ

ထို ၃၉-မျိုးကိုမှ 'အသိစိတ်တခု'ဟု ဆိုပေရာ ကျွန်ုပ်တို့သည် ဘုရားရှိခိုးနေသောအခါ ယုံကြည်မှု, အောက်မေ့မှု, ထိတွေ့မှုစသော အသေးစိတ်များကို မဆိုထားဘိ၊ ဘုရားရှိခိုးသော စိတ်ကြီးတစုံလုံးပင် ပျောက်သွားတတ်ကြ၏။ သိစရာ အာရုံတခုထဲ၌ စိတ်ကိုထားရသည်မှာ မလွယ်ကူကြပေ။ အဘယ်မှာလျှင် အသေးစိတ်ကို သိနိုင်ပါလေမည်နည်း။

မိုးသီးမိုးပေါက်များကိုပင် ရေတွက်နိုင်လောက်အောင် ဉာဏ်ကြီးမားတော်မူသော 'ပညာတေဒဂ်ရ' အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးပင်လျှင် ယင်း ၃၉-မျိုးထဲက ၁၆-ခုလောက်ကိုသာ ဖမ်းမိနိုင်လေသည်။

(ဥပရိပဏ္ဏာသ၊ အနုပဒသုတ်။)

ထိုမျှ အသေးစိတ် သိမြင်နိုင်စွမ်းသော မြတ်စွာဘုရားရှင်၏ မဟာဝဇိရဉာဏ်တော်ကား အဘယ်မျှ ကြီးမားထက်မြက်လှပါသနည်း။

# ပဋ္ဌာန်းဘုရားရှိခိုး

မြတ်စွာဘုရားရှင်၏ မဟာဝဇိရ ဉာဏ်တော်ကြီးကို လေးမြတ်ကြည်ညိုသောအားဖြင့် ၁၃၂၀-ပြည့်နှစ်က 'ပဋ္ဌာန်း အရကောက်ကျမ်းဦး နိဒါန်း'၌ ရေးသားခဲ့ဘူးသော ဂါထာကို ဘုရားရှိခိုးစာအဖြစ် ဖော်ပြပါအံ့။

ပဋ္ဌာနံ သမ္မသန္တဿ၊ သန္တဿ ဒေဟ ရံသိယော။
ရံသိယော အဝဟာသန္တာ၊ သန္တာ ဇလန္တိ တာဝဒေ။

တာဝဒေ=ပျော်မွေ့စံပြီမ်၊ ရတနာအိမ်ထက်၊ လေးကြိမ်မြောက် သတ္တာဟ၊ သိဘင်းသုံးတော်မူစဉ် ကာလ၌။

သန္တဿ=ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏၊(ဘုရားရှင် ကိုယ်

တော်မြတ် ကြီးသည်) ပဋ္ဌာနံ = အနုပ္ပကမ်း၊ နည်းစုံ ပြွမ်းသည့်၊ ကမ်းမမြင်ကျယ်၊ ကျမ်းပင်လယ်မို့၊ နုနယ်သူ ဉာဏ်မှီသမျှပင်၊ ကြံစည်၍ မရနိုင်လောက်အောင်၊ ဂမ္ဘီရ အရာ ပထမတန်း၊ ဤမဟာပဋ္ဌာန်း ကျမ်းတော်ကြီးကို။ သမ္မသန္တဿ=ဂမ္ဘီရ အခက်အခဲကို၊ ဉာဏ်ဝဇီရ လက်ဒွဲ ဖြင့်၊ ဖျက်ခွဲဆုံးဖြတ်၍၊ သုံးသပ် ဆင်ခြင်တော်မူစဉ်၊ ဒေဟ ရံသိယော = ကိုယ်တော်စိတ်ပိုင်း၊ နေရာတိုင်းမှ၊ အံ့လှိုင်း လောက်စဖွယ်၊ ရောင်ခြည်တော် ခြောက်သွယ်တို့သည်။ သန္တာရံသိယော=ကမ္ဘာ့တန်ဆာ၊တာရာနေလ၊ရှိသမျှအဖုံဖုံ၊ အလှင်းရောင်မျိုးစုံတို့ကို။ အဝ ဟာသန္တာ = ပိုးရည်မြူးစုန်း၊ နေရောင်ပုန်းသို့၊ ဖုံးအုပ်ဝှက်ကွယ်၊ ရှက်စဖွယ်ဟု၊ ပြက်ရယ် ပြုကြကုန်လျက် (ပြက်ရယ်ပြုကြလေသယောင်။) ဇလန္တိ= နဘံ ထက်ညာ၊ ပျံဘက်ကာနှင့်၊ စက္ကဝါနရန်း၊ ယှက်ဖြာ သန်းလျက်၊ အံ့ဘနန်း လူးလွန့်၍၊ မြူးကွန့်စံပွါယ်တော်မူကြ ပါကုန်၏။

(တံဘဂဝန္တံ =မဟာဝဇီရ၊ ဉာဏပိုင်ရှင်၊ ထိုဘုရား သခင် ကိုယ်တော်မြတ် ကြီးကို။ အဟံ = အကျွန်ုပ်သည်။ ဝန္ဒာမိ = ရှိသေမြတ်နိုး လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါသည် အရှင်ဘုရား။)

("နတ္ထိ ဝိမုတ္တိယာ ဟာနိ"အရ အရဟတ္တဖိုလ်နှင့် စတုတ္တဈာန်ချမ်း သာကြီးကိုမြတ်စွာဘုရားရှင်သည် အမြဲဝင်စားတော်မူကြောင်းပြခဲ့ပြီ။)

**၁၃။ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဒဝါ။**

၁၃။ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ=အရေအတွက် အားဖြင့် ဤတဆယ့်နှစ်ပါးသော ကျေးဇူးဂုဏ်တို့နှင့်။ သမန္နာ ဂတဿ= ပါရမီလောက်လုံ၊ ပြည့်စုံတော် မူပါပေထ သော၊ ဘဂဝတော =စကြဝဠာ၊ကမ္ဘာ မြေမိုး၊ ဖြန်းဖြန်းကြိုးမျှ၊ ဘုန်းတန်ခိုး, ကျက်သရေ တို့နှင့် ပြည့်စုံတော် မူပါပေသော။ ဗုဒ္ဓဿ=ဘုရားရှင် ကိုယ်

တော်မြတ်ကြီးအား။ ဒဝါ=သတိသမ္ပဇဉ်၊ ဥာဏ်မယှဉ်ဘဲ၊ ရှင်မြူးပြက်ရယ်၊ ပေါ့သိမ်ငယ်အောင်၊ ကြီးငယ်သမူ၊ ပြုမူပြောဆို ကြံစည်အပ်သော ကိုယ်နှုတ်စိတ် အမူအယာတော်သည်။ နတ္ထိ=တရံတဆစ်၊ စကားအဖြစ်မျှ၊ လှစ်ဟပြောဆိုရန် ရှိတော်မမူပါပေ။

### ၁၄။ နတ္ထိ ရဝါ။

၁၄။ ရဝါ=သတိသမ္ပဇဉ်၊ ဥာဏ်မယှဉ်ဘဲ၊ အလျင်စလို၊ ကိုယ်စိတ်တခြား၊ မှားမှား ယွင်းယွင်း၊ ပြုမူ ပြောဆိုခြင်း မည်သည်။ နတ္ထိ=တရံတဆစ်၊ စကားအဖြစ်မျှ၊ လှစ်ဟပြောဆိုရန် ရှိတော်မမူပါပေ။

### ၁၅။ နတ္ထိ အပ္ဖုဋံ။

၁၅။ အပ္ဖုဋံ=ပညာရှင်တို့ပြစ်တင်ကဲ့ရဲ့ဘွယ်၊အနည်းငယ်သော်မျှ၊ ဥာဏ်တော်ကွန်ယက်၊ ဖြန့်ကျက်မမိ၊ မတွေ့ထိဘဲ၊ မသိမမြင်၊ မဆင်ခြင် နိုင်သော အရာသည်။ နတ္ထိ=တရံတဆစ်၊ စကားအဖြစ်မျှ၊ လှစ်ဟ ပြောဆိုရန် ရှိတော်မမူပါပေ။

### ၁၆။ နတ္ထိ ဝေဂါယိတတ္တံ။

၁၆။ ဝေဂါယိတတ္တံ= အဆောတလျင်၊ မဆင်ခြင်ဘဲ၊ မြူးရှင် လန့်ထိတ်၊ စိတ်လိုက် မာန်ပါ၊ တစုံ တရာ ပြောဆိုပြုမှားခြင်းသည်။ နတ္ထိ=တရံတဆစ်။ စကားအဖြစ်မျှ၊လှစ်ဟပြောဆိုရန် ရှိတော်မမူပါပေ။

### ၁၇။ နတ္ထိ အဗျာဝဋမနော။

၁၇။ အဗျာဝဋမနော=ကိုယ်တော်စီးပွား၊ အများအကျိုး၊ သည်ပိုးဆောင်မည်၊ စိတ်တော်ရည်တိုင်း၊ သွေဖည်

စိုးနှောင့်၊ ရှောင်ကွယ်ထောင့်၍၊ ကြောင့်ကြမဲ့နေလိုသော မနော စိတ္တုပ္ပါဒ်တော်သည်။ နတ္ထိ=တရံ တဆစ်၊ စကား အဖြစ်မျှ၊ လှစ်ဟပြောဆိုရန် ရှိတော်မမူပါပေ။

၁၈။ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ။

၁၈။ အပ္ပဋိသင်္ခါနုပေက္ခာ =စက္ခု စသည်၊ ခြောက်မည်ဒွါရ၊ ထင်သမျှသော၊ ရူပ စသည်၊ ခြောက်မည် အာရုံ၊ အလုံးစုံကို၊ ဉာဏ်ငုံမှတ်သိ၊ မဖမ်းမိဘဲ၊ သတိမမူ၊ လျစ်လျူရှုရခြင်း မည်သည်။ နတ္ထိ=တရံ တဆစ်၊ စကား အဖြစ်မျှ၊ လှစ်ဟ ပြောဆိုရန် ရှိတော်မမူပါပေ။ (အားလုံးအရကျက်)

ဤသစ္စာစကားကြောင့်

ဥပေတော ဗုဒ္ဓဓမ္မေဟိ၊
အဋ္ဌာရသဟိ နာယကော။
ဝန္ဒေ'တေ'တေန သစ္စေန၊
ဟောတု မေ ဇယမင်္ဂလံ။

အဋ္ဌာရသဟိ=ပေါင်းစုရေဖွဲ့၊ တဆယ့်ရှစ်ပါးကုန်သော။ဗုဒ္ဓဓမ္မေဟိ = အသာဓာရဏ၊ သာဝကတို့နှင့်မရော၊ အာဝေဏိကခေါ်၊ ဗုဒ္ဓ ဂုဏ်တော်တို့နှင့်။ ဥပေတော=ပါရမီလေးကလုံ၊ ပြည့်စုံတော်မူကြပါပေကုန်သော။ ဧတေ နာယကေ = သံသရာယဉ်မျှူး၊ နိဗ္ဗာန်ကူးဘို့၊ ဦးဆောင်လမ်းပြ၊ ပရေမတွက်နိုင်အောင် များပြားလှကုန်သော၊ သဗ္ဗညုတ ဉာဏ်အရှင်၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီး၊ အသီးအသီးတို့ကို၊အဟံ=အကျွန်ုပ်သည်။ဝန္ဒေ=ဝန္ဒာမိ=ရှိသေမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါသည် အရှင်မြတ်ကြီးတို့ဘုရား။

ဧတေနသစ္စေန=ဤသို့ထုတ်ပြန်၊ ဟုတ်မှန်သော ဝစီ သစ္စာစကားကို ဆိုရခြင်းကြောင့်။ မေ= အကျွန်ုပ်အား။ ဇယမင်္ဂလံ=လောကီ လောကုတ်၊ ပစ္စုပ်သံသာ၊ နှစ်ဖြာကောင်းကျိုး၊ ကျက်သရေ မင်္ဂလာ အချိုးမျိုးသည်။ ဟောတု=ဤယနေ့ ဤ အချိန်အခါကစ၍၊ မုချမသွေ၊ ဖြစ်ပါစေ သတည်း။ (အရကျက်ပါ)

## ဘုရားရှင်ကိုအသေးစိတ်လေ့လာသူ

တချိန်သောအခါ မြတ်စွာဘုရားရှင်သည် နောက်ပါသံဃာ ငါးရာတို့နှင့် ဝေဒေဟတိုင်းသို့ ဒေသစာရီ ကြွချီတော်မူ၏။

မြတ်စွာဘုရား မကြွလာမီကပင် တတိုင်းလုံး ငံ့မြော် နေကြ၏။ စောင့်လင့်နေကြ၏။ ဘုရားရှင်၏ ပညာဂုဏ်, မျိုးရိုးမိဘဂုဏ်,နုနယ်ပျိုမြစ်၍ ရွှန်းသစ်မွှန်ရည်ပုံနှင့်တကွ 'အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ'စသော ကျေးဇူးဂုဏ်တို့သည် သင်းထုံနေနှင့်သောကြောင့်ဖြစ်၏။

### ဗြဟ္မာယုပုဏ္ဏားကြီး ချီတုံချတုံ

သူ့ထက်ငါအလျင်ဖူးတွေ့ရန်စိတ်အားတင်းထားကြရာ ထိုအထဲတွင်ဝေဒေဟ တိုင်းအဝင်အပါ မိထိလာမြို့နေ ဗြဟ္မာယုပုဏ္ဏားကြီးသည် ရှေ့ဆုံးကဖြစ်၏။ စိတ်ပါဝင်စားဆုံးဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် သူသည် ခေတ်ပေါ်ရှေးဟောင်း ကျမ်းပေါင်းများစွာ တတ်မြောက်၍ ထိုခေတ်က ပညာတတ်ဆိုသူတိုင်း သူ၏ တပည့်များချည်း ဖြစ်ကြသည်။ ထိုကျမ်းများတွင် လက္ခဏာအတတ်ပညာ ကျမ်းများလည်းပါဝင်ရာ ဘုရားဖြစ်သူများ၏ လက္ခဏာအမှတ် အသားများနှင့်စပ်၍သူ့စိတ်ထဲတွင် မယုံကြည်နိုင်အောင် ဆန်းကြယ်နေသည်ကို တွေ့ရ၏။ကျန်းဂန်စကားများ မလွဲနိုင်ဟုလည်း ဆုံးဖြတ်ထားသည်။ အခိုင်အမာ ယုံကြည်ထား၏။

ယခုမူ ဂေါတမဗုဒ္ဓအမည်ခံ ပုဂ္ဂိုလ်ထူးကြီး ကြွလာပြီဆို၍အကဲခတ်လေ့လာခွင့် ကြုံပေတော့သည်။ လက္ခဏာကျမ်းကြီးများကိုလည်း ပြန်လှန်ဖတ်ရှုရသည်မှာ အမော။

ဗြဟ္မာယုပုဏ္ဏားကြီးသည် ထိုသတင်းကို ကြားစကထဲကပင် စိတ်ဝင်စားကာ လေ့လာအကဲခတ်ရန် စီမံကိန်းချနေမိ၏။ သို့သော် ကိုယ်တိုင်သွားရောက်လေ့လာရန်ကားအဘယ်နည်းနှင့်မှမဖြစ်။ သူသည်ရောမပညာရှိကြီး၊ နောက်ပြီး မြို့မျက်နှာဖုံး၊ အသက်ကလည်း တရာ့နှစ်ဆယ်၊ ဘုရားဆိုသူက သုံးဆယ်ကျော်ဂ လေး။

"အင်းပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ထူး၊ ဘုရား ဘုရားနှင့် ဟုတ်ရင်တော်ပါရဲ့။ လူသိရှင်ကြား ကိုယ်တိုင်သွားတွေ့ပြီးမှ မဟုတ်ရင်အခက်ငါလဲ အသက်ကြီးပြီလေ"

## ဗြဟ္မာယု၏ လက်ရုံးတပည့်ကြီး ဥတ္တရ

ဂေါတမဗုဒ္ဓထံ သွားလည်းသွားချင်၊သွားလည်း မသွားရဲ၊မဝေခွဲနိုင်အောင်ရှိနေစဉ် အနားတွင် ရှေးဟောင်းကျမ်းကြီးများကို အပတ်တကုတ် သင်ယူလေ့လာနေသူ လက်ရုံးတပည့်ကြီးတဦးဖြစ်သော ဥတ္တရလုလင်အားတချက်လှမ်းကြည့်ကာ သက်ပြင်းချ ခေါင်းညိတ်လျက် ဆုံးဖြတ်ချက်တခု ကျသွားတော့သည်။

"အမောင် ဥတ္တရ"

"အမိန့်ရှိပါ ဆရာကြီး"

"မင်း ဒို့ပြည်နယ်မှာ ဂေါတမဗုဒ္ဓ ကြွရောက်လာတဲ့ သတင်းကြားတယ် မဟုတ်လား"

"အဲဒါ ဘာဖြစ်ပါသလဲ ဆရာကြီး၊ ကျွန်တော် ကြားပြီးပါပြီ။ ကျွန်တော်လဲ စိတ်ဝင်စားနေပါတယ်"

"အေး–အဲတော်ဘဲ။ မင်း–ဝေဒေဟကို သွားပြီး ဗုဒ္ဓဟုတ်၊ မဟုတ်၊ အသေးစိတ် လေ့လာချေကွာ"

"ကျွန်တော်.... ကျွန်တော် ၊ဘယ်လိုလုပ် လေ့လာရမှာတုံး ဟို...."

ဥတ္တရလုလင်သည် ခေါင်းပေါ်သို့ ဝန်ထုပ်ဝန်ပိုးကြီးနှင့် ဖိချလိုက်သကဲ့သို့ ထစ်အအဖြစ်နေ၏။ ဇမ္ဗူဒိပ် တကျွန်းလုံး ဟိုးဟိုးကျော်နေသော ရောမ ပုဂ္ဂိုလ်ထူးကြီးထံ ချဉ်းကပ်ရန် ဝန်လေးနေမိ၏။

မိမိသင်ယူထားသော ပညာရပ်များပင် ချက်ခြင်း မေ့ပျောက်ကုန်သကဲ့သို့ ဖြစ်သွား၏။ ဆရာကြီး၏ စကားကို လွန်ဆန်ရန်မှာလည်း မလွယ်။

“စိတ်လေး မနေပါနဲ့ကွာ၊ မင်း ဗုဒ္ဓမန္တန်–မဟာပုရိသ လက္ခဏာကျမ်းတွေ အထပ်ထပ် ဆရာ့ဆီမှာ သင်ခဲ့ပြီဘဲ”

ထိုအခါမှပင် အနည်းငယ်စိတ်သက်သာရာ ရသွား၏။ ဘုရားဟုတ်–မဟုတ် စစ်ဆေးကြည့်ရှုရန် ၃၂–ပါးသောလက္ခဏာများအကြောင်း သတိပြုမိတော့သည်။ မိမိကိုယ်တိုင်လည်း ထိုပုဂ္ဂိုလ်မျိုးကို တွေ့မြင်ချင်နေသည်မှာ ကြာပေပြီ။

“ကြားတဲ့သတင်းနှင့်လက်တွေ့ဟုတ်-မဟုတ်သိအောင်လုပ်ခဲ့ကွာ။ဒီလိုပုဂ္ဂိုလ်ထူးကြီးမျိုးကို သွားရောက်ဖူးတွေ့ကောင်းပါသကွာ။အရှုံးမရှိပါဘူး။

“အေး–အဲဒီ ၃၂–ပါးသော လက္ခဏာနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာလူဝတ်ကြောင်သာဆိုရင် စကြဝတေးမင်းဘဲကွ။မလွဲဘူး။ ရသေ့ရဟန်းဆိုရင်တော့ မင်းလဲသင်ထားဘူးသားဘဲ။တလောကလုံးမှာ အတုမရှိကိလေသာ အာသဝေါကုန်ခန်းတဲ့ ရဟန်းတို့ဆရာ၊ လူ၊နတ်၊ဗြဟ္မာ၊အားလုံးတို့ရဲ့ ကိုးကွယ်ရာ အစစ်၊ဓမ္မရာဇ်မှန်ကူ၊ သယမ္ဘူထွက်ထား နှစ်ယောက်အတူမရှိတဲ့ လူသား ဗုဒ္ဓဘဲကွ။ အေး မင်းအတွက်လဲ ကံကောင်းချင်လို့ပါဘဲ။ ကဲ–ငါ့တပည့် သွားဘို့ ဆုံးဖြတ်ပေတော့”

ဆရာကြီးကား အမျိုးမျိုးအားပေးကာ ၃၂–ပါးသော လက္ခဏာများကို ဆရာတပည့် ရင်းဖျားတို့လှည့်ကြည့်ရှု ဆွေးနွေးပြီးနောက် ဥတ္တရလုလင် ဗုဒ္ဓထံသို့ သွားရောက်လေတော့၏။

## ဘုရားစုံထောက် ဥတ္တရ

ဥတ္တရလုလင်သည် ဘုရားရှင်ထံ ရောက်သည်နှင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်လာ၏။ဘုရားရှင်အား ရိုသေစွာဦးချပြီး နှုတ်ခွန်းဆက်စကားပြောကြား၏။ ရင်းနှီးချစ်ကြည်သော အမူအရာကိုပြ၏။ စိတ်ထဲကလည်း ဝမ်းသာ၍မဆုံး။

တရက်လောက်နှင့် ပြန်မည် ဆုံးဖြတ်ထားသော်လည်း မပြန်နိုင်။ ရဟန်းတော်များနှင့်လည်း သိကျွမ်းအောင် မိတ်ဖွဲ့ထား၏။ ရောက်စကထဲက ဘုရားရှင်၏ မျက်နှာတော်ကို အသေးစိတ် လေ့လာ၏။ဖူးလို့မဝ၊မရောင့်ရဲ။ မျက်လုံးတော်၊ မျက်ခုန်း၊ နှာတံအနေအထား၊ အသားအရောင်၊ ကိုယ်နေကိုယ်ဟန် အသေးစိတ် ကြည့်ရှု အကဲခတ်နေ၏။

စိတ်ထဲကလည်း ၃၂-ပါးသော လက္ခဏာများကို ရေတွက်ကြည့်နေမိ၏။ ကျမ်းအဆိုနှင့် အားလုံး ကိုက်ညီနေသည်ကို တွေ့ရ၏။ သို့သော် လက္ခဏာနှစ်ခုမှာ မမြင်သာ၍ အတပ် မပြောနိုင်သေး။ လျှာနှင့် ပုရိသနိမိတ်တော်။

ထိုအတွက် သူ့စိတ်ထဲတွင် သံသယဖြစ်နေ၏။ မတင်မကျ ရှိနေသေး၏။ ကျန်သော လက္ခဏာသုံးဆယ်မှာ စာနှင့် တထပ်တည်း ဖြစ်နေသည်။

မြတ်စွာဘုရားရှင်သည် ဥတ္တရလုလင်၏ စိတ်ကူးအကြံကို သိတော်မူ၍ ပုရိသနိမိတ်ကို တန်ခိုးဖြင့် ပြတော်မူ၏။ ထို့နောက် လျှာတော်ကို အပြင်ထုတ်ကာ နားနှစ်ဖက်၊ နှာခေါင်းနှစ်ပေါက်၊ နဖူးတော်တို့ကို ဖုံးအုပ်၍ ပြတော်မူရာ ဥတ္တရလုလင်မှာ ရင်ထဲ၌ ဒိတ်ကနဲဖြစ်ကာ အံ့အားသင့်သွား၏။ အဖြေရသဖြင့် ဝမ်းသာ၍ သွားသည်။

"ဟာ--ဘုရားမှ ဘုရားအစစ်ပါဘဲ"ဟု ခေါင်းညိတ်ဦးချ၍ မဝနိုင်အောင် ဖြစ်သွား၏။ မိမိဆရာကြီးကိုလည်း ပြေး၍ ပြောပြလိုက်ချင်သည်။ "မည်မျှ ဝမ်းသာလိုက်ရှာလေမလဲ"

## ကပ္ပိယ စုံထောက်

ဥတ္တရလုလင်သည် မြတ်စွာဘုရားအစစ် ဖြစ်တော်မူသည်ကို ခြွင်းချက်မရှိ သံမြင်ယုံကြည်ကာ ဝမ်းသာမဆုံးတော့ချေ။ သို့ရာတွင် ပြန်ဘို့၊ မပြန်ဘို့ စဉ်းစားသောအခါ ပြန်ရမှာကိုပင် နှမြောနေ၏။မပြန်ချင်။

ဘုရားရှင်နှင့် တွေ့ကြုံရသူတိုင်း "ဘုရားဆီ ငါလာမိတာ မှားပြီ"ဟု စိတ်ပဖြစ်သည့်အပြင် ပြန်ချိန်ရောက်မှာကိုပင် စိုးရိမ်နေတတ်ကြ၏။တရားနာပြန်လျှင်လည်း တရားပြီးဆုံးသွားမည်ကိုပင် မလိုလား။"တရားက ရှေလိုက်တာ"ဟု ပည်သူမျှ မအောက်မေ့။ ဤကား ဓမ္မတာ။

ဥတ္တရသည် ပြန်ကလည်း မပြန်ချင်။ဘုရားရှင်၏ နေထိုင် သွားလာ စားသောက်ပုံ၊တရားဟောပုံ စသည်တို့ကိုလည်း အသေးစိတ်သိလိုလာပြန်၏။ ဆရာကြီးက ယင်းအကြောင်းတွေကိုပါ ဆက်၍ မေးသော် မဖြေနိုင်ကအခက်။

သို့နှင့် ဘုရားကျောင်းတော်၌ သံဃာတော်များနှင့် မိတ်ဖွဲ့ကာကပ္ပိယ စုံထောက်လုပ်နေသည်မှာ ခုနစ်လပင် ကြာသွား၏။ ထိုမျှ ကြာသည်ဟုကား မထင်မိ။ သူ့ကို ရဟန်းတော်များကရော အတွင်းသိ ဒကာများကပါ 'ဘုရားစုံထောက်ကြီး' ဟု ခနဲ့ကာ ဘွမ်းကျေးလျှင် သူ့ကိုပါ ဖိတ်ခေါ်ခဲ့ကြသည်။

## မာရ်နတ်စောင့်ပုံ အပြစ်ရှာမရ

ဥတ္တရလုလင်သည် အနေကြာလာသောအခါ ပို၍အတင့်ရဲလာကာ ဘုရားရှင်သွားရာသို့နောက်က တကောက်ကောက်အကဲခတ်လျက်ရှိ၏။ ကြည်ညိုပြီးရင်း ကြည်ညိုရင်း ကြည်ညိုဖူးမျှော်၍ ပဝ။

ဗုဒ္ဓရှင်တော်မြတ်သည် တနေကုန် တနေခန်း အားလပ်သည့်အချိန်၊ အနားယူ အပန်းဖြေသည့်အချိန် မရှိဘဲ အချိန်စာရင်းဆွဲထားသကဲ့သို့ 'ဗုဒ္ဓ၏ တနေ့တာလုပ်ငန်းစဉ်များ' ကို ပြုလုပ်တော်မူမြဲ ဖြစ်သည်။ (နောက်ကပြခဲ့ပြီ)

ဥတ္တရလုလင်လည်း မျက်နှာတော်သစ်တာ၊ လက်ဆေးတာကမှ အစ အသေးစိတ် လိုက်၍ လေ့လာ၏။ တရားပွဲတိုင်း ဆွမ်းကျွေးပွဲတိုင်း ရှေ့ဆုံးကပင် နေရာယူသူမှာ ဥတ္တရ။ သို့ရာတွင် ဘုရားရှင်အား ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ နေပုံထိုင်ပုံ၊ ပြောပုံဆိုပုံ ဘာတခုမျှ အပြစ်ဆိုစရာ မတွေ့။ တခုပြီးတခု နေ့ရှိသမျှ ကြည်ညို၍ မဆုံးအောင်သာ တွေ့မြင် ဖူးမျှော်နေရ၏။

တလောကလုံး၏ဘုရင် မာရ်နတ်သည်ပင် အလောင်းတော် ဘဝ ခြောက်နှစ်၊ ဘုရားဖြစ်ပြီးသည့်နောက် တနှစ်၊ ပေါင်း – ခုနစ်နှစ်လုံးလုံး တကောက်ကောက် လိုက်၍ အပြစ်ရှာရာ ဘာတခုမျှ မတွေ့ခဲ့။ ခေတ်ပညာတတ် လူသား ဥတ္တရသည် အဘယ်မျှ အနီးကပ်လေ့လာသော်လည်း အပြစ်ဆိုဘွယ်ရာ အဘယ်မှာ တွေ့နိုင်ပါလိမ့်။

သို့နှင့် ခုနစ်လ ကြာသောအခါ ဥတ္တရလုလင်သည် ဘုရားရှင်နှင့် သံဃာတော်များကို ဦးချကန်တော့၍ ဗြဟ္မာယုဆရာပုဏ္ဏားကြီးရှိရာမိထိလာသို့ ပြန်လာခဲ့တော့၏။

## ၃၂-ပါးသော လက္ခဏာတော်ကြီး

ဗြဟ္မာယုပုဏ္ဏားကြီးသည် ဥတ္တရလုလင် မရောက်လာသဖြင့် စိတ်ပူနေ၏။

"ဂေါတမဗုဒ္ဓဟာ သူ့ဆီရောက်သွားရင် မခွဲနိုင် မခွာရက် စွဲမက်သွားအောင် လှည့်စားပြုစားနိုင်တဲ့အတတ် (အာဝဋ္ဋနီမာယာ) ရှိတယ်လို့ ပုဏ္ဏား (ဗြာဟ္မဏ)တွေ ပြောနေကြတာ ဟုတ်များနေရော့လား", ဟုပင် အမြင်တိုသော ပုဏ္ဏားတို့ ဝါဒဖြန့်သည်ကို သံသယဝင်လာ၏။

"သုဒ္ဓေါဒနက တောထွက်သွားပြီး ဘုရားဖြစ်သွားတဲ့ သူ့သားကြီး ပင့်ခေါ်ဘို့ လူတသောင်းနှင့် ဆယ်ယောက်ကို ဆယ်သုတ်ခွဲပြီး လွှတ်လိုက်

တာ တယောက်မှ ပြန်မလာကြဘူးတဲ့။ ဘုရားနှင့်တွေ့ရင် ရာထူးကျမှာ၊ ကုပ်မျက်မှာတောင် မကြောက်ကြဘူး။ အိမ်မှာ ကျန်ခဲ့တဲ့ ဇနီးသားမယား ကိုတောင် သတိမရနိုင်ကြတော့ဘူးတဲ့"

နေ့ရှိသမျှ ဗြဟ္မာယုပုဏ္ဏားကြီးလည်း ဥတ္တရလုလင်ကိုသာ မြော်ပြီး သတင်းကြားသမျှ သံသယအမျိုးမျိုးဝင်နေ၏။ ဘုရားရှင်၏ ထူးခြားချက် များကိုလည်း တဆင့်စကား ကြားရသည့်အတိုင်း စာနှင့်ညီ မညီ စဉ်းစား တိုက်ဆိုင်၍သာ အချိန်ကုန်နေတော့၏။

"ဆရာကြီး–ဆရာကြီး"

ဥတ္တရလုလင်လည်း ဆရာကြီးထံ အပြေးအလွှားရောက်လာ၏။ ဆရာ ကြီးလည်း အံ့အားသင့်နေတော့သည်။ ဥတ္တရလုလင်လည်း အမြင့်ထိုင်ခုံပေါ် တွင် ထိုင်နေသော ဆရာကြီးအား ဦးချပြီး အမောဖြေ မဖြေအားဘဲ–

"ဟုတ်တယ်ဆရာကြီး၊ ဘုရားမှ တကယ့်ဘုရားပါ"

ဆရာကြီးကလည်း ဥတ္တရလုလင်အား ကျန်းမာကြောင်း ပြောဆို နှုတ်ဆက်ပြီး အစားအသောက်များ ကျွေးမွေးကာ အသေးစိတ် ပြောပြ စေတော့၏၊ အပြစ်မတင်အားဘဲ ကြားလိုစိတ်တွေသာ တဖွားဖွားဖြစ်နေ၏။

ဥတ္တရလုလင်ကား ဆရာကြီးရှေ့မှာထိုင်လျက် ရခဲ့ါဘုရားရှင်သိတင်း သုံးရာ ဝေဒေဟမြို့ဆီ လက်အုပ်ချီလျက်–

"ဆရာကြီး၊ ကျွန်တော် ဂေါတမဗုဒ္ဓရဲ့ ထူးခြားတဲ့ လက္ခဏာ အမှတ်အသားတွေကိုဘဲ ဦးစွာ ပြောပရစေ"

"ကဲ....၊ဆိုစမ်းပါအုံး"

၁။ "ခြေဖဝါးတော်ဟာ တညီတဲ တပြင်ထဲ ညီညာပျံ့ပျူးနေပါတယ်။ မြေမှာ တညီထဲ ထိပါတယ်၊ နောက်ပြီး မြေကြီးဟာ မညီမညာ ဟွင်းချိုင့်ဖြစ်နေပေမယ့် ခြေတော်ကို ချလိုက်တဲ့အခါ ခွက်နေတဲ့ မြေကြီးဟာ စုန့်စုန့်တက်ပြီး ပြည့်လာတာ တွေ့ရပါတယ်"

"အင်း....၊ မင်းဟာက တယ်ဆိုပါလား။ ဒို့စာထဲမှာ ဖဝါးညီညာ ပျံ့ပျူးတာဘဲပါတယ်။မင့်ဟာပိုပြီး စိတ်ဝင်စားစရာဘဲ။ ဆိုစမ်းပါအုံး"

၂။ "ခြေဖဝါးပြင် နှစ်ဖက်လုံးမှာ တရာ့ရှစ်ကွက် စက်လက္ခဏာတွေ ပါတယ်ဆိုတာလဲ အမှန်ပါ။ စာထဲက အတိုင်းပါဘဲ"

၃။ "ခြေဖဝါးရဲ့အရှည် လေးပုံတပုံဟာ ဖနောင့်တော်ဖြစ်ပြီး ရှည် လျား လုံးဝန်းပါတယ် ဆရာကြီး"

၄။ "ခြေချောင်း၊ လက်ချောင်းတော်တွေဟာ ရှည်လဲရှည်၊ ညီလဲညီပြီး အဖျားပိုင်းမှာ နဲနဲချင်း သေးသွယ်သွားပါတယ်"

၅။ "ခြေဖဝါး၊ လက်ဖဝါးပြင်တွေဟာ ဝါဂွမ်းလို နူးညံ့ပျော့အိနေပါတယ်"

၆။ "လက်မတော်က လွဲလို့ ကျန်တဲ့ ခြေချောင်း၊ လက်ချောင်းတော်တွေဟာ အတိုအရှည် အတူတူ တညီထဲ ရှိပြီး အဆစ်နေရာတွေမှာ စပါးစေ့ အရစ်ကလေးတွေလဲ တညီထဲ ပွတ်လုံး ထောင်ထားသလိုပါဘဲ။ အစိပ်အကျဲလဲ ညီနေတာဘဲ"

၇။ "ခြေမျက်စိဟာလဲ အညစ်အကြေး မတင်ဘဲ အနည်းငယ် မြင့်တက်နေပါတယ်။ ဖမိုးအထက် လက်နှစ်သစ်လောက် မြင့်တက်နေပါပါတယ်။ ဒါကြောင့်လဲ ကြွသွားတဲ့အခါ ချက်အထက်ပိုင်း ကိုယ်က ငြိမ်နေပြီး အောက်ပိုင်းကသာ လှုပ်ပါတယ်။ ခြေဖဝါးတော်ကိုလဲ လွယ်လွယ်နဲ့ လှည့်လို့ရတဲ့အတွက် ဆင်မျှား နောက်ကနေကြည့်ရသလို ဘယ်ကကြည့်ကြည့် ဖဝါးပြင်ကို မြင်ကြရပါတယ်"

"အင်း–၊မင်းပြောတာတွေဟာ ပြည့်စုံလိုက်တာ။အံ့သြစရာဘဲဟေ့"

ဖြုဟ္မာယုပုဏ္ဏားကြီးမှာ နေမထိ ထိုင်မထိဖြစ်ကာ ကစမ်းကဝါး ထယောင်ထိုင်ယောင် ဖြစ်လာ၏။ ဥတ္တရလုလင်ကား ဆက်၍ လက်ချိုးပြီး ပြောပြနေသည်။

၈။ "ခြေသလုံးကလဲ ရှေ့နောက်မကဲ့ဘူး။ စပါးဖုံးလို ဇော်သားကောင်လိုဘဲ လေးဘက်လေးတန် အသားပြည့်ဖြိုးပြီး သပ္ပါယ်ပါတယ်"

၉။ "အလုံး အရပ်တော်ကလဲ အထက်ပိုင်း အောက်ပိုင်း ညီညီမျှမျှ အချိုးအဆက် ကျပြီးနေတော့ ကိုယ်ကို မကိုင်းညွတ်ဘဲနဲ့ လက်ဝါးနှစ်ဖက်နဲ့ ဒူးတော်နှစ်ဖက်ကို ဖုံးအုပ် ထိတွေ့လို့ ရပါတယ်"

ဆရာကြီးကား သူ့ဒူး သူစမ်းလျက်—

"ယောကျ်ား နိမိတ်ကကောက္ခာ ဘယ်လိုလဲ။ မင်း ဘယ်လိုလုပ်သိနိုင်ခဲ့တုံး"ဟု စကားခေါ်လိုက်၏။

၁၀။ "သိပါပြီလား ဆရာကြီး၊ ဘုရားရှင်က ကျွန်တော့် စိတ်အကြံသိလို့ တန်ခိုးတော်နဲ့ ပြပါတယ်။နွားလား ဥဿဘလို အအိမ်နဲ့ ဖုံးအုပ်ပြီး နေပါတယ်"

၁၁။ ၁၂။ "ပြီးတော့ အံ့စရာကောင်းတာက အသားအရေတော်ဟာ ရွှေလို ဝင်းအိပြီး ချောမွတ်နေပါတယ်။ နူးညံ့သိမ်မွေ့လွန်းအားကြီးလို့

ပိန်းကြာဖက်တွင် ရေမတင်သလို ဘယ်လိုမြူမှုန်မျှ မကပ်ငြိဘူး။ လျှောကျသွားတာဘဲ”

“အင်း....၊ အံ့ဩစရာပါဘဲကွာ။ လှလဲ အတော်လှမှာဘဲနော်။ အရွယ်ကလဲ သုံးဆယ်ကျော်ကလေး ရှိသေးတာ”

၁၃။ “နောက်ပြီး၊ မွေးညှင်း တပေါက်စီမှာ မွေးညှင်း တပင်စီသာ ပေါက်ပါတယ်”

၁၄။ “မွေးညှင်းတော် အားလုံးဟာလဲ ညိုပြီး အဖျားကော့နေကြပါတယ်”

## တကိုယ်တော်လုံး ရွှေတုံးရွှေရည်

၁၅။ “အရပ်တော် ခန္ဓာကိုယ်တော်ဟာလဲ ရှေ့နောက်ဝဲယာ ဘယ်မှာမှ မကုန်းမကော့ မကိုင်းမကွဘဲ တဖြိုးထဲ ဖြောင့်မတ် နေပါတယ်။ နှုထွားကြီးပါဘဲ”

၁၆။ “ခြေဖမိုးတော် နှစ်ဖက်၊ လက်ဖမိုးတော်နှစ်ဖက်၊ ပခုံးနှစ်ဖက်နဲ့ လည်ကုပ်တော် ခုနစ်နေရာလုံး ပြည့်ဖြိုး သပ္ပါယ်ပြီး အလွန်ဘဲ တင့်တယ်လှပါတယ်”

၁၇။ “တကိုယ်တော်လုံးဟာ ခြင်္သေ့မင်းရဲ့ ရှေ့ပိုင်း ကိုယ်ဟန်လို အောင်မောင်း ပြည့်ဖြိုးပြီး တမျိုးဘဲ စိုပြေရွှန်းအိ ကျက်သရေရှိပါတယ်”

၁၈။ “ခါးတော်မှစပြီး အထက် လည်ကုပ် ထိအောင် နောက်ပိုင်း ကျောပြင်တော်ဟာလဲ ရေစီးကြောင်း မပေါ်အောင် ပြည့်ဖြိုး ဝါဝင်းနေတာပါဘဲ”

ပြဟ္မာယုပုဏ္ဏားကြီးလည်း ခေါင်း တညိတ်ညိတ်လှုပ်ပြီး အံ့ဩသော အမူအရာများ ဖော်ပြနေ၏။ တချက်တချက်တွင် သက်ပြင်းရှည်ကြီးများ ချလျက် မလှုပ်မရှက် နားထောင်နေ၏။

“အံ့ဩစရာပါဘဲ”

၁၉။ “အရပ်တော်နဲ့ အလံတော်ဟာ လေးတောင်ခန့်စီ လုံးဝန်းညီမျှပါတယ်”

၂၀။ “လည်ပင်းတော်ဟာလဲ အကြောမပေါ် အလောတော် လုံးချော ပြီး ရွှေမုရိုးစည်လို နေပါတယ်”

၂၁။ “အရသာကို သယ်ယူပို့ဆောင်တဲ့ အရသာဆောင် ကြောတွေဟာ ခုနစ်ထောင်ရှိပြီး နှမ်းစေ့မျှလောက်သော အရသာကိုပင် တကိုယ်

လုံးပြန့်အောင် သည်ဆောင်နိုင်ကြပါတယ်။ အရသာ ဆောင်ယူ
ဖြန့်ရန် အသင့်စောင့်နေကြသလို အဖျားချင်းအပ်ပြီး လည်ပင်းမှာ
စွပ်နေကြပါတယ်”

၂၂။ “မေးတော်ကလဲ ခြသေ့်မင်းမေးလို ပြုံးတော့မည့် အရိပ်အသွေး
ပေါ်နေပါတယ်”

၂၃။ “သွားတော်ဟာ ၃၂-ချောင်းမကဘဲ ၄၀—အထိ အစေ့ရှိပြီး–

၂၄။ “ညီညာတယ်”

၂၅။ “မကျဲမကျစေ့စပ်လှပါတယ်။ ရွှဲလုံးကလေးတွေ စီထားသလိုပါဘဲ”

၂၆၊ “နောက်ပြီး–သောက်ရှူးပမာ ဖြူဖွေးစင်ကြယ်တဲ့စွယ်တော်လေးဆူ
ဟာလဲ ဖြူဖွေးသောအရောင်များ တလက်လက် ထွက်နေပါတယ်”
“အမောင် ဥတ္တရ သည်အတိုင်းဆိုရင် တကယ့် မဟာပုရိသ
ယောကျ်ားမြတ် အာဇာနည်ကြီးဆိုတာ မလွဲပေဘူး”

၂၇။ “ဟုတ်ပါတယ် ဆရာကြီး၊ လျှာတော်ဟာလဲ ရှည်လျား နူးညံ့ပြီး
ပြန့်ကျယ် သပ္ပါယ်တော်မူပါဘိသနှင့်”

## အသံတော်ရှစ်ပါး နာကြားမဝ

၂၈။ “နောက် အသံတော်ဟာလဲ နာကြားလို့ မဝပါဘူး ဆရာကြီး–

(၁) အလွန်သန့်ရှင်းတယ်၊
(၂) သိသာလွယ်တယ်၊
(၃) သာသာယာယာ ရှိတယ်၊
(၄) နားထောင်ချင်စဖွယ် ရှိတယ်၊
(၅) အသံက လုံလဲလုံတယ်။
(၆) ဖရိုဖရဲ မပြိုကွဲဘူးဆိုတဲ့အတိုင်း ပရိသတ်နဲ့ မျှားမျှား အသံ
ဟာ ပရိသတ်ထဲမှာရှိတယ်။ အပြင်မထွက်ဘူး။
(၇) အသံမတိမ် လေအရှိန်မပြတ်ဘဲ အလွန်ဘဲ နက်နဲပြီး သြဇာ
ရှိပါတယ်။
(၈) ကရဝိက်ငှက်မင်းရဲ့ အသံလို ပဲ့တင်ထပ်ထပ်ပြီး၊ သာသာ
ယာယာရိုက်ခတ်ပြီး၊ စည်ပြီးနေတော့တာပါဘဲ”

“အင်း၊မင်းပြောမှတယ်ကြည်ညိုစရာကောင်းပါဘိကွယ်။ ဒို့ကျမ်း
စာတွေထဲမှာ ဗြဟ္မာမင်းအသံနဲ့ တူတယ်လို့ ဆိုပေမယ့်ဆရာတို့ကိုယ်တိုင်က

ဖြူဟွာမင်းကြီး ကိုးကွယ်ကြပေမယ့် ဘယ်သူမှလဲ ဖြူဟွာကို မြင်ဘူး ကြား ဘူးတဲ့လူက မရှိတော့ ခုလို ပြည့်ပြည့်စုံစုံ မသိကြဘူးပေါ့။

''ဝမ်းသာလိုက်လေ တပည့်ရယ်၊ ဝမ်းသာလိုက်လေ....''

ဖြူဟွာယု ပုဏ္ဏားကြီးမှာ ရင်ခေါင်းသံကြီးနှင့် တဝကြီး လှိုက်လှိုက် လှဲလှဲရင့်ကြွေးကာ သက်ပြင်းများသာ တွင်တွင်ချနေလေတော့၏။ မျက်နှာ ကို လက်ဝါးနှစ်ဖက်အုပ်ရင်း ဝဖြိုးသော ခန္ဓာကိုယ်ကြီးမှာ တသိမ့်သိမ့် နိမ့်ချေ မြင့်ချေ ဖြစ်နေ၏။

## မျက်တောင် မျက်ခုန်း မျက်လုံးရီတီ

၂၉။ ''ဂေါတမဗုဒ္ဓရဲ့ မျက်လုံးတော်အစုံဟာညိုမှောင်ရှန်းနက်ပြီးတလက် လက် တဖိတ်ဖိတ်နဲ့ တောက်ပနေပါတယ်။

''ဖူးမြင်ရသူတိုင်း အတွင်းသားကို နှိုက်ချွတ်အကြည့်ခံရသလို မနေတတ် မထိုင်တတ်ဖြစ်အောင် ဆွဲအား ရှိတော်မူပါတယ်။ ရှန်း လဲ့ပြီး ရီနေသလိုပါဘဲ။

''ဖြူရမဲ့နေရာမှာလဲ သစ်သစ်လွလွ ဥနေအောင်ဖြူနေတာပါဘဲ''

၃၀။ ''မျက်တောင်မွေးများဟာလဲ သိမ်မွေ့နူးဖပ် လတ်ဆတ်စိုပြေပြီးအစီ ရရီ ညိုကော့ပြီး နေပါတယ်''

၃၁။ ''ထူးခြားဆုံးကတော့ ဆရာကြီး၊သွယ်ပြောင်းသော နှာတံတော်ရဲ့ အထက်၊မျက်မှောင်မျက်ခုန်းတော်နှစ်ခုအလယ်တဲ့တဲ့မှာ သောက်ရှူး ကြယ်ငွေနန်းချည်မျှင်လို သန့်စင်စွာရစ်ခွေပြီးနေတဲ့'ဥဏ္ဏာလုံ'မွေးရှင် တော်ဟာ ဝါဝင်းစိုပြေပြီး ရွှေလိုအိနေတဲ့ အသားတော်နှင့် ပဏာ ရလိုက်တာ''

ဖြူဟွာယု ပုဏ္ဏားကြီးသည် မိမိ၏ ရွတ်တွ လိပ်ခေါက်နေသော နဖူး မျက်မှောင်၌ အနီအဝါအစက်ပြောက်ထားသော မှန်ကူကွက်ကိုပင် မသိ မသာ ပွတ်ဖျက်ရင်း သက်ပြင်းချပြီး မျက်ရည်ကျမတတ် ရင်လှိုင်း ခတ်နေ တော့၏။

၃၂။ ''နောက်ဆုံးထူးခြားချက်ကတော့နဖူးသင်းကျစ်တော်ပါဘဲ။နောက် ခေ့ မပေါ်ထွက်အောင် လုံးစက်ညိုမောင်းနေတဲ့ ဦးခေါင်းတော်၊ လက် နှစ်သစ်ထက် မရှည်တဲ့ ဆံတော်၊ မျက်လုံး မျက်ခုန်း နှာတံ တော်များနဲ့ပဏာရအောင် နဖူးတော်တပြင်လုံးနားပန်းစွန်းနှစ်ဖက်

သို့ကွေးဆင်းပြီးကျလာတဲ့ အသားတော်လွှာဟာ ရွှေပြားပတ်ထား သလို ရွှေရောင်တလျှပ်လျှပ်တောက်ပပြီး နေပါတယ်။ဖူးလို့ကိုမဝ ပါဘူးဆရာကြီး။

"ကျွန်တော် ပြည့်စုံအောင် ပြောမပြတတ်တော့ဘူး"

ဘုရား....ဘုရား

မြဟ္မာယု ဆရာကြီးသည် တွေတွေကြီးစဉ်းစားကာ အတန်ငယ်မှိုင်တွေကျ သွား၏။ သက်ပြင်းများချလျက်–

"ကောင်းလှပါပေတယ်ဥတ္တရ။အင်း....ဘုရားမှ ဘုရား....ဘုရားပါဘဲ ကွယ်"မျက်ရည်များပင် ထွက်မတတ် ဝမ်းသာဝမ်းနည်းဖြစ်ကာ နောက်မှီ ထိုင်ခုံပေါ် ခန္ဓာကိုယ်ကို ကဘိုကရိုပစ်ထိုင်၍ မှီချလိုက်၏။

မည်သို့မျှ စကားမဆိုတော့ဘဲ ဖားဖိုကဲ့သို့ ဗိုက်သားတပြင်လုံး နိမ့် မြင့်လှုပ်ခါ၍ မျက်စိကိုပါ မှိတ်ထားလိုက်တော့၏။

"အင်း....ဘုရား....ဘုရား....

အတန်ကြာသောအခါ ဖြူဖွေးသော မျက်တောင်မျက်ခုံးများ ပင့်၍ ခေါင်းညိတ်လျက်–

"အမောင်....ကံကောင်းပေစွ....ကဲ သည့်ပြင်ဝမ်းမြောက် ကြည်ညို စရာတွေလဲ ပြောပါအုံးဥတ္တရ"

"ပြောလို့မကုန်အောင် အံ့ဩစရာတွေပါ ဆရာကြီး"

"ပြောပါ။ ပြောပါ။ ကြားရခဲပါတယ်အမောင်၊မောင်ဟာဆရာ့ အတွက် အလွန်ကျေးဇူး ကြီးလှပါဘိတယ်"

ဥတ္တရ။ ။"ဂေါတမဗုဒ္ဓဟာ ခရီးကြွလှမ်းတဲ့အခါ ညာဖက်ခြေတော် ကို အရင်လှမ်းကြွပါတယ်။ မကျဲမစိတ် မနှေးမမြန် ကြွလေ့ ရှိပြီး၊ ဒူးချင်း ခြေမျက်စိချင်း မထိပါဘူး။

"ပေါင်ကိုမြှောက်ပြီးလဲ မသွားရဘူး။ ကိုယ်တော် အပေါ် ပိုင်းဟာ ညွတ်ကိုင်းနေတာ၊တောင့်တောင့်ကြီးထားတာ၊ လှုပ် ခါနေတာ မရှိပါဘူး။ အောက်ပိုင်းကသာ လှုပ်ရှားပြီး ကြွပါ တယ်။ ဒါပေမယ့် အားယူပြီး သွားရတာမျိုးတခါမှ မရှိဘူး။

"ပြန်ပြီး လှည့်ကြည့်တဲ့ အခါမှာလဲ ခေါင်းတင် မလှည့်ဘဲ တကိုယ်လုံးလှည့်ပြီး ကြည့်ပါတယ်။ငုံ့ကြည့်ရ၊ မော့ကြည့်ရတာ

လဲ မရှိပါဘူး။ ရှေ့ကိုထမ်းပိုး တပြန် လောက်သာ ကြည့်ပြီး သွားပေမယ့် အားလုံးကို သိမြင်တော် မူနေတာဘဲ”

ဖြဟ္မာယု။ ။“အင်း - အရိုး အချိတ် အဆက်တွေကအစ ထူးခြား နေပေတာကိုး”

ဥတ္တရ။ ။“မြို့ထဲရွာထဲကြွလို့ ထိုင်တော့မယ်ဆိုရင် နေရာနှင့် မနီးမဝေးမှာ ကိုယ်ကို လှည့်ပါတယ်။ လက်ထောက်ပြီး ထိုင်ရ၊ ထရတာမျိုး မရှိပါဘူး။ နေရာပေါ်မှာ ခြေကုန်လက်ပန်း ပစ်ချပြီးလဲ ထိုင်တော်မမူဘူး”

“ထိုင်တော့လဲ ခြေလှုပ်၊လက်လှုပ်ရိုးမရှိဘူး။ဒူးဆစ်ချင်း, ခြေမျက်စိချင်းလဲ တင်ထိုးပြီးထိုင်လေ့ မရှိပါဘူး။ မေးထောက်ပြီး နေတာမျိုးလဲ မရှိဘူး၊ ဒအားဆေးဘည်ငြိမ်ပြီးကြောက်ရွံ့တုန်လှုပ်တဲ့၊ အံ့အားသင့်တဲ့၊ တက်ကြွတဲ့ အမူအရာလဲ မပေါ်ပါဘူး”

ဖြဟ္မာယု။ ။“အမြဲတမ်း သတိသမ္ပဇဉ်နဲ့ စျာန်ဝင်စားနေမှာကိုးကွဲ့....”

ဥတ္တရ။ ။“ဟုတ်ပါတယ်။နေရာ ပြောင်းပေမယ့် စိတ်တော်ကတော့ နိဗ္ဗာန်မှာဘဲ ရှိနေပါလိမ့်မယ်။

“ဆွမ်းမစားခင် သပိတ်ဆေးဘို့ ရေကိုခံယူတဲ့နေရာမှာလဲ လက်ကိုမြှောက်တင်ညွတ်ကိုင်းပြီး မယူဘူး၊ တောင့်လဲ မနေဘူး။ ခါလဲမခါဘူး။ သပိတ်ကို ဆေးကြောပြန်ရင်လဲ အမြင်နောက်အောင် ခလှောက်လှန်လှော ပြီး မဆေးပါဘူး။မြေကြီးပေါ်ကိုလဲ မချဘူး။

“သပိတ်ဆေးပြီးရင် လက်ပါဆေးပြီးသား၊လက်ဆေးပြီးရင် သပိတ်ပါ ဆေးပြီးသား ဖြစ်ပါတယ်။ အလွန်သိမ်မွေ့ပြီး စနစ်ကြီးလှပါတယ်။ တမင်လုပ်နေတာ မဟုတ်ဘဲ အလိုလို စနစ်တကျဖြစ်နေတာပါ။ ကုန်ကုန်ပြောရင် သပိတ်ဆေးတဲ့ ရေကိုတောင် ဖြန်းကနဲ မပက်ဘဲ မနီးမဝေးမှာ သာသာကလေး စွန့်တော်မူပါတယ်။

## ဆွမ်းဘုဉ်းပေးတဲ့အခါ

“ဆွမ်းကိုသပိတ်နဲ့ခံယူတဲ့နေရာမှာလဲ မနဲမများ သင့်တင့်ရုံဘဲ ခံယူပါတယ်။ အထူးသဖြင့် ဟင်းလျာကို ဆွမ်းရဲ့လေးပုံတပုံလောက်ဘဲ ခံပြီး ဟင်းချည်းလဲ မဘုဉ်းပေးဘူး၊ ဆွမ်းချည်းလဲ မဘုဉ်းပေးဘူး။ စားပြီးရင်လဲ ဆွမ်းရော ဟင်းရော တခါထဲပြီးပါတယ်။ကျန်နေတာရယ်လို့ မရှိပါဘူး။

"ဆွမ်းဘုဉ်းပေးရင်လဲနှစ်ခါသုံးခါဘဲ လွေးပြီး မျိုချနိုင်အောင်လျှာသွားများ ကောင်းမွန်လှလောက် နေပါတယ်။ ဆွမ်းလုတ်ဟာ မကြေညက်ဘဲလဲ မျိုချရတာမျိုး မရှိတဲ့အပြင် ဆွမ်းတလုတ်စားပြီးရင် ခံထွင်းထဲမှာ လက်ကျန်မရှိဘဲ ရှင်းနေပါတယ်။ထူးခြားတာကတော့အရသာခံ(တပ်မက်)တဲ့သဘော မတွေ့ရပါဘူး"

ဗြဟ္မာယု။ ။"အင်း-ဒါလဲထူးခြားပေတာဘဲ ဥတ္တရ။ဖူးမျှော်ရုံမဟုတ်ဘူး။ ဆွမ်းကျွေးချင်တဲ့ စိတ်တောင် ပေါက်လာပြီ။ကဲ....ဆက်ပါအုံး"

ဥတ္တရ။ ။"အဲသလို ဆွမ်းအာဟာရ သုံးဆောင်တော်မူတာလဲဘဲ ပျော်မြူးဘို့၊ မာန်ထောင်ဘို့၊ လှပဘို့၊ အသားအရေ ပြည့်ဖြိုးဘို့ ဒီရည်ရွယ်ချက်တွေ တခုမှ မပါပါဘူး။

"ခန္ဓာကိုယ်ကြီး တည်တံ့နေရုံ၊ ဆာလောင်မွတ်သိပ်တဲ့ ဒုက္ခကင်းရုံ၊ အကျင့်တရား ပွားများလို့ရရုံ သက်သက်ဘဲ ရည်ရွယ်ပြီး သုံးဆောင်တော်မူတာပါ။

"အဲသလို စားခြင်းဖြင့် ရောဂါဟောင်းရှိရင်လဲ ပျောက်စေတော့၊ ရောဂါသစ်လဲ ဖြစ်ခွင့်မရှိစေနဲ့။ ငါ့မှာ ချမ်းသာမျှတစွာ နေထိုင်သွားရပြီးရောလို့ဆိုတဲ့ ဆွမ်းတလုတ်မှာ ဒီရည်ရွယ်ချက် ရှစ်မျိုး ပါရှိပါတယ်။

"ဆွမ်းစားအပြီး သပိတ်ဆေးရေ ခံယူပုံမှာလဲ မစားခင်က အတိုင်းပါဘဲ။ သပိတ်ကိုလဲ မနီးမဝေးမှာ ချထားပြီး သပိတ်ကို ဂရုစိုက်ကြောင့်ကြနေရပုံမျိုးလဲမပေါ်။ ဖြစ်ချင်ရာဖြစ် ပစ်ထားတာမျိုးလဲမရှိပါဘူး။ကျွန်တော်ဘယ်လိုပြောရမှန်း မသိဘူး။ တမျိုးပါဘဲ ဆရာကြီး။

## တရားဟောပြန်တော့လဲ

"ဆွမ်းဘုဉ်းပေးပြီးတော့ တအောင့်လောက် ငြိမ်သက်ပြီး နေတော်မူပါတယ်။အလှူဒကာ ဒကာမတွေ ကိစ္စဝိစ္စ ပြီးစီးပြီး စိတ်အေးလက်အေး တရားနာနိုင်ရန် အချိန်ပေးတဲ့အနေနဲ့ အေးဆေးစွာဘဲ နေတော်မူပါတယ်။ လူစုံအောင် စောင့်ပြီးမှ တရားဟောပါတယ်။ ဟောသင့်တာထက် အချိန်ဆွဲလဲ မနေဘူး။ဟောပြန်တော့လဲ မြှောက်ဆွယ်တဲ့ သဘောမျိုး တခါမှအမိန့်မရှိ

ပါဘူး။ ကဲ့လဲ့ မကဲ့ရဲ့၊ နောက်ဆွမ်းလဲ မြော်ခေါ်ပြီး မနေပါဘူး။ပရိသတ်ရဲ့ အကျိုးရှိမှုကိုသာ ရှေ့ရှုပြီး ဟောပါတယ်။

"တရားထဲမှာ ချောက်တာ မြှောက်တာ မပါရှိသော်လဲ နာကြားရတဲ့ သူတော်အားလုံးဟာ လန်းဆန်းတက်ကြွပြီး ကြည်နူးနေကြရတာချည်းဘဲ။ ဒီတရားပွဲလာမိတာ မှားပြီ။ တရားကလဲ ရှည်လိုက်တာလို့ ဘယ်သူမျှ မဖြစ်ဘဲ အားလုံး တရားထဲမှာဘဲ စိုက်သွားကြပါတယ်။

"အသံတော်ကလဲ အင်္ဂါရှစ်ပါးရှိပြီး ကြားရတာ အလွန် အရသာရှိပါတယ်ဆရာကြီး"

ဖြူဟ္မာယု။ ။"ကြည်ညိုစရာ ကောင်းလိုက်လေကွယ်"

ဥတ္တရ။ ။"တရားဟောပြီးလို့ ကြွတော့လဲ 'အင်း–ထိုင်ရတဲ့ဒုက္ခကြီးကလွတ်ပြီ'ဆိုတဲ့ သဘော မရှိပါဘူး။မနှေး,မမြန် ဆင်ပြောင်ကြီး ကြွသလို ကြွသွားတယ်ဆိုရင်ဘဲ ပရိသတ်ကြီးဟာ သမင်လည်ပြန် မျက်စိတဆုံးကြည့်ပြီး ကျန်ရစ်ခဲ့ကြတာပါဘဲ။ဖူးလို့ နာလို့ အားရတယ် ပရှိကြပါဘူး။

"သင်္ကန်းသပ္ပာယ်(သင်္ကန်းရုံ)တဲ့အခါမှာလဲ ပလျော့မတင်း မရှည်မတို သပ္ပာယ်တော် မူပါတယ်။ ထူးခြားတာကတော့ သင်္ကန်းဟာကိုယ်မှာလဲ ထိကပ်မနေဘဲ၊ ကွာလဲ ကွာဝေးမနေဘူး။ မသေမဝပ် ဒရွတ်မဆွဲ ချပ်ချပ်ရပ်ရပ် လုံလုံလဲလဲရှိပါတယ်။လေတိုက်လို့ဖြင့် သင်္ကန်းတော်လှုပ်တာ၊ နေရာရွေ့တာ မတွေ့ရဘူးပါဘူး။

## ဒုလ္လဘတရားနှင့် ခြေတော်ဆေး

"ကျောင်းတော်ကို ပြန်ရောက်ရင် မှူအညစ်အကြေးမရှိပေမယ့် (လုပ်ဆောင်တဲ့ လူများ ကုသိုလ်ရအောင်) ခြေဆေးအင်းပျဉ်မှာ ခြေဆေးတော်မူလေ့ရှိပါတယ်။ ခြေကို လှပအောင် ပွတ်ပြင်တယ်ဆိုတာမျိုး မရှိပါဘူး။

"အဲဒီအချိန်ကလေးမှာတောင် အလစ်မပေးဘူး။ ရဟန်းတော်တွေကို'ဒုလ္လဘငါးပါး'ဟောပြီး နေ့တိုင်းဘဲ သတိပေးလေ့ရှိပါတယ်။ခြေတော်ဆေးပြီးရင် ကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ်ထားပြီး တင်ပြင်ခွေကာ တရားဘာဝနာကို နှလုံးသွင်းနေပါတယ်။

## လူသားတိုင်းအတွက် ဗုဒ္ဓပါ

"တချိန်ပြီးတချိန် အားလပ်တယ် မရှိပါဘူး ဆရာကြီး။ ဂေါတမ ဗုဒ္ဓဟာ အလုပ် အလုပ်ဆုံးပါဘဲ။လုပ်သမျှလဲ မိမိ သူတပါးဆင်းရဲဘို့တခုမှ မပါဘူး။ ကိုယ်ကျိုး၊ သူကျိုး၊ တလောကလုံးရဲ့အကျိုးကို အချိန်ရှိသမျှ လုပ်တော်မူနေတာပါ။

"နှိမ့်ချ, မြှောက်ပင့်ခြင်းမရှိ၊ လူတန်းစားအားလုံးနှင့် လိုက်လျောညီထွေပြီး အမြဲတမ်း အကျိုးပြုဘို့ကိုသာ မြော်လင့်တော် မူနေပါတယ်။ နေတာ ထိုင်တာ၊ စားတာသောက်တာ၊ ဘာမှ လိုလေသေးမရှိ ကျွန်တော် အသေးစိတ် လေ့လာ ကြည့်ရှုခဲ့ပြီးပါပြီ။

"ဂေါတမဗုဒ္ဓမှာ ဘာလေးတခုမှ အပြစ်ပြောစရာ မတွေ့ရပါဘဲ ကလား ဆရာကြီးရယ်။ အတုမရှိပါဘူး....၊ လူသားတိုင်းအတွက် ဖြစ်ပေါ် နေရတာပါ"

ဉတ္တရလုလင်သည်မချိသောပီတိဖြင့် ဘုရားရှင်ရှိရာသို့ လက်အုပ်ချီမိုး၍ ထပြီး ရှိခိုးဦးညွှတ်လိုက်၏။

"ယခု ကျွန်တော်ပြောတတ်သလောက် ပြောရတာပါ။ ပြောလို့မရအောင်ထူးခြားအံ့ဩစရာတွေလဲ အများကြီးပါဘဲ။ဂေါတမဗုဒ္ဓရဲ့ ကျေးဇူးတော် ဂုဏ်တော်တွေဟာ မဟာပထဝီမြေပြင်၊ ကောင်းကင်သမုဒ္ဒရာလိုပြောလို့မကုန်အောင် များလှပါတယ်"ဟု ပီတိစကား အားမရသော အမူအရာဖြင့် နေရာ၌ပင်ပြန်ထိုင်ရင်း မျက်စိကိုစုံမှိတ်ပြီး စိတ်အာရုံပြုနေလေတော့၏။

## ဗြဟ္မာယု ဘုရားရှိခိုး

ဗြဟ္မာယု ပုဏ္ဏားဆရာကြီးလည်း တအံ့တဩ နားထောင်ရင်း အပေါ်ရုံ ကိုယ်ဝတ်ကြီးကို လက်ကန်တော့ထိုးပြီး ထိုင်ရာမှ ထလိုက်၏။ ခေါင်းနှင့် ကိုယ်ရုံများကို ပွတ်သပ်ပြီးမတ်တပ်ရပ်လျက် ဘုရားရှင်သီတင်းသုံးတော်မူရာ ဝေဒေဟမြို့ဘက်သို့ လှည့်ပြီး ဘုရားရှင်အား လေးလေးပင်ပင်ကြီး ဦးညွှတ် ရှိခိုးလိုက်သည်။

"နမော တဿ ဘဂဝတော အရဟတော သမ္မာ
သမ္ဗုဒ္ဓဿ။
ကိလေသာအပူခပ်သိမ်း ကင်းငြိမ်း၍ တရားအမှန်
ကို ကိုယ်တော်တိုင်ထိုးထွင်းသိမြင်တော်မူသော ဘုန်းတော်

ကြီးသော ဘုရားသခင်အား အကျွန်ုပ် ဗြဟ္မာယု ဦးညွတ်ပါသည်။ဘုရား....။ ဦးညွတ်ပါသည်ဘုရား....။ ဦးညွတ်ပါသည်ဘုရား...."

ပြီးလျှင် နေရာ၌ ပြန်ထိုင်ပြီးနောက်–

ဗြဟ္မာယု။ ။"အမောင်ဥတ္တရ၊တချိန်ချိန်မှာတော့ ဂေါတမဗုဒ္ဓနဲ့ တွေ့ဆုံခွင့်ရကောင်းပါသေးရဲ့၊ အခွန်းတလေ ပြောဆို ဆွေးနွေးခွင့်ရကောင်းပါသေးရဲ့နော်"

ဥတ္တရ။ ။"ဒီကိုတောင် ကြွချင် ကြွလာဖြစ်မှာဘဲ ဆရာကြီး"

ဗြဟ္မာယု။ ။"ကြွလာတော်မူရင်တော့အကောင်းဆုံးပေါ့ကွယ်။ ဒါပေမယ့် ဆရာဟာ အသက်နေ နဲနေပြီကွဲ့။ အမောင်တို့ ကံကောင်းကြပါပေတယ်"

ဗြဟ္မာယု ပုဏ္ဏားကြီးသည် ဖြူဖွေးသော နှုတ်ခမ်းမွေးကြီးများကို ပွတ်သတ်ရင်းစိတ်မချမ်းမြေ့ဘွယ် အရွယ်ကိုတွေးပြီးမဖူးလိုက်ရမှာ ကြောင့် ကြနေရှာ၏။

ထိုအခိုက် ဆရာကြီး၏ တပည့် လုလင်တယောက် ပေါက်လာကာ မိထိလာမြို့သို့ ဘုရားကြွလာမည့် သတင်းစကားပြောကြားလာသဖြင့် ချက်ခြင်း ထခုန်မတတ် ဝမ်းသာနေကြကုန်၏။

## အိုကြီးအိုမ ဗြဟ္မာယုပါဘုရား

မြတ်စွာဘုရားရှင် ကြွလာမည့်အကြောင်း တမြို့လုံးဥက္ကောဌေယျ ဖြစ်ကာ ကြွလာတော်မူလျှင် သူ့ထက်ငါ ချဉ်းကပ်ပူဇော် ဖူးမျှော်ကြ၏။

ဘုရားရှင်ကား နောက်ပါ သာဝကရဟန်း ငါးရာနှင့်အတူ မြို့နှင့် မလှမ်းမကမ်း အေးချမ်းဆိတ်ငြိမ်သော 'မဃဒေဝ'ဥယျာဉ်၌ သီတင်းသုံးတော်မူသည်။မြို့သူမြို့သားများ ပျားပန်းခတ်မျှ စည်ကားလှ၏။ ကျွေးကြ၊ လှူကြ၊တရားနာကြ၊ ဆွေးနွေး မေးလျှောက်ကြသူများဖြင့် အားလပ်ခွင့် ရတော်မမူပေ။

ဗြဟ္မာယုပုဏ္ဏားကြီးလည်း နောက်ပါ တပည့်ကြီးအများ ခြံရံ၍ ဥယျာဉ်ဘက်သို့ ထွက်လာခဲ့၏။တပည့်ကြီးများက ဆရာအိုကြီးကို တဖက် တယောက် တွဲခေါ်လာကြ၏။

ဥယျာဉ်အနီးသို့ ရောက်လျှင် ခဏမျှ အပန်းဖြေပြီးနောက် တပည့်တယောက်အား ဘုရားရှင်ထံ သတင်းပို့လွှတ်လိုက်သည်။ ကျန်းမာချမ်းသာပါစေရန် မေတ္တာပို့သကြောင်း အသက်ကြီး၍ အချိန်မစီးတော့သော မိမိ၏ အသက်အရွယ် စသည်တို့ကိုပါ ကြိုတင်၍သတင်းပို့ လျှောက်ခိုင်းလိုက်သည်။ ခွင့်ရပြီးမှ ဝင်သွားကြ၏။

ညနေဆည်းဆာအချိန် ဖြစ်သဖြင့် လူဝတ်ကြောင်တို့ ဖူးမျှော် တရားနာယူကြသည့် အချိန်ဖြစ်သည့်အတိုင်း ဥယျာဉ်တခြံလုံး တရုန်းရုန်းဖြစ်နေ၏။

ဗြဟ္မာယုပုဏ္ဏားကြီးနှင့် တပည့်အများ သိုက်သိုက်ဝန်းဝန်း ရောက်လာကြသောအခါ မြို့မျက်နှာဖုံး သူဌေး ပညာတတ်ဆရာကြီး ဖြစ်သည့်အတိုင်း အလျှင်ရောက်နေနှင့်သူများ အားလုံးကပင် ဖဲရှောင် တိမ်းဖယ်၍ အရိုအသေ နေရာပေးကြ၏။ ဥတ္တရလုလင်လည်း ပျော်ရွှင် ပြုံးကြည်စွာ ဆရာကြီးအပါးမှ လိုက်ပါလာခဲ့၏။

"နေကြပါ၊ နေကြပါ၊ ကိုယ့်နေရာကိုယ်နေကြပါ၊ ဒီကအဖိုးကြီး ဘုရားကိုယ်တော်မြတ်အနား ထိုင်ပါ့မယ်"

ပရိသတ်များမှာ ဘုရားနှင့် (ဝေး၊နီး၊ရှေ့၊ နောက်၊မြင့်၊မောက်၊ လေတင်)အပြစ်ခြောက်ပါးကင်းစင်ရာ မနီးမဝေးကပင်ဖူးမျှော်နေကြသည်။

ဗြဟ္မာယုပုဏ္ဏားကြီးကား အသက်တရာ့နှစ်ဆယ်ရှိပြီဖြစ်၍ အဖိုးကြီး ပီပီ ရသမျှအချိန်ကလေး ဘုရားအနီးသို့ ကပ်နိုင်သမျှ ကပ်၍ ဦးညွှတ်အရိုအသေပြု၏။

"အရှင်ဘုရား ဂေါတမ၊ ကျန်းမာချမ်းသာတော်မူပါစေ၊ အိုကြီးအိုမ ဗြဟ္မာယုအဖိုးအိုပါဘုရား" ဟုလည်း လျှောက်ထားလိုက်၏။

ဘုရားရှင်အား ခြေဆုံးခေါင်းဆုံး လေ့လာရာ၌ ၃၂-ပါးသော လက္ခဏာတော်များကို တဖန် လက်တွေ့ လေ့လာနေမိပြန်၏။ ကွယ်ဝှက်သော လက္ခဏာတော် နှစ်ခုနှင့် စပ်၍လည်း ဖွင့်ဟ၍ပင် လျှောက်ကြားလေရာ တန်ခိုးတော်ဖြင့်ပင် ပြသတော်မူရပြန်သည်။

ပရိသတ်ကြီးမှာ မြို့မျက်နှာဖုံးဆရာကြီးနှင့် ဘုရားရှင် စကားအချေအတင်များ ဘယ်လိုပြောဆိုကြမလဲဟု အားခဲ နားစွင့်နေကြသည်။

"ပစ္စုပ္ပန် အစီးအပွား၊ တမလွန်အစီးအပွား ဒကာကြီး တောင့်တကြံစည်ထားတာများရှိရင်လဲ လိုတာကို မေးလျှောက်ပါ"

ဘုရားရှင်က ခွင့်ပြုတော်မူ၏။

ပုဏ္ဏားကြီးကား ဘာကိုမေးရကောင်းမလဲဟု စဉ်းစားရာ ပစ္စုပ္ပန်စီးပွားရေးမှာ မိမိကိုယ်တိုင်ကပင် ဆရာကြီးတဆူလုပ်၍ သင်ကြားနေသူဖြစ်သဖြင့် တမလွန်အရေးကိုသာ မေးလျှောက်ရန် ဆုံးဖြတ်လိုက်၏။

ဘုရားရဟန္တာအရိယာတို့နှင့်စပ်သော ကိုယ်ကျင့် သဘောတရားများကို မေးလျှောက်ရာ ပုဏ္ဏားကြီး ကျေနပ်အောင်ပင် ဖြေပြတော်မူလေ၏။

ဒါန, သီလ, ဘာဝနာ အဆင့်ဆင့် ကူးတက်ပုံကိုလည်း အသေးစိတ်ဟောပြတော်မူရာ ပုဏ္ဏားကြီးမှာ ရွှင်လန်းတက်ကြွ၍နေတော့သည်။ချက်ခြင်းနေရာမှထကာ ကိုယ်ရုံကို လက်ကန်တော့ထိုးပြီး ခြေတော်အစုံကို ရှိခိုးဦးတိုက်လျက်–

"တပည့်တော် ပြဟ္မာယုအဖိုးကြီးပါဘုရား၊ ပြဟ္မာယုပါဘုရား"

ကြည်နူးအားရ မတင်းတိမ်နိုင်သော ပီတိသံဖြင့် လျှောက်ထားလေ၏။ ခြေတော်အစုံကိုလည်း ကိုယ်ရုံဖြင့် ပွတ်တိုက်၍ နဖူးခြေဆိုက်ကန်တော့ရာ ပညာတတ် မြို့မျက်နှာဖုံး သူဌေးကြီး ဆရာကြီးတဦးက ဤမျှဦးတိုက်မာန်လျှိုး ရှိခိုးကန်တော့သည်ကို ပရိသတ်အားလုံးမှာ အံ့အားကြီးသင့်နေကြသည်။

## အသေကောင်းသော ပုဏ္ဏားကြီး

ပုဏ္ဏားကြီးကား ထိုမျှနှင့် အားမရသဖြင့် နဖူးနှင့်လက်နှင့် ခြေတော်အစုံကို ပွတ်သတ် ဦးတိုက်ရင်း ပါးစပ်နှင့်ပါ အားရပါးရ စုပ်ငုံ၍ ထားလိုက်၏။ မျက်ရည်များပင် လည်၍နေတော့သည်။

အချိန်အတန်ကြာလျှင်–

"ဒကာကြီးပြဟ္မာယု၊ သည်းခံလော့။ ကျေနပ် သင့်တန်လောက်ပါပြီ"ဟု မိန့်တော်မူခါမှ မိမိနေရာ၌ ပြန်၍ ထိုင်လိုက်သည်။

ရွှင်လန်းတက်ကြွလာသော စိတ်အစဉ်ကို ရှုမြင်တော်မူကာ တရားဓမ္မညွှန်ပြပေးလိုက်ရာ ပုဏ္ဏားကြီး သောတာပန်တည်သွား၏။

အချိန်အခါ အခြေအနေအရ တစုံတခု မှားယွင်းသော အယူဝါဒကို လက်ခံထားသူဖြစ်သော်လည်း ရိုးသား ဖြောင့်မတ်သော ပညာရှင်ကြီးများအတွက် မြတ်စွာဘုရားရှင်၏ တရားတော်သည် ပို၍ပင် နားဝင်လွယ်ကာ အကျိုးထူးများ ရရှိလွယ်တတ်မြဲ ဖြစ်ပေ၏။

အမှောင်ကင်းပျောက် အလင်းရောက်သကဲ့သို့ အယူဝါဒရေးရာ၌ မျက်စိလည် လမ်းပျောက်ကာ ကိုယ်ပိုင်ယွင်းဖောက် သိမြင်သော အယူမှန် သမ္မာဒိဋ္ဌိ(ဗုဒ္ဓဘာသာဝင်) ဖြစ်သွားပြီးနောက် ရဟန်းသံဃာတော်များနှင့် ဟက္ကု ဆွမ်းစားကြရန် ပင့်ဖိတ်ပြီး ပြန်လာခဲ့တော့သည်။

ခုနစ်ရက်လုံးလုံး အိမ်မှာပင့်၍ ဆွမ်းကျွေးရာ တပွဲလုံး ချီးကျူး ဝမ်းမြောက်၍ မဆုံး။ ဗြဟ္မာယုပုဏ္ဏားကြီးလည်း ပျော်မဆုံးတော့ချေ။

ဘုရားရှင်လည်း မိထိလာမှ ဝေဒေဟမြို့သို့ ပြန်ကြွသွား၏။ မကြာပီ ရက်အတွင်းမှာပင် ရဟန်းများက ဘုရားရှင်ကို လျှောက်ကြသည်။ ဗြဟ္မာယု ပုဏ္ဏားကြီး ကွယ်လွန်သွားပြီဖြစ်တဲ့အကြောင်း။

ပုဏ္ဏားကြီး၏ လားရာဂတိနှင့် စပ်၍လည်း လျှောက်ကြရာ ဗြဟ္မာယု ပုဏ္ဏားကြီးသည် ပညာရှိ ရိုးဖြောင့်သူဖြစ်ကာ တရားတော်အတိုင်း ကျင့်ကြံ ပွားများသဖြင့် အနာဂါမ်ဖြစ်၍ ဗြဟ္မာ့ပြည်သို့ရောက်ကြောင်း ဟောတော် မူလေသည်။(မဇ္ဈိမပဏ္ဏာသ၊ ဗြဟ္မာယုသုတ်ကို အဋ္ဌကထာနှင့် ပေါင်းစပ်၍ ဖတ်ရှုကြည်ညိုဘွယ် ရေးလိုက်ပါသည်။)

## ကြောင့်ကြမဲ့ စိတ်တော်မရှိ

မြတ်စွာဘုရားရှင်၌ ကိုယ်နှုတ်အမူအရာအပြစ်ရှာ၍ပရသဖြင့် စိတ်နှလုံးတော် မှာလည်း အဆင့်အတန်း မြင့်မြတ်လှပါပေ၏။

မည်သည့်အခါမှ ကြောင့်ကြမဲ့စိတ် ရှိတော်မမူချေ။ သတ္တဝါတို့ အကျိုးစီးပွားကို အချိန်ရှိသမျှ ကြည့်ရှုဆင်ခြင် စဉ်းစားတော် မူလျက်သာ ရှိ၏။

လောက၌ လူကြီးမိဘတို့သည် ကိုယ်တိုင်ထပြီး ဆောင်ရွက်မပေးနိုင် စေကာမူ နှုတ်ဖြင့် ပြောဆို၍ ကြောင့်ကြစိုက်ပေးနေကြရ၏။ ပါးစပ်က ပြောခွင့် မရသာလျှင်လည်း စိတ်ထဲကမူ သားသမီးများ၏ အကျိုးကို တွေး တော ကြံစည်ပြီး အမြဲ ကြောင့်ကြစိုက်နေရကြသည်။

သို့ရာတွင် အမြဲတမ်း ပြုလုပ်နိုင်သူ၊ ပြောဆိုနိုင်သူ၊ ကြံစည်တွေးတော နိုင်သူကား ဘုရားရှင်မှတပါး မရှိပေ။ ဘုရားရှင်ကား အမြဲ ကြောင့်ကြစိုက် တော်မူ၏။ မည်သည့်အခါမျှ ကြောင့်ကြမဲ့စိတ် ရှိတော်မမူ။

ဘုရားဖြစ်တော်မူစ တရားတော်က သိမ်မွေ့ နက်နဲလွန်းအားကြီး၍ သတ္တဝါတွေကား မိုက်မဲလွန်းအားကြီးသဖြင့် တရားဟောရန် စိတ်ပျက်

တော်မူရသည်မှာ သာဖန် ပကတိမျက်စိဖြင့်သာ ကြည့်ရှု၍ မိန့်တော်မူခြင်း ဖြစ်ရာ။ ဉာဏ်မျက်စိဖြင့် ကြည့်တော်မူသောအခါ ပဟာလျှင် နားလည်နိုင်သော၊ အကျိုးရှိစေနိုင်သော အခြေအနေကို မြင်တော်မူသည်သာ ဖြစ်၏။

(ထိုအကြောင်း မိလိန္ဒပဥှာ၌လည်း ကြည့်ပါလေ။)

မြတ်စွာဘုရားရှင်သည် တခါ၌ အာတုမရွာ၌ သီတင်းသုံးတော်မူစဉ် ရဟန်းများ ဆူညံနေကြသဖြင့် အားလုံး နှင်ထုတ်လိုက်၏။ ထိုအကြောင်း နှင့်စပ်၍ အရှင်သာရိပုတ္တရာအား—

"သာရိပုတ္တရာ၊ ယခု ကဲ့သို့ ရဟန်းများကို နှင်ထုတ်လိုက်သည့် အတွက် သင်၏စိတ်၌ မည်သို့အကြံဖြစ်သနည်း" ဟု မေးတော်မူရာ—

"မှန်လှပါ မြတ်စွာဘုရား၊ မြတ်စွာဘုရားသည် ရဟန်းများကို နှင်ထုတ်၍ တကိုယ်တည်း ကြောင့်ကြမဲ့ သမာပတ်ချမ်းသာဖြင့် နေတော်မူလို သည်ဖြစ်လတ္တံ့။ ငါလည်း ဘုရားရှင်ကဲ့သို့ သမာပတ်ချမ်းသာဖြင့် ကြောင့် ကြမဲ့နေတော့အံ့" ဟု အကြံဖြစ်ကြောင်း လျှောက်သည်။

တဖန် မြတ်စွာဘုရားရှင်က အရှင်မောဂ္ဂလ္လာန်ဘက်သို့လှည့်၍ မေး တော်မူပြန်၏။ အရှင်မောဂ္ဂလ္လာန်က—

"မှန်လှပါ အရှင်ဘုရား၊ မြတ်စွာဘုရားရှင်သည် သမာပတ် ချမ်း သာခြင်းဖြင့် ကြောင့်ကြမဲ့ နေတော်မူလိုသည် ဖြစ်မည်။ ထိုသို့ဖြစ်သော် ငါသည် အရှင်သာရိပုတ္တရာနှင့်အတူ ရဟန်းများကို စောင့်ရှောက်ကြအံ့" ဟု အကြံဖြစ်ပေါ်ကြောင်း လျှောက်ရာ မြတ်စွာဘုရားရှင်က ကြောင့်ကြမဲ့ တာဝန်မရှောင်ဘဲ ခေါင်းဆောင်မည့် စိတ်ဓာတ်ကိုသာ လိုလား နှစ်သက် တော်မူသဖြင့် အရှင်မောဂ္ဂလ္လာန်အား သာဓု ခေါ်တော်မူလေသည်။

(ပဏ္ဏာသ ပဏ္ဏာသ၊ အာတုမသုတ်)

ဘေးရန်နှင့် ကြုံလာလျှင်

တစုံတရာ ကြောက်လန့်ဘွယ် ဘေးရန် ကြုံလာလျှင် ငါ [ဘုရား] ကို အောက်မေ့လိုက်ကြ။ ငါ [ဘုရား] ကို သတိမရ ဖြစ်လျှင် တရားနှင့် သံဃာတော်ကို အောက်မေ့ကြ။ ထိုသို့လျှင် ကြောက်ရွံ့ဘွယ် ဘေးရန် အားလုံး ပျောက်ကွယ်သွားလိမ့်မည်။

[ဓဇဂ္ဂသုတ် ပရိတ်တော်]



အခန်း [ ၄ ]

## ဘာသာရေး၌ အရေးအပါဆုံး ဖြစ်သော

# ဆုတောင်းခန်း မြင်ကွင်းကျယ်

### ဆုတောင်း ဆုပန် စဉ်းစားရန်

ဘာသာရေးတွင် ဆုပန်, ဆုတောင်းခြင်း အကြောင်းကို မပြောက ပြည့်စုံမည်မဟုတ်။ ထိုဆုပန်,ဆုတောင်းခြင်း ကိစ္စမှာလည်း အလွန်အလေးထား၍ စဉ်းစားသင့်သော ကိစ္စဖြစ်၏။ ဆုတောင်းစာများကိုလည်း အမျိုးမျိုးရေးထားကြသည်။ "နိဗ္ဗာန် ရပါလို၏"ဟုလည်း နေ့စဉ် ဆုတောင်းကြ၏။ အများအားဖြင့် အသိရော အသံပါ လေးနက်ဟန် မရှိကြချေ။

ဆုပန်တောင်းခြင်းမှာ ဘာသာရေးတွင် အရေးအကြီးဆုံး အခန်းဖြစ်သည်။ အဆောက်အဦကြီးတခု၏ ပုံစံပန္နက်နှင့်လည်း တူ၏။ အဆောက်အဦတခု၏ လှ–မလှ၊ ခိုင်–မခိုင်သည် ပုံစံ(ပလန်း)၌ ကည်၏။ ပို၍ တိကျအောင် ဆိုရသော် အင်ဂျင်နီယာ၏ စိတ်ကူးဆန္ဒတွင် စ းင်ဖော်နေသော၊ လောင်းနေသော ပုံသည် လိုရင်းပဓာန ဖြစ်သည်။

ဆုပန်, ဆုတောင်းနေသူများသည် လိုအပ်သော ပုံစံ ရအောင် ဆန္ဒစိတ်ကူး၌ ပုံလောင်း၊ ပုံဖော်နေသူများ ဖြစ်ကုန်၏။ ထိုဆန္ဒ၊ ထိုပိဘ်ကူးများ မျက်စိထဲ၌ ပီပြင်သည်ထက် ပီပြင်၊ ပုံပေါ်သည်ထက် ပေါ်လာစေရန် နှုတ်ကပင် ဖွင့်ဟ၍ အာဘည်ပြုကြည့်ကြရ၏။ ထိုအခါ ပုံသည် ပို၍ ပေါ်

လာ၏၊ ပ်ပြင်လာ၏။ ထိုပုံကို ကြိုက်ပြီဆိုလျှင် ခိုင်မာအောင် အထပ်ထပ် ရွတ်ဆို ဒႉဝ ည်ပြုပေးကြရသည်။

ကိုယ့်ပုံကို ကိုယ်ကြိုက်သလို လောင်းကြရာ၌ စဉ်းစားလေ၊လေးနက် လေ ဖြစ်၏။ ပန်းပုဆရာ ပန်းချီဆရာတို့သည် လက်နက် တန်ဆာပလာ၊ ကိရိယာ ပြည့်စုံပါမူ ပုံကို စိတ်တိုင်းကျ လိုသလို လှပအောင် ထုလုပ်ရေးဆွဲ နိုင်ကြသည်။ ထို့အတူ ဆုပန်, ဆုတောင်းသူများ ကိုယ်လိုသလို ရနိုင်, ဖြစ်နိုင်ပါ၏လော။

## ပန်းတိုင် မရှိသော ခရီး

ဤ၌ ကြားဖြတ်၍ ထာဝရဘုရား၊ ဗြဟ္မာ၊ ဖန်ဆင်းရှင် ကိုးကွယ်သူများ၏ ဆုတောင်းခြင်းမှာ ဆိုင်ရာ ဖန်ဆင်းရှင်ထံ လက်ဖြန့်၍ တောင်းခံကြခြင်း ဖြစ်၏။

ဗုဒ္ဓဘာသာဝင်တို့၏ ဆုပန်,ဆုတောင်းရာ၌ ဆုပေးမည့်သူမှာ တခြား ဖန်ဆင်းရှင် မရှိ၊ မိမိသာလျှင် ဖန်ဆင်းရှင် ဖြစ်၏။

မြတ်စွာဘုရားရှင်သည် လူတိုင်း ကိုယ့်ကိုယ်ကို ကယ်တင်နိုင်ကြစေ ရန် လိုသလို ဖန်ဆင်းနိုင်သော တန်ခိုးသတ္တိ စွမ်းအင်များကို ပေးအပ်ထား တော်မူလေသည်။ အလွန်ရခဲသော အခွင့်အရေးကြီးပါပေ။

ဖန်ဆင်းရှင် ဘာသာဝင်တို့၏ ဆုတောင်းခြင်းနှင့် စပ်၍ မြတ်စွာ ဘုရား ဟောကြားတော်မူချက်များကို ပြဦးအံ့။

အသိဗန္ဓကဏ်သား ရွာသူကြီး တဦးက မြတ်စွာဘုရားရှင်အား—

"ဗြာဟ္မဏ ဆရာကြီးတို့သည် သေသွားသူကို နတ်ပြည်ရောက်အောင် ဆုတောင်းပေးနိုင်ကြပါသည်။ အရှင်ဘုရားကော ထိုသို့ ပြုလုပ်ပေးနိုင်ပါ သလား"ဟု လျှောက်သဖြင့် မြတ်စွာဘုရားရှင်က—

ပါဏာတိပါတစသော ဒုစရိုက်များကို လုပ်၍ သေသွားသူအတွက် လူအများ စုပေါင်း၍ 'နတ်ပြည်ရောက်ပါစေ'ဟုဆုတောင်းပေးသော်လည်း ရေ၌မြုပ်နေသော ကျောက်ခဲကို 'ကမ်းပေါ်တက်လာပါစေ'ဟု ဆုတောင်း ၍ မရသကဲ့သို့ မရနိုင်ကြောင်း။

သုစရိုက်လုပ်ပြီး သေသွားသူ အတွက်လည်း 'အပါယ်ကျပါစေ'ဟု ဆုတောင်းပေးသော်လည်း ထောပတ်အိုးကို ရေ၌ချသောအခါ ရေပေါ်

ဝေ့လာသော ထောပတ်ဆီများကို 'နှစ်မြုပ်ပါစေ'ဟု ဆုတောင်း၍ မရနိုင်သကဲ့သို့ရှိကြောင်း မိန့်တော်မူဘူးသည်။ (သဠာ – အသိဗန္ဓကပုတ္တသုတ်။)

တဖန် သစ္စာအစဉ်အဆက်ကပင် ဖန်ဆင်းရှင် (ဗြဟ္မာကြီး)ကို မြင်လည်း မမြင်ဘူး။ မည်သည့်နေရာ၌ ရှိသည်ဟူ၍လည်း မသိပါဘဲလျက် ထိုဖန်ဆင်းရှင် နေရာဘုံဌာနသို့ရောက်ရန် ကျင့်ကြံနေခြင်း၊ ဆုတောင်းခြင်းတို့သည် –

၁။ မည်သည့်အရပ်၌ ရှိ၍ မည်သည့်အမျိုးအနွယ် အမည်နာမ ရှိသည်။ မည်မျှ လှပသည်ဟု မသိမမြင်ဘူးသော (စိတ်ကူးယဉ်) အလှမယ်ကို လိုချင်နေသူကဲ့သို့ရင်း၊

၂။ မည်သည့်အရပ်၌ရှိ၍ မည်သို့အဆောက်လုပ်ထားသည်၊ မည်မျှနိမ့်သည် မြင့်သည်ဟု မသိရသော အဆောက်အဦကြီးကို ထောင်ပြီးတက်ရန် လှေကားပြုလုပ်နေသူကဲ့သို့ရင်း၊

၃။ 'ဟိုမှာဘက် မြစ်ကမ်းကြီး ဤမှာဘက်သို့ ရောက်လာပါစေ' ဟု ဆုတောင်းနေသူကဲ့သို့ရင်း ဖြစ်၍ အကြောင်းယုတ္တိ မရှိကြောင်း မိန့်တော်မူပြန်သည်။ (သီလက္ခန္ဓ–တေဝိဇ္ဇာသုတ်။)

'ပန်းတိုင် မရှိသော ခရီး'သည် အဆုံးမရှိနိုင်ချေ။

ယုံကြည်ချက်၊ လုံ့လဝီရိယနှင့် ဆန္ဒအင်အား မည်မျှပင်ကြီးမား ထက်သန် စေကာမူ အကျိုးမပြီး။ မိမိဆန္ဒက လှမ်း၍ ချမှတ်ပေးထားသော ပန်းတိုင်သည် အမှန်တကယ်ရှိသော ပန်းတိုင်မဟုတ်သောကြောင့်တည်း။

'ဝိမံသာဓိပတိ'ခေါ် စုံစမ်းထောက်လှမ်းတတ်သော ပညာရှင်၏ အကူအညီမယူဘဲ ယုံလွယ်တတ်သူ အကြံပေး အရာရှိ (သဒ္ဓါ) ဟဒိုးဟည်း၏ အဆိုပြုချက် အရသာလျှင် 'ဆန္ဒ' တည်းဟူသော စိမံ ညွှန်ကြားသူက အပြင်းအထန် စီမံကိန်း ချနေသကဲ့သို့ ရှိတော့၏။

ထိုလုပ်ငန်းမျိုးကို အကောင်အထည်ဖော်သူ 'ဝီရိယ'သည် မည်မျှပင် ဇွဲကောင်းသော်လည်း အကောင်အထည် ပေါ်လာမည် မဟုတ်ချေ။ နည်းလမ်း မမှန်၍ ဇွဲကောင်းသလောက်လည်း ဒုက္ခရောက်ဟယ်ကြောင်း (ကေအင်္ဂုတ္တရ-ကေဓမ္မ-ဒုတိယ ဝဂ်၌)ဟောတော်မူသည်။

တမာစေ့သည် ဤမြေ,ရေ,လေ, အလင်းရောင်တို့ကိုပင် မှီတွယ်၍ ရှင်သန်ကြီးထွားလာသော်လည်း စုတ်ယူသမျှ,မြေ,ရေ,လေ,အလင်းရောင်တို့သည် အခါးရသာကိုသာ သီးပွင့်ဖြစ်တွန်းစေသကဲ့သို့ နဂိုဗီဇ ကိုယ်နိုက်က

အယူ ပမှန်လျှင် ထိုသူ၏ ပြုမူပြောဆို ကြံစည်သမျှ၊ ဆုတောင်းသမျှသည် ဒုက္ခအသီးအပွင့်ကိုသာ ဖြစ်ထွန်းစေလိမ့်မည်ဟု ဟောတော်မူသည်။
(အင်္ဂုတ္တရ–၁၀၊ဗီဇသုတ်။)

"မျိုးစေ့မမှန်၊ ပင်မသန်၊ သီးနှံ့ငုံကင်း၊ ရသာဖျင်း"

ဘုရားရှင် လက်ထက်တော်က"ဆုတောင်းရပယ်၊ မတောင်းရဘူး" စသော သာသနာပြင်ပ အယူများ အလွန်ရှုပ်ထွေးလျက်ရှိခဲ့သည်။ အမျိုးမျိုးလည်း မေးလျှောက်ကြဘူး၏။

မြတ်စွာဘုရားရှင်ကားလမ်းစဉ်မှန်ကန်မှု(မဂ္ဂင်)ကိုသာ ဦးစားပေး၍ ဖြေရှင်းတော်မူလေသည်။ လမ်းမှား လိုက်နေသူတို့၏ ဆုတောင်းခြင်းကိုလည်း 'သဲကိုဆီကြိတ်၍ ဦးချိုကို နို့ညှစ်နေသူများ'ဟုမိန့်တော်မူ၏။
(ဥပရိ- ဘူမိဇသုတ်။)

## ကိုယ်ရေးစိတ်ပါ ဆုတောင်းပုံ

မြတ်စွာဘုရားရှင်သည်လည်း ဆုပန်ခြင်းဆုတောင်းခြင်းဖြင့် သဗ္ဗညုတဉာဏ်တော်ကြီးကို ဆွတ်ခူးတော်မူခဲ့၏။ သာဝက အသီးအသီးတို့သည်လည်း မိမိတို့ပန်ခဲ့သော ဆုအရ လက်ဝဲ လက်ျာနှင့် ပကတိသာဝက ဖြစ်တော်မူခဲ့ကြရ၏။ထိုတွင် အတူဆုပန်ခဲ့သော ပုဂ္ဂိုလ်များကား ဂုဏ်ထူးဆောင် 'ဧတဒဂ်'ဘွဲ့များကိုပင် ရတော်မူခဲ့ကြသည်။

ထိုအရာအားလုံးသည် ဆုတောင်းမှုမပါဘဲ ရရှိလာကြသည် မဟုတ်ချေ။ ထို့ကြောင့် ဆုတောင်းခြင်းကိစ္စသည် အလွန် အရေးပါလှပေသည်။ ပေါ့ပေါ့ဆဆ မလုပ်ကြရာ။

'ဆုပန် ဆုတောင်းခြင်း'ဟူသည် ရလိုစိတ်၊ ဖြစ်လိုစိတ် မွေးခြင်း၊ 'တောင့်တခြင်း'ပင်တည်း။ ပါဠိလို'ပတ္ထနာ၊ ယာစနာ' စသည်ဖြင့် သုံးစွဲရသည်။အဘိဓမ္မာ တရားကိုယ်သဘောမှာ လိုချင်စိတ်ပင်ဖြစ်၏။ထိုလိုချင်စိတ်မှာလည်းလောဘ(တဏှာ) လိုချင်စိတ်နှင့် ဆန္ဒလိုချင်စိတ် နှစ်မျိုး ရှိသည်။ ကာမအာရုံ အကုသိုလ်ရေးရာ၌ လိုချင်မှုသည် လောဘဖြစ်၏။ကုသိုလ်အရာ၌ ဖြစ်လိုမှုသည် ဆန္ဒဖြစ်သည်။ (ဣတိဝုတ်–ပထမ သေခသုတ်အဖွင့်။)

ယင်းလိုချင်မှုကိုပင်'တောင့်တသည်၊ ဆုပန်သည်။ ဆုတောင်းသည်' ဟု မြန်မာလို သုံးနှုန်းကြရသည်။

မိမိရလို ဖြစ်လိုသော အရာဝတ္ထု ကိစ္စကို ယခုပင် ရနေပြီကဲ့သို့ ယုံကြည်စိတ် အပြည့်ဖြင့် မရမနေ ဆာလောင်ပြင်းပြစွာ တောင့်တရခြင်း၊ လိုချင်စိတ် ထားရခြင်းကို ဆုတောင်းသည်ဟု ဆိုရ၏။

စိတ်ထဲက ကျေနပ်ပြီးမှ နှုတ်က ဖွင့်ဆိုရ၏။ ထို့နောက် အကောင်အထည်ပေါ်အောင် လုပ်ယူရသည်။ ပါးစပ်ကမဆိုသော်လည်း စိတ်ထဲက လိုချင်မှုသည် ပို၍ ပဓာနကျသော ဆုတောင်းခြင်းပင်တည်း။

စိတ်၌ ကြိုတင်၍ စွဲထုံထားရသော အကောင်အထည်ဖော်မှု၊ ရည်မှန်းချက်၊ ပန်းတိုင်သန္နိဋ္ဌာန်ဟု ဆိုသင့်၏။ အချိန်မရွေး စိတ်ထဲတွင် လက်ရှိရနေသကဲ့သို့ မြင်နေရမည်။ 'ဥပသမာ နုဿတိ' နိဗ္ဗာန်ကို နှလုံးသွင်းနေရသည်မှာ လိုချင်မှု (ဆန္ဒဓာတ်ကြီး) ဖြစ်ပေါ်အောင် နှိုးဆွပေးထားနှင့်ရခြင်းပင်တည်း။

ဤနေရာ၌ ဘုရားဖြစ်ရန် အခြေခံ အရည်အချင်း ရှစ်မျိုးရှိရာ 'လူသား, ယောကျာ်း ဖြစ်ရခြင်း'စသော ကျန်အရည်အချင်း ခုနစ်မျိုးနှင့်ပြည့်စုံလုံလောက် နေစေကာမူ ပြင်းပြင်းပြပြ မရမနေ လိုချင်မှု (ဆန္ဒဓာတ်ကြီး) မပါဘဲ(ဆုမတောင်းဘဲ) ဘုရားမဖြစ်နိုင်ချေ။

ထိုအရည်အချင်း ရှစ်မျိုးနှင့် ပြည့်စုံပြီးမှ'ဒီပင်္ကရာ'ဘုရားရှေ့မှောက်တွင်'ဗျာဒိတ်မရလျှင် ငါမထတော့ဘူး'ဟု တံဘားခင်းကာ ဗျာဒိတ်ပန်ဆင်တော်မူခဲ့သည်။

ယင်းသို့ ဗျာဒိတ်ပန်ဆင်သည်ကို 'အဘိနီဟာရ'ဟု ခေါ်၏။(အဘိနီ=သဗ္ဗညုတ ဉာဏ်ကြီးရအောင် ကိုယ်ရောစိတ်ပါ ရှေးရှုညွှတ်ကိုင်း၍+ဟာရ=ပို့ဆောင်ခြင်း၊)

"သဗ္ဗညုတဉာဏ်ကြီးမရလျှင် ငါမနေဘူး"ဟု ကိုယ်ရောစိတ်ပါ မရမနေ သေသေကျေကျေ ဆောင်ရွက်ရန်'ကာယကံမြောက် ဆုတောင်းခြင်းကြီး'ကို 'အဘိနီဟာရ'ခေါ်၏။

မည်သည့် ဆန့်ကျင်ဘက် အကြောင်းကြောင့်မျှ မိမိ၏ ရည်ရွယ်ချက်ကြီး ရွေ့ရှားမသွားရအောင် စိတ်ကိုတသမတ်တည်း (ငုတ်ရိုက် ကျောက်ချ) ထားခြင်းဖြစ်၍ 'ပဏိဓာန'ဟုလည်း ခေါ်သည်။

'အဘိနီဟာရ'ကို အရပ်ပြော ပြောရလျှင် မိမိရည်ရွယ်ထားသည်ကို ဘယ်လိုအကြောင်းရှိလို့မှ အထိမခံ၊ မရွေ့မခံ။ တုံးတိုက်တိုက် ကျားကိုက်ကိုက် အနိုင်မခံ အရှုံးမပေး၊ ရှေ့သို့သာ တအားကြုံး၍ ရုန်း၍ လမ်းဆုံးထိအောင် ချီတက်ခြင်းပင် ဖြစ်၏။

ကိုယ်ရော စိတ်ပါ ကာယကံမြောက်ဆုတောင်းပွဲ (ဗျာဒိတ်ခံပွဲ)ကြီး ပြုခဲ့စေကာမူ 'အတွင်း နှလုံးသားက ဆုတောင်းခြင်း'၊ ထက်သန်ပြင်းပြစွာ လိုချင်မှု (ဆန္ဒဓာတ်ကြီး)မပါပြန်လျှင်လည်း သဗ္ဗညုတဉာဏ်ကြီး ရအောင် မှုခဲ့မည် မဟုတ်ချေ။

စကြဝဠာအပြည့် မီးကျီးခဲများ ခင်းထားရာ ကူးသွားနိုင်သူသာ ဘုရားဖြစ်မည် ဆိုပါက အလောင်းတော်သည် မုချ ကူးသွားရဲပေ၏။ အလောင်းတော်၌ 'နှလုံးသား၏ဆုတောင်းခြင်း'သည် ဤမျှ ကြီးမား ထက်သန်လှပေသည်။

ယခုအခါ ကျွန်ုပ်တို့လိုလားသော သာဝကဆု (နိဗ္ဗာန်ရမှု)သည် ကျွန်ုပ်တို့အတွက် သဗ္ဗညုတ ဉာဏ်ကြီးပင်ဖြစ်၍ အလောင်းတော်ကြီးနည်းတူ ကိုယ်ရောစိတ်ပါ'မရလျှင ငါမနေ'ဟူသော ဆန္ဒဓာတ်ကြီးဖြင့် အပြီး တိုင် ဖိဖိစီးစီး ညွတ်ကိုင်းထားပါမှ တန်ကာကျပေမည်။

"နိဗ္ဗာန်ရလိုပါ၏ အရှင်ဘုရား"ဟု ထုံးစံအတိုင်း ကျက်ထားသမျှ ရွတာဆိုရုံနှင့် လုံလောက်ပါမည်လော။ အရှေ့ဘက်သို့ လဲကျမည့် သစ်ပင် သည် ပင်စည်ခက်ရွက်အားလုံး နဂိုကထဲက အရှေ့ဘက်သို့ ယိမ်းယိုင်ကိုင်း ညွတ်ပြီး ရှိနေနှင့် ရပေမည်။ (ယင်းကို ပါဠိလို 'နိန္န=ညွတ်၊ ပေါဏ= ကိုင်း၊ ပဗ္ဘာရ=ရှိုင်း'ဟု ခေါ်သည်။)

## လုပ်တာကနဲ့ လိုချင်တာတွေက မဆုံး

မြတ်စွာဘုရားရှင်သည် အဆိုပါ ဆန္ဒဓာတ်ကြီးပါဝင်သော အရည်အချင်း ရှစ်ချက်နှင့်အညီ ကာယကံမြောက် ဆုတောင်းခဲ့ပြီးနောက် လက်တွေ့ အကောင်အထည်ဖော်သောအခါ ပါရမီဆယ်ပါးကို လက်နက်အဖြစ် အသုံး ပြုတော်မူခဲ့ရသည်။

လေးသင်္ချေနှင့် ကမ္ဘာတသိန်း ယင်းပါရမီဆယ်ပါးကို ကျင့်သုံးတော် မူလာခဲ့ရသမျှ ဘဝပေါင်းများစွာ ကောင်းမှုပေါင်းမရေမတွက်နိုင်စေကာမူ အလောင်းတော်ကြီး တောင်းသောဆုမှာ တခုတည်းသာလျှင် ရှိခဲ့၏။ ထိုဆန္ဒသည် အဘယ်မှာလျှင် အောင်ပွဲမရစေဘဲ ရှိပါချေမည်နည်း။

"နတ္ထိ ဆန္ဒသ ဟာနိ=အလောင်းတော်ဘဝမှ စ၍ ချမှတ်ရည်မှန်း ထားသော ပန်းတိုင်-ဆန္ဒဓာတ်ကြီးသည် မည်သည့် အကြောင်းကြောင့်မျှ

(ပုဏ္ဏားမိုက်ကဲ့သို့ ခေါင်းကို ရိုက်ခွဲစေကာမူ၊ အသက်ပင် သေရစေကာမူ) ပြောင်းလဲလမ်းချော်၍ ယုတ်လျော့ပျက်စီးတော်မမူ”ဟု ဆန္ဒဓာတ်ကြီး၏ အကြွင်းမဲ့ပြည့်စုံမှု (ဆုတောင်းပြည့်မှု)ဂုဏ်သည် ပစ္စေကဗုဒ္ဓါနှင့် သာဝက ကြီးများ၌ပင် မရှိသော သီးခြားဂုဏ်တော်အဖြစ် အမှန်းတင်ကြရပေသည်။

အတုမဲ့ အောင်ပွဲခံရသော ဆန္ဒဓာတ်ကြီးပင်တည်း။

ဆန္ဒရှိမှု၊ ဆုတောင်းမှုကိစ္စသည် အဘယ်မျှအရေးပါသည်ကို စဉ်းစား ကြရာ၏။

## တဏှာ၏ ကျေးကျွန်များ

လောက၌ ထိုဆန္ဒဓာတ်ကြီး မသန်မာ မထွားကျိုင်းသမျှ မည်သည့် ကိစ္စမှ မပြီးမြောက် မအောင်မြင်နိုင်ချေ။ ဆန္ဒသည် ‘စိတ်ဘုရင်ကြီး’ (ဆန္ဒာဓိပတိ) ဖြစ်၏။ ‘စိတ်တန်ခိုးရှင်ကြီး’ (ဆန္ဒိဒ္ဓိပါဒ) ဖြစ်သည်။

“စိတ်ဘုရင်,စိတ်တန်ခိုးရှင် ဆိုကတည်းက အခြား စိတ်အမျိုးမျိုး အဆိုးရော အကောင်းကိုပါ နိုင်နင်းရမည်။ မိမိသြဇာအောက်မှာ ထားသလို ငြိမ်၍ နေစေရမည်။ တောင်တောင် မြောက်မြောက် တိုးတက်လိုသော စိတ်များ၊ ဆိုးသွမ်းမိုက်ရိုင်းလိုသောစိတ်များ အားလုံးကို ဒဏ်ခတ် ထောင်ချ ၍ မိမိနိဗ္ဗာန်လိုချင်သော ဆန္ဒတခုတည်းသာ မင်းမူနေစေရမည်။

ပဟိတတ္တော = နိဗ္ဗာန်သို့ စေလွှတ်အပ်သောစိတ်၊ စားလဲ ဒီစိတ်၊ အိပ်လဲ ဒီစိတ် ဖြစ်နေရမည်။

ယင်းသို့ဆိုသော် ကျွန်ုပ်တို့၏နိဗ္ဗာန်လိုချင်သောဆန္ဒ ဆုဘောင်းသည် နိဗ္ဗာန်ရရန် ဘော်တော်ကလေး နီးစပ်ပုံ ရကြပါ၏လော။

ကျွန်ုပ်တို့သည် ဘုရားရှေ့သို့သွား၍ ဆုတောင်းသော်လည်း ဘုရားက ပေးမည်မဟုတ်။ ကျွန်ုပ်တို့ သန္တာန်၌ရှိသော ဆန္ဒဓာတ်ကြီးကသာ ပေးနိုင် ပေသည်။ သို့သော် သူ့မှာ လိုချင်သလောက်ကိုသာ ပေးခွင့်ရှိ၏။ ဘုရားကို ပင် မျက်နှာလိုက်ပေး၍ မရချေ။

အကယ်၍သာ ဆန္ဒဓာတ်ကြီးက ကျွန်ုပ်တို့အကြောင်းကို သိ၍စကား ဆိုပါမူ–

“ခင်ဗျားတို့ အသက်ဟလေးက တိုတို၊ အန္တရာယ်တွေက များများ၊ ဒါန,သီလ,ဘာဝနာလုပ်တဲ့အလုပ်ကလေးက ပတောက်တခေါက်။ တောင်း

လိုက်တဲ့ ဆုတွေက အများကြီး၊ နိဗ္ဗာန်လဲလိုချင်၊ နတ်ပြည်လဲ ရောက်ချင်၊ လောလောဆယ် သူဌေးလဲဖြစ်ချင်၊ ရာထူးအာဏာလဲတိုးချင်၊ အရာရာမှာလဲ လူရာဝင်ချင်၊ တန်ခိုးလဲကြီးချင်။ လိုချင်တာတွေက များတော့ ကျုပ် ဘာလုပ်တတ်တော့မှာလဲ။ တခုထဲကိုသာ အဟုတ်တောင်းဆိုပါ။ ကျုပ် တကယ်လုပ်ပေးနိုင်ပါတယ်''ဟူ၍ ပြောဆိုပေလိမ့်မည်။ (နာနာဆန္ဒဇာတ်ကိုရှုပါ)။

အမှန်တကယ်လည်း လုပ်ပြခဲ့သော ရာဇဝင်များ အထင်အရှား ရှိခဲ့၏။

မှန်လှပေသည်။ လယ်တကွက်စာမျှသာ လုံလောက်သော ရေများကို မြောင်း လေးငါးမြောင်းသွယ်ယူ၍ လယ်လေးငါးကွက် မျှတကာ စိုက်ပျိုးလျှင် မည်သည့်လယ်မျှ အောင်မြင်မည် မဟုတ်ချေ။ ဘုံဘိုင် လေးငါးခေါင်း ပြိုင်ဖွင့်၍ သုံးလျှင် ရေသည် မျှ၍ ထွက်လာမည် ဖြစ်၏။

အထူးသဖြင့် နိဗ္ဗာန် ချမ်းသာဟူသည် လွယ်လွယ်နှင့် မဟက်နိုင်သော အထက်ဆုံးထပ်ရှိ ဘုံဘိုင်နှင့် တူ၏။ ယောကီရေး ကြီးပွားမှု တည်းဟူသော အောက်ထပ်များ၌ ရှိသည့် ဘုံဘိုင်များကိုချည်း ဒလဟော ဖွင့်သုံးနေပါလျှင် အထက်ထပ်၌ ရေတက်လာမည် မဟုတ်။

## ဆုတောင်းနည်း ဘုရားသင်ပေးပုံ

''ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ=ဆန္ဒဓာတ်အားကောင်းသူအား မပြီးစီးမပြည့်စုံနိုင်သော အမှုကိစ္စဟူ၍ မရှိ'' ဆန္ဒဓာတ်ကြီး၏ အင်အားကို မြင်တော်မူသည့် အတိုင်း-

''ခေမံ ပတ္ထေထ ဘိက္ခဝေါ=ချစ်သားတို့ နိဗ္ဗာန်ကို ဆုတောင်းကြ။'' (လိုချင်ရကောင်းမှန်းသိအောင် လုပ်ကြ။ ပြင်းပြင်းထန်ထန်ဆန္ဒပြုကြ)ဟု မကြာခဏ တိုက်တွန်းတော်မူလေ့ ရှိသည်။

''ချစ်သားတို့ ယုံကြည်မှု ရှိသော ရဟန်းသည် ဆုတောင်းလိုလျှင် ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလ္လာန်တို့ကဲ့သို့ ဖြစ်ရအောင်ဆုတောင်းကြ။သူတို့သည်ရဟန်းတို့၏ ချိန်များ, စံများ ဖြစ်ကြကုန်၏''

ဟုလည်း အားကျမခံ ပြင်းထန်သော ဆန္ဒဓာတ်များ ဖြစ်ပေါ်အောင် နှိုးဆွပေးတော်မူခဲ့၏။ စံတင် ပြသွန်းတော်မူခဲ့၏။

ရဟန်းမများကိုလည်း-'ခေမာ၊ ဥပ္ပလဝဏ်'တို့ကို အားကျဆုတောင်းရန်၊ လူဒကာများ-'စိတ္တသူကြွယ်နှင့် ဟတ္ထကမင်းသား' တို့ကို၊ ဒကာမများ 'ခုဇ္ဇုတ္တရာနှင့် နန္ဒမာတာ' တို့ကို အားကျစိတ်ပွားရန် တိုက်တွန်းဟောပြသည်။

(ဧက၊ စကု-အင်္ဂုတ္တရ-အာယာစနဝဂ်၊ အာယာစနသုတ်များ။)

ဤကားသူ့အတန့်အစားနှင့်သူ ဘုတောင်းနည်းသင်ပေးခဲ့ပုံတည်း။

## ဘယ်ရည်ရွယ်ချက်နဲ့ဆုတောင်းမလဲ

မြတ်စွာဘုရားရှင် ထိုသို့ ဟဖွဖွ သတိပေး တိုက်တွန်းနေသည့် ကြားကပင် သာဝတ္ထိပြည် ဝိသာခါကျောင်းအမကြီး၏ ပုဗ္ဗာရုံကျောင်းမှ ဥပုသ်သည်မများ ဆုတောင်းသည် ယေဘုယျ လူသားတို့၏ ဆန္ဒကို ကိုယ်စားပြုသကဲ့သို့ ရှိပေ၏။

အကြောင်းမှာ ဝိသာခါသည် မိမိနှင့်အတူ ဥပုသ်စောင့်ကြသော အမျိုးသမီးငါးရာထံ သွား၍-

"ဘယ်ရည်ရွယ်ချက်နှင့် ဥပုသ်စောင့်ကြပါသလဲ။ ဘယ်လိုဆုတောင်းကြပါသလဲ"ဟု အဖွားကြီးများမှစပြီး အပျိုမငယ်များအထိ လိုက်၍စနည်းနာ မေးမြန်းကြည့်သည်။ အဖွားကြီးများက-

"နတ်ပြည်ရောက်ချင်လို့"ဟုရင်း၊

အိမ်ရှင်မကြီးများက "လင်ပြိုင်မယားဘဝ မဖြစ်ပါရစေနဲ့" ဟုရင်း၊ အိမ်ထောင်ပြုစ အမျိုးသမီးများက-

"သားယောကျ်ားကလေး မွေးပါစေ"ဟုရင်း၊ အပျိုမငယ်များက "အချိန်ရှိတုန်း လင်ကောင်းရရပါလို၏"ဟုရင်း အသီးသီး ဆုတောင်းကြပုံကို ပြောပြကြလေ၏။

ဝိသာခါက ထိုအကြောင်းစုံကို ဘုရားရှင်အား သွား၍ လျှောက်သဖြင့် အိုဘေး နာဘေးကြီးအကြောင်း ဟောကြား၍ဆုံးမတော်မူဘူး၏။

(ဓမ္မပဒ-၁၊ ၃၇)။

ဇောတိက၊ ကုသ၊ စူဠသုဘဒ္ဒါနှင့် မောင်ပုဏ္ဏတို့ ရှေးကဆုတောင်းမှားခဲ့ကြပုံတွေကိုလည်း ကြားသိဘူးကြပြီး ဖြစ်ပေလိမ့်မည်။ ဆုတောင်းမှားကြ၍ ဘဝပေါင်းများစွာ ဘတပြန် ကျားတပြန် သတ်ကြရ၊ ခံကြရသော ကာဠိယက္ခိနီဝတ္ထု (သမင်မွေးရင်း ကျားစားရင်း) စသည်တို့ဖြင့်လည်း ချွတ်ထွင်သိပါ။ မဟာယာန လောင်းရိပ်မိသဖြင့် ပုဂံခေတ်က ဆုတောင်းများ

40. ဒုတိယအကြိမ်

ဆုတောင်းမဟုတ်ဘဲ ကျိန်စာတွေ (သပထ) ဖြစ်နေသည်ကိုလည်း သင်ခန်းစာယူသင့်ကုန်၏။

လူတို့သည် မိမိတို့ဖြစ်လိုသောဆန္ဒ၊ ဖြစ်ချင်သောစိတ်ကြောင့် ယခုကဲ့သို့ ဖြစ်နေကြရသည်ကို မသုံးသပ်မိကြချေ။ 'သူဖြစ်ချင်သလိုဖြစ်နေသည်' ဟုထင်ကာ အမှုမဲ့ အမှတ်မဲ့ ရေစုန်မျော၍ လိုက်ပါနေကြ၏။ ထိုသူများအား ဆန္ဒဓာတ်ကြီး၏ကိုယ်စား တဏှာဓာတ်ကြီးသည် ဘိစီးအုပ်ချုပ်ကာ မင်းလုပ်ခွင့် ရပေတော့သည်။

## ကောင်းသာတောင်းစမ်းပါ၊ ရပါစေ့မည်

လူသားတို့သည် မိမိတို့၏လက်ရှိဘဝကိုရော၊ (ဖြစ်ခွင့်ကျန်ရှိသေးက)နောက်ဘဝများကိုပါ မိမိစိတ်ကြိုက် ကိုယ်ထူကိုယ်ထ သဘောကျသလို ဖန်တီးရယူနိုင်၏။ မြင့်တက် ကြီးပွားစေနိုင်၏။

လူသည် တန်ခိုးရှင်ကြီးဖြစ်၏။ အသိဉာဏ်ရှိလျှင် မကုန်ခန်းနိုင်သော လိုရာသုံးစွဲလို့ရသည့် စွမ်းအင်သတ္တိအမျိုးမျိုးကို ရရှိပိုင်ဆိုင်ထားသူဖြစ်သည်။

ထိုအဓိက အချက်ကြီးကို မမြင်နိုင်ကြချေ။

လူကိုချုပ်ကိုင်စီမံနေသူမှာ အခြားမဟုတ်ဆန္ဒ(ဝါ)ဆုတောင်းခြင်းပင်တည်း။သို့ရာတွင် ထိုဆန္ဒဓာတ်ကြီးကို(ဝါ)စိတ်ထဲ၌ ပြဲ့ပြဲ့ထင်ထင် ပြတ်ပြတ် သားသားကြီး စွဲမြဲအင်ဟပ်၍နေသော'သေချာပေါက်လျှာထားချက်' ခေါ်ဆုတောင်းမှုကိုအကောင်အထည်ဖော်ရန်မှာဆန္ဒ၏တာဝန်မရှိတော့ပြီ။

သူ့တာဝန်ကား –

၁။ အမှန်တကယ်လည်း ကည်ရှိသော၊ ဖြစ်နိုင်သော၊

၂။ မိမိလည်း စွမ်းဆောင်နိုင်သော ပည်သည့်အရာကိုပဆို လက်ဝယ်ရရှိနေပြီဟုပင် ထင်နေရလောက်အောင်၊သေချာပေါက်ရယူလိုသည်ကို စိတ်ထဲ၌ အဖန်ဖန်အထပ်ထပ် ထုံစွဲ၍ သဲသဲကွဲကွဲကြီး မြင်ယောင်စေပြီးနောက် နှုတ်ကပါ လိုလိုချင်ချင်ကြီး ဖွင့်ဟ တောင်းဆိုနေလျှင် ကိစ္စပြီးတော့သည်။

အကောင်အထည်ဖော်သူ လက်မြောက် သလောက် တန်ခိုးပြပေတော့မည်။

ထိုဆန္ဒဓာတ်ကြီးကို အကောင်အထည်ဖော်ရန် သီးခြား အင်အား များ ရှိနေကြပေသည်။ သူ့တာဝန်သူ လုပ်ကြရသည်မှာ 'ဝမ္မနိယာမ'ပင် တည်း။ ဆန္ဒက တောင်းဆိုသည့်အတိုင်း "ဘောင်းသာတောင်းပါ၊မှချရပါ စေ့မည်"ဟု လုံးဝတာဝန်ယူကြသော အင်အားများကား အခြားမဟုတ်။ သိလှစသော အင်အားများပင်တည်း။

ဆိုပါဦးအံ့။

မြတ်စွာဘုရားသည် နှလုံးသား၏တောင်းဆိုမှု (ဆန္ဒ)နှင့် ကိုယ်ရော စိတ်ပါ တကိုယ်လုံးအပ်နှင်းကာ ရယူလိုမှု (အဘိနီဟာရ) ပြုပြီးနောက် အကောင်အထည်ဖော်ရန် အင်အားများကိုဆက်လက်ရှာဖွေယူရသေးသည်။

"ထိုသို့ရှာသောအခါ ငါသည် ပထမဆုံး ဒါနပါရမီကို တွေ့ရ၏" စသည်ဖြင့် သဗ္ဗညုတဉာဏ်ကြီးကို အကောင်အထည်ဖော်နိုင်သည့်အင်အား ဆယ်ခုကို တွေ့တော်မူသည်။

ကျွန်ုပ်တို့ကား တမင်ရှာဖွေနေဘို့ မလိုတော့ပြီ။

## ဆန္ဒအင်အားကို တိုင်းတာခြင်း

ဤနေရာ၌အကောင်အထည်ဖော် အင်အားများကိုမပြဆိုသေးမီ ဆုတောင်း ခြင်း (ရချင်ရုံသာ တောင့်တ နိုင်သော ဆန္ဒ)၏ အင်အားနှင့် အကောင် အထည်ဖော် အင်အားများ၏ တန်ဘိုးကိုချိန်၍ တွက်ကြည့်ရန်လိုသည်။

တနည်းဆိုရသော် "ဆုတောင်းရုံ ဆုတောင်းနေလို့ ဒီလုပ်မလုပ်ဘဲ ရပါ့မလား"ဟူသော အများအပြောဆို ထင်မြင်နေတတ်သည့် ပြဿနာကို စိစစ်ရန်လို၏။

ထိုပြဿနာကို ဘုရားရှင်ကိုယ်တော်တိုင် ဖြေဆိုတော်မူပြီး ဖြစ်သည်။

အရဟတ္တဖိုလ်(ရဟန္တာအဖြစ်)ကို ဆုတောင်းရုံ တောင်းနေကြ၍မရ နိုင်။ ကြက်မသည် ဥများကို ဥပြီးနောက် "ငါ့သားကလေးတွေ ပေါက်ပါ စေ"ဟု ဆုတောင်းနေရုံနှင့် မပြီး။ ကိုယ်တိုင် အတောင်ပံဖြန့်အုပ်၍ ဝပ်ရ၊ ကိုယ်ငွေ့ပေးရသေးကြောင်း (ခန္ဓ–သံ၊ ဝါသိဇဋ္ဌသုတ်နှင့် အင်္ဂုတ္တရ–၇၊ ဘာဝနာသုတ် စသည်၌) ဟောတော်မူ၏။

မည်သည့် လောကီလောကုတ္တရာ အကျိုးစီးပွားကိုမဆို နှုတ်ကစိတ် က ရချင်လိုချင်ကာမတ္တဖြင့် မရ။ တကယ်လိုချင်သော စိတ်ဖြင့် အဟုတ်လုပ်မှ (ကျင့်မှ)ရနိုင်ကြောင်း (ပဉ္စကနိပါတ်၊ဣဋ္ဌသုတ်၌) ဟောတော်မူသည်။

တဖန်–"အလုပ်ကိုသာ လုပ်၍ ဆုမတောင်းဘဲကော ရပါသလား" ဟုလည်း ပြဿနာ ဆင့်ပွားလာနိုင်ပြန်သည်။ ထိုပြဿနာအတွက် (ဥပရိ ပဏ္ဏာသ–သင်္ခါရုပပတ္တိသုတ်အဖွင့်၌) အဋ္ဌကထာဆရာက ကျမ်းညှိ၍ စိစစ် ဆုံးဖြတ် ပေးထားခဲ့ပြီး ဖြစ်သည်။

"အကြင်ပုဂ္ဂိုလ်အား တရားငါးမျိုး(အင်အားငါးမျိုး) သာရှိ၍ ဆုတောင်းခြင်းမရှိ။ ထိုပုဂ္ဂိုလ်အား အကျိုးရမှု မသေချာ။ ဆုကိုသာ တောင်း၍ တရားငါးမျိုး မရှိလျှင် လည်းမသေချာ။ ငါးမျိုးလည်းရှိ၊ ဆုလည်းတောင်းသူအား သေချာပေါက် အကျိုးဖြစ်၏။ ထို့ကြောင့်ကုသိုလ်ကောင်းမှု တစုံတခုပြုပြီးတိုင်း ဆုမတောင်းဘဲ မနေသင့်"ဟု အတိအလင်း ဖွင့်ဆိုထားပေသည်။

ဆိုလိုသည်မှာ–"မိမိအလိုရှိသော အကျိုးကို အမှန်တကယ် သေချာ ပေါက်ရလိုလျှင် တရားငါးမျိုးလည်းရှိရမည်။ (ဝါ) အလုပ်လည်း လုပ်ရ မည်။ ဆုလည်း တောင်းရမည်"ဟု ဆိုလို၏။ (တရားငါးမျိုး နောက်မှာ ပြမည်။)

ထပ်မံ၍ ကောက်ချက်ချကြည့်ပါလျှင် မည်သည့် အလုပ်ကိစ္စမဆို လိုချင် ရချင်သောဆန္ဒ (ဆုတောင်းခြင်း)ရှိလျှင်ပင် ထိုအလုပ်သည် ရာခိုင် နှုန်းငါးဆယ် ပြီးဆုံး အောင်မြင်နေပြီဟု နားလည်ရသည်။

ရောင်းဝယ်လုပ်ကိုင်၍ ငွေတရာ အမြတ်အစွန်း ရသည်ဟု ဆိုလျှင် ငွေငါးဆယ်သည်(အင်အားကြီးမားသော်လည်းလူမြင်မခံသော)ဆန္ဒဓာတ် ကြီးက ဆွဲငင်ယူဆောင်၍ ပေးသောငွေဖြစ်ကြောင်း သဘောပေါက်သင့် ကြပေသည်။

ယင်းသို့ဆိုသော် ဆုတောင်းခြင်း 'ဆန္ဒ'ကို အဘယ်မှာလျှင် မထေ မဲ့မြင် ပြုသင့်ပါချေမည်နည်း။ လိုချင်စိတ် ရှိရုံမျှဖြင့် တဝက်ရပြီးဖြစ် နေလေပြီ။

ဤ အား ခေတ်မှီစကားဖြင့် ရေးသား ဖော်ပြနေသော်လည်း မြတ်စွာ ဘုရား ထုတ်ဖော် ဟောကြားတော်မူလိုချက်ကို အဋ္ဌကထာ ဆရာကြီးက ထပ်မံ၍ ဖွင့်ပြတော်မူသည့်အတိုင်း အင်အားကို ခန့်မှန်းနိုင်အောင် ရေး သားရခြင်း ဖြစ်ပါသည်။

အိပ်တဆောင် တိုက်တလုံးဆောက်သောအခါ ပုံစံပေးသူနှင့်ဆောက်လုပ်သူ၏ တာဝန်နှင့် အင်အားတန်ဘိုးကို ခွဲခြားသိမြင် သင့်ကြပေသည်။ ပုံစံကောင်းသလောက်သာ လိုက်၍ လုပ်ပေးကြပေလိမ့်မည်။

## ဣဒံ မေ ပုညံ နိဗ္ဗာနဿ

ဆုတောင်းခြင်းအကြောင်းကို ဤမျှ တပင်တပန်း လေ့လာလာ စိစစ်ကြရသည့်အတွက် ကျွန်ုပ်တို့ တစုံတခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ရန် လိုလာ၏။ ပုံစံပမှန် အားနှင့်ပကျလျှင် အကျိုးပေးများ။ အဟ္ဟ သပ္ပာ ပဏိဓိ= နေရာမှန် ပုံမှန် မပြောင်းမလဲ စွဲပြဲ ကြံ့ခိုင်စွာ ရပ်တည်ရန် လိုလာပေသည်။

"ဤကောင်းမှုကြောင့် လျင်မြန်စွာ နိဗ္ဗာန် ရရပါလို၏။
အရှင်ဘုရား"

"အကြင်မျှလောက် ကာလပတ်လုံး နိဗ္ဗာန် မရသေး။
ထိုမျှလောက် ကာလပတ်လုံး လူ့ပြည်နတ်ပြည် ချမ်းသာ
ကြွယ်ဝသော အမျိုး၌ အနာကင်းခြင်း၊ ချမ်းသာကြီးခြင်း၊
မရှိ ဟူသော စကားကို မကြားရ ပါလို၏'

"အကြင်မျှလောက်" စသော စကားများဖြင့် ထပ်၍ ကွန့်တက်လာရာ မိမိလိုချင်သော နိဗ္ဗာန်ကို လျင်မြန်စွာဟု နှုတ်က ဆိုသော်လည်း ကိုယ့်စကားနှင့်ကိုယ် မယုံကြည်ရာ ရောက်၏။

'ယုံကြည်ပါသည်'ဟု ဆိုစေဦး။ချောတိုင်တက်သူကဲ့သို့ အပေါ်ဘက်ရင်း တက်ရင်းက အောက်ပြန်၍ လျှောကျနေ၏၊ နိဗ္ဗာန်ထက် မိမိရှုံ့ပုန်းပါသည်ဆိုသော ၃၁-ဘုံ သံသာရာဝဋ်ဆင်းရဲကြီးဘက်က အလေးသာမှန်းမသိသာသွားလေတော့သည်။ ရှာဆိုနေသောအခါ မိမိ၏ဆန္ဒကို မိမိကိုယ်တိုင် ပင်တိုင်းတာ၍ ရနိုင်ပေသည်။ 'ဆန္ဒပတ္ထနာ'မှ 'ဟာဟုာပတ္တနာ'သို့ ကူးပြောင်းသွားဘတ်၏။

ကြိုတင်တွက်ဆ ပုံစံချရသော ဆုတောင်းမှု'ဆန္ဒ'သည် နှယ်နှယ်ရရအင်အားမဟုတ်ကြောင်း သိခဲ့ကြပြီ။ ကိုယ်လုပ်သလို ဖြစ်မည့်အရေး ကိုယ်တိုင် စစ်ဆေးသင့်ကြ၏။

ပိုက်ဆံအိတ်ကို ပိုက်၍ ဈေးခြင်းတောင်းဆွဲကာ ဈေးထဲ၌ တပဲလည်လည် အချိန်ဆွဲ၍ အိမ်ပြန်ရောက်ပြီး ဟင်း ချက်တော့မည်ရှိခါမှ ဟင်းတခွက် ချက်ရန် အမယ်မစုံ၍ အိမ်ပေါက်စေ့ လိုက်ပြီး ငရုတ် ကြက်သွန်

40. ဒုတိယအကြိမ်

ရှာဖွေရသောအိမ်ရှင်မကဲ့သို့ သံသရာနှင့်ချီ၍ သွားရလုပ်ရမည့်ကိစ္စ၌ကြိုတင် တွက်ဆခြင်း၊ ပုံစံချခြင်းမရှိဘဲ မရေမရာ နမော်နမဲ့ မလုပ်သင့်တော့ပြီ။

အလောင်းတော်ကြီးများ၏ တခုတည်းသောဆုတောင်း တချောင်းတည်းသောဆန္ဒရှိပုံကိုငှင်း၊ ဘုရားရှင်၏ အထပ်ထပ် တိုက်တွန်းတော်မူသည်ကို ထောက်၍ငှင်း–

"ဤယခုဘဝ၌ပင်လျှင်နိဗ္ဗာန်ချမ်းသာကိုရရပါလို၏"ဟုဆုတောင်းသင့်ကြပြီ။

အလွန် အေးငြိမ်း ချမ်းသာသည့် နိဗ္ဗာနဓာတ်ကြီး' အကြောင်းကိုလည်း ဖတ်ရှုနာကြားလေ့လာခြင်းအားဖြင့် လိုချင်စိတ်ပေါက်လာအောင် ဆင်ခြင်သင့်သည်။ယင်းသို့ စဉ်းစားဆင်ခြင်နေသည်ကိုပင် 'ဥပသမာနုဿတိ' ဟု ခေါ်ရသည်။

"ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု။
ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။"

မေ=အကျွန်ုပ်၏။ ဣဒံ ပုညံ=ဤသို့ ယခုပြုလုပ်ရသော ကောင်းမှုကံ စေတနာသည်။ အာသဝက္ခယာဝဟံ=အာသဝေါတရားလေးပါးတို့၏ကုန်ရာ နိဗ္ဗာန်ချမ်းသာမြတ်ကြီးသို့ ရအောင်ရောက်အောင်ပို့ဆောင်နိုင်သည်။ဟောတု=ဖြစ်ပါစေသတည်း။(အာသဝက္ခယံ+ဝဟံ ဟောတု'ဟု မဆိုလင့်။ 'အာသဝက္ခယာဝဟံ'ဟု တဆက်တည်းဆို။)

မေ=အကျွန်ုပ်၏။ ဣဒံ ပုညံ=ဤသို့ ယခုပြုလုပ်ရသော ကောင်းမှုကံ စေတနာသည်။ နိဗ္ဗာနဿ=ဒုက္ခခပ်သိမ်း၊ကင်းငြိမ်းရာမှန်၊ နိဗ္ဗာန်ချမ်းသာမြတ်ကြီး၏။ ပစ္စယော=ရရာရကြောင်း ကောင်းသော အထောက်အပံ့သည်။ ဟောတု–ဖြစ်ပါစေသတည်း။ (အရကျက်ပါ)

လောကဥ္စရှေ့ရှိလျှင်စားဝတ်နေမှုအတွက် အထူးမတောင့်တရတော့သကဲ့သို့ အကောင်းဆုံး နိဗ္ဗာန်ချမ်းသာကို ရနေရအောင် လုပ်နေလျှင် လူနတ်ချမ်းသာ အာဏာစီးပွား စသည်တို့ကို အထူးဆုတောင်းရန်မလို။

"နိဗ္ဗာန်ကိုသာ လိုချင်ပါသည်။ နိဗ္ဗာန်ကိုသာ ယူပရစေ" ဆိုသည့် ကြားက တား၍ မရအောင် လောကီချမ်းသာများ ဇွတ်ဝင်လာတတ်ကုန်၏။ ထိုသဘာဝကိုနားလည်ရန်၊ သဘောကျရန် မြတ်စွာဘုရားရှင်နှင့်တကွ အရိ

ယာ သူတော်ကောင်းကြီးများ၏ ဘဝအခြေအနေတို့က ဖော်ပြလျက် ရှိပေသည်။

ကြည့်တတ်လျှင် မြင်သာလှပါ၏။

## ဆုတောင်းတိုင်း ရအောင် လုပ်နည်း

"နိဗ္ဗာန် ရပါလို၏ အရှင်ဘုရား"ဟု ဆုတောင်းခြင်းမှာ "ရအောင်လုပ်ပါမည်"ဟု ကတိပေး ဝန်ခံခြင်း ဖြစ်သည်ကို အထူး ပြောရန် မရှိ။ ရံခါ ဘုန်းတော်ကြီးထံ၌ ဆုတောင်းလျှင်-

"တောင်းသော ဆုနှင့် တလုံးတဝတည်း ပြည့်စုံကြစေ"စသည်ဖြင့် ရွတ်ဆို၍ ဆုပေးလိုက်သည်ကို ကြားကြရမည်ဖြစ်၏။ ဘုန်းတော်ကြီးက ပေး၍ ရသွားပြီ မမှတ်ရ။

"ဆုတောင်းထားတဲ့အတိုင်း ကိုယ့်ဟာကိုယ် ရအောင် အကောင်အထည်ဖော်ကြ။ ကိုယ်လိုချင်တဲ့ အတိုင်း ကိုယ့်ဟာကိုယ်ရအောင် လုပ်ကြ" ဟု တိုက်တွန်းလိုက်ခြင်းသာ ဖြစ်သည်။ ကူလုပ်ပေး၍ မရ။ သို့ရာတွင် မေတ္တာနှင့်အသိဉာဏ် စသည်ကိုမူ အားဖြည့်ပေးနိုင်လေသည်။

ဤနေရာ၌ မိမိတို့ အလိုရှိသည့်အတိုင်း "ဆုတောင်းသလို၊ ဆုတောင်းသလောက်၊ လိုချင်သလောက် ရနိုင်သည်"ဟူသော ဘုရားရှင်၏ အာမခံချက်နှင့် တောင်းပုံ၊ စိတ်ထားပုံ၊ အကောင်အထည်ပေါ်အောင် လိုက်နာရမည့် အင်အားများအကြောင်း နိကာယ်ပါဠိတော်ကြီးတို့၌ ဟောတော်မူသည်ကို အကျဉ်းချုံး၍ ပြဦးအံ့။ (ဥပရိပဏ္ဏာသ-သင်္ခါရူပပတ္တိသုတ်၌)-

၁။ သဒ္ဓါ (ရတနာသုံးပါးနှင့် မိမိအင်အားကို ယုံကြည်မှု)

၂။ သီလ (ငါးပါးသီလ စသော ကိုယ်ကျင့်တရား)

၃။ သုတ (တရားစာပေ ဗဟုသုတ)

၄။ စာဂ (အရာရာ စွန့်လွှတ်နိုင်မှု)

၅။ ပညာ (ကမ္မဿကတာ ဉာဏ်အမြင် ပြတ်သားမှု)

ထိုအင်အား ငါးမျိုးနှင့် ပြည့်စုံသူသည် "ငါသေသည့် နောက် ကုဋေပေါင်းများစွာချမ်းသာ ကြွယ်ဝသော သူဌေးမျိုး၌ ဖြစ်ရပါလို၏" ဟု ဆုတောင်းလျှင်-ရလို၊ဖြစ်လိုစိတ်ရှိလျှင်-

၁။ ထိုစိတ်ကို တကြိမ်မျှသာ မဖြစ်စေမူ၍ ဆက်လက် ဖြစ်ပွားအောင် ထားရ၏ (ဒဟတိ=ပဒဟတိ)

၂။ မရှေ့မယိုင်၊ အခိုင်အမာစွဲမြဲအောင် အဓိဋ္ဌာန်ထားရ၏(အဓိဋ္ဌာတိ)။
၃။ ကြိမ်ဖန်များစွာ အထပ်ထပ် တိုးပွားလာစေရန် အမြဲကြံစည်စိတ်
ကူးနေရ၏ (ဘာဝိတာ,ဗဟုလီကတာ)။

ယင်းသို့စိတ်ဆောင်ထားလျှင် မိမိအလိုရှိတိုင်း တောင့်တတိုင်း ဘာမဆို လိုရာပြည့်စုံကုန်၏။ ဤသို့အာမခံတော်မူသည်။

ထိုမျှသာမက—ကြိုက်နှစ်သက်ရာ သူဌေးအမျိုးမျိုး၊ နတ်, ဗြဟ္မာ အမျိုးမျိုး ၃၁–ဘုံ၌ မဖြစ်နိုင်တာဟူ၍ မရှိ။နောက်ဆုံး—

"ဤယခု ဘဝ၌ပင် ရဟန္တာ ဖြစ်ရပါလို၏"ဟု ဆုတောင်းလျှင်လည်း ရနိုင်ကြောင်း တခုစီတခုစီ ရှင်းပြ၍ တိုက်ရိုက်ကြီး အာမခံတော်မူထားသည်။

## အရေးအကြီးဆုံးက 'သီလ'

တဖန်–(မူလပဏ္ဏာသ-အာကင်္ခေယျသုတ်နှင့်အင်္ဂုတ္တိုရ်—၁၀၊အာကင်္ခသုတ်တို့၌)–

''ရဟန်းသည် သီတင်းသုံးဘော်တို့၏ ချစ်ခင်လေးမြတ်ခြင်းခံယူလိုလျှင်၊ ပစ္စည်းလေးပါးများပြားလိုလျှင်၊(နောက်ဆုံး)ဤဘဝ၌ပင် သမာပတ်ရှစ်ပါး၊ ဈာန်အဘိညာဉ် တန်ခိုးများနှင့်တကွ မဂ်လေးပါး ဖိုလ်လေးပါးကို ရလိုလျှင် သေးငယ်သော အပြစ်ကလေးမှအစ ရှောင်ကြဉ်ကာ သီလကိုသာ ပြည့်စုံလုံလဲအောင်ဖြည့်၍ ဆုတောင်းကြရန်" တိုက်တွန်းတော်မူ၏။

(သမာဓိ, ပညာသိက္ခာများ ပါသော်လည်း သီလကိုသာ ပဓာနအဖြစ် ဦးတည်ဟောတော်မူသည်။)

## သီလစောင့်မှ အူမတောင့်

လူဒါယကာတို့အဘွက်လည်း ဒါန သီလ သုစရိုက် တရားရှိသူဖြစ်၍၊ အထူးသဖြင့် သီလနှင့် ပြည့်စုံသူဖြစ်၍ ဆုတောင်းပါလျှင် သူဌေးအမျိုးမျိုး၊ ၃၁–ဘုံ ကြိုက်ရာနှင့် အရဟတ္တဖိုလ်ကိုပါ ရနိုင်ကြောင်း။

"ထိုသို့ဖြစ်နိုင်ခြင်းကိုလည်း သီလရှိသူကိုသာ ငါဟော၏။
သီလမရှိသူကို မဟော(မဆိုလို)။ သီလရှိသူသည် စင်ကြယ်
သူဖြစ်၍ စိတ်တောင့်တသည့်အတိုင်း ပြည့်စုံရ၏"

(ဟုအင်္ဂုတ္တိုရ် ဂ-ဒါနူပပတ္တိသုတ်၊မူလပဏ္ဏာသ သာလေယျကသုတ်။ ဒီဃ-သင်္ဂီတိသုတ်တို့၌)ဟောတော်မူသည်။

(သီလအခြေခံပြည့်စုံလျှင် သမာဓိ, ပညာလည်း မုချပြည့်စုံတော့မည်ဖြစ်၍ လူဒါယကာတို့ အလိုက် ဟောခြင်း ဖြစ်၏။)

တဖန်(ခုဒ္ဒကပါဌ-နိဓိကဏ္ဍသုတ်၌)-

၁။ ဒါန၊ ၃။ သံယမ(သမထ)

၂။ သီလ၊ ၄။ ဒမ (ဝိပဿနာ)

ဤလေးမျိုးနှင့် ပြည့်စုံသူသည် စကြဝတေးမင်း စည်းစိမ်မှအစနိဗ္ဗာန်အထိ ဘာမဆိုလိုတိုင်း၊ ဆုတောင်းတိုင်း ရနိုင်ကြောင်း ('ယံယ'ဒေဝါဘိပတ္ထေန္တိ၊ သဗ္ဗမေ တေန လဗ္ဘတိ")ဟောတော်မူသည်။

ပွင့်လင်းလှပေ၏၊ အာမခံချက် ရဲတင်းလှပေ၏။

ဤ၌ အဋ္ဌကထာဆရာကလည်း "ဆုတောင်းဖြစ်အောင် တောင်းရန် အရေးကြီးကြောင်း"ထပ်ဆင့် သတိပေးထားလေသည်။

ထိုဟောတော်မူချက် အားလုံးကို ခြုံလိုက်လျှင် သိက္ခာသုံးပါးသာလျှင်ဖြစ်၏။ ဆုတောင်းသည့်အတိုင်း ပြည့်စုံ ပြီးမြောက်စေရန် အမကောင်းအထည်ဖော်ပေးရမည့်(စောင့်ထိန်းလိုက်နာရမည့်)အင်အားများမှာ ပဓာနအားဖြင့်-

၁။ သဒ္ဓါ=စိတ်ကိုဒုန်းဒုန်းချ ယုံကြည်မှုရှိရခြင်းနှင့်

၂။ သီလ=ငါးပါးသီလ အကြွင်းမဲ့လုံခြုံ ရခြင်းဖြစ်ကြောင်း ကောင်းစွာရှုမြင်အပ်၏။(သဒ္ဓါအရေးပါပုံ ဤ၌မပြောနိုင်သေး။)

သီလပြည့်စုံနေသူ၏ တောင့်တခြင်းသည် (နှုတ်ကပင် မရွတ်ဆိုမတောင့်တစေကာမူ)စိတ်ဖြစ်ရုံနှင့် အလိုလိုပြည့်စုံရရှိလာရမြဲဖြစ်၏။လိုတိုင်းရသော ပဒေသာပင်သို့သွား၍ ဆွတ်ယူရသည်ကမှ လိုနေသော အရာရှိကောင်း ရှိပေလိမ့်ဦးမည်။

သိပ္ပ တန်ခိုးပင်လျှင် ခလုတ်ကို နှိပ်ပေးနေရသေးသည်။သီလတန်ခိုးကား စိတ်ကတ,ရုံနှင့် လိုတာရ၍ကိစ္စပြီးလေသည်။ ထ၍သွားယူရန်၊ ခလုပ်နှိပ်ရန်ပင် မလိုတော့ချေ။ 'သီလစောင့်မှ အူမတောင့်'သည်ကို လက်တွေ့စမ်းကြကုန်။

အင်အားကို လူတိုင်းမသိမြင်၊ ထိုသီလကို သမာဓိ(စိတ်လေ့ကျင့်မှု) နှင့်ပညာ (ထိုးထွင်းသိမြင်မှု) နှစ်ပါးတို့ဖြင့် အဆင့်ဆင့် မွမ်းထုံ ပေးနိုင်ကြပါလျှင်ကား ဆိုဘွယ်ရာမရှိ။ သာ၍ပင် ပြည့်စုံနိုင်ပေသည်။

ဆိုလိုသည်မှာ သမထ, ဝိပဿနာတရား ပွားများ အားထုတ်ဆဲ, အားထုတ်မှု ပြည့်စုံပြီးသော ယောဂီနှင့် အရိယာ အရှင်ကောင်းတို့၏ (သာသနာနှင့်, လောကစပ်သော) ဆုတောင်းခြင်းမှာ ပို၍ပင် မြင့်မြတ်စင်ကြယ်ကွယ်တာမှု ကင်းသော သီလဖြစ်၍ 'လိုတိုင်းရ၊ တ,တိုင်းပြီးစီး' နိုင်ပေသည်။

ထိုသူတော်ကောင်းများက မိမိတို့၏ အင်အားစွမ်းရည်ကို သုံးသပ်ကာ သတ္တဝါတို့ချမ်းသာမှုအတွက် ပရိတ်ရွတ်ခြင်း,သစ္စာပြုခြင်း,ဆုတောင်းခြင်း,မေတ္တာပို့ခြင်း အလုပ်များကို ပြုလုပ်ပေးကြပါလျှင် ကမ္ဘာတခွင်လုံး ချမ်းမြေ့ သာယာ ပေလိမ့်မည်။

သူတော်ကောင်းတိုင်း ကိုယ့်အင်အားကိုယ် သိချင်မှသိကြသည်။

မောရဇာတ်လာ မုဆိုးကြီး ဘဝတုန်းဖြစ်လဲ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးပင် ကိုယ့်အင်အားကိုယ်မမြင်နိုင်၍ ဘုရားလောင်းဥဒေါင်းမင်းက "စွမ်းအင်အသုံးချနည်း"ကို ပြောပြမှ သစ္စာပြုရာ ဇမ္ဗူဒိပ်တကျွန်းလုံးရှိ ညွတ်ကွင်းကျော့နှောင် ထောင်အကျဉ်းကျခံနေရသော သတ္တဝါများအားလုံး လွတ်မြောက်သွားကြရ၏။

လူတိုင်း အင်အားကို မြင်ကြသည်မဟုတ်။

## ဆုတောင်းရကောင်းမှန်း မသိသူ

မြတ်စွာဘုရားရှင်သည် ဆန္ဒဓာတ်ကြီး၏ အင်အားကို အကြွင်းမဲ့ မြင်တော်မူသည့်အတိုင်း ဆုတောင်းတိုင်း ရနိုင်ကြောင်း' ဇာတဒဂ်ဘွဲ့ရ သာဝကများ' ကိုပင် လက်ညှိုးထိုးစံတင်၍ တဖွဖွတိုက်တွန်းတော်မူသော်လည်း"ဆုတောင်းရကောင်းမှန်း၊ လိုချင်ရကောင်းမှန်း၊ အားကျရကောင်းမှန်း မသိသူ" တို့လည်း ရှိနေကြသေး၏။

ထိုအကြောင်းကို (အင်္ဂုတ္တိုရ်-၃၊ အာဃာတသုတ်နှင့် အင်္ဂုတ္တိုရ်-၅၊ ပတ္ထနာ သုတ်တို့၌) အတိအလင်းပင် ပြောင်ဖွင့်၍ သတိပေး ဟောတော်မူရ ပြန်သည်။

လောက၌ "အဘယ်မည်သော တိုင်းနိုင်ငံတို့၌ အဘယ်မင်းသားသည် အဘိသိက်သွန်းခံရကာ မင်းဖြစ်လေသတဲ့"ဟုကြားရသည်ရှိသော် ပဟာမျိုး မဟာနွယ် အရှယ်ရောက်သော ဘုရင့်သားတော်တိုင်း" ငါကား အဘယ် သောအခါမှ မင်းအဖြစ် ရပါလေမည်နည်း"ဟု အားကျ၍နေ၏။

မင်းသားတို့ တတ်အပ်သော ပညာ၊ မိဘနှင့် တိုင်းသူပြည်သားတို့က ပါ လိုလားချစ်ခင်ခြင်း ခံရမှုစသော အရည်အချင်းကောင်းများနှင့် ပြည့် စုံသော မင်းသားကြီးတို့မှာကား "အဘယ့်ကြောင့် ငါလို မင်းသား မင်း မဖြစ်ရဘဲ ရှိပါချေမလဲ"ဟု ကြုံးဝါးကာ မင်းဖြစ်ရန် ပို၍ပင် ထက်သန်ပြင်း ပြစွာ ဆုတောင်းကြကုန်၏။ အားကျကြကုန်၏။

သို့ရာတွင် ဇရပ်ပေါ်၌ အိပ်နေသော ဒွန်းစဏ္ဍာလူနာကား အဘယ် တိုင်းပြည်၌ အဘယ်သူတွေ အဘယ်သို့ အဘိသိက်သွန်းခံရသည်ဟု နိုင်ငံ အဝှန်း ချီးမွမ်းပြောဆိုကြစေ၊ သူ့မှာ မည်သို့မျှမဖြစ်။ အားကျရကောင်း မှန်း မသိ။ တောင့်တရမှုမရှိ။

ထိုဥပမာကဲ့သို့။ "မည်သည့်ကျောင်း၌ မည်သည့်ပုဂ္ဂိုလ် ရဟန္တာ ဖြစ် တော်မူသတဲ့" ဟု တအံ့တသြ ပြောဆိုကြသည် ရှိသော် စက္ကဝတ်မင်းဖွား ဘုရားရှင့် သြရသ သိလဝန္တ ရဟန်းမှာ–

"ငါလဲ ထိုမထေရ်ကဲ့သို့ အဘယ်အခါများကျမှ ရဟန္တာ ဖြစ်ရပါ့ မလဲ၊ ဖြစ်ချင်လိုက်ပါဘိ"ဟု ဆုံယူတောင့်တ အားကျလေ၏။

၁။ ယုံကြည်မှုလဲရှိ(သဒ္ဓါ)၊
၂။ ကျန်းမာရေးလည်း ကောင်း(ပဓာနင်္ဂ)၊
၃။ ရိုးသားဖြောင့်မတ်ခြင်းလည်းရှိ၊ (အသဌော,အမာယာဝီ)၊
၄။ ဝီရိယလည်းထက်သန်၊
၅။ အသိဉာဏ်လည်းပြည့်စုံသော (ပဓာနိယင်္ဂတရား ငါးမျိုးနှင့်ပြည့်စုံ သော)အခြေခံလုံလောက်သည့် ရဟန်းကား"အဘယ့်ကြောင့် ငါလိုပုဂ္ဂိုလ် ရဟန္တာမဖြစ်ဘဲ ရှိရချေမလဲ" ဟု အားတက်သရော ထက်သော ဆန္ဒဖြင့် တောင့်တလေ၏။

('ရဟန္တာဖြစ်ကြောင်း–နိဒ္ဒသဝတ္ထု'ဆယ်ပါးလုံး၌ ဆန္ဒထက်သန်မှု၊ ဆုတောင်းမှု ဦးစီးနေသည်ကိုလည်း သတိပြုရန် ။သင်္ဂါတိသုတ်။)

သီလလည်း ရှိ။ ပရိယတ္တိလည်း ကျွမ်းကျင်၊ ကမ္မဋ္ဌာန်း အလုပ်ခွင်၌ လည်း ဝင်နေသော ယောဂီရဟန်းမှာမူကား–

"ဒီဘဝမှာ ရဟန္တာ မဖြစ်ရင်မနေဘူး"ဟူ၍ပင် စိတ်ကိုဒုန်းဒုန်းချ ဆုံးဖြတ်၍ အပြတ်အသတ် ပြင်းထန်သော ဆန္ဒဖြင့် မရမနေ "ကာယကံ မြောက် ဆုတောင်းခြင်းကြီး"(သာဝကအဘိနီဟာရ)ပြုလေတော့၏။

သို့ရာတွင် ဘုရားသားတော်၊ သမီးတော်ဟု အမည်ခံသော်လည်း သီလ အနှစ်ကင်းမဲ့သူ၊ ကောက်ကျစ်စဉ်းလဲသူ၊ လူယုတ်၊ ရဟန်းယုတ်နှင့် ယုံကြည်မှု အင်အားနည်းသူ၊ ပရိယတ္တိ အသိမှန်နည်းသူ၊ အလုပ်ခွင်နှင့် ကင်းကွာသူတို့ကား "မည်သည့်ကျောင်းက မည်သည့်ပုဂ္ဂိုလ် ရဟန္တာဖြစ် တော်မူသတဲ့" ဟု နိုင်ငံအဝှန်း၊ သာသနာအဝှန်း ချီးမွမ်း ပြောဆိုကြသော် လည်း အားကျရကောင်းမှန်းမသိ၊ လိုချင်ရကောင်းမှန်းလည်းမသိ။ ယုံပင် မယုံနိုင်ရှာကြချေ။

(အတ္တဂုံရ ပါဠိတော်သုံးသုတ်ကို စုစည်းခြုံညှိ၍ ပေါ်လွင်အောင် ရေးလိုက်သည်။ ပါဠိတော်၌ ဘုရားရှင်၏ အာဘော်ကို စေ့စေ့ငုငု ရှုမြင် ကြပါကုန်။)

## ဘုရားမကြိုက်သော လျှို့ဝှက်ဆုတောင်း

လောက၌ လူတို့သည် တဒင်္ဂကြုံတွေ့ရသော မိမိတို့၏ အခက်အခဲ ကလေး များမှ လွတ်မြောက်လိုသောဆန္ဒ ရှိကြသည်။ သို့မဟုတ် ရလို ဖြစ်လိုသော လျှို့ဝှက်ဆန္ဒ ဆုတောင်းများကို တောင်းလေ့ရှိကြ၏။လောက ဝေါဟာရ အားဖြင့်"အဓိဋ္ဌာန်"ဟု မှားယွင်းစွာ နားလည်နေကြ၏။

ဥပမာအားဖြင့်-

ကျွန်ုပ်မည်သို့ ဖြစ်ချင်၊ ရချင်ပါသည်။ ဖြစ်လျှင်၊ရလျှင်
ပည်သို့ပ,သပါမည်။အရှင်ကြီးပ,စပါ။ စာမေးပွဲ အောင်မှာ
ဖြင့် ဤကျောက်ခဲကြီး ပေါ့ပါစေ"

စသည်ဖြင့် အတွင်းကျိတ် လျှို့ဝှက်ပြီး ဆုတောင်း တတ်ကြသည်။ အမျိုးမျိုးသော ထပ်မံ ကတိပြုချက်များကိုပါ၊ ပေးတတ်ကြသေး၏။

ဘုရားပွင့်တော် မူခါနီး ကာလက 'သုဇာတာ' သူဌေး သမီးသည် ညောင်ပင်စောင့်နတ်အား သားဆုပန်ရာ 'ယသ' ဟူသော သတို့သားကို ဖွားမြင်၏။ ဆုတောင်းတိုင်း ပြည့်သဖြင့် မိမိထားခဲ့သော ကတိအရ အနှစ် နှစ်ဆယ်လုံးလုံး အဆိုပါ ညောင်ပင်စောင့် နတ်ကြီးအား ကဆုန်လပြည့် နေ့တိုင်း သွား၍ ပသခဲ့သည်။

ထိုဆုတောင်း, ဆုပန်ခြင်းမျိုးမှာ ရှေးအခါကလည်း ရှိခဲ့ဘူး၏။ ယခုအခါတွင်လည်း ရှိနေကြသည်ပင်။ ကံ,ကံ၏အကျိုးကို ယုံကြည်မှုနည်းသူ၊ အသိဉာဏ် ခေါင်းပါးသူတို့၏ အလေ့အလာဖြစ်၏။ လူသားတို့ ကမ္ဘာ၌ လူသားအသိ မပြည့်စုံမီ နတ်ကိုးကွယ်စဉ်ခေတ်က အမူအကျင့်များဖြစ်သည်။ ထိုလျှို့ဝှက်ဆုတောင်းသည် ရံခါ ကြီးစွာသောအန္တရာယ်ကို ဖြစ်စေတတ်၏။

## ပေါရိသာဒလို မလုပ်နဲ့

ဤနေရာ၌ လူသားစား'ပေါရိသာဒ'အကြောင်းကိုသတိပြုရန်လို၏။

သူသည်တောကြီးအတွင်းညောင်ပင်ကြီးတပင်၏ အခေါင်းပါးပျဉ်းအကြားတွင် ပုန်းအောင်းကာ လူများကို လိုက်လံ သတ်စားနေ၏။ တနေ့သ၌ ခြေထောက်တွင် ရှားငုတ်စူးရာ ခြေဖမိုးပေါက်ထွက်သွား၏။ အစာရှာမထွက်နိုင်။ ခုနစ်ရက်လုံးလုံး ညောင်ပင်ခေါင်းထဲ၌နေရ၏။

ထိုသို့ ဒုက္ခရောက်နေစဉ် ညောင်ပင်စောင့်နတ်အား အားကိုးစိတ်ဝင်လာကာ–

"အရှင်နတ်မင်း၊ ခုနစ်ရက်အတွင်း ကျွန်ုပ်၏အနာ ပျောက်ကင်းအောင်မ,စပါ။ ပျောက်ကင်းလျှင် သင်၏ညောင်ပင်ကို ဇမ္ဗူဒိပ်အတွင်းရှိ တရာ့တပါးသောမင်းတို့၏ လည်ချောင်းသွေးဖြင့် ဆေး၍၊ အူဖြင့်ရစ်ပတ်၍။ အသားဖြင့်ပသ၍ ပူဇော်ပါမည်" ဟု ဆုတောင်းလိုက်သည်။

ခုနစ်ရက်လုံးလုံး အစာမစားရသဖြင့်သွေးသားခန်းခြောက်၍အနာပျောက်သည်ကို ညောင်ပင်စောင့်နတ်က မိမိဆုတောင်းတိုင်း မ,စသည်ဟု ထင်မှတ်သွားတော့သည်။

ထိုအချိန်မှစ၍ တရာ့တပါးသော မင်းများကို တယောက်ပြီး တယောက်ဖမ်းဆီးကာ ညောင်ပင်၌ အသီးသီး ယဇ်ပူဇော်ရန် စောက်ထိုးမိုးမျှော် ချိတ်ဆွဲထား၏။ ပေါရိသာဒသည် မီးဖို၍ အသားကင်ရန် တံစို့များ လုပ်နေသည်ကိုမြင်သော ညောင်ပင်စောင့် နတ်မင်းကြီးမှာ မိမိပါ တာဝန်မကင်းဖြစ်ကာ စိုးရိမ်ပူပန်နေရသည်။

"ခက်တာဘဲ၊ သူ့အနာ ပျောက်ကင်းအောင်လဲ ငါကူညီမ,စခဲ့ရတာမဟုတ်။ ကိုယ့်စိတ်နှင့်ကိုယ် အယူမှားပြီး သတ္တဝါတွေ ဒုက္ခရောက်ကုန်ကြတော့မယ်။ ငါလဲ မကယ်ဆယ်နိုင်ပါကလား" ဟု စဉ်းစား ပူပန်ကာ စာတုမဟာရာဇ် နတ်မင်းကြီး လေးယောက်ထံ၊ နောက် သိကြား

မင်းထံသွား၍ ပေါရိသာဒ အလုပ်ကို ဟန့်တားပေးရန် တောင်းပန်လေသည်။ နတ်ခင်းကြီး လေးယောက်နှင့် သိကြားမင်းလည်း မည်သို့မျှ မတတ်နိုင်ဘဲ ရှိကြလေ၏။

နောက်-ဘုရားအလောင်း 'မဟာသုတသောမ' မင်း တရားဟောပြမှ လွတ်ကင်းချမ်းသာ ရကြသည်။

ဆုတောင်း,ဆုပန် ကတိခံမှားခြင်း၊ အယူမှားခြင်းသည် အဘယ်မျှ ကြောက်လန့်ဘွယ် ကောင်းပါသနည်း။ (အသိတိ-မဟာသုတသောမဇာတ်)

## သားဆုပေးလို့ ရရောလား

တဖန် သားဆုပန်မှုနှင့်စပ်၍လည်း မှားယွင်းသော ဆုတောင်းခြင်းသာ ဖြစ်ပုံကို (စိသတိ-ဟတ္ထိပါလဇာတ်၌) ဘုရားရှင် ဟောကြားတော်မူဘူး၏။

ဗာရာဏသီပြည်၌ မင်းရော ပုရောဟိတ်ကြီးပါ သားသမီးမထွန်းကား၍ အမွေဆက်ခံမည့်သူမရှိသဖြင့် စိုးရိမ်ကြောင့်ကြနေကြခိုက် သားဆုပေးနိုင်သည်ဆိုသော ညောင်ပင်စောင့်နတ်ကြီးနှင့် ပုရောဟိတ်တို့ တွေ့ဆုံပုံမှာ စိတ်ဝင်စားဘွယ် ကောင်းလှ၏။

ပုရောဟိတ်ကြီးသည် ကိစ္စတခုဖြင့် ဇာဘဂရွာသို့သွားပြီး ပြန်လာရာတွင် မြို့အဝင်၌ အလွန်ဆင်းရဲသော သားကိုးယောက်မိခင်အမျိုးသမီးတဦးကို တွေ့၏။ သားအကြီးကလေးပျားမှာ အိုးခွက်အဝတ်အစား ထမ်းသူကထမ်း၏။ မိခင်၏ခါး၌တယောက်၊ ပွေ့ချီလျက်တယောက်၊ နိမ့်,မြင့်,ကြီး,ငယ် အုံသြဘွယ် တွေ့မြင်ရလေ၏။ သို့သော် ကလေးတို့ ဖခင်ကို မတွေ့ရသဖြင့် ပုရောဟိတ်ကြီးက မေးမြန်းကြည့်ရာ-

"အရှင်ပုဏ္ဏားကြီး၊ ကလေးများရဲ့ ဖခင်ကတော့အမြဲရယ်မရှိပါဘူး။ အဲဒီ မြို့အဝင် ညောင်ပင်ကြီးမှာ သွားပြီး ဆုတောင်းတိုင်း ပေးလို့ ရတဲ့ ကလေးချည်းပါဘဲ" ဟု ပြောပြလေ၏။

ပုရောဟိတ်ကြီးသည် ချက်ခြင်းပင်ညောင်ပင်သို့သွား၍ ညောင်ကိုင်းကို ဆွဲလှုပ်ကာ-

"အို-ညောင်ပင်စောင့်နတ်မင်း၊ သင်သည် ကျွန်ုပ်တို့၏'သေ ကာရီ' ဘုရင်ကြီးဟာ နှစ်စဉ်တထောင်ကုန် နတ်ပသတယ်။ သင်မရဘူးလား။ ဘုရင်ကြီးကိုတော့ သားမပေးဘဲ အဘယ့်ကြောင့် သူဆင်းရဲမကို ဘာကျေးဇူးရှိလို့ ပေးရသလဲ။ ဒီကနေ့ကစပြီး ခုနစ်ရက်အတွင်း ဘုရင်ကြီးကို သားဆု

ပေးလျှင်ပေး၊ မပေးလျှင် သင့်ဗိမာန်ကို အားလုံး ရိုက်ချိုးပစ်မယ်'' ဟု ကြိမ်းမောင်းလေ၏၊ ခုနစ်ရက် ပြည့်ခါနီးလျှင်လည်း—

''နက်ဖြန် ခုနစ်ရက်ပြည့်တော့မယ်''ဆိုကာ လာရောက် သတိပေး ကြိမ်းမောင်းပြန်၏။

ညောင်ပင်စောင့်နတ်လည်း မိမိ မစ,ရျရခြင်းမဟုတ်သဖြင့် သားရ အောင် မဖန်တီးနိုင်သဖြင့် စိတ်ညစ်နေရ၏။ ဗိမာန်ကိုလည်း အဖျက်ဆီးခံရ တော့မည်ဖြစ်၍ စိုးရိမ်ဘကြီး နတ်မင်းကြီး လေးယောက်ထံ သွားရောက် အကူအညီတောင်းရရှာ၏။နတ်မင်းကြီးများလည်းမဟုတ်နိုင်ကြ။နောက်နတ် စစ်သူကြီး နှစ်ဆယ့်ရှစ်ယောက်ထံ,သိကြားမင်းထံ သွား၍အကြောင်းကြား အသနားခံရ၏။ သူတို့သည်း ရှင်ဘုရင်ကြီးအား သားသမီးရစေရန်မတတ် နိုင်ကြချေ။

အသိဥာဏ်နည်းသော လူတို့သည် ထင်ရာ မြင်ရာ အတွင်းကျိဘ် ဆုတောင်း၍ အကြောင်း အကျိုး ဟုတ်သည် မဟုတ်သည် မစဉ်းစားဘဲ မှားမှားယွင်းယွင်း ပြင်းပြသောအယူအစွဲများဝင်ကုန်ကြသည်။ထို့ကြောင့် ဘုရားရှင်သည် နေရာများစွာ၌ 'အပြစ်မကင်းသော ဆုတောင်းများ'ကို ဟန့်တားတော် မူခဲ့ရလေသည်။

နတ်ကိုဖြစ်စေ၊ တစုံတယောက်သော လောကီ တန်ခိုးရှင်ကို ဖြစ်စေ တိုင်တည်၍ ဆုတောင်း ဆုပန်ခြင်းသည် မကောင်းတာလှချေ။ သို့သော် ထိုမှားယွင်းသောအယူအစွဲသည် ဘုရားပွင့်တော်မူလာသောအခါ သာသနာ တော်သို့ပင် ရိုက်ခတ်စီးဝင်လာခဲ့သဖြင့် အကြိမ်ကြိမ် ဖယ်ထုတ်တော်မူနေ ခဲ့ရ၏။

သိကြားမင်းကြီး ကိုယ်တိုင် ဆင်းပြီး လိုသောဆုကို ပေးနေခါမှ နွားစားကျက်တခုကိုသာ တောင်းခံသော နွားငှား ကျောင်းသူကဲ့သို့ ထို အယူအဆမှားများဖြင့် ဘုရား,ရဟန္တာ,အရိယာအရှင်မြတ်များနှင့် ဆက်ဆံ ရာ၌လည်း အသုံးပြု မှားတတ်ကြပြန်သည်။

## ဘုရားပေးသောသားကို လိုချင်သူ

မြတ်စွာဘုရားရှင်လက်ထက်တော်က 'ဗေဒမိမင်းသား' ဟူ၍ရှိဘူး၏။ သူသည် ဂျိန်းဘာသာ(နာဋ္ဌပုတ္တဂိုဏ်း)ဝင်တဦးဖြစ်သည်။ ဗုဒ္ဓ ဝါဒသို့ သက်ဝင်လာ သည်မှာ မကြာသေးပေ။ မြတ်စွာဘုရားရှင်ကိုလည်း ကြည်ညိုခါစ ရှိသေး

သည်။ အရာရာကို ကြီးပွားတိုးတက်အောင် မ စနိုင်မည့် ပုဂ္ဂိုလ်ထူးကြီးဟု လည်း ယူဆနေပုံရသည်။

သူတို့ဇနီးမောင်နှံ၌လည်း သဘောတူသော ဆန္ဒတခု ရှိနေကြစဉ် 'ကောကနဒ'ခေါ် ကြာနန်းပြာသာဒ်ကို ဆောက်လုပ်ပြီး၊ နန်းသစ်တက်ပွဲ ဆွမ်းကျွေးရန် ဘုရားအမှူးရှိသော သံဃာတော်များကို ပင့်ဖိတ်ကြ၏။

ကောင်းမွန်စွာ ချက်ပြုတ်စီမံ၍ကြာနန်းပြာသာဒ်ကိုလည်း လှေကားခြေရင်းထိအောင် ဖိတ်ဖိတ်တောက် ဝတ်ဖြူစင်ကြယ်များ ခင်းထား၏။ ဗောဓိမင်းသားသည် ဘုရားရှင်ကို ခရီးဦးကြိုဆို၍လာရာ လှေကားရင်းသို့ ရောက်လျှင် ဘုရားရှင်သည် အဝတ်ဖြူအခင်းကိုမနင်းဘဲ လှေကားခုံ၌ ရပ်တန့်နေတော်မူ၏။

"မြတ်စွာဘုရား တပည့်တော်ကို ချီးမြှောက် သနားသောအားဖြင့် အဝတ်ဖြူအခင်းပေါ် နင်းကြွတော်မူပါ"ဟု လျှောက်၏။

ဘုရားရှင်ကား ရပ်မြဲရပ်နေတော်မူကာ နောက်တော်ကပါလာသည့် ရှင်အာနန္ဒာအား လှည့်၍ ကြည့်တော်မူလိုက်သည်။ ဘုရားရှင်၏အလိုတော်ကိုသိသော ရှင်အာနန္ဒာက မင်းသားအား–

"မင်းသား၊ မြတ်စွာဘုရားသည် နောက်သားနောင်လာတို့၏အကျိုးကို သနားငဲ့ မြော်တော်မူလေ့ရှိသည်။ ဤအခင်းတွေကို ရုပ်သိမ်းလိုက်ပါ" ဟု မိန့်တော်မူ၏။ ရုပ်သိမ်းပြီးမှ တက်ကြွတော်မူသည်။

ဤ၌ ဗောဓိမင်းသားတွင် လျှို့ဝှက်အတွင်းကျိတ် ဆုတောင်းတခုရှိ၍ ယခုကဲ့သို့ တခမ်းတနား လုပ်ထားသည်ကို မြတ်စွာဘုရား သိတော်မူလေသည်။ ထိုဆုတောင်းကား–

"ငါတို့အား သားယောကျ်ားရမည် ဖြစ်ပါလျှင် ဤအခင်းများကို မြတ်စွာဘုရား နင်းကြွတော်မူပါစေ။ မရနိုင်ပါမူ မနင်းကြွပါစေသား"ဟူ၍ ဖြစ်၏။

မြတ်စွာဘုရားရှင်လည်းထိုလျှို့ဝှက်ဆုတောင်းအကြံကို သိတော်မူ၏။ ထိုလျှို့ဝှက်ဆုတောင်း၏ မကောင်းကျိုးများကို မြင်တော်မူ၍ နင်းကြွတော်မမူခဲ့။

## သာသနာအတွက် တာဝန် ပိုပတက်စေရ

'လူ့ ဒ-လိုနတ်ပလိုက်နိုင်' ဆိုသကဲ့သို့ အလို အမျိုးမျိုးနှင့် အတွင်းကျိတ် ဆုတောင်းကြသည်ကို သဗ္ဗညုတဉာဏ်ရှိသော်လည်း ဆင်ခြင်တော်မူမှသာ

သိတော်မူ၏။ 'ပရစိတ္တ ဝိဇာနန'ဉာဏ်လည်း ဆင်ခြင်ကြည့်မှသာသိရသည်။

သာသနာတော်တွင်ဝင်၍မှထွက်ကြောင်း တရားမှန်တရားကောင်းများ ရှိနေစေကာမူ သူတပါး စိတ်အကြံကို သိသူကား အချိန်မရွေး ရှိချင်မှ ရှိနိုင်သည်။

ရဟန္တာပင်ဖြစ်စေကာမူလည်း သိနိုင်သော ဉာဏ်ရှိမှသာ၊ သိသော်လည်း ဆင်ခြင်တော်မူမှသာ သိနိုင်ကြ၏။ သိနိုင်သော်လည်း လူတိုင်း၏အလို ဆန္ဒကို ကြည့်ရှုဆင်ခြင်တော်မူနေကြရလျှင် အရေးကြီးသော သာသနကိစ္စ များ လစ်ဟင်းရန်သာ ရှိသည်။ အကျိုးမများ။

ထိုသို့သော အကြောင်းအမျိုးမျိုးကြောင့် အတွင်းကျိတ်ဆုတောင်း သူများအတွက် အလိုဆန္ဒ မပြည့်စုံကြရသော် "ကိုးကွယ် ပူဇော်သော်လည်း အကျိုးမရှိ။ တန်ခိုးသတ္တိရှိသော ကိုယ်တော်မဟုတ်။ ခေတ်အခါမဟုတ်" စသည်ဖြင့် မိမိဆန္ဒမပြည့်ဝရသဖြင့် ပြစ်မှားကျူးလွန်သော စကားများဆို ကာ အကြံမှား အတွေးမှား၍ မိစ္ဆာဒိဋ္ဌိပင် ဖြစ်သွားစေနိုင်သည်။

"မြတ်စွာဘုရားရှင်သည် နောင်လာနောက်သားတို့ကိုသနား၍ မြော် တော်မူသည်"ဆိုရာ၌ အဓိပ္ပါယ်များ များစွာ ငုတ်ဝင်လျက် ရှိပါ၏။ ပြဆိုပြီး အကြောင်းများကြောင့်သာမဟုတ်။ လိုအပ်သည်ထက် ပိုလွန်လွန်း လှသော ခမ်းနားကြီးကျယ်မှုမှန်သမျှ သာသနာနှင့် စပ်လာလျှင် လိုလား တော်မမူပါချေ။

ခမ်းနားကြီးကျယ်စွာ ပူဇော်လှူဒါန်းကြရာ၌ ရံခါမလွဲသာ၍လှူဒါန်း သူတို့၏ စေတနာသဒ္ဓါတရားကို ငဲ့ညှာချီးမြှောက်တော်မူကြရရာ၌(သာယာ နှစ်သက်စိတ် ရှိတော်မမူကြသော်လည်း) ခမ်းနားကြီးကျယ်လွန်းသောအခါ မသဒ္ဓါသူတို့အား ငရဲပေးသကဲ့သို့ဖြစ်ကြရသည်။

သလ္လေခ(ခေါင်းပါးစွာနေရမှု) တရားကို လက်ကိုင်ထားတော်မူ ကြရသောကြောင့်လည်း အပြင်ဗန်း ဗဟိဒ္ဓအဆောင်အယောင် 'ပကာသန သာသနာရေးကို' ခွင့်ပေးတော်မမူလိုကြ။ အတွင်းသားအနှစ်သာရ 'အဇ္ဈတ္တိက သာသနာအင်အား တိုးတက်မှု'ကိုသာ အားပေးတော်မူလို၏။

အာမိသ(အသုံးအဆောင်) အလှူထက် ဓမ္မတရား ကျင့်ပွား လိုက်နာ ခြင်းအားဖြင့် ပူဇော်သည်ကိုသာ ချီးကျူးတော်မူ၏။ တရားအမွေခံ သူကို သာ အဆက်ဆက် ပေါ်ထွက်စေလိုတော်မူသည်။

လိုအပ်သည်ထက်ပိုလွန်သော ဗဟိဒ္ဓ သာသနာရေးအလုပ် အသုံး အဆောင်များသည် အတွင်းသား အနှစ်သာရကိုပင် ပင်ကိုယ်၌က အနုတ်

လက္ခဏာ ပြတတ်ကုန်၏။ သာသနာတွင် အရေးကြီးသော ပြဿနာလည်း မဟုတ်။

ထို့ကြောင့် မြတ်စွာဘုရားရှင်သည် ဗောဓိမင်းသား ၏နန်းသစ်တက် ဆွမ်းကျွေးပွဲမှ အပြန်တွင်-

"ရဟန်းတို့၊ ဒကာတို့ ခင်းလူသော အဝတ်အခင်းများကို မနင်းရ။ နင်းသောရဟန်း ဒုက္ကဋ အာပတ်သင့်စေ"ဟု ဥပဒေ ပညတ်တော်မူရသည်။ သို့ရာတွင်—

"ကျက်သရေ မင်္ဂလာတိုးပွားစေရန် ရည်ညွှန်း၍ ခင်းလူသည်ကိုမူ နင်းကြကောင်းသည်"ဟု ထပ်ဆင့် 'အနုပညတ်'ဖြင့် ခွင့်ပြုတော်မူခဲ့ရ၏။

(စူဠဝဂ်–ခုဒ္ဒကဝတ္ထုနှင့် မဇ္ဈိမ–ဗောဓိရာဇ ကုမာရသုတ်၊)

မြတ်စွာဘုရားရှင်၏ဆန္ဒတော်ကား မိမိနှင့် မိမိတပည့်သား အဆက် ဆက်တို့အတွက်၊ လူဒကာတို့အား 'တာဝန်ပိုမတက်စေလို' ခြင်းပင်တည်း။

## သာသနာမှာ ဇာမချဲ့နှင့်

ထိုစကားကို အနည်းငယ်ဆက်၍ ဆိုချင်ပါသေးသည်။ လူတို့သည်ငှင်း၊ ရဟန်း တို့သည်ငှင်း၊ ဒေသ, ကာလလိုက်၍ တခေတ်ပြီး တခေတ် သဒ္ဓါလွန်ခြင်း စသည်ကြောင့် မလိုအပ်ဘဲလျက် ချဲ့၍ ချဲ့၍ လာကြသဖြင့် မလိုလားအပ် သော အကျယ်အကျယ် မငြိမ်းဘွယ်များ ဖြစ်လာကြရသည်။

ဘုရားရှင်လက်ထက်တော်က ညနေကျောင်းသွား တရားနာ၊ သဒ္ဓါ ကြည်ညို၍ ဘုရားအမှူးရှိသော သံဃာငါးရာအား နောက်တနေ့ နံနက် အတွက်၊ဆွမ်းကျွေးပင့်၍ လှူလေ့ရှိကြသည်။ မင်းများ, သူဌေးကြီးများ မဟုတ်ကြစေကာမူ သံဃာငါးရာအတွက် ညတွင်းချင်း စီစဉ် ချက်ပြုတ်၍ ဆက်လှူနိုင်ကြသည်။

ယခုအခါကဲ့သို့ မည်သည့်အော်ဒါမျှ ပေးမနေရ။ အချိန်ကုန်လူပန်း အချိန်ယူပြီး စီစဉ်နေကြရသည်မရှိ။ ယင်းသို့ဆွမ်းအလှူကုသိုလ်ကို လွယ်လွယ် ကူကူဖြင့်ပင် ရခဲ့ကြသည်။ ယခုအခါ ဘုန်းကြီး လေးငါးပါးကိုပင် ဆွမ်း ကျွေးရမည့် ကုသိုလ်ကို လွယ်လွယ်ဖြင့်မရ။

မည်သူကမျှ၊ မည်သို့မျှ မတောင်းဆို၊ မစေခိုင်းစေကာမူ အသား ဟင်းက နှစ်မျိုး သုံးမျိုး ပါအုံးမှ၊ ဆွမ်းပွဲပြီးလျှင် သောက်သည် ဖြစ်စေ၊

မသောက်သည်ဖြစ်စေ၊ ကော်ဖီနှင့် မုံ့သုံးလေးမျိုး၊ အချိုပွဲ၊ အဖန်ပွဲစုံ။ အစဉ်အလာကြီးတခု ဖြစ်လာကာ ထိုသို့လုပ်နိုင်မှသာ ဘုန်းကြီးဆွမ်းကျွေးသည် မည်လေတော့၏။ (စေတီရုပ်ပွားများ ထုလုပ်ကိုးကွယ်ကြရာစသည်၌ ပို၍ ချဲ့ကြကုန်သေး၏။)

ထိုဇာခွဲမှုများကြောင့် 'သီလဝိသောဓနီ'တွင် သားသင်ပုန်းကြီးကုန်၍ မင်္ဂလသုတ် တက်ရလျှင် ဆွမ်းပို့ရန် မွေးထားရသော 'မင်္ဂလသုတ်ဝက်'၊ ဘုန်းကြီးများ ပရိဝါသ် မာနတ်ခေါ် ဝိနည်းကျင့်ပွဲကို နယ်နှင့်ချီ၍ စုပေါင်း အဗ္ဘာန်ထွက်ပွဲ လုပ်တတ်ကြသဖြင့် ထိုပွဲကို ကျွေးရန် 'အဗ္ဘာန်ဝက်'၊ ထို့နောက် 'ကထိန်ဝက်'များပင်ရှိခဲ့သည်ဟု ဖတ်ရှုရလေသည်။

အရာရာ၌ မြတ်စွာဘုရားရှင်၏ 'အလိုတော် ဆန္ဒ'ကို အတွင်းကျကျ သိမြင်အောင် လေ့လာ၍ လိုက်နာကျင့်ကြံကြကုန်ရာ၏။ အသုံးအဆောင် အသစ်အသစ် တိုးတက်နေသော သိပ္ပံခေတ်တွင် 'အပိုပရိက္ခရာများ' တိုးမလာရအောင် သတိပြုကြရာ၏။ မဟာယာန သမိုင်းကိုလည်း မမေ့သင့်။

## နတ်ပြည်မှာပင် ဇွဲနှင့်ဆန္ဒရှိပါမှ

ကျမ်းဂန်တို့၌ တဏှာလောဘဖြင့် လိုချင်မှုကို 'အာသာ'ဟုလည်း ခေါ်၏။ လုပ်ငန်းကိစ္စရပ် တခုခုတွင် မည်သို့မျှ စဉ်းစားကြံဆ၍ မရလောက်အောင် မြော်လင့်ချက် လမ်းပိတ်နေပြီ ထင်ရသော်လည်း မိမိက ဆန္ဒ မလျှော့သေးသမျှ (ပန်း မပေးသေးသမျှ) အောင်မြင်မှု အခွင့်အလမ်းသည် ရှိနေသေးသည်ပင် ဖြစ်၏။ တနည်းနည်းဖြင့် ရှိနေရ၏။

အောင်မြင်မှုအခွင့်အလမ်းများ မည်မျှ လမ်းပွင့်နေစေကာမူလည်း မိမိကမြော်လင့်ချက်ဆန္ဒကို လျှော့ချလိုက်သည်နှင့် တပြိုင်နက် ပွင့်နေသော လမ်းများပင် ပိတ်ဆို့သွားကြကုန်၏။

မည်သည့်အရာမဆို ကိုယ်က လက်မြှောက် အရှုံးမပေးသမျှ ပတ်ဝန်းကျင်က 'ရှုံးသွားပြီ' ဟု မည်မျှပြောဆိုကြစေကာမူ နိုင်တုန်းပင်တည်း။

အာသာဆန္ဒ ပြင်းပြစွာ ထားရှိရမှုနှင့် ဇွဲလုံ့လ ဝီရိယကို လုပ်မှစားရသော 'ကံ့ဉာဏ်ဝီရိယဘုံ'ခေါ် လူ့ပြည်ကို မဆိုထားလင့်၊ ကံဘုံဖြစ်သော နတ်ပြည်မှာပင် လိုအပ်လှ၏။

သိကြားမင်းစံရာ တာဝတိံသာနှင့် အသုရာတို့ အကြိတ်အနယ် စစ်ထိုးကြခိုက် သိကြားမင်းက သူ၏သားတော် 'သုဝီရ' အား စစ်မြေပြင် ဆင်းရန် တိုက်တွန်းသော်လည်း သုံးကြိမ်တိုင်တိုင် ပျင်းရိမေ့လျော့နေ၍—

"ငါ့သားသုဝီရ၊ အလုပ်မလုပ်ဘဲ ချမ်းသာရတဲ့ နေရာရှိလျှင် မင်း သွားချေပါ။ နောက်ပြီး ငါ့ကိုလဲ လာခေါ်လှည့်ပါ" ဟု ဆုံးမရဘူး၏။

(သဂါထာ-သံ၊ သက္က-သုဝီရသုတ်။)

ဆန္ဒအင်အား ကြိုးမားပုံ၊ ဝီရိယအင်အား ကြိုးမားပုံနှင့် စပ်၍ (ထိုထို ဇာတ် ပါဠိတော်တို့၌)—

"အာသီသေထေဝ ပုရိသော၊န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော=

အာသာဆန္ဒ ပြင်းပြင်းပျပျ ထားပါ။ မပျင်းမရိ ဇွဲရှိရှိ လုပ်ပါ" ဟူသော ဆုံးမစကားကို နေရာများစွာ၌ တွေ့ရ မည်ဖြစ်၏။

## တဏှာဆန္ဒ ကြီးမားပုံ

အာသာဆန္ဒ,ဝီရိယကြီးမားရပုံနှင့်စပ်၍(ဆက္ကအာသင်္ကဇာတ်)'အာသင်္ကာ' မည်သော အမျိုးသမီးကလေး၏ စကားများမှာ အလွန် မှတ်သားဘွယ် ကောင်း၏။

ရှေးအခါက ဟိမဝန္တာအရပ်၌ ရသေ့ကြီးတပါး၏ ကျောင်းသင်္ခမ်း အနီး ကြာအိုင်ကြီးတခုမှ ကြာသန္ဓေရှင်အမျိုးသမီးတဦးရှိ၏။'အာသင်္ကာ' ဟု ခေါ်သည်။ သိကြားမင်းက ရသေ့ကြီးထံလာရင်း ရသေ့ကြီးက သမီး အဖြစ် မွေးထားသော အာသင်္ကာအတွက် တပင်တိုင်ဖလ်နန်းနှင့် နတ်ဝတ် တန်ဆာ အစားအစာများကို ဖန်ဆင်းပေးထားသည်။

ထိုသတင်းကို မုဆိုးထံမှသတင်းရသဖြင့် ဗာရာဏသီမင်းက စစ်တပ် ဖြင့် သွား၍တောင်းရာ ရသေ့ကြီးက"သူ့နာမည်ဖေါ်နိုင်လျှင်ခေါ်သွား" ဆို၍ နာမည်ဖော်ပြီး ရသေ့ကြီးအား လျှောက်၏။ တနှစ်တိတိ အမှန် မဖော်နိုင်၍ မရ၊ စစ်သည် ဗိုလ်ပါလည်း ရိက္ခာမြတ်၊ ဥတုဒဏ် မခံနိုင်၊ ဆင်းရဲနေကြ၏။ သေသူ သေကုန်ကြသည်။

ထို့ကြောင့် ဘုရင်ကြီးစိတ်ပျက်ပြီး ပြန်မည်အပြု ဖလ်နန်းရှင်တပင် တိုင်အလှမယ် အာသင်္ကာက ဖလ်နန်းပြတင်းမှ ကိုယ်ရောင်ပြကာ ဘုရင် ကြီးကို လှမ်း၍ပြောပြလိုက်၏။

"အရှင်မင်းကြီး တာဝတိံသာနတ်ပြည် စိတ္တလတာဥယျာဉ်ကြီးထဲမှာ 'အာသာဝတီ'ဆိုတဲ့ နွယ်ပင်ရှိပါတယ်။ ထိုနွယ်ပင်ရဲ့အသီးထဲမှာအလွန်မြိန်မြတ်တဲ့ နတ်အဖျော်ရည်ရှိပါတယ်။ တကြိမ်သောက်ထားလျှင် လေးလလုံးလုံးမူးပြီး အိပ်ရာထဲမှာ လှဲနေရတယ်။ ဒါပေမယ့် အနှစ်တထောင်တထောင်ကြာမှ တကြိမ်သာ သီးလေ့ရှိတယ်။

"မူးယစ်သောက်စားလေ့ရှိတဲ့နတ်သားတွေဟာ အစားအသောက်ကိုပင် သတိမရတော့ဘဲ ယခုပင် စားသောက်ရတော့မလို အနှစ်တထောင်လုံးလုံး တရက်မှ အပြတ်မခံ၊ နေ့စဉ်ခဏခဏသွားသွားပြီးကြည့်ကြပါတယ်။ မင်းကြီးဟာ တနှစ်လောက်နဲ့ မိမိရဲ့ဆန္ဒကို အဘယ့်ကြောင့် စွန့်လွှတ်ချင်ရပါသလဲ"

## ဆန္ဒနှင့်တူးသော တောင်ပေါ်မြစ်

ထိုအခါ ဘုရင်ကြီးသည် စိတ်လည်ကာ တနှစ်ပြန်နေပြီး နာမည်ပဟေဠိကို ဖော်ပြန်၏။ မရ။ ဖော်မရ၍ ပြန်မည်လုပ်စဉ် အလှမယ်က ယခင်အတိုင်း ဘပင်တိုင်နန်းကို တံခါးဖွင့်ပြီး ဆန္ဒမလျော့ရန် ပြောပြန်သည်။

"အရှင်မင်းကြီး၊ လောကမှာ မိမိဆန္ဒအတိုင်း မပြည့်စုံတဲ့သူရယ်လို့ မရှိပါ။ ရှေးက တောင်ထိပ်တခုမှာ ဗျိုင်းတကောင်ရှိပါတယ်။ တောင်ထိပ်ပေါ်က ဆင်းဆင်းပြီး ကြာအိုင်တခုမှာ အစာရှာရလို့၊ တနေ့တော့ 'ငါဟာ ဒီတောင်ပေါ်တင်ဘဲ အစာရေစာရလျှင် ကောင်းလေစွ'လို့ ဆန္ဒဖြစ်တယ်။ အဲဒီအချိန်မှာဘဲ သိကြားမင်းဟာ အသူရာနတ်တွေကို စစ်အောင်ပြီးစ 'ငါ့မှာအလိုဆန္ဒပြည့်ဝသလို အလိုဆန္ဒမပြည့်ဝတဲ့သူများ ရှိသေးသလား'လို ကြည့်တဲ့အခါ အဲဒီတောင်ပေါ်က ဗျိုင်းကိုမြင်ရသတဲ့။

"သိကြားမင်းကလဲသူ့ဆန္ဒကိုသိလို့ တောင်အောက်မနီးမဝေးမှာရှိတဲ့ မြစ်ကြီးကို တောင်ထိပ်ပေါ်အရောက် စီးသွားအောင် ဖန်ဆင်းပေးလိုက်တယ်။သင်မင်းကြီးဟာအဘယ့်ကြောင့် မိမိဆန္ဒကို လွယ်လွယ်နှင့်လက်လျှော့ချင်ရပါသလဲ"

ဗာရာဏသီမင်းကြီးလည်း အာသက်၁ကို လိုချင်သောဆန္ဒကြောင့် သုံးနှစ်တိုင်တိုင် ဒုက္ခကြီးစွာခံ၍နေပြီး ပဟေဠိနာမည် ဖော်နိုင်သဖြင့် တပင်တိုင် အလှမယ်ကိုရလေ၏။

42. ဒုတိယအကြိမ်

ဤကားဘုရားဟောသော အာသက်ာဇာတ်အကျဉ်းချုပ်ဖြစ်သည်။

လူသားတို့သည် ကာမဂုဏ်နှင့်စပ်လာလျှင် မည်မျှ ဆန္ဒဓာတ်ကြီးမားသည်ကို သတိပြုသင့်၏။ ဇွဲရှိ သည်းခံနိုင်ပုံများကိုလည်း မြင်သာလှပေသည်။ လူ့စိတ်၏ ပမာဏကို တိုင်းထွာပြနေခြင်းဖြစ်၏။ ထိုကာမဂုဏ်ဘက်၌ လဲကျစီးဆင်းနေသော စိတ်ဆန္ဒများကို လူမှုရေး၊ နိုင်ငံရေးနှင့်လောကုတ္တရာဘက်သို့ ဦးလှည့်ပေးကြပါလျှင် ဤကမ္ဘာကြီးသည် အဘယ်မျှ ကြီးပွားချမ်းမြေ့ ပါလေမည်နည်း။

'မဖြစ်နိုင်'ဟု ယူဆရသော ကိစ္စများပင် ပြီးမြောက်၍ 'တောင်ထိပ်ကြာပေါက်၊ အနောက်နေထွက်'လိုလျှင်လည်း ပေါက်စေ၊ ထွက်စေရသည်မှာ ဆန္ဒဓာတ်ကြီးပင်တည်း။

ကမ္ဘာဦးသမိုင်းကို ကြည့်ပါလျှင် ကမ္ဘာဦးလူတို့သည် ကိုယ်မှထွက်သော အရောင်ဖြင့် နေလာခဲ့ကြ၏။ နောက် အစာအာဟာရနှင့် စိတ်များကြမ်းတမ်းလာကြ၍ ကိုယ်ရောင်ပျောက်သောအခါ ပထမနေမင်းထွက်လာ၏။ ညအခါတွင် မှောင်မြဲ မှောင်နေ၍ ကမ္ဘာသူ ကမ္ဘာသား အားလုံးတို့က အလင်းရောင်ရရန် ဆန္ဒပြင်းပြကြသဖြင့် စန္ဒခေါ်သော လမင်းကြီးထွက်ပေါ်လာပေးရသည်ဟု (ဆန္ဒမှ စန္ဒဖြစ်လာပုံကို) အဋ္ဌကထာ ဆရာတို့က ဖွင့်ပြကြကုန်၏။ (ပါထိယ အဂ္ဂညသုတ်။)

လိုတိုင်းရ၊တတိုင်းပြီးသော ဆန္ဒဓာတ်ကြီး၏ အင်အားကို ပိဋကကျမ်းစာများမှ ဉာဏ်အလှမ်းမှီသမျှ ထုတ်ဖော် ညွှန်ပြခြင်း ဖြစ်ပါသည်။ ရှေးဘုန်းက ကြီးမားသူ၊သီလ သိက္ခာ သမာဓိ ရှိသူတို့၏ အလိုဆန္ဒကို သက်ရှိသက်မဲ့မရွေး လိုက်ပါကြရမြဲ ဖြစ်ပေသည်။ ထိုမျှကြီးမားသည့် ဆန္ဒ စသော တန်ခိုးကို လူသာမန်တို့ သဘောပေါက်ရန် ခဲယဉ်းလှပေ၏။ထို့ထက် တန်ခိုးထွက်ပေါ်လာအောင် လိုချင်သောဆန္ဒမှာ အခဲယဉ်းဆုံး ဖြစ်သည်။

## အနောက်တိုင်း ပညာရှင်တို့အမြင်

ဤနေရာ၌ အနောက်တိုင်း စိတ်ပညာရှင်, ရုပ်ပညာရှင်တို့၏ အမြင်ကို ဖော်ပြလိုသေး၏။

'နပိုလီယံဟီးလ်' ဆိုသူသည် သန်းကြွယ် သူဌေးပေါင်း ငါးရာအကြောင်းကို နှစ်ပေါင်းနှစ်ဆယ်တိုင်တိုင်လေ့လာပြီး 'ကြီးပွားရေးကျမ်း'

ကို ရေးသည်။ သူကိုယ်တိုင်လည်း ထိုနည်းနာများအတိုင်း လိုက်နာ၍ သန်းကြွယ်သူဌေးတဦး ဖြစ်လာ၏။

ထိုသူဌေးများ အားလုံးလိုလို ကံကောင်းလွန်းလို့၊ ဉာဏ်ကောင်းလွန်းလို့၊ဇွဲကောင်းလွန်းလို့ သူဌေးဖြစ်လာကြရသည်ဟု ထင်လျှင် မှားပေလိမ့်မည်။

သန်းကြွယ် သူဌေးကြီးများ အားလုံးလိုလိုပင် 'သူဌေးဖြစ်ချင်ကြသောကြောင့်' ဖြစ်လာကြရသည်ကို တွေ့ရ၏။

"လူသည် ဘာမဆို ဖြစ်ချင်တာ ဖြစ်ရသည်"ဟု သူတို့ နားလည်နေကြသည်။လက်တွေ့ဖြစ်နေကြပြီ။ အရာရာတွင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်ကြ၏။ 'ဖြစ်မှ ဖြစ်ပါ့မလား'စိတ် အလျဉ်းမရှိ။

သန်းကြွယ်သူဌေးကြီးတဦးဖြစ်သူ 'ဟင်နရီဖို့ဒ်'သည် ပညာ အရည်အချင်း မူလတန်းသာသာမျှသာ ရှိ၏။ ဆင်းရဲသားဘဝမှ သူဌေးဖြစ်လာသူဖြစ်သည်။ကားထုတ်လုပ်မှုဖြင့် ကျော်ကြားလာသော တနေ့တွင် ဆလင်ဒါရှစ်လုံးတပ် ကားကြီးမျိုးကို တီထွင်ရန် ဆန္ဒပြင်းပြနေ၏။ မုချဖြစ်ရမည် မြှော်လင့်ထားသည်။ သူ၏ အင်ဂျင်နီယာများကို ပြောပြရာ မဖြစ်နိုင်ဟု တညီတညွတ်တည်း ပြောဆိုကြရာ–

"ကြိုးစားလုပ်ကြည့်ကြစမ်းပါ၊ ခြောက်လ အချိန်ပေးပါ့မယ်" ဟု တိုက်တွန်းပြီး စောင့်ကြည့်ရာ သူလိုချင်သောကား ပေါ်မလာချေ။

"ကျွန်တော် ဒါဘဲ လိုချင်တယ်။ကြိုးစားရင် ဖြစ်နိုင်ပါတယ်"နောက်ထပ်ခြောက်လ အချိန်ပေးပြန်၏။ မရချေ။ နောက်မကြာမီပင် သူ့စိတ်ထဲတွင် အကောင်အထည်ပေါ်အောင် မြင်နေရသော ဆလင်ဒါရှစ်လုံးတပ် (ဖို့ဒ်ဗွီအိတ်)ကားကြီး ထွက်ပေါ်လာလေတော့သည်။

"ကျွန်တော်က ကားကို ပိုက်ဆံရပြီးရော သဘောထားပြီး ထုတ်လုပ်တာ မဟုတ်ဘူးဗျာ့။ ကျွန်တော့် ကုမ္ပဏီက ကားစီးသူတွေ အားလုံးဟာ သူများထက် နဲနဲဖြစ်တော့ ဈေးသက်သာရစေ့မယ်။ ခိုင်ခံ့ရမယ်။ အဖက်ဖက်က စိတ်ချမ်းသာမှု ရှိစေရမယ်"

'ဖို့ဒ်'ပြောနေကြ စကားဖြစ်၏။

သူ့စကားက အဘယ့်ကြောင့် သူအောင်မြင်နေသည်ကို ဖော်ပြနေ၏။ ဆင်းရဲသားဘဝမှ သန်းကြွယ်သူဌေးဖြစ်နိုင်သော ဆန္ဒနှင့် လူများစု၏ အကျိုးစီးပွား ချမ်းသာရေးအတွက် ထားရှိသော မေတ္တာကို တွေ့နိုင်သည်။

ဤစိတ်ထားများက ဖို့ဒ်အား 'ကမ္ဘာ့ကားဘုရင်'နေရာသို့ ပို့ပေးလိုက်ကြသည်မှာ အံ့ဩဘွယ်ရာ မရှိချေ။

ယခုတိုင် 'ဖို့ဒ်ဖောင်ဒေးရှင်း'ခေါ် (သူသေသော်လည်း) သူ့အလှူမကွာပ်တွင် အလှူမစဲသေး။

နောက်တယောက်ကား 'အင်ဒရူးကာနက်ဂျီ'။

သူသည် လေးနှစ်မျှသာ ကျောင်းစာသင်ဘူး၏။တနာရီဆယ်ပြားခန့်သာရသော အလုပ်သမားဘဝမှ သန်းကြွယ်သူဌေး ဖြစ်လာရသူဖြစ်သည်။

သန်းသုံးရာကျော် လူမှုရေးဒါနများကို စွန့်ကြဲ လှူဒါန်းခဲ့သူဖြစ်၏။ 'အသက်ရှင်လျက် သူဌေးဖြစ်ရခြင်းကို ကျက်သရေမဲ့သည်'ဟု ယူဆကာ 'အများ အကျိုးရှိစေရန် မည်သည့်ကိစ္စအတွက် ဒေါ်လာမည်မျှ မည်သို့သုံးစွဲသင့်သည်'ဟု အကြံပေးနိုင်လျှင် ထိုသူနှင့် ထိုသူတင်ပြသော လုပ်ငန်းအတွက် ဒေါ်လာကို သွန်၍လှူ၏။သတင်းစာများတွင် အကြံဉာဏ်တောင်းခံသော ကြော်ငြာများထည့်၍ လှူရဲသူ ဖြစ်သည်။

သူသည် ပိုက်ဆံ ရှိလျှင် ချမ်းသာသည်ဟု ယူဆ၏။ မိမိချမ်းသာသကဲ့သို့ လူတိုင်းအား ချမ်းသာစေလို၍ မိမိစွမ်းသည့်ဘက်က လူသားတို့အကျိုးစီးပွားကို လုပ်နေခြင်းဖြစ်သည်။ မိမိလိုချင်သည်မှာ ငွေ။ သူများကိုရစေချင်သည်မှာလည်း ငွေ။

ကာနက်ဂျီသည် လူသားတို့အား ချမ်းသာ ပေးရာ၌ ထို့ထက် ထိရောက်သော ကိစ္စကို မြင်လျှင် ထိုကိစ္စကို မလွဲမသွေ လုပ်ဆောင်အောင်မြင်မည့်သူ ဖြစ်၏။သို့သော် သူသည် လူကိုမြင့်တင်ရာ၌ ငွေကိုသာ လက်နက်အဖြစ် ခံယူပုံရသည်။ ထို့ကြောင့်လည်း ''သူဌေးဖြစ်နည်း ကျမ်းပြုစုလိုသူများရှိက ကျွန်ုပ်နှင့် လာရောက်ဆွေးနွေးပါ''ဟု ကြော်ငြာခေါ်၍ ရောက်လာသော လျှောက်လွှာများတွင် တခုကိုသာ ရွေးချယ်လိုက်၏။ ထိုသူကား ပြဆိုခဲ့သော 'နပိုလီယံဟီးလ်'ပင်တည်း။

ဆိုလိုသည်မှာကာနက်ဂျီသည် မိမိကြွယ်ဝချမ်းသာသကဲ့သို့အလားတူသန်းကြွယ်သူဌေးပေါင်းများစွာကိုလည်း မွေးထုတ်ပေးလိုက်သူဖြစ်ကြောင်းပင်တည်း။

## ယုံစရာမရှိသော လက်တွေ့

သူတို့အသုံးပြုသောနည်းမှာယေဘုယျသဘောကိုကြည့်၍''သူဌေးဖြစ်နည်း'' ဟု ဆိုရစေကာမူ 'စာပေပညာရှင်ဖြစ်နည်း' 'ဘုရင်ဖြစ်နည်း' အခြားမည်

သည့် အရာကိုမဆို ဖြစ်စေနိုင်သောနည်းဟု ဆိုနိုင်၏။ ဖြစ်လည်းဖြစ်ခဲ့ကြပြီ။

ထိုသူများ ဗုဒ္ဓဝါဒကိုသာတွေ့မြင်သွားခဲ့ကြပါမူ တလုံးတပါဒကြား ရရုံမျှဖြင့် 'နိဗ္ဗာန်ရောက်နည်း' ကိုပင် ထုတ်ဖော်မည့်သူများ ဖြစ်ကြောင်း ယုံမှားဘွယ်မရှိ။

သန်းကြွယ်သူဌေးကြီးများ သူဌေးဖြစ်ခဲ့ကြသည့်နည်းမှာ ယုံဘွယ်မရှိအောင် လွယ်ကူလွန်းလှ၏။

လောက၌ အခက်အခဲဆုံး ပြဿနာ၏ အဖြေသည် အလွယ်ကူဆုံးဖြစ်တတ်၏။

မျက်လှည့်ပြ, ဆေးကြိမ်လုံးရိုက်သကဲ့သို့ အလွန်ကြီးမားသော အံ့ဘွယ် သူရဲ့ဖြစ်ရပ်ကြီးများ၏ အညွှာသည် သေးသေးကလေးပင် ရှိနေတတ်သည်။

တလနီးပါး ဗိုက်သားပြင်၌ ဆေး ၁၈–လုံးထိုးမှ ပျောက်ရသည့်ခွေးရူးကိုက်ရောဂါ၌ စတိလုပ်၍ အောင်မြင်နေသော ဂါထာသည် ယုံစရာမရှိ။

တနေ့ကုန်လုပ်မှ တနပ်စာရသူထက် တနေ့ဝင်ငွေ တသိန်းရသူ၏ နည်းက ပို၍ လွယ်ကူတတ်သည်။

ထိုအံ့သြလောက်သည့် လက်တွေ့နည်းနာများသည် လောက၌ အမှန်တကယ်ရှိနေ၏။ တွေ့သူတိုင်း အသုံးပြုနေကြ၏၊ နည်းလည်း ပေးခဲ့ကြ၏။ သို့သော် လူတိုင်း မအောင်မြင်ကြချေ။

နည်းက လွယ်လွန်းအားကြီးသဖြင့် တွေ့သော်လည်း မယုံနိုင်ကြသောကြောင့် ဖြစ်သည်။

ထိုတွင် နိဗ္ဗာန်သည် အလှမ်းအဝေးဆုံးချမ်းသာကြီးဟု ထင်ကြရ၏။ ရောက်ရှိအောင်မြင်ရန် အခက်အခဲဆုံး ဖြစ်သည်။ နည်းတကာ့နည်းတို့တွင် အခက်အခဲဆုံးဟု ထင်ရသောအရာကို ရယူပေးသည့်နည်းသည် အလွယ်ကူးဆုံးဖြစ်သည်ကို လူတိုင်းမျက်စိလျှံနေတတ်ကြ၏။ ထို့ကြောင့် တနေ့ကုန်လုပ်မှတနပ်စာမျှသာ အနိုင်နိုင်ရသောအလုပ်၌ လူအများဝိုင်းအုံ လုလုပ်နေကြသည်။ ရံခါ အထက်လူ ရှိခိုး၊ အောက်လူ ကုတ်ချီး၊ တန်းတူလူ ခြေထိုးကာ တနပ်စာကိုပင် နည်းမျိုးစုံဖြင့် ရှာဖွေနေကြရရှာ၏။

အမေရိကန် သန်းကြွယ်သူဌေးကြီးများ လက်တွေ့အောင်မြင်၍ စိတ်၏စွမ်းအင်ကို လေ့လာသော ပညာရှင်တိုင်း၏ တူညီသော၊ တခုတည်းသော သူဌေးဖြစ်နည်းကား အခြားမဟုတ်။ သူဌေးဖြစ်ချင်သော ဆန္ဒပင်တည်း။

လူသည် ကိုယ့်စိတ်ကူးလျှာထားသည်ကို 'စိတ်ကူးယဉ်သည့်လေထဲ တိုက်အိမ်ဆောက်သည်'ဟု ထင်ကာ ကိုယ့်စိတ်ကိုယ်မယုံ။ အခြေအနေအရ ပြောနေရ၊ လုပ်နေရသော်လည်း ကိုယ့်အပြောနှင့် ကိုယ့်အလုပ်ကို မယုံ။ သွားသလောက်ရောက်သည်ကို မယုံ၊ ကြုံသလို သွားနေရသကဲ့သို့ ထင်နေကြ၏။ သွားနေရင်းက 'ဖြစ်မှဖြစ်ပါ့မလား'ဟုကြောင့်ကြနေကြသည်။

အရာရာ၌ အောင်မြင်နေကြသူများ၏ဆန္ဒသည် ထိုတိမ်သလာများမှ ကင်းဝေးနေသည်ကို သတိပြုရမည်။

## စိတ်ကူးယဉ် အဖြစ်မှန်များ

'အင်ဒရူးကာနက်ဂျီ'စသော သန်းကြွယ်သူဌေးကြီးများ လက်တွေ့အောင်မြင်သည့် ဆန္ဒ အသုံးပြုနည်းမှာ—

မိမိ အမှန်တကယ်ဖြစ်လိုသော၊ အမှန်တကယ်လည်း ယုံစားသော ငွေအရေအတွက်၊ အချိန်၊ မည်သို့သုံးစွဲမည်၊ မည်သို့ရအောင် လုပ်မည်ဟု တိတိကျကျ စာရေး၍ အိပ်ရာဝင် အိပ်ရာထ တနေ့နှစ်ကြိမ် လက်ဝယ်ရနေပြီဟု ထင်မှတ်လျက် နေ့စဉ် ဘုရားရှိခိုးစာကဲ့သို့ ရွတ်ပေးရမည်။

သူဌေးဖြစ်နည်းပြီး၏။

သို့ရာတွင် ယုံနိုင်သူကား ရှားပေလိမ့်မည်။လက်တွေ့ အောင်မြင်နေကြသည်မှာတော့ ယုံမှားစရာမရှိပေ။ဘယ်မျှအထိ ဆန္ဒဓာတ်၏ တန်ခိုးကို ယုံကြည်ကြောင်း အနည်းငယ်ပြောပြချင်ပါသေး၏။(သိပြီးသူများသည်းခံ၍ ဖတ်ပါ။)

ဥပမာ–အမျိုးသမီးတဦးသည် မှန်လုံကားလှလှတစီးကိုလိုချင်နေ၏။ လိုချင်သည်မှာ ပည်ကာမတ္တမဟုတ်။မရလျှင် သေရမလောက် လိုချင်နေ၏။ ထိုကားပုံကို အိပ်နံရံ၌ ဘွဲချိတ်၍'ဂိုဒေါင်၌ ထိုးထားသောမိမိကားကလေး' ဟုပင် ထင်ယောင်ကာနေ၏၊ မကြာမီထိုအမျိုးသမီးသည် ယောကျ်ားတဦးနှင့် အိမ်ထောင်ကျသွားသည်။ ထိုယောကျ်ားစီးသော ကားကလေးမှာ ယခင်က မိမိမျက်စိထဲတွင် မရပမနေစီးချင်စိတ် ပြင်းပြနေသောကားကလေး ဖြစ်နေတော့၏။

နောက်တခု-

သူငယ်တယောက်သည် အင်္ဂလန်နိုင်ငံရှိ တိုက်ကြီးတလုံး၏ အောက်ထပ်ဒေါင့်ခန်းကျဉ်းကလေး၌ သတင်းစာ အရောင်းဆိုင်ဖွင့်၏။ ထိုအတွင်း ကြီးပွားရေး စာအုပ်တအုပ်ငှား၍ ညအခါ ဖယောင်းတိုင်မီးထွန်းပြီးဖတ်နေ၏။ မိမိအခန်းမှာ ဆောင်းရာသီတွင် ခြေမချရဲအောင် အေးစက် နေသဖြင့် စာအုပ်ဖတ်ရင်းပင် ကော်ဇောတချပ်လောက် လိုချင်စိတ် ပေါက်လာ၏။ စာဖတ်ရင်း စိတ်ကူးယဉ်ကာ သူ၏ အခန်းကျဉ်းကလေးအပြည့် ကော်ဇော တချပ်ခင်းထားသည်ဟု အာရုံခံပြီးကြည့်နေမိ၏။ စိတ်ကူး ကော်ဇောသည် အပွင့်နှင့်အနားနှင့် ပြတ်ပြတ်သားသားကြီး မြင်ယောင်ကာခြေကိုချလိုက်လျှင် ထိုစိတ်ကူးကော်ဇောပေါ်ချမိ၍ 'နွေးကနဲပြစ်သွားသည်' ဟုပင် စိတ်ထဲက ခံစားနေမိ၏။ သို့သော်သူ့မှာ ကော်ဇောဝယ်ရန်ကို မဆိုထားဘိ သူများငှားသောစာအုပ်ကိုဖတ်ရန် ဖရောင်းတိုင်တတိုင်ဝယ်ဘို့ပင်အနိုင်နိုင်။

တနေ့ထက်တနေ့ ငွေမရှိစေကာမူ လိုချင်နေသောစိတ်က ဖျောက်၍ မရ။ ပို၍ ပို၍ စွဲမြဲထင်မြင်နေမိ၏။ စိတ်ကူးကော်ဇောကလေး တချပ်သည် မျက်စိထဲက မထွက်တော့ချေ။ မကြာမီ(ဗမာလိုဆိုလျှင် ကံအားလျော်စွာ) တချိန်က မိမိက အကူညီပေးခဲ့ဘူးသော အိမ်နီးချင်း အမျိုးသမီးကြီး တဦးက ကော်ဇောတချပ် လက်ဆောင်ပေးလာ၏။

ထိုကော်ဇောကား မိမိနေ့တိုင်း ကြည့်နေမြင်နေကျ စိတ်ကူးထဲက ကော်ဇောအတိုင်းပင်တည်း။

## အကျေမြူကိုရှာပေးသော ဆန္ဒ

ယင်းသို့လျှင် ဆန္ဒဓာတ်၏ သဘောကို အဇနာက်တိုင်းသားတို့ နားလည်နေကြကုန်၏။ ယနေ့လူများစု အသုံးပြုသော ဆန္ဒအင်အားမှာဆယ်ရာခိုင်နှုန်းသာရှိသေးသည်ဟု တွက်ချက်၍ ရကြသည်။ ယင်းသို့ဆိုသော် ယနေ့ အောင်မြင်နေသူများ အားလုံးသည် မတော်တဆ အောင်မြင် နေသူများ သာတည်း။

ထိုမှတပါး သိပ္ပံပညာရှင်ကြီးများ၏ ဆန္ဒနှင့်ဖွဲ့သည် ပို၍အံ့ဘွယ်ရှိပေ၏။ သူတို့သည် နိဗ္ဗာန်ရောက်ကြောင်း တရားများကဲ့သို့ သိုက်ညွှန်း ကျမ်းစာရရှိထားသူများမဟုတ်။ 'လုပ်လျှင်ဖြစ်နိုင်ဘွယ်ရာရှိသည်' ဟူသော အားကိုးမျှသာရှိကြသည်။

ထိုဇွဲဆန္ဒဖြင့် ကြိုးစားရှာဖွေကြရာ တချိန်က လူသားတို့ ထိတ်ရှိ ကြောက်လန့်၍ ကိုးကွယ်ပသခဲ့ရသော လျှပ်စီးမိုးကြိုးများကို လျှောင်အိမ် ( ပါဝါစတေးရှင်း ) ထဲထည့်၍ လျှပ်စစ်မီးချောင်းမီးသီးအဖြစ် အသုံးပြုနိုင်ခဲ့ကြ၏၊

လူသုံးချသိပ္ပံပစ္စည်း အမျိုးပေါင်းတထောင်ကျော်ကို တီထွင်ပေးခဲ့သူ၊တနေ့လျှင် ၆-နာရီမျှသာအိပ်၍ အလုပ်လုပ်သွားသူ 'အက်ဒီဆင်' သည် လျှပ်စစ်ဓာတ်အားမှ လျှပ်စစ်မီးခွက်လုပ်ပြီး မီးထွန်းရန် ကြံစည်ခဲ့သည်။ ထိုအကြံအစည် (ဆန္ဒ)မှာ တကြိမ်နှင့် အောင်မြင်ခဲ့သည်မဟုတ်။ နှစ်ကြိမ်သုံးကြိမ်မျှနှင့်လည်း အောင်မြင်ခဲ့သည် မဟုတ်ချေ။ "မဖြစ်လျှင်ငါမနေဘူး" ဟူသော 'ဆန္ဒာဓိပတိ' စိတ်ဖြင့် အကြိမ်ပေါင်း တသောင်းတိတိဖျက်လိုက်ပြင်လိုက် လုပ်ခဲ့ရသည်ဆို၏။

အဏုမြူကို ရှာဖွေပေးခဲ့သူ 'အိုင်းစတိုင်း' သည် အဏုမြူကို ရရှိထုတ်ဖော်ပေးလိုသော ဆန္ဒမှတပါး အခြားဖြစ်ချင်တာဟူ၍ မရှိ။ ကလေးစီးသော လှည်းကိုတွန်းရင်း၊ကလေးထိန်းလမ်းလျှောက်ရင်းလဲ သင်္ချာ တွက်နေ၏။ အဏုမြူကို နှစ်ပေါင်း အကြိမ်ပေါင်း မည်မျှရှာရမည်ကို ခန့်မှန်းကြည့်သင့်သည်။

ပြင်ပ၏ ဆွဲအားကိုရှာကြံသူ 'နယူးတန်' သည် သူလိုချင်သောဆွဲအားကိုနေ့တိုင်းမျက်စိထဲ မြင်ယောင်နေအောင် ဆန္ဒပြုထားသည်။ သိုက်ညွှန်းကျမ်းစာမရှိဘဲ ရှာဖွေရလာသော သဘာဝ ရုပ်စွမ်းအားများကို တွေ့ရှိကာ လူသားတို့အား အလှူဆင်ပေးနိုင်ခဲ့ကြသည်။

ထိုထိုရုပ်အင်အားများကို ဆွဲထုတ်ပေးသူမှာ နာမ်အင်အားများသာ ဖြစ်၍ ထိုတွင် ဆန္ဒသည် ခေါင်းဆောင်ကြီး ဖြစ်ပေ၏။

"မအိပ်မစား တသက်လုံးလုပ်သမျှမှ လိုချင်တာက တခုထဲ။ ရလာလျှင် ကမ္ဘာ့သူ ကမ္ဘာ့သားတို့အတွက်" ဟူသော (ဆန္ဒနှင့် စေတနာမေတ္တာ) အင်အားနှစ်ခုကို ရှေ့တန်းတင်၍ ယုံကြည်မှု, သည်းခံမှု, ဇွဲရှိမှုတို့ဖြင့် ဘဝကို အလျှော်အစားလုပ်ခဲ့ကြသဖြင့် ယနေ့ လကမ္ဘာသို့ပင် သွားနိုင်ကြ၏။

မြေကြီးမှအပ်လုပ်နိုင်သောနေ့သည် လေယဉ်ပျံဒုံးပျံလုပ်နိုင်သော နေ့နှင့်ကပ်နေ၏။

'တန္တယ်ငင်တစင်ပါ' ဟူသကဲ့သို့ အင်အားတစုံတခုကိုတွေ့ရလျှင်ကျန်အင်အားမှန်သမျှ တပြုံကြီးတွေ့ရတတ်မြဲဖြစ်၏။ အညှာချင်းဆက်၍ နေပေသည်။

'ယုံကြည်မှုဟူသော အင်အားတခုကို ရတားလျှင် ဝီရိယ, သတိ, သမာဓိ, ပညာအင်အားများ တခုစီရှာမနေရ၊ လုပ်မနေရဘဲ ဟည့်ာထဲတွဲ၍ ပါလာရမြဲဖြစ်သည်။ ယုံကြည်လျှင် ဇွဲကောင်း၏။ မတူးကြိုးစားနေရသည်ပဲ မဟုတ်။ ထိုနာမ်အင်အား ငါးမျိုးကို 'ဗိုလ်ငါးဦး' ဟု ခေါ်၏။တဦးလုပ်လျှင် ကျန်ဗိုလ်များ ကူညီမြဲဖြစ်သည်။ ဗိုလ်ငါးဦးတိုက်သော စစ်ပွဲသည် အရှုံး ဟူ၍ မရှိ တိုက်ပွဲတရာ အောင်ပွဲတရာ။

## သူဌေးဖြစ်စေနိုင်သော ဘာဝနာသင်္ခါရ

အဆိုပါ သန်းကြွယ် သူဌေးကြီးများနှင့် အနောက်ဟိုင်း စိတ်ပိုင်းဆိုင်ရာ ပါရဂူများ တွေ့သောနည်းမှာ အထက်ပါ လောကီသဒ္ဓါဆန္ဒနှင့် ဝီရိယမျှ လောက်သာရှိကြ၏။ မြတ်စွာဘုရားဟောတော်မူသည့် (ပြဆိုပြီး) 'ဆုတောင်း ပြည့်အင်အားများ' ကိုတစိတ်တဒေသ ကျင့်သုံးလိုက်နာမိလျက် သား ဖြစ်နေ ကြစေကာမူ လောကီသဒ္ဓါနှင့် ဆန္ဒမှတပါး အခြားအင်အား ကောင်းများကို သဲသဲကွဲကွဲမမြင်ခဲ့ကြချေ။ ထိုအင်အားများက ထို့ထက် ကွန်းပို့နိုင်သေး သည်ကိုလည်း သာ၍မမြင်ခဲ့ကြ။

မည်သို့ဖြစ်စေ၊ သူတို့သည် ထိုတွေ့သမျှ အင်အားမျှလောက်ဖြင့် သူဌေးကြီးများဖြစ်ခဲ့ကြ၏။ ပညာရှင်ကြီးများ၊ ဘုရင်ကြီးများဖြစ်ခဲ့ကြ၏။

လောကီရေ့,လောကုတ္တရာပါ အမြင့်ဆုံးသောနေရာအထိ ရောက်စေ နိုင်သော အင်အားများကို လက်ဝယ်ပိုက်ထားသည့် ဗုဒ္ဓဘာသာဝင်တို့ကား သူဌေးဖြစ်ဘို့ နေနေသာသာ လူရေးလူရာပင် မပြောင်။ မျောက်အုန်းသီးရ သကဲ့သို့ ရှိကြရလေ၏။ ကိုးကွယ်သူကြောင့် ကိုးကွယ်ရာ ဝါဒပင် ဂုဏ်ငယ်ရ လေသည်။

"ရှေးက ဒါနမျိုးစေ့နဲ့လို့။ ပါရမီမရှိဘူး။ ဝဋ်ရှိခံချဲ့ပေါ့။ ဥစ္စာကံ စောင့်တဲ့။ သင်္ခါရဘဲ၊ အနိစ္စတရား" စသည်ဖြင့် တကယ်မဂ်စခန်းဖိုလ်စခန်း တွင် ဝင်ရောက်ကာ ဝိပဿနာမတင်၊ လက္ခဏာရေးသုံးပါး မဆင်ခြင်ဘဲ စား, ဝတ်, နေ, လူမှုကိစ္စများတွင် ဝိပဿနာ တင်နေကြ၏။ ကိုယ်ဖြစ်ချင် သလို ဖြစ်နိုင်သည်ကို သူဖြစ်ချင်သလို ဖြစ်နေသည်ထင်ကာ ဒရွတ်တိုက်၍ လိုက်ပါနေကြ၏။

'က'' ဆိုသည်မှာ ကိုယ်,နှုတ်,စိတ် သုံးမျိုးဖြင့် လုပ်ယူရသည်ကိုရင်း၊
'သင်္ခါရ'=ပြုပြင်စီမံဖန်တီး၍ ယူရသည်ကိုရင်း။
'အနိစ္စ'=အမြဲမရှိလို့ကို မိမိလိုသလို ပြုပြင် ဖန်တီးစီမံ ပိုင်ဆိုင်ခွင့်ရနေသည်ကိုရင်း သဘောမပေါက်ကြ။

သင်္ခါရနှင့်အနိစ္စကို လောကီ,လောကုတ္တရာ ကြီးပွားရေး လက်နက်များအဖြစ် အသုံးမချနိုင်ဘဲ အင်မတန် သုတိသာသည့် ဝေါဟာရများကို သေခြင်းတရားနှင့် တွဲစပ်ကာ 'အမင်္ဂလာ' စကားများဟု ထင်မှားနေကြသည်။

ပြဆိုခဲ့သည့် ''သူဌေးအမျိုးမျိုးနှင့် ၃၁–ဘုံရောက်လိုရာ၊ ရဟန္တာအဖြစ် အထိ'' ရောက်စေနိုင်သည်ဟု ဟောကြားသော 'သင်္ခါရူပပတ္တိသုတ်'၏ အမည်ကိုယ်ကပင်-

''သင်္ခါရ=ပြုပြင်ပြောင်းလဲခြင်း၊ စီမံဖန်တီးခြင်းပြုလုပ်၍+ဥပပတ္တိ=ဖြစ်လိုရာ ရောက်လိုရာ ဖြစ်နိုင်,ရောက်နိုင်သည်''ဟု ဟောတော်မူလိုပေသည်။ ထိုသုတ်၌-

'သင်္ခါရ=ကို ဝိဟာရ=ပို၍ ထူးခြားတိုးတက်ကာ ဖြစ်ပွားလာစေနိုင်သော တရားနည်းလမ်းကောင်းများ''(သဒ္ဓါ,သီလ-စသည် ငါးပါး) ဟုပင် ထပ်ဆင့် အဓိပ္ပါယ်ဖော်တော်မူလေသည်။ အားရဘွယ် ကောင်းလေစွ။

ဆိုလိုသည်မှာ 'သင်္ခါရပစ္စယာ ဝိညာဏံ''ဟူသော ပဋိစ္စသမုပ္ပါဒ်ပင်တည်း။ သံသရာဝဋ္ဋ် ပဋိစ္စစက် ဖြစ်ပျက်ယန္တရားကြီးကိုပင် ချိုးဖျက်ထွက်လွှဲနိုင်သော နည်းများသည် ဖြစ်ပျက်ယန္တရားကြီး အတွင်း၌လည်းအကောင်းဆုံး အမြင့်မားဆုံး ဖြစ်မှုပျက်မှုများကို ကြိုက်သလို ဖန်တီးရယူနိုင်သည်ဟု တဖက်က ပြည့်နေ၏။

## ကြိုက်ရာရွေး 'ဆုတောင်းပြည့်'လမ်းနှစ်သွယ်

ပြုပြင်ပြောင်းလဲခြင်းဖြင့် လိုသလို စိတ်ကြိုက်ဖန်တီးရယူနိုင်သော 'သင်္ခါရ' ကို အယူအဆလွဲရာမှ-

''အို–အခုလုပ်နေလဲ တော်ကြာပျက်အုံးမှာဘဲ'ဟုဆက်၍ လွဲကုန်ကြ၏။ ဗုဒ္ဓဘာသာ သက်ဝင်ယုံကြည်သော လူမျိုးနှင့်တိုင်းပြည်တို့သည် ကမ္ဘာ

ပေါ်တွင် အောက်တန်း နောက်တန်းကျကာ ထိုသူများကြောင့် ဘာသာတရားကိုပင် အထင်အမြင် လွဲလာကြ၏။

"ဗုဒ္ဓဘာသာတရားဟာ သေဘို့နဲ့ ပျက်ဘို့ဘဲ ဖွေးရှုနေတာပါ။ ကံ ယုံလို့မဟန်ရင် ကံကိုဘဲပုံချပြီး လူပျင်းများ ယိုးမယ်ဖွဲ့ဆင်ခြေကန်ကောင်းတဲ့ ဝါဒပါ"ဟု ကိုးကွယ်သူများကြောင့် နာမည်ပျက်ရန်သာ ရှိပေ၏။ 'ဖိလိုဆိုဖီဆရာ'တို့ကလည်း ဗုဒ္ဓဝါဒကို အမျိုးမျိုးသရုပ်ခွဲကာ နာမည်အမျိုးမျိုး တပ်ပေးနေကြ၏။

မြတ်စွာဘုရားရှင်၏ တရားနည်းလမ်းများသည် လွယ်ကူပေါ့ပါး၍ လောကီရေးရာမှာပင် အနောက်တိုင်း ရုပ်ပညာ၊ စိတ်ပညာတို့ထက် မည်မျှ ရှေ့က ပြေးနေသည်ကို သိသာပေါ်လွင်လှပါ၏။ နိဗ္ဗာန်ရဘို့မျှသာ မဟုတ်ပါချေ။

ပြဆိုပြီး အာသဏ်ာဇာတ်တွင် ဗာရာဏသိဘုရင်ကြီးသည်အာသဏ်ာ အလှမယ်ကို လိုချင်သောဆန္ဒ (တဏှာဆန္ဒ)ကြောင့် စစ်တပ်၊ ဆင်၊ မြင်းများ တောကြီးမျက်မဲထဲ၌ ရိက္ခာပြတ်၍ တော်သူတော်၊ နာသူနာ၊ သေသူသေကြ၏။ ဘုရင်ကား သူ့ဆန္ဒကို မလျှော့သဖြင့် အခြားခံနိုင်ရည် အင်အားများကိုပါ ရရှိလျက် သူလိုချင်သော အလှမယ်ကို သုံးနှစ်အကြာတွင် ရလာခဲ့၏။

အာသဏ်ာ၏ မွေးစားရသေ့ကြီးကား ဈာန်အဘိညာဉ် သမာပတ်တန်ခိုးများကို လိုချင်သောဆန္ဒ(ဓမ္မဆန္ဒ)ကြောင့် ဒုက္ခအမျိုးမျိုးခံနိုင်ရည်ရှိကာ မြေလျှိုးမိုးပျံနိုင်သော တန်ခိုးများ ရနေခဲ့၏။ ယခုအခါ နိဗ္ဗာန်ကိုပင် ရတော်မူနေကြ၏။

ဆိုလိုသည်မှာ လူသားသည် အမှန်တကယ် လိုချင်ပြင်းပြ ထက်သန်လှသော ဆန္ဒရှိလျှင် (တဏှာဆန္ဒဖြစ်စေ, ဓမ္မသန္ဒဖြစ်စေ) လောကီရော, လောကုတ္တရာပါ ဘာမဆို လိုသလို၊ လိုသလောက်၊ အကန့်အသတ်မရှိရနိုင်,ဖြစ်နိုင်ကြောင်း လက်တွေ့နည်းလမ်းကောင်းများနှင့် တကွ ပွင့်ပွင့်လင်းလင်းကြီး ဟောပြထားသည်မှာ အဘယ်မျှ အားကျဘွယ်ကောင်းလိုက်ပါတိသနည်း။

'နတ္ထိ ဆန္ဒဿ ဟာနိ'–အတုမဲ့ဆုတောင်းပြည့်တော်မူသော ဘုရားရှင်၏ အဆုံးအမများကို လိုက်နာလျက် ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီး၏

ရွှေတော်မှောက်တွင် ပန်လျှောက် မြွက်ကြားခွင့် ရသော ကျွန်ုပ်တို့၏ ဆုတောင်းဆန္ဒများကို အဘယ်အရာသည် တားဆီးပိတ်ပင် နိုင်ပါချေမည်နည်း။

## သီလပြည့်စုံသူမှာ

ရဟန်းသည် သီတင်းသုံးဖော်တို့၏ ချစ်ခင်လေးမြတ်ခြင်း ခံယူလိုလျှင် ပစ္စည်းလေးပါး များပြားလိုလျှင်၊ နောက်ဆုံး ဈာနဝင်ပင် သမာပတ်ရှစ်ပါး၊ ရှာန်,အဘိညာဉ်တန်ခိုးများနှင့်တကွ မဂ်လေးပါး,ဖိုလ်လေးပါးကိုရလိုလျှင် သေးငယ်သောအပြစ်ကလေးမှအစ ရှောင်ကြဉ်ကာ သီလကိုသာ ပြည့်စုံ လုံလဲအောင် ဖြည့်၍ ဆုတောင်းကြရာသည်၊

[မူလပဏ္ဏာသ အာကင်္ခေယျသုတ်]

တစုံတယောက်သောသူသည် မိဘ ဆရာ၊ ရာထူး၊ ဂုဏ်ထူး လုပ်ဖော်ကိုင်ဘက်တို့၏ ချစ်ခင်လေးစားခြင်းကို ခံယူလိုလျှင်၊ ပစ္စည်းဥစ္စာ ရကူး ဂုဏ်သိရ်ကို ရယူလိုလျှင် ထို့အတူ လိုက်နာရာ၏။



အခန်း [၅]

# မေတ္တာနှင့် သစ္စာ [ဗြဟ္မဝိဟာရ]

## မေတ္တာစေတ်အား ပွားများအောင် နှလုံးသွင်းခြင်း

ဘုရားဝတ်တက်(ဂုဏ်တော်ပွား)ခြင်း၊မေတ္တာပို့ပွားခြင်း၊ အမျှဝေခြင်းတို့သည် ဗုဒ္ဓဘာသာဝင်တိုင်း နေ့စဉ်ပြုလုပ်ရသည့် အလုပ်ဖြစ်သည်။ မလုပ်ဘဲ မနေရ။ ထို့ကြောင့် ထိုအခြေခံလုပ်ငန်းများကို ခြေမြေမြစ်မြစ်ရှိ၍ တိတိကျကျ လုပ်တတ်ရန် အလွန်အရေးကြီးလှ၏။

မေတ္တာပွားပို့ခြင်းအကြောင်းကိုတကျမ်းတဖွဲ့ရေးမှသာအကြောင်းအကျိုးပြည့်စုံနိုင်၏။ သို့ရာတွင် ပွားပို့တတ်ရန်မှာမူ တကြောင်းထဲရေးပြရုံနှင့် လုံလောက်သည်။

"အလုံးစုံသော သတ္တဝါအပေါင်းတို့ ချမ်းသာကြပါစေ"

ဤမျှသာဖြစ်၏။ သို့သော် နှလုံးသားအတွင်းက နှစ်နှစ်ခြိုက်ခြိုက်ကြီး ကျေနပ်ရန်မှာ ခဲယဉ်းလှသည်။ ထိုသို့ မရှိပါလျှင်လည်း မေတ္တာပွားပို့ခြင်း အဓိပ္ပါယ် မပြည့်စုံနိုင်ချေ။

'မေတ္တာ'ကို 'ချစ်ခြင်း'ဟု သာမန်ကာလျှံကာ ပြောဆိုနေကြသော်လည်း သားမယား၊ ညီအကို၊ မောင်နှမ၊ မိသားစု ချစ်ခြင်း (ဂေဟဿိတပေမ) တဏှာ၊လောဘ ချစ်ခြင်းမျိုးမဟုတ်။ ဘေးရန်ကင်းကွာ-ချမ်းသာတိုးပွားစေလိုသော ဖြူစင်မြင့်မြတ်သည့် ကိုယ်ချင်းစာ စိတ်ထားကြီး ဖြစ်သည်။

ထို့ကြောင့် မိမိကိုယ်ကို ပထမဆုံး သက်သေထား၍ ပွားပို့ကြရသည်။

## ကိုယ်ချင်းစာ အရိုးခံစိတ်ထားနည်း

(ငါသည်ဘေးရန်တွေ့ကြုံရသည်ကို မလိုလားပါ။ ဘေးရန်မတွေ့ပါရစေနှင့်။ ထို့အတူ-)

၁။ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု=

သတ္တဝါအားလုံး ဘေးရန်ကင်းဝေးကြပါစေ။

(ငါသည် ကြောင့်ကြပူပန်ခြင်း၊ ကြောက်ရွံ့ ထိတ်လန့်ခြင်း၊ စိတ်ဆိုး စိတ်ပျက်ခြင်းစသော စိတ်ဆင်းရဲခြင်း မှန်သမျှ အလိုမရှိပါ။ စိတ်မဆင်းရဲပါရစေနှင့်။ ထို့အတူ-)

၂။ အဗျာပဇ္ဇာ ဟောန္တု=

စိတ်ဆင်းရဲခြင်း ကင်းဝေးကြပါစေ။

(ငါသည် ခန္ဓာကိုယ် နာကျင် ခံခက်ခြင်း=ကိုယ်၏ဆင်းရဲမှန်သမျှ အလိုမရှိပါ။ ကိုယ်မဆင်းရဲ ပါရစေနှင့်။ ထို့အတူ-)

၃။ အနီဃာ ဟောန္တု=

ကိုယ်ဆင်းရဲခြင်း ကင်းဝေးကြပါစေ။

(ငါသည် နေ့စဉ်နှင့်အမျှ စားဝတ်နေမှု ပြုစုစောင့်ရှောက် ရသော ဤခန္ဓာဝန်ကြီးကို ပင်ပင်ပန်းပန်း ရှာဖွေစားသောက်ရခြင်း၊ ခက်ခက်ခဲခဲ ဆင်းရဲကြီးစွာ စောင့်ရှောက်နေရသည်ကို မလိုလားပါ။ လွယ်လွယ်ကူကူ သက်သောင့် သက်သာ ဖြစ်ရလိုပါ၏။ ထို့အတူ-)

၄။ သုခီ အတ္တာနံ ပရိဟရန္တု=

ချမ်းသာ လွယ်ကူစွာ ခန္ဓာဝန်ကို ဆောင်နိုင်ကြပါစေ။

ဤကား ကျမ်းဂန်လာအတိုင်း၊ အရိုးခံအတိုင်း ကိုယ်ချင်းစာ စိတ်ထား လေးမျိုးဖြင့် ပွားပို့ပုံဖြစ်၏။

"သတ္တဝါအားလုံးတို့သည်ဘေးရန်ကင်းကွာ၍ အတိုင်းထက်အလွန် ချမ်းသာဝပြောကြပါစေ"

ဟု ပို့လျှင် တချက်တည်းဖြင့် ငုံမိပြုံမိလေသည်။ "ချမ်းသာကြပါစေ"ဟု နှလုံးသွင်းလျှင်လည်း လုံလောက်ပါ၏။ မိမိကိုကဲ့သို့၊ မိမိ၏ တဦးတည်းသော သားကိုကဲ့သို့ စိတ်ထဲက နှစ်နှစ်ကာကာ ချမ်းသာစေလို စိတ် ဖြစ်ပေါ်လာစေရန်သာ ပဓာန ဖြစ်သည်။

## ကိုယ်ရော နှုတ်ပါ မေတ္တာသက်ဝင်

စကြဝဠာ ကမ္ဘာလောကဓာတ်ကြီး တခုလုံးကို ငြိမ်းချမ်း သာယာအောင် ထိန်းချုပ် ပဲ့ကိုင်နိုင်သော အင်အားသည် ဤမေတ္တာဓာတ်ကြီးက လွဲ၍ အခြား မရှိပြီ။ 'ကမ္ဘာ့ပိယဆေး' ကြီးပင်တည်း။ အတုမရှိ ငြိမ်းချမ်းရေး လက်နက်ကြီးပင်တည်း။

အရှိန်ပြင်းစွာ လောင်မြိုက်နေသော မီးကို ငြိမ်းသတ်နိုင်သည်မှာ ရေမှတပါး အခြားမရှိ။ လောဘ ဒေါသ စသော ကိလေသာ အပူမီးတို့ကို ငြိမ်းသတ်နိုင်သည်မှာလည်း မေတ္တာသာလျှင် ရှိပေ၏။

ထို့ကြောင့် ရပ်ကွက်မြို့ရွာတိုင်း အဆက်မပြတ် မေတ္တာပွားပို့ပွဲကြီးများ ပြုလုပ်သင့်ကြပြီ။

မေတ္တာပွားပို့ရာ၌ အသံထွက် မပို့ရ။ စိတ်ထဲကသာ နှလုံးသွင်းရမည်။ ပြောဆို လုပ်ကိုင်ရာတို့၌လည်း မေတ္တာသံ, မေတ္တာ အမူအရာများ (မေတ္တာ ဝစီကံ, မေတ္တာ ကာယကံများ)ပါရှိပါမှ မေတ္တာ၏ အဓိပ္ပါယ်သည် ပြည့်စုံ၏။ လိုသေးလျှင် ကြိုးစား လေ့ကျင့်ပေးရသည်။ အားရှိမှသာ လိုရာသို့ လိုသလောက် ပို့လွှတ်နိုင်သည်။

## အဆုံးမရှိ ကျယ်ပြန့်အောင်

မိမိခန္ဓာကိုယ်မှအစ မိမိအိမ်၊ ရပ်ရွာ၊ မြို့နယ်၊ နိုင်ငံ၊ ကမ္ဘာ၊ စကြဝဠာ အနန္တအထိ ချဲ့၍ချဲ့၍ ဖြန့်၍ဖြန့်၍ မေတ္တာ အအေးဓာတ်လှိုင်းများကို စေလွှတ်ပါ။ မျက်စိ၏အင်အားသည် တမျှော်လောက်သာသွား၏။ နား၏ အင်အားသည် တခေါ်လောက်သာသွား၏။ စိတ်၏ အင်အားသည် စကြဝဠာ အနန္တ အကန့်အသတ်မရှိ သွား၏။ သွားနိုင်သမျှ လွှတ်ပေးပါ။

('စကြဝဠာနှင့် တိုင်းတာရသော မြတ်စွာဘုရားအခန်းကို'ကြည့်ပါ။)

စိတ်ထဲက မငုံမိနိုင်သေးလျှင် တကမ္ဘာလုံး မပို့မီ တိုက်ကြီးခြောက်တိုက်ကို တတိုက်ချင်းယူ၍ ချေညက်ကြည့်ပါ။ မကြာမီ တရှူတရှိုက်

အတွင်းမှာပင် တကမ္ဘာလုံးကို ငုံမိလာမည်။ စကြဝဠာ အနန္တကိုပင် ဒိုးယို ဟင်းလင်း ကွင်းကွင်းကွက်ကွက်ကြီး ပိုင်နိုင်လာပါလိမ့်မည်။ သို့သော် မေတ္တာ ဓာတ်လှိုင်း၏ ပစ်မှတ် နေရာ၌သာ ကိုယ်ရောစိတ်ပါ မရွေ့မလှုပ် စူးစိုက် နစ်ဝင်နေစေရမည်။

အခြားအခြားသော ကုသိုလ်များကို ပြုလုပ်ကြရာ၌ အကန့်အသတ် ရှိ၏။ ဥပမာ ငွေတထောင်ကုန်သည်။ တထွာရှိသည်။ ထို့ကြောင့် အကျိုး ရသောအခါလည်း အတိုင်းအဆ ပါလာ၏။

မေတ္တာကား ထိုသို့မဟုတ်။ အနန္တ စကြဝဠာရှိ သတ္တဝါ အနန္တ အပေါ် ထားရသော ကုသိုလ်ဖြစ်၍ အကန့်အသတ်မရှိ။ အကျိုးပေးသော အခါလည်း တွက်ပြစရာ သင်္ချာမရှိ။ 'အနန္တ'ဟူသော ဝေါဟာရကိုသာ သုံးစွဲရတော့သည်။

ထို့ကြောင့် ကျယ်ပြန့်သည်ထက် ကျယ်ပြန့်အောင် လေ့ကျင့်ကြ ရာ၏။

## သေသူ၊ ချစ်သူ၊ မုန်းသောသူ

ပုဂ္ဂိုလ် သတ္တဝါအားဖြင့် ပွားပို့ရာကွင်လည်း မေတ္တသုတ်၌ ဟောတော် မူသကဲ့သို့ "အထိ, အမ၊ အတို, အရှည်, အလတ်၊ ကုန်းနေ, ရေနေ, ကောင်းကင်နေ" စသည်ဖြင့် သဘော တူရာတူရာ အုပ်စု ခွဲ၍ခွဲ၍လည်း ပွားပို့နိုင်သည်။ မိမိ အသိဉာဏ်၌ ပေါ်လွင်မှု၊ လွယ်ကူနိုင်နင်းမှု၊ နှစ်နှစ် ကာကာ ရှိမှုသာလျှင် ပဓာန ဖြစ်သည်။

ပုဂ္ဂိုလ်အလိုက် ပွားပို့ရာ၌ အထူးသတိပြုရမည်မှာ ကွယ်လွန်ပြီး သူများကို မပို့ရ။ ပို့လွှတ်သည့် မေတ္တာဓာတ်အားကို ခံယူသူ မရှိတော့၍ ဖြစ်သည်။ အမျှသာ ပေးဝေရ၏။

ထို့ကြောင့် အသက်ထင်ရှား ရှိသော မိဘ ဆရာသမားများက စ၍ ဟဦးချင်း (ဝတ်ပုံကျက်သကဲ့သို့) ပုံပြင်ထင်ရှား ပြတ်သားအောင် ကြည့်၍ ပို့ပါ။

ချစ်လွန်း, မုန်းလွန်းသူများကိုလည်း (မေတ္တာမဖြစ်ဘဲ လောဘ, ဒေါသ ဝင်လာ၍ ပျက်ပြယ်သွားမည် စိုးရသဖြင့်)နောက်ဆုံးမှသာ ပို့ပါ။

မေတ္တာအင်အားသည် မည်မျှကြီးမားသည်၊ တာသွားသည်ကို ကိုယ်တွေ့မကြုံသမျှ ယုံနိုင်ဦးမည် မဟုတ်ပေ။ မပျင်းမရိ ဇွဲရှိရှိဖြင့် သည်းခံ ပြီး ကြိုးစား လေ့ကျင့်ကြပါကုန်။

## ကလေးသူငယ်များအတွက်

# မေတ္တာပို့

## (အရကျက်ပါ)

၁။ ဒို့အိမ်တွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
၂။ ဒို့ရွာတွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
၃။ ဒို့မြို့တွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
၄။ ဒို့နိုင်ငံတွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
၅။ ဒို့ကမ္ဘာတွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
၆။ ဒို့စကြဝဠာတွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
၇။ အနန္တ စကြဝဠာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
၈။ အရှေ့အရပ်မှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
၉။ အနောက်အရပ်မှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
၁၀။ မြောက်အရပ်မှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
၁၁။ တောင်အရပ်မှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
၁၂။ အရှေ့တောင် အရပ်မှာ၊ များသတ္တာ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။
၁၃။ အနောက်မြောက် အရပ်မှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
၁၄။ အရှေ့မြောက် အရပ်မှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
၁၅။ အနောက်တောင် အရပ်မှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
၁၆။ အောက်အရပ်မှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
၁၇။ အထက်အရပ်မှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

### စိတ်ထားနည်း

'ဒို့အိမ်တွင်းမှာ'ဟု နှုတ်က ဆိုလျှင် စိတ်ကလည်း ဒို့ အိမ်ထဲမှာပင် ရှိနေနေစေရမည်။ အိမ်သူ အိမ်သားများ၊ အိမ်စောင့်နတ်များ၊ အိမ်ရှိ တိရစ္ဆာန်များ အားလုံးအပေါ် မေတ္တာစိတ်ထား ကျရောက်နေစေရမည်။

'အရှေ့အရပ်မှာ'ဟု ဆိုလျှင်လည်း အရှေ့လောကဓာတ်၊ တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, မြို့, ရွာ, ခရိုင် နိုင်ငံအားလုံး စကြဝဠာ အဆုံးမရှိ အတိုင်းမသိသော ကုန်းနေ, ရေနေ, ကောင်းကင်နေ လူ, နတ်, ပြဟ္မာ, တိရစ္ဆာန်, သတ္တဝါများ အားလုံးအပေါ် တမျှော် တခေါ်ကြီး မှန်းဆ၍ စိတ်ကို ပို့လွှတ်ထားရမည်။

ကလေး သူငယ်များအား 'လက်နက်နှင့် ပစ်မှတ်' (အာရုံနှင့် အာရမ္မဏိက) တည့်မတ်ပြီး အဆိုနှင့်စိတ် အံကျအောင်၊ ချိန်တတ်အောင် သင်ကြားပေးကြပါကုန်။

## ကိုယ်တွေ့မေတ္တာ

မေတ္တာနှင့်စပ်၍ ဤနေရာ၌ ကိုယ်တွေ့ ဖြစ်ရပ်တခုကို ဖော်ပြလိုပါသည်။ အချိန်ကာလမှာ ၁၃၃၅–ခုနှစ်က ဖြစ်၏။

ရန်ကုန်မြို့ ကျေးဇူးရှင် 'မဟာစည်ဆရာတော် ဘုရားကြီး'ရိပ်သာ၌ ယောဂီ ဒကာမကြီးတဦး လာရောက်၍ တရားအားထုတ်၏။ သတိပဋ္ဌာန် ပွား၍ မရသဖြင့် 'မေတ္တာ ကမ္မဋ္ဌာန်း'ကို ဦးစွာပေးသည်။

တရားစစ် ခံလာသောအခါ "သတ္တဝါအများကို မေတ္တာပွားပို့လို့ ရသော်လည်း စီးပွားပြိုင်ဘက် ရန်သူ အိမ်နီးချင်း ဒကာမတဦးကိုမူ မည်သို့မျှ ပွားပို့၍ မရကြောင်း" ရိုးသားစွာ တရားစစ်ခံ၏။

"ချစ်သူနှင့် မုန်းသူကို နောက်ဆုံးမှ ပို့ရတယ်"ဟု ခိုင်းသော်လည်း မရဘဲ ရှိနေ၏။

သို့နှင့် ဆရာတော်က "သံသရာ၌ ဆွေမျိုး မိဘဲ မတော်စပ်ဘူးသူ မရှိပုံ၊ အနေနီး၍ ကျေးဇူးခံ ကျေးဇူးစား ရှိသူများ ဖြစ်၍သာလျှင် အခိုက် အတန့်အားဖြင့် ရန်သူဖြစ်ရပုံ၊ သူ့ကျေးဇူးကိုချည်းရှုပြီး သည်းခံရပုံ" စသည်တို့ကို ဟောပြပြီး ထပ်မံ အပွားခိုင်း၏။

ထိုယောဂီ ဒကာမကြီးသည် သုံးရက်လောက် ရှိသောအခါ ဆရာ တော်အား အောက်ပါအတိုင်း ဝမ်းသာအားရ လျှောက်ထား၏။

"ဆရာတော်ဘုရား၊ တပည့်တော်မ ယခု မေတ္တာပို့လို့ ရပါပြီ။ ရရုံသာမဟုတ်ပါ။ ထူးဆန်းလွန်းလို့ ဆက်ပြီး လျှောက်ပါရစေ။

"တပည့်တော်မ၊ လပြည့်-အဖိတ်နေ့ညက မေတ္တာပွားတာ စော

စောက ပို့လို့မရတဲ့ အိမ်နီးချင်း ဒကာမကို မျက်နှာကအစ တကိုယ်လုံး မြင်အောင် ခြေဆုံး ခေါင်းဆုံးကြည့်ပြီး ပို့ပါတယ် ဘုရား။

“ပို့ရင်းပို့ရင်းနဲ့ သူ့မျက်နှာဟာ ပွင့်ရှင်လာပြီး တပည့်တော်မကို သူက တောင်းပန်တယ်။ ‘အဒေါ်ရယ်၊ ကျမတို့ ရှေးက ပြောမှား ဆိုမှား တာတွေ သည်းခံပါနော်တဲ့။ အဒေါ် ရိပ်သာမှာသွားပြီး တရားထိုင်နေတယ် ကြားလို့ ကျမတို့လဲ ဝမ်းသာနေတာပါတဲ့။ ကျမတို့လဲ ရိပ်သာဝင်ဖို့ အားခဲနေတာပါဘဲ’ လို့ တပည့်တော်မရဲ့ လက်ကိုဆွဲပြီးပြောပါတယ်။ စိတ်ထဲမှာ ပေါ်လာပုံ လျှောက်ထားပါ ဘုရား။

“ဒီလောကနဲ့ တပည့်တော်မ မအံ့သြသေးပါဘူး။ တပည့်တော်မတို့ ဟာ ခပ်ငယ်ငယ် ကထဲက လပြည့်လကွယ်နေ့တိုင်း ရွှေတိဂုံဘုရား သွားပြီး ဆွမ်း၊ ပန်း လှူနေကြမို့ မနေ့ကလဲ လပြည့်နေ့ ဖြစ်လို့ ဘုရားကို သွားပါ တယ် ဘုရား။

“ဘုရားပေါ်လဲ ရောက်ရော၊ အဲဒီ ဒကာမက အူရှား-ဖားရားနှင့် တပည့်တော်မဆီပြေးလာပါတယ်။ တပည့်တော်မရဲ့လက်ကိုဆွဲပြီး၊ ကမ္မဋ္ဌာန်း ထိုင်ရင်း ထင်ရကြားရတဲ့ စကားအတိုင်းဘဲ ပြောလှာတော့ တပည့်တော်မ ဖြင့် ဝမ်းသာလိုက်တာ၊ ‘ငါ့မေတ္တာ အောင်ပြီ’ ဆိုပြီး ဝမ်းသာလိုက်တာ ဘုရား။

“ပိုပြီးအံ့သြစရာ ကောင်းတာက တရားအာရုံထဲမှာ မြင်ရတဲ့အတိုင်း အင်္ကျီ-လုံချည်ရော၊ တဘက်ရော တဆင်ထဲ၊ ထထေရာထဲ ချွတ်စွတ်တူနေ တာ တပည့်တော်မဖြင့် အံ့သြလို့ မဆုံးပါဘူးရား။ တရားဟာ အလွန် ဆန်း ကြယ်ပါကလား ဘုရား” ဟု လျှောက်သည်ကို ယောဂီ အများပင် ကြားကြ ရလေ၏။

တိုဖြစ်ရပ် သဘောတရား အမှန်များကို လက်တွေ့ အားထုတ်ခြင်းမှ တပါး အဘယ်ကိရိယာဖြင့် စမ်းသပ်နိုင်ပါမည်နည်း။

ထို့ကြောင့် “မေတ္တာပို့လျှင်ရောက်-မရောက်” စဉ်းစားစရာမရှိတော့ ပြီ။ မမြင်ရသော အနှောင့်အရှက်များအပေါ် မေတ္တာသက်ရောက် ဘေးရန် ပျောက်သည်မှာလည်း ယုံမှားစရာ မရှိတော့ပြီ။ (နောက်ပိုင်း ‘ဗြဟ္မဝိဟာရ’ တရားတော်ကို ဆက်ဖတ်ပါ။ မေတ္တာအကြောင်း ကိုယ်တွေ့ဝတ္ထုများနှင့် တကွ ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုရန် ‘ဗြဟ္မဝိဟာရအဖွင့်’ ကို စောင့် မျှော်ပါ။)

## သစ္စာစွမ်းအား

သစ္စာတရား၏ စူးရှအောင်မြင်မှုမှာလည်း များစွာအံ့ဘွယ်သူရဲ ဖြစ်ပေ၏။ ယခုအခါတွင် လူတို့သည် 'သစ္စာမရှိ၊ ကတိမတည်'ဘဲ ကိုယ့်ဟာကိုယ်ပင် ကတိကို လွယ်လွယ်ဖျက်ကြ၊ သစ္စာမဲ့ကြသဖြင့် သစ္စာ၏ အဓိပ္ပာယ်များနှင့် အလှမ်းကွာနေခဲ့ကြ၏၊ ယနေ့ ဒါလုပ်မည်ဟု ဆုံးဖြတ်ထားသော်လည်း ကိုယ့်ကတိ ကိုယ်ဖျက်ကြသည်။

ဆန္ဒာ, ဒေါသာ, ဘယာ, မောဟ(အလိုလိုက်၍၊စိတ်ဆိုး၍၊ကြောက်နေ၍၊ မသိ၍) ကိုယ့်ဟာနှင့်ကိုယ်ပင် အဂတိလိုက်စားပြီး 'အမှန်ကိုအမှား၊ အမှားကို အမှန်' ဟုမင်သံပါလျက် လိုက်ပါနေမိကြသည်။

"ကတိသစ္စာ၊ တည်သောခါကား၊ ဩဇာလေးနက်၊ပေါ်
ဆိတက်၍၊ နွယ်မျက်သစ်ပင်၊ ဆေးဘက်ဝင်၏"
ဟု 'ရှင်မဟာသီလဝံသ' မိန့်ဆိုချက်နှင့်
"သစ္စာနှုတ်သီး၊ မန္တန်ကြီးကား၊သေပြီးသော်မှ၊ ရှင်ပြန်
ရ၏"ဟု 'မန်လည် ဆရာတော်ဘုရား' မိန့်ဆိုချက်အရရှင်း၊

များပြားလှစွာသော စာပေအထောက်အထားများ အရရှင်း စာပေ၌သစ္စာ၏ သဘောအဓိပ္ပာယ်တို့သည် အနှံ့အပြား အထင်ကရပင် ရှိခဲ့ကြပေသည်။

ဇာတ်နိပါတ်တော်တို့၌ အများဆုံးပါရှိ၏။ ပါရမီ ၁၀-ပါးတွင်လည်း တခုအပါအဝင် ဖြစ်သည်။

## ရှင်နာဂသိန် ကိုယ်တွေ့ဝတ္ထု

မိလိန္ဒပဉှာတွင် အရှင်နာဂသိန် မထေရ်သည် ရှေးရှေးက သစ္စာစွမ်းအင်များကို ထိုခေတ်လူတို့အတွက် ယုံကြည်မှုအားနည်းမည်စိုး၍လော မသိ၊ အသောကခေတ်က သစ္စာစွမ်းအားများနှင့် ရှင်နာဂသိန်၏ ဂန္ဓာရတိုင်းနှင့် ခေတ်ပြိုင် 'စိန့်တိုင်း'(တရုတ်ပြည်)မှ တရုတ်ဘုရင်ကြီး၏ သစ္စာကို လက်တွေ့ပြနေရရှာ၏။

ကျွန်ုပ်တို့လည်း'အလွန်တန်ဘိုးကြီး'လှသော သစ္စာတရားကိုယုံကြည်မှုပေးနိုင်ကြပါစေရန် ဤခေတ်ကိုယ်တွေ့ဝတ္ထုများဖြင့်ဖော်ပြဘို့ ဆန္ဒပြင်းပြလျက်ရှိပါ၏။ သို့သော် ဤ၌ကား ပြည့်စုံအောင် တင်ပြရန် မဖြစ်နိုင်သေးပါ။ အထိုက်အလျောက် အမြီးသဘောမျှသာ တင်ပြရမည် ဖြစ်ပါသည်။

အဘယ့်ကြောင့်ဆိုသော် မေတ္တာ၏ စွမ်းရည်ကို တခမ်းတနား တကျမ်းတဖွဲ့ ဖော်ပြမှု လုံလောက်သကဲ့သို့ သစ္စာလည်း ထို့အတူပင် ဖြစ်သောကြောင့်တည်း။

## ဗုဒ္ဓသည် လူသားတိုင်းအတွက်

စင်စစ် မေတ္တာသည် လူမျိုးမရွေး၊ ဘာသာမရွေး လူတိုင်းလူတိုင်း လိုက်နာကျင့်သုံးလွယ်သော တရားရိုး တရားကောင်းကြီးတခု ဖြစ်သကဲ့သို့ သစ္စာလည်း ထို့အတူ လူမျိုးဘာသာမရွေး ကျင့်သုံးရှုရသော "တကယ့်စွမ်းအားကောင်းကြီး=သဘာဝ အင်အားကြီး" တခုပင် ဖြစ်သည်။ ထိုအင်အားကြီးများကို ထုတ်ဖော်ပေးခဲ့သူမှာ ဗုဒ္ဓသာလျှင်ဖြစ်၍ ဗုဒ္ဓသည် လူသားတိုင်းအတွက် ဖြစ်ထွန်းပွင့်တော် မူလာရပါပေ၏။

၁။ သီလက မပေးနိုင်သော ပစ္စည်းဥစ္စာ ရတနာဟူ၍ မရှိနိုင်။

၂။ မေတ္တာက မအောင်မြင်နိုင်သော ဘေးရန် အန္တရာယ်ဟူ၍မရှိ။

၃။ သစ္စာက မပြုလုပ် မပေးစွမ်းနိုင်သော အမှုကိစ္စဟူ၍မရှိ။

## လူတိုင်း၌ ဘုရားသခင်ရှိ၏

ယင်းသို့လျှင် အလွန်တန်ဘိုးကြီးလှ၊ လွယ်လည်းလွယ်ကူလှသော ကိုယ်ပိုင်ရရှိနိုင်သည့် အင်အားကြီးများကို (မသိသေးသူများ) အထိုက်အလျောက် လေ့လာထားကြရန် အမြွက်မျှ တင်ပြပါအံ့။

အရာရာတွင် ခွဲခြားသိမြင်၍ သုံးသပ်အပ်ကုန်၏။

လူတို့သည် မိမိတို့ မြော်လင့် ပြုလုပ်သည့်အတိုင်း တစုံတခု ထူးထူးခြားခြားကြီး ဖြစ်ပေါ်လာသောအခါ စိတ်ပညာ သန့်သူတို့က ဘာဘဲဖြစ်ဖြစ် ရောထွေးလုံးသိပ်ကာ "စိတ်တန်ခိုး" ဟုချည်းယူဆ၏။ ဘာသာရေးအစွဲ သန်သူတို့ကလည်း "ဘုရားသခင့် တန်ခိုးတော်" ဟု လွယ်လွယ်ကလေးပင် ထည့်သွင်းလိုက်ကြသည်။

မိမိပြုလုပ်ဆောင်ရွက်ခြင်းသည် "သစ္စာ" ၌ အကျုံးဝင်နေ၍လော။

မေတ္တာနှင့် ဆက်သွယ်နေ၍လော။

သီလသဘော သက်ရောက်နေ၍လော–မဝေခွဲနိုင်ကြပေ။

လူတိုင်း၌ ဘုရားသခင်ဟု ထင်ရလောက်သော တန်ခိုးတို့သည် များစွာရှိကုန်၏။

## သစ္စာပြုခါနီး အရေးတကြီး သီလယူနည်း

'သစ္စာ'ဟူသည် တကယ့်သဘာဝ အမှန်တရားကြီးဖြစ်၍ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ဟုတ်မှန်ရခြင်းသည်သာ ပဓာနဖြစ်၏။ ဟုတ်မှန်သည့်အတိုင်း ပါးစပ်ကဖွင့်ဟကျေညာခြင်းကို 'သစ္စာဆိုသည်၊ သစ္စာပြုသည်'ဟု ဆိုရ၏။

ပါးစပ်ကသာ ဆိုသော်လည်း မိမိစကားကိုမိမိစိတ်ထဲက မထောက်ခံလျှင်၊ သို့မဟုတ် တကယ့်အပြည့်အဝခြင်းချက်မရှိ မယုံကြည်လျှင်ထိုသစ္စာသည် အင်အားမရှိ။

သေရေး ရှင်ရေးကြုံ၍ သစ္စာပြုတော့မည်ဆိုလျှင်—

၁။ သရဏဂုံနှင့် ငါးပါးသီလ ယူပါ။

၂။ ဘုရားဂုဏ်ကို ဆင်ခြင်လိုက်ပါ။

၃။ ပြီးမှ သစ္စာပြုပါ။

ဤ၌ အရေးတကြီး ကြုံသောအခါ သီလယူနည်းကို ဆိုပါဦးအံ့။ ဘုရားရှေ့၊ ဘုန်းကြီးရှေ့၌ခံယူမှ သီလမဟုတ်ချေ။ အရေးကြီး၍သီလယူရာတွင် ငါးပါးသီလဖြစ်က တခုချင်းဆိုဘို့မလို။ ရှစ်ပါးသီလလည်း ထိုအတူပင်ဖြစ်၏။

> "အကျွန်ုပ်သည်ဤယခုအချိန်မှစ၍ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို ဆောက်တည်ပါ၏။ ရှစ်ပါးသီလကို ဆောက်တည်ပါ၏" ဟု နှုတ်ကမြွက်ဆိုလျှင် သီလ ယူပြီးဖြစ်ပါသည်။

သင်္ဘောနစ်၍ သေခါနီးမှ လူဥပါသကာတဦးထံ သီလခံယူ ကြသူများ (တချို့လည်းမျိုပါးစပ်ထိ ရေနစ်ရင်းကပင်) သီလယူကြရာ သေလွန်သောအခါ နတ်ပြည်ရောက်ကြရကြောင်း (သံယုတ်၊ သတုလ္လပကာယိကာဝဂ်၊ သဗ္ဗိသုတ်၌) ဟောတော်မူသည်။

စာမတတ်သော သက်ကြီးရွယ်အိုများကိုလည်း ထိုနည်းအတိုင်း အယူခိုင်းသင့်၏။ သို့ရာတွင် "ငါးပါးသီလဆိုတာ ဘာတွေရှောင်ရတယ်။ ရှစ်ပါးဆိုတာ ဘာတွေ"ဟုကား ရေရေလည်လည် သိထားရ၏။

ထို့နောက်သစ္စာပြု၍ မိမိဆောင်ရွက်လိုသော၊ သို့မဟုတ်ဖြစ်စေလိုသော ကိစ္စသည် ကိုယ်ကျိုး ကိုယ့်စီးပွားထက် အမျိုးဘာသာ သာသနာနှင့်သတ္တဝါအများကိုရည်ညွှန်းဦးတိုက်လျှင် ပို၍ အစွမ်းသတ္တိ ကြီးမားစေ၏။

ပြဆိုပြီး သီလ့ဂုဏ်တော်စသော အခြေခံအင်အားများ ကောင်းလျှင် ကောင်းသလောက်လည်း သစ္စာ၏အင်အားသည် ပို၍ မြင့်မားလာပေသည်။

## ဆေးဖော်မကျွမ်း ဆေးမစွမ်း

ဘုရားအလောင်းတော် ငုံးမင်းကလေး သစ္စာပြုသည်ကို လူတိုင်းသိကြပါ၏။ သို့ရာတွင် လုပ်ထုံးတွင်ကား ကွာဟနေတတ်ကြသည်။ သိသလိုလိုနှင့် ရှုန်းနေတတ်ကြ၏။ ထို့ကြောင့်လည်း လုပ်နည်းမမှန်သဖြင့်သစ္စာတရားပင် နာမည်ပျက်ရလေတော့၏။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်များကိုလည်း လျော့ပါးစေတော့သည်။

ငုံးမင်းကလေး၏ လုပ်ထုံး(ဝါ)ဘုရားအလိုတော်ကျလုပ်ထုံးကား-

၁။ အတ္ထိ လောကေ သီလဂုဏော=
သီလစွမ်းအားကို သိထားရ၏။ (ကျင့်သုံးရပါမည်။)

၂။ သောစေယျံ=
စိတ်၏ စင်ကြယ် မြင့်မြတ်မှု (သမာဓိအလုပ်)၏ စွမ်းအားကို သိထားရ၏။ ရှိထားရ၏။

၃။ အနုဒ္ဒယာ = မေတ္တာ, ကရုဏာစိတ်, ကိုယ်ချင်းစာစိတ် ရှိနေရ၏။(မေတ္တာလေ့ကျင့်ထားရ၏။)

၄။ သစ္စံ = သစ္စာတရား၏ စွမ်းအားကိုလည်း အသုံး ချလိုစိတ်, အားကိုးလိုစိတ် ပေါ်အောင်ကြိုတင်နားလည်ထားရ၏။ သစ္စာဆိုလို့ရအောင်လည်း ကိုယ်ပိုင် အားကိုးတခုခုရှိထားရ၏၊ကျင့်ဝတ်ကတိတည်မှု စွဲမြဲမှု တခုခု ရှိထားရ၏။

(ဇာတ်အဋ္ဌကထာနှင့် စရိယာပိဋက အဋ္ဌကထာတို့၌ သီလ၊ သစ္စာနှင့်ဘုရား, တရားဂုဏ် ဆင်ခြင်ပုံကိုသာ ကောက်ယူဖွင့်ဆိုကြသော်လည်း ဤ၌ပေါ်ပေါ်လွင်လွင် ကောက်ယူလိုက်ပါသည်။)

ထို့နောက်-

၅။ အာဝဇ္ဇေတွာ ဓမ္မဗလံ = နိဗ္ဗာန်ရသည်အထိ တင်ပို့နိုင်သော

တရားစွမ်းအင်များ၊ သိထားရ၊ ရှိထားရ၏။ ဆင်ခြင်စဉ်းစားရ၏။ (ဓမ္မာနုဿတိ။)

၆။ သရိတ္တာ ပုဗ္ဗကေ ဇိနေ—ထိုတရား လမ်းစဉ်ဖြင့် ဘုရား ဖြစ်၍ ပရိနိဗ္ဗာန်စံဝင်တော်မူကြပြီးသော မရေမတွက်နိုင်အောင် များပြားလှသည့် ဘုရားအဆူဆူတို့၏ကျေးဇူးတော် ဂုဏ်တော်များကို သိထားရ၊ စဉ်းစားဆင်ခြင်ထားရ၏။ (ဗုဒ္ဓါနုဿတိ၊)

၇။ သစ္စဗလ မဝဿာယ သစ္စကိရိယံ = သစ္စာ၏ စွမ်းအားကို မှီခိုထောက်တည်ပြီး သစ္စာပြုပါလေ—ဟု ဆိုလိုပေသည်။

လောက၌ ဆေးမစွမ်းတော့သာ မယ့်စွမ်းဟု ပြောကြ၏။ ဆေးဖော်နည်းကိုမူ စနစ်တကျ ကျွမ်းကျင်မှု မရှိတတ်ကြပေ။ သို့မဟုတ် ဂရုမထားတတ်ကြပေ။နမော်နမဲ့ 'ပြီးကပစ်'ပေါ့ပေါ့ဆဆ လုပ်တတ်ကြ၏။

ထိုအမှုအကျင့် အလေ့အထများအားလုံးသည် သစ္စာနှင့်ဆန့်ကျင်ဘက်ချည်း ဖြစ်သည်။

၁။ လောင်နေသော မီးကို သစ္စာဖြင့် ငြိမ်းသတ်နိုင်၏။

၂။ စီးနေသော ရေကို ရပ်ထားလို့ရ၏။

၃။ အဆိပ်ကိုလည်း ရေဖြစ်စေနိုင်၏။ဆေးဖြစ်စေနိုင်၏။

၄။ မိုးကိုလည်း ရွာသွန်းချစေနိုင်၏။တိတ်စေနိုင်၏ ။

၅။ အခြားအလိုရှိသမျှစိတ်ဆန္ဒတိုင်းမပြီးစီးနိုင်တာ မရှိစကောင်းပေ။

ဤကား သစ္စာတရား၏ လိုရင်းအဓိပ္ပါယ် ဖြစ်ပါ၏။

(စိတ်ထဲက သတ်မှတ်ထားသည့်အတိုင်း ကောင်းကောင်း ဆိုးဆိုး မဖြစ်မနေလုပ်ရခြင်းကို "အဓိဋ္ဌာန်" ဟုခေါ်သည်။ မှန်သည့်အတိုင်းနှုတ်မြွက်ရခြင်းကို "သစ္စာ" ဟု ခေါ်သည်။ကွဲပြားအောင် မှတ်သားရာ၏။)

အလွန်တရာ တန်ဘိုးကြီးလှသော ဤသို့သောနည်းနာကောင်းများကို မသိကြ၊ မယုံကြ၊ မလေးစားကြသဖြင့် နေရာတကာတွင် မေတ္တာနှင့် သစ္စာဆိုသော စကားများကို နေ့စဉ်နှင့်အမျှ တွင်တွင်ကြီး သုံးစွဲပြောဆိုနေကြသော်လည်း 'လှေစီးရင်း ရေငတ်'နေကြရ၏။

လွန်ခဲ့သည့်နှစ် မိုးတွင်းအချိန်ကဖြစ်၏။ ရန်ကုန်နှင့် ဒလကူးသော မော်တော်တစင်းနစ်မြုပ်သွားရာ လူပေါင်းနှစ်ဆယ်ကျော် သေကျေပျက်စီးခဲ့ရ၏။ ထိုမော်တော်၏ နာမည်ကား 'မေတ္တာနှင့်သစ္စာ'။

ကျွန်ုပ်တို့ သင်ခန်းစာ ယူသင့်ကြ၏။ ကျွန်ုပ်တို့ သိနေပြီထင်သော အရာများကို တကယ် မသိကြပေ။

## သစ္စာဆိုခဲ့ကြပုံ

ဇာတ်တော်များ၌ သစ္စာဆိုပုံကို အမြွက်မျှ ပြပါအံ့။ သို့မှသာ မိမိတို့ကိုယ် ရေးကြုံက လုပ်ပုံလုပ်နည်းကို စဉ်းစားနိုင်မည် ဖြစ်သည်။

ရှေးအခါက 'ကဏှဒီပါယန' ခေါ်သော ရသေ့ကြီးတပါး ရှိ၏။ ထိုရသေ့ကြီးထံ 'မဏ္ဍဗျ' သူကြွယ်လင်မယား 'ယညဒတ်' ခေါ်သော သားငယ်ကို ခေါ်၍ အဖူးအမျှော်လာကြသည်။ လူကြီးများ စကားပြောနေခိုက် သားကလေးသည် ကလေးဘာဝ ဂျင်ကစားရာ ဂျင်မှာ တွင်းထဲဝင်သွား၏။ နှိုက်ယူသောအခါ မြွေပေါက်၍ အဆိပ်တက်ပြီး မေ့မြောသွားသည်။

မိဘနှစ်ပါးသည် သားငယ် 'ယညဒတ်' ကို ပွေ့ချီ၍ စိုးရိမ်ကြီးစွာ ရသေ့ကြီးထံ ယူလာကြ၏။ ရသေ့ကြီးက သူငယ်၏ ဦးခေါင်းကို ကိုင်ကာ သစ္စာဆို၍ ဆေးကုသည်။ မိဘများကိုလည်း အသီးအသီး သစ္စာဆိုခိုင်း၏။

**ရသေ့ကြီး သစ္စာဆိုပုံ။** ။"ငါသည် ရသေ့ရဟန်းပြုခဲ့သည်မှာ အနှစ် ငါးဆယ်ကျော်ပါပြီ။ သို့ရာတွင် ခုနစ်ရက်မျှသာ တရားကျင့်ခဲ့ပါ၏။ ရသေ့ဘဝ၌ မပျော်ပိုက်ရိုးအမှန်ပါ။ ကျိတ်မှိတ်၍ နေရပါသည်။ "ဤသစ္စာစကားကို ဆိုရခြင်းကြောင့် ယညဒတ်သူငယ်၌ အဆိပ်များ ကျဆင်းပါစေသတည်း"

(တိုအခါခေါင်းမှ ရင်ညွန့်အထိ အဆိပ်များ ကျဆင်းသွားကာ— "အဖေ–အမေ" ဟု ခေါ်နိုင်၏။ သတိရလာ၏။)

**မဏ္ဍဗျသူကြွယ် ဆိုပုံ။** ။(သား၏ ရင်ပတ်ပေါ် လက်တင်၍) "အကျွန်ုပ်သည် မျိုးရိုးထုံးစံရှိ၍သာ ပေးလှူရပါသည်။ ကွဲရဲ့ကြမည်စိုး၍ ပေးလှူရသော်လည်း လှူလိုစိတ် အလျဉ်း မရှိပါ။ ဤမှန်သော စကားကြောင့် အကျွန်ုပ်သားကိုယ်မှ အဆိပ်များ လျော့ကျပါစေ"

(ရင်ညွန့်မှ ဆင်း၍ ခါးအထိ အဆိပ်များ ကျသွား၏။)

**သူကြွယ်ကတော် ဆိုပုံ။** ။အကျွန်ုပ်သည် ကလေးတို့၏ ဖခင် မဏ္ဍဗျလုလင်ကို မိဘတို့ ပေးစားသဖြင့် စကားကို မလွန်ဆန်ချင်၍သာ လက်ထပ်ခဲ့ရပါသည်။ ယခုထိ ချစ်ခင်စိတ် မရှိပါ။ အကျွန်ုပ်၏ သားငယ်ကို ကိုက်သော မြွေကဲ့သို့ပင် ရွံမုန်းလှပါသည်။ ဤမှန်သော သစ္စာစကားကြောင့် အဆိပ်များ လျော့ကျပျောက်ကင်း၍ ချမ်းသာခြင်း ရှိပါစေ"

(သူငယ်သည် အဆိပ်များအားလုံးပြေကာ ပကတိ ကျန်းမာ၍ ထထိုင် ဆော့ကစားလေ၏။)

ဤကား ဇာတ်နိပါတ်တော်လာ သစ္စာပြုပုံ ဖြစ်၏။

ပရိတ်တော်များ အားလုံးလိုလိုပင် သစ္စာဆို၍ ရနိုင်ပါ၏။ ရတနသုတ်သည် သစ္စာ, မေတ္တာ, ဗုဒ္ဓဂုဏ်များအားလုံး ပါဝင်သဖြင့် အထူးကျက်မှတ် ရွတ်ဖတ်သင့်၏။

('ဗုဒ္ဓါနုဿတိ ဘာဝနာအခန်း' ရတနာ သုံးပါး အင်အားကို ငှားယူ၍ အတို,အရှည် နှစ်မျိုး သစ္စာဆိုပုံများ ပြန်ကြည့်ပါ။)

## တရုတ်ဘုရင်၏ သစ္စာအစွမ်း

မိလိန္ဒပဉှာတွင်သာ ပါရှိ၍ အခြား မည်သည့်ကျမ်းစာတွင်မျှ မတွေ့မိသေးသော တရုတ်ဘုရင်ကြီး၏ သစ္စာမှာလည်း ဆန်းကြယ်လှပေသည်။ ဆိုပုံဆိုနည်းကား မပါရှိပေ။

ထိုဘုရင်ကြီးသည် လေးလတကြိမ် သမုဒ္ဒရာထဲ၌ ရေကစားလိုသဖြင့် သစ္စာဆိုရာ သစ္စာဆိုလိုက်သည်နှင့် တပြိုင်နက် သမုဒ္ဒရာရေပြင်ကြီး ကွာရှဲဖယ်ရှားပေးရ၏။တယူဇနာတိုင်တိုင် ရထားမောင်း၍ ရအောင် လမ်းဖြစ်ပေးရသည်။

ထိုအခါ ဘုရင်ကြီးသည် သမုဒ္ဒရာ၌ ရထားဖြင့် ဆင်း၍ ကစားပျော်မြူးလေ့ရှိသည်ဟု ဆိုလေသည်။

## ပြည်တန်ဆာမ၏ သစ္စာ

ထိုနှင့် တဆက်တည်းပင် 'အသောကမင်း' လက်ထက်က ပြည့်တန်ဆာမတဦး၏ သစ္စာကိုလည်း နာမည်ပါ ဖော်ပြထား၏။

အသောက မင်းတရားကြီးသည် တိုင်းခန်းလှည့်လည်စဉ် ဂင်္ဂါမြစ်အနီးရောက်သောအခါ ရေများ ကမ်းလုံးပြည့်နေသည်ကို မြင်၍....

"ရေညာဆန်၍ ပြန်စီးအောင် လုပ်နိုင်သူ ရှိသလော"မေးတော်မူရာ အမတ်များက မလုပ်နိုင်၊ မရှိနိုင်ကြောင်း သံတော်ဦးတင်ကြသည်။

'ဗန္ဓုမတီ'ခေါ်သော ပြည့်တန်ဆာမသည် ထိုသတင်းကို ကြား၍ သစ္စာဆိုရာ ဂင်္ဂါမြစ်ရေများ တဝုန်းဝုန်းမြည်လျက် မြစ်ညာဆန်တက် စီးသွားကြကုန်၏။

မင်းကြီး ကြားသိတော်မူ၍ ဗန္ဓုမတီထံ လာရောက်မေးမြန်းရာ မိမိ သစ္စာပြု၍ ရေညာဆန်ကြောင်း အမှန်အတိုင်း ဝန်ခံရာ–

"ဟယ်....ပြည့်တန်ဆာမ၊ပြည့်တန်ဆာမက သစ္စာဆို၍ရမည်တဲ့လား။ မရှူးသွပ်ဘဲ သင့်စကားကို မည်သူက ယုံမှာလဲ"ဟုပင် ရှုတ်ချလေ၏။

ပြည့်တန်ဆာမနှင့် သစ္စာတရား လားလားမျှ မထိုက်တန်လေဟန် ပြင်းပြင်းထန်ထန်ဖြစ်တင်လေ၏။

ဗန္ဓုမတီကလည်း အညံ့မခံပေ သစ္စာဖြင့် လောကကြီးကို ပြောင်းပြန် လှန်ပစ်နိုင်ကြောင်း တင်းတင်းမာမာပင် ပြန်၍ သံတော်ဦး တင်လိုက်သည်။

"မင်းကြီး အကျွန်ုပ်သည် မင်း၊ သူဌေး၊ ပုဏ္ဏား၊ ဆင်းရဲသားမဟူ အကြင်သူသည် ပိုက်ဆံ အခကြေးငွေကို ပေး၏။ ထိုသူအားအတူအမျှပင် လုပ်ကျွေးညှော့ခံပါသည်။ မင်းဖြစ်၍အထူးမပြုစုပါ။ ဆင်းရဲသားဖြစ်၍လည်း မထေမဲ့မြင်မရှိပါ။ ချစ်ခြင်း,မုန်းခြင်း လွတ်ကင်း၍သာ ဥစ္စာရှင်ကို ပြုစုပါ သည်။

"ဤပြုမြဲသော ကျင့်ဝတ်ကတိကို သစ္စာဆို၍ ဂင်္ဂါမြစ်ရေသည်ရေညာ ဆန်၍ စီးသွားပါသည်"

ဤကား အသောကခေတ်က သစ္စာဆိုပုံ အရှင်နာဂသိန်၏ကိုယ်တွေ့ ဝတ္ထု ဖြစ်၏။ (သီဝိမင်း မျက်စိအလှူ ပြဿနာအခန်း။ မြန်မာပြန် ၁၃၄။)

## မြင်းပျောက်သူ ဦးလူမောင်၏သစ္စာ

ကျွန်ုပ်တို့ခေတ်တွင်လည်း သစ္စာ၏အင်အားကို ကောင်းစွာနားလည်ထားသူ များ တစတစ ပေါ်များလာ၏။ လက်တွေ့ ကျင့်သုံးသူများလည်း မရှားလှ သေးပေ။

ဤ၌ နမူနာအဖြစ် မြင်းပျောက်သော ဦးလူမောင်၏ သစ္စာပြုပုံ အကြောင်းကို အကျဉ်းချုပ်၍ ဖော်ပြပါဦးအံ့။

အင်္ဂလိပ်ခေတ်က ဖြစ်သည်။

မိတ္ထီလာမြို့မှ 'ဝန်ထောက်ကြီး ဦးညို'ဆိုသူသည် ဦးလူမောင်အား အဖော်ခေါ်၍ မြင်းတစီးစီ စီးကာ မိတ္ထီလာမှ မလှိုင်မြို့သို့ အစိုးရကိစ္စဖြင့် ထွက်လာခဲ့ကြ၏။

မလှိုင်၌ ဆောင်ရွက်ရန် ကိစ္စများပြီးစီး၍ နံနက်ပြန်မည်ရှိသောအခါ ဦးလူမောင်စီးသော မြင်းမှာ ပျောက်သွား၏။ နံနက်နေမပူမီ မိတ္ထီလာသို့ ပြန်ရန် အခက်တွေ့နေတော့သည်။

ဦးလူမောင်လည်း ဝန်ထောက်ကြီး ဆူပူကြိမ်းမောင်းမည်စိုး၍မလှိုင်မြို့ ပတ်ဝန်းကျင် အရပ်လေးမျက်နှာသို့ထွက်၍ အမောတကော လိုက်ရှာနေရသည်။ ဘယ်မှာမှမတွေ့။ ခြေကုန်လက်ပန်းကျကာ တည်းခိုရာ ပုလိပ်ဂါတ်တဲသို့ ပြန်လာ၏။

ဂါတ်တဲရှေ့၌ ဝန်ထောက်ကြီးနှင့်တကွ လူအများဝိုင်းဖွဲ့၍ စကားပြောနေကြစဉ် ဦးလူမောင်ပြန်လာရာ ဦးညိုက ဆီကြို၍း–

"ကိုလူမောင်၊ ခြေထောက်ချည်းအားကိုးမနေနဲ့၊ သစ္စာကောမပြုဘူးလား"ဟု(နှစ်ဦးနှစ်ဝကိစ္စကြုံလျှင်သုံးစွဲနေကျ,နားလည်ပြီးဖြစ်သည့်အတိုင်း) မေးလိုက်သည်။ ဦးလူမောင်ကလည်း ပြန်၍ဖြေ၏။

"ဝန်ထောက်ကြီး၊ သစ္စာပြုပါတယ်"

"ဘယ်တုန်းကလဲ"

"အခု ဒီနားမရောက်ခင်ကလေးကဘဲ ဆိုပြီး သွားဘာ"

"အနို့ ခင်ဗျားသစ္စာဆိုပုံ ပြောစမ်းပါအုံး"ဟု မေး၍ ဦးလူမောင်က သစ္စာဆိုပုံကိုပါ ပြန်၍ပြောပြလိုက်၏။

၁။ "အကျွန်ုပ်သည် မှတ်မိသမျှကာလပတ်လုံး သက်န်းဝတ်၍ လာသောရဟန်းဖြစ်စေ၊ သာမဏေဖြစ်စေ တွေ့လျှင် ဦးချရှိခိုးခြင်း မပြုဘဲ မနေဘူးပါ။

၂။ "အကျွန်ုပ်သည် လမ်းများကို သွားသောအခါ လမ်းပေါ်မှာ မကောင်းသော အညစ်အကြေးတို့ကို တွေ့မြင်လျှင် ဘယ်အခါမှ မသိမ်းဘဲ မသွားပါ။

ဤမှန်သော သစ္စာစကားကိုဆိုခြင်းကြောင့် နေမဝင်မီ ကျွန်ုပ် မြင်းပြန်၍ လာပါစေသား"

ဝန်ထောက်ကြီးနှင့် ဂါတ်တဲရိပ် မြက်ခင်းပေါ်မှာ ထိုင်၍စကားပြောနေသူအားလုံး စိတ်ပါဝင်စားစွာ နားထောင်နေကြ၏။

ဦးလူမောင်မှာ မောမောနှင့် ပြည့်စုံအောင်ကြိုးစား၍ပြောနေရ၏။

ထိုအခါ ဝန်ထောက်ကြီးက–

ကိုလူမောင်။ ဟုတ်မှလဲလုပ်ပါ။ ယခုဘဲ နေဝင်တော့မယ်။ နေလုံး တောင် တဝက်သာ ကျန်တော့တယ်။ ဘယ်မှာမြင်းလာဘို့ အချိန်ရှိတော့ မလဲ''

နေကို လက်ညှိုးထိုး၍ ပြောလိုက်၏။ အချိန် ကန့်သတ်ချက်ပေးတာ နည်းနေ၍ ထောက်ပြလိုက်ခြင်း ဖြစ်ဟန်တူ၏။

သို့သော် စကားပြော၍မဆုံးသေးမီပင် တစုံတယောက်က ပြင်းပြင်း ထန်ထန် ရိုက်လွှတ်လိုက်သကဲ့သို့ ဆူညံ ပြင်းပြသော မြင်းခွာသံကို ကြားရ၍ ကြည့်လိုက်ရာ ဦးလူမောင်၏ မြင်းဖြစ်နေတော့သည်။

မြင်းမှာ ဂါတ်တဲ မြင်းစောင်းထဲသို့ စွပ်၍ဝင်သွား၏။

တချိန်တည်းမှာပင် နေလည်း စုပ်စုပ်ဝင်သွား၏။ လူများအားလုံး အံ့သြနေကြသည်။

ဝန်ထောက်ကြီးဦးညို ကိုယ်ဘိုင်ရေးအတ္ထုပ္ပတ္တိမှ၊ အခြား သစ္စာပြုပုံ များကိုပါ ဖတ်ရှုနိုင်၏။ ၁၂၇၈-ခုနှစ်ရေး။ ဒုတိယအကြိမ် ပိုင အမ်ဘီ အေး အသင်းမှ ၁၉၆၂ -ခုနှစ်တုတ်။

## သစ္စာ၏ အစွမ်းသတ္တိ

သစ္စာ၏ အစွမ်းသတ္တိနှင့်စပ်၍ အထူးစိတ်ဝင်စားဘွယ် ကောင်းလှသော ဖြစ်ရပ်များကို ကိုယ်တိုင် လေ့လာကျင့်သုံး၍၎င်း၊ ဟောပြော၍၎င်း၊စာအုပ် စာတန်းဖြင့် နှိုးဆော်၍၎င်း ပြုတ်သားသော ယုံကြည်ချက်ရှိသူ ပြန်တန်ဆာ ဆရာကြီး ဦးသိန်းထွန်း၏ ''ကိုယ်ပိုင်အစွမ်း''စာအုပ်မှ ဖြစ်ရပ်များကို မူရင်း အတိုင်း ထုတ်ပြပါဦးအံ့။

## သစ္စာဖြင့်ဆေးကုသော မန္တလေး သမားတော်ကြီး

[အခု သီပေါမင်း ပါတော်မူပြီးနောက် မှန်တာ တခုလောက်ကိုသာသစ္စာ ဆို ဆေးကုလို့ပျောက်သော သမားတော်ကြီး တပါးအကြောင်း ပြောရ အုံးမယ်။

၁၂၄၇–ခုနှစ် သီပေါမင်းပါတော်မူပြီးနောက် ၁၀-နှစ်လောက်က မန္တလေးမြို့ သကျသီဟ ဘုရားအနီးမှာ သမားတော်ကြီးတဦး ရှိတယ် ဒီ

သမားတော်ကြီးမှာ ဆေးဆိုလို့ တမှုံမှမရှိဘူး၊ ဒါပေမယ်လို့ အပင့်အဖိတ် - တော်တော်များတယ်။

အိမ်နီးပါးချင်း ခေတ်ပညာသင်ကြားနေတဲ့ အင်္ဂလိပ်ကျောင်းသား· တွေက "ဒီဆရာကြီးဟာ ဘယ်လိုနည်းနှင့်များ ကုသနေပါလိမ့်မလဲ။ အပင့် အဖိတ်လဲ တော်တော်များတယ်။ ဆေးဆိုလို့လဲ သူ့မှာ ဘာမှမရှိဘူး"သိရ အောင် မေးကြည့်ချင်ကြတဲ့စိတ်တွေ ရှိနေကြတယ်။

တနေ့တော့ အကြောင်းအားလျော်စွာ ကျောင်းသားတယောက် ဆရာကြီးအိမ်ရောက်သွားတယ်။ ဒီတော့ ဆရာကြီးကို အကျိုးအကြောင်း စုံအောင်မေးကြည့်တယ်။ ဆရာကြီးက "သစ္စာဆေးနဲ့ကုတယ်"လို့ တိုတိုဘဲ ပြောလိုက်တယ်။

ဒီတော့ "ဆရာကြီးခင်ဗျား၊ အဲဒီပညာကို ကျွန်တော်သင်ရင် ဖြစ်ပါ့ မလား၊ သင်ချင်ပါတယ်။သင်ပေးပါလို့" ပြောတယ်။ ဆရာကြီးက "သင် ပေးတာက မခဲယဉ်းဘူးကွဲ့ ၊ ခဏကလေးနဲ့တတ်တယ်။ ယုံဖို့က ခက်တယ်။ မယုံရင်လဲ မစွမ်းဘူးကွဲ့"လို့ပြောတယ်။

"ဆရာကြီးခင်ဗျား၊ သင်သာသင်ပေးပါ။ မစွမ်းချင်လဲ ရှိပါစေ၊ ပညာရရင်တော်ပါပြီ" လို့ပြောတယ်။ဒီတော့ ဆရာကြီးက "ငါတောင် လူဆယ်ယောက်ကုရင် သုံးယောက်လောက်ကတော့ မပျောက်တတ်ဘူးကွဲ့။ ဘာဖြစ်လို့လဲဆိုတော့—

၁။ တယောက်ကတော့ ငါက သူ့အတွက် စိတ်မထက်သန်လို့ မပျောက်ဘူး။

၂၊ တယောက်ကတော့ သူက ငါဆိုတဲ့သစ္စာကို မယုံလို့မပျောက် ဘူး။

၃။ တယောက်ကတော့ ငါကလဲ သူ့ကို ပျောက်စေချင်တဲ့ စိတ် အလွန်ရှိတယ်။ သူကလဲ ငါဆိုတဲ့သစ္စာကိုအလွန်ယုံတယ် ဒါပေ မယ်လို့ မပျောက်ဘူးကွဲ့၊ ဒါကတော့ အတိတ်ကံကြောင့်လို့ ဆိုရမှာပေါ့ကွယ်" လို့ပြောတယ်။

ကျွန်တော့်ကိုတော့ "သင်သာသင်ပေးပါ၊ တတ်ချင်လွန်းလို့ပါ။ စွမ်းသလောက် တော်ပါပြီ"လို့ပြောတယ်။ ဒီတော့ ဆရာကြီးက "ငါ့ပညာ မခက်ပါဘူးကွယ်။ ပမာတဲ့သူက မိန်းမ ငါကယောကျ်ားဆိုပါတော့၊လူမမာ

အိမ်ရောက်တော့ ရေတခွက်ကိုင်ပြီး သစ္စာဆိုရတယ်၊ ဒီရေကိုတိုက်ရတယ်၊ လိမ်းလဲလိမ်းနိုင်တယ်ကွဲ့။ မျက်စဉ်းလဲခတ်နိုင်တယ်''လို့ ပြောတယ်။ ဘယ်လို သစ္စာဆိုရမလဲဆိုတော့–

## သစ္စာဆိုနည်း

''ငါသည် ငါ့အမေသား မှန်၏။ သူသည် သူ့အမေ
သမီး မှန်၏။
ဤမှန်ကန်သော သစ္စာစကားကြောင့် ဤရေ သူ့ဝမ်း
ထဲ ရောက်သည်နှင့် တပြိုင်နက် သူ့ကိုယ်ထဲမှာရှိသော
ရောဂါအားလုံး ပျောက်စေသတည်း''

ဒီလို သစ္စာဆိုပြီး တိုက်ရတာကွဲ့လို့ ပြောတယ်။ ဒီတော့ မယုံရ ခက် ယုံရခက်ဖြစ်နေတယ်။ ဆရာကြီးကလဲ သိက္ခာရှိရှိ ဣန္ဒြေရရ တည့်တည် ကြီး စိတ်ပါလက်ပါပြောနေတော့ ရယ်လဲ မရယ်ရဲဘူး၊ ရယ်လဲ သိပ်ရယ် ချင်နေတာဘဲ။

ဒါပေမယ်လို့ ဆရာကြီးကွယ်လွန်ပြီးနောက် အိမ်နီးနားချင်းကလေး မကလေးတယောက် အိမ်ထောင်ကျသွားတယ်။ သားဦးကလေး ဖွားတဲ့အခါ ရပ်ထဲရွာထဲက တတ်သိလိမ်မာတဲ့ ဝမ်းဆွဲဆရာမကြီးတွေခေါ်ပြီး ဖွားတော့ လဲ မဖွားနိုင်ရှာဘူး။ အိမ်နီးပါးချင်းဆိုတော့ ညည်းသံ ညူသံ အော်သံတွေ ကို ကြားနေရတယ်။ ဒီတော့ တော်တော် စိတ်မချမ်းမသာလဲ ဖြစ်မိတယ်။ သနားလဲ သနားတယ်။ မြန်မြန် သားဖွားစေချင်တယ်။ ဝမ်းဆွဲဆရာမတွေ နှင့် ဆရာဝန်တွေကလဲ မတတ်နိုင်ကြဘူး။

ဒီတော့မှ ငယ်ငယ်က ဆရာကြီးထံမှ သင်ထားတဲ့ ပညာကို သတိ သွားရတယ်။ ဘုရားရှေ့သွားပြီး သရဏဂုံ သီလဆောက်တည် မေတ္တာပို့ အမျှဝေပြီး ရေတခွက်ကို ကိုင်ပြီး ခုနစ်ကြိမ်လောက် ဆရာကြီး သင်ပေးတဲ့ အတိုင်း သစ္စာဆိုပြီး ''ဒီသစ္စာရေကို ယုံယုံကြည်ကြည် လေးလေးစားစားနဲ့ မီးဖွားဆေးအမှတ် အခုသောက်လျှင် အခုဖွားတယ်''လို့ ပြောပြီး သွား ပေးလိုက်တယ်။

ရေတခွက်လဲကုန်ရော လွယ်လွယ်ကူကူနဲ့ ကလေးမလဲ သားကလေး ဖွားလာတာပါဘဲ။ ဒီတော့ အများကဘဲ အံ့အားသင့်နေကြတယ်။ ဒါဘာ

ဖြစ်လို့ မီးဖွားသလဲဆိုတော့ သစ္စာဆိုတဲ့အခါမှာ ချမ်းချမ်းသာသာနဲ့မြန်မြန် ဖွားပါစေဆိုတဲ့ မေတ္တာ စေတနာကလဲ သိပ်ပြင်းပြင်းပြပြနှင့်သစ္စာဆိုတယ်။

သောက်တဲ့သူကလဲ ဒီသစ္စာရေကို ဆေးအဖြစ် အားကိုးအားထား ကြီး တခုဘဲလို့ အကြွင်းမဲ့ ယုံယုံကြည်ကြည်နှင့် သောက်တယ်၊ သစ္စာဆိုတဲ့ လူကလဲ စေတနာသန်တယ်၊ သောက်တဲ့လူကလဲ အလွန်ယုံကြည်တယ်။ ဒါ ကြောင့် ဖွားတာဖြစ်မှာပါဘဲလို့ မန္တလေး ဗရိယတ္တိ အသင်းကြီးရဲ့ အတွင်း ရေးကိုင်ချုပ် သံတဲအင်္ဂလိပ်ကျောင်းဆရာကြီး 'ဦးဘသိုက်' က ကိုယ်တွေ့ သစ္စာအစွမ်းအကြောင်းကို ပြောဘူးပါတယ်။

ယခု ဒီစာကိုရေးတဲ့ ၁၉၃၁-ခုနှစ်ကနေပြီး ရေတွက်ကြည့်လျှင် လွန် ခဲ့တဲ့ ၄၄-နှစ်လောက်က မြန်မာပြည်အတွင်းမှာပင် စေတနာမေတ္တာ သန် သန်နှင့် သစ္စာဆိုလို့ အစွမ်းသတ္တိရှိတဲ့ အကြောင်းပါဘဲ။

မှတ်ချက်။ ။အတုမရှိ နိဗ္ဗာန်အထိ တန်းအားအဖြစ် အသုံးပြု နိုင်သော သစ္စာအင်အားကြီးကို သေးသေးလုပ်၍ သာမန် ကယ်တင် ရုံ လူသားအကျိုးပြုရုံမျှဖြင့် အားရကျေနပ်၍ အင်အားကို နှခမ်း မသတ်သင့်။

## ဂျပန်ကို တော်လှန်သော အမှန်တရား

ခုနက သိပေါ်ပေါ်ပေါ်တော်မူပြီး နောက်ပိုင်းလောက်မှာပင် သစ္စာစွမ်းအင် ဘယ်လောက်ရှိကြောင်းဆိုတာကို ပြောခဲ့ပြီးပြီ။ အခု ဒုတိယကမ္ဘာစစ် အတွင်း မှာ သစ္စာအစွမ်းကြောင့်သာ ဂျပန်လက်ချက်နဲ့ အသက်မသေခဲ့ရတဲ့ သာဓက (သက်သေ)တခု ပြောပြရအုံးမယ်။

ဒုတိယ ကမ္ဘာစစ်အတွင်းမှာ ဂျပန်တွေ နောက်ဆုတ်လာခဲ့ရတဲ့ ၁၉၄၅-ခုနှစ်လောက် က အဖြစ်အပျက်တခုဘဲ။ လွန်ခဲ့တဲ့ ၂၅-နှစ်လောက် က အဖြစ်အပျက်တခုဘဲ၊ ကာယ်ဖြစ်ခဲ့တဲ့အကြောင်းပေါ့။ ဘာမှမကြာ သေးပါဘူး။

အင်္ဂလိပ်တွေ မြန်မာပြည်က စွန့်ခွာသွားပြီးတဲ့နောက် ဂျပန်တွေက လွှမ်းမိုးနေတယ်။ မဟာမိတ်တွေ တက်လာပြန်တော့ ဂျပန်တွေ နောက်ဆုတ် ရတဲ့ အခါကြီးပေါ့။

အဲဒီတုန်းက မဟာမိတ်တွေက ထိုင်းပြည်လုံးဗုံးကျဲနေတော့ ထိုစက်သေနတ်ပိုး တွေ တဖန်ပြန်ပြီး ကြဲလာတဲ့အခါဖြစ်ပေတော့ လူတွေဟာ ပြို့တွေမှာ မနေ ရဲကြတော့ဘဲ တောဘက် ပြောင်းကြ ရွှေ့ကြ ပြေးကြ လွှားကြ ဖို့အောင်း နေရတဲ့အခါဘဲ။

ဒီတော့ မိတ္တီလာ အရှေ့ဘက်က တောမရွာသူရွာသားး၊ လက်ပံ ခေါင်း ရွာသူရွာသားများလဲ မြို့နဲ့ဝေးတဲ့ ခင်လှူးမြောက်ပင်ဘက် ပြောင်း ရွှေ့နေကြတယ်။ တချို့လဲ ရွာထဲ၊ တချို့လဲ ရွာနဲ့ မနီးမဝေး ဖို့အောင်းလို့ လွတ်လောက်မယ့်နေရာ ပြောင်းရွှေ့နေကြတယ်။

ဒီတခါမှာလက်ပံခေါင်းရွာက(............)တို့လဲခင်လှူးရွာနဲ့မနီးမဝေး အရိပ်အာဝါသကောင်းတဲ့ သစ်ပင်ကြီးတပင်အောက်မှာ ဖျာဖျဲ့ ကျူတိုး ကျဲတဲနေသာရုံ တဲကလေးထိုးနေကြတယ်။ တဲကလေးရှိတဲ့ဘက်သို့ နေ့လယ် နေပူကြီးထဲမှာ ဂျပန်နှစ်ယောက် လျှောက်လာတာကို အဝေးက ရေးရေး မြင်ရတယ်။ တဲထဲရောက်လာတဲ့အခါ စေတနာနဲ့ ရှိတဲ့ ထမင်းဟင်းများကို ကျွေးလိုက်တယ်။

ထမင်းစားပြီးတော့ သူတို့ခေါ်လို့ လိုက်သွားရပြန်တယ်။ဘယ်သွား ရမှန်းတော့ မသိဘူး၊ စိတ်ထဲက ကူလီလုပ်ခိုင်းဖို့ ခေါ်တယ်ထင်လို့ ကြောက် စိတ် စိုးရိမ်စိတ်တော့ မရှိသေးဘူး။ ခင်လှူးတဖက်ကမ်းက ဘုန်းကြီးကျောင်း ထဲရောက်တော့ ဂျပန် ၁၅၀-လောက်ကို တွေ့ရတယ်။

ဟိုရောက်တော့ "သူလျှိုဘယ်မှာရှိသလဲ" လို့ မေးတယ်။ "မသိဘူး" လို့ ပြောလိုက်တယ်။ သူတို့မျက်နှာတွေက မသင်္ကာစိတ်ရှိနေပုံပေါ်တယ်၊ သူတို့ ဝိုင်းနေကြတဲ့ အလယ်မှာ နေရတယ်၊ဒီတော့မှ ကြောက်စိတ် စိုးရိမ် စိတ်တွေ ဖြစ်ပေါ်လာတယ်၊ပြေးစရာလဲအပေါက်မရှိဘူး၊ ပြေးလို့လဲ လွတ် မှာ မဟုတ်ဘူး၊ ဘယ်သူ့မှလဲ အားကိုးဘို့မမြင်ဘူး။

ဒီတော့မှ တတ်သရွေ့မှတ်သရွေ့ ဘုရားရှိခိုး,ပရိတ်ကြီးကိုရွတ်တယ်၊ "ဘုရားကိုဘဲကယ်တော်မူပါ" လို့ အားပြုနေရတယ်။ ဒီတခါမှာ ငယ်ငယ် က ကြားဘူးတာကလေး တခု သွားသတိရတယ်။ ဘာလဲဆိုတော့ အဖေတို့ ဘကြီးတို့ ပြောနေကြတဲ့ စကားထဲမှာ-

"ငုံးမင်း သစ္စာဆိုလို့ မီးကွင်းတယ်။
ငါးရံ့မင်း သစ္စာဆိုလို့ မိုးသည်းရွာတယ်။
ဇနက္ကမင်း သစ္စာဆိုလို့ ထောင်ပွင့်တယ်"

ဆိုတဲ့စကားသွားသတိရတယ်။ ဒါနဲ့သစ္စာဆိုတယ်။ ဘယ်လိုသစ္စာဆိုလိုက်သလဲဆိုတော့–

## သစ္စာဆိုပုံ

၁။ "ငါသည် သူလျှိုမဟုတ်ပါ၊ သူလျှိုလဲမလုပ်ပါ၊ဒီသစ္စာ
အတိုင်းမှန်ရင်ဂျပန်လက်နက်နှင့် အသက်မသေပါစေနှင့်။
၂။ ငါဂျပန်နှစ်ယောက်ကို စေတနာနဲ့ ထမင်းကျွေးတာ
မှန်ရင် ဂျပန်လက်ချက်နဲ့ အသက်မသေပါစေနှင့်"

ဒီလို သစ္စာဆိုပြီးနောက် ကြောက်စိတ်လဲ နဲနဲပျောက်သွားတယ်၊ စိတ်က ရဲလာဘယ်။ဘာလို့ ရဲစိတ်ပေါ်လာသလဲ ဆိုတော့၊ "ငါမှန်တာကို သစ္စာဆိုဘာ။ ကေန် ငါမသေနိုင်ဘူး"လို့ ယုံကြည်လာတယ်။ဒါ့ကြောင့် စိတ်ရဲလာတယ်။

ညနေစောင်းတော့ သူတို့ ထမင်းစားနေကြတယ်။ဒါပေမယ့်ကျွ တော်တို့ကိုမကျွေးဘူး။ သူတို့သာ စားနေကြတယ်။ ဒီတော့မှ သူတို့ကိုမ ကြည့်ဘူး၊ စိတ်မချဘူး၊ လွတ်ပေါက် ပြေးပေါက်ကိုသာ ကြည့်နေ တာဘဲ။ သူတို့ကလဲ အလစ်မပေးဘူး။ တဖြေးဖြေးနှင့် ညနေလဲစောင်းပြီးနေလဲဝင် လာပြီ။ ပြေးလဲ မပြေးသာဘူး။

နေဝင်ကထဲက တတ်သမျှ မှတ်သမျှ ပရိတ်ရွတ်လိုက် သစ္စာဆိုလိုက်၊ ဘုရားရှိခိုးလိုက် သစ္စာဆိုလိုက်သာ လုပ်နေရတယ်။တရေးမှလဲ အိပ်မပျော် ဘူး၊အိပ်လဲမအိပ်ဘူး၊ သူတို့ အရိပ်အခြေကိုသာ ကြည့်နေရတယ်။

ညသန်းကောင်ကျော်လောက်ရောက်တော့ ဟိုဘက်ကမ်းက ကားသံ တွေကြားဘယ်။အဲဒီကားတွေလာတော့ သူတို့ကြည့်ရတာ တော်တော်ဝမ်း သာနေပုံပေါ်တယ်။သူတို့လက်နက် ကိရိယာတွေဆွဲ အထုပ်အပိုးတွေယူပြီး အပြေးအလွှား ကက်သွားကြတယ်။

ဒါပေမယ့် ဂျပန်စစ်ဗိုလ်တယောက်က ဘာလာပြောမှန်းတော့မသိ ဘူး။ သူလာပြောတော့ ဂျပန်နှစ်ယောက်က လာခေါ်သွားတာဘဲ။ တော် တော်ဝေးတော့ကျင်းတခုတူးထားတာတွေ့တယ်။အဲဒီကျင်းထဲကို ဆင်းခိုင်း ပြီး အပေါ်က မြေတွေနဲ့ဖို့တာဘဲ။ပြေးမလို့လုပ်တော့သေနတ်နဲ့ပစ်တယ်၊ သေနတ်က ဂိ မထွက်ဘူး၊ မီးမထွက်တော့ ပေါက်ချွန်းနဲ့ ပေါက်တာပါဘဲ။ လက်နဲ့ဆီးကာထားတော့ သေလောက်အောင် သေသေချာချာတော့

မထိဘူး၊ ဒါပေမယ့် ခေါင်းကွဲပြီး တခါထဲ လဲသွားတယ်။ ဒီတော့ သေချင်ဟန်ဆောင်နေရတယ်၊ နောက်ထပ် မပေါက်ဘူး၊ ဒါတောင် အနားမှာ နှစ်ခေါက်သုံးခေါက် လျှောက်နေသေးတယ်။

သူတို့သွားလို့ တော်တော်ဝေးမှ မမြင်အောင် လေးဘက်တွားပြီး ကုန်းသွားရတယ်၊ ချုံတွေ ဆူးခက်တွေကြားထဲက ပုန်းလျှိုးကွယ်လျှိုးသွားရတယ်၊ တော်တော်ဝေးဝေး သွားမိတော့မှ ဘုန်းကြီးကျောင်းထဲ ရောက်သွားတယ်၊ ဒီတော့ လင်းလုခါနီး ဖြစ်နေတယ်။

မိုးလင်းတော့ မိတ္ထီလာမှာ မဟာမိတ်တပ်တွေ ရောက်နေပြီလို့ သတင်းကြားတာဘဲ။ ဒီတော့မှ ဆေးယည့်ရအောင် မိတ္ထီလာကိုသွားတယ်၊ ရောက်တော့ ဂျပန်ကွေ့အကြောင်း မေးကြတယ်။ မဟာမိတ်တပ်နဲ့ ပါလာတဲ့ ဆရာဝန်က ကောင်းကောင်းမွန်မွန် ကုသ ပေးပါတယ်၊ ထမင်းလဲ ကျွေးပါတယ်။

ရောဂါပျောက်တော့ လူ့ဘဝကြီးကို တော်တော် ကြောက်သွားတယ်၊ နောက်တခါ လူပြန်မဖြစ်ချင်ဘူး၊ ဖြစ်ရမှာကိုလဲ ကြောက်နေတယ်။ မကြောက်ဘဲနေပါ့ပလား။

အခုလို တိုင်းပျက် ပြည်ပျက် ကာလပျက်ကြီးထဲ ရောက်တော့ ဘယ်မိတ်ဆွေ ဘယ်သူငယ်ချင်းမှလဲ အားကိုးလို့မရဘူး၊ ကိုယ်ဖြစ်ရင် ကိုယ်ခံဘဲ၊ ဆွေမျိုးတွေ ရှိတယ်ဆိုပြီး ဆွေမျိုးလဲ အားကိုးလို့ မရဘူး၊ ပစ္စည်းရှိတယ်ဆိုပြီး ပစ္စည်းလဲ အားကိုးလို့ မရဘူး၊ အခုတော့ အမေပြောတဲ့ အသက်မရှိပါဘူး၊ "သစ္စာအသက်ဘဲ" ရှိပါတော့တယ်။

ငယ်ငယ်ကတော့ ဒီလိုသစ္စာတရား၊ မေတ္တာတရားဆိုတာကို လူကြီးပြောသံ ဆိုသံတော့ကြားပါရဲ့ နားမထောင်ချင်ဘူး နားခါးတယ်။ အစတုန်းကတော့ ဒီလို အဖိုးတန်မှန်းမသိခဲ့ပါဘူး။

ဘယ်မိန်းမ ဘယ်လောက်လှတယ်၊ ဝတယ်၊ ချောကယ်ဆိုတာ နားထောင် နေချင်တာဘဲ။ နောက်ပြီးတော့ သွားချင်တဲ့နေရာသွား၊ စားချင်တာစား၊ နေချင်သလိုနေ၊ သောက်ချင်တိုင်း သောက်နေရရင် ပျော်နေတာဘဲ။ ဒါတွေကို ကောင်းတယ်လို့ အောက်မေ့နေတာပါဘဲ။ ဒါနဲ့ဘဲဒီလောက်အသက်ကြီးလာတာပါဘဲ။

အခုတော့ အဲဒီလိုနေတဲ့ သူတွေကိုဘဲ သနားမိတယ်၊ ဒါပေမယ့်လို့ သူတို့တတွေက ဒီလို ဒုက္ခနဲ့လဲ မတွေ့၊ ဒီလို သစ္စာတရား အဖိုးတန်မှန်းလဲ မသိကော့ ပြောလို့ ဟောလို့ မရဘူး။ ကိုယ်ကလဲ အစက သူတို့လိုဘဲ

သောက်စားမှုးယစ်လာခဲ့တော့ ပြောလို့မဖြစ်ပါဘူး၊ ဒါ့ကြောင့်အခုတော့ "ကိုယ်လွတ် ရုံးတော့မယ်ဆိုပြီး သက်န်းဝတ်လိုက် တာပါဘဲ"လို့ ပြောပြတယ်။

ခေတ်ပျက် ပေမယ့်လို့ သစ္စာ အစွမ်းသတ္တိ ကတော့ မပျက်ပါဘူး၊ ဘယ်ခေတ်မှာ မဆို သစ္စာဟာ တန်ဘိုးရှိနေတာပါဘဲ။

ဒါ့ကြောင့် သိချင်လျှင် မိတ္ထီလာမြို့နယ် တောမရွာမှာ အခုသက်န်းဝတ်နေပါတယ်၊ သွားလျှောက်ကြည့်လျှင် မည်သူမဆို သိနိုင်ပါတယ်။

## သူပုန်ဗိုလ်၏ သစ္စာ

အခု ကိုယ့်သစ္စာ ကိုယ့်ဆေး ကိုယ်သောက်လို့ သေလောက်တဲ့ ရောဂါ ပျောက်ခဲ့တဲ့ သူပုန်ဗိုလ်တယောက်အကြောင်း ပြောရအုံးမယ်။

လွတ်လပ်ရေး ရပြီးတဲ့နောက် နှစ် အနည်းငယ်လောက် အကြာ ၁၃၁၀–ခုနှစ်မှာ စစ်တပ်အချို့ တောခိုသွားခဲ့တယ်။ အဲဒီအထဲ တပ်ရင်း (၆)က ပဲခူးကနေပြီး တောခိုတယ်။ တပ်သား မောင်စံတင်လဲ ပဲခူး ကျောက်တိုင်ကန်ရွာမှာ နေရာက ပါသွားတယ်။ တောတွင်းရောက်တော့ ဒု–တပ်ခွဲမှူးအဆင့် ပေးတယ်။

တောခိုလို့ တနှစ်လောက်အကြာမှာ ပြည်ခရိုင် ပေါက်ခေါင်း အရှေ့တောင်ဘက် ရိုးမတောင်ပေါ်က ဝါးရုံပင် ဆိုတဲ့ရွာမှာ အသဲအသန် ဖျားတာဘဲ။

ဒီလိုဖျားတဲ့အခါ ဆရာဝန်များက ကုလို့တော့ဖြင့် မရတော့ဘူး ဆိုတဲ့စကား သဲ့သဲ့ကြားလိုက်တယ်။ ဒီတော့ "ဩော်....နာဘေး နှိပ်စက် လာရင် ဘယ်သူမှ မကယ်နိုင်ပါလား၊ ဘုရား တရားမှတပါး အားကိုးရာ မရှိတော့ပါလား"လို့ အောက်မေ့မိတယ်။

သူပုန်ဗိုလ်တယောက်က ဘာဖြစ်လို့ ဘုရား တရားအောက်မေ့သလဲ ဆိုတော့ ဇာတိက မန္တလေးတောင်ပြင် ချမ်းမြသာစည် အရပ်သား။ သာသနာ အလွန်ထွန်းကားတဲ့နေရာက မွေးဖွားလာတဲ့သူဖြစ်လို့ စစ်သား, ဝစ်ဗိုလ်, သူပုန်ဘဝ ရောက်ပေမယ်လို့ အရေးတစုံ ကိုယ်၌ ကြုံလာတော့ ဘုရားဂုဏ် တရားဂုဏ်ကို အောက်မေ့တတ်တာဘဲ။

ဒီလို ဘုရားဂုဏ် အောက်မေ့နေရာက ငယ်စဉ်က တောင်သူလုပ်ပြီး မိဘကို ကျွေးခဲ့ရတာတွေလဲ တွေးမိပြန်တယ်။ အခု သူပုန်ဘဝနဲ့ တောထဲ ရောက်နေတော့ မိဘနဲ့ လဲဝေး ကျွေးလဲ မကျွေးနိုင်တာတွေကို တွေးမိပြန် တယ်။ ဒါတွေဟာ အမှန်တွေဖြစ်လို့ သစ္စာပြုရရင်တော့ ကယ်မည့်သူ ပေါ်လာမှာဘဲလို့ ထင်မိပြန်တယ်။ ဒါနဲ့ သစ္စာပြုလိုက်တယ်။

## သစ္စာ ပြုပုံ

"ငယ်စဉ်က မိဘကို တောင်သူ လုပ်ကျွေးခဲ့တာ မှန်
ကယ်။ အခု မကျွေးနိုင်တာမှန်တယ်။ ဘုရားကယ်တော်မူပါ။
ကယ်သူ ပေါ်ပါစေ။ နောက်ကို မိဘကျွေးဘို့ ကံရှိသေးရင်
ဘုရားကယ်တော်မူပါ။ ကယ်သူ ပေါ်ပါစေ"

ဒီလို သစ္စာပြုရင်း အိပ်ပျော်သွားတယ်။ "မေ့ကနဲ" ဖြစ်သွား လို့ အိပ်ပျော်တယ် ထင်တာဘဲ။ ဒီတော့ ဝတ်ဖြူစင်ကြယ်နဲ့ လူကာယောက် လာတယ်။

"ဘာဖြစ်သလဲ"လို့ သူကမေးတယ်။

"ဖျားနေကယ်၊ သေဘို့သာ ရှိတယ်"လို့ ပြောလိုက်တယ်။ဒီတော့–

"မင်း ဘုရားမမေ့တဲ့အကောင်၊ မိဘလုပ်ကျွေးခဲ့တဲ့ အကောင်၊ အခု လုပ်ကျွေးချင်စိတ် ရှိတဲ့အကောင်၊ အားမငယ်နဲ့"လို့ ပြောတယ်။

သူက အိမ်ရှေ့က လမ်းမကြီးကို ပြတယ်။ ဒီလမ်းအတိုင်း သွားခိုင်း တယ်။ သွားတော့ တံဘားတခု တွေ့တယ်။ တံတားက ကျော်တော့ ကျောင်း ဝိုင်းကို တွေ့ဘယ်။ တံတားနားမှာ ဝင်းဝင်းဝါဝါ အသီးတွေကို တွေ့ တယ်။ ကွမ်းသီးလုံးလောက် ရှိတယ်။

"ဒါတွေကို စားတော့"လို့ ပြောတယ်။ အိပ်ရာကနိုးတော့ မျက်စိ ထဲ တရေးရေး မြင်နေတယ်။ မနက်လင်းတော့ 'မိုးသီး' ဆိုတဲ့ တပည့် တယောက်ကို နှိုးပြီး သွားခူးခိုင်းတယ်"

"ဆရာ၊ ဆရာတခါမှ မရောက်ဘူးဘဲနဲ့ ဘယ်လိုလုပ် သိသလဲ"လို့ မေးတယ်"

"အို....မရောက်ဘူးပေမယ်လို့ ငါပြောတဲ့အတိုင်းသာသွား။ တွေ့တဲ့ အသီးသာ ခူးခဲ့"လို့ ခိုင်းလိုက်တယ်။

ညက မြင်တဲ့ လမ်းဟာ ရှာကထွက်တော့ ခြေလှမ်း နှစ်ရာ သုံးရာ လောက်မှာ တကယ်ရှိနေတယ်။ မိုးသီးကျ ခိုင်းတဲ့ လမ်းအတိုင်းသွားတယ်။ တံဘားလဲတွေ့တယ်။ ကျောင်းဝိုင်းလဲတွေ့တယ်။ တံတားနားက သီးနေတဲ့ အပင်က ခူးခဲ့ဆို၍ ဝင်းဝင်းဝါဝါ ထိန်နေအောင် သီးနေတဲ့ သံပုရာသီး တွေကိုခါပိုက်နဲ့ တလုံး ခူးလာခဲ့တယ်။

ခွဲခွဲပြီး အရေတွေညှစ်လိုက်တာ လက်ဖက်ရည်ပန်းကန် တလုံး လောက်ရတော့ ဆားထည့်ပြီး သောက်တော့မယ်လို့ လုပ်နေတဲ့အခါ အိမ်ရှင် အဖိုးကြီးက-

“ဘာလုပ်မလို့လဲ ၊ဒါတွေသောက်လို့ဖြစ်ပါ့မလား”လို့ ပြောတယ်။

“အိပ်မက်အရမို့ သောက်မယ်လို့”ပြန်ပြောလိုက်တယ်။အဖိုးကြီးက-

“ဒီလိုဆိုရင် ငြုတ်သီးထည့်စား”လို့ ပြောတယ်။ဒါနဲ့ဘဲ ငြုတ်သီး တွေထည့်စားလိုက်ဘယ်။ တခါထဲ အဖျားလဲ ပြတ်သွားတာပါဘဲ။

၁၃၁၃-ခုနှစ်လောက်ရောက်တော့ ကျောက်ဆည် ဘက်ကနေပြီး မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှာ လက်နက်ချ အလင်းဝင်လာကြတာ ပါဘဲ။ အခုတော့ ရှမ်းပြည်မြောက်ပိုင်း လာရှိုးမြို့မှာ ကောင်းရောင်း ကောင်းဝယ် လုပ်ကိုင် စားသောက်နေတယ်။

တတ်နိုင်သလောက် သီတင်းသီလများ ဆောက်တည်နေတယ်။ ပြည် နယ်သားလေးတွေ ကောင်းကျိုးအတွက် လုပ်ကိုင် ဆောင်ရွက်ပေးနေတဲ့ မြို့မ ပရဟိတ ကျောင်းအုပ်ချုပ်ရေးအဖွဲ့ထဲမှာ လူကြီးတယောက်အဖြစ်နဲ့ ဆောင်ရွက်နေတယ်။

ပညာမျက်စိမပွင့်သေးတဲ့ လူဟာ ဘယ်သူမဆို မှန်တာ မှားတာ၊ ကောင်းဘာဆိုးတာ ကိုယ်ပိုင်ဉာဏ်နဲ့ မဝေဘန်တတ်ဘူး။ မဝေဘန်တတ် ရင် သူများပြောသမျှယုံတယ်။ ပြောသမျှယုံရင် လမ်းကောင်းလမ်းဖြောင့် မရောက်ဘဲ။ လမ်းလွဲသွားတတ်တယ်။ လမ်းလွဲသွားရင် ဆင်းရဲတတ်တယ်။

ဒါကြောင့် ပြည်နယ်သားကလေးတွေကို သူက ပညာ တတ်စေချင် တယ်။ ပညာတတ်ကြရင် သူတို့အတွက် ကောင်းမှာဘဲလို့ သဘောရပြီး ပါ ဝင်ဆောင်ရွက်နေတယ်လို့ သူကိုယ်တိုင်က ပြောပြလိုက်တယ်။

သိချင်ကြရင် လာရှိုးမြို့ မြို့မကျောင်း တောင်ဘက် နှင်းဆီလမ်းမှာ ‘ဦးစံတင်’ဆိုတာရှိပါတယ်၊ လူချင်းတွေ့ပြီးကိုယ်တိုင် မေးမြန်းကြည့်နိုင်ပါ တယ်။

ဒါ လက်တွေ့ သစ္စာ အစွမ်းပါဘဲ။]

# ကမ္ဘာတဝှန်း၌ လိုအပ်နေသောတရား

ရန်ကုန်မြို့ သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် 'မဟာစည် ဆရာတော်ဘုရားကြီး' ဟောကြားတော်မူသည့် "ဗြဟ္မစိုရ်တရားတော်" ကို မူရင်းအတိုင်း အပြည့်အစုံ အစအဆုံး ဖော်ပြထားပါသည်။

ဆရာတော် ဘုရားကြီးသည် ထိုတရားတော်ကို မြန်မာ့အသံမှနေ၍ တနိုင်ငံ လုံးကို ဟောကြားသော တရားတော်ဖြစ်၏။ ထိုတရားတော်ကိုတနှစ် လျှင် တပိုင်းစီ (ဗြဟ္မဝိဟာရတပါးစီ) ခွဲခြား၍ လေးနှစ်တိုင်တိုင် ဝါ တွင်း လပြည့် လကွယ်နေ့များ၌ အသံလွှင့် ဟောကြားခဲ့ပါသည်။

၁။ ၁၃၂၇–ခု၊ ဝါခေါင်လပြည့် (မေတ္တာ)၊
၂။ ၁၃၂၈–ခု။ဒု-ဝါဆိုလပြည့်(ကရုဏာ)၊
၃။ ၁၃၂၉–ခု၊ တော်သလင်းလပြည့် (မုဒိတာ)၊
၄။ ၁၃၃၀–ပြည့်၊ ဝါခေါင်လကွယ်နေ့(ဥပေက္ခာ)။

ဆရာတော်ဘုရားကြီးသည် အသံလွှင့် ဟောကြား ပြီးလျှင် သာ သနာ့ရိပ်သာရှိ ယောဂီများကိုလည်း ဖလ်ယဉ်ဓမ္မာရုံကြီးတွင်ထပ်မံ၍ ဟော ပြတော်မူခဲ့ပါသည်။

'ဗြဟ္မစိုရ်တရားတော်' သည်ယနေ့ကမ္ဘာတဝှန်းလုံး အလွန်လိုအပ်နေ ပြီဟု ယူဆတော်မူ၍ လေးနှစ်တိုင်တိုင် တကမ္ဘာလုံးသို့ အသံလွှင့် ငြိမ်း မြင့် နိုးဆော်တော်မူဟန် ရှိပါသည်။ အမှန်အားဖြင့်လည်း ယနေ့ တကမ္ဘာလုံး လူတိုင်း၊ အိမ်တိုင်း၊ နိုင်ငံတိုင်းတွင် လောဘ, ဒေါသ, မောဟ အပူ ဓာတ် များသာ ဖုံးလွှမ်းနေသဖြင့် လူမှုဒုက္ခအမျိုးစုံ စုပြုံနှိပ်စက်ခြင်း ခံနေကြရ ပေသည်။

အရှိန်ပြင်းစွာ လောင်နေသော 'မီး' ကို ငြိမ်းစေနိုင်သည်မှာ 'ရေ' မှ တပါး အခြားမရှိပေ။ ထို့အတူ အမျိုးမျိုးသော ကိလေသာ အပူရှိန်များ ကို ငြိမ်းသတ်ရန်မှာလည်း ဗြဟ္မစိုရ်တရား လေးပါးမှတပါး အခြားနည်း လမ်းမရှိပါချေ။

ဆရာတော်၏ တရားတော်ကား ဗြဟ္မစိုရ်တရားနှင့်စပ်၍ မကျဉ်း မကျယ် နားလည်လွယ်၍ အလွန်မှတ်သားဘွယ် ကောင်းလှပါသည်။

ကျေးရှူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏

# မြဟ္မစိုရ် တရားတော်

## ၁–မေတ္တာပွားပုံ

ယခု ဘုန်းကြီးဟောမဲ့ တရားကတော့ ဗြဟ္မစိုရ်တရားတော် ဖြစ်ပါတယ်။ ဘုန်းကြီးက များသောအားဖြင့် 'ဝိပဿနာ'တရားကိုသာ ဟောကြားလေ့ ရှိပါတယ်။

'ဝိပဿနာ'ဆိုတာက လူတိုင်း လူတိုင်းလဲ မကျင့်နိုင်ဘူး၊ ပြီးတော့ ကျင့်တဲ့သူမှသာ အကျိုးထူးကို ရနိုင်တဲ့အတွက် ပရဟိတနှင့် မဆိုင်သလိုလဲ ဖြစ်နေပါတယ်။ ဒါ့ကြောင့် ဒီနေ့ကတော့ လူတိုင်းလဲ ကျင့်နိုင်ပြီး ပရဟိတ နှင့်လဲ ဆိုင်တဲ့ ဗြဟ္မစိုရ်တရားကို ဟောဘို့ စီစဉ်ထားပါတယ်။

'ဗြဟ္မစိုရ်တရား'ဆိုတာ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ—ဆိုတဲ့ ဒီတရား ၄-ပါးပါဘဲ။ ဒီ ၄-ပါးထဲက—

၁။ 'မေတ္တာ'ဆိုတာ သူများတွေလဲ ကိုယ်လိုဘဲ ချမ်းသာချင်ကြပေလိမ့်မယ်လို့ ကိုယ်ချင်းစာပြီးသော့ သူတပါးတွေကို ချမ်းသာစေလိုတဲ့ သဘောပါဘဲ။

၂။ 'ကရုဏာ'ဆိုတာ ကိုယ့်အောက်က လူတွေကို ကိုယ်ချင်းစာတရားနဲ့ သနားကြင်နာတဲ့ သဘောပါဘဲ။

၃။ 'မုဒိတာ'ဆိုတာ ကိုယ့်အထက်က လူတွေ၊ ကိုယ့်ထက် ပြည့်စုံတဲ့ ချမ်းသာတဲ့ လူတွေကို ချမ်းသာမြဲ ချမ်းသာကြပါစေလို့ ဝမ်းမြောက် ကြည်သာစွာနဲ့ နှလုံးသွင်းနိုင်တဲ့ သဘောပါဘဲ။

၄။ 'ဥပေက္ခာ'ဆိုတာ သတ္တဝါတွေဟာ ကိုယ်တိုင်ပြုလုပ်ထားတဲ့ အမှုကံအားလျော်စွာ ဖြစ်နေကြတာဘဲလို့ ဘက်မလိုက်ဘဲ မျှမျှတတ နှလုံးသွင်းတဲ့ သဘောပါဘဲ။

ဒီတရား၄–ပါးကို အဘိဓမ္မာဒေသနာမှာ 'အပ္ပမညာ'ဆိုတဲ့ အမည်နဲ့ ဟောထားပါတယ်။ အားလုံးသော သတ္တဝါတွေအပေါ်မှာ အကန့်အသတ်မရှိဘဲ ပွားချင်သလောက် ပွားများကောင်းတဲ့တရား၊ ပွားများဘို့ နယ်ပယ်အကန့်အသတ် မရှိတဲ့ တရားလို့ ဆိုလိုပါတယ်။

သုတ္တန် ဒေသနာ တွေမှာတော့ ဒီတရားတွေကို အများအားဖြင့် 'ဗြဟ္မဝိဟာရ' လို့ အမည်ပေးထားပါတယ်။ 'မြတ်သော နေထိုင်ရေးတရား' လို့ ဆိုလိုပါတယ်။

မဟာဂေါဝိန္ဒသုတ်မှာတော့ 'ဗြဟ္မစရိယ' လို့ အမည်ပေးထားပါတယ်။

ဒါ့ကြောင့် 'ဗြဟ္မစိုရ်တရား' လို့ ခေါ်ဝေါ်ပြောဆိုနေကြပါတယ်။ အနက်အဓိပ္ပါယ်အားဖြင့်ကတော့ 'မြတ်သောအကျင့်' လို့ ဆိုလိုပါတယ်။

## လူမျိုးဘာသာမရွေး လက်ခံတဲ့တရား

ဒီဗြဟ္မစိုရ်တရားဟာ လူမျိုးမရွေး, ဘာသာမရွေး လူတိုင်းလူတိုင်း ကျင့်သုံးတဲ့ တရားဖြစ်ပါတယ်၊ စဉ်းစားကြည့်ကြပါ၊ မိမိ၏ အကျိုးကိစ္စ ပြီးမြောက်အောင် စေတနာ့ဝန်ထမ်းသဘောဖြင့် ကူညီဆောင်ရွက်ပေးမည် ဆိုလျှင် ဘယ်သူက လက်မခံဘဲ ငြင်းပယ်မှာလဲ၊ ဘယ်သူမှ ငြင်းပယ်မှာမဟုတ်ပါဘူး၊ အားလုံး ဝမ်းမြောက်ဝမ်းသာနဲ့ လက်ခံကြမှာ ချည်းပါဘဲ၊ အဲဒါ ဘာသဘော ထင်သလဲ။

ချမ်းသာစေလိုတဲ့ မေတ္တာကို လူတိုင်းက လက်ခံနိုင်တဲ့အတွက် အဲဒီ မေတ္တာကို လူတိုင်းလူတိုင်းကျင့်သင့်တယ်ဆိုတာ ဖော်ပြနေတဲ့ သဘောပါဘဲ၊ လက်တွေ့လဲ စမ်းကြည့်နိုင်ပါတယ်။

လူတယောက်ကို ပြုံးရွှင်တဲ့မျက်နှာနဲ့ ကြည့်လျှင် အဲဒီလူကလဲ ပြုံးရွှင်တဲ့ မျက်နှာနဲ့ဘဲ ပြန်ပြီး ကြည့်ပါလိမ့်မယ်။

လူတယောက်ကို ချိုချိုသာသာနဲ့ နှုတ်ဆက်လျှင် အဲဒီလူကလဲချိုချို သာသာနဲ့ဘဲ ပြန်ပြီးနှုတ်ဆက်ပါလိမ့်မယ်။

လမ်းမသိတဲ့လူကိုလမ်းညွှန်ပြလျှင်ဖြစ်စေ၊ မီးရထား,သင်္ဘောစသည်ဖြင့် ခရီးသွားတဲ့အခါ နေရာမရတဲ့ သူကို မိမိနေရာထဲက မျှပေးလျှင်ဖြစ်စေ၊ လေးလံတဲ့ ဝန်ထုပ်ဝန်ပိုး သယ်ဆောင်လာတဲ့လူကို ဖေးမကူညီ ပေးလျှင် ဖြစ်စေ။

ဒီလို စေတနာ,မေတ္တာဖြင့် ကူညီဆောင်ရွက်ပေးလျှင် တဖက်သားပုဂ္ဂိုလ်ကဲ ကျေးဇူးတင်မည့်ပြင် မိမိကိုယ်တိုင်လဲ လူ့ကျင့်ဝတ်တရား ကျေပွန်သည့်အတွက် ဝမ်းမြောက်ဝမ်းသာခြင်း အကျိုးကို ချက်ခြင်းဘဲ ရပါလိမ့်မယ်၊ မိမိမှာ အခက်အခဲ ရှိတဲ့အခါလဲ ကူညီမည့်သူများ ပေါ်လာတတ်ပါတယ်။

---

46-ဒုတိယအကြိမ်

ဒီနည်းဖြင့် လူတိုင်းလူတိုင်းက လူ့ကျင့်ဝတ်ကိုသိပြီး မေတ္တာတရားနဲ့ အချင်းချင်း တတ်စွမ်းနိုင်သမျှ ကူညီ ဆောင်ရွက်သွားမယ် ဆိုလျှင် လူ့လောကကြီးဟာ အစဉ်ထာဝရ သာသာယာယာနဲ့ ဖြစ်သွားနိုင်ဘို့ရှိပါတယ်။ ဒါကြောင့် မေတ္တာတရားကို လူတိုင်းလူတိုင်း ကျင့်သုံးသင့်ကြောင်း ထင်ရှားပါတယ်။

ထို့အတူဘဲ ဆင်းရဲဒုက္ခရောက်နေတဲ့ လူတွေကို 'ကရုဏာ'နဲ့ သနားပြီး ကူညီစောင့်ရှောက်မယ်ဆိုလျှင် ငြင်းပယ်မည့်သူ ရှိပါမည်လား၊ မရှိနိုင်ပါဘူး၊ လက်ခံကြမှာချည်းပါဘဲ။

ပြီးတော့ ရရှိထားတဲ့ စီးပွားဉစ္စာနဲ့ ရာထူးဌာနန္တရ အလုပ်အကိုင်နဲ့ အခြေအရံ ဂုဏ်သိရ်ကျက်သရေတွေနဲ့ ခိုင်မြဲတည်တံ့ပြီး ချမ်းသာမြဲချမ်းသာနေအောင် 'မုဒိတာ'နဲ့ ဝမ်းမြောက်ကြည်သာစွာ ထောက်ခံအားပေးမည်ဆိုလျှင်ကော ငြင်းပယ်မည့်သူ ရှိနိုင်ပါမည်လား၊ မရှိပါဘူး၊ လက်ခံကြမှာ ချည်းပါဘဲ။ ဒါကြောင့် ဒီကရုဏာနှင့်မုဒိတာ'ကို လူတိုင်း လူတိုင်း ကျင့်သုံးသင့်ကြောင်း ထင်ရှားပါတယ်။

'ဥပေက္ခာ'ဆိုတာလဲ မေတ္တာ၊ ကရုဏာ၊ မုဒိတာနဲ့ ပဆောင်ရွက်နိုင်တဲ့နေရာမှာ ကျင့်သုံးသင့်တဲ့ တရားပါဘဲ။

ထင်ရှားတဲ့ သာဓကနဲ့ ပြရလျှင် လူတယောက်မှာ ရာဇဝတ်မှုရောက်နေတယ်ဆိုပါတော့၊ အဲဒီလူကို တတ်နိုင်တဲ့သူက မေတ္တာနဲ့ ကရုဏာနဲ့ အစွမ်းကုန် အကူအညီပေးသင့်ပါတယ်။ ဒါပေမယ့် ပြစ်မှုက ထင်ရှားတယ်ဆိုပြီးနောက်ဆုံးအနေနဲ့ အပြစ်ဒဏ်ပေးလိုက်တဲ့ အခါကျတော့ ကူညီနိုင်တဲ့ အခွင့်အရေးမရှိတော့ဘူး၊ အဲဒီ အခါမှာ ဒီဥပေက္ခာနဲ့သာ အညီအမျှနှလုံးသွင်းသင့်တော့တယ်၊ အပြစ်ဒဏ်ခံရတဲ့ဘက်က လိုက်ပြီး တခြား သူတွေကို အပြစ်တင် မနေသင့်တော့ဘူး။သူ့ကံအတိုင်းဘဲလို့သာ မျှတစွာ နှလုံးသွင်းသင့်တော့တယ်။

ယခု လောလောဆယ်မှာ အပြစ်မရှိဘူးလို့ ထင်ပေမယ့် ရှေးက ပြုလုပ်ထားတဲ့ အပြစ်ရှိလို့သာ ခံရတာဘဲလို့ ဒီလိုသာ တရားမျှတစွာနှလုံးသွင်းသင့်တော့တယ်။ အဲဒါ ဥပေက္ခာဘဲ။ ဒါကြောင့် ဒီဥပေက္ခာကိုလဲ အခါအားလျော်စွာ ကျင့်သုံးသင့်ပါတယ်။

## မေတ္တာသုံးမျိုး

ဒီတော့ ဗြဟ္မစိုရ်တရား ၄–ပါးကို လူတိုင်း ကျင့်သုံး သင့်တယ်ဆိုတာ ကတော့ ထင်ရှားပါပြီ။ ယခုကျင့်သုံးပုံကို အကျဉ်းချုပ်ပြောမယ်။ ဒါပေမယ့် ဒီကနေ့ကတော့ မေတ္တာတရားလောက်ဘဲ ပြောနိုင်မယ်။

မေတ္တာဆိုတာ–

(၁) ကာယကံမေတ္တာ၊

(၂) ဝစီကံမေတ္တာ၊

(၃) မနောကံမေတ္တာ လို့ ဒီလို ၃–မျိုးရှိတယ်။ ခုနကပြောခဲ့တဲ့အတိုင်း–

ကိုယ်ချင်းစာ တရားနဲ့ သူတပါးအား ချမ်းသာအောင်လို့ သူ့အကျိုးကိုကိုယ်ထိလက်ရောက် ကူညီဆောင်ရွက်ပေးနေတာဟာ '**ကာယကံမေတ္တာ**'ပါဘဲ။

သူများ နားချမ်းသာအောင် ပြောဆိုတာ၊ချမ်းသာပါစေလို့ ရွတ်ဆိုပြီး မေတ္တာပို့တာ၊ သူ့အကျိုးကိုစွ ပြီးမြောက်အောင် ညွှန်ကြားတာ၊ နှုတ်နဲ့ စီမံဆောင်ရွက်ပေးတာ။ဒါတွေဟာ'**ဝစီကံမေတ္တာ**'ပါဘဲ။

သူတပါးတွေကို ချမ်းသာကြပါစေလို့စိတ်သက်သက်နဲ့ နှလုံးသွင်းနေတာဟာ '**မနောကံမေတ္တာ**'ပါဘဲ။ ဒီမနောကံမေတ္တာကိုတော့ အခါခပ်သိမ်း ပွားများနိုင်ပါတယ်။

ဒီမနောကံ မေတ္တာကို ပွားများတာကလဲ–

၁။ ဈာန်ရအောင် ပွားများတာရယ်၊

၂။ ဘေးကင်း ရန်ကင်း ပါရမီဖြစ် ကုသိုလ်ဖြစ် ပွားများတာရယ်။

ဒီလို နှစ်မျိုးရှိပါတယ်။

ဈာန်ရအောင် ပွားများနည်းကိုတော့ ယခုလို တိုတောင်းတဲ့အချိန်ကလေးမှာ ပြည့်စုံအောင် မပြောနိုင်ပါဘူး။ ဒါကြောင့် ယခု ဘေးကင်း ရန်ကင်း ပါရမီဖြစ် ကုသိုလ်ဖြစ်ပွားပုံကိုဘဲ ပြောမယ်။

တွေ့မြင်ရသမျှလူတွေကိုအာရုံပြုပြီး"ချမ်းသာကြပါစေ၊ချမ်းသာကြပါစေ"လို့ ဒီလိုလဲ ပွားများနိုင်ပါတယ်။

အမိ၊ အဘ၊ ဆရာသမား စသည်ကို အာရုံပြုပြီးတော့ "ချမ်းသာကြပါစေ၊ချမ်းသာကြပါစေ"လို့ ဒီလိုလဲ ပွားများနိုင်ပါတယ်။

ကိုယ်မေတ္တာပို့ချင်တဲ့လူတွေကို အာရုံပြုပြီးတော့"တို့အိမ်ကလူတွေ

ချမ်းသာကြပါစေ၊ တို့အရပ်ကလူတွေ ချမ်းသာကြပါစေ၊တို့မြို့က တို့ရွာက လူတွေချမ်းသာကြပါစေ''စသည်ဖြင့်လဲ့ ပွားများနိုင်ပါတယ်။

တဦးတယောက်ကိုဖြစ်စေ၊အများကိုဖြစ်စေ အာရုံပြုပြီးဒီလိုတကြိမ် နှလုံးသွင်းလျှင် ပါရမီကုသိုလ်တကြိမ်ဖြစ်တယ်၊ ဆယ်ကြိမ် နှလုံးသွင်းလျှင် ဆယ်ကြိမ်ဖြစ်တယ်၊ အကြိမ်တရာ နှလုံးသွင်းလျှင် အကြိမ်တရာ ဖြစ်တယ်။ သွားရင်းလာရင်းလဲ မေတ္တာကို ပွားနိုင်တယ်။

ဒါပေမယ့် အထူးသတိပြုဘို့ကတော့ 'ချမ်းသာပါစေ'လို့ စိတ်နဲ့ သာ မေတ္တာပွားပြီးတော့ သူတပါးတွေ နားမချမ်းသာအောင်၊ဆင်းရဲဒုက္ခ ရောက်အောင် ပြောဆိုပြုလုပ်နေလျှင်တော့အဲဒါဟာ'မေတ္တာ့အစစ်'မဖြစ် ဘူး။ စိတ်နဲ့ချမ်းသာပါစေလို့ မေတ္တာပို့တဲ့ အတိုင်း ကိုယ်နဲ့ နှုတ်နဲ့ရော သူတပါးချမ်းသာအောင် တတ်နိုင်သမျှ ဆောင်ရွက်နိုင်မှ မေတ္တာအစစ် အောင်အောင်မြင်မြင် ဖြစ်တယ်လို့လဲ မှတ်ရမယ်။

## ၅၂၈-သွယ် ပွားပုံ

ယခုထက်ကျယ်ပြန့်တဲ့ ငါးရာ့နှစ်ဆယ် ရှစ်သွယ်မေတ္တာ ပို့ပုံကို အတိုချုံးပြီး ပြောဦးမယ်။

(၁) ''သဗ္ဗေ သတ္တာ=အားလုံးသတ္တဝါတွေ၊ အဝေရာ ဟောန္တု=ရန်ကင်းကြပါစေ'' ဒီလိုနှလုံးသွင်းတာကမေတ္တာ တပါး။

(၂) ''အဗျာပဇ္ဈာ ဟောန္တု=စိတ်ဆင်းရဲကင်းကြပါစေ'' ဒါကလဲ မေတ္တာတပါး။

(စိတ်ဆင်းရဲဆိုတာ စိတ်ညစ်တာ၊ စိတ်ပူတာ၊ ဝမ်းနဲတာ၊ကြောက် လန့်တာ၊ ချစ်တဲ့သူတွေနဲ့ ကွဲနေရလို့ စိုးရိမ်ပူဆွေးနေတာ၊ စီးပွားဥစ္စာတွေ ဆုံးရှုံးပျက်စီးလို့ စိတ်နှလုံး ထိခိုက်နေတာ၊ ဒီလိုဟာတွေပါဘဲ။ အဲဒီလို စိတ်ဆင်းရဲတွေ ကင်းကြပါစေလို့ ဆိုလိုပါတယ်။)

(၃) ''အနီဃာဟောန္တု=ကိုယ်ဆင်းရဲ ကင်းကြပါစေ'' ဒါကလဲ မေတ္တာတပါး။

(၄) ''သုခီ အတ္တာနံ ပရိဟရန္တု=ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ဆောင်ရွက်နိုင်ကြပါစေ'' ဒါကလဲ မေတ္တာ တပါး။

(သတ္တဝါတွေမှာ မိမိတို့ခန္ဓာဝန်ကို ဆောင်ရွက် နေကြရတာဟာ အင်မတန် ဝန်လေးပါတယ်၊ ဒီခန္ဓာဝန်အတွက် စား၊ ဝတ်၊ နေရေး၊ ကျန်းမာရေး ပြည့်စုံအောင် ရှာကြံ နေကြရတာဟာ အင်မတန် ဆင်းရဲပါတယ်။ အဲဒီ ဆင်းရဲဒုက္ခတွေမှကင်းဝေးပြီး ချမ်းချမ်းသာသာနဲ့ မိမိတို့ခန္ဓာဝန်ကို ဆောင်ရွက်နိုင်ကြပါစေလို့ ဆိုလိုပါတယ်)။

အဲ-ယခု ပြောခဲ့တာတွေဟာ သတ္တဝါအားလုံးကိုအာရုံပြုပြီးမေတ္တာပွားပုံ လေးပါးတဲ့။

ထို့အတူဘဲ-

(၂) "သဗ္ဗေ ပါဏာ=အားလုံး အသက်ရှိသူတွေ၊
(၃) "သဗ္ဗေ ဘူတာ=အားလုံး ထင်ရှားသူတွေ၊
(၄) "သဗ္ဗေ ပုဂ္ဂလာ=အားလုံး ပုဂ္ဂိုလ်တွေ၊
(၅) "သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ= အားလုံး ခန္ဓာကိုယ် အတ္တဘောရှိသူတွေ"

ဆိုတဲ့ ဒီ၄-ပုဒ်နဲ့လဲ ခုနက မေတ္တာပွားပုံ ၄-ပါးကို အသီးသီးတွဲပြီး မေတ္တာပို့ရပါတယ်။ ဒါကြောင့် သတ္တ ပါဏ အစရှိတဲ့ မူလပုဒ်ငါးခုကို ခုနက မေတ္တာ လေးလိနဲ့မြှောက်လိုက်လျှင်မေတ္တာပေါင်း ၂၀-ရပါတယ်။ အဲဒါ တွေဟာသတ္တဝါအားလုံးကိုချည်း ရည်ညွှန်းတဲ့အတွက် အနောဓိသမေတ္တာလို့ ခေါ်တယ်။ အပိုင်းအခြား အကန့်အသတ်မရှိတဲ့ မေတ္တာလို့ ဆိုလိုပါတယ်။

နောက်ပြီးတော့-

(၁) "သဗ္ဗာ ဣတ္ထိယော=အားလုံး အမျိုးသမီးတွေ"
(၂) "သဗ္ဗေ ပုရိသာ= အားလုံး အမျိုးသားတွေ"
(၃) "သဗ္ဗေ အရိယာ=အားလုံးအရိယာပုဂ္ဂိုလ်တွေ"
(၃) "သဗ္ဗေ အနရိယာ=အားလုံး ပုထုဇဉ်ပုဂ္ဂိုလ်တွေ"
(၅) "သဗ္ဗေ ဒေဝါ=အားလုံး နတ်၊ ဗြဟ္မာတွေ"
(၆) "သဗ္ဗေ မနုဿာ=အားလုံး လူသားတွေ"
(၇) "သဗ္ဗေ ဝိနိပါတိကာ=အားလုံး အပါယ်ဘုံသူ၊အပါယ် ဘုံသားတွေ"

နှစ်ပိုင်းစီခွဲပြီး ပို့တာက လေးပုဒ်၊ သုံးပိုင်းခွဲပြီးပို့တာက သုံးပုဒ်၊ ပေါင်း ခုနစ်ပုဒ်ရှိတယ်၊ အဲဒီ ခုနစ်ပုဒ်ကိုလဲ၊

"အဝေရာဟောန္တု=ရန်ကင်းကြပါစေ"

အစရှိတဲ့ မေတ္တာပွားပုံ လေးလီနဲ့ မြှောက်လိုက်တော့ ၂၈-ရတယ်။ အဲဒီ ၂၈-ပါးကတော့ အမျိုးသမီးသန့်သန့်၊ အမျိုးသားသန့်သန့်စသည်ဖြင့် ပိုင်းခြားကန့်သတ်ပြီး ပို့တဲ့အတွက် **ဩဒိသမေတ္တာ**လို့ ခေါ်တယ်။ အဲဒီ ဩဒိသ ၂၈-ပါးနဲ့ ခုနက အနောဒိသ၂၀-ကို ပေါင်းလိုက်လျှင် မေတ္တာ ၄၈-ပါးရတယ်။

ထို့အတူ–

(၁) "ပုရတ္ထိမာယ ဒိသာယ=အရှေ့အရပ်ကအားလုံးသတ္တဝါတွေ ရန်ကင်းကြပါစေ"

စသည်ဖြင့် ပို့တာကလဲ ၄၈–ပါး

(၂) "ပစ္ဆိမာယ ဒိသာယ=အနောက်အရပ်က....
(၃) "ဥတ္တရာယ ဒိသာယ=မြောက်အရပ်က....
(၄) "ဒက္ခိဏာယ ဒိသာယ=တောင်အရပ်က....
(၅) "ပုရတ္ထိမာယ အနုဒိသာယ = အရှေ့တောင်အရပ်က....
(၆) "ပစ္ဆိမာယ အနုဒိသာယ=အနောက်မြောက်အရပ်က....
(၇) "ဥတ္တရာယ အနုဒိသာယ=အရှေ့မြောက်အရပ်က....
(၈) "ဒက္ခိဏာယ အနုဒိသာယ=အနောက်တောင်အရပ်က....
(၉) "ဟေဋ္ဌိမာယ ဒိသာယ=အောက်အရပ်က....
(၁၀) "ဥပရိမာယ ဒိသာယ=အထက်အရပ်က....

တွေကလဲ နည်းတူပါဘဲ ၄၈–ပါးစီရတယ်။

ဒါကြောင့် အရပ်ဆယ်မျက်နှာမှာ မေတ္တာ၄၈၀–ရပါတယ်၊အဲဒါတွေက အရပ်မျက်နှာနဲ့ ပိုင်းခြားပြီး ဖြစ်တဲ့အတွက် 'ဒိသာဖရဏမေတ္တာ' လို့ ခေါ်တယ်။

အဲဒီ ၄၈၀-ထဲမှာ ခုနက အနောဒိသ ဩဒိသ မေတ္တာ ၄၈–ပါးကို ပေါင်းထည့်လိုက်လျှင် ၅၂၈-သွယ် မေတ္တာ ဖြစ်တယ်။

အဲဒီ ၅၂၈သွယ် မေတ္တာအရ ဘုန်းကြီးက ယခု အသံလွှင့်ရုံက နေပြီး မေတ္တာပို့မယ်၊ တရားနာနေကြတဲ့ ဓမ္မာမက ပုဂ္ဂိုလ်တွေ အားလုံးကလဲ စိတ်နဲ့လိုက်ပြီး မေတ္တာပို့ကြပါ။

၁။ "အားလုံး သတ္တဝါတွေ–ဘေးရန်ကင်းကြပါစေ၊စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

၂။ "အားလုံးအသက်ရှိသူတွေ-ဘေးရန်ကင်းကြပါစေ(....)ရှက်ဆောင်နိုင်ကြပါစေ-
၃။ "အားလုံး ထင်ရှားဖြစ်သူတွေ- ဘေးရန် ကင်းကြပါစေ(....)ရှက်ဆောင်နိုင်ကြပါစေ။
၄။ "အားလုံး ပုဂ္ဂိုလ်တွေ-ဘေးရန်ကင်းကြပါစေ(....)ရှက်ဆောင်နိုင်ကြပါစေ။
၅။ "အားလုံး ခန္ဓာကိုယ် အတ္တဘော ရှိသူတွေ-ဘေးရန် ကင်းကြပါစေ(....)ရှက်ဆောင်နိုင်ကြပါစေ။
အဲဒါတွေက 'အနောဓိသ မေတ္တာ' ၂၀-တဲ့။
၆။ "အားလုံးအမျိုးသမီးတွေ-ဘေးရန်ကင်းကြပါစေ(....)ရှက်ဆောင်နိုင်ကြပါစေ။
၇။ "အားလုံး အမျိုးသားတွေ- ဘေးရန် ကင်းကြပါစေ (....)ရှက်ဆောင်နိုင်ကြပါစေ။
၈။ "အားလုံး အရိယာ ပုဂ္ဂိုလ်တွေ-ဘေးရန် ကင်းကြပါစေ(....)ရှက်ဆောင်နိုင်ကြပါစေ။
၉။ "အားလုံး ပုထုဇဉ် ပုဂ္ဂိုလ်တွေ- ဘေးရန် ကင်းကြပါစေ(....)ရှက်ဆောင်နိုင်ကြပါစေ။
၁၀။ "အားလုံး နတ်,ဗြဟ္မာတွေ-ဘေးရန် ကင်းကြပါစေ(....)ရှက်ဆောင်နိုင်ကြပါစေ။
၁၁။ "အားလုံး လူသားတွေ-ဘေးရန် ကင်းကြပါစေ(....) ရှက်ဆောင်နိုင်ကြပါစေ။
၁၂။ "အားလုံး အပါယ်ဘုံသူ၊အပါယ်ဘုံသားတွေ- ဘေးရန် ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ခန္ဓာဝန်ကို ရှက်ဆောင်နိုင်ကြပါစေ။"
ဒါတွေက 'ဩဒိသ မေတ္တာ' ၂၈-ပါးတဲ့။
ယခုအရပ်မျက်နှာဆယ်ပါးနဲ့ မေတ္တာပို့ပုံကိုအတိုချုံးပြီးပြောမယ်။
၁။ "အရှေ့ အရပ်က အားလုံး သတ္တဝါတွေ ဘေးရန် ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရှက်ဆောင်နိုင်ကြပါစေ။"
ရှေးနည်းတူ ၄၈-ပါး အပြည့်အစုံ ပို့ရမယ်။

၂။ "အနောက်အရပ်ကအားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊"
နည်းတူ ၄၈–ပါးဘဲ။
ထို့အတူ–

၃။ "မြောက်အရပ်က....၊ ၇။ "အရှေ့မြောက်အရပ်က....၊
၄။ "တောင်အရပ်က....၊ ၈။ "အနောက်တောင်အရပ်က....၊
၅။ "အရှေ့တောင် အရပ်က....၊ ၉။ "အောက်အရပ်က....၊
၆။ "အနောက်မြောက်အရပ်က....၊ ၁၀။ "အထက်အရပ်က....၊

၄၈–ပါးစီချည်းဘဲ၊ အားလုံးပေါင်း ၅၂၈–သွယ်မေတ္တာ ဖြစ်ပါတယ်၊ အချိန်မရှိလို့ နားလည်ရုံမျှ ချုံးပြီး ပြောလိုက်ရတယ်။

ယခု မြန်မာပြည်သူ ပြည်သားတွေကို အထူးမေတ္တာပို့ပြီး တရားသိမ်းတော့မယ်၊ အားလုံးစိတ်နဲ့ လိုက်ပြီး မေတ္တာပို့ကြပါ။

"ပြည်ထောင်စု မြန်မာနိုင်ငံသူ နိုင်ငံသားတွေ အားလုံး ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ။ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ"

မှတ်ချက်။ ။ဤ(.... ......) ခြုပ်ထားသော စကားများကို (၁) ပုဂ္ဂိုလ်အတိုင်း ဖော်ဆိုပါ။

ဖြတ္တဂိုဏ်းတရားတော် ပထမပိုင်း ပြီး၏။

## မေတ္တာပွားကျိုး

တနေ့သုံးခါ၊ အိုးတရာဖြင့်၊ ချက်ကာထမင်း၊ ကျွေးမွေးခြင်းထက်၊ ယည်ထွင်းစင်စစ်၊ နို့တညှစ်ဝ၊ ကြိမ်သုံးခါမျှ၊ မေတ္တာပွားများ၊ ကျိုးကြီးမားသည်၊ဘုရားမြွတ်ရှာ မိန့်ခွန်းတည်း။ ။(သံ–၁–၄၅၅။)

## မေတ္တာအကျိုး (၁၁)ပါး

အိပ်,နိုး,ချမ်းသာ၊ ကောင်းစွာ အိပ်မက်၊ ချစ်လျက် လူနတ်၊ စောင့်လတ် နတ်များ၊ မီး, ဆိပ်, ဘေးတို့၊ ရှောင်ရှား ကိုယ်မှာ၊ လျင်စွာ စိတ်တည်၊ ရွှင်ကြည်မျက်နှာ၊ သောဝါပတွေ့၊ လားလေ ဗြဟ္မာ၊ ထယ်တစ်ဖြာသည်၊မေတ္တာပွားမှုအကျိုးတည်း။ ။အံ–၃–၅၄၂။)

# ၂-ကရုဏာပွားပုံ

ဒီကနေ့ဟောမည့် တရားကတော့ လွန်ခဲ့တဲ့ ၁၃၂၇-ခုနှစ် ဝါခေါင်လပြည့်နေ့က ဟောခဲ့တဲ့ ဗြဟ္မစိုရ်တရားတော်ရဲ့ အဆက်ပါဘဲ။ အလျင် ဟောခဲ့တာက ပထမပိုင်း၊ ယခု ဟောတာက ဒုတိယပိုင်းပေါ့။ ပထမပိုင်းမှာ မေတ္တာပွားပုံကို ဟောခဲ့တယ်။ ယခု ဒုတိယပိုင်းမှာ ကရုဏာပွားပုံကို ဟောရမယ်။

'ကရုဏာ'ဆိုတာ ကိုယ့်အောက်ကလူတွေ့ဒုက္ခရောက်နေရှာကြတဲ့သူတွေကို ကိုယ်ချင်းစာတရားနဲ့ သနားကြင်နာတဲ့ သဘောဘဲဆိုတာကို ပထမပိုင်းမှာ ပြောခဲ့ပြီ။ ပါဠိနည်းနဲ့ ပြောရရင်တော့ "ဆင်းရဲဒုက္ခ ရောက်နေတဲ့သူကို မြင်တွေ့ရ ကြားသိရတဲ့ အခါမှာ သူတော်ကောင်းတွေရဲ့ စိတ်နှလုံးကို တုန်လှုပ်စေတတ်လို့ ကရုဏာ မည်ပါတယ်"တဲ့။

ဟုတ်တယ်၊ သူတော်ကောင်းတွေမှာ ဆင်းရဲဒုက္ခရောက်နေတဲ့ သူကို မြင်တွေ့ရရင် ကြားသိရရင် ကိုယ်တိုင် ခံစားနေရသလိုဘဲ စိတ်နှလုံးမှာ ထိခိုက်ပြီး တုန်လှုပ်တတ်ပါတယ်၊ နိုင်ရာနိုင်ရာ တိရစ္ဆာန်အချင်းချင်း ညှဉ်းဆဲသတ်ဖြတ်နေတာဘဲဖြစ်ဖြစ်၊ လူတွေကို စကားမပြောနိုင်မကာကွယ်နိုင်ရှာကြတဲ့ တိရစ္ဆာန်တွေကို ညှဉ်းဆဲ သတ်ဖြတ်နေတာဘဲဖြစ်ဖြစ်၊ လူလူချင်း နိုင်ရာနိုင်ရာ ညှဉ်းဆဲနှိပ်စက်နေတာဘဲဖြစ်ဖြစ်၊ သူ့အလိုလိုတနည်းနည်းနဲ့ အတိဒုက္ခရောက်နေတာဘဲ ဖြစ်ဖြစ်၊ မြင်တွေ့ရ ကြားသိရရင် စိတ်နှလုံးမှာ ထိခိုက်တုန်လှုပ် တတ်ပါတယ်။ ဒီလို စိတ်နှလုံးမှာ ထိခိုက် တုန်လှုပ်ရင်လဲ အဲဒီလူကို သူတော်ကောင်းဘဲလို့ ဆုံးဖြတ်နိုင်ပါတယ်။ ဒါ့ကြောင့် ဝိသုဒ္ဓိမဂ်ကျမ်းမှာ—

"ပရဒုက္ခေ=သူတပါး ဆင်းရဲသည်။ သတိ=ရှိလတ်သော်။ သာဓူနံ=သူတော်ကောင်းတို့၏။ ဟဒယကမ္ပနံ=နှလုံး၏ တုန်လှုပ်ခြင်းကို။ ကရောတီတိ=ပြုတတ်သောကြောင့်။ ကရုဏာ=ကရုဏာမည်၏"လို့ ဒီလို ပြန်ဆိုထားပါတယ်။

'ကရုဏာရဲ့ သဘော လက္ခဏာ' ကတော့ သူတပါးမှာ တွေ့ကြုံခံစားနေရတဲ့ ဆင်းရဲကို ပယ်ဖျောက်ချင်တဲ့ သဘောပါဘဲ၊ တတ်နိုင်တဲ့ ကိစ္စဆိုရင် အဲဒီ သူတပါးဆင်းရဲကို ပျောက်ကင်းအောင်လဲ သူက ကြောင့်ကြစိုက်တတ်တယ်၊ မတတ်နိုင်တဲ့ကိစ္စ ဖြစ်နေတောင်မှ အဲဒီ သူတပါး ဆင်းရဲကို ပျောက်စေချင်နေတာဘဲ၊ ဒါကြောင့် 'ပရဒုက္ခာ ပနယနာကာရ ပ္ပဝတ္တိလက္ခဏာ=သူတပါး၏ဆင်းရဲကို ပယ်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသဘောလက္ခဏာ ရှိတယ်"လို့ ပြဆိုထားပါတယ်၊ ဒါကြောင့် အတိဒုက္ခ

ရောက်နေတဲ့ သူကို တွေ့တဲ့အခါ သနားကြင်နာတတ်တဲ့ သူမှာ 'ဖြစ်မှဖြစ်ရလေခြင်း' လို့ စုတ်တသတ်သတ်နဲ့ သနားတဲ့ အမူအရာတွေ ထင်ရှားပေါ်လာတတ်ပါတယ်။

ဗုဒ္ဓ၏ မဟာကရုဏာ အမြွက်

ဒီကရုဏာအရာမှာ မြတ်စွာဘုရားရဲ့ ကရုဏာတော်ကတော့ အကြီးမားဆုံးပါဘဲ။

မိမိ၏အကျိုးမဲ့ကို ပြုရုံမျှမကဘဲ မိမိအား သေရာ သေကြောင်း ကြံစည်အားထုတ်နေတဲ့ အရှင်ဒေဝဒတ်ကိုတောင်မှ သားတော် ရာဟုလာနဲ့ ညီတူညီမျှ သနားတော်မူပါတယ်။ တလောကလုံးမှာ ရှိသမျှ သတ္တဝါတွေ အားလုံးကိုလဲ ယခု မျက်မှောက် ဆင်းရဲလောက်သာ မဟုတ်ဘဲ သံသရာ တလျှောက်လုံးမှာ တွေ့ကြုံသွားရမယ့် ဆင်းရဲတွေကိုပါ မြော်မြင်ပြီးတော့လဲ သနားတော်မူပါတယ်။

သနားတော်မူပုံကတော့ "အချိန်ကာလတိုင်း ခဏတိုင်း သေဘို့ရာဆီသို့ နီးကပ် နီးကပ်သွားနေကြရရှာတယ်" ဆိုတာကို မြင်တော်မူတဲ့ အတွက် သတ်မည့်နွားကို သားသတ်ရုံသို့ မောင်းပို့ပေးနေသလိုလဲ မြင်ပြီး သနားတော်မူပါတယ်။

"ရာဇဝတ်ပြစ်မှုကို အကြီးအကျယ်ကျူးလွန်ထားတဲ့ သူဟာ ရာဇဝတ် အပြစ်ဒဏ်ကို အကြီးအကျယ် ခံရရှာတော့မယ် ဆိုတာကို မြင်သလိုဘဲ၊ သတ္တဝါတွေဟာ ညှဉ်းဆဲသတ်ဖြတ်ခြင်း လုယက်ခိုးယူခြင်း အစရှိတဲ့ ဒုစရိုက်တွေကို ကျူးလွန်ထားကြတဲ့အတွက် မကြာခင်ဘဲ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာတွေ ဖြစ်ပြီး အတိဒုက္ခ ရောက်ရှာကြတော့မယ်" ဆိုတာကို မြင်တော်မူပြီးတော့လဲ သနားတော်မူတယ်။

"အိုခြင်း၊ နာခြင်း၊ သေခြင်း အစရှိတဲ့ သံသရာ့ဆင်းရဲတွေနဲ့ တင်းကြမ်းအတိ ပြည့်နေတဲ့ သံသရာခရီးထဲမှာ ဆုံးခန်းရယ်လို့ မရှိဘဲ တသွားတည်း သွားနေရှာကြတယ်" လို့ မြင်တော်မူပြီးတော့လဲ သနားတော်မူပါတယ်။

"ကယ်မည့်သူလဲမရှိ၊ လွတ်ရက်လွတ်ခွင့်လဲ မရှိတဲ့ သံသရာ့နှောင်အိမ်ကြီးထဲမှာ အတိဒုက္ခ ရောက်နေရှာကြတယ်" လို့ မြင်တော်မူပြီးတော့လဲ သနားတော်မူပါတယ်။

"ငါ့ဘုရားမှာ သံသရာဆင်းရဲမှ လွတ်မြောက်ခဲ့ပြီ၊ သတ္တဝါတွေမှာ မလွတ်မြောက်ရှာကြသေး၊ ငါ့ဘုရားမှ တပါးလဲ ကယ်တင်မည့်သူ မရှိပါ တကား" လို့ မြင်တော်မူပြီးတော့လဲ သနားတော်မူပါတယ်။

ဒီနည်းဖြင့် အရာအထောင်မကတဲ့ အကြောင်းခြင်းရာတွေနဲ့ မြင်တော်မူပြီးတော့လဲ အားလုံးသော သတ္တဝါတွေကို သနားတော်မူပါတယ်။

အဲဒါတွေကို ထောက်ဆပြီးတော့ ဘုရားတပည့် ဖြစ်ကြတဲ့ ရဟန်း, ရှင်,လူ မှန်သမျှဟာ ဒီကရုဏာတရားကိုလဲ ပွားများဘို့ သင့်လျော်ပါတယ်။ ယခုလို အကျယ်ချဲ့ပြီး ပြောရတာက ဘာကြောင့်လဲဆိုရင် မေတ္တာကို ပွားများရတယ် ဆိုတာတော့ အများအားဖြင့် သိကြ နားလည်ကြပါတယ်၊ ပွားလဲ ပွားများကြပါတယ်။

ဒါပေမယ့် ကရုဏာကိုတော့ ပွားများရမှန်း တယ်မသိကြဘူး၊သိပင် သိသော်လဲ မေတ္တာလို ကျကျနန ပွားများတဲ့သူက အလွန် နည်းနေပါတယ်။ ဒါကြောင့် ကရုဏာကိုလဲ မေတ္တာလိုဘဲ လေးလေးနက်နက် ပွားများသင့်တယ်ဆိုတာ သဘောပေါက်အောင်လို့ ယခုလို အကျယ်ချဲ့ပြီးပြောပြရခြင်း ဖြစ်ပါတယ်။

## သနားခြင်း သုံးမျိုး

ပွားများ ပုံကတော့ ဒီ ကရုဏာမှာလဲ မေတ္တာလိုဘဲ ကာယကံ, ဝစီကံ, မနောကံ အားဖြင့် ၃-မျိုး ရှိပါတယ်။

ဒါကြောင့် သူ့အလိုလိုဘဲဖြစ်ဖြစ်၊ သူတပါးက နှိပ်စက်လို့ဘဲ ဖြစ်ဖြစ် ဆင်းရဲဒုက္ခရောက်နေတဲ့သကို တွေ့လို့ရှိရင် တတ်နိုင်သမျှ အကူအညီ ပေးပါ၊ ဥပမာ မတော်တဆ ခြေချော်ပြီး လဲကျသွားတဲ့ သူကို တွေ့ရရင် ဖေးမပြီး ထူပေးပါ။ ဆေးရှိလျှင် လူးလိမ်းပေးပါ။မသွားနိုင်ဘဲ ဖြစ်နေရင် ဖေးမပြီး လိုက်ပို့ပေးပါ။ မကျန်းမမာဖြစ်နေတဲ့ သူကို တွေ့ရရင်လဲ နည်းတူဘဲ တတ်နိုင်သမျှ အကူအညီပေးပါ။ နိုင်ထက်စီးနင်း ပြုလုပ်နေတာကို တွေ့ရရင်လဲ တတ်နိုင်ရင် စောင့်ရှောက် ကာကွယ်ပေးပါ။ ဒီနည်းဖြင့် တတ်နိုင်သမျှ ကိုယ်နဲ့ အကူအညီပေးတာကို '**ကာယကံ ကရုဏာ**' ပွားများတယ်လို့ ဆိုရပါတယ်။

ပြီးတော့ ဆင်းရဲဒုက္ခရောက်နေတဲ့သူကို အဲဒီဆင်းရဲမှ လွတ်မြောက်အောင် သို့မဟုတ် သက်သာရာရအောင် တတ်နိုင်သမျှ နှုတ်နဲ့လဲ အကူအညီ

ပေးရမယ်၊ အဲဒီလို နှုတ်နဲ့ပြောပြီး စောင့်ရှောက်ကူညီတာကတော့ 'ဝစီက ကရုဏာ' ကို ပွားများတာတဲ့။

ဝစီကံ ကရုဏာ ကတော့ ကိုယ့်လက်အောက်က လူတွေနဲ့ စပ်ပြီး ကျင့်သုံးဘို့ရာ အလွန် အရေးကြီးပါတယ်၊ ဘယ်လိုလဲဆိုရင် ဆင်းရဲဒုက္ခ ရောက်နေတဲ့လူက အကူအညီ တောင်းလာရင်, အသနားခံလာရင် တတ်နိုင်သမျှ စီမံ ညွှန်ကြားပေးရမယ်၊ ဘာမျှ မတတ်နိုင်တဲ့ ကိစ္စ ဖြစ်နေတောင်မှ ကရုဏာသက်တဲ့ စကားကိုအားပေးပြောဆိုရမယ်၊ ဒါဟာ အင်မတန်အရေးကြီးပါတယ်။ တချို့ကတော့ ဒီလို အသနားခံလာတဲ့သူ၊အကူအညီတောင်းလာတဲ့သူကို ဟိန်းဟောက်ငေါက်ငန်းပြီး လွှတ်လိုက်တတ်တယ်၊ အဲဒါကတော့ ကရုဏာကင်းမဲ့မှုရုံတွင် မကဘဲ မေတ္တာပါ ခြောက်ခန်းနေတယ်ဆိုတာကို ဖော်ပြတဲ့ သဘောပါဘဲ။

ဒီနေရာမှာ ကရုဏာပွားပြီး သနားနေရာက ဒေါသဖြစ်မှန်းမသိ ဖြစ်ပြီး ပါဏာတိပါတကံ အစရှိတဲ့ အပြစ်ကြီးများ ဖြစ်တတ်တယ်ဆိုတာကိုလဲ သတိပေး ပြောကြားချင်သေးတယ်။

ကိုယ်လက်အင်္ဂါ ချွတ်ယွင်း ပျက်စီးသွားလို့ဘဲ ဖြစ်ဖြစ်၊ ရောဂါဝေဒနာ အသည်းအသန် နှိပ်စက်လို့ဘဲဖြစ်ဖြစ်၊ အတိဒုက္ခရောက်နေတဲ့သူကို တွေ့ရရင် သနားပြီးတော့ မြန်မြန်သေသွားတာက ကောင်းတယ်လို့ ထင်တတ်ကြတယ်။ အဲဒီလို ထင်တဲ့အတိုင်း မြန်မြန်သေအောင် ညွှန်ကြား တိုက်တွန်းလို့ဘဲဖြစ်စေ၊ ကိုယ်တိုင်ပြုလုပ်လို့ဘဲဖြစ်စေ၊ ရိုးရိုးသေချိန်ထက်စောပြီး သေသွားရင် ညွှန်ကြား တိုက်တွန်းတဲ့သူ၊ ပြုလုပ်တဲ့သူမှာ ပါဏာတိပါတကံ ထိုက်တယ်။ အဲဒီလို ညွှန်ကြားစေခိုင်းလို့ မိဘဖြစ်သူ သေသွားရင် ညွှန်ကြားစေခိုင်းတဲ့ သားသမီးမှာ မာတုဃာတကကံ, ပိတုဃာတကကံ ထိုက်တယ်၊ ရဟန်း၏ ညွှန်ကြားချက်အရနဲ့ လူသားဖြစ်တဲ့ ပုဂ္ဂိုလ်သေသွားရင် အဲဒီရဟန်းမှာ ပါရာဇိက အာပတ်သင့်တယ်ဆိုတဲ့အကြောင်း ဝိနည်းပါဠိတော်မှာ ထင်ရှားရှိတယ်၊ အဲဒါဟာ အင်မတန် သတိပြုဘို့ကောင်းပါတယ်။

'မနောကံ ကရုဏာ' ပွားများပုံကတော့—

၁။ ချမ်းရအောင် ပွားများတာလဲ ရှိတယ်။

၂။ လောကဝတ္တရားအရ ပွားများတာလဲ ရှိတယ်။

၃။ ပါရမီဖြစ် ကုသိုလ်ဖြစ် ပွားများတာလဲ ရှိတယ်။

ဒီ၃-မျိုးထဲမှာ ချမ်းရအောင် ပွားများနည်းကိုတော့ ယခုလို အချိန်

အနည်းငယ်အတွင်းမှာ ပြောလို့ မပြည့်စုံနိုင်ပါဘူး။ ဒါကြောင့် လောကဝတ္တရားအရနဲ့ ပါရမီဖြစ် ကုသိုလ်ဖြစ် ပွားများမှုကိုဘဲ ပြောပါမယ်။

**'လောကဝတ္တရား'**အရကတော့ မိဘနဲ့ သားသမီး။ ဆရာနဲ့တပည့်တို့ အချင်းချင်း အရေးအကြောင်းရှိတဲ့အခါ သနားကြင်နာစိတ်ဖြစ်ကြသလိုဘဲ ကိုယ့်လက်အောက်က လူတွေ အင်အားနည်းတဲ့ သူတွေနဲ့စပ်ပြီး အဲဒီပုဂ္ဂိုလ်တွေမှာ တွေ့ကြုံနေရတဲ့ ဆင်းရဲ၊ တွေ့ကြုံရမယ့် ဆင်းရဲတွေမှ လွတ်မြောက်အောင် ဘယ်ပုံဘယ်နည်း စီမံပေးရမယ် စသည်ဖြင့် ကြံစည် စဉ်းစားနေတာတွေဟာ လောကဝတ္တရားနဲ့ စပ်ဆိုင်တဲ့ မနောကံ ကရုဏာတွေပါဘဲ။

**'ပါရမီဖြစ်၊ ကုသိုလ်ဖြစ် ပွားများပုံ'**ကတော့ရောဂါဝေဒနာဖြစ်ပြီး ဆင်းရဲဒုက္ခရောက်နေတဲ့ သူကိုဖြစ်ဖြစ်၊ ဘေးရန်အန္တရာယ်ကြောင့်ဒုက္ခရောက်နေတဲ့သူကိုဖြစ်ဖြစ်၊ ချစ်ခင်တဲ့ သူတွေနဲ့ သေကွဲရှင်ကွဲ ကွဲလို့ ဒုက္ခရောက်နေတဲ့ သူကိုဖြစ်ဖြစ်၊ ပစ္စည်းဥစ္စာတွေ ပျက်စီးလို့ ဒုက္ခရောက်နေတဲ့ သူကိုဘဲဖြစ်ဖြစ်၊ စားရမဲ့ဝတ်ရမဲ့နဲ့ ဒုက္ခရောက်နေတဲ့ သူကိုဘဲဖြစ်ဖြစ်၊ အဲဒီလို ဒုက္ခရောက်နေတဲ့ သူကို အာရုံပြုပြီး "သူ့မှာတွေ့ကြုံနေရတဲ့ ဆင်းရဲမှ လွတ်မြောက်ပါစေ၊ ဆင်းရဲမှ လွတ်မြောက်ပါစေ"လို့ အဖန်ဖန် နှလုံးသွင်း ပွားများနေရတယ်။

တမိနစ်လောက် နှလုံးသွင်း ပွားများနေရင် အဲဒီ တမိနစ်အတွင်းမှာ ကရုဏာ ဘာဝနာ ကုသိုလ်တွေဖြစ်တယ်၊ ဆယ်မိနစ်လောက် ပွားများနေရင် ဆယ်မိနစ်ပတ်လုံး ကရုဏာ ကုသိုလ်တွေဖြစ်တယ်၊ အဲဒါဟာ ဆင်းရဲဒုက္ခရောက်နေတဲ့ သူတွေကို အာရုံပြုပြီး သွားလာရင်း လုပ်ကိုင်ရင်းလဲ"ဆင်းရဲမှ လွတ်မြောက်ကြပါစေ၊ ဆင်းရဲမှလွတ်မြောက်ကြပါစေ" လို့ ပွားများနိုင်ပါတယ်၊ ပိုက်ဆံ တပြားတချပ်မှ မကုန်ဘဲနဲ့ ဘေးရန် အန္တရာယ်ကင်းကြောင်း ကောင်းမှုကုသိုလ်တွေ ဖြစ်ပွားပါတယ်။ အင်မတန်ကောင်းတဲ့ အလုပ်ပါဘဲ။

## သတ္တဝါတိုင်း သနားစရာ

အဋ္ဌကထာမှာတော့ ယခုလောလောဆယ်မှာ ချမ်းသာကောင်းစားနေတဲ့သူကိုလဲ အကုသိုလ်ကံများတဲ့သူဆိုရင် မကြာခင်ဘဲ လူ့ဘဝက သေပြီးတော့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံတွေရောက်ပြီး အလွန် ကြီးကျယ်များပြားတဲ့

ဆင်းရဲတွေကို ခံစားရတော့မယ်ဆိုတာ မျှော်တွေးပြီး ကရုဏာပွားနိုင်တယ်လို့လဲ ပြဆိုထားပါတယ်။

ပြီးတော့ ဗြုတ်စွာဘုရားရဲ့ **မဟာကရုဏာ** ပွားနည်းအရဆိုရင် သံသရာဆင်းရဲနဲ့ မကင်းသေးတဲ့ သတ္တဝါအားလုံးကိုလဲ အာရုံပြုပြီး ကရုဏာပွားနိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် သံသရာထဲမှာ ကျင်လည်နေကြရတဲ့ သတ္တဝါတွေဟူသမျှဟာ လုံးဝ ဆင်းရဲကင်းတဲ့ သူရယ်လို့ မရှိပါဘူး။ အနည်းနဲ့ အများ အငယ်နဲ့ အကြီးလောက်သာ ကွာခြားပါတယ်။ ဆင်းရဲတွေကတော့ ကိုယ်စီကိုယ်င အသီးသီး ရှိနေကြတာချည်းဘဲ။ ယခုလောလောဆယ်မှာ မရှိဘူးဆိုတောင်မှ နောင်ခါတွေ့ကြုံရမယ့်ဆင်းရဲတွေကတော့ ရှိနေတာဘဲ၊ ဒါကြောင့် အဲဒီလို ဆင်းရဲတွေကို အာရုံပြုပြီးတော့ ဆင်းရဲမှ လွတ်မြောက်ကြပါစေလို့ ဒီလိုဘဲ ကရုဏာကို ပွားများနိုင်ပါတယ်။

ယခု ဝိသုဒ္ဓိမဂ်ကျမ်းမှာ ပြဆိုထားတဲ့ မေတ္တာပွားနည်းအရ 'သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု' စသည်ဖြင့် **အနောဓိသ ကရုဏာ၊ ဩဓိသ ကရုဏာ** ပွားပုံတွေကို ဘုန်းကြီးက ရွတ်ဆိုပြီး ကရုဏာပွားမယ်၊ တရားနာနေကြတဲ့ ဓမ္မမောမက ပုဂ္ဂိုလ်အားလုံးကလဲ စိတ်နဲ့လိုက်ပြီး ကရုဏာပွားကြပါ။

၁။ "အားလုံး သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

၂။ "အားလုံးအသက်ရှိသူတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

၃။ "အားလုံး ထင်ရှား ဖြစ်သူတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

၄။ "အားလုံး ပုဂ္ဂိုလ်တွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

၅။ "အားလုံးခန္ဓာကိုယ် အတ္တဘောရှိသူတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။" ဒါက **အနောဓိသ ကရုဏာ** ၅–ပါးတဲ့။

၆။ "အားလုံး အမျိုးသမီးတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

၇။ "အားလုံး အမျိုးသားတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

၈။ "အားလုံး အရိယာပုဂ္ဂိုလ်တွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

၉။ "အားလုံး ပုထုဇဉ်ပုဂ္ဂိုလ်တွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

၁၀။ "အားလုံး နတ်ဗြဟ္မာတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

၁၁။ "အားလုံးလူသားတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

၁၂။ "အားလုံး အပါယ်ဘုံသူ အပါယ်ဘုံသားတွေ ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ"

ဒါက **ဩဓိသ ကရုဏာ** ၇–ပါးတဲ့၊ ခုန ၅–ပါးနဲ့ ပေါင်းလိုက်ရင် ကရုဏာ ၁၂–ပါး ဖြစ်ပါတယ်။

ဒီနည်းအတိုင်းဘဲ–

"အရှေ့အရပ်က အားလုံးသတ္တဝါတွေ ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ"

စသည်ဖြင့် "အရှေ့၊ အနောက်၊ မြောက်၊ တောင်၊ ထောင့်အရပ် ၄–ခု၊ အောက်အရပ်၊အထက်အရပ်"ဆိုတဲ့အရပ်ဆယ်မျက်နှာမှာလဲကရုဏာ ၁၂–ပါးစီ ဖြစ်ပါတယ်။ အရပ်တချက်နှာမှာ ၁၂–ပါးစီ ဆိုတော့ကရုဏာ ပေါင်း ၁၂၀–ဖြစ်ပါတယ်။ အဲဒီ ၁၂၀-ကတော့ အရပ်မျက်နှာနဲ့ဖြစ်တာမို့ 'ဒိသာဖရဏ ကရုဏာ'လို့ ခေါ်ပါတယ်။ ပဌမ ပွားခဲ့တဲ့ အနောဓိသ၊ သြဓိသ ကရုဏာ ၁၂–ပါးနဲ့ ပေါင်းလိုက်ရင် ကရုဏာပေါင်း ၁၃၂–ပါး ဖြစ်ပါတယ်။

အဲဒါတွေဟာ ဝိသုဒ္ဓိမဂ် ကျမ်းမှာ ပြထားတဲ့ မေတ္တာပွားနည်းအရ ကရုဏာ ပွားပုံ တွေပါဘဲ။ ယခု ပရိတ်ကြီးထဲမှာပါတဲ့ ဂါထာနဲ့ ရွတ်ဆိုပြီး ကရုဏာပွားလိုက်ဦးမယ်၊ အားလုံးကလဲစိတ်နဲ့ လိုက်ပြီးကရုဏာ ပွားကြပါ။

ဒုက္ခပတ္တာ စ နိဒ္ဒုက္ခာ၊ ဘယ ပတ္တာစ နိဗ္ဘယာ။

သောကပတ္တာစ နိဿောကာ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။

ဒုက္ခပတ္တာ= ဆင်းရဲဒုက္ခရောက်၍ နေကြကုန်သော။ သဗ္ဗေပိ=အလုံးစုံလည်းဖြစ်ကုန်သော။ပါဏိနောစ=သတ္တဝါတို့သည်လည်း။နိဒ္ဒုက္ခာ= ဆင်းရဲကင်းပ ချမ်းသာကြကုန်သည်။ ဟောန္တု=ဖြစ်ပါစေကုန်သတည်း။ ဘယ ပတ္တာ=ဘေးဒဏ်သင့်၍ နေကြကုန်သော။ သဗ္ဗေပိ=အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနောစ= သတ္တဝါတို့သည်လည်း။ နိဗ္ဘယာ=ဘေးဒဏ်ကင်းပ ချမ်းသာကြကုန်သည်။ ဟောန္တု=ဖြစ်ပါစေကုန်သတည်း။ သောကပတ္တာ= စိုးရိမ်ပူဆွေးခြင်းသို့ ရောက်၍ နေကြကုန်သော။ သဗ္ဗေပိ= အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနောစ= သတ္တဝါတို့သည်သည်း။ နိဿောကာ= စိုးရိမ်ကင်းပ ချမ်းသာကြကုန်သည်။ ဟောန္တု=ဖြစ်ပါစေ ကုန်သတည်း။

ဗြဟ္မစိုရ်တရားတော် ဒုတိယပိုင်းပြီး၏။

## ၃–မုဒိတာပွားပုံ

ဒီကနေ့ ဟောမည့် တရားကတော့ လွန်ခဲ့တဲ့ ၁၃၂၇–ခုနှစ် ဒုတိယဝါဆို လပြည့်နေ့က ဟောခဲ့တဲ့ ဗြဟ္မစိုရ်တရားတော်ရဲ့ အဆက်ပါဘဲ။ အဲဒီနှစ်က

ဟောခဲ့တာက ဒုတိယပိုင်း၊ ယခုနှစ် ဟောမှာက တတိယပိုင်းပေါ့။ ဒုတိယပိုင်းမှာ ကရုဏာပွားပုံကို ဟောခဲ့တယ်။ ယခု တတိယပိုင်းမှာ မုဒိတာပွားပုံကို ဟောရမယ်။

'မုဒိတာ'ဆိုတာ ကိုယ့်အထက်ကလူတွေ၊ ကိုယ့်ထက်ပြည့်စုံတဲ့ ချမ်းသာတဲ့ လူတွေကို "ချမ်းသာမြဲ ချမ်းသာကြပါစေ"လို့ ဝမ်းမြောက်ဝမ်းသာနဲ့ နှလုံးသွင်းနိုင်တဲ့ သဘောတဲဆိုတာကို ပဌမပိုင်းမှာ ပြောခဲ့ပါပြီ။

အဲဒီမှာ ကိုယ့်ထက်သာတဲ့လူတွေကို ထုတ်ပြရတာကတော့ မေတ္တာ, ကရုဏာတို့နဲ့ နှိုင်းယှဉ်ပြီး မုဒိတာ ဖြစ်ပွားစေဘို့ လွယ်ကူတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ အထူးထုတ် ပြခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဗြဟ္မဝိဟာရတရားဆိုတာ ပုဂ္ဂိုလ်မရွေးဘဲ အားလုံးသော၊ သတ္တဝါတွေမှာ ပွားများသင့်တဲ့ တရားဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်နဲ့တန်းတူ ပုဂ္ဂိုလ်တွေရော၊ ကိုယ့်အောက်က ပုဂ္ဂိုလ်တွေရော အဲဒါတွေကို အာရုံပြုပြီး မုဒိတာကို ပွားနိုင်တယ်။ ဒါပေမယ့် စ,စချင်းဆိုရင်တော့ ကိုယ့်အောက်က ပုဂ္ဂိုလ်တွေကို စဉ်းစားကြည့်လိုက်ရင် ဝမ်းမြောက်ဘို့ထက် သနားဘို့က သာပြီး နီးစပ်နေပါတယ်။ တန်းတူပုဂ္ဂိုလ်တွေအတွက် ဆိုရင်လဲ မေတ္တာပွားဘို့က သာပြီး နီးစပ်နေပါတယ်။ ဒါကြောင့် ပထမပိုင်းတုန်းက သရုပ်ခွဲပြရာမှာ ကိုယ့်ထက်သာတဲ့သူတွေကိုသာ မုဒိတာ ပွားစရာ ဝမ်းမြောက်စရာ ပုဂ္ဂိုလ်အဖြစ်နဲ့ ထုတ်ပြခဲ့ခြင်း ဖြစ်ပါတယ်။

ဒါပေမယ့် ကိုယ့်ထက်သာ မနာလိုဆိုတဲ့ စကားပုံအတိုင်း အများအားဖြင့် သတ္တဝါတွေမှာ ကိုယ့်ထက်သာတာကို မြင်ရ, ကြားရ, သိရရင် မျက်မုန်းကျိုးမှု၊ မနာလိုမှုက ဖြစ်တတ်တယ်၊ အဲဒီ မနာလိုမှုဟာ မုဒိတာရဲ့ ဆန့်ကျင်ဘက် ရန်သူဘဲ။ ဒီမနာလိုမှုဟာ ဘာမှ အကျိုးမခံစားရဘဲနဲ့ သက်သက် အကုသိုလ်ပွားတဲ့ သဘောပါဘဲ။ သူက မျက်မှောက် ဘဝမှာလဲ မကောင်းကျိုးတွေကို ပေးတတ်တယ်၊ နောင် တမလွန် ဘဝမှာလဲ အပါယ်ဆင်းရဲ၊ သံသရာဆင်းရဲတွေကို ပေးတတ်တယ်။ အဲဒါကို ပုံစံထုတ်ပြရရင်—

## သူများမနာလို ကိုယ်အကျိုးမရှိ

(၁) ရှေးတုန်းက ဘုရင်တပါးကို ရေချိုးပြီးခါစမှာ မောင်းမငယ်တယောက်က သူ့လက်ကို မီးအိုးကင်းမှာ ကင်ပြီးတော့ အဲဒီလက်နဲ့ ပွတ်တိုက် ဆုပ်နယ်ပြီး ပြုစုနေသတဲ့။ အဲဒါကို မိဖုရားကြီးက မနာလိုတဲ့အတွက်

အဲဒီ မောင်းမရဲ့ ကိုယ်ပေါ်မှာ မီးအိုးကင်းထဲက မီးကျီးတွေနဲ့ လောင်းချလိုက်တယ်။ အဲဒီမကောင်းမှုကြောင့် အဲဒီမိဖုရားကြီးဟာ ငရဲမှာ ကျရောက်ပြီး အနှစ်သိန်းပေါင်းများစွာ ဒုက္ခခံရပြီးတဲ့နောက် ရာဇဂြိုဟ်မြို့ အနီး ဂိဇ္ဈကုဋ်တောင်မှာ ရဲရဲတောက်နေတဲ့ မီးကျီးတွေနဲ့ အလောင်းခံနေရပြီး ပြိတ္တာမကြီး ဖြစ်နေရရှာတယ်။

(၂) နောက်ပြီးတော့ ကဿပ မြတ်စွာဘုရား လက်ထက်တော်က ရဟန်းတပါးဟာလဲ ရဟန္တာတပါးကို မနာလို ဖြစ်မှားခဲ့တဲ့ အကုသိုလ်ကံကြောင့် ငရဲမှာ ကျရောက်ပြီးတဲ့နောက် ယခု ဂေါတမ မြတ်စွာဘုရား လက်ထက်မှာ **လောသကတိဿ** ဆိုတဲ့ လူဖြစ်လာပြီး အကြီးအကျယ် ဒုက္ခရောက်ရရှာတယ်။ အဲဒီ လောသကတိဿ ပဋိသန္ဓေ နေကထဲက သူ့မိဘတွေနဲ့ တကွ အိမ်ခြေတထောင်ရှိတဲ တရွာလုံးဟာ မီးဘေး, မင်းဘေး, ငတ်မွတ်ခေါင်းပါးတဲ့ ဘေးတွေ သင့်ကြရတယ်။ ဒါနဲ့ရွာကို နှစ်ပိုင်းခွဲလိုက်တယ်။

အဲဒီအခါကျတော့လဲ သူပါတဲ့ အပိုင်းမှာ ဒုက္ခရောက်ကြရပြန်တယ်။ ဒါကြောင့် နောက်လဲ ထပ်ခါ ထပ်ခါ ရွာကို ခွဲကြရပြန်တယ်။ ခွဲတိုင်း ခွဲတိုင်း သူပါတဲ့ အပိုင်းမှာ ဒုက္ခရောက်ရတာချည်းဘဲ။ နောက်ဆုံးကျတော့ သူ့မိဘ တအိမ်ထဲ တပိုင်းဖြစ်သွားတယ်။ အဲဒီအခါမှာလဲ သူတို့တအိမ်ထဲ ဒုက္ခ ရောက်ကြရတယ်။ ဒါကြောင့် လောသကတိဿ စကားပြောနိုင်၊ သွားလာနိုင်တဲ့ အခါကျတော့ မိဘတွေလဲ သူ့ကိုစွန့်ပစ်ပြီး သင့်တော်ရာ ထွက်သွားကြတယ်။

လောသကတိဿလဲ ခွက်ကလေးတခုနဲ့ ရောက်ဟတ်ရာရာ သွားပြီး တောင်းရမ်းစားနေရရှာတယ်။ တနေ့မှ ဝဝလင်လင်စားရတယ်လို့ မရှိဘူးတဲ့။ နောက်တချိန်မှာ အရှင်သာရိပုတ္တရာက သူ့ကိုသနားလို့ ရှင်ရဟန်း ပြုပေးထားတယ်။ ရဟန်းဖြစ်တဲ့ အခါလဲ သူ့မှာ ဝဝလင်လင် စားသောက်လောက်အောင် ဆွမ်းမရရှာဘူးတဲ့။ သူနဲ့အတူတူ ဆွမ်းခံသွားရင် အခြား ရဟန်းတော်တွေတောင် ဆွမ်း ကောင်းကောင်း မရကြဘူးတဲ့။ နောက်ဆုံး ပရိနိဗ္ဗာန် ပြုမည့်နေ့မှာတောင် အရှင်သာရိပုတ္တရာက သူ့ဆီ အပို့ခိုင်းလိုက်တဲ့ဆွမ်းဟာ သူ့ဆီမရောက်ဘူး။ သူ့ကိုအမှတ်မရဘဲ လမ်းတွင် စားပစ်လိုက်တယ်။

အရှင်သာရိပုတ္တရာက လာပြီးမေးမှဆွမ်းမစားရသေးမှန်းသိရတာနဲ့ သံဝေဂဖြစ်တော်မူရတယ်။ အချိန်ကလဲ နေမွန်းလွဲနေတာနဲ့ စတုမဓုဆွမ်းကို

ခံယူလာပြီး အရှင်လောသကတိဿကို ကျွေးရတယ်၊ ဒါတောင် သူ့လက်ထဲ ပေးလိုက်ရင် ကွယ်ပျောက်သွားမှာစိုးလို့ အရှင်သာရိပုတ္တရာ လက်ထဲကဘဲ ယူစားစေတယ်၊ သူ့တဘဝလုံးမှာ အဲဒီတနေ့ဘဲ ဝဝလင်လင် ဘုဉ်းပေး သုံးဆောင်ရသတဲ့။ အဲဒီနေ့မှာဘဲ ပရိနိဗ္ဗာန်စံတော်မူရတယ်။ ဤသာဆိုတဲ့ မနာလိုမှုဟာ ပရိနိဗ္ဗာန်စံရမည့်နေ့ထိအောင် လိုက်ပြီး မကောင်းကျိုးပေး တယ်ဆိုတော့ အင်မတန်ကို ကြောက်စရာကောင်းပါတယ်။

. (၃) ဘုရားလက်ထက်တော် ကာလက ကောသမ္ဗီပြည်မှာ ဃောသက ဆိုတဲ့ ကျောင်းဒကာသူဌေးတဦးရှိခဲ့တယ်၊ ငယ်စဉ်တုန်းက သူ့ကိုမွေးစား တဲ့ အဘသူဌေးကြီးက သားရင်းကလေးရလာတဲ့အခါ ဃောသကသူငယ်ကို ပလိုလားတာနဲ့ ၆-ကြိမ်တိုင်တိုင် သေရာသေကြောင်း ကြံစည်ပြုလုပ်တယ်၊ ဒါပေမယ့် သေကံမရောက် သက်မပျောက် ဆိုတာလိုဘဲ သူ့မှာ သေဘို့ရာ ကံကမပါတဲ့အတွက် သေဘေးမှလွတ်ခဲ့တယ်။

အဲဒီ၆-ကြိမ်ထဲမှာတကြိမ်ကတော့ အိုးဖုတ်တဲ့ ဖိုကြီးထဲမှာ ထည့်ပြီး မီးဖုတ်လိုက်ဖို့ အိုးထိန်းသည်ထံ ဃောသကသူငယ်ကို စေလွှတ်လိုက်တယ်။ လမ်းခုလတ်မှာ သူဌေးကြီးရဲ့သားအရင်းက ဂုံညှင်းထိုးကစားရာမှာရှုံးနေ လို့ သူ့အကို ဃောသကကို ကူညီပြီးကစားပေးဘို့တောင်းပန်တယ်၊ဘခင်က အိုးထိန်းသည်ထံ စေလွှတ်လိုက်တဲ့အကြောင်း ပြောတော့ အဲဒီ သူဌေးသား အရင်းက "ဂုံညှင်းသာနိုင်အောင်ထိုးရစ်ပါ၊ သူသွားပေးပါ့မယ်" ဆိုပြီး အိုးထိန်းသည်ထံသွားတယ်။ အိုးထိန်းသည်ကလဲ အဲဒီသူငယ်ကို ဃောသက ဘဲလို့ထင်ပြီး သူဌေးကြီးရဲ့အမိန့်အတိုင်း အိုးဖိုထဲထည့်ပြီးမီးဖုတ်လိုက်တယ်။

အဲဒီအကြောင်းကို သူဌေးကြီးသိရတဲ့အခါ အလွန်အကဲစိတ်ဆင်းရဲ ဒုက္ခရောက်ရရှာတယ်။ စိတ်နှလုံးပူပန်ပြီး ရောဂါဝေဒနာ အကြီးအကျယ် စွဲကပ်ခံရတယ်။ အဲဒီရောဂါနဲ့ဘဲ နောက်ဆုံးမှာသေသွားရရှာတယ်။ဒါလဲ မနာလိုမှုရဲ့ မကောင်းကျိုးဘဲ။

ဒါကြောင့်'သူများမနာလို ကိုယ်အကျိုးမရှိ'လို့ ပြောစမှတ် ပြုကြ တယ်။

တခါက ဘုန်းကြီးကျောင်းတကျောင်းမှာ ဘိုးသူတော်တယောက် ရှိသတဲ့၊ အဲဒီဘိုးသူတော်က'သူများမနာလို ကိုယ်အကျိုးမရှိ'ဆိုတဲ့စကားပုံ ကလေးကိုမကြာခဏရွတ်ဆိုပြီး တရားနှလုံးသွင်းနေသတဲ့။အဲဒီကျောင်းမှာ ကိုးကွယ်ပြီး သွားလာဝင်ထွက်နေတဲ့ ဒကာမကြီးတယောက်က ဘိုးသူတော် ရွတ်ဆိုနေတဲ့စကားကို ခဏခဏကြားရတော့ သူ့ကိုစောင်းပြီး ရွတ်ဆိုနေ

တယ်လို့ထင်ပြီး ဘိုးသူတော် အပေါ်မှာ ရန်ငြိုးဖွဲ့ပြီးသွားသတဲ့။ ဒါနဲ့ ဒီဒကာမကြီးက မုံ့ထဲမှာအဆိပ်ထည့်ပြီး ဘိုးသူတော်ကိုလှူသတဲ့၊ ဘိုးသူတော်ကလဲ မရစဖူးအထူးရတဲ့မုံ့ဘဲလို့ အရေးအမြတ်ပြုပြီး ဘုရားမှာ ဆွမ်းတော်ကပ်လိုက်သတဲ့၊ မုံ့လှူတဲ့ဒကာမကြီးရဲ့ သားကလဲ အဲဒီ ကျောင်းမှာ ကျောင်းသားအဖြစ်နဲ့နေတဲ့အတွက် အဲဒီကျောင်းသားက ဆွမ်းတော်တင်ထားတဲ့ အဲဒီမုံ့ကိုကောက်ပြီးစားမိလို့ အဆိပ်သင့်ပြီးသေရှာသတဲ့၊ ဒီတော့ မုံ့လှူတဲ့ဒကာမကြီးက ဘိုးသူတော်မသေဘဲ သူ့သားသာ သေနေတာကို တွေ့ရတဲ့အတွက် 'သူများမနာလို ကိုယ်အကျိုးမရှိ' ဆိုတဲ့ ဘိုးသူတော်ကမ္ဗည္ဘာန်းကို သဘောပေါက်ပြီး "ဦးသူတော်ကမ္ဗည္ဘာန်းငါ့ကိုရပ်းဗျမ်းဗျပ်းကွဲလေပြီ" လို့ မြည်တမ်း ငိုကြွေးရှာသတဲ့။

ယခု ပြောခဲ့တာတွေဟာ မုဒိတာ ပွားစေမည့်ပုဂ္ဂိုလ်မှာ မုဒိတာရဲ့ ဆန့်ကျင်ဘက် ရန်သူဖြစ်တဲ့ ဣဿာဆိုတဲ့ မနာလိုမှုကို အပြစ်မြင်ပြီးမုဒိတာ ပွားစေနိုင်ဘို့ သာဓကတွေပါဘဲ။

သူတပါး ကြီးပွားချမ်းသာဟာကို ဝမ်းမြောက် ကြည်သာနိုင်တဲ့ မုဒိတာတရားကတော့ အင်မတန်အေးချမ်းပါတယ်၊ ဝမ်းမြောက်ကြည်သာနေတုန်းလဲ စိတ်ထဲမှာအေးမြပါတယ်။ 'မည်သူမှာစီးပွားဥစ္စာတွေ တိုးတက်နေသတဲ့၊ လုပ်ငန်းတွေအောင်မြင်နေသတဲ့၊ စာမေးပွဲအောင်သတဲ့၊ ဘွဲ့ထူးရသတဲ့၊ ရာထူးတိုးသတဲ့' စသည်ဖြင့်ကြားရ, တွေ့ရ, သိရရင်–

"ကောင်းပါပေတယ်၊ ကောင်းပါပေတယ်၊ ကြီးပွားမြဲ ကြီးပွားပါစေ၊ ချမ်းသာမြဲ ချမ်းသာပါစေ၊ ရထားတဲ့ ရာထူးဌာနန္တရနဲ့ တည်မြဲပါစေ"

စသည်ဖြင့် ဝမ်းမြောက်ကြည်သာ သဘောဟူတာဟာ မုဒိတာဘဲ၊ အင်မတန် ကြည်လင်အေးမြပါတယ်၊ ပိုက်ဆံ တပြားတချပ်မှ မကုန်ရဘဲနဲ့ ကြီးပွားချမ်းသာကြောင်း ကုသိုလ်တွေ တသွင်သွင် ဖြစ်ပွား နေပါတယ်၊ သိပ်နေရာ ကျတာဘဲ။

## သူများအလှူမှာ မနာလိုသူ့, ဝမ်းမြောက်သူ

ဒီမုဒိတာကို ပွားစေတဲ့အတွက် ကောင်းကျိုးချမ်းသာကို မျက်မှောက်ဘဝမှာလဲ ရတတ်ပါတယ်၊ နောင်တမလွန်မှာလဲ ရတတ်ပါတယ်။

(၁) မျက်မှောက်မှာ အကျိုးရပုံကတော့ အသဒိသဒါန ဝတ္ထုဖြင့်

ထင်ရှားပါတယ်။ **ပသေနဒီ ကောသလမင်းကြီးက**“တနေ့တည်းနဲ့ ၁၄-ကုဋေ အကုန်ခံပြီး အသဒိသ အလှူတော်ကြီးကို ပေးလှူတယ်”လို့ဆိုပါတယ်၊ အဲဒါကို **ကာဠ**ဆိုတဲ့ အမတ်ကြီးက “ဘဏ္ဍာတော်ငွေတွေ ၁၄-ကုဋေ အလဟဿ ပျက်စီးသွားတယ်”လို့ ကဲ့ရဲ့ဝေဘန်ပါတယ်၊ **ဇုဏှ**ဆိုတဲ့ အမတ်ကြီးကတော့ “ပြည့်ရှင်မင်းမို့သာ ဒီလိုအလှူကြီးကို ပေးလှူနိုင်တာဘဲ။ ငါလဲ ဒီလိုအလှူကြီးကို ပေးလှူချင်ပါဘိတော့တယ်” လို့ ဝမ်းမြောက် ဝမ်းသာ သာဓု အနုမောဒနာ ပြုတယ်။ အဲဒီအကြောင်းလဲ ဘုရင်မင်းမြတ်က ကြားသိရတဲ့အခါ“ကဲ့ရဲ့တဲ့ ကာဠအမတ်ကြီးကို ပြည်နှင်ဒဏ်ပေးတယ်၊ အနုမောဒနာပြုတဲ့ဇုဏှအမတ်ကြီးကို၇-ရက်ပတ်လုံးမင်းအဖြစ်ပေးပြီး မိမိလိုဘဲ အသဒိသ အလှူကြီးပေးလှူစေ”သတဲ့၊ အဲဒါဟာ မုဒိတာရဲ့ အကျိုးကို မျက်မှောက်ဘဝမှာ ရပုံ သာဓကပါဘဲ။

(၂) နောင်တမလွန်မှာ အကျိုးရပုံတွေကတော့ အလွန်ဘဲ များပါတယ်။ ဘုရားလက်ထက်တော်တုန်းက အမျိုးသမီးတယောက်ဟာ ဝိသာခါရဲ့ ကျောင်းအလှူကိုဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြုရုံသက်သက်နဲ့တာဝတိံသာ နတ်ပြည်မှာ အင်မတန်ကြီးကျယ်တဲ့ နတ်ဘုံဗိမာန် အခြံအရံတွေနဲ့တကွ ဂုဏ်သိရ်ကြီးတဲ့ နတ်သမီးဖြစ်နေတယ်။ နောက်ပြီးတော့ အချို့လူတွေဟာ ကုသိုလ်ကံ မရှိတဲ့အတွက်ပြိတ္တာဘဝရောက်ပြီး စားရမဲ့ သောက်ရမဲ့ ဝတ်ရနဲ့မဲ့ အတိဒုက္ခ ရောက်နေရာမှာ ဆွေမျိုးဉာတိ မိတ်သင်္ဂဟများက ဒါနကုသိုလ်ပြုပြီး အမျှပေးဝေတဲ့အခါ သာဓု အနုမောဒနာ ပြုကြရတဲ့အတွက် နတ်စည်းစိမ်ချမ်းသာတွေကို ချက်ခြင်းဘဲ ရသွားကြတယ်။ ဒါတွေဟာ ဒီနေရာမှာ သက်သေသာဓက တွေပါဘဲ။

အဲဒီ ကုသိုလ်ရေးမှာသာ မဟုတ်သေးပါဘူး။ လောကရေးရာတွေမှာလဲ သူများ ကြီးပွားချမ်းသာတာကို ဝမ်းမြောက် ကြည်သာနိုင်တဲ့အတွက် နတ်ရွာ သုဂတိကို ရောက်ရတဲ့အပြင် လူ့ဘဝ ရောက်လာတဲ့ အခါမှာလဲ သူများထက် အခြံအရံ ပေါများပြီး ကြီးပွား ချမ်းသာရကြောင်းကို ‘**စူဠကမ္မဝိဘင်္ဂသုတ်**’မှာ မြတ်စွာဘုရားက အထင်အရှားဟောထားပါတယ်။

ဒါကြောင့် ဒီ မုဒိတာတရားဟာ—

(က) ကုသိုလ်ရေးနဲ့ စပ်ပြီးတော့ ဖြစ်ဖြစ်။

(ခ) လောကရေးရာနဲ့ စပ်ပြီးတော့ ဖြစ်ဖြစ်၊ ပွားများသင့်ကြောင်း အင်မတန် ထင်ရှားနေပါတယ်။

ပွားများပုံကတော့ ဒီမုဒိတာမှာလဲ မေတ္တာ၊ ကရုဏာတို့လိုဘဲ ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့် ၃–မျိုးရှိပါတယ်။

ဒါကြောင့် ကြီးပွား ချမ်းသာနေတဲ့ သူကို ကြီးပွားမြဲ ကြီးပွား ချမ်းသာ နေနိုင်အောင် ကိုယ်နဲ့အကူအညီ ပေးစရာ အခွင့်ပေါ်လာရင် ကိုယ်နဲ့ အကူအညီပေးပါ။ အဲဒါက **ကာယကံ** မုဒိတာတဲ့။

နှုတ်နဲ့ အကူအညီ ပေးစရာရှိရင် စွမ်းနိုင်သမျှ ပြောဆိုပြီး အကူအညီ ပေးပါ။ ဥပမာ– လူတယောက်မှာ ရာထူးဂုဏ်သိရ် စည်းစိမ်ဥစ္စာ တည်မြဲ ရေးအတွက် မိမိက ဝင်ရောက်ပြီး ကူညီပြောဆိုပေးမှ ဖြစ်မည့် ကိစ္စဆိုရင် ကူညီ ပြောဆိုပေးပါ။ လူတယောက်ကို အကြောင်းမဲ့ ဂုဏ်သိက္ခာကျအောင် ပြောဆိုနေကြတာကို ကြားရလျှင် စွမ်းနိုင်ပါက အမှန်ကို ရှင်းလင်းထုတ် ဖော်ပြီး ထိုသူရဲ့ ဂုဏ်သိက္ခာကို ထောက်ခံပြောဆိုပါ။ ဒါကတော့ **ဝစီကံ** မုဒိတာတဲ့။

**မနောကံ** မုဒိတာ ပွားပုံကတော့–

၁။ ဈာန်ရအောင် ပွားများတာလဲ ရှိတယ်။

၂။ ပါရမီဖြစ် ကုသိုလ်ဖြစ် ပွားများတာလဲ ရှိတယ်။

ဒီနှစ်မျိုးထဲက ဈာန်ရအောင် ပွားများနည်းကိုတော့ ယခု အချိန် အနည်းငယ် အတွင်းမှာ ပြောပြလို့ မပြည့်စုံနိုင်ဘူး။ ဒါ့ကြောင့် ပါရမီ ဖြစ် ကုသိုလ်ဖြစ် ပွားများပုံကိုဘဲ ပြောမယ်။

ကြီးပွား ချမ်းသာတဲ့ သူတွေကို မြင်တွေ့ရတိုင်း ကြားသိရတိုင်း ဆုတ်ယုတ်ခြင်း မရှိဘဲ–

> "ဝမ်းမြောက်မြဲ ဝမ်းမြောက်နိုင်ကြပါစေ၊ ကြီးပွားမြဲ ကြီးပွား ကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေလို့" နှလုံးသွင်း ပွား များရမယ်။

## ၅၂၈– သွယ်ဝမ်းသာခြင်း

အဲဒီလို တမိနစ်လောက် နှလုံးသွင်း ပွားများနေရင် အဲဒီ တမိနစ်လောက် အတွင်းမှာ မုဒိတာဘာဝနာ ကုသိုလ်တွေ ဖြစ်တယ်။ ဆယ်မိနစ်လောက် နှလုံးသွင်း ပွားများနေရင် ဆယ်မိနစ်လောက် မုဒိတာဘာဝနာကုသိုလ်တွေ ဖြစ်တယ်။

အဲဒါဟာ သွားရင်းလာရင်းလဲ တွေ့မြင်ရ ကြားသိရတဲ့ သူတွေကို အာရုံပြုပြီး နှလုံးသွင်း ပွားများနိုင်တယ်။ စရိတ်စက မကုန်ဘဲနဲ့ ကြီးပွားချမ်းသာကြောင်း ကုသိုလ်တွေ ဖြစ်ပွားတယ်။ အဲဒီလို နှလုံးသွင်းနိုင်တာကို ပြန်လည်စဉ်းစားကြည့်ရင်လဲ အင်မတန်ဝမ်းသာစရာ ကောင်းတယ်။ တကယ့်ကိုကောင်းတဲ့ အလုပ်ပါဘဲ။

ယခု ပဋိသမ္ဘိဒါမဂ်ပါဠိတော်က မေတ္တာဘာဝနာ အရာမှာ ပြထားတဲ့ **အနောဒိသ** ၅-ပါး၊ **ဩဒိသ** ၇-ပါး၊ **ဒိသာဖရဏ** ၁၂၀–တို့ အရနဲ့ ဘုန်းကြီးက ရွတ်ဆိုပြီး မှဒိတာပွားမယ်။ တရား နာနေကြတဲ့ ဓမ္မာမက ပုဂ္ဂိုလ်တွေလဲ စိတ်နဲ့လိုက်ပြီး မုဒိတာ ပွားကြပါ။

၁။ "အားလုံး သတ္တဝါတွေ ဆုတ်ယုတ်ခြင်းမရှိ,ကြီပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ။

၂။ "အားလုံး သက်ရှိသူတွေ– (....)
၃။ "အားလုံး ထင်ရှားရှိသူတွေ– (....)
၄။ "အားလုံး ပုဂ္ဂိုလ်တွေ– (....)
၅။ "အားလုံး ခန္ဓာကိုယ် အတ္တဘော ရှိသူတွေ– (....)"

ဒါက အနောဒိသ မုဒိတာ ၅-ပါးတဲ့။

၆။ "အားလုံး အမျိုးသမီးတွေ– (....)
၇။ "အားလုံး အမျိုးသားတွေ– (....)
၈။ "အားလုံး အရိယာပုဂ္ဂိုလ်တွေ–– (....)
၉။ "အားလုံး ပုထုဇဉ် ပုဂ္ဂိုလ်တွေ– (....)
၁၀။ "အားလုံးနတ်,ဗြဟ္မာတွေ– (....)
၁၁။ "အားလုံး လူသားတွေ– (....)
၁၂။ "အားလုံး အပယ်ဘုံသူ အပယ်ဘုံသားတွေ– (....)"

ဒါက ဩဒိသာ မုဒိတာ ၆–ပါးတဲ့။ ခုနက ၅–ပါးနဲ့ပေါင်းလိုက်ရင် မုဒိတာ ၁၂–ပါးဖြစ်ပါတယ်။

ဒီနည်းအတိုင်းဘဲ-

"အရှေ့ အရပ်က အားလုံး သတ္တဝါတွေ ဆုတ်ယုတ်ခြင်း မရှိဘဲ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ" စသည်ဖြင့် အရပ်ဆယ်မျက်နှာထဲက တမျက်နှာ တမျက်နှာမှာ မုဒိတာ ၁၂–ပါးစီ ဖြစ်ပါတယ်။ အရပ်ဆယ်မျက်နှာလုံးမှာ ဆိုတော့ ၊မုဒိတာပေါင်း ၁၂၀– ဖြစ်ပါတယ်။ အဲဒီ ၁၂၀–ကတော့ အရပ်ဆယ်မျက်နှာနဲ့ ဖြန့်တာမို့ 'ဒိသာ

ဖရဏ မုဒိတာ’လို့ခေါ်ပါတယ်။ ပထမ ပွားခဲ့တဲ့ အနောဒိသ, ဩဒိသ မုဒိတာ ၁၂–ပါးနဲ့ပေါင်းလိုက်ရင်မုဒိတာ ပေါင်း၁၃၂–ပါးဖြစ်ပါတယ်။

အဲဒီ ၁၃၂–ပါးဟာ အမှန်စင်စင်တော့ မုဒိတာ ဈာန်နဲ့ ဈာန်ရပြီးတဲ့အခါ ဈာန်ကစားတဲ့ အခြင်းအရာတွေသာ ဖြစ်ပါတယ်။ ဈာန်မရပါဘဲနဲ့ ယခုပြောခဲ့တဲ့အတိုင်း ပွားတာကတော့ ပါရမီဖြစ် ကုသိုလ်ဖြစ်မျှ ပါဘဲ။

ကဲ–ယခု ဘုန်းကြီးက ပြည်ထောင်စုမြန်မာနိုင်ငံသူ နိုင်ငံသားတွေ အားလုံးကို အာရုံပြုပြီး မုဒိတာ ပွားလိုက်မယ်။ စိတ်နဲ့လိုက်ပြီးနှုတ်လုံးသွင်း ပွားများကြပါ။

“အားလုံး မြန်မာနိုင်ငံ သူနိုင်ငံသားတွေ ဆုတ်ယုတ်ခြင်း မရှိဘဲ ကြီးပွားမြဲ ကြီးပွားကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ။ ဝမ်းမြောက်မြဲ ဝမ်းမြောက်နိုင်ကြပါစေ။

ဗြဟ္မစိုရ် တရားတော် တတိယပိုင်းပြီး၏။

## ၄–ဥပေက္ခာပွားပုံ

ဒီကနေ့ဟောမည့် တရားကတော့ လွန်ခဲ့တဲ့ ၃–နှစ်က ဟောခဲ့တဲ့ ဗြဟ္မစိုရ်ရဲ့ တရားတော်ရဲ့ အဆက်ပါဘဲ။ အဲဒီ ၃–နှစ်က ဟောခဲ့တာဟာ ပထမ, ဒုတိယ,တတိယ ၃–ပိုင်းရှိခဲ့ပြီ။ ယခု ဟောမှာက စတုတ္ထပိုင်းပေါ့။ အလျင် ၃–ပိုင်းမှာတော့ မေတ္တာ,ကရုဏာ, မုဒိတာ ပွားများပုံများကို ဟောခဲ့တယ်။ ယခု စတုတ္ထပိုင်းမှာတော့ နောက်ဆုံးဖြစ်တဲ့ ဥပေက္ခာပွားပုံကို ဟောရမယ်။

‘ဥပေက္ခာ’ဆိုတာ ဘက်မလိုက်ဘဲ အညီအမျှ ရှုတဲ့သဘောပါဘဲ။ ဒါကြောင့် ‘ဥပပတ္တိတော ယုတ္တိတော=အသင့်အလျော် အညီအမျှအားဖြင့် ဣက္ခတိတိ=ရှုတတ်သောကြောင့်။ ဥပေက္ခာ=ဥပေက္ခာမည်တယ်’ လို့ ပြဆိုထားကြတယ်။ အဲဒါကို ‘လျစ်လျူရှုထားတယ်’လို့လဲ မြန်မာပြန်ကြတယ်။

လျစ်လျူရှုပုံကတော့ ၁၀–မျိုးတောင် ရှိပါတယ်။ ဒါကြောင့် အဋ္ဌကထာမှာ ဒီဥပေက္ခာ ၁၀–မျိုး ခွဲပြီးပြထားပါတယ်။ အဲဒီ ၁၀–မျိုးက ဘာတွေလဲဆိုလျှင်....

ဥပေက္ခာ ဆယ်မျိုး

၁။ ဆဠင်္ဂုပေက္ခာ၊ ၂။ ဗြဟ္မဝိဟာရုပေက္ခာ၊

၃။ ပေါဇ္ဈင်္ဂုပေက္ခာ၊ ၇။ ဝိပဿနုပေက္ခာ၊
၄။ ဝီရိယုပေက္ခာ၊ ၈။ တတြမဇ္ဈတ္တုပေက္ခာ၊
၅။ သင်္ခါရုပေက္ခာ၊ ၉။ ဈာနုပေက္ခာ၊
၆။ ဝေဒနုပေက္ခာ၊ ၁၀။ ပါရိသုဒ္ဓုပေက္ခာ၊

ဆိုတဲ့ ဒီ ၁၀-မျိုးပါဘဲ။ ဒီ ၁၀-မျိုးထဲမှာ—

အမှတ်(၁) ဆဠင်္ဂုပေက္ခာဆိုတာ အာရုံ၆-မျိုး အကောင်းနဲ့ အဆိုးကို အညီအမျှ ရှုနိုင်တဲ့သဘောပါဘဲ။ အဲဒါဟာ ရဟန္တာရဲ့ ဂုဏ်ထူးပါဘဲ။ ဒါပေမယ့် ဝိပဿနာယောဂီလဲ သင်္ခါရုပေက္ခာဉာဏ် ဖြစ်ခိုက်မှာ ဒီဆဠင်္ဂုပေက္ခာနဲ့ အညီအမျှ ရှုနိုင်ပုံကို ထင်ရှားစွာတွေ့နိုင်ပါတယ်။

အမှတ်(၂) ဗြဟ္မဝိဟာရုပေက္ခာ ဆိုတာကတော့ ယခုဟောမည့် ဥပေက္ခာပါဘဲ။ ဒါကြောင့် သူ့ကို တော်တော်ကြာမှ အကျယ်ချဲ့ပြီး ဟောရမယ်၊

အမှတ်(၃) ပေါဇ္ဈင်္ဂုပေက္ခာ ဆိုတာကတော့ ပေါဇ္ဈင် ၇-ပါးထဲက နောက်ဆုံးဖြစ်တဲ့ ဥပေက္ခာသမ္ဗောဇ္ဈင်ပါဘဲ၊ တရားကိုယ်အားဖြင့်တော့ တတြမဇ္ဈတ္တတာ စေတသိက်ပါဘဲ။ သူက သူနဲ့အတူတကွဖြစ်တဲ့ ယှဉ်ဘက် တရားတွေကို မယုတ်မလွန် ညီမျှစေတယ်။ ဒါကြောင့် သူ့ကို 'သမဝါဟိတလက္ခဏာ=ယှဉ်ဘက် တရားတွေကို အညီအမျှ ဖြစ်စေခြင်း လက္ခဏာရှိတယ်'လို့ အဘိဓမ္မာကျမ်းဂန်တွေမှာ ပြဆိုထားပါတယ်။ ဒါပေမယ့် ဒီဥပေက္ခာဗောဇ္ဈင်ရဲ့ဖြစ်ပုံကို သုတမယ စိန္တာမယမျှနဲ့ တော့ကောင်းကောင်း သဘောပေါက်ဖို့ မလွယ်ပါဘူး။ ဝိပဿနာရှုကြည့်မှ ကိုယ်တွေ့အားဖြင့် ကောင်းကောင်း သဘောပေါက်တတ်ပါတယ်။ ဝိပဿနာယောဂီဟာ ဉဒယဗ္ဗယဉာဏ် ရောက်တဲ့အခါ ညီမျှစေတဲ့ ဒီဥပေက္ခာရဲ့ သဘောကို 'ရှဉ်းစုံကောင်းတဲ့နွားလှည်း မောင်းနေရသလို'ဘဲ ထင်ရှားတွေ့ရပါတယ်။

အမှတ်(၄) ဝီရိယုပေက္ခာဆိုတာကတော့သမထဝိပဿနာ ဘာဝနာ အချိုးကျနေတဲ့အခါမှာ မယုတ်မလွန် ညီမျှနေတဲ့ ဝီရိယပါဘဲ။ ဒါကလဲ ဘာဝနာအလုပ်ကို ကျကျနနအားထုတ်သူမှာမှ ကောင်းကောင်း ထင်ရှားတတ်ပါတယ်။

အမှတ်(၅) **သင်္ခါရုပေက္ခာ** ဆိုတာကတော့ သင်္ခါရတရားတွေကို အညီအမျှ ရှုတဲ့သဘောပါဘဲ။ အမှတ်(၆) **ဝေဒနုပေက္ခာ**နဲ့ အမှတ်(၇) ဝိပဿနုပေက္ခာဆိုတာကတော့ ဝိပဿနာရှုနေတဲ့ ယောဂီမှာ အနိစ္စ,ဒုက္ခ, အနတ္တသဘောတွေကို ကောင်းကောင်းမြင်ပြီးတဲ့အခါ အဲဒါတွေကိုမစူးစမ်း

မဆင်ခြင်တော့ဘဲ ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်ကို သိရုံသိရုံကလေး အညီအမျှရှုသွားတဲ့ ဝိပဿနာဉာဏ်ပါဘဲ။ ဒါကလဲ ဉဒယဗ္ဗယဉာဏ် ရောက်ဘူးတဲ့သူမှ ကိုယ်တွေ့အားဖြင့် ထင်ရှားသိနိုင်ပါတယ်။

အမှတ်(၈)တတြမဇ္ဈတ္တုပေက္ခာဆိုတာကတော့အမှတ်(၃)တုန်းက ပြောခဲ့တဲ့ တတြမဇ္ဈတ္တတာ စေတသိက်ပါဘဲ။ သူက ဒါန,သီလ စသော ကုသိုလ်အမှုကို ကြံတိုင်း ပြောတိုင်း ပြုတိုင်း ပါဝင်ပြီး ဖြစ်နေပါတယ်။ ဒါပေမယ့် သာမန်ကုသိုလ်စိတ်တွေ ဖြစ်ခိုက်မှာတော့မထင်ရှားဘူး။ ထက်သန်တဲ့ ဘာဝနာကုသိုလ်စိတ် ဖြစ်ခိုက်မှာမှ သူက ထင်ရှားတယ်။

အမှတ်(၉) ဈာနုပေက္ခာ ဆိုတာကတော့ တတိယဈာန်နဲ့ယှဉ်တဲ့ တတြမဇ္ဈတ္တတာ စေတသိက်ပါဘဲ။

အမှတ်(၁၀) ပါရိသုဒ္ဓုပေက္ခာ ဆိုကာလဲ စတုတ္ထဈာန်နဲ့ ယှဉ်တဲ့ အဲဒီ စေတသိက်ပါဘဲ။ ဈာန်နဲ့ယှဉ်တဲ့ ဒီဥပေက္ခာမျိုးကတော့ အဲဒီဈာန် တွေရတဲ့သူမှ ထင်ရှားသိနိုင်မယ်။

ဒါကြောင့် ဒါတွေကိုတော့ အကျယ်မပြောတော့ဘူး။

### ဂရုမစိုက် စိမ်းကားတာ ဥပေက္ခာလား

ယခုပြောတဲ့ ဥပေက္ခာ ၁၀-မျိုးထဲမှာ ယနေ့ ဟောရမှာကတော့ အမှတ်(၂)မှာ ပြခဲ့တဲ့'ဗြဟ္မဝိဟာရုပေက္ခာ'ပါဘဲ။ ဒီဥပေက္ခာရဲ့သဘော ကတော့ "သတ္တဝါတွေဟာ ကိုယ်တိုင်ပြုလုပ်ထားတဲ့ကံအားလျော်စွာ ဖြစ်နေကြရမှ တာဘဲ"လို့ ဘက်မလိုက်ဘဲ မျှမျှတတ နှလုံးသွင်းတဲ့သဘောဖြစ်ကြောင်းကို ပထမပိုင်းတုန်းက ပြောခဲ့ပါပြီ။ ဒါကြောင့် သူ့ကို ပွားခဲ့တဲ့ အခါမှာ မေတ္တာ ကရုဏာ,မုဒိတာတို့လို သတ္တဝါတွေအား အကျိုးပြုတဲ့ အနေနဲ့ ပွားရတာ မဟုတ်ဘူး။

"သဗ္ဗေသတ္တာ ကမ္မဿကာ"လို့ ဆိုတဲ့အတိုင်း "သတ္တဝါတွေဟာ သူတို့ကိုယ်တိုင် ပြုထားတဲ့ အမှုကံသာ ကိုယ်ပိုင်ဥစ္စာရှိကြတာဘဲ။ကောင်းတဲ့ အမှုကံကို ပြုတဲ့သူတွေဟာ ကောင်းစား ချမ်းသာကြမှာဘဲ။ ဆိုးတဲ့ အမှုကံကို ပြုတဲ့သူတွေဟာ ဆင်းရဲဒုက္ခ ရောက်ကြမှာဘဲ။ သူ့ကံနဲ့ သူ သူ့အမှုနဲ့သူဘဲ"လို့ ဒီလို လျစ်လျူရှုပြီး ပွားရပါတယ်။

ဒီလိုဆိုတော့ ဥပေက္ခာက'ဘယ်သူသေသေ ငတေမာရင်ပြီးရော'ဆိုတာလို- သူတပါး၏ အကျိုးစီးပွားကို ဆောင်ရွက်တဲ့ သဘောမပါတဲ့ အတွက် မကောင်းတဲ့ တရား၊ စိမ်းကားတဲ့ တရားဘဲလို့ အချို့က အပြစ်

တင်ချင်လဲ တင်ကြပေလိမ့်မယ်။ အမှန်ကတော့ ဒီလိုလဲ အပြစ်မတင်ထိုက်ဘူး၊ ဒီဥပေက္ခာက နေရာတိုင်းမှာ ပွားရတာမဟုတ်ပါဘူး၊ အခြားနည်းနဲ့ မဖြစ်တဲ့ သူ့နေရာမှာသာ ပွားရတဲ့ တရားဖြစ်ပါတယ်။

ဘယ်နေရာမှာလဲဆိုရင် ပဌမပိုင်းတုန်းက ပြောခဲ့တဲ့အတိုင်း မေတ္တာ, ကရုဏာ, မုဒိတာတို့ဖြင့် မဆောင်ရွက်တဲ့ နေရာမှာသာ ပွားရပါတယ်။

ဘယ်လိုလဲဆိုရင် မေတ္တာ, ကရုဏာ, မုဒိတာတို့ကို ပွားပြီး တတိယဈာန်ကို ရပွားပြီးဖြစ်တဲ့ သူဟာ စတုတ္ထဈာန်ကို တက်ရင် ဒီဥပေက္ခာကိုပွားမှသာ တက်နိုင်တယ်၊ ဒါကြောင့် သမထဈာန်လမ်းအရဆိုရင် ဒီနေရာမှာသာ ပွားရပါတယ်။

**လောကရေးရာဘက်က** ဆိုရင်တော့ တတ်နိုင်လို့ ရှိရင် အခြားသူတွေရဲ့ ချမ်းသာရေးအတွက် မေတ္တာ, ကရုဏာ, မုဒိတာနဲ့ အစွမ်းကုန် ကူညီဆောင်ရွက်ရပါတယ်၊ ဒါပေမယ့် ဘယ်နည်းနဲ့မျှ ကူညီဆောင်ရွက်ခွင့် မရှိတော့တဲ့ အခြေအနေကျတော့ ဒီဥပေက္ခာနဲ့ဘဲ အသင့်အတင့် နှလုံးသွင်းရတယ်၊ ဒါမှ စိတ်သက်သာရာ ရနိုင်ပါတယ်။

ဥပမာ ဆွေမျိုး မိတ်ဆွေဖြစ်တဲ့ သူတယောက် ရာဇဝတ်မှုနဲ့ အရေးယူခံနေရတယ် ဆိုပါတော့၊ အဲဒီကိစ္စမှာ တတ်နိုင်မယ်ဆိုရင် အဲဒီလူ လွတ်မြောက်ရေးအတွက် အစွမ်းကုန် ဆောင်ရွက်ရပါတယ်။ ဒါပေမယ့် တရားရုံးတော်က ပြစ်မှုထင်ရှားတယ်ဆိုပြီး အဆုံးသတ် စီရင်ချက် ချလိုက်တဲ့ အခါကျတော့ မေတ္တာ, ကရုဏာ မုဒိတာနဲ့ ဆောင်ရွက်ဘို့ အခွင့်အရေးမရှိတော့ဘူး၊ သူ့ကံနဲ့ သူဘဲလို့ နှလုံးသွင်းဘို့သာ ရှိတော့တယ်။

ယခု လောလောဆယ်မှာ အမှုအပြစ်မရှိဘူးလို့ ထင်ရပေမယ့် သူ့မှာ ရှေးဘဝများက ပြုခဲ့တဲ့ မကောင်းမှုက ရှိနေလို့သာ ခံရတာဘဲလို့ ဒီလိုသာ နှလုံးသွင်းပြီး ဖြေရတယ်၊ ဒီလိုဖြေမှဘဲ စိတ်သက်သာရာ ရနိုင်မယ်။

## ကုသိုလ်လုပ်ရင်း ဆင်းရဲရ၊ သဘာဝမှန်အောင်သိ

ဒီနေရာမှာ သက်သေ သာဓကတခုကို ထုတ်ပြချင်တယ်။။

မြတ်စွာဘုရား လက်ထက်တော် ကာလတုန်းက သာဝတ္ထိပြည်မှာ မဟာကာလဆိုတဲ့ သောတာပန် ဥပါသကာတယောက်ရှိတယ်၊ အဲဒီဥပါသကာဟာ ဇေတဝန်ကျောင်းတော်မှာ ဥပုသ်စောင့် ညအိပ်ပြီး တရားနာနေရာက နံနက်စောစောထပြီး ဇေတဝန်ကျောင်းတိုက်အဝက ရေကန်မှာ မျက်နှာသစ်နေတယ်၊ အဲဒီအချိန်မှာ သူခိုးလိုက်ဖမ်းကြတဲ့ လူတစုက မဟာ

ကာလရဲ့အနီးမှာ သူခိုးက ပစ်ချခဲ့တဲ့ ခိုးရာပါပစ္စည်းနှင့်တကွ တွေ့ရတဲ့အတွက် သူ့ကိုသူခိုးထင်ပြီး ဝိုင်းရိုက်ကြလို့ မဟာကာလ ဥပါသကာဟာ သေဆုံးသွားရရှာတယ်။

အဲဒီအခါမှာ ရဟန်းတော်များက မဟာကာလဟာ ဥပုသ်စောင့်ပြီး ကျောင်းမှာဘဲ ညအိပ် တရားနာနေတဲ့ သူတော်ကောင်းစစ်စစ်ဖြစ်ပါလျက်နဲ့ သူခိုးလို့ အစွပ်ခံရ၊ အသတ်ခံရတာဟာ မသင့်လျော်တဲ့ အကြောင်း မြတ်စွာဘုရားကို လျှောက်ကြတယ်။

ဒီတော့ မြတ်စွာဘုရားက ပစ္စုပ္ပန် အခြေအနေအရ မသင့်လျော်သော်လည်း သူ၏ရှေးကံအရ ဆိုရင်တော့ သင့်လျော်တဲ့အကြောင်း မိန့်တော်မူပါတယ်။

သင့်လျော်ပုံကတော့ ဒီလိုတဲ့။

မဟာကာလဟာ တခုသော ဘဝတုန်းက လမ်းဝေးပြတွေ ပေါများတဲ့ တောတခု၏အဝမှာ တောစခန်းစောင့် အရာရှိဖြစ်ခဲ့တယ်။ အဲဒီ တောစခန်း ဖြတ်သန်းလိုတဲ့ ခရီးသည်တွေကို တဖက်မှ တဖက်အရောက် ဘေးရန်ကင်းအောင် သူက စောင့်ရှောက်ပြီး ပို့ဆောင်ပေးရတယ်။ တနေ့သော အခါမှာ လူတယောက်ဟာ ရုပ်ရည်အဆင်းလှတဲ့ ဇနီးနှင့်တကွ လှည်းယာဉ်ကလေးစီးပြီး အဲဒီ တောစခန်းဝကို ရောက်လာတယ်။ တောစခန်းစောင့်က အဲဒီလူရဲ့ ဇနီးချောကလေးကို လိုချင်တာနဲ့ သူ့အိမ်မှာ တညအိပ်စေပြီး နောက်တရက် ခရီးထွက်တဲ့အခါမှာ 'ပတ္တမြားပျောက်တယ် မသက်ဘူး' ဆိုပြီး အဲဒီလှည်းကို ရှာဖွေစစ်ဆေးတယ်။ စေ့စေ့က သူ့ဟာသူ ထည့်ထားတဲ့ ပတ္တမြားကို တွေ့တဲ့အခါမှာ သူက အဲဒီခရီးသည်ကို ပတ္တမြားသူခိုးလို့ စွဲချက်တင်ပြီး သတ်ခဲ့တယ်။

အဲဒီ မကောင်းမှုကံကြောင့် မဟာကာလအလောင်း တောစခန်းစောင့်ဟာ အဲဒီဘဝက သေတဲ့အခါ အဝီစိငရဲမှာ ကျရောက်ပြီး ရှည်မြင့်စွာ ကာလပတ်လုံး ငရဲဒုက္ခတွေကို အကြီးအကျယ် ခံစားခဲ့ရတယ်။ ငရဲမှ လွတ်ပြန်တော့လဲ အဲဒီကံကြွင်းကြောင့် ဘဝတရာတိုင်တိုင် ဒီပုံဒီနည်းဖြင့် သူခိုးလို့ အစွပ်ခံရပြီး အသတ်ခံခဲ့ရတယ်။ ဒါကြောင့် ရှေးဘဝက ရက်ရက်စက်စက်ပြုခဲ့တဲ့ သူ့မကောင်းမှုကံအရ ဆိုရင်တော့ သူခိုးထင်ပြီး မဟာကာလ အသတ်ခံရတာဟာ သင့်လျော် ထိုက်တန်လှပါပေတယ်လို့ မြတ်စွာဘုရားက ရှင်းလင်း ဟောကြားတော်မူပါတယ်။

ဒါဟာ အပြစ်မရှိဘဲ ခံရတယ်လို့ ထင်ရသူအတွက် သူ့ကံနဲ့သူဘဲ

လို့ နှလုံးသွင်းသင့်တယ်လို့ ဆိုမှာ သက်သေ သာဓကတခုပါဘဲ။ ဒီလို သာဓက တွေ့တွေကတော့ အများကြီး ရှိပါတယ်။

ဒီလိုနေရာမှာ ယခုပြောခဲ့တဲ့အတိုင်းသူ့ကံနဲ့ သူဘဲလို့ အသင့်အတင့် နှလုံးမသွင်းဘဲ မျက်မြင်လောကသာ ကြည့်ပြီး မည်သူမည်ဝါတွေက မတရား လုပ်တယ်၊ မတရားနှိပ်စက်တယ်၊ အနိုင်ကျင့်တယ် စသည်ဖြင့် အပြစ်တင် မယ်ဆိုရင်တော့ သူတပါးကိုပြစ်မှားတဲ့ ဒေါသ အကုသိုလ်တွေလဲ ဖြစ် ပွားမယ်၊ စိတ်ထဲမှာ မခံသာတဲ့ စိတ်ဆင်းရဲမှုတွေလဲ များစွာ ဖြစ်မယ်၊ သူ့ ကံနဲ့သူဘဲလို့ ဥပေက္ခာဖြင့် လျစ်လျူရှုလိုက်ရင်တော့ အဲဒီ အကုသိုလ်တွေ၊ စိတ်ဆင်းရဲတွေဟာ အကုန်လုံးငြိမ်းပြီး စိတ်အေးချမ်းခြင်း သုခကို ရနိုင် ပါတယ်။

## တရားသူကြီးများ နှလုံးသွင်းရမယ့်တရား

နောက်ပြီးတော့ ဥပေက္ခာနဲ့ တရားမျှတစွာ နှလုံးသွင်းတာဟာ တရား သူကြီးများအတွက် ဆိုရင်လဲ အံကျကိုက်ပြီး အလွန်ပင် သင့်လျော်ပါတယ်။

တရားသူကြီးများဟာ တရားလိုနဲ့ တရားခံ မည်သူကိုမျှ ကွက်ပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာဖြင့် အခွင့်အရေး မပေးသင့်ဘူး၊ "ဒီလူကို ချမ်းသာ စေချင်တယ်၊ ဟိုလူကို သနားတယ်၊ ဟောဒီလူကိုတော့ ချမ်းသာမြဲချမ်းသာ စေချင်တယ်" ဆိုပြီး တဖက်သတ် အခွင့်အရေး ပေးလိုက်ရင် ဆန္ဒာဂတိနှင့် မောဟာဂတိ တခုခု ဖြစ်သွားလိမ့်မယ်။

ဒါကြောင့် သူ့အမှုကံနဲ့ သူဘဲလို့ လျစ်လျူရှုပြီး အမှုမှန်အတိုင်း တရားမျှတစွာ ဖြစ်အောင်သာ ဘက်မလိုက်ဘဲ စစ်ဆေး ဆောင်ရွက်သင့်ပါ တယ်၊ ဒီလိုဘဲ ဆောင်ရွက် နေကြတယ် လို့လဲ ကြားသိရပါတယ်။ ဒါကြောင့် ဒီဥပေက္ခာဟာ တရားစီရင်ရာမှာလဲ အလွန် သင့်လျော်တယ်လို့ မှတ်ယူသင့်ပါတယ်။

အမှန်စင်စစ်ကတော့ 'ဥပေက္ခာ ဘာဝနာ' ဆိုတာ မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့ဖြင့် ဈာန်ကို ရပြီးမှ စတုတ္ထဈာန်ရဘို့ ပွားများတဲ့ တရား ဖြစ်ပါတယ်။ ဒါပေမယ့် ဥပေက္ခာကို ပွားရင် ခုနက ပြောခဲ့တဲ့အတိုင်း အပြစ်ကင်းပြီး စိတ်သက်သာရာလဲ ရနိုင်ပါတယ်။ ပါရမီကုသိုလ်လဲ ဖြစ်ပွား နိုင်ပါတယ်။ ဒါကြောင့် (ကရုဏာ၊ မုဒိတာ ပွားပုံကို ဟောတုန်းကလိုဘဲ) သြဒိသ၊ အနောဒိသ၊ ဒိသာဖရဏ နည်းများဖြင့် ဥပေက္ခာကိုလဲ ပွားများ လိုက်ကြစို့။ ဘုန်းကြီးက အသံထွက်ရွက်ပြီး ပွားများမယ်၊ တရားနာ

နေတဲ့ ဗမ္မာမက ပုဂ္ဂိုလ်တွေ အားလုံးကလဲ စိတ်နဲ့လိုက်ပြီး ဥပေက္ခာ ဘာဝနာကို ပွားကြပါ။

၁။ "အားလုံး သတ္တဝါတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပါတကား။

၂။ "အားလုံး အသက်ရှိသူတွေ— (....)
၃။ "အားလုံး ထင်ရှားဖြစ်သူတွေ— (....)
၄။ "အားလုံး ပုဂ္ဂိုလ်တွေ— (....)
၅။ "အားလုံး ခန္ဓာကိုယ် အတ္တဘောရှိသူတွေ— (....)"

ဒါက အနောဓိသ ဥပေက္ခာ ၅–ပါးတဲ့။

၆။ "အားလုံး အမျိုးသမီးတွေ— (....)
၇။ "အားလုံး အမျိုးသားတွေ— (....)
၈။ "အားလုံး အရိယာပုဂ္ဂိုလ်တွေ— (....)
၉။ "အားလုံး ပုထုဇဉ်တွေ— (....)
၁၀။ "အားလုံး နတ်,ဗြဟ္မာတွေ— (....)
၁၁။ "အားလုံး လူသားတွေ— (....)
၁၂။ "အားလုံး အပါယ်ဘုံသူ အပါယ်ဘုံသားတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပါတကား"

ဒါက ဩဒိသဥပေက္ခာ ၇–ပါးတဲ့၊ ခုနက ၅–ပါးနဲ့ ပေါင်းလိုက်ရင် ဥပေက္ခာ ၁၂–ပါး ဖြစ်ပါတယ်။

ဒီနည်း အတိုင်းဘဲ—

"အရှေ့အရပ်က အားလုံး သတ္တဝါတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပါတကား"

စသည်ဖြင့်တူရူအရပ်က ၄–မျက်နှာ၊ အထောင့်အရပ်က ၄–မျက်နှာ၊ အောက် အရပ်က တမျက်နှာ၊ အထက်အရပ်က တမျက်နှာဆိုတဲ့ အရပ်ဆယ်မျက်နှာမှာလဲ ဥပေက္ခာ ၁၂–ပါးစီ ပွားနိုင်ပါတယ်။ အဲဒါတွေက တဆယ် ၁၂–လီဆိုတော့ ဥပေက္ခာ ၁၂၀–ဖြစ်ပါတယ်။ အဲဒီ ၁၂၀–က တော့ အရပ်မျက်နှာနဲ့ ဖြန့်တာမို့ 'ဒိသာဖရဏဥပေက္ခာ'လို့ ခေါ်တယ်။ ပထမက ပွားခဲ့တဲ့ အနောဓိသ,ဩဒိသ ဥပေက္ခာ ၁၂–ပါးနဲ့ ပေါင်းလိုက်ရင် ဥပေက္ခာပေါင်း ၁၃၂–ပါး ဖြစ်ပါတယ်။

အဲဒါတွေဟာ ဝိသုဒ္ဓိမဂ်ကျမ်းမှာ ပြထားတဲ့ မေတ္တာပွားပုံမှနည်းမှီပြီးပြတဲ့ ဥပေက္ခာ ပွားပုံတွေပါဘဲ။

## ကိုယ့်အလုပ် ကိုယ်သာ အားကိုးရာ

ဒီဥပေက္ခာ ၁၃၂-ပါး ပွားပုံတွေဟာ အမှန်စင်စစ်ကတော့ ဥပေက္ခာ ကမ္မဋ္ဌာန်းနဲ့ စတုတ္ထဈာန်ကို ရပြီးမှ ဈာန်ကစားတဲ့ အခြင်းအရာတွေသာ ဖြစ်ပါတယ်။

ဒါပေမယ့် သတ္တဝါတွေဟာ ကိုယ့်အမှု ကံသာလျှင် ကိုယ်ပိုင် ဥစ္စာရှိကြတယ်လို့ အဖန်ဖန် နှလုံးသွင်းနေရင် မကောင်းမှုကို ရှောင်ကြဉ် လိုတဲ့စိတ်တွေလဲဖြစ်မယ်။ကောင်းမှုကို ပြုလိုတဲ့စိတ်တွေလဲထက်သန်လာမယ်။ ဒါကြောင့် ဈာန်မရဘဲနဲ့ ဒီဥပေက္ခာကို ပွားတာလဲ အပြစ်ကင်းပြီးကုသိုလ် တရား ပွားများခြင်း အကျိုးရှိပါတယ်။

နောက်ပြီးတော့ အားလုံး ကံတရားအတိုင်းဘဲလို့ နှလုံးသွင်းနေတဲ့ အတွက် မရနိုင်တဲ့ အခွင့်အရေး မြှော်လင့်တောင့်တခြင်းလဲ ကင်းမယ်၊အဆင် မပြေတာရှိရင်လဲကံတရားအတိုင်းဘဲလို့ ဆင်ခြင်ပြီး စိတ်သက်သာရာရမယ်။ နောက်ပြီးတော့ နတ်, သိကြား, ဗြဟ္မာ, ဂိုဏ်းဆရာ စသော သူတပါးကို အားမကိုးဘဲ ကြီးပွားချမ်းသာရန် နည်းလမ်းမှန်ဖြစ်တဲ့ အလုပ်အကိုင်ကို သာအားကိုးပြီးတော့လဲ လုပ်ကိုင်မယ်။ ဒီလိုလုပ်ကိုင်တဲ့ အဘွက်မျက်မှောက် မှာလဲ စီးပွားဥစ္စာတွေကို ရသွားနိုင်ပါတယ်။ ဒါကြောင့် အဘိဏှသုတ်မှာ မြတ်စွာဘုရားက ကိုယ့်ကိုယ်ကိုယ်လဲ ဒီနည်းအတိုင်း ဆင်ခြင်ဘို့ ညွှန်ကြား တော်မူခဲ့တယ်။

"ငါ့မှာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိတယ်၊ ကံ၏ အမွေခံဖြစ်တယ်။ ကံသာလျှင် ချမ်းသာဘို့ ဆင်းရဲဘို့အကြောင်းရှိတယ်။ ကံသာလျှင်ဆွေမျိုး အစစ် ရှိတယ်။ ကံသာလျှင် အားကိုးရာရှိတယ်။ ကောင်းမှုကံကို ပြုလျှင် ကောင်းကျိုးအမွေကို ခံစံရမယ်။ မကောင်းကံကိုပြုလျှင် မကောင်းကျိုး အမွေဆိုးကို ခံစားရမယ်"လို့ အဖန်တလဲလဲ ဆင်ခြင်ပါတဲ့။ ဒါကြောင့်ယခု မိမိကိုယ်တိုင်ပါ တလောကလုံးက သတ္တဝါတွေကို အာရုံပြုပြီး ဥပေက္ခာကို ပွားလိုက်ကြဦးစို့။

"တလောကလုံးရှိ သတ္တဝါတွေ အားလုံးဟာ ကိုယ့်အမှုကံသာ လျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပါတကား။

"ဒီဥပေက္ခာကို ပွားများခြင်းဖြင့် ကိုယ့်အမှုကံကိုသာအားကိုး ပြီး ကုသိုလ်ကံကို ပြုစုပွားများနိုင်ကြပါစေ။

"စိပ္ပွားချမ်းသာဖြစ်ကြောင်း အလုပ်အကိုင်ကိုလဲ ကြိုးစား အားထုတ် ပြုလုပ်နိုင်ကြပါစေ။

"ထိုသို့ ပြုလုပ်နိုင်ခြင်းကြောင့် မျက်မှောက် သံသရာနှစ်ဖြာလုံး၌ အလိုရှိအပ်သော လောကီ လောကုတ္တရာ ကောင်းကျိုး ချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။"]

သာဓု–သာဓု–သာဓု။

ဗြဟ္မစိုရ်တရားတော် စတုတ္ထပိုင်း ပြီး၏။

**ဗြဟ္မစိုရ်တရားတော် ဤတွင်ပြီး၏။**

## ကမ္ဘာ့ ငြိမ်းချမ်းရေး

### ဘေးရန်ကင်းပ–အေးမြချမ်းသာရေး ရတုပိုဒ်စုံ

[ဘဏ္ဍာရေးဝန်ကြီးဟောင်း ပြန်အောင် ဦးတင်ရေးသည်]

**ပကြာဝဠာ။** ။တိုက်မဟာကို၊ အာကာသတွင်၊ လမိုက်စဉ်၌၊ ရှုမြင်ရာဝယ် နက္ခတ်ကြယ်တို့၊ အံ့ဘွယ်မဆုံး၊ စိတ်နှလုံးကို၊ ယူကျုံးသိမ်းဆောင်၊ လွန်မြားမြောင်တည့်၊ လူ့ဘောင်လူ့ရွာ၊ဤကမ္ဘာကား၊ အာကာသဝယ်၊ လွန်သေးငယ်လည်း၊ မျိုးနွယ်အရှိ၊ စုံမှားကြလျက်၊ ပပဉ္စသုံး၊ ဖိတ်မိုက်လုံးကြောင့်၊ ချစ်မုန်းနှင်ဖြာ၊လူ့ဆော်လာက၊ ဣဿာခေါ် ဆို၊ မနာလိုနှင့်၊ ဝန်တိုမစ္ဆေ၊ သူရှုပ်ပွေ၍၊ ဘေးတွေဒုပါကြ၊ဆင်းရဲ ရ၏။ သက္ကပဉ္စာ၊ သုတ္တန္တာဝယ်၊ မြတ်စွာဘုရား၊ ဟောမြွက်ကြား သည်၊ တရားသံဝေ ရဘိုကို။ ။

**ထက်အာကာသာ။** ။လကမ္ဘာမှ၊ပြန်ရာခရီး၊ ရောက်ခါနီးတွင်၊ မြေကြီးနှင့်ရေ၊ ယှက်ရောထွေလျက်၊ မှိုင်းဝေစိမ်းပြာ၊ လူ့ကမ္ဘာသည်၊ခိတ်ဖြာ ခွဲခြား၊ မထင်ရှားပဲ၊ တသားထည်းသာ၊ မြင်ကြပါလည်း၊ ရပ်ရွာ နိုင်ငံ၊ တက်ကြွားမာန်ကြောင့်၊ ခိုက်ရန်စစ်မက်၊ နှံ့ပြားဆက်ခဲ့၊ ပွက်ပွက်ဆူလောင်၊ လူတို့ဘောင်တွင်၊ နောက်နောင် ငြိမ်းချမ်း၊

အေးဘို့လမ်းမှာ၊ ခွဲခြမ်းစိတ်ခဲတတ်၊ ဖယ်ရှားအပ်၍၊ မြတ်စွာဗုဒ္ဓ၊ ဟောညွှန်ပြသား၊ သက္ကပဥ္စ၊ သုတ္တန္တကို၊ လေ့လာကျင့်ကြံ၊ စိတ်ဖြောင့်မှန်မှ၊ ခိုက်ရန်မပွား၊ အေးငြိမ်းသွားမည်၊ မခြားမန်ပြေ ကြဘို့ကို။ ။

ဆက်ကာကြွာကြွာ။ ။စွဲလမ်းရာက၊ တဏှာလောဘ။ ဝိဝါဒနှင့်၊ ဒေါသမီးရှိန်၊ တောက်လောင်ချိန်ဝယ်၊ ဣန္ဒြေမဏ္ဍိုင်၊ တိမ်းစောင်းယိုင်လျက်၊ ယှဉ်ပြိုင်အန်တု၊ ခိုက်ရန်ပြုသော်၊ လူ့ကမ္ဘာတွင် ၊ငရဲသွင်သို့၊ မမြင်ဝံ့ဝံ့၊ မကြေးဝံ့နှင့်၊ ကြောက်ရွံ့လန့်ရာ၊ တော်မွတ်လာ၍၊ ရောဂါကပ်ရောက်၊ ရှေ့မှနောက်သို့၊ တောင်မြောက်ဖီလာ၊ ပြန့်နှံ့လှာ၏။ မဟာသမယ၊ ချိန်ခါကပင်၊ သျှင်တော်ဗုဒ္ဓ၊ ကလဟနှင့်။ ဝါဒဆန့်ကျင်၊ ကျိုကြောင်းအင်ကို၊ စုံလင်ဟောပြ၊ သုတ္တန္တ၌၊ ဆုံးမညွှန်ကြား၊ လမ်းမှန်ထားသည်၊ အများရန်တွေ့ ပ ဘို့ကို။ ။



အခန်း [၆]

# တမလွန်ဘဝခရီးနှင့် ဘဝလွတ်မြောက်ရေး

## ဘဝမြင့်မားရေးပဲ့ကိုင်

"ရတနာ သုံးပါး ကျေးဇူး"နှင့်စပ်၍ သာမန်ငြိမ်းအေးမှု ရရုံမျှဖြင့် အားရ ကျေနပ် မနေသင့်ပေ။ သာမန် အခက်အခဲမှ လွတ်မြောက်ရုံ၊ သာမန်စီးပွားလာဘ်လာဘ တိုးတက်ရုံကိုမျှ ဆိုဘွယ်မလို။

အဘယ့်ကြောင့်ဆိုသော် သတ္တဝါတို့၏ခရီးကားရှည်လျားလှပေ၏။ အတိုင်း မသိသော ဒုက္ခတို့နှင့်လည်းအတိပြီးနေသည်။တစုံတခုသော ခိုင်မာသည့် ထောက်တည်ရာ မရရှိသေးပါမူ အာမခံချက်မရှိ၊စိတ်မချရသေး။

သတ္တဝါတို့၏ဘဝကား မီးလျှံ မီးတောက်များအပေါ်၌ ကြိုးတန်းလျှောက်နေရသကဲ့သို့ ရှိပေ၏။ အမြင်တချက် မှားသွားပါက 'ရင်းစား' ရရန်ပင် ခဲယဉ်းလှပေသည်။

မိမိတို့၏ဘဝကို တိုးတက်မြင့်မားအောင် ကြိုက်သလိုကိုယ်ပိုင် ထိန်းချုပ်ပဲ့ကိုင်နိုင်သော အခွင့်အရေး"ရတနာ သုံးပါးကျေးဇူး"ကား ပြောပြကြံစည်၍ မဆုံးနိုင်အောင် ကြီးမားလှပါပေစွ။

### တမလွန်ဘဝ မယုံလျှင်

တို့တောင်းလှသော သက်တမ်းကလေးအတွင်း လူတို့ကား ပျိုမျစ်နုနယ် အရွယ်ရှိခိုက်ဝယမာန်တက်ကာဘုန်းကြီးရှိခိုး ရသည်ကိုပင် ရှက်တတ်ကြ၏။

ရောင်းရေးဝယ်တာ ကောင်းခိုက်တွင်လည်း မေနမာန်တက်ကာ ရတနာသုံးပါး စိတ်များ မဝင်နိုင်။ အာဏာ ရာထူးရှိခိုက်တွင်လည်းရာဇမာန် တက်နေတတ်ကြသဖြင့် ငယ်စဉ်က ကျက်မှတ်သင်ကြား နားလည်ထားသ လောကကိုပင် မေ့ပျောက်ထားကြ၏။

နာခါမှ၊အိုခါမှ၊စီးပွားပျက်ခါမှ၊ အာဏာ ရာထူးမဲ့ခါမှ ကိုးကွယ် ရာရှာ၍စိတ်သက်သာရုံရတနာသုံးပါးဆေးကို မှီဝဲကြသော်လည်းရောဂါက ကျွမ်းလေပြီ။ သွားမရှိခါမှ ပဲခြမ်းကြော် ဝါးရသဖြင့်ကောင်းမှန်းသိသော် လည်း အရသာပေါ်အောင် အားဖြစ်အောင် မဝါးနိုင်ကြပြီ။

လူတို့သည် တစုံတခုသော အခက်အခဲတွေ့ခါမှ ကမန်းကတမ်း ကိုး ကွယ်ရာရှာတတ်ကြရာ ဆရာကောင်း, စနစ်ကောင်းနှင့် ကြုံကြိုက်ရန်မှာ ခဲယဉ်းလှပေသည်။

ရတနာ သုံးပါး ကျေးဇူးကား ပထမဆုံး လူတိုင်း လိုက်နာရမည့် ငါးပါးသီလ မျှလောက်ကိုပင် လေးလေးစားစား လိုက်နာ ကျင့်သုံးပါက အပါယ်လေးပါးဘေးကြီးမှ လွတ်မြောက်စေနိုင်၏။

ငါးပါးသီလမျှ မလုံသူကား ကြောက်ဘွယ်ကောင်းလေစွ။

ငရဲ,ဇိဿာန်,ပြိတ္တာ, အသုရကာယ်ဟူသော အပါယ်လေးပါးဘေး ကြီးကား ဘုရားစင် အနီး၌ပင် ရှိနေလေပြီ။

အလွန်ကြုံခဲလှသော အခွင့်ကောင်းကြီးကို ရနေခိုက်တွင် ဇုဒ္ဒါ နုဿတိ,မေတ္တာ, အာနာပါန် သတိပဋ္ဌာန် လုပ်ငန်း တို့ကို (တရားဌာန များသို့ မသွားမရောက် နိုင်ကြသေးစေကာမူ) တနေ့ နည်းနည်း နည်းနည်း ဖြင့် အိမ်မှာပင်လေ့ကျင့်သွားပါကအပါယ်ဘေးကြီးမှပို၍စိတ်ချရပေသည်။

"ရေဇူးနှင့် ဘိနပ်မပါ,နွေခါမှ သိမည်။

ဒါနနှင့် သီလမပါ သေခါမှသိမည်။"ဟု ဆိုရိုးစကားရှိ၏။

လူတို့ကား ကိုယ့်ဟာကလေးနှင့်ကိုယ် အတော်ကြီး ဟုတ်နေကြ သဖြင့် ဖွတ်မေ့ ပတတ်မေ့ကြီး မေ့နေကြ၏။

မည်သို့ဖြစ်စေ၊ဤဘဝ ကုန်ဆုံးပြီးသည်နှင့် ကမလွန်ဘဝ(လာမည့် နောက်ဘဝ) အရေးကား ပြေး၍မလွတ်ချေ။ တမလွန်ဘဝ ရှိ—မရှိ စသော ပြဿနာများကို(ဤ၌အကျယ်ရှင်းလင်းတင်ပြရန် မရည်ရွယ်ပါ။ မလိုပါ) မယုံလိုသူတို့ မယုံဘဲ နေနိုင်ပါသည်။ သို့ရာတွင်"သေလျှင်ပြီးပြီ။ နောက် ဘဝဆိုတာ မရှိပါဘူး"ဟု ငံယူကားသူသည် လက်ရှိဘဝတွင်လည်း ထင်ရာ လုပ်ပေတော့မည်။

ထို့ကြောင့် ပတ်ဝန်းကျင်ပညာရှိတို့၏ကဲ့ရဲ့ ရှုတ်ချခံရခြင်း စသော လက်ငင်းအပြစ်များနှင့် ရင်ဆိုင်ရပေတော့မည်မှာ မလွဲချေ။ ချက်ခြင်းပင် အရှုံးပေါ်နေပေပြီ။

သူထင်သည့်အတိုင်း မဟုတ်ဘဲ တမလွန်ဘဝရှိနေလျှင်ကား ထိုသူ သည် အယူမှားနေသူဖြစ်၍ ငရဲမှ လွတ်ရန်မရှိ။ ထို့ကြောင့် နှစ်ဖက်ရှုံး ရှုံးသူမည်၏။ (မဇ္ဈိမပဏ္ဏာသ-အပဏ္ဏကသုတ်၌ အကျယ် ရှင်းပြတော် မူထား၏။)

ဆက်လက်၍ ဗုဒ္ဓဝါဒသည် တမလွန်ဘဝကိုအကြွင်းမဲ့လက်ခံသော် လည်း တမလွန်ကို ဦးစားမပေးကြောင်းကိုမူ သတိမူသင့်၏။

## သေခါနီးလျှင် ကိုယ်တိုင်သိနိုင်သော ကိုယ့်အကြောင်း

"တမလွန်ဘဝ"ဟူသည် ဘာသာရေးကျမ်းစာ, ဘုရားသခင် သတ်မှတ်၍ ရှိနေရသော အရာမဟုတ်။ဓမ္မနိယာမ,ကမ္မနိယာမ ပင်တည်း။ တမလွန်ဘဝ ကို ဖန်ဆင်းသူမှာ အခြားမဟုတ်။ မိမိသာလျှင် ဖြစ်သည်။

နက်ဖြန်အလုပ်များသည် ယနေ့ လုပ်လက်စများသာ ဖြစ်ကုန်၏။ ယနေ့လုပ်သမျှကို နက်ဖြန်က တာဝန်ယူရသည်၊ ယခုဘဝက ထိထိခိုက်ခိုက် စိတ်လိုက်မာန်ပါ လုပ်ထားသောအရာ (ကိုယ်,နှုတ်,စိတ်=ကံများ) သည် ပင်လျှင် တမလွန်ဘဝကို ပုံဖော်၍ပေးလိုက်၏၊

ဤဘဝ၌ ထိထိခိုက်ခိုက်ဆောင်ရွက်ချက်များမရှိလျှင်၊ရှိသော်လည်း အင်အားနည်းနေလျှင် တသံသရာလုံးက လုပ်ခဲ့သော ထိထိမိမိကံများက တမလွန်ဘဝကို ဖန်တီးပေးကြရသည်။ တသံသရာလုံး လုပ်ခဲ့သမျှ အကု သိုလ်သာများ၍ ကုသိုလ်ကား မဆိုစလောက်။

သေခါနီးလာလျှင် သံသရာနှင့်ချီ၍ မိမိလုပ်ခဲ့သမျှ အဆိုးအကောင်း သောင်းပြောင်းထွေလာ အမှတ်ထင်ထင် ဖြစ်ရပ်များစွာတို့သည် တမလွန် ဘဝ ပုံဖော်ရန် သူ့ထက်ငါ တောင်းဆိုလာကြ၏။ ထိုဖြစ်ရပ် ဓာတ်လမ်း များသည် တခုပြီးတခု ဘိုင်စကုပ်ပြသကဲ့သို့ အဆင်းသား မြင်နေရသည်။ 'ကမ္မနိမိတ်'ဟုခေါ်၏၊ လူကိုသတ်ခဲ့လျှင် လက်နက်များ၊ ထိုးသတ်ပုံများ၊ သေသွားပုံများကို အခုသးစိတ်ပြန်၍မြင်ကြရသည်။မမြင်ချင်၍မရတော့ပြီ။

ကမ္မနိမိတ် အတိတ်ဇာတ်လမ်းများ ပီပြင်ထင်ရှားရာအလိုက် ပေါ် လာပြီးနောက် တမလွန်ဘဝသို့ ဆက်လက်ကူးပြောင်းရမည့်အသွင်သဏ္ဍာန် များ ဆက်၍ထင်ပြလာ၏။ ယင်းကို 'ဂတိနိမိတ်'ဟု ခေါ်သည်။

နတ်ပြည်သွားရမည့်သူဖြစ်က နတ်ဗိမာန်များ။
ငရဲသွားရမည့်သူဖြစ်က ငရဲမီးလျှံများ။
ထိုသဘောတရားကို မည်သူမျှ ရှောင်၍မရချေ။
မိမိပြုလုပ်မှားခဲ့သည်ကို မည်မျှလောက် ပိရိအောင် ဖုံးကွယ်ကြိတ်မှိတ်၍ မေ့ဖျောက်ပစ်ထားသော်လည်း ကံကိုလိမ်၍ မရတော့ပြီ။
မိုးကာအင်္ကျီဝတ်၍ အမှတ်ထင်ထင် လူသတ်မှု ကျူးလွန်ထားသူ၌ ယခုဘဝမှာပင် မိုးကာအင်္ကျီကြီး တရှပ်ရှပ်မြည်သံက နားထဲကမထွက်တော့ပြီ။ ပြီးလျှင် ကြိုးစင်ကိုလှမ်း၍ မြင်နေရ၏။ မည်သူမျှရိုက်၍ မစစ်ရ။
ဘဝတခုသို့ ကူးပြောင်းရတော့မည့် လူကယောက်အတွက် နောက်ဘဝ မရောက်မီကပင် 'ကမ္မနိယာမ'ဟူသော တရားသူကြီး၏ စီရင်ချက်ကို ကိုယ်တိုင် လက်ခံနေရပြီဖြစ်၍ ကောင်းစွာသိသွားနိုင်ကြသည်။ ထိုသဘောတရားကြီးကို မည်သူမျှ ရှောင်လွှဲ၍ မရစကောင်းချေ။

တမလွန်ဘဝမှ ဖြောင့်ချက်များ

"ကုသိုလ်ကိုဖြစ်စေ၊ အကုသိုလ်ကိုဖြစ်စေ အကျိုးမပေး လောက်ပါဘူးဟု မထေမဲ့မြင် မလုပ်သင့်"ကြောင်း မြတ်စွာဘုရား ဟောကြား သတိပေးတော်မူ၏။
အကြောင်းအမျိုးမျိုးကြောင့် ထိုသတိပေးချက်ကို လက်မခံလိုကြ။ ငြင်းဆန်သူ ငြင်းဆန်ကြ၏။
မည်သို့ဖြစ်စေ ထိုသူတို့ ကိုယ်တိုင်ပင် တမလွန်ဘဝသို့ ရောက်ကြရသောအခါ ထောက်ခံသောအားဖြင့် ကျေးဇူးတင် ဝမ်းမြောက်စကား ပြောသူတို့က ပြောလာကြသည်။ မချိတင်ကဲ ဝမ်းနည်း ကြေကွဲကာ နောင်တစကား ဆိုသူတို့က ဆိုလာကြကုန်၏။
သေခါနီးမှတရားနာကြားသွားရသော 'ဖားသတ္တဝါကလေး'၊ ဘုရားကို လျှပ်တပြက်မျှသာ မြင်ရုံမြင်သွားရသော 'မဋ္ဌကုဏ္ဍလီ'မိစ္ဆာဒိဋ္ဌိလုလင်၊ ရှင်မဟာကဿပကို ပေါက်ပေါက်လှူပြီး မြွေကိုက်၍ သုံးခဲ့ရရှာသော 'လယ်သူမကလေး'စသူတို့ကား....
"ဒီလောက်ကုသိုလ်ကလေးနဲ့ ဒီလိုကြီးကျယ်တဲ့ နတ်စည်းစိမ် ချမ်းသာကြီးကို ရမယ်မထင်ဘူး။ ခုတော့ အဟုတ်ရနေပြီကော။ မြတ်စွာဘုရားရှင်နှင့် သံဃာတော်အရှင်မြတ်တွေရဲ့ ကျေးဇူးက ကြီးမားလိုက်ပါဘိကွယ်" ဟု ဝမ်းမြောက်ကြရသည်။ လူ့ပြည်သို့ဆင်း၍လည်း ကျေးဇူးတင်စကား လျှောက်ထားသူများလည်း မနည်းချေ။

"ဒီလောက် မကောင်းမှုကလေး လုပ်မိတာနဲ့ ခုလို ငရဲဘဝ, ပြိတ္တာဘဝ ရောက်ရလိမ့်မယ် မထင်မိလို့ လုပ်ခဲ့မိပါပြီ။ နောက်များ လူ့ဘဝကို ပြန်ရလျှင်တော့ ဆင်ခြင်ပါတော့မယ်"ဟု မိမိလုပ်ခဲ့သည့် မကောင်းမှုနှင့် ရရှိခံစားနေရသော အပါယ်ဒုက္ခကြီးကို ဖြောင့်ချက်ပေးကာနောင်တ ဖြစ်နေရရှာသူများကား အထင်အရှားပင် ရှိကုန်၏။

(လက္ခဏာသံယုတ်၊ ပေတဝတ္ထု ပါဠိတော်တို့၌) မြတ်စွာဘုရားရှင် အတိအလင်းပင် ဟောကြားတော်မူခဲ့သည်။

ထို့ကြောင့်"ကိုယ့်ကိုယ်ကိုသနားလျှင်မကောင်းမှုမှရှောင်ရှားကြ" ဟု တဖွဖွဆုံးမတော်မူရလေသည်။ သို့ရာတွင် လက်ခတွေ့ကိုမှ ယုံချင်ကြသူတွေ များကြ၏။ တွေ့ကြရပေလတ္တံ့။ နောက်မှရသော နောင်တကား ပြင်၍မရစကောင်းပြီ။

## သေတဲ့နောက်ပင် လိုက်၍ကယ်မည်

ရတနာသုံးပါး ကျေးဇူးကား ကြီးမားလှပေ၏။ သေသည့် နောက်ကိုပင် လိုက်၍ ကယ်မနိုင်သေးသည်။ သို့ရာတွင် အပါယ်လေးမျိုးရှိရာ၌ ငရဲဘဝ ကျသူနှင့် တိရစ္ဆာန်ဘဝ ရောက်သွားကြရသူများကိုမူ မကယ်နိုင်တော့ပြီ။

သရဲ,တစ္ဆေ, မြေဘုတ်, မှင်စာ, အစိမ်း, နတ်စိမ်း,နတ်ဘီလူးစသည် ခေါ်ဝေါ်ကြသော ပြိတ္တာအမျိုးမျိုးနှင့် ပြိတ္တာအကြီးစားဟု ခေါ်ရမည့် အသုရကာယ်ဘဝ ရောက်ကြသူများကိုမူ လိုက်၍ ကယ်မနိုင်ပေသည်။

ပြိတ္တာ အသုရကာယ်တို့၏ ဘဝကား အစာရေစာ ငတ်မွတ်ဆင်းရဲသော ဘဝဖြစ်၍ ရေသောက်ရန် မြစ်ထဲဆင်းလျှင်ပင် ရေပျောက်သွားရသော ဘဝမျိုးဖြစ်သည်။ လူတို့စွန့်ပစ်သောထမင်းလုံး၊ နှပ်ချွဲများကိုသာ စားသုံးကြရရှာ၏။ လောဘကြီးသူ၊ မနာလိုဝန်တိုကပ်စေးနှဲသူ တို့ရောက်ရသောဘဝ ဖြစ်သည်။

အိပ်ရာထဲ လဲနေသော လူနာကဲ့သို့ ကံစီမံသည့်အတိုင်းခံစားနေကြရသဖြင့် 'ကံဘုံ'ဟု ခေါ်သည်။ ဥာဏ်နီ ဥာဏ်နက်ထုတ်၍ စီရိယဖြင့်လုပ်ယူနိုင်သောအခွင့်အရေးမရှိ။လူလူချင်းပေးယူသကဲ့သို့ ပေးတိုင်းလဲ မယူနိုင်၊ ကျွေးတိုင်းလဲ မစားရ။ သူတို့၏ဘဝကို မြင့်တက်စေရန်၊ အဝတ်အစား ပြည့်ဝစေရန်မှာ ကျန်ရစ်သူ လူများက အမျှအတန်းပေးဝေမှသာ ရရှိနိုင်ကြ၏။အခြားနည်းလမ်းမရှိပြီ။

ထို့ကြောင့် ကျန်ရစ်သော ဆွေမျိုးများက သက်ပျောက်,ရက်လည် စသည်ဖြင့် အလှူဒါနပြုကြရသည်။

ထိုသို့ဖြစ်ပါလျက် လူသေခေါင်းထဲသို့ ကျန်ရစ်သူများက 'ထမင်းထုပ်ကလေး၊ နေ့ဘို့ညစာ ဆန်ကလေး၊'ကူးတို့ခ' ပိုက်ဆံကလေး ထည့်မိအောင် ထည့်လိုက်ကြသေး၏။ တရုတ်လူမျိုးများကမူ ဝင်းခြံ, တိုက်အိမ်စသည်များကိုပါ စက္ကူဖြင့် ဆောက်လုပ်၍ ထည့်ပေး လိုက်ကြသေးသည်။ ကုသိုလ်ပြုပြီး အမျှဝေရမည်ကိုမူ မေ့နေတတ်ကြ၏။

ကွယ်လွန်သူကို ရည်စူးသော အလှူဒါနကို ပြုရာ၌ အထူးသတိပြုရမည်မှာ သက်ပျောက်,ရက်လည် ဆွမ်းသွတ်သောနေ့၌သာမဟုတ်ဘဲ နေ့စဉ်နှင့်အမျှ မိမိပြုလုပ်သော ကုသိုလ်အဖို့ကို ပေးဝေသင့်ကြ၏။ အလှူဒါနပြုရာတွင်လည်း အဝတ်,အစားဆင်းရဲသူများကို ရည်ညွှန်းသော အလှူမည်အောင် ဆွမ်း,သင်္ကန်း အဝတ် အထည်များကိုပါ ပေးလှူကြရန် အထူးသတိပြုသင့်ကြပေသည်။ ခေါင်းထဲထည့်ပေးလိုက်၍ ရကြမည်မဟုတ်။

နောက်တချက် မျက်ရည်စက်လက် ပူပူလောင်လောင်ပေးဝေသော 'ငိုသံပါ အမျှ''မျိုး မဖြစ်ရန်လည်း လိုပေသေးသည်။ ထိုအလှူမျိုးသည် မည်မျှကျေးဇူးများသည်ကို ဘုရားအစရှိသော သူတော်ကောင်းတို့သာလျှင် သိမြင်နိုင်ကြသည်။ ထိုအလှူမျိုးကို'ပေတဗလိ'ဟုခေါ်၏။ မိဘများ ကွယ်လွန်သွားကြသောအခါ သားသမီးများက မမေ့မလျော့ ကုသိုလ်ပြု အမျှဝေပေးရန် အထူး တိုက်တွန်းတော်မူသည်။

သားသမီးများလိုက်နာရမည့် အချက်ကြီး ငါးချက်တွင် 'အမျှပေးဝေရန်' တာဝန်ကြီးတခု သတ်သတ်မှတ်မှတ် ထည့်သွင်း ဟောထားတော်မူခဲ့လေသည်။(သိင်္ဂါလောဝါဒသုတ်)။ မည်မျှ အရေးကြီးသည်ကို သတိမူကြရာ၏။

"ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊
စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဘွယ်သားတို့တာ"

## သာသနာမတွေ့က ကမ္ဘာမြေ့ကြာ

လူတဦးတယောက် သေဆုံးသွားသောအခါ မိမိတို့ရိုးရာ ဘာသာဝါဒအလျောက် ကောင်းရာ သုဂတိ ရောက်စေရန် ကျန်ရစ်သူ စသည်တို့က ဝိုင်း၍ ဆုတောင်း ပေးကြသော အစဉ်အလာလည်း ဘုရား မပွင့်မီကပင် ရှိခဲ့ဘူးသည်။ သေသွားသူ ပြုလုပ်သွားသော ကံများကို မည် သည့်

ဆုတောင်းကမှ ပြောင်းလဲ မပေးနိုင်ချေ။ ကျန်ရစ်သူအနေဖြင့် ကူညီလိုပါလျှင် ကုသိုလ်ပြု၍ အမျှဝေခြင်း, အမျှယူခြင်းကသာလျှင် နောက်ဆုံးကယ်တင်ခြင်း ဖြစ်တော့သည်။ ('ဆုတောင်းခန်း မြင်ကွင်းကျယ်'မှာလည်း ပြဆိုခဲ့ပြီးပြီ။)

ထိုနောက်ဆုံး ကယ်တင်မှုအတွက် ဘုရားရှင်နှင့်တကွ သံဃာတော်အရှင်မြတ်တို့၏ ကျေးဇူးသည် ကြီးမားလှပေ၏။ ထိုကိစ္စကျမှ ကျေးဇူးကြီးမားပုံ ပို၍ ပေါ်လွင်လာ၏။ သတ္တဝါတို့၏ အားထားမှီခိုရာ သဘောသည် ပို၍ထင်ရှားလာ၏။ အစားထိုး၍မရနိုင်သော 'ပုညက္ခေတ္တံ အနုတ္တရံ= တလောကလုံး၏ ဦးဆောင်၊ ဒက္ခိဏေယျ=အလှူတန်ဘိုး ကြီးအောင် လုပ်ဆောင် ပေးတော်မူနိုင်သည့် စွမ်းအင်သတ္တိ'သည် အဘယ်မျှ အဆင့်အတန်းမြင့်မြတ်လှပါသနည်း။

တဖလွန်ဘဝ၌ ပြိတ္တာ, အသုရကာယ် ဖြစ်နေရသူများ 'သာဓု' ခေါ်လိုက်သည်နှင့် တပြိုင်နက် ဝတ်ပြတ်ဆင်းရဲလှသော ဘဝမှ ချက်ခြင်းပင် နတ်ဝတ်တန်ဆာ, အစားအစာ, ဗိမာန်များရ၍ ချက်ခြင်းပင် ဘဝအခြေအနေ ပြောင်းနိုင်ကြလေသည်။ အဘယ်မျှ ဆန်းကျယ်ပါသနည်း။ အားကိုးထိုက်ပါသနည်း။ထိုအကြောင်းသည် ဒဏ္ဍာရီမဟုတ်။ (ပေတဝတ္ထု, ဝိမာန ဝတ္ထုတို့၌) အထပ်ထပ် ဟောတော်မူထား၏။

(ထိုမျှနှင့် မယုံကြည်နိုင်သေးသူများအတွက် ဤအခန်းကို ဆုံးအောင်ဖတ်ပါ။)

'ပေတဗလိ'ခေါ်သော သေသူကို ရည်ညွှန်းသည့် ကုသိုလ်ကောင်းမှု လုပ်ခြင်းသာ မရှိပါလျှင် ပြိတ္တာဘဝတွင် နှစ်နှင့်ပဟုတ်၊ ကမ္ဘာနှင့်ချီ၍ပင် ဆင်းရဲနေကြရရှာသည်။ အပါယ်လေးဘုံတွင် မည်၍ မည်မျှဟု သက်တမ်း ကန့်သတ်ချက်ဟူ၍လည်း မရှိ။ မိမိတို့ ကံကြမ္မာ ကုန်မှသာ လွတ်ခွင့်ရကြသည်။

လွန်ခဲ့သော ၉၂-ကမ္ဘာထက် 'ဖုဿဘုရားရှင်' လက်ထက်က ဘုရားပစ္စည်း, သံဃိကပစ္စည်းများကို အလွဲသုံးစား လုပ်မိခဲ့သူများ ပြိတ္တာဘဝ မဝရေစာဖြင့် ကမ္ဘာပေါင်း ကိုးဆယ်ကျော် ကြာမြင့်စွာ ဒုက္ခခံနေခဲ့ကြရရှာ၏။ ဤမြတ်စွာဘုရား လက်ထက်ကျမှ ၎င်းတို့အား သားချင်းတော်ဘူးသူ 'ဗိမ္ဗိသာရ' မင်းက အမျှဝေပေးမှသာ လွတ်မြောက်ကြရရှာသည်။

(တိရောကုဍ္ဍသုတ်။)

ဘုရား ပွင့်တော်မူသော အခါကောင်းကြီးနှင့် မကြုံကြိုက်လျှင်၊ ကြုံကြိုက်ပါသော်လည်း သတ်သတ်မှတ်မှတ် ကုသိုလ်ဒါနပြု၍ အမျှပေးဝေမည့်သူများ မရှိလျှင် ဂမ္ဘာပေါင်း အသင်္ချေပင် ပြိတ္တာဘဝမှာ ဖြစ်နိုင်လေသည်။

သာသနာတော်နှင့် ကြုံကြိုက်ရသော အခွင့်အရေး၊ ရတနာသုံးပါး၏ ကျေးဇူးကား ဤမျှကြီးမားလှပေ၏။

## လယ်တီ့ညောင်လွန့် ဆရာတော်နှစ်ပါးနှင့် ဘုန်းကြီးပြိတ္တာများ

"ဥစ္စာစုကို၊ မဆိုထားလှတ်၊ ကိုယ်စတ်ခြုံလွှမ်း၊ ပုဆိုးနွမ်းကာ၊
သင်္ကန်းမျှဩ၊ လောဘဤဟိတ်၊ ငဲ့သည် စိတ်ကြောင့်၊ ဘုတ်ပြိတ်၊
သန်းဖျ၊ ဖြစ်ကုန်ကြ၏။
ပြင်ပဥစ္စာ၊ မဟုတ်စွာသေး၊ အင်္ဂါအဆင်း၊ ကိုယ်အတွင်းဝယ်၊
မွေးညှင်းဆံစု၊ ရုပ်ဝတ္ထုဩ၊ ဟာခုခုဘဝ်၊ စွဲကပ်စွန်းငြိ၊ ဇောဝီထိဖြင့်၊
စုတိပုဂ္ဂိုလ်၊ မိမိကိုယ်တွင်၊ ထိုထိုပိုးလောက်၊ စားသောက်ပြန်ကာ၊
ဖြစ်တတ်စွာဟု၊ ကျမ်းလာမုချ၊ ဤသို့ပြ၏။" (၄၀၅-မဃဒေဝ)

အထက်ပါစကားကိုကြည့်လျှင် ရှင်ရှင်လူလူ စွဲလမ်းတပ်မက် ငဲ့ကွက်တွယ်တာမှု တခုခုရှိနေပါက အပါယ်ဘေးကြီးသည် ဤခန္ဓာကိုယ်ထဲ၌ပင် ရှိနေကြောင်း သတိပြုအပ်ပေသည်။

ပုထုဇဉ် ရဟန်းတော်များကား လူဒကာ ဒကာမတို့အတွက် ဒက္ခိဏေယျ=အလှူခံ ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်စေကာမူ ဘဝ အာမခံချက် မရှိသေးသဖြင့် အပါယ်ဘေးကြီးမှ စိတ်မချရသေးပေ။ မီးပြသမား တွင်းထဲကျရသည်မှာ ပို၍ နစ်နာလှသည်။

ထို့ကြောင့် မိမိဝတ်ရုံသော သင်္ကန်းကို တပ်စွဲမိ၍ ထိုသင်္ကန်း၌ပင် (ဥပပတ်)သန်း ပြန်၍ ဖြစ်ရဘူးသည်။ မိမိကိုယ်ကို တွယ်တာ နှစ်သက်သော စိတ်ဖြင့် သေလွန်၍ မိမိအလောင်းကိုယ်၌ပင် ပြန်၍ စားသောက်နေရသော ပိုးလောက်လည်း ဖြစ်ရဘူးသည်။ တစုံတခုသော စွဲလန်းမှုနှင့် သေလျှင် မိမိအိမ်၌ပင် တိရစ္ဆာန်, ပြိတ္တာဖြစ်ရကြောင်း (မဟာဝဂ္ဂ၊ မဟာသုဒဿနသုတ် အဖွင့် ၂၂၆-၃) ပါရှိလေသည်။

ကံတရားသည် မျက်နှာကြီးငယ် မလိုက်ချေ။

ဤနေရာ၌ မပြောပလောက်သော သေခါနီးကာလ အာရုံ အထားလွဲသဖြင့် သရဲ, တစ္ဆေခေါ် ပြိတ္တာဖြစ်ရသော ဘုန်းကြီးများနှင့် ချွတ်လွဲ

ကယ်မသော ဆရာတော်ကြီးများအကြောင်း လက်တွေ့ဖြစ်ရပ်များကို ပြဆိုပါဦးမည်။

ပထမဆုံး 'လယ်တီဆရာတော်' ကယ်မပေးတော်မူပုံကိုအောက်ပါအတိုင်း သိမှတ်ရပေ၏။

ဆရာတော် ပျဉ်းမနားမြို့ အင်ကြင်းမြိုင်တောရ၌ နေစဉ်ကဖြစ်၏။ ကျောင်းဒကာကြီး ဦးထွန်းလှိုင်ဆိုသူမှာ မိမိကိုးကွယ်သော ဘုန်းကြီးတပါး ပျံလွန်တော်မူရာ ပြိတ္တာဖြစ်နေ၍–

"မောင်ထွန်းလှိုင်။ ငါ့မှာ ပစားရ၊ မဝတ်ရဘူး၊ ကုသိုလ်လုပ်ပြီး အမျှပေးဝေစမ်းပါ"ဟု မကြာခဏအိပ်မက် မက်သည်သတဲ့။

တနေ့တွင် ဦးထွန်းလှိုင်က ဆရာတော်အား ဆွမ်းသင်္ကန်းများ ကပ်လှူပြီးနောက် အမျှအတန်းပေးဝေလိုက်ရာ ထိုနေ့ညဉ့်၌ပင် ဘုန်းကြီး ပြိတ္တာသည် ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် ဦးထွန်းလှိုင်အား ကျေးဇူးတင်စကားလာပြောသည်ဟု အိပ်မက်လိုလို တကယ်လိုလို မြင်တွေ့ရကြောင်း ဦးထွန်းလှိုင်က ဆရာတော်အား ဝမ်းသာအားရ လျှောက်ထားသည်။ ထိုအခါ လယ်တီဆရာတော်က–

"မောင်ထွန်းလှိုင်၊ ဒို့များသိလ ဒိလောက်တော့ကယ်နိုင်ပါသေးတယ်ကွယ်" ဟု မိန့်တော်မူလေသည်။ (ဦးထွန်းလှိုင်ကား ကမ္ဘာအေး မစိုးရိမ်တိုက်သစ်အမ ဒေါ်ရင်မြ၏ အဖိုးပင်တည်း။)

ထိုနောက် တပါးကား 'ပုပ္ပါးသန္တာ'ဟု ကျော်ကြားသောညောင်လွန့် ဆရာတော် ဖြစ်သည်။

ဆရာတော်သည် ညောင်လွန့်တောရရှိ ဝတ်ရုံကျောင်းကြီး ပေါ်၌ တရားရှုမှတ်တော်မူစဉ် ကျောင်းလှေကား ဘိနပ်ချွတ်၌ ပြိတ္တာတဦး လာရောက် ပေကပ်နေသဖြင့်–

"သင်ဘယ်သူလဲ"ဟု မေးတော်မူရာ –

"နန္ဒိယပါဘုရား၊ကယ်တော်မူပါ"ဟု လျှောက်သံကို ကြားရ၏။

နန္ဒိယဟူသည် မကြာမီက ပျံလွန်သွားသော တိုက်အုပ် ဘုန်းကြီး ဦးနန္ဒိယဖြစ်ကြောင်းသိတော်မူသဖြင့် သေချာစွာကြည့်တော်မူရာ စားရမဲ့ သောက်ရမဲ့ဖြစ်ကာ အဝတ်အစားမရှိ ညှိုးနွမ်းပိန်းချုံးနေသည်ကိုမြင်တော်မူ၍ များစွာ သနားကရုဏာဖြစ်တော်မူ၏။

ထိုရက်အတွင်း၌ပင် ဒကာ ဒကာမများအား အလှူအတန်းပြုစေ၍ အမျှပေးဝေရာ ထိုနေ့ညဉ့်ပင် နတ်ဝတ်တန်ဆာဖြင့်–

“တပည့်တော် အထက်နတ်ပြည် သွားရပါတော့မည် ကျေးဇူးရှင် ဆရာတော်ဘုရား”ဟု လျှောက်ထား ပျောက်ကွယ်သွားတော့သည်။

အလှူခံပုဂ္ဂိုလ် ရွေးချယ်ဦးမှ

အထူးသတိပြုသင့်သည်မှာ—ထိုသို့သော အလှူဒါနမျိုးကို ပြုလုပ်သောအခါ “ဒို့များသိလ ဒီလောက်တော့။ ကယ်နိုင်ပါသေးတယ်” ဟု မိမိကိုယ်ကို ယုံကြည်နိုင်မည့် ရဟန်းသံဃာများကို ရွေးချယ် ပင့်လှူသင့်ကြ၏။

အချို့ဆရာတော်များကား မည်သည့်အလှူဒါနမျိုးအတွက်ဖြစ်စေ၊ အလှူပွဲသို့ ကြွရောက်ခါနီး သင်္ကန်းမရုံမီရဟန်းတော်အချင်းချင်း ဒေသနာ ကြားပြီးမှ(သီလဆေးကြောပြီးမှ)ကြွလေ့ရှိကြပေသည်။

“ဒို့က သူတို့လှူတာတွေစားပြီး၊ သူတို့အားကိုးရရောက် အောင် တတ်နိုင်သလောက် လုပ်ရတာကွ။ ရှေးက မုဆိုး တယောက်သေလို့ ကျန်တဲ့ ဆွေမျိုး တွေက သူ့ကိုရည်စူး ပြီး နှစ်ကြိမ်တိုင်တိုင် အလှူပေးကြသတဲ့။ ဒါပေမယ့် မုဆိုးပြိတ္တာကြီးမှာ ကုသိုလ်အဖို့ မရဘဲဖြစ်နေ ရှာသတဲ့၊ သုံး ကြိမ်မြောက် အလှူပေးကြပြန်တော့ ပြိတ္တာကြီးက ပြော တယ်။ ‘ငါ့ဥစ္စာတွေ ဒုဿီလကြီးလုယူလားတယ်လို့’ အော် ပြောသတဲ့။ ပင့်ထားတဲ့ ဘုန်းကြီးက သီလမရှိတဲ့ ဘုန်းကြီး ဖြစ်နေတာကိုး”

ဤသို့စသည်ဖြင့်လည်း (ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာလာသည့် အတိုင်း)တပည့်ရဟန်းများကို ဩဝါဒပေးတော်မူလေ့ရှိကြသည်။

ရှင်ရော လူပါလိုက်နာရမည့် မှတ်သားဖွယ်များပေတည်း။

## အမတ်ကြီးဦးပေါ်ဦးနှင့် သုံးဘဝကူးဆရာတော်

ရုပ်ကိုအားထားလွန်းသောနိုင်ငံကြီးတို့၌ လူဝင်စားဖြစ်ကြရသည်မှာအလွန် ကံဆိုးကြရရှာ၏။ ထိုလူဝင်စားတို့သူကို ယုံသူကမျှ အဖက်မလုပ်လိုကြ။ လူဝင်စားကလေး၏ မိဘများလည်း ငွေကြေးကုန်ကြရသည်။ လူဝင်စား များကို ‘ဦးနှောက်ချွတ်ယွင်းသူများ’ ဟု သတ်မှတ်ထားကြသဖြင့်ထိုကလေး များကို မည်သည့်ကျောင်းကမျှ လက်မခံလိုကြ။ ဒေါက်တာ အမျိုးမျိုးနှင့် ဆေးကုရ၍လည်း မပျောက်နိုင်ရတော့ပြီ။

မြန်မာနိုင်ငံကဲ့သို့ ကမ္မလွန်ဘဝ ခံယူသော နိုင်ငံများအတွက်လူဝင် စားပြဿနာမရှိ။ ကဇ္ဇ သူ့ရဲ့အကြောင်းလည်း မဆန်းကြယ်တော့ချေ။

လူဝင်စားပြဿနာ၏ နောက်ဝယ် တစ္ဆေ သရဲကိစ္စလည်း ရှောင်၍မရ။ မင်းတုန်းမင်းလက်ထက်တွင် "ဝေါဟာရလိနတ္ထဒီပနီ" ကျမ်းပြုသူ လေ့သင်း အတွင်းဝန်မင်းက တစ္ဆေ သရဲ ပြိတ္တာများအကြောင်းကို "ဟဇ္ဇာဒီပနီ"ဟု ရေးသား၍ ပုံနှိပ်ခဲ့ဘူးသည်။

ဤနေရာ၌ သက္ကရာဇ် ၁၂၁၃-ခုနှစ် 'မင်းလှ သိရိသိဟသူ' မှတ်တမ်းပြုထားသော "ဆရာတော်ကြီးတရာ့ငါးပါးအတ္ထုပ္ပတ္တိမှတ်တမ်း" လက်ရေးမူမှ ထုတ်နုတ်၍ ဘိုးတော်လက်ထက် သုံးဘဝကူး ဆရာတော်အကြောင်းကို ဖော်ပြပါအံ့။

## မုံတောဆရာတော်

ယင်းဆရာတော်မှာ 'မုံတောဆရာတော်ဖြစ်၍ မင်းတရားကြီးက ထိုဆရာတော် အကြောင်း တစွန်းတစ ကြားသိ၍ စိတ်ပါဝင်စားဟန် ရှိပေ၏။ ထို့ကြောင့် အမတ်ကြီး ဦးပေါ်ဦးအား ဆရာတော်အား သွားရောက် လျှောက်ထားခိုင်းဟန် တူလေသည်။ဆရာတော်ဘုရားကြီးကိုယ်တိုင် အမိန့်ရှိချက်ကို 'မင်းလှသိရိသိဟသူ'က အောက်ပါအတိုင်း မှတ်တမ်း ပြုခဲ့လေသည်။ (မူရင်းအတိုင်း။)

[၃၄-မုံတောဆရာတော်၊ ၁၁၀၂-ဘွား၊နံ-ဗုဒ္ဓဟူး၊ သက်တော် ၇၂၊ဘွဲ့-ရှင်ဝရ၊ အမည်-ဦးပျော်၊ ဇာတိ-အင်ယဉ်မုံတောရွာ။ အမရပူရမြို့တည်မင်းလက်ထက် သားတော်အိမ်ရှေ့မင်းက ကိုးကွယ်သည်။ 'ဝံသာဘိလင်္ကာရ မဟာဓမ္မရာဇာဓိ ရာဇဂုရု'တံဆိပ်တော်ဖြင့် အဝမြို့ အရှေ့တောင်ထောင့် 'မဟာမင်္ဂလာရွှေဘုံမိုးထိ'ကျောင်းတင် လှူဒါန်းသည်။ ၁၀-နှစ်သား ကျောင်းထား၊၁၃-နှစ်ရှင်ပြု၊ သာမဏေရစ်ဝါရတွင် ရဟန်းခံသည်။

၁၁၃၈-ခုနှစ်၊ မုံတောဆရာတော်ကျောင်းသို့ ဘဝရှင်မင်းတရားကြီး ထွက်တော်မူစဉ် ဆရာတော်ဘုရားကြီး အကြောင်းကို လျှောက်ရမည် အမိန့်တော်နှင့်မြေတိုင်းအတွင်းဝန်မင်းကြီး'မင်းလှနော်ရထာ'ဘွဲ့ခံ ဦးပေါ်ဦး လျှောက်ထားရာ ဆရာတော်မိန့်သည်ကား-

"ဟံသာဝတီရောက် မင်းလက်ထက် မိဘတို့နှင့် အတူနေ၍ အသက် ဆယ်နှစ်တွင် 'ကျောင်းသို့ပို့ပါ'အကြိမ်ကြိမ် တောင်းပန်သည်နှင့် ဆရာ ဘုန်းကြီးထံ ပို့သ၊ စာပေသင်ကြား၊ ဆယ့်နှစ်နှစ် အရွယ်ရှိရာ ကျောင်း ဆင်ကပ်တွင် ရပ်နေစဉ် လူတဦး ခဲပုအများ ဝန်လေးစွာ ထမ်းပိုးဆောင်ယူ လာသည်ကို 'မည်သည့်အတွက် ထမ်းယူခဲ့သည်'ကျောင်းသားက မေးမြန်း

လျှင် 'သားမယားစားသောက်ရန် ထမ်းပိုးလုပ်ကျွေးရသည်'ပြန်ပြောသော အခါ ထိုနေ့ပင် မိဘတို့ကိုတောင်းပန်၍ ထိုဆရာရင်းထံရှင်ပြုလျက်၊ တဝါရ ဆွမ်းခံသွားရာ ခွေးနက်ရှူးကိုက်၍ ကုသမရ၊ ဘဝပြောင်းသွား။

"သုသာန်မှာသင်္ဂြိုဟ်ပြီးနောက်သုသာန်၌မတကဘတ်(သက်ပျောက်ဆွမ်း–ရက်လည်ဆွမ်း)ဆွမ်းကျွေးတရားနာ လာရောက်ပြီး မြေမြှုပ်နှံသည့် မြေပုံကို ကြည့်ရှုငိုကြွေးပြီး ပြန်သွားကြရာ အမိတယောက်ကို ဆွဲငင်လိုက်ပါ သွား၊ ပဋိသန္ဓေယူ၍ ဖွားမြင်။

"ရှစ်နှစ်အရွယ်ရောက်လျှင် 'ငါ့ဆရာကျောင်းပို့ပါ' ပြောဖန်များ သဖြင့် မိဘတို့က မေးကြရာ အလုံးစုံပြန်ပြော။ ဆယ်နှစ်အရွယ်တွင် ဆရာ ရင်းကျောင်းသို့ ပို့သ သင်ကြားနေသည့်အတွင်း သီတင်းနေ့တနေ့တွင် ကျောင်းအနီး လှစင်သို့ ကျောင်းသားတို့နှင့် သွားရောက် လှတိုက်သည်ကို မြင်၍ 'မည်သို့ကြောင့်ပင်ပန်းကြီးစွာ လုပ်ရသည်'မေးမြန်း။အထက်နည်း ပြန်ပြောသည်တွင် ထိုနေ့ပင် မိဘတို့ကိုတောင်းပန်၍ ၁၁–နှစ်တွင် ရှင်ပြု။

"နှစ်ဝါရကာလ ကုဋ္ဌိအဝင်တွင် မြွေခဲ၍ (မြွေကိုက်၍) ကုသမရ၊ ဘဝပြောင်းသွား၊ အထက်နည်း သုသာန်မှာသင်္ဂြိုဟ်၊မတကဘတ် လုပ်ကျွေး ပြီးနောက် နှစ်ရက် အဝမ္ဗိုနောက် ဘရန်းပေါက်,လက်ဆောင်ယူ ရွာများ က ဟင်းရွက် ဟင်းသီးထမ်းယူ ပြန်လာ(ကြသောသူများ) နေဝင်ကျော်တွင် သုသာန်သို့ ဆိုက်ရောက်။ အထက် သင်္ဂြိုဟ်သည့် မြေပုံအနီး မိဘတို့က 'ငါ့သားမောင်ရှင်ကို အမျှပေးဝေပါ၏'ဆိုစဉ်ခဏ ဝမ်းမြောက်လှ၍ အမိ တွင် ကိုယ်ဝန်စွဲနေ။

"အမိလည်း သားရောက်လာကြောင်း အိပ်မက်ထင်မြင်။ နေ့လစေ့ ၍ ဘွားပြီးနောက် သုံးဘဝတိုင် ယောကျ်ားကောင်းဖြစ်၍ 'ဤမိခင်ဝမ်း၌ ပျော်ပေသည်'ဟု 'မောင်ပျော်'အမည်ပေး။ ရှစ်နှစ် ကိုးနှစ် အတူနေပြီးမှ 'ဆရာရင်းကျောင်းသို့ပို့ပါ'ဟု အထက်နည်းပြန်ပြော။ဆရာရင်းထံ ပို့အပ် စာသင်။ဆယ့်သုံးနှစ်အရွယ်ရှင်ပြု။ငါးဝါရ ဆရာဘုန်းကြီး ဘဝပြောင်း။ နောက် အသက်နှစ်ဆယ်ရဟန်းပြု အဝမ္ဗိုကွင်စာသင်။ ဝါ ၆၁၊ အသက် ၈၂–နှစ်ရှိကြောင်း။

"မိဘတို့ရှိသေးလျှင် ဤအမိဝမ်း၌သာ အောင်း၍ ယောကျ်ား ကောင်းစစ်စစ် ဘွားမြင်၍သာသနာတော်၌ရဟန်းသာမဏေပြုချင်ကြောင်း (စွဲလမ်းမှုကို သတိပြုပါ။)

"သုံးဖြစ်သော သူယ်ဘဝ၌ မိခင်တဘက်မှတပါး ပုဆိုးမဝတ်ခဲ့ရ

ဘူးကြောင်း။သုံးဘဝလုံး သတိရကြောင်းများ မိန့်ဆိုတိုင်းပင် လျောက်ရ၏။”]

## မိန်းမဖြစ်ရသော ရာဇဂုရု ဆရာတော်

ရန်ကုန်မြို့ကြည့်မြင်တိုင်၏ အနောက်ဘက်၌ လှိုင်မြစ်ဟူ၍ ရှိသည်။ ထိုလှိုင်မြစ်မှ ဖြာ၍ ထွက်လာသော ပန်းလှိုင်မြစ်ဝနှင့် ခုနစ်ပိုင်ကျော် ကွာဝေးသော အရပ်၌ မဝေးရွာဟူ၍ ရှိသည်။ ထိုမဝေးရွာ၌ တိုင်မပေါင်း ၂၃၀-တိုင်ရှိသော ကျောင်းကြီးမှာ အဆောင်ဆောင် အခန်းခန်းဖြင့် အလွန်ခမ်းနား၍ သာသာနကျက်သရေ ရှိလှပေသည်။

ထိုကျောင်း၌ သိကင်းသုံးသော ငါးဆက်မြောက် ဆရာတော်မှာ ဦးအရိယဖြစ်၏။ သက်တော် ၇၀၊ ဝါတော် ၅၉-ဝါအရ၊ ၁၃၃၅-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉-ရက်နေ့ည ၉-နာရီ ၃၅-မိနစ်တွင် ပျံလွန်တော်မူခဲ့၏။

ဆရာတော် ဦးအရိယကား ထိုမဝေးရွာကျောင်း၌ နှစ်ကြိမ်တိုင် ဆရာတော်ဖြစ်ခဲ့ဘူး၍ ထူးခြားစိတ်ဝင်စားဖွယ် ကောင်းလှသည်။

မဝေးထိန်ကုန်းရွာ အရှေ့ဘက်ကာ၌ ဦးဘိုးခက်-ဒေါ်နှင်းဥတို့မှ ၁၂၅၀-ခုနှစ် တော်သလင်းလပြည့်ကျော် ၁၃-ရက်တွင် မွေးဖွားခဲ့သည်။ ငယ်မည် မောင်ဘိုးချစ်။ သုံးနှစ်အရွယ်ရောက်လျှင် အိမ်ရှေ့မှ ဦးအုန်းသိသို့သွားလာသည်ကို မြင်၍ “ဟေ့အုန်းသိ” ဟုခေါ်သဖြင့်ဦးအုန်းသိက စိတ်ဆိုးပြီး ရိုက်မည်ပြု၏။

“ဟေ့အုန်းသိ၊ မင်းငါ့ကို ရိုက်မယ်မကြံပါနှင့်ကွ။ ပင်းခေါင်းမှာ ငါရိုက်ယားတဲ့ဒဏ်ရာ ပြန်ကြည့်စမ်းပါအုံး” ဟု မောင်ဘိုးချစ်က ဆက်၍ ပြောသဖြင့် ဦးအုန်းသိမှာ အံ့အားသင့်ကာ သူ၏ငယ်ဆရာ ဘုန်းကြီးဦးလှိုင်ကို ပြေး၍ သတိရမိပြီး စိတ်မကောင်း ဖြစ်နေရှာ၏။

ဦးလှိုင်ကား လှိုင်မြစ်သားဇာတိဖြစ်၏။ဘွဲ့ဦးသီလာစာရ။ ၁၂၄၇-တပို့တွဲလဆွှ် တောင်ခွင် သာသနာပိုင်ဆရာတော်က ‘မာလာလင်္ကာရ ဓဇ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု’ ဘွဲ့တံဆိပ် ပေးအပ်၍ ကိုးဂိုဏ်းချုပ်ဆရာတော်အဖြစ် ခန့်အပ်သည်။ မဝေးကျောင်းကြီး၌ ပထမဦးမဲ၏ နောက်ဒုတိယ ဆက်ခံရသော ဆရာတော်တည်း။

“ဟေ့အုန်းသိ။ မင်းငါ့ကို ကျောင်းလိုက်ပို့ ပေးပါကွာ” ဟု မောင်ဘိုးချစ်ကလေးက ပူဆာ၍ ဦးအုန်းသိမှာ ကလေးကို ချီပိုးပြီးကျောင်း

သို့ လိုက်ပို့ပေးရသည်။ ထိုအချိန်က၊ ဦးလှိုင်၏ တပည့်ဖြစ်သူ ဆရာတော် ဦးပု သီတင်းသုံးလျက်ရှိ၏၊ ဆရာတော် ဦးပုကား 'ရာဇဂုရု' တံဆိပ်နှစ်ထပ်ရ ဆရာတော်ဖြစ်၏။

('သာသနသိရိ သဒ္ဓမ္မဓဇ မဟာ ဓမ္မရာဇာဓိ ရာဇဂုရု'နှင့် 'နန္ဒသာရ သိရိသဒ္ဓမ္မ မဟာ ဓမ္မရာဇာဓိ ရာဇဂုရု') ဘွဲ့မည်ရင်း ဦးဝိမလ။

ထိုအချိန်၌ ဦးဝိမလနှင့်အတူ ဦးလှိုင်၏ တပည့်ဖြစ်သူ ဆရာတော် ဦးတခေါ် ဦးသုနန္ဒပါ သီတင်းသုံးလျက် ရှိ၏။

မောင်ဘိုးချစ်သည်ကျောင်းသို့ရောက်လျှင် ဦးလှိုင်ဘဝက သီတင်းသုံးခဲ့သော ကျောင်းအခန်းအတွင်းသို့ စွပ်၍ဝင်သွား၏။ ဦးလှိုင်ဘဝက သုံးစွဲခဲ့သော စာအုပ် တောင်ဝှေးစသော အသုံးအဆောင်များကို ဆရာတော်နှစ်ပါးအား မေးမြန်းတောင်းဆိုရာ ဆရာတော်နှစ်ပါးက အခြားပစ္စည်းများနှင့် ရောထွေးပြသကြသော်လည်း မောင်ဘိုးချစ်သည် ပစ္စည်းအမှန်ကိုသာ ရွေးချယ်ယူပြလိုက်၏။

"သာလွန်းတို့၊ ဘိုးမောင်တို့ ရှိကြသေးရဲ့လား"ဟုမေး၍ ပငေး အလယ်ရွာမှ ဦးသာလွန်းနှင့် ဦးဘိုးမောင်တို့ကို ဆရာတော်များက ခေါ်ပေးကြရသည်။

ရောက်လာသောအခါ မောင်ဘိုးချစ်တ "မင်းတို့ ကြီးကြမှကိုးကွ" ဟု ဆိုလေသည်။ ဦးသာလွန်းနှင့် ဦးဘိုးမောင်တို့နှစ်ဦးမှာ မျက်ရည် မဆည်နိုင် ရှာကြပေ။

ပြန်ချိန်သင့်ပြီဖြစ်၍ ဦးအုန်းဆိက အိမ်ပြန်ခေါ်ရာ မောင်ဘိုးချစ်က ငြင်းဆန်နေသဖြင့် ဆရာတော် ဦးပုကသက်န်းဂကလေးဖြင့် လက်ကိုချည်ပေး၍ ချော့မော့ ပြန်လွှတ်လိုက်ကြရသည်။ မကြာမီ သုံးနှစ်သား အရွယ်၌ပင် ကျောင်းအပ်ကြရ၏။

ကျောင်းသားများနှင့်အတူ ထမင်းကျွေးရာ"ငါဒီလိုစားတာမဟုတ်ဘူး၊ သီးသန့်ပွဲနဲ့ စားလာတာ"သို့၍ ဆရာတော်များရော ဒကာများကပါ မောင်ဘိုးချစ်အကြိုက် လိုက်လျောခဲ့ကြရသည်။

မိန်းပဘာဝ ဖြစ်ခဲ့ရ

ကိုသကင်းကို ကြားရသဖြင့် တပည့်တပါး ဖြစ်ခဲ့ဘူးသူ စလင်းဇာတိ ဖျာပုံ ကဇောင်းရွာဘုန်းကြီး ဦးအာယောက လာရောက်စုံစမ်းရာ မောင်ဘိုးချစ်က "ဟိုမှာ ပေါင်အာလောကကြီးပါလား"ဟု အဝေးကပင် လှမ်း၍ ပြောပြနိုင်၏။

ဦးအာလောကသည် မောင်ဘိုးချစ်အသက်နဲ့ ဆရာတော်ဦးလှိုင် ပျံလွန်သည့်နှစ်,လ,ရက်,နေ့ ပြန်၍စစ်ကြည့်ရာ အတန်ငယ်ကွာခြားနေသဖြင့်–

"မင်းဒီဘဝမရောက်ခင်က ဘယ်မှာ ဘာဖြစ်ခဲ့သေးသလဲ" ဟုမေးတော်မူရာ–

"အလယ်ရွာက ဦးကြာညို၊ ဒေါ်ပုံတို့အိမ်မှာ မိန်းကလေးဖြစ်တယ်။ ခြောက်နှစ်သမီးရှိတော့ ဝက်သက်ပေါက်လို့ ဝမ်းတွေသွားပြီး သေရော"ဟု ကြားတဘဝ ကိုပါ မောင်ဘိုးချစ်ကပြောပြ၏။ မိန်းကလေး ဖြစ်စဉ်ကမူ ဦးလှိုင် ဝင်စားကြောင်း ပြောဆိုခြင်း ပရှိဟုဆိုလေသည်။

မောင်ဘိုးချစ်သည်ကိုးဂိုဏ်းချုပ်ဆရာတော်ဝင်စားသူပိပိဇာတိမာန်ကြီးလှသဖြင့် ဦးအာလောကက "ကိုယ့်ထက် အသက်သိက္ခာဂုဏ်ဝါကြီးသူကို ရိုသေလေးစားမှ ကြီးပွားကြောင်း" တိတ္တိရဇာတ်ကို ပြောပြ၍ မာန်ချရလေသည်။

မောင်ဘိုးချစ် ၁၁–နှစ် ရှင်ပြုသည်။ ၁၆–နှစ်အရွယ်၌ ရှင်အရိယ အမည်ဖြင့် မန္တလေးမြို့ အနောက်ပြင် ချမ်းသာကြီးမြောက်တိုက် ရတနာပုံကျောင်းဆရာတော် ဦးဇာဂရထံ ပညာသင်ခဲ့၏။ ပိဋကကို လေးဝါအရတွင် ကောင်းစွာ ကျွမ်းကျင်တော့သည်။

မငေးကျောင်းကြီး၌ တတိယ,စတုတ္ထ ဆရာတော်များဖြစ်ကြသော 'ဦးပု၊ဦးတ' တို့ ပျံလွန်တော်မူသဖြင့် ဦးအရိယသည် မန္တလေးမှ ပြန်ကြွလာကာ ပဉ္စမမြောက် ဆရာတော်အဖြစ် ဆက်လက်လက်ခံတော်မူ ရသည်။ မငေးဂိုဏ်းချုပ် နှစ်ကြိမ်ပင် ဖြစ်တော်မူခဲ့၏။

[ဆရာတော်၏ တပည့်ဖြစ်သူ ကြည့်မြင်တိုင် : စလင်းကျောင်းတိုက်ဆရာတော် ဦးပညိန္ဒရေး၍၊ ကျော်ဇေယျစာပုံနှိပ်တိုက်၊ ၃၉– ရွှေလှိုင်လမ်း၌ရိုက်နှိပ်သော 'အဋ္ဌရိယဂုဏပကာသနီ'ကျမ်းငယ်မှ ထုတ်နုတ်ဖော်ပြပါသည်။]

## ပြိတ္တာ ဘဝက လာသော 'အဂ္ဂမဟာ ပဏ္ဍိတ'ဆရာတော်

သုံးဘဝ သတိရနိုင်သော ပုဂ္ဂိုလ်များ အကြောင်းနှင့် စပ်၍ 'ဆရာတော်ဦးကြယ်'၏အကြောင်းကိုလည်း အနည်းငယ်ဖော်ပြသင့်၏။

ဦးကြယ်ကား မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးတိုက် ရွှေဘုန်းရှိန်ကျောင်းဆရာတော် ဖြစ်သည်။ တိုက်တာ အကြီးအကဲ ဖြစ်သည့်အပြင်

စာတတ်အကျော် ဆရာတော်ကာပါးဖြစ်၍ ရဟန်းတော်များလောက၌ မသိ သူရှား၏။ 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့ရ ဆရာတော်လည်း ဖြစ်သည်။

ပိဋကတ်ဝင်စားသူယ် ဖော်ခေါင်သည်မှာ အတ္ထုပ္ပတ္တိကို ဆရာတော် ကိုယ်တိုင် ရေးသားထားခဲ့ခြင်း ဖြစ်၏။ ၁၃၃၄–ခုနှစ်၊ တပေါင်းလတွင် ရေးပြီး ၁၃၃၅–ခုနှစ် ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့သည်။

အတ္ထုပ္ပတ္တိရေးပြီး မကြာမီ လပိုင်းအတွင်း ပျံလွန်တော်မူသည်။ (မည်သည့် နေ့ရက်တွင် ပျံလွန်၍ မည်သို့ ပူဇော်ကြကြောင်း မပါရှိ။) အတ္ထုပ္ပတ္တိ၏ အမည်မှာလည်း ထူးခြားလှသည်၊ "သုံးဘဝအတ္ထုပ္ပတ္တိ"။

ဆရာတော်သည် ဘဝသံသရာကို ဇာတိဿရဉာဏ်ရသူပီပီ အမြဲ သံဝေဂဖြစ်ဟန်ရှိ၏။ ရရသမျှ လောကီလောကပစ္စည်းများအားလုံး သံဃာကို သာ လှူလေ့ရှိကြောင်း တွေ့ရ၏။ စာရင်းအရ နဝကမ္မငွေ စုစုပေါင်း (နှစ်ပေါင်း ၃၀=ကျော်အတွင်း) နှစ်သိန်းခန့် ရှိသည်။ မိမိစျာပနအတွက် ပင် လျာထားအပ်လှူထားခဲ့၏။

ဆရာတော်သည် မိတ္ထီလာမြို့ အရှေ့တောင် ကိုးမိုင်ခန့် ဝေးသော 'ကွက်ယော်ရွာ' ကျောင်းဒကာကြီးဦးဖုန်း–ဒေါ်ဖွားလေးတို့မှ ၁၂၅၁–ခုနှစ် တော်သလင်းလပြည့်ကျော် ၇–ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်၏။ ဘွဲ့အမည် ဦး·ဥက္က˙သ'။

သုံးဘဝ သူမြင်ပုံနှင့်စပ်၍ ဆရာတော်ကိုယ်တိုင် အောက်ပါအတိုင်း ရေးသားခဲ့သည် -

သုံးဘဝ ဇာတ်ကြောင်းလှန်

[ဆရာတော်သည် လေးနှစ်သား ငါးနှစ်သား အရွယ်သို့ ရောက်သောအခါ မိမိ၏ ပွေးသာမိခင် ကျောင်းအမကြီး ဒေါ်ဖွားလေးအား....

"ငါ့ကို မိဆိုးအိမ် လိုက်ပို့ လိုက်ပို့"ဟု ပူဆာသဖြင့်တနေ့သော အခါ မိခင်က....

"နင့် မိဆိုးအိမ်ဘယ်မှာလဲ"ဟု မေးလေသည်။ထိုအခါ တောင်ဘက် ကွက်ယော်ရပ်သို့ လက်ညှိုးထိုး၍ ပြန်ပြောသည်။

နောက်တကြိမ်အပို့ခိုင်းရာ 'နင့်မိဆိုး ငါမသိဘူး နင့်ဟာနင်သွား' ဟု ပြောသောအခါ ဆရာတော်လောင်းလျာသည် ကွက်ယော်ရပ်သို့သွားရာ မိခင်ကြီးက နောက်က လိုက်ပါလာလေသည်။ ဒေါ်ဆိုးအိမ်သို့ရောက်လျှင် ဒေါ်ဆိုး၏ ကျောပေါ်သို့ ခွစီးလျက် 'ဟဲ့....မိဆိုး'ခေါ်လျှင် ဒေါ်ဆိုးမှာ အံ့အားသင့်နေ၏။

ရုတ်တရက် စကားမပြောနိုင်ဘဲ နောက်မှ 'နင် ဘယ်သူလဲ'ဟု ဒေါ်ဆိုးက မေးသောအခါ 'ငါ ရွှေအုံဟ'ဟုပြောလျှင် ဒေါ်ဆိုးသည် သူ၏ ဖခင်ကို သတိရ လွမ်းဆွတ်၍ ငိုကြွေးလေ၏။

ဒေါ်ဆိုးက ဖခင်ကြီးဦးရွှေအုံ၏ အိုးအိမ်နေရာ ဥစ္စာပစ္စည်း သားချင်းစသည်တို့ကို မေးသောအခါ အားလုံးစုံ မှန်ကန်အောင် ပြောပြနိုင်သဖြင့် လေးပါးနှစ်သား အရွယ်မှစ၍ ရဟန်းသုံးဝါအထိ ဒေါ်ဆိုးက ပစ္စည်းလေးပါး ထောက်ပံ့ခဲ့၏။

ဆရာတော်သည် ဦးရွှေအုံဘဝက ကျောင်းပင် မနေခဲ့ရ။ သင်္ကန်းလည်းမဝတ်ခဲ့ဘူး။ သားများကိုသာ ရှင်ပြုခြင်းစသည်ဖြင့် ကုသိုလ်ကောင်းမှုများကိုမူ ပြုခဲ့ရ၏။ သာမန်အမှတ်တမဲ့ လုပ်ကိုင်စားသောက်၍ နေခဲ့ရာမှ ကိုယ်ရောင်ရောဂါဖြင့် သေလွန်ခဲ့ရာ ထိုအစွဲအလမ်းကြောင့် ဝါနှစ်ဆယ် ရသည့်တိုင်အောင် ကိုယ်ရောင်လျှင် သေလိမ့်မည်ဟု ထင်ခဲ့လေသည်။

ဦးရွှေအုံဘဝမှ သေလွန်သောအခါ တခုသော နေပြောက် မထိုးသည့် သစ်ပင်ကြီးကပင်အောက်၌ လေးပေခန့် အရပ်ရှိသော သူတယောက် ဖြစ်လေ၍ ၎င်းသစ်ပင်ကြီးအောက်၌ ထိုထိုကျဲကျဲ တောင်မြောက်လေးပါး သွားလာနေစဉ် တချိန်သောအခါ၌ ထိုသစ်ပင်ကြီး၏ အရိပ်အပြင်ဘက်သို့ ထွက်လိုက်လေသည်။

၎င်းနောက် ဒုတိယဘဝကို ဘာမျှ ပြန်မသိတော့ဘဲ တတိယဘဝ 'မောင်ကြွယ်'အမည်ဖြင့် ဖြစ်လာသောအခါမှ လွန်ခဲ့သော နှစ်ဘဝမှ ဖြစ်ပျက်မှု အလုံးစုံကို အကုန်အစင် သိမြင်လေသည်။]

ဆရာတော် ဦးကြွယ်ဟူ၍ ထင်ရှားလာလေသောအခါ ယခုဘဝ၌ ဆရာတော်၏ ပရိယတ္တိ သာသနာပြုလုပ်ငန်းအရပ်ရပ်မှာ အလွန်ထင်ရှား လူသိများဆဲဖြစ်၍ အထူးမရေးတော့ပြီ။ သုံးဘဝအကြောင်းဆရာတော်ကိုယ်တိုင် ရေးသားခဲ့သည်မှာ ဤမျှသာဖြစ်သည်။

ဇာတိဿရဉာဏ်၏ အကျိုးနှင့်အပြစ်

ဤ၌'လူဝင်စားများ'အကြောင်းဖော်ပြနေခြင်းသည် မခိုင်မြဲသော ဘဝနှင့် တမလွန်ဘေးကြီးကို ညွှန်ပြလိုခြင်းသာဖြစ်၏။ ရှေ့နောက်သိမြင်နိုင်စွမ်းမှု= ဇာတိဿရဉာဏ်ကို အမွှန်းတင်နေခြင်းမဟုတ်ပေ။ (ဇာတိ=ဖြစ်ခဲ့ရသော ဘဝများကို+သရ=သတိရသောဉာဏ်)။

မိမိ ကျင်လည်ခဲ့ရသော ဘဝများကို သိမြင်ကြရာ၌ တဘဝ နှစ်ဘဝလောက်ကိုသာ ပြန်လည် သိမြင်သူကများ၏။ ဆယ်ဘဝ ဆယ့်

နှစ်ဘဝ အထိလည်း မြင်နိုင်ကြ၏။ ဘဝရာထောင် မြင်နိုင်စွမ်းသော ဉာဏ် အထူးများလည်း ရှိကြလေသည်။

ဇာတိဿရဉာဏ်ကို ရသည်ဆိုရာ၌ ဘဝများကို အစဉ်လိုက်၊ အဖြစ်စုံကို အမှန်အတိုင်း သိမြင်နိုင်သူကား အရိယာများမှတပါး မရှိနိုင်ပေ။ လောကီ အဘိညာဉ်ရပုဂ္ဂိုလ်များ၏ ရှေ့နောက်အမြင်ရမှုကိုပင် သာသနာတော်၌ အကျိုးထက်အပြစ်သာ များစေသည်ဟု ဆိုရ၏။ ပြည့်စုံ မှန်ကန်စွာ မသိမြင်ကြသောကြောင့် ဖြစ်သည်။

မိမိ သိမြင်သလောက်ကိုသာ အခိုင်အမာ စွဲယူတတ်ကြသဖြင့် မိစ္ဆာဒိဋ္ဌိ ဖြစ်သွားနိုင်လေသည်။ မြင်သည်မှာ အမှန်ပင်ဖြစ်စေဦး။အမြင်မပြည့်စုံနိုင်ချေ။ ထို့ကြောင့်-

အယူဝါဒများကို ရှင်းလင်းဖော်ပြရာ (ဗြဟ္မဇာလသုတ်နှင့်-)

ကံ,ကံ၏အကျိုးကို ဝေဘန်ပြရာ (မဟာကမ္မ ဝိဘင်္ဂသုတ်) တို့ဖြင့် ထိန်းချုပ် ပေးထားတော် မူခဲ့ရသည်။

သို့မဟုတ်ပါက ရှေ့နောက် ကမ္ဘာလေးဆယ်ကိုပင် မြင်နိုင်သူများ ရှိနေတတ်ရာ ထိုမပြည့်စုံ မမှန်ကန်သော အကြားအမြင်ကြောင့် သတ္တဝါအများ မိစ္ဆာဒိဋ္ဌိဘေးကြီးမှ လွတ်မြောက်နိုင်ကြမည် မဟုတ်တော့ချေ။

ဇာတိဿရဉာဏ်မျှဖြင့် လေးငါး ဆယ်ဘဝလောက်ကိုသာ မြင်နိုင်သူတို့ အသိအမြင်သည် 'ကမ္မဿကတာ သမ္မာဒိဋ္ဌိ=(ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသူဖြစ်၍ အမှန်မြင်သူ) ဖြစ်ရန်အတွက် အထောက်အယူ ဖြစ်လာတတ်ပေသည်။

## ကြာခိုင်ရဲနှင့် ရုစာမင်းသမီး

သူတပါး သားမယားကိုပြစ်မှားကျူးလွန်မိခဲ့ဘူးသော·ပရဒါရ=(သူတပါး သားမယား) ကံကြောင့် လူပင်ဖြစ်ရသော်လည်း နပုန်းမဏ္ဍုက်၊ သို့မဟုတ် မိန်းမသာ ဖြစ်ရတတ်သည်။

မိထိလာပြည် 'အင်္ဂတိ'မင်းကြီး၏သမီးတော်'ရုစာ' မင်းသမီးလည်း တခုသောဘဝ ရွှေပန်းထိမ်သည်သား ဖြစ်စဉ်က သူတပါး သားမယားကို ကျူးလွန်ခဲ့မိ၍ အမျိုးသမီးဖြစ်ရပုံကို ပြန်လည်၍ သတိရ၏။ ဇာတိဿရဉာဏ်ရ ရှိသူဖြစ်၍ ရှေးက ဘဝများကိုလည်း ဆက်၍ ကြည့်မြင်နိုင်သည်။

သူတပါး သားမယားကို ပြစ်မှား ကျူးလွန်မိ၍ ရွှေပန်းထိမ်သည်သားဘဝမှ သေလျှင် 'ရောရုဝငရဲ၌' နှစ်ပေါင်းများစွာ ခံစားရပုံ၊ ထိုငရဲမှ လွတ်လာပြီးနောက် ထိုအကုသိုလ်ကံ အရှိန်ကြောင့် ဆိတ်, မျောက်, နွား

ဘဝများ၌ အထီးဖြစ်ရသော်လည်း သင်းကွပ်ခြင်း ဝှေးစေ့ထုတ်ခြင်း ခံရပုံ၊ နွားသေ၍ လူဖြစ်လာရသော်လည်း 'နပုန်းပဏ္ဍုက်' (မိန်းမ မဟုတ်၊ ယောကျ်ားမဟုတ်) ဖြစ်ရပုံ၊ ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေးသား ဘဝတခုက ဒါန၊ သီလ စသည်ကို ပြုခဲ့ဘူးသဖြင့် တာဝတိံသာ၌ နတ်ဖြစ်ရသော်လည်း သိကြားမင်း၏ အလုပ်အကျွေး နတ်သမီး လေးကြိမ်။ 'ဇဝန' နတ်သား၏ ဇနီး တကြိမ်ဖြစ်ပြီးနောက် ရုစာ မင်းသမီး ဖြစ်လာရပုံတို့ကို သိမြင်နိုင်၏။

အထိုက်အလျောက် 'သူ့အကြောင်းနှင့် သူ့အကျိုးကို' ခွဲခြားနိုင်အောင် သိမြင်သူ ဖြစ်၍ ဘဝသင်ခန်းစာအရ ရုစာ မင်းသမီး သေလွန်သောအခါ (ကံ၊ကံ၏ အကျိုးကို အမှန်တကျ သိမြင်သူဖြစ်သဖြင့်) တာဝတိံသာ၌ တန်ခိုးကြီးသော နတ်သားဖြစ်ရ၏။

ရုစာမင်းသမီး(သို့မဟုတ်) သူတပါး သားမယား ဖြစ်မှား ကျူးလွန်မိခဲ့သူ ရွှေပန်းထိမ်သည်သား ဟူသည် အခြားမဟုတ်၊ ရှင်အာနန္ဒာ၏ နှစ်ဦးကာလက တဘဝတာ ဖြစ်ပေ၏။ (ဇာတ် အဋ္ဌကထာ–၇။ ၁၀၄)။

ဤကား ဇာတိဿရဉာဏ်ဖြင့် ဘဝကို အမှန်တကျသိ၍ 'သမ္မာဒိဋ္ဌိ' ဖြစ်ပုံတည်း။

## နွားကိုသတ်၍ အပပါယ်ဖြစ်ရသူ

'အလာတ' ခေါ်သော အပယ်သည်လည်း ဇာတိဿရဉာဏ်ရှိသူ ဖြစ်၏။ သို့ရာတွင် အမှန်တကျ မပြည့်မစုံသော အသိအမြင်ကြောင့် မိစ္ဆာဒိဋ္ဌိ ဖြစ်ရဘူး၏။

၎င်းအမတ်သည် ကဿပ ဘုရားရှင်၏ စေတီတော်၌ အနော်ဇာပန်းဆိုင်း တင်လှူ ပူဇော်ဘူး၏။ အခြားဘဝတခု၌ နွားသတ်သမား ဖြစ်ဘူး၏။ သို့ရာတွင် ပန်းလှူခဲ့သော ဘဝကို မမြင်။ နွားသတ်သမား ဘဝကိုသာ မြင်ရသဖြင့် လက်ရှိ အမတ်ဘဝနှင့် ဆက်စပ် ရှုမြင်သောအခါ 'နွားသတ်၍ အမတ်ဖြစ်သည်' ဟု အယူမှားလေ၏။

"ကံ၊ကံ၏ အကျိုးမရှိ၊ မကောင်းတာ လုပ်သော်လည်းမကောင်းတာ မဖြစ်" ဟု သူ၏ အသိအမြင်ကို အထင်ကြီးကာ မိစ္ဆာဒိဋ္ဌိဖြစ်ရရှာ၏။

ထိုအလာတ အမတ်ကား ဒေဝဒတ်၏ ဘဝ တဇာတ်တည်း။

---
51 . ဒုတိယအကြိမ်

## အလှူရဲ၍ ကျွန်ပဲဖြစ်ရသူ

ထိုမှတပါး ရှင်ပေါဂ္ဂလ္လာန် အလောင်းဖြစ်သူ 'ဗိဇက' မည်သော ကျွန် တယောက်သည် ကဿပဘုရားရှင် လက်ထက်က နွားပျောက်ရှာစဉ် ခရီး သွား ရဟန်းတပါးက လမ်းခရီး မေးမြန်းသည်ကို (မချေမငံ 'ကျွန်' ဟူ သော အသုံးအနှုန်းဖြင့်)ဆဲရေးခဲ့ဘူး၏။

သို့သော် ထိုဘဝ တဇာတ်ကိုမမြင်။ ကောင်းမှုများစွာ ပြုခဲ့ဘူးသော သူဌေးကြီး ဘဝတခုကိုသာ မြင်၍ "ကုသိုလ်များစွာ လုပ်ခဲ့ခြင်း၍ ကျွန်ဖြစ်ရ သည်"ဟု ကံကံ၏ အကျိုးကို ကျော်လွှားတာ မိစ္ဆာဒိဋ္ဌိ ဖြစ်ခဲ့ရဘူးလေ သည်။(မဟာနာရဒ ကဿပဇာတ် အဋ္ဌကထာ၌ အကျယ်ရှုပါ။)

(စတ္တာလီသနိပါတ်–သရဘင်္ဂဇာတ်၌လည်း) ကုဏ္ဍဝတိ တပြည်လုံး သူတော်ကောင်းရသေ့ကို ပြစ်မှား၍ ရာထူးတိုးသည်၊ ရန်အောင်၍ရတနာ ရွှေမိုးငွေမိုးရွာသည်ဟု အယူအမှတ် တချက်လွဲကာ ဆင်းရဲသေကျေ၍ ငရဲ ကျကုန်ရသည်။

ထို့အကူ မစင်ကြယ်သော ဘဝအမြင်များနှင့် ဤဇာတိဿရဉာဏ် များလည်း အယူအဆ မှားယွင်းစေတတ်သဖြင့် ကံ့ကံ၏အကျိုးကိုကျော် လွန်ကာ မိစ္ဆာဒိဋ္ဌိ ဖြစ်တတ်ပုံကို သတိပြုကြကုန်ရာ၏။

## အမေရိကန် ဗိုလ်ချုပ်ကြီး ပက်တန်

သိပ္ပံတွန်းကားသော နိုင်ငံများ၌ 'လူဝင်စား' အပေါ် ထင်မြင်ပုံကို အစ ပိုင်း၌ အနည်းငယ် ပြခဲ့ပြီ။

အမေရိကန်မှ စိတ်ပညာဆိုင်ရာ ပါမောက္ခတဦးဖြစ်သူ 'ဒေါက်တာစတီး ဗင်ဆန်' ဆိုသူသည် လူဝင်စားများအကြောင်းကို အထူး သုတေသနပြုနေသူ ဖြစ်၏။ လွန်ခဲ့သောနှစ်ပိုင်းက မြန်မာနိုင်ငံသို့လာရောက်၍ လူဝင်စားများ အကြောင်း လေ့လာဆွေးနွေးခဲ့သည်။ မြန်မာအပါအဝင် အာရှနိုင်ငံများ ၌ အကြိမ်ကြိမ်လေ့လာပြီးပြီဟု သိရပေသည်။

ဒေါက်တာ စတီးဗင်ဆန်မလာမီ ၎င်း၏ ကိုယ်စားလှယ်တဦးက–

"မြန်မာပြည်အရပ်ရပ်မှ လူဝင်စားပေါင်း ဆန်ကာတင် သုံးရာ ရွေး ချယ်ထားပြီးပါပြီ။ ဒေါက်တာ စတီး ဗင်ဆန်လာလျှင် ဘာများ ဆွေးနွေး ရန်ရှိပါသလဲ" ဟုလည်း ကျွန်ုပ်တို့အား ရေးမြန်းရာ–

"ကျွန်တော်တို့လိုနိုင်ငံမှာ လူဝင်စား ပြဿနာပရှိပါဘူး" ဟု ပင် စကားပြန်ကာ 'ဗုဒ္ဓ၏ နိယာမသဘောများ' ကို ဆက်လက်၍ စာတွေ့ လက်တွေ့ လေ့လာသင့်ကြောင်း အကြံပြုခဲ့ရပေသည်။

သိပ္ပံထွန်းကားသော နိုင်ငံများ၌ လူဝင်စားများကို စိတ္တဇရောဂါ ရှိသူဟုပင် သတ်မှတ်ထားကြရာ မိဘများမှာ ဆေးဘိုးပတတ်နိုင်သဖြင့် လူဝင်စား မွေးလာမည်ကိုပင် စိုးရိမ်နေကြရသည်။

ထိုမျှလောက် ရုပ်ဆန်လွန်းသူများ အကြားတွင် မည်သူတွေကမည်သို့ဆိုစေ၊ မိမိ၏ ဘဝပေးအသိကို ရဲရဲ့စွာ ကျေညာရဲသူ တဦးလည်းရှိပေသေးသည်။

သူကား အခြားသူဟုတ်။ အမေရိကန် စစ်ဗိုလ်ချုပ်ကြီး 'ပက်တန်' ပင်တည်း။

ပက်တန်၏ အတ္ထုပ္ပတ္တိဇာတ်လမ်းကို ဘိုင်စကုပ်ပင် ရိုက်ပြသည်အထိ ဖြစ်ခဲ့လေသည်။

ပက်တန်သည်ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အာဖရိကရှေ့တန်းစစ်မျက်နှာတွင် တာဝန်ကျစဉ် မိတ်ဆွေတဦးက သူ၏ ဘဝပေးစစ်ပါရမီရှိပုံကို ချီးကျူးပြောဆိုရာ—

"ဟုတ်ပါတယ်မိတ်ဆွေထင် သလိုပါဘဲ၊နပိုလီယံလက်ထက်တုန်းကလဲ ကျုပ်ဟာ စစ်ဗိုလ်ချုပ်ကြီးတဦးပါဘဲ"ဟု ခပ်တည်တည်ပင် ပြောပြလေ၏။

တဘက်သားယုံ-မယုံသည် သူ့အလုပ်မဟုတ်ချေ။

ပထမ ကမ္ဘာစစ်အတွင်းက ပက်တန်သည် အင်္ဂလန်ရှိ စစ်ဌာနချုပ်တခုသို့လျှို့ဝှက်ကိစ္စတခုအတွက် ရောက်လာရသည်။ ပက်တန်သည်ဤဌာနသို့ ရှေးကလည်းတခေါက်မျှ မရောက်ဘူးချေ။ မိုးမှောင်ကျသောည ဖြစ်နေ၍ ပတ်ဝန်းကျင်ကိုစူးစမ်းကြည့်ရှုလိုစိတ်ကို မျိုသိပ်ထားရ၏။ သို့သော်ပါးစပ်ကမူ ဖွင့်၍ စကားဆန်းတခု ပြောမိလေသည်။

"ဒီနေရာဟာ ရှေးနှစ်ပေါင်း နှစ်ထောင်ကျော်က ရောမစစ်သည်တွေ ဗြိတိန်ကျွန်းကို ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်တုန်းက စဂ်စခန်း ဆောက်တဲ့နေရာပါဘဲကလား"

အင်္ဂလန်စစ်ဌာနချုပ်မှ အရာရှိများက အံ့အားသင့်ပြီး "ဘယ်လိုလူစားလဲဟ"ဟူသောအကြည့်ဖြင့် ကြည့်နေစဉ်ပင် ပက်တန်ကဆက်၍—

"ရောမလူမျိုးတွေ ဆောက်ထားတဲ့ ဇာတ်ရုံကြီးဟာ ဒီအနားတင်ဘဲဗျ" ဟု သူ မျက်စိထဲတွင် မြင်ယောင်နေသည့်အတိုင်း စွပ်ရွတ်ပြောနေပြန်သည်။ထိုအခါ စစ်ရုံးအရာရှိများက—

"ဒီနားမှာ ဘာဇာတ်ရုံမှမရှိဘူး"ဟု ငြင်းဆိုကြလေသည်။

နံနက်မိုးလင်း၍ ကြည့်ရှုသောအခါ စစ်ဌာနချုပ်လုပ်ထားသောနေရာနှင့် ကိုက်သုံးရာ အကွာလောက်တွင် လဟာပြင်ဇာတ်ရုံ အပျက်အစီး အကြွင်းအစများကို တွေ့ကြရလေသည်။

ပက်တန်က လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀-ကျော်ကာလ ရောမတို့ ပြိတိန်သိမ်းစဉ်ကလည်း ဗိုလ်ချုပ်ကြီးတဦးပင် ဖြစ်ခဲ့လေသတဲ့။

သို့ရာတွင် စိတ်ပညာရှင်တို့ကမူ "ပက်တန်ဟာငယ်ငယ်က သမိုင်းတွေ၊စစ်ရေး ရာဇဝင်တွေများများ ဖတ်လာလို့ နေမှာပါ"ဟု မှတ်ချက်ပေးနေကြတုန်းပင်။ မည်သူကမျှ ပက်တန်လိုပုဂ္ဂိုလ်ကြီးတဦးကို ဦးနှောက်ချွတ်ယွင်းနေသော စိတ္တဇဝေဒနာရှင်'ဟု ပြောဆိုဝံ့ကြဟန် မတူချေ။

## ပျောပါနေရသည့် သံသရာခရီးရှည်ကြီး

ပက်တန်ကို ကြည့်ပါလျှင် "ဘဝပေးစစ်ပါရမီရှိသူ"ဟု ဆိုရပေလိမ့်မည်။ ပထမ ကမ္ဘာစစ်တုန်းကလည်းစစ်ဗိုလ်ချုပ်၊ ဒုတိယ ကမ္ဘာစစ်တုန်းကလည်း စစ်ဗိုလ်ချုပ်၊ ယခုလည်းစစ်ဗိုလ်ချုပ်၊ ဟိုလွန်ခဲ့သောနှစ်ပေါင်းနှစ်ထောင်ကျော်ကလည်း စစ်ဗိုလ်ချုပ်။

ထိုမျှသာမက လူ့သမိုင်းတလျှောက်ရှိ သမိုင်းဝင် စစ်ပွဲတိုင်းတွင် ပက်တန်သည် စစ်ဗိုလ်ချုပ်ကြီး ဖြစ်ခဲ့သောဟူ၏။

သတ္တဝါတို့သည် မိမိစိတ်ဆန္ဒဦးတည်ကာ ဖြစ်လိုရာမှန်သမျှ ဖြစ်နိုင်ပုံ၊ဖြစ်တတ်ပုံကို သင်ခန်းစာယူသင့်ပေသည်။

လူမျိုး သတ္တဝါ ပညပ်သဏ္ဍာန်မျှသာကွဲလွဲနိုင်စေကာမူ စိတ်အလျဉ်ကံဘာရား၏ ဆောင်ရွက်ပုံများမှာ အဆင့်ဆင့်အားဖြည့်လျက် 'အာသေဝနပစ္စည်း' ဆက်ကာ ကိုယ်ဖြစ်ချင်တာ ဖြစ်နေကြပေ၏။ သို့သော် မတော်တဆ ဖြစ်နေရသည်ဟု အမှုမဲ့ အမှတ်မဲ့ နေကြလေသည်။

တနည်းအားဖြင့်ဆိုသော် သတ္တဝါတို့ဟူသည် တစုံတခုသော အဖြေအတွက် ပါရမီမပြည့်မချင်း ဆည်းပူးနေကြရလေသည်။ ကုသိုလ်အကျိုး

ကြီးတခု ဖြစ်ပေါ်လာစေရန် ဘဝပေါင်းများစွာ အရင်းအနှီးပြု၍ ဆည်းပူးကြရ၏။ အကုသိုလ်လည်း ထိုနည်းပင်တည်း။

ကံတရား၏ အစီအမံကို ကြံစည်၍ မရစကောင်းချေ။

ဘုရားရှင် လက်ထက်တော်က 'နကုလပိတာ' ဇနီးမောင်နှံသည် ဘဝငါးရာပတ်လုံး ဘုရားရှင်၏ မိဘများဖြစ်ခဲ့ကြဘူးသည်ဟု ဆိုလေသည်။

သထုံပြည်ကြီးကို စတင်တည်ထောင်သော မင်းမှအစ နောက်ဆုံး မနူဟာမင်းအထိ အဆက်ဆက်စိုးစံခဲ့သော မင်းပေါင်း ငါးဆယ်ကျော်တို့မှာလည်း မိမိတို့၏ မျိုးမတ်မိဖုရား အခြွေအရံ အသီးသီးဖြင့် သထုံ ပတ်ဝန်းကျင်ရှိ ဘော၊တောင်၊ စိမ့်ပြိုင်တခိုင်၌ သူ့အုပ်စုနှင့်သူ နတ်၊ နတ်စိမ်းပြိတ္တာများချည်း ဖြစ်နေကြသည် ဆိုလေသည်။

(ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ တတိယပိုင်း ညောင်လွန့်ဆရာတော် အခန်း ကြည့်ပါလေ။)

ယင်းသို့ဆိုသော် ငါးရာ့ငါးဆယ် ဇာတ်တော်များကို ကြည့်ပါလျှင်လည်း ဘုရားရှင်၏ လက်လှမ်းတမှီ ပရိသတ်များ အကြောင်းကိုချည်း ဇာတ်ပေါင်းထားသည်ကို တွေ့မြင်နိုင်သည်။ ယခု လူဆိုးတို့သည် ရှေးကလည်း ဆိုးခဲ့ကြဘူးပြီ။ ယခု လူကောင်းတို့သည် ရှေးကလည်း ကောင်းခဲ့ကြဘူးပြီ။

မကောင်းသေးသူများ သတိ ဘဲဝေဂယူကာ အချိန်ကောင်းခိုက်တွင် ကောင်းအောင် လုပ်ရန်လည်း သင်ခန်းစာပေးသကဲ့သို့ ရှိပေသည်။

စွန်းလွန်းဆရာတော် 'အာသေဝနပစ္စည်း' သဘော ဟောပြရာ၌ ရှေးက ဝက်သားစားဘူးလို့ ခုစားချင်တာ" ခွေးသားတော့ မစားခဲ့ဘူးလို့ မစားချင်ဘူး'ဟု မိန့်ဆိုသည်ကို သတိပြုမိပေသည်။ ထိုဆရာတော်လည်း ဘဝငါးရာတွင် လူ့ဘဝ နှစ်ဘဝသာရခဲ့သည်ဟု မိန့်တော် မူခဲ့လေသည်။

ငါးရာ့ငါးဆယ် ဇာတ်တော်များကို ကြည့်ပါလျှင် အမှန်တကယ် ဖြစ်ပျက်ခဲ့ခြင်း မရှိဘဲ အဘိုးကမြေးကို လိမ်မာစေရန် ပုံပြော၍ ဆုံးမခြင်းမျိုး မဟုတ်နိုင်သည်ကိုလည်း ချဲ့ထွင် ရှုမြင်သာလှပေသည်။

ဘဝပေါင်း ငါးရာ့ငါးဆယ်သည် အစမထင်သော ဘဝသံသရာတခွင်၌ ချ၍ကြည့်သောအခါ နမူနာပြရုံကလေးမျှသာ ရှိပေသေးသည်။ နှစ်ပေါင်းတထောင်သည် သမိုင်းအမြင်၌ သာမျှမကြာ။ သို့သော် လူတဦး၏ ဘဝသက်တမ်းနှင့် ခွဲဝေကြည့်ပါလျှင် (လူချည်း ဖြစ်စေဦး) ဘဝ ဇာတ်ပေါင်း ထောင့်ငါးရာခန့် ရှိသွားနိုင်ပေသည်။

---

51.ဒုတိယအကြိမ်

## အပါယ်လေးပါး ကပ်သုံးပါး သုံးပါးမူလကြောင့်

စင်စစ် မတည်ငြိမ်သော၊မရေရာသော၊ မခိုင်မာသော ဘဝ အကူးအဆက်တို့သည် ကြက်သီးထ,ဘွယ် ကောင်းလှသည်။ တစုံတခုသော ကောင်းမကောင်း က ံများ အကျိုးပေးရန်အကြောင်း လုံလောက် လာပါလျှင် နိဗ္ဗာန်သည် တလံမျှသော ဤခန္ဓာကိုယ်ထဲ၌ပင် ရှိသကဲ့သို့ ပိုးမျိုးရှစ်ဆယ်ဟူသော အပါယ်လေးပါး အဝင်အပါ တိရစ္ဆာန်ဘုံလည်း တလံမျှသော ဤခန္ဓာ ကိုယ်ထဲ၌ပင် ရှိပေသည်။

လူတိုင်းလူတိုင်း၌ မနာလိုခြင်း၊ဝန်တိုခြင်း၊ကုန်းတိုက်ခြင်း၊လောဘ, ဒေါသ, မောဟကြီးခြင်းတို့သည် ဤခန္ဓာအစဉ်၌ အမြဲစီးဝင်ရိုက်ခတ်နေပေ၏။

၁။ မနာလိုဝန်တိုခြင်းနှင့် လောဘကြီးခြင်းသည် ဒုဗ္ဘိက္ခန္တရ (အစာငတ်) ကပ်ဘေးကြီးနှင့် ပြိတ္တာ အသုရကာယ်ဘုံသို့ ဦးတည်နေ၏။
၂။ ဒေါသကြီးခြင်းသည် သတ္ထန္တရ (လက်နက်) ကပ်ဘေးကြီးနှင့် ငရဲဘုံကို ဦးတိုက်နေ၏။
၃။ မောဟကြီးခြင်းသည် ရောဂန္တရ(အနာရောဂါ) ကပ်ဘေးကြီးနှင့် တိရစ္ဆာန်လောကသို့ ခေါင်းဆိုက်နေ၏။ (ငရဲဘုံမှတပါး ဘုံသီးခြား မရှိ။)

## အနေချောင်လျှင် အသေကျပ်မည်

အထက်ပါ 'အဘိဓမ္မာ နိယာမ'ကိုကြည့်ပါလျှင် သတ္တဝါတိုင်း အတွက် အပါယ်လေးပါး ဘေးကြီးသည် အလွန်နီးကပ်လျက် စောင့်နေ၏။ ထို့ကြောင့်လည်း 'ဓမ္မပဒအဋ္ဌကထာ ဆရာကြီး'က–

"မေ့မေ့လျော့လျော့နေသူ၊ သတိလက်လွတ် (အမှတ်လွတ်)နေသူအတွက် အပါယ်လေးပါးဘေးကြီးသည် ကိုယ်ပိုင်အိမ်သဖွယ်ဖြစ်၏"ဟု မိန့်တော်မူခဲ့သည်။

လူတို့သည် အချိန်ရှိသမျှ ကိုယ်,နှုတ်, စိတ်, မျက်စိ, နား, နှာ ခန္ဓာကိုယ် တခုလုံး လောဘ, ဒေါသ, မောဟ စသော ကိလေသာ မီးတို့သာ တဟုန်းဟုန်း လောင်မြိုက်ခြင်းခံနေကြရ၏။ ငရုတ်သီးထဲက ပိုးကဲ့သို့ဖြစ်၍ လောင်မှန်းပင် မသိကြ။

ထို့ကြောင့်လည်း သာသနာတော်နှင့်တွေ့ခိုက် သတိဖြင့် ပယ်သတ်ရသောနည်းလမ်းကြီးကို ရနေပါလျက် အခွင့်ကောင်းကြီးဟုမမြင်၊ 'ခက်ခဲသည်၊ ငါတို့အရာမဟုတ်' စသည်ဖြင့် ဆင်ခြေဘက်ကာ မလုပ်ဖြစ်ကြ။ ကိလေသာတို့သည် လောင်ချင်တိုင်း လောင်ခွင့်ရနေကြကုန်၏။

တသက်လုံး သတိလက်လွတ် ပေါက်လွတ်ပဲစားနေသူအတွက် သေခါနီးမှ ကမန်းကတန်းလုပ်ရသော ဘုရား၊တရား အာရုံသည် အဘယ်မှာ ထိထိမိမိ ရှိနိုင်ပါမည်နည်း။ ရတနာသုံးပါးနှင့် ကင်းကွာနေသူတို့ အတွက်ကား ဆိုဘွယ်ရာမရှိပြီ။

လူတိုင်း လူတိုင်းသည် သေလောက်အောင် ပြင်းထန်သော ဒဏ်ရာ၊ သို့မဟုတ် ရောဂါကြောင့်သာ မချိမဆန့် သေကြရသူချည်းဖြစ်၏။ လက်သောင့် သက်သာဖြင့် အသက်ထွက်ကြရသူဟူ၍ ရှားလှပေသည်။အလူးအလဲ ခံနေရသော ထိုအချိန်မျိုးတွင် လူတို့သည် အလိုလို စိတ်ဆိုးစိတ်တို နေတတ်ကြ၏။ သူတပါး လက်ချက်ကြောင့် ခံရသော် ဆိုဘွယ်ရာမရှိ။

စိတ်ဆိုး စိတ်တိုခြင်း မဟုတ်လျှင်လည်း ကြောက်လန့်၍ ငိုယို၍နေတတ်ကြသည်။ ကြောက်လန့်ခြင်း ကိုလည်း 'ဆုတ်နစ်သော ဒေါသ'ဟု အဘိဓမ္မာကဆို၏။ သေရမည်ကို ဘယ်မျှလောက် ကြောက်ကြပါသနည်း၊ သားသတ်ရုံသို့ဆွဲသွင်းခံရသော ဆိတ်တို့ နွားတို့နှင့် ဘာမျှမထူးပေ။ 'သေတနေ့မွေးတနေ့'ဆိုသူများ အကြောက်ဆုံးပင်တည်း။

အချို့ကား ရောဂါနှင့် ဒဏ်ရာက ပြင်းထန်လေ၊ ချစ်ခင်သူတို့၏ ယုယမှုကိုခံယူချင်လေ ဖြစ်နေတတ်၏။ ဒါမှ သက်သာသည်ဟု ထင်လည်း။ ပြောင့်စူးရာ ဆူးနှင့်ထွင်သကဲ့သို့သာ ဖြစ်၏။ မခွဲနိုင် မခွာရက် နှစ်သက်တွယ်တာမှု(လောဘ-တဏှာ)တို့သာ ပိုလာတော့သည်။

အချို့ကား ရောဂါဒဏ်ရာ ပြင်းထန်လွန်း အားကြီး၍ သတိမျှပင်မရ။ မိန်းမောတွေဝေကာ မောဟကြီးနှင့်သာ သေကြရ၏။

ဝေဒနာကို ကျော်လွန်အောင် ရှုပွားခြင်း၊ ဝေဒနာကို ဂရုမစိုက်ဘဲ (လျစ်လျူရှု၍) ထွက်လေ ဝင်လေကိုသာ မှတ်သိနေခြင်းစသော လေ့ကျင့်ခန်းများကို ငယ်ရွယ်ကျန်းမာခိုက်က မလုပ်ခဲ့မိသူတိုင်း သေခါနီးတွင် မလွဲမသွေ ရင်ဆိုင်ရမည့် လောဘ, ဒေါသ, မောဟတို့ကို ရှောင်လွှဲရန် မလွယ်ကူပါချေ။

ယင်းသို့ဆိုသော် အဘိဓမ္မာနိယာမ၏ ခွဲတမ်းအရ အပါယ်လေးဘုံ တဘုံဘုံတွင် မစုန်ချင်၍ ရနိုင်ပါမည်လော။

# ဘက်စုံအမြင် ရှုသင့်ပြီ

မြတ်စွာဘုရားရှင်သည် ဖြစ်ပျက်နေသော စိတ်တလုံးလုံး၏ အကျိုးပေးပုံ (သင်္ခါရလောက)ကို အသေးစိတ် မြင်တော်မူသည်။

ငရဲကြီး ရှစ်ထပ်နှင့်တကွ ပင်လယ်ကမ်းခြေ၊ ဟိမဝန္တာ စသော စိမ့်ကြီးမြိုင်ကြီးများ၌ဆင်းရဲစွာနေထိုင်ရသော ပြိတ္တာ၊ အသုရကာယ်များ၊ ပုံသဏ္ဌာန် အဆင်းအမျိုးမျိုး ဖြစ်နေရသောတိရစ္ဆာန်များ၊ လူ၊နတ်၊ဗြဟ္မာ အားလုံး(သတ္တလောက)ကိုလည်း အကြောင်းနှင့်တကွ အသေးစိတ် သိမြင်တော်မူ၏။

လူ့ဘုံ၊ နတ်ဘုံ၊တော၊တောင်၊ရေ၊မြေ သမုဒ္ဒရာ ဩကာသ လောက ကြီး တခုလုံးကိုလည်း အကြွင်းမဲ့ ကုန်စင် သိမြင်တော်မူသည်။ အဘယ့် ကြောင့် နိမ့်သည်၊ မြင့်သည်၊ ဘယ်တုန်းကတော့ ဘယ်လို၊ ဘယ်တော့ ဘယ်သို့ဟုလည်း အသေးစိတ် သိမြင်တော်မူ၏။အဘယ့်ကြောင့် သစ်ပင် စသည်တို့ကို ဖြူသည်၊နီသည်၊ အခေါက်၊အပွင့်၊ အရွက် အဘယ့်ကြောင့် ပါသည်၊မပါသည်၊ ထူသည်၊ ပါးသည်၊ ကျားသည်၊ ဆူးရှိသည်၊မရှိသည်၊ အဘယ့်ကြောင့် ဆူးအဖျားချွန်သည်မှအစ အသေးစိတ် သိမြင်တော်မူသည် ချည်းသာ ဖြစ်သည်။ ယင်းကို 'အနေကဓာတု နာနာဓာတု ဉာဏ်တော်' ဟု ခေါ်သည်။

ရုပ်ဝတ္ထုကိုသာ အထိုက်အလျောက် တွက်ချက်နိုင်၍ တစွန်းတစမျှ သော အသိဖြင့် ဘူမိဗေဒ၊ သတ္တဗေဒ၊ပါဏဗေဒနှင့် စိတ္တဗေဒ စသော ပညာရပ်တို့၏ အဆိုအမိန့်ကိုလည်း တရားသေ မစွဲကိုင်သင့်ကြလေပြီ။

ပင်လယ်ခရီးခေတ်စားစဉ်က ပင်လယ်နှင့်ကမ်းစပ်ရှိ သတ္တဝါအမျိုး မျိုးတို့ကိုငင်း။အာကာသခရီးခေတ်စားလာသောအခါ အာကာသ၌ တွေ့ ကြုံရသော အထူးအဆန်းများကိုငင်း၊ ဘူမိဗေဒ(တောင်တက်)စသည်လေ့ လာကြသောအခါ ဟိမဝန္တာ၌'နှင်းလူ'ခေါ်သတ္တဝါ အမျိုးမျိုးတို့ကိုငင်း တွေ့ကြုံခဲ့ကြဘူးရာ ခေတ်အဆက်ဆက်မှတ်တမ်းများပြုစုထားခဲ့ကြလေသည်။

သို့ရာတွင် လူတို့သည်လူတို့၏အသိဖြင့် ရေညှိမှလူဖြစ်လာသည်အထိ 'အီဗော်လူးရှင်း သီဝရီ'ကို ဆုပ်ကိုင်ကာ အရာရာကို ထိုအမြင်ဖြင့်သာ ဆင်ခြင်ကြည့်ရှုကြရာ ထိုအမြင်များသည် တဖြေးဖြေး ကျဉ်းမြောင်း မှန်း သိလာကြလေပြီ။

ထို့ကြောင့် မပြည့်စုံသေးသော၊ အကြွင်းမဲ့ ပြည့်စုံ လာလိမ့်မည်ဟု မမြော်လင့်စကောင်းသော မည်သည့် ဝိဇ္ဇာအမြင်,သိပ္ပံအမြင်ကိုမဆို တရားသေဆုပ်ကိုင်ကာ သတ္တဝါအကြောင်း ဤကမ္ဘာလောကကြီးအကြောင်းတို့နှင့်စပ်ဆိုင်လာသောအခါ အကြွင်းမဲ့ ကုန်စင်သိမြင်တော်မူသော သဗ္ဗညုတဉာဏ်တော်ကြီးကို မထေမဲ့မြင် မပြုသင့်ကြပေ။

"ဓမ္မစကြာတခုဘဲ ဘုရားဟော" ဟု ဆိုချင် သူများ ကပင်လျှင် ဓမ္မစကြာလာ 'ပေါနောဗ္ဘဝိက=တမလွန်' ဆိုသော စာပိုဒ်ကိုချန်လှပ်၍ လက်ခံနေကြလေသည်။သဗ္ဗညုတဉာဏ်သခင်ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏စကား သုတေသနပညာရှင်တို့ကြားတွင် မှားသွားမှာ စိုးရိမ်နေကြလေသည်။ အမှန်အမှားကိုလည်း မိမိတို့၏ 'ကြိုက် - မကြိုက်'နှင့် သို့မဟုတ် ယာယီအမှန်တရားများနှင့်သာ တိုင်းတာတတ်ကြရာ ထိုပညာရှိမျိုးတို့ ဘေးမှလည်း ဝေးစွာ ရှောင်ကြဉ်ကြကုန်ရာ၏။

သတ္တဝါတို့၏ စိတ်သည် အလွန် သိမ်မွေ့သိခက်လှ၏။ ကံတရားတို့၏ အကျိုးပေးလည်း ဆန်းကြယ်လှပေသည်။

ဤနေရာ၌ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော 'ဓမ္မစကြာတရားတော်'မှ–

'စွဲလန်းတပ်မက်မှု ရှိနေသေးသူမှန်သမျှ ဘဝသစ်ဖြစ်ရပုံ၊ တမလွန် ဘေးကြီး၏ ကြက်သီးထခမန်း ကျောချမ်းဘွယ်ကောင်းပုံ' ကိုယ်တွေ့ ဝတ္ထုများကို ဆက်လက် ဖတ်ရှုစေလိုပါသည်။

(၁၃၂၄–ခုနှစ်က ဟောပြော၍ ၁၃၃၇-ခုနှစ် ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။)

စာတွေ့ လက်တွေ့ ပြည့်စုံတော်မူကြသော သူတော်ကောင်း ပညာရှိကြီးတို့၏ အဆုံးအမ အဆိုအမိန့်များကို လေးစားကျိုးနွံစွာ လိုက်နာ မှတ်သား၍ 'ကိုယ်တွေ့ ဘက်စုံ သိမြင်နိုင်သူ'များ ဖြစ်အောင် ကြိုးစားကြရာသည်။ ဘဝ တသက်လျှာသည် တိုတောင်းလှ၏။ ခိုင်မာမှု မရှိပါချေ။ အသိဉာဏ် လမ်းချော်စရာ ခေတ်မှီ နည်းပညာတို့သည်လည်း ရှုပ်ထွေးလှပေ၏။

## ဗြဟ္မာဖြစ်လို့ တဝင်းဝင်း ဝက်စားကျင်းမှာ တမြုံ့မြုံ့

### ဣန္ဒိယ၊ သိဟိုဠ်၊ မြန်မာ သံသရာလည်သော အမျိုးသမီး

[တခါက မြတ်စွာဘုရားဟာ ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင်တော်မူတယ်။ အဲဒီအခါ ဝက်မကလေးတကောင်ကို မြင်တော်မူပြီး ပြုံးတော်မူပါသတဲ့။ ပြုံး

တဲ့အခါ သွားတော်များမှ ဖြူသော ရောင်ခြည်တော်များ ထွက်လာတာကို မြင်ရလို့ ပြုံးတော်မူကြောင်း သိရတဲ့အတွက် အရှင်အာနန္ဒာက....

"ဘာကြောင့် ပြုံးတော်မူပါသလဲ"လို့ မေးလျှောက်တယ်။ မြတ်စွာဘုရားက....

"အာနန္ဒာ၊ ဟိုမှာကြည့်စမ်း၊ ဝက်မကလေးကို မြင်ရဲ့လား"

"မျှင်ပါတယ်ဘုရား"

"အဲဒီ ဝက်မကလေးဟာ ကကုသန်မြတ်စွာဘုရား၏ သာသနာတော် တည်ထွန်းစဉ်က လူ့ဘဝ အမျိုးသမီးအဖြစ်မှ သေပြီး ဆွမ်းစားကျောင်းတခု အနီးမှာ ကြက်မ ဖြစ်ခဲ့တယ်။ အဲဒီ ကြက်မဟာ သိန်းငှက်က ဖမ်းသုတ်ပြီး စားလို့ သေရရှာတယ်။ဒါပေမယ့် စောစောပိုင်းက ယောဂီရဟန်းတပါး၏ ကမ္မဋ္ဌာန်းတရား ရွတ်ဆိုနေတဲ့ တရားသံကိုကြားပြီး ကုသိုလ်ဖြစ်ပွားခဲ့လို့ အဲဒီကုသိုလ်၏ အစွမ်းကြောင့် လူ့လောကမှာ မင်း၏အိမ်၌ 'ဥဗ္ဗရီ'မည် သော မင်းသမီး ဖြစ်ခဲ့တယ်။

"အဲဒီ မင်းသမီးဟာ နောက်ကာလမှာ ပရိဗိုဇ်မကျောင်း၌ ပရိဗိုဇ်ပြု နေရင်း အိမ်သာထဲက ပိုးလောက်တွေကို ကြည့်ပြီး ပုဠုဝကသညာ(သြဒါတ သညာ)ကို ဖြစ်စေလျက် ပထမစျာန်ကို ရခဲ့တယ်။ အဲဒီ ပရိဗိုဇ်ဘဝမှ သေတဲ့အခါ ပထမစျာန် ဗြဟ္မာ့ဘုံမှာ ဗြဟ္မာဖြစ်ခဲ့တယ်။

"ဗြဟ္မာဘဝမှ စုတေတဲ့အခါ လူ့လောက၌ သူဌေးသမီးဖြစ်ခဲ့တယ်။ အဲဒီ သူဌေးသမီးဘဝက သေတဲ့အခါ ဒီဝက်မကလေး ဖြစ်နေရရှာတယ်။ အဲဒီအကြောင်းအရာတွေကို မြင်လို့ ငါပြုံးတယ်"လို့ မိန့်တော်မူပါတယ်။

အဲဒီ အကြောင်းအရာကို ကြားရတော့ အရှင်အာနန္ဒာနှင့် တကွ ရဟန်းတော်များမှာ ကြီးစွာသော သံဝေဂကို ရကြပါသတဲ့။

အဲဒီအခါ မြတ်စွာဘုရားက ဆွမ်းခံကြွနေရင်း လမ်းမှာဘဲ ရပ်တော် မူလျက် တရားဂါထာ ၆-ပုဒ်ကို ဟောတော်မူပါတယ်။

ယခု အဲဒီ ၆-ပုဒ်ထဲက ပထမ တပုဒ်ကို ထုတ်ပြမယ်။

ယထာပိ မူလေ အနုပဒ္ဒဝေ ဒဠှေ၊
ဆိန္နောပိ ရုက္ခော ပုနရေဝ ရူဟတိ။
ဧဝမ္ပိ တဏှာနုသယေ အနူဟတေ၊
နိဗ္ဗတ္တတိ ဒုက္ခမိဒံ ပုနပ္ပုနံ။

မူလေ=အမြစ်အရင်းသည်၊ အနုပဒ္ဒဝေ ဒဠှေ=ဘေးရန်မရှိဘဲ ခိုင်မြဲနေလတ်သော်၊ ဆိန္နောပိ=အထက်ပိုင်းဘက် အကိုင်းအခက်

ခုတ်ဖြတ်ထားငြားသော်လည်း၊ ရုက္ခော = သစ်ပင်သည်၊ ပုနရေဝ ရူဟတိ ယထာပိ=တဖန် ပြန်၍သာလျှင် အညွန့်အတက် ပေါ်ထွက် စည်ပင်ပြန်သကဲ့သို့၊ ဧဝမ္ပိ = ဤအတူပင်လျှင်၊ တဏှာနုသယေ အနူဟတေ=သန္တာန်၌ ဖြစ်ထိုက်သော အနုသယ တဏှာကို အရိယ မဂ်ဖြင့် မပယ်အပ်သေးသည်ရှိသော်၊ ဣဒံ ဒုက္ခံ = ဘဝအသစ် ဖြစ် ခြင်းစသော ဤဆင်းရဲသည်၊ ပုနပ္ပုနံ=အဖန်ဖန် အထပ်ထပ်၊ နိဗ္ဗတ္တတိ=ဖြစ်လေတော့၏-တဲ့။

အဲဒီဂါထာဖြင့် ဖော်ပြလိုရင်းကတော့ ဥဗ္ဗရိ မင်းသမီးဘဝတုန်းက ပရိဗိုဇ်ရသေ့ပြုပြီး တရားနလုံးသွင်းလို့ ပထမစျာန်ကို ရခဲ့တယ်။ ဒါပေမယ့် အဲဒီစျာန်က စိတ်ကူးအဖြစ်နဲ့ ဖြစ်ပေါ်တဲ့ ကာမရာဂ 'ပရိယုဋ္ဌာန' တဏှာကို သာ 'ဝိက္ခမ္ဘနပဟာန်' ဖြင့် ပယ်နိုင်တယ်။ အခိုက်အတန့် အတော်ကြာအောင် ဝေးကွာစေတာပါဘဲ။

ဒါကြောင့် အဲဒီ ပထမစျာန်ရတဲ့ ဘဝတုန်းကနဲ့ ဗြဟ္မာဘဝတုန်းက 'ကာမရာဂ တဏှာ' မဖြစ်ပေါ်ဘဲ ကင်းနေခဲ့တယ်။ ဒါပေမယ့် အရိယမဂ်ဖြင့် အမြစ်ပြတ်ပယ်တာ မဟုတ်သောကြောင့် လူ့ဘဝ သူဌေးသမီး ဖြစ်တဲ့အခါ ကျတော့ အဲဒီကာမတဏှာဟာ ဖြစ်မြဲဖြစ်ပြန်တာဘဲ။ ဘဝ တဏှာကတော့၊ စျာန်ရနေတုန်းကလဲ ဖြစ်နေခဲ့တာပါဘဲ။

အဲဒီလို 'အနုသယတဏှာ' အမြစ်မပြတ်တဲ့အတွက် ဗြဟ္မာဖြစ်ပြီးတဲ့ နောက် လူ့ဘဝမှတဆင့် ဝက်ဘဝလဲ ရောက်ရပြန်တယ်။

တဏှာမကင်းသေးသမျှ ကာလပတ်လုံး ဒီပုံဒီနည်းဖြင့် ကံအား လျော်စွာ ဘဝအမျိုးမျိုးတွေ အဖန်ဖန် ဖြစ်သွားရမယ်လို့ ဆိုပါတယ်။

အဲဒီမှာ ဗြဟ္မာဖြစ်ပြီးတဲ့နောက် ဝက်ဖြစ်ရပြန်တာကို အကြောင်း ပြုပြီးတော့ ရှေးဆရာတော်ကြီးများက "ဗြဟ္မာဖြစ်လို့ တဝင်းဝင်း၊ ဝက် စားကျင်းမှာ တမြုံ့မြုံ့" လို့ ဆိုတော်မူခဲ့ကြပါတယ်။

ဒါပေမယ့် ဗြဟ္မာဘဝမှ စုတေပြီးလျှင် ပြီးချင်း ဝက်တော့ မဖြစ် နိုင်ဘူး။ အခြားတိရစ္ဆာန်, ပြိတ္တာ, ငရဲသားဆိုတာတွေလဲ မဖြစ်နိုင်ပါဘူး။ စျာန်ရတဲ့ဘဝက စျာန်၏ အနီးဖြစ်တဲ့ 'ဥပစာရ ဘာဝနာ' ကုသိုလ်၏အစွမ်း ကြောင့် လူ့လောက, နတ်လောက၌သာ ဖြစ်နိုင်ပါတယ်။

ယခု ပြောနေတဲ့ ဝက်မကလေးဟာလဲ လူ့လောက သူဌေးသမီး ဘဝမှတဆင့် ဝက်ဘဝကို ရောက်ရတာဘဲ။အဲဒါဟာလဲ သူဌေးသမီးဘဝ

တုန်းက မာန်ယစ်ပြီး ရိုသေသိုက်တဲ့ ပုဂ္ဂိုလ်ကို မရိုမသေ ပြစ်မှားခဲ့တဲ့ အကုသိုလ်ကြောင့် ဖြစ်ဖွယ်ရှိပါတယ်။

အဲဒီ ဝက်မကလေးဟာ အဲဒီဘဝမှ သေတဲ့အခါ 'သုဝဏ္ဏဘူမိ'ဆိုတဲ့ အရပ်မှာ မင်းမျိုး၌ ဖြစ်တယ်။ သုဝဏ္ဏဘူမိဆိုတာ သထုံပြည်ဘဲလို့ အများက ယူကြပါတယ်။ အချို့ ပညာရှိများကတော့ သာသနာတော်နှစ် ၁၅၀၀-နီးပါးက'ဒေဝပါလမင်း' ရေးထိုးထားခဲ့သော ကြေးပုရပိုက်စာကို အထောက်အထားပြုပြီးတော့ သုမာတြာ (စုမာတြာ)ကျွန်းကို သုဝဏ္ဏဘူမိ ခေါ်တယ်လို့ ဆိုကြပါတယ်။

အဲဒီ သုဝဏ္ဏဘူမိ မင်းသမီးဘဝမှ သေတဲ့အခါ အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့၌ အမျိုးသမီးဖြစ်တယ်။ အဲဒီဘဝမှ သေတဲ့အခါ 'ဝနဝါသီတိုင်း'၌ အမျိုးသမီးဖြစ်တယ်။ ဝနဝါသီတိုင်းဆိုတာ ဘုံဘေမြို့နယ်၏ အရှေ့တောင် အရပ်မှာ ရှိတယ်။ အဲဒီဘဝမှ သေတဲ့အခါ 'သုပ္ပါရက'သဘော်ဆိပ်အရပ်၌ မြင်းကုန်သည်သမီး ဖြစ်တယ်။ သုပ္ပါရက သဘော်ဆိပ်ဆိုတာ ဘုံဘေမြို့ မြောက်ဘက် ပင်လယ်ကမ်းခြေမှာ ရှိတယ်။

အဲဒီဘဝမှသေတော့ 'ကာဝိရ'သဘော်ဆိပ်အရပ်၌ လှေသူကြီးသမီး ဖြစ်တယ်။ကာဝိရသဘော်ဆိပ်ဆိုတာ အိန္ဒိယကျွန်းဆွယ် အရှေ့တောင်ဘက် အစွန်းမှာရှိတယ်။ ရှေးတုန်းက 'ဒမိဠ'ခေါ်တဲ့ တမယ်လူမျိုးတို့၏ နိုင်ငံ ပင်လယ်ကမ်းခြေပေါ့။

အဲဒီဘဝမှသေတော် ယခု 'သီရိလင်္ကာ' ခေါ်တဲ့ သီဟိုဠ်ကျွန်း အနုရာဓမြို့မှာ အစိုးရပိုင်းအမျိုးထဲ၌ ဖြစ်တယ်။ အဲဒီဘဝမှသေတော့ အနုရာဓမြို့တောင်ဘက် 'ဘောက္ကန္တ'ဆိုတဲ့ ရွာမှာ 'သုမန' ဆိုတဲ့ သူကြွယ်၏ သမီးဖြစ်တယ်။ အမည်ကတော့ ဖခင်အမည်ကိုပင် သုမနာလို့ ခေါ်တယ်။ နောက်အခါမှာ သူ့ဖခင်က အဲဒီရွာကို စွန့်ခဲ့ပြီးတော့ 'ဒီဃဝါပီ'နယ် 'မဟာမုနိ'ဆိုတဲ့ ရွာမှာနေတယ်။

အဲဒီရွာမှာနေစဉ် 'ဒုဋ္ဌဂါမဏိ'ပင်း၏ အမတ်ဖြစ်တဲ့ 'လကုဏ္ဍက အတိမ္ဗရ'ဆိုသူက ကိစ္စတခုဖြင့် အဲဒီရွာ ရောက်လာတဲ့အခါ မယ်သုမနာကို မြင်ရ၍ မေတ္တာသက်ဝင်သဖြင့် အကြီးအကျယ် ထိမ်းမြားမင်္ဂလာကို ပြုပြီး သူ့နေရပ်ဖြစ်တဲ့ 'မဟာပုဏ္ဏ'ရွာသို့ ခေါ်ဆောင်သွားတယ်။

အဲဒီရွာ၌ နေစဉ် တောင်စွန်းကျောင်းတိုက်ကြီး၌ သီးတင်းသုံးသော 'မဟာအနုရုဒ္ဓ'မထေရ်က အဲဒီရွာ ဆွမ်းခံကြွလာတော့ မယ်သုမနာ၏ အိမ်

တံခါး၀၌ ဆွမ်းရပ်နေစဉ် မယ်သုမနာကို တွေ့မြင်ရ၍ နောက်ပါရဟန်းများနှင့် ဒီလိုပြောဆိုပါသတဲ့။

"အာဝုသော=ငါ့ရှင်တို့၊ သူကရပေါတိကာ = ဘုရားလက်ထက်တော်က ဝက်မကလေးသည်၊ လကုဏ္ဍက အတိမ္ဗရ မဟာမတ္တဿ= လကုဏ္ဍက အတိမ္ဗရခေါ် အမတ်ကြီး၏၊ ဘရိယဘာဝံ = အမတ်ကတော် အဖြစ်သို့၊ ပတ္တာနာမ = ရောက်နေတုံသေး၏၊ အဟော အစ္ဆရိယံ=သြော် အံ့ဩစရာ ကောင်းပါပေစွတကား"တဲ့။

အဲဒီစကားကို ကြားရတော့ အမတ်ကတော် မယ်သုမနာမှာ ရှေးဘဝဟောင်းတွေကို ပြန်လည်အောက်မေ့နိုင်တဲ့ 'ဇာတိဿရဉာဏ်'ဖြစ်ပေါ်လာသတဲ့။ အဲဒီဉာဏ်ဖြင့် သူဖြစ်ဘူးခဲ့တဲ့ ဘဝဟောင်းတွေကို ပြန်ပြီး ဆင်ခြင်ကြည့်လိုက်တဲ့အခါ သံသရာကို ထိတ်လန့်ကြောက်ရွံ့တဲ့ သံဝေဂဉာဏ်လဲ ဖြစ်လာပြန်သတဲ့။

ဒါကြောင့် သူ့ခင်ပွန်း အမတ်ကြီးထံ ခွင့်တောင်းပြီး ဘိက္ခုနီကျောင်းတိုက်မှာ ရှင်ရဟန်းပြုခဲ့တယ်။ ရှင်ရဟန်းပြုပြီးတော့ 'တိဿမဟာဝိဟာရ'ကျောင်းတိုက်မှာ'သတိပဋ္ဌာန်သုတ်' တရားကို ကြားနာပြီး ထိုနည်းအရ ရှုမှတ်သဖြင့် သောတာပတ္တိ မဂ်ဖိုလ်ရောက်သွားပါသတဲ့။ အဲဒီနောက် 'ဒုဋ္ဌဂါမဏိ'မင်းကြီး နန်းတက်ပြီးတဲ့အခါ သူ့ဇာတိအရပ်ဖြစ်တဲ့ ဘောက္ကန္တရွာသို့ သွားရောက်ပြီး နေစဉ် 'ကလ္လမဟာဝိဟာရ' ကျောင်းတိုက်၌ 'အာသိဝိသောပမသုတ်'ကို ကြားနာရ၍ အရဟတ္တဖိုလ် ရောက်ပြီး အာသဝေါ ကုန်ခန်းတဲ့ ရဟန္တာမကြီး ဖြစ်သွားပါသတဲ့။ အဲဒီ 'သုမနာထေရီ'မ၏ ဘဝဖြစ်စဉ်ကို ဘုန်းကြီးက ဒီလိုဆောင်ပုဒ် စီထားတယ်။

လူ့ကြက်မကြီး၊ မင်းသမီးတဖြာ၊ ဗြဟ္မာသူဌေး၊ ဝက်ကလေးဖြစ်ရ၊ သုဝဏ္ဏဗာရာ၊ ဝနဝါနှင့်၊ သုပ္ပါရက၊ ကာဝိရမှ၊ သီဟဠနှာ၊ ဘောက္ကန်ရွာဟု၊ ဖြစ်ရာပေါင်းစု၊ ဆယ့်သုံးခုသည်၊ မယ်သုမနာဖြစ်စဉ်တည်း။

အဲဒီ မယ်သုမနာရဲ့ဖြစ်စဉ် တဆယ့်သုံးဘဝကို သေသေချာချာ စဉ်းစားကြည့်ရင် အင်မတန် သံဝေဂဖြစ်စရာ ကောင်းတယ်။

ကကုသန်ဘုရား လက်ထက်တော်တုန်းက လူ့ဘဝမှ သေတဲ့အခါ သားသမီးအခြွေအရံတွေရော၊ လက်ရှိပစ္စည်းတွေရော မိမိကိုယ်ပါ စွန့်ပစ်ခဲ့ပြီး သေသွားရှာတယ်။ သားသမီး စသည်တွေက ငိုကြွေးပြီး ကျန်နေရစ်ကြရှာမှာပေါ့။ သူ့မှာလဲ သေပြီးတော့ ကြက်မဖြစ်ရရှာတယ်။

လူစင်စစ်က ကြက်ဖြစ်သွားတာဟာ ကြောက်စရာပါဘဲ။ အဲဒီ ကြက်မဘဝမှာလဲ သားသမီး ကြက်အခြွေအရံတွေ ရှိမှာဘဲ။ သိန်းငှက်က ထိုးသုတ် ဖမ်းယူပြီး ထိုးဆိတ်စားလို့ ခေါင်းပြတ်ပြီး မချိမဆန့်နဲ့ သေရ ရှာတယ်။

အဲဒီကနောက် ကမ္မဋ္ဌာန်းတရားသံ ကြားနာရတဲ့ကုသိုလ်က ကြောင့် မင်းသမီးဖြစ်ရတယ်ဆိုတာကတော့ ဝမ်းသာစရာပါဘဲ။ အဲဒီ ကြက်မဟာ ကမ္မဋ္ဌာန်းတရားအကြောင်းကို ဘာမှ နားလည်မှာ မဟုတ်ပါဘူး။

ဒါပေမယ့် ကြည်ညိုတဲ့စိတ်နဲ့ နာလို့ ကုသိုလ်ဖြစ်ပြီး အဲဒီကုသိုလ် ကြောင့် လူ့ဘဝပြန်ရောက်ပြီး မင်းသမီးတောင် ဖြစ်ရတယ်ဆိုတော့ 'တရား နာရတာ အင်မတန် အားကိုးစရာ' ကောင်းတာဘဲ။

အဲဒီမင်းသမီးဘဝက ဈာန်ရလို့ နောက်ဘဝ၌ ဗြဟ္မာဖြစ်ရတာလဲ ဝမ်းသာစရာဘဲ။ ဗြဟ္မာဘဝမှ စုတေတော့ လူ့လောက၌ သူဌေးမျိုးမှာ ဖြစ်ရတယ်။ အဲဒါလဲ ဝမ်းသာစရာပါဘဲ။ ဒါပေမယ့် အဲဒီဘဝမှ သေတဲ့ အခါ သားသမီးစသည် အခြွေအရံတွေရော၊ ပစ္စည်းဥစ္စာတွေရော မခွဲချင် ဘဲနဲ့ သေပြီး ခွဲခဲ့ရတာဟာ ဝမ်းနည်းစရာဘဲ။

သေပြီးတော့ ဝက်မလေး ဖြစ်ရတယ်ဆိုတာက သာပြီး ဝမ်းနည်း စရာ ကောင်းသေးတယ်။

ဗြဟ္မာက လူဖြစ်၊ လူက ဝက်ဖြစ်ရတယ်ဆိုတော့ ကြောက်စရာလဲ အလွန်ကောင်းတာဘဲ။ သံဝေဂယူစရာပါဘဲ။ အခြားလူတွေလဲ အရိယာ မဂ်ကို မရသေးရင် အဲဒီလိုယုတ်ညံ့တဲ့ ဘဝတွေကို ရောက်သွားနိုင်တယ်။

ဒါကြောင့် သတိသံဝေဂ ဖြစ်ပြီး တရားကို လေးလေး နက်နက် နှလုံးသွင်းနိုင်အောင် မြတ်စွာဘုရားက ဒီ 'ဝက်မလေးဖြစ်စဉ်'ကို မိန့်တော် မူခဲ့တာဘဲ။

အဲဒီ ဝက်မလေး ဘဝတုန်းက ဘယ်လို သေရတယ် ဆိုတာတော့ ပြဆိုမထားဘူး။ ဒါပေမယ့် ယခုကာလလိုဘဲ ဝက်ရှင်က သတ်လို့ သေရ တာ ဖြစ်မှာပါဘဲ။ အဲဒီအခါတုန်းက ဝက်မှာ သားသမီး စသည် အခြွေ အရံ အပေါင်းအဖော်တွေရှိမှာဘဲ။ အဲဒါတွေနဲ့ သေကွဲကွဲ လာခဲ့ရတဲ့အခါ သက်ဆိုင်ရာတွေအားလုံး စိတ်ဆင်းရဲတွေ များစွာ ဖြစ်ကြရမှာဘဲ။

အဲဒီကနောက် သုဝဏ္ဏဘူမိ အရပ်မှ အနုရာဓ မြို့အထိ ခြောက်ဌာန မှာ လူ့ဘဝချည်း ဖြစ်သွားရတယ် ဆိုတော့ တော်သေးရဲ့လို့ ဆိုရမှာဘဲ။ ဒါပေမယ့် အဲဒီခြောက်ဘဝမှ သေရတဲ့အခါတိုင်း သူကိုယ်တိုင်ရော၊

သက်ဆိုင်တဲ့သူတွေချော ဝမ်းနည်းကြရ၊ စိုးရိမ်ပူဆွေးကြရ၊ ငိုကြွေးကြရမှာ ချည်းဘဲ။

နောက်ဆုံးမှာ သုမနာထေရီဖြစ်ပြီး ရဟန္တာမ ဖြစ်သွားတာကတော့ ဝမ်းသာစရာ အကောင်းဆုံးဘဲ။

အဲဒီဖြစ်စဉ်ထဲမှာ ဘဝဟောင်းမှ သေသေပြီး ဘဝ အသစ်အသစ် ထပ်ကာထပ်ကာ ဖြစ်ရတာဟာ ဘာကြောင့်လဲဆိုရင် ဆင်းရဲ ဖြစ်ပွား ကြောင်း'သမုဒယသစ္စာဆိုတဲ့တဏှာ'ကြောင့်ဘဲ။ အခြားသူတွေလဲ တဏှာ မကင်းသေးရင်ဒီလိုဘဲသေသေပြီးဘဝအသစ်အသစ် ဖြစ်ဖြစ်သွားရလိမ့်မယ်။

ဒါကြောင့် ဒီသမုဒယသစ္စာဆိုတဲ့ တဏှာကင်းငြိမ်းအောင် မဂ္ဂင် ရှစ်ပါးအကျင့် ကျင့်သုံးပွားများဘို့ရာ အလွန်ပင် အရေးကြီးပါတယ်။

သုမနာထေရီမှာတော့ 'သတိပဋ္ဌာနသုတ်' တရားကို နာကြားပြီး တော့ အဲဒီသတိပဋ္ဌာန်နည်းအတိုင်း ရှုမှတ်ပွားများပြီး သောတာပန် ဖြစ် တယ်။ အဲဒီက နောက် 'အာသီဝိသောပမသုတ်' ကို နာကြားပြီး တဖန် နှလုံးသွင်း သဖြင့် အရဟတ္တဖိုလ် ရောက်ပြီး ရဟန္တာမ ဖြစ်သွားတယ်။ သမုဒယဆိုတဲ့ တဏှာကင်းသွားတယ်။ ဒါကြောင့် တဖန် ဘဝသစ်ဖြစ်ဖို့ မရှိတော့ဘူး။ ပရိနိဗ္ဗာန်ပြုပြီး ငြိမ်းအေးငြိမ်းသွားဘို့ဘဲ ရှိတော့တယ်။

ဒါကြောင့် အဲဒီ သုမနာထေရီဟာ အာယုသင်္ခါရ ကုန်တဲ့အခါ ပရိနိဗ္ဗာန် ပြုတော့မည့်အကြောင်း၊ သီတင်းသုံးဖော်များအား ပြောကြား တယ်။ အဲဒီအခါ အမျိုးသား ရဟန်းတော်များနှင့် အမျိုးသမီး ရဟန်းမ များက သူ့အကြောင်းအရာကို မေးကြတဲ့အတွက်–

"ဘုရားတပည့်တော်မဟာ ကကုသန် ဘုရားလက်ထက်တော်က လူ အမျိုးသမီးဖြစ်ခဲ့ပါတယ်။ အဲဒီဘဝက သေတော့ ကြက်မ ဖြစ်ခဲ့ပါတယ်။ အဲဒီကြက်မဘဝမှာ သိမ်းငှက်က ထိုးသုတ်ပြီး စားလို့ ခေါင်းပြတ်ပြီး သေ ခဲ့ရတယ်။ သေပြီးတော့ လူ့ဘဝမှာ မင်းသမီးဖြစ်ခဲ့ရတယ်။" စသည်ဖြင့် ဘောက္ကန္တရှာ၌ အဆုံးစွန် ဘဝတိုင်အောင် သူ့အကြောင်း အရာတွေကို ဘိက္ခုနီ သံဃာအား ဖြစ်စဉ်အတိုင်းပြောကြားပြီးတော့–

ဝေ=ယခုပြောကြားခဲ့သည့်အတိုင်း၊ သမဝိသမေ= ညီမျှ မညီမျှ ကုန်သော၊ (ဝါ)အကောင်းအဆိုး အမျိုးမျိုးကုန်သော၊ တေသရ အတ္တဘာဝေ= တဆယ့်သုံးခုသော ဘဝ အတ္တဘောတို့ကို၊ ပတ္တာ= ရောက်ခဲ့ပြီး၍ ဂ္ဂဒါနိ= ယခု နောက်ဆုံး ဘဝ၌၊ ဥက္ကဏ္ဍိတွာ–

သံသရာ၌ငြီးငွေ့သောကြောင့်၊ ပဗ္ဗဇိတွာ=ရဟန်းပြု၍၊ အရဟတ္တံ= ရဟန္တာအဖြစ် အရဟတ္တဖိုလ်သို့၊ ပတ္တာ=ရောက်ခဲ့ပါပြီ။

"သဗ္ဗေပိ=အားလုံးသော အရှင်ကောင်း၊ အရှင်မတို့သည်လည်း၊ အပ္ပမာဒေန=မမေ့မလျော့ အမှတ်ရသည့် သတိတရားဖြင့်၊ သမ္ပာဒေထ=သီလ, သမာဓိ, ပညာကို ပြီးစီး ပြည့်စုံအောင် အားထုတ်ကြပါကုန်လော့"

လို့ ပြောကြားလျက် ပရိသတ် လေးပါးကိုသံဝေဂဖြစ်စေပြီးလျှင်ပရိနိဗ္ဗာန်ဝင်စံသွားပါသတဲ့။

ယခုပြောခဲ့တဲ့ ဝက်မကလေး ဝတ္ထုကတော့ ဓမ္မပဒ အဋ္ဌကထာ (ဒု-နှာ ၃၃၂-၅)မှာ အပြည့်အစုံ ပြဆိုထားလျက် ရှိပါတယ်။

## မယားချစ်လို့ နွားဖြစ်ရ

(အံ၅ ၂-၁၀၉-၁၉၀ နှာ)

(သီဟိုဠ်ကျွန်းကတောရွာတခုမှာ) လူတယောက်ဟာအစ်ကို၏မယား(မရီး)နှင့် ဖေါက်ပြန်ကျူးလွန်နေတယ်။ ထိုမိန်းမကလဲ သူ့ခင်ပွန်းထက်အဲဒီ မတ်ဖြစ်သူကို သာပြီး ချစ်မြတ်နိုးတဲ့အတွက် သူ့အစ်ကိုကို လုပ်ကြံ သတ်ဖြတ်ဖို့ အဲဒီ မတ်ဖြစ်သူအား တိုက်တွန်းတယ်။

"ဟဲ့အကောင်မ နင်ဒီလိုမပြောနဲ့"လို မတ်က ကြိမ်းမောင်းတယ်။ ဒါပေမယ့် မရီးဖြစ်သူက သုံးကြိမ်တိုင်တိုင် ထပ်ပြောတော့—

"ဘယ်လိုလုပ်ပြီးအခွင့်ရမလဲ"လို့ ပြောတယ်။ ဒီတော့ မရီးက—

"ဟိုခံတက်ပင်ကြီး ရေဆိပ်က ပဲခွပ်လက်နက်နဲ့ စောင့်နေပါ။အဲဒီကို ငါလွှတ်လိုက်မယ်"လို့ ပြောတော့ မတ်ဖြစ်သူက အဲဒီသွားပြီး သစ်ပင်ကြားမှာ ပုန်းကွယ်လျက် စောင့်နေတယ်။

ခင်ပွန်းဖြစ်သူ တောက အလုပ်လုပ်ပြီး အိမ်ပြန်လာတဲ့အခါ အဲဒီ ဇနီးဖြစ်သူက ချစ်မြတ်နိုးကဲ့အနေနဲ့ ခေါင်းကဆံပင်များကို ယုယုယယနဲ့ ဖိးပေးနေရင်း—

"ခေါင်းက ညစ်ပေလွန်းအားကြီးပါတယ်။ ဟိုခံတက်ပင်ကြီးရေဆိပ်သွားပြီး ခေါင်းလျှော်လိုက်ပါအုံး"လို့ ပြောပြီးတော့ လွှတ်လိုက်တယ်။ ခင်ပွန်းဖြစ်သူက—

"ငါ့ဇနီးက ငါ့အား အင်မတန် ယုယုယယနှင့် ပြုစုပေတယ်"လို့ အောက်မေ့လျက် အဲဒီရေဆိပ်သွားပြီး ခေါင်းငုံ့လျက် ခေါင်းလျှော်ဘို့ ပြင်ဆင်နေတယ်။ အဲဒီအချိန်မှာ သူ့ညီဖြစ်သူက သစ်ပင်ကြားမှထွက်လာပြီး ပဲခွပ်နဲ့ခုတ်သတ်လို့ သေးဆုံးသွားရှာတယ်။

သေပြီးတော့ သူ့ဇနီးကို တပ်မက်တွယ်တာတဲ့ တဏှာကြောင့် အဲဒီ အိမ်မှာဘဲ'ဓမ္မနီ'ခေါ် ထန်းမြွေဖြစ်တယ်။ (သီဟိုဠ်ဆရာတို့ကတော့ လင်းမြွေ လို့ ဆိုကြတယ်။ အဲဒီမြွေက သူ့ဇနီးအား တပ်မက်တွယ်တာနေတဲ့ အတွက် အိမ်အမိုးမှ အဲဒီမိန်းမအပေါ် သူ့ကိုယ်ကို ပစ်ပစ်ချနေသတဲ့။

အဲဒီမိန်းမက သူ့ခင်ပွန်းဟောင်းဖြစ်မှာဘဲလို့ကြံတွေးပြီးတော့အဲဒီ မြွေကို သတ်စေပြန်တယ်။

မြွေဘဝက သေတော့လဲ အချစ်က မပြယ်သေးတဲ့အတွက် အဲဒီအိမ် မှာဘဲ ခွေးဖြစ်ရရှာဘယ်။ အဲဒီခွေးက ချစ်တဲ့စိတ်ဇောနဲ့ အဲဒီမိန်းမနောက်ကို တကောက်ကောက်နဲ့ လိုက်နေတယ်။ မခွဲရက်ဘူး။ တောထဲသွားလဲ လိုက်လာ တာဘဲ။ ဒီတော့လူတွေက–

"ဟေ့–ခွေးမုဆိုးထွက်ပြီ။ ဘယ်အရပ်သွားမလဲ မသိဘူး'လို့ ပြောင် လှောင်ပြောဆိုကြသတဲ့။ ဒါကြောင့် အဲဒီမိန်းမက အဲဒီခွေးကိုလဲ အသတ် ခိုင်းတယ်။

ခွေးဘဝမှ သေတော့လဲ အချစ်ကမပြယ်သေးတဲ့အတွက် အဲဒီအိမ် မှာဘဲ နွားဖြစ်ရပြန်တယ်။ အဲဒီနွားကလေးကလဲ အဲဒီမိန်းမ နောက်ကို တကောက်ကောက်နဲ့ လိုက်နေတယ်။ အဲဒီလို လိုက်နေတာကို မြင်ရတော့ လူတွေက–

"ဟေ့နွားကျောင်းသားထွက်ပြီ၊ နွားတွေ ဘယ်စားကျက်မှာ ကျက် စားကြမလဲမသိ"လို့ ပြောင်လှောင် ပြောဆိုကြပြန်သတဲ့။

ဒါကြောင့် အဲဒီမိန်းမက အဲဒီနွားကိုလဲ အသတ်ခိုင်း ပြန်တယ်။ ဒါပေမယ့်အဲဒီ ခင်ပွန်းဟောင်းကတော့ သူ့ဇနီးဟောင်းအပေါ် ချစ်စိတ်က မပြယ်သေးဘူး။

ဒါကြောင့် အဲဒီနွားဘဝမှ သေရတဲ့အခါ အဲဒီ ဇနီးဟောင်းရဲ့ ဝမ်းထဲမှာဘဲ ပဋိသန္ဓေနေပြီး လူဖြစ်လာတယ်။

အဲဒီအခါမှာတော့ ရှေးက လေးဘဝတိုင်တိုင် အဲဒီမိန်းမ၏ စေခိုင်း ချက်ဖြင့် သေခဲ့ရတာတွေကို ပြန်လည်အောက်မေ့နိုင်တဲ့ ဇာတိဿရဉာဏ်ကို ရနေတဲ့အတွက်–

"ဒီလို ရန်သူမိန်းမရဲ့ ဝမ်းထဲမှာ ဖြစ်မှုဖြစ်ရလေခြင်း"လို့ ဆင်ခြင်ပြီး အလွန်ပင် စိတ်မချမ်းမသာ ဖြစ်နေတယ်။

ဒါကြောင့် အဲဒီ ရန်သူမိခင်ရဲ့လက်နဲ့တောင် အထိမခံဘူး။ သားဆိုတဲ့အနေနဲ့ အဲဒီမိခင်က လက်ဖြင့်ကိုလျှင်၊ ကိုင်လျှင် ကလေးက အပြင်းအထန် ငိုတော့တာဘဲတဲ့။

ဒါကြောင့် အဲဒီသူငယ်ကို အဘိုးက ပြုစုစောင့်ရှောက် ခဲ့ရတယ်။ စကားပြောနိုင်တဲ့ အရွယ်ရောက်တော့ သူ့အဘိုးက –

"ငါ့မြေး၊ မင့်အမေထိတာ ဘာကြောင့် ငိုတာလဲ"လို့ မေးတယ်။

"ဒီမိန်းမကြီးဟာ ကျွန်တော့် အမေ မဟုတ်ဘူး။ လေးဘဝတိုင်တိုင် ကျွန်တော့်ကို သတ်နေတဲ့ရန်သူဘဲ"လို့ ပြောပြီးတော့ အကြောင်းစုံ ပြန်ပြောတယ်။အဲဒီတော့ အဘိုးက အဲဒီသူငယ်ကို ပွေ့ဖက်လျက်ငိုယိုပြီးတော့ –

"လာပါကွယ်ငါ့မြေး၊ ငါတို့မှာ ဒီအရပ်၌ နေခြင်းဖြင့် အကျိုးမရှိပါဘူး"လို့ ပြောပြီး အဲဒီသူငယ်ကို ခေါ်ဆောင်လျက် ထွက်သွားတယ်။ ကျောင်းတိုက်တခုသို့ သွားပြီး ရှင်ရဟန်းပြုကြတယ်။

မြေးအဘိုးနှစ်ဦးလုံး အဲဒီကျောင်းတိုက်မှာနေလျက် တရားအားထုတ်ပြီး အရဟတ္တဖိုလ်ပေါက် ဆိုက်ရောက်ကာ ရဟန္တာ ဖြစ်သွားကြပါသတဲ့။

ဒီဝတ္ထုမှာပြောလိုရင်းကတော့ ခင်မင်တွယ်တာမှု တဏှာကြောင့်ခင်မင်ကွယ်တာရာမှာ အခါခါဖြစ်ရတယ် ဆိုတာပါဘဲ။အဲဒါဟာ "ပေါနောဗ္ဘဝိကာ=တဏှာက တဖန်ဘဝသစ်ကို ဖြစ်စေတတ်တယ်" ဆိုဟာကို ထင်ရှားပြတဲ့ ဝတ္ထုတခုပါဘဲ။ ဒါပေမယ့် အဲဒီ မြွေဖြစ်၊ ခွေးဖြစ်၊ နွားဖြစ်ပြီးသေခြင်းဆိုးနဲ့ချည်း သေလာရတဲ့ ပုဂ္ဂိုလ်ဟာ လူဖြစ်ကဲ့ နောက်ဆုံး ဘဝမှာတော့ ရဟန္တာဖြစ်သွားတဲ့အတွက် ဘဝသစ်ကို ဖြစ်စေနိုင်တဲ့ တဏှာကင်းသွားပြီ။

ဒါကြောင့် အဲဒီက နောက်မှာ ဘဝသစ် မဖြစ်ရတော့ဘဲ ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းသွားပြီ။အဲဒီလို ဆင်းရဲခပ်သိမ်းအကုန်ငြိမ်းသွားအောင် သံဝေဂယူပြီး ဝိပဿနာတရားအလုပ်ကို အားထုတ်စရာလဲကောင်းပါတယ်။

ပါဠိ အဋ္ဌကထာ စာပေကျမ်းဂန်လာ ဝတ္ထုတွေ ပြောနေရင်တော့ မဆုံးနိုင်ဘူး။ ဒါကြောင့် အဲဒါတွေကို ဒါလောက်နဲ့ ရပ်ထားပြီးတော့ ယခု မျက်မှောက်ခေတ် ပစ္စုပ္ပန်ဝတ္ထုများကို ပြောရမယ်။

"မရိုးနှင့်ပတ်၊ လင်ကိုသတ်၊ လေးဇာတ်တိုင်အောင်ပင်" [ကပ်လကဏ္ဍာ]

## ဓမ္မကထိက ဆရာတော်ကြီးတပါး

ဘုန်းကြီးဟာ မော်လမြိုင်မြို့တောင်ဝိုင်း တိုက်ကျောင်းမှာ ၁၂၉၁-ခုနှစ်မှ ၁၃၀၃-ခုနှစ်အထိ နေထိုင်ခဲ့ပါတယ်။ အဲဒီအခါတုန်းက မော်လမြိုင်မြို့ပေါ်မှာ ထင်ရှားတဲ့ ဓမ္မကထိက ဆရာတော်ကြီးတပါး ရှိခဲ့ပါတယ်။

ရွှေ့နေ ဒကာတဦး ကွယ်လွန်လို့ ရက်လည်ဆွမ်းကပ်တဲ့အခါ အဲဒီဆရာတော်က ရက်လည်ဆွမ်း အနုမောဒနာ တရားကို ဒီလိုဟောပါတယ်။

"အဒ္ဓုဝံ မေ ဇီဝိတံ၊ ဓုဝံ မေ မရဏံ"

"မေ=ငါ၏၊ ဇီဝိတံ= အသက်ရှည်ခြင်းသည်၊ အဒ္ဓုဝံ= မခိုင်မြဲပါတကား။ မေ=ငါ၏၊ မရဏံ=သေခြင်းသည်၊ဓုဝံ= မချွတ်ကေန် မြဲမြံ၏။

"အဝဿံ မယာ မရိတဗ္ဗမေဝ၊
မရဏ ပရိယောသာနံ မေ ဇီဝိတံ"

မယာ=ငါသည်၊ အဝဿံ=မချွတ်ကေန်၊မရိတဗ္ဗမေဝ= သေရမည်သာတည်း။မေ=ငါ၏၊ဇီဝိတံ=အသက် ရှင်နေခြင်းသည်။မရဏပရိယောသာနံ=သေခြင်းလျှင် အဆုံးရှိချေ၏"

"ဇီဝိတမေဝ အနိယတံ၊ မရဏံ နိယတံ"

"ဇီဝိတမေဝ=အသက်ရှင်ခြင်းသည်သာလျှင်၊အနိယတံ= ကိန်းသေမမြဲ။ မရဏံ=သေခြင်းသည်ကား၊ နိယတံ=ကိန်း သေပင်မြဲသတည်း"

ဆိုတဲ့ ဒီမရဏဿတိ ဆင်ခြင်ပုံစကားကိုအရင်းခံပြီး ဟောသွားတယ်။ အဲဒီတုန်းက ဘုန်းကြီးလဲ အဲဒီ အလှူမှာ ပါလို့ နာလိုက်ရပါတယ်။

အဲဒီနောက် ခုနစ်ရက် မတိုင်မီ ရက်အနည်းငယ်အတွင်းမှာ အဲဒီ ဓမ္မကထိကဆရာတော်ကြီး ပျံတော်မူသွားကြောင်း ကြားသိရတယ်။ အဲဒီတော့ ပျံတော်မူတဲ့အခါ သူဟောတဲ့ မရဏဿတိတရား အမှတ်ရပြီးပျံတော် မူသွားမှာဘဲလို့ ဘုန်းကြီးစဉ်းစားမိပါတယ်။ ပျံတော်မူခြင်း၏ အကြောင်း ကတော့ လူဆိုးများကဓားနဲ့ ထိုးသတ်သွားလို့ ဆိုတာလဲကြားသိရပါတယ်။

အဲဒီနောက် သုံးနှစ်လောက် ကြာတဲ့ အခါကျတော့ မြိတ်နယ်က လူငယ်လေးတယောက် ပေါ်လာတယ်။ "မော်လမြိုင်မြို့မှာ သူ့ကျောင်းရှိတယ် လိုက်ပို့ပါ"လို့ ပူဆာတဲ့အတွက် အဲဒီကလေးရဲ့ မိဘများက လိုက်ပို့ကြတယ်။ အဲဒီပျံတော်မူသွားတဲ့ ဆရာတော်ကြီးကျောင်းရောက်တော့ သူ

ဟာ အရင်ဘဝက အဲဒီကျောင်းပိုင် ဆရာတော်ကြီး ဖြစ်ခဲ့ကြောင်း စသည်တွေကို အဲဒီကလေးက ပြောတယ်။ အဲဒီကျောင်းဆိုင်ရာ အကြောင်းအရာတွေကို သူက အကုန်ပြောနိုင်တယ်။ ပြောသမျှလဲအမှန်ချည်းဖြစ်နေတယ်။ အဲဒီ အနီးအပါးက ဆရာတော်တွေကိုလဲ သူက အကုန် မှတ်မိနေတယ်။ ဘွဲ့အမည်တွေကိုလဲ ရှေးက ခေါ်နေကျအတိုင်းဘဲ သူခေါ်သတဲ့။

အဲဒီ ဆရာတော်ကြီးနဲ့ ရင်းနှီးတဲ့ ကပ္ပိယ ဒကာတဦးကို အမည်ထုတ်ဖော်ပြီး မေးတဲ့အခါကျတော့ ဒီလေးက "ကြောက်စ ကြောက်စ" လို့ဆိုသတဲ့။

"ဘာ့ကြောင့်ကြောက်သလဲ"လို့မေးတော့"အခြားလူဘစုနဲ့အဲဒီလူက သူ့ကိုဓားနဲ့ ထိုးသတ်တဲ့အကြောင်း၊ သူကထွက်ပြေးလို့ မြစ်ကမ်းနားရောက်တော့လှေကြီးကိုတွေ့တာနဲ့ အဲဒီလှေကြီးကိုစီးပြီး လိုက်သွားကြောင်း မြဲဘ်ပင်လယ်ကမ်းခြေ ရွာတခုရောက်တော့ ယခုလက်ရှိ သူ့မိဘအိမ်မှာ ဝင်နေကြောင်း"များကို အဲဒီကလေးက ပြောပါသတဲ့။

အဲဒီမှာ "ကျောင်းမှထွက်ပြေးပုံ၊ ကမ်းနားရောက်တော့ လှေကြီးတွေ့ပုံ၊ အဲဒီလှေကြီး စီးပြီး လိုက်သွားပုံ၊ လက်ရှိ သူ့မိဘအိမ် ဝင်နေပုံ" တွေကတော့ ပျံ့တော်မူခါနီးတုန်းက ထင်ခဲ့တဲ့ 'ဂတိနိမိတ်' တွေပါဘဲ။

ဒီဝတ္ထုဟာလဲ တဏှာက ဘဝသစ်ကို ဖြစ်စေတယ် ဆိုတာနဲ့စပ်ပြီး အထူးမှတ်သားသင့်တဲ့ အကြောင်းအရာ တခုပါဘဲ။

## ငွေလေးဆယ်အတွက် ကျွဲဖြစ်သလား

မုံရွာခရိုင် မြို့တခု၌ငွေတိုးပေး ချေးငှား စီးပွားရေးလုပ်နေတဲ့ လူတယောက်ရှိခဲ့တယ်။ အဲဒီလူကြီးက လယ်ယာသမားတဦးထံမှ အကြွေးတောင်းတယ်။ လယ်ယာသမားက အကြွေးဆပ်ပြီးကြောင်းပြောတယ်။ကြွေးရှင်လူကြီးက မဆပ်ရသေးပါဘူး ဆပ်ပါလို့ အထပ်ထပ်ပြောပြီး နောက်ဆုံးကျတော့—

"ကြွေးဆပ်ပြီးပါလျက် ထပ်တောင်းတာ ဖြစ်လို့ရှိရင် အဲဒီထပ်ပြီး ဆပ်တဲ့ ငွေလေးဆယ်အတွက်မင့်အိမ်မှာ ငါကျွဲဖြစ်ပါရစေ"လို့ ကျိန်ဆိုပြီး အတင်းတောင်းနေသတဲ့။ ဒီတော့ ဆင်းရဲသား လယ်သမားက သိလျက်သားနဲ့ ငွေလေးဆယ်ထပ်ပြီး ပေးဆပ်လိုက်ရတယ်။

အဲဒီကြွေးရှင်လူကြီး ဆုံးသွားပြီးတဲ့နောက် အဲဒီကြွေး နှစ်ခါဆပ်ရတဲ့ လယ်သမားအိမ်မှာ ကျွဲကလေးတကောင်မွေးလာတယ်။ အဲဒီ ကျွဲကလေးကို

သူ့ဆရာ ကြေးရှင်ကြီးကဖြစ်လာတယ်လို့ ထင်မြင်ယူဆပြီး အဲဒီ လယ်သမားဆင်းရဲသားက သူ့ဆရာကို ရှေးကခေါ်နေကျအတိုင်း အဲဒီ ကျွဲကလေးကို "ဆရာ ဆရာ လာပါ" လို့ခေါ်ကြည့်ပါယ်။အဲဒီလိုခေါ်လိုက်ပေတော့ အဲဒီ ကျွဲကလေးကလာသတဲ့။ ဒီတော့ အဲဒီ လယ်သမားက–

"သူ့ကြေးရှင် လူကြီးဟာ သူ့ကျိန်စာအရမိမိအိမ်မှာ ကျွဲလာဖြစ်တယ်" ဆိုတာယုံကြည်ပြီး ပြောတယ်။ အဲဒီအခါ ကွယ်လွန်သွားတဲ့ ပစ္စည်းရှင်လူကြီးရဲ့သမီးကသူ့အမေ ဂုဏ်ကျက်သရေပျက်အောင် ပြောတယ်ဆိုပြီး ရုံးမှာ တရားစွဲသတဲ့။

အဲဒီတော့ တရားသူကြီးဟ ကျွဲကလေးနှင့်တကွ တရားလို တရားခံ သက်သေများပါ အစုံခေါ်ယူပြီး စစ်ဆေးတယ်။ လယ်ယာသမားများဟ ကြေးရှင်လူကြီးကို ဆရာလို့ခေါ်လေ့ရှိတဲ့အတိုင်း ကျွဲကလေးကို "ဆရာ လာပါ"လို့ခေါ်လိုက်တော့ ကျွဲကလေးက အဲဒီလူဆီကိုလာသတဲ့။

ကြေးရှင်လူကြီးရဲ့သမီးကသူ့အမေကို "ဖိုးဖိုး" လို့ခေါ်နေကျအတိုင်း အဲဒီကျွဲကလေးကို "ဖိုးဖိုးလာပါ"လို့ ခေါ်လိုက်တဲ့အခါမှာလဲ အဲဒီ ခေါ်တဲ့ အမျိုးသမီးဆီကိုလာသတဲ့။ ဒီတော့ တရားသူကြီးက လယ်သမားပြောဟာ ရိုးသားစွာပြောတာလို့ ယုံကြည်ပြီး အမှုကို ရုပ်သိမ်းလိုက်သတဲ့။

ဒီဝတ္ထုလဲ လူ့ဘဝက ကျွဲဖြစ်သွားရတယ်ဆိုတာ ယုံကြည်စရာ အကြောင်းရှိပါတယ်။ ဒါ့ကြောင့်တရုတ်က ဘဝသစ်ဖြစ်စေတယ်ဆိုတာကို ထင်ရှားစေသည့်ပြင် မှားယွင်းစွာ ကျိန်ဆိုမိရင် "ကျိန်ဆိုတဲ့အတိုင်း ဒုက္ခရောက်ရတတ်တယ်" ဆိုတာကိုလဲ သတိပြုစရာပါဘဲ။

## ညို့ဆန် တစလယ်

တောင်တွင်းကြီးမြို့၏ အနောက်မြောက်ဖက် ဆယ်ပိုင်ခန့်ဝေးတဲ့ အရပ်မှာ ချောင်းဆုံရွာဆိုတာ ရှိတယ်။ အိမ်ခြေလေးရာခန့်ရှိတယ်။ အဲဒီရွာမှာ ညိုနဲ့ ကံကြီးဆိုတဲ့သူငယ်ချင်းနှစ်ယောက်ဟာ ကွမ်းထမ်းပြီးရောင်းတဲ့အလုပ်ကို လုပ်ကြတယ်။

တနေ့တော့ ကွမ်းရောင်းရာမှ ပြန်လာတဲ့အခါ ကံကြီးမှာ ဆန်ကုန်သွားလို့ ညိုထံမှ ဆန်တစလယ်ချေးပြီး ချက်စားကြရတယ်။ အဲဒီလို စားပြီးနောက် ညအခါ လရောင်ဖြင့် ပြန်လာကြရာ လမ်းမှာ ပိုးထိလို့ ကံကြီးဟာ သေသွားရှာတယ်။ အဲဒီအခါတုန်းက သူတို့၏ အသက်ဟာ

၂၀–ကျော်လောက်ဘဲ ရှိဟန်တူပါတယ်။ ခုနှစ်ကတော့ ၁၂၇၀–နဲ့ ၁၂၈၀ အတွင်း ဖြစ်ပါလိမ့်မယ်။

ကံကြီးဟာ သေပြီးတော့ ညို့အိမ်မှာ ကြက်ဖြစ်ရသတဲ့။ ဆန်တစလယ် အကြွေးကို စွဲလမ်းပြီး သေသွားဟန် တူပါကယ်။ အဲဒီကြက်က တိုက်ကြက်ကလေးမို့ ညိုက အခြားလူများနှင့် ကြက်တိုက်ပွဲလုပ်တယ်။ သုံးပွဲသုံးကြိမ်တိုင်အောင်အနိုင်ရတယ်။ လေးကြိမ်မြောက်ပွဲကျတော့ အခြားကြက်က အသက်လဲရင့်၊ အင်အားလဲကြီးတာနဲ့ ညို့ကြက်က ရှုံးတယ်။

အဲဒီတော့ ညိုက ရှုံးရမလားဆိုပြီး စိတ်ဆိုးတာနဲ့ သူ့ကြက်ကို ခြေထောက်နှစ်ချောင်းကိုင်ပြီး မြေကြီးနဲ့ ရိုက်လိုက်တယ်။ မသေမရှင်နဲ့ အိမ်သို့ ယူလာခဲ့ပြီး ရေအိုးစင်နား ပစ်ချထားတယ်။ အဲဒီအချိန်မှာ ညိုရဲ့ နွားမကြီးက တဆန့်ငင်ငင်ဖြစ်နေတဲ့ အဲဒီကြက်ကလေးကို နမ်းသွားသတဲ့။

အဲဒီကြက်ကလေးကသေပြီးတော့ အဲဒီနွားမကြီးဝမ်းထဲမှာ ပဋိသန္ဓေနေရတယ်။ မွေးလာတဲ့အခါ နွားပကလေးဖြစ်နေသတဲ့။ အဲဒီနွားပကလေး အတော်အတန်ကြီးလာတဲ့အခါ ညိုရဲ့မိတ်ဆွေများက အဲဒီနွားပကလေးကို တန်ဘိုးလေးကျပ်ထားပြီး ညိုပါ သတ်စားကြသတဲ့။

အဲဒီလို သတ်ပြီး အမဲသားတွေလှီးဖျက်နေတုန်း တောင်တွင်းကြီးက စာရေးကြီးနှင့် စာရေးကတော်က အဲဒီနေရာရောက်လာကြတယ်။ စာရေးကတော်က သေပြီးစအသားတဆတ်ဆတ်တုန်နေတဲ့ နွားပကလေးကို သနားကရုဏာ သက်ပြီးတော့–

"ငါ့နွားသာဆိုရင် ပသတ်ရက်ပါဘူး၊ သူ့အလိုလို သေသွားတောင် မစားရက်ပါဘူး၊ မြေကြီးထဲမြှုပ်လိုက်မှာဘဲ" လို့ ပြောသတဲ့။

အဲဒီနောက် စာရေးကြီးကတော်မှာ သားယောကျ်ားကလေး ဖွားမြင်လာတယ်။ ဒီကလေးက အသက် ခုနစ်နှစ်ရှိသည့် တိုင်အောင် စကားမပြောဘူးတဲ့။ ဒီတော့ ဖခင်စာရေးကြီးက–

"ငါ့သားစကားပြောပါ၊ ဒီနေ့ လခထုတ်ရမယ်၊ ငါ့သားအတွက် အဝတ်ကောင်းကောင်း ဝယ်ခဲ့မယ်" လို့ ပြောပြီး ညနေ ပြန်လာတဲ့အခါ–

"ဟောဒီ အဝတ်လှလှကလေးတွေဟာ ငါ့သားဘို့ဘဲ၊ ကဲ....စကားပြောလေကွာ" လို့ ပြောတဲ့အခါ အဲဒီကလေးက....

"ညို့ ဆန်ကစလယ်" လို့ ပြောသတဲ့။

အတိုချုံးပြောရမှာဘဲ၊ အဲဒီနောက် ဖခင်စာရေးကြီးက....

"ငါ့သား စကားသာ ပြောပါ၊ ဆန်တစလယ်တောင်မကဘူး၊ ဆန်တအိတ်တောင် ကြွေးဆပ်ပေးမယ်"လို့ ပြောတော့ အဲဒီကလေးက....

"ဒီလိုဆိုရင် ဆန်အိတ်ကို လှည်းပေါ်တင်ပါ၊ယခုဘဲ သွားပြီး ကြွေးဆပ်ရအောင်"လို့ ပြောသတဲ့။ ဒါနဲ့ ဆန်အိတ်ကို လှည်းပေါ်တင်ပြီးတော့....

"ဘယ်ကို မောင်းရမှာလဲ" လို့ မေးတဲ့အခါ တောင်တွင်းကြီးမြို့မြောက်ဘက်မောင်းဘို့ ကလေးက ပြောတယ်။ နောက်လဲ ကလေးပြောတဲ့လမ်းအတိုင်း လှည်းကို မောင်းသွားကြရာ ချောင်းဆုံရွာရောက်တော့....

"ဒီရွာဘဲ၊ ရွာထဲဝင်ပါ၊ ဒီလမ်းကို မောင်းပါ"

စသည်ဖြင့် ကလေးက ညွှန်ပြတယ်။ နောက်ဆုံး ညိုအိမ်ရောက်တဲ့အခါ...."ဟော–ရောက်ပြီ၊ ဒီအိမ်ဘဲ"လို့ ကလေးက ပြောတယ်။

"ဒါ ဦးညိုတို့အိမ် ဟုတ်ပါရဲ့လား" လို့ လူကြီးတွေက မေးတော့၊ ဦးညိုက "ဟုတ်ပါတယ်"ဆိုပြီး အိမ်ပေါ်မှ ဆင်းလာတယ်။ အနားရောက်တော့ ကလေးက–

"ဟေ့ ညို၊ ငါ့မှတ်မိသေးရဲ့လား"လို့ မေးလိုက်တယ်၊ အဲဒါကိုကြားရတော့ "သူ့အဖေလောက်ရှိတဲ့ ငါ့ကို ညိုလို့ ခေါ်ရမလား"လို့ဆိုပြီး ဦးညိုက စိတ်ဆိုးလိုက်တာတဲ့။ ဒါနဲ့ စာရေးကြီးက—

"ဦးညိုရေ စိတ်မဆိုးပါနဲ့ဗျာ၊ ဒီကလေးက ထူးခြားတဲ့အကြောင်းရှိပါတယ်"လို့ပြောပြီး တောင်းပန်ရတယ်။

အိမ်ပေါ်ရောက်တဲ့အခါကျတော့ ကလေးက–

"ဟေ့–ညို၊ မင်းကငါ့ကို မမှတ်မိတော့ဘူးလား။ ဟိုတုန်းက မင်းနဲ့ ငါ ကွမ်းထမ်းပြီး ရောင်းကြတယ်။ ငါကမင်းဆီက ဆန်တစလယ်ချေးဘူးတယ်။ အဲဒီကြွေးမဆပ်ရသေးခင် ပိုးထိလို့ ငါသေခဲ့ရတယ်။ မင်းအိမ်မှာကြက်ဖြစ်ရတယ်။ တိုက်ပွဲမှာသုံးကြိမ်တိုင်တိုင် ငါအနိုင်ရအောင် ခွပ်ပေးခဲ့တယ်။ လေးကြိမ်မြောက်ကျတော့ ဟိုကြက်ကြီးကငါ့ထက်အားကြီးလို့ ငါရှုံးတော့မင်းငါ့ကို'ရှုံးရမလား'လို့စိတ်ဆိုးပြီးရိုက်သတ်တယ်။ပသေမရှင်နဲ့ရေအိုးစင်နား ပစ်ချထားရာမှာ နွားမကြီးက လာပြီးငါ့ကိုနမ်းတယ်။ အဲဒီနွားမကြီး ဝမ်းထဲမှာ ဖြစ်ရပြီး မွေးလာတော့ နွားမကလေး ဖြစ်လာရတယ်။ နွားပတန်း အရွယ်လောက်မှာ မင်းတို့ကငါ့ကို သတ်စားကြတယ်။ အဲဒီအခါတုန်းက ဟောဒီ စာရေးကြီး အဖေနဲ့ အမေတို့က အနီးအပါးရောက်လာပြီး သနားသက်ညှာတဲ့ စကားကို ပြောသွားတယ်။ အဲဒီ နွားမ

ဘဝက သေဘော့ ဟောဒီ အခဖအမေဘို့ရဲ့သား ဖြစ်နေရတယ်။ ယခု မင့် ဆန်တစလယ် အကြွေးဆပ်ဖို့လာတာ” စသည်ဖြင့် ပြောတယ်။

ပြောသမျှတွေကလဲ အကုန်လုံး အမှန်ချည်းဖြစ်နေတယ်။ ဒါကြောင့် ဦးညိုမှာ သူပြောသမျှတွေကို သတိရပြီးတော့ အင်မတန်ဝမ်းနည်းတဲ့ အတွက် ငိုကြွေးရှာပါသတဲ့။(ဒီအကြောင်းအရာတွေကို ဦးညိုကိုယ်တိုင်ပင် ရေစကြို မြို့နယ်က ဦးဘသွင်အား ၁၃၁၃-ခုနှစ်လောက်က ပြောကြား လိုက် ကြောင်း သိရပါတယ်။)

ဒီဝတ္ထုဖြင့် သိစေလိုရင်းမှာ တဏှာမကင်းသေးရင် တဖန် ဘဝ သစ်အမျိုးမျိုး ဖြစ်ရတယ်ဆိုတာ သိစေလိုရင်းပါဘဲ။

## နွားဖြစ်ရတာကြောက်စရာ

၁၃၀၁-ခုနှစ်လောက် မန္တလေးမြို့ ဘုရားကြီးတိုက်မှာ စာသင်သား ရဟန်း တော်တပါး ရှိခဲ့တယ်။ သူ့ဘွဲ့တော်က ဦးအာစိဏ္ဏတဲ့။ ရပ်ရေထွားကျိုင်း ဖြစ်တယ်။ သဒ္ဒါတရားကောင်းတယ်။ ပိဋကတ် စာပေကို ကြိုးစားကျက် မှတ်တယ်၊အဲဒီ ဦးအာစိဏ္ဏက တနေ့သောအခါ သပိတ်ဆေးရင်း—

“အရှင်ဘုရားတို့ သတိပြုကြပါ။ သူများတွေလှူတဲ့ ဆွမ်းတွေကို စားပြီး ကောင်းကောင်း ကျင့်သုံးနေထိုင်ကြပါ။ တပည့်တော် ကတော့ သုံးဘဝတိုင်တိုင် ကိုယ်တွေ့ဖြစ်ခဲ့လို့ အထူးသတိပြု နေရပါတယ်” စသည် ဖြင့် အတူနေ ရဟန်းပျားအား ပြောကြာ

အဲဒီလို ပြောပြီးတဲ့နောက် သူ့အကြောင်းသိချင်တာနဲ့ကိုယ်တော် တပါးက မေးကြည့်တတ်။ အဲဒီအခါ သူက ဒီလိုပြောတယ်။

သူဟာ လူ့ဘဝမှ သေတဲ့အခါ သရဲမကြီးဖြစ်ခဲ့ရတယ်။အဲဒီတုန်းက စားစရာလဲ မပြည့်စုံ၊ နေစရာလဲ ကောင်းကောင်းမရှိတဲ့အတွက် ဟိုသွားရ ဒီသွားရနဲ့ အဘံမဘာန် ဆင်းရဲခဲ့တယ်။

အဲဒီဘဝမှသေတော့ နွားထီးဖြစ်ရတယ်။ အဲဒီဘဝမှာ ဝန်အတူတူ ရုန်းဖော်ဖြစ်တဲ့ အခြားနွားတကောင်နဲ့ စားကျင်းတခုထဲမှာ အတူတူစားရ တယ်။ အဲဒီအတူစားနေရတဲ့ နွားရဲ့နှာခေါင်းမှ နှာရည်ပုပ်တွေ မခံနိုင် အောင် ယွက်နေတဲ့အတွက် အဲဒီနွားကိုဝှေ့တယ်။ အဲဒီလိုဝှေ့တော့ ပိုင်ရှင် လူက ရိုက်တယ်။ ကျယ်တယ် အနိုင်ကျင့်တယ်ထင်လို့ ရိုက်တာ ဖြစ်ပါလိမ့် မယ်။ ခဏခဏဝှေ့တယ်။ ဝှေ့တိုင်းဝှေ့တိုင်း အရိုက်ခံရတယ်။

အဲဒီနွားဘဝမှသေတော့ ယခုဘဝရောက်လာရတယ်။ ဒါကြောင့် သံဝေဂရပြီး ရဟန်းပြုလာတဲ့အကြောင်း ပြောကြားတယ်။ (အဲဒီလိုပြော ကြားစဉ်ကအဲဒီပြောတဲ့ရဟန်းမှာ ၉–၀၊ ၁၀–၀ ခန့်ရနေပြီဖြစ်ကြောင်း သိရပါတယ်။)

ဒီဝတ္ထုဖြင့် သိစေလိုရင်းကလည်း တဏှာရှိနေလို့ ဘဝသစ် ဖြစ်ရ တယ် ဆိုတာပါဘဲ။နောက်ပြီးတော့ သရဲကစ္ဆေ ဖြစ်ရတာလဲကြောက်စရာ ကောင်းကြောင်း၊နွားတွေမှာစကားမပြောတတ်တဲ့ အတွက်သူတို့၏ အခက် အခဲများကို လူတို့အား မသိစေနိုင်သဖြင့် လူတို့၏ အနှိပ်စက်ခံနေရတာလဲ ကြောက်စရာ ကောင်းကြောင်းများလဲ သံဝေဂယူဘွယ် ဖြစ်ပါတယ်။

## နွား–ခွေးဖြစ်ပြီးမှ လူပြန်ဖြစ်

၁၃၁၀–ခုနှစ်လောက်ဆီက မုံရွာမြို့နယ် ကျေးရွာဘုန်းကြီးကျောင်းတခုမှ ဘုန်းကြီးကို သူပုန်ဗိုလ် တယောက်က "သူ့တပည့် ရဲဘော်အား နှိပ်စက် တယ်" ဆိုပြီး သေနတ်ပြင့်ပစ်သတ်တယ်။ အဲဒီကိုယ်တော်ဟာ ယခုတဖန် လူ့ဘဝရောက်လာပြီး ရဟန်းဖြစ်နေတယ်။ ပထမပြန် စာမေးပွဲမှာတောင် အချို့အဆင့်အတန်းများ အောင်နေပြီလို့ ကြားသိရတယ်။ အဲဒီရဟန်းက

"သေနတ်ဖြင့် အပစ်ခံရပြီးသေတဲ့အခါ နွားဘဝ၌ဖြစ်ခဲ့ရကြောင်း၊ အဲဒီကနောက် ခွေးဘဝ၌ဖြစ်ခဲ့ရကြောင်း၊ အဲဒီကနောက် လူဘဝ ပြန် ရောက်လာခဲ့ကြောင်း"ပြောပါသတဲ့။

နောက်ပြီးတော့ အဲဒီရဟန်းဟာ သေနတ်၊ လက်နက်ကိုင် လူများ ကို အလွန်ကြောက်တယ်လို့လဲ ဆိုပါတယ်။

ဒီဝတ္ထုမှာ "ရဟန်းအဖြစ်မှ နွားဖြစ်ရတယ်၊ ခွေးဖြစ်ရတယ်" ဆို တော့ အင်မတန် ယုတ်ညံ့တယ်လို့ ထင်စရာရှိပါတယ်။ တဏှာမကင်းသေး ရင် ဒါထက်ယုတ်ညံ့တဲ့ ဘဝတွေလဲ ဖြစ်နိုင်သေးတာဘဲ။

ဘုရားလက်ထက်တော်တုန်းကဲ အရှင်တိဿဆိုတဲ့ ရဟန်းဟာ သန်း တောင် ဖြစ်ရသေးတာဘဲ။ ဒါကြောင့် တဏှာမကင်းသေးသူတိုင်း (ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာလဲ မကင်းသေးရင်)ဒီလိုဘဝမျိုးတွေမှာဖြစ်နိုင်သေးတယ် ဆိုတာ ကို သိပြီးတော့ တဏှာကင်းအောင် အားထုတ်ဘို့ အရေးကြီးပါတယ်။ အောက်ထစ်ဆုံး အားဖြင့် 'ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ' ကင်းအောင် အားထုတ်ဘို့ လိုပါတယ်။

---

53.ဒုတိယအကြိမ်

# တောက်တဲ့တောင် ဖြစ်ရသေးသတဲ့

၁၃၂၃-ခုနှစ်လောက်က ဒိုက်ဦးမြို့အနီး ဖအောင်ဝဲဆိုတဲ့ရွာမှာ ထူးဆန်းတဲ့ ကလေးတယောက်ပေါ်လာတယ်။အဲဒီကလေးက သူဟာ ဒိုက်ဦးမြို့တောင်ဘက်နှစ်မိုင်လောက်ဝေးတဲ့ရွာဝိုင်းကြီးက ဘုန်းကြီးဖြစ်ကြောင်း ပြောသတဲ့။ စာကျက်မှတ်ဉာဏ်လဲ အထူးကောင်းသတဲ့။ သူနေခဲ့တယ်ဆိုတဲ့ ကျောင်းကို ခေါ်သွားတဲ့အခါ အဲဒီကျောင်းက ပစ္စည်းတွေကို သူက အကုန်လုံးသိနေတယ်။ ဒါက ဘယ်သူက လှူတဲ့ ပစ္စည်းစသည်ဖြင့် လှူတဲ့သူတွေကိုလဲ ပြောတယ်။ ပြောတဲ့အတိုင်းလဲ မှန်သတဲ့။

သူဟာအဲဒီဘုန်းကြီးဘဝမှ ပျံလွန်တော်မူတဲ့အခါ အဲဒီကျောင်းမှာဘဲ တောက်တဲ့ဘဝ၌ ဖြစ်ခဲ့ရသတဲ့။အဲဒီတောက်တဲ့ဟာ ကျောင်းနဲ့ ထန်းပင်အကူးမှာ လွှဘ်ကျပြီး ပေါင်ကျိုးသွားတဲ့ ဒဏ်ရာကြောင့် သေခဲ့ရသတဲ့။

သေတဲ့အခါ အဲဒီကျောင်းနားမှာ လယ်လုပ်နေတဲ့ ဖအောင်ဝဲရွာ (ဖေါင်ဝဲရွာ)က လယ်သမား(ယခု သူ့အဖေ)ရဲ့ လှည်းပေါ်မှာ စီးလိုက်သွားပြီး အဲဒီလယ်သမားအိမ်မှာဘဲ ဝင်နေတယ်လို့လဲပြောပါသတဲ့။အဲဒီမှာ လှည်းပေါ်စီးလိုက်သွားတယ်ဆိုတာ စသည့်ကတော့ 'ဂတိနိမိတ်' ထင်မိပုံတွေပါဘဲ။

ဒီ ဝတ္ထုလဲ တဏှာမကင်းရင် ဒီလို ဘဝအသစ်တွေလဲ ဖြစ်နိုင်တယ်ဆိုတာ သံဝေဂယူပြီး အဲဒီ တဏှာကင်းရေးအတွက် မဂ္ဂင်ရှစ်ပါး တရားကို ပွားစေကြဘို့ပါဘဲ။

ယခုလို ပစ္စုပ္ပန်ဝတ္ထုတွေကို ထုတ်ဖော်ပြရတာဟာ ဘာကြောင့်လဲဆိုရင် ယခုနေအခါမှာ တချို့က "နောင်တမလွန်ဘဝ မရှိဘူး"လို့ ပြောနေကြတယ်။တချို့ကလဲ ရှိ-မရှိဇဝေဇဝါ ဖြစ်နေကြတယ်။ စာပေကျမ်းဂန်တွေ အထင်အရှားရှိနေပေမယ့် တချို့က "ရှေးက ရေးထားတာတွေဘဲ" ဆိုပြီး လေးလေးနက်နက် မယုံကြည်နိုင်ဘဲ ရှိနေကြတယ်။

ဒါကြောင့် ကံ,ကံ၏အကျိုးနဲ့ တမလွန်ဘဝကို ယုံကြည်တဲ့ သဒ္ဓါတရားဖြစ်ပွားပြီး ခိုင်မြဲကြစေရန်အတွက် ရည်မြှော်ပြီး ထုတ်ဖော်ပြလိုက်ခြင်း ဖြစ်ပါတယ်၊ပြစရာအလားတူ ဝတ္ထုတွေကတော့ အများကြီးရှိပါသေးတယ်။ ဒါပေမယ့် ဒါလောက်ဆိုရင် ရည်ရွယ်ချက်အတွက် ပြည့်စုံလောက်ပါပြီ။

ခုပြောခဲ့တဲ့အတိုင်း တဏှာက ဘဝသစ်ကို ဖြစ်စေသောကြောင့်–
"ယာ အယံ တဏှာ=အကြင် ဆာလောင်မှုတဏှာသည်၊

ပေါနောဗ္ဘဝိကာ=တဖန် ဘဝသစ်ကို ဖြစ်စေတတ်၏။ နန္ဒိရာဂသဟဂတာ=နှစ်သက်တပ်စွဲခြင်းနှင့် တကွဖြစ်၏။(ဝါ) နှစ်သက်တပ်စွဲသော သဘောဖြစ်၏။ ပ.တြတတြာဘိနန္ဒိနီ=ထိုထိုရောက်ရာဘဝ ရာရာအာရုံ၌နှစ်သက်ပျော်မွေ့လေ့ရှိ၏” လို့ဟောတော်မူတယ်။နောက်ပြီးအဲဒီတဏှာ၏သရုပ်ကိုလဲ–

“သေယျထိဒံ= ထို တဏှာကား အဘယ်နည်း ဟူမူ၊ ကာမတဏှာ=လိုချင်စရာကာမဂုဏ်၌ဆာလောင်မှုတဏှာက တပါး၊ ဘဝတဏှာ=အမြဲရှိနေသည်ဟု ထင်လျက် ဆာလောင်မှု တဏှာက တပါး၊ ဝိဘဝတဏှာ–သေပြီးလျှင် မရှိတော့ဟု ထင်လျက် ဆာလောင်မှု တဏှာက တပါး ဣဒံ=ဤတဏှာသုံးပါးသည် ဆင်းရဲဖြစ်ကြောင်း သမုဒယသစ္စာပေတည်း”လို့ ထုတ်ဖော်ပြီး ဟောတော်မူပါတယ်]

ဘဝလွှတ်မြောက်ရေးအတွက် ဆရာတော်ဘုရားကြီး၏ ‘သတိပဋ္ဌာန်ရှုမှတ်နည်း တရားတော်များ’မှာ လွန်စွာထင်ရှား၍ တကမ္ဘာလုံးကပင် လိုက်နာနေကြပေပြီ။

# ဘယ်သွားကြမလဲ

## ကျေးဇူးရှင် ‘ဝေဘူသရာတော်ဘုရားကြီး’ ဟောကြားတော်မူသော ‘ဘယ်သွားကြမလဲ’ တရားတော်

သီလဆောက်တည်ပြီးလျှင် ပြည်စုံအောင်ဖြည့်ကြ။ ဖြည့်လို့ ပြည့်စုံပြီ ဆိုမှဖြင့် မိမိစိတ်နှလုံးအလို တောင့်တတဲ့အတိုင်း ပြီးမယ်။ယခုလဲ ချမ်းသာမယ်။ နောင်လဲ ချမ်းသာမယ်။

ပစ္စုပ္ပန်ချမ်းသာ၊ သံသရာချမ်းသာ နှစ်ဖြာကို ပေးစွမ်းနိုင်တာဟာ ဘုရားရှင့် အဆုံးအမတော်ကလွဲလို့ တခြားမရှိဘူး။ ဘုရားရှင့် အဆုံးအမ ဆိုတာ ပိဋကတ် သုံးပုံဘဲ။ ပိဋကတ်သုံးပုံဆိုတာ အလွန် ကျယ်ဝန်းတယ်။

ပိဋက သုံးပုံကို အဆီထုတ်ဆိုပါလျှင် ‘ဗောဓိပက္ခိယတရား၃၇-ပါး’ ရတယ်၊ဗောဓိပက္ခိယတရား၃၇-ပါးကို အဆီထုတ်လျှင် မဂ္ဂင်ရှစ်ပါးရတယ်။

မဂ္ဂင်ရှစ်ပါးကို အဆီထုတ်လျှင် သိက္ခာသုံးပါးရတယ်။

သိက္ခာသုံးပါးဆိုတာ အဓိသီလ။ အဓိစိတ္တ၊ အဓိပညာပါဘဲ။

သိက္ခာသုံးပါးကို အဆီထုတ်လျှင် ‘ဧကော ဓမ္မောတခု’ရတယ်။

ရုပ်ပေါ် နာမ်ပေါ်မှာနေပြီး ယခုလို ဆောင်ထားတော့ (ရှုမှတ်နေတော့) ကာယကံ သောင်းကျန်းမှု၊ ဝစီကံ သောင်းကျန်းမှုမရှိဘူး။ ဒါ 'အဝီသိလ' လို့ ခေါ်တယ်။

အဓိသီလ အားကောင်းလျှင် စိတ်တွေ သောင်းကျန်းမှု မရှိဘဲ ငြိမ်ဝပ်ပိပြားပြီး တည်နေတော့တယ်။ အဲဒါ 'အဓိစိတ္တ' လို့ ခေါ်တယ်။

အဓိစိတ္တ (သမာဓိ)အား ကောင်းလို့ အချိန်ကြာလျှင် ဘယ်လူ့, ဘယ်နတ်, ဘယ်ဗြဟ္မာမှ ဖန်တီးလို့ မဖြစ်ဘူး။ လျှပ်တပြက်အတွင်း ကုဋေတသိန်းဖြစ်ပြီး ပျက်နေတယ်။ရုပ်ကို နာမ်က သိနေလျှင် ဖြစ်, ပျက်ကို သိတော့တာဘဲ။ ဖြစ်ပျက်ကို သိတာ 'အဓိပညာ' လို့ ခေါ်တယ်။

အများနားလည်အောင်ပြောရမယ်ဆိုလျှင် ခန္ဓာကိုယ်မှာထင်ရှားတဲ့ အစိတ်အပိုင်း တခုဖြစ်တဲ့ နှာဖျား နှာဝမှာ ထွက်လေ, ဝင်လေ နှစ်ရုပ်ဟာ အမြဲတိုက်ဝင် တိုက်ထွက်နေတယ်။

နှာဖျား နှာဝမှာ ကာယပသာဒ အကြည်က အထိခံ၊ ထွက်လေ, ဝင်လေဖြစ်တဲ့ လေနှစ်ရုပ် ဝါယော=ဖောဋ္ဌဗ္ဗက ထိတယ်။ ထိုအထိခံနဲ့ **'ထိတာကရုပ်၊ သိတာက နာမ်'**ဆိုတော့ ဒကာကြီး ဒကာမကြီးတို့ သူများ မေးမနေနဲ့၊ ကိုယ့်နှာဝကို ဉာဏ်နဲ့ စောင့်ကြည့်။ဝင်တော့ ထိဝင်မယ်။ ထွက်တော့လဲ ထိထွက်မယ်။ ထိတာကို သိလျှင်၊ သိနေလျှင် လောဘ, ဒေါသ, မောဟ ဖြစ်ခွင့် မရလို့ လောဘမီး၊ ဒေါသမီး၊ မောဟမီး ငြိမ်းတယ်။ ငြိမ်းတော့ အေးတယ်။

မထိခင်ကဘဲ သိလို့ မဖြစ်ဘူး။ ထိပြီးပြန်တော့လဲ သိလို့ မဖြစ်ဘူး။ ထိတုန်းကိုသာ သိဖြစ်တယ်။ အဲဒါကို 'ပစ္စုပ္ပန်တဲ့တဲ့' လို့ ဆိုတယ်။

ထိတာကို သိနေလျှင်'ရုပ်နှင့်နာမ်သာ ရှိပါကလား' လို့ သိလိမ့်မယ်။ ရုပ်နာမ်မှတပါး ငါ-သူ-တပါး, ယောကျ်ား, မိန်းမ မရှိဘူးဆိုတာ "ဘုရားရှင်၏ တရားတော် အမှန်ပါလား" လို့ ကိုယ့်ဟာကိုယ် သိလိမ့်မယ်။သူများကို မေးနေဘို့ မလိုပါဘူး။နှာဖျား နှာဝမှာ လေထိတာကို သိနေလျှင် ထိုအချိန်မှာ အတ္တဆိုတဲ့ ကိုယ် မရှိဘူး။

ထိုသိနေတဲ့အချိန်မှာ ဉာဏ်အမြင် စင်ကြယ်တယ်။ သမ္မာဒိဋ္ဌိ ဖြစ်တယ်။ထိတာကို သိနေတဲ့ အချိန်မှာ "ရုပ်နာမ်မှတပါး ဘာမျှမရှိပါကလား" လို့ သိတာကို နာမ်ရုပ်ကို ပိုင်းခြားပြီး သိလို့ "နာမရူပ ပရိစ္ဆေဒဉာဏ်" လို့ ခေါ်တယ်၊

ကထိထဲထိ၊တသိထဲသိနေလျှင် အတ္တစင်၍ ဉာဏ်အမြင် စင်ကြယ်တဲ့

အကျိုးရတယ်။ ဒါဟာ တဒင်္ဂပဟာန် ခဏအချိန်ကလေးမှာ ရတဲ့အကျိုး။ နဲတယ်လို့များ မမှတ်လိုက်ကြနဲ့။

"ကမ္ဘာ့ဌာန်းထိုင်ရတာများဘာမှလဲမတွေ့ပေါင်။ဘာမှလဲမရခပါင်" လို့များ မမှတ်ကြနဲ့။ မြင့်မြတ်တဲ့ဘဝ၊ ဘုရားသာသနာနဲ့ ကြုံကြိုက်တဲ့ အခါမှာ ဒီလို အကျိုးထူးများရနိုင်တယ်။ စားဘို့သောက်ဘို့ အသာထားပြီး အထူးကြိုးစားကြ။

## အချိန်တွေကုန်ခဲ့ပြီ

မေး။ ။အချိန်အခါကကော မမြင့်မြတ်ဘူးလားဗျာ။
ဖြေ။ ။မြင့်မြတ်ပါတယ်ဘုရား။
မေး။ ။အေးဗျာ့၊မြတ်စွာဘုရားရှင် ရွှေလက်ထက်တော်က အရှင်ကောင်း အရှင်မြတ်များလို သောဝစသာတာဂုဏ်နဲ့ လိုက်ပါပြီး ဆောင်ကြပြီလား ဆိုမှဖြင့် သူတော်ကောင်း အစားစားတို့ဟာ မိမိတို့အလိုရှိရာ မှန်းရာ ဗောဓိနဲ့ ခုလဲ မပြည့်စုံနိုင်ကြပေဘူးလားဗျာ။
ဖြေ။ ။ပြည့်စုံနိုင်ပါတယ်ဘုရား။
မေး။ ။ဒါနဲ့ ဘုရားရှင်သာသနာ ဘယ်လောက်ရှိသလဲ။
ဖြေ။ ။ငါးထောင်ပါ ဘုရား။
မေး။ ။အေး၊အခု ဘယ်လောက် ရှိပတဲ့လဲ ပြောကြစမ်းပါအုံး။
ဖြေ။ ။သာသနာ တဝက်ကျော်လှာပါပြီ ဘုရား။
မေး။ ။အေး ဒါဖြင့် တယ်လောက် ကျန်တော့သလဲ။
ဖြေ။ ။နှစ်ထောင့်လေးရာကျော် ကျန်ပါသေးတယ် ဘုရား။
မေး။ ။အေး အခု လူ့သက်တမ်း ဘယ်လောက် ဆုံးဖြတ်ထားသလဲဗျာ။
ဖြေ။ ။နှစ်တရာပါဘုရား။
မေး။ ။ဒါဖြင့် နင့်အသက် ဘယ်လောက်ရှိပြီလဲ။
မေး။ ။ဒါဖြင့် နောက်ဘယ်နှစ်နှစ် နေနိုင်သေးတုံးဗျာ။
ဖြေ။ ။၃၇–နှစ်ပါဘုရား။
ဖြေ။ ။၆၃–နှစ် နေနိုင်ပါသေးတယ် ဘုရား။
မေး။ ။အေး တကယ်ကော နေရမှာတဲ့လားဗျာ။
ဖြေ။ ။ ဒါတော့ မသိပါ ဘုရား။
မေး။ ။ကိုယ့်ဟာကိုယ် ဘယ်နှစ်နှစ်ထိ နေရမယ်ဆိုတာ မသိဘူးလားဗျာ။
ဖြေ။ ။မသိရပါ ဘုရား။

မေး။ ။အေးဇာတိရလာမှတော့ ဇရာ,ဗျာဓိ,မရဏဆိုတာတွေက တခါတည်း ပါလာကြတာဘဲ ပဟုတ်လား။ ဖြေ။ ။မှန်ပါဘုရား။
မေး။ ။အဲဒါ အိုခြင်း,နာခြင်း,သေခြင်းတွေကို ခဏ နားကြပါဦးဆုံလို့ ကော ရကြရဲ့လား။ ဖြေ။ ။မရပါဘုရား။
မေး။ ။အေးဗျာ့၊သူတို့ကတော့ မနားကြပါဘူးဗျာ၊ တားထားလို့ကော ရရဲ့လား။ ။ဖြေ။ ။မရပါဘုရား။
မေး။ ။အေး ဒါဖြင့် သေရမှာကတော့ သေချာနေတာပေါ့၊ ဟုတ်လား။
ဖြေ။ ။ဟုတ်ပါတယ်ဘုရား။
မေး။ ။အေးအေး၊ သေရမှာကတော့ လူတိုင်း သေချာပြီဘဲ။ နေရဘို့ကကောဗျာ။ ။ဖြေ။ ။မသေချာပါဘုရား။
မေး။ ။အေးဟုတ်ဘယ်၊ ဒါကြောင့်အသက်သုံးဆယ်ဆိုရင် အနှစ်သုံးဆယ်ကုန်ဆုံးသွားတာဘဲ။ အသက်လေးဆယ် ငါးဆယ်ဆိုလဲ လေးဆယ်ငါးဆယ်ကုန်ဆုံးသွားတာဘဲ မဟုတ်လား။ သူတို့ကိုပြန်ယူလို့ကော ရသလွားဗျာ။ ။ဖြေ။ ။မရတော့ပါဘုရား။
မေး။ ။အေးဟုတ်တယ်၊ ကိုယ့်အသက် ရောက်သလောက်၊ အချိန်တွေကော ကုန်သွားကြပြီ။ ဘာမရလိုက်သလဲ။
ဖြေ။ ။မဂ်ချမ်းသာ ဖိုလ်ချမ်းသာပါ ဘုရား။
မေး။ ။အေး အဲသလို မဂ်ချမ်းသာ ဖိုလ်ချမ်းသာ မရလိုက်တော့ အဲဒါ ရှုံးတာပေါ့။ နှစ်တွေ ကုန်သွားတာဟာ မြတ်သွားတာလား ရှုံးသွားတာလား။ ။ဖြေ။ ။ရှုံးသွားတာပါဘုရား။
မေး။ ။အေးဟုတ်တယ်၊ ရှုံးသွားကြတာမို့ ကျန်တဲ့အချိန်တွေကို မဖြုန်းဘဲ လုံ့လဝီရိယနဲ့ ထူထောင်ကြဘို့ ပါဘဲဗျာ။
မေး။ ။အေး ဒို့ဒကာ ဒကာမတွေ သေရမှာတော့ သေချာတယ်နော်။
ဖြေ။ ။မှန်ပါ ဘုရား။
မေး။ ။နေရဘို့ကကော။ ။ဖြေ။ ။မသေချာပါ ဘုရား။

## အသက်ရှည်ရှည်နေရအောင်

မေး။ ။နေကြရအောင်လဲရှိပါ့ဗျာ။ ရှေးအရှင်သခင်အချို့များ တရာမကအသက်ရာကျော် နေနေကြပါ့ဗျာ၊ အရှင်မဟာ ကဿပနှင့် ရှင်ကစ္စည်းလိုပဗျာ။ အချို့လဲရှစ်ဆယ်ကျော်အထိ နေရပါတယ်။ အဲသလိုနေရအောင် ဂါဝရတရား နိဝါတရားတို့နဲ့ပြည့်ရတယ်ဗျား။

အေး နင်တို့ အဖေနဲ့ အမေများကို ကန်တော့ကြရဲ့လား။
ဖြေ။ ။ကန်တော့ပါတယ်ဘုရား။
မေး။ ။ကိုယ့်ထက် အသက်ကြီးသူ ဂုဏ်ကြီးသူတွေရောဟယ်။
ဖြေ။ ။ကိုယ့်ထက် အသက်ကြီးသူ ဂုဏ်ကြီးသူတွေ ကိုယ့်ထက် တရက်တမနက် ကြီးသူကအစ ကန်တော့ပါတယ်ဘုရား။
မေး။ ။ဘယ်အချိန် ဘယ်အခါ ကန်တော့လဲဗျာ။
ဖြေ။ ။ညအိပ်ရာဝင် ဘုရားကန်တော့တဲ့အခါ ကန်တော့ပါတယ် ဘုရား။
မေး။ ။တခြား အချိန်တွေကောဟယ်။ ။ဖြေ။ ။မကန်တော့ပါဘုရား။
မေး။ ။ဟင်–မင်းတို့ဟာကလဲ ပဟုတ်သေးပါဘူး။ ဘုရားကန်တော့တဲ့အချိန်မှကန်တော့တယ်လို့။ သည့်ပြင်အချိန်တော့ ဘာဖြစ်လို့တုံးဗျာ့။ ကိုယ်နဲ့သက်တူ ရွယ်တူကော လေးစားမှု ရှိရဲ့လား။ အေး–မင်းတို့ မေးရဦးမယ်၊ လမ်းမှာ ဘယ်သူယူယူဆိုပြီး ငွေတထောင်ထုပ်တွေ့ တနေရာစီမှာ ထားမယ်၊ မင်းတို့တွေ့ရင် ယူမှာလား။
ဖြေ။ ။ယူမှာပါဘုရား။
မေး။ ။နောက်တထုပ်တွေ့ရင်ကော။ ။ဖြေ။ ။ယူမှာပါဘဲဘုရား။
မေး။ ။နောက်တထုပ်တွေ့ရင်ကော။ ။ဖြေ။ ။ယူမှာပါဘဲဘုရား။
မေး။ ။ငါတွေ့ရပြီး အခြားလိုချင်တဲ့လူတွေ ရပါစေလို့များ မထားဘူးလားဗျာ။
ဖြေ။ ။မထားပါဘုရား။
မေး။ ။မင်းနဲ့အဖေါ်တယောက်ပါလာတယ်ဆိုပါတော့၊ အဲဒီအဖေါ်ယူပါစေ၊ ငါမမြင်ချင်ယောင်ဆောင်နေမယ်၊ ငါကရပြီးပြီလို့ ရှောင်ပေးမှာလား၊ ပြေးလုမှာလား။ ။ဖြေ။ ။ပြေးလုမှာပါဘုရား။
မေး။ ။အင်း၊ မင်းဟာက မဟန်သေးပါဘူး၊ ငွေထုပ်ကျတော့ ဘယ်သူ့မှ မပေးနိုင်၊ ကိုယ်ချည်း ပြေးလုမယ်ဆိုပြီး၊ ဂါ၀ရတရား နိ၀ါတတရားကျတော့ ညဘုရားရှိခိုးမှ ကန်တော့တယ်တဲ့။ သူက ငါ့ထက်ဘာသာတာမှတ်လို့၊ သူက ဘယ်လောက်တတ်လို့လဲ ဘာမို့လို့လဲဆိုတဲ့ စိတ်တွေဟာ မာနလို့ခေါ်တယ်။ အဲဒီမာနတရား မထားဘဲ ကိုယ့်မိဘ ဆရာသမား၊ ကိုယ့်ထက် အသက်ဂုဏ်ပညာကြီးသူများကို ဂါရ၀တရားရှိလျှင် အသက်တရာမက နေကြရပါတယ်ဗျာ။အဲဒီလူတွေကို တခါကကန်တော့ရင် ဘယ်လောက်ရမလဲ၊ တထောင်ကဲပါ့မလား။ ။ဖြေ။ တထောင်မက ရပါတယ် ဘုရား။

54-.ဒုတိယအကြိမ်

မေး။ ။အေး ဒီလောက်တန်ဘိုးသိရင် ခုနင်က ငွေထောင်ထုပ်ကိုဘာယ်သူမှ မပေးနိုင်ဘဲ ပြေးလုသလို အရယူကြပါဗျာ။
မေး။ ။ဘုရားရှင်လက်ထက်တော်က ဘုရားရှင်က အစဉ် သနားပြီး ဆုံးမ ပေမယ့် အကုန်ပါသွားကြရဲ့လားဗျာ။
ဖြေ။ ။မပါပါ ဘုရား။
မေး။ ။ဘာကြောင့်လဲဗျာ။
ဖြေ။ ။ဘုရားရှင်ရဲ့ အဆုံးအမကို မနာယူကြလို့ ပါဘုရား။

## ပါရမီမျိုးစေ့ ရှိပေမယ့်

မေး။ ။အေးဟုတ်တယ်၊ ဘုရားရှင်ရဲ့ အဆုံးအမကို အရယူကြမှဖြင့် သမ္မာသမ္ဗောဓိ, ပစ္စေက,အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက အစရှိတဲ့ အစားစားသော ဆုများကို မိမိတို့ လိုချင်လျှင်ရကြပါဗျာ။ဘုရားရှင်ရဲ့ အဆုံးအမဖြင့်အခုနေအခုချမ်းသာရ၊အခုလဲ ချမ်းသာနောင်လဲချမ်းသာတာပေါ့ဗျာ။ဥပမာ-ဒကာကြီးတို့ သစ်ပင် စိုက်ကြဘူးရဲ့လား၊ စိုက်ကြည့်ကြစမ်းပါဗျာ၊ဘာပင်စိုက်မလဲ။
ဖြေ။ ။စပါးပင် စိုက်ပါမယ်ဘုရား။
မေး။ ။အေးစပါးပင်စိုက်တော့အချိန်ဘယ်လောက်ကြာရင်ပေါက်သလဲ။
ဖြေ။ ။တညကြာပြီး နောက်တနေ့နံနက်မှာ အညှောင့်ကလေးတွေ ထွက်ပါတယ်ဘုရား။
မေး။ ။အေးဟုတ်ပြီ၊ တရက်ကြာပြီးချင် ပေါက်တဲ့ စပါးမျိုးစေ့ကောင်းကောင်းတွေဒကာကြီးဆီမှာရှိပါကယ်ဆိုတော့၊မစိုက်ဘဲထားလျှင် နောက်တနှစ်နေရင်ပေါက်ပါ့မလား။ဖြေ။ ။မပေါက်ပါဘုရား။
မေး။ ။ဘာကြောင့်တုံးဗျာ။ ဖြေ။ ။မစိုက်လို့ပါဘုရား။
မေး။ ။အေး ဟုတ်တယ်၊မျိုးစေ့ကောင်းရှိပေမယ့် မစိုက်ရင် မပေါက်သလို၊ဘုရားအဆုံးအမကိုလဲ ယူမှရကြမှာပါဗျာ။မယူကြတော့ဘာဖြစ်သလဲ။ ဖြေ။ ။ကျွတ်တမ်းမဝင်ဘဲကျန်နေခဲ့ ကြပါမယ်ဘုရား။
မေး။ ။အေး အေး၊ ဒါကြောင့် ယူတတ်ရင်ရတယ်၊ မယူရင် မရဘူး ပေါ့ဗျာ။

မေး။ ။ဘုရားရှင်အဆုံးအမရလို့ ခုလိုရုပ်နာမ်ပေါ်နေတာကို ဘာနဲ့ နေတယ်ခေါ်လဲ။ ။ဖြေ။ ။ဝိဇ္ဇာနဲ့ နေတာပါဘုရား။
မေး။ ။ဘုရားရှင်အဆုံးအမနဲ့ မနေရင်ကောဗျာ။
ဖြေ။ ။အဝိဇ္ဇာနဲ့ နေတာပါဘုရား။

## ဝတ်တက်ရင်းသေသော်လဲ အပါယ်ကျနိုင်

မေး။ ။အေး၊ ဝိဇ္ဇာနဲ့နေရင် သေရင် ဘယ်သွားသလဲ။
ဖြေ။ ။ကောင်းရာသုဂတိပါ ဘုရား။
မေး။ ။အဝိဇ္ဇာနဲ့နေလို့သေရင်ကော။ ဖြေ။ ။အပါယ်သွားရမှာပါဘုရား
မေး။ ။ကဲ....ဒါဖြင့် အသက်ခုနစ်ဆယ်ကျော် အဖိုးကြီးတယောက် ဘုရားဝတ်တက်ပြီးနေတယ်။သို့သော်လဲ စိတ်ကတော့ ဟိုရောက်ဒီရောက်ရောက်နေတယ်။ဘုရားရှင်ရဲ့ကျေးဇူးတော် ဂုဏ်တော်မှာ မနေပါဘူးတဲ့။အဲဒီအချိန်မှာ သေသွားရင် ဒီအဖိုးကြီး ဘယ်များရောက်လေမလဲ။ ။ဖြေ။ ။အပါယ်သွားရမှာပါဘုရား။
မေး။ ။အေး ဟုတ်ကဲ့လားနော်၊ စဉ်းစားပြီးမှပြော၊ သူက ဘုရားဝတ်တက်နေတာ သေရင်ဘယ်ရောက်မတုံး အဲဒီအဖိုးကြီး။
ဖြေ။ ။အပါယ်ရောက်မှာပါဘုရား။
မေး။ ။အေး၊ ဘာဖြစ်လို့လဲ။
ဖြေ။ ။စိတ်က ဟိုရောက် ဒီရောက် ရောက်နေလို့ပါ ဘုရား။

## လောဘ ဒေါသ မောဟနဲ့ အပါယ်လေးပါးခွဲတမ်း

မေး။ ။ဩော်ဟုတ်လား။ အပါယ်က ဘယ်နှစ်မျိုးရှိလဲဗျာ။
ဖြေ။ ။ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်လေးမျိုးပါ ဘုရား။
မေး။ ။အေး၊ ဒီ့ကတော့ ဘုရားရှင်ပြောတဲ့အတိုင်း ပြောရမှာဘဲဗျာ။ အဝိဇ္ဇာနဲ့နေတယ်ဆိုတာ ဘာတွေနဲ့နေတာတုံးဗျာ။
ဖြေ။ ။လောဘ၊ ဒေါသ၊ မောဟတွေနဲ့ပါဘုရား။
မေး။ ။လောဘဆိုဘာဘာတုံး။ ။ဖြေ။ ။လိုချင်တာပါဘုရား။
မေး။ ။အေး ငါကတော့ အများနားလည်အောင် ရှင်းရှင်း ဗမာလိုဘဲပြောမယ်။ ပါဠိလိုဆိုလျှင် နင်တို့နားရှုပ်ကုန်မှာ စိုးလို့။ လောဘဆိုတာ နှစ်သက်စုံမက်နေသမျှပေါ့ဟယ်။ အဲဒီလိုချင်မှု နှစ်သက်မှု

လောဘစိတ်နဲ့သေရင် ပြိတ္တာဖြစ်တတ်တယ်ဆို မဟုတ်လား။
ဖြေ။ ။မှန်ပါဘုရား။
မေး။ ။ဒေါသဆိုတာကောဟယ်။ ။ဖြေ။ ။ရန်ဖြစ်တာပါ ဘုရား။
မေး။ ။အေး နင်တို့က ရန်ဖြစ်ရင် ဒေါသဘဲလို့ ပြောကြတယ်။ ဒေါသဆိုတာ ရချင်တာလဲ မရ၊ ရပြန်တာလဲမလို၊ နှစ်သက်မှု မဖြစ်သမျှ ဒေါသ၊ အဲဒီဒေါသစိတ်နဲ့သေရင်ငရဲရောက်တတ်တယ်တဲ့။
ဖြေ။ ။မှန်ပါဘုရား။
မေး။ ။မောဟ ဆိုတာ ဒါနမှု သီလမှုဘာဝနာမှုမသိတဲ့စိတ်၊အဲဒီမောဟစိတ်နဲ့သေရင်တိရစ္ဆာန်ဖြစ်တယ်တဲ့။အဲဒါသိထားကြ။ ဘုရားရှင်ရဲ့အဆုံးအမနဲ့နေရင် ခန္ဓာကိုယ်မှာ ဘယ်နတ် ဘယ်ဗြဟ္မာမှ ပြုပြင်စီစဉ်ဖန်တီးမှုမပြုရဘဲ ဖြစ်ပျက်နေတဲ့ အဲဒီ ရုပ်ပေါ် နာမ်ပေါ်မှာ စိတ်ကလေးသားပြီး ခန္ဓာကိုယ်ရဲ့ ဖြစ်တာပျက်တာကိုသိနေတဲ့ စိတ်ကလေးနဲ့သေရင် နောက်ဆုံး နိဗ္ဗာန် မရောက်သေးတောင် လူနတ်ဗြဟ္မာတော့ ဖြစ်မှာဘဲ။
မေး။ ။အဲဒီတော့ ဘယ်သွားကြမလဲ။ ။ဖြေ။ ။နိဗ္ဗာန်သွားမှာပါဘုရား။
မေး။ ။အေး ကိုယ်သွားချင်တဲ့ဆီ သွားဖို့ သူများမေးဖို့ လိုသေးသလားဗျာ။ ။ဖြေ။ ။မလိုပါဘုရား။
မေး။ ။အေး-ကိုယ့်ဟာကို ငါဝိဇ္ဇာနဲ့ နေတာပါဗျာလို့ကော ပြောဖို့လိုသေးသလား။ ။ဖြေ။ ။မလိုပါဘုရား။
မေး။ ။သူများကိုကော ငါဘာနဲ့ နေတာလဲ ဝိဇ္ဇာနဲ့လား၊ အဝိဇ္ဇာနဲ့လားလို့ မေးရဦးမှာလား။ ။ဖြေ။ ။မမေးရပါဘုရား။
မေး။ ။အေး ဟုတ်တယ်။ ကိုယ့်ဟာကို သိတယ်ဗျာ့။ ဒါကြောင့် သံသရာတလျှောက်လုံး ဖြည့်ကျင့်လာတဲ့ ပါရမီတွေက—ဖြည့်စုံလုံလောက်ကြပါတယ်ဗျာ။ ဝီရိယနဲ့သာ ထူထောင်ကြ။

ဘုရားရှင် ရွှေလက်ထက်တော်က ရှေးအရှင်ကောင်းအရှင်မြတ်များ အလိုရှိရာ ဗောဓိနဲ့အသီးသီး နိဗ္ဗာန်စံဝင် ကြွသွားကြဘိသကဲ့သို့ အချိန်အခါ ဘဝမြင့်မြတ်တာသိလို့ ထပ်တူညီမျှ ဆောင်ကြပါလျှင် သမာပတ် ရှစ်ဖြာအထိ မပြီးစီးနိုင်တာ မရှိ၊ ဝီရိယသန်သန်နဲ့ မှန်မှန်ကြီး အချိန်အနည်းငယ်မျှ အချည်းနှီးမဖြစ်ရအောင် စိစစ်ကာ ဆောင်ကြတာ အောင်ကြပြီ။ ဝမ်းမြောက်ကြသာဓု သာဓု သာဓု။

# ကျေးဇူးရှင် ဝေဘူဆရာတော် ဘုရားကြီး၏

# ကြွေးပြေတရားတော်

ကျေးဇူးရှင်ဝေဘူဆရာတော် သီတင်းသုံးရာဝေဘူချောင်၌ လပြည့်လကွယ် သီတင်းနေ့များ၌ ဆရာတော်ဘုရားသည် သံဃာတော်များနှင့် သိမ်ဝင်ပြီး သိမ်မှ သံဃာကိစ္စပြီးစီးသောအခါ တရားပလ္လင်သို့ ကြွလာကာ တရားချီးမြှင့်တော်မူပါသည်။ ယခု (၁၃၃၃–ခုနှစ်) ဝါခေါင်လ လကွယ်နေ့က ဆရာတော်ဘုရားကြီးသည် အင်္ဂါသီလ ချီးမြှင့်ပြီးနောက် မိမိတို့ဆောက်တည်သည့် သီလကိုပြည့်အောင် ဖြည့်ကျင့်ကြပါက မိမိတို့အလိုရှိရာ ဗောဓိဆုနှင့်စံဝင် နိုင်ကြောင်း မိန့်တော်မူပြီးလျှင် အောက်ပါအတိုင်း မေးမြန်း စစ်ဆေးပြီး ဟောကြားတော်မူပါ၏။

## မရပ်နားရသောစိတ်

ဒီနေ့တော့ ဥသ်နေ့ဆိုတော့ ဒို့က ကနေ့ အပိုဘဲ မေးပါမယ်ဗျာ၊ ဘုန်းကြီး အာရုဏ်တက်ကမနေ ဒီနေ့တော့ ဥပုသ်နေ့ဘဲဆိုပြီး သီလဆောက်တည်ကြပြီး ကဘည်းက အခုချိန်အထိ ဘုရား အသုံးအမနဲ့ နေကြထင်ပါဗျား။ ဟုတ်ကြရဲ့လား။ ။မဟုတ်ပါဘုရား။

ဟေ–ဒါဖြင့် ဘယ်လိုများ နေကြလဲ။ ။(နေတဲ့အခါလဲ နေပါတယ် ဘုရား။ လွှတ်တဲ့အခါလဲ လွှတ်ပါတယ် ဘုရား။) ဘယ်လောက်များ လွှတ်ပြီး ဘယ်လောက်များ နေကြလဲဗျား။ ။(မဖြေကြပါ)

ထိုအခါဆရာတော်ဘုရားက ငြိမ်နေပုံထောက်တော့တောက်လျှောက် နေကြထင်ပါဗျား။ ။မဟုတ်ပါဘုရား။

အေး ဒါဖြင့် မေးဦးမယ်ဗျား။ လျှပ်တပြက်အတွင်းမှာဘယ်လောက် ပျက်သတဲ့တုံးဗျား။ ။ကုဋေသိန်းပါ ဘုရား။

ပျက်တာကုဋေတသိန်းနော်။ ။မှန်ပါ့ဘုရား။

အေး စိတ်ထဲမှာ ဣဋ္ဌာရုံရယ် အနိဋ္ဌာရုံရယ် တမျိုးစီပေါ်နေတယ် မဟုတ်လား။ ။မှန်ပါ့ဘုရား။

အေး၊ အဲဒီဣဋ္ဌာရုံနဲ့ အနိဋ္ဌာရုံတို့ဟာ ပြတ်သွားတယ်ဆိုတာများရှိ သလားဗျာ။ ။မရှိပါဘုရား၊ တမျိုးမဟုတ် တမျိုးပေါ်နေပါတယ်ဘုရား။

အင်း အဲသလိုပေါ်ပေါက်နေတာက သံသရာတလျှောက်မှာ မိမိတို့ ပြုခဲ့တဲ့ ကုသိုလ် အကုသိုလ်ကံတွေကြောင့် ကလျာဏမိတ္တ ပါပမိတ္တတွေပေါ့ ဗျာ။ ။မှန်ပါ့ဘုရား။

အေး၊ အဲသလို ကလျာဏမိတ္တဖြစ်တဲ့ ဣဋ္ဌာရုံတွေ ပေါ်လာတော့ ဘယ်လိုဖြစ်သလဲ။ ။လောဘဖြစ်ပါတယ် ဘုရား။

လောဘဖြစ်စေတာက ကုသိုလ်လား၊ အကုသိုလ်လား။

အကုသိုလ်ပါဘုရား။

ပါပမိတ္တဖြစ်တဲ့ အနိဋ္ဌာရုံတွေ ပေါ်လာတော့ကော ဗျာ။

ဒေါသဖြစ်ပါတယ်ဘုရား။

ဒေါသဖြစ်တော့ ကုသိုလ်လား အကုသိုလ်လားဗျာ။

အကုသိုလ်ပါဘုရား။

အေး၊ အဲသလိုကောင်းတဲ့ အာရုံပေါ်လို့ လက်ခံလိုက်ပြန်ရင်လဲ နှစ်သက်မှုတဏှာ လိုချင်မှုလောဘတွေဖြစ်တော့ အပါယ်ကို သွားစေတဲ့ အကုသိုလ်ဘဲ မဟုတ်လားဗျာ။ ။ဟုတ်ပါတယ်ဘုရား။

မကောင်းတဲ့အာရုံ ပေါ်လို့ သမ်းပိုက်မိပြန်ရင်လဲ စိုးရိမ်မှုသောက ဒုက္ခ ဒေါသတရားများ ဖြစ်စေပြန်တော့လဲ အပါယ်စာ အကုသိုလ်ဘဲ ရတယ် မဟုတ်လား။ ။ဟုတ်ပါတယ်ဘုရား။

အဲ–ဒါဖြင့် ဒီကလျာဏမိတ္တ၊ ပါပမိတ္တများဖြစ်တဲ့ ဣဋ္ဌာရုံ အနိဋ္ဌာရုံ တို့ဟာ မပေါ်ဘဲ ဘယ်အခါ နေတုံးဗျာ။

ဘယ်အခါမှ မနေပါဘုရား၊ အမြဲပေါ်နေပါတယ်ဘုရား။

## အပြမ်းလောင်ခံနေရခြင်း

အေး– အဲဒါတွေက သံသရာဟလျှောက် ကိုယ်ပြုခဲ့တဲ့ အမှုတွေဘဲ ဗျာ။ အဲသလို ဘယ်သူမပြု မိမိပြုခဲ့တဲ့ ကလျာဏမိတ္တဘဲဖြစ်ဖြစ်၊ ပါပမိတ္တဘဲ ဖြစ်ဖြစ် သူတို့ပေါ်လာရင် ကိုယ့်မှာဘာရသလဲ။

အကုသိုလ်ဘဲရပါတယ် ဘုရား။

အေး–ဟုတ်တယ်၊ ကောင်းတာဖြစ်တော့၊ နှစ်သက်မှုတဏှာနဲ့ လိုချင်မှုလောဘ ဖြစ်ပါတယ်၊ အဲဒီတဏှာတို့ လောဘတို့က ဘာမှုတွေလဲဗျာ။

မီးတွေပါဘုရား။

အေးဗျာ၊ လောဘကလဲမီး၊ တဏှာကလဲ မီး၊ ဒေါသကကောဗျာ။
မီးပါဘုရား။
အေး အဲဒီတော့ ဘာပေါ်ပေါ် မီးလောင်ခံရတာဘဲမဟုတ်လား ဗျာ။ ။မှန်ပါဘုရား။
အဲဒီတော့ သူတို့ပေါ်ချင်တာပေါ်ပါစေ၊ ကိုယ်က ဘုရားအဆုံးအမ နဲ့နေတော့ သူတို့ဝင်လို့ရသေးသလားဗျာ။
မရတော့ပါဘုရား။
အေး ဘုရားအဆုံးအမနဲ့သာ ကိုယ်ကနေတော့ သူတို့ဝင်ခွင့်မရတာ ပေါ့ဗျာ။ ။မှန်ပါဘုရား။
ဘုရားရှင်ရဲ့အဆုံးအမဟာ ဘာနဲ့တူလဲဆိုတော့ အနောတတ္တရေအိုင် ကြီးနဲ့ တူတယ်၊ အဲဒီရေအိုင်ထဲကို လောဘမီး ဒေါသမီး ဘာမီးတွေဘဲကျ လာလာ ရေထဲကျ မီးငြိမ်းသွားရသလို ဘယ်မှအလောင်မခံရတော့ဘူးဗျာ။ ကြားလား။ မှန်ပါ့ဘုရား။

## ကြွေးဟောင်းမဆပ် ကြွေးသစ်ထပ်

အေး၊ ထပ်မေးရဦးမယ်။ မျက်စိတမှိတ် လျှပ်တပြက်အတွင်း ဘယ်လောက် ပျက်သတဲ့တုံး။
ကုဋေတသိန်းပါဘုရား။
အေး၊ ကုဋေတသိန်းဖြစ်ပျက်တွေကို သိမှ အဓိပညာလို့ခေါ်တယ် ဗျာ အဲဒီတော့ ခန္ဓာအစဉ်မှာ ဖြစ်ပျက်တဲ့တရားကိုသိမှဗျာ။ ဘုရားရှင်ရဲ့ အဆုံးအမ အသိနဲ့ မနေရင် ခုတင်ကပြောခဲ့တဲ့ ဘယ်လောက်တဲ့လဲဟဲ့။
ကုဋေတသိန်းပါဘုရား။
အေး၊ လျှပ်တပြက်အတွင်းမှာ ဖြစ်ပြီး ပျက်သွားတဲ့ ကလျာဏမိတ္တ ပါပမိတ္တ ကုဋေထသိန်းဟာ ကိုယ့်မှာ ကြွေးတင်တာပါဘဲဗျာ။ ဟုတ်ရဲ့ လားဗျာ။
ဟုတ်ပါတယ်ဗျာ။
ခန္ဓာမှာ အစဉ်ပေါ်နေတဲ့ ဣဋ္ဌာရုံနဲ့ အနိဋ္ဌာရုံတွေဟာဘယ်သူပြု နေတာလဲဗျာ။
ကိုယ့်ဟာကိုယ်ပြုတာပါဘုရား။

အေး-ကိုယ်ပြုခဲ့တဲ့ သံသရာတစ်လျှောက်လုံးတဲ့ ပါလာခဲ့တဲ့ ကြွေးတွေကို ခုအချိန်ထိ ဘုရားရှင်ရဲ့ အဆုံးအမနဲ့ စိတ်ကလေးကို မထားရင် လျှပ်တပြက်အတွင်း ကုဋေတသိန်း ကြွေးထပ်တင်ပြန်တော့ ကြွေးတွေရေတွက်လို့ ရပါဦးမလားဗျာ။

မရတော့ပါဘုရား

အေး....အဲဒါကြောင့် ဘုရားရှင်အဆုံးအမနဲ့ နေကြဗျာ။ ဒါမှ သူ့ဘာသာသူဖြစ်ပြီး ပျက်သွားတာကို ကိုယ်က မယူတော့၊ ကြွေးတွေကြေကုန်တာပေါ့ဗျာ၊ ဟုတ်ရဲ့လား။

ဟုတ်ပါတယ်ဘုရား။

ကိုယ်ကမယူတော့ ကြွေးသစ်လဲ တိုးသေးလားဗျာ။

မတိုးတော့ပါဘုရား။

အဲဒီတော့ ကြွေးသစ်လဲ မတင်တော့။ ကြွေးဟောင်းလဲကြေပြီ။ ဖြစ်ပြီး ပျက်သွားတာကို သိမှ အဓိပညာဗျာ။

မှန်ပါ့ဘုရား။

## အချိန်အခါ နေရာမရွေး ဒလစပ် ရှုမှတ်ပါ

အေး ဒီတော့ ဘုရားရှင် အဆုံးအမဖြစ်တဲ့ အသိစိတ်ကလေးနဲ့ နေဘို့ရာက ဘယ်နေရာမှာမှ နေလို့ဖြစ်တယ်လို့ ကန့်သတ်ထားချက် ရှိသေးသလားဗျာ။

မရှိပါဘုရား။

တယောက်ထဲနေရင်ရောဗျာ ဖြစ်ရဲ့လား။

ဖြစ်ပါတယ်ဘုရား။

အများနဲ့ရောဗျာ။

ဖြစ်ပါတယ်ဘုရား။

ထိုင်နေရင်းကောဗျာ။

ဖြစ်ပါတယ်ဘုရား။

သွားရင်းကောဗျာ။

ဖြစ်ပါတယ်ဘုရား။

အေး အဲသလို ကန့်သတ်ချက်မရှိ ဣရိယာပုတ် လေးပါးလုံးလဲဖြစ်၊ တယောက်ထဲလဲဖြစ်၊အများနဲ့လဲဖြစ်၊ဟုတ်ရဲ့လားဗျာ။

ဟုတ်ပါတယ်ဘုရား။

အေး-ဟုတ်ပြီ။ ဘယ်မှာနေနေ နေလို့ရပြီ။ ပိုက်ဆံကော ကုန်ရဦးမှာလားဗျာ။

မကုန်ပါဘုရား။

အချိန်ကော သီးခြားယူရသေးလားဗျာ။

မယူရပါဘုရား။

ဒါဖြင့် ဘယ်ဟာများခက်သတုံး။ ထားရတာကော ပင်ပန်းလို့လား။ ဗျာ။ မပင်ပန်းပါဘုရား။

အေး–ဒါဖြင့် ဘယ်ဟာ ခဲယဉ်းသတုံး။

ဘာမှမခဲယဉ်းပါဘုရား။

အေးပေါ့လေ၊ သူတို့က ဟိုဥပမာလိုပေါ့ဟယ်၊ နှင်တို့စီးပွားရှာတာ သိပ်အများကြီးရတော့ ဘေးလူတွေက ခင်ဗျားတို့ ရွှေတွေငွေတွေ ဘယ်လောက်ရလဲလို့ မေးတော့ ပြောကြမှာလားဗျာ။

မပြောကြပါဘုရား။

ဘာကြောင့်လဲ။ ။မပြောအပ်လို့ပါဘုရား။

အေး-အဲသလိုပ၊ရွှေ–ငွေနဲ့တရားရတနာဘယ်ရတနာကမြတ်လဲ။

တရားရတနာက မြတ်ပါတယ်ဘုရား။

အေး အဲဒါကြောင့် ဒိဒ္ဒါယကာ ဒါယိကာမကြီးတွေက ဖွင့်ပြောကြတာပါလေ။ ယခု ဘယ်အချိန် ရှိပါသလဲ။

ည ၇ နာရီပါဘုရား။

အေး–အရုဏ်တက်ရဘို့အချိန် ဘယ်လောက်ရသေးလဲ။ ။၁၀–နာရီ လောက် ရပါသေးတယ်ဘုရား။

အေး အေး သူတို့က တဆက်တဲ ဆောက်တည်ကြမှာ ထင်ပါရဲ့ဗျာ၊ ကြွေးတွေပြေအောင် ကြိုးစားကြဗျာ။ အတိတ်ကပြုခဲ့တဲ့ ဝီရိယနဲ့ ကုသိုလ်တရားတွေက စောင့်နေပါတယ်ဗျာ။ အကျိုးပေးမလို့ပါဗျာ၊ ကဲ–ကဲ အားလုံးလဲ အောင်ကြပါပြီဗျာ။

သာဓု....သာဓု....သာဓု

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏

# ခုနစ်နေ့ဘုရားရှိခိုးနှင့် ဗုဒ္ဓဝင်ကဗျာများ

၁- ပဋိသန္ဓေယူသည့်နေ့၊ ကြာသပတေးနေ့

သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်
သောင်းခွင်စကြဝဠာ၊ နတ်ဗြဟ္မာတို့၊
ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊
ရတုနဂိုရ်၊ ရွှန်းရွှန်းစိုသည့်၊
ဝါဆိုလပြေ့၊ ကြွက်ပင်းနေ့ဝယ်
ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်၊
နတ်လူငြိမ်းဘို့ ကိန်းပါကို....
နတ်လူငြိမ်းဘို့ ကိန်းပါကို။

၂- ဖွားတော်မူသည့်နေ့၊ သောကြာနေ့

သန္ဓေယူခါ၊ ဆယ်လကြာသော်၊
မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြို၊
ကဆုန်လပြေ့၊ သောကြာနေ့ဝယ်၊
ချမ်းမြေ့စုံစီ၊ လုံမ္ဗိနီဥ၊
မဟီလိုက်ဆူ၊ ဖွားတော်မူသည်၊
နတ်လူအောင်မျိုး လမ်းပါကို....
နတ်လူအောင်မျိုး လမ်းပါကို။

၃- တောထွက်တော်မူသည့်နေ့၊ တနင်္လာနေ့

ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရှယ်၊
ပျိုနုနယ်ဥ၊ သုံးသွယ်ရွှေနန်း၊
သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊
ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊

ရွှယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊
လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊
ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊
ဝါဆိုလပြေ့၊ ကျွဲမင်းနေ့ဝယ်၊
ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်၊
စုံမြိုင်ပင်ရိပ် ခမ်းမှာကို....
စုံမြိုင်ပင်ရိပ် ခမ်းမှာကို။

## ၄· ဘုရားဖြစ်တော်မူသည့်နေ့၊ ဗုဒ္ဓဟူးနေ

တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊
ခါတော်တဖုံ၊ ပွင့်ချိန်ကြုံက၊
ကဆုန်လပြေ့၊ ဆင်မင်းနေ့ဝယ်၊
မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊
ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊
မငြီးကြည်ဖြူ၊ နေတော်မူလျက်၊
ရန်မူခပင်း၊ အမိုက်သင်းကို၊
အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊
ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်၊
သုံးဘော်လူတို့ ငြမ်းပါကို....
သုံးဘော်လူတို့ ငြမ်းပါကို။

## ၅· စမ္မစကြာ ဟောတော်မူသည့်နေ့၊ စနေနေ

ဘုရားဖြစ်ခါ၊ မိဂဒါသို့၊
စကြာရွှေဖွား၊ ဖြန့်ချီသွား၍၊
ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊
မဟီတသောင်း၊ တိုက်အပေါင်းမှ၊
ခညောင်းကပ်လာ၊ နတ်ပြဟ္မာအား၊
ဝါဆိုလပြေ့၊ စနေနေ့ဝယ်၊

55-ဒုတိယအကြိမ်

ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊
မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊
တရားနတ်စည် ရွမ်းတယ်ကို....
တရားနတ်စည် ရွမ်းတယ်ကို။

၆-ပရိနိဗ္ဗာန်စံတော်မူသည့်နေ့၊ အင်္ဂါနေ့

တရားနတ်စည်၊ ဆော်ရွမ်းလှည့်ကာ၊
သုံးမည်ဘုံသိုက်၊ တသောင်းတိုက်ဝယ်၊
ကျွတ်ထိုက်သသူ၊နတ်,လူ,ဗြဟ္မာ၊
သတ္တဝါကို၊ ခေမာသောင်သို့၊
ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊
ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊
စုံပြည့်ကြွယ်က၊ ရာ့လေးဆယ့်ရှစ်၊
သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊
စံနိုင်းမယုတ်၊ ကုသိနာရုံ၊အင်ကြင်းစုံ၌၊
ကဆုန်လပြေ့၊ အင်္ဂါနေ့ဝယ်
ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်၊
ဝှန်းဆူသောင်းလုံး ကျော်တယ်ကို....
ဝှန်းဆူသောင်းလုံး ကျော်တယ်ကို။

၇-တေဇောဓာတ်လောင်သည့်နေ့၊ တနင်္ဂနွေနေ့

နိဗ္ဗူစံပြီ၊ ရှုအိသား၊
သိင်္ဂီရှေ့လှော်၊ အလောင်းတော်ကို၊
ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍၊
ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊
ဓာတ်တေဇောလျှင်၊ ရှင်စောဉာဏ်စက်၊
မိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊
မီးပူဇော်သည်၊

မွေတော်ရှစ်စိတ် ကြွင်းတယ်ကို....
မွေတော်ရှစ်စိတ် ကြွင်းတယ်ကို။

[ဤ၌ 'မွေတော်ရှစ်စိတ်' ဆိုသော်လည်း 'ရှစ်စရွတ်'ဟု သာ မှတ်ယူရာ၏။]

ထိုခုနစ်နေ့၊ သာချမ်းမြေ့ကို၊
ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျက်၊
သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊
အထွတ်ခေါင်ဖျား၊ ကိုယ်တော်ဘုရားကို၊
သုံးပါးမွန်စွာ၊ ဝန္ဒာနာဖြင့်၊
သဒ္ဓါဖြိုးဖြိုး၊ ကျွန်ရှိခိုးသည်၊
ကောင်းကျိုးခပ်သိမ်း၊ ကြွယ်စေသော်။

(ကြွက်–သန်း၊ ပူး–ဖွား၊ ကျား–တောသွား၊ ဆင်–ဘုရားဖြစ်၊ စက်လှစ်–နာဂ၊ နိဗ်–သီဟ၊ ဂရုဠ–ခာတ်မီးလောင်။)

[ရွေးပေါ်ရာဇာ ခုနစ်နေ့လင်္ကာဆောင်ပုဒ်]

ဤခုနစ်နေ့ ဘုရားရှိခိုးလင်္ကာကို နှုတ်ရ အာဂုံဆောင်ကြ၍ ဘုရား အာရုံ နှလုံး၌ ထုံနိုင်ကြပါစေ။

ရာဇဂြိုဟ်မှ ကပိလဝတ်ပြည်သို့ နေ့ရာသီ၌

## ဒေသစာရီ ကြွချီတော်မူခန်း

(၁) အခါကောင်းတဲ့ လ–တပေါင်းခါနွေ။
ရွက်သစ်လောင်းလို့ ရွက်ဟောင်း ညှာကြွေ။
တော တောင်စိမ့်စမ်း စိမ်းလန်းစိုပြေ။
ကျိုင်နံ့သင်း ခိုင်ချင်း တဝေဝေ။
(၂) ရဟန်းတော်ပေါင်း နှစ်သောင်း ရံရွေ။
ကပ္ပိလနန်း ကြွမြန်းစက်ချွေ။

နှစ်လခရီး၊ မနီးပါချေ။
ဖ,ခမည်း၊ ချီးမြှောက်တော်မူပေ။
(၃) ဈာန်အဘိညာပြို့၊ ကာဠုဒါယီ။
တိမ်ယံထက်ဖျား၊တက်သွားနှင့်သည်။
သုဒ္ဓေါဒ်မင်းသို့၊သေတင်းပို့ခါမှီ။
ဘယ်စခန်း၊ဘယ်လမ်းရောက်လာပြီ။
(၄) ကာဠုရှင်ကြွ၊ မြင်ရလေလျှင်။
မင်းကြီးရှင်လန်း၊ သက်န်း အသွင်။
အဘိညာဥ်ဈာန်ရ၊ ပံ့ကြွဝေဟင်။
သားတော်ကြီး၊ ဤနည်း ဖြစ်မယ်ထင်။
(၅) ဒေသစာလှည့်၊ ဇာတိ ရွှေဘုံ။
များပူဇော်ကြ၊ တော်လ ကဆုန်။
ရဟန်းပေါင်းနှင့်၊ ကိန်းအောင်း ခိုလှုံ။
ဥယျာဥ်ကောင်း၊ ကျောင်း နိဂြောဓာရုံ။
(၆) သာကီဝင်ပေါင်း၊ ရှစ်သောင်း ဆွေမှန်။
ဖူးမျှော်လာကြ၊ မာန တံခွန်။
အရွယ်အားဖြင့်၊ ဘုရားကို လွန်။
သူငယ်ချင်း၊ မင်းဖြစ် ကျိုးမန္တံ။
(၇) ဆွေတော်မာန်ချ၊ ပံ့ကြွဝေဟင်။
ရောင်လျှံတွေညီး၊ ရေ၊ မီး၊ အယဉ်။
စင်္ကြံလျှောက်သွား၊ ခြောက်ပါး ရောင်ရှင်။
ရွာသွန်းဖြိုး၊ မိုးသည်း ထန်ပုံဆင်။

## ယသော်ဓရာက သားတော်ရာဟုလာအား ပြောပြသည့်
## 'နရသီဟ'ကိုးဂါထာ-ရှစ်လုံးဘွဲ့ကဗျာ

[ဆွမ်းခံငင်ခန်း]

(၁) ရှောင်ခြည် လွန့်လူး၊ ကွန့်မြူး ဝေစီ။
မှုတော် ပြလမ်း၊ ကြွမြန်း လှည့်လည်။
ပြည်သူ အလုံး၊ စုရုံး စီရီ။
ဆွမ်းခံကြွ၊ သံဃ စုံအညီ။

(၂) တပြည်ထောင်လုံး, အုန်းအုန်း ညံစီ။
ဖူးရ မျှော်ရ, ပျော်ကြ လှသည်။
နေရောင်ဖြိုးစ, မိုးကျရွှေရည်။
သဿာတန်း, မြင်စမ်း စေချင်သည်။
(၃) ရွှေရောင်ဝေလန်း, ရွှေနန်းရွှေပြည်။
ခြောက်နှစ်သေွလျက်, နေရက်သုသည်။
ရွှေရင် ဆို့မော, ယသော ဒေဝီ။
မြှော်ပါလဲ, လာခဲ ထင်ရှာသည်။
(၄) သား ရာဟုလ, သူ့ ဖခင်ဆီ။
မမြင်ဘူး၍, ရင်ပွေ့ပိုက်ချီ။
လေသာ နန်းက, မှန်းပြည့်သည်။
နေခြည်ဦး, ကြည်နူးမျက်ရည်ဆည်။
(၅) မောင့်ကို ဖွား၍, မျှားမကြာပေ။
မောင့်ဖေ စမ်းကား, ဘုရားစိတ် မွေ့။
မေမေနှင့် သား, ပစ်ထား ရှောင်သွေ။
ဟိုမှာရှု, ရာဟုမင့်ဖေဖေ။

နရသီဟ ကိုးဂါထာ

(၆) တရာ့ ရှစ်ကွက်, လက္ခဏာ စုံညီ။
ခြေဖဝါး လက်ဖဝါး, ပတ္တမြား အနီ။
ကိုယ်ဟန်စင်းဖြောင့်, ဖနှောင့်တော်ရှည်။
မေ့သားကြီး, ဖ့ခမည်း သူလာပြီ။
(၇) သာကီ ဝင်မျိုး, ပြည့်ဖြိုး ကိုယ်ထည်။
လူ့နတ် အကျိုး, သယ်ပိုးဘိုရည်။
ဆွမ်းခံ ကြွလှမ်း, ကြည့်စမ်း ဟိုဆီ။
မေ့သားကြီး, ဖ့ခမည်း သူလာပြီ။
(၈) မျက်နှာတော် ပ့ဝင်း, လခင်းလို ကြည်။
နတ်, လူ, ရှင်တိုင်း, မြင်တိုင်း ချစ်သည်။
ဆင်မင်းခြေကြွ, ဒေသစာရီ။
မေ့သားကြီး, ဖ့ ခမည်း သူလာပြီ။

---
55.ဒုတိယအကြိမ်

(၉) ကိုယ်ရော စိတ်အား, မြင့်မား ခိုင်ကျည်။
လူ့ နတ် အများ, ဝပ်တွား ကြသည်။
ခတ္တိယဇာတ်, လူမြတ် ဇာနည်။
မေ့သားကြီး, ဖ့ခမည်း သူလာပြီ။

(၁၀) နူးညံ့ သွယ်ပြောင်း, နှာခေါင်းတော်ရှည်။
မျက်ကွင်း ညိုဝန်း, စိုရွှန်း လှသည်။
သက်တန့်မျက်ခုံး, မျက်လုံးရီတီ။
မေ့သားကြီး, ဖ့ခမည်း သူလာပြီ။

(၁၁) လည်ပင်း ပြည့်ဖြိုး, မုရိုး ရွှေစည်။
ကိုယ်ဟန်မေးစေ့, ခြသေ့ မမှီ။
တကိုယ်တော်လုံး, ရွှေတုံးရွှေရည်။
မေ့သားကြီး, ဖ့ခမည်းသူလာပြီ။

(၁၂) အသံတော်ပီသ, ကြည်မြ ချိုမြည်။
လျှာ, အာ, နှုတ်ခမ်း, ခေါင်ရမ်း အနီ။
သွားတော် ဖြူဖွေး, လေးဆယ် ညီညီ။
မေ့သားကြီး, ဖ့ခမည်း သူလာပြီ။

(၁၃) ဆံတော် သိမ်းဖွဲ့, စိမ်းလဲ့ညိုသည်။
ရွှေပြား ပြန့်ပြူး, နဖူး အညီ။
မွေးရှင် ကြယ်မြူး, စပယ်ဖူးငုံတည်။
မေ့သားကြီး, ဖ့ခမည်း သူလာပြီ။

(၁၄) ကြယ်ရံ ရွှေခ, ငွေလ စန္ဒီ။
ကျက်သရေ ဝင့်မြူး, တင့်ထူး လှသည်။
လှည့်လည် ကြွလှမ်း, ရဟန်းစုံညီ။
မေ့သားကြီး, ဖ့ခမည်း သူလာပြီ။

## ကပိလဝတ်ပြည်သို့ အရောက် နောက်တရက် ဆွမ်းခံအပြန် ယသော်ဓရာ တိုက်ခန်းသို့ ကြွတော်မူပုံ

(၁) အို-မောင်ဖရာ့, ဖြစ်ရလေအောင်။
ရွှေထမ်းစင်နှင့်, ဆင်သင့် ယာဉ်။
ခြေလျင် ခုသွား, စုဖျား ငိုချင်။
မြင်ရက်ဖူး, ချစ်ဦး မယ့်သခင်။
(၂) ကြည့်ရင်း မြင်ရင်း, ရင်တွင်း ဘာလို။
မျက်နှာအိုရော့, ငိုတော့ မလို။
တရှိုက်ထဲ ရှိုက်, သဲလှိုက် ရင်ဖို။
မျက်နှာလွှဲ, လက်ဆွဲ သားတော်ကို။
(၃) ဆွမ်းခံပြီးလို့, ရွှေထီး ခိုလှူ။
ဆွမ်းကျွေးလှူပွဲ, လူလဲ အစုံ။
နန်းတော်တခုလုံး, စုရုံးကာအုံ။
ပူဇော်ပွဲ, ကျော်သဲ သိမ့်သိမ့်တုန်။
(၄) သို့သော်ငြားလဲ, တော်ဖျား ကြင်ဆွေ။
ရှင်တော့်အပါး, မသွားခဲ့ပေ။
အခန်းအောင်းလို့, စိတ်ထောင်းကိုယ်ကြေ။
ပူပုံပန်း, လွမ်းညှိုးတခွေခွေ။
(၅) ဖူးမျှော်သွားဘို့, ပြောကြားလေလျှင်။
အို-မသွားဘူး, မ့ဖျားသခင်။
ကျေးဇူး မြောက်မြား, ထောက်သနား ညှာရင်။
မယ့်အခန်း, လှဲ့မြန်းမှာပေါ့ရှင်။
(၆) ယသော်ပြောကြား, စကား မှန်သည်။
ဒီပင်ဘုရား, ထံပါး မှသည်။
ဘဝစဉ်ဆက်, ကြင်ဖက်တူညီ။
စဉ်မခွဲ, ဆင်နွဲပါရမီ။
(၇) ဒီပင်ထံပါး, တံတား ခံစဉ်။
သုမိတ္တာ လှမ်း, ကြာပန်းနှင့်ပင်။
ဗျာဒိတ်ခံပြု, သုမေဓာရှင်။
အတိတ်ဟောင်း, မိတ်ကောင်း ယသော်ခင်။

(၈) မြတ်စွာဘုရား၊ ကြားတော်မူလျှင်။
ယသော် တိုက်ခန်း၊ လိုက်မြန်း ကြွဝင်။
သလွန် ခြေချ၊ နေ၊ လ ပုံသွင်။
သီတင်းသုံး၊ ရွှေဘုန်းတော် သခင်။
(၉) မြင်လျှင် မြင်ချင်း၊ ရင်တွင်းမှာ ဖို။
မျက်နှာ စိုက်ဖူး၊ မိုက်မူး သလို။
အနိုင်စိတ်ထဲ၊ ကျိတ်ခဲကာမျို။
သက်ပြင်းရှိုက်၊ ငေးစိုက် မျက်နှာကို။
(၁၀) ရောက်လျှင် ရောက်မျှား၊ လျှောက်ထားချင်ပုံ။
ရှေးက ဇာတ်ကြောင်း၊ ထပ်လောင်း အစုံ။
ပြောရှာနိုင်ဘူး၊ မှိုင်းမူးကာ တုန်။
လည်နှင်လို့၊ ရင်ဆို့လှိုက်ကာ ခုန်။
(၁၁) စပါးဖုံးသို့၊ သလုံး ခြေကို။
ကျစ်ကျစ်လက်မြဲ၊ ဖက်လှဲ မလို။
ကိုင်ကာ ထားလတ်၊ ပါးအပ်ကာ ငို။
ဆံကျော့ဝဲ၊ ရော့ရဲ ဘိုကရို။
(၁၂) ရွှေရောင် ပြည့်ဖြိုး၊ ဖမိုး ခြေစုံ။
ဖမ်းလို့ စမ်းလို့၊ နမ်းလို့ မကုန်။
မျက်နှာအပ်၍၊ ပစပ်ပါငုံ။
ဖူးလို့မဝ၊ ဟောကြား ဇာတ်တော်ပုံ။

[ကဲလေးသူငယ်များ သီချင်းဆိုမည့်အစား အပျင်းလည်းပြေ၊ ကုသိုလ်လည်းရ ရွတ်ဖတ်ကြရန် ရေးသားထည့်သွင်းလိုက်ပါသည်။]

ဤတွင် "ရတနာသုံးပါးကျေးဇူး" ပြီးပြည့်စုံပြီ။

# ပြင်ဆင်ဖတ်ရှုပါရန်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
| --- | --- | --- | --- |
| ၃၄ | ၂၈ | ငါးသိလ | ငါးပါးသိလ |
| ၇၃ | ၁၃ | တေတု | တေသု |
| ၈၇ | ၅ | အနုပါယိနီ | အနပါယိနီ |
| ၁၀၄ | ၁၂ | အကံတံသေ | အတီတံသေ |
| ၁၆၁ | ၂ | ဘဝနာ | ဘာဝနာ |
| ၁၆၃ | ၆ | ဘဝနာ | ဘာဝနာ |
| ၁၇၇ | ၁၇ | နေတခွက် | ရေတခွက် |
| ၁၉၂ | ၃ | ဟိဒ္ဓ | ဗဟိဒ္ဓ |
| ၂၂၂ | ၂၅ | အဘိမ္မာ | အဘိဓမ္မာ |
| ၂၇၃ | ၉ | အရှင်ဘုဆ | အရှင်ဘုရား |
| ၂၇၄ | ၁၇ | ကံရဏ္ဍမ်ယျော | ကရဏ္ဍမ်ယော |
| ၂၉၀ | ၇ | ကရဏ်ိယော | ကရဏ္ဍိယော |
| ၂၉၅ | ၂၈ | ထိပ်ထိယ်ငုံ၍ | ထိပ်ဝယ် ငုံ၍ |
| ၃၀၁ | ၆ | ခယ, | ခယံ |
| ၃၁၂ | ၁၃ | တရှဏာယ | တရဏာယ |
| ၃၁၆ | ၁၂ | ယာနိ | ဟာနိ |
| ၃၁၆ | ၁၃ | ဒွါသဟိ | ဒွါဒသဟိ |
| ၃၁၆ | ၁၇ | အဖုဋ္ဌံ | အဖ္ဖုဋ္ဌံ |
| ၃၂၄ | ၂၆ | သတိသပ္ပဇဉ် | သတိသမ္ပဇဉ် |
| ၃၂၅ | ၅ | မခြား | မခြာ |
| ၃၃၄ | ၂၆ | ဘဝတော | ဘဂဝတော |
| ၃၃၄ | ၂၇ | ပေထသော | ပေ-သော |
| ၃၃၇ | ၁၂ | မေမ္မဒေသနာယ | ဓမ္မဒေသနာယ |
| ၃၃၇ | ၁၇ | လှည်းပတ် | လှည့်ပတ် |
| ၃၇၆ | ၁၁ | သတော | သဘော |
| ၄၁၈ | ၁၇ | ဖြုဗ် | ဖြဗ် |
| ၄၅၉ | ၁၄ | လူတွေကို | လူတွေလို |
| ၄၇၆ | ၅ | မဆောင်ရွက်တဲ့ | မဆောင်ရွက်နိုင်တဲ့ |
| ၄၈၅ | ၁၉ | ကမျာ:က | ကံမျာ:က |
| ၅၀၅ | ၂၉ | ဘာမျှမကြာ | ဘာပျှမကြာ |

## သူ့ဘဝ သူ့တရားနှင့် သူ့ကျေးဇူး

❋ သူ့ကျေးဇူးကား ကမ္ဘာ့အတိုင်းအတာထိ ကြီးမားလှ၏။ သူ့အကြောင်းကား ထူးခြားလှသည်။ စာတတ် ဆရာတော်ကြီးများပင် သူ့ထံ၌ နည်းနာခံခဲ့ရကြဘူး၏။

❋ သူကား စာမတတ် ပေမတတ် လယ်သမားကြီးတဦး။ သို့သော် လယ်တီဆရာတော်ဘုရားကြီးကပင် ကမ္မဋ္ဌာန်းနည်းပေး၍ တရားပြ ဆရာလုပ်ရန် အထူးတိုက်တွန်းခံရသူဖြစ်၏။ ထူးခြားစွာ အမြင်အသိ သန်သူလည်း ဖြစ်သည့်–

# အနာဂါမ် ဆရာသက်ကြီး

## ဓမ္မာစရိယ ဦးဌေးလှိုင်

❋ ဝိပဿနာလုပ်ငန်းများ ယခုအခါကဲ့သို့ မကျယ်ပြန့် မကျော်ကြားမီကပင် သူသည် တနိုင်ငံလုံး ကျော်ကြားခဲ့၏။ လက်ထပ်သင် လက်ရွေးစင် ရဟန်းရှင်လူ တပည့်ပေါင်း အမြောက်အမြား ရှိခဲ့ပြီ။ ထိုမျှသာ မကသေး၊

❋ ယနေ့ အမေရိက, ဥရောပနှင့် ဂျပန်ယစသော နိုင်ငံကြီးများ၌ သူ့နည်း သူ့တရားတို့သည် သိပ္ပံပညာကြား၌ အထူးရေပန်းစားလျက် ရှိသည်။ သိပ္ပံဆရာကြီးများ ကိုယ်တိုင် သူ့နည်းစနစ်အရ ကမ္မဋ္ဌာန်း ပြနေကြ၏။

❋ သူ့ကို အကြောင်းပြု၍ 'ဗုဒ္ဓဝါဒနှင့် မြန်မာပြည်'သည် အနာဂတ်ကမ္ဘာ၌ မည်သည့် အတိုင်းအတာအထိ ပွဲတောင်းခံလာရမည်ကို ဤစာအုပ်ဖြင့် အကဲခတ်စမ်းနိုင်ပါသည်။

**နှလုံးလှဖြန့်ချိရေးတွင် အနည်းငယ် ရနိုင်ပါသေးသည်။**

# ရတနာသုံးပါးကျေးဇူး

- လူတိုင်း လူတိုင်းသည် တခါတရံ ရန်သူလူဆိုးနှင့် ဆုံတွေ့ရတတ်၏။ အတိုက်အခံ အနှောက်အယှက် အဖျက်အဆီး များနှင့်လည်း ရင်ဆိုင်ရတတ်၏။ ထိုသို့သော အခက်အခဲများကို ပင်ပန်းကြီးစွာ အားမထုတ်ရဘဲ ကျော်လွှား အောင်မြင်နိုင်သည့် နည်းလမ်းကောင်းသည် အမှန်တကယ် ရှိလေသည်။

- လူတိုင်း လူတိုင်းသည် တိုးတက်ကြီးပွား၍ ချမ်းသာ ကြွယ်ဝခြင်းကို အလိုရှိကြမြဲ ဖြစ်၏။ ယင်းသည့် အလိုဆန္ဒ ပန်းတိုင်ဆီသို့ သွားရာလမ်းသည်လည်း အမှန်တကယ် ရှိနေသည်သာ ဖြစ်၏။ 'ရတနာသုံးပါးကျေးဇူး' သည် အဖျက် အဆီးကို တွန်းလှန်ဖယ်ရှားရေးနှင့် ပန်းတိုင်သို့ ရောက်ရှိရေးအတွက် သဘာဝကျကျ ညွှန်ပြထားလေသည်။ လွယ်ကူရှင်းလင်းသော လုပ်ထုံးလုပ်ရပ်ကိုလည်း ဖော်ပြထားလေသည်။ ကိုယ်တွေ့ လက်တွေ့ အကျိုးထူး ရရှိနိုင်သည်ကိုလည်း ခိုင်လုံသော သာဓကများဖြင့် ဖော်ပြထားလေသည်။ ထို့ပြင်-

- ကလေးသူငယ်များမှအစ အဖိုးအဖွားများအထိ ရာသက်ပန် မကင်းကွာနိုင်သော အခြေခံ ဘာသာရေးကျင့်ထုံးများ၊ သမထ ဝိပဿနာနယ်ပယ်သို့ ရှေးရှုဝင်ရောက်နေသူများအတွက် ရိပ်သာသို့မဝင်မီ အိမ်တွင်းဝိပဿနာ အခြေခံ လေ့ကျင့်ပွားများနည်းများ၊ မှန်ကန်သော မေတ္တာပွားများနည်း၊ မှန်ကန်သော သစ္စာပြုနည်း၊ မေတ္တာ-သစ္စာဖြင့် လက်ငင်းဒိဋ္ဌ ထူးခြားစွာ အကျိုးပြုပုံ၊ ကိုယ်ကျင့်တရားဖြင့် မိမိဘဝကို မြှင့်တင်၍ အထွတ်အထိပ်သို့ ရောက်ရှိပုံ၊ ကိုယ်တွေ့ဖြစ်ရပ်ဇာတ်လမ်းများ။

- လူ့ဘဝ၏အဓိပ္ပာယ်၊ လူသားတိုင်းအတွက် အမှန်တကယ် ပြုလုပ်ကျင့်သုံးရမည့် ကျင့်စဉ်များ၊ အကောင်းဆုံးနှင့် အမြင့်မြတ်ဆုံး ရည်မှန်းချက်၊ ထိုရည်မှန်းချက်အတွက် ရှေးရှုသွားရောက်ရမည့် လမ်း....၊ 'ရတနာသုံးပါးကျေးဇူး' သည် ထိုလမ်းကို ပီပီပြင်ပြင် ညွှန်ပြထားလေသည်။